ဝိနည်းမှတ်စု

အရှင်ဝဏ္ဏိတ
ဝေဠုဝန်တောရ
အစင်ရွာ၊ ရေးမြို့နယ်၊
မွန်ပြည်နယ်။

ကောဇာသက္ကရာဇ် ၁၃၂၈ ခုနှစ်၊ နယုန်လတွင် စတင်ရေးသားပြီး
ကောဇာသက္ကရာဇ် ၁၃၃၀ ခုနှစ်၊ ဝါဆိုလဆန်း (၁၃) ရက်တွင် ရေးသားပြုစုပြီးစီးသည်။

အရှင်ပညာဝံသ (ဓါ) ၅·၈·၂၀၁၂-

တနင်္ဂနွေ-

အရှင်သရေက (မင်္ဂလာဒုံ) ၇.၄.၂၀၁၅

ဝေသကြာ-

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗပါဏီနံ၊
ဓမ္မော လောကေ သမုပ္ပန္နော
သုခါယ သဗ္ဗပါဏီနံ၊
သံဃော လောကေ သမုပ္ပန္နော
အနုတ္တရံ ပုညခေတ္တံ။

ဝိနည်းမှတ်စု ကျမ်းပြုဆရာတော်ကြီး အရှင်ဝဏ္ဏိတ၏ ပုံတော် (၂၀၀၄)



ဝိနည်းမှတ်စု ကျမ်းပြုဆရာတော်ကြီး အရှင်ဝဏ္ဏိတ၏ ပုံတော် (၂၀၀၄)



ဝိနည်းမှတ်စု ကျမ်းပြုဆရာတော်ကြီး အရှင်ဝဏ္ဏိတ၏ ပုံတော် (၂၀၀၄)



ဆရာတော် အရှင်ဝဏ္ဏိတ၏ ကျမ်းရေးသားပြုစုနေပုံ (၂၀၁၀)

ဆရာတော် အရှင်ဝဏ္ဏိတ၏ သီတင်းသုံးတော်မူရာကျောင်း

သို့ ....

....

ဓမ္မလက်ဆောင်မွန်

မှ ....

....

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်

အမြတ်ဆုံးဖြစ်၏။

သာသနာရေးဦးစီးဌာန
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏
မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅ အရ
ပုံနှိပ်ထုတ်ဝေပါသည်

မျက်နှာဖုံး
ချမ်းမိုင်းအောင်

ထုတ်ဝေသည့်ကာလ
ဇန်နဝါရီလ၊ ၂၀၁၂ ခုနှစ်

ထုတ်ဝေသူ
ဆုပြည့်စုံထွန်းစာပေ
ဒေါ်ခင်မာရွှေ(မြဲ - ၃၉၀၅)
အမှတ်- ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။

ဖလင်
Eagle

ပုံနှိပ်တိုက်
ဇမ္ဗူမေ်

အုပ်ရေ
၁၅၀၀

တန်ဖိုး
ဓမ္မဒါန

ကျေးဇူးတော်ရှင်

ရွှေဥမင်တောရ ဆရာတော်ကြီး၏

ဂုဏ်ကျေးဇူးတော်တို့ကို

ရည်မှန်းပူဇော်သောအားဖြင့် ဤစာအုပ်ကို

ထုတ်ဝေလှူဒါန်းပူဇော်ပါသည်။

ဓမ္မဒါနအလှူရှင်

ဝေဠုဝန်တောရဆရာတော်ကြီးအား အမှူးထား၍

(ဦးမောင်မောင်) + ဒေါ်မြမြ၊ (ဦးထွန်းခင်) + ဒေါ်နအေးတို့နှင့်

မြသီတာ သင်္ကန်းတိုက် မိသားစုမှ

လှူဒါန်းပါသည်။

ဥပေယျာဇနကထာ

ဤကမ္ဘာလောက၌ ကောင်းကျိုးလိုလား အမျိုးကောင်းသားသည် လူလည်း လူ့သီလ (ငါးပါးသီလ)၊ ရဟန်းတော်တို့သည်လည်း ရဟန်းတော်တို့၏ မြတ်ကုန်သော နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ် ပါတိမောက္ခသံဝရ သီလကိုသာလျှင် ကြိုတင်၍ ကျင့်သုံးထားရာ၏။

ထိုစကားမှန်၏။ ဤသတ္တလောက၌ မကျိုးမပေါက်၊ မပျောက် မကြားရအောင် ကောင်းစွာ စောင့်ရှောက် ကျင့်သုံးထားအပ်သော မိမိတို့၏ သီလသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာတည်းဟူသော အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ရစေတတ်ပါပေ၏။

အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာဟုဆိုအပ်သော သိက္ခာသုံးပါးတို့တွင်

၁။ ရဟန်းတော်တို့၏ အဓိသီလသိက္ခာသည် ကုသိုလ်တရားအားလုံးတို့၏ဖြစ်ကြောင်း မူလ အရင်းအစလည်း မည်ပါပေ၏။

ကုသိုလ်တရားအားလုံးဆိုသည်မှာ - သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ် (၄)ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင် (၈)ပါး၊ ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ကုသိုလ်တရားတို့ကို ဆိုလိုပါသည်။

၂။ ရဟန်းတော်တို့၏ အဓိသီလသိက္ခာသည် ဈာန်မဂ်ဖိုလ်အစဖြာသည့် များစွာသော တရားကောင်းတို့၏ ကျေးဇူးများကြွယ် အဓိသဖွယ်လည်း ဖြစ်၏။

၃။ ရဟန်းတော်တို့၏ အဓိသီလသည် သမထဝိပဿနာ အစဖြာသည့် များစွာသော တရားကောင်းတို့၏ ကျေးဇူးများကြွယ် အဓိသဖွယ်လည်း ဖြစ်ပါပေ၏။

၄။ ရဟန်းတော်တို့၏ အဓိသီလသည် အပြစ်မဲ့ကင်း ဝမ်းမြောက်ခြင်း ပါမောဇ္ဇ အစရှိသော ကုသိုလ်တရားအားလုံးတို့၏ ကြီးမှူးထွဋ်ခေါင် ရှေ့သွားခေါင်းဆောင်လည်း ဖြစ်ပါပေ၏။

ပါမောဇ္ဇစသော ကုသိုလ်တရားများဆိုသည်မှာ - ပါမောဇ္ဇပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်၊ ဝိမုတ္တိဉာဏ်၊ ဝိမုတ္တိဉာဏဒဿနဉာဏ်များကို ဆိုလိုသည်။

ပြဆိုခဲ့ပြီးသော အကြောင်းလေးပါးတို့ကြောင့် - ကြောင်းကျိုးမြင်သိ ပညာရှိသည့် ဘုရားသားတော် ရဟန်းတော်အရှင်မြတ်သည် မိမိတို့၏ အဓိသီလသိက္ခာတော်မြတ်ကို သန့်ရှင်း ကြည်လင် ညစ်မတင်အောင် သုတ်သင်သမှု စင်ကြယ်အောင် ပြုလုပ်အားထုတ်ရာ၏။

ပဓာနီယထေရ်မြတ်သည် အရိယဝံသတရားတော်ကိုနာကြားနေစဉ် အဆိပ်ပြင်းထန်သော မြွေအကိုက်ခံရ၏။ မထေရ်မြတ်သည် မြွေကိုက်သည်ကိုသိသော်လည်း တရားတော်ကိုကြည်ညို သော စိတ်ဖြစ်နေ၍ ထိုင်လျက်တရားတော်ကိုသာ ဆက်၍ နားကြားနေ၏။ မြွေဆိပ်သည် ပြင်းထန်စွာ တက်လာ၏။ မထေရ်မြတ်သည် (မည်သူ့ကိုမျှ အကူအညီမယူဘဲ) ရဟန်းဖြစ်ရာ အိမ်အပြင်မှစ၍ မိမိ၏သီလကို ဆင်ခြင်သည်ရှိသော် -

"ငါသည် ထက်ဝန်းကျင်စင်ကြယ်သော သီလရှိ၏"ဟု ပီတိကို ဖြစ်စေ၏။ နှစ်သက်မှုပီတိ ဖြစ်သည်နှင့် တစ်ပြိုင်နက် မြွေဆိပ်များသည် ကိုက်ထားသောဒဏ်ရာမှလျှော့ကျ၍ မြေအတွင်း သို့ ဝင်သွား၏။ မထေရ်မြတ်သည် ထိုနေရာမှာပင်လျှင် စိတ်တည်ကြည်မှုကိုရ၍ ဝိပဿနာ တရားကို ပွားများအားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားပါ၏။ ရဟန္တာဖြစ်သွားပါ၏။

မထေရ်မြတ်၏ ဖြူစင်သောသီလသည် မြွေဆိပ်ရောဂါကိုလည်း ပျောက်ကင်းစေနိုင်၏။ ကိုယ်တွင်း၌ရှိသော လောဘ ဒေါသစသော ကိလေသာရောဂါများကိုလည်း အမြစ်ပြတ် ချုပ်ငြိမ်းစေနိုင်ပါ၏။

သို့ဖြစ်ပါ၍ "သီလေ သဒ္ဓါယ ပါတိမောက္ခသံဝရေ သမ္မာဒေတဗ္ဗော" အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုအပ်သည်နှင့်အညီ မြတ်ဗုဒ္ဓကို ယုံကြည်သောသဒ္ဓါတရားဖြင့် လောကအာမိသ လာဘ် လာဘနှင့်တကွ အသက်ကိုမျှလည်းမငဲ့ပဲ မိမိတို့၏ အဓိသီလသိက္ခာ (ခေါ်) ပါတိမောက္ခ သံဝရသီလကို ပြည့်စုံအောင် ဖြည့်ကျင့်ကြပါရန် ဘုရားသားတော် ရဟန်းတစ်ပါးအနေဖြင့် သတိပေး တိုက်တွန်းအပ်ပါသတည်း။

အရှင်ဝဏ္ဏိတ

(ဝေဠုဝန်တောရ)

အစင်ရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၂၉ - ၁၂ - ၂၀၀၅

၁၃၆၇ ခုနှစ်၊ နတ်တော်လကွယ်နေ့

အရှင်ဝဏ္ဏိတ ၏

ထေရုပ္ပတ္တိ အကျဉ်းချုပ်

၁၂၉၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့ ညဦးအချိန်တွင် ကျိုက်ထိုမြို့နယ်၊ ကော့ဘိန်း ကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ဖခင် ဦးအေး၊ မိခင်ဒေါ်ငွေရင် (ခ) ဒေါ်ကုလားမတို့၏ သားဦးရတနာ ဖြစ်ပါသည်။

၁၃၀၈ ခုနှစ်၊ နယုန်လဆန်း (၈) ရက်နေ့တွင် ကျိုက်ထိုမြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၀၈ ခုနှစ်မှ ၁၃၁၄ ခုနှစ်အထိ ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော် ဦးအရိယဝံသ တို့ထံ၌ (၆)နှစ်တိုင်တိုင် သဒ္ဒါ၊ သင်္ဂဟ၊ ဝိနည်းငယ်လေးစောင်၊ ဗာလာဝတာရ၊ ရူပသိဒ္ဓိ၊ ဂန္ဓာဘရဏ၊ ဝစ္စဝါစက၊ ဝိဘတျတ္ထ၊ ဘေဒစိန္တာ၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ ပါရာဇိကဏ်ပါဠိတော်၊ ပါစိတ် ပါဠိတော်၊ ဝိနည်းမဟာဝါ ပါဠိတော်တို့ကို သင်ယူခဲ့ပါသည်။

စာချဘုန်းကြီး ဦးပုညဝန္တထံမှ မာတိကာ ဓာတုကထာ ကမ္မဋ္ဌာနကထာကျမ်းများကို ဆည်းပူးခဲ့ပါသည်။

၁၃၁၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးခေမိယနှကို ဥပဇ္ဈာယ်ပြု၍ ကျိုက်ထိုမြို့၊ ဘုရားကြီးကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်း အဖြစ်ကို ရရှိသည်။ နှစ်ဖက်သော အဘိုးအဘွားနှင့် မိဘများက ပစ္စယဒါယကာအဖြစ် ခံယူကြ သည်။

၁၃၁၄ ခုနှစ်တွင် ကျိုက်ထိုမြို့ ဘုရားကြီးကျောင်းတိုက်မှ ပထမငယ်တန်းကို အောင်မြင် ခဲ့သည်။

၁၃၁၅ ခုနှစ်တွင် သထုံမြို့၊ ဟိတကာရီကျောင်းတိုက်မှ ပထမလတ်တန်းနှင့် အကြီးတန်း တို့ကို အောင်မြင်ခဲ့သည်။

၁၃၁၆ ခုနှစ်တွင် ရန်ကုန်မြို့၊ အလယ်တောရ စာချပါဠိတက္ကသိုလ်ဆရာတော် ဦးသူရိယထံမှ ဝင်ရောက်ဖြေဆိုရာ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာကျမ်းကို အောင်မြင်ခဲ့သည်။

၁၃၁၇ ခုနှစ် သထုံမြို့၊ ဟိတကာရီကျောင်းတိုက်မှ ဝင်ရောက်ဖြေဆိုရာ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ ကို ရရှိခဲ့ပါသည်။

စာဝါလိုက်ခဲ့သော ဆရာတော်များမှာ ရန်ကုန်မြို့အလယ်တောရ စာချပါဠိတက္ကသိုလ်မှ ဦးကောဏ္ဍည၊ ဦးသုမန၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် အမရပူရကျောင်းထိုင်ဆရာတော် ဦးဥက္ကံသ၊ တမ္ဗဝတီကျောင်းဆရာတော် ဦးအရိယ၊ မိုးကုတ်ကျောင်းဆရာတော်၊ ဆရာတော်ကြီး ဦးကြယ်၊ တောင်ထီးလင်းတိုက်ဆရာတော် ဦးသူရိယ၊ ဆရာတော် ဦးဝဇီရဗုဒ္ဓိထံမှ ယမိုက်ကျမ်းနှင့် ပဌာန်းကျမ်းတို့ကို သင်ယူခဲ့သည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော်ကြီး ဦးဂန္ဓမာ၊ တိုက်အုပ်ဆရာတော် ဦးနန္ဒိယစသော ဆရာတော်တို့ထံတွင် စာဝါများ သင်ယူခဲ့သည်။

ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်မှ တိပိဋကစာမေးပွဲတွင် အာဂုံပြန်ဆိုအောင်မြင်သောကြောင့် ဒီဃဘာဏကဘွဲ့ကို ရရှိခဲ့သည်။ မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူးကျမ်းကိုလည်း ကြခတ်ဝိုင်း ကျောင်းတိုက်မှ ရရှိခဲ့သည်။ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော်ကြီးထံ ဩဝါဒခံယူ၍ သုံးနှစ်ခွဲမျှ နေခဲ့သည်။

ရန်ကင်းမြို့ ကျောက်ကုန်းမေဒိနီဆရာတော်ကြီးထံ ဩဝါဒခံယူ၍ (၆)လမျှနေခဲ့သည်။

၁၃၁၂ ခုနှစ်တွင် မဟာစည်သာသနာ့ရိပ်သာ၌ စတင်၍ မဟာစည်ဆရာတော်ကြီးနှင့် ဆရာတော် ဦးဝဏ္ဏိတတို့ထံတွင် ကမ္မဋ္ဌာန်းတရားများကို သင်ယူ၍အားထုတ်ခဲ့ပါသည်။

၁၃၂၃ ခုနှစ်တွင် ရွှေဥမင်ဆရာတော်ထံ၌ ကမ္မဋ္ဌာန်းတရားများသင်ယူကာ အားထုတ်ခဲ့သည်။

ရွှေဥမင်တောရ၌ ရွှေဥမင်ဆရာတော်ထံတွင် နှစ်ဝါ (တစ်နှစ်ခွဲမျှ) ကမ္မဋ္ဌာန်းတရားများ သင်ယူကာ အားထုတ်ခဲ့သည်။ ရွှေဥမင်တောရ၌ တစ်နှစ်ခွဲနေ၍ ၁၃၂၅ ခုနှစ်၊ ကော့မှူးမြို့နယ်၊ တောင်ချောင်ရွာ၊ ညောင်ကုတ်ကိုင်းတောရဆရာတော် ဦးနန္ဒဝံသထံတွင် စတင်၍ တစ်နှစ် တောရဆောက်တည်ခဲ့သည်။

မော်လမြိုင်၊ ညောင်ပင်ဆိပ်၊ ထပ်ကေးတောင်စကြံန်ကမ္မဋ္ဌာန်းကျောင်း မဟ္တရာ ဆရာတော်ထံတွင် ကန္နီဆရာတော်ကြီးနည်းဖြင့် ကမ္မဋ္ဌာန်းသင်ယူကာ (၆) လ ပွားများခဲ့သည်။

မဒေါက်မြို့အနီး၊ ရွှေကျင်မြို့ကြားတောရနှင့် ညောင်တုန်းမြို့၊ စံကျောင်းဆရာတော်ကြီး၏ ကျောင်းတွင် (၅၅) ရက်မျှ နေခဲ့သည်။

သပိတ်အိုင်တောရတွင် (၃) လခွဲမျှ နေခဲ့သည်။ ကျိုက်ထိုမြို့၊ ဘီးလင်းမြို့နယ်၊ ကေလာသ မြသပိတ်တောင်တွင် (၅) လခွဲမျှ နေခဲ့သည်။

မုဒုံမြို့နယ်၊ စိတ္တသုခတောရတွင် (၃) လခွဲမျှ နေခဲ့သည်။ ရေးမြို့နယ်၊ အစင်ကျေးရွာ တောရကျောင်းတွင် (၁၈) ဝါ အသီးသီးနေခဲ့သည်။

ပရိယတ္တိသာသနာတော် တိုးတက်ထွန်းကားရေးနှင့် ပထမကြီးအောင် ကျောင်းထိုင်ဘုန်းကြီး၊ ဓမ္မာစရိယအောင်ကျောင်းထိုင်ဘုန်းကြီးများ ဖြစ်စေလိုသည့်ဆန္ဒရှိခဲ့သည်။

၁၃၃၉ ခုနှစ်၊ ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ကို ဖွဲ့ခဲ့သည်။ ဒကာ/ဒကာမများ အသိဉာဏ်ရရေးအတွက် နာမည်ကြီးဓမ္မကထိကများပင့်၍ နှစ်စဉ်တရားပွဲများပြုလုပ်ခဲ့သည်။

ပထမအကြိမ် စာပြန်ပွဲပြုလုပ်စဉ် သာမဏေနှင့် ကျောင်းသား (၈) ယောက် ပြန်ဆိုအောင်မြင်ကြသည်။ ဒုတိယအကြိမ်ဆက်လက်ပြုလုပ်၍ တတိယအကြိမ်မှစကာ ရေးမြေနှင့်တကွ ပြုလုပ်ကြပါသည်။

ထိုသို့ပြုလုပ်သဖြင့် အစင်ကျေးရွာ တောင်စွန်းကျောင်းတိုက်တွင် စာသင်တိုက်ဖြစ်ပေါ်လာခဲ့ပါသည်။ အခြားအခြားသောကျောင်းတိုက်များလည်း စာပေပို့ချလာခဲ့ကြသည်။ နှစ်စဉ် ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့မှ အခြေပြုတန်း၊ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အစိုးရ ပထမပြန် ပြဋ္ဌာန်းသောကျမ်းစာများအတိုင်း ပြုလုပ်သည်။ အဆင့်မြင့်သောပုစ္ဆာများကို မေးသည်။ တပို့တွဲလဆန်း (၉) ရက်နေ့မှ လပြည့်နေ့အထိ (၇) ရက်တိုင်တိုင် ကျင်းပခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၃၀) ရှိခဲ့ပြီဖြစ်သည်။

သံဃာ (၃၀) ကျော်စာသင်တိုက်၊ သံဃာ (၄၀) ကျော်စာသင်တိုက်၊ သံဃာ (၉၀)၊ (၁၀၀) စာသင်တိုက်များအထိ ဖြစ်ပေါ်တိုးတက်လာခဲ့ပါသည်။

ဓမ္မာစရိယ (၁) ကျမ်းအောင်၊ (၂) ကျမ်းအောင် ပုဂ္ဂိုလ်များ၊ ဓမ္မာစရိယ ပုဂ္ဂိုလ်များ၊ အဂ္ဂမဟာကျော် ပုဂ္ဂိုလ်ထူးများ၊ ကျောင်းတိုက်အသီးသီးမှာ ဖြစ်ပေါ်လာသည်။ မိမိရည်ရွယ်ချက်ရှိသည့်အတိုင်း မြတ်စွာဘုရားသာသနာတော် ထွန်းကားစည်ပင်ရေးအတွက် စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့သည်။

အတူနေတပည့်များကိုလည်း ဝိနည်းနှင့်ဆိုင်ရာ ကျမ်းစာများကို ပို့ချပေးသည်။ ဝိနည်းနှင့်အညီ နေစေသည်။ ဝါတွင်းဝါပ ဥပုသ်နေ့များတွင် ရဟန်းတို့၏ကျင့်ဝတ်တရားနှင့်အညီ ဥပုသ်သည်တို့အား တရားချီးမြှင့်သည်။

ယခုအခါ ဝေဠုဝန်တောရကျောင်းတိုက်တွင် သီတင်းသုံးလျက် စွမ်းနိုင်သမျှ သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

အမှာစာ

ပဋိရူပေ ဝသေ ဒေသေ၊ အရိယမိတ္တကရော သိယာ။
သမ္မာပဏိဓိသမ္ပန္နော၊ ပုဗ္ဗေ ပုညကတော နရော။
ဓညံ ဓနံ ယသော ကိတ္တိ၊ သုခဉ္စေတံဓိဝတ္တတိ
အင်္ဂုတ္တိုရ် (၂) နှာ - ၃၄၁

မိမိကိုယ်ကိုယ် ကြီးပွားလိုသူတိုင်းအတွက် ၁။ ကုသိုလ်ပြုခွင့်ရသော နေရာ၌ နေရမည်။ ၂။ ဘုရားစသော အရိယာများကို မှီခိုဆည်းကပ်ရမည်။ ၃။ သဒ္ဓါတရား မရှိသေးလျှင် သဒ္ဓါတရား ရှိအောင် ပြုလုပ်ရမည်။ ၄။ ရှေးကောင်းမှု ကုသိုလ်ကံ ရှိရမည်ဟူ၍ သမ္မတ္တိစက်လေးပါးတို့ကို အထက်ဖော်ပြပါ အင်္ဂုတ္တိုရ်ဒေသနာတော်၌ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

ထိုသမ္မတ္တိစက်လေးပါးတို့တွင် ပဓာနဖြစ်သော ခေါင်းဆောင်စက်ကို ဆက်လက်၍ ဟောတော်မူသည်မှာ ရှေးကောင်းမှု ကုသိုလ်ကံသည်သာ ပဓာနဖြစ်၏ဟူ၍ ဟောတော်မူပါသည်။ အကြောင်းမှာ - ကုသိုလ်ပြုခွင့်ရသော နေရာ၌ နေထိုင်ရခြင်း၊ ဘုရားစသော အရိယာများကို မှီခိုဆည်းကပ်ခွင့်ရခြင်း၊ သဒ္ဓါတရားမရှိသေးလျှင် သဒ္ဓါတရားရှိအောင် ပြုလုပ်နိုင်ခြင်းတို့သည် ရှေးကောင်းမှုကုသိုလ်ကံက ပကတူပနိဿယသတ္တိဖြင့် အားပေးထောက်ပံ့ကျေးဇူးပြုသဖြင့်သာ လုပ်ဆောင်နိုင်ခြင်း ဖြစ်သောကြောင့် ရှေးကောင်းမှုကုသိုလ်ကံသည်သာ ပဓာနဖြစ်၏ဟူ၍ ဟောတော်မူပါသည်။

ဤဒေသနာတော်ကို ဆင်ခြင်ကြည့်သောအခါ စာရေးသူ၏ စိတ်အစဉ်ဝယ် မွန်ပြည်နယ်၊ ရေးမြို့နယ် အစင်ရွာ ဝေဠုဝန် တောရဆရာတော်ကြီးနှင့် တွေ့ဆုံခွင့်ရသည်မှအစပြု၍ အမှာစာ ရေးသားခွင့် ရရှိသည့်တိုင်အောင် စာရေးသူအား အဓိကကျေးဇူးပြုသောတရားမှာ ရှေးကုသိုလ်ကံ ဖြစ်ကြောင်း သိရှိရပါသဖြင့် အခွင့်အရေးပေးစဉ် လက်မလွှတ်သွားအောင် ကြိုးစားရပါသည်။

ဤဝိနည်းမှတ်စုကျမ်းစာမူ၏ စာရေးသူထံသို့ ရောက်ရှိလာရာတွင် ယခုဘဝ၌ အထင်ရှားဆုံး ဖြစ်သော ပစ္စုပ္ပန်အကြောင်းတစ်ခုကို ဖော်ပြရလျှင် စာရေးသူသည် တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၌ မူလတန်း ကိုရင်များအား အခြေခံစာများကို သင်ပေးခဲ့စဉ်က စာရေးသူ၏ တပည့် ဖြစ်ခဲ့ဖူးသော အရှင်ဉာဏဓဇသည် စာရေးသူအား အလွန်ပင်ကြည်ညိုရင်း ရှိသူဖြစ်ပါသည်။ ထိုအရှင်ဉာဏဓဇက စာရေးသူထံ ရောက်လာပြီး "ဘုန်းကြီးဘုရား တပည့်တော်တို့ ရွှေဥမင်

ဆရာတော်ကြီးရဲ့ တပည့်တစ်ပါးဖြစ်သော အစင်ရွာ ဝေဠုဝန် တောရဆရာတော်ကြီး ရေးသားတော်မူအပ်သော နှစ်လေးဆယ်ကျော်ကာလက ဝိနည်းမှတ်စု စာမူကို ရွှေဥမင်ဆရာတော်ကြီး၏ တပည့် ဘွန့်ဘွေးကုန်းရွာ ကျောက်အိုင်တောရ ဆရာတော်ဦးဇဋိလက စာအုပ်အဖြစ် မရောက်နိုင်သေးရင်တောင် စာမူကောင်းအဖြစ် ဖတ်ရှုနိုင်ရေးအတွက် ဓမ္မဒါန ပြုလုပ်လိုပါတယ်။ ကျမ်းပြုဆရာတော်ကို စာမူကောင်းအဖြစ်ဖြင့် ပူဇော်လိုပါတယ်။ စာမူကောင်း ဖြစ်ပေါ်လာရေးအတွက် ဘုန်းကြီးအားလျှင် ကူညီပေးစေလိုပါတယ်။ ဘုန်းကြီးအနေဖြင့် ဝိနည်းပိဋကတ်ကို သင်ယူထားပြီးဖြစ်လို့ အခက်အခဲ မရှိလောက်ပါဘုရား" ဟု သူ၏ ယုံကြည်ချက်ဖြင့် အကူအညီပေးပါရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားရာအခါ၌ စာရေးသူသည် အရှင်ဉာဏဓဇ၏ ဆရာအစဉ်အဆက်များကို မသိရသေးသော်လည်း အရှင်ဉာဏဓဇကိုယ်တိုင်က ပိုက်ဆံမကိုင်ပါဘဲ ဝိနည်းပညတ်တော်လာသည့်အတိုင်း လိုက်နာကျင့်သုံးလျက် ရှိသည်ကို သိထားပြီးဖြစ်သောကြောင့် "ဦးဉာဏရဲ့ တောင်းလာသော အကူအညီဟာ တပည့်တော်အတွက်တော့ ကံကောင်းလို့သာ ကူညီခွင့်ရရှိခြင်း ဖြစ်ပါတယ်ဘုရား။ ဘာကြောင့်လဲဆိုတော့ ကျမ်းစာအုပ်ဖြစ်ဖို့က ဝိနည်းမှတ်စုစာမူဖြစ်ပြီး အကူအညီတောင်းခံသူ အရှင်ဘုရားကိုယ်တိုင်က ဝိနည်းလေးစားသူဖြစ်နေလို့ပါဘုရား။ ကျမ်းပြုဆရာတော်ကြီး၏ လက်ရေးစာမူကလည်း ဆရာတော်များစွာတို့၏ အစင်ဆက်မှ ဆင်းသက်လာသော လက်ရာကောင်းများအား မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ရေးအတွက် နည်းပေးလမ်းပြ မှတ်စုစာမူဖြစ်နေခြင်းကြောင့်လည်း ကျမ်းတစ်စောင်မျှ မရေးတက်သေးသော တပည့်တော်အတွက် မှတ်တမ်းတစ်ခုလိုဖြစ်နေပါတယ် ဘုရား။ ဒါကြောင့် အတိုင်းထက်အလွန် ကူညီလုပ်ဆောင်ပေးရမှာပါ ဘုရား" ဟု ပြောကာ လက်ရေးမူမှ ကျမ်းစာအုပ်ဖြစ်မြောက်နိုင်ရေးအတွက် အကူအညီပေးရန် ကတိပေးလိုက်ပါသည်။

ထို့နောက် ကျမ်းပြုဆရာတော်ကြီး၏ မိုငြမ်းရေးသားအပ်သော စာအုပ်များကိုလည်း စာမူကောင်းဖြစ်ရန် စတင်အားထုတ်တော်မူသော ဘွန့်ဘွေးကုန်းရွာ ကျောက်အိုင်တောရဆရာတော် ဦးဇဋိလ အမှူးပြုသော ဆရာတော်ကြီး၏ တပည့်များ အထံတွင် တောင်းခံရပါသည်။

ဤသို့လျှင် ဝိနည်းမှတ်စုစာမူများနှင့်အတူ ထိုဝိနည်းမှတ်စုစာမူကို ပြုစုရာတွင် မှီငြမ်းရသော ကျမ်းစာများသည် စာရေးသူထံသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ ဝိနည်းမှတ်စုစာမူများနှင့်အတူ ဝိနည်းမှတ်စုစာမူကို ပြုစုရာတွင် မှီငြမ်းရသော ကျမ်းစာများ စာရေးသူထံသို့ ရောက်ရှိလာသောအခါ၌ စာရေးသူ၏ အနန္တကျေးဇူးတော်ရှင်ဖြစ်တော်မူသော တိပိဋက မဟာဂန္ထာရုံ၏ ဦးဆောင်လမ်းပြ ပဓာနနာယက တိပိဋကဓရဆရာတော်သည် သက်တော်ထင်ရှား ရှိနေပါသေးသည်။ စာရေးသူတို့၏ ကျေးဇူးရှင်တိပိဋကဓရဆရာတော်သည် စာရေးသူအပါအဝင် မှီခိုသူ တပည့်များအား ဝိနည်းပိဋကတ်ကို နံ့နံ့စပ်စပ် သင်ပေးရုံမျှမက ခေတ်အလိုက် လိုအပ်လျက်ရှိသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေကာ အောက်ကျနောက်ကျ မဖြစ်ရအောင် ပြုစုစောင့်ရှောက်ပေးတော်မူခဲ့ပါသဖြင့် ပုဗ္ဗကာရီဖြစ်တော်မူသော ဆရာတော်၏ ကျေးဇူးများစွာတို့ကို

ကတည်း ကတဝေဒီများ ဖြစ်ကြသော တပည့်များက ပြန်လည်ပေးဆပ်ကြရာတွင် ကျေးဇူးရှင်ဆရာတော်၏ အကျေနပ်ဆုံးဖြစ်သော စာချရင်း စာသင်ဘဝဖြင့် ပေးဆပ်ကြရသောကြောင့် မိမိထံသို့ ရောက်ရှိလာသော ဤဝိနည်းမှတ်စုစာမူများကို တစ်စိုက်မတ်မတ် လုံ့လစိုက်လျက် မဖတ်နိုင်ခဲ့ပါ။

စာရေးသူအနေဖြင့် ပျက်ရက်မရှိ တစ်နေ့လျှင် ငါးရွက်(ဆယ်မျက်နှာ)ရအောင် ဖတ်ရှုပြင်ဆင်ပေးပါသော်လည်း ဆရာတော်ကြီးကို ကြည်ညိုလေးစားကြသော တာဝန်ခံတပည့်များက အလျင်အမြန် စာပြင်ပေးပါရန် တောင်းဆိုလာသောအခါ စာရေးသူ၏ တပည့်များဖြစ်ကြသော တိပိဋက မဟာဂန္ထာရုံစာချ အရှင်လောကသိရီလင်္ကာရ (သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ–တစ်နိုင်ငံလုံးတတိယဂုဏ်ထူး၊ ဥဘတောဝိဘင်္ဂရေ) နှင့် အရှင်ဝိမလာနန္ဒာလင်္ကာရ (သာမဏေကျော်၊ ဝိနယဝိဒူ)၊ အရှင်ပညာသာမီလင်္ကာရ (ငါးဘွဲ့ရသာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ အင်္ဂုတ္တရနိကာယဝိဒူ)၊ အရှင်နန္ဒကိတ္တိလင်္ကာရ (နှစ်ဘွဲ့ရသာမဏေကျော်၊ ဝိနယဝိဒူ)၊ အရှင်သာသန(ဝိနယဝိဒူ)တို့၏ အကူအညီများကို ရယူကာ ကြိုးကြိုးစားစားဖတ်ရှုကြသောကြောင့် ဝိနည်းမှတ်စု (ပထမပိုင်း မဟာဝါ) ကျမ်းစာမူမှာ ခြောက်လအတွင်းပြင်ဆင်ပြီးဆုံးခြင်းသို့ ရောက်ရှိသွားပါသည်။ ဝိနည်းမှတ်စုစာအုပ်အတွက် ခရီးတစ်ဝက်ခန့်နီးနီးပေါက်ရောက်လုသွားပြီဖြစ်၍ ကျေနပ်ရပါသည်။ အလုပ်တစ်ခုအောင်မြင်ရေးအတွက် နောက်ခံတွန်းအားသည် အထူးပင်လိုအပ်ကြောင်းကို သတိပြုမိသည်နှင့်အမျှ နောက်ခံတွန်းအားဖြင့် အကူအညီပေးကြသော ဆရာတော်ကြီး၏ တပည့်တို့အား အထူးကျေးဇူးတင်ပါကြောင်း ကျမ်းပြုဆရာတော်ကြီးကိုယ်စား ပြောကြားရပါသည်။

စာရေးသူနှင့်အတူ စာပြင်ပေးကြသော တပည့်များသည် ကျမ်းစာအရှင် ဝေဠုဝန်တောရဆရာတော်ကြီးအား ရန်ကုန်မြို့ ပဏ္ဍမြားမြို့သစ် ကုန်းတလပေါင်း စံပြကျေးရွာ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကျောင်းသို့ ကြွလာတော်မူခိုက်၌ သွားရောက်ဦးတိုက် ဂါရဝပြုကြပါသည်။ ဆရာတော်ကြီးကို မျက်ဝါးထင်ထင် မဖူးမြင်ရသေးသော်လည်း ဆရာတော်ကြီး၏ လက်ရေးမူဝိနည်းမှတ်စုများကို ဖူးတွေ့ရစဉ်ကပင် ဆရာတော်ကြီးအား စိတ်မှာမှန်းဆ အားကျကြည်ညိုခဲ့ရပါသည်။ မျက်ဝါးထင်ထင် ဖူးမြင်ရသည့်အခါ၌ ပို၍ပင် စိတ်ချမ်းသာမှုများ ရရှိခံစားရပါသည်။ "ဝိဇ္ဇာနှင့် စရဏ တစ်ထပ်တည်းကျအောင် ကျင့်ကြံတော်မူကြသော စာတတ်ပေတော်တောရပျော်ဆရာတော်များသည် ငါကဲ့သို့ မျိုးဆက်သစ်များအတွက် စံတင်အားထားရန် ကျင့်ကြံတော်မူကြသော ဆရာတော်များ ဖြစ်လေကုန်စွတကား။ သူတော်ကောင်းဖြစ်ရေး အလေးပေး၍ကျင့်ခြင်းကသာလျှင် မျက်မှောက်သောကာလ၌ ဆရာတော်ကြီးကဲ့သို့ အေးချမ်းစွာ နေနိုင်မည်တကား။ သူတော်ကောင်းများသည် မထင်ပေါ်လိုသည့်အတွက် မိမိတို့၏ အဆင့်အတန်းများကို မသိအောင် သိုသိပ်ထားတတ်ကြကုန်သည်တကား" ဟု အားရအားကျစိတ်များစွာ ဖြစ်ပေါ်လာပါသည်။ မိမိစိတ်မှာ ဖြစ်ပေါ်လာသည့်အတိုင်း ဆရာတော်ကြီးအား လျှောက်ထားလိုပါသော်လည်း ဥပေက္ခာသဘော အလိုက်အလျောဖြင့် နေလေ့ရှိသော ဆရာတော်ကြီးအနေဖြင့် လျှောက်ထား

အပ်သော အကြောင်းအရာများအား သည်းခံနားထောင်ပေးမည်မှာ သေချာလှသောကြောင့်လည်းကောင်း၊ ဆရာတော်ကြီး၏ အဆိုအမိန့်များအား အားရပါးရ နာယူလိုသောကြောင့် လည်းကောင်း လေးနာရီနီးပါး အချိန်များတွင် ဆရာတော်ကြီးအနား၌ တည်ရှိခွင့်ရသော်လည်း လျှောက်ထားလိုသော စကားများကို မလျှောက် ဖြစ်ခဲ့ပါ။ မှတ်မှတ်ရရ လျှောက်ထားသောစကားမှာ –

"ဆရာတော်ကြီးဘုရား – တပည့်တော်သည် ဆရာတော်ကြီး၏ ဝိနည်းမှတ်စုစာမူကို ဝီရိယတရား လက်ကိုင်ထားကာ တပည့်များ၏ အကူအညီဖြင့် ဖတ်ရှုနေပါသည် ဘုရား။ မကြာမီ ကျမ်းစာအုပ်အဖြစ် ဆရာတော်ကြီးအား ဆပ်ကပ်နိုင်ပါလိမ့်မည် ဘုရား" ဟု လျှောက်ထားခဲ့ပါသည်။ စာရေးသူ၏ မကြာမီဟူသော စကားသည် တိပိဋက မဟာဂန္ဓာရုံကျောင်း၌နေစဉ်က အစပြု၍ လျှောက်ထားသောစကားဖြစ်ပါသည်။ စာရေးသူသည် ယခုသီတင်းသုံးရာ တောတိုက်ဓမ္မရိပ်သာမှာပင် လေးဝါသို့ ကပ်ရောက်ပြီးဖြစ်သောကြောင့် လေးနှစ်ကျော်သော ကာလအား မကြာမီဟု ပြောသွားသော စာရေးသူ၏ ကာလသတ်မှတ်ချက်တစ်ခုကို ကာလနဂါးကြီးနှင့် ရင်းနှီးသူများကသာ လက်ခံနိုင်စရာ ရှိပါသည်။ မိမိအနေဖြင့် မည်မျှပင် ကြိုးစားချင်ပါသော်လည်း သူတစ်ပါးနှင့် ဆက်စပ်နေသော အလုပ်များ (သာရေး၊ နာရေးအလုပ်များ) ရှိနေသောကြောင့် ထင်သလောက် ခရီးမပေါက်နိုင်ကြောင်းကို သူတစ်ပါးနှင့် ဆက်စပ်၍ အလုပ် လုပ်နေကြသော ဘဝတူများအနေဖြင့် နားလည်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

စာရေးသူသည် လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ထင်တိုင်းမပေါက်သောအခါ အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူသော တိပိဋကမဟာဂန္ဓာရုံ၏ ဦးဆောင်လမ်းပြ ပဓာနနာယကတိပိဋကဓရဆရာတော်ကို သတိတရ ဖြစ်ရပါသည်။ အကြောင်းမှာ သက်တော်နနယ် နှစ်ဆယ့်ခုနစ်အရွယ်ကပင် သင်ရိုးပိဋကတ်သုံးပုံတို့ကို လမ်းဆုံးရောက်အောင် စွမ်းဆောင်နိုင်သည့်အပြင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို အောင်မြင်မှုရအောင် စီမံစွမ်းဆောင်နိုင်ခြင်း၊ တပည့်များအား အောက်ကျ နောက်ကျ မဖြစ်ရေး၊ ပညာတတ်ဖြစ်စေရေးအတွက် နေ့စဉ်အနည်းဆုံးစာဝါသုံးချိန် ပို့ချနေရသည့်ကြားကပင် ပိဋကတ်သုံးပုံ၏ ဋီကာကျမ်းများကို သုတေသီများအား အဆင်ပြေစွာ လေ့လာနိုင်ရေးကို ရှေးရှုလျက် ဋီကာ ကောက်နုတ်ချက်ကြီးများအဖြစ်ဖြင့် ရေးသားနိုင်ခြင်း၊ ကျောင်းထိုင်ဖြစ်သည့်အားလျော်စွာ မကင်းရာမကင်းကြောင်းဟောပြောရသော လုပ်ငန်းများ ရှိနေသည့်ကြားကပင် မိမိကိုယ်တိုင် လျင်လျင်မြန်မြန် စာဖတ်စာပြင်နိုင်ခြင်းများကို မျက်ဝါးထင်ထင် မြင်တွေ့ရသောကြောင့် "ငါ့အတွက်မှာဖြင့် ခက်ခက်ခဲခဲအချိန်များစွာယူပြီး လုပ်ဆောင်ပါမှ အောင်မြင်နိုင်သော အလုပ်များကို ပါရမီရှင်ဖြစ်တော်မူသောဆရာတော်သည် လျင်လျင်မြန်မြန် ထက်ထက်သန်သန်ဖြင့် လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်ပါပေပြီတကား" ဟု အနန္တ ကျေးဇူးတော်ရှင် ဆရာတော်နှင့် အနန္တကျေးဇူးတော်ရှင် ဆရာတော်၏ လေ့လာအားထုတ်ခဲ့သော ပါရမီတော်များကို သတိတရ အာရုံပြုရပါတော့သည်။

ဤကဲ့သို့ ထင်တိုင်းမပေါက်ဖြစ်နေခိုက်တွင် ဤဝိနည်းမှတ်စုစာမူကို အောက်ထစ်ဆုံးအနေအားဖြင့် စာမူကောင်း ဖြစ်မြောက်အောင် စတင်အားထုတ်တော်မူသော မွန်ပြည်နယ်

ပေါင်မြို့နယ် ဘန့်ဘွေးကုန်းရွာ ကျောက်အိုင်တောရ ဆရာတော် ဦးဇဋိလနှင့် သာသနာတော်ကို ကြည်ညိုလေးစားသော မြသီတာသက်န်းတိုက် မိသားစုများက မှော်ဘီမြို့ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္နာရာမကျောင်းတိုက်၌ တစ်ဆယ့်ရှစ်ကြိမ်မြောက် ကျင်းပမည့် ရွှေကျင်အစည်းအဝေးပွဲကြီးတွင် ကြွရောက်တော်မူလာကြမည့် သံဃာတော်အရှင်မြတ်များအား ဤဝိနည်းမှတ်စုစာအုပ်ဖြင့် ပူဇော်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးပါရန် ထပ်မံ၍အားပေးတိုက်တွန်းကြပါသည်။

ထိုသို့တိုက်တွန်းကြသောကြောင့် စာရေးသူသည် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်မှ တပည့်များဖြစ်ကြသော အရှင်စန္ဒာဝရ(အဖျောက်)၊ အရှင်ကုန္တိယ(ပခုက္ကူ)၊ အရှင်သောဘနာလင်္ကာရ(ကွမ်းခြံကုန်း)၊ အရှင်သိရီစက္က (ပွင့်ဖြူ)တို့၏ အကူအညီများကိုလည်းကောင်း၊ တိပိဋက မဟာဂန္ဓာရုံမှ အရှင်လောကသိရီလင်္ကာရ (စာချဘုန်းတော်ကြီး) ဦးဆောင်သော သာမဏေကျော်တပည့်များ၏ အကူအညီများကိုလည်းကောင်း ထပ်မံရယူလျက် ကြိုးစားအားထုတ်နိုင်ခြင်းကြောင့် ထင်တိုင်းမပေါက်သော်လည်း ကြိုးစားသလောက်ဖြင့် ခရီးပေါက်ခဲ့ရပါသည်။

အမှားဟူသည် မောဟမကင်းသူများနှင့် ဆက်စပ်နေသည်။ မောဟသည် ရဟန္တာဖြစ်မှ ကင်းသည်ဟူသော ရှေးသူတော်ကောင်းများ၏ အဆိုအမိန့်အတိုင်း စာပြင်ပေးကြသော စာရေးသူတို့မှာ မောဟမကင်းသော ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ ထပ်ခါထပ်ခါ အမှားနည်းအောင် ဖတ်ရှုပါသော်လည်း အမှားကင်းလိမ့်ဦးမည် မဟုတ်ပါ။ သံသယဖြစ်ဖွယ် နေရာများတွင် မူရင်းကျမ်းစာများ၏ စာမျက်နှာများကို ဖော်ပြထားပြီးဖြစ်သောကြောင့် မူရင်းကျမ်းများကို လေ့လာကြည့်ရှုလျက် သံသယတောကို ကျော်ဖြတ်နိုင်ကြပါလိမ့်မည်။ အကယ်၍ အမှားအယွင်းပါရှိခဲ့သော် ကျမ်းပြုဆရာတော်ကြီး၏ အပြစ်မဟုတ်ဘဲ "ကျမ်းစာကို စိတ်တိုင်းကျသည့်တိုင်အောင် လိုအပ်သလို ပြုပြင်ပေးပါ" ဟူ၍ ကျမ်းပြုဆရာတော်ကြီး၏ ခွင့်ပြုတော်မူခြင်း၊ ချီးမြှောက်တော်မူခြင်းများကို ရရှိထားသော စာရေးသူ၌သာ အပြစ်ရှိကြောင်းကို ရိုးသားစွာ ဝန်ခံအပ်ပါသည်။

ဤဝိနည်းမှတ်စုကျမ်းစာသည် ဝိနည်းပါဠိတော်ကို အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိများဖြင့် တိုက်ဆိုင်နှီးနှော ဖော်ပြထားရုံမျှမက လိုအပ်သောနေရာတွင် ဖြစ်သင့်သော အယူအဆတို့ကို အာစရိယဝါဒအားလျော်စွာ ကောက်ချက်ချ ဖော်ပြထားပါသဖြင့် ဝိနည်းတော်အတိုင်းလိုက်နာကျင့်သုံးနေလိုကြသောအရှင်မြတ်များအတွက် သီလ၊ သမာဓိ၊ ပညာများ တိုးပွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ၊ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်၏၊ ဝိနည်းတည်မှ သာသနာတော်တည်သည် - ဟူသော ရှေးမထေရ်မြတ်များ၏ဩဝါဒအယူအဆကို လေးလေးနက်နက် ဦးထိပ်ပန်ဆင်ကြလျက် သာသနာပြုကြမည့် အရှင်မြတ်တို့သည် ရှောင်ရန်သီလ၊ ဆောင်ရန်သီလများကို သိထားပါမှ သာသနာတော်ကြီးကို တိုးတက်အောင် စောင့်ရှောက်နိုင်ကြမည်ဖြစ်သောကြောင့် ဤဝိနည်းမှတ်စုကျမ်းစာ

အနေဖြင့် သိဖွယ်ကျင့်ဖွယ်များ၊ ဆောင်ဖွယ် ရှောင်ဖွယ်များကို လေးလေးစားစား တင်ပြထားခြင်း ဖြစ်ပါသည်။

သာသနာတော်ကို စောင့်ရှောက်ရာတွင် မိမိတို့၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာတရားများ ရရှိအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ထားပါမှ ဘုရားအလိုတော်ကျ သာသနာတော်ကို စောင့် ရှောက်နိုင်ကြပါမည် ဖြစ်ပါသည်။

ထင်ရှားသော သာဓကပြရလျှင် ကုသိနာရုံ အင်ကြင်းတောင်၌ မြောက်အရပ်သို့ ဦးခေါင်းပြု လျက် လျောင်းတော်မူသော မြတ်စွာဘုရားအား နတ်လူတို့က နတ်ပန်းစသည်တို့ဖြင့် နောက်ဆုံး အနေ ပူဇော်ကြရာတွင် အနီးအနားရှိ အလုပ်အကျွေးဖြစ်သော ညီတော်အာနန္ဒာအား မြတ်စွာ ဘုရားက "အာနန္ဒာ အာမိသပူဇာမည်သည် သာသနာတော်ကို တစ်နေ့တာမျှ ယာဂုသောက်ရုံ ကာလကလေးမျှ တည်တံ့အောင် မစောင့်ရှောက်နိုင်ပေ။ အာမိသပူဇော်နေရုံဖြင့် မကျေနပ်သင့် သေး၊ သမ္မာပဋိပတ် အကျင့်မြတ်သည်သာ ငါဘုရားကို ပူဇော်ရာရောက်သည်၊ သာသနာတော်ကြီး တည်တံ့အောင် စွမ်းဆောင်နိုင်သည်။ ထို့ကြောင့် ရဟန်း၊ ရဟန်းမ ဖြစ်လျှင် ငါဘုရားသည် ပညတ် ထားအပ်သော သိက္ခာပုဒ်တို့ကို လိုက်နာကြရမည်။ အဏုမြူမျှသေးသော အပြစ်တို့ကိုပင် မပြုဘဲ ရှောင်ကြဉ်ကြရမည်။ ဥပါသကာ၊ ဥပါသိကာမ ဖြစ်လျှင် သရဏဂုံသီလ၊ ဥပုသ်သီလတို့ကို စောင့်ထိန်းကြရမည်။ မိဘနှင့် ပညာရှိသူတော်ကောင်းတို့ကို စောင့်ရှောက်ထောက်ပံ့ကြရမည်" ဟူသော မဟာပရိနိဗ္ဗာနသုတ်နှင့် အဋ္ဌကထာအဖွင့်များက သက်သေပြနေပါသည်။

ဘုရားရှင်၏ ထိုအဆိုအမိန့်တော်များကို သတိပြုမိသော ကျမ်းပြုဆရာတော်ကြီးက သာသနာတော်တည်တံ့အောင် စွမ်းဆောင်နိုင်ရေးအတွက် သိဖွယ်၊ ကျင့်ဖွယ်၊ ဆောင်ဖွယ်၊ ရှောင်ဖွယ် နည်းအသွယ်သွယ်တို့ကို တလေးတစား ရေးသားဖော်ပြအပ်သော ဤဝိနည်းမှတ်စု ကျမ်းစာကို လေ့လာကြည့်ရှုကြပြီးလျှင် ဘုရားရှင်၏ အလိုတော်အတိုင်း သာသနာတော်ကြီးကို စောင့်ရှောက်နိုင်ကြပါစေဟု ပတ္ထနာအောင်ဆုနှင့်အတူ ဤအမှာစာကို နိဂုံးအုပ်လိုက်ရပါ သတည်း။

အရှင်ဝေပုလ္လာလင်္ကာရ

သာမဏေကျော်၊ ဝိနယပါဠိပါရဂူ၊ ဒွိပိဋကဓရ

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်

တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

အရှင်မဟာကဿပ၏နမူနာ

မြတ်စွာဘုရား၏ အဆုံးအမများကို တိတိကျကျလိုက်နာ၍ ခြိုးခြိုးခြံခြံ ထူးထူးကဲကဲ ကျင့်ကြံသော အရှင်မဟာကဿပမထေရ်မြတ်သည် ကျွန်ုပ်တို့အဖို့ အကောင်းဆုံးသော နမူနာပင် ဖြစ်ပေ၏။ အရှင်သူမြတ်၏ ကျင့်ကြံအားထုတ်ပုံသည် ကြက်သီးမွေးညင်းထလောက်စရာပင် ဖြစ်ပေသည်။ အောက်ဖော်ပြပါ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်ဇိဏ္ဏသုတ်လာ မြတ်စွာဘုရား၏ အမေးနှင့် ရှင်မဟာကဿပ၏အဖြေတို့ကို ထောက်ပါလေ...

မြတ်စွာဘုရား - ကဿပ သင်သည် အဘယ်အကျိုးထူးကို ကောင်းစွာမြင်သည်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညည့်တို့ပတ်လုံး အရည်ကင်ဓုတင်ကို ဆောက်တည်ခဲ့သနည်း။ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ခဲ့သနည်း။ ပံသုကူဓုတင်ကို ဆောက်တည်ခဲ့သနည်း။ တိစီဝရိတ်ဓုတင်ကို ဆောက်တည်ခဲ့သနည်း။ အလိုနည်းခဲ့သနည်း။ ရောင့်ရဲခဲ့သနည်း။ ဆိတ်ငြိမ်ရာ၌ နေခဲ့သနည်း။ လူတို့နှင့် မရောနှောခဲ့သနည်း။ ထက်သန်သော လုံ့လရှိခဲ့သနည်း။ထိုအသီးသီးတို့၏ ဂုဏ်တို့ကိုလည်း ပြောဆိုခဲ့သနည်း။

မဟာကဿပ - အရှင်ဘုရား အကျွန်ုပ်သည် နှစ်ပါးကုန်သောအကျိုးထူးတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညည့်တို့ကာလပတ်လုံး ထိုအကျင့်မြတ်တို့ကို ကျင့်သုံးဆောက်တည်ခဲ့ပါသည်။ မိမိ၏မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်းကို ကောင်းစွာမြင်သည်ဖြစ်၍လည်းကောင်း၊ ဘုရားရှင်၏ တပည့်အဆက်ဆက်ဖြစ်ကုန်သော ထိုရဟန်းတို့သည် ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး ထိုထို အကျင့်တရားတို့၌ ဆောက်တည်ကြကုန်သတတ်၊ ဆောက်တည်ခြင်း၏ဂုဏ်ကိုလည်း ပြောဆိုကုန် သတတ်ဟု မြင်အပ်သည်ကို အစဉ်လိုက်ခြင်း။ "ဒိဋ္ဌာနုဂတိသို့ နောင်လာနောက်သား လူအများတို့ ရောက်ငြားကုန်အံ့လည်းမသိ။ ထိုသူတို့သည် မချွတ်မယွင်းဖြစ်ခြင်းငှာ ကျင့်ကြကုန်လတ္တံ့။ ထိုသူတို့အား ထိုအကျင့်သည် ရှည်စွာသောနေ့ညဉ့်တို့ပတ်လုံး စီးပွားခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်လတ္တံ့." ဟု နောင်လာ နောက်သား လူအများကို သနားသည်ဖြစ်၍ လည်းကောင်း၊ အရှင်ဘုရား - အကျွန်ုပ်သည် စင်စစ်အားဖြင့် ဤနှစ်ပါးသော အကျိုးထူးတို့ကို ကောင်းစွာ မြင်သည်ဖြစ်၍ ရှည်စွာသောနေ့ညဉ့်တို့ပတ်လုံး ထိုအကျင့်မြတ်တို့ကို ဆောက်လည်း ဆောက်တည်ခဲ့ပါသည်။ ဂုဏ်ကျေးဇူးတို့ကို ပြောလည်း ပြောဆိုခဲ့ပါသည်။ (ဇိဏ္ဏသုတ် စာ - ၄၀၅)

လာဘ်သည် မာတုဂါမထက် ကြောက်စရာကောင်းခြင်း

မာတုဂါမတစ်ယောက်သည် ရဟန်းတစ်ယောက်၏ စိတ်ကို
သိမ်းကျုံးဆွဲငင်၍ မတည်နိုင်သော်လည်း
လာဘ်ပူဇော်သကာ အကျော်အစောသည်
ထိုရဟန်း၏စိတ်ကို သိမ်းကျုံးဆွဲငင်၍ တည်နိုင်၏။

(လာဘသက္ကာရသံယုတ်ပါဠိတော်) ၈ - ၄၃၁

ဝိနယမဟာဝဂ္ဂ

မာတိကာ ပိဋ္ဌက်

၁။	**မဟာခန္ဓက**	၃
	ဒွေဝါစိက - သရဏဂုံ	၄
	ဖော် ဘိက္ခုပသမ္ပဒါ	၄
	လူရဟန်္တာ (၆) ယောက်	၄
	ရှင်ရဟန်းပြုကြခြင်း	၄
	ရှေးဦးစွာ တေဝါစိကသရဏဂုံတည်သူများ	၄
	ယသသူငယ်ချင်းများ ရဟန်းပြုခြင်း	၅
၂။	**ပဗ္ဗဇ္ဇာကထာ**	၆
	ရှင် ရဟန်းပြုပေးနိုင်ရန် ခွင့်ပြုခြင်း (သရဏဂမနူပသမ္ပဒါ)	၆
	သာမဏေရပဗ္ဗဇ္ဇ (၁ - ကေသမသုံ ဩဟာရေတွာ)	၆
	ပဥ္စင်းငယ်အား စေခိုင်းနိုင်ခွင့်	၇
	သာမဏေအား စေခိုင်းနိုင်ခွင့်	၇
	မည်သူမဆို ပြုနိုင်ခွင့်	၈
	သာရဏ္ဍနှင့် ဝိနယဝိနိစ္ဆယဝါဒ	၈
	ညောင်ကန်ဆရာတော်ဝါဒ	၈
	ခဏ္ဍာသိမ်သို့ဆောင်ခြင်း	၈
	ရှင် ရဟန်းတို့ ထူးခြားမှု	၉
၃။	**ဘဏ္ဍုကမ္မ**	၁၀
	မပြောအပ်သောစကား	၁၀
	တစပဉ္စက ကမ္မဋ္ဌာန်း	၁၀
	(၂ - ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ)	၁၁
	အဋ္ဌကထာပါဋ္ဌ	၁၁
	ဝိမတိနှင့် ဝိနယာလင်္ကာရဆရာတို့နည်း	၁၁
	အရညဝါသီမထေရ်အယူ	၁၂
	ရှေးဆရာတော်ကြီးတို့ စီရင်ထားပုံ	၁၂
	ရဟန်းက မပေးသော် ရှင်မဖြစ်	၁၃
	ဘိက္ခုနံ ပါဒေ ဝန္ဒာပေတွာ	၁၃
	အဝေးကရည်မှန်း၍ ရှိခိုးကလည်း အပ်ပါ၏	၁၃
	(၃ - သရဏဂုံယူခေါ်း)	၁၃
	ကေတောသုဒ္ဓိ ဥဘတောသုဒ္ဓိ	၁၄
	နိဂ္ဂဟီတန္တ - မကာရန္တ	၁၄

မာတိကာ		စာမျက်နှာ
	အနွကအဋ္ဌကထာဝါဒ	၁၄
	ဥပဇ္ဈာယ်နှင့် အာစရိယ	၁၄
	အနနာသိကန္တ (နိဂ္ဂဟိတန္တသက်သက်ပေးနည်း)	၁၅
	ဝိစ္ဆိန္ဒိတွာ (မကာရန္တသက်သက်ပေးနည်း)	၁၅
	နိဂ္ဂဟိတန္တ မကာရန္တ ရောရှ်ပေးနည်း	၁၅
	ခံတွင်းပိတ်၍ ရွတ်ရသောဝါဒ	၁၅
	ခံတွင်းဖွင့်ဟ၍ ရွတ်သောဝါဒ	၁၆
	ခံတွင်းစဉ်းငယ်ဖွင့် ရွတ်သောဝါဒ	၁၆
	မကာရန္တ ရွတ်ဖတ်ပုံ	၁၆
	ညောင်ရမ်းဆရာတော်ဝါဒ	၁၆
	သာမဏေဘုံ (သိက္ခာပဒံ သမာဒိယာမိ - ဟု ဆောက်တည်ဖွယ် မလို)	၁၇
	အနွက အဋ္ဌကထာဝါဒ	၁၇
	သရဏဂုံဖြင့်သာ ကိစ္စပြီးသည်	၁၇
	မစွမ်းနိုင်သူ	၁၇
	ဥပဇ္ဈာယ်ဆရာတို့ သတိပြုရန်	၁၇
	ရှင်သာမဏေဝိနည်းကို ဆုံးမရမည်	၁၈
	သရဏဂုံသုံးပါး၌ ယောဇနာနည်း	၁၈
	သတိပြုရန်	၁၈
	သာမဏေ၌ဥပဇ္ဈာယ်ရှိမရှိ	၁၈
	သာမဏေတို့ နိဿရည်းယူသင့် မယူသင့် (မာနတ္တာဒိဝါဒ)	၁၉
	ညောင်ကန်ဆရာတော်ဝါဒ	၁၉
	မိုးထားဆရာတော်ဝါဒ	၂၀
	လုံးတော်ဆရာတော်ဝါဒ	၂၀
	ဝနဝါသီတိဿ သာမဏေထုံး (ဇာလဝဂ် - မွေပဒ အဋ္ဌကထာ၊ ပ - စာ ၃၃၃)	၂၀
	ညောင်လေးပင်တောရဆရာတော် အရှင်အရိယ၏ ဝါဒတစ်ရပ်	၂၀
	အာရာမ်ခြားမှု	၂၀
	ဆယ်ဝါမပြည့်သောရဟန်းငယ်သရဏဂုံပေးအပ် မပေးအပ်	၂၀
၄။	**သုမနဝံသာဘိဓဇ တောင်ခွင်ရာဇာဓိရာဇဂုရု** **ဆူးစီးဆရာတော်ဘုရားကြီး၏ အောင်သောဝါဒ**	၂၅
	(၁) ဆရာငါးမျိုး	၂၅
	(၂) ဦးနန္ဒသာဝသဿ မဖြစ်သင့် - အာပတ်သင့်သည်	၂၇
	(၃) ပဥ္စကဆက္ကသောင္ဂသဒေသနာ	၂၈
	(၄) နဝကသရဏဒါန ထင်သောအရာ	၃၀
	(၅) သာမဏေတို့ ဥပဇ္ဈာယ်အသီးအခြားယူဖွယ် မရှိ	၃၂
	(၆) ဖျတ်ိရေကယူပုံ	၃၃
	(၇) တိဝိဓမွိ သနွာယ ဝုတ္တံ - ဝိမတိရှင်းချက်	၃၄

	မာတိကာ	ပိဋ္ဌက်
	စံကျောင်းဆရာတော်	၃၅
	အောင်မြေရွှေဘုံဆရာတော်၏ အဆို	၃၅
	သတိပြုဖွယ်ရာအချက်များ	၃၆
	သိက္ခာပဒံ သမာဒိယာမိ	၃၈
၅။	သမဏောပဗ္ဗဇ္ဇ	၃၉
	ဥပဇ္ဈာယဝတ္တကထာ	၃၉
	အနာဒရနှင့် ဂိလာနသော်လည်း မလွတ်သောအရာ	၄၄
	သဒ္ဓိဝိဟာရိက ဝတ္တကထာ	၄၈
	သဒ္ဓိဝိဟာရိက ဂိလာနဖြစ်သော် ပြုရမည့် ဝတ်(၉၇) ပါး	၄၉
	အဂိလာနအားသော်လည်း ပြုရမည့်ဝတ်	၄၉
	အသက်ရှည်သမျှ ပြုရမည့်ဝတ်	၅၀
	န – ကာရပဋိသံယုတ္တဝတ်များ (၇)	၅၀
	နှင်ထုတ်ရမည့်အင်္ဂါ (၅) ရပ်	၅၁
	နှင်မထုတ်ရမည့် အင်္ဂါ (၅) ရပ်	၅၁
	နိဿယမုတ္တက အမုတ္တကနှစ်ဦးတို့အား အာပတ်သင့်သောအရာ	၅၁
	အမုတ္တကနိဿယသာ သင့်သောအရာ	၅၂
	ဥပဇ္ဈာယ်တပည့်နှစ်ဦးတို့ သင့်သောအရာ	၅၂
	ခွင့်ပေးခြင်းနှင့် အာပတ်မှလွတ်ငြိမ်းခွင့်	၅၂
	ဝဒ္ဓိဝါဒ	၅၂
	ဝတ်တို့၌ အာပတ်သင့်ချိန်	၅၂
	ရာဓ ပြဟ္မဏ ဝတ္ထုကထာ	၅၃
	ကမ္မဝါစာဆရာ၏ အရည်အချင်း	၅၃
	အာစရိယဝတ္တကထာ	၅၃
	နိဿရည်းဆရာခွင့်ပြုခြင်း	၅၄
	နိဿရည်းဆရာ၌ ကျင့်ပြုရမည့် အာစရိယဝတ္တ	၅၄
	အန္တေဝါသိကဝတ်	၅၄
	ပဏာမနာ ခမာနကထာ	၅၄
	နိဿယပဋိပဿဒ္ဓိကထာ	၅၅
	(၁) ဥပဇ္ဈာယနိဿယပဋိပဿဒ္ဓိ	၅၆
	(၂) အာစရိယ နိဿယ ပဋိပ္ပဿဒ္ဓိ	၅၈
	ဝဇီရဗုဒ္ဓိ၌ ဖော်ပြသော အခြားနိဿရည်းငြိမ်း – မငြိမ်းသောအရာများ	၆၀
	ဥပသမ္ပာဒေတဗ္ဗပဉ္စကဆတ္တသောဠသကထာ	၆၁
	ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာတို့၏ အင်္ဂါရပ်များ	
	နိဿယမုစ္စက အင်္ဂါရပ်များ	၆၃
	ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ – ၌ သိဖွယ်	၆၄
	ဘိက္ခုနောဝါဒဝဂ်လာ အင္ဂကထာ၏ ဗဟုသုတအင်္ဂါရပ်များ	၆၄

မာတိကာ	ပိဋကတ်
စိစစ်ချက်	၆၅
နားလည်ကာမျှ	၆၆
အဋ္ဌကထာကိုရခြင်း နားလည်ခြင်း	၆၇
အဋ္ဌုပ္ပတ္တိပုသည့် တော	၆၇
ဥဘတောဝိဘင်း စိစစ်ချက်	၆၇
အလွန်အားဖြင့် ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာတို့ အင်္ဂါ	၆၈
အညတိတ္ထိကပုဗ္ဗ ဝတ္ထုကထာ	၆၈
တိတ္ထိယပရိဝါသ်၏ ကျင့်ဝတ် (၈) ပါး	၆၈
ပဗ္ဗာဇာဓဝတ္ထုကထာ	၆၉
ရာဇဘဋဝတ္ထု	၆၉
စောရဝတ္ထုကထာ	၆၉
ကာရဘေဒကဝတ္ထု	၇၀
ကြော်ငြာထားအပ်သော ခိုးသူ	၇၀
ကြိမ်ဒဏ်ခံရသူ	၇၀
သံပူကပ်၍ အမှတ်ပြုခံရသော ဝတ္ထု	၇၀
ဣဏာယိကဝတ္ထု	၇၀
ဒါသဝတ္ထု	၇၁
ကမ္မာရဘဏ္ဍုဝတ္ထာဒိကထာ	၇၂
နိဿရည်းလွတ်ငြိမ်းခွင့်ပြုခြင်း	၇၃
သိက္ခာပဒဒဏ္ဍကမ္မ ဝတ္ထုကထာ	၇၃
မြတ်စွာဘုရားကား တားမြစ်ခြင်း	၇၄
အနာပုစ္ဆာဝရဏဝတ္ထုအာဒိကထာ	၇၄
ပဏ္ဍကဝတ္ထု	၇၅
ထေယျသံဝါက ဝတ္ထုကထာ	၇၅
ရာဇဘယ	၇၆
သတိပြုရန်	၇၉
တိတ္ထိယပက္ကန္တက ကထာ	၇၉
တိရစ္ဆာနဂတဝတ္ထုကထာ	၇၉
လူ့ဇာတ်ရှိသူသော အနန္တရိယကံထိုက်ခြင်းအကြောင်း	၈၀
လောဟိတုပ္ပါဒကကံနှင့်စပ်၍ သတိပြုဖွယ်	၈၀
အပတ္တကာဒိဝတ္ထု	၈၁
အခြားရှင်ရဟန်း မပြုထိုက်သူ (၃၂) ဦး	၈၂
အလဇ္ဇီနိဿယဝတ္ထုကထာ	၈၅
သာမဏေတို့နှင့်လည်း မပေါင်းအပ်	၈၆
သဘာဂရဟန်း	၈၆

မာတိကာ		ပိဋကတ်

	နစ်ရက် သုံးရက် ဟူသည်	၈၆
	ခုနစ်ရက်နေခြင်းဟူသည်	၈၆
	ဂမိကာဒိနိဿယ ဝတ္ထုကထာ	၈၇
	ဝါတွင်းဝါပ ဖြစ်သင့်သည်	၈၇
	ခရီးအကြားရပ်နားမှု	၈၇
	လှေဖြင့်သွားရာ	၈၈
	ဂိလာန ရဟန်း	၈၈
	ဂိလာနုပဋ္ဌာကရဟန်း	၈၈
	တောနေရဟန်း	၈၈
	သတင်းကြားမှု အန္တရာယ်တွေ့မှု	၈၉
	ကမ္ဗဝါစာ၌ အန္တယ်ဖြင့် ဖတ်ခြင်း ဒွန်ဖတ်ခြင်း စသည်	၈၉
	ခေါ်ဝေါ်တိုင်းသော အမည်ဖြင့်လည်း အပ်ပါ၏	၉၀
	ထိုခဏ၌မှည့်သော နာမည်သစ်ဖြင့်လည်း အပ်ပါ၏	၉၀
	အမည်သစ်မှည့်ချိန်	၉၀
	ရှေ့နောက်အမည်နှစ်မျိုးစသည်မအပ်	၉၀
	ဥပဇ္ဈာယ်၏အမည်မယူဘဲ အခြားအမည်ဖြင့်ဖတ်လျှင် ကံမပျက်	၉၁
	ပဥ္စင်းလောင်း၌ ပင်ကိုအမည် အသစ်မှည့်သောအမည်မဟုတ်လျှင် ကံပျက်၏	၉၁
	အာယသ္မတော၊ အာယသ္မတာနှင့် အခြားပုဒ်များ	၉၁
	ဥပဇ္ဈာယ်ကိုယ်တိုင်ဖတ်လည်းအပ်ပါ၏	၉၃
	သုံးပါးထက်အလွန် မအပ်	၉၃
	ဥပဇ္ဈာယ်လေးပါး မအပ် ကမ္ဗဝါဆရာလေးပါး မအပ်	၉၃
	သတိပြုဖွယ်	၉၄
	နာနာစရိယာ နာနုပဇ္ဈာယာမှာတမ်း	၉၄
	ပဋိသန္ဓေနှင့်တကွ အသက် (၂၀)	၉၄
	ပေါရာဏကတ္တေရဝါဒ	၉၄
၆။	**ဆွေးစါးဆရာတော်ဘုရား၏ ကမ္ဗဝါရ အကကမ္ဗဝါရ ရေတွက်နည်း**	၉၆
	ကမ္ဗဝါရ (၂၅)	၉၆
	ကမ္ဗ - ဧကကဝါရ (၃) ဝါရ (ကေဝုပဇ္ဈာယ)	၉၆
	ဒွန်တွဲ ဒုက (၃) ဝါရ (ကေဝုပဇ္ဈာယ)	၉၆
	ဒွန်တွဲ တိက (၃) ဝါရ (ကေဝုပဇ္ဈာယ)	၉၆
	အသီးအသီး ဒုက (၂) ဝါရ (ကေဝုပဇ္ဈာယ)	၉၆
	အသီးအသီးတိက (၁) ဝါရ (ကေဝုပဇ္ဈာယ)	၉၇
	နာနုပဇ္ဈာယ အသီးအသီး ဒုက တိက (၂) ဝါရ	၉၇
	နာနုပဇ္ဈာယ အချင်းချင်း ဒုက တိက (၂) ဝါရ	၉၇
	နာနုပဇ္ဈာယ ဝိသေသ ဒုက တိက (၄) ဝါရ	၉၈
	ကေဝုပဇ္ဈာယ၌ သမာနဝါရ (၃) ဝါရ	၉၉

	မာတိကာ	ပိဋ္ဌက်
	နာနုပဗ္ဗာယဥ္စ သမာနဝါရ (၂) ဝါရ	၉၉
	အကပ္ပဝါရ - ဧက (၆) ဝါရ	၉၉
	ဒုက (၄) ဝါရ	၁၀၀
	တိက (၄) ဝါရ	၁၀၀
၇။	**ဥပသမ္ပဒါဝိဓိကထာ**	**၁၀၁**
	ပုဗ္ဗကိစ္စ (၈) ပါး	၁၀၁
	ဘန္တေနှင့် အာဝုသော	၁၀၁
	အယံ သဒ္ဒါ	၁၀၂
	ဥက္ခိတ္တက ရဟန်းဝတ္တုများ	၁၀၂
	အနာပတ္တိ သမ္ဘောဂေ သံဝါသေ - ဝါဒ အဖုံဖုံ	၁၀၂
	လူထွက်သော်လည်း အာပတ်မှ မစင်ကြယ်ပုံကို	၁၀၃
	သာရတ္ထ ဆရာ၏ဝါဒ	၁၀၃
၈။	**ဥပေါသထ ကွန္ဒက - ၂**	**၁၀၅**
	သန္နိပါတာနုဇာနနာဒိကထာ	၁၀၅
	သိမ်ခွင့်ပြုတော်မူခြင်း	၁၀၅
	ဥပုသ်အိမ်ခွင့်ပြုတော်မူခြင်း	၁၀၆
	ဥပုသ်အိမ်ဥပစာကို ခွင့်ပြုတော်မူခြင်း	၁၀၆
၉။	**သိတောင်းစရာ ဓမ္မဝဒေသာ**	**၁၀၈**
	သဒ္ဓမ္မရံသီရိပ်သာဆရာတော်	၁၀၇
	သိမ်အကြောင်းသိကောင်းဆရာ	၁၀၇
	အဝိပ္ပဝါသသိမ်ခွင့်ပြုတော်မူခြင်း	၁၁၁
	သိမ်နုတ်ခြင်း	၁၁၁
	ဂါမသိမ်စသည်	၁၁၁
	ဥပုသ်အပြား	၁၁၁
	သံဃာလောက်သော်လည်း အကြောင်းရှိ၍ ပါရိသုဒ္ဓိပြုလျှင်အပ်၏	၁၁၂
	အကျဉ်းအားဖြင့် ပါတိမောက်ပြခြင်းစသည်	၁၁၂
	အနဇ္ဈိဋ္ဌာ	၁၁၃
	ဝိနည်းကိုမေးခြင်း	၁၁၄
	ဝိနည်းကို ဖြေဆိုခြင်း	၁၁၅
	စောဒနာခြင်း	၁၁၅
	အဓမ္မကံကို တားမြစ်ခြင်းစသည်	၁၁၅
	အကျဉ်းပြုလည်း အပ်သောအရာ	၁၁၆
	မထေရ်ကြီးလည်း ဘန္တေဟု ရွတ်နိုင်သည်	၁၁၆
	တိုက်တွန်းခြင်း	၁၁၆
	ပက္ခဂရေတွက်ခြင်းစသည်ကို ခွင့်ပြုခြင်း	၁၁၇
	ရှေးဦးစွာ ပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း	၁၁၇

မာတိကာ		ပိဋ္ဌက်
	အရပ်တစ်ပါးသွားသူ	၁၁၇
	ဇျတ္တ ပင့်ဖလ လဏ္ဍပေသလအားရိုးမြောက်ခြင်း	၁၁၈
	ဝါတွင်းဖြစ်သော်	၁၁၈
	ပါရိသုဒ္ဓိပေးခြင်း ဆန္ဒပေးခြင်း	၁၁၉
	သတိပြုရန်	၁၁၉
	အာပတ်ရှိလျက် ပါရိသုဒ္ဓိပေးခြင်း	၁၁၉
	အဓိပ္ပာယ် အယူအဆ	၁၂၀
	ဆန္ဒပါရိသုဒ္ဓိ ဆောင်ထိုက်သူ	၁၂၀
	ဆန္ဒပေးခြင်း၏အကျိုးထူးတစ်ရပ်	၁၂၀
	ဆွေမျိုးစသည်တို့က ဖမ်းယူခြင်း	၁၂၁
	ရဟန်းရူးဟု သမုတ်ခြင်း	၁၂၁
	သံဃာ့ဥပုသ်စသည်အပြား	၁၂၁
	အာပတ်ကုစားနည်း	၁၂၂
	အလဇ္ဇီနှင့် ဥပုသ်မပြုရ	၁၂၂
	မည်သည့်ဘာသာနှင့်မဆို ဒေသနာကြားခြင်းငှာအပ်၏	၁၂၂
	သံသယမပြီးသော်	၁၂၂
	ကုက္ကုစ္စ ဝိနောဒနအကျိုးငှာ ကြားအပ်ပါ၏	၁၂၃
	ယုံမှားခြင်း ၁၅ မျိုး စသည်	၁၂၄
	အသွင်ကိုမြင်ခြင်းစသည်	၁၂၄
	နာနာသံဝါသက	၁၂၅
	မသွားအပ်သည့်ဝါရ	၁၂၅
	သွားအပ်သည့်ဝါရ	၁၂၅
	အကြောင်းရှိလျှင် အစုခွဲ၍ သံဃာဥပုသ်ပြုနိုင်သည်	၁၂၆
	ပါရာဇိက ကျသူနှင့် ဥပုသ်ပြုရန် ခြွင်းချက်	၁၂၇
	သာမဂ္ဂီပြုပုံ	၁၂၇
	သတိပြုရန်	၁၂၇
	ပါတိမောက်ပြရာ၌ သီတင်းငယ်အား တိုက်တွန်းခွင့်	၁၂၈
၁၀။	**ဝဿူပနာယိကက္ခန္ဓက**	**၁၂၉**
	ဝါကပ်ရန်ခွင့်ပြုတော်မူခြင်း	၁၂၉
	ဝါတွင်း၌ ဒေသစာရီကို ပယ်တော်မူခြင်း	၁၂၉
	သတ္တာဟကရဏီယကို ခွင့်ပြုတော်မူခြင်း	၁၃၀
	ငါးဦးတို့အတွက် မပင့်သော်လည်းခွင့်ပြုခြင်း (၇ ဦး)	၁၃၀
	ပင့်ခေါ်မှသာ ခွင့်ပြုခြင်း	၁၃၁
	ပါဠိမုတ္တက ဝိနိစ္ဆယ	၁၃၁
	သတ္တာဟ	၁၃၂

	မာတိကာ	ပိဋ္ဌက်
	မပင့်သော်မအပ်ဟူရာ	၁၃၂
	သွားအပ်ရာ၌ နလုံးမူပုံ ဝါဒ ၂ မျိုး	၁၃၂
	သံဃကိစ္စဖြင့်သွားခြင်း	၁၃၂
	အကြောင်းမလုံလောက်ရာ၌ သတ္တာဟပြုသော်	၁၃၃
	နိမန္တိတောယေဝ နာမ ဟောတိ	၁၃၃
	သမ္မာပုဏ္ဏိတုံ န သက္ကောတိ	၁၃၃
	ဆရာအား ဖူးမြော်ရန်သွားခြင်း	၁၃၃
	ဥပစာရသိမ်ဖြင့် ဆုံးဖြတ်အပ်သော ဝိနည်းကံ	၁၃၄
	အန္တရာယ်ရှိသော် ဝါပြတ်သော်လည်း အာပတ်မသင့်	၁၃၄
	ဝါပန်ပြီးတိုက်တွင်းသို့ တစ်ဖန်ပြန်လာခြင်း	၁၃၅
	သတ္တာဟဝါရ - ဝါဒ အဖုံဖုံ	၁၃၅
	သာရတ္ထကား ထိုဝါဒကို လက်ခံ၏	၁၃၆
	သတ္တာဟ၌ ရက်ရေတွက်ပုံ	၁၃၆
	သံဃာကွဲပြား၍ ဝါပြတ်သော် အာပတ်မသင့်	၁၃၆
	နွားကျောင်းသားတို့၏နေရာ စသည်၌ ဝါကပ်ခြင်း	၁၃၆
	သတိပြုရန်	၁၃၇
	ပဝါရဏာပြုအပ်ခြင်းအကြောင်း	၁၃၇
	ဝဇ သတ္တ နာဝါတို့၌ အတူမသွားလည်း ပဝါရဏာပြုအပ်သော အရာ	၁၃၈
	ဝါမကပ်သင့်သောနေရာများ (ဝါကပ်အံ့ - ဒုက္ကဋ်)	၁၃၈
	ကျောင်းအတွက် သစ်ပင်တက်ကောင်း၏	၁၃၈
	မတရားသော ကတိကဝတ်	၁၃၉
	အနွကအဌကထာ၌လာသော မတရားသော ကတိကဝတ်	၁၃၉
	ဝန်ခံရာ၌ ဒုက္ကဋ်အာပတ်	၁၄၀
	သတိမေ့၍ ဝါမကပ်မိသော်လည်း ဝါကပ်သည်ပင်	၁၄၁
	သတ္တာဟကရဏီယ မရှိလျှင် မအပ်	၁၄၁
	ဝဇီရဗုဒ္ဓိကား အကြောင်းကင်းသော်လည်း အပ်၏ဟူ	၁၄၁
	ပဝါရဏာ ပြုပြီးလျှင်လည်း သွားနိုင်သည်	၁၄၁
	သီဟိုဠ်၌ ဖြစ်ခဲ့သော ရှေးထုံးတစ်ရပ်	၁၄၂
၁၁။	**ပဝါရဏာက္ခန္ဓက**	**၁၄၃**
	ပဝါရဏာကို ခွင့်ပြုတော်မူခြင်း	၁၄၃
	ပဝါရဏာ၌ ဥ_တ်ထားပုံ အမျိုးအစား	၁၄၃
	အားလုံးဆောင့်ကြောင့်ထိုင်ရမည်	၁၄၃
	တိုက်တွန်းခြင်း	၁၄၄
	ပဝါရဏာ အပြားစသည်	၁၄၄
	ပကတိစာရိတ္တ ပဝါရဏာ	၁၄၄
	မဟာဝိဟာရဝါသီထုံး	၁၄၄

မာတိကာ		ပိဋ္ဌက်
	ပဝါရဏာပေးခြင်းကို ခွင့်ပြုခြင်း	၁၄၅
	အနာပတ္တိ ပန္နရသကာဒိကထာ	၁၄၅
	သာရဏ္တာဆရာယူသောဝါဒ	၁၄၆
	ဗဒ္ဓသိမ်ပဌ် ပါရိသုဒ္ဓိ ဥပုသ်ပြုအပ်၏	၁၄၆
	ပါဠိမုတ္တက ဝိနိစ္ဆယ	၁၄၆
	သာမဂ္ဂီ ပဝါရဏာရက်	၁၄၇
	ဒွေဝါစိက ပဝါရဏာစသည်	၁၄၇
	ပဝါရဏာထားခြင်း	၁၄၈
	ထားအပ် မထားအပ်ပုံ	၁၄၈
	သံဃာလိုက်နာရမည့် အချက်များ	၁၄၉
	ထုလ္လစ္စဉ်း ဝတ္ထုစသည်	၁၄၉
	ဝတ္ထုကိုထားခြင်းစသည်	၁၅၀
	ဥက္ကောဋနကပါစိတ်	၁၅၀
	ငြင်းခုံခြင်းကိုပြုခြင်း	၁၅၁
	ကလဟ ဝိဝါဒ ရဟန်းတို့ လာသော်	၁၅၁
	အနာဒရိယ ပါစိတ်	၁၅၂
	ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း	၁၅၂
	ပဝါရဏာသင်္ဂဟအကျိုး	၁၅၂
	ဆန္ဒမပေးရသောဌာနသုံးပါး	၁၅၂
	ပဝါရဏာသင်္ဂဟ၌ လိုက်နာရမည့်စည်းကမ်း	၁၅၃
	ဥပုသ် ပဝါရဏာ ရက်ရေတွက်ပုံထုံး	၁၅၃
	နေ့ထူး	၁၅၃
	မည်သည့်ရက် ဝါကျွတ်သနည်း	၁၅၄
၁၂။	**စမ္မက္ခန္ဓက**	**၁၅၅**
	အပ်မအပ်သောဖိနပ်	၁၅၅
	အပ်အောင်ပြုပုံနည်း (၁)	၁၅၅
	အပ်အောင်ပြုပုံနည်း (၂)	၁၅၅
	အလွှာများသော ဖိနပ်ဟောင်းကိုခွင့်ပြုတော်မူခြင်း	၁၅၆
	အာရာမ်တွင်း၌ ဖိနပ်စီးခြင်း	၁၅၆
	စီးစေသတည်း	၁၅၇
	သစ်သားဖိနပ်စသည်တို့ကိုပယ်ခြင်း	၁၅၇
	ခွင့်ပြုတော်မူသောခြေနင်း	၁၅၇
	နွားမ မကိုင်ရ	၁၅၇
	ယာဉ်စသည်တို့ကိုပယ်ခြင်း	၁၅၇
	မြင့်သောနေရာ မြတ်သောနေရာတို့ကို ပယ်ခြင်း	၁၅၈

	မာတိကာ	ပိဋ္ဌက်
	(၄) စိတ္တက အခင်း	၁၆၁
	(၃) ဂေါနက စသည်	၁၆၂
	သားရေအားလုံးကို ပယ်တော်မူခြင်း	၁၆၃
	ရွာတွင်းဖိနပ်မစီးရ	၁၆၃
	အရှင်မဟာကစ္စည်း၏ ဆုငါးပါး	၁၆၃
	ပစ္စန္တရာဇ်	၁၆၃
	ပဒေသပညတ် (၄) ပါး	၁၆၃
	မဇ္ဈိမ ပစ္စန္တရာဇ် ၂ မျိုးနှင့် ဆက်ဆံသောအရာ	၁၆၄
၁၃။	**ဘေသဇ္ဇက္ခန္ဓက**	**၁၆၅**
	ဆေးငါးပါး	၁၆၅
	အမြစ်စသော ဆေး	၁၆၅
	ဖန်ဆေး	၁၆၅
	အရွက်	၁၆၆
	အသီး	၁၆၆
	အစေး	၁၆၆
	ဆား	၁၆၆
	လိမ်းဆေးမှုန့်	၁၆၆
	မျက်စဉ်း၊ မျက်စဉ်းကျည်၊ မျက်စဉ်းခတ်တံ	၁၆၇
	နှာနတ်ခြင်း၊ နှာနတ်တံစသည်	၁၆၇
	ဆီကျက်၊ ဆီကျည် (လေရောဂါ)	၁၆၇
	သွေးထုတ်ခြင်း စသည် (လေငန်းရောဂါ)	၁၆၈
	အဆစ်ကိုက်သောလေရောဂါ (ခြေနယ်ဆီ)	၁၆၈
	သွေးစုနာ	၁၆၈
	မြွေကိုက်ခြင်း	၁၆၈
	အဆိပ်၊ ပီယဆေး၊ ဝမ်းမီးပျက်	၁၆၉
	တင်လဲစသည်ကို ခွင့်ပြုခြင်း	၁၆၉
	တေကဋုလ ယာဂု	၁၆၉
	အကပ္ပိယကုဋိ၌ သိုမှီးခြင်းစသည်	၁၇၀
	သာမံ ပက္က	၁၇၀
	အကပ်ခံခြင်းစသည်ကို ခွင့်ပြုတော်မူခြင်း	၁၇၀
	ကျဉ်းမြောင်းရာ၌ စားခွဲခြင်း	၁၇၁
	အကပ္ပိယ = အသား	၁၇၁
	သားစိမ်း၊ ငါးစိမ်း	၁၇၂
	ကပ္ပိယမံသ	၁၇၂
	ယာဂု မုန့်ချိုတို့ကို ခွင့်ပြုတော်မူခြင်း	၁၇၃
	ဂုဠ - ဂုဠောဒက	၁၇၃

	မာတိကာ	ပိဋ္ဌက်
	ကာလိကနှင့်စပ်၍မှတ်ဖွယ်	၁၇၃
	ဝဇီရဗုဒ္ဓိ ဆရာ၏ ဝါဒ	၁၇၄
	ဉဒ္ဒိဿသမ်ဿ	၁၇၄
	ရှေးခွင့်ပြုချက်များကို ပယ်တော်မူခြင်း	၁၇၅
	ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်း	၁၇၅
	လှူနည်း	၁၇၆
	ပဥ္စမကပ္ပိယကုဋီ	၁၇၆
	သတိပြုရန်	၁၇၇
	အကပ္ပိယဘူမိ	၁၇၇
	မေဏ္ဍကသိက္ခာပုဒ်	၁၇၇
	အဖျော်ကိုခွင့်ပြုတော်မူခြင်း	၁၇၈
	မဟာပဒေသ လေးပါး	၁၈၀
	ဓမ္မသင်္ဂါဟက ထေရ်တို့၏ဖြတ်ထုံး	၁၈၀
	ကာလိကခြင်း ရောယှက်သော်	၁၈၁
	သာမဏေတို့အတွက်	၁၈၂
၁၄။	**ကထိနက္ခန္ဓက**	**၁၈၃**
	ကထိန်ကိုခွင့်ပြုခြင်း	၁၈၃
	ရှေးဆရာမြတ်တို့အယူ	၁၈၃
	အကျိုးအာနိသင်ပျံ့နှံ့မှု	၁၈၄
	သီမအရယူပုံ	၁၈၄
	တတြုပ္ပာဒ	၁၈၄
	ကထိန်ခင်းခြင်းကို ရသူ	၁၈၄
	ဟတ္ထပါသ် - ပထမပဝါရဏာ	၁၈၄
	တစ်ပါးကျောင်းမှာ ဝါကျွတ်သူ	၁၈၅
	ကထိန်လှူထိုက်သူနှင့် ဝတ္တရား	၁၈၅
	ဂိုဏ်းမပြည့်လျှင် ကထိန်မခင်းအပ်	၁၈၆
	အာနိသင်များရာသို့လိုက်၍ ခင်းနိုင်သည်	၁၈၆
	ကထိန်ခင်းထိုက်သူ	၁၈၆
	ကထိန်သင်္ကန်းပေးခန်း	၁၈၇
	ကထိန်ခင်းခန်း (ပုဂ္ဂိုလ်ခင်းခြင်း)	၁၈၇
	ပစ္စုဒ္ဓိုရ်ပြုနည်း	၁၈၇
	အနုမောဒနာပြုခန်း (ဂိုဏ်းသံဃာ ကထိန်ခင်းခန်း)	၁၈၈
	မဟာအဋ္ဌကထာဝါဒ	၁၈၈
	အနုမောဒနာ ပြုရမည့်ခေတ်	၁၈၈
	သံဃာခင်းသည်မည်ပုံ	၁၈၈

မာတိကာ		ပိဋကတ်
	အာနိသင်သင်္ကန်းဝေဖန်ပုံ	၁၈၉
	အနုမောဒနာပြုရမည့်ခေတ်(အဆက်)	၁၈၉
	ကမ္မဝါစာ မလို	၁၈၉
	ဧကသီမ	၁၈၉
	ဆင်ခြင်ဖွယ်	၁၉၀
	မဲချ၍မဝေးသင့် သာမဏေတို့အားလည်းပေး	၁၉၀
	တန်ဖိုး အနည်းအများ	၁၉၀
	အာနိသင်သင်္ကန်း	၁၉၀
	သင်္ကန်းနွမ်းပါးခြင်းဟူသည်	၁၉၁
	မထေရ်ကြီးအစိုးရခြင်းအကြောင်း	၁၉၁
	သတိပြုဖွယ်	၁၉၁
	နာနာလာဘနာနုပစာရ ဧကသီမဝိဟာရ	၁၉၁
	ပရိဝါ၌လာသော ပုဗ္ဗကရဏနှင့် ကထိန်ခင်းသူ၏ အင်္ဂါရပ်များ	၁၉၂
	အခင်းမမြောက်ပုံ (၂၄) ပါး	၁၉၂
	ဤ၌ သင်္ကန်းချုပ်ပုံမှတ်ဖွယ်	၁၉၃
	ကထိန်ခင်းခြင်းရောက်သော ပုဂ္ဂိုလ်၊ မရောက်သောပုဂ္ဂိုလ်	၁၉၆
	ရောက်သော ကထိန်ခင်းခြင်း၊ မရောက်သော ကထိန်ခင်းခြင်း	၁၉၇
	ကထိန်အခင်းမြောက်ပုံ (၁၇) ပါး	၁၉၇
	ကထိန်နုတ်ခြင်းမာတိကာ (၈) ပါး	၁၉၈
	ဝိနယာလင်္ကာရဆရာ၏ အန္တရုဗ္ဘာရ သဟုဗ္ဘာရ	၂၀၀
	ပလိဗောဓ နှစ်ပါး	၂၀၀
၁၅။	**ကထိနက္ခန္ဓက**	**၂၀၁**
	ကထိန်သင်္ကန်းလှူပုံ	၂၀၁
	စတုဝဂ္ဂက်	၂၀၁
	သိမ်	၂၀၁
	အနုမောဒနာ	၂၀၂
	ဝိနယာလင်္ကာရဆရာ၏ ကထိန်ခံမည့် သူရွေးနည်း	၂၀၂
	ကထိန်မခင်းသူ၏အပြစ်	၂၀၂
	ပြင်ပ၌ ကထိန်ကပ်လှူလျှင် အပ်ပါ၏	၂၀၃
	ကထိန်ခင်းသူ၏ သိရမည့်အင်္ဂါ	၂၀၃
၁၆။	**စီဝရက္ခန္ဓက**	**၂၀၄**
	ဒါယကာတို့လှူသော သင်္ကန်းကိုခွင့်ပြုခြင်း	၂၀၄
	ပံသုကူသင်္ကန်းရှာမှီးခြင်း	၂၀၄
	သင်္ကန်းခံယူစေရန် သိုမှီးရန် သမုတ်ခြင်း	၂၀၅
	ဘဏ္ဍာအိမ်သမုတ်ခြင်းစသည်	၂၀၅

မာတိကာ	ပိဋ္ဌက်
ဆိုင်ရာဝတ္တရားများ	၂၀၅
သင်္ကန်းဝေဖန်ခြင်း	၂၀၆
သာမဏေတို့အတွက်	၂၀၆
ခရီးသွားလိုသော ရဟန်းအတွက်	၂၀၇
သင်္ကန်းဆိုးခြင်း	၂၀၈
မြတ်သောသင်္ကန်းကိုခွင့်ပြုတော်မူခြင်း	၂၀၈
တိစီဝရိတ်ကို ခွင့်ပြုတော်မူခြင်း	၂၁၁
ပိုလွန်သောသင်္ကန်း၊ သင်္ကန်းဟောင်း	၂၁၁
ဝိသာခါ ဆု (၈) ပါး	၂၁၂
နိသီဒိုင်စသည်	၂၁၂
ဝိဿာသဂ္ဂါဟ	၂၁၂
နိသီဒိုင်ချုပ်ပုံမှတ်ဖွယ်	၂၁၂
ပရိက္ခာရစောဠ	၂၁၃
သင်္ကန်းစ မလောက်ခြင်း	၂၁၃
သလင်းထောင်	၂၁၄
ဝိနယပိဋက၊ ဝိနယသင်္ဂဟ ဌ၊ စာ – ၄၅၈	၂၁၅
သဒ္ဓါဖေယျ ဝိနိပါတ	၂၁၅
ရှာဝင်လျှင် ကျောင်း၌သင်္ကန်းထားနိုင်ခွင့်	၂၁၅
ဒုကုဋ်ကိုယ်ဝတ်သင်းပိုင်ထားခဲ့နိုင်ခြင်းအကြောင်း ၅ ပါး	၂၁၅
မိုးရေစံသင်္ကန်းထားနိုင်ခြင်းအကြောင်း	၂၁၆
သံဃိကသင်္ကန်းဖြစ်ပေါ်ခြင်း	၂၁၆
ဣစ	၂၁၇
အကာလစီဝရ	၂၁၇
မိုးလေးလမှအပ၌ တစ်ပါးတည်းနေမှု	၂၁၇
ဆောက်တည်ခြင်း	၂၁၈
ထိုရဟန်း၏ ဝတ္တရား	၂၁၈
သုဂ္ဂဟိတ – ဒုဂ္ဂဟိတ	၂၁၉
အခြားရဟန်းများရောက်လာခြင်း	၂၁၉
ဣသိဒါသ – ဣသိဘဋ	၂၁၉
အရှင်ဥပနန္ဒဝတ္ထု	၂၂၀
သတ္တာဟဝါရ	၂၂၀
နှစ်ကျောင်းဝါဆိုခြင်း	၂၂၁
နာနာလာဘ နာနုပစာရ ဧကသီမဝိဟာရ	၂၂၁
သူနာရဟန်းဝတ္ထု	၂၂၁
မတသန္တက	၂၂၂
အကပ္ပိယပရိက္ခာရ ဘဏ္ဍာ သမာန ပရိက္ခာရ ပြုနည်း (ဇ)	၂၂၃

မာတိကာ	ပိဋကတ်
သမာနပရိက္ခာရ ဒွိသန္တကစသည်ပြပုံ	၂၂၄
ဒုဒ္ဒိန္န ဒုဂ္ဂဟိတ သုဒိန္န သုဂ္ဂဟိတ	၂၂၅
အသက်ရှင်စဉ်ပေးခြင်းနှင့် ဝိဿာသဂ္ဂါဟယူခြင်း	၂၂၅
ဝိဿာသဂ္ဂါဟ၌ အရေးကြီးသော အင်္ဂါရပ်	၂၂၆
(၁) အမွေခံနှင့် ၎င်းတို့၏တာဝန်ဝတ္တရာများ	၂၂၆
(၂) သံဃာအား ပန်ကြား၍ပြုသင့်သောအရာ	၂၂၇
(၃) ဒွိသန္တကစသည် အမျိုးအစားများ	၂၂၇
(၄) အထက်ပါ ဒွိသန္တက စသည်တို့၏ ထူးခြားမှု	၂၂၈
(၅) တဝစ - မမစ ပြုနည်း စိစစ်ချက်	၂၂၉
(၆) ဝါဒစိစစ်ချက်	၂၃၀
သံဃိကကျောင်း၌ မပြုသင့်	၂၃၀
အဝတ်မဝတ်သောအကျင့်၊ သမန်းမြက်သင်္ကန်းစသည်ကို ပယ်ခြင်း	၂၃၁
အလုံးစုံညိုသော သင်္ကန်းစသည်ကိုပယ်ခြင်း	၂၃၁
မအပ်သော အရောင်စသည်ကို အပ်အောင်ပြုခြင်း	၂၃၁
ဝါကျွတ်သူတို့အား သင်္ကန်းမရနိုင်ခြင်းအကြောင်း	၂၃၂
သာမဏေအတွက် သတိ	၂၃၂
ကွဲပြားသောသံဃာအား သင်္ကန်းရနိုင်ခြင်းအကြောင်း	၂၃၃
ဒေသအလိုက် အဋ္ဌကထာ ဆရာတို့၏ ဖြတ်ထုံးတစ်ရပ်	၂၃၃
ကောင်း မကောင်းသောယူခြင်းစသည်	၂၃၃
ပစ္စုပ္ပန်ကာလဖြင့် ပေးခြင်း	၂၃၄
သင်္ကန်းဖြစ်ပေါ်ကြောင်း မာတိကာ (၈) ပါး	၂၃၅
သိမ်အမျိုးအစား	၂၃၅
ခဏ္ဍသိမ်	၂၃၅
ဥပစာရသိမ်	၂၃၅
ဥပစာရသိမ်ဖြင့် ပိုင်းခြားအပ်သော ဝိနည်းကံများ	၂၃၆
သမာနသံဝါသ အဝိပ္ပဝါသ သိမ်	၂၃၆
လာဘသိမ်	၂၃၆
ဇနပဒ ရဋ္ဌ ရဇ္ဇ ဒီပ စက္ကဝါဠ	၂၃၆
လှူနည်းနှင့် အလှူပုံနှံရာ ဌာနသိမ်	၂၃၇
တခြားသိမ်အားရည်မှန်း၍လှူခြင်း	၂၃၇
သာမညပြောလှူလျှင် မေးသင့်၏	၂၃၈
၂ - ကတိကာယ ဒေတိ	၂၃၈
၃ - ဘိက္ခာပညတ္တိယာ ဒေတိ	၂၃၈
၄ - သံဃဿ ဒေတိ	၂၃၉
၅ - ဥဘတောသံဃဿ ဒေတိ	၂၄၀

မာတိကာ		ပိဋ္ဌက်
	၆ - ဝဿံဝုဋ္ဌသံဃဿ ဒေတိ	၂၄၃
	၇ - အာဒိဿ ဒေတိ	၂၄၄
	၈ - ပုဂ္ဂလဿ ဒေတိ	၂၄၅
	ပကိဏ္ဏက ကထာ	၂၄၅
	တိစီဝရိက်၏ ပမာဏ	၂၄၆
	အဓိဋ္ဌာန်တင်နည်း ဝိကပ္ပနာပြုနည်း	၂၄၇
	ပစ္စုဒ္ဓါရ်ပြု	၂၄၇
	ဖျက်ချုပ်လျှင်	၂၄၇
	သင်္ကန်းအရေအတွက်	၂၄၈
	အဓိဋ္ဌာန်စွန့်	၂၄၈
	ပြင်ချုပ်ရာ၌ သတိပြု	၂၄၈
	သင်္ကန်းဝေဖန်သောရဟန်း အနည်းဆုံး ဖြတ်ရမည့်ပမာဏ	၂၄၉
	(ကျောင်း) နေရာမှ မထစေအပ်သော ပုဂ္ဂိုလ်လေးမျိုး	၂၄၉
	သတိလွတ် အိပ်ပျော်ခြင်း အပြစ်	၂၄၉
	၉ - စမ္ပေယျက္ခန္ဓက	၂၅၀
	သံဃာအလယ်၌ တားမြစ်ခြင်း	၂၅၀
	ပကတတ်	၂၅၁
	၁၀ - ကောသမ္ဗကက္ခန္ဓ	၂၅၁
	ကံသီးခြားပြုခြင်း	၂၅၁
	နာနာသံဝါသက	၂၅၂
	သမာနသံဝါသက	၂၅၂
	သံဃာဘောင်သို့သွင်းခြင်း	၂၅၂
	အဋ္ဌ ဒုတက်	၂၅၃

စူဠဝဂ္ဂ

၁။	ကမ္မက္ခန္ဓက	၂၅၅
	(၁) တဇ္ဇနီယကံ	၂၅၅
	ကံပြုခန်း	၂၅၅
	မတရားသောကံ	၂၅၅
	အပ္ပဋိညာယကတ	၂၅၆
	အဒေသနာဂါမိနိယာ	၂၅၆
	အလိုရှိက ပြုလုပ်ရာသောကံ	၂၅၆
	ဝစနတ္တနာနတ္တတော	၂၅၇
	နှင်ထုတ်ခြင်း (၂) မျိုး	၂၅၇
	မျက်ကွယ်၌ ပြုလုပ်ခြင်း	၂၅၇

	မာတိကာ	ပိုဒ်ငှက်
	အပဏ္ဍကလ္လ - ပဏ္ဍကလ္လ	၂၅၈
	ကျင့်ဝတ် (၁၈) ပါး	၂၅၈
	ကျင့်ရမည့်ရက်	၂၅၈
	(၂) နိယသသကံ	၂၅၈
	(၃) ပဗ္ဗာဇနီယကံ	၂၅၉
	ဤ၌ ဆင်ခြင်ဖွယ်တစ်ရပ်	၂၅၉
	ပစ္စည်းသတိ	၂၆၀
	(၄) ပဋိသာရဏီယကံ	၂၆၁
	ပြုလိုက ပြုရာသောကံ	၂၆၁
	(၅) ဥက္ခေပနီယကံ	၂၆၂
	ကျင့်ဝတ် (၄၃) ပါး	၂၆၂
	အခမ္မကံ	၂၆၃
၂။	**ဝါရိဝါသိကက္ခန္ဓက**	၂၆၄
	(၁) ပါရိဝါသိကဝတ္တကထာ	၂၆၄
	ပကတတ်	၂၆၄
	သဒ္ဓိဝိဟာရိကတို့၏သော်လည်းမအပ်	၂၆၄
	ပဉ္စ ယထာဝုမ္မ	၂၆၅
	သမ္မာဝတ္တနကထာ	၂၆၆
	အာရောစနဝတ် (၅) ပါး	၂၆၈
	ဒဏ်သားအချင်းချင်းလည်းကြားအပ်ပါ၏	၂၆၉
	ပရိဝါသ်၌ တစ်ကြိမ်ကြားပြီးရဟန်းအား ထပ်ကြားရန်မလို	၂၆၉
	နိက္ခိတ္တဝတ်၌ကား ဆောက်တည်တိုင်ကြားအပ်၏	၂၇၀
	တိုက်တွင်းရှိ သံဃာအားလုံးကို ကြားပါ	၂၇၀
	ကျောင်းတိုက်ချင်း နီးကပ်နေခြင်း	၂၇၁
	အဝေးမှ ဥတုဇသဒ္ဒ	၂၇၁
	အာရောစနခေတ်	၂၇၂
	ရတ္တိစ္ဆေဒ (၃) မျိုး	၂၇၆
	နိက္ခိတ္တဝတ်ကို ခွင့်ပြုတော်မူခြင်း	၂၇၆
	ဝါဒကွဲများ	၂၇၇
	မာနတ္တစာရိက၏ ရတ္တိစ္ဆေဒ	၂၇၇
	အဗ္ဘာနာရဟ ရဟန်းတို့၏ကျင့်ဝတ်	၂၇၇
	ပကတတ်မပါ ဒဏ်သားချည်း ဝတ်နေအပ် မနေအပ်	၂၇၈
၃။	**သမုစ္စယက္ခန္ဓက**	၂၇၉
	(၁) အပ္ပဋိစ္ဆန္န မာနတ်စောင့်ပုံ အစီအစဉ်	၂၇၉
	ကြားရခြင်းအကြောင်း	၂၈၀

	မာတိကာ	ပိဋ္ဌက်

	ကျောင်းပဉ္စနိကာယ်ဝတ်နေခမ်း	၂၈၁
	ပကတတ်တို့ပြန်နိုင်ခွင့်	၂၈၁
	(၁၂) တောင်အတွင်းပကတတ်နှင့်ကင်းခြင်း	၂၈၁
	ကျောင်းသို့သွား၍ဝတ်ချခြင်း	၂၈၂
	ဝိသုဒ္ဓါရုံဆရာတော်အဆို	၂၈၂
	မာနတ်ကိုကြား၍ ချပါ (လက်ာရဆရာတော်)	၂၈၂
	ညောင်ကန်ဆရာတော်အဆို	၂၈၃
	ဇန်းမော်ဆရာတော်အဆို	၂၈၃
	သံဃာအလယ်၌သာပြုလုပ်ပါ	၂၈၄
	အဗ္ဘာန်သွင်းခမ်း	၂၈၄
	မာနတ်ညည့်ပြတ်ခြင်း	၂၈၄
	အဗ္ဘာန်သွင်းပြီး ဝတ်ကိုချသင့်၊ မချသင့်	၂၈၅
	ဝရိဝါသကထာ (၂ - ပဋိစ္ဆန္နမာနတ်)	**၂၈၆**
	(၁) ပဋိစ္ဆန္န အာကာရ (၁၀) ပါး	၂၈၆
	အာပတ်ကိုကြားအပ် မကြားအပ်သော ပုဂ္ဂိုလ်	၂၈၆
	ကြားပုံ	၂၈၇
	ပရိဝါသ်အစီအစဉ်	၂၈၇
	၃ ကြိမ်တောင်း (၁) ကြိမ်ကြား	၂၈၇
	(၂) သုဒ္ဓန္တပရိဝါသ	၂၈၈
	(က) စူဠသုဒ္ဓန္တ	၂၈၈
	အာပတ်မှ ထပုံလက္ခဏာ	၂၈၈
	(ခ) မဟာသုဒ္ဓန္တ	၂၈၈
	(၃) သမောဓာနပရိဝါသ	၂၈၉
	(က) ဩဓာနသမောဓာန	၂၈၉
	(ခ) အဂ္ဃသမောဓာန (ဆရာတို့အကြိုက်များ၏)	၂၈၉
	(ဂ) မိဿကသမောဓာန	၂၈၉
	အဂ္ဃသမောဓာန်၊ မိဿကသမောဓာန် အထူး	**၂၉၀**
	မဖုံးလွှမ်းသောအန္တရာပတ်	၂၉၀
၄။	**ဝတ္တမာနတ်**	**၂၉၁**
	ဥပစာရသိမဖြင့် ပိုင်းခြားအပ်သော ဝိနည်းကံ	၂၉၁
	(၄) သမောဓာနမာနတ်	၂၉၁
	ပဋိစ္ဆန္နပရိဝါသကထာ	၂၉၂
	သမောဓာနပရိဝါသ	၂၉၂
	ရဟန်းနှစ်ပါးတို့၏ ဝါရ (၁၁) ပါး	၂၉၃
	မူလာယ အဝိသုဒ္ဓိနဝက	၂၉၃

	မာတိကာ	ပိဋ္ဌက်
၅။	**သမထက္ခန္ဓက**	၂၉၄
	အာပတ္တာဓိကရဏ	၂၉၄
	ကုစားပြီး ဒေသနာကြားပြီး အကုသိုလ်ပျောက်၏	၂၉၇
၆။	**ခုဒ္ဒကဝတ္ထုက္ခန္ဓက**	၂၉၈
	ဓတိဋ္ဌာက ကထာ	၃၁၂
	သိက္ခာပုဒ် အမျိုးအစား	၃၁၃
၇။	**သေနာသနက္ခန္ဓက**	၃၁၅
	ကျောင်းကို ခွင့်ပြုတော်မူခြင်း	၃၁၅
	ကပ္ပိယကုဋိနှင့် စပ်၍ မှတ်ဖွယ်	၃၁၅
	ညောင်စောင်းအင်းပျဉ်	၃၁၆
	သေနာသနဂ္ဂါဟကကထာ	၃၂၀
	အန္တရာမုတ္တက (ဋ္ဌ၊ စာ - ၆၅)	၃၂၀
	ဥတုကာလ သေနာသနဂ္ဂါဟ (ဋ္ဌ၊ စာ - ၆၆)	၃၂၀
	ဝဿာဝါသ အာဂန္တုကဝတ္တ (ဋ္ဌ၊ စာ - ၆၇၊ ၆၈)	၃၂၂
	ဝဿာဝါသ အာဝါသိကဝတ္တ (ဋ္ဌ၊ စာ - ၆၈၊ ၆၉)	၃၂၂
	ဝဿာဝါသ သေနာသနဂ္ဂါဟ (ဋ္ဌ၊ စာ - ၇၀)	၃၂၃
	ဓမ္မိကဝတ် သောမတွော ပဗ္ဗာဇေတ	၃၂၅
	ဥပနန္ဒဝတ္ထုကထာ	၃၂၅
	အရှင်ဥပါလိထံ၌ ဝိနည်းကို သင်ယူကြခြင်း	၃၂၆
	ပြာသာဒ်၌ အသုံးအဆောင်	၃၂၆
	ပုဂ္ဂလိက ရွှေကျောင်း၊ ငွေကျောင်း	၃၂၆
	ဥစ္စာသယန မဟာသယန	၃၂၇
	အဝိဿဇ္ဇိယ၊ အဝေဘင်္ဂိယ၊ ဂရုဘဏ္ဍ	၃၂၈
	ဂရုဘဏ္ဍစာရင်း	၃၂၉
	ပါဠိမုတ္တက ဂရုဘဏ်	၃၃၁
	ဟာရကုဋ္ဌ - အာရကုဋ္ဌ	၃၃၄
	စတုတ္ထ - ကောဋ္ဌာသ အဆက် (သမ္ပ၊ ပါ၊ စာ - ၁၅)	၃၃၄
	ဝှားရမ်းခြင်းသတိ	၃၃၅
	ပဥ္စမ - ကောဋ္ဌာသ	၃၃၅
	(၂) ဝေဠု	၃၃၆
	(၆) မတ္တိကာ	၃၃၇
	(၇) ဒါရုဘဏ္ဍ	၃၃၇
	ဒါရု - ဒန္တ - ဝေဠု (၁၃၉ - ၁၄၈ - ၁၅၇)	၃၃၈
	သစ် - ဒါရု	၃၃၉
	ဒါရု - စောင္ဍ - ပဏ္ဏာဒိ	၃၃၉
	ဒါရု - ဝေဠု - ပဏ္ဏ - ဓမ္မာဒိ	၃၄၀

မာတိကာ		ပိဋကံ
	ဒါရု - ပါသာဏ စသည်	၃၄၀
	မိဿက	၃၄၁
	ယထာဇာတ - ဘာဇနီယ	၃၄၂
	(၈) မတ္တကာဘဏ္ဍ	၃၄၂
	နဝကမ္မဒါနကထာ	၃၄၃
	ပါဠိမုတ္တက ဝိနိစ္ဆယ (တာဝန်ဝတ္တရား)	၃၄၄
	ဒုဗ္ဘိက္ခကာလနှင့် ကုရုန္ဒီဝါဒ (ပုဂ္ဂိလကပေးခွင့်)	၃၄၅
	သံဃိကမြေ၌ - သံဃိက - ပုဂ္ဂလိက ကျောင်းဆောက်ခြင်း	၃၄၅
	သံဃိက ထက်ဝက်စသည် ဖြစ်သင့်ရာများ	၃၄၆
	အခြားနေရာ၌ သုံးဆောင်ခြင်းကိုပယ်ခြင်း	၃၄၆
	သံဃဘတ်စသည်ကိုခွင့်ပြုခြင်း	၃၄၈
	ဆွမ်းညွန်းရဟန်းအဖြစ် သမ္မုတိပေးခြင်းစသည်	၃၅၀
	ပရိက္ခရာအနည်းငယ်ကို စွန့်သူအဖြစ် - သမုတ်ခြင်း	၃၅၀
	အခြားသမ္မုတိများ	၃၅၀
	ပကိဏ္ဏက ကထာ	၃၅၀
	သံဃိကကျောင်း - နေထိုင်ပုံစနစ်	၃၅၂
	စီရင်ပုံ	၃၅၃
	လွှဲအပ်ခြင်း	၃၅၄
၈။	**သံဃဘေဒကက္ခန္ဓက**	**၃၅၅**
	ဝတ္ထု (၅) မျိုးတောင်းခြင်း	၃၅၅
	ဝိသဘာဂ နေရာ၌ နေသင့်ပါ၏	၃၅၇
	ဘေဒကရဝတ္ထု (၁၈) ပါး	၃၅၇
	ပဉ္စဟုပါလိ အာကာရေဟိ သံဃောဘိဇ္ဇတိ	၃၅၈
	ဝိနိစ္ဆယ ဒိဋ္ဌိ	၃၅၉
	ကုစားကောင်းသူ	၃၅၉
၉။	**ဝတ္တက္ခန္ဓက**	**၃၆၀**
	အာဂန္တုကဝတ် (၁) (၇၂)	၃၆၀
	အာဝါသိကဝတ် - (၂၀ + ၁၅)	၃၆၂
	(၃) ဂမိကဝတ် - (၉)	၃၆၃
	(၄) အနုမောဒနာဝတ် - (၄)	၃၆၃
	(၅) ဘတ္တဂ္ဂဝတ် - (၈၁)	၃၆၄
	(၆) ပိဏ္ဍစာရိကဝတ် - (၅၂)	၃၆၆
	(၇) အာရညိကဝတ် - (၄၇)	၃၆၈
	(၈) သေနာသနဝတ် - (၅၅)	၃၆၉
	(၉) ဇန္တာဃရဝတ် - (၂၀)	၃၇၀

	မာတိကာ	ပိဋ္ဌက်
	(၁၀) ဝစ္စကုဋိဝတ် - (၂၈)	၃၇၁
၁၀။	**ပါတိမောက္ခဋ္ဌပနက္ခန္ဓက**	၃၇၃
	ဓမ္မိက အဓမ္မိက	၃၇၄
	အတ္တာဒါန - အဓိကရုဏ်းကို ယူလိုသောရဟန်း၏အင်္ဂါ	၃၇၄
	စောဒကပုဂ္ဂိုလ် ဆင်ခြင်ထိုက်သော တရား	၃၇၄
	စောဒကပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်စေရမည့်သဘောတရား	၃၇၅
၁၁။	**ဘိက္ခုနီက္ခန္ဓက**	၃၇၆
	ဂရုဓမ် (၈) ပါး	၃၇၆
	ဝဿသဟဿ	၃၇၆
	ဥဒ္ဒိဿဒါန	၃၇၇
	(၁၁) ပဉ္စသတိကက္ခန္ဓက	၃၇၇
	(၁၂) သတ္တသတိကက္ခန္ဓက	၃၇၇
	အရှင်အာနန္ဒာ၏ သင်္ကန်းအသုံးပြုနည်း	၃၇၈
	အစ္စယဒါန	၃၇၈

ပရိဝါ

အာပတ် (၃) မျိုး	၃၇၉
အလွှမ်း (၃) ပါး	၃၇၉
သာရဏီယဓမ္မ (၆) ပါး	၃၇၉
သာရဏီယဓမ္မ	၃၈၀
ဝတ္တက္ခန္ဓကနှင့် အနာဒရိယ	၃၈၀
သံဝါသ သံဝါသက	၃၈၁
ဒေသိတာ ဂဏနပဂါ	၃၈၁
အန္တရာယိက အနန္တရာယိက	၃၈၁
အစိတ္တက	၃၈၂
တံမြက်လှည်းခြင်းအကျိုး	၃၈၂
နဝအဓမ္မိကဒါန	၃၈၂
တီဏိ ဓမ္မိကဒါန	၃၈၂
ဒသ သေနာသန	၃၈၂
ကေသံ စီဝရံ ကတွာတိ	၃၈၂
ဒိဋ္ဌာဝိကမ္မ	၃၈၃
အဓမ္မ - အာပတ္တိဒေသနာ - ဝိနယကမ္မ	၃၈၃
ရှိမခိုးအပ်သော ပုဂ္ဂိုလ်	၃၈၃
မနောဒွါရ၌ အာပတ်မရှိ	၃၈၄

မာတိကာ	ပိဋကတ်
ရှိခိုးနည်း	၃၈၄
ကမ္မဝဂ္ဂဝဏ္ဏနာ	၃၈၅
ကံပျက်ကြောင်း (၅) ပါး	၃၈၆
ပါဠိမုတ္တက ဝိနိစ္ဆယ	၃၈၆
သံဃိကဖြင့် စေတီလုပ်နိုင်သည် စေတိယဖြင့် သံဃိက မလုပ်ရ	၃၈၇
အပလောကနကမ္မ - ပဉ္စဌာန	၃၉၀
ဉတ္တိကမ္မ - နဝဌာန	၃၉၀
ဉတ္တိဒုတိယကမ္မဌာန - သတ္တဌာန	၃၉၁
ဉတ္တိစတုတ္ထကမ္မ = သတ္တဌာန	၃၉၁
အဋ္ဌဝသဝဂ်	၃၉၁
ပကိဏ္ဏက	၃၉၂
သိက္ခာပုဒ်ပညတ်တော်မူသော ဘုရားရှင်များ	၃၉၂
ပါရာဇိက တရွှာ	**၃၉၃**
ပဌမပါရာဇိက	၃၉၃
ဒုတိယ ပါရာဇိက	၃၉၄
ရှင်ဓနိယ၏ကျောင်းကို ဖျက်ခြင်း	၃၉၄
ပါဠိမုတ္တက ဝိနိစ္ဆယ ကပ္ပိယာကပ္ပိယ ပရိက္ခာရ ဝိနိစ္ဆယ	၃၉၄
ဒုက္ကဋ် ၈ မျိုး	၃၉၇
ဘဏ္ဍာဒေယျ - ဂီဝါ	၃၉၈
ဝိနည်းမိုရ်တို့ သတိပြုသင့်ရာ	၃၉၉
အာယတိ သံဝရ ကုန္တိဝတ္တု	၄၀၁
သစ်သီး	၄၀၂
ပါဠိမုတ္တက	၄၀၅
တတိယပါရာဇိက	**၄၀၇**
ဝိနီတဖြတ်ထုံးများ	၄၀၈
ဆေးကုခြင်း	၄၁၀
ပရိတ်ရွတ်ဖတ်ခြင်း	၄၁၃
ပိဏ္ဍပါတ	၄၁၃
ပဋိသန္ထာရ (အာမိသ)	၄၁၄
တောမီးရှို့	၄၁၅
လောကာသောဝီရက	၄၁၅
စတုတ္ထပါရာဇိက	၄၁၆
ပဒဘာဇနီဖြတ်ထုံး	၄၁၇
(၁) သုဒ္ဓိကဝါရ [(၂) ဝတ္ထုကာမဝါရ]	၄၁၈
အနာပတ္တိဘေဒ	၄၁၈

မာတိကာ	ပိဋ္ဌက်
ဝိနီတဝတ္ထုဖြတ်ထုံးများ	၄၁၈
စတုဝီသတိ ပါရာဇိက	၄၂၀
ဥတ္တရိမနုဿဓမ္မ၌ သတိပြုဖွယ်	၄၂၂
(၂) သံဃာဒိသေသ	၄၂၂
အနာပတ္တိဝါရ	၄၂၃
ဝိနီတဝတ္ထုဖြတ်ထုံးများ	၄၂၄
(၂) ကာယသံသဂ္ဂ သိက္ခာပုဒ်	၄၂၄
အနာပတ္တိဘေဒ	၄၂၅
ဝိနီတဝတ္ထုဖြတ်ထုံးများ	၄၂၅
ဒုဋ္ဌုလ္လဝါစာ	၄၃၀
သဉ္စရိတ္တ	၄၃၀
အနာပတ္တိဝါရ	၄၃၀
ဝိနီတ	၄၃၀
ကုဋိကာရသိက္ခာပုဒ်	**၄၃၁**
ဟတ္ထကမ္မ	၄၃၁
အနုသာသနီ (၂၂၃)	၄၃၅
ဒုဋ္ဌဒေါသ	၄၃၅
ဝန်ခံမှသာ ဆုံးဖြတ်ပါ	၄၃၅
ပါရာဇိကကျသူ	၄၃၆
ပဌမသံဃဘေဒ	၄၃၆
ကုလဒူသကသိက္ခာပုဒ်	၄၃၇
ပဌမအနိယတ	၄၄၀
ဥဒေါသိတ ဒုတိယကထိန	၄၄၁
ကျင့်သုံးရန်နည်းလမ်း	၄၄၂
ဟတ္ထပါသ - အရ	၄၄၃
အညာတကဝိညတ္တိ	၄၄၃
ရာဇသိက္ခာပဒ	၄၄၄
ကပ္ပိယကာရကထံမှအပ်သော ပစ္စည်းတောင်းပုံ	၄၄၇
ရူပိယသိက္ခာပဒ	၄၅၀
ပရိဘောဂ	၄၅၀
ရူပိယသံဝေါဟာရသိက္ခာပုဒ်	၄၅၃
ကယဝိက္ကယ	၄၅၅
ဇာတရူပရဇတ	၄၅၆
ပတ္တသိက္ခာပဒ	၄၅၆
ဘေသဇ္ဇ သိက္ခာပဒ	၄၅၆
ဝဿိကသာဋိကသိက္ခာပဒ	၄၅၇

မာတိကာ	စာမျက်နှာ
ပရိဏတသိက္ခာပဒ	၄၅၇
ပါစိတ္တိယကဏ္ဍ	၄၅၇
သဟသေယျသိက္ခာပဒ	၄၅၈
ဒုတိယသဟသေယျသိက္ခာပဒ	၄၅၉
ဘူတာရောစနသိက္ခာပဒ	၄၅၉
ဒုဋ္ဌုလ္လာရောစနသိက္ခာပဒ	၄၅၉
ပထဝီခဏနသိက္ခာပဒ	၄၆၀
ဘူတဂါမသိက္ခာပဒ	၄၆၀
ပထမသေနာသန	၄၆၂
ဂဏဘောဇန	၄၆၂
ပထမပဝါရဏာ	၄၆၃
ဝိကာလဘောဇန	၄၆၃
ဒန္တပေါန	၄၆၄
ရဟောနိသဇ္ဇ	၄၆၈
စာရိတ္တ	၄၆၉
သဉ္စိစ္စပါဏ	၄၆၉
သပ္ပါဏက	၄၆၉
ဒုဋ္ဌုလ္လ	၄၇၀
ဥက္ခိတ္တသံဘောဂ	၄၇၀
ဝိကာလေ ဂါမပ္ပဝေသန	၄၇၁
တိရစ္ဆာနကထာ	၄၇၁
ကထာဝတ္ထု (၁၀) မျိုး	၄၇၃
ကုသိုလ်ပွားကြောင်း၊ ကထာ (၅) မျိုး	၄၇၃
ပဟာရသိက္ခာပဒ	၄၇၃
သူပေါဒနဝိညတ္တိ	၄၇၄
သုရုသုရုဝဂ် - ပထမသိက္ခာပုဒ်	၄၇၅
ဟတ္ထနိလ္လေဟက	၄၇၅
ဆတ္တပါဏိ	၄၇၅
ပါဒုကာရုဋ္ဌ	၄၇၆
ဟရိတေ ဥစ္စာရ	၄၇၆
ပါသာဏ နိမိတ္တ ဝိနိစ္ဆယ	၄၇၆
ဝဋ္ဋနာ (နေတ္တိ အဋ္ဌကထာ)	**၄၇၈**
ဝဋ္ဋနာဒီပနီ	၄၈၀
အနေသန ၂၁ ပါး	၄၈၀
မိစ္ဆာဇီဝ သိက္ခာပုဒ် ၆ ပါး	၄၈၀
ကုဟနာ အံ့ဩဖွယ်ပြုခြင်း	၄၈၁

မာတိကာ	ပိဋ္ဌက်
လပနာစသည်	၄၈၁
နေမိတ္တကထာ	၄၈၂
နိပ္ပေသိကကထာ	၄၈၂
ရဟန်းများသွားထိုက်သောအိမ်	၄၈၃
ပုဂ္ဂိုလ် ၄ မျိုး	၄၈၃
ဒုရုတ္တံ ကရောတိ (ပရိဝါဠ ကမ္မဝဂ္ဂ - ၂၄၇)	၄၈၃
သီဓာနုဆနန ကထာ	**၄၈၅**
နိမိတ် ၈ ပါး	၄၉၀
အဝပဒ္ဓသိမ်	၄၉၃
ပစ္စဝေက္ခဏာဆင်ခြင်ရန်	၄၉၄
သီလဝိသောဓနီ အဆိုနှင့် မညီသော ဝိနယသာရမှ ဖော်ပြချက်	၄၉၅
ဆေးအကပ်ခံတုန်း ဘာကြောင့်ဆင်ခြင်ရသနည်း	၄၉၇
သုံးဆောင်တုန်းဆင်ခြင်ရကျိုး	၄၉၇
ဒေသနာကြားရာ၌	၄၉၈
ဆေးကုဆေးပေးဆေးနည်းပေး	၄၉၈
ဆတ္တဒဏ္ဍကုဋ္ဌဝိနိစ္ဆယ	၄၉၉
ကုလဒူသက ဘိက္ခုပဋိပတ္တိ ဝိနိစ္ဆယ	၄၉၉
နိဿဂ္ဂိယဝတ္ထုပရိဘောဂဝိနိစ္ဆယ	၅၀၀
စွန့်ပုံ ဝိနိစ္ဆယ	၅၀၁
ဝိနည်းကံစွန့်ပုံ	၅၀၂
"ရှောက်သီး၊ သံပုရာသီးဝိနိစ္ဆယ"	၅၀၂
ရူမပါတ ဝိနိစ္ဆယ	၅၀၃
သိက္ခာဝိနိစ္ဆယ	၅၀၄
ဒိယာသနဝိနိစ္ဆယ	၅၀၅
ဝိနယသသရူပ - တတိယသင်္ဂြဲ	**၅၀၆**
အလဇ္ဇီပဂ္ဂဟ ဝိနိစ္ဆယကျမ်းမှ ကောက်နုတ်ချက်	၅၀၇
အလဇ္ဇီပဂ္ဂဟ အနုဂ္ဂဟ အရာဟုတ်မဟုတ်	၅၀၈
တစ်နည်းကား	၅၁၀
ဝိသုဒ္ဓါရုံပတ္တထဝိကဝိနိစ္ဆယ	၅၁၃
သံဃပဝါရဏာ ကံဆောင်ခန်း	၅၁၄
(၁) ပံသုကူလ ခုတင်ဝိနိစ္ဆယ	၅၁၅
(၂) တေစီဝရိကခုတင်ဝိနိစ္ဆယ	၅၁၉
(၃) ပိဏ္ဍပါတိကခုတင်ဝိနိစ္ဆယ	၅၂၂
(၄) သပဒါနစာရိက ခုတင်ဝိနိစ္ဆယ	၅၂၅
(၅) ဧကာသနိကခုတင်ဝိနိစ္ဆယ	၅၂၇

မာတိကာ	ပိုဒ်ကိ
(၆) ပဋ္ဌပိဋ္ဌိကစုတင်ဂံပိနိစ္ဆယ	၅၂၉
(၇) ခလုပစ္ဆာဘတ္တိကစုတင်ဂံပိနိစ္ဆယ	၅၃၂
(၈) အာရညိကစုတင်ဂံပိနိစ္ဆယ	၅၃၃
(၉) ရုက္ခမူလိကစုတင်ဂံပိနိစ္ဆယ	၅၃၈
(၁၀) အဗ္ဘောကာသိကစုတင်ဂံပိနိစ္ဆယ	၅၄၀
(၁၁) သောသာနိကစုတင်ဂံပိနိစ္ဆယ	၅၄၁
(၁၂) ယထာသန္တတိကစုတင်ဂံပိနိစ္ဆယ	၅၄၃
(၁၃) နေသဇ္ဇိကစုတင်ဂံပိနိစ္ဆယ	၅၄၄
အာနိသံသကား	၅၄၅
စုတင်ဝုဏ်ကျေးဇူး (၂၈) ပါး	၅၄၆
စုတင်ဆောင်ပုဂ္ဂိုလ်၏ဝုဏ် (၁၈) ပါး	၅၄၆
စုတင်ကျေးဇူးဆောင်လိုက်သူ (၁၀) ဦး	၅၄၇
သောသာနိကစုတင်အဖြေ	၅၄၈
အရညကင် စုတင်၌ မှတ်ဖွယ်	၅၄၈
ယောဇနာ ဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယမှ ကာစီ နိဒါန ဝဏ္ဏနာ	၅၅၀
ပါရာဇိက ကဏ္ဍ	၅၅၃
သဗ္ဗောပိ ကိရိယာဘေဒေါ - ၌	၅၅၃
န ဒဝါ ဝါ ရဝါ ဝါ ဘဏန္တဿ - ၌ (ကခါ စာ - ၁၀၇)	၅၅၄
တိရစ္ဆာနဂတာယပိ - ၌ (ကခါဋ္ဌ စာ - ၁၀၉)	၅၅၄
ဒုတိယပါရာဇိက	၅၅၆
အာဒိယေယျာတိ အာရာမံ အဘိယုဉ္ဇတိ (ကခါဋ္ဌ၊ စာ - ၁၁၆)	၅၅၇
ပေါရာဏကဿ ကဟာပဏဿ (ကခါဋ္ဌ၊ စာ - ၁၂၀)	၅၅၈
အဒိန္နာဒါန သမုဋ္ဌာန်၌ အဓိပ္ပာယ် (ကခါဋ္ဌ၊ စာ -၁၂၀)	၅၅၉
တတိယ ပါရာဇိက	၅၅၉
ပါဏသညိတာ၌ အဓိပ္ပာယ်	၅၅၉
ပါရာဇိက နိဂမန ဝဏ္ဏနာ	၅၆၀
သံဃာဒိသေသ ဝဏ္ဏနာ	၅၆၀
ယော ဘိက္ခု ဘိက္ခုံ သမီပေ ဌတွာ ၊ လ ၊ ၌	၅၆၃
ဇာတိလေသာဒယော ဟိ ပုဂ္ဂလာနံ ယေဝ လေသာ ဝုတ္တာ။ (ဋ္ဌ၊ စာ - ၁၈၄)	၅၆၃
တံ ဘေဒကရဝတ္ထုဝသေန အဋ္ဌာရသဝိဓံ ၊ ၌၊	၅၆၃
အမုယောဇနမတ္တံ ဂန္တွာပိ ယွာယံ ၊ လ ၊ ၌၊	၅၆၄
အသမနုဘာသိယမာနဿေဝ ။ လ ။ (ကခါဋ္ဌ စာ - ၁၄၂)	၅၆၄
၁၃။ ကုလဒူသက သိက္ခာပဒ	၅၆၄
နိဂမန ဝဏ္ဏနာ	၅၆၅
ဒုတိယ အနိယတသိက္ခာပဒ	၅၆၆

မာတိကာ	ပိဋကာ
နိဿဂ္ဂိယ ဝဏ္ဏနာ	၅၆၇
ဒီဃစောဒ မုဋ္ဌိပဥ္စက တိရိယံ မုဋ္ဌိတ္တိကံ၊ (ကင်္ခါ - ၁၅၄)	၅၆၈
အနိဿဋ္ဌိတ္တာ ပရိဘုဥ္ဇနသ ဒုက္ကဋံ။ (ကင်္ခါဋီကာ - ၁၅၇)	၅၆၈
အာဝိဝဝိပတ္တိပစ္စယာ ပန ဌပေတွာ ဒုဋ္ဌာသီတံ ဆ အာပတ္တိက္ခန္ဓာ ။ ပ ။ (ကင်္ခါဋီကာ - ၁၅၇)	၅၆၈
ဂါမ နိဂမန နိဝေသန ။ လ ။ (ကင်္ခါဋီကာ - ၁၅၈)	၅၆၉
အနတ္တဝေ ကထိနေ ဝဿနသ စသည်၌ အဓိပ္ပာယ် (ကင်္ခါဋီကာ - ၁၅၉)	၅၇၀
မာတိကံ အာရောပေတွာ (ကင်္ခါဋီကာ - ၁၆၁)ဟူသည်ကား	၅၇၁
ယဒိ ပနဿ မူလစီဝရံ သကံ့ ပောတိ ။ လ ။ အဓိပ္ပာယ်ကား (ကင်္ခါဋီကာ - ၁၆၃)	၅၇၁
ပါစိတ္တိယကဏ္ဍ ၁။ မုသာဝါဒဝဂ္ဂ	၅၈၂
၂။ ဘူတဂါမဝဂ္ဂ	၅၈၆
ဩဝါဒ ဝဂ္ဂ	၅၉၀
ဘောဇန ဝဂ္ဂ	၅၉၀
၅။ အစေလကဝဂ္ဂ	၅၉၇
သုရာပါန ဝဂ္ဂ	၅၉၉
သပ္ပါဏက ဝဂ္ဂ	၆၀၁
၈။ သဟဓမ္မိက ဝဂ္ဂ	၆၀၃
၉။ ရတနဝဂ္ဂ	၆၀၄
ပါဋိဒေသနီ	၆၀၅
သေခိယ	၆၀၆
အဓိကရဏ သမထ ဝဏ္ဏနာ	၆၀၇
ကြက်သွန်	၆၀၈
သီလဝိနိစ္ဆယမှ နိစ္စသီလ အနိစ္စသီလ အထူး	၆၀၉
နိုင်ငံတွင်းပုဏ္ဏာအမြေမှ	၆၁၀
ဣဏ ပရိဘောဂ	၆၁၃
ဒါယဇ္ဇပရိဘောဂ	၆၂၀
ဣဏပရိဘောဂကို လွန်မြောက်ပုံကား	၆၂၀
သာမိပရိဘောဂ	၆၂၃
ပြိတ္တာဖြစ်ပုံမှာ	၆၂၈
မဇ္ဈိမ ၅ ပါးရှိ၏	၆၂၈
ပုဂ္ဂလိကဝိဟာရ ပုဏ္ဏာအမြေ	၆၃၁
ဝိသဘာသဂ္ဂါဟ ပုဏ္ဏာအမြေ	၆၃၂
အာပတ္တိဝိနိစ္ဆယမှ	၆၃၄
သီလဝိသောဓနီမှ	၆၃၄
လူမေးခြင်း၌ဆင်ခြင်	၆၃၇

မာတိကာ	ပိဋ္ဌက်
ပဌွင်းခံမှု	၆၃၈
တုယှုဖွယ်ဆရာတော်များ	၆၃၈
ခရီးဦးကြိုရာ၌	၆၃၉
နိဿျည်းဆရာ ဥပဇ္ဈာယ်ဆရာ	၆၃၉
ကွမ်းစားခြင်း၌ သတိပြု	၆၃၉
ရှုဥဂဏ္ဍိပဗ္ဗကျမ်း	၆၄၀
ပစ္စဝေက္ခဏာ	၆၄၀
ဗျတ္တဂုဏ် ပဋိဗလဂုဏ်	၆၄၁
သံဝေဂဉာဏ်သက်ဝင်ရန်	၆၄၂
သလ္လဟုကဝုတ္တိဖြစ်ခြင်းငှာ	၆၄၂
ဒုက္ကဋ်	၆၄၃
ဝိနယဂရုဒီပနီမှ	၆၄၃
ဒုကထိနသိက္ခာပုဒ်	၆၄၃
ရာဇဘောဂသိက္ခာပုဒ်	၆၄၄
အကတဝိညတ်အရာ၌	၆၄၄
မုသာဝါဒ သိက္ခာပုဒ်	၆၄၄
ဘူတဂါမဝဂ် ပထမသိက္ခာပုဒ်	၆၄၅
ဝိကာလဘောဇနသိက္ခာပုဒ်	၆၄၅
သန္နိဓိကာရသိက္ခာပုဒ်	၆၄၅
အဒိန္နာဟာရသိက္ခာပုဒ်	၆၄၅
ဇောတိသိက္ခာပုဒ်	၆၄၆
သပ္ပါဏကသိက္ခာပုဒ်	၆၄၆
ပရိမဏ္ဍလသိက္ခာပုဒ်	၆၄၆
ဩကွိတ္တစက္ခုသိက္ခာပုဒ်	၆၄၆
ကျမ်းဝန်သောအရ	၆၄၇
ပရိမဏ္ဍလ ပါရုပန ဝတ်ရုံနည်းကား	၆၄၇
ရှုမပါန ဝိနိစ္ဆယ	၆၄၈
နေလွဲကွမ်းစားမှု	၆၄၉
ဥပသမ္ပဒ ဝိနိစ္ဆယမှ	၆၄၉
ပါရိသုဒ္ဓိ ဉပုသ်	၆၄၉
ရဟန်းလောင်းဆုံးမခန်း	၆၅၀
အကျဉ်း	၆၅၃
ပုဗ္ဗကိစ္စ (၈) ပါး	၆၅၃
ဥပသမ္ပဒကမ္မဝါစာ	၆၅၆
"အနုသာသနဉတ်" ဖျူနပုဒ္ဓိ ညီစေ	၆၅၆

မာတိကာ	ပိဋ္ဌက်
ဆုံးမခြင်း	၆၅၆
အဋ္ဌာနဥပ္ပတ် တစ်နည်း ဩသာရဏာဥပ္ပတ်ထား၍ခေါ်ခြင်း	၆၅၇
ပဉ္စင်းအဖြစ်ကိုတောင်းပန်စေခြင်း	၆၅၇
ပုစ္ဆန သမ္မုတိဥပ္ပတ်	၆၅၇
မေးစစ်ခြင်း	၆၅၇
သုဒ္ဓ ဥပသမ္ပဒါ ကမ္မဝါစာ	၆၅၇
သမာသဒွန္ဒ အနုသာသန	၆၅၈
အနုသာသနဥပ္ပတ်	၆၅၈
ဆုံးမခြင်း	၆၅၈
အဋ္ဌာနဥပ္ပတ် တစ်နည်း ဩသာရဏာဥပ္ပတ်	၆၅၉
ပဉ္စင်းအဖြစ်ကို တောင်းပန်စေခြင်း	၆၅၉
ပုစ္ဆနသမ္မုတိဥပ္ပတ်	၆၅၉
မေးစစ်ခြင်း	၆၅၉
ဧကုပဇ္ဈာယ ဧကာစရိယ သမာသဒွန္ဒ ကမ္မဝါစာ	၆၅၉
ဝါကျဒွန္ဒ အနုသာသန	၆၆၀
အနုသာသနဥပ္ပတ်	၆၆၀
အဋ္ဌာနဥပ္ပတ်	၆၆၀
ပုစ္ဆန သမ္မုတိဥပ္ပတ်	၆၆၀
ဧကုပဇ္ဈာယ ဧကာစရိယ ဝါကျဒွန္ဒ ကမ္မဝါစာ	၆၆၁
ဧကုပဇ္ဈာယ နာနာစရိယ ဝါကျဒွန္ဒ ကမ္မဝါစာ	၆၆၁
ဩဝါဒ	၆၆၂
နိဿယ အကရဏီယ ပြောကြားခန်း	၆၆၂
အကရဏီယ	၆၆၂
ဆရာခွင့်လွှတ်စကားမိန့်ကြားပုံ	၆၆၃
ရဟန်းသစ်ခွင့်လွှတ်စကားလျှောက်ကြားပုံ	၆၆၃
ဒေသနာကြားပုံ	၆၆၃
သံဃ ဥပုသ်ပြု အစီအစဉ်	၆၆၄
ပါတိမောက်ရွတ်ဆိုခြင်း	၆၆၆

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဥဒါန်း

ကိလေသာကို ပူပန်စေတတ်သော လှုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို အပြားအားဖြင့်သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏။

ကိလေသာကို ပူပန်စေတတ်သော လှုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အဝိဇ္ဇာစသောအကြောင်းတရားတို့၏ ကုန်ရာနိဗ္ဗာန်ကိုသိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏။

ကိလေသာကို ပူပန်စေတတ်သော လှုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ ကောင်းကင်ကိုတောက်ပစေသော နေမင်းသည် အမိုက်တိုက်ကိုဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်နေ၏။

အကြင်ရဟန္တာသည် မကောင်းမှုကို အပပြုပြီးဖြစ်၏။ တဟုံဟုံမာန်မူခြင်းကို မပြုတတ်၊ ကိလေသာတည်းဟူသော ဖန်ရည်မရှိ၊ ဘာဝနာစီးဖြန်းအားထုတ်သောစိတ်ရှိ၏။ မဂ်ဉာဏ်တို့၏ အဆုံး အရဟတ္တဖိုလ်သို့ ရောက်၏။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ ထိုရဟန္တာသည် ဟုတ်မှန်သောသဘောဖြင့် ငါမြာဟ္မဏ ဟူသောစကားကို ပြောဆိုထိုက်၏။ ယင်းရဟန္တာပုဂ္ဂိုလ်အား လောကအားလုံး၌ တစ်စုံတစ်ခုသော အာရုံ၌ တပ်မက်မှုစသည်ဖြစ်ပွားခြင်းတို့ မရှိကုန်။

မဂ်ဉာဏ်လေးပါးတည်းဟူသော ရောင့်ရဲခြင်းရှိသည်ဖြစ်၍ ထင်ရှားသိပြီးသောတရားရှိသည့် ခပ်သိမ်းသော တရားတို့ကိုမြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသောဝိဝေကသည် ချမ်းသာ၏။ လောက၌ အမျက်မထွက်ခြင်းသည်လည်းကောင်း သတ္တဝါအပေါင်းတို့၌ မညှင်းဆဲခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောက၌ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟုဆိုအပ်သော စွဲမက်မှုရာဂကင်းသည်၏ အဖြစ်သည် ချမ်းသာ၏။ ငါဟူသောမာနကို ဆုံးမနိုင်ခြင်းသည် စင်စစ်အမြတ်ဆုံးချမ်းသာဖြစ်၏။

အသုံးပြုသော သင်္ကေတများ

ပါ	ပါဠိတော်
ဋ္ဌ	အဋ္ဌကထာစကားရပ်
သင်္ဂဟ	ဝိနယသင်္ဂဟအဋ္ဌကထာ
[ ]	နိဿယအမှာ
(-)	အဓိပ္ပာယ်ထင်ရှားရန် ဖော်ပြချက်
ဋီ	ဝဇိရဗုဒ္ဓိဋီကာ
သာ	သာရတ္ထဒီပနီဋီကာ
တိ	ဝိမတိဝိနောဒနီဋီကာ
လင်္ကာ	ဝိနယာလင်္ကာရဋီကာ
သာရ	ဝိနယာသာရဂဏ္ဌိ (ညောင်ကန်)
၊~၊	မြှုပ်ထားသော စာသားများ

* များသောအားဖြင့် စကားရပ်များကို အကျဉ်းချုံး၍ ဖော်ပြသည်။

အပိုင်း (၁)

ဝိနယမဟာဝဂ္ဂ

၁။ မဟာခန္ဓက

ဒွေဝါစိက - သရဏဂုံ

မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ဥက္ကလာဇနပုဒ်မှ တပုဿဘလ္လိက ကုန်သည် ညီနောင်တို့သည် မုန့်ကြက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို လှူဒါန်းမူတော်ကြရာ နတ်မင်းကြီးလေးယောက်တို့ လှူဒါန်းသည့် ကျောက်ညို့ဖြင့်ပြီးသော သပိတ်ဖြင့်ခံယူ၍ ဘုဥ်းပေးတော်မူ၏။ ထိုကုန်သည် ညီနောင်တို့သည် လောက၌ ရှေးဦးစွာ ဒွေဝါစိကသရဏဂုံတည်သော ဥပါသကာတို့ဖြစ်ကုန်၏။

[ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် လက်ယာလက်တော်ဖြင့် ဦးခေါင်းကိုသုံးသပ်တော်မူ၍ ဆံတော်ဓာတ်ရှစ်ဆူပေးလိုက်သည်ဟု ဧကင်္ဂုတ္တရအဋ္ဌကထာ၌လာ၏။ ထို့နောက် မြတ်စွာဘုရားဗာရာဏသီ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီး၍ အစဉ်အားဖြင့် ရာဇဂြိုဟ်ပြည်သို့ရောက်သော အခါ တစ်ဖန်ထိုကုန်သည်ညီနောင်တို့အား တရားဟောတော်မူ၍ အစ်ကိုတပုဿသည် သောတာပန် ဥပသကာအဖြစ်သို့ ညီဘလ္လိကသည် ရဟန်းပြု၍ ဆဠာဘိညရဟန္တာအဖြစ်သို့ရောက်၏ဟု ထေရအဋ္ဌကထာ၌ လာရှိ၏။ ဆင်တဲ]

ထို့နောက် မြတ်စွာဘုရားသည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ စံနေတော်မူစဉ် သတ္တဝါတို့၌ ကိလေသာ စရိုက်ထူပြောသည်ကို သိတော်မူသဖြင့် တရားမဟောရန်စိတ်အကြံဖြစ်တော်မူရာ သဟမ္ပတိဗြဟ္မာသည် ထိုအကြံကိုသိသဖြင့် လာရောက်၍ မြတ်စွာဘုရားအား တရားဟောတော်မူရန် တောင်းပန်လေသည်။ မြတ်စွာဘုရားသည် တရားဟောရန်ခွင့်ပြုတော်မူလေသည်။

ထို့နောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာ ဓမ္မစက္ကပဝတ္တနသုတ်တော်ကိုဟောတော်မူရန် ဗာရာဏသီ မိဂဒါဝုန်တောသို့ကြွတော်မူရာ ဂယာနှင့်ဗောဓိပင်အကြားတွင် ဥပကအာဇီဝက တက္ကတွန်းနှင့်တွေ့တော်မူရာ 'ဘုရားစင်စစ်ဖြစ်မည်ကြောင်းကို မိန့်တော်မူလေသည်။ ဥပက၊ ပလဂဏ္ဍ၊ ပုက္ကုသ၊ ဘဒ္ဒိယ၊ ခဏ္ဍဒေဝ၊ ဗာဟုရဂ္ဂိ၊ သိင်္ဂိယ၊ ဤမထေရ်ခုနစ်ယောက်တို့ကား အဝိဟာဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ဖြစ်၍များမကြာခင်လျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလေကုန်၏။ ဥပကဓါသား သုဘဒ္ဒကား

ရှေ့ဘဝ၌ အရှင်ကောဏ္ဍညသည် ညီဖြစ်ဖူး၍ လယ်တစ်တွင်းအနက်တွင် ကောက်ဦးအလှုကို ကိုးကြိမ်ပေးသောအခါ နောက်ဆုံးအကြိမ်၌ ပေးလှူသောကြောင့် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်ခါနီး၌ ရဟန္တာဖြစ်၍ သားထွေးဖြစ်လေ၏။) (သာ၊ ဌ–၁၆၆)

ယသ ဘိက္ခုပဗ္ဗဇ္ဇာ

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့အား မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။ ဒေသနာ၏အဆုံး၌ အရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်၌တည်ရကား ရဟန်းအဖြစ်တောင်းသဖြင့် ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်လေ၏။

(ထိုအာသဠ္ဟီပုဏ္ဏမ နှယ်ကာလ လပြည့်နေ့၌ (၁၈)ကုဋေသော နတ်ပြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်၏) (ရှင်ဝပ္ပအတွက် တစ်ရက်နေ့၊ ရှင်ဘဒ္ဒိယ နှစ်ရက်နေ့၊ ရှင်မဟာနာမ် သုံးရက်နေ့၊ ရှင်အဿဇိ လေးရက်နေ့၌ အသီးသီး သောတာပတ္တိဖိုလ်၌ တည်ကြ၏။ ဧဟိ ဘိက္ခုချည်းသာဖြစ်ကြ၏။)

လူရဟန္တာ (၆) ယောက်

လဆုတ်ပက္ခ(၅)ရက်မြောက်သောနေ့၌ကား မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူလေသည်။ ဒေသနာတော်၏အဆုံး၌ ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ ထိုအခါဝယ် လောက၌ ရဟန္တာ(၆)ယောက် ဖြစ်ကုန်၏။

ရှင်ရဟန်းပြုကြခြင်း

ထို့နောက် မြတ်စွာဘုရားသည် ဣသိပတနမိဂဒါဝုန်တောသို့ ချဉ်းကပ်လာသော ယသသူဌေးသားအား တရားဟောတော်မူလေသည်။ သာမုက္ကံသိကဒေသနာတော်ကို ဟောကြားတော်မူပြီးသည်၏အဆုံး၌ ယသသတို့သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ ယသသတို့သားအားရှာဖွေသော ဖခင်သူဌေးကြီးအားလည်း တရားဟောတော်မူရာ ထိုသူဌေးကြီးလည်း သောတာပတ္တိဖိုလ်၌တည်လေ၏။

ရှေးဦးစွာ တေဝါစိကသရဏဂုံတည်သူများ

ထိုသူဌေးကြီးသည်ကား အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟုလျှောက်၏။ လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံတည်သူ ဥပါသကာ ဖြစ်လေ၏။

ဖခင်အား တရားဟောစဉ်မှာပင် ယသသတို့သားလည်း အရဟတ္တဖိုလ်၌ တည်လေ၏။ ဟေဝိဘိက္ခု ပဥ္စင်းအဖြစ်သို့လည်း ရောက်လေ၏။ (လူဝတ်နှင့် ရဟန္တာဖြစ်၏ဟူ) ထို့နောက် နောက်တစ်နေ့နံနက်၌ ရှင်ယသနှင့်အတူ သူဌေးကြီးအိမ်သို့ကြွတော်မူ၍ တရားဟောတော်မူရာ ရှင်ယသမိခင်လည်း သောတာ ပတ္တိဖိုလ်၌ တည်လေ၏။ သရဏဂုံလည်း ဆောက်တည်လေ၏။ ရှင်ယသမယားဟောင်းတို့လည်း သောတာ ပတ္တိဖိုလ်၌ တည်ကြလေ၏။ ထိုမိန်းမတို့ကား လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံတည်သော ဥပါသိကာမ တို့ ဖြစ်ကြကုန်၏။

ယသသူငယ်ချင်းများ ရဟန်းပြုခြင်း

ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိဟူသော ယသသူငယ်ချင်းလေးယောက်တို့လည်း တရားတော် ကို ကြားနာရသဖြင့် သောတာပန်ဖြစ်ကြ၍ ရဟန်းပြုကြရာ ရဟန္တာချည်းဖြစ်ကြလေ၏။ အလားတူ ယသ သူငယ်ချင်းငါးကျိပ်တို့လည်း ရဟန္တာများချည်း ဖြစ်ကြကုန်၏။ ထိုအခါ လောက၌ ရဟန္တာခြောက်ကျိပ် တစ်ဦးဖြစ်ကုန်၏။ (ဤကား ဝါတွင်း၌ပင်ဖြစ်ကြကုန်၏ဟူ)

ပဗ္ဗဇ္ဇာကထာ

ရှင် ရဟန်းပြုပေးနိုင်ရန် ခွင့်ပြုခြင်း (သရဏဂမနူပသမ္ပဒါ)

ထိုအခါ ရဟန်းတို့သည် အထူးထူးသော အရပ်၊ အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ရဟန်းလောင်းတို့ကို မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့ဟုခေါ်ဆောင်လာကုန်၏။ ထိုသို့ခေါ်ဆောင်လာရာ ရဟန်းတို့သည်လည်းကောင်း၊ ရှင်လောင်းရဟန်းလောင်းတို့သည်လည်းကောင်း ပင်ပန်းကုန်၏။ ထို့ကြောင့် 'ရဟန်းတို့ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုအရပ်၊ ထိုထိုဇနပုဒ်တို့၌ ရှင်ရဟန်းပြုပေးလော့' ဟု ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ ရှင်ပြုပေးရမည်၊ ရဟန်းပြုပေးရမည်၊ ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ပယ်စေပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်စေ၍ လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေပြီးလျှင် ရဟန်းတို့၏ခြေတို့ကိုရှိခိုးစေလျက် ဆောင့်ကြောင့်ထိုင်စေကာ လက်အုပ်ချီစေပြီးလျှင် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'၊ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ'၊ 'တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ' ဟု ဤသို့ရွတ်ဆိုလော့ဟု ပြောဆိုရမည်။ 'ရဟန်းတို့ ဤသရဏဂုံသုံးပါး တို့ဖြင့် ရှင်ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏'ဟု မိန့်ဆိုတော်မူ၏။

(ဤရှင်ရဟန်းအဖြစ်တို့တွင် ရဟန်းအဖြစ်ကိုကား ဉတ္တိစတုတ္ထကံဖြင့် ပယ်တော်မူ၏။ ရှင်အဖြစ်ကိုကား 'အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇန္တိ'ဟု ခွင့်ပြုတော်မူရကား သာမဏေရပဗ္ဗဇ္ဇကား တည်လျက်ပင်ရှိသည်။)

သာမဏေရပဗ္ဗဇ္ဇ (၁-ကေသမဿုံ ဩဟာရေတွာ)

ပဗ္ဗဇ္ဇဒေါသတို့မှကင်း၍ အမိအဖတို့က ခွင့်ပြုအပ်သောသူကိုသာ ရှင်ရဟန်းပြုပေးအပ်၏။ အကယ်၍ ဆံမရိတ်ရသေးပဲ တစ်သိမ်တည်း၌လည်း အခြားရဟန်းတို့ရှိသည်ဖြစ်အံ့။ ဆံရိတ်ခြင်းငှာ ဘဏ္ဍာဂုကမ္မ ဆံရိတ်ခွင့်ပန်သောအမှုကို ပန်ကြားအပ်၏)

သယံ ပဗ္ဗာဇေတဗ္ဗောတိဧတ္ထ ကေသမဿုံ ဩဟာရေတွာတိ အာဒိဝစနတော ကေသစ္ဆေဒနကာသာယစ္ဆာဒနသရဏဒါနာနိ ပဗ္ဗဇ္ဇာ နာမ၊ တေသု ပစ္ဆိမဒွယံ ဘိက္ခုုဟိ ဧဝ ကာတဗ္ဗံ ကာရေတဗ္ဗံ ဝါ။ **[(တိ၊ဏ-၉၄)၊ (သာ, တူ)]**။

ပဥ္စင်းငယ်အား စေခိုင်းနိုင်ခွင့်

(အကယ်၍ ပါဠိအဋ္ဌကထာသင်ခြင်းစသည်တို့ဖြင့် မအားလပ်၍ အခွင့်မရအံ့။ ပဥ္စင်းငယ်တစ်ပါးကို ဤသူကို ရှင်ရဟန်းပြုဘိလောဟု ပြောဆိုအပ်၏။) (**ပဗ္ဗာဇေဟီ**တိ က္လာဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ – **တိ–ဓာ ၉၄**) (မဆိုသော်လည်း ပဥ္စင်းငယ်သည် ဥပဇ္ဈာယ်ကိုရည်မှန်း၍ အကယ်၍ ရှင်ရဟန်းပြုစေအံ့၊ အပ်ပါ၏) (ပဥ္စင်းငယ်လည်း ဆရာကဲ့သို့ပင် ပြုအပ်၏ဟူလို)

သာမဏေအား စေခိုင်းနိုင်ခွင့်

(အကယ်၍ ပဥ္စင်းငယ်မရှိအံ့။ သာမဏေကိုသော်လည်း ထိုသူကို ခဏ္ဍာသိမ်သို့ဆောင်၍ ရှင်ပြုစေ၍ သင်္ကန်းတို့ကိုဖုံးလွှမ်း၍လာလှည့်ဟု ပြောအပ်၏)

(**ခဏ္ဍသီမံ နေတွာ**တိ ဘဏ္ဍုကမ္မာရောစနပဋိဟရဏတ္ထံ ဝုတ္တံ၊ တေန သဘိက္ခုကေ ဝိဟာရေ အညမ္ပိ တေသ ကေသေ ဆိန္ဒာတိ ဝတ္တုံ န ဝဋ္ဋတိ) (**ဓိ၊ ဓာ – ၄၁၁**)

ဘိက္ခုနည့် အနာရောစေတွာ ကေသီမာယ ''တေသ ကေသေ ဆိန္ဒာ''တိ အညံ အာဏာပေတုမ္ပိ န ဝဋ္ဋတိ (**တိ၊ ဓာ–၉၄**)

(**ပဗ္ဗာဇေတွာ**တိ ဣမဿ အဓိပ္ပာယ ပကာသနတ္ထံ ''ကာသာယာနိ အစ္ဆာဒေတွာ ဇေဟီ''တိ ဝုတ္တံ။ ဥပဇ္ဈာယော စေ ကေသမဿုဩရောပနာဒီနိ အကတွာ ပဗ္ဗဇတ္ထံ သရဏာနိ ဒေတိ၊ န ရုဟတိ ပဗ္ဗဇ္ဇာ။ ကမ္မဝါစံ သာဝေတွာ ဥပသမ္ပာဒေတိ၊ ရုဟတိ ဥပသမ္ပဒါ။ အပတ္တစီဝရာနံ ဥပသမ္ပဒါသိဒ္ဓိဒဿနတော ကမ္မဝိပ္ပတ္တိယာ အဘာဝတော စေတံ ယုဇ္ဇတေဝါတိ ဓော၊ ဟောတိ စေတ္ထ – သလိင်္ဂဿေဝ ပဗ္ဗဇ္ဇာ၊ ဝိလိင်္ဂဿာပိ စေတရာ။ အပေတပုဗ္ဗဝေသဿ၊ တံ ဒွယံ က္လတိ စာပရေ ။ **ဓိ၊ ဓာ – ၄၁၁**)

ဤကေဝါဒအဆိုကို အကိုးပြု၍ လူအသွင်ဖြင့်ပင် ရဟန်းပြုပေးအံ့အပ်၏ဟု ယူသောဝါဒလည်း ရှိ၏။ ဆရာတို့မနှစ်သက်ကြ။) **ပဗ္ဗာဇေတွာ**တိ ကေသစ္ဆေဒနံ သန္ဓာယ ဝဒတိ။ (**သာ၊ ဓာ–၂၀၁**) **ပဗ္ဗာဇေတွာ**တိ ကေသာဒိစ္ဆေဒနမေဝ သန္ဓာယ ဝုတ္တံ၊ ကာသာယာနိ အစ္ဆာဒေတွာတိ ဝိသုံ ဝုတ္တတ္တာ။ **တိ၊ ဓာ – ၉၄**)

(သရဏဂုံတို့ကိုသော်ကား ဆရာကိုယ်တိုင်ပေးအပ်ကုန်၏။ ဤသို့ပြုသော် ရဟန်းသည်ပင် ရှင်ပြုပေးသည်မည်ပါ၏။ မှန်၏။ ယောကျ်ားကို ရဟန်းမှ တစ်ပါးသောသူသည် ရှင်ပြုပေးအံ့သောငှာမရ၊ မာတုဂါမကို ဘိက္ခုနီမှ တစ်ပါးသောသူသည် ရှင်ပြုပေးအံ့သောငှာ မရ။ သာမဏေသည်လည်းကောင်း သာမဏေရီသည်လည်းကောင်း ဆရာစေသဖြင့် သင်္ကန်းတို့ကိုပေးခြင်းငှာ ရပါကုန်၏။)

(**ပဗ္ဗာဇေတုံ န လဗ္ဘတီ**တိ သရဏဒါနံ သန္ဓာယ ဝုတ္တံ၊ အနုပသမ္ပန္နေန ဘိက္ခု အာဏတ္တိယာ ဒိန္နမ္ပိ သရဏံ န ရုဟတိ။ **တိ၊ ဓာ – ၉၄** ။ ။ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတီတိ သရဏဒါနံ သန္ဓာယ ဝုတ္တံ တေနေဝါဟ ''သာမဏေရော ပနာတိ'' အာဒိ။ **သာ၊ ဓာ – ၂၀၁**)

မည်သူမဆိုပြုနိုင်ခွင့်

(ဆံချခြင်းကို အမှတ်မရှိတစ်စုံတစ်ယောက်သောသူပြုခြင်းသည် ကောင်းသောပြုခြင်းတည်း)

သာရတ္ထနှင့် ဝိနယဝိနိစ္ဆယဝါဒ

ပဥ္စင်းငယ်အားစေခိုင်းခြင်း ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနံ သရဏဒါနန္တိ ဟိ ဣမာနိ တီဏိ ကရောန္တော ''ပဗ္ဗာဇေတီ''တိ ဝုစ္စတိ၊ တေသု ဧကံ ဒွေ ဝါပိ ကရောန္တော တထာ ဝေါဟရီယတိယေဝ၊ တသ္မာ ဧတံ ပဗ္ဗာဇေဟီတိ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနဥ္စ သန္ဓာယ ဝုတ္တံ၊ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတီတိ ဧတ္တာပိ ဧသေဝ နယော။ (**သာ၊ ဒု – ၂၀၁**) ဟု ပဥ္စင်းငယ်သည် ဆရာပင်စေသော်လည်း သရဏဂုံမပေး ထိုက်ကြောင်း၊ ဆရာကိုရည်၍လည်း သရဏဂုံမပေးထိုက်ကြောင်းကို ဖွင့်ဆိုသည်။ ဝိနိစ္ဆယဋီကာလည်း အလားတူပင်။ 'ဝိမတိဆရာကား – **ပဗ္ဗာဇေဟီ**တိက္ကဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ–ဟု သရဏဂုံပါ ပေးထိုက် ကြောင်း ဖွင့်ဆို၏။

ညောင်ကန်ဆရာတော်ဝါဒ

ပဥ္စင်းငယ်အားစေရာ၌ အထူးမမိန့်မူ၍ သာမဏေအားစေရာ၌သာ သရဏာနိ ပန သယံ ဒါတဗ္ဗာနိ ဟု အဋ္ဌကထာဆရာ ဝိသေသမိန့်သောကြောင့် ဝိမတိဆရာစကားသာ သင့်သကဲ့သို့ထင်၏။ (**ဝိနယသာရ– ၂၇၀**)

ရွှေဥမင်ဆရာတော်ဘုရားလည်း ပဥ္စင်းငယ်လည်း ဆရာကဲ့သို့ပင် ပြု– ဟူလိုသတတ်ဟုဆိုရကား ဝိမတိဆရာ စကားအတိုင်းသာ ယူလိုဟန်ရှိပေ၏။

ခဏ္ဍာသီမ်သို့ဆောင်ခြင်း

ခဏ္ဍသီမံ နေတွာတိ ဘဏ္ဍုကမ္မာရောစနပရိဟရဏတ္ထံ ဝုတ္တံ–ဟု ဋီကာရှင်တို့မိန့်သောကြောင့် ခဏ္ဍာသိမ်၌ ဝတ်မှသာအပ်သည် မဟုတ်၊ ဆံရိတ်ပြီးသော ရှင်လောင်းစသည်ကိုကား ကျောင်းစသည်၌ပင် ဝတ်အပ်၏ဟု မှတ်လေအပ်၏။

ပဗ္ဗာဇေတွာတိ ကေသာဒိစ္ဆေဒနမေဝ သန္ဓာယ ဝုတ္တံ ဟူသော ဋီကာတို့အဆိုကို ထောက်ရှုအပ်၏။ (**တိ၊ ဒု–၉၄**)

ရှင် ရဟန်းတို့ ထူးခြားမှု

ဥပဇ္ဈာယ်သည် ဆံရိတ်ခြင်း၊ သင်္ကန်းဝတ်ခြင်းကို မပြုမူ၍ သရဏဂုံကိုပေးအံ့။ ရှင်အဖြစ်သည် မရောက်၊ ကမ္မဝါစာရွတ်၍ ပဉ္စင်းခံအံ့၊ ပဉ္စင်းအဖြစ်သည်ရောက်ပါ၏။ သာမဏေသည် အသွင်ကိုမစွန့်ဘဲ ဆံသည့် ကာလအားဖြင့် နှစ်လ ပမာဏအားဖြင့် လက်နှစ်သစ်ထက် လွန်သော်လည်း သာမဏေအဖြစ်၌ တည်ပါသေး၏။ **(ဝိနယသာရ - စာ ၂၄၀) (- ဋီ - ၏ ဓကေ အပရေဝါဒတို့ကို မှီးယာန်တူ၏)**

❧ ❧ ❧

ဘာဗ္ဗရူပ

[ဘာဗ္ဗရူပ၊ သဟေတုက၊ ဉာတ၊ ယသဿီဖြစ်သော ကုလပုတ္တဖြစ်အံ့ အားလပ်သောအခွင့်ကိုပြု၍ မိမိဆရာကိုယ်တိုင်ပင် (ဆံရိတ်ခြင်း၊ သင်္ကန်းပေး၍ဝတ်ခြင်း၊ သရဏဂုံပေးခြင်းဖြင့်) ရှင်ရဟန်းပြုပေးအပ်၏။ ရေချိုး၍လာလှည့်စသည်ဖြင့် တစ်ယောက်တည်း မစေလွှတ်လိုက်အပ်၊ မငယ်လွန်းလျှင်လည်း ကိုယ်တိုင်လိုက်၍ ရေချိုးခြင်းစသည်ကိုပြုစေ၍ ငယ်လျှင်လည်း ကိုယ်တိုင်အမိကဲ့သို့ပြုလုပ်ပေးအပ်၏။ ဆရာဉပဇ္ဈာယ်တို့၌လည်းကောင်း၊ သာသနာတော်၌လည်းကောင်း၊ ဗလဝသိနေဟ တိဗ္ဗဂါရဝရှိရန် အနိဝတ္တိဓမ္မဖြစ်ရန် အနဘိရတိကို ဖျောက်နိုင်ခြင်းသဘောရှိရန် ကတညုတ၊ ကတဝေဒိဂုဏ်တို့ကို လိုက်နာသိရှိရန် ဟူလိုသည်။] **(၄ – ၈ာ ၂၄၉)**

မပြောအပ်သောစကား

(ရေချိုးရာအခါ၌လည်းကောင်း၊ ဆံမုတ်ဆိတ်ချရာအခါ၌လည်းကောင်း သင်ကားထင်ရှားသူတည်း၊ များသော အခြွေအရံရှိ၏။ ယခုအခါ ငါတို့သည် သင့်ကိုအမှီပြု၍ ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်းကုန်အံ့သတည်းဟူ၍ကား မပြောအပ်။ တစ်ပါးသော သံသရာဝဋ်မှ ထွက်မြောက်ကြောင်းမဟုတ်သော အနိယျာနိကကထာတို့ကိုလည်း မပြောအပ်ကုန်)

တစပဉ္စက ကမ္မဋ္ဌာန်း

(စင်စစ်ပြောအပ်သည်ကား ရှင်ချစ် – ကောင်းစွာ ဆောက်တည်လော့၊ သတိကို ထင်စေလော့ဟုပြောဆို၍ တစပဉ္စကကမ္မဋ္ဌာန်းကို ပေးအပ်၏။ ပေးရာ၌လည်း အဆင်းပုံသဏ္ဌာန်၊ အနံ့ရောက်ရာအရပ်တို့၏အစွမ်းဖြင့် မစင်အတိ စက်ဆုတ်ဖွယ်ရွံရှာဖွယ်ရှိသော အဖြစ်ကိုလည်းကောင်း နိဇ္ဇီဝ၊ နိဿတ္တအဖြစ်ကိုလည်းကောင်း ထင်စွာပြု၍ ပြောကြားအပ်၏။ အကယ်၍ရှေးဘုရားတို့အထံ၌ သုံးသပ်ပြီးသောသင်္ခါရစီးဖြန်းအပ်ပြီးသော ဘာဝနာရှိသူဖြစ်အံ့။ နေအရုဏ်လင့်သော ရင့်ပြီးသော ကြာမုံကဲ့သို့ ဓားသင်တုန်း၏ အဆုံး၌ပင် အရဟတ္တဖိုလ်သို့ရောက်ပါအံ့။)

(၂ - ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ)

သက်နံ့ပေးခန်း – [ဆံချပြီးသော် နန္ဒင်းမှုန့်ဖြင့်လည်းကောင်း၊ နံ့သာမှုန့်ဖြင့်လည်းကောင်း ဦးခေါင်းကို လည်းကောင်း၊ ကိုယ်ကိုလည်းကောင်းလိမ်းကျံ၍ လူ၏အနံ့ကိုဖျောက်၍ သင်္ကန်းတို့ကို သုံးကြိမ်လည်းကောင်း နှစ်ကြိမ်လည်းကောင်း တစ်ကြိမ်သာလည်းကောင်း ခံစေအပ် ယူစေအပ်၏။ ထိုသို့မဟုတ်ဘဲသော်လည်း ထိုသာမဏေလောင်း၏လက်၌ မပေးမူ၍ (သရဏဂုံပေးသော)ဆရာကြီးသော်လည်းကောင်း၊ ဥပဇ္ဈာယ်သော် လည်းကောင်း ကိုယ်တိုင်ဝတ်ပေးအပ် အပ်၏။ အကယ်၍ တစ်ပါးသော ပဥ္စင်းငယ်ကိုသော်လည်းကောင်း၊ သာမဏေကိုလည်းကောင်း၊ ဥပါသကာသီတင်းသည်ကိုလည်းကောင်း ဝိုရှင် (ဒါယကာ) ထိုသင်္ကန်းတို့ကိုယူ၍ ထိုသာမဏေလောင်းကိုဝတ်ဘိလောဟုစေအပ် အလုံးစုံသည်အပ်၏။ ဤအလုံးစုံသည် ထိုဆရာရဟန်းသည်ပင် ပေးသည်ဖြစ်ပေ၏။ အကြွင်သင်းပိုင်ကိုလည်းကောင်း၊ ကိုယ်ဝတ်ကိုလည်းကောင်း မစေဘဲ ဝတ်အပ်ရုံမှုလည်း ရုံအပ် ထိုသင်္ကန်းကိုချွတ်စေ၍ တစ်ဖန်ပေးအပ်၏။ မှန်၏၊ ရဟန်းသည် ကိုယ်တိုင် လက်ဖြင့်သော်လည်းကောင်း၊ စေခိုင်းသဖြင့်လည်းကောင်း ပေးသော်သာလျှင် သင်္ကန်းသည်အပ်၏။ ထိုသာမဏေလောင်း၏သင်္ကန်းပင်လျှင် အကယ်၍ဖြစ်မူလည်း မပေးဘဲကားမအပ်၊ ဥပဇ္ဈာယ်သင်္ကန်း၌ကား ဆိုဖွယ်ရာပင်မရှိ၊ ထိုသာမဏေလောင်းကို သော်လည်းကောင်း ထိုသင်္ကန်းတို့ကိုယူ၍ ဝတ်ဘိလောဟုစေအပ်အပ်၏။]

အဋ္ဌကထာပါဠိ

[ကေသေသု ပန ဩရောပိတေသု ဟလိဒ္ဒိစုဏ္ဏေနဝါ ဂန္ဓစုဏ္ဏေနဝါ သီသဉ္စ သရီရဉ္စ ဥဗ္ဗဋ္ဋေတွာ ဂိဟိဂန္ဓံ အပနေတွာ ကာသာယာနိ တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ပဋိဂ္ဂါဟာပေတဗ္ဗော။ အထာပိဿ ဟတ္ထေ အဒတွာ အာစရိယောဝါ ဥပဇ္ဈာယောဝါ သယမေဝ အစ္ဆာဒေတိ၊ ဝဋ္ဋတိ။ သစေပိ အညံ ဒဟရံဝါ သာမဏေရံ ဝါ ဥပါသကံ ဝါ အာဏာပေတိ "အာဝုသော ဧတာနိ ကာသာယာနိ ဂဟေတွာ ဧတံ အစ္ဆာဒေဟီ" တိ၊ တံယေဝ ဝါ အာဏာပေတိ "ဧတာနိ ဂဟေတွာ အစ္ဆာဒေဟီ"တိ၊ သဗ္ဗံ ဝဋ္ဋတိ။ သဗ္ဗံ ဟေတံ ဘိက္ခုနာဝ ဒိန္နံ ဟောတိ၊ ယံ ပန နိဝါသနံ ဝါ ပါရုပနံ ဝါ အနာဏတ္တိယာ နိဝါသေတိ ဝါ ပါရုပတိ ဝါ တံ အပနေတွာ ပုန ဒါတဗ္ဗံ။ ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ၊ သစေပိ တဿေဝ သန္တကံ ဟောတိ၊ ကော ပန ဝါဒေါ ဥပဇ္ဈာယမူလကေ]
(ဋ္ဌ ၈ - ၂၄၉)

ဝိမတိနှင့် ဝိနယာလင်္ကာရဆရာတို့နည်း

(ကာသာယာနိ တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ပဋိဂ္ဂါဟာပေတဗ္ဗောတိ ဧတ္ထ "သဗ္ဗဒုက္ခနိဿရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာတိ"ဝါ "တံ ကာသာဝံ ဒတွာတိ"ဝါ ဝတွာ "ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယာ"တိ ဧဝံ ယာစနပုဗ္ဗကံ ဝိဝရံ ပဋိစ္ဆာပေတိ) **(တီ,၊ ၈ - ၉၅)**

(၁) သဗ္ဗဒုက္ခနိဿရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
(၂) သဗ္ဗဒုက္ခနိဿရဏတ္ထာယ တံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
ဤသို့ ဝါကျနှစ်ခုခွဲလေ။

အရညဝါသီမထေရ်အယူ

အရညဝါသီမဟာရာမရေးသော သီလာဝဟဥ္စကား ဝိမတိဝိနောဒနီနှင့် သဘောအဓိပ္ပာယ်မကွဲ ပရိယာယ်သဒ္ဒါ သမာသ် ဝါကျလဲ၍
၁။ သကလဝဋ္ဋဒုက္ခနိဒ္ဒရဏတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
၂။ သကလဝဋ္ဋဒုက္ခနိဒ္ဒရဏတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ တော် ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။ ဟု ရေးသား၏။ ထိုသို့ရေးသားရာ၌လည်း အသင့်ပင်။ (ဆင်တဲ ဆရာတော် နိဿယသစ်) (၇၃)

ရှေးဆရာတော်ကြီးတို့ စီရင်ထားပုံ

၁။ သကလဝဋ္ဋဒုက္ခနိဿရဏနိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
၂။ သကလဝဋ္ဋ ဒုက္ခနိဿရဏနိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ တော် ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။ ။ ဤဆရာမြတ်တို့၏အစီရင်မှာလည်း ဝိမတိဆရာ၏စကားရပ်နှင့် နီးနော ညီညွတ်ကြသည်ပင်ဖြစ်၏။

ကေစိဝါဒ – အထာပီတိ အာဒိ တိကဒ္ဒယံ့ ပဋိဂ္ဂါဟာပနတော ပရံ ကတ္တဗ္ဗဝိဓိဒဿနံ၊ အထာပီတိ တတော ပရမ္ပိတိ အတ္ထော။ ကေစိ ပန စီဝရံ အပဋိဂ္ဂါဟာပေတွာ ပဗ္ဗဇနပ္ပကာရဒဿနတ္ထံ ''အထာပီ''တိ ဝုတ္တံ။ အထာပီတိစ အထဝါတိ အတ္ထောတိ ဝဒန္တိ ။ **(တိ၊ တ – ၉၅)**

(ဤစကားရပ်တို့အရ ပဋိဂ္ဂဟာပေတဗ္ဗောအရ၌ ခံယူစေအပ်၏ဟူသည် ဆရာကခံယူသည်ကို ဆိုလိုပေသည်) ဝိမတိဆရာကား–ဆရာကိုယ်တိုင် သင်္ကန်းကို သုံးကြိမ်နှစ်ကြိမ်တစ်ကြိမ် ခံယူရမည်။ ခံယူပြီးနောက် ကိုယ်တိုင်ဝတ်ပေးခြင်းစေခြင်းတို့ကို ပြုရမည်ဟူ၏။ ကေစိဝါဒကား–ဆရာကိုယ်တိုင် သင်္ကန်းကို ခံယူမှသာ အပ်သည်မဟုတ်။ မခံယူဘဲ ကိုယ်တိုင်ဝတ်ပေးခြင်းစေခြင်းတို့ကိုပြုကလည်း အပ်ပါ၏ဟူလို။

ရဟန်းက မပေးသော် ရှင်မဖြစ်

(ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ။)
(၄ – စာ ၂၅၀)

အာစရိယေန အဒိန္နံ န ဝဋ္ဋတီတိ ထေ္တ ပဗ္ဗဇ္ဇာ န ရုဟတီတိ ဝဒန္တီတိ လိခိတံ ပေါရာဏဂဏ္ဌိပဒေပိ တထေဝ လိခိတံ။ **(ဓီ၊ စာ – ၄၁၁၊ ၄၁၂)**

အဒိန္နံ န ဝဋ္ဋတီတိ ထေ္တ ပဗ္ဗဇ္ဇာ န ရုဟတီတိ ဝဒန္တိ။ **(သာ၊ စာ – ၂၀၃)**

အဒိန္နံ န ဝဋ္ဋတီတိ ဣမိနာ ပဗ္ဗဇ္ဇာ န ရုဟတီတိ ဒဿေတိ။ **(တိ၊ စာ – ၉၅)**

ဘိက္ခုနံ ပါဒေ ဝန္ဒာပေတွာ

(ထိုရှင်ပြုရာအရပ်၌ အကြင်ရဟန်းတို့သည် စည်းဝေးကုန်၏။ ထိုရဟန်းတို့၏ခြေတို့ကိုရှိခိုးစေ၍ ထိုနောင်မှ သရဏဂုံကိုယူအံ့သောငှာ ဆောင့်ကြောင့်နေစေ၍ လက်အုပ်ချီစေ၍ ဤသို့ဆိုလောဟုပြောအပ်၏။ ယမဟံ ဝဒါမိ၊ တံ ဝဒေဟိ – ဟူ၍လည်း ပြောအပ်၏)

အဝေးကရည်မှန်း၍ ရှိခိုးကလည်းအပ်ပါ၏

ပါဒေ ဝန္ဒာပေတွာတိ ပါဒါဘိမုခံ နမာပေတွာ။ ဒူရေ ဝန္ဒန္တောပိ ဟိ ပါဒေ ဝန္ဒတီတိ ဝုစ္စတိ။ **(တိ၊ စာ–၉၅)**

(၃ – သရဏဂုံယူခဏ်း)
ပါဠိစဉ်တိုင်းသာပေးရမည်

(ထိုမှနောက်၌ ထိုသာမဏေလောင်း၏ ဥပဇ္ဈာယ်သည်လည်းကောင်း၊ ဆရာသည်လည်းကောင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသောနည်းဖြင့် သရဏဂုံတို့ကိုပေးအပ်ကုန်၏။ ပါဠိ၌ ဟောတိုင်းသောအစဉ်ဖြင့်သာ ပေးအပ်ကုန်၏။ အစဉ်မဟုတ်သဖြင့်ကား မပေးအပ်ကုန်။ တစ်ပုဒ်မျှ အက္ခရာတစ်လုံးမျှကိုသော်လည်း အစဉ်မဟုတ်သဖြင့်ပေးအံ့။ ဗုဒ္ဓံ သရဏံကိုသာမူလည်း သုံးကြိမ်ပေးပြီး၍ ထိုမှနောက် ဓမ္မံ သရဏံ သံဃံ သရဏံတို့ကို သုံးကြိမ်စီပေးအံ့ သရဏဂုံတို့ကိုပေးသည် မမည်ကုန်။)

[ဤစကားရပ်ကိုထောက်က ဥပဇ္ဈာယ်မဟုတ်သော အာစရိယမည်ထိုက်သူ အခြားရဟန်းလည်း သရဏဂုံပေးအပ်သည်သာ]

ကေတောသုဒ္ဓိ ဥဘတောသုဒ္ဓိ

(ဤသရဏဂုံဖြင့် ပဉ္စင်းဖြစ်သည်ကိုလည်း ပယ်တော်မူပြီးနောက် ဥ တ္တိစတုတ္ထကံဖြင့် ခွင့်ပြုတော်မူအပ်သော ဥပသမ္ပဒကံကိုကား ကေတောသုဒ္ဓိဆရာဌာန်ပီသဖြင့် အပ်၏။ သာမဏေရပဗ္ဗဇ္ဇကား ဥဘတောသုဒ္ဓိ ဆရာတပည့်နှစ်ယောက်စုံဌာန်ပီမှသာ အပ်၏။ ကေတောသုဒ္ဓိ တစ်ယောက်ယောက်သာ ဌာန်ပီသသဖြင့် မအပ်။ ထို့ကြောင့် ပဉ္စင်းခံခြင်း၌ ကမ္မဝါရွတ်သောဆရာသည် ဥ တ္တိဒေါသ ကမ္မဝါစာဒေါသတို့ကိုကြဉ်၍ ကံကိုပြုအံ့၊ ကောင်းစွာပြုသည်မည်၏။ သာမဏေရပဗ္ဗဇ္ဇ၌ကား ဤသရဏဂုံသုံးပါးတို့ကို ဗု အက္ခရာ၊ ဓ အက္ခရာအစရှိကုန်သော သဒ္ဒါဗျည်းတို့၏ ဌာန်ကရိုဏ်းတို့၏ပြည့်စုံခြင်းကို မယုတ်စေသဖြင့် သရဏဂုံပေးသော ဆရာသည်လည်းကောင်း၊ တပည့်သည်လည်းကောင်း ဆိုအပ်ကုန်၏။ အကယ်၍ ဆရာကားဆိုခြင်းငှာ စွမ်းနိုင်၏။ တပည့်ကား မစွမ်းနိုင်။ တပည့်ကား စွမ်းနိုင်၏။ ဆရာသည် မစွမ်းနိုင်။ နှစ်ယောက်စုံတို့ပင်မူလည်း မစွမ်းနိုင်အံ့၊ မအပ်။ အကယ်၍ နှစ်ဦးစုံတို့သည်လည်း စွမ်းနိုင်ကုန်အံ့၊ အပ်ပါ၏) **(ဌ၊ ဇာ-၂၅၀)**

နိဂ္ဂဟိတန္တ - မကာရန္တ

[ဤသရဏဂုံတို့ကိုပေးရာ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟူ၍ ဤသို့ ကေသမ္ဗန္ဓတစ်စပ်တည်း အနုနာသိကန္တ နိဂ္ဂဟိတ်ဌာန်အဆုံးရှိသည်တို့ကိုမူလည်းပြု၍ ပေးအပ်ကုန်၏။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ဟူ၍ ဤသို့ဖြတ်၍ မ ကာရန္တ-မသတ်အဆုံးရှိသည်တို့ကိုမူလည်းပြု၍ ပေးအပ်ကုန်၏။]

အန္ဓကအဋ္ဌကထာဝါဒ

[အန္ဓကအဋ္ဌကထာ၌ကား အမည်ကိုကြား၍ အဟံ ဘန္တေ ဗုဒ္ဓရက္ခိတော ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟူ၍ သရဏဂုံဆောက်တည်ယူပုံကို ဆို၏။ ထိုစကားသည် တစ်ခုသောအဋ္ဌကထာမျှ၌လည်းမရှိ။ ပါဠိ၌လည်း ဟောတော်မမူ၊ ထိုဆရာတို့၏အယူမျှသာ ဖြစ်သည်။ ထိုစကားကို မယူအပ်။ မှန်၏၊ ထိုအခြင်းအရာအားဖြင့် မဆိုသောသူအား သရဏဂုံသည် မပျက်] **(ဌ၊ ဇာ-၂၅၁)**

ဥပဇ္ဈာယ်နှင့် အာစရိယ

ဥပဇ္ဈာယေနဝါတိ ဧတ္ထ ယဿ သန္တိကေ ဥပဇ္ဇံ ဂဏှာတိ၊ အယံ ဥပဇ္ဈာယော။ အာဘိသမာစာရိကေသု ဝိနယနတ္တံ ယံ အာစရိယံ ကတွာ နိယျာတေန္တိ၊ အယံ အာစရိယော။ သစေ ပန ဥပဇ္ဈာယောသယမေဝ သဗ္ဗံ သိက္ခာပေတိ အညသ္မိံ န နိယျာတေတိ၊ ဥပဇ္ဈာယောဝသ အာစရိယောပိ ဟောတိ။ ယထာ ဥပသမ္ပဒကာလေ သယမေဝ ကမ္မဝါစံ ဝါစေန္တော ဥပဇ္ဈာယောဝ ကမ္မဝါစာစရိယောပိ ဟောတိ။ **(တီ၊ ဇာ - ၉၅)**

အနုနာသိကန္တ (နိဂ္ဂဟိတန္တသက်သက်ပေးနည်း)

အနုနာသိကန္တံ ကတွာ ကေသမ္ဘန္တံ ကတွာ ဒါနကာလေ အန္တရာ အဌတွာ ဝတ္တဗ္ဗံ။ **(ဋီ၊ စာ-၄၁၂)**

အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒသေယတုံ ကေသမ္ဘန္တာနီတိ ဝုတ္တံ။ **(သာ၊ စာ - ၂၀၃)**

အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒေါ န ကာတဗ္ဗောတိအာဟ ကေသမ္ဘန္တာနီတိ။ **(တိ၊ စာ - ၉၅)**

ဝိစ္ဆိန္ဒိတွာ (မကာရန္တသက်သက်ပေးနည်း)

ဝိစ္ဆိန္ဒိတွာ ဒါနေပိ ယထာဝုတ္တဋ္ဌာနေ ဧဝ ဝိစ္ဆေဒေါ၊ အညတြ န ဝဋ္ဋတီတိ လိခိတံ။ (ပိ–ကား အနုနာသိ ကန္တကိုပေါင်း) **(ဋီ၊ စာ - ၄၁၂)**

ဝိစ္ဆိန္ဒိတွာတိ မကာရန္တံ ကတွာ ဒါနသမယေ ဝိစ္ဆေဒံ ကတွာ။ **(သာ၊ စာ - ၂၀၃)**

နိဂ္ဂဟိတန္တ မကာရန္တ ရောရှ်ပေးနည်း

အနုနာသိကန္တေ ဒိယျမာနေ ခလိတွာ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိမကာရေန မိဿီဘူတေ ခေတ္တေ ဩတိဏ္ဏတ္တာ ဝဋ္ဋတီတိ ဥပတိဿတ္ထေရော။ မိဿံ ကတွာ ဝတ္တုံ ဝဋ္ဋတိ၊ ဝစနကာလေ ပန အနုနာသိကဋ္ဌာနေ ဝိစ္ဆေဒံ အကတွာ ဝတ္တဗ္ဗန္တိ ဓမ္မသိရိတ္ထေရော။ ဧဝံ ကမ္မဝါစာယမ္ပိတိ ဝုတ္တံ၊ **(ဋီ၊ စာ - ၄၁၂)**

(–ဥပတိဿထေရ်ကား နိဂ္ဂဟိတန္တဖြင့်ပေးရာ၌ အဆိုချွတ်၍ မကာရန္တဖြင့်ရွတ်မိသော်လည်း ခေတ်သို့သက်သောကြောင့် အပ်၏ဟုယူ၏။ ဓမ္မသိရီထေရ်ကား ရောရှ်ကား ရွတ်အပ်၏။ ရွတ်ရာ၌ကား နိဂ္ဂဟိတန္တဖြင့်ရွတ်ရာ၌ ဖြတ်၍ မရွတ်အပ်ဟုဆို၏။ (–နိဂ္ဂဟိတန္တရွတ်လျှင် နိဂ္ဂဟိတန္တထုံးအရ မကာရန္တ ရွတ်လျှင် မကာရန္တထုံးအရ ရွတ်ဟူ။)

ညောင်ကန်ဆရာတော်ကား ဓမ္မသိရီထေရ်၏ဝါဒကို ပမာဏပြုအပ်၏ဟုဆို၏။ (၂၇၃)

နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတွာ အဝိဿဇ္ဇေတွာ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗံ (ပရိဝါအဋ္ဌကထာကမ္မဝဂ်)။ **(စာ - ၂၄၇)**

ကရဏာနိ ဝါ နိဂ္ဂဟိတွာ အဝိဝဋ္ဋေန မုခေန သာနုနာသိကံ ကတွာ ဉာရိတန္တိနိဂ္ဂဟိတံ။ (သဒ္ဒနီတိ)

ခံတွင်းပိတ်၍ ရွတ်ရသောဝါဒ

အဝိဝဋ္ဋေန၌ အ,ကို ပဋိသေဓအနက်ကြံ၍ (˙)ဤနိဂ္ဂဟိတ်အက္ခရာကို နိဂ္ဂဟိတ်မှီရာ အက္ခရာ၏ ဌာန်ကရိုဏ်းနိုပ်၍ ဌာန်ကရိုဏ်းကိုမစွန့်လွှတ်ဘဲ ခံတွင်းပါးစပ်ကိုပိတ်၍ နှာခေါင်းတစ်လျှောက်သို့ လေနှင့်တကွ အသံကိုသွားစေ၍ နှာခေါင်းသံပါအောင် ရွတ်ဖတ်ရမည်။ နိဂ္ဂဟိတွာ နာတိနိပ္ပီဠေတွာ၊ မုခံ ပိဒဟိတွာတိ ဝုတ္တံ ဟောတိ။ **(ကာရိကာဋီကာ)** (ဤကားအများစုလက်ခံသောဝါဒ)

ခံတွင်းဖွင့်ဟ၍ ရွတ်သောဝါဒ

အဝိဝမ္မေနှ၌ အ,သည် ပမာဒလေခဖြစ်ဟန်လည်းရှိ၏။ တစ်နည်း သမုဒ္ဒေါ မယာ ဒိဗ္ဗော၌ကဲ့သို့ ကေဒေသျူပစာအားဖြင့် ခံတွင်းကိုပိတ်ရမည်ဟူသည် ခံတွင်းတစ်ခုလုံးကိုပိတ်ရမည်မဟုတ် ခံတွင်း၏ အစိတ်ဖြစ်သော လျှာကိုသာပိတ်ရမည်ဟု ကေဒေသျူပစာနည်းအားဖြင့်ယူဆ၍လည်းကောင်း လျှာကိုအထက် သို့ ပင့်တင်၍ပိတ်ပြီးလျှင် ခံတွင်းပါးစပ်ကိုကား ဖွင့်ဟ၍ ရွတ်ဖတ်ရမည်။

(ဗာလာဝတာရဋီကာသစ်နှင့် သဲအင်းသာသနာပိုင် ဆရာတော်ကြီးတို့ကား ဤဝါဒကို နှစ်သက်၏။)

ခံတွင်းစဉ်းငယ်ဖွင့် ရွတ်သောဝါဒ

အဝိဝမ္မေနှ၌ အ–ကို ခုဒ္ဒက အပ္ပကအနက်ဟောကြံ၍ နိဂ္ဂဟိတ်အက္ခရာကိုရွတ်ဖတ်ရာ၌ မှီရာအက္ခရာ ၏ ဌာန်ကရိုဏ်းကိုနှိပ်၍ မစွန့်လွှတ်ဘဲ ခံတွင်းပါးစပ်ကို စဉ်းငယ်ဖွင့်၍ နှာခေါင်းတစ်လျှောက်သို့ လေနှင့်တကွ အသံကိုသွားစေ၍ နှာခေါင်းသံပါအောင် ရွတ်ဖတ်ရမည်။

(မိုင်းခိုင်းဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ ညောင်လွန့်ဆရာတော်စသည်တို့ကား ဤဝါဒ ကိုနှစ်သက်တော်မူကြ၏)

မဏာရန္တ ရွတ်ဖတ်ပုံ

ခံတွင်းပိတ်၍ရွတ်သောဝါဒ – မကာရန္တသရဏာဂုံ၌ ဗုဒ္ဓမ်တွင် 'မ'နှင့် သရဏမ်တွင် 'ဏ' တို့ကို သူ့ဌာန်သူ့ကရိုဏ်းအတိုင်း ရွတ်၍ အဆုံး၌ နှုတ်ခမ်းကို ပိတ်ရမည်။ ဤသို့ပိတ်မှသာ နှုတ်ခမ်းချင်းထိ၍ သြဋ္ဌဇ မအက္ခရာ ပီသစွာဖြစ်ပေါ်မည်။ (မိုင်းခိုင်း၊ ရွှေရေးဆောင်၊ ညောင်လွန့်၊ သဲအင်းစသော ဆရာတော် ကြီးတို့အယူ) ဤရွတ်ဖတ်ပုံဝါဒများကို ကမ္မဝါစာဘာဏောပဒေသမှယူသည်။)

ညောင်ရမ်းဆရာတော်ဝါဒ

အဝိဝမ္မေန–ကို မဖွင့်သော (ဝါ) နှုတ်ခမ်းချင်းထိအောင်ပိတ်ထားသောဟု အနက်ပြန်၍ နိဂ္ဂဟိတ် အဆုံးရှိသော ဗုဒ္ဓံ သရဏံဟူသောပုဒ်တို့ကို နိဂ္ဂဟိတ်၏တည်မှီရာ ဒ္ဓ အက္ခရာ၏ ဒန္တဌာန်ကရိုဏ်း ဏကြီး အက္ခရာ၏ မုဒ္ဓဌာန်ကရိုဏ်းတို့ကို လုံးလုံးကြီးမထင်စေမူ၍ စဉ်းငယ်ထင်စေလျက် နိဂ္ဂဟိတ်ဖြစ်ရာ နာသိ ကဌာန်၌ထင်အောင် နှုတ်ခမ်းချင်းထိအောင်ပိတ်၍ ရွတ်ဆိုအပ်၏။ ဌာန်ကရိုဏ်းကိုနှိပ်၏ဟူသည် နိဂ္ဂဟိတ် ၏မှီရာအက္ခရာ၏ ဌာန်ကရိုဏ်းတို့ကိုမထင်စေမူ၍ နိဂ္ဂဟိတ်၏ဖြစ်ရာ နာသိကဌာန်နှာခေါင်းသံထင်စေလျက် ရွတ်ဆိုခြင်းပင်လျှင်တည်းဟု မှတ်အပ်၏။

မကာရန္တသရဏာဂုံ၌ ဗုဒ္ဓမ်၌ စဉ်းငယ် သရဏမ်၌ စဉ်းငယ်ဖြတ်ရပ်၍ နှုတ်ခမ်းချင်းထိအောင် မပိတ် ဘဲ နှုတ်ခမ်းကိုဖွင့်၍ သိထိလ ဓနိတအက္ခရာ ပီသစွာ ဌာန်ကရိုဏ်းပယတန မမှားမချွတ် ရွတ်ဆို၍ပေး

ခြင်းသည် မကာရန္တပေးနည်းမည်၏။ ဤမကာရန္တကို သရဏဂုံပေးရာ၌ ဝိမုတ္တမဖြစ်မူ၍ နိဂ္ဂဟိတန္တဖြစ်အောင် နှုတ်ခမ်းကိုပိတ်၍ ရွတ်မိသော်လည်းကောင်း သိထိလအက္ခရာကို ဓနိတ ဓနိတကိုသိထိလ အသံပြောင်းလွဲ၍ ရွတ်မိသော်လည်းကောင်း ကံပျက်၏။ သာမဏေမဖြစ်။ နိဂ္ဂဟိတကို ဝိမုတ္တ၊ ဝိမုတ္တကို နိဂ္ဂဟိတ ရွတ်ဆိုမိသကဲ့သို့မှတ်။ (ညောင်ရမ်း ဝိနိစ္ဆယ) **(စာ – ၄၄၉၊ ၄၅၄)**

သာမဏေဘုံ (သိက္ခာပဒံ သမာဒိယာမိ-ဟုဆောက်တည်ဖွယ် မလို)

(ဤမျှ သရဏဂုံပေးသဖြင့် သာမဏေဘုံ၌တည်လေ၏။ အကယ်၍ ထိုသာမဏေသည် ရွတ်နိုင်၍ ပညာရှိသောသဘောနှင့်ပြည့်စုံမူ ထိုနေရာ၌ပင် ပါဏာတိပါတာ ဝေရမဏီ – ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီဟု ဘုရားပညတ်တော်မူတိုင်းသာ သိက္ခာပုဒ်တို့ကို သင်ပြအပ်ကုန်၏။)

အနုက အဋ္ဌကထာဝါဒ

(အန္ဒကအဋ္ဌကထာ၌ကား အဟံ ဘန္တေ ဣတ္ထန္နာမော ယာဝဇီဝံ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟု သရဏဂုံပေးသကဲ့သို့ သိက္ခာပုဒ်ပေးသည်ကိုလည်းဆို၏။) **(၄၊ စာ – ၂၅၁)**

သရဏဂုံဖြင့်သာ ကိစ္စပြီးသည်

(ထိုအန္ဒကဋ္ဌကထာစကားသည် ပါဠိတော်၌လည်းမရှိ၊ အဋ္ဌကထာတို့၌လည်း မရှိသောကြောင့် ပါဠိတိုင်းသာ ပြအပ်ကုန်၏။ (ရဟန်း) သာမဏေအဖြစ်သည်ကား သရဏဂုံတို့ဖြင့်ပင်လျှင် ပြီးစီးပါ၏။ သိက္ခာပုဒ်တို့ကိုကား သရဏဂုံနှင့်မရောဘဲ သိက္ခာပုဒ်ကို ပြည့်စိမ့်သောငှာ (ဖြည့်ကျင့်စိမ့်သောငှာ) သိအပ်ကုန်၏)

မစွမ်းနိုင်သူ

(ထို့ကြောင့် ထိုသိက္ခာပုဒ်တို့ကို ပါဠိလာအတိုင်း ယူစိမ့်သောငှာ မစွမ်းနိုင်သောသူအား အမှတ်မရှိသောဘာသာဖြင့် အနက်အစွမ်းဖြင့်သော်လည်း ပြောကြားအံ့သောငှာအပ်ပါ၏။) **(၄၊ စာ – ၂၅၂)**

ဥပဇ္ဈာယ်ဆရာတို့ သတိပြုရန်

(မိမိသင်ပြသော သိက္ခာပုဒ်တို့ကို မသိသေးသမျှ ဒုကုဋ်မှသပိတ်သင်္ကန်းတို့ကို ဆောင်ခြင်း ရပ်ခြင်း နေခြင်း စသည်တို့၌လည်းကောင်း၊ ယာဂုသောက်ခြင်း ဆွမ်းစားခြင်းစသည်တို့၌လည်းကောင်း မလိမ္မာသေးသမျှ ဆွမ်းစားဇရပ် စာရေးတံဝေရာအရပ် တစ်ပါးသော အလားတူအရပ်တို့သို့ မလွှတ်လိုက်အပ်၊ အနီးအပါး၌သာ ထံပါးမကွာ နေစေအပ်၏။ မလိမ္မာသေးသော သတို့သားငယ်ကဲ့သို့ စောင့်ရှောက်အပ်၏။)

ရှင်သာမဏေဝိနည်းကို သုံးမရမည်

(ထိုသာမဏေအား အလုံးစုံသောအပ် မအပ်ကို ပြောကြားအပ်၏။ ဝတ်ခြင်း ရုံခြင်း အစရှိကုန်သော အာဘိသမာစာရိကဝတ်ကြီးဝတ်ငယ်တို့၌ ဆိုဆုံးမအပ်၏။ ထိုသာမဏေသည်လည်း နောက်၌ ဟောလတ္တံ့သော ဒသနာသနင်္ဂတို့မှ ဝေးစွာရှောင်ကြဉ်၍ အာဘိသမစာရိကဟူသော မြတ်သောအကျင့်ကို ဖြည့်သဖြင့် ဆယ်ပါးသောသီလ၌ ကောင်းစွာကျင့်အပ်၏။)

သရဏဂုံသုံးပါး၌ ယောဇနာနည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အသာဓာရဏော ဗုဒ္ဓဂုဏော၊ ဓမ္မံ သရဏံ ဂစ္ဆာမိ နိဗ္ဗာနံ၊ သံဃံ သရဏံ ဂစ္ဆာမိ သေက္ခဓမ္မံ, အသေက္ခဓမ္မဉ္စ သရဏံ ဂစ္ဆတိတိ အဂ္ဂဟိတဂ္ဂဟဏဝသေန ယောဇနာ ကာတဗ္ဗာ။ အညထာ သရဏတ္တယသင်္ကရဒေါသော။ **(ဓိ၊ ဇာ – ၄၁၂)**

သဗ္ဗမသဿ ကပ္ပိယာကပ္ပိယန္တိ ဒသသိက္ခာပဒဝိနိမုတ္တံ ပရာမာသာပရာမာသာဒိ။ ''အာဘိသမာစာရိကေသု ဝိနေတဗ္ဗော''တိ ဝစနတော သေခိယဥပဇ္ဈာယဝတ္တာဒိအာဘိသမာစာရိကသီလမနေန ပူရေတဗ္ဗံ။ တတ္ထ စာရိတ္တသဿ အကရဏေ ဝါရိတ္တဿ ကရဏေ ဒဏ္ဍကမ္မာရဟော ဟောတီတိ ဒီပေတိ။
(ဓိ၊ ဇာ – ၄၁၂)၊ (သာ – အဓိပ္ပာယ်တူ)၊ (သာ၊ ဇာ–၂၀၃)

အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယဝတ္တခန္ဓကဝတ္တေသု အညေသုစ သုက္ကဝိဿဋ္ဌိအာဒိလောကဝဇ္ဇသိက္ခာပဒေသု သာမဏေရေဟိ ဝတ္တိတဗ္ဗံ။ တတ္ထ အဝတ္တမာနော အလဇ္ဇီ ဒဏ္ဍကမ္မာရဟော စ ဟောတီတိ ဒသေတိ။ **(တိ၊ ဇာ – ၉၅)**

သတိပြုရန်

ဤသာမဏေရပဗ္ဗဇ္ဇ၌ ဥပဇ္ဈာယော စေ ကေသမဿု ဩရောပနာဒီနိ အကတွာ ပဗ္ဗဇတ္တံ သရဏာနိ ဒေတိ၊ န ရုဟတိ ပဗ္ဗဇ္ဇာ ဟူသော ဝဇိရဗုဒ္ဓိဋီကာစကားအတိုင်း ကေသစ္ဆေဒန, ကာသာယစ္ဆာဒန, သရဏဒါန, ဤသုံးပါးတို့ကား အစဉ်အတိုင်းသာပြုရမည်။ **(ဓိ၊ ဇာ – ၄၁၁)**

သာမဏေ၌ ဥပဇ္ဈာယ်ရှိ မရှိ
(ညောင်ရမ်း – ၄၅၆)

အထခေါ် အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီတိ ကုမာရဿ မဟာမောဂ္ဂလာနတ္ထေရော ကေသေ ဆိန္ဒိတွာ ကာသာယာနိ ဒတွာ သရဏာနိ အဒါသိ။ မဟာကဿပတ္ထေရော ဩဝါဒါစရိယော အဟောသိ။ ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ၊ ဥပဇ္ဈာယောဝ တတ္ထ ဣဿရော၊ န အာစရိယော တသ္မာ ဝုတ္တံ ''အထခေါ် အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီ''တိ။ **(မဟာ – ၄၊ ဇာ – ၂၉၁)**

ရာဟုလာဘာဒ္ဒေါပိ ပိတာ မေ တိ ဒသဗလဿ ဝါ ဥပဇ္ဈာယော မေ တိ ဓမ္မသေနာပတိနော ဝါ အာစရိယော မေ တိ မဟာမောဂ္ဂလာနဿ ဝါ စူဠပိတာ မေ တိ အာနန္ဒထေရဿ ဝါ သန္တိကံ အဂန္တွာ ဒသဗလဿ ဝဋ္ဋဥ္စနဝစ္စကုဋိံ ပြဟွဝိမာနံ ပဝိသန္တော ဝိယ ပဝိသိတွာ ဝါသံ ကပ္ပေတိ။ (ကေနိပါတ် တိပလ္လတ္ထမိဂဇာတ် အဋ္ဌကထာ)

န ဘိက္ခဝေ ဥပဇ္ဈာယေ အနာပုစ္ဆာ အာဝရဏံ ကာတဗ္ဗံ၊ ယော ကရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိနည်းမဟာဝါပါဠိတော်မဟာခန္ဓက) **(စာ - ၁၁၈)**

(ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိအာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ) (မဟာဝါအဋ္ဌကထာ အထက်၌ပြပြီး) **(မိမိထပ်ထည့်သည်။)**

ဥပဇ္ဈာယော စေ ကေသမဿု ဩရောပနာဒီနိ အကတွာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ၊ န ရုဟတိ ပဗ္ဗဇ္ဇာ။ **(ဗိ၊ စာ - ၄၁၁)**

သစေ ပန ဥပဇ္ဈာယော သယမေဝ သဗ္ဗံ သိက္ခာပေတိ၊ အညသ္မိံ န နိယျာတေတိ၊ ဥပဇ္ဈာယောဝဿ အာစရိယောပိ ဟောတိ။ **(တိ၊ စာ - ၉၅)**

ဤအထက်ပါ ပါဠိတော်အဋ္ဌကထာ ဋီကာတို့ဖြင့် သာမဏေတို့၌ ဥပဇ္ဈာယ်ရှိကြောင်း ဥပဇ္ဈာယ် ယူအပ်ကြောင်းကို မှချမှတ်အပ်၏။

သာမဏေတို့ နိဿရည်းယူသင့် မယူသင့် (မာနတ္ထာဒီဝါဒ)

ရှင်သာမဏေသည် (ဥပဇ္ဈာယ်နှင့်ကင်း၍နေသော်) ရေဝတသာမဏေတစ်ပါးတည်းနေသည်ကို ထောက်၍ နိဿရည်းမယူဘဲနေအပ်၏ဟု ယူသောဝါဒလည်းရှိ၏။ သို့သော် ရှေးဆရာအစဉ်အလာအား ဖြင့် နိဿရည်းယူသောထုံးလည်းရှိရကား ရဟန်းကိုသော်မှလည်း ငါးဝါပြည့်မှ နိဿရည်းလွတ်ငြိမ်းခွင့် ပေးရကား နိဿရည်းယူခြင်းသည်သာ သာလွန်၍ သင့်လျော်မည်။ (ရေဝတသာမဏေတစ်ပါးတည်း နေသည် မှာ သိက္ခာပုဒ်တော် မပညတ်ခင်က နေသည်ဟုယူသင့်၏။ (မာနတ္ထာဒီ)။

ညောင်ကန်ဆရာတော်ဝါဒ

ကေစိတို့ကား သာမဏေတို့အား ဥပဇ္ဈာယ်ယူကာမျှဖြင့် ကိစ္စမပြီးသေး။ ဥပဇ္ဈာယ်ယူပြီးလျှင် နိဿ ရည်းလည်း ယူအပ်၏ဟူကုန်၏။

အထ ဝါ ပန အာဝုသော မယံ တုယှံ ဝတ္တပဋိပတ္တိံ ကရိဿတိ၊ အမှာကံ သန္တိကေ ဥပဇ္ဈံ ဂဏှိဿတိ၊ ဓမ္မံ ပရိယာပုဏိဿတီတိ စီဝရံ အဒမှ။ – ဟုသာမဏေတို့အား တစ်ပါးသောရဟန်းထံ၌ပင် ဥပဇ္ဈာယ်သာ ယူရာသည်ကိုပြသော စီဝရအစ္ဆိန္နသိက္ခာပုဒ် အဋ္ဌကထာ။ **(စာ၊ ၃၀၂)**

ဥပဇ္ဈံ ဂဏှိဿတီတိဣဒံ သာမဏေရဿပိ ဒါနံ ဒီပေတိ–ဟု အဋ္ဌကထာဝါဒကို မစွန့်မူ၍ မိန့်အပ် သော ဋီကာကြီးသုံးစောင်။ **[(သာ၊ စာ–၄၄၁)၊ (တိ၊ စာ–၃၅၈)၊ (ဗိ၊ စာ–၂၇၆)]**

ဥပဇ္ဈံ ဂဏှိဿတီတိ ဣဒံ သာမဏေရံ သန္ဓာယ ဝုတ္တံ – ဟု မိန့်အပ်သော ခုဒ္ဒသိက္ခာဋီကာသစ်။

ဥပဇ္ဈာယဿ သန္တိကေ ।~। ဥပဇ္ဈာယော မေ ဘန္တေ ဟောဟီတိ တိက္ခတ္တုံ ဝတ္တဗ္ဗံ၊ အာစရိယဿ သန္တိကေ ।~। အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ–ဟု လာသောလက်သန်း အဋ္ဌကထာ။ ဤအလုံးစုံသော အဋ္ဌကထာဋီကာတို့နှင့်ဆန့်ကျင်သောကြောင့် ကေစိတို့၏စကားကို မမှတ်အပ်၊ ထို့ကြောင့် သာမဏေတို့အား ဥပဇ္ဈာယ်သာယူအပ်၏။ အသီးအခြား နိဿရည်းယူဖွယ် မရှိပြီ။ ရဟန်းပင်ဖြစ်သော်လည်း ဥပဇ္ဈာယ်ထံ ဥပဇ္ဈာယ်ယူသော် နိဿရည်း ယူဖွယ်မရှိဟု သန္နိဋ္ဌာန်ချမှတ် အပ်၏။ **(သာရ၊ စာ – ၂၇၆)**

မိုးထားဆရာတော်ဝါဒ

သာမဏေတို့မှာကား ရဟန်းတို့ကဲ့သို့မဟုတ်၊ နေရာအရပ်တိုင်းမှာပင် ဥပဇ္ဈာယ်ယူ၍သာ နေအပ်သည်။ အဘယ်အာဂုံယုတ္တိကိုထောက်၍ သိအပ်သနည်းဟူသော်–အစ္ဆိန္နနသိက္ခာပုဒ်အဖွင့် (အဋ္ဌကထာ **စာ – ၃၀၂** တွင်)

အာဝုသော မယံ တုယှံ ဝတ္တပဋိပတ္တိံ ကရိဿတိ အမှာကံ သန္တိကေ ဥပဇ္ဈံ ဂဏှိဿတိ၊ ဓမ္မံ ပရိယာပုဏိဿတီတိ စီဝရံ အဒမှာ။ သော ဒါနိ တွံ န ဝတ္တံ ကရောသိ၊ န ဥပဇ္ဈံ ဂဏှာသိ၊ န ဓမ္မံ ပရိယာပုဏာသီတိ။

ဟူ၍လည်းကောင်း။

ဝဇိရဗုဒ္ဓိဋီကာ **(စာ – ၂၇၆)**၌ ဥပဇ္ဈံ ဂဏှိဿတီတိ အာဒိဝစနံ သာမဏေရဿ ဒါနံ ဒီပေတိ ဟူ၍လည်းကောင်း လာသည်ကိုထောက်၍ သိအပ်၏။ **(ဝိနယသမုဟ – ၃၊ စာ – ၄၂၈)**

လုံးတော်ဆရာတော်ဝါဒ

အဝေးအရပ်သို့ ပညာသင်ကြားရန်သွားနေသော သာမဏေသည် ဥပဇ္ဈာယ်ရင်းရှိနေသေးမူ အခြားပုဂ္ဂိုလ်ထံတွင် ဥပဇ္ဈာယ်သစ်မယူသင့်။ လိင်ပြန်လျှင် ဥပဇ္ဈာစရိယ သဒ္ဓိဝိဟာရိကအဖြစ်မှ ကင်းပြီးဖြစ်၍ အသစ်ဥပဇ္ဈာယ် ယူစေအပ်၏။ လိင်မပြန်မူကား အခြားဥပဇ္ဈာယ် ယူဖွယ်မရှိ။ **(ပကိဏ္ဏကဝိသဇ္ဇနာ – ၃၊ စာ – ၃၈)**

ဝနဝါသီတိဿ သာမဏေထုံး (ဟာလဝင် - ဓမ္မပဒ အဋ္ဌကထာ ၊ ပ - စာ ၃၃၃)

တိဿ ပိဏ္ဍပါတဒါယကတိဿ ကမ္ဗလဒါယကတိဿ ဝနဝါသီတိဿဟု လေးမည်ရသော တိဿသာမဏေကား အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ၌ ဥပဇ္ဈာယ်ယူ၍ ရှင်သာမဏေအဖြစ်ကို ရရှိပြီးသော အခါ ဇေတဝန်ကျောင်းတော်မြတ်၌ သီတင်းသုံးနေရသည်မှာ ဆွေမျိုးတို့၏လှူဒါန်းခြင်း၊ မေးမြန်းခြင်းစသော အနှောင့်အယှက်များဖြစ်သဖြင့် တရားဘာဝနာကိုအလိုရှိသလို မပွားများနိုင်ရကား မြတ်စွာဘုရား အထံတော်၌

အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းတရားကိုသင်ယူ၍ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ်မြတ်အား ပန်ကြားပူဇော်ပြီးလျှင် သာဝတ္ထိပြည်မှ ယူဇနာ(၁၂၀)ကွာသော တောတစ်ခု၌ တောကျောင်းတစ်ကျောင်းဝယ် အေးချမ်းစွာသီတင်းသုံး၍နေရာ ဒါယကာတို့က တောင်းပန်ကြသဖြင့် ဝါတွင်းသုံးလပတ်လုံးပင် ထိုတောကျောင်း၌ ဆက်လက်သီတင်းသုံး၍ တရားဘာဝနာများကို ပွားများအားထုတ်လေရာ (၃)လမြောက်၌ ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ ဤကား ခုနစ်နှစ် ခုနစ်လအတွင်း ရရှိသော အမည်ထူး တရားထူးများဖြစ်သည်။ ဤထုံးကိုနှလုံးမူ၍ ရှင်သာမဏေတို့သည် ဥပဇ္ဈာယ်နှင့် ကင်း၍လည်း နေအပ်၏ဟု ယူသောဝါဒလည်းရှိ၏။

ညောင်လေးပင်တောရဆရာတော် အရှင်အရိယ၏
ဝါဒတစ်ရပ်

တတိယမြောက် ညောင်လေးပင်တောရဆရာတော် အရှင်အရိယ၏ ရှင်သာမဏေဥပဇ္ဈာယ်ဆရာကား ပထမညောင်လေးပင်တောရ ဆရာတော်ကြီးဖြစ်သည်။ တစ်ဖန် ထိုညောင်လေးပင်တောရကျောင်းအတွင်းရှိ သီလဝိသောဓနီသိမ်၌ ရှင်အရိယရဟန်းတက်သောအခါ၌ကား ကျော်ကြားသော ဘုန်းတော်ကြီးဦးသီလကို ဥပဇ္ဈာယ်ဆရာပြု၍ ပဉ္စင်းပြုသည်ဟု ညောင်လေးပင်ထေရာပါဒါန်၌ ဖော်ပြသည်ကိုတွေ့ရ၏။ ရှင်သာမဏေဘဝက မူလဥပဇ္ဈာယ်ရှိသော်လည်း ပဉ္စင်းခံသောအခါ အခြားတစ်ပါးသော ပုဂ္ဂိုလ်ထံ၌ ဥပဇ္ဈာယ်သစ်ယူ၍ ရဟန်းခံသောဝါဒတစ်ရပ် ဖြစ်သတည်း။ (- ပရိပုဏ္ဏဝဿသာမဏေရေနာပိ အညဿ သန္တိကေ ဥပဇ္ဈာ ဂဟေတဗ္ဗာ - ပါ ဋ္ဌနှင့်ညီသည်။)

အာရာမ်ခြားမှု

ဥပဇ္ဈာယ်ယူမည့် ရှင်သာမဏေနှင့် ဥပဇ္ဈာယ်ဆရာတို့သည် ကျောင်းဝင်းတစ်ဝင်းစီဖြစ်၍ အာရာမ်ခြားလျက်နေထိုင်ကြမူ ရှင်သာမဏေသည် ထိုဥပဇ္ဈာယ်ဆရာထံ၌ ဥပဇ္ဈာယ်ယူ၍မရဟု သထုံနိဗ္ဗိန္ဒ ဆရာတော်အမိန့်ရှိကြောင်းကိုလည်း တစ်ဆင့်စကားကြားရဖူးသည်။ ဥပဇ္ဈာယ်နှင့်စပ်သော မိုရာနိဿရည်း ပျက်သည်ဟု ယူဟန်ရှိ၏။ (နိဿယပဋိပဿဒ္ဓိကထာသို့ကြည့်)

ဆယ်ဝါမပြည့်သောရဟန်းငယ်သရဏဂုံပေးအပ် မပေးအပ်
(၁) အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးဝါဒ

(၁) ပေးအပ်ပါသည်

ဒဟရော ဝါ ပန သာမဏေရော ဝါ သာမဏေရီ ဝါ အာဏတ္တိယာ ကာသာယာနိ ဒါတုံ လဘတိဟု အဋ္ဌကထာဆရာ မဆိုမူ၍-

သာမဏေရော ပန သာမဏေရီ ဝါ အာဏတ္တိယာ ကာသာယာနိ ဒါတုံ လဘတိ။ **(မဟာ–၄–ပဗ္ဗဇ္ဇ၊ စာ–၂၄၈)** ဟူ၍သာ အဋ္ဌကထာဆရာဆိုတော်မူသောကြောင့် ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာ မစေခိုင်းသော်လည်း သင်္ကန်းကိုပေးခြင်းငှာရ၏ဟူသော အနက်ဖြစ်သင့်ရကား –

ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ၊ **(၄၊ စာ–၂၅၀)** ဟူသော အဋ္ဌကထာပါဠိ၌ ဘိက္ခုနာဝယ်ဘိက္ခု၏အရကို ပကတတ်ဖြစ်သော ထေရနဝမဇ္ဈိမ အားလုံးကိုပင် ယူသင့်သည်။ ယင်းသို့ယူသင့်သည်ဖြစ်၍ ဒဟရဘိက္ခုသည် ဥပဇ္ဈာယ်ဆရာကိုမရည်မူ၍ (သော်လည်း) သာမဏေပြုပေးသော် ဉာတောသုဒ္ဓိဖြစ်အံ့ သာမဏေအဖြစ်သို့ရောက်၏ဟု ကေန်မုချ မှတ်ယူသင့်သည်။ (သာမဏေရပဗ္ဗဇ္ဇာ ပန ဉာတောသုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ကေတော သုဒ္ဓိယာ – **(၄၊ စာ–၂၅၀)** ကို ထောက်ပါဟူ)

အာစရိယ

အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ အာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ – ဟူသော **(အဋ္ဌကထာ – ၂၅၀)** ၌ အာစရိယအရကို ဥပဇ္ဈာယ်ဆရာမှတစ်ပါး ပဗ္ဗဇ္ဇကံကို ရွက်ဆောင်သော ပကတတ်ဖြစ်သော ထေရနဝမဇ္ဈိမပုဂ္ဂိုလ်အလုံးစုံကို ယူသင့်သည်။ ယင်းသို့ယူမှသာ – သာမဏေရော ပန သာမဏေရီ ဝါ အာဏတ္တိယာ ကာသာယာနိ ဒါတုံ လဘတိ – ဟူသော **(အဋ္ဌကထာ၊ စာ–၂၄၈)**နှင့်ညီမည်။

(၂) သရဏဂုံပေးသင့်ကြောင်းသာဓက

အဋ္ဌကထာ၌ ပဉ္စင်းငယ်အားစေခိုင်းရာ၌ သရဏာနိ ပန သယံ ဒါတဗ္ဗာနိ ဟုမဆိုမူ၍ သာမဏေ အား စေခိုင်းရာ၌သာ သရဏာနိ ပန သယံ ဒါတဗ္ဗာနိ၊ **(စာ – ၂၄၈)** ဟုဖွင့်ဆိုသောကြောင့် ပဉ္စင်းငယ်သည် လည်း သရဏဂုံ ပေးခြင်းငှာအပ်၏။ ထို့ကြောင့် –

ပုရိသံ ဟိ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိ၊ မာတုဂါမံ ဘိက္ခုနိတော အညော။ **(မဟာဝါ – ၄၊ စာ–၂၄၈)**

ပုရိသံ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န ဝဋ္ဋတိ **(ဝိနိစ္ဆယ – ၄)**

ပဗ္ဗာဇေဟီတိ ဣဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ ဟူ၍ အသီးအသီး မိန့်ဆိုတော်မူကြကုန်သည်။ **(တိ၊ စာ–၉၄)**

(၃) သာရတ္ထနှင့်ဝိနိစ္ဆယဋီကာ ရှင်းလင်းချက်

တေံ ပဗ္ဗာဇေဟီတိ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနဥ္စ သန္ဓာယ ဝုတ္တံ။ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတိ တွေ့ာပိ ဧသေဝ နယော။ **(သာ၊ စာ–၂၀၁)**

ပဗ္ဗာဇေတွာ နယာတိက္ကမိနာ ကေသေ ဆိန္ဒိတွာ ကာသာယာနိ အစ္ဆာဒေတွာ အာနေဟိတိ အဃ မတ္တော ဒီပိတောတိ ဒဋ္ဌဗ္ဗော။ အဝုတ္တော္တတိ ဥပဇ္ဈာယေန အနုယျောဇိတော။ သော ဒဟရော သစေ တံ သယမေဝ ကေသစ္ဆေဒနကာသာယစ္ဆာဒနေဟိ ပဗ္ဗာဇေတိ၊ ဝဋ္ဋတီတိ ယောဇနာ။ **(ဝိနိစ္ဆယဋီ၊ စာ-၁၃၀)**

ယင်းဋီကာနှစ်ရပ်တို့၌ ဒဟရဘိက္ခုသည် ကေသစ္ဆေဒန ကာသာယစ္ဆာဒန နှစ်ပါးသာအပ်၏ဟုဆိုသောစကားသည် ထေရာဓေယျ ပါတိမောက္ခံ ဟူသောပါဠိတော်နှင့်ညီစွာ ပါတိမောက်ပြရာ၌ မထေရ်ကြီးသည် နှစ်ဥဒ္ဒေသဝါစုဂ္ဂတရှိသည် ဖြစ်အံ့။ ပါတိမောက်ပြခြင်းသည် မထေရ်ကြီးနှင့် စပ်၏ဟူသကဲ့သို့ ထို့အတူ ဥပဇ္ဈာယ်ဆရာမျက်မှောက်ထင်ရှားရှိရာ၌ သရဏဂုံပေးခြင်းသည် ဥပဇ္ဈာယ်ဆရာနှင့်စပ်သောကြောင့် ဆိုသောစကားဖြစ်သည်။ ပဉ္စင်းငယ်သည် သရဏဂုံပေးခြင်းငှာ မထိုက်သောကြောင့်ဆိုသောစကားမဟုတ်ဟု ယူသင့်သည်။ (ထို့ကြောင့် ဤဋီကာဝါဒနှင့်လည်း မဆန့်ကျင်ဟူလို) ထို့ကြောင့် -

ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ဥပဇ္ဈာယော ဝ တတ္ထ ဣဿရော န အာစရိယော။ **(မဟာဝါ-ဠ၊ စာ-၂၉၁)**ဟု မိန့်အပ်၏။

(၄) ပဗ္ဗဇ္ဇကံမြောက်သည်

မထေရ်ကြီးမျက်မှောက်ထင်ရှားရှိလျက် မထေရ်ကြီးမစေခိုင်းဘဲ မထေရ်ကြီးကိုမရည်ဘဲ ပဉ္စင်းငယ်သည် သရဏဂုံပေးသည်ဖြစ်အံ့။ ထိုပဉ္စင်းငယ်အား ဒုက္ကဋ်အာပတ်သင့်၏။ ပဗ္ဗဇ္ဇကံမူကား ဥဘတောသုဒ္ဓိဖြစ်အံ့။ သမ္ပတ္တိဖြစ်၏ဟု ယူသင့်သည်။ သုတ္တုဒ္ဒေသဥပုသ်ပြုရာ၌ မထေရ်ကြီးနှစ်ဥဒ္ဒေသ နှုတ်ဝယ်ရှိပါလျက် မထေရ်ကြီးမတိုက်တွန်းဘဲ ပဉ္စင်းငယ်ပါတိမောက်ပြသည်ရှိသော် ပဉ္စင်းငယ်အား ဒုက္ကဋ်သာသင့်၍ ပါတိမောက်ပြခြင်းသည် သုဥဒ္ဒိဋ္ဌဖြစ်၏သို့။ ထို့အတူ ပဗ္ဗဇ္ဇကံသမ္ပတ္တိဖြစ်၏ဟု မှတ်ရသည်။

မထေရ်ကြီးမျက်မှောက် မရှိရာ

မထေရ်ကြီးမျက်မှောက်ထင်ရှားမရှိရာ၌ကား ယနေ့ခံသစ်စဖြစ်သော ပဉ္စင်းငယ်သည် ဥပသမ္ပဒကံကိုရွက်ဆောင်ရာ၌ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့်ညီစွာ ကမ္မဝါစာကို ရွတ်ခြင်းငှာစွမ်းနိုင်သဖြင့် ကမ္မဝါစာရွတ်ဖတ်သည်ဖြစ်အံ့ အာပတ်မသင့်မူ၍ ဥပသမ္ပဒကံသည် သမ္ပတ္တိဖြစ်၏သို့။ အာပတ်လည်းကင်း ပဗ္ဗဇ္ဇကံလည်း သမ္ပတ္တိဖြစ်၏ဟု ယူသင့်သည်။

(၅) ပါဠိတော်ယူဆပုံ

ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ၊ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ဟူ၍ ပရိဝါပါဠိတော် (စာ-၂၄၈)၌ ဟောတော်မူသောကြောင့် ဗျတ္တပဋိဗလ ဒသဝဿ ပရိပုဏ္ဏဘိက္ခုသာ သာမဏေပြုသင့်သည် မဟုတ်လောဟူမူ ပဗ္ဗာဇေတဗ္ဗံ ဥပသမ္ပာဒေတဗ္ဗံပါဠိတော်၏ ဥပဇ္ဈာယေန ဟုတွာ ပဗ္ဗာဇေတဗ္ဗံ ဥပသမ္ပာဒေတဗ္ဗံဟူသောအနက်ကိုယူသင့်ရကား ဒသဝဿပရိပုဏ္ဏဗျတ္တပဋိဗလ ပုဂ္ဂိုလ်ဖြစ်အံ့ ဥပဇ္ဈာယ်ပြု၍ သာမဏေပြုပေးသင့် ပဉ္စင်းခံပေးသင့်၏ ဒသဝဿအပရိပုဏ္ဏပုဂ္ဂိုလ်ဖြစ်အံ့

ဥပဇ္ဈာယ် မပြုမူ၍ သာမဏေပြုပေးသင့် ပဉ္စင်းခံပေးသင့်၏ဟု ယူသင့်သည်။ သိရာသော အကြောင်းကား –

ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေနာတိအာဒီသု န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော န ဂဟေတဗ္ဗော။ **(သာ၊ စာ–၂၃၉)**

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗော **(တီ၊ စာ–၁၀၇)** ဋီကာဆရာတို့ဖွင့်သည်ကို ထောက်သဖြင့်လည်းကောင်း

ဥပဇ္ဈာစရိယ နိဿယာစရိယ ပဗ္ဗာဇ္ဇာစရိယ ဥပသမ္ပဒါစရိယ ဓမ္မာစရိယငါးဦးတို့တွင် ရှေးဖြစ်သောဥပဇ္ဈာစရိယ၊ နိဿယာစရိယနှစ်ပါး၌သာ ဒသဝဿပရိပုဏ္ဏအင်္ဂါကို ယူသင့်သည် နောက်ဖြစ်သော ပဗ္ဗဇ္ဇာစရိယစသော သုံးပါးတို့၌ကား ဒသဝဿပရိပုဏ္ဏအင်္ဂါ မယူသင့်သည်ကို ထောက်သဖြင့်လည်းကောင်း သိရာသည်။

ဤသို့ဆိုအပ်ပြီးသော စကားရပ်တို့ကိုထောက်သဖြင့် ဆယ်ဝါမပြည့်သော ရဟန်းငယ်သည် ဥပဇ္ဈာယ်ဆရာက အာဏတ္တိကမပြုဘဲ ဥပဇ္ဈာယ်ဆရာကိုမရည်ဘဲ မိမိအလိုအလျောက် သာမဏေပြုသော်လည်း သာမဏေမဖြစ်သည်မဟုတ် သာမဏေဖြစ်၏ဟု ကေန္တနိသံသယမှတ်ယူ သင့်သည်။ **(ဝိနယသမုဟ - ဒု၊ စာ–၁၇၀) (အလားတူ–ဒု၊ စာ–၂၅၃)**

သုမနဝံသာဘိဓေ မဟာဓမ္မာစရိယဇဂ္ဂုရု ဆူးစါးဆရာတော်ဘုရားကြီး၏ မအပ်သောဝါဒ

(ပဗ္ဗဇ္ဇကမ်ဘေဒနီ ဝိနယသမုဟ – ပ – ၃၈၇)
(အကျဉ်းချုံး၍ ဖော်ပြသည်။)

(၁) ဆရာငါးမျိုး

အာစရိယော ဝန္ဒိယောတိ ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော နိဿယာစရိယော ဥဒ္ဒေသာစရိယော ဩဝါဒါစရိယောတိ အယံ ပဉ္စဝိဓောပိ အာစရိယော ဝန္ဒိယော **(ပရိဝါ ဋ္ဌ၊ စာ–၂၂၄)**

ဤဆရာငါးရပ်၏ လက္ခဏာကို

ဣဒါနိ ယံ ပုဗ္ဗေ ''အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတု'' န္တိ သခေ်ပတော ဥပဇ္ဈာယာစရိယာနံ လက္ခဏံ ဝုတ္တံ၊ တံ ဝိတ္ထာရတော ဒဿေတုံ ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေနာတိ အာဒိမာဟ။ **(မဟာ ဋ္ဌ၊ စာ–၂၇၀)**ဟူသော အဋ္ဌကထာကိုထောက်၍ –

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိစသည်ဖြင့် ဟောတော်မူအပ်သော ပဉ္စကဆက္က သောဠသဒေသနာတို့သည်ကား ဆရာငါးရပ်တို့၏လက္ခဏာအင်္ဂါများပင် ဖြစ်သည်။

ပဗ္ဗဇ္ဇာစရိယနှင့် ဥပသမ္ပဒါစရိယ

ပဉ္စကဆက္က သောဠသ၌ ပဗ္ဗာဇေတဗ္ဗော သဒ္ဒါမပါသော်လည်း ဦနဒသဝဿပဗ္ဗဇ္ဇာစရိယကို ပဉ္စက သို့သွင်းသင့်ပေသည်။ (–ရှင်သာမဏေမပြုပေးအပ်ဟူလိုသည်)

ဓမ္မန္တေဝါသိကောဝ ဟုတွာ ဧကံ ကာလံ ဥပဇ္ဈာယဿ ကမ္မံ ကရောတိ၊ ဧကံ ကာလံ သိက္ခတိ **(ဝိဝရက္ခန္ဓက ၊ ဋ္ဌ ၊ ဓိဝကဝတ္ထု၊ စာ – ၃၉၇)**၌ ဓမ္မာစရိယနှင့် ဥပဇ္ဈာစရိယထပ်တူလာသည်။ ပဗ္ဗဇ္ဇာစရိယနှင့် ဥပသမ္ပဒါစရိယလည်း ထပ်တူလာသင့်သည်။

သုဝစော နုခေါ် သာရိပုတ္တ တေ အန္တေဝါသိကောတိ၊ အာမ ဘန္တေ အတိဝိယ သုဝစော၊ ကိံသ္မိဉ္စိ ဒေါသေ ဝုစ္စမာနေ န ကုဇ္ဈပုဗ္ဗော။ **(ဓမ္မပဒ –ဌ၊ စာ–၃၄၆,၃၄၇)**

သော သတ္ထာရံ ဥပသင်္ကမိတွာ ယာဝ အရဟတ္တာ ကမ္မဋ္ဌာနံ ကထာပေတွာ ဥပဇ္ဈာယံ ဝန္ဒိတွာ ပတ္တစီဝရမာဒါယ ဝိဟာရာ နိက္ခမိတွာ သစေ အာသန္နဋ္ဌာနေ ဝသိဿာမိ ဉာတကာ မံ ပက္ကောသိဿန္တီ'တိ ဝီသတိယောဇနသတံ မဂ္ဂံ အဂမာသိ၊ **(ဓမ္မပဒ ဌ တိဿသာမဏေရဝတ္ထု၊ စာ – ၃၃၇)**

ယင်းသည့် အဋ္ဌကထာနှစ်ရပ်၌ အန္တေဝါသိကော ဥပဇ္ဈာယံဟူသော သဒ္ဒါနှစ်ရပ်ဖြင့် ဥပဇ္ဈာယ အာစရိယနှစ်ပါး မထူးခြားသည်ကိုပြသဖြင့် သရဏဒါနအာစရိယသဒ္ဒါ၏ ဥပဇ္ဈာရဟအဖြစ်သည် ထင်ရှား၏။

ထေရနှင့်သာစပ်ပုံ

သုဒိန္နံ ကလန္ဒပုတ္တံ ဖိနဒတ္တိယံ သဒ္ဒိဝိဟာရိကံ လဒ္ဓါ ပဗ္ဗာဇေသိ စေဝ၊ ဥပသမ္ပာဒေသိစ၊ **(ပါ–ဌ၊ စာ–၁၇၃)**၌ ဥပဇ္ဈာယ်ဆရာပင် ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်းနှစ်ကိစ္စကို တစ်ဦးတည်းပြုဟန် ကြိယာသမုစ္စည်းဖြင့် ဆိုချေသည် ဖြစ်ရကား – ဒသဝဿထေရသာပဗ္ဗဇ္ဇကံကို ကေန်ဆောင်ထိုက်သည်။

သတ္တာ အညတရံ ပိဏ္ဍပါတစာရိကံ ဘိက္ခုံ ဣမံ ဒါရကံ ပဗ္ဗာဇေဟီတိ အာဏာပေသိ၊ ထေရော တဿ တစပဉ္စကကမ္မဋ္ဌာနံ အာစိက္ခိတွာ ပဗ္ဗာဇေသိ (ဓမ္မ – ဌ၊ စာ–၁၅၅)ရှေ့ဝါကျ၌ ဘိက္ခုံဟုသာမညဆိုသော်လည်း နောက်ဝါကျ၌ ထေရောဟုဝိသေသပြု၍ဆိုသည်တစ်ရပ်။

ပဗ္ဗာဇေန္တေဟိ ပန တသ္မိံ သံဃမဇ္ဈေ နိသိန္နေယေဝ ''တွံ ပဗ္ဗာဇေဟိ၊ တွံ အာစရိယော ဟောဟိ၊ တွံ ဥပဇ္ဈာယော ဟောဟီ''တိ ထေရာ ဘိက္ခူ န ဝတ္တဗ္ဗာ။ **(မဟာ–ဌ၊ –၂၇၃)**၌ ပဗ္ဗဇ္ဇာစရိယ နိဿယာစရိယ ဥပဇ္ဈာစရိယသုံးပါးမှာပင် ထေရသဒ္ဒါ ထင်သည်လည်းတစ်ရပ်။

မဟာဝရုဏတ္ထေရောနာမ ကော အရဟာ (ပ) နိဂြောဓကုမာရံ ပဗ္ဗာဇေသိ။ **(ပါ–ဌ၊ စာ–၃၄,၃၅)**

သံဃော ရညော ဝစနံ သမ္ပဋိစ္ဆိတွာ ကုမာရံ မောဂ္ဂလိပုတ္တတိဿတ္ထေရေန ဥပဇ္ဈာယေန မဟာဒေဝတ္ထေရေန စ အာစရိယေန ပဗ္ဗာဇေသိ၊ မဇ္ဈန္တိကတ္ထေရေန အာစရိယေန ဥပသမ္ပာဒေသိ။ **(ပါ–ဌ၊ စာ – ၃၉)**

အရိဋ္ဌောပိ ခေါ် ရညော ဘာဂိနေယျော ပဉ္စဟိ ပုရိသသတေဟိ သဒ္ဓိံ ထေရဿ

သန္တိကေ ပဗ္ဗဇိတွာ န စိရဿေဝ သပရိဝါရော အရဟတ္တေ ပတိဋ္ဌာသိ၊ **(ပါ–ဌ၊ စာ–၇၄)**တို့၌လည်း ဒသဝဿပရိပုဏ္ဏထေရသာ ပဗ္ဗဇ္ဇကံဆောင်ကြောင်း ထင်သည်လည်းတစ်ရပ်။ ဤအရပ်ရပ်သော အဋ္ဌကထာ တို့အရ ပဗ္ဗဇ္ဇကံ၌ ထေရသာ သန္နိဋ္ဌာနဓမ္မအဋ္ဌကထာဝါဒ ဖြစ်သည်။

ဘိက္ခူ ဥပသင်္ကမိတွာ ပဗ္ဗဇ္ဇံ ယာစိ၊ အထ နံ ဘိက္ခူ သာဓု ဥပါသကာတိ ပဗ္ဗာဇေသုံ၊ (ဓမ္မ–ဌ) (မဟာပန်ရဟန်းပြုခန်း)၌ ဘိက္ခူဟုသာမညဆိုသော်လည်း ရှေးအဋ္ဌကထာ၌ (အထက်၌) ထေရနှင့်ဆိုချေရကား သာမညမယူသင့်၊ ဘိက္ခူအရ ထေရကိုသာယူသင့်သည်။

သာမဏေနိဿရည်း ပေးဟန်ထင်သောအရာ

သတ္တာရာပိ ''ကိံ သံကိစ္စ, အန္တေဝါသိကာ တေ လဒ္ဓါတိ ဝုတ္တေ ''အာမ ဘန္တေ''တိ တံ ပဝတ္တိံ အာရောစေသိ၊ **(ဝမ္မ–၄၊ စာ–၄၃၂)**

တတော ပဋ္ဌသတာပိ စောရာ သာမဏေရံ ဝန္ဒိတွာ ပဗ္ဗဇ္ဇံ ယာစိံသု၊ သော တေသံ အသိဓာရာပဟိ ဝေ ကေသေစေဝ ဝတ္ထဒသာစ ဆိန္ဒိတွာ တမ္ဗမတ္တိကာယ ရဇိတွာ တာနိ ကာသာယာနိ အစ္ဆာဒါပေတွာ ဒသသု သီလေသု ပတိဋ္ဌာပေတွာ တေ အာဒါယ ဂစ္ဆန္တော စိန္တေသိ၊ **(ဝမ္မ–၄၊ စာ–၄၃၁)**တို့၌ သာမဏေ နိဿရည်းပေးဟန် တပည့်မွေးဟန်ထင်သော်လည်း မယူရာ။

အပရေန သမယေန သံကိစ္စော ဥပသမ္ပဒံ လဘိတွာ ဒသဝဿော ဟုတွာ သာမဏေရံ ဂဏှိ။ သော ပန တသေဝ ဘာဂိနေယျော အဓိမုတ္တသာမဏေရော နာမ **(ဝမ္မ–၄၊ စာ–၄၃၂)**ဟူသော အဋ္ဌကထာ စကားရပ်ကိုသာ ဒဋ္ဌီ ပြု။

ထေရအဆုံးအဖြတ်

ထေရော ဝါ နဝေါ ဝါ မဇ္ဈိမော ဝါ

ပရိပုဏ္ဏဒသဝဿတာယ ထေရော ဝါ ဦနပဉ္စဝဿတာယ နဝေါ ဝါ၊ အတိရေကပဉ္စဝဿတာယ မဇ္ဈိမော ဝါ တိ အတ္ထော။ **(ပါ–၄၊ စာ–၂၀၄)** ယင်းသည် အဋ္ဌကထာနှင့်အညီ ထေရဖြစ်ပုံကို မှတ်ယူသင့်သည်။

အထဿ ကမ္မလဒါယကတိဿတ္ထေရောတိ နာမံ ကရိံသု **(ဝမ္မ – ၄၊ စာ ၃၃၇၊ တိဿ သာမဏေဝတ္ထု)** ၌ တေဝိဖွဆဋ္ဌာဘိညာ သာမဏေရဟန္တာများကိုလည်း ထေရဟုသုံးသောအရာများရှိ၍ အချို့အရာ၌လည်း နဝကကို ထေရဟုသုံးသောအရာလည်းရှိသဖြင့် ဤ၌ဦနဒသဝဿကို ထေရဟူ၍ မယူသာ။

သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေတဗ္ဗော ဥဒ္ဒေသေန ပရိပုစ္ဆာယ ဩဝါဒေန အနုသာသနိယာ။ (မဟာဝါ– ဥပဇ္ဈာယဝတ် စာ–၆၃)၌ ဒသဝဿ ဝယောဝုဒ္ဓလက္ခဏာအင်္ဂါသာထင်မြင်ရကား ပဗ္ဗဇ္ဇကံ၏ ဒသဝဿ အရာသည် အလွန်ထင်ရှားသည်ပင်ဖြစ်သည်။

(၂) ဦးနဒသဝဿ မဖြစ်သင့် - အာပတ်သင့်သည်

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ န အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ။ လ။ ဦနဒသဝဿော ဟောတိ ။ **(မဟာဝါ – ပါ၊ စာ–၉၄)**

န ဥပသမ္ပါဒေတဗ္ဗန္တိ ဥပဇ္ဈာယေန ဟုတွာ န ဥပသမ္ပာဒေတဗ္ဗံ။ န နိဿယော ဒါတဗ္ဗောတိ အာစရိယေန ဟုတွာ နိဿယော န ဒါတဗ္ဗော။ **(မဟာ–၄၊ စာ–၂၇၁)**

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော န ဂဟေတဗ္ဗော၊ အယမတ္ထော အင်္ဂုတ္တရနိကာယဋ္ဌကထာယံ ဝုတ္တောယေဝ။ **(သာ၊ ဧာ–၂၃၉)**

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗော ။ **(တိ၊ ဧာ–၁၀၇)**

ပဗ္ဗဇ္ဇာဓိကာရေ ပဗ္ဗဇ္ဇာဝ သဗ္ဗတ္ထ ဥပသမ္ပဒါဘိလာပေန အဓိပ္ပေတာ တဒနုဘာဝတော ဥပသမ္ပဒါယ **(ဗိ၊ ဧာ–၄၃၆)** (ရှင်သာမဏေမှတစ်ဆင့် ရဟန်းခံအပ်၏ဟု ယူလိုဟန်ရှိ၏) (ကြားညှပ်အဓိပ္ပာယ်)

ဆက္ကေသု ဦနဒသဝဿပဒံ ဝိသေသော ၊ တံ သဗ္ဗတ္ထ အာပတ္တိကရံ၊ **(မဟာ–ဋ္ဌ၊ ဧာ–၂၇၂)**

အတ္တာပတ္တိ ဦနဒသဝဿော အာပဇ္ဇတိ နော ဒသဝဿော၊ **(ပရိ–ပါ၊ ဧာ–၂၁၇)**

အဟံ ပဏ္ဍိတော ဗျတ္တောတိ နဝေါ ဝါ မဇ္ဈိမော ဝါ ပရိသံ ဥပဋ္ဌာပေန္တော ဦနဒသဝဿော အာပဇ္ဇတိ၊ နော ဒသဝဿော **(ပရိ–ဋ္ဌ၊ ဧာ–၁၆၃)**

တိတ္ထိယပက္ကန္တကော အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော (မဟာ – ပါ၊ ဧာ–၁၂၀)

သော န ကေဝလံ န ဥပသမ္ပာဒေတဗ္ဗော၊ အထခေါ န ပဗ္ဗာဇေတဗ္ဗောပိ။ **(မဟာ–ဋ္ဌ၊ ဧာ–၃၀၂)** (ဥပသမ္ပဒနှင့် ပဗ္ဗဇ္ဇတူဟုယူဟန်ရှိသည်။)

န ဘိက္ခဝေ ဦနဒသဝဿေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ **(မဟာ–ပါ၊ ဧာ–၇၅)**

သို့ ပါဠိအဋ္ဌကထာ ဋီကာသုံးရပ်မြဲမြဲစွာ လာချေရကား ဦနဒသဝဿထေရ မပြောက်သူတို့ သရဏဂုံပေးခြင်း ဥပဇ္ဈာယ်ယူခြင်းများသည် ကေန်အာပတ်သင့်သည်။ ရှင်ဖြစ် မဖြစ်ကို ၎င်းပါဠိအဋ္ဌကထာ သုံးရပ်မှာပင် နိတတ္ထအထူးမဆို။ နောက်ဋီကာရှင်တို့ဆိုသည်ကိုလည်း အနိုင်အမာပမာဏမပြုသာ၊ ပမာဒ လေခ ဖြစ်ပလေရာသည်။

(၃) ပဉ္စကဆက္ကသောဠသဒေသနာ

ဥပသမ္ပာဒေတဗ္ဗော ပဗ္ဗာဇေတဗ္ဗော

ယေသဥ္စ ပဗ္ဗဇ္ဇာ ပဋိက္ခိတ္တာ၊ ဥပသမ္ပဒါပိ တေသံ ပဋိက္ခိတ္တာဝ(**မဟာ–ဋ္ဌ၊ ဧာ–၃၁၃**)နှင့်အညီ ဥပသမ္ပဒဘုံသို့ ရောက်ထိုက်သူသည် ယေဘုယျအားဖြင့် ပဗ္ဗဇဘုံသို့ရောက်ထိုက်သကဲ့သို့ ဥပသမ္ပဒ ဥပဇ္ဈာယ်ထိုက်သူမှာလည်း ပဗ္ဗဇ္ဇပဇ္ဇ ကေန်ထိုက်လေရကား ပဥ္စကဆက္ကသောဠသဝါရများ၌ န သာမဏေ ရော ဥပဋ္ဌာပေတဗ္ဗော ဟူသော ဝါကျအရကို ဥပဇ္ဈာယေန ဟုတွာ သာမဏေရော န ဂဟေတဗ္ဗော၊ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗောဟု သုတ်အဋ္ဌကထာ ဝိနည်းဋီကာရှင်တို့ ဖွင့်ဆိုပေသည်ကို အာပတ်မျှ မသင့်ဟု ယူခြင်းသည် ပဥ္စက ဆက္ကသောဠသဒေသနာတော်ကို ပုတ်ခတ်ရာကျသည်။ ဗျတ္တပဋိဗလဖြစ်မှ ဥပသမ္ပဒကံ ပြောက်လျှင် သောဠသဆက္က၌ ဒသဝဿအင်္ဂါ ဗျတ္တလက္ခဏာထင်ရကား ဒသဝဿနှင့်အင်္ဂါအတူ ပါသည့် ပဥ္စက (၈)ချက်အပါ ပဥ္စက ဆက္ကသောဠသအင်္ဂါ သာပတ္တိလက္ခဏာစုံလင်မှ သာမဏေရပဗ္ဗဇကံ ပြောက်ရာသည်ဟူသော အဓိပ္ပာယ်ကိုလည်း ယူသင့်တော့သတည်း။

ဥပသမ္ပါဒေတဗ္ဗောဟုဆိုလျှင် ပဗ္ဗာဇေတဗ္ဗောလည်း အတွင်းဝင်သကဲ့သို့ န ဥပသမ္ပာဒေတဗ္ဗောဆိုလျှင် န ပဗ္ဗာဇေတဗ္ဗောလည်း အန္တောဂဓဖြစ်လေရကား န ဘိက္ခဝေ ဦနဒသဝဿေန ဥပသမ္ပာဒေတဗ္ဗော ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ ဟု ဥပသမ္ပဒ်ကိုသာဟောသော်လည်း ပဗ္ဗဇ္ဇာပါသိမ်းယူသင့်သည်။

တဿာဓေယျော ဥပေါသထော, ပဝါရဏာ, သံဃကမ္မံ, ပဗ္ဗဇ္ဇာ,ဥပသမ္ပဒါ၊ နိဿယံ ဒေတိ၊ သာမဏေရံ ဥပဋ္ဌာပေတိ၊ သော တာသံ သာမိ **(ပါစိတ်–ဋ၊ စာ–၁၄၄)**

ယာပိ စာယံ ဥပဇ္ဈာယေန ဟုတွာ ကုလပုတ္တာနံ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ကာတဗ္ဗာ၊ အယမ္ပိ ဝိနယဓရာယတ္တာဝ **(ဘိက္ခုပါစိတ်–ဋ၊ စာ–၁၄၅)**

တွေ စ နိဿယဒါနဥ္စေဝ သာမဏေရုပဋ္ဌာနဥ္စ ကေမင်္ဂ။ **(၎င်း၊ စာ–၁၄၅)**

ဤအဋ္ဌကထာများ၌ ဥပသမ္ပဒ ပဗ္ဗဇ္ဇနှစ်ပါး၊ နိဿယဒါန သာမဏေရုပဋ္ဌာနနှစ်ပါးကို အညမည သဒိသတွဲဖက်၍ ယူရ ရကား ဥပသမ္ပဒဥပဇ္ဈာယ်ထိုက်သူမှ ပဗ္ဗဇ္ဇုပဇ္ဈာယ်ထိုက်သည် ပဗ္ဗဇ္ဇုပဇ္ဈာယ်ထိုက်မှလည်း သရဏဒါနထိုက်သည်။ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗော **(တိ၊ စာ–၁၀၇)** ကို ထောက်ပါ။

မဟာခန္ဓက၌ ဥပသမ္ပါဒေတဗ္ဗံသာ လာသော်လည်း ပရိဝါ၌ကား ပဗ္ဗာဇေတဗ္ဗံဟု သရုပ်ထုတ်၍ပြသည်။

ပဥ္စက ဆက္ကသောဠသဝါရများကို မထောက်မထား တုမှေဝ ပဗ္ဗာဇေထ ဟူသောစကားမျှဖြင့် ရဟန်းဟူသမျှ ပဗ္ဗဇိတ်ကိုသရဏဒါနပြု၍ ဆောင်သင့်တော့သည်သာဟု အတင်းအဓမ မယူရာ။ (–ဥပဇ္ဈာစရိယာနံ) ၌ ဥပဇ္ဈာယနှင့်တွဲ၍ပါသည့် အာစရိယကို နိဿယာစရိယဟုယူ၊ ယင်းသည့် နိဿယာစရိယသာ သရဏဒါနထိုက်သည်။

တုမှေဝ ဥပသမ္ပါဒေထ ဟူသောသာမညစကားကို

န ဘိက္ခဝေ ဦနဒသဝဿေန ဥပသမ္ပါဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပါဒေတုံ။ န ဘိက္ခဝေ ဗာလေန အဗျတ္တေန ဥပသမ္ပါဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပါဒေတုံ **(မဟာ–ပါ–၇၅)** ဟူသော ဝိသေသစကားဖြင့် ကွပ်၍ ဝိသေသစကားတည်စေဟူကြသဖြင့်

တုမှေဝ ပဗ္ဗာဇေထဟူသော သာမညစကားကို –

ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ပဗ္ဗာဇေတဗ္ဗံ–ဟူသော ဝိသေသစကားဖြင့် ကွပ်ရာမှာ ဝိသေသစကားမတည်စေနှင့် သာမညစကားအတိုင်းသာ ရှိစေဟူခြင်းများသည် ပဥ္စကဆက္က ဒေသနာကို ပုတ်ခတ်သည်ပင်ဖြစ်သည်။

ယဒိ ဟိ ဘဂဝါ တေသံ ''လဘေယျာမ ဥပသမ္ပဒ''န္တိ ယာစန္တာနံ ဥပသမ္ပဒံ ဒဒေယျ။ ဝံ သန္တေ ''ပါရာဇိကော ဟောတိ အသံဝါသော''တိ ပညတ္တံ သမူဟနေယျ။ **(ပါ–ဋ၊ စာ–၁၉၅)**၌ ဝဇ္ဇီတိုင်းသားရဟန်းတို့အား ဥပသမ္ပဒကို ခွင့်ပေးကာနှင့် မနုတ်သကဲ့သို့ (ခွင့်ပေး၍ မူလပညတ်တော်ကို မနုတ်သကဲ့သို့) ဝိသဒိသူပမာအားဖြင့် တုမှေဝ ဒါနိ ပဗ္ဗာဇေထ၌ ယထာရဟ ယထာလာဘနည်းအားဖြင့် ဒသဝဿထေရ၏ ပဗ္ဗဇ္ဇကံကို ပဥ္စကဆက္ကသောဠသဝါရဖြင့် ခွင့်ပေး၍ ဦနဒသဝဿ၏ ပဗ္ဗဇ္ဇကံကို နုတ်တော်မူသည်ပင်ဖြစ်သည်။

အင်္ဂါစုံညီမှ ကံမြောက်ဖွယ်

အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ–၌ သရဏဂုံနှင့်မပြည့်လျှင် ရှင်မဖြစ်ဟု မြတ်စွာဘုရားစကားမရှိသော်လည်း သရဏဂုံနှင့်မပြည့်လျှင် ရှင်မဖြစ်သကဲ့သို့ ဆဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာစသည်၌ အင်္ဂါခြောက်ပါးမစုံလျှင် ရှင်မဖြစ်ဟု မြတ်စွာဘုရားစကားမရှိသော်လည်း အင်္ဂါခြောက်ပါးစုံလျှင် မဖြစ်ဖွယ်မရှိ (မစုံလျှင် မဖြစ်ဖွယ်ရှိ၏ဟူလို)

န ဘိက္ခဝေ ဦနဒသဝဿေန ဂဏေန ဥပသမ္ပါဒေတဗ္ဗော၊ ယော ဥပသမ္ပါဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဒသဝဂ္ဂေနဝါ အတိရေကဒသဝဂ္ဂေနဝါ ဂဏေန ဥပသမ္ပါဒေတုံ၊ ဟူသော **(ပါဠိ စာ–၇၄)**၌ ဦနဒသဂဏဖြင့် မဇ္ဈိမဒေသဝယ် ဥပသမ္ပဒကံကိုဆောင်ရာ ကာရကသံဃာမှာ အာပတ်သင့်ရုံသာမက ဥပသမ္ပဒကံလည်း မမြောက်သကဲ့သို့ ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ပဗ္ဗာဇေတဗ္ဗံ၌လည်း ကတ္တား၏ သာပတ္တိအနာပတ္တိမျှကိုသာ ပြသည်မဟုတ်၊ ကတ္တားအင်္ဂါပျက်လေသဖြင့် ပဗ္ဗဇနကံမအောင်သည်ကိုလည်း ပြသေးသည်ပင်ဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ တိယောဇနပရမံ သီမံ သမ္မန္နိတုံ။ န ဘိက္ခဝေ အတိရေကတိယောဇနံ သီမာ သမ္မန္နိတဗ္ဗာ၊ ယော သမ္မန္နေယျ၊ အာပတ္တိ ဒုက္ကဋဿ။ ၌ ကတ္တားမှာသာ အာပတ်သင့်သည် ကံမှာသိမ်အောင် တော့သည်ဟု မယူရသကဲ့သို့ ပဉ္စကဆက္ကသောဠသဝါရမှာလည်း ပြုသူနဝကမှာသာ အာပတ်သင့်သည်၊ ကံဖြစ်သူပဗ္ဗဇ္ဇာပေက္ခမှာ ကံအောင်တော့သည်ဟု မယူရ။

ကေသဂ္ဂမတ္တမ္ပိ တိယောဇနံ အတိက္ကာမေတိ၊ အာပတ္တိဥ္စ အာပဇ္ဇတိ၊ သီမာ စ အသီမာ ဟောတိ။ **(မဟာ–ဋ၊ စာ–၃၂၇)**ကိုထောက်ရှုပါ။

ဘဂဝတာ ပညတ္တံ န သာပတ္တိကေန ဥပေါသထော ကာတဗ္ဗောတိက္ကဒံ ယဿ သိယာ အာပတ္တီတိ အာဒိဝစနေနေဝ ပါရိသုဒ္ဓိဒါနပညာပနေန စ ပါရိသုဒ္ဓိဥပေါသထပညာပနေန စ ပညတ္တံ ဟောတီတိ ဝေဒိတဗ္ဗံ။ **(မဟာ–ဋ၊ စာ–၃၄၅)** ၌ သာပတ္တိကဥပေါသထ၏ သာဝဇ္ဇကို မြတ်စွာဘုရား နီတတ္ထပညတ်တော်မမူသော်လည်း ယဿ သိယာ အာပတ္တိစသောစကားဖြင့်ပင် ပညတ်တော်မူသည်ဟု သမ္ဗုဒ္ဓသာဝက အရှင်မြတ်တို့အဓိပ္ပာယ် ယူတော်မူကြသကဲ့သို့ ဦနဒသဝဿ၏ ပဗ္ဗဇ္ဇကမ္မကို တံ အဇ္ဇ ပဋိက္ခိပါမိဟု နီတတ္ထ နုတ်တော်မမူသော်လည်း ပဉ္စကဆက္ကသောဠသဝါရဖြင့်ပင် နုတ်တော်မူသည်ဟု အဓိပ္ပာယ်ယူသင့်သည်။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနောဝါဒကံ သမ္မန္နိတုံ ဟူသောဒေသနာကို အသီးမနုတ်သော်လည်း အနုဇာနာမိ ဘိက္ခဝေ အဋ္ဌဟင်္ဂေဟိ သမန္နာဂတံ ဘိက္ခုနောဝါဒကံ သမ္မန္နိတုံဟူသောဒေသနာဖြင့်ပျက်လေ၍ သမ္မုန္နမတ္တဖြင့် ကံမမြောက်၊ အဋ္ဌင်္ဂသမ္မုန္နမှ ကံမြောက်သကဲ့သို့ ယံဝါ တံဝါတို့ သရဏဒါနမတ္တနှင့် ကံမမြောက်၊ ထေရသရဏဒါနမှ ကံမြောက်သည်ကိုပြခြင်းငှာ ပဉ္စကဆက္က သောဠသဝါရများကို ဟောတော်မူသည်။

ပဗ္ဗဇ္ဇန္တေန–ဥပဇ္ဈာယေန။ ဥပဇ္ဈာယန္တေန–ပဗ္ဗဇန္တေနဟု ပြောင်းလှယ်ကောင်းရကား ပဗ္ဗဇ္ဇန္တေနဟူသော ဝိသေသနဖြင့်ပင် ဒသဝဿထေရ်၏ ပဗ္ဗဇ္ဇကံ အလွန်ထင်ရှား၏။ နဝကကို ပဗ္ဗဇ္ဇန္တေနဟု တတိယာ ကတ္တားနှင့်ဆိုသောအရာ ပါဠိအဋ္ဌကထာမှာမထင်။ ဥပသမ္ပန္နကံမှာ ထေရဥပဇ္ဈာယ, နဝ, ထေရ, ကမ္မဝါ ဖြစ်သကဲ့သို့ ပဗ္ဗဇ္ဇကံမှာလည်း ထေရသရဏဂုံ၊ ထေရ၊ နဝ(၂)ပါး ကာသာယစွာဒန ကေသစ္ဆေဒန (၂)ပါး

ယုတ္တိအားဖြင့် ဖြစ်သင့်သည်။ ပဗ္ဗဇ္ဇန္တေနဟု အဋ္ဌကထာဆိုသောကြောင့် ဥပဇ္ဈာစရိယအင်္ဂါပင် ပဗ္ဗဇ္ဇာစရိယအင်္ဂါ ဖြစ်သင့်သည်။

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော-၌ သရဏဒါနပါယူသင့်သည်

န ပဗ္ဗာဇေတဗ္ဗံ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော **(စူဠ-ပါဠိတော်စာ - ၁၀)**

သောဓေတွာ ပဗ္ဗာဇေထ၊ သောဓေတွာ ဥပသမ္ပာဒေထ သောဓေတွာ နိဿယံ ဒေထ။

(စူ-ဋ္ဌ၊ စာ-၇၂) ဆိုသောကြောင့်

ဒသဝဂ္ဂေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ၊ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗောဟူသော ပရိဝါပါဠိတော် (၂၄၈) ၌ ပဗ္ဗာဇေတဗ္ဗံကို ပါဠိလွန်၊ ပါဠိမှား၊ ပါဠိပျက်၊ ပါဠိချွတ်ဟူ၍ မဆိုသင့်။

န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောဟူသော စူဠဝဂ္ဂ ပါဠိတော် ပါရိဝါသိကဝတ်၌ န သာမဏေရောတိ အညော သာမဏေရော န ဂဟေတဗ္ဗောဟု အဋ္ဌကထာ ဖွင့်ဆိုရာ၌ ပါရိဝါသိကရဟန်းသရဏဂုံပေးသော်လည်း ဝတ္တဘေဒဒုက္ကဋ်အာပတ်မသင့်ရာ။ မသင့်သည်ပင် ဟူ၍ ယူပြန်လျှင်လည်း အာစရိယေန ဟုတွာပိ ကမ္မဝါစာ န သာဝေတဗ္ဗာဟူသော အဋ္ဌကထာ၏ ၎င်းပါရိ ဝါသိကဝတ်၌ ဝတ္တဘေဒဒုက္ကဋ်အာပတ် မသင့်လေရာ။ ထို့ကြောင့် န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၌ သရဏဒါနပါယူသင့်သည်။

ဥပဇ္ဈာယ်ထိုက်၍ သာမဏေမွေးပိုင်သူမှာ သရဏဂုံပေး၍ ပဗ္ဗဇ္ဇကံကိုဆောင်ရာ၌ အပ်-မအပ်၊ ဖြစ်-မဖြစ်များကို ယုံမှားဖွယ်မရှိသောကြောင့် ပဗ္ဗာဇေတဗ္ဗံဟု သရုပ်မထုတ်သော်လည်း (နဝကတို့ပြုအပ်၏ဟု မဆိုသော်လည်း) န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၌ သင်္ဂြိုဟ်သင့်သည်ဖြစ်၍ ပရိဝါပါဠိတော်၌ သရုပ်ထုတ်၍ပြသည်။ ထေရနဝပြုလိုသမျှပြု၍ ပဗ္ဗဇ္ဇကံမြောက်လျှင် သာ တေရဟိ ထေရဿ ဝါ နဝဿ ဝါ သရဏဒါနမတ္တေနေဝ ရူပတီဟု ဆိုရာသည်။ ပဥ္စက ဆက္ကသောဠသဝါရများကိုမြော်၍ ထေရနဝမမှတ်မသားဘဲ သည်ကဲ့သို့ဆိုသည်ဟူ၍လည်း မှတ်ယူသင့်သည်။

(၄) နဝကာသရဏဒါန ထင်သောအရာ

တသ္မာ တဿ ဓမ္မကထာယ စေဝ ပသီဒိတွာ မိတ္တာမစ္စဉာတိကုလေဟိ စ နိက္ခမိတွာ ဗဟူ ကုလဒါရကာ ထေရဿ သန္တိကေ ပဗ္ဗဇိံ့။ လ။ ထေရော အတ္တနော ဒသဝဿကာလေ ဝိနယံ ပဂုဏံ ကတွာ သဗ္ဗေ ဥပသမ္ပာဒေတိ။ **(အင်္ဂုတ္တရအဋ္ဌကထာ ဥပသေနဝတ္ထု၊ စာ-၂၁၂)** ဤ၌အရှင်ဥပသေနမထေရ်မှာ ပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်ဖြစ်၍ ပထမ၊ ဒုတိယ၊ ပဥ္စကအင်္ဂါဆယ်ပါးစုံလင်သူဖြစ်၍ ဆယ်ဝါမရမီ ပဗ္ဗဇ္ဇကံကိုဆောင်သော်လည်း ယခုကာလ နဝက အပ္ပသုတတို့ အတုမလိုက်သင့်။ မထေရ်မှာ သူတစ်ပါးပြည့်စုံနိုင်ခဲ့သည့် အင်္ဂါပြည့်စုံလေသေးသည်။ သူတစ်ပါးသူတို့မှာ ဒသဝဿစသောအင်္ဂါကိုပင် ဥပဇ္ဈာယ်နိဿရည်းမြောက်အောင် အနိုင်အမာပြုသင့်သည်။

တစ်နည်းမှာ – န ဘိက္ခဝေ ဦနဒသဝဿေန ဥပသမ္ပာဒေတဗ္ဗော စသောသိက္ခာပုဒ်တော်ကို ပညတ်ပြီး ဖြစ်၍ သိကာမတ္တအရိယာသခင်အရှင်သူမြတ်သည် သိက္ခာပုဒ်တော်ကို မကျော်နင်းရာ။ မိုတင်းစရာမထေရ် ကြီး ကေနိမချွတ်ရှိလေရာသည် ဂဏာဗန္ဓိကဖြင့် မြတ်စွာဘုရားအပြစ်တင်ကိုလည်း ခံရပြီးသူဖြစ်သည်။ မကျော်နင်းကြောင်းလည်း –

န မယံ အပညတ္တံ ပညပေဿာမ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိဿာမ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿာမဟု သန္တတသိက္ခာပုဒ်မှာ မထေရ်ပင် သီဟနာဒကို ကြုံးဝါးပြီးဖြစ်သည်။

တစ်နည်းမှာ – ပဗ္ဗာဇေတိကြိယာ၏ ကာရိတ်ကံကို ထေရဟုလာလျှင် ပဗ္ဗာဇေတိကြိယာဖြင့်ပင် မိုတင်းစရာ မထေရ်ရှိသည်၏အဖြစ် မိမိဥပဇ္ဈာယ်မူ၍ သရဏဂုံမပေးသည်၏အဖြစ်သည် အလွန်ထင်ရှားစွာ၏။

တေ ပဋ္ဌဝဿာ ဟုတ္វာ မာတိကံ ပဂုဏံ ကတ္វာ မန္တယိသု (ပ) ပုပ္ဖေဟိစ ဖလေဟိစ ကုလာနိ သင်္ဂဏှန္တာ ကုလဒါရကေ ပဗ္ဗာဇေတွာ ပရိသံ ဝဍ္ဎေယာတိ။ **(ပါ–၄၊ စာ–၁၉၉ ကုလဒူသက)**၌ ပဋ္ဌဝဿ ပဗ္ဗဇ္ဇထင်သည် ဟူ၍ နဝက သရဏဒါနကို အခိုင်အမာ မယူသာ။ မည်သည့်ကာလ မည်သည့်သိက္ခာပုဒ် ဖြစ်သည်ဟူ၍ အဋ္ဌကထာဋီကာဆရာတို့ပင် ဗုံ့ဗုံ့ရဲရဲမဆိုနိုင် ဖြစ်ချေသည်။ ဦနဒသ (ဝဿ) ဥပသမ္ပန္နကို 'မြတ်စွာဘုရားဆယ်ဝါရမှ မြစ်တော်မူသည်ဟု ဋီကာဝဇီရ၌ အနုမာနဆ၍ ဆိုသည်။ ယင်းသည့်အထက်ပါ စကားရပ်၌လည်း (ဆဗ္ဗဂ္ဂီရဟန်းတို့သည်) ငါးဝါရ၍ မန္တနတိုင်ပင်မှုပြုကြသည်ကိုသာ နီတတ္ထဆိုသည်။ ငါးဝါရနှင့် ပဗ္ဗဇ္ဇနပြုသည် မဆို။

(၅) သာမဏေတို့ ဥပဇ္ဈာယ်အသီးအခြားယူဖွယ် မရှိ

ဥပဇ္ဈာယသမောဓာနနိဿယပဋိပဿမ္ဘန လက္ခဏာထင်ရကား ဥပဇ္ဈာယမှာ နိဿရည်းအသီး ယူဖွယ် မရှိသကဲ့သို့ သရဏဂုံပေးသူမှာ ဥပဇ္ဈာယအသီးယူဖွယ်မရှိ။

အာဝုသော မယံ တုယှံ ဝတ္တပဋိပတ္တိံ ကရိဿတိ၊ အမှာကံ သန္တိကေ ဥပဇ္ဈံ ဂဏှိဿတိ၊ ဓမ္မံ ပရိယာပုဏိဿတီတိ စီဝရံ အဒမှ **(အဋ္ဌိနူန–ပါဠိ၊ စာ–၃၀၂)**

ဥပဇ္ဈံ ဒတွာ ဂဟိတသာမဏေရာပိ ဝတ္တဗ္ဗာ အဟံ ဝိနယကမ္မံ ကရောမိ၊ မယှံ ဝတ္တံ မာ ကရော ထာတိ။ **(ဓု–ပါရိဝါသိကဝတ္တ–၄၊ စာ –၈)**

ဥပဇ္ဈံ ဒတွာ ဂဟိတသာမဏေရာပီတိ ပကတတ္တကာလေ ဥပဇ္ဈံ ဒတွာ ဂဟိတသာမဏေရာပိ။ **(သာ၊ စာ–၃၆၂)**

ယင်းသည် အဋ္ဌကထာဋီကာများကား သရဏဒါန ဥပဇ္ဈာယ်ကိုရည်သည်။

ဥပဇ္ဈာယေန ဟုတ္វာ န ဥပသမ္ပာဒေတဗ္ဗံ ဥပဇ္ဈာယေန ဟုတ္វာ န ပဗ္ဗာဇေတဗ္ဗံဟူသော အဋ္ဌကထာ ဋီကာစကားနှစ်ရပ်၌ ဥပသမ္ပဒကံမှာ နဝကသည် ကာရကသံဃာကမ္မဝါစာဆရာပြုသကဲ့သို့ ပဗ္ဗဇနကံ မှာလည်း သရဏဒါနပဗ္ဗဇနမတ္တမှာ အပ်တော့သည်သာ။ ကံအောင်တော့သည်သာဟုယူလျှင် ဥပဇ္ဈာ ဥပသမ္ပဒါနှစ်ပါးမှာ သရုပ်သဘောကွဲလွဲထူးခြား၍ ဒွန်ဖြစ်သကဲ့သို့ ဥပဇ္ဈာပဗ္ဗဇနနှစ်ပါးမှာလည်း သရုပ် သဘောနှစ်ပါး ကွဲလွဲထူးခြားရာသည်။ ဥပဇ္ဈာပဗ္ဗဇနနှစ်ပါးမှာ ပူရေပစ္ဆာမဟုတ်ကြ။ ကေဝါရတစ်ကိစ္စတည်း ဖြစ်ပလေသည်။ သရဏဒါနမှတစ်ပါး အသီးအခြားဥပဇ္ဈာယ်ပေးဖွယ်၊ ယူဖွယ်မရှိ။ အကယ်၍ရှိခဲ့ပါလျှင် ပါဠိအဋ္ဌကထာမှာ ထင်ရာသည်။ ယူသော် လူ့ဘုံက ယူသည်။ ပညတ်တော်လည်း လူ့ဘုံသို့မရောက်။

ကော်သံ ဥတ္တရာသင်္ဂဇသည်လည်း (ဥပဇ္ဈာယ်ယူပုံအခြင်းအရာ)ရှင်ရဟန်းမှာသာထင်သည်။ သရဏဒါနပင် ဥပဇ္ဈာယ်မြောက်သည်။ ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗောဟူ၍လည်းကောင်း။ ။ န ဘိက္ခဝေ သဒ္ဓိဝိဟာရိကေန ဥပဇ္ဈာယမှိ န သမ္မာ ဝတ္တိတဗ္ဗံ ယော န သမ္မာ ဝတ္တေယျ အာပတ္တိ ဒုက္ကဋဿဟူ၍လည်းကောင်း **(ပါဠိ၊ စာ–၆၈)** လာသောကြောင့် ဥပဇ္ဈာယ်ပေးခြင်း ယူခြင်းများသည် ဥပသမ္ပန္နမှာသာ။ သာမဏေမှာ သရဏဂုံပေးခြင်းဖြင့်ပင် ဥပဇ္ဈာယ်မြောက်သည်။ ဥပဇ္ဈာယ်အသီးယူဖွယ်မရှိရကား ဥပဇ္ဈာယ် သရဏဒါနသာ နဝကမအပ်၊ သရဏ ဒါနမတ္တမှာ အပ်သည်ဟုမယူရာ။ သစေ ဩကာသော ပောတိ၊ သယံ ပဗ္ဗာဇေတဗ္ဗော၌ ဥပဇ္ဈာယ်အသီးမယူ ပဗ္ဗဇ္ဇသုံးပါးပင် ဥပဇ္ဈာယ်မှုသည်ကိုလည်းထောက်။

တာဝဒေဝဿ သရဏဂမနာနိစ ဥပဇ္ဈာယဂ္ဂဟဏဥ္စ သေနာသနဂ္ဂါဟောစ ပဋိပ္ပဿမ္ဘတိ။ **(မဟာ–၃၊ စာ–၂၉၆)**

သရဏာနိ ဒါတဗ္ဗာနိ၊ ဥပဇ္ဈာယော ဒါတဗ္ဗော၊ သိက္ခာပဒါနိ ပန သရဏဂမနေနေဝ ဣဇ္ဈန္တိ။ သာမဏေရာနံ ဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ။ **(မဟာ–၃၊ စာ–၂၉၆)**

ယင်းသည့် အဋ္ဌကထာနှစ်ရပ်၌ ငြိမ်းခြင်းပေးခြင်းနှစ်ချက်မှာပင် သမုစ္စယတ္ထဝါကျဒွန်တူချေရကား သရဏနှင့် ဥပဇ္ဈာဂဟဏကို ကွဲသည်ဟူ၍မမှတ်ယူသာ။ ယင်းသာဓကဝယ် သာမဏေရာနံ စသောဝါကျဖြင့် ရဟန်းတို့အား ကမ္မဝါစာဖြင့် သီလစုံသကဲ့သို့ သာမဏေအား သရဏဂုံဖြင့် သီလစုံသည်ကိုသာ ပြသည်။ နဝက ကမ္မဝါစာထိုက်သကဲ့သို့ နဝကသရဏဒါနထိုက်သည်မဆိုလို။

ပဋ္ဌင်းလောင်းသာ ဥပဇ္ဈာယ်ယူအပ်သည်

ပရိပုဏ္ဏပဝီသတိဝဿဥပသမ္ပဒါပေက္ခသာ ဥပဇ္ဈာယ်ယူသင့်သည်။ ပရိပုဏ္ဏဝဿသာမဏေရေနာပိ အညဿ သန္တိကေ ဥပဇ္ဈာ ဂဟေတဗ္ဗာ။ ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော **(မဟာ–ပါ၊ စာ–၁၃၀)** တို့ကိုထောက်ပါ။

ရှင်သာမဏေ နိဿရည်းယူအပ်သည်

အရပ်တစ်ပါးသာမဏေသွား၍ နေဝါသိကမူရာ နိဿရည်းနှင့်ကိစ္စပြီးသည်။ မြတ်စွာဘုရား လက်ထက်သာမဏေတို့အား ဝါမှတ်သည်ပင်ဖြစ်သည်။ ထို့ကြောင့် ဥပဇ္ဈံ ဒတွာ စသည်ထင်သည်။

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော စသည်ပါဠိရှိရကား နိဿရည်းပေးခြင်း၊ ယူခြင်းမှာ သာမဏေပါ ဖြစ်၍ နိဿရည်းဆရာနှင့် ပဗ္ဗဇ္ဇကံသည် အလွန်စပ်၏။ အလွန်စပ်လေရကား မစပ်သူနဝက၏ သရဏ ဒါန ပဗ္ဗဇ္ဇကံကို ပယ်လှန်သင့်သည်ပင်ဖြစ်သည်။

(၆) ဗျတိရေကယူပုံ

ဥပသမ္ပာဒေတဗ္ဗံ၊ န ဥပသမ္ပာဒေတဗ္ဗံ ကြိယာဝိသေသျနှစ်ချက်ကို ဥပဇ္ဈာယေန ဟုတွာဟု ကြိယာ ဝိသေသနနှစ်ချက်မ–ရာ ဥပဇ္ဈာယေန ဟုတွာ န ဥပသမ္ပာဒေတဗ္ဗံဟုဖြစ်သောအခါ ဗျတိရေကပြန်လျှင်

ဥပဇ္ဈာယေန အဟုတွာ ဥပသမ္ပာဒေတဗ္ဗံဟူသော ဝါကျဖြစ်လေ၍ ဒသဝသထေရသည် ကာရကသံဃာ ကမ္မဝါစာဆရာမလုပ်သင့် ဥပဇ္ဈာယ်ဆရာနှင်နှင်သာ လုပ်ရာသည်ဟူသော အနဓိပ္ပေတပသင်္ဂရောက်ရာ သကဲ့သို့–

ပဗ္ဗာဇေတဗ္ဗံ၊ န ပဗ္ဗာဇေတဗ္ဗံ – ကြိယာဝိသေသျနှစ်ချက်ကို ဥပဇ္ဈာယေန ဟုတွာ ကြိယာဝိသေသနနှစ်ချက်မ–ရာ ဥပဇ္ဈာယေန ဟုတွာ ပဗ္ဗာဇေတဗ္ဗံဟုဖြစ်သောအခါ ဗျတိရေကပြန်လျှင် ဥပဇ္ဈာယေန အဟုတွာ ပဗ္ဗာဇေတဗ္ဗံဟူသောဝါကျဖြစ်လေ၍ ဒသဝသထေရသည် သရဏာဒါန ဥပဇ္ဈာယဒါနမှတစ်ပါး ပဗ္ဗာဇန နှစ်ပါးမထိုက်ဟူသော အနဓိပ္ပေတပသင်္ဂရောက်လေရကား ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗံ ဟူသော ဝါကျ၏ဗျတိရေကဖြစ်သော ဥပဇ္ဈာယေန အဟုတွာ ပဗ္ဗာဇေတဗ္ဗံဟူသော အဒိဋ္ဌဝါကျဖြင့် ဦနဒသပဗ္ဗဇ္ဇကံအောင် လေတော့သည်ဟု မယူသာ။

ပုဗ္ဗနှသမယံ နိဝါသေတွာဉ်၌ သာယနှသမယာဒီသု သြမုဋ္ဌိတွာဟု အဓိပ္ပာယ်မယူရသကဲ့သို့ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗံ၌ ဥပဇ္ဈာယေန အဟုတွာ န ပဗ္ဗာဇေတဗ္ဗံဟု မယူရာ။ ဗျတိရေကဖြစ်သင့်တိုင်း ဦနဒသဝသနဝကတို့ ပဗ္ဗဇ္ဇကံကို သရဏာဒါနပြုကောင်းသည် မယူသာ။

န ခေါ သုဒိန္န တထာဂတာ အနနုညာတံ မာတာပိတူဟိ ပုတ္တံ ပဗ္ဗာဇေန္တိ၌ မာတာပိတူဟိ အနနုညာတံ ပန ပုတ္တံ ဘဂဝါ သယံ ပဗ္ဗာဇေတိဟု ဗျတိရေက ဝါကျထွက်စေ၍ မယူသင့်ကြောင်းကို –

န ခေါ သုဒိန္န တထာဂတာတိ ပဗ္ဗာဇေ မံ ဘဂဝါတိ ယာစနာဝသေန ပနေဝမာဟ န ဘဂဝါ သယံ သရဏာနိ ဒတွာ ပဗ္ဗာဇေသိ **(ဝိ၊ စာ–၆၈)** ဋီကာရှင်ဆရာမိန့်ဆိုသောအရာ၌ကဲ့သို့မှတ်ပါ။

(၇) တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ - ဝိမတိရှင်းချက်

န သာမဏေရော ဥပဇ္ဈာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗော **(တိ၊ စာ–၁၀၇)** ဟု ဖွင့်ဆိုပြီးဖြစ်လျက် တစ်ဖန် ပဗ္ဗာဇေဟီတိ ဣဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ **(တိ၊ စာ–၉၄)** ဟု တစ်ဖန် ဖွင့်ပြန်ခြင်းသည် ရှေ့နောက် နီးနှောသည့် လက္ခဏာမထင်။

တစ်နည်း

တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံဟူသောစကားမှာ ပါရာဇိကပါဠိတော် ပဒဘာဇနီဝယ် မြတ်စွာဘုရားထုတ်သကဲ့သို့ ပဗ္ဗာဇနသဒ္ဒါ၏အနက်ကိုသာ ဋီကာရှင်းပြသည်။ သုံးပါးလုံးနဝကအရာ ဖြစ်သည်ဟုမဆို။ သာရတ္ထဋီကာရှင်စကားမှာ နဝကအရာကေန်ဖြစ်သည်ကို ရည်တော်မူသည်။

သာရတ္ထဆရာ၏ တော် ပဗ္ဗာဇေဟီတိ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနဥ္စ သန္ဓာယ ဝုတ္တံ၊ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတီတိ တတ္ထာပိ ဧသေဝ နယော။ **(သာ၊ စာ–၂၀၁)**ဟူသောစကားမှာ ရာဟုလာ ပဗ္ဗဇ္ဇကထာ အဋ္ဌကထာများနှင့်လည်းကောင်း၊ န ဘိက္ခဝေစသော ပဉ္စကဆက္ကသောဠသ ဒေသနာတော်တို့နှင့်လည်းကောင်း အလွန်နီးနှောညီညွတ်သည်ပင်။

တစ်နည်းမှာ – ဒဟရာဘိက္ခု၏အရကို အရှင်မောဂ္ဂလာန်ကဲ့သို့ (၁၀)ဝါရလျက် ရှင်သာရိပုတ္တရာကဲ့သို့ မထေရ်ကြီးကိုထောက်၍ ဒဟရဝေါဟာရနှင့် ထေရပြောက်သူကိုရည်၍ ဝိမတိဋီကာရှင်ဖွင့်ဆိုသည်

ဟု မှတ်ယူသင့်သည်။ သာရတ္ထဋီကာရှင်စကားမှာ ကေန္တဒဟရ ဘိက္ခုနဝကကိုသော်လည်းကောင်း၊ ဝေါဟာရ မတ္တဒဟရ ဘိက္ခုထေရကိုသော်လည်းကောင်း ယူလိုရာ သင့်ရာယူ အသင့်ချည်းပင်။

ပဗ္ဗာဇေတိကြိယာလည်း သကာရိတလည်းဖြစ်၍ အညံထေရံပဗ္ဗာဇေတိသော ကာရိတ်ကံ ထည့်သင့်သည်ကို ရည်၍ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံဟု ဝိမတိဆိုသည်ဟူ၍လည်း ယူသင့်သည်။

ပေါရာဏဝမ္မတာ (ရှင်ရာဟုလာထုံး)

ကုမာရဿ မဟာမောဂ္ဂလာနတ္ထေရော ကေသေ ဆိန္ဒိတွာ ကာသာယာနိ ဒတွာ သာရိပုတ္တော သရဏာနိ အဒါသိ။ မဟာကဿပတ္ထေရော ဩဝါဒါစရိယော ဟောတိ။ ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ။ ဥပဇ္ဈာယောဝ တတ္ထ ဣဿရော၊ န အာစရိယော၊ တသ္မာ ဝုတ္တံ အထခေါ အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီတိ။ **(ဌ၊ စာ–၂၉၁)**

အရှင်မဟာမောဂ္ဂလာန် စွမ်းအင်သတ္တိရှိပါလျက်ပင် အရှင်သာရိပုတ္တရာ သရဏဂုံပေး၍ ဥပဇ္ဈာယ် မူသည်ကိုထောက်၍ သရဏဂုံပေးခြင်း၊ ဥပဇ္ဈာယ်မူခြင်းများသည် မထေရ်ကြီးတို့အရာသာဟု ကေန်မှတ် ယူသင့်သည်။ ရှေးထုံးရှေးစံ သနန္တန အပဏ္ဏက အဝိရုဒ္ဓ ပေါရာဏဝမ္မတာဟူ၍လည်း မှတ်ယူသင့်သည်။

(အချို့ပေတို့၌ သာရိပုတ္တော သရဏာနိ ဒေတိ၌ သာရိပုတ္တောမပါကြ။ ပါမှ ရှေ့နောက်ညီညွတ်မည်၊ နိဿရည်းဆရာလည်း အနက်ယောဇနာသည်။ အသမာနကတ္တုကဒ္ဓ တွာပစ္စည်း၏အစီအရင်ကိုလည်း ၎င်းပါဠိကိုပင် ထုတ်ဆောင်ကြသည်။)

(သဘောတူရာပေါင်း၍ နံပါတ်စဉ်ဖြင့် ချုံး၍ဖော်ပြသည်)

စံကျောင်းဆရာတော်

စံကျောင်းဆရာတော်ဘုရားကလည်း ဦနဒသဝဿနဝက ဒဟရဘိက္ခုသည် သရဏဂုံပေး၍ ပဗ္ဗဇ္ဇ ကံပြုမှု ရှင်သာမဏေ မဖြစ်ဟုယူသည်ဟူ၏။ **(ဝိနယသမုဟ–ဒု၊ စာ–၂၅၃)**

အောင်မြေရွှေဘုံဆရာတော်၏ ဒုတိယအဆို

(ဝိနယသမုဟ–ဒု၊ စာ–၂၅၃)

ပရိဝါပါဠိတော်၌ ပဗ္ဗာဇေတဗ္ဗံဟူသောဝါကျသည် မဟာဝါ ပဥ္စကသောဠသဝါရနှင့်မညီ ဆန့်ကျင် ရကား ပါဌ်ပို၊ ပါဌ်လွန် ဖြစ်သည်။

(တစ်နည်းယူပုံ) ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ–**(ပရိ–ပါဠိတော် စာ ၂၄၈)**ဟူသော ဝါကျ၏ဗျတိရိက်အစွမ်းဖြင့် ရသင့်ရထိုက်သော

ဥနိဒသဝသေနေ ဘိက္ခုနာ အဗျတ္တေန အပဋိဗလေန န ပဗ္ဗာဇေတဗ္ဗံ ဟူသောဝါကျ၌ အကျုံးဝင်သော န ပဗ္ဗာဇေတဗ္ဗံ ပုဒ်ကိုလည်း

ဥပဇ္ဈာယေန ဟုတ္ဝာ န ပဗ္ဗာဇေတဗ္ဗံ ဟုဖွင့်သင့်ရကား ဥနိဒသဝဿ ဘိက္ခုသည် ဥပဇ္ဈာယ်ပြု၍သာ ပဗ္ဗဇ္ဇာကံကိုမရွက်ဆောင်သင့်။ ဥပဇ္ဈာယ်မပြုမူ၍ကား ပဗ္ဗဇ္ဇာကံကို ရွက်ဆောင်သင့်၏ဟူ၍ မှတ်သင့်သည်။

သာမဏေအား စေရာ၌သာ သရဏာနိ ပန သယံ ဒါတဗ္ဗာနိ ဟု အဋ္ဌကထာလာသောကြောင့် သာမဏေအား စေရာ၌သာ ကေသစ္ဆေဒန ကာသာယစ္ဆာဒန နှစ်ပါးရသင့်၍ ပဥ္စင်းငယ်အား စေရာ၌ကား ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနသုံးပါးလုံးပင် ရသင့်သည်ဖြစ်ရကား သာရတ္ထစကားရပ်သည် ဝိရုဒ္ဓသံဝဏ္ဏနာဟူ၍ မှတ်အပ်သည်။

ထေရဟုအဆိုများခြင်းမှာ ယေဘုယျနည်းသာဖြစ်သည်။

သတိပြုဖွယ်ရာအချက်များ

(၁) ဆရာငါးရပ်တို့၏လက္ခဏာရပ်ကို ပဥ္စကဆက္ကသောဥသဒေသနာတော်လာ အင်္ဂါရပ်တို့နှင့် ညီရမည်ဟူသောအဆိုသည် နဝကဒဟရဘိက္ခုသည် ဗျတ္တပဋိဗလဖြစ်က ဥပသမ္ပဒကံဆောင်၍ ဥပသမ္ပဒါစရိယ ကမ္မဝါစာဆရာလုပ်နိုင်ခြင်း၊ ဓမ္မာစရိယလုပ်နိုင်ခြင်း၊ ဩဝါဒါစရိယလုပ်နိုင်ခြင်း အခွင့်အလမ်းများလည်းရှိရ ရှိသင့်ရကား ဆင်ခြင်ဖွယ်ဖြစ်သည်။ ဥပဇ္ဈာစရိယ နိဿယာစရိယနှစ်ပါးသာ ပဥ္စကဆက္ကသောဥသဒေသနာတော် အင်္ဂါများနှင့်ညီညွတ်သော ပုဂ္ဂိုလ်များဖြစ်သင့်၍ ကျန်အာစရိယတို့မှာ ဗျတ္တပဋိဗလဖြစ်က ဥနိဒသဝဿပင်ဖြစ်သော်လည်း အာစရိယမူသင့်သည်ပင်ဖြစ်သည်ဟု ယူအပ်သည်။ သို့မယူလျှင် နဝကသည် နဝကအား ဓမ္မာစရိယမပြုရ၊ ဩဝါဒမပြုရဟူသော အနက်များရောက်ဖွယ်ရာရှိသည်။ ထိုအနက်များလည်း မရောက်သင့်ပေ။

(၂) အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိအာဒိနာနယေန သရဏာနိ ဒါတဗ္ဗာနိ **(မဟာ–၄၊ စာ–၂၅၀)**ဟူသော အဋ္ဌကထာ၌ ဥပဇ္ဈာယ်သည်လည်းကောင်း၊ အာစရိယသည်လည်းကောင်း သရဏဂုံ ပေးနိုင်ကြောင်းကိုဆိုရာ ဥပဇ္ဈာယ်နှင့်သရဏဂုံပေးခြင်းသည် တစ်ကိစ္စစီဟူသော အနက်ဖြစ်သင့်ရကား သရဏဂုံပေးခြင်းဖြင့် ဥပဇ္ဈာယ်ယူခြင်းကိစ္စပြီးသည်ဟူသော အဆိုမှာလည်း ဆင်ခြင်ဖွယ်ရာပင်ဖြစ်သည်။ ဤအချက်ကိုထောက်ကလည်း သရဏာနိ၊ ဒါတဗ္ဗာနိ၊ ဥပဇ္ဈာယော ဒါတဗ္ဗောစသော အဋ္ဌကထာ ဥပဇ္ဈံ ဒတွာ ဂဟိတသာမဏေရောစသော အဋ္ဌကထာတို့၌ သမုစ္စယတ္ထဝါကျဒွန်တူချေ၍ သရဏဒါနဥပဇ္ဈာယ်ကိုသာ ဆိုလိုသည်ဟုယူဆရန်မှာလည်း အသင့်ယုတ္တိနည်း ဖြစ်ချေသည်။ သို့အတွက် ဥပဇ္ဈာယ်အသီးယူခြင်းက သာလွန်၍ သင့်မြတ်သည်။

(၃) ဥပဇ္ဈာယကိစ္စ သရဏဒါနကိစ္စမှာ တခြားစီဟုယူလျှင် ဥပသမ္ပဒကံ၌ပင် နဝကသည် ဗျတ္တပဋိဗလဖြစ်က ကမ္မဝါစာကိုကြားအပ်ရကား ပဗ္ဗဇ္ဇာကံ၌လည်း ဗျတ္တပဋိဗလဖြစ်မူ သရဏဒါနကို ပြုသင့်သည်ဟု ယူသင့်ပေသည်။ သို့သော် ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ သရဏာနိ ဒါတဗ္ဗာနိဟု အဋ္ဌကထာဆိုရကား အာစရိယမည်ထိုက်သူသာ ပေးသင့်ပေသည်။ ဤသည်မှာလည်း ဥပဇ္ဈာယ်မထေရ်ကြီး၏ ခွင့်ပြုချက်ရမှသာဖြစ်သည်။ အာစရိယသည် မည်သည့်အာစရိယကိုသာ ဆိုလိုပါသလဲ အဖွင့်မရှိ။

(၄) ထိုသို့ နဝကသည် သရဏာဒါနကို ပြုသင့်သည်ဟုမယူလျှင် ကျောင်းတစ်ကျောင်းဝယ် မထေရ်တို့ ကြာမြင့်စွာရပ်ဝေးခရီးသွားခိုက် ရှင်သာမဏေများလိုင်သင့်၍ သီလဆေးသောအားဖြင့် နဝက ချည်းကျောင်း၌ရှိသဖြင့် နဝကတို့တစ်ဦးဦးထံ သရဏဂုံတောင်းခံ၍ မယူအပ်ဟူသောအနက်လည်းရောက် ရာ၏။ လိင်ကျလျှင် လိင်ကျသည့်အတိုင်း မထေရ်ပြန်လာသည့်တိုင်အောင် လူမဟုတ်၊ ရှင်သာမဏေ မဟုတ်ဘဝနှင့်ပင် နေရမည်ဟူသော အနက်လည်းရောက်ရာ၏။ ထိုသို့လည်း မရောက်သင့်ပေ။ နဝက လည်း ဤကိစ္စမျိုး၌ ဥပဇ္ဈာယ်ကိုရည်မှတ်၍ သရဏဂုံပေးအပ်၏ဟု ယူသင့်သည်။ ဤအရာ၌ပေးအပ် လျှင် ပဗ္ဗဇ္ဇကံ၌လည်း မထေရ်ကြီးတို့နိုင်းစေသော် ပြုအပ်သည်သာအသင့်ဖြစ်သည်။

(၅) သို့သော် ဂရုအရာ၌တည်သောအားဖြင့်လည်းကောင်း၊ မထေရ်မြတ်ကြီးတို့အား ရိုသေ လေးစားသောအားဖြင့်လည်းကောင်း၊ အငြင်းကိုရှောင်သောအားဖြင့်လည်းကောင်း မထေရ်ကြီးရှိလျှင် မထေရ်ကြီးထံ၌သာ သရဏဂုံယူခြင်းသည် သာသနာဝေပုလ္လသဘောသက်၍ ဂရုကတဖြစ်ပေသည်။ မထေရ် ကြီးမရှိ၍ အလွန်အခက်အခဲကြုံမှသာ မထေရ်ငယ်တို့ နေရာယူသင့်သည်။

(၆) **ဥပဇ္ဈာယ်အသစ်ယူခြင်း**

ရှင်သာမဏေသည် ရဟန်းခံသောအခါ ရှင်သာမဏေဘဝက မူလဥပဇ္ဈာယ်ဆရာ ထင်ရှားရှိနေ သေးသော်လည်း ထိုဥပဇ္ဈာယ်ဆရာအထံ၌လည်းကောင်း၊ အခြားဥပဇ္ဈာရဟ မထေရ်ကြီးတစ်ပါးအထံ၌ လည်းကောင်း ဥပဇ္ဈာယ်သစ်ထပ်ယူခြင်းသည် ပရိပုဏ္ဏဝဿသာမဏေရနောပိ အညဿ သန္တိကေ ဥပဇ္ဈာ ဂဟေတဗ္ဗာဟူသော (ပါ–၄)နှင့် ညီညွတ်ပေသည်။ ဥပဇ္ဈာယ်မှ ငြိမ်းခြင်းအင်္ဂါရပ်ငါးပါးတို့တွင် အာဏတ္တိ ယေဝ ပဉ္စမီ အင်္ဂါအရ မူလဥပဇ္ဈာယ်က လွှဲအပ်စေနိုင်းခြင်းဖြင့် ဥပဇ္ဈာယ်သစ်အခြားတစ်ပါးထံ၌ ယူခြင်း သည်လည်း သင့်မြတ်သည်သာ။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ သာမဏေပြုစဉ်က ဥပဇ္ဈာယ်ဆရာ ရဟန္တာသိဂ္ဂဝမထေရ်မြတ်သည် မောဂ္ဂလိပုတ္တတိဿသာမဏေကို ရဟန္တာစဏ္ဍဝဇ္ဇီမထေရ်ထံသို့စေလွှတ်၍ စဏ္ဍဝဇ္ဇီမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံသောထုံးကိုထောက်လေ။ တစ်ဖန် မူလသာမဏေဥပဇ္ဈာယ်မှာ လည်း ငြိမ်း–မငြိမ်း သံသယဖြစ်ဖွယ်ရာရှိရကား အသစ်ထပ်မံယူခြင်းသည်သာ ဂရုကတဖြစ်သည်။ သာမဏေ သည် အရပ်တစ်ပါးသို့သွား၍ အာဝါသိကမူသော် မူလဥပဇ္ဈာယ်မငြိမ်းသေးမူ နိဿရည်းယူ၍ ဥပဇ္ဈာယ် ငြိမ်းမူ ဥပဇ္ဈာယ်သစ်ယူခြင်းက ပို၍သင့်လျော်မည်။

(၇) **ပရိဝါပါဠိတော်** – ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ ဥပသမ္ပာဒေ တဗ္ဗံစသည်၌ ဥပဇ္ဈာယ်မူ၍ ပဗ္ဗဇ္ဇကံ ဥပသမ္ပဒကံမူခြင်းကိုဆိုလိုသည်ဟု ယူသင့်သည်။ သို့မှသာ ဥပဇ္ဈာ ယေန ဟုတွာ န ပဗ္ဗာဇေတဗ္ဗံ ဥပဇ္ဈာယေန ဟုတွာ ဥပသမ္ပာဒေတဗ္ဗံ ဟူသောအဖွင့်များနှင့်ညီမည်။

(၈) **သာရတ္ထဒီပနီ** – သာရတ္ထဒီပနီစကားရပ်သည် ဥပဇ္ဈာယ်ဆရာ မျက်မှောက်ထင်ရှားရှိ ခိုက် နဝကသည် သရဏာဒါနမူကို မပြုအပ်ဟုဆိုလိုသည်ဟု ယူသောဝါဒသည် သင့်မြတ်သကဲ့သို့ရှိသည်။

(၉) **ရာဟုလာဝတ္ထုကထာ** – ထိုသို့ယူမှသာလျှင် အထခေါ် အာယသ္မာ သာရိပုတ္တော ရာဟုလ ကုမာရံ ပဗ္ဗာဇေသီတိ ကုမာရဿ မဟာမောဂ္ဂလာနတ္ထေရော ကေသေ ဆိန္ဒိတွာ ကာသာယာနိ ဒတွာ သရဏာနိ အဒါသိ၊ မဟာကဿပတ္ထေရော ဩဝါဒါစရိယော အဟောသိ၊ ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ဥပဇ္ဈာယောဝ တတ္ထ ဣဿရော န အာစရိယော တသ္မာ ဝုတ္တံ – အထခေါ် အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီတိ။ **(မဟာ–၄၊ စာ–၂၉၁)**ဟူသော ရာဟုလာဝတ္ထု ကထာ သဂ်ီယနာမူ အဋ္ဌကထာစကားရပ်တို့နှင့်လည်း နှီးနှောမိ၍ ရှေ့နောက်ညီညွတ်မည်။ သို့ဖြစ်ရကား

လူအဖြစ်နှင့် ဥပဇ္ဈာယ်ယူခြင်း အရာမမြောက်ဟုဖြစ်ခဲ့သော် ရှင်အဖြစ်၌တည်ပြီးစ သရဏဂုံပေးပြီးသောအခါတို့၌ ဥပဇ္ဈာယ်ယူခြင်းကို ပြုထိုက်သည်သာဖြစ်သည်။

(၁၀) **ပဗ္ဗဇ္ဇာစရိယ** - ရွှေဥမင်ဆရာတော်ဘုရားကား ရဟန်းပြုသောအခါ (ပဗ္ဗဇ္ဇကံကိုဆိုဟန်ရှိ၏) သရဏဂုံပေးသော ဆရာကား ပဗ္ဗဇ္ဇာစရိယတည်း၊ တပည့်ကား ပဗ္ဗဇ္ဇန္တေဝါသိကတည်းဟုဆို၏။ **(စာ-၉၉)**

စံကျောင်းဆရာတော်ဘုရားကား တတ္ထ ယေန သိက္ခာပဒါနိ ဒိန္နာနိ အယံ ပဗ္ဗဇ္ဇာစရိယော၊ ယေန ဥပသမ္ပဒကမ္မဝါစာ ဝုတ္တာ၊ အယံ ဥပသမ္ပဒါစရိယော၊ ယော ဥဒ္ဒေသံ ပရိပုစ္ဆံဝါ ဒေတိ အယံ ဓမ္မာစရိယောတိ ဝေဒိတဗ္ဗံ။ ဟူသော **(သာ-ဋီ၊ စာ-၂၃၈)**

ဥပဇ္ဈာယေနဝါတိ ဝေတ္တ ယဿ သန္တိကေ ဥပဇ္ဇံ ဂဏှာတိ အယံ ဥပဇ္ဈာယော။ အာဘိသမာစာရိကေသု ဝိနယနတ္တံ ယံ အာစရိယံ ကတွာ နိဿာယ ဝသတိ၊ အယံ အာစရိယော၊ သစေ ပန ဥပဇ္ဈာယော သယမေဝ သဗ္ဗံ သိက္ခာပေတိ၊ အညဿ န နိဿာယတိ၊ ဥပဇ္ဈာယောဝဿ အာစရိယောပိ ဟောတိဟူသော ဝိမတိဋီကာ **(စာ-၉၅)**တို့ကိုထောက်၍ သိက္ခာပုဒ်တို့ကို သင်ပြပေးသောဆရာသည်သာ ပဗ္ဗဇ္ဇာစရိယမည်၏။ သရဏဂုံ ပေးသော ဆရာကား ပဗ္ဗဇ္ဇာစရိယမမည်ဟူလို၏။ **(ဓူဠ-ပါ နိဿယသစ်, ဝတ္တက္ခန္ဓက၊ စာ-၁၀၁)** (သာ-တိ တို့ကို အာစရိယဝတ်၌ ကြည့်)

သိက္ခာပဒံ သမာဒိယာမိ

(၁၁) ရွှေဥမင်နိဿျ၌ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့် ပြည့်စုံစွာပေးအပ်ကြောင်းကို မှာတော်မူသည်။ ထိုသို့ မှာတော်မူသည့်အတိုင်း ပေးလျှင်လည်း အပြစ်မရှိ အတိရိတ္တသာဖြစ်သည်။ (သာမဏေတို့မှာကား နေရာအရပ်တိုင်းမှာပင် ဥပဇ္ဈာယ်ယူ၍သာ နေအပ်သည်) **(ဆင်တဲ မဟာ ပါ နိဿအသစ်၊ စာ-၁၃၇,၁၅၆)**

(၁၂) **ပဗ္ဗဇ္ဇအပြား** - ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါန သိက္ခာပဒဒါန ဥပဇ္ဈာယဒါနဟူ၍ ငါးပါးရှိ၏။ သာ တိ တို့နှင့် ရာဟုလဝတ္ထုကထာစသည်ကိုထောက်။ **(စံကျောင်း-ဓူ-ပါ- နိဿျသစ်-၃၊ စာ-၁၀၀)**

သမဏပဗ္ဗဇ္ဇာ

ရှင်သာရိပုတ္တရာတို့ ရဟန်းပြုခြင်း – ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလတောသို့ ဘဒ္ဒဝဂ္ဂီ သုံးကျိပ်တို့အား ဧဟိဘိက္ခုပဥ္စင်းပြု၍ ဥရုဝေလကဿပ၊ ဂယာကဿပအမျိုးရှိသော တစ်ထောင်သော ရသေ့တို့အားလည်း ရဟန်းပြုပေးတော်မူ၍ ဂယာသီသအရပ်၌ အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူလေသည်။ တစ်ထောင်သောရဟန်းတို့လည်း အရဟတ္တဖိုလ်၌ တည်လေကုန်၏။

ထို့နောက် ရဟန်းတို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍ ဗိမ္ဗိသာရမင်းအမျိုးရှိသော ပရိသတ်အား တရားဟောရာ တစ်သိန်းတစ်သောင်းသောသူတို့ သောတာပန်တည်၍ တစ်သောင်းသောသူတို့ ဥပါသကာအဖြစ် ပန်ကြားလျှောက်ကြသည်။ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သော အရှင်အဿဇိမထေရ်၏

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စယော နိရောဓော ဧဝံဝါဒီ မဟာသမဏောတိ။ ဟူသော ဒေသနာကိုကြားရ၍ ရှင်သာရိပုတ္တရာလောင်း သောတာပန်တည်သည်။ ရှင်သာရိပုတ္တရာ၏ တရားစကားကိုကြားရ၍ ရှင်မဟာမောဂ္ဂလာန်လောင်း သောတာပန်တည်သည်။ သာသနာသို့ဝင်၍ ရဟန်းပြုကြရာ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ (တေသံ အာယသ္မန္တာနန္တိ သပရိသာနံ တေသံ ဒွိန္နံ ပရိသာနံ တဿ်ယေဝ ခဏေ ဘဂဝတော ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏိ၊ အဂ္ဂသာဝကာ ပန အတ္တနော ဉာဏကိစ္စဿ မဟန္တတာယ ကတိပါဟစ္စယေန) **(ဌ၊ တိ၊ စာ–၁၀၁)** များစွာသော လူကုံထံတို့လည်း ရဟန်းပြုကြ၏။

ဥပဇ္ဈာယဝတ္တကထာ
(ဌ၊ စာ–၂၅၇)

ရဟန်းတို့ အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာ၌ ကောင်းစွာကျင့်ရမည် ဤဆိုလတ္တံ့သည်ကား ကောင်းစွာကျင့်ပုံတည်း။

(၁) အတူနေတပည့်သည် နံနက်စောစောထ၍ ဖိနပ်ချွတ်ပြီးလျှင် လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်ကိုစမွယ်တင်၍ ဒန်ပူကပ်ရမည်။ (အကယ်၍ တပည့်အား မိုးသောက်ထအခါ၌ စင်္ကြံသွားအံ့သော ငှာ ၎င်းဆေးပြီးသော ခြေတို့ကိုဆောင်ခြင်း (ကာကွယ်ခြင်းငှာ၎င်း) ဖိနပ်စွပ်သောခြေရှိအံ့၊ ထိုဖိနပ်တို့ကို စောစောထချွတ်၍ ပါး – ထူ – လယ်လတ် ဒန်ပူသုံးရပ်တွင် သုံးရက်တိုင်ဆက်၍သုံးသော ဒန်ပူကိုကပ်ရမည်။ အမှတ်မဲ့သာသုံးအံ့၊ ရရာဒန်ပူကိုကပ်ရမည်။)

(၂) မျက်နှာသစ်ရေ ကပ်ရမည်။ (ရေပူ၊ ရေချမ်းတို့တွင် သုံးရက်ဆက်သုံးသောရေကိုကပ်၊ အမှတ်မပြုသုံးအံ့၊ ရရာရေကိုကပ်၊ နှစ်မျိုးလုံးသုံးမူ နှစ်မျိုးကပ် ရေကို မျက်နှာသစ်ရာ၌ထား၍ ဝစ္စကုဋီမှ စ၍ တံမြက်လှည်းအပ်၏။ မထေရ်ဝစ္စကုဋီသို့သွားစဉ် ပရိဝုဏ်ကိုလှည်းအပ်၏)

(၃) နေရာခင်းရမည်။ (မထေရ်ဝစ္စကုဋီမှမထွက်မီ နေရာခင်းထားရမည်)

(၄) (ကိုယ်လက်သန့်ခြင်းကိစ္စပြု၍ မသွားမူ၍ ထိုခင်းထားသောနေရာ၌ ထိုင်နေသော မထေရ်အား) ယာဂုရှိခဲ့လျှင် ခွက်ကိုဆေး၍ ယာဂုဆက်ကပ်ရမည်။

(၅) ယာဂုသောက်ပြီးသော ဥပဇ္ဈာယ်ဆရာအား ရေပေး၍ခွက်ကိုလှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေဘဲ ဆေးကြောပြီးလျှင် သိုမှီးသိမ်းဆည်းထားရမည်။

(၆) ဥပဇ္ဈာယ်ဆရာသည် နေရာမှထခဲ့သော် နေရာကိုရွှေ့ပြောင်းသိမ်းထားရမည်။

(၇) အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။ (အကယ်၍ အမှိုက်မရှိ ရေပေါက်တို့သာရှိကုန်အံ့ လက်ဖြင့်သော်လည်းကောင်း သုံးသပ်အပ်၏။)

(၈) ဥပဇ္ဈာယ်ဆရာသည် ရွာသို့ဝင်လိုငြားအံ့၊ ရွာဝတ်သင်းပိုင်ကိုပေးရမည်။

(၉) ကျောင်းဝတ်သင်းပိုင်ကိုယူရမည်။

(၁၀) ခါးပန်းကြိုးကိုပေးရမည်။

(၁၁) ကိုယ်ဝတ်ဒုကုဋ်တို့ကိုထပ်၍ ပေးရမည်။ (သင်္ကန်းအလုံးစုံကို ခေါက်အပ်သောကြောင့် သံဃာဋိဟုခေါ်ဆိုသည်။)

(၁၂) ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကိုပေးရမည်။

(၁၃) အကယ်၍ ဥပဇ္ဈာယ်ဆရာသည် နောက်လိုက်ရဟန်း အလိုရှိအံ့၊ အဝန်းသုံးပါးကို ဖုံးလွှမ်းသဖြင့် အဝန်းညီစွာ သင်းပိုင်ကိုဝတ်၊ ခါးပန်းကြိုးကိုဖွဲ့ချည်တပ်ပြီးသော ကိုယ်ဝတ်ဒုကုဋ်တို့ကိုရုံ ကမွတ်သီးကိုတပ် သပိတ်ကိုဆေးကြောယူငင်၍ ဥပဇ္ဈာယ်ဆရာ၏ နောက်လိုက်ရဟန်း ဖြစ်ရမည်။

(၁၄) ဝေးလွန်းစွာမလိုက်ရ။

(၁၅) နီးကပ်စွာလည်းမလိုက်ရ။ (ပြန်လှည့်ကြည့်သော ဥပဇ္ဈာယ်ကို တစ်လှမ်းနှစ်လှမ်းဖြင့် မီလောက်ရာကလိုက်ဟူလို) (ဤ၌ နပါသော်လည်း အာပတ်မသင့်) **(ဝိမတိ၊ စာ-၁၀၂)**

(၁၆) သပိတ်လဲလှယ်ခြင်းကို ခံယူရမည်။ (အကယ်၍ ဥပဇ္ဈာယ်သည် ဆွမ်းခံရွာ၌ယာဂုကိုသော်လည်းကောင်း၊ ဆွမ်းတို့ကိုသော်လည်းကောင်းရ၍ သပိတ်ပူသော်လည်းကောင်း၊ လေးသော်လည်းကောင်း၊ မိမိ၏သပိတ်ကို ဥပဇ္ဈာယ်အားပေး၍ ဥပဇ္ဈာယ်၏ သပိတ်ကိုယူရမည်။)

(၁၇) ဥပဇ္ဈာယ်ဆရာ စကားပြောဆိုစဉ် အကြားအကြား၌ ဝင်၍မပြောရ။ (ရွာတွင်း၌လည်းကောင်း၊ တခြားအရပ်၌လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ၏စကားမဆုံးမီ ဝင်၍မပြောအပ်။ ဤမှစ၍ကား အကြင်အကြင်ပါဠိအရပ်၌ န အက္ခရာဖြင့် မြစ်ခြင်းကိုပြု၏။ ထိုအလုံးစုံပါဠိရပ်၌ ဒုက္ကဋ်အာပတ်ဟုသိပါ။ မှန်သည်။ ဤကားခန္ဓက ပညတ်၏ ဓမ္မတာတည်း။ ဣတော ပဋ္ဌာယ စ ပန ယတ္ထ ယတ္ထ န ကာရေန ပဋိသေဓော ကရိယတိ၊ သဗ္ဗတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗာ။) **(မဟာဝါ-ဋ္ဌ၊ စာ-၂၅၉)**

ဣတော ပဋ္ဌာယာတိ "န ဥပဇ္ဈာယဿ ဘဏမာနဿာတိ" ဧတ္ထ ဝုတ္တနကာရတော ပဋ္ဌာယ။ တေန နာတိဒူရေ ဂန္တဗ္ဗံ၊ နစ္စာသန္နေ ဂန္တဗ္ဗန္တိ ဧတ္ထ ဝုတ္တန-ကာရေန အနာပတ္တီတိ ဒီပေတီတိ ဧကေ။ သစိတ္တကာ အယံ အာပတ္တိ၊ ဥဒါဟု အစိတ္တကာတိ?၊ အနာဒရိယပစ္စယတ္တာ သစိတ္တကာ။ အနာဒရိယပစ္စယတာ ကထံ ပညာယတီတိစေ၊? အနာဒရိယပစ္စယေဟိ သင်္ဂဟိတန္တိ။ ပါတိမောက္ခုဒ္ဒေသေ သေခိယာနံ ဂဏပရိစ္ဆေဒါကရဏဥ္စ ခန္ဓကပရိယာပန္နာပတ္တိယာ သင်္ဂဟနတ္ထံ။ က္ကဒံ ပန လက္ခဏံ စာရိတ္တေယေဝ ဝေဒိတဗ္ဗံ၊ န ဝါရိတ္တေ။ အကပ္ပိယမံသခါဒနာဒိအာပတ္တီနံ အစိတ္တကတ္တာ၊ ခန္ဓကဝါရိတ္တာနံ တေဟိ သင်္ဂဟော၊ သေခိယ

ဝါရိတ္တေယေဝ အစိတ္တကေဟိ သူပေါဒနဝိညတ္တိပစ္စယာဒီဟိတိ အာစရိယော။ ယတ္ထ ယတ္ထ န ကာရေန ပဋိသေဓော ကရီယတိ၊ ကိံ သဗ္ဗတ္ထ ဒုက္ကဋာပတ္တိတိ? အာမ။ ယတ္ထ အဋ္ဌကထာယ နယော န ဒဿိတော၊ တတ္ထ သဗ္ဗတ္ထ။ ပရတော ဟိ အဋ္ဌကထာယံ ''သစေ ပန ကာဠဝဏ္ဏကတာ ဝါ သုဓာဗဒ္ဓါ ဝါ ဟောတိ နိရဇမတ္တိကာ၊ တထာရူပါယ ဘူမိယာ ထပေတုံ ဝဋ္ဋတိ''တိ အာဒိနာ နယေန နယော ဒဿိတော။ **(ဝိ၊ စာ–၄၁၇)**

ထွောဟ ယသ္မာ ပါဠိယံယေဝ ''သစေ ဥပဇ္ဈာယဿ အနဘိရတိ ဥပန္နာ ဟောတိ ဒိဋ္ဌိဂတံ ဥပန္နံ ဟောတိ''တိ ဘဂဝတော ဝစနဝသေန အဋ္ဌကထာယံ ဝုတ္တနယော ယုတ္တောတိ ဒဿေတုံ ''နာတိဒူရေ နစ္စာသန္နေ''တိ ထွေ ကော ဘဂဝတော ဝစနလေသောတိ? ဝုစ္စတေ။ ''ပထမတရံ အာဂန္တွာ အာသနံ ပညာပေတဗ္ဗ''န္တိ အာဒိနိ ဝဒန္တိ ဒေသနိယမနတော။ ဥပဇ္ဈာယေန အနုမတံယေဝ ပထမဂမနန္တိ စေ? န, အသိဒ္ဓတ္တာ, သိဒ္ဓေပိ ယထာဝုတ္တနယသိဒ္ဓိတောစ။ န ဟိ ဝါရိတ္တဿ အနုမတိ အနာပတ္တိကရာ ဟောတိ။ ဝေံ သန္တေပိ ဝိစာရေတွာ ဂဟေတဗ္ဗံ။ **(ဝိ၊ စာ–၄၁၇,၄၁၈)**

သဗ္ဗတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗာတိ ဤဒိသေသု ဂိလာနောပိ န မုစ္စတီတိ ဒဿနတ္ထံ ဝုတ္တံ။ အညမ္ပိ ဟိ ယထာဝုတ္တံ ဥပဇ္ဈာယဝတ္တံ အနာဒရိယေန အကရောန္တဿ အဂိလာနဿ ဝတ္တဘေဒေ သဗ္ဗတ္ထ ဒုက္ကဋမေဝ။ တေနေဝ ဝက္ခတိ ''အဂိလာနေန ဟိ သဒ္ဓိဝိဟာရိကေန သဋ္ဌိဝဿေနပိ သဗ္ဗံ ဥပဇ္ဈာယဝတ္တံ ကာတဗ္ဗံ၊ အနာဒရေန အကရောန္တဿ ဝတ္တဘေဒေ ဒုက္ကဋံ၊ နကာရပဋိသံယုတ္တေသု ပန ပဒေသု ဂိလာနဿပိ ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝါတိ။ **(သာ၊ စာ–၂၃၂,၂၃၃)**

သဗ္ဗတ္ထ ဒုက္ကဋာပတ္တီတိ အာပဒါဥမ္မတ္တခိတ္တစိတ္တဝေဒနဋ္ဋတာဒီဟိ ဝိနာ ပဏ္ဏတ္တိံ အဇာနိတွာပိ ဝဒန္တဿ ဂိလာနဿပိ ဒုက္ကဋမေဝ။ အာပဒါသု ဟိ အန္တရန္တရာ ကထာ ဝတ္တုံ ဝဋ္ဋတိ။ ဝေမညေသုပိ န ကာရပဋိသံယုတ္တေသု ဤဒိသေသု။ ဣတရေသု ပန ဂိလာနောပိ န မုစ္စတိ။ **(တိ၊ စာ–၁၀၂)**

(၁၈) ဥပဇ္ဈာယ်ဆရာသည် အာပတ်နှင့်နီးစပ်သည်ကိုပြောဆိုခဲ့သော် တားမြစ်ရမည်။ (အာပတ္တိယာ အာသန္နဝါစန္တိ အာပတ္တိဇနကမေဝ ဝစနံ သန္ဓာယ ဝဒတိ။ ယာယ ဟိ ဝါစာယ အာပတ္တိံ အာပဇ္ဇတိ၊ သာ ဝါစာ တဿာ အာပတ္တိယာ အာသန္နာတိ ဝုစ္စတိ။ **(သာ၊ စာ–၂၃၃)** ။ အာပတ္တိယာ အာသန္နန္တိ အာပတ္တိကရဏမေဝ **(တိ၊ စာ–၁၀၂)**

(ပဒသောဓမ္မ ဒုဋ္ဌုလ္လစသော အာပတ်နှင့် နီးသောစကားကို ပြောဆိုလတ်သော် အရှင်ဘုရား ဤသို့သောစကားကို ဆိုခြင်းငှာအပ်မည်လောဟု မေးသကဲ့သို့တားမြစ်အပ်၏။ တားမြစ်အံ့ဟုပြု၍ အသက်ကြီး ဤသို့ မဆိုလင့်လောဟူ၍ကား မဆိုပြောထိုက်။)

(၁၉) ဆွမ်းခံရွာမှပြန်လာသော် ရှေးဦးစွာလာ၍ နေရာကိုခင်းထားမည်။ (အကယ်၍ ရွာနီးအံ့၊ ကျောင်း၌ဂိလာနရှိအံ့၊ ရွာမှ ဦးစွာပြန်အပ်၏။ အကယ်၍ ရွာဝေးအံ့၊ ဥပဇ္ဈာယ်နှင့်အတူပြန်ဖော် မရှိအံ့။ အတူတူရွာမှထွက်၍ ကိုယ်ဝတ်စွန်းတို့ဖြင့် သပိတ်ကိုရစ်ပတ်၍ (သပိတ်အိပ်မဆောင်၍ဟူ၊ ပူသောကြောင့်လည်းဟူ) ခရီးလတ်မှ ဦးစွာပြန်အပ်၏ နေရာခင်းခြင်းစသည်ကို ပြုအပ်၏)

(စီဝရေန ပတ္တံ ဝေဌေတွာတိ ထွေ ဥတ္တရာသင်္ဂဿ ဧကေန ကဏ္ဏေန ဝေဌေတွာတိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ စာ–၂၃၃)**(၂၀) ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းကို အနီး၌ထားရမည်။ (၂၁) ခရီးဦးကြိုဆို၍ သပိတ်၊ သင်္ကန်းကိုယူရမည်။ (၂၂) ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်။ (၂၃) ရွာဝတ်သင်းပိုင်ကို လှမ်းယူရမည်။ (၂၄) အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့ တစ်ခဏမျှ နေပူ၌ လှမ်းထားရမည်။ (၂၅)

သို့သော် ကြာမြင့်စွာမထားရ။ (၂၆) သက်နိုးကိုခေါက်ရမည်။ (၂၇) သက်နိုးကိုခေါက် သည့်ရှိသော် အလယ်၌ မကျိုးမပျက် ခေါက်ရိုးမဖြစ်စေလင့်ဟု နှလုံးသွင်းလျက် လက်လေးသစ်အနားကိုလျှော့ ၍ သက်နိုးကို ခေါက်ရမည်။ (ခေါက်ရိုးနေရာ၌ မရိမဆွေးရန်ဟူ။ ဒိဝသေ ဒိဝသေ စတုရင်္ဂုလံ ဥဿာရေတွာ သံဟရိတဗ္ဗံ)။ (၂၈) သက်နိုးခေါက်အတွင်း၌ ခါးပန်းကြိုးကိုထားရမည်။

(၂၉) ဆွမ်းရှိ၍ ဥပဇ္ဈာယ်ဆရာလည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကိုပေး၍ ဆွမ်းကိုဆက်ကပ် ရမည်။ (ဥပဇ္ဈာယ်သည် ရွာတွင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း၊ ဆွမ်းစားဇရပ်၌လည်းကောင်း စား၍ လာအံ့၊ ဆွမ်းမှုလည်းမရအံ့။ ဆွမ်းမရှိသည်မည်၏။ ရွာ၌မစားခဲ့မူ ဆွမ်းရှိသည်ဟူ၏။ အကယ်၍လည်း မရှိအံ့၊ မိမိရသောဆွမ်းမှုလည်း ကပ်အပ်၏)

(၃၀) ဥပဇ္ဈာယ်ဆရာကိုသောက်ရေဖြင့် အလိုရှိပါသလောဟု မေးလျှောက်ရမည်။ (ဆွမ်းစားစ တစ်ကြိမ်၊ စားစဉ်တစ်ကြိမ်၊ အဆုံးတစ်ကြိမ်) သုံးကြိမ်မေးရမည်။ အချိန်ရှိအံ့၊ ဥပဇ္ဈာယ်ပြီးမှစားရမည်။ နေမွန်းတည့်ချိန်နီးလတ်မူ သောက်ရေကို ဥပဇ္ဈာယ်အနီး၌ထား၍ မိမိလည်းစားရမည်။) (အာဒိမှိ မဇ္ဈေ အန္တေတိ ဝေ တိက္ခတ္တုံ ပုစ္ဆိတဗ္ဗောတိ အတ္ထော) **(သာ၊ ဋ-၂၃၃)**

(၃၁) ဆွမ်းစားပြီးသော ဥပဇ္ဈာယ်အား ရေကိုပေး၍ သပိတ်ကိုလှမ်းယူပြီးလျှင် ရှိသေကောင်း မွန်စွာ မထိခိုက်မိစေဘဲ ဆေးကြောသုတ်သင်လျက် ရေစင်အောင်ပြု၍ တစ်ခဏမျှနေပူ၌ လှမ်းထားရမည်။

(၃၂) သို့သော် ကြာမြင့်စွာမထားရ။

(၃၃) သပိတ်၊ သက်နိုးကိုထားရမည်။

(၃၄) သပိတ်ကိုထားလိုသော် လက်တစ်ဖက်ဖြင့် သပိတ်ကိုကိုင်၍ လက်တစ်ဖက်ဖြင့် ညောင် စောင်းအောက်ကိုသော်လည်းကောင်း၊ အင်းပျဉ်အောက်ကိုသော်လည်းကောင်း စမ်းသပ်၍ထားရမည်။

(၃၅) အခင်းမရှိသောမြေ၌ သပိတ်ကိုမထားရ ။ (ကဲလားသားရေနယ်စသည့် တစ်စုံတစ်ခုအခင်း မရှိသော မြေမှုန့်၊ ကျောက်စရစ်ခဲနှင့် ရောသောမြေပြင်၌ သပိတ်ကိုမထားအပ်ဟူလို။ အကယ်၍ မည်းနက် သောအဆင်းဖြင့် အပြေအပြစ်ပြုသည်မူလည်း ဖြစ်အံ့။ အင်္ဂတေကျံသည်မူလည်း ဖြစ်အံ့၊ မြူမှုန်မရှိသော (မတ္တိက) မြေသည်မူလည်း ဖြစ်အံ့၊ ထိုမြေမျိုး၌ကား ထားခြင်းငှာ အပ်ပါ၏။ မြေမှုန့်၊ မြူ ကျောက်စရစ် စသည်ရှိရာတို့၌ကား မအပ်။ ထိုအရပ်မျိုးတို့၌ သစ်ရွက်ကိုလည်းကောင်း၊ သပိတ်ခြေကိုလည်းကောင်း ထား၍ ထိုသစ်ရွက်စသည်တို့၏အပေါ်၌ ထားအပ်၏။ စင်ကြယ်စွာသော သဲပေါ်၌လည်း ထားခြင်းငှာအပ် ပါ၏) (ဓောတဝါလိကာယာတိ နိရဇာယ ပရိသုဒ္ဓဝါလိကာယ။ **(သာ၊ ဋ-၂၃၃)**ဓောတဝါလိကာယာတိ ဥဒကေန ဂတဋ္ဌာနေ နိရဇာယ ပရိသုဒ္ဓဝါလိကာယ။ **(တိ၊ ဋ-၁၀၂)**

(၃၆) သက်နိုးကိုထားလိုသော် လက်တစ်ဖက်ဖြင့် သက်နိုးကိုကိုင်၍ လက်တစ်ဖက်ဖြင့် သက်နိုး တန်း၊ သက်နိုးကြိုးကိုပွတ်သတ်၍ ထိုမှာဘက်၌ အစွန်း၊ ဤမှာဘက်၌ အခွေအခေါက်ပြုလျက် သက်နိုးကို ထားရမည်။ (သက်နိုးတန်းစသည်တို့၏အောက်၌ လက်တစ်ဖက်ကိုသွင်း၍ ရှေးရှုတည်သော လက်တစ်ဖက် ဖြင့် အသာငယ်ဖြည်းညင်းစွာ ထားစိမ့်သောငှာ ဟောတော်မူ၏။ အစွန်း၌ကိုင်၍ အခွေဖြင့် သက်နိုးတန်း စသည်တို့၏အထက်၌ ပစ်တင်သောသူအား နံရံ၌အခွေသည် ထိခိုက်တတ်သောကြောင့် ထိုသို့မပြုအပ် ဟူလို။)

(၃၇) ဥပဇ္ဈာယ်ဆရာနေရာမှထသည်ရှိသော် နေရာကိုရွှေ့ပြောင်းထားရမည်။ (၃၈) ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းရမည်။ (၃၉) အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို

တံမြက်လှည်းရမည်။ (၄၀) ဥပဇ္ဈာယ်ဆရာသည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကိုစီရင်ရမည်။ (၄၁) ရေအေး အလိုရှိငြားအံ့၊ အေးသောချိုးရေကို စီရင်ရမည်။ (၄၂) ရေပူအလိုရှိငြားအံ့ ပူသောချိုးရေကို စီရင်ရမည်။

(၄၃) ဥပဇ္ဈာယ်ဆရာသည် ဇရုံးအိမ်သို့ဝင်လိုသည်ဖြစ်အံ့။ ကသယ်မှုန့် (နှာနစုဏ္ဏ)ကို ရေဖြင့်လုံးရမည်။

(၄၄) မြေညက်ကိုရေဖြင့် ဆွတ်ရမည်။

(၄၅) ဇရုံးအိမ်အင်းပျဉ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာ၏နောက်မှ နောက်မှလိုက်လျက် ဇရုံးအိမ်အင်းပျဉ်ကိုပေးပြီးလျှင် သင်္ကန်းကိုလှမ်းယူကာ သင့်ရာအရပ်၌ထားရမည်။

(ကေမန္တံ နိက္ခိပိတဗ္ဗန္တိ ကေသ္မိံ နိဒ္ဓူမေ ဌာနေ ဌပေတဗ္ဗံ။ ဇန္တာဃရေ ပရိကမ္မံ နာမ အင်္ဂါရမတ္တိက ဥဏှောဒကဒါနာဒိကံ သဗ္ဗံ ကိစ္စံ။) **(ဌ၊ စာ−၂၆၀,၂၆၁)**

(နိဒ္ဓူမေတိ ဇန္တာဃရေ ဓလီယမာနအဂ္ဂိဓူမရဟိတေ။ ဇန္တာဃရဥ္စိ နာမ ဟိမပါတဗဟုလေသု ဒေသေသု တပ္ပစ္စယရောဂပီဠာဒိနိဝါရဏတ္တံ သရီရသေဒါပနဋ္ဌာနံ။ တတ္ထ ကိရ အန္ဓကာရပဋိစ္ဆန္နတာယ ဗဟူပိ ကေတော ပဝိသိတွာ စီဝရံ နိက္ခိပိတွာ အဂ္ဂိတာပပရိဟာရာယ မတ္တိကာယ မုခံ လိမ္ပိတွာ သရီရံ ယာဝဒတ္ထံ သေဒေတွာ စုဏ္ဏာဒီဟိ ဥဗ္ဗဋ္ဋေတွာ နဟာယန္တိ၊ တေနေဝ ပါဠိယံ ''စုဏ္ဏံ သန္နေတဗ္ဗ''န္တိအာဒိ ဝုတ္တံ။ **(တီ၊ စာ−၁၀၂,၁၀၃)**

(၄၆) ကသယ်မှုန့်ကိုပေးရမည်။ (၄၇) မြေညက်ကိုပေးရမည်။ (၄၈) စွမ်းနိုင်လျှင် ဇရုံးသို့ဝင်ရမည်။ (၄၉) ဇရုံးအိမ်သို့ဝင်သောရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကိုလိမ်းကျံ၍ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ရေသနုပ်ဖြင့်ဖုံးလွှမ်းကာ ဇရုံးအိမ်သို့ဝင်ရမည်။

(၅၀) သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ၍ မနေထိုင်ရ။

(၅၁) သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာ၌နေခြင်းကို မတားမြစ်ရ။ (၅၂) ဇရုံးအိမ်၌ ဥပဇ္ဈာယ်ဆရာအတွက် မီးညှိခြင်းစသော အမှုခပ်သိမ်းကိုပြုရမည်။ (၅၃) ဇရုံးအိမ်မှထွက်သောရဟန်းသည် ဇရုံးအိမ်အင်းပျဉ်ကိုယူ၍ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ရေသနုပ်ဖြင့်ဖုံးလွှမ်းလျက် ဇရုံးအိမ်မှ ထွက်ရမည်။ (၅၄) ရေချိုးရာ၌လည်း ဥပဇ္ဈာယ်ဆရာအတွက် (ချေးတွန်းခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်။ (၅၅) ရေချိုးပြီးသောရဟန်းသည် ဥပဇ္ဈာယ်ဆရာ၏ ရှေးဦးစွာတက်၍ မိမိကိုယ်ကို ရေစင်အောင်ပြုကာ (သင်းပိုင်ကို)ဝတ်လျက် ဥပဇ္ဈာယ်ဆရာ၏ ကိုယ်မှရေကိုသုတ်ရမည်။

(၅၆) သင်းပိုင်ကိုပေးရမည်။ (၅၇) ကိုယ်ဝတ်ဒုကုဋ်ကိုပေးရမည်။ (၅၈) ဇရုံးအိမ်အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေးဦးစွာလာ၍ နေရာကိုခင်းရမည်။ (၅၉) ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းကို အနီး၌ထားရမည်။ (၆၀) ဥပဇ္ဈာယ်ဆရာကိုသောက်ရေဖြင့် (အလိုရှိပါသလောဟု) မေးလျှောက်ရမည်။ (ဇန္တာဃရေ ဥဏှသန္တာပေန ပိပါသာ ဟောတိ၊ တသ္မာ ပုစ္ဆိတဗ္ဗော) **(ဌ၊ စာ−၂၆၁)** (၆၁)သင်ကြားစေလိုသည် ဖြစ်အံ့၊ သင်ကြားရမည်။ (၆၂) အဖန်ဖန်မေးမြန်းစေလိုသည်ဖြစ်အံ့၊ အဖန်ဖန်မေးမြန်းရမည်။ (၆၃) ဥပဇ္ဈာယ်ဆရာ နေသောကျောင်းသည် အမှိုက်ရှိအံ့။ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။

အနာဒရနှင့် ဂိလာနသော်လည်း မလွတ်သောအရာ

[သစေ ဥဿဟတီတိ သစေ ပဟောတိ န ကေနစိ ဂေလညေန အဘိဘူတော ဟောတိ။ အဂိလာနေန ဟိ သဒ္ဓိဝိဟာရိကေန သဒ္ဓိဝသေနာပိ သဗ္ဗံ ဥပဇ္ဈာယဝတ္တံ ကာတဗ္ဗံ၊ အနာဒရေန အကရောန္တဿ ဝတ္တဘေဒေ ဒုက္ကဋံ။ န ကာရပင္ရွိသံယုတ္တေသု ပန ပဒေသု ဂိလာနဿာပိ ပဋိက္ခိတ္တကိရိယံ ကရောန္တဿ ဒုက္ကဋမေဝ။) **(ဋ္ဌ၊ စာ–၂၆၁)**

(၆၄) ကျောင်းကိုသုတ်သင်လိုသောရဟန်းသည် ရှေးဦးစွာ သပိတ်၊ သင်္ကန်းကိုထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။ (၆၅) နိသီဒိုင် အိပ်ရာခင်းကိုထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၆၆) ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။ (၆၇) ညောင်စောင်းကို ရှိရှိသေသေ ကောင်းမွန်စွာ တံခါးရွက်၊ တံခါးဘောင်ကို မထိခိုက်စေဘဲထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။

(အပ္ပဋိဃံသန္တေနာတိ ဘူမိယံ အပ္ပဋိဃံသန္တေန။ ကဝါဋ္ဌပိဋ္ဌန္တိ ကဝါဋ္ဌဉ္စ ပိဋ္ဌသင်္ဃာတဉ္စ အစ္ဆုပန္တေန) **(ဋ္ဌ၊ စာ–၂၆၁)**

(၆၈) အင်းပျဉ်ကို ရှိရှိသေသေကောင်းမွန်စွာ တံခါးရွက်၊ တံခါးဘောင်ကို မထိခိုက်စေဘဲထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၆၉) ညောင်စောင်းခြေရင်းကိုထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။ (၇၀) ထွေးခံကိုထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။ (၇၁) မှီရာတံကဲပျဉ်ကိုထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၇၂) မြေအခင်းကို ခင်းမြဲနေရာကိုမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။

(၇၃) အကယ်၍ ကျောင်း၌ ပိုးအိမ်ပင့်ကူမျှင်ရှိအံ့၊ ဗိတာန်မျက်နှာကြက်မှ ရှေးဦးစွာဖယ်ရှားရမည်။ (၇၄) လေသွန်တံခါးနှင့်ထောင့်တို့ကို ပွတ်တိုက်ရမည်။ (အန္တရဗာဟိရဝါတပါနကဝါဋ္ဌကာနိစ ဂဗ္ဘဿစ စတ္တာရော ကောဏာ ပမဇ္ဇိတဗ္ဗာတိ အတ္ထော။) **(ဋ္ဌ၊ စာ–၂၆၁)** (၇၅) ငွေ့နီဖြင့် အပြေအပြစ်ပြုထားသောနံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကိုရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ (၇၆) မည်းသောအဆင်းဖြင့် အပြေအပြစ် ပြုထားသောမြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကိုရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။

(၇၇) အပြေအပြစ်မပြုသော မြေဖြစ်အံ့၊ ရေဖျန်း၍ ကျောင်းကိုမြူမတက်စေလင့်ဟု နှလုံးထား၍ တံမြက်လှည်းရမည်။ တံမြက်ချေးကိုစုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။ (၇၈) မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ခင်းထားရမည်။

[အကယ်၍ ရှေးဦးစွာမသိသဖြင့် တစ်စုံတစ်ယောက်သည်ခင်းအံ့ ထက်ဝန်းကျင်မှနံရံကို လက်နှစ်သစ်၊ သုံးသစ် လွတ်စေ၍ ခင်းရမည်။ ဤကား ပညာပနဝတ်တည်း။ အကယ်၍ သင်ဖြူးသပေါ့ဖြစ်အံ့ ကြီးလည်းကြီးလွန်းအံ့၊ ဖြတ်ပြီးအစွန်းကို စနစ်(ခေါက်ချိုး၍)ချည်ပြီး ခင်းရမည်။ ချည်ပုံမသိအံ့၊ မဖြတ်အပ်။ (နံရံသို့ထိသော်လည်း မထောင်းတာ၊ သင်ဖျူးသပေါ့ မပျက်စေလင့်ဟူလိုသတတ်။)]

(၇၉) ညောင်စောင်းခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ထားမြဲတိုင်းနေရာ၌ ပြန်၍ထားရမည်။ (၈၀) ညောင်စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေကောင်းမွန်စွာ တံခါးရွက်၊ တံခါးဘောင်တို့ကို မထိခိုက်စေဘဲ ခင်းထားမြဲတိုင်း ပြန်၍ခင်းထားရမည်။ (၈၁) အင်းပျဉ်ကို နေပူလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေကောင်းမွန်စွာ တံခါးရွက်၊ တံခါးဘောင်တို့ကို မထိခိုက်စေဘဲ ခင်းထားမြဲတိုင်း

ပြန်၍ ခင်းထားရမည်။ (၈၂) ဘုံလျှိုခေါင်းအုံးကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်းပြန်၍ ခင်းထားရမည်။

(၈၃) နိသီဒိုင် အိပ်ရာခင်းကို နေလှန်းသုတ်သင်ပြီးလျှင်ခါ၍ ခင်းထားမြဲတိုင်း ပြန်၍ခင်းထားရမည်။ (၈၄) ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ထားရမည်။ (၈၅) မှီရာ တံကဲပျဉ်ကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ထားရမည်။ (၈၆) သပိတ်၊ သင်္ကန်းကို ထားရမည်။ (၈၇)သပိတ်ကိုထားလိုသောရဟန်းသည် လက်တစ်ဖက်ဖြင့် သပိတ်ကိုကိုင်၍ လက်တစ်ဖက်ဖြင့် ညောင်စောင်းအောက်ကိုသော်လည်းကောင်း၊ အင်းပျဉ်အောက်ကိုသော်လည်းကောင်း သုံးသပ်၍ ထားရမည်။

(၈၈) အခင်းမရှိသောမြေ၌ သပိတ်ကိုမထားရ။ (၈၉) သင်္ကန်းကိုထားလိုသော် လက်တစ်ဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တစ်ဖက်ဖြင့် သင်္ကန်းတန်းသင်္ကန်းကြိုးကိုပွတ်သပ်၍ ထိုမှာဘက်၌အစွန်း ဤမှာဘက်၌ အခွအခေါက်ပြုလျက် သင်္ကန်းကိုထားရမည်။ (၉၀) အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည်လာကုန်အံ့။ အရှေ့မျက်နှာလေသွန်တံခါးတို့ကို ပိတ်ရမည်။ (၉၁) အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာလေသွန်တံခါးတို့ကို ပိတ်ရမည်။ (၉၂) မြောက်အရပ်မှ မြူနှင့်တကွသောလေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာလေသွန်တခါးတို့ကို ပိတ်ရမည်။

(၉၃) တောင်အရပ်မှ မြူနှင့်တကွသောလေတို့သည် လာကုန်အံ့၊ တောင်မျက်နှာလေသွန်တံခါးတို့ကိုပိတ်ရမည်။ (၉၄) အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်။ (၉၅) ညဉ့်အခါ၌ ပိတ်ထားရမည်။ (၉၆) ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်။ (၉၇) ညဉ့်အခါ၌ ဖွင့်ထားရမည်။ (၉၈) ပရိဝုဏ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ (၉၉)ရေချိုးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ရေချိုးအိမ်ကို တံမြက်လှည်းရမည်။ (၁၀၀) စည်းဝေးရာအရပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာအရပ်ကို တံမြက်လှည်းရမည်။ (၁၀၁) မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ (၁၀၂) ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။

(၁၀၃) သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်။ (၁၀၄) သုံးရေမရှိအံ့ သုံးရေကို တည်ထားရမည်။ (၁၀၅) သန့်သက်ရေအိုး၌ ရေမရှိသည်ဖြစ်အံ့၊ ရေလောင်းထည့်ရမည်။ (၁၀၆) ဥပဇ္ဈာယ်ဆရာ မမွေ့လျော်ခြင်းဖြစ်ငြားအံ့၊ အတူနေတပည့်သည် ကိုယ်တိုင်အရပ်တစ်ပါးသို့ ခေါ်ဆောင်သွားရမည်။ (၁၀၇) သူတစ်ပါးကိုသော်လည်း ခေါ်ဆောင်သွားစေရမည်။ (၁၀၈) ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ (၁၀၉) ဥပဇ္ဈာယ်ဆရာတွေးတောမှု သံသယကုက္ကုစ္စဖြစ်အံ့ အတူနေတပည့်သည် ပယ်ဖျောက်ရမည်။ (၁၁၀) သူတစ်ပါးကိုသော်လည်း ပယ်ဖျောက်စေရမည်။ (၁၁၁) ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုလည်း ဟောပြောရမည်။

(၁၁၂) ဥပဇ္ဈာယ်ဆရာမှားသောအယူ ယူငြားအံ့၊ အတူနေတပည့်သည် ဖြေရှင်းရမည်။ (၁၁၃)သူတစ်ပါးကိုသော်လည်း ဖြေရှင်းစေရမည်။ (၁၁၄) ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ (အညတ္တ နေတဗ္ဗောတိ ယတ္ထ ဝိဟာရတော သာသနေ အနဘိရတိ ဥပ္ပန္နာ၊ တတော အညတ္တ ကလျာဏမိတ္တာဒိသမ္ပတ္တိယုတ္တဋ္ဌာနေ နေတဗ္ဗော) **(တိ၊ ၈–၁၀၃)** (၁၁၅) ဥပဇ္ဈာယ်ဆရာသည် ဂရုက အာပတ်သို့ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှာထိုက်ငြားအံ့ အတူနေတပည့်သည် အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာအား ပရိဝါသ်ကိုပေးရာအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။

(ဥသုက္ကံ ကာတဗ္ဗန္တိ ပရိဝါသဒါနတ္ထံ သော သော ဘိက္ခု ဥပသင်္ကမိတွာ ယာစိတဗ္ဗော သစေ အတ္တနာ ပဋိဗလော ဟောတိ အတ္တနာဝ ဒါတဗ္ဗော နော စေ ပဋိဗလော ဟောတိ။ အညေန ဒါပေတဗ္ဗော)

(ဌ၊ စာ–၂၆၁)

(၁၁၆) ဥပဇ္ဈာယ်ဆရာသည် အရင်းသို့ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် အဘယ်သို့လျှင်သံဃာသည် ဥပဇ္ဈာယ်ဆရာကို အရင်းသို့ပြန်၍ ငင်ပါအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။ (၁၁၇) ဥပဇ္ဈာယ်ဆရာသည် မာနတ်ကျင့်ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာအား မာနတ်ကိုပေးပါအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။ (၁၁၈) ဥပဇ္ဈာယ်ဆရာသည် အဗ္ဘာန်ထိုက်သည်ဖြစ်အံ့ အတူနေတပည့်သည် အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာကို အဗ္ဘာန်သွင်းပါအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။

(၁၁၉) သံဃာသည် ဥပဇ္ဈာယ်ဆရာအား တဇ္ဇနီယကံကိုသော်လည်းကောင်း၊ နိယဿကံကိုသော်လည်းကောင်း၊ ပဗ္ဗာဇနီယကံကိုသော်လည်းကောင်း၊ ပဋိသာရဏီယကံကိုသော်လည်းကောင်း၊ ဥက္ခေပနီယကံကိုသော်လည်းကောင်း ပြုလိုသည်ဖြစ်အံ့ အတူနေတပည့်သည် အဘယ်သို့လျှင် သံဃာသည်ဥပဇ္ဈာယ်ဆရာအားကံမပြုဘဲ ရှိပါအံ့နည်း၊ အဘယ်သို့လျှင် အပြစ်ပေါ့စေရပါအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။

(လဟုကာယဝါ ပရိဏာမေယျာတိ ဥက္ခေပနီယံ အကတွာ တဇ္ဇနီယံ ဝါ နိယဿံ ဝါ ကရေယျာတိ အတ္ထော။ တေန ဟိ ''ဥပဇ္ဈာယဿ ဥက္ခေပနီယကမ္မံ ကတ္တုကာမော သံဃော''တိ ဥတွာ ကေမေကံ ဘိက္ခုံ ဥပသင်္ကမိတွာ ''မာ ဘန္တေ အမှာကံ ဥပဇ္ဈာယဿ ကမ္မံ ကရိတ္ထာ''တိ ယာစိတဗ္ဗာ။ သစေ ကရောန္တိယေဝ၊ တဇ္ဇနီယံ ဝါ နိယဿံ ဝါ ကရောထာတိ – ယာစိတဗ္ဗာ။ သစေ ကရောန္တိယေဝ၊ အထ ဥပဇ္ဈာယော ''သမ္မာ ဝတ္တထ ဘန္တေ'' တိ ယာစိတဗ္ဗော။ ဣတိ တံ သမ္မာ ဝတ္တာပေတွာ ပဋိပ္ပဿမ္ဘေထ ဘန္တေ ကမ္မန္တိ ဘိက္ခူ ယာစိတဗ္ဗာ။)

(ဌ၊ စာ–၂၆၂)

(၁၂၀) သံဃာသည် ထိုဥပဇ္ဈာယ်ဆရာအား တဇ္ဇနီယကံကိုသော်လည်းကောင်း၊ နိယဿကံကိုသော်လည်းကောင်း၊ ပဗ္ဗာဇနီယကံကိုသော်လည်းကောင်း၊ ပဋိသာရဏီယကံကိုသော်လည်းကောင်း၊ ဥက္ခေပနီယကံကိုသော်လည်းကောင်း ပြုပြီးသည်ဖြစ်အံ့၊ အတူနေတပည့်သည် အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာသည် ကောင်းစွာကျင့်ပါအံ့နည်း။ မာန်တည်းဟူသောအမွေးကို အမျက်ဒေါသကိုချပါအံ့နည်း။ ဒဏ်မှထွက်မြောက်အံ့သော အကျင့်ကိုကျင့်ပါအံ့နည်း။ သံဃာသည် ထိုကံကိုငြိမ်းစေပါအံ့နည်းဟု ကြောင့်ကြစိုက်ရမည်။

(၁၂၁) ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းသည် ဖွပ်လျှော်သင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ဖွပ်လျှော်ရမည်။ (၁၂၂) အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏သင်္ကန်းကို ဖွပ်လျှော်ရပါအံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (၁၂၃) ဥပဇ္ဈာယ်ဆရာ၏သင်္ကန်းသည် ချုပ်သင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ချုပ်ရမည်။ (၁၂၄) အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကိုချုပ်ရပါအံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (၁၂၅) ဥပဇ္ဈာယ်ဆရာအတွက် ဆိုးရည်ကျိုသင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ကျိုရမည်။ (၁၂၆) အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာအတွက် ဆိုးရည်ကိုကျိုရပါအံ့နည်းဟု ကြောင့်ကြသော်လည်း ပြုရမည်။ (စိုက်ရမည်။)

(၁၂၇) ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းသည် ဆိုးသင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ဆိုးရမည်။

(၁၂၈) အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သက်န်းကိုဆိုးရပါအံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

(၁၂၉) သင်္ကန်းဆိုးသော ရဟန်းသည် ကောင်းစွာအပြန်ပြန်အလှန်လှန် ဆိုးရမည်။

(၁၃၀) ဆိုးရည်ပေါက်မပြတ်စဲမီ ဖဲမသွားရ။(ယဒိ အပ္ပမတ္တကမ္ပိ ရဇနံ ဂဠတိ၊ န တာဝ ပက္ကမိတဗ္ဗံ။)
(ဌ၊ စာ-၂၆၂)

(၁၃၁) ဥပဇ္ဈာယ်ဆရာကို မပန်ကြားဘဲ အချို့သူအား သပိတ်မပေးရ။ (န ဥပဇ္ဈာယံ အနာပုစ္ဆာ ဧကစ္စဿ ပတ္တော ဒါတဗ္ဗောတိအာဒိ သဗ္ဗံ ဥပဇ္ဈာယဿ ဝိသဘာဂပုဂ္ဂလဝသေန ကထိတံ။) **(ဌ၊ စာ-၂၆၂)**(ဝိသဘာဂပုဂ္ဂလာနဉ္ဟိ လဇ္ဇီနော ဝါ အလဇ္ဇီနော ဝါ ဥပဇ္ဈာယဿ အဝမိကာမေ သန္တာယ ဝုတ္တံ။ သစေ ပန ဥပဇ္ဈာယော အလဇ္ဇီ ဩဝါဒမ္ပိ န ဂဏှာတိ၊ လဇ္ဇီနော စ တေသဿ ဝိသဘာဂါ ဟောန္တိ၊ တတ္ထ ဥပဇ္ဈာယံ ဝိဟာယ လဇ္ဇီဟေဝ သဒ္ဓိံ အာမိသာဒိပရိဘောဂေါ ကာတဗ္ဗော။ ဥပဇ္ဈာယာဒိဘာဝေါ ဟေတ္ထ န ပမာဏန္တိ ဒဋ္ဌဗ္ဗံ။)
(တိ၊ စာ-၁၀၃)

(၁၃၂) အချို့သူ၏ သပိတ်ကိုလည်း မယူရ။

(၁၃၃) အချို့သူအား သင်္ကန်းကိုမပေးရ။

(၁၃၄) အချို့သူ၏ သင်္ကန်းကိုလည်းမယူရ။

(၁၃၅) အချို့သူအား ပရိက္ခရာ အသုံးအဆောင်ကို မပေးရ။

(၁၃၆) အချို့သူ၏ ပရိက္ခရာ အသုံးအဆောင်ကိုလည်း မယူရ။

(၁၃၇) အချို့သူ၏ ဆံပင်တို့ကို မရိတ်ဖြတ်ရ။

(၁၃၈) အချို့သူအား မိမိ၏ဆံပင်တို့ကို မရိတ်ဖြတ်စေရ။

(၁၃၉) အချို့သူ၏ အမှုခပ်သိမ်းကို မပြုရ။

(၁၄၀) အချို့သူအား (ကြေးတွန်းခြင်းစသော)အမှုခပ်သိမ်းကို မပြုစေရ။

(၁၄၁) အချို့သူ၏ အမှုကြီးငယ်ကို မပြုရ။

(၁၄၂) အချို့သူအား မိမိအမှုကြီးငယ်ကို မပြုစေရ။

(၁၄၃) အချို့သူ၏ နောက်လိုက်ရဟန်း မဖြစ်ရ။

(၁၄၄) အချို့သူကို နောက်လိုက်ရဟန်း မလုပ်ရ။

(၁၄၅) အချို့သူ၏ ဆွမ်းကို မဆောင်ရ။

(၁၄၆) အချို့သူအား မိမိ၏ဆွမ်းကို မဆောင်စေရ။

(၁၄၇) ဥပဇ္ဈာယ်ဆရာကို မပန်ကြားဘဲ ရွာတွင်းသို့မဝင်ရ။

(န ဥပဇ္ဈာယံ အနာပုစ္ဆာ ဂါမော ပဝိသိတဗ္ဗောတိ ပိဏ္ဍာယ ဝါ အညေန ဝါ ကရဏီယေန ပဝိသိတုကာမေန အာပုစ္ဆိတွာဝ ပဝိသိတဗ္ဗော။ သစေ ဥပဇ္ဈာယော ကာလဿေဝ ဝုဋ္ဌာယ ဒူရံ ဘိက္ခာစာရံ ဂန္တုကာမော ဟောတိ၊ ဒဟရာ ပိဏ္ဍာယ ပဝိသန္တူတိ ဝတွာ ဂန္တဗ္ဗံ။ အဝတွာ ဂတေ ပရိဝေဏံ ဂန္တွာ ဥပဇ္ဈာယံ အပဿန္တေန ဂါမံ ပဝိသိတုံ ဝဋ္ဋတိ။ သစေ ဂါမံ ပဝိသန္တောပိ ပဿတိ၊ ဒိဋ္ဌဋ္ဌာနတော ပဋ္ဌာယ အာပုစ္ဆိတုံယေဝ ဝဋ္ဋတိ။) **(ဌ၊ စာ-၂၆၂)** (ပရိဝေဏံ ဂန္တွာတိ ဥပဇ္ဈာယဿ ပရိဝေဏံ ဂန္တွာ။ **(သာ၊ စာ-၂၃၃)**

(၁၄၈) သုသာန်သို့မသွားရ။ (န သုသာနံ ဂန္တဗ္ဗန္တိ ဝါသတ္ထာယ ဝါ ဒဿနတ္ထာယ ဝါ န ဂန္တဗ္ဗံ၊ **ဋ္ဌ၊ စာ-၂၆၂)** (န သုသာနန္တိကုဒ္ဒံ ဥပလက္ခဏံ ဥပစာရသီမတော ဗဟိ ဂန္တုကာမေန အနာပုစ္ဆာ ဂန္တုံ န ဝဋ္ဋတိ။) **(တီ၊ စာ-၁၀၃)**

(၁၄၉) အရပ်တစ်ပါးသို့ ဖဲမသွားရ။ (န ဒိသာ ပက္ကမိတဗ္ဗာတိ ဧတ္ထ ပက္ကမိတုကာမေန ကမ္မံ အာစိက္ခိတွာ ယာဝတတိယံ ယာစိတဗ္ဗော။ သစေ အနုဇာနာတိ၊ သာဓု။ နော စေ အနုဇာနာတိ၊ တံ နိဿာယ ဝသတော စဿ ဥဒ္ဒေသော ဝါ ပရိပုစ္ဆာ ဝါ ကမ္မဋ္ဌာနံ ဝါ န သမ္ပဇ္ဇတိ။ ဥပဇ္ဈာယော ဗာလော ဟောတိ အဗျတ္တော၊ ကေဝလံ အတ္တနော သန္တိကေ ဝသာပေတုကာမတာယေဝ ဂန္တုံ န ဒေတိ၊ ဧဝရူပေ နိဝါရေန္တေပိ ဂန္တုံ ဝဋ္ဋတိ။)
(ဋ္ဌ၊ စာ-၂၆၂)

(၁၅၀) ဥပဇ္ဈာယ်ဆရာသည် နာဖျားသည်ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်။ (၁၅၁) ထိုဥပဇ္ဈာယ်ဆရာ၏ အနာပျောက်သည့်တိုင်အောင် ဆိုင်းငံ့ရမည်။ (ဝုဋ္ဌာနမဿ အာဂမေတဗ္ဗန္တိ ဂေလညတော ဝုဋ္ဌာနံ အဿ အာဂမေတဗ္ဗံ၊ န ကတ္ထစိ ဂန္တဗ္ဗံ။ သစေ အညော ဘိက္ခု ဥပဋ္ဌာကော အတ္ထိ၊ ဘေသဇ္ဇံ ပရိယေသိတွာ တဿ ဟတ္ထေ ဒတွာ "ဘန္တေ အယံ ဥပဋ္ဌဟိဿတီ" တိ ဝတွာ ဂန္တဗ္ဗံ၊)
(ဋ္ဌ၊ စာ-၂၆၂)

မှတ်ချက် – (၃၃) (၈၆)တို့ကို ကိစ္စသီးသန့်ဟုမယူခဲ့သော် ၎င်းတို့ကို နုတ်ပယ်လျှင် (၁၄၉)ဝတ်ရှိသည်။ (၃၄)နှင့် (၈၇)။ (၃၅)နှင့် (၈၈)။ (၃၆)နှင့် (၈၉)တို့ အချင်းချင်းတူညီရကား ၎င်းတို့ကို သဘောတူရာပေါင်း၍ ရေတွက်သော်။ (၁၄၆)ဝတ်ရှိမည်။ သို့အတွက် ဤ၌ န ကာရပဋိသံယုတ္တဝတ်ပေါင်း(၂၇)ပါး။ သို့မဟုတ် (၃၅) + (၈၈) တို့ကိုတစ်ခုအဖြစ် ပေါင်းလိုက်သော် (၂၆)ပါးရှိသည်။)

သဒ္ဓိဝိဟာရိက ဝတ္တကထာ

ရဟန်းတို့ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်၌ ကောင်းစွာကျင့်ရမည်။ ဤဆိုလတ္တံ့သည်ကား ကောင်းစွာကျင့်ပုံတည်း။

(၁) ရဟန်းတို့ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်ကိုသင်ကြားခြင်း၊ အဖန်ဖန်မေးမြန်းခြင်း၊ သွန်သင်ခြင်း၊ ဆုံးမခြင်းဖြင့် သင်္ဂြိုဟ်ထောက်ပံ့ရမည်။ (သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေတဗ္ဗောတိ ဥဒ္ဒေသာဒီဟိဿ သင်္ဂဟော စ အနုဂ္ဂဟော စ ကတ္တဗ္ဗော။ တတ္ထ ဥဒ္ဒေသောတိ ပါဠိဝါစနံ။ ပရိပုစ္ဆာတိ ပါဠိယာ အတ္ထဝဏ္ဏနာ။ ဩဝါဒေါတိ အနောတိဏ္ဏေ ဝတ္ထုသ္မိံ ဣဒံ ကရောဟိ၊ ဣဒံ မာ ကရိတ္ထာ"တိဝစနံ။ အနုသာသနီတိ ဩတိဏ္ဏေ ဝတ္ထုသ္မိံ။ အပိစ ဩတိဏ္ဏေ ဝါ အနောတိဏ္ဏေ ဝါ ပဌမံ ဝစနံ ဩဝါဒေါ။ ပုနပ္ပုနံ ဝစနံ အနုသာသနီတိ။) **(ဋ္ဌ၊ စာ-၂၆၃)** (သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေတဗ္ဗောတိအာဒီသု အနာဒရိယံ ပဋိစ္စ ဓမ္မာမိသေဟိ အသင်္ဂဏှန္တာနံ အာစရိယုပဇ္ဈာယာနံ ဒုက္ကဋံ ဝတ္တဘေဒတ္တာ။ တေနေဝ ပရိဝါရေပိ န ဒေန္တော အာပဇ္ဇတီတိ ဝုတ္တံ။) **(တီ၊ စာ-၁၀၃)**

(၂) ဥပဇ္ဈာယ်ဆရာအား သပိတ်ရှိ၍အတူနေတပည့်အား သပိတ်မရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား သပိတ်ကိုပေးရမည်။ (၃) အဘယ်သို့လျှင် အတူနေတပည့်အား သပိတ်ဖြစ်ပေါ်ပါ

အံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (သစေ ဥပဇ္ဈာယဿ ပတ္တော ဟောတိတိ သစေ အတိရေက ပတ္တော ဟောတိ။ သေနယော သဗ္ဗတ္ထ။) **(ဌ၊ စာ–၂၆၃)**

(၄) ဥပဇ္ဈာယ်ဆရာအား သင်္ကန်းရှိ၍ အတူနေတပည့်အား သင်္ကန်းမရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား သင်္ကန်းကိုပေးရမည်။ (၅) အဘယ်သို့လျှင် အတူနေတပည့်အား သင်္ကန်းဖြစ်ပေါ်ပါအံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (၆) ဥပဇ္ဈာယ်ဆရာအား ပရိက္ခရာအသုံးအဆောင်ရှိ၍ အတူနေတပည့်အား ပရိက္ခရာအသုံးအဆောင်မရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား ပရိက္ခရာအသုံးအဆောင်ကိုပေးရမည်။

(၇) အဘယ်သို့လျှင် အတူနေတပည့်အား ပရိက္ခရာအသုံးအဆောင် ဖြစ်ပေါ်ပါအံ့နည်းဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (ပရိက္ခာရောတိ အညောပိ သမဏပရိက္ခာရော။ ဥဿုက္ကံ ကာတဗ္ဗန္တိ **ဓမ္မိကေန** နယေန ဥပ္ပဇ္ဇမာနဉပါယပရိယေသနံ။) **(ဌ၊ စာ–၂၆၃)** (၈) အတူနေတပည့်သည် နာဖျားအံ့ နံနက်စောစောထ၍ ဒန်ပူပေးရမည်။ (ဣတော ပရံ **ဒန္တကဋ္ဌဒါနံ** အာဒိံ ကတွာ အာစမနကုမ္ဘိယာ ဥဒကာ သိဉ္စနပရိယောသာနံ ဝတ္တံ ဂိလာနဿေဝ သဒ္ဓိဝိဟာ**ရိကဿ** ကာတဗ္ဗံ။ အနဘိရတိဝူပကာသနာဒိ ပန အဂိလာနဿာပိ ကတ္တဗ္ဗမေဝ။ စီဝရံ ရဇန္တေနာတိ **ဝေံ ရဇေယျာသီတိ** ဥပဇ္ဈာယတော ဥပါယံ သုတွာ ရဇန္တေန၊ သေသံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။) **(ဌ၊ စာ–၂၆၃)**

သဒ္ဓိဝိဟာရိက ဂိလာနဖြစ်သော် ပြုရမည့် ဝတ်(၉၇)ပါး

ဤအထက်ပါ အဋ္ဌကထာအရ အတူနေတပည့်ဖျားနာသော် ဥပဇ္ဈာယ်ဆရာ ပြုရမည့်ဝတ်များမှာ ယခင်ဥပဇ္ဈာယဝတ္တကထာ၌ (၁၃)မှ (၁၈)တိုင်အောင် ခြောက်ပါးသော ဝတ်များနှင့် (၆၁)(၆၂)ဝတ်များပေါင်း ရှစ်ပါးသောဝတ်များကိုနုတ်၍ (၁၉) ၌ ဤမျှအတိုင်း အရှည်ရှိသောအခါ ပြန်လာအံ့ဟုနှလုံးသွင်း၍ နေရာကိုခင်းထားရမည်ဟု ပြောင်းလဲ၍ထည့်သော် ဒန်ပူပေးရမည့်ဝတ်မှသည် သန့်သက်ရေအိုး၌ ရေကိုလောင်းထည့်ရမည့်ဝတ်တိုင်အောင် ၁ မှ ၁၀၅ တိုင်ဖြစ်၍ ၁၀၅ မှ ၈ကိုနုတ်သော် ဝတ်ပေါင်း (၉၇)ပါးရှိသည်။

အဂိလာနအားသော်လည်း ပြုရမည့်ဝတ်

နံပါတ်(၁)မှ နံပါတ်(၇)တိုင်အောင် အထက်၌ ဖော်ပြပြီးသော ဝတ်များကိုပါ ထည့်သင့်သော် (၇)ပါး။

ယခင်ဥပဇ္ဈာယဝတ္တကထာ၌ (၁၂၁)မှ (၁၂၉)တိုင်အောင်သော (၉)ပါးသောဝတ်တို့တွင် ဖွပ်လျှော်ရမည်စသောနေရာတို့၌ ဥပဇ္ဈာယ်ဆရာသည် ဤသို့ဖွပ်လော၊ ဤသို့ချုပ်လော၊ ဤသို့ဆိုးလောဟု ပြောင်းလဲထည့်၍ရေတွက်သော် ဝတ်ကိုးပါးရှိသည်။

အသက်ရှည်သမျှ ပြုရမည့်ဝတ်

(၁) အကယ်၍ အတူနေတပည့်သည် နာဖျားသည်ဖြစ်အံ့၊ အသက်ရှည်သမျှကာလပတ်လုံး လုပ်ကျွေးရမည်။ (၂) ထိုအတူနေတပည့်၏ အနာပျောက်သည့်တိုင်အောင် ဆိုင်းငံ့ရမည်။

မှတ်ချက်။ နံပါတ်(၁)မှ နံပါတ်(၇)တိုင် ဤသဒ္ဓိဝိဟာရိကဝတ်၌ ပြဆိုသော ခုနစ်ပါးသောဝတ်တို့သည်လည်းကောင်း သက်နှ်းဆိုးခြင်းစသော ကိုးပါးသောဝတ်တို့သည်လည်းကောင်း အတူနေတပည့်သည် အဂိလာန ဖြစ်ခဲ့သော် အတူနေတပည့်အား နိုင်းစေ၍ အတူနေတပည့်သည် ဂိလာနဖြစ်ခဲ့သော် အခြားသင့်တော်ရာ တစ်ပါးပါးအား နိုင်းစေ၍လည်းကောင်း။ မိမိကိုယ်တိုင်လည်းကောင်း ပြုသင့်သောဝတ်များဖြစ်သဖြင့် ၎င်းကိုးပါးသောဝတ်တို့သည်လည်းကောင်း။ မမွေ့လျော်ခြင်းကိုဖျောက်ခြင်းစသော (၁၅)ပါးသောဝတ်တို့သည် လည်းကောင်း။ အတူနေတပည့်သည် ဂိလာနဖြစ်သော်လည်းကောင်း။ အဂိလာနဖြစ်သော်လည်းကောင်း ဥပဇ္ဈာယ်ဆရာသည် ပြုရမည့်ဝတ်များဖြစ်ပေသည်။ အတူနေတပည့်သည် ဂိလာနဖြစ်သော်သာ ဥပဇ္ဈာယ်ဆရာပြုရမည့်ဝတ်များမှာ ယခင်(၉၇)ပါးနှင့် အသက်ရှည်သမျှ ပြုရမည့်ဝတ်နှစ်ပါးတို့ ဖြစ်သည်။

သို့အတွက် အတူနေတပည့်သည် ဂိလာနဖြစ်သော်လည်းကောင်း။ အဂိလာနဖြစ်သော်လည်းကောင်း ဥပဇ္ဈာယ်ဆရာသည် တပည့်အားပြုရမည့်ဝတ်များမှာ ၇+၁၅+၉ = ၃၁ ပါးဖြစ်၍ ဂိလာနဖြစ်သော်သာ ပြုရမည့်ဝတ်များမှာ ၉၇ + ၂ = ၉၉ ပါး အသီးသီးဖြစ်ကြရကား အားလုံးသဒ္ဓိဝိဟာရိကအရာ၌ ဝတ်ပေါင်း ၃၁+၉၉ = ၁၃၀ ပါးရှိသည်။

န-ကာရပဋိသံယုတ္တဝတ်များ (၇)

သဒ္ဓိဝိဟာရိက ဂိလာနအား ပြုရမည့်ဝတ်များ၌ –
သို့သော် (သင်္ကန်းကိုနေပူ၌) ကြာမြင့်စွာမထားရ ။ (၂၅)
သို့သော် (သပိတ်ကိုနေပူ၌) ကြာမြင့်စွာမထားရ ။ (၃၂)
အခင်းမရှိသောမြေ၌ သပိတ်ကိုမထားရ။ (၃၅)
(ဇရုံးအိမ်၌) သီတင်းကြီးဖြစ်သော ရဟန်းတို့ကိုတိုးဝှေ့၍ မနေထိုင်ရ။ (၅၀)
သီတင်းငယ်ဖြစ်သော ရဟန်းတို့ကို နေရာ၌နေခြင်းကို မတားမြစ်ရ။ (၅၁)
အခင်းမရှိသောမြေ၌ သပိတ်ကိုမထားရ။ (၈၈)

ဟူ၍ နကာရပဋိသံယုတ္တဝတ်ခြောက်ပါးလာရှိ၏။ သပိတ်ကို တစ်ကိစ္စတည်းယူသော် ငါးပါးဖြစ်သည်။ တစ်ဖန် သဒ္ဓိဝိဟာရိက ဂိလာန အဂိလာနအား ပြုရမည့်ဝတ်များ၌ –

ဆိုးရည်ပေါက်မပြတ်စဲမီ ဖဲမသွားရဟု (၁၃၀)တစ်ပါးသာ လာရှိ၏။ သို့အတွက် သဒ္ဓိဝိဟာရိကဝတ်၌ နကာရပဋိသံယုတ္တဝတ်များမှာ ခုနစ်ပါး သို့မဟုတ် ခြောက်ပါးဖြစ်သည်။

နသမ္မာဝတ္တနာဒိကထာ (၄–စာ–၂၆၃)

နှင်ထုတ်ရမည့်အင်္ဂါ (၅)ရပ်

ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသောကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသော ရိုသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွားများခြင်းမရှိ။ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ဥပဇ္ဈာယဝတ်ကို ကောင်းစွာမကျင့်သော အတူနေတပည့်ကို ဥပဇ္ဈာယ်ဆရာသည် သင့်ကိုနှင်ထုတ်၏။ ဤနေရာသို့ ပြန်မလာလင့်၊ သင်၏ သပိတ်၊ သင်္ကန်းကို ဆောင်ယူသွားလော့။ သင်သည် ငါ့ကိုမလုပ်ကျွေးရ၊ တစ်ခုခုကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်နှုတ်ဖြင့်လည်းကောင်းသိစေ၍ နှင်ထုတ်ရမည်။ နှင်မထုတ်သော ဥပဇ္ဈာယ်အား ဒုက္ကဋ်အာပတ်သင့်၏။

နှင်ထုတ်ခံရသော အတူနေတပည့်သည် ဥပဇ္ဈာယ်ကိုကန်တော့ရမည်။ မကန်တော့လျှင် ဒုက္କဋ်အာပတ်သင့်၏။ ဥပဇ္ဈာယ်သည် ကန်တော့လျှင်သည်းခံရမည်။ သည်းမခံအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

နှင်မထုတ်ရမည့် အင်္ဂါ(၅)ရပ်

ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းရှိ၏။ လွန်ကဲသော ကြည်ညိုခြင်းရှိ၏။ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရိုသေခြင်းရှိ၏။ လွန်ကဲသော မေတ္တာပွားများခြင်းရှိ၏။ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံ၍ ကောင်းစွာဝတ်၌ကျင့်သော အတူနေတပည့်အား နှင်မထုတ်ရ။ နှင်ထုတ်သောဥပဇ္ဈာယ်အား ဒုက္ကဋ်အာပတ်သင့်၏။

(ဤ၌ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသောချစ်ခြင်းဟူသည် အဘဟူသောချစ်ခြင်းက ဂေဟသိတပေမနှင့်တူသောကြောင့် ပေမအဦးမူသော မေတ္တာသိနေဟကို ဆိုလိုသည်။ အကုသိုလ်ပေမကိုမဆိုလို၊ အကြောင်းမှာ ဤပညတ်ချက်သည် ရဟန္တာတို့နှင့်လည်း ဆက်ဆံသောကြောင့် မြတ်စွာဘုရားသည်လည်း ရဟန်းတို့အား သံယောဇဉ်ပွားအောင် မတိုက်တွန်းသည်သာဖြစ်သောကြောင့်ဟူလို။ **(ဋီ၊ စာ–၄၁၈၊ သာ၊ စာ–၂၃၃)**

နိဿယမုတ္တက အမုတ္တကနှစ်ဦးတို့အား အာပတ်သင့်သောအရာ

(န သမ္မာ ဝတ္တနာယ စ ယာဝ စီဝရရဇနံ တာဝ ဝတ္တေ အကရိယမာနေ ဥပဇ္ဈာယဿ ပရိဟာနိ ဟောတိ၊ တသ္မာ တံ အကရောန္တဿ နိဿယမုတ္တကဿာပိ အမုတ္တကဿာပိ အာပတ္တိယေဝ)။
(မဟာ–၄၊ စာ–၂၆၃, ၂၆၄)

အမုတ္တကနိဿယသာ သင့်သောအရာ

(ကေစ္စဿ (ဥပဇ္ဈာယ်နှင့် ဝိသဘာဂဖြစ်သောအချို့သူအား) ပတ္တဒါနတော ပဋ္ဌာယ အမုတ္တက နိဿယဿေဝ အာပတ္တိ)။ **(မဟာ၄၊ စာ–၂၆၄)**

ဥပဇ္ဈာယ်တပည့်နှစ်ဦးတို့ သင့်သောအရာ

(သဒ္ဓိဝိဟာရိကာ သမ္မာ ဝတ္တန္တို့ ဥပဇ္ဈာယော သမ္မာ န ဝတ္တတိ၊ ဥပဇ္ဈာယဿ အာပတ္တိ။ ဥပဇ္ဈာယော သမ္မာ ဝတ္တတိ၊ သဒ္ဓိဝိဟာရိကာ သမ္မာ န ဝတ္တန္တို့ တေသံ အာပတ္တို ဥပဇ္ဈာယေ) ဝတ္တံ သာဒိယန္တေ သဒ္ဓိဝိဟာရိကာ ဗဟုကာပိ ဟောန္တို့ သဗ္ဗေသံ အာပတ္တို)။ **(မဟာ-၄၊ စာ-၂၆၄)**

ခွင့်ပေးခြင်းနှင့် အာပတ်မှလွတ်ငြိမ်းခွင့်

(သစေ ဥပဇ္ဈာယော မယှံ ဥပဋ္ဌာကော အတ္ထိ၊ တုမှေ အတ္တနော သဇ္ဈာယမနသိကာရာဒီသု ယောဂံ ကရောထာတိ ဝဒတိ၊ သဒ္ဓိဝိဟာရိကာနံ အနာပတ္တိ။ သစေ ဥပဇ္ဈာယော သာဒိယနံ ဝါ အသာဒိယနံ ဝါ န ဇာနာတိ၊ ဗာလော ဟောတိ၊ သဒ္ဓိဝိဟာရိကာ ဗဟုကာ တေသု ဧကော ဝတ္တသမ္ပန္နော ဘိက္ခု ဥပဇ္ဈာယဿ ကိစ္စံ အဟံ ကရိဿာမိ၊ တုမှေ အပ္ပေါဿုက္ကာ ဝိဟရထာတိ ဧဝဉ္စေ အတ္တနော ဘာရံ ကတွာ ဣတရေ ဝိဿဇ္ဇေတိ၊ တဿ ဘာရကရဏတော ပဋ္ဌာယ တေသံ အနာပတ္တိ)။ **(မဟာ-၄၊ စာ-၂၆၄)**

ဝဒန္တိဝါဒ

တေသု ဧကော ဝတ္တသမ္ပန္နော ဘိက္ခု - လ - တေသံ အနာပတ္တီတိဝစနတော သစေ ဧကော ဝတ္တသမ္ပန္နော ဘိက္ခု ''ဘန္တေ တုမှေ အပ္ပေါဿုက္ကာ ဟောထ၊ အဟံ တုမှာကံ သဒ္ဓိဝိဟာရိကံ အန္တေဝါသိကံ ဝါ ဂိလာနံ ဥပဋ္ဌဟိဿာမိ၊ ဩဝဒိတဗ္ဗံ ဩဝဒိဿာမိ၊ ဣတိ ကရဏီယေသု ဥဿုက္ကံ အာပဇ္ဇိဿာမီတိ ဝဒတိ'' တေ ဝေ ဝါ သဒ္ဓိဝိဟာရိကာဒယော ''ဘန္တေ တုမှေ ကေဝလံ အပ္ပေါဿုက္ကာ ဟောထာတိ ဝဒန္တိ ဝတ္တံ ဝါ န သာဒိယန္တိ တတော ပဋ္ဌာယ အာစရိယုပဇ္ဈာယာနံ အနာပတ္တီတိ ဝဒန္တိ။ **(သာ၊ စာ-၂၃၃-၂၃၄။ ဇီ၊ စာ-၄၁၈)**

သာဒိယနံ ဝါ အသာဒိယနံ ဝါ န ဇာနာတီတိ ''မယိ သာဒိယန္တေ အကရောန္တာနံ အာပတ္တိ ဟောတိ၊ ပဋိက္ခိပိတွာ အသာဒိယန္တေ အာပတ္တိ န ဟောတီတိ''ဧဝံ န ဇာနာတီတိ အတ္ထော ။ **(တိ၊ စာ-၁၀၄)**

ဝတ်တိုင်း၌ အာပတ်သင့်ချိန်

ဝတ္တံ န ပူရေယျာတိ ''ဝတ္တကရဏကာလော''တိ ဝတ္တုဝိဇာနနဝသေန ဥတွာ မာနကောသဇ္ဇာဒိဝသေန ဝါ ဥပဇ္ဈာယာဒီသု အနာဒရေန ဝါ ''အကာတုံ န ဝဋ္ဋတီ''တိ အဇာနနတာယဝါ န ကရေယျ ဒုက္ကဋမေဝ၊ အသဥ္စိစ္စ အဿတိယာတိအာဒီဟိ စ အကရောန္တဿ ပန အနာပတ္တိ၊ သဗ္ဗာနိ ဟိ ဝတ္တာနိ သေခိယာနေဝ တသ္မာ သေခိယေသု ဝုတ္တနယေနေဝေတ္ထ သဗ္ဗောပိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ **(တိ၊ စာ-၁၀၃,၁၀၄)**

ရာဇ ပြဟ္မဏ ဝတ္ထုကထာ

ဤမှစ၍ ရာဇပြဟ္မဏကိုအစပြု၍ ဥဏ္ဍိစတုတ္ထကမ္မဝါဖြင့်သာ ပဉ္စင်းအဖြစ်ကို ခွင့်ပြုတော်မူသည်။

ကမ္မဝါစာသရာ၏ အရည်အချင်း

(ဗျတ္တေန ဘိက္ခုနာ ပဋိဗလေနာတိ ဧတ္ထ ဗျတ္တောနာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ။ တသ္မိံ အသတိ ယဿ အန္တမသော ဣဒံ ဥဏ္ဍိစတုတ္ထကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော။ ယော ပန ကာသသောသသေမှာဒိနာဝါ ဂေလညေန ဩဋ္ဌဒန္တဇိဝှါဒီနံ ဝါ အသမ္ပတ္တိယာ ပရိယတ္တိယံ ဝါ အကတပရိစယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ဝါ ပဒံ ဝါ ဟာပေတိ၊ အညထာ ဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ အယံ အပ္ပဋိဗလော။ တဗ္ဗိပရိတော ဣမသ္မိံ အတ္ထေ ပဋိဗလောတိ ဝေဒိတဗ္ဗော)။ **(မဟာ–၄၊ စာ–၂၆၄,၂၆၅)**

(ဤအင်္ဂါရပ်နှင့်ပြည့်စုံမှသာ အာပတ်လွတ်၏ဟူသော အနက်သည်ထင်၏။ **(သာရ၊ စာ–၂၇၇)**

ပဉ္စင်းခံပြီးသည်၏အခြားမဲ့၌ မကျင့်သင့်သည်ကို ကျင့်သောရဟန်းတစ်ပါးအား (ခွင့်မတောင်းဘဲ ရဟန်းခံပေးထားသူ)အကြောင်းပြု၍ ခွင့်မတောင်းသူကို ပဉ္စင်းခံပေးသူအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပညတ်တော်မူသည်။ ဝမ်းရေးအတွက် သာသနာသို့ဝင်ရောက်လာသော ရာဇဗြိုဟ်ပြည်သား ပုဏ္ဏားတစ်ယောက်ကိုအကြောင်းပြု၍ မှီရာလေးပါးကို ပြောကြားရမည်ဟု ပညတ်တော်မူသည်။ လုလင်တစ်ယောက်ကိုအကြောင်းပြု၍ မှီရာလေးပါးကို (ရဟန်းမပြုမီ)ပြောကြားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပညတ်တော်မူသည်။ ဆယ်ယောက်အစုဂိုဏ်းအောက် ယုတ်သောဂိုဏ်းဖြင့် ပဉ္စင်းခံပေးသူအား ဒုက္ကဋ်အာပတ်သင့်၏။

(–မဇ္ဈိမဒေသ၌ဟူ၏)

အာစရိယဝတ္ထုကထာ

ဆယ်ဝါမပြည့်သေးသော ရဟန်းသည် ပဉ္စင်းခံပေးငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ (– ဝင်္ဂန္တပုဏ္ဏား၏သား အရှင်ဥပသေနအားအကြောင်းပြု၍ ဂဏာဗန္ဓိကပြုသဖြင့် ပညတ်တော်မူသည်။) ။ ဝိနည်းသိက္ခာပုဒ်ကို မသိမလိမ္မာသောရဟန်းသည် ရဟန်းခံပေးငြားအံ ဒုက္ကဋ်အာပတ်သင့်၏။ များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်သည်။)

နိဿရည်းဆရာခွင့်ပြုခြင်း

ဥပဇ္ဈာယ်ယူပုံ – ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ – (၃)ကြိမ်

နိဿရည်းယူပုံ – အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ (၃)ကြိမ်။ လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်ကိုစမွယ်တင်၍ ခြေတို့ကိုရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်ဆိုရမည်။ ဥပဇ္ဈာယ်ဆရာနိဿရည်းဆရာသည် – သာဟု၊ လဟု၊ ဩပါယိကံ၊ ပတိရူပံ၊ ပါသာဒိကေန သမ္ပာဒေဟီဟု တစ်ခုခုကိုကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ်ဖြင့် ဖြစ်စေ သိစေငြားအံ့၊ ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာဟူသည်မည်၏။

နိဿရည်းဆရာ၌ ကျင့်ပြုရမည့် အာစရိယဝတ္တ

ဥပဇ္ဈာယဝတ်၌ ဟောတော်မူသော (၁)မှသည် (၁၅၁)တိုင်အောင် အားလုံးသောဝတ်တို့သည်ပင် အာစရိယဝတ်မည်ကုန်၏။

အန္တေဝါသိကဝတ်

သဒ္ဓိဝိဟာရိကဝတ်၌ ဟောတော်မူသော (၁၂၀)သောဝတ်တို့သည်ပင် အန္တေဝါသိကဝတ်တို့မည် ကုန်၏။ (အနုဇာနာမိ ဘိက္ခဝေ အာစရိယန္တိ အာစာရသမာစာရသိက္ခာပနကအာစရိယံ အနုဇာနာမိ၊) **(မဟာ–၄၊ စာ–၂၆၆)** (အာယသ္မတော ဩဝါဒံ နိဿာယ ဝသာမိတိ ပါဠိသေသဝသေန ဝေဒိတဗ္ဗာ)။ **(ဋီ၊ စာ–၄၁၉)**

ပဏာမနာ ၁မနာကထာ
(ဝတ်ပြုထိုက်သောကာလအပိုင်းအခြား) အင်္ဂါရပ်များကားတွ၏

(နိဿယန္တေဝါသိကေန ဟိ ယာဝ အာစရိယံ နိဿာယ ဝသတိ၊ တာဝ သဗ္ဗံ အာစရိယဝတ္တံ ကာတဗ္ဗံ။ ပဗ္ဗဇ္ဇာဥပသမ္ပဒါဓမ္မန္တေဝါသိကေဟိ ပန နိဿယမုတ္တကေဟိပိ အာဒိတော ပဋ္ဌာယ ယာဝ စီဝရရဇနံ၊ တာဝ ဝတ္တံ ကာတဗ္ဗံ၊ အနာပုစ္ဆိတွာ ပတ္တဒါနာဒိမှိ ပန တေသံ အနာပတ္တိ။ တေသု စ ပဗ္ဗဇ္ဇန္တေဝါသိကော စ ဥပသမ္ပဒန္တေဝါသိကောစ အာစရိယဿ ယာဝဇီဝံ ဘာရော။ နိဿယန္တေဝါသိကောစ ဓမ္မန္တေဝါသိကော စ ယာဝ သမီပေ ဝသန္တိ၊ တာဝဒေဝ။ တသ္မာ အာစရိယေနာပိ တေသု သမ္မာ ဝတ္တိတဗ္ဗံ။ အာစရိယန္တေဝါသိကေသု ဟိ ယော ယော န သမ္မာ ဝတ္တတိ တဿ တဿ အာပတ္တိ။) **(မဟာ–၄၊ စာ–၂၆၆,၂၆၇)**

တတ္ထ ယေန သိက္ခာပဒါနိ ဒိန္နာနိ ၊ အယံ ပဗ္ဗဇ္ဇာစရိယော။ ယေန ဥပသမ္ပဒကမ္မဝါစာ ဝုတ္တာ၊ အယံ ဥပသမ္ပဒါစရိယော၊ ယော ဥဒ္ဒေသံ ပရိပုစ္ဆံ ဝါ ဒေတိ၊ အယံ ဓမ္မာစရိယောတိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ–၂၃၈)** ။ ဤ၌ သိက္ခာပုဒ်ပေးသူသည် ပဗ္ဗဇ္ဇာစရိယဟူ၏။

ရွှေဥမင်ဆရာတော်ကား - ရဟန်းပြုသောအခါ သရဏဂုံပေးသော ဆရာကား-ပဗ္ဗဇ္ဇာစရိယ တည်း၊ တပည့်ကား - ပဗ္ဗဇ္ဇန္တေဝါသိကတည်း၊ ပဉ္စင်းခံသောအခါ ကမ္မဝါရွတ်ပေးသောဆရာကား-ဥပသမ္ပ ဒါစရိယတည်း၊ တပည့်ကား-ဥပသမ္ပဒန္တေဝါသိကတည်းဟုဆို၏ (၉၉) (-ရဟန်းပြုသောအခါဟူသည် ပဗ္ဗဇ္ဇကံ ကို ဆိုလိုဟန်တူ၏။)

ဤဆရာငါးမျိုး၊ တပည့်ငါးမျိုးတို့တွင် ဩဝါဒါစရိယ ဩဝါဒန္တေဝါသိကကိုထည့်က ဆရာခြောက်မျိုး၊ တပည့်ခြောက်မျိုးဖြစ်သည်။ ကေသစ္ဆေဒန ကာသာယစ္ဆာဒန အာစရိယတို့လည်း ရှိကြကုန်သေး၏။ သရဏ ဒါနပြုသောပုဂ္ဂိုလ်အား ပဗ္ဗဇ္ဇာစရိယဟုမယူသောပုဂ္ဂိုလ်တို့ အယူအရ-သရဏဒါနအာစရိယလည်း ရှိသေး ၏။ ဤဆရာစုတို့ကား ဤဝတ္တကထာတို့၌ အကျုံးမဝင်ရကား တပည့်တို့လည်း အကျုံးမဝင်ကုန်သဖြင့် ဝတ်မပြုကုန်သော်လည်း အပြစ်မရှိ အနာပတ္တိပင်တည်း။

ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာတို့သည် ဗာလအဗျတ္တဖြစ်ကုန်သော် ထိုဆရာတို့၌ အာပတ် သာသင့်၍ နိဿရည်းယူခြင်း၊ ဥပဇ္ဈာယ်ယူခြင်းကား မြောက်သည်သာဖြစ်ရကား အင်္ဂါပြည့်စုံသော ဥပဇ္ဈာယ် ဆရာ နိဿရည်းဆရာတို့၌ကဲ့သို့ ဝတ်ကိုပြုအပ်သည်သာဟူ၏။

(စံကျောင်း - ၃ - ပါ နိဿယသစ်၊ စာ-၁၀၁)။ (- ဗာလအဗျတ္တဖြစ်လျက် ဥပဇ္ဈာယ်ပေးခြင်း နိဿရည်းပေးခြင်းသည်လည်း အလဇ္ဇီလက္ခဏာသို့ သက်ဝင်သင့်ရကား ဤအဆိုမှာလည်း ဆင်ခြင်ဖွယ် ရာပင် ဖြစ်သည်) သရဏဒါနကိုလည်း ဒသဝဿရဟန်း၏ သရဏဒါနရဟန်းဟု ဖော်ပြထား၏။ **(စာ-၁၀၀)**။

နိဿယပဋိပဿဒ္ဓိကထာ

ဥပဇ္ဈာယ်ဆရာနှင့်စပ်၍မှီရာ နိဿရည်းငြိမ်းခြင်းတို့သည် ဥပဇ္ဈာယ်ဆရာသည် အရပ်တစ်ပါးသို့ သော်လည်း ပြောင်းသွား၏။ လူသော်လည်း ထွက်၏။ သေသော်လည်း သေ၏။ တိတ္ထိဘောင်သို့သော် လည်း ပြောင်းရွှေ့သွား၏။ ဥပဇ္ဈာယ်ဆရာ၏ နှင်ထုတ်ခြင်းကိုသော်လည်း ခံရ၏။ ဤငါးပါးတို့တည်း။ ။ နိဿရည်းဆရာနှင့်စပ်၍ မှီရာနိဿရည်းငြိမ်းခြင်းတို့သည် - ၁ - ၂ - ၃ - ၄ - ၅ - ၆ - ဥပဇ္ဈာယ် ဆရာနှင့်သော်လည်း တွေ့ဆုံ၏။ ဤခြောက်ပါးတို့တည်း။ **(ပါဠိတော်-စာ-၈၉)**

(၁) ဥပဇ္ဈာယနိဿယပဋိပဿဒ္ဓိ

[ပက္ကန္တောတိ တမှာ အာဝါသာ ဝိပ္ပဝသိတုကာမော ပက္ကန္တော ဒိသံ ဂတော။ **(မဟာ-၄၊စာ- ၂၆၇)** (ဒိသံဂတောတိ ပုန အာဂန္တုကာမော အနာဂန္တုကာမော ဝါ ဟုတွာ ဝါသတ္ထာယ ကဉ္စိ ဒိသံ ဂတော။ **(သာ၊ စာ-၂၃၈)**။ ဒိသံဂတောတိ တတ္ထ ဓုရနိက္ခိတ္တဝါသော ဟုတွာ တိရောဂါမံ ဂတော။ **(ဇီ၊ စာ-၄၁၉)** ပက္ကန္တေတိ တဒဟု အပစ္စာဂန္တုကာမတာယ ဒိသံ ဂတေ။ **(ဝိနိစ္ဆယ-ဋီ-စာ-၁၄၅)** ဝေံ ဂတေ စ ပန တသ္မိံ သစေ ဝိဟာရေ နိဿယဒါယကော အတ္ထိ၊ ယဿ သန္တိကေ အညဒါပိ နိဿယော ဝါ ဂဟိတပုဗ္ဗော ဟောတိ၊ ယော ဝါ ကေသမ္ဘောဂပရိဘောဂေါ၊ တဿ သန္တိကေ နိဿယော ဂဟေတဗ္ဗော၊ ကေဒိဝသမ္ပိ ပရိဟာရော နတ္ထိ။**(မဟာ-၄၊ စာ-၂၆၇)**

ယောဝါ-လ-ဂဟေတဗ္ဗောတိ ဣမိနာ လဒ္ဓိသု ဝေ နိဿယဂ္ဂဟဏံ နိယောဇေတိ၊ အလဒ္ဓိသု ပဋိက္ခိတ္တတ္တာ။ ထွေ့ စ ပရိဘောဂသဒ္ဒေန ကေကမ္မာဒိကော သံဝါသော ဂဟိတော၊ ပစ္စယပရိဘောဂဿ သမ္ဘောဂသဒ္ဒေန ဂဟိတတ္တာ။ ဧတေန စ သမ္ဘောဂသံဝါသာနံ အလဒ္ဓိဟိ သဒ္ဓိံ န ကတ္တဗ္ဗတံ ဒဿေတိ။ ပရိဟာရော နတ္ထီတိ အာပတ္တိပရိဟာရော နတ္ထိ ။ **(တီ၊ စာ-၁၀၆)** ကြံ့ဝိမတိဆရာ၏ဝါဒကို ညောင်ကန်ဆရာတော်လည်း လက်ခံ၏။ **(စာ-၂၇၇)**

[သစေ တာဒိသော နတ္ထိ၊ အညော လဇ္ဇီ ပေသလော အတ္ထိ၊ တဿ လဇ္ဇိပေသလဘာဝံ ဇာနန္တေန တဒဟေဝ နိဿယော ယာစိတဗ္ဗော ။ သစေ ဒေတိ၊ ဣစ္စေတံ ကုသလံ။ အထ ပန တုမှာကံ ဥပဇ္ဈာယော လဟုံ အာဂမိဿတီတိ ပုစ္ဆတိ၊ ဥပဇ္ဈာယေန စ တထာ ဝုတ္တံ၊ အာမ ဘန္တေတိ ဝတ္တဗ္ဗံ။ သစေ ဝဒတိ - ''တေန ဟိ ဥပဇ္ဈာယဿ အာဂမနံ အာဂမေထာ''တိ၊ ဝဋ္ဋတိ။ အထ ပနဿ ပကတိယာ ပေသလဘာဝံ န ဇာနာတိ၊ စတ္တာရိ ပဉ္စ ဒိဝသာနိ တဿ ဘိက္ခုနော သဘာဂတံ ဩလောကေတွာ ဩကာသံ ကာရေတွာ နိဿယော ဂဟေတဗ္ဗော။] **(မဟာ-၄၊ စာ-၂၆၇)**

(ဩလောကေတွာတိ ဥပပရိက္ခိတွာ။ **(သာ၊ စာ-၂၃၈)** ။ ။ စတ္တာရိ ပဉ္စ ဒိဝသာနီတိက္ကဒံ ဥပလက္ခဏမတ္တံ။ ယဒိ ကောဟဉ္ဉိဟေန သဘာဂတာ ပညာယတိ၊ ဉာတဒိဝသေန ဂဟေတဗ္ဗောဝ။ အထာပိ စတုပဉ္စာဟေနပိ န ပညာယတိ၊ ယတ္တကေဟိ ဒိဝသေဟိ ပညာယတိ၊ တတ္တကာနိ အတိက္ကမေတဗ္ဗာနိ၊ သဘာဂတံ ဩလောကေမီတိ ပန လေသော န ကာတဗ္ဗော။ **(တီ၊ စာ-၁၀၆)**

[သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ၊ ဥပဇ္ဈာယော စ အဟံ ကတိပါဟေန အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာတိ ဝတွာ ဂတော၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဉ္စ ဝါ ဒသ ဝါ ဒိဝသာနိ ဝါသေန္တိယေဝ။ တေန ဝိဟာရံ ပဝတ္တိ ပေသေတဗ္ဗာ ''ဒဟရာ မာ ဥက္ကဏ္ဌန္တု၊ အဟံ အသုကဒိဝသံ နာမ အာဂမိဿာမီ''တိ။ ဧဝမ္ပိ ပရိဟာရော လဗ္ဘတိ။ အထ အာဂစ္ဆတော အန္တရာမဂ္ဂေ နဒီပူရေန ဝါ စောရာဒီဟိ ဝါ ဥပဒ္ဒဝေါ ဟောတိ၊ ထေရော ဥဒကောသက္ကနံ ဝါ အာဂမေတိ၊ သဟာယေ ဝါ ပရိယေသတိ၊ တဉ္စေ ပဝတ္တိံ ဒဟရာ သုဏန္တိ၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ သစေ ပန သော ''ဣဓေဝါဟံ ဝသိဿာမီ''တိ ပဟိဏာတိ၊ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။ **(မဟာ-၄၊ စာ-၂၆၇, ၂၆၈)**

(ဒဟရာ သုဏန္တီတိ ထွေ့ အသုတွာပိ အာဂမိဿတိ၊ ကေနစိ အန္တရာယေန စိရာယတီတိ သညာယ သတိ လဗ္ဘတေဝ ပရိဟာရော၊ တေနာဟ ''ဣဓေဝါဟံ ဝသိဿာမီတိ ပဟိဏာတိ၊ ပရိဟာရော နတ္ထီ''တိ။)

(တီ၊ စာ-၁၀၆)

[ဝိဗ္ဘန္တေ ပန ကာလင်္ကတေ ပက္ခသင်္ကန္တေ ဝါ ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။ **(မဟာ-၄၊ စာ-၂၆၈)** (ထွေ့ သစေ ကေနစိ ကရဏီယေန တဒဟေဝ ဂန္တုံ အသက္ကောန္တော ကတိပါဟေန ဂမိဿာမီတိ ဂမနေ သဉ္ဉသာဟော ဟောတိ၊ ရက္ခတီတိ ဝဒန္တိ။ **(သာ၊ စာ-၂၃၈)** ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထီတိ ဂမနေ နိရုဿာဟံ သန္ဓာယ ဝုတ္တံ၊ သဉ္ဉသာဟဿ ပန သေနာသနပဋိသာမနာဒိဝသေန ကတိပါဟေ ဂတေပိ န ဒေါသော။) **(တီ၊ စာ-၁၀၆)**

[အာဏတ္တိတိ ပန နိဿယပဏာမနာ ဝုစ္စတိ၊ တသ္မာ ''ပဏာမေမိ တ''န္တိ ဝါ ''မာ ဣဓ ပဋိက္ကမီ''တိ ဝါ ''နီဟရ တေ ပတ္တစီဝရ''န္တိ ဝါ ''နာဟံ တယာ ဥပဋ္ဌာပေတဗ္ဗော''တိ ဝါ ဣမိနာ ပါဠိနယေန ''မာ မံ ဂါမပ္ပဝေသနံ အာပုစ္ဆီ''တိအာဒိနာ ပါဠိမုတ္တကနယေန ဝါ ယော နိဿယပဏာမနာယ ပဏာမိတော ဟောတိ၊ တေန ဥပဇ္ဈာယော ခမာပေတဗ္ဗော။ **(မဟာ-၄၊ စာ-၂၆၈)**

သစေ အာဒိတောဝ န ခမတိ ဒဏ္ဍကမ္မံ အာဟရိတွာ တိက္ခတ္တုံ တာဝ သယမေဝ ခမာပေတဗ္ဗော။ နော စေ ခမတိ၊ တသ္မိံ ဝိဟာရေ မဟာထေရေ ဂဟေတွာ ခမာပေတဗ္ဗော၊ နော စေ ခမတိ၊ သာမန္တဝိဟာရေ ဘိက္ခူ ဂဟေတွာ ခမာပေတဗ္ဗော။ သစေ ဝေဝံပိ န ခမတိ၊ အညတ္ထ ဂန္တွာ ဥပဇ္ဈာယဿ သဘာဂါနံ သန္တိကေ ဝသိတဗ္ဗံ ''အပ္ပေဝ နာမ သဘာဂါနံ မေ သန္တိကေ ဝသတီတိ ဉတွာပိ ခမေယျာ''တိ။ **(မဟာ-၄၊ စာ ၂၆၈)**

(သဘာဂါနာမ ဥပဇ္ဈာယဿ သိဿာ၊ တတ္ထ နိဿယံ ဂဟေတွာ၊ ယဒိ ဇဝံ ကော ဝိသေသော တိ စေ? တေန ဣဒံ ဝုစ္စတိ ''အပ္ပေဝ နာမ ခမေယျာ''တိ။ **(ဓိ၊ စာ-၄၁၉)** သစေ ဝေဝံပိ နခမတိ၊ တတြေဝ ဝသိတဗ္ဗံ။ **(မဟာ-၄၊ စာ-၂၆၈)** (တတြ သဘာဂဋ္ဌာနေ ဝေ နိဿယံ ဂဟေတွာ ဝသိတဗ္ဗံ။ **(တိ၊ စာ-၁၀၆)**

တတြ စေ ဒုဗ္ဘိက္ခာဒိဒေါသေန န သက္ကာ ဟောတိ ဝသိတုံ တံယေဝ ဝိဟာရံ အာဂန္တွာ အညဿ သန္တိကေ နိဿယံ ဂဟေတွာ ဝသိတုံ ဝဋ္ဋတိ။ **(မဟာ-၄၊ စာ-၂၆၈)** (ဝသိတုံ ဝဋ္ဋတီတိ ဥပဇ္ဈာယေန ပရိစ္စတ္တတ္တာ ဥပဇ္ဈာယသမောဓာနံ နိရုတ္တကန္တိ အတ္ထော။ သစေ ဥပဇ္ဈာယော စိရေန အနုဂ္ဂဟေတုကာမော ဟောတိ၊ တတော ပဋ္ဌာယ ဥပဇ္ဈာယောဝ နိဿယော။ ဥပဇ္ဈာယော စေ အလဇ္ဇီ ဟောတိ၊ သဒ္ဓိဝိဟာရိကေန အနေကက္ခတ္တုံ ဝါရေတွာ အဝိရမန္တံ ဥပဇ္ဈာယံ ပဟာယ ဝိနာပိ နိဿယပဏာမနေန အညဿ သန္တိကေ နိဿယံ ဂဟေတွာ ဝသိတဗ္ဗံ။ **(ဓိ၊ စာ-၄၁၉)**

တံ ယေဝ ဝိဟာရံ (-လ-) ဝသိတုံ ဝဋ္ဋတီတိတ္တေ ဥပဇ္ဈာယေန ပရိစ္စတ္တတ္တာ ဥပဇ္ဈာယ သမောဓာနပရိဟာရော နတ္ထိ၊ တသ္မာ ဥပဇ္ဈာယေန သမောဓာနဂတဿပိ အာစရိယဿ သန္တိကေ ဂဟိတ နိဿယော န ပဋိပ္ပဿမ္ဘတိ။ **(သာ၊ စာ-၂၃၈)**

တံ ယေဝ ဝိဟာရံ (လ) ဝသိတုံ ဝဋ္ဋတီတိဣမိနာ ဥပဇ္ဈာယေ သင်္ဂဏှန္တေယေဝ တံ သမောဓာနေ နိဿယပဋိပ္ပဿဒ္ဓိ ဝုတ္တာ။ တသ္မိံ ပန ကောခေန ဝါ ဂဏနိရပေက္ခတာယ ဝါ အသင်္ဂဏှန္တေ အညေသု ဂဟိတော နိဿယော န ပဋိပ္ပဿမ္ဘတီတိ ဒဿေတိ။ **(တိ၊ စာ- ၁၀၆၊၁၀၇)** [အယမာဏတ္တိယံ ဝိနိစ္ဆယော]

(၂) အာစရိယ နိဿယ ပဋိပ္ပဿဒ္ဓိ

၁။ ပန်၍သွားခြင်း

(က) **တပည့်သွားခြင်း** - [အာစရိယော ပက္ကန္တောဝါ ဟောတီတိ တ္တေ ကောစိ အာစရိယော အာပုစ္ဆိတွာ ပက္ကမတိ၊ ကောစိ အနာပုစ္ဆိတွာ။ အန္တေဝါသိကောပိ ဝေမေဝ။ တတြ သစေ အန္တေဝါသိကော အာစရိယံ အာပုစ္ဆတိ၊ အသုကံ နာမ ဘန္တေ ဌာနံ ဂန္တုံ ဣစ္ဆာမိ ကေနစိဒေဝ ကရဏီယေနာတိ၊ အာစရိ ယေန စ ကဒါ ''ဂမိဿတီ'' တိ ဝုတ္တော သာယန္ဟေ ဝါ ရတ္တိံ ဝါ ဥဋ္ဌဟိတွာ ဂမိဿာမီတိ ဝဒတိ၊ အာစရိယောပိ သာဓူတိ သမ္ပဋိစ္ဆတိ၊ တံခဏညေဝ နိဿယော ပဋိပ္ပဿမ္ဘတိ]။ **(မဟာ-၄၊ စာ-၂၆၈)**
(နိဿရည်း ငြိမ်းသော်လည်း ခရီးသွားဆဲအရာ၌တည်ရကား အာပတ်ကား (မသင့်တန်သေးရာ။)

(အာစရိယမှာ နိဿယပဋိပ္ပဿဒ္ဓိသု အာစရိယော ပက္ကန္တော ဝါ ဟောတီတိဧတ္ထ ပက္ကန္တောတိ ဒိသံ ဂတောတိ အာဒိနာ ဥပဇ္ဈာယဿ ပက္ကမနေ ယော ဝိနိစ္ဆယော ဝုတ္တော၊ သော တတ္ထ ဝုတ္တနယေနေဝ ဉာတဗ္ဗော။ ကေဝလံ ဟိ ဥပဇ္ဈာယော ဝိဗ္ဘမေယျ ကာလံ ဝါ ကရေယျ ပက္ကမေယျ ဝါ၊ ...

[(သာ၊ စာ–၂၃၉)၊ (တီ၊ စာ–၁၀၇၊ ၈)]

[သစေ ပန ဘန္တေ အသုကံ နာမ ဌာနံ ဂန္တုကာမောမှီတိ ဝုတ္တေ အာစရိယော အသုကသ္မိံနာမ ဂါမေ ပိဏ္ဍာယ စရိတွာ ပစ္ဆာ ဇာနိဿသီတိ ဝဒတိ၊ သော စ သာဓူတိ သမ္ပဋိစ္ဆတိ၊ တတော စေ ဂတော၊ သုဂတော။ သစေ ပန န ဂစ္ဆတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ။ အထာပိ ဂစ္ဆာမီတိ ဝုတ္တေ အာစရိယေန မာ တာဝ ဂစ္ဆ ရတ္တိံ မန္တေတွာ ဇာနိဿာမာတိ ဝုတ္တော မန္တေတွာ ဂစ္ဆတိ၊ သုဂတော။ နော စေ ဂစ္ဆတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ] **(မဟာ–၄၊ စာ–၂၆၉)**

(၂) မပန်ကြားဘဲသွားခြင်း – [အာစရိယံ အနာပုစ္ဆာ ပက္ကမန္တဿ ပန ဥပစာရသီမာတိက္ကမေ နိဿယော ပဋိပ္ပဿမ္ဘတိ။ အန္တော ဥပစာရသီမတော ပဋိနိဝတ္တန္တဿ န ပဋိပ္ပဿမ္ဘတိ။] **(မဟာ–၄၊စာ၂၆၉)**

[၁ ပန်၍သွားခြင်း]

(က) ဆရာသွားခြင်း [သစေ ပန အာစရိယော အန္တေဝါသိကံ အာပုစ္ဆတိ အာဝုသော''အသုကံနာမ ဌာနံ ဂမိဿာမီ''တိ၊ အန္တေဝါသိကေန စ ကဒါတိ ဝုတ္တေ သာယနှေ ဝါ ရတ္တိဘာဂေ ဝါ တိ ဝဒတိ၊ အန္တေဝါသိကောပိ ''သာဓူတိ'' သမ္ပဋိစ္ဆတိ၊ တံခဏညေဝ နိဿယော ပဋိပ္ပဿမ္ဘတိ။

သစေ ပန အာစရိယော ''သွေ ပိဏ္ဍာယ စရိတွာ ဂမိဿာမီ''တိ ဝဒတိ၊ ဣတရော စ ''သာဓူ''တိ သမ္ပဋိစ္ဆတိ၊ ဧကဒိဝသံ တာဝ နိဿယော န ပဋိပ္ပဿမ္ဘတိ၊ ပုနဒိဝသေ ပဋိပ္ပဿဒ္ဓေါ ဟောတိ။ ''အသုကသ္မိံ နာမ ဂါမေ ပိဏ္ဍာယ စရိတွာ ဇာနိဿာမိ မမ ဂမနံ ဝါ အဂမနံ ဝါ'' တိ ဝတွာ သစေ န ဂစ္ဆတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ။ အထာပိ ဂစ္ဆာမီတိ ဝုတ္တေ အန္တေဝါသိကေန မာ တာဝ ဂစ္ဆထ၊ ရတ္တိံ မန္တေတွာ ဇာနိဿထာတိ ဝုတ္တော မန္တေတွာပိ န ဂစ္ဆတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ]။ **(မဟာ–၄၊ စာ–၂၆၉)**

[ဤဆရာပန်ကြားသည့်နည်းတူ တပည့်သည်လည်း နက်ဖြန်မှသွားအံ့ဟုပန်ကြား၍ ဆရာကလည်း ခွင့်ပြုလျှင် ထိုနေ့ နိဿရည်းမငြိမ်းသေးဘဲ နောက်နေ့မှငြိမ်းသည်ဟု ယူသင့်၏။]

(၂) မပန်ဘဲသွားခြင်း [သစေ ဥဘောပိ အာစရိယန္တေဝါသိကာ ကေနစိ ကရဏီယေန ဗဟိသီမံ ဂစ္ဆန္တိ။ တတော စေ အာစရိယော ဂမိယစိတ္တေ ဥပ္ပန္နေ အနာပုစ္ဆာဝ ဂန္တွာ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တောယေဝ နိဝတ္တတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ၊ သစေ ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ နိဝတ္တတိ၊ ပဋိပ္ပဿဒ္ဓေါ ဟောတိ။ အာစရိယုပဇ္ဈာယာ ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ ဝိဟာရေ ဝသန္တိ၊ နိဿယော ပဋိပ္ပဿမ္ဘတိ။] **(မဟာ–၄၊ စာ–၂၆၉)**

ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ နိဝတ္တတီတိ ''ဧတ္တာဝတာ ဒိသာ ပက္ကန္တော နာမ ဟောတိ၊ တသ္မာ အန္တေဝါသိကေ အနိက္ခိတ္တဓုရေပိ နိဿယော ပဋိပ္ပဿမ္ဘတိ **(ဓီ၊ စာ–၄၂၀)**။ ။ ကောဝါသေ ဟိ ပရိက္ခိတ္တေဝါ အပရိက္ခိတ္တေ ဝါ အန္တမသော အန္တောတီယောဇနေပိ ဝသတော နိဿယော န ပဋိပ္ပဿမ္ဘတိ။

သော စ ဥပစာရသီမာယ ပရိစ္ဆိန္နော။ သာ စ ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နော ကောဝိသော။ **(ဝိ၊ ဋ-၄၂၀)**

ဇွတ္တာဝတာ လေဍ္ဍုပါတဒွယဗ္ဘန္တရေ အပရိက္ခိတ္တေ အညသ္မိံ ဝိဟာရေ ဝသတော နိဿယော ပန န ပဋိပ္ပဿမ္ဘတိ၊ ပရိက္ခိတ္တေ ပဋိပဿမ္ဘတိ ဇေါတိ အယမတ္ထော သာဓိတောတိ။ ဇွတ္တာဟ ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာဝ သတောပိ နိဿယော န ပဋိပ္ပဿမ္ဘတိ၊ ဝုတ္တဉ္ဟိ နိဿယဂ္ဂိယဋ္ဌကထာယံ "သစေ ဂစ္ဆန္တာနံ ယေဝ အသမ္ပတ္တေသု ဒဟရေသု အရုဏံ ဥဂ္ဂစ္ဆတိ၊ ဧဝရံ နိဿယဂ္ဂိယံ ဟောတိ၊ နိဿယော ပန န ပဋိပ္ပဿမ္ဘတီတိ။ **(ဝိ၊ ဋ-၄၂၁)**

[ဥပစာပြင်ပ၌ ဖြစ်သော်လည်း အရုဏ်အတွင်းပြန်အံ့ဟု ဥဿာဟဂမန နှစ်ပါးရှိသောကြောင့် နိဿရည်းမငြိမ်းဟူ၏။ တစ်ခုခုသာရှိအံ့။ နှစ်ပါးစုံမူလည်းမရှိအံ့ ငြိမ်း၏ဟူ၏။] [ဇိ] (သာဓကများစွာလာ၏)

အာစရိယုပဇ္ဈာယာ ဒွေ လေဍ္ဍုပါတေ အနတိက္ကမ္မ လေဍ္ဍုပါတဒွယဗ္ဘန္တရေ တိရော ဝိဟာရေပိ ပရိက္ခိတ္တေ အပရိက္ခိတ္တေ ဝါ ဝသိတုံ ဝဋ္ဋတီတိ လိခိတံ၊ အပရိက္ခိတ္တေယေဝါတိ နော တက္ကောတိ အာစရိယော၊ ဇွတ္တ ပန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဝိမုတ္တေ အညသ္မိံ ဝိဟာရေ ဝသန္တီတိ အဓိပ္ပာယော။ **(ဝိ၊ ဋ-၄၂၀)** (- ဒွေလေဍ္ဍုပါတေ ဝိမုတ္တေ - ဟူ)

အာစရိယုပဇ္ဈာယာ ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ ဝိဟာရေ ဝသန္တီတိ ဗဟိဥပစာရသီမာယံ အန္တေဝါသိကသဒ္ဓိဝိဟာရိကာနံ ဝသနဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ သေနာသနေ ဝသန္တိ။ အန္တောဥပစာရသီမာယံ ပန ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာပိ ဝသတော နိဿယော န ပဋိပ္ပဿမ္ဘတိ။ **(သာ၊ ဋ-၂၃၉)**

ဒွေ၊~၊ဝသန္တီတိ ဥပစာရသီမတော ဗဟိ အညသ္မိံ ဝိဟာရေ အန္တေဝါသိကာနံ ဝသနဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ ဝသန္တိ။ တေန ဗဟိဥပစာရေပိ အန္တေဝါသိကာနံ ဝသနဋ္ဌာနတော ဒွိန္နံ လေဍ္ဍုပါတာနံ အန္တရေ အာသန္နပဒေသေ ဝသတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတီတိ ဒဿေတိ၊ အန္တောဥပစာရသီမာယံ ပန ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ ဝသတော နိဿယော န ပဋိပ္ပဿမ္ဘတေဝ။ **(တိ၊ ဋ-၁၀၇)**

[အာစရိယေ ဝိဗ္ဘန္တေ ကာလင်္ကတေ ပက္ခသင်္ကန္တေ စ တခ်ဏညေဝ ပဋိပ္ပဿမ္ဘတိ။ အာဏတ္တိယံ ပန သစေပိ အာစရိယော မုဉ္စိတုကာမောဝ ဟုတွာ နိဿယပဏာမနာယ ပဏာမေတိ၊ အန္တေဝါသိကော စ ကိဉ္စာပိ မံ အာစရိယော ပဏာမေတိ၊ အထ ခေါ် ဟဒယေန မုဒုကောတိ သာလယောဝ ဟောတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိယေဝ၊ သစေ ပိ အာစရိယော သာလယော၊ အန္တေဝါသိကော နိရာလယော၊ န ဒါနိ ဣမံ နိဿာယ ဝသိဿာမီတိ ဓုရံ နိက္ခိပတိ၊ ဧဝမ္ပိ န ပဋိပ္ပဿမ္ဘတိ။ ဥဘိန္နံ သာလယဘာဝေ ပန န ပဋိပ္ပဿမ္ဘတိ ယေဝ။ ဥဘိန္နံ ဓုရနိက္ခေပေန ပဋိပ္ပဿမ္ဘတိ။ ပဏာမိတေန ဒဏ္ဍကမ္မံ အာဟရိတွာ တိက္ခတ္တုံ ခမာပေတဗ္ဗော။ နော စေ ခမတိ ဥပဇ္ဈာယေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ။

ဥပဇ္ဈာယေန ဝါ သမောဓာနဂတောတိတ္တေ ဒဿနသဝနဝသေန သမောဓာနံ ဝေဒိတဗ္ဗံ၊ သစေ ဟိ အာစရိယံ နိဿာယ ဝသန္တော သဒ္ဓိဝိဟာရိကော ကေဝိဟာရေ စေတိယံ ဝါ ဝန္ဒိတုံ ကေဂါမေ ပိဏ္ဍာယ ဝါ စရန္တံ ဥပဇ္ဈာယံ ပဿတိ၊ နိဿယော ပဋိပ္ပဿမ္ဘတိ။ ဥပဇ္ဈာယော ပဿတိ၊ သဒ္ဓိဝိဟာရိကော ပန န ပဿတိ၊ န ပဋိပ္ပဿမ္ဘတိ။ မဂ္ဂပ္ပဋိပန္နံ ဝါ အာကာသေန ဝါ ဂစ္ဆန္တံ ဥပဇ္ဈာယံ ဒိသွာ ဒူရတ္တာ ဘိက္ခူတိ ဇာနာတိ ဥပဇ္ဈာယောတိ န ဇာနာတိ။ န ပဋိပ္ပဿမ္ဘတိ။ သစေ ဇာနာတိ၊ ပဋိပ္ပဿမ္ဘတိ၊ ဥပရိ ပါသာဒေ ဥပဇ္ဈာယော ဝသတိ၊ ဟေဋ္ဌာ သဒ္ဓိဝိဟာရိကော။ တံ အဒိသွာဝ ယာဂုံ ပိဝိတွာ ပက္ကမတိ၊

အာသနသာလာယ ဝါ နိသိန္နံ အဒိသွာဝ ကေမန္တေ ဘုဥ္ဇိတွာ ပက္ကမတိ၊ ဓမ္မသဝနမဏ္ဍပေ ဝါ နိသိန္နမ္ပိ တံ အဒိသွာဝ ဓမ္မံ သုတွာ ပက္ကမတိ၊ နိဿယော န ပဋိပ္ပဿမ္ဘတိ။ ဧဝံ တာဝ ဒဿနဝသေန သမောဓာနံ ဝေဒိတဗ္ဗံ။

သဝနဝသေန ပန သစေ ဥပဇ္ဈာယဿ ဝိဟာရေ ဝါ အန္တေရယရေ ဝါ ဓမ္မံ ကထေန္တဿ အနုမော ဒနံ ဝါ ကရောန္တဿ သဒ္ဒံ သုတွာ ဥပဇ္ဈာယဿ မေ သဒ္ဒေါတိ သဉ္ဇာနာတိ၊ နိဿယော ပဋိပ္ပဿမ္ဘတိ။ အသဉ္ဇာနန္တဿ န ပဋိပဿမ္ဘတီတိ အယံ သမောဓာနေ ဝိနိစ္ဆယော။] **(မဟာ-၄၊ စာ-၂၆၉၊၂၇၀)** [တပည့်၏ မြင်ခြင်း မှတ်မိခြင်း၊ ကြားခြင်း မှတ်မိခြင်းဖြင့်သာ ငြိမ်း၏ဟုလို။]

သစေပိ အာစရိယော မုဥ္စိတုကာမောဝ ဟုတွာ နိဿယပဏာမနာယ ပဏာမေတီတိအာဒိ သဗ္ဗံ ဥပဇ္ဈာယဿ အာဏတ္တိယမ္ပိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ-၂၃၉)**

ဝဇီရဗုဒ္ဓိ ဇော်ပြသောအခြားနိဿရည်းငြိမ်း - မငြိမ်းသောအရာများ

ဥပဇ္ဈာယဿ စေ လိင်္ဂ ပရိဝတ္တတိ၊ ကေဒိဝသမ္ပိ န ရက္ခတိ။ ပက္ခပဏ္ဍကော စေ ဟောတိ၊ နိဿယဇာတိကော စေ ''ဥပဇ္ဈာယဿ သုက္ကပက္ခံ အာဂမေဟိ''တိ ဝဒတိ၊ သယမေဝ ဝါ အာဂမေတိ၊ ဝဋ္ဋတိ၊ ဥပဇ္ဈာယော စေ ဥက္ခေပနီယကမ္မကတော ဟောတိ၊ နာနာသံဝါသကဘူမိယံ ဌိတတ္တာ နိဿယော ပဋိပ္ပဿမ္ဘတိ။ သမ္မာဝတ္တန္တံ့ ပန ပဿိတွာ ကမ္မပဋိပ္ပဿဒ္ဓိ အာဂမေတုံ လဘတိ။ မာနတ္တစာရီ စေ ဟောတိ၊ အဗ္ဘာနံ အာဂမေတဗ္ဗံ။ ဒီဃံ စေ ပရိဝါသံ စရတိ၊ အညဿ သန္တိကေ နိဿယော ဂဟေတဗ္ဗော။ ဥပဇ္ဈာယဿမောဓာနံ အပ္ပမာဏံ။ ပရိဝါသမာနတ္တစာရိနာ ဟိ န နိဿယော ဒါတဗ္ဗော။ ယံ ပန ပါရိဝါသိကက္ခန္ဓကဋ္ဌကထာယံ ဝုတ္တံ သဒ္ဓိဝိဟာရိကာနမ္ပိ သာဒိယန္တဿ ဒုက္ကဋမေဝါတိအာဒိ၊ တံ ယထာ ဝုတ္တမတ္တံ့ သာခေတိ ဝေ။ ယံ ပန ဝုတ္တံ ''သစေ သဒ္ဓါပဗ္ဗဇိတာ ကုလပုတ္တာ တုမှေ ဘန္တေ ဝိနယ ကမ္မမတ္တံ ကရောထာ''တိ ဝတွာ ဝတ္တံ ကရောန္တိယေဝ၊ ဂါမပ္ပဝေသနံ အာပုစ္ဆန္တိယေဝ၊ တံ ဝါရိတကာလတော ပဋ္ဌာယ အနာပတ္တိ''တိ။ တံ ဝတ္တသာဒိယနပစ္စယာ ဒုက္ကဋဘာဝမတ္တဒီပနတ္တံ။ သဒ္ဓိဝိဟာရိကာနံ သာပေက္ခတံ ဝါ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ တသ္မာ တေ စေ ဥပဇ္ဈာယေန ဝါရိတာနုရူပမေဝ ပဋိပဇ္ဇန္တိ၊ နိဿယော တေသံ ပဋိပ္ပဿဒ္ဓေါတိ သိဒ္ဓံ ဟောတိ။ **(ဇီ၊ စာ-၄၁၉, ၄၂၀)**

[နာပဟံ တယာ ဥပဋ္ဌာပေတဗ္ဗောစသည်ဖြင့် ပယ်မြစ်သောကြောင့် တပည့်လည်း ပယ်သည့်အတိုင်း မပြုရကား ဓုရနိက္ခေပသဘောရှိသဖြင့် ဆရာတပည့်နှစ်ဦးလုံး ဓုရနိက္ခေပပြုသည်မည်၍ ငြိမ်းသည်-ဟု ယူဟန်ရှိအံ့။ အကယ်၍တပည့်က ဓုရနိက္ခေပမပြုဘဲ ဆက်လက်ဝတ်ပြုမြဲပြုနေအံ့ မငြိမ်းဟုယူဟန်ရှိ၏။] [ဝတ်ကြီးဝတ်ငယ် ကျင့်ဝတ်ပယ်ခြင်းတူရကား တဇ္ဇနီယစသည်တို့လည်း ပါသင့်သည်]

မှတ်ချက် ။ ဤ၌ ဝသိတုံ ဝဋ္ဋတိ၊ ဂဟေတဗ္ဗော၊ ပရိဟာရော အတ္ထိ-ဟူသောအရာများသည် အာပတ်မသင့်သည်ကိုရည်၍ပြသော အရာဖြစ်သောကြောင့် နိဿရည်းကားငြိမ်း၏ဟု အမြဲမှတ်ရမည်။ ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာနှင့်ကင်း၍ အရပ်တစ်ပါးသို့သွားသော တပည့်သည် မရောက်ဖူးသောအရပ်သို့ရောက်ခဲ့သော် အာဝါသိကရဟန်းတို့က နိဿရည်းယူလော့ဟု တိုက်တွန်းနှိုးဆော်သော် လေးငါးရက် လဖို့အဖြစ်ကိုစုံစမ်း၍ ယူအပ်၏။ နိဿရည်းပေးရာကျောင်းသို့ သွားရာသော်လည်းကောင်း၊ ရှေးကာလက

နိဿယရည်းယူဖူးသော ကျောင်းသို့ပင်သော်လည်းကောင်း တစ်ညဉ့်နေလျှင် နိဿယရည်းယူအပ်၏။ [မိုးထား ဆရာတော် ဝိနယသမူဟ – ဒု၊ စာ–၄၂၁၊ ၄၂၂]

ရှင်သာမဏေဖြစ်မှု မူလဥပဇ္ဈာယ်မငြိမ်းသေးလျှင် နိဿယရည်းယူ၍ ငြိမ်းပြီးမှ ဥပဇ္ဈာယ်အသစ်ယူခြင်းသည် သင့်လျော်မည်ဟု ထင်သည်။

ဥပသမ္ပာဒေတဗ္ဗပဉ္စကဆက္ကသောင်သကထာ
ဥပဇ္ဈာယ်ဆရာနိဿယရည်းဆရာတို့၏ အင်္ဂါရပ်များ

၁။ ဖြစ်ပေါ်လာသော တွေးတောမှုသံသယ ကုက္ကုစ္စကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်ခြင်း (ဖျောက်ခြင်း၊ ပျောက်စေခြင်းငှာ စွမ်းနိုင်ခြင်း)

၂။ အာပတ်မှထမြောက်ကြောင်းဖြစ်သော ဒေသနာဂါမိ ဝုဋ္ဌာနဂါမိ အခြင်းအရာကိုသိခြင်း။

၃။ အနီးနေတပည့် အတူနေတပည့်တို့ကို မြင့်မြတ်သောကျင့်ဝတ်သိက္ခာဟူသော မဟာဝါခန္ဓက စူဠဝါခန္ဓကတို့၌ အကျုံးဝင်သော အာဘိသမာစာရိက သီလသိက္ခာ၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း။

၄။ အကျင့်မြတ်၏အစဖြစ်သော သိက္ခာဟူသော ဥဘတောဝိဘင်း၌ အကျုံးဝင်သော အာဒိ ဗြဟ္မစရိယက သီလသိက္ခာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။

၅။ အချင်းချင်း ရောယှက်ခြင်းကင်းသော အဘိဓမ္မာနာမ်ရုပ်အပိုင်းအခြား၌ ဆုံးမခြင်းငှာစွမ်းနိုင်ခြင်း။

၆။ အချင်းချင်း ရောယှက်ခြင်းကင်းသော အလုံးစုံသောဝိနည်းပိဋကတ်၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။

၇။ ဖြစ်ပေါ်လာတိုင်းသော မိစ္ဆာအယူကိုတရားသဖြင့် ဖြေရှုတ်စိမ့်သောငှာ စွမ်းနိုင်ခြင်း (ကင်းခြင်း၊ ကင်းစေခြင်းငှာ စွမ်းနိုင်ခြင်းလည်းဟူ။)

၈။ အာပတ်သင့်သည်ကိုသိခြင်း (ဥဘတောဝိဘင်းဖြင့်သိအပ်သော အာပတ္တိဝါရကိုသိခြင်း)။

၉။ အာပတ်မသင့်သည်ကို သိခြင်း၊ (ဥဘတောဝိဘင်းဖြင့် သိအပ်သော အနာပတ္တိဝါရကို သိခြင်း)။

၁၀။ လဟုကအာပတ်ကိုသိခြင်း (ဥဘတောဝိဘင်းဖြင့်သိအပ်သော လဟုကအာပတ္တိဝါရကို သိခြင်း)။

၁၁။ ဂရုကအာပတ်ကိုသိခြင်း၊(ဥဘတောဝိဘင်းဖြင့် သိအပ်သော ဂရုကအာပတ္တိဝါရကိုသိခြင်း)။

၁၂။ ပါတိမောက်နှစ်ပါးတို့ကို အကျယ်ရ၏။ ကောင်းစွာဝေဖန်နိုင်၏။ ကောင်းစွာဖြစ်ခြင်းရှိ၏။ ကျေကျေပွန်ပွန်ရ၏။ သုတ်မာတိကာအားဖြင့်ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း ဝိဘင်းအကျယ်အားဖြင့်ဖြစ်စေ ကောင်းစွာဆုံးဖြတ်နိုင်၏။

(ဥဘတောဝိဘင်းကို ဝါစုဂ္ဂတနှုတ်တက်ရှုရ၍ အဋ္ဌကထာနှင့်တကွ ကောင်းစွာနားလည်ခြင်းဟူ၏။)

၁၃။ ဆယ်ဝါ၊ ဆယ်ဝါထက် အလွန်ရှိသည်လည်းဖြစ်ခြင်း (ပဉ္စင်းခံသည့်နေ့မှစ၍ ၁၀ နှစ်လုံးလုံး ပြည့်ရမည်ဟူ၏) (ဝိမတိ)

ဤတစ်ဆယ့်သုံးပါးသော အင်္ဂါလက္ခဏာရပ်များနှင့် ပြည့်စုံမှသာလျှင် ဥပဇ္ဈာယ်ပေးခြင်း နိဿ ရည်းပေးခြင်းတို့၌ အနာပတ္တိဝါရသို့ လုံးလုံးသက်ဝင်သည်။ တစ်ပါးပါးသော အင်္ဂါလက္ခဏာ မပြည့်မစုံ ချွတ်ယွင်းလျှင် ဥပဇ္ဈာယ်နိဿရည်းပေးတိုင်း ပေးတိုင်းသောကာလတို့၌ အာပတ္တိဝါရသို့ သက်ဝင်သည်။ **(စံကျောင်း –ရူပါနိသျှသစ်၊ စာ–၁၀၄)**

ဗဟုသုတအင်္ဂါရပ် – [ယတ္တကံ သုတံ ပရိသံ ပရိဟရန္တဿ ဣစ္ဆိတဗ္ဗံ၊ တေန ဝိဟရိတဗ္ဗာ အပ္ပဿုတော။ **(ဋ္ဌ၊ စာ–၂၇၁)** နံပါတ်(၁၂)အင်္ဂါရပ်နှင့်ပြည့်စုံမှ ဗဟုသုတဟူ၏။]

ပညဝန္တအင်္ဂါရပ် – [ယံ တေန ဇာနိတဗ္ဗံ အာပတ္တာဒိ၊ တဿ အဇာနနတော ဒုပ္ပညော။] **(မဟာ–ဋ္ဌ၊ စာ–၂၇၁)** [နံပါတ် ၈၊ ၉ စသည်တို့နှင့် ပြည့်စုံရမည်ဟူ၏။ အမှတ်မှာ နံပါတ် ၁၊ ၂၊ ၃၊ ၄ စသော အင်္ဂါရပ်တို့နှင့်ပြည့်စုံမှသာ ပညဝန္တဟုခေါ်သင့်ပေသည်။ သို့အတွက်ချုံးလိုက်လျှင် အင်္ဂါရပ်များသည် ၁ မှ ၁၁ တိုင်အောင်သော ပညဝန္တအင်္ဂါရပ်တစ်ပါး၊ နံပါတ်(၁၂)ဗဟုသုတအင်္ဂါရပ်တစ်ပါး၊ နံပါတ်(၁၃) အင်္ဂါရပ်တစ်ပါးအားဖြင့် သုံးပါးသာရှိသည်။]

(၁) ကုက္ကုစ္စဿ ဟိ ပါဠိအဋ္ဌကထာနယသင်္ခါတဓမ္မတော ဝိနောဒေတုံ အပဋိဗလတာ နာမ အဗျတ္တတာဝေ ဟောတီတိ သာပိ အာပတ္တိအင်္ဂမေဝ ဝုတ္တာ။ **(တီ၊ စာ–၁၀၇)**

(၂) [ဝုဋ္ဌာနံ န ဇာနာတီတိ ဝုဋ္ဌာနဂါမိနိတော ဝါ ဒေသနာဂါမိနိတော ဝါ အာပတ္တိတော ဖေဝံ နာမ ဝုဋ္ဌာနံ ဟောတီတိ န ဇာနာတိ။] **(မဟာ–ဋ္ဌ၊ စာ–၂၇၁)**

(၃) [အာဘိသမာစာရိကာယ သိက္ခာယာတိ ခန္ဓကဝတ္တေ ဝိနေတုံ န ပဋိဗလော ဟောတီတိ အတ္ထော။] (–ကဏှပက္ခကို ရည်သည်။) **(မဟာ–ဋ္ဌ၊ စာ–၂၇၁)**

(၄) အာဒိဗြဟ္မစရိယကာယာတိ သေက္ခပဏ္ဏတ္တိယံ ဝိနေတုံ န ပဋိဗလောတိ အတ္ထော။] **(မဟာ–ဋ္ဌ–စာ၊ ၂၇၁)**

မဂ္ဂဗြဟ္မစရိယဿ အာဒိဘူတာတိ အာဒိဗြဟ္မစရိယကာ၊ ဥဘတောဝိဘင်္ဂပရိယာပန္နသိက္ခာယေတံ အဓိဝစနံ၊ တေနေဝ ဥဘတောဝိဘင်္ဂပရိယာပန္နံ အာဒိဗြဟ္မစရိယကံ၊ ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကန္တိ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တံ၊ တသ္မာ သေက္ခပဏ္ဏတ္တိယန္တိဧတ္ထ သိက္ခိတဗ္ဗတော သဗ္ဗာပိ ဥဘတောဝိဘင်္ဂပရိယာပန္နာ ပဏ္ဏတ္တိတိ ဂဟေတဗ္ဗာ၊ တေနေဝ ဂဏ္ဌိပဒေပိ ဝုတ္တံ ''သေက္ခပဏ္ဏတ္တိယန္တိ ပါရာဇိကမာဒိံ ကတွာ သိက္ခိတဗ္ဗ သိက္ခာပဒပညတ္တိယ''န္တိ။ **(သာ၊ စာ–၂၄၁)**

(၅) [အဘိဓမ္မေတိ နာမရူပပရိစ္ဆေဒေ ဝိနေတုံ န ပဋိဗလောတိ အတ္ထော။] **(မဟာ–ဋ္ဌ၊ စာ–၂၇၁)**။ ။ နာမရူပပရိစ္ဆေဒေတိဧတ္ထ ကုသလတ္တိကာဒီဟိ ဝုတ္တံ ဇာတိဘူမိပုဂ္ဂလသမ္ပယောဂဝတ္ထာရမ္မဏ ကမ္မဒွါရလက္ခဏရသာဒိဘေဒေဟိ ဝေဒနာက္ခန္ဓာဒိစတုဗ္ဗိဓံ သနိဗ္ဗာနံ နာမံ ဘူတုပါဒါယဘေဒံ ရူပဥ္စ ပရိစ္ဆိန္ဒိတွာ ဇာနနပညာ, တပ္ပကာသကော စ ဂန္ထော နာမရူပပရိစ္ဆေဒေါ နာမ။ ဣမိနာ အဘိဓမ္မတ္ထကုသလေန ဘဝိ တဗ္ဗန္တိ ဒဿေတိ။ ။ **(တီ၊ စာ–၁၀၈)**

(၆) [အဘိဝိနယေတိ သကလေ ဝိနယပိဋကေ ဝိနေတုံ န ပဋိဗလောတိ အတ္ထော။] **(မဟာ–ဋ္ဌ၊ ၂၇၁)**

(၇) [ဓမ္မတော ဝိဝေစေတုန္တိ ဓမ္မေန ကာရဏေန ဝိဿဇ္ဇာပေတုံ။] **(မဟာ–ဋ္ဌ၊ စာ–၂၇၂)**

(၈) [အာပတ္တိံ န ဇာနာတီတိ ဣဒံ နာမ မယာ ကတန္တိ ဝတ္ထုံ ဣမံ နာမ အာပတ္တိံ အယံ အာပန္နောတိ န ဇာနာတိ။] **(မဟာ–၄–စာ–၂၇၁)** အတ္တနာ ဉာတဒွာနေသု အာပတ္တာဒိံ သန္ဓာယ ဝုတ္တန္တိ န ဂဟေတဗ္ဗံ။ **(တီ၊ စာ–၁၁၂)**။

(၁၂) [ဉဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန န သွာဂတာနိ ဟောန္တီတိ ဉဘတော ဝိဘင်္ဂဝသေန န သွာဂတာနိ။ န သုဝိဘတ္တာနီတိ မာတိကာဝိဘင်္ဂဝသေန။ န သုပ္ပဝတ္တီနီတိ ဝါစုဂ္ဂတဝသေန၊ န သုဝိနိစ္ဆိတာနိ သုတ္တသော အနုဗျဉ္ဇနသောတိ မာတိကာတော စ ဝိဘင်္ဂတော စ န သုဋ္ဌု ဝိနိစ္ဆိတာနိ။)
(မဟာ–၄၊ စာ–၂၇၂)

(၁၃) ပဥ္စဝဿောတိ ဉပသမ္ပဒတော ပဥ္စာယ ပရိပုဏ္ဏပဥ္စသံဝစ္ဆရော၊ ဒသဝဿောတိ ဧတ္ထာပိ ဧသေဝနယော။ [တီ]

တစ်နည်း – ပါဠိတော်နည်းအရ ဒသဝဿပရိပုဏ္ဏအင်္ဂါမှတစ်ပါး ကျန်သောပဥ္စကဆက္ကသော ဥဒ္ဒေသနာတော်အရလာရှိသောအင်္ဂါရပ်များနှင့်ပြည့်စုံခြင်း ဗျတ္တအင်္ဂါတစ်ပါး။ [အဋ္ဌကထာနည်းအရ ဘိက္ခုနောဝါဒဝဂ်လာအင်္ဂါရပ်တို့နှင့် ပြည့်စုံခြင်းဟူသော ဗျတ္တအင်္ဂါတစ်ပါး။] တပည့်ဂိလာနအား ပြုစုခြင်းငှာ စွမ်းနိုင်ခြင်းဟူသော ပဋိဗလအင်္ဂါတစ်ပါး။ ။ ဒသဝဿပရိပုဏ္ဏအင်္ဂါတစ်ပါးအားဖြင့် အင်္ဂါသုံးပါးသည် ဉပဇ္ဈာယ်နိဿရည်းဆရာတို့၏ အင်္ဂါရပ်များဖြစ်ကြသည်။

ဗျတ္တအင်္ဂါရပ်တို့တွင် အထက်ပါ ၁ မှ ၁၂ တိုင်အောင်သော အင်္ဂါရပ်တို့သည် အာပတ္တိဝါရသို့ သက်ဝင်၍ ကြွင်းသောအင်္ဂါရပ် (ဒသဝဿ ပရိပုဏ္ဏမှတစ်ပါး) အားလုံးတို့သည် အနာပတ္တိဝါရသို့ သက်ဝင်ရကား ယုတ္တအားဖြင့်သာ ဟောကြားတော်မူခြင်းဖြစ်သည်။

[အကြောင်းမှာ ဉပဇ္ဈာယ အာစရိယအဖြစ် ရဟန္တာအရှင်မြတ်တို့အားလည်း မြတ်စွာဘုရားသည် ခွင့်ပြုတော်မူပြီးဖြစ်၏။ ခွင့်ပြုပြီးလျက်လည်း – သစေ ဉပဇ္ဈာယဿ အနဘိရတိ ဉပ္ပန္နာ ဟောတိစသည်ကို မဟောတန်ရာ။ ရဟန္တာအားလည်း ပရိသတ်သီလသည် မယုတ်လျော့ဖြစ်ခဲ့၏။ ထို့ကြောင့် ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိစသည်ဖြင့် (ရဟန္တာပါထည့်၍) ဟောကြားတော်မူခြင်းဖြစ်သည်။ ထိုသို့ ဟောကြားခြင်းကြောင့်လည်း ယုတ္တအစွမ်းဖြင့် ဟောတော်မူသည်ဟုဆိုခြင်း ဖြစ်သည်ဟူလို။] ပဋိဗလအင်္ဂါရပ်ကား အနာပတ္တိဝါရသို့ လုံးလုံးသက်ဝင်၍ ဒသဝဿပရိပုဏ္ဏအင်္ဂါရပ်မှာ အာပတ္တိဝါရသို့ သက်ဝင်၏။

နိဿယမုစ္စက အင်္ဂါရပ်များ

(၁) အာပတ်သင့်သည်ကိုသိ၏။ (ဒွေမာတိကာဖြင့် သိအပ်သော အာပတ္တိဝါရကိုသိခြင်း)
(၂) အာပတ်မသင့်သည်ကိုသိ၏။ (ဒွေမာတိကာဖြင့် သိအပ်သော အနာပတ္တိဝါရကိုသိခြင်း)
(၃) ပေါ့သောအာပတ်ကိုသိ၏။ (ဒွေမာတိကာဖြင့် သိအပ်သော လဟုကအာပတ္တိဝါရကိုသိခြင်း)
(၄) လေးသောအာပတ်ကိုသိ၏။ (ဒွေမာတိကာဖြင့် သိအပ်သော ဂရုကအာပတ္တိဝါရကိုသိခြင်း)
(၅) ပါတိမောက် နှစ်ပါးတို့ကို အကျယ်အားဖြင့်ရ၏။ ကောင်းစွာဝေဖန်နိုင်၏။ ကောင်းစွာဖြစ်ခြင်းရှိ၏။ ကျေကျေပွန်ပွန်ရ၏။ သုတ်မာတိကာ အားဖြင့်ဖြစ်စေ၊ သဒ္ဒါပုဒ်ဗျည်းဝိဘင်း အကျယ်အားဖြင့်ဖြစ်စေ ကောင်းစွာဆုံးဖြတ်နိုင်၏။

(ဝိတ္ထာရုဒ္ဒေသဖြစ်သော ဘိက္ခုပါတိမောက်၊ ဝိတ္ထာရုဒ္ဒေသဖြစ်သော ဘိက္ခုနီပါတိမောက်ဟုဆိုအပ်သော ဒွေမာတိကာကို နှုတ်တက်ရွရွ ဝါစုဂ္ဂတရခြင်း)

(၆) ငါးဝါ၊ ငါးဝါထက် အလွန်ရှိသည်လည်းဖြစ်၏။ (ရဟန်းခံသောနေ့မှစ၍ ငါးနှစ်လုံးလုံး ပြည့်ခြင်း) ဤခြောက်ပါးသောအင်္ဂါရပ်တို့နှင့်ပြည့်စုံမှသာ ပါဠိတော်အတိုင်း နိဿယမုစ္စကဖြစ်၍ အနာပတ္တိဝါရသို့ လုံးလုံးသက်ဝင်မည်။

နံပါတ် ၁ ၊ ၂ ၊ ၃ ၊ ၄ တို့သည် ပညာဝန္တအင်္ဂါရပ်ဖြစ်၍ နံပါတ်(၅)သည် ဗဟုဿုတအင်္ဂါရပ်ဖြစ်သည်။ **(ပါ၊ စာ-၁၁၄, ၁၁၅)** (နိဿယမုစ္စကေန ဥပသမ္ပဒါယ ပဉ္စဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဒွေမာတိကာ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာဟူသော ဘိက္ခုနောဝါဒဝဂ်အဋ္ဌကထာအရ နံပါတ်(၅)၌ ဒွေမာတိကာကို ဝါစုဂ္ဂတရခြင်းကိုသာ ဆိုလိုသည်။) **(မဟာ-၄၊ စာ-၅၄)**

နိဿယမုစ္စနကဿ ဝတ္တေသု ပဉ္စကဆက္ကေသု ပန ဥဘယာနိ ခေါပန - လ - အနုဗျဥ္ဇနသောတိ ဧတ္တ ''သဗ္ဗောပိ စာယံ ပဘေဒေါ မာတိကာဋ္ဌကထာယံ ဉာတာယံ ဉာတော ဟောတီ''တိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။ အာပတ္တိံ ဇာနာတီတိ အာဒီသု စ ပါဠေ့ အဝတ္တမာနေပိ ''ဣဒံ နာမ ကတွာ ဣဒံ အာပဇ္ဇတီ''တိ ဇာနာတိ စေ၊ ဝဋ္ဋတီတိ တတ္ထေဝ ဝုတ္တံ **(သာ၊ စာ-၂၄၄)**

ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ - ၌ သိဖွယ်

(၁) **ဘိက္ခုနောဝါဒကရဟန်းဖြစ်အံ့** - ဝိတ္ထာရေနာတိ ဥဘတောဝိဘင်္ဂေန သဒ္ဓိံ - ဟူသော ဘိက္ခုနောဝါဒဝဂ်ပထမသိက္ခာပုဒ်အဋ္ဌကထာအဖွင့်အရ ဥဘတောဝိဘင်းနှင့်တကွ ပါတိမောက်နှစ်ခေါက် ဒွေမာတိကာကို နှုတ်တက်ရွရွ ဝါစုဂ္ဂတရအပ်၏ဟူလိုသည်။

(၂) ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာ ပရိသုပဋ္ဌာပက ဗဟုဿုတရဟန်းဖြစ်အံ့ ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တီတိ ဥဘတောဝိဘင်္ဂေန ဝုတ္တာနိဟူသော (ဥဘတောဝိဘင်္ဂဝသေန သွာဂတာနိ) မဟာဝါအဋ္ဌကထာအရ ဒွေမာတိကာကို နှုတ်တက်ရွရွဝါစုဂ္ဂတမရသော်လည်း ဥဘတောဝိဘင်းကို နှုတ်တက်ရွရွဝါစုဂ္ဂတရအပ်၏ - ဟူလိုသည်။

(၃) နိဿယမုစ္စက ဗဟုဿုတရဟန်းဖြစ်အံ့ နိဿယမုစ္စကေန ဥပသမ္ပဒါယ ပဉ္စဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဒွေမာတိကာ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာဟူသော ဘိက္ခုနောဝါဒဝဂ်လာ အဋ္ဌကထာအဖွင့် **(စာ-၅၄)** အရ ဒွေမာတိကာ ပါတိမောက်နှစ်ပါးတို့ကို အကျယ်ဖြစ်သော ဝိတ္ထာရုဒ္ဒေသနှင့်တကွ ဝါစုဂ္ဂတ နှုတ်တက်ရွရွရအပ်၏ဟူလိုသည်။ (ပါတိမောက်ပဉ္စမဥဒ္ဒေသကိုလည်း ဝိတ္ထာရေနေဝ ပဉ္စမော- ဟု ဥပေါသထက္ခန္ဓက ပါဠိတော်လာရကား ဝိတ္ထာရုဒ္ဒေသဟူ၍ပင် ခေါ်ဆိုသည်ဟူလို။)

ဘိက္ခုနောဝါဒဝဂ်လာ အဋ္ဌကထာ၏ ဗဟုဿုတအင်္ဂါရပ်များ

အယံ ပန ဗဟုဿုတော နာမ တိဝိဓော ဟောတိ နိဿယမုစ္စနကော ပရိသုပဋ္ဌာပကော ဘိက္ခုနောဝါဒကောတိ။ တတ္ထ နိဿယမုစ္စနကေန ဥပသမ္ပဒါယ ပဉ္စဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဒွေ မာတိကာ

ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ။ ပက္ခဒိဝသေသု ဓမ္မသာဝနတ္ထာယ သုတ္တန္တတော စတ္တာရော ဘာဏဝါရာ၊ သမ္ပတ္တာနံ ပရိကထနတ္ထာယ အန္ဓကဝိန္ဒမဟာရာဟုလောဝါဒအမ္ဗဋ္ဌသဒိသော ဧကော ကထာမဂ္ဂေါ၊ သံဃဘတ္တ မင်္ဂလာမင်္ဂလေသု အနုမောဒနတ္ထာယ တိသော အနုမောဒနာ, ဥပေါသထ ပဝါရဏာဒိ ဇာနနတ္ထံ ကမ္မာကမ္မ ဝိနိစ္ဆယော, သမဏဓမ္မကရဏတ္ထံ သမာဓိဝသေန ဝါ ဝိပဿနာဝသေန ဝါ အရဟတ္တပရိယောသာနမေကံ ကမ္မဋ္ဌာနံ တွေကံ ဥဂ္ဂဟေတဗ္ဗံ။ ဧတ္တာဝတာ ဟိ အယံ ဗဟုဿုတော ဟောတိ စာတုဒ္ဒိသော၊ ယတ္ထ ကတ္ထစိ အတ္တနော ဣဿရိယေန ဝသိတုံ လဘတိ။ **(မဟာ-၄၊ စာ-၅၄,၅၅)**

ပရိသုပဋ္ဌာပကေန – ဥပသမ္ပဒါယ ဒသဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပရိသံ အဘိဝိနယေ ဝိနေတုံ ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အသက္ကောန္တေန တီဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ၊ ကမ္မာကမ္မဉ္စ ခန္ဓကဝတ္တဉ္စ ဥဂ္ဂဟေတဗ္ဗံ။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္ထံ သစေ မဇ္ဈိမ ဘာဏကော ဟောတိ၊ မူလပဏ္ဏာသကော ဥဂ္ဂဟေတဗ္ဗော။ ဒီဃဘာဏကေန မဟာဝဂ္ဂေါ၊ သံယုတ္တဘာဏ ကေန ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါ မဟာဝဂ္ဂေါ ဝါ၊ အင်္ဂုတ္တရဘာဏကေန ဟေဋ္ဌာ ဝါ ဥပရိ ဝါ ဥပဍ္ဎနိကာ ယော ဥဂ္ဂဟေတဗ္ဗော၊ အသက္ကောန္တေန တိကနိပါတတော ပဋ္ဌာယ ဟေဋ္ဌာ ဥဂ္ဂဟေတုမ္ပိ ဝဋ္ဋတိ။ မဟာပစ္စ ရိယံ ပန ဧကံ ဥဂ္ဂဏှန္တေန စတုက္ကနိပါတံ ဝါ ပဉ္စကနိပါတံ ဝါ ဂဟေတုံ ဝဋ္ဋတီတိ ဝုတ္တံ။ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတဗ္ဗံ၊ တတော ဩရံ န ဝဋ္ဋတိ၊ ဓမ္မပဒမ္ပိ သဟဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတီတိ မဟာပစ္စရိယံ ဝုတ္တံ။ တတော တတော သမုစ္စယံ ကတွာ မူလပဏ္ဏာသကမတ္တံ ဝဋ္ဋတိ၊ န ဝဋ္ဋတီတိ။ န ဝဋ္ဋတီတိ ကုရုန္ဒဋ္ဌကထာယံ ပဋိက္ခိတ္တံ။ ဣတရာသု ဝိစာရဏာယေဝ နတ္ထိ။ အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ န ဝုတ္တံ။ ယဿ ပန သာဋ္ဌကထမ္ပိ ဝိနယပိဋကံ အဘိဓမ္မပိဋကဉ္စ ပဂုဏံ၊ သုတ္တန္တေ စ ဝုတ္တပကာရော ဂန္ထော နတ္ထိ။ ပရိသံ ဥပဋ္ဌာပေတုံ န လဘတိ။ ယေန ပန သုတ္တန္တတော ဝိနယတော စ ဝုတ္တပမာဏော ဂန္ထော ဥဂ္ဂဟိတော၊ အယံ ပရိသုပဋ္ဌာပကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေန ကာမံ ဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။ **(စာ-၅၅)**

ဘိက္ခုနောဝါဒကေန ပန သာဋ္ဌကထာနိ တီဏိ ပိဋကာနိ ဥဂ္ဂဟေတဗ္ဗာနိ၊ အသက္ကောန္တေန စတူသု နိကာယေသု ဧကဿ အဋ္ဌကထာ ပဂုဏာ ကာတဗ္ဗာ။ ဧကနိကာယေန ဟိ သေသနိကာယေသုပိ ပဉ္စ ကထေတုံ သက္ခိဿတိ၊ သတ္တသု ပကရဏေသု စတုပ္ပကရဏဿ အဋ္ဌကထာ ပဂုဏာ ကာတဗ္ဗာ၊ တတ္ထ လဒ္ဓနယေန ဟိ သေသပကရဏေသု ပဉ္စ ကထေတုံ သက္ခိဿတိ။ ဝိနယပိဋကံ ပန နာနတ္ထံ နာနာကာရဏံ၊ တသ္မာ တံ သဒ္ဓိံ အဋ္ဌကထာယ ပဂုဏံ ကာတဗ္ဗမေဝ။ ဧတ္တာဝတာ ဟိ ဘိက္ခုနောဝါဒကော ဗဟုဿုတော နာမ ဟောတီတိ။ **(၄၊ စာ-၅၅)**

ဝိစစ်ချက်

ဤအဋ္ဌကထာ၌ – စတ္တာရောဘာဏဝါရာ စသောစကားရပ်တို့သည် သမဏသာရုပ္ပ အနုလောမ အားဖြင့်သာဆိုတော်မူသော စကားရပ်များဖြစ်ကြသည်။ အာပတ္တိအင်္ဂါအားဖြင့် ဆိုတော်မူသည့်အရာ မဟုတ်ပေ။ နိဿယမုစ္စက ဗဟုသုတ ဖြစ်လိုသောပုဂ္ဂိုလ်တို့သည် လေးဘာဏဝါရ ပမာဏရှိသော သုတ္တန် စသည်တို့ကို သင်အပ်ကုန်၏ဟု ဝိနည်းပိဋကတ်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်အသီးအခြားမလာ ရှိသောကြောင့်လည်းကောင်း၊ ဒီဃဘာဏက မဇ္ဈိမဘာဏကစသောဂိုဏ်းတို့မှာလည်း မြတ်စွာဘုရား မဟာ

ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ပထမသင်္ဂါယနာတင်ပြီးသောအခါမှာ တာဝန်ခွဲဝေ၍ဆောင်နှင်းသဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ရကား မြတ်စွာဘုရားတိုက်ရိုက် ပညတ်တော်မရှိနိုင်ရာသောကြောင့်လည်းကောင်း၊ သုတ္တန်ပိဋကတ်ကိုသင်အပ်၏ဟူသော ပညတ်တော်မူအပ်သော သိက္ခာပုဒ်မရှိလျက်လည်း၊ ထိုထိုဘာဏက တို့သည် မိမိကိုဘာဏကအားလျော်စွာ မိမိတို့အလိုဆန္ဒအဖွဲ့သာသယအတိုင်း ပိုင်းခြားမှတ်သားထားအပ်သော ဥပဒေသအရာသာဖြစ်သောကြောင့် လည်းကောင်းတည်း။ ကမ္မာကမ္မဋ္ဌ ခန္ဓကဝတ္တဋ္ဌ ဥဂ္ဂဟေတဗ္ဗာဟူ သော စကားကိုလည်း အနုလောမအားဖြင့်သာ ဆိုတော်မူသည်။ အာပတ္တိအင်္ဂါအားဖြင့် ဆိုတော်မူသည် မဟုတ်။

နားလည်ကာမျှ

''အာပတ္တိ ဇာနာတီတိ ပါဠေ အဝတ္တမာနေပိ က္လဒံ နာမ ကတ္တာ က္လဒံ အာပဇ္ဇတီတိ ဇာနာတိ စေ ဝဋ္ဋတီ'' တိစ လိခိတံ ဟူသော **(ဝဇီရဗုဒ္ဓိ၊ စာ–၄၂၅)** အာပတ္တိ ဇာနာတီတိအာဒီသု စ ''ပါဠေ အဝတ္တ မာနေပိ 'က္လဒံ နာမ ကတ္တာ က္လဒံ အာပဇ္ဇတီတိ' ဇာနာတိ စေ၊ ဝဋ္ဋတီ''တိ တတ္ထေဝ ဝုတ္တံဟူသော **(သာရတ္ထ၊ စာ–၂၄၄)** ဋီကာ စကားရပ်တို့ကား ပညာဝန္တအင်္ဂါအရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များကို ဖွင့်ပြသော စကားရပ်များဖြစ်သောကြောင့် သင့်မြတ်ပါ၏။ ထိုစကားရပ်များသည် ဗဟုသုတအင်္ဂါရပ်၊ ဥဘယာနိခေါ်စသော သံဝဏ္ဏေတဗ္ဗ၏ အဖွင့်စကားရပ်များ မဟုတ်ကြသဖြင့် ဒွေမာတိကာ၊ ဥဘတောဝိဘင်း တို့ကို နိဿယမှုစွက ပရိသုပဋ္ဌာပကပုဂ္ဂိုလ်တို့သည် ဝါစုဂ္ဂတမရသော်လည်း နားလည်ကာမျှဖြင့် ပြီးသည်ကား မဟုတ်ပေ။ ထိုသို့မဆိုလိုကြောင်းကိုလည်း အောက်ပါသာဓကတို့ဖြင့် ထင်ရှားစွာသိရှိနိုင်သည်။ ပညာဝန္တအင်္ဂါ ရပ်နှင့် ဗဟုသုတအင်္ဂါရပ်တို့မှာ တခြားစီသာ ဖြစ်ကြသည်။

– ပါဠိတော်၌လည်း သွာဂတာနိ၊ သုပ္ပဝတ္တီနိ ဟုလာခဲ့သည် ။ ။ အဋ္ဌကထာ၌လည်း ပဂုဏာ ဝါစုဂ္ဂတာ ကတ္တာ၊ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ သုပ္ပဝတ္တီနီတိ ပဂုဏာနိ ဝါစုဂ္ဂတာနိ ဟုလာ ခဲ့သည်။ ။ ဋီကာများ၌လည်း ဇာတာတိ ပဂုဏာ ဝါစုဂ္ဂတာ စသည်ဖြင့် **(သာ၊ စာ–၃၉)**၌ လာသည်။ **(တိ၊ စာ–၂၀)**၌ ဗဟုသုတအင်္ဂါပြရာတွင် မုခေ သန္နိဓာပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ ဟုလာ၍ ဝိနည်းမိုရ်ပြ လက္ခဏာအရာ၌လည်း ဝါစုဂ္ဂတန္တိ ဝါစာယ ဥဂ္ဂတံ တတ္ထ နိရန္တရံ တိဋ္ဌတီတိ အတ္ထော ဟုလာခဲ့သည်။ ။ ဝိနိစ္ဆယဋီကာ–ပ–၄၄၃၌လည်း ပါဠိတောစ အဋ္ဌတော စ ဝစနပထာရုဠှာ ဝေါဟာရကုဗ္ဗာ ယေဝ။ ။ အရအမိရှိစေအပ်သောအရာတို့ကို အရအမိမရှိခြင်းလည်းတစ်ပါး။ သိအပ်သော အရာကိုမသိခြင်း လည်း အင်္ဂါတစ်ပါးဖြစ်၍ သိကာမျှနှင့် အမိအရမရှိလျှင် အင်္ဂါယုတ်လျော့လပ်၍ အာပတ္တိဒေါသ မကင်းမလွတ် သော အကြောင်းကိုလည်း –

* ယတ္တကံ သုတံ ပရိသံ ပရိဟရန္တဿ ဣစ္ဆိတဗ္ဗံ၊ တေန ဝိရဟိတတ္တာ အပ္ပဿုတော၊ ယံ တေန ဇာနိတဗ္ဗံ အာပတ္တာဒိ၊ တဿ အဇာနနတော ဒုပ္ပညော၊ ဣမသ္မိံ ပဋ္ဌကေ ပုရိမာနိ တီဏိ ပဒါနိ အယုတ္တ ဝသေန ဝုတ္တာနိ၊ ပစ္ဆိမာနိ ဒွေ အာပတ္တိအင်္ဂဝသေန **(မဟာ–၄၊ စာ–၂၇၁)** [အပ္ပဿုတ၊ ဒုပ္ပညတို့ကား အာပတ္တိအင်္ဂါဟူ၏။]ဟူသော မဟာဝါအဋ္ဌကထာကိုထောက်၍ သိအပ်၏။ [ရှေးကရဖူးကာမျှဖြင့်လည်း မပြီး ဟူ၏။]

အဋ္ဌကထာကိုရခြင်း နားလည်ခြင်း

သာရတ္ထဒီပနီ၌ဖော်ပြသော ဂဏ္ဌိပုဒ်သုံးစောင်တို့၏ ဝါဒကိုနှလုံးမူ၍ အဋ္ဌကထာကိုရခြင်း၊ အဋ္ဌကထာကိုမရသော်လည်း အဋ္ဌကထာကိုနားလည်ခြင်းတို့ဖြင့် နိဿယမုစ္စက ပရိသုပဋ္ဌာပကအင်္ဂါရပ်များနှင့် ပြည့်စုံ၏ဟူသော ဝါဒသည်လည်း ပါဠိတော်လာတိုင်းသော ပဉ္စကသောဠသဒေသနာ အင်္ဂါရပ်တို့နှင့်သာပြည့်စုံမှ အနာပတ္တိဝါရသို့သက်ဝင်ရကား မသင့်ဖြစ်သည်။ တစ်ဖန် အဋ္ဌကထာများမှာလည်း တစ်ခုနှင့် တစ်ခုဝါဒကွဲခြင်း၊ ယခုအဋ္ဌကထာများမှာလည်း ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပညတ်တော်လွန်သော အချိန်မှပြုစုသော အဋ္ဌကထာများဖြစ်ခြင်းတို့ကြောင့်လည်း မသင့်ဟူ၏။

အတ္ထုပ္ပသဋ္ဌိတော

ဓမ္မော နာမ ဗုဒ္ဓဘာသိတော သာဝကဘာသိတော ဣသိဘာသိတော ဒေဝတာဘာသိတော အတ္ထုပ္ပသဋ္ဌိတော ဓမ္မုပသဋ္ဌိတောဟူ၍ ဓမ္မသရုပ်ကိုပြရာ ပဒသောဓမ္မသိက္ခာပုဒ်စသည်တို့၌ သင်္ဂါယနာ သုံးတန်တင်အပ်သော မဂဓဘာသာ မဟာအဋ္ဌကထာသည် အတ္ထုပ္ပသဋ္ဌိတမည်၏။ - အတ္ထုပ္ပသဋ္ဌိ တောတိ အဋ္ဌကထာနိဿိတောဟူသော ပဒသောဓမ္မသိက္ခာပုဒ်အဋ္ဌကထာ။ (စာ-၈) အဋ္ဌကထာနိဿိတောတိ ပုဗ္ဗေ မဂဓဘာသာယ ဝုတ္တံ ဓမ္မသင်္ဂဟာရုဠှံ အဋ္ဌကထံ သန္ဓာယ ဝဒတိ ဟူသော **(သာရတ္ထ၊ စာ-၆)** တသ္မာ သမ္မာသမ္ဗုဒ္ဓေနေဝ တိဏ္ဏံ ပိဋကာနံ အတ္ထဝဏ္ဏနက္ကမောပိ ဘာသိတောတိ ဒဋ္ဌဗ္ဗံ၊ တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာဟူသော ၎င်းသာရတ္ထစကားရပ်တို့ကို ထောက်ဆ၍ မဟာအဋ္ဌကထာသည်သာ အတ္ထုပ္ပသဋ္ဌိတ မည်သည်၊ ယခုအဋ္ဌကထာသစ်ကား ဘုရား လက်ထက်တော်ကမရှိခဲ့သော အသစ်အဋ္ဌကထာဖြစ်ရကား အတ္ထုပ္ပသဋ္ဌိတမမည်။ ပါဠိတော်ကား ဓမ္မုပသဋ္ဌိတ မည်၏ဟူ။ [စံကျောင်း]

ဥဘတောဝိဘင်း စိစစ်ချက်

ဝေရဉ္ဇကဏ္ဍ သုဒိန္နကဏ္ဍအစရှိသော နိဒါန်းဝတ္ထု။ အညထာ သန္တမတ္တာနံစသော ပါရာဇိကဏ် ပါဠိတော်လာဂါထာများ၊ မနာပမေဝ ဘာသေယျ စသောဘိက္ခုပါစိတ်လာဂါထာ၊ ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ စသော ဘိက္ခုနီဝိဘင်းလာဂါထာ၊ ဝိနီတဝတ္ထုတို့၏ ဥဒါန်းဂါထာများ၊ တေန ခေါ ပန သမယေနစသော ဝတ္ထုကြောင်း နိဒါန်းများ ခန္ဓကလာ ဝိနီတဝတ္ထုသိက္ခာပုဒ်များ၊ ဥဘတောဝိဘင်းခန္ဓကတို့၏အဆုံး ဥဒါန်း ဂါထာများတို့သည်ကား နောက်ပိုင်း သင်္ဂါယနာတင် ထေရ်အရှင်တို့ အသစ်တစ်ဖန်စီမံထားသော အရာများ ဖြစ်ရကား အာပတ္တိဝါရသို့မသက်ဝင်သော ဥဘတောဝိဘင်းများဖြစ်ကြသည်။ [စံကျောင်း-စူ၊ ပါ၊ နိသျှသစ်၊ ဝတ္တက္ခန္ဓက]

အလွန်အားဖြင့် ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာတို့ အင်္ဂါ

ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ၊ ဝိမုတ္တိက္ခန္ဓ၊ ဝိမုတ္တိဉာဏဒဿန၊ ဂုဏ်တို့နှင့်ပြည့်စုံခြင်း၊ [ပဌမ ပဉ္စက]။ ထိုငါးပါးသောဂုဏ်တို့နှင့် မိမိလည်းပြည့်စုံခြင်း၊ သူတစ်ပါးတို့ကိုလည်း ဆောက်တည်စေခြင်း [ဒုတိယပဉ္စက] သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ အာရဒ္ဓဝီရိယ၊ ဥပဋ္ဌိတဿတိနှင့်ပြည့်စုံခြင်း၊ [တတိယပဉ္စက] ပါရာဇိကသံဃာဒိသိသ်ဟုဆိုအပ်သော အဓိသီလ၌ သီလဝိပ္ပန္နမဖြစ်ခြင်း [အာပတ်သို့ရောက်ပြီးလျက် အာပတ်မှမထသေးသည်ကို သီလဝိပ္ပန္နယူ] အောက်အာပတ် ငါးပုံဟုဆိုအပ်သော အဇ္ဈာစာရ၌ အာစာရဝိပ္ပန္နမဖြစ်ခြင်း၊ မြင်သောအယူ၌ ဒိဋ္ဌိဝိပ္ပန္နမဖြစ်ခြင်း၊ [စတုတ္ထ ပဉ္စကမှသုံးပါး] သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့်တို့နာဖျားသည်ကို မိမိလုပ်ကျွေးအံ့သောငှာလည်းကောင်း၊ သူတစ်ပါးကို လုပ်ကျွေးစိမ့်စေသောငှာလည်းကောင်း စွမ်းနိုင်ခြင်း၊ ထိုတပည့်တို့မမွေ့လျော်ခြင်းကို မိမိငြိမ်းစိမ့်သောငှာလည်းကောင်း၊ သူတစ်ပါးကို ငြိမ်းစိမ့်စေသောငှာလည်းကောင်း စွမ်းနိုင်ခြင်း [ပဉ္စမ ပဉ္စကမှ ၂ ပါး]။ ဤအင်္ဂါရပ်များကား အနာပတ္တိဝါရသို့သက်ဝင်သော ဆရာတို့ရှိရမည့် အင်္ဂါရပ်များတည်း။ ဤ (၂၀)သော အနာပတ္တိအင်္ဂါရပ်များနှင့် ယခင်အာပတ္တိဝါရသို့သက်ဝင်သော သဘောတူရာပေါင်းထားသော အင်္ဂါရပ် (၁၃)ပါး ခွဲထုတ်သော် (၂၀) သောအင်္ဂါရပ်၊ နှစ်ရပ်ပေါင်း (၄၀)သော အင်္ဂါရပ်တို့သည်ကား၊ ဆရာတို့၌ အလွန်အားဖြင့်ရှိရမည့် အင်္ဂါရပ်တို့ဖြစ်ကြသည်။ နိဿယမုစ္စကအရာ၌လည်း အနာပတ္တိအင်္ဂါရပ်များသည် တူညီကြပေ၏။

အညတိတ္ထိယပုဗ္ဗ ဝတ္တကထာ

တိတ္ထိဖြစ်ဖူးသူသည် (ပသုရ) သာသနာ့ဘောင်သို့ဝင်ပြီးမှ တိတ္ထိဘောင်သို့ပြောင်းသွားပြန်၍ တစ်ဖန်ပြန်လာပြီးလျှင် ပဉ္စင်းအဖြစ်ကိုတောင်းသော် ပဉ္စင်းခံမပေးရ။ တိတ္ထိဖြစ်ဖူးသူအား (ပသုရမှတစ်ပါး) တိတ္ထိယပရိဝါသ်ကိုပေးရာ၌ နဂ္ဂပရိဗ္ဗာဇက၊ အာဇီဝက၊ အစေလကအားသာ အဝတ်မပါဘဲလာခဲ့သော်သာ ပေးရမည်။ အဝတ်ဝတ်လာသော်လည်းကောင်း၊ အခြားသူတို့အားလည်းကောင်း မပေးရ။

တိတ္ထိယပရိဝါသ်၏ ကျင့်ဝတ် (၈) ပါး

[နာတိကာလေန ဂါမပ္ပဝေသနာ နာတိဒိဝါ ပဋိက္ကမနံ၊ န ဝေသိယာဒိဂေါစရတာ **(ဝိဓဝါ၊ ထုလ္လကုမာရိက၊ ပဏ္ဍက၊ ဘိက္ခုနီ၊)** သဗြဟ္မစာရီနံ ကိစ္စေသု ဒက္ခတာဒိ၊ ဥဒ္ဒေသာဒီသု တိဗ္ဗစ္ဆန္ဒတာ၊ တိတ္ထိယာနံ အဝဏ္ဏဘဏနေ အတ္တမနတာ၊ ဗုဒ္ဓါဒီနံ အဝဏ္ဏဘဏနေ အနတ္တမနတာ၊ တိတ္ထိယာနံ ဝဏ္ဏဘဏနေ အနတ္တမနတာ၊ ဗုဒ္ဓါဒီနံ ဝဏ္ဏဘဏနေ အတ္တမနတာတိ။] **(၄၊ စာ–၂၇၅)**

သာမဏေရ ပဗ္ဗဇ္ဇသို့သွင်ပြီးမှ တိတ္ထိယပရိဝတ်ကို ပေးရမည်။ ကျင့်ဝတ်များကို ကျင့်စဉ်လေးလ မပြည့်မီ တစ်ခုခုပျက်အံ့ လေးလပြန်နေစေရမည်။ ပရိဝတ်အသစ်ပေးဖွယ်မလို၊ လေးလမပြည့်မီ သောတာပန်ဖြစ်အံ့၊ ပဉ္စင်းခံပေးအပ်၏။ တိတ္ထိဘဝကသောတာပန်ဖြစ်၍လာအံ့ခံပေးအပ်၏။ သာကီဝင်မင်းသားတို့အားလည်း ပရိဝါသ်မပေးဘဲ ခံပေးအပ်၏။ ထိုသာကီမျိုးကို သေဌ၏သာသနာဟု ပြောဆိုယူဆသောကြောင့်ဟူ၏။

ပဉ္စာဟဝဝတ္ထုကထာ

(၁) **ကုဋ္ဋ–နုနာ** [နူနီ၊ နူနက်၊ ဆိတ်လည်နူ၊ ပွေး၊ ဝဲစသော နူနာမျိုးသည် လက်သည်းခွံမျှ သာရှိသော်လည်း ပွားစီးသောအဖို့၌တည်မူ ပဥ္စင်းခံမပေးအပ်။ ဝတ်ရုံသောသင်္ကန်းတို့ဖြင့် ပြကတေ့ ဖုံးလွှမ်း မိသော အရပ်၌တည်၍ မပွားစီးမူ အပ်၏။ မျက်နှာ၊ လက်ဖမိုး၊ ခြေဖမိုးတို့၌ကား မပွားစီးသောအဖို့၌တည်၍ အလွန်သေးငယ်သော်လည်းမအပ်ဟု ကုရုန္ဒီ၌ ဆို၏။ ဆေးကုပြီးသော်လည်း ပကတိအဆင်း ဖြစ်မှသာအပ်၏။ ဖွတ်ကျောက်ကုန်းနှင့်တူသော အမှုန့်တို့ဖြင့်ပြည့်သော ကိုယ်ရှိသူကိုလည်း ရဟန်းခံပေးခြင်းငှာ မအပ်။

(၂) **ဂဏ္ဍ** – အိုင်းအမာနာ [ဖုံးကွယ်ရာ၌ ကလောစေ့မျှမပွားသော အဖို့၌တည်မူအပ်၏။ မျက်နှာစသော မဖုံးကွယ်ရာ၌ကား မပွားစီးသော်လည်းမအပ်။ ကြွက်နို့အသားတွဲသော သားတိုးနာတို့ ရှိလျှင်လည်း မအပ်။ တင်းတိပ်၊ ညှင်းသေးတို့ ကိုယ်အလုံးကိုပြန့်မူမအပ်။ ဝက်ခြံကားအပ်၏။

(၃) **ကိလာသ** – ယားနာ [ပေါက်လည်းမပေါက်၊ ယိုလည်းမယိုစီး၊ ကြာပုဏ္ဍရိက်အရွက် အဆင်းနှင့်တူသော နူနာတည်း (ဆင်ညှင်းကြီးဟူလို) နွား၊ ကျားကဲ့သို့ ထိုအနာဖြင့် ပြောက်ကျားသော ကိုယ်ရှိ၏။ နူနာကဲ့သို့မှတ်။

(၄) **သောသော** – ချောင်းဆိုးသွေးပါနာ [ခရယုတ် အနာဟူ]

(၅) **အပမာရ** – ရူးသွပ်သောအနာ [ယက္ခုမ္မာရ ပိတ္တုမ္မာရတည်း။ အနည်းငယ်သော ယက္ခုမ္မာရ ရှိလျှင်လည်းမအပ်။ (၄ – ၂၃၈)

ရာဇဘဋဝတ္ထု

[မင်း၏ ထမင်းရိက္ခာစားသော သူခစားဟူသမျှသည် ရာဇဘဋမည်၏။ ထိုမင်းခ၏ သားမြေးညီ တို့သည် မင်း၏ရိက္ခာကို မယူကုန်မူကား အပ်၏။ မင်းမှုရသော စည်းစိမ်၊ လစာကို မင်းအားအပ်နှင်းပြီး သော သူအားလည်းကောင်း၊ ရာထူးကိုသားညီစသည်တို့အားဆက်ခံစေ၍ အကျွန်ုပ်ကား မင်းကြီးအား မခစားတော့ပါ။ ဟုပန်ကြားပြီးသောသူအားလည်းကောင်း၊ အကြင်အမှုကြောင့် လစာရိက္ခာကိုယူ၏၊ ထို အမှုသည်ပြုပြီးဖြစ်သောသူအားလည်းကောင်း၊ ရဟန်းပြုလေဟု မင်းကခွင့်ပြုသောသူအားလည်းကောင်း၊ ပဥ္စင်းခံပေးခြင်းငှာ အပ်၏။] ရာဇာကား ဥပလက္ခဏာမျှသာ၊ မိမိအမှုထမ်းသူထံမှ နည်းတူခွင့်ရသူများ ဖြစ်ရမည်]

စောရဝတ္ထုကထာ

သူပုန်၊ ဓားပြ၊ သူခိုးကို လူအများကလည်း ဤသူသည် ဤအမှုမျိုးကို ပြုသူတည်းဟုသိအံ့ ပဥ္စင်းခံမပေးအပ်။ မင်းအဖြစ်ကိုတောင့်တ၍ ပြည်ရွာဖျက်သောသူပုန်ကိုကား အပ်၏။ သို့သော် မင်းက နှစ်သက်မှသာ၊ မနှစ်သက်သော် မအပ်။ သူခိုးဟု ရှေးကထင်ရှားကျော်ကြားသောသူသည် နောက်ပိုင်း၌

ငါးပါးသီလစသည်ကို ဆောက်၍နေအံ့၊ လူအများကလည်း သူတော်ကောင်းဖြစ်လာပြီဟု သိအံ့၊ အပ်၏။ သရက်၊ ပိန္နဲ စသည်ကိုခိုးသော ဖောက်ထွင်း၍မှုလည်း ခိုးသောသူအား မထင်ရှားသောသူဖြစ်မူ အပ်ပါ၏။

ကာရဘေဒကဝတ္ထု

ထောင်၊ခြေချင်း၊ ကြိုး၊ ကျွန်း၊ ရွာစသည်တို့ဖြင့်ဖြစ်စေ အစောင့်အရှောက်ဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် နှောင်ဖွဲ့ထားသူသည် တစ်နည်းနည်းဖြင့် လွတ်မြောက်ထွက်ပြေးလာအံ့၊ ပဥ္စင်းခံမပေးအပ်။ တစ်ကျွန်းတွင် နှောင်ဖွဲ့ထားသူသည် အခြားကျွန်းသို့ ရောက်လာသော်လည်း မအပ်။ မင်း၏စစ်သည်အစရှိသောသူတို့သည် ခိုးသူမဟုတ်လျက် မင်းမှုမကုန်ဟူ၍ နှောင်အိမ်ထားလေသော်လည်းကောင်း ဤသူမပြေးမသွားလျှင် မင်းမှုကုန်အောင်ပြုလတ္တံ့သည်ဟူ၍လည်းကောင်း၊ နှောင်အိမ်ထားလေ၍ ထိုနှောင်အိမ်မှထွက်ပြေးခဲ့သောသူကို ရဟန်းပြုအပ်၏။ အခွန်ကောက်သူသည် မင်းအား အခွန်ကုန်အောင် မဆပ်၍ နှောင်အိမ်ထားခံရသော် ထွက်ပြေးလာအံ့ မပြုပေးအပ်။ ကောင်းစွာ လယ်ယာလုပ်ကိုင်စားသောက်သူအား သူတစ်ပါးကိုခြေထိုးမှုကြောင့် နှောင်ဖွဲ့သော် မပြုပေးအပ်။ ထွက်ပြေး၍ အခြားအရပ်သို့ရောက်မူ ထိုအရပ်၌ ပြုပေးအပ်၏။

ကြော်ငြာထားအပ်သော ခိုးသူ

ခိုးမှု၊ ရာဇဝတ်မှု၊ စသည်တို့ကြောင့်၊ မြင်ရာအရပ်၌သတ်စေ၊ လက်ခြေဖြတ်စေ၊ ဒဏ်ထားစေစသည်ဖြင့် ကြော်ငြာထားခံရသော သူအား ရဟန်းပြုမပေးအပ်။

ကြိမ်ဒဏ်ခံရသူ

ဆိတ်ပိုင်း၊ စေပါးတိုင်း၊ မလိုက်နာ၍ ကြိမ်ဒဏ်ခံရသူကို မဆိုလို။ အခွန်အတုတ်စသည် တစ်စုံတစ်ခုကိုယူ၍စားမိပြီး မပေးနိုင်သဖြင့် ကြိမ်ဒဏ်ရိုက်ပုတ် ထောင်းထုဒဏ်အမျိုးမျိုးခံရသူကို ဆိုလိုသည်။ ထိုသူအား အနာများပျောက်မှ၊ ဒဏ်ရာပျောက်မှ ရဟန်းပြုပေးရမည်။

သံပူကပ်၍ အမှတ်ပြုခံရသော ဝတ္ထု

သံပူကပ်၍ အမှတ်ပြုခံရသူလည်း ကြိမ်ဒဏ်နှင့်အလားတူ၏။ လွတ်မြောက်လာသော် အနာပျောက်၍ အနာရွတ်မထင်အံ့၊ အဝန်းသုံးပါးညီစွာဝတ်သော ကိုယ်ဝတ်ဖြင့် ဖုံးကွယ်ရာ၌တည်အံ့၊ အပ်၏။ မဖုံးလွှမ်းမိသော အရပ်၌တည်အံ့၊ မအပ်။

ဣဏာယိကဝတ္ထု

အကြင်သူ၏ မိဘဘိုးဘွားတို့သည်လည်း မြီကိုယူသည်ဖြစ်အံ့၊ အကြင်သူကိုသော်လည်းပေါင်နှံ၍ မိဘတို့သည် တစ်စုံတစ်ခုသော ဥစ္စာကိုယူသည်ဖြစ်အံ့၊ ထိုသူသည် ဣဏာယိက မည်၏။ (ဆွေမျိုးတို့က ပြုသော်လည်း မမည်ဟူ။) အခြားသူတစ်ဦးဦးက မြီကိုဆပ်၍ ဆပ်မည်ဟုဝန်ခံ၍ ရဟန်းပြုစေအံ့၊ အပ်၏။ ဆပ်မည့်သူမရှိသော် ရဟန်းသည် အလုပ်အကျွေးဒါယကာအား– အကြောင်းပါရမီနှင့်တကွသော သတ္တဝါ တစ်ဦးသည် မြီ၏ကြောင့်ကြခြင်းဖြင့် ရဟန်းမပြုရဟု– ပြောအပ်၏။ ထိုသူကဆပ်မူ အပ်၏။ မိမိ၌ကပ္ပိယ ဘဏ္ဍာရှိမူဆပ်အံ့ဟု နှလုံးသွင်း၍ ပြုပေးခြင်းငှာအပ်၏။ ဆွမ်းခံဝတ်ဖြင့် လွတ်မြောက်စေအံ့ဟု နှလုံးသွင်း၍ကား ပြုမပေးအပ်။ မိမိရဟန်းပြုပေးသော ထိုသူသည်ထွက်ပြေးသော် ခေါ်ဆောင်၍ မြီကိုပေးစေရမည်။ မပေးအံ့ –ဂိဝါ –ထိုက်၏။

မသိ၍ ရဟန်းပြုပေးလျှင်ကား အနာပတ္တိ။ တွေ့မြင်သော မြီရှင်တို့အား ညွှန်ပြအပ်၏။ မပြသော် ဂီဝါကားမထိုက်။ မြီမတင်ဟုဆို၍ မထေရ်က ပြုပေးအံ့၊ မြီရှင်ကလည်း ရှာ၍လိုက်လာအံ့၊ ပဉ္စင်းငယ်လည်း မြင်၍ပြေးအံ့၊ မြီရှင်က မထေရ်အား– ပဉ္စင်းငယ်သည်မြီရှိ၍ ပြေးသူဟုဆိုအံ့၊ ''ဒါယကာ ငါကားမြီမတင် ဟုဆို၍ ရဟန်းပြုပေးသည်။ အသို့ပြုရအံ့နည်း– ငါ့မှာ သပိတ်သင်္ကန်းမျှသာရှိသည်''ဟု ပြောရမည်။ ဤကား သာမိစိဝတ်တည်း။ ပြေးခဲ့သော်ဂီဝါမထိုက်။

အကယ်၍ ပဉ္စင်းငယ်ကို မထေရ်၏မျက်မှောက်၌မြင်၍– မြီတင်သူပါဟုပြောအံ့၊ ဒါယကာ သင်၏ မြီကို သင်သာသိလောဟု ပြောအပ်၏။ ဤသို့လည်း ဂီဝါမဖြစ်သေး၊ အကယ်၍ ဒါယကာက ပဉ္စင်းငယ်ကား ရဟန်းပြုပြီး ယခု ဘယ်အရပ်သို့သွားလတ္တံ့နည်းဟုဆိုအံ့၊ ဒါယကာပင်သိလောဟု မထေရ်ကပြောရမည်။ ဤသို့ဆိုသော်လည်းပြေးခဲ့သော် မထေရ်အား ဂီဝါမဖြစ်သေး၊ အကယ်၍ မထေရ်က ပဉ္စင်းငယ် ယခု အဘယ်သို့ သွားလတ္တံ့နည်း– ဤအရပ်၌ပင်နေပါစေဟုဆိုအံ့၊ ပဉ္စင်းငယ်လည်း ပြေးခဲ့အံ့ ဂီဝါထိုက်၏။

အကယ်၍ ပဉ္စင်းငယ်သည် သဟေတုက ဝတ္တသမ္ပန္နဖြစ်မူ ထိုအကြောင်းကို မထေရ်က မြီရှင်အား ပြောရမည်။ မြီရှင်ကလွှတ်အံ့ ကောင်း၏။ ထက်ဝက်တောင်းမူ ပေးအပ်၏။ နောင်အခါဆရာကို အလွန် နှစ်သက်စေတတ်သူဖြစ်အံ့။ အကုန်တောင်းတတ်သော်လည်း ပေးအပ်သည်သာ။ ပါဠိသင်ခြင်း၊ အဋ္ဌကထာ သင်ခြင်းတို့၌လိမ္မာ၍ ဗဟုပကာရရှိသူဖြစ်အံ့၊ ဆွမ်းခံဝတ်ဖြင့် ရှာ၍သော်လည်း ပေးအပ်၏။

ဂီဝါ ဟောတီတိ ဣဏာယိကဘာဝံ ဉတွာ အနာဒရေန ဣဏမုတ္တကေ ဘိက္ခုဘာဝေ ပဝေသိ တတ္တာ။ ။ ဒါတဗ္ဗမေဝါတိ ဣဏာယိကေန ဓနံ သမ္ပဋိစ္ဆိတု ဝါ မာ ဝါ၊ ဒါနေ သဥဿာဟေနေဝ ဘဝိတဗ္ဗံ။ အညေဟိစ ဘိက္ခူဟိ 'မာ ဓုရံ နိက္ခိပါဟီတိ ဝတွာ သဟာယကေဟိ ဘဝိတဗ္ဗန္တိ ဒဿေတိ။ ဓုရနိက္ခေပေန ဟိဿ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗတာ သိယာတိ။ **(တီ၊ ၈၁–၁၁၀)**

ဒါသဝတ္ထု

ကျွန်အမျိုးမျိုးတို့သည်ကား ကျွန်အဖြစ်မှ လွတ်မြောက်လာမှသာလျှင် ရဟန်းပြုပေးခြင်းငှာအပ်၏။ ကုရုန္ဒီ၌ကား အရံစောင့်ကိုလှူပါ၏ဟု ကပ္ပိယဝေါဟာရဖြင့်လည်းကောင်း၊ အမှတ်မရှိသော ဝေါဟာရဖြင့်

လည်းကောင်း လှူသည်ဖြစ်စေ၊ ထိုသူအား ရဟန်းပြုပေးခြင်းငှာ မအပ်ဟူ၏၊ သံဃာကိုမှီ၍ အသက်မွေးကုန်သော သူဆင်းရဲကပ္ပိယကာရကတို့ကိုကား ပြုပေးခြင်းငှာအပ်၏။ အမိအဖနှစ်ဦးတို့သို့ အမိကျွန်ဖြစ်အံ့သားကိုပြုမပေးအပ်၊ အဘကျွန်ဖြစ်၍ အမိကျွန်မဟုတ်အံ့အပ်၏။ ''ရဟန်းပြုပေးကုန်၊ သံဃာ၏ဝေယျာဝစ္စကိုပြုလိမ့်မည်ဟု ပြောဆိုလှူဒါန်းသောကျွန်ကိုလည်း–ကျွန်အဖြစ်မှလွတ်အောင်ပြုပြီးမှသာ ပြုပေးခြင်းငှာအပ်၏။

[ကျွန်အဆက်အနွယ်ရှိသေးမူ မိမိအရာ၌ တည်စေပြီးမှဟူ] ပျော်လျှင်နေတော့။ မပျော်လျှင် ကျွန်ပြန်လုပ်မည်ဟုပြော၍ လှူသောကျွန်ကိုလည်း ပြုမပေးအပ်။ အရှင်သေ၍ အရှင်မရှိသော သိမ်းပိုက်မည့်သူမရှိသောကျွန်အဝေးသို့ပြေး၍နေသောကျွန်တို့သည်လည်း မိမိပင် မိမိကိုယ်ကို တော်လှန်၍လည်းကောင်း၊ ပြည်ရွာရှင်စိုးမင်းတို့ကိုသော်လည်း ရဟန်းပြုစေအပ်၏။ ရဟန်းပြုပြီးမှသိလျှင်လည်း လွတ်အောင် ပြုအပ်သည်သာ။

ဒါသမ္ပိ ပဗ္ဗာဇေတွာ သာမိကေ ဒိသွာ ပဋိစ္စာဒနတ္ထံ အပနေန္တော ပဒဝါရေန အဒိန္နာဒါနာပတ္တိယာ ကာရေတဗ္ဗော၊ ဒါသဿ ပန ပလာယတော အနာပတ္တိ။ **[တိ ၊ ဗ – ၁၁၁]**

ကမ္မာရဘဏ္ဍု ဝတ္ထာဒိကထာ

သီမာပရိယာပန္နဖြစ်ကုန်သော ရဟန်းတို့ကိုစည်းဝေးစေ၍ ရှင်လောင်းကို ထိုအရပ်သို့ဆောင်၍ ''သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ''ဟု သုံးကြိမ်၊ နှစ်ကြိမ် တစ်ကြိမ်လည်းကောင်း ပန်ကြားအပ်၏။ ဤသူငယ်၏ဆံရိတ်ခြင်းကို ရဟန်းပြုခြင်းကို ရှင်ပြုခြင်းကို ပန်ပါ၏ဟု တစ်ခုခုဖြင့်လည်းကောင်း၊ ဤ သူငယ်သည် ရဟန်းပြုလို၏၊ ရှင်ပြုလို၏ဟုလည်းကောင်း ဆိုခြင်းငှာလည်း အပ်ပါ၏။

[သီမာပရိယာပန္နေတိ ဗဒ္ဓသီမာယ သတိ တဒန္တောဂဓေ အသတိ ဥပစာရသီမန္တောဂဓေတိ အတ္ထော။ **တိ၊ ဗ–၁၁၂**]

သဘာဂဌာနဖြစ်အံ့၊ ရဟန်းတို့ အရေအတွက်လည်း ထင်ရှားအံ့၊ ရဟန်းတို့ ရပ်ရာ၊ ထိုင်ရာ တို့သို့သွား၍လည်း ပန်အပ်၏။ ရှင်လောင်းမှတစ်ပါး ကျန်သောပဥ္စင်းငယ် သာမဏေတို့ကိုစေ၍လည်း ပန်ခြင်းငှာအပ်၏။ အချို့ရဟန်းတို့သည် ကျောင်းချံစသည်တို့သို့ဝင်၍ အိပ်မူလည်း အိပ်ကုန်အံ့၊ သမဏဓမ္မကို မူလည်း ပွားကုန်အံ့၊ ပန်ကြားသူတို့လည်း ရှာဖွေသော်လည်း မမြင်၍ ''အားလုံးပန်ကြားပြီးပြီ''ဟူသော အမှတ်ရှိကုန်အံ့၊ ရှင်ပြုပေးခြင်းငှာ အပ်၏။

မဟာဝိဟာရဖြစ်၍ ရဟန်းများသဖြင့် ပန်ကြားရန်ခဲယဉ်းမူ –ခဏ္ဍသိမ်၌တည်၍လည်းကောင်း၊ မြစ်၊ သမုဒ္ဒရာ စသည်တို့သို့သွား၍လည်းကောင်း ရှင်ပြုပေးအပ်၏။ ဦးပြည်းသစ်မူလည်းဖြစ်အံ့၊ ရှင်လူထွက်မူလည်းဖြစ်အံ့၊ တက္ကတွန်းစသည်မူလည်းဖြစ်အံ့၊ လက်နှစ်သစ်အောက်ယုတ်သော ဆံရှိသည်မူလည်း ဖြစ်အံ့၊ ဆံရိတ်ဖွယ်မလိုသောကြောင့် မပန်ကြားဘဲရှင်ပြုပေးခြင်းငှာ အပ်၏။ လက်နှစ်သစ်ထက်ပိုမူကား ပန်၍သာ ပြုအပ်၏။

[ပါဠိတော်၌လည်း အာပတ်မတတ်သဖြင့်လည်းကောင်း၊ အဋ္ဌကထာ၌လည်းပန်ကြားပြီး အမှတ်ရှိလျှင်အပ်၏ဟု ဆိုသောကြောင့်လည်းကောင်း–သိလျက် မပန်ကြားဘဲဆံချမှ ဒုက္ကဋ်ဟုမှတ်ပါ။ **(တိ ၊ ဗ – ၁၁၂)**

ကေသောရောပနမ္ပိ သမဏပဗ္ဗဇနဝေါဟာရံ လဘတိတိ အာဟ ''ကုမသ သမဏကရဏာ''န္တိ အာဒိ။ **(တိ၊ ဋ - ၁၁၂)**

''ကေသမဿုသြေရောပနံ အကတွာ အသတိယာ သရဏာနိ ဒတွာ ပဗ္ဗာဇေတိ၊ ရူပာတေဝါ'' တိ ဝဒန္တိ။ **(ဓိ ၊ ဋ - ၄၂၄)**

ဥပါလိသူငယ်ဝတ္ထု၌ အသက် ၂၀ မပြည့်သူကို ရှင်ရဟန်းအဖြစ် ပယ်တော်မူ၏။ အဟိဝါတ ယဥ်းနာရောဂါဝတ္ထု၌ ၁၅ နှစ်မပြည့်သူကို ပယ်တော်မူ၏။ တစ်ဖန် ကျီးခြောက်ခြင်းငှာ စွမ်းနိုင်သူကို ရှင်အဖြစ်ခွင့်တော်မူ၏။ [ရှေ့-ပါစိတ် ၊ နောက်-ဒုက္ကဋ်]

ကဏ္ဍကဝတ္ထု၌ ရဟန်းတစ်ပါးတည်း သာမဏေနှစ်ပါးကို လုပ်ကျွေးစေလျှင် ဒုက္ကဋ်ဟု ပညတ် တော်မူသည်။

နိဿရည်းလွတ်ငြိမ်းခွင့်ပြုခြင်း

[အဗျတ္တေန ယာဝဇီဝန္တိ ဧတ္ထ သစာယံ ဝုမုတရံ အာစရိယံ န လဘတိ၊ ဥပသမ္ပဒါယ သဋ္ဌိဝဿော ဝါ သတ္တတိဝဿော ဝါ ဟောတု၊ နဝကတရဿာပိ ဗျတ္တဿ သန္တိကေ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ- ''အာစရိယော မေ အာဝုသော ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမီ''တိ - ဧဝံ တိက္ခတ္တုံ ဝတွာ နိဿယော ဂဟေတဗ္ဗော၊ ဂါမပ္ပဝေသနံ အာပုစ္ဆန္တေနာပိ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ၊ ''ဂါမပ္ပဝေသနံ အာပုစ္ဆာမိ အာစရိယာ'' တိ-ဝတ္တဗ္ဗံ။ ဧသ နယော သဗ္ဗအာပုစ္ဆနေသု။ [၄ ၊ ဋ-၂၈၅]။

ရာဟုလာဝတ္ထု၌ အမိအဖတို့ခွင့်မပြုသူကို ရှင်ရဟန်းပြုပေးအံ့ ဒုက္ကဋ်ဟု ပညတ်တော်မူသည်။ **ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းဖြစ်၍ သုံးမသွန်သင်ခြင်းငှာစွမ်းနိုင်မှု သာမဏေအများကိုလည်း အရေအတွက်မရှိ လုပ်ကျွေးစေခြင်းငှာခွင့်ပြုတော်မူ၏။** [ဗျတ္တ ပဋိဗလ အင်္ဂါရပ်ကား ပရိသုပဋ္ဌာပက အင်္ဂါများပင်။]

သိက္ခာပဒဒဏ္ဍကမ္မ ဝတ္ထုကထာ

သာမဏေတို့အား (၁၀)ပါးသောသီလတို့ကို ခွင့်ပြုတော်မူ၏။ ငါးပါးသော ဒဏ္ဍကမ္မတို့ကိုလည်း ခွင့်ပြုတော်မူ၏။ အလုံးစုံသော သံဃာအရံသို့မဝင်လင့်ဟု တားမြစ်ပိတ်ပင်သော ရဟန်းအား ဒုက္ကဋ်။ သံဃိကဖြစ်စေ ပုဂ္ဂလိကဖြစ်စေ၊ မိမိအမြဲနေထိုင်ရာ ကျောင်းဟုဆိုအပ်သော ရဟန်းတို့နေထိုင်ရာအရပ် ဥပဇ္ဈာယ် ဆရာတို့၏နေရာအရပ်ဟူသော ဝင်ထွက်ရာအရပ်တို့၌ကား တားမြစ်ပိတ်ပင်ခြင်းငှာခွင့်ပြု၏။ [သာတိ] စားသောက်မည့် အစာအာဟာရကို တားမြစ်ခြင်းကိုပြုသောရဟန်းအား ဒုက္ကဋ်။

သဲဒဏ်၊ ရေဒဏ် - [မစားလင့်၊ မခဲလင့်ဟု ပြောဆိုသော ရဟန်း အာဟာရကို တားမြစ်အံ့ဟု သပိတ်သက်န်းကို အတွင်းသို့ပစ်ချသော ရဟန်းတို့အား ပယောဂတိုင်း ဒုက္ကဋ်။ အနာစာရ ဒုဗ္ဗစသာမဏေ တို့အား ဒဏ်ပေးပြီး၍ ယာဂု၊ ဆွမ်း၊ သပိတ်၊ သင်္ကန်း တစ်ခုခုကိုပြပြီး ဤမျှသောဒဏ်ထမ်းလျှင် ဤဟာကို ရလတ္တံ့ဟုကား ပြောခြင်းငှာအပ်၏။

မြတ်စွာဘုရားကား တားမြစ်ခြင်း

(ဒဏ္ဍကမ္မကိုသာ ခွင့်ပြု၏။ ဓမ္မသင်္ဂါဟကထေရ်တို့ကား အပြစ်အလျောက် သဲဒဏ်၊ ရေဒဏ် စသည်ဆောင်အပ်၏ဟုဆို၏။ ထိုသို့ပြုရာ၌လည်း ရှောင်ကြဉ်လတ္တံ့၊ နှောင်ကြဉ်လတ္တံ့ဟူသော သနားကရုဏာ ဖြင့်သာ။ လူထွက်လတ္တံ့၊ ပျက်စီးလတ္တံ့ ဟူသော အလိုဆိုးဖြင့်ကား မပြုစေအပ်။ ကျောက်ပူထက်၌ အိပ်စေခြင်း၊ ကျောက်အုတ်တို့ကို ခေါင်းထက် တင်၍ ရွက်ထားစေခြင်း၊ ရေသို့ဆင်း၍ စိမ်စေခြင်းတို့ကားမအပ်။)

ဥစ္စာသယန မဟာသယနနှ ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ မဉ္စာဒိ။ မဟာသယနံ အကပ္ပိယတ္ထရဏေဟိ အတ္ထတံ အာသန္နာဒိ။ အာသနဥ္စေတ္ထ သယနေနေဝ သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ။ **(သာ၊ စာ–၂၅၄၊ တိ–တူ)**

အနာပုစ္ဆာဝရဏဝတ္ထုအာဒိကထာ

ဥပဇ္ဈာယ်ဆရာအား မပန်ကြားဘဲ ထိုဆရာ၏ သာမဏေကို တားမြစ်အံ့ဒုက္ကဋ်။ [သာမဏေအား ဤအပြစ်သည်ရှိ၏။ ဒဏ်ပေးပါဟု သုံးကြိမ်ပြောသော်လည်း ဥပဇ္ဈာယ်က မပေးအံ့၊ မိမိတို့ပြုခြင်းငှာ အပ်၏။ ဥပဇ္ဈာယ်က ငါ့သာမဏေတို့ကို အပြစ်မြင်လျှင် ဒဏ်ပေးပါဟု ကြိုတင်ခွင့်ပြုထားအံ့၊ ဒဏ်ပေး ခြင်းငှာ အပ်၏။ သာမဏေတို့နည်းတူ သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့်တို့အားလည်း ဒဏ်ပေးခြင်း ငှာ အပ်၏။

သူတစ်ပါး၏ပရိသတ်ကို ဖြားယောင်းသွေးဆောင်သော ရဟန်းအား။ ဒုက္ကဋ်။

[သာမဏေရာ ဝါ ဟောန္တု ဥပသမ္ပန္နာ ဝါ၊ အန္တမသော ဒုဿီလဘိက္ခုဿာပိ ပရဿ ပရိသဘူတေ ဘိန္ဒိတွာ (အတ္တနော ဥပဋ္ဌာနကရဏတ္ထံ) ဂဏှိတုံ န ဝဋ္ဋတိ။) အာဒီနဝံ ပန ဝတ္တုံ ဝဋ္ဋတိ။ ''တယာ နှာယိတုံ အာဂတေန ဂူထမက္ခနံ ဝိယ ကတံ ဒုဿီလံ နိဿာယ ဝိဟရန္တေနာတိ။ သစေ သော သယမေဝ ဇာနိတွာ ဥပဇ္ဈံ ဝါ နိဿယံ ဝါ ယာစတိ ဒါတုံ ဝဋ္ဋတိ။ ။ အပလာဠေန္တီတိ တုမှာကံ ပတ္တံ ဒဿာမ၊ စီဝရံ ဒဿာမာတိ အတ္တနော ဥပဋ္ဌာနကရဏတ္ထံ သင်္ဂဏှန္တိ။] **(မဟာ–၌၊ စာ–၂၉၅)**

သာမဏေတို့အား လိင်္ဂနာသန (၁၀)ပါးကို ခွင့်ပြုတော်မူ၏။ ။ [၁၀ ပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်အံ့– တာဝဒေဝဿ သရဏဂမနာနိ စ ဥပဇ္ဈာယဂ္ဂဟဏဥ္စ သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတိ၊ သံဃလာဘံ န လဘတိ၊ လိင်္ဂမတ္တမေဝ ဧကံ အဝသိဋ္ဌံ ဟောတိ။ ။ အာယတိံ သံဝရမရှိမူ နှင်ထုတ် အပ်၏။ အာယတိံသံဝရရှိမူ လိင်္ဂနာသနကိစ္စံ နတ္ထိ –

ယထာနိဝတ္ထပါရုတဿေဝ သရဏာနိ ဒါတဗ္ဗာနိ၊ ဥပဇ္ဈာယော ဒါတဗ္ဗော၊ သိက္ခာပဒါနိ ပန သရဏဂမနေနေဝ ဣဇ္ဈန္တိ။ သာမဏေရာနံ ဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ၊ တသ္မာ ဘိက္ခူနံ ဝိယ စတုပါရိသုဒ္ဓိသီလံ ဣမိနာပိ ဒသသီလာနိ သမာဒိန္နာနေဝ ဟောန္တိ၊ ဧဝံသန္တေပိ ဒဠှီကရဏတ္ထံ အာယတိံ သံဝရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါတဗ္ဗာနိ။ သစေ ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနိ၊ ပစ္ဆိမိကာယ ဝဿာဝါသိကံ လစ္ဆတိ၊ သစေ ပစ္ဆိမိကာယ ဂဟိတာနိ၊ သံဃေန အပလောကေတွာ လာဘော ဒါတဗ္ဗော – **(မဟာ–၌၊ စာ–၂၉၆)**

ဒုဏ်ထိုက်လျှင်ကား – သိက္ခာပဒေ ပန ပုန ဒိန္နေပိ အဒိန္နေပိ ဝဋ္ဋတိ။ သာမဏေရာနံ မဇ္ဇပါနံ သစိတ္တကံ ပါရာဇိကဝတ္ထု၊ အယံ ဝိသေသော။] **(ဌ၊ စာ–၂၉၆)** ဤသစေစေသော စကားဖြင့် ထိုနေ့၌ပင် ဝါသို့ကပ်ခြင်းကို ပြ၏။ ပုရိမဝါကပ်၍ ဝါမပျက်မှသာ ဝဿဝါသိကအပါ သံဃိကလာဘ်အားလုံးကို ရနိုင်သည်။]

အာယတိံ သံဝရေ န တိဋ္ဌတိ၊ နိက္ကမိတဗ္ဗောတိဣတ္ထ သစေ ယာဝတတိယံ ဝုစ္စမာနော န ဩရမတိ၊ သံဃံ အပလောကေတွာ နာသေတဗ္ဗော၊ ပုန ပဗ္ဗဇ္ဇံ ယာစမာနောပိ အပလောကေတွာ ပဗ္ဗာဇေတဗ္ဗောတိ ဝဒန္တိ။ **(သာ၊ စာ–၂၅၆)**

ပစ္ဆိမဝါကပ်သော သာမဏေသည် (ပုရိမဝါ၌ လိင်ကျ၍ ဝါပျက်သဖြင့်) သံဃိက ကာလစီဝရ ကိုကား မရနိုင်ဟူ၏။ [တိ]

[ရတနာသုံးပါးတို့၏ ကျေးဇူးမဲ့ကိုပြောမှု အပြစ်ပြ၍ တားမြစ်အပ်၏၊ သုံးကြိမ်တားမြစ်၍ မရသော် ထိုအယူကိုစွန့်အံ့ ဒဏ်ပေး၍ အပြစ်ကို ကြားစေအပ်၏။ မစွန့်သော် အသွင်ဖျက်အပ်၏။]

ရှင်သာမဏေတို့ဒေသနာကြားပုံ – အစ္စယံ ဒေသာပေတဗ္ဗောတိ အစ္စယော မံ ဘန္တေ အစ္စဂ မာတိ အာဒိနာ သံဃမဇ္ဈေ ဒေသာပေတွာ သရဏသီလံ ဒါတဗ္ဗန္တိ အဓိပ္ပာယော ပါရာဇိကတ္တာ တေသံ။ **(တီ၊ စာ–၁၁၈)**

အစ္စယော ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမုဠ္ဟံ ယထာအကုသလံ၊ ယောဟံ ဧဝမကာသိံ၊ တဿ မေ ဘန္တေ သံဃော အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယဟု သံဃာအလယ်၌ ကြားအပ်၏။ **(သာရ၊ စာ–၂၈၂)**

[အပြဟွစရိယတွင် ဘိက္ခုနီဒူသကကို ရေတွက်ပြီး ဖြစ်နိုင်သော်လည်း အပြဟ္မစရိယကို လွန်ကျူး မိသော်လည်း အာယတိံသံဝရ၌တည်မှု သရဏဂုံပေး၍ ပဉ္စင်းခံပေးခြင်းငှာ အပ်၏။ ဘိက္ခုနီဒူသက ဖြစ်မှုကား ရှင်အဖြစ် ပဉ္စင်းအဖြစ်မအပ်တော့ဟုသိစေလို၍ သီးသန့်ဆိုသည်] [ဒိဋ္ဌိ–အရ သဿတုစ္ဆေဒါဒိ ဒိဋ္ဌိကိုယူ] [တရားတော်ကို အယူအဆမှား၍ စွဲလမ်းသည်ကိုမဆို]

ပဏ္ဍကဝတ္ထု

အာသိတ္တ ဥဿူယပဏ္ဍုတ်တို့ကား ပဉ္စင်းခံပေးခြင်းငှာအပ်၏။ ဩပက္ကမိက ပက္ခ နပုံသကပဏ္ဍုတ် တို့ကားမအပ်။ ပက္ခကား အပဏ္ဍကပက္ခ၌ အပ်သေး၏။ ရှင်အဖြစ်သာဟူ၏။

ထေယျသံဝါက ဝတ္ထုကထာ

ယာဝ သော သုဒ္ဓမာနသော၊ ထေယျသံဝါသကောနာမ တာဝ သေ န ဝုစ္စတိ **(ဌ၊ စာ–၂၉၉)** ဟူရကား ဤရဟန်းအသွင်ဖြင့် ရဟန်းတို့ကိုလှည့်ပတ်၍ ပေါင်းဖော်အံ့ဟု အသုဒ္ဓစိတ်မရှိသော် ထေယျသံ ဝါသက မဖြစ်၊ မစင်ကြယ်သော စိတ်ဖြင့်ကား ရဟန်းအသွင်ကိုယူကာမျှ၌ နောက်မှရဟန်းတို့နှင့် ပေါင်းဖော် သည်မူလည်း ဖြစ်စေ၊ မပေါင်းဖော်သည်မူလည်းဖြစ်စေ၊ လိင်္ဂတ္ထေနကဖြစ်၏၊ နောက်မှ ရဟန်းတို့နှင့်ပေါင်းဖော် သော်လည်း မထိုက်သည်ဖြစ်၍သာ ပေါင်းဖော်၏။ ထို့ကြောင့် ဥဘယတ္ထေနကလည်း လိင်္ဂတ္ထေနက၌ အကျုံးဝင်၏။ **(သာရ၊ စာ–၂၈၇)**

ရာဇဘယ

(၁) မင်းဘေးကြောင့် ကိုယ်တိုင်သက်နိုးဝတ်၍ ရှင်ရဟန်းပြုသူအား မင်းကရှင်ရဟန်းပြုသွား ပြီဟုသိ၍ ခွင့်လွှတ်သောအခါ– ထိုအသွင်ဖြင့် သံဃာ့အထံသို့မလာဘဲ လူအသွင်ယူ၍လာသော်၊ ပဇ္ဇင်းခံ ပေးခြင်း၊ ရှင်ပြုပေးခြင်းငှာအပ်၏။ ထိုအသွင်ဖြင့်လာမူ ဝတ်ကြီးဝတ်ငယ် စသည်မသာယာဘဲ ရဟန်းတို့ အား အမှန်အတိုင်းဝန်ခံအံ့၊ ထိုအသွင်ကိုဖျက်၍ ရှင်ရဟန်းပြုပေးအပ်၏။ အကယ်၍ ဝတ်ကိုသာယာအံ့၊ ရဟန်းအယောင်ကိုပြအံ့ ဝါရေတွက်ခြင်းစသည်ပြုအံ့၊ ပြုမပေးအပ်။

[ဂဏ္ဌိရှင်တို့ကား မင်းဘေးစသည်တို့ကြောင့် ရဟန်းအသွင်ကိုယူသောသူအား လူတို့သည် ငါ့ကို ရဟန်းဟုသိစေကုန်ဟု လှည့်ပတ်လိုသော စိတ်ရှိကုန်သော်လည်း ရဟန်းတို့ကို လှည့်ပတ်လိုသည်၏ အဖြစ် မရှိသောကြောင့် အပြစ်မရှိဟူကုန်၏။ ॥ ဝတ္တံ သာဒိယတိ၊ ပဗ္ဗဇိတာလယံ ဒဿေတိ – ဆိုသော ကြောင့် ရယ်မြူးလို၍ ရဟန်းအသွင်ကိုယူပြီး ရှိခိုးခြင်းစသည်ကို မသာယာသူ၊ ငါ့ရဟန်းအသွင်တင့်တယ်၏ လော စသည်ဖြင့် စင်ကြယ်သောစိတ်ဖြင့် ရဟန်းအသွင်ယူသူတို့ကား ထေယျသံဝါသကမဖြစ်။ **(သာရ၊ စာ–၂၈၈)**

မူလမင်းဘေးစသည်ကြောင့် စင်ကြယ်သောစိတ်ဖြင့် အသွင်ကိုယူထားသော်လည်း နောက်ပိုင်း၌ မစင်ကြယ်သော စိတ်ဖြစ်လာအံ့၊ မူလစင်ကြယ်သောစိတ်ဖြင့် အသွင်ကိုယူထားသောကြောင့် ထေနက မဖြစ်သေး၊ ရဟန်းတို့ထံသွား၍ သာမဏေဝါရေတွက်ခြင်းစသည်ပြုမှ ထေနကဖြစ်သည်။ **(တီ၊ စာ– ၁၂၀)**

(၂) ဒုဗ္ဘိက္ခအခါ၌ ကိုယ်တိုင်အသွင်ယူ၍ သဗ္ဗပါသဏ္ဍိယဘတ်တို့ကိုစားပြီး ဒုဗ္ဘိက္ခလွန်သော အခါ လူအသွင်ဖြင့် သံဃာထံလာအံ့ စသည်ရှေးနည်းတူ။

[သဗ္ဗပါသဏ္ဍိယဘတ္တာနီတိ သဗ္ဗသာမယိကာနံ သာဓာရဏာနိ ကတွာ ဝီထိစတုက္ကာဒီသု ထပေတွာ ဒါတဗ္ဗဘတ္တာနိ။ **(သာ၊ စာ–၂၅၈)**

သဗ္ဗပါသဏ္ဍိယဘတ္တာနီတိ သဗ္ဗသာမယိကာနံ သာဓာရဏာနိ ကတွာ ပညတ္တဘတ္တာနိ။ ဣဒဥ္စ ဘိက္ခူနညေဝ နိယမိတဘတ္တဂဟဏေ သံဝါသောပိ သမ္ဘဝေယျာတိ သဗ္ဗသာဓာရဏဘတ္တံ ဝုတ္တံ။ သံဝါသံ ပန အသာဒိယိတွာ အဘိက္ခုကဝိဟာရာဒီသု ဝိဟာရဘတ္တာဒီနိ ဘုဉ္ဇန္တောပိ ထေယျသံဝါသကော န ဟောတိ ဝေ။ **(တီ၊ စာ–၁၂၁)**

(၃) ကန္တာရခရီးခဲသွားရာ ရဟန်းတို့ကို လှည်းကုန်သည်တို့ ပင်ဆောင်သည်ကိုတွေ့သဖြင့် မိမိလွယ်ကူစွာ ခရီးခဲကျော်နိုင်ရန် ကိုယ်တိုင်အသွင်ယူ၍ ခရီးခဲလွန်သောအခါ လူအသွင်ဖြင့် သံဃာထံ လာမူတူ၏။

(၄) ရောဂဘယဖြစ်သောအခါ အသက်ရှင်ခြင်းငှာ မတတ်နိုင်ရကား ကိုယ်တိုင်အသွင်ယူ၍ သဗ္ဗပါသဏ္ဍိယဘတ်တို့ကိုစားလျက် ရောဂါငြိမ်းလတ်သော် လူအသွင်ဖြင့် သံဃာထံလာမူ – တူ။

ဝေရိဘယကြောင့် ချမ်းသာရရန် ကိုယ်တိုင်အသွင်ယူ၍နောက်ပိုင်း ရန်ငြိမ်းလတ်သော် လူအသွင် ဖြင့် သံဃာထံလာမူ – တူ။

စိဝရံ ဟရထာတ္ထာယ – တစ်နေရာတွင် သိက္ခာချပြီး၍ သင်္ကန်းတို့ကိုကျောင်းပြန်ပို့လိုသော သူသည် လမ်းခရီးသူခိုးဘေးမှလွတ်ရန် သင်္ကန်းဝတ်၍ ကျောင်းသို့လာရာ အဝတ်ကိုမသာယာဘဲ အမှန်ပြော ကြားအံ့၊ ရဟန်းတို့ကလည်း အနိုင်အထက်ရှင်ရဟန်းပြုပေးလိုအံ့၊ သင်္ကန်းတို့ကိုဖယ်၍ အသစ်တစ်ဖန် ပေး၍ ပြုပေးအပ်၏။ မြဲနေ၍ ရဟန်းအဖြစ်ဝန်ခံပြီး၊ ဝါရေတွက်ခြင်းစသည်ပြုမူကားမအပ်။

အန္ဓကအဋ္ဌကထာယံ ပေါရာဏဂဏ္ဌိပဒေသု စ ဒုဿီလဘိက္ခု ''ထေယျသံဝါသကော''တိ ဝုတ္တော။ ထေယျာယ ဝေါ ဘိက္ခဝေ ရဋ္ဌပိဏ္ဍော ဘုတ္တောတိ က္လမိနာ ကိရ ပရိယာယေနာတိ ဝေဒိတဗ္ဗံ။ **(ဋီ၊ ဗာ–၄၃၀)**

သာမဏေကြီးတစ်ပါးသည် တစ်နေရာတွင် လူထွက်၍ အကြောင်းတစ်ခုခုကြောင့် ငါရဟန်းပြုအံ့၊ မထေရ်လည်း ငါလူထွက်သည်ကို မသိလတ္တံ့–ဟု ထိုသပိတ်သင်္ကန်းကိုပင်ယူ၍ ကျောင်းသို့သွားအံ့၊ ထို အကြောင်းကို ရဟန်းတို့အားလည်း မကြားအံ့၊ သာမဏေအဖြစ်ကိုလည်း ဝန်ခံအံ့၊ ထေယျသံဝါသက ဖြစ်၏။ [သင်္ကန်းဝတ်သွား၏ဟူလို] သာမဏေအသွင်ကို ယူသောအခါ၌ မည်သူ့မျှမပြောကြားအံ့ဟု စိတ် ဖြစ်အံ့၊ ကျောင်းသို့ရောက်၍ ပြောကြားသော်လည်း ယူစဉ်ကပင် ထေယျသံဝါသကဖြစ်၏။ အသွင်ယူ စဉ်က ကြားအံ့ဟု စိတ်ဖြစ်သော်လည်း ကျောင်းသို့ရောက်မှ ငါ့ကိုယခု ဤရဟန်းတို့မသိကြဟု လှည့်ပတ်၍ မပြောကြားအံ့၊ မပြောအံ့ဟု ဝန်ချသောခဏ၌ ထေယျသံဝါသကဖြစ်၏။ အသွင်ယူစဉ်ကလည်း ကြားအံ့ ဟု စိတ်ဖြစ်အံ့၊ ကျောင်းသို့ရောက်သောအခါလည်းကြားအံ့၊ ထေယျသံဝါသကမဖြစ်။ ပဗ္ဗဇ္ဇအဖြစ်ကိုရ၏။

နားမလည်သော အဗျတ္တသာမဏေသည် – ရှေးနည်းတူလူထွက်၍ အိမ်မှုကိစ္စတို့ကို မပြုလိုအံ့၊ ဆွေမျိုးတို့ကလည်း ထိုသင်္ကန်းတို့ကိုပင်ဝတ်ပေး၍ ခွက်ကိုလည်းကောင်း၊ သပိတ်ကိုလည်းကောင်း လက်၌ ပေး၍ ရဟန်းသွားပြုလောဟု အိမ်မှနှင်ထုတ်ကုန်အံ့၊ ထိုသာမဏေသည် ကျောင်းသို့သွားအံ့၊ ရဟန်းတို့ ကလည်း ထိုအကြောင်းကိုမသိအံ့၊ မိမိကိုယ်တိုင်ကလည်း ဤသို့ပြုခြင်းသည် ထေယျသံဝါသက ဖြစ်သည် ဟုမသိအံ့၊ ထိုသာမဏေကို အသက်နှစ်ဆယ်ပြည့်၍ ပဥ္စင်းခံကုန်အံ့၊ ကောင်းစွာပဥ္စင်း ဖြစ်၏။ ''အကယ်၍ လူသာမဏေအခါကပင်လျှင် (ရဟန်းဘဝကိုဆည်း) ဤသို့ ရှင်ပြုအံ့၊ ထေယျသံဝါသကဖြစ်၏''ဟုကြား ဖူးအံ့၊ ထိုသူသည် ငါဤသို့ပြုခဲ့ပြီဟု ရဟန်းတို့အား ကြားအပ်၏။ ကြားသော် တစ်ဖန် ပဗ္ဗဇ္ဇအဖြစ်ကို ရ၏။ ငါ့ကိုမည်သူမျှမသိရ မြဲ၍မကြားအံ့၊ ဝန်ချသောကာလ၌ ထေယျသံဝါသကဖြစ်၏။

''ယော ဧဝံ ပဗ္ဗဇတိ သော ထေယျသံဝါသကော နာမ ဟောတီ''တိ က္လဒံ နိဒဿနမတ္တံ၊ ''ထေယျသံဝါသကော''တိ ပန နာမံ အဇာနန္တောပိ ''ဧဝံ ကာတုံ န ဝဋ္ဋတီ''တိ ဝါ ''ဧဝံ ကရောန္တော သမဏော နာမ န ဟောတီ''တိ ဝါ ''ယဒိ အာရောစေဿာမိ ဆဍ္ဍေဿန္တိ မ''န္တိ ဝါ ''ယေန ကေနစိ ပဗ္ဗဇ္ဇာ မေ န ရုဟတီ''တိ ဇာနာတိ၊ ထေယျသံဝါသကော ဟောတိ၊ ယော ပန ပဌမံ ''ပဗ္ဗဇ္ဇာ ဧဝံ မေ ဂဟိတာ'' တိသညီ ကေဝလံ အန္တရာ အတ္တနော သေတဝတ္ထနိဝါသနာဒိဝိပ္ပကာရံ ပကာသေတုံ လဇ္ဇန္တော န ကထေတိ၊ သော ထေယျသံဝါသကော န ဟောတိ။ အနုပသမ္ပန္နကာလေယေဝါတိတ္တေ အဝဓာရဏေန ဥပသမ္ပန္နကာလေ ထေယျသံဝါသကလက္ခဏံ ဉတ္ဂာ ဝဉ္စနာယပိ နာရောစေတိ၊ ထေယျသံဝါသကော န ဟောတီတိ ဒီပေတိ။ သော ပရိသုဒ္ဓစိတ္တေန ဂဟိတလိင်္ဂတ္တာ လိင်္ဂတ္ထေနကော န ဟောတိ၊ လဒ္ဓူပသမ္ပဒတ္တာ တဒနုဂုဏသေဝ သံဝါသဿ သာဒိတတ္တာ သံဝါသတ္ထေနကောပိ န ဟောတိ။ အနုပသမ္ပန္နော ပန လိင်္ဂတ္ထေနကော ဟောတိ၊ သံဝါသာရဟဿ လိင်္ဂဿ ဂဟိတတ္တာ သံဝါသသာဒိယနမတ္တေန သံဝါသတ္ထေ နကော ဟောတိ။ **(တီ၊ ဗာ–၁၂၁)**

ရဟန်းသည် သိက္ခာချပြီးအသွင်ကိုမပယ်မူ၍ ဒုသီလအမူကိုပြု၍လည်းကောင်း၊ မပြုမူ၍လည်းကောင်း၊ ဝါရေတွက်ခြင်းစသည်ကိုပြုအံ့၊ ထေယျသံဝါသကဖြစ်၏၊ သိက္ခာမချဘဲ ရဟန်းအသွင်ဖြင့် မေထုန်မှီဝဲ၍ ဝါရေတွက်ခြင်းစသည်ပြုအံ့၊ ထေယျသံဝါသကမဖြစ်။ [ဣဒံ ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော ဟောတိ၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော ဟောတီတိ ဝုတ္တံ။ **(သာ၊ ဇာ-၂၅၈)**

[ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ လိင်္ဂတ္ထေနကော န ဟောတိ၊ ဘိက္ခုပဋိညာယ အပရိစ္စတ္တတ္တာ သံဝါသတ္ထေနကော န ဟောတီတိ။ ဣတရထာ သာမဏေရဿပိ ဘိက္ခုဝဿဂဏနာဒီသု လိင်္ဂါနုရူပ သံဝါသော ဝေ သာဒိတောတိ သံဝါသတ္ထေနကတာ န သိယာ၊ ဘိက္ခူဟိ ဒိန္နလိင်္ဂဿ ဥဘိန္နမ္ပိ သာဓာရဏတ္တာ။ ယထာစေတ္ထ ဘိက္ခု၊ ဧဝံ သာမဏေရောပိ ပါရာဇိကံ သမာပန္နော သာမဏေရပဋိညာယ အပရိစ္စတ္တတ္တာ သံဝါသတ္ထေနကော န ဟောတီတိ ဝေဒိတဗ္ဗော။ **(တိ၊ ဇာ-၁၂၁,၁၂၂)**]ရှင်အဖြစ်မှူကိုကားရပါ၏။ အန္ဓကအဋ္ဌကထာ၌ကား ထေယျသံဝါသက ဖြစ်၏ဟုဆို၏။ ထိုစကားကိုမယူအပ်။ **(ဋ္ဌ၊ ဇာ-၃၀၁)**

ရဟန်းတစ်ပါးသည် သင်္ကန်း၌ ဥဿာဟရှိလျက်ပင် ဝတ်ဖြူဝတ်၍ မေထုန်မှီဝဲပြီး တစ်ဖန် သင်္ကန်းဝတ်၍ ဝါရေတွက်ခြင်းစသည်ပြုအံ့၊ ထေယျသံဝါသက မဖြစ်၊ ရှင်အဖြစ်မှူကိုကား ရပါ၏။ သင်္ကန်းတို့၌ ဓုရနိက္ခေပပြု၍ ထိုကဲ့သို့ပြုမူကား ထေယျသံဝါသကဖြစ်၏။

သာမဏေသည် မိမိအသွင်၌တည်၍ မေထုန်မှုစသည်ပြုသော်လည်း ထေယျသံဝါသက မဖြစ်၊ သင်္ကန်းတို့၌ ဥဿာဟရှိလျက် သင်္ကန်းချွတ်၍ မေထုန်မှီဝဲပြီး တစ်ဖန်ပြန်ဝတ်လည်းမဖြစ်သေး၊ သင်္ကန်း၌ ဓုရနိက္ခေပပြု၍ နဂ္ဂ၊ ဩဒါတနိဝတ္ထဖြင့် မေထုန်မှီဝဲပြီး သင်္ကန်းဝတ်သော် ဖြစ်၏။ လူအဖြစ်ကိုတောင့်တ၍ သင်္ကန်းကို ခါးတောင်းကျိုက်ခြင်း၊ လူလိုဝတ်ခြင်းဖြင့်-ငါ့အား လူအသွင်သည် တင့်တယ်လေသလော၊ မတင့်တယ်လေသလောဟု စုံစမ်းရန်ဝတ်အံ့ စောင့်သေး၏။ တင့်တယ်၏ဟုဝန်ခံပြီးမှ တစ်ဖန်အသွင်ကို သာယာလျှင် ထေယျသံဝါသကဖြစ်၏။ အဝတ်ဖြူဝတ်၍ စုံစမ်းရာ၌လည်း နည်းတူပင်။

[သောဘတီတိ သမ္ပဋိစ္ဆတ္တာတိ ကာသာဝဓာရဏော ဓုရံ နိက္ခိပိတ္ဂာ ဂိဟိဘာဝံ သမ္ပဋိစ္ဆိတ္ဂာ။ **(တိ၊ ဇာ-၁၂၂)**] ဝတ်ထားသောသင်္ကန်း၏အပေါ်က ဝတ်ဖြူဝတ်၍စုံစမ်းအံ့ ဝန်မှုလည်းခံအံ့ စောင့်သည်သာ။

ဝုဍ္ဎပဗ္ဗဇိတ သာမဏေသည် ဝါတို့ကိုမရေတွက်မူ၍ အစဉ်၌လည်း မတည်မူ၍ ဘေးတစ်ဖက်က လာ၍ မဟာပေဠပအုပ်ကြီးစသည်တို့၌ ယောက်ချိုဖြင့်ချိုသော ထမင်းဆိုင်ခဲ၌ သပိတ်ကိုကပ်ထည့်၍ သိန်းစွန်ကဲ့သို့ အသားတုံးကိုယူ၍ သွားအံ့၊ ထေယျသံဝါသကမဖြစ်။ ရဟန်းဝါတို့ကိုရေတွက်၍ ယူမှုကား ဖြစ်၏။

[မဟာပေဠာဒီသုတိ ဧတေန ဂိဟိသန္တကံ ဒဿိတံ။ **(ဋီ၊ ဇာ-၄၃၀)**။ မဟာပေဠာဒီသုတိ ဝိလီဝါဒိမယေသု ဃရဋ္ဌိရေသု ထပိတဘတ္တဘာဇနဝိသေသေသု၊ ဧတေန ဝိဟာရေ ဘိက္ခူဟိ သဒ္ဓိံ ဝဿဂဏနာဒီနံ အကရဏံ ဒဿေတိ။ **(တိ၊ ဇာ-၁၂၂)**]

သတိပြုရန်

သယံ သာမဏေရောဝ သာမဏေရပဋိပါဋိယာ ကူဋဝဿာနိ ဂဏေတွာ ဂဏှန္တော ထေယျသံဝါသကော န ဟောတိ။ ဘိက္ခု ဘိက္ခုပဋိပါဋိယာ ကူဋဝဿာနိ ဂဏေတွာ ဂဏှန္တော ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗောတိ။ **(မဟာ–ဋ္ဌ၊ စာ–၃၀၂)**[သယံ – န ဟောတီတိဣွေ ကိဥ္စာပိ ထေယျသံဝါသကော န ဟောတိ၊ ပါရာဇိကံ ပန အာပဇ္ဇတိယေဝ။ **(သာ၊ စာ–၂၅၉)**

သယံ သာမဏေရောဝ ကူဋဝဿာနိ ဂဏေတွာ ဂဏှန္တော ပါရာဇိကော ဟောတိ၊ ထေယျသံဝါသကော ပန န ဟောတိ။ တထာ ဘိက္ခုပိ၊ သော ပန ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗောတိ က္လမိနာ အဓိပ္ပာယေန သယံ သာမဏေရောဝါတိ အာဒိ ဝုတ္တံ။ **(ဓိ၊ စာ–၄၃၀)**

တီသု ပန ထေယျသံဝါသကေသု သာမဏေရလယံ ကရောန္တော လိင်္ဂတ္ထေနကော၊ ဥပသမ္ပန္နာလယံ ကရောန္တော သံဝါသတ္ထေနကော ဥဘယတ္ထေနကောစ။ **(ဓိ၊ စာ–၄၃၁)**

တိတ္ထိယပက္ကန္တက ကထာ

တိတ္ထိယပက္ကန္တကကို ရှင်လည်းပြုမပေးအပ်၊ ပဥ္စင်းလည်းခံမပေးအပ်။ ပုဗ္ဗပယောဂတို့၌ ဒုက္ကဋ်။ တိတ္ထိတို့အသွင်ကိုယူခြင်း၊ လက်ခံဆုံးဖြတ်ခြင်း၌ တိတ္ထိယပက္ကန္တက။ လက်ခံမဆုံးဖြတ်ခင် ပြန်ဆုတ်မူကား လွတ်သေး၏။ စုံစမ်းရာ၌လည်း ဒုက္ကဋ်။ လက်ခံမှ တိတ္ထိယပက္ကန္တက။

[အယဥ္စ တိတ္ထိယပက္ကန္တကော နာမ ဥပသမ္ပန္နဘိက္ခုနာ ကထိတော၊ တသ္မာ သာမဏေရော သလိင်္ဂေန တိတ္ထာယတနံ ဂတောပိ ပုန ပဗ္ဗဇ္ဇဥ္စ ဥပသမ္ပဒဥ္စ လဘတီတိ ကုရုန္ဒိယံ ဝုတ္တံ။ ပုရိမော ပန ထေယျသံဝါသကော အနုပသမ္ပန္နေန ကထိတော၊ တသ္မာ ဥပသမ္ပန္နော ကူဋဝဿံ ဂဏှန္တောပိ အဿမဏော န ဟောတိ၊ လိင်္ဂေ သဥဿာဟော ပါရာဇိကံ အာပဇ္ဇိတွာ ဘိက္ခုဝဿာဒီနိ ဂဏေန္တောပိ ထေယျသံဝါသကော န ဟောတီတိ] **(မဟာ–ဋ္ဌ၊ စာ–၃၀၃)**

ကူဋဝဿံ ဂဏေန္တောတိ ကူဋဝဿံ ဂဏေတွာ သံဝါသံ သာဒိယန္တောတိ အဓိပ္ပာယော။ **(သာ၊ စာ–၂၅၉)** သင်္ကန်းလုယက်ခြင်းခံရ၍လည်းကောင်း၊ မင်းဘေးစသည်ကြောင့်လည်းကောင်း၊ တိတ္ထိတို့အသွင်ကိုယူရ သော်လည်း တိတ္ထိယပက္ကန္တကမဖြစ် (– ပသုရမှဆက်လာသော ဝတ္ထုတည်း)။

တိရစ္ဆာနဂတဝတ္ထုကထာ

[တိရစ္ဆာနဂတော ဘိက္ခုဝေတိ ဧတ္ထ နာဂေါ ဝါ ဟောတု သုပဏ္ဏမာဏဝကာဒီနံ ဝါ အညတရော၊ အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယော ကောစိ အမနုဿဇာတိယော၊ သဗ္ဗောဝ က္လမသို့ အဧတ္တ တိရစ္ဆာနဂတောတိ ဝေဒိတဗ္ဗော၊ သော နေဝ ဥပသမ္ပာဒေတဗ္ဗော၊ န ပဗ္ဗာဇေတဗ္ဗော၊ ဥပသမ္ပန္နောပိ နာသေတဗ္ဗော။] **(ဋ္ဌ၊ စာ–၃၀၄)** [တုမှေ ခေါ နာဂါ ဗျာနဓိပဿနာမဂ္ဂဖလာနံ အဘဗ္ဗတ္တာ က္လမသို့ ဓမ္မဝိနယေ အဝိရုဠ္ဟိဓမ္မာ အတ္ထ၊ ဝိရုဠ္ဟိဓမ္မာ န ဘဝထ။ **(ဋ္ဌ၊ စာ– ၃၀၄)** **(အဟေတုကဋီသန္ဓိကတ္တာ)**

မာတုဃာတက – လူဇာတ်ရှိသူသည် လူဇာတ်မွေးမိခင်ရင်းကို သတ်အံ့၊ မာတုဃာတကဖြစ်၏။ အနန္တရိယကံထိုက်၏။ ရှင်၊ ရဟန်းအဖြစ်ကို ပယ်အပ်၏။ မွေးစားမိခင် မိကြီး မိထွေးလူဇာတ်မဟုတ်သော မွေးရင်း မိခင်တို့အား သတ်သူကို ရှင်အဖြစ်မတားမြစ်အပ်၊ အနန္တရိယကံလည်းမထိုက်။ တိရစ္ဆာန်ဖြစ်သူသည် လူဖြစ်သောမိခင်ရင်းကိုသတ်သော်လည်း အနန္တရိယကံမထိုက်၊ တိရစ္ဆာန်ဖြစ်သောကြောင့် ရှင်အဖြစ်ကို ပယ်အပ်၏။

ပိတုဃာတက – နည်းတူပင်၊ ကျွန်မသားဖြစ်သော်လည်း ဖခင်ရင်းမှန်းမသိ။ ထိုသူ၏သုက်သွေးကြောင့် လူဖြစ်လာအံ့၊ သတ်မိသော် ပိတုဃာတကပင်၊ အနန္တရိယကံလည်း ထိုက်၏။ (ဝေသိ–ကား ဥပလက္ခဏာမျှသာ လွန်ကျူး၍ကျင့်သူလည်း အလားတူပင်)

အရဟန္တဃာတက – လူဇာတ်ရှိသော ပဗ္ဗဇိတမဟုတ်သည့် ဒါရက ဒါရိကာ ရဟန္တာကိုသော်လည်း သတ်အံ့၊ အရဟန္တဃာတကမည်သည်သာ။ လူဇာတ်မဟုတ်သော ရဟန္တာ၊ လူဇာတ်ရှိသော ကြွင်းသော အရိယာပုဂ္ဂိုလ်ကိုသတ်မူ အနန္တရိယမဖြစ်။ ထိုသူအား ပဗ္ဗဇ္ဇအဖြစ်ကိုလည်းမပြစ်အပ်၊ ကံမူကား ဗလဝဖြစ်၏။ တိရစ္ဆာန်သည် လူဇာတ်ရှိသော ရဟန္တာကိုသတ်အံ့၊ အနန္တရိယမဖြစ်၊ ကံကား ဘာရိယ ဖြစ်၏။

ဘိက္ခုနီဒူသက – ပကတတ်ဖြစ်သော ဘိက္ခုနီကိုဖျက်ဆီးသူ။

သံဃဘေဒက – ယော ဒေဝဒတ္တော ဝိယ သာသနံ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ ကတွာ စတုန္နံ ကမ္မာနံ အညတရဝသေန သံဃံ ဘိန္ဒတိ၊ အယံ သံဃဘေဒကော နာမ၊ တေဿ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ဝါရိတာ။ **(ဌ၊ စာ–၃၀၆)**

လောဟိတုပ္ပါဒက – ဒေဝဒတ်ကဲ့သို့သောသူ။ ရှင်၊ ရဟန်း မပြုပေးအပ်၊ ဇီဝကကဲ့သို့ ရောဂါကုသသူကို မဆိုလို။

လူဇာတ်ရှိသောသူ အနန္တရိယကံထိုက်ခြင်းအကြောင်း

ယထာ မနုဿတ္တဘာဝေ ဌိတဿေဝ ကုသလဓမ္မာနံ တိက္ခဝိသဒသူရဘာဝါပတ္တိ၊ ယထာ တံ တိဏ္ဏမ္ပိ ဗောဓိသတ္တာနံ ဗောဓိတ္တယနိဗ္ဗတ္တိယံ၊ ဧဝံ မနုဿတ္တဘာဝေ ဌိတဿေဝ အကုသလဓမ္မာနမ္ပိ တိက္ခဝိသဒသူရဘာဝါပတ္တီတိ အာဟ။ **(သာ၊ စာ–၂၆၀)**

လောဟိတုပ္ပါဒကကံနှင့်စပ်၍ သတိပြုဖွယ်

အထ ယေ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ တေသံ ကိံ ဟောတီတိ၊ ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ။ သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ ဂရုတရံ။ စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တေ ဗောဓိမူလေပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။ ယာ ပန ဗောဓိသာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ န လဗ္ဘတိ။ ဗောဓိအတ္ထဉှိ ဂေဟံ၊ န ဂေဟတ္ထာယ ဗောဓိ။ အာသနဃရေပိ

သေဝ နယော။ ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ ဗောဓိဇဂ္ဂနတ္ထံ ဩဇောဟရဏသာခံ ဝါ ပူတိဋ္ဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ၊ သတ္ထုရူပကာယ ပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။ **(သာ၊ ဓာ–၂၆၁)**

ဉဘတောဗျဉ္ဇနက – ရှင်၊ ရဟန်းနှစ်မျိုးလုံးပယ်၏။

အနုပဇ္ဈာယက – ဥပဇ္ဈံ အဂါဟာပေတွာ သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယဝိရဟိတံ ။ ။ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿာတိ သိက္ခာပဒပညတ္တိတော ပဋ္ဌာယ ဧဝံ ဥပသမ္ပာဒေန္တဿ အာပတ္တိ ဟောတိ၊ ကမ္မံ ပန န ကုပ္ပတိ။ ကေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။ **(ဌ–မဟာ၊ ဓာ–၃၀၇)**

ကမ္မံ ပန န ကုပ္ပတီတိ ဣဒံ ဥပဇ္ဈာယာဘာဝေပိ ဉတ္တိဒုတိယကမ္မဿ ဥပသမ္ပဒါပေက္ခော ဉတ္တိဒုတိယကမ္မေန ဥပဇ္ဈာယေနာတိ မတဿ ဝါ ဝိဗ္ဘမန္တဿ ဝါ ပုရာဏဥပဇ္ဈာယဿ အညဿ ဝါ ယဿ ကဿစိ အဝိဇ္ဇ မာနဿာပိ နာမေန သဗ္ဗတ္ထ ဥပဇ္ဈာယကိတ္တနဿ ကတတ္တာ ဝုတ္တံ၊ ယဒိ ဟိ ဥပဇ္ဈာယကိတ္တနံ န ကရေယျ၊ **ပုဂ္ဂလံ နပရာမသီ**တိ ဝုတ္တကမ္မဝိပတ္တိဝေ သိယာ၊ တေနေဝ ပါဠိယံ အနုပဇ္ဈာယကန္တိ ဝုတ္တံ၊ အဋ္ဌကထာယမ္ပိဿ ဥပဇ္ဈာယံ အကိတ္တေတွာတိ အဝတွာ ဥပဇ္ဈာယံ အဂါဟာပေတွာ သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယဝိရဟိတံ ဣစ္စေဝ အဝုတ္တာတိဝုတ္တော။ **(တိ၊ ဓာ–၁၂၅)**

(သံဃာ–ဂိုဏ်း) ပဏ္ဍုက်အစ ဥဘတောဗျည်းအဆုံးရှိသော အဘဗ္ဗပုဂ္ဂိုလ် [၁၁]ယောက်တို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့ ဒုက္ကဋ်။

ပါဠိယံ သံဃေန ဥပဇ္ဈာယေနာတိ အယံ ဉတ္တိဒုတိယကမ္မော သံဃဿ ဥပသမ္ပဒါပေက္ခော ဉတ္တိဒုတိယကမ္မော သံဃံ ဥပသမ္ပဒံ ယာစတိ သံဃေန ဥပဇ္ဈာယေနာတိ ဧဝံ ကမ္မဝါစာယ သံဃမေဝ ဥပဇ္ဈာယံ ကိတ္တေတွာတိ အတ္ထော၊ ဧဝံ ဂဏေန ဥပဇ္ဈာယေန။ **(တိ၊ ဓာ–၁၂၅)** ဧဝံ ဝုတ္တေပိ ကမ္မံ န ကုပ္ပတိဝေ ဒုက္ကဋဿေဝ ဝုတ္တတ္တာ၊ အညထာ သော စ ပုဂ္ဂလော အနုပသမ္ပန္နောတိ ဝဒေယျ။ တေနာဟ ''သံဃေနာ''တိအာဒိ။ တတ္ထ ပဏ္ဍကာဒီဟိ ဥပဇ္ဈာယေဟိ ကရိယမာနေသု ကမ္မေသု ပဏ္ဍကာဒိကေ ဝိနာဝ ယဒိ ပဉ္စဝဂ္ဂါဒိဂဏော ပူရတိ၊ ကမ္မံ န ကုပ္ပတိ၊ ဣတရထာ ကုပ္ပတီတိ ဝေဒိတဗ္ဗံ။ **(တိ၊ ဓာ–၁၂၅)**

အပတ္တကာဒိဝတ္ထု

သပိတ်မရှိသူ၊ သင်္ကန်းမရှိသူ၊ သပိတ်သင်္ကန်းမရှိသူ၊ ငှားရမ်းသော သပိတ်၊ ငှားရမ်းသောသင်္ကန်း၊ ငှားရမ်းသော သပိတ်သင်္ကန်းသာရှိသူအား ပဉ္စင်းခံပေးအံ့ ဒုက္ကဋ်။ [ရဟန်းခံပေးသူအား အာပတ်သာသင့်၏ ကံကားမပျက်။ ဆရာဥပဇ္ဈာယ်အခြားရဟန်းတို့က အပိုင်စွန့်လိုက်သော အဓိဋ္ဌာန်လောက်သော သပိတ် သင်္ကန်းဖြင့်ကား အပ်၏။ ပဗ္ဗဇ္ဇာပေက္ခ၊ ရဟန်းအဖြစ်ကိုငဲ့သော သာမဏေလောင်း ပဏ္ဍုပလာသကိုကား ငှားရမ်းသော သပိတ်သင်္ကန်းဖြင့် ရှင်ပြုပေးခြင်းငှာအပ်၏။ သဘာဂဋ္ဌာနမှ ဝိဿာသဂါဟယူ၍ ပြုပေးခြင်း ငှာလည်းအပ်၏။ ။ ကျက်အောင်မဖုတ်ရသေးသောသပိတ် မချုပ်ရသေးသော သင်္ကန်းတို့ကိုယူ၍ ကျောင်းသို့ လာနေသော ပဏ္ဍုပလာသအား– အနာမဋ္ဌပိဏ္ဍပါတ ဆွမ်းဦးကိုပေးခြင်းငှာခွက်၌ (ရဟန်းပိုင်) ထည့်ကျွေးခြင်း ငှာအပ်၏။ နံနက်အခါ သာမဏေတို့နှင့်ညီမျှသော အာမိသဘာဂကို ပေးခြင်းငှာအပ်၏။ သေနာသနဂ္ဂါဟ သလာကဘတ်စသည်တို့ကားမအပ်၊ မွန်းလွဲပိုင်း၌လည်း သာမဏေတို့နှင့်အညီ ဆီတင်လဲစသော ဆေးကို ပေးခြင်းငှာ အပ်၏။ ဖျားနာမူ ဆေးပေး၊ ဆေးကုခြင်းငှာ အပ်၏။ သာမဏေကဲ့သို့ပင် လုပ်ကျွေးအပ်၏။]

အနာမဋ္ဌပိဏ္ဍပါတန္တိ ဘိက္ခူဟိ လဒ္ဓဘိက္ခတော အဂ္ဂဟိတဂ္ဂံ ပိဏ္ဍပါတံ၊ သာမဏေရဘာဂသမကော တိ ထွေ ကိဥ္စာပိ သာမဏေရာနမ္ပိ အာမိသဘာဂဿ သမကမေဝ ဒီယျမာနတ္တာ ဝိသုံ သာမဏေရ ဘာဂေါ နာမ နတ္ထိ၊ ပတ္တစီဝရပရိကမ္မမတ္တပဋိဗဒ္ဓပဗ္ဗဇ္ဇတာယ ပန သာမဏေရသဒိသာ ထေ ပဏ္ဍု ပလာသာတိ ဒဿနတ္ထံ ဇေ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ နိယတာသန္နပဗ္ဗဇ္ဇဿေဝ စာယံ ဘာဂေါ ဒီယတိ၊ တေနေဝ "ယာဝ ပဗ္ဗဇ္ဇာ ပစ္စတီ"တိ အာဒိ ဝုတ္တံ။ **(တီ၊ စာ–၁၂၆)**

သာမဏေရဘာဂသမကော အာမိသဘာဂေါတိထွေ ကိဥ္စာပိ သာမဏေရာနံ အာမိသဘာဂဿ သမကမေဝ ဒီယျမာနတ္တာ ဝိသုံ သာမဏေရဘာဂေါ နာမ နတ္ထိ။ ဟေဋ္ဌာ ဂဏ္ဌိန္တံ ပန ဘတ္တံ ကဒါစိ မန္ဒံ ဘဝေယျ၊ တသ္မာ ဥပရိ အဂ္ဂဟေတွာ သာမဏေရပါဠိယာဝ ဂဟေတွာ ဒါတဗ္ဗောတိ အဓိပ္ပါယော၊ နိယတ ပဗ္ဗဇ္ဇဿေဝ စာယံ ဘာဂေါ ဒီယတိ၊ တေနေဝ "အပက္ကံ ပတ္တံ"န္တိ အာဒိဝုတ္တံ။ **(သာ၊ စာ–၂၆၄)**

(ဝဇီရဗုဒ္ဓိ ဆရာကား)– ဥပဇ္ဈာယ်မယူဘဲ ကမ္မဝါ၌ ဥပဇ္ဈာယ်ကို ထည့်ဖတ်ခြင်းသည် မုသာဝါဒ မဖြစ်သင့်၊ မုသာဝါဒကြောင့်လည်း ကမ္မသမ္ပတ္တိ ဝိပ္ပတ္တိမဖြစ်သင့်ဟူ၏။ ဥပဇ္ဈာယ်ထင်ရှားရှိလျက် ဥပဇ္ဈာယ် မယူမိခြင်းကြောင့် ပညတ်တော်မူရင်း ဖြစ်သည်ဟူ၏။ သပိတ်သင်္ကန်းပြည့်စုံပြီးအမှတ်ဖြင့် ကမ္မဝါဖတ်လျှင် လည်း ကမ္မဝါစာဆရာ၌ အပြစ်မရှိ။ မိဘသေပြီးသူသည် မိဘတို့ကခွင့်ပြုပါ၏လောဟု မေးသောအခါ ခွင့်ပြုပါ၏ဟု ပြောသကဲ့သို့တည်းဟူ၏။ **(တီ၊ စာ–၄၃၅)**

အခြားရှင်ရဟန်း မပြုထိုက်သူ (၃၂) ဦး

(၁) လက်ပြတ်သောသူ [လက်ဝါးလက်ကောက်ဝတ်တံတောင် တစ်နေရာရာမှစ၍ တစ် ဖက်၌လည်းကောင်း နှစ်ဖက်လုံးလည်းကောင်းပြတ်သူ]

(၂) ခြေပြတ်သောသူ [ခြေဖျားခြေဖမိုး ဒူးတစ်နေရာရာ၌ တစ်ဖက်၌လည်းကောင်း နှစ် ဖက်၌လည်းကောင်းပြတ်သူ]

(၃) လက်ခြေ ပြတ်သောသူ [နည်းတူ တစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း၊ အကုန်လုံးပြတ်သူ]

(၄) နားပြတ်သောသူ [နားရင်း၌လည်းကောင်း၊ နားရွက်၌လည်းကောင်း၊ တစ်ဖက်၌ လည်းကောင်း၊ နှစ်ဖက်လုံး၌လည်းကောင်း ပြတ်သူ] [အသားပြတ်၍ ဆက်စပ်ကောင်းမူ ဆက်ပြီးပြုပေးအပ်၏။]

(၅) နှာခေါင်းပြတ်သူ [ဆိတ်ခွာသဏ္ဌာန်အရပ်၌လည်းကောင်း၊ နှာဖျား၌လည်းကောင်း နှာခေါင်းတစ်ဖက်၌လည်းကောင်းပြတ်သူ။ စပ်၍ရမူပျောက်အောင် ကုပြီးမှ ပြုပေးအပ်၏။]

(၆) နားနှာခေါင်းပြတ်သူ

(၇) လက်ချောင်းပြတ်သူ [လက်သည်းခွံလုံးဝမကျန် တစ်ချောင်းလည်းကောင်း၊ အများလည်း ကောင်း ပြတ်သူ၊ ချည်မျှင်မျှ လက်သည်းခွံကျန်မူအပ်၏။]

ခြေချောင်းပြတ်သူ

(၈) လက်မခြေမပြတ်သူ

(၉) အကြောမပြတ်သူ [ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ တစ်ချောင်းချောင်း ပြတ်၍ ဖဝါးဦးဖြင့် စကြွံသွားရသူ၊ ခြေကို ကြပ်ကြပ်မနင်းမိသူ မနင်းနိုင်သူ]

(၁၀) လက်ချောင်းပူးသူ ခြေချောင်းပူးသူ [လင်းနို့တောင်ကဲ့သို့ တစ်စပ်တည်းနေသူ၊ လက်ငါးချောင်းကိုခွဲပြီး လက်ငါးချောင်းအကြားရှိ အရေကိုဖယ် ချမ်းသာအောင်ပြုပြီးမှ ပြုပေးအပ်၏။ ခြောက်ချောင်းရှိမူ အပိုတစ်ချောင်းကိုဖြတ်၍ ဆေးကုပြီးမှ ရှင်ရဟန်းပြုပေးအပ်၏။]

(၁၁) ကုန်းသောသူ – [ရင်ထွက်၍ကိုင်းသူ ကျောက်ကုန်းထွက်၍ ကုန်းသူ နံစောင်းထွက် ၍စောင်းသူတည်း အနည်းငယ် အင်္ဂါကြီးငယ်စောင်းမှုကား အပ် ပါ၏။ ဘုရားသည်သာ ဗြဟ္မုဇုဂတ္တရှိ၏ ကြွင်းသတ္တဝါတို့ကား မကုန်းသူမရှိ]

(၁၂) ပုကွသောသူ – [မြင်းခေါင်းတိုသူ၊ ခါးမှစ၍ အောက်ပိုင်းတိုသူ၊ အထက်ပိုင်းတိုသူ၊ အောက်ပိုင်းအထက်ပိုင်း၊ နှစ်ပါးစုံတိုသူတည်း မြေဖုတ်ကဲ့သို့လုံး သော ဝမ်းကြီးသောအိုးနှင့်တူသော ကိုယ်ရှိသောကြောင့်ဟု၏။]

(၁၃) လည်ပင်းကြီးနာရှိသူ [ဖရုံသီးကဲ့သို့ လည်၌ထွတ်မြင်းနာဖုကြီးရှိသူ၊ ဒေသနာမတ္တမျှသာ မည်သည့်အရပ်၌မဆို ထွတ်မြင်းနာ ဂဏ္ဍရှိမူမအပ်။]

(၁၄) သံပူကပ်၍တံဆိတ်ခပ်ထားသောသူ

(၁၅) ကြိမ်ဒဏ်ပေးခံရသောသူ

(၁၆) တွေ့ရာအရပ်၌ သတ်ဟုကြော်ငြာထားခံရသူ

(၁၇) ခြေထိုင်းသောသူ – [ခြေသည် ထူ၍ကြီး၍ ခက်မာအံ့ဖြစ်သော အိုင်းရှိအံ့မအပ်။ ခက် မမာသေးမူ–ပုဆိုးကြမ်းဖြင့်ဖွဲ့၍ ရေနွေးထည့်ရာတွင်းငယ်၌ ခြေကို သွင်း၍ ရေနွေးသဲနွေးဖြင့် အပြည့်ထည့်၍ အကြောတို့ထင်လာ အောင် မြင်းခေါင်းတို့ကျည်ကဲ့သို့ ဖြစ်လာအောင်ပြုခြင်းငှာ စွမ်းနိုင် သေးမူထိုကဲ့သို့ပြု၍ ရှင်ရဟန်းပြုပေးအပ်၏။] ဆင်ခြေထောက်။

(၁၈) အနာဆိုးရှိသောသူ [အရိသ၊ မြင်းသရိုက်၊ ဘဂန္ဒရ = အရည်တစ်စက်စက်ယိုသော ဘဂန္ဒိုရ်အနာ၊ ပိတ္တ = သည်းခြေနာ၊ သေမှ = သလိပ်အနာ၊ ကာသ = ချောင်းဆိုးအနာ၊ သောသ = ခရယုတ်အနာ စသည် တို့တွင် တစ်စုံတစ်ခုသောအနာဖြင့် အခါခပ်သိမ်းနာကျင်သော ကုစားမရနိုင်သောအနာရှိသော စက်ဆုပ်နှစ်လိုဖွယ်မရှိသူသာ မအပ်။

(၁၉) ပရိသတ်ကို ဖျက်ဆီးသောသူ [ဦးခေါင်း၊ ဆံပင်၊ မျက်ခုံး၊ မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်၊ သွား၊ နှုတ်ခမ်း၊ မေး၊ လည်ချောင်း၊ ပခုံး၊ လက်၊ တံတောင်၊ ရင်၊ ကျောက်ကုန်းတို့၌ အပြစ်အနာကင်းလွတ်၍ လှပတင့်တယ်

သူတို့သာ ဖြစ်ရမည်ဟူ၏။ ဝဲ၊ ထွတ်မြင်း၊ ပွေး၊ ဖွတ်ကိုယ်ရှိသူတို့ကား ပဥ္စာဗာဓ၌ ဝင်၏။ ခါးတင်ပုဆစ်မြင်းခေါင်းပေါင်၊ ဖဝါး၊ ဖနှောင့်၊ ဖမိုး၊ ခြေချောင်း၊ လက်ချောင်း၊ လက်သည်း၊ ခြေသည်းတို့သည်လည်း အပြစ်ကင်းစင်၍ လှပတင့်တယ်နေရမည်ဟူ၏။ ခံတွင်းစသည်တို့လည်း မပုပ်ရ။ မီးတိုက်သောလယ်ယာ၌ သစ်ငုတ်တိုကဲ့သို့မည်းလွန်းသော အသားလည်း မရှိရ။ ပွတ်ထားသောကြေးနီကဲ့သို့ဖြူလွန်းသော အသားလည်းမရှိရဟူလိုသတတ်။]

(၂၀) မျက်စိတစ်ဖက်ကန်းသောသူ [ပြူက်ထင်ပင် (ကြည်လင်စွာ)မမြင်သည်မူလည်းဖြစ်စေ၊ တိမ်စသည်လွှမ်းသော ပသာဒရှိသည်မူလည်းဖြစ်စေ၊ တစ်ဖက်ဖြင့်လည်းကောင်း၊ နှစ်ဖက်ဖြင့်လည်းကောင်း မမြင်အံ့၊ ရှင်ရဟန်း မပြုပေးအပ်။ မဟာပစ္စရိ၌ကား တစ်ဖက်ကန်းကာဏ၊ နှစ်ဖက်ကန်း အန္ဓဟူ၏။ မဟာအဋ္ဌကထာ၌ကား ဇစ္စန္ဓသည် အန္ဓဟူ၏ အသင့်ချည်းပင်။]

(၂၁) လက်ခြေကောက်သောသူ [လက်ကောက်သူ၊ ခြေကောက်သူ၊ လက်ချောင်းလက်ညှိုး၊ လက်ခလယ်စသည်ကောက်သူ၊ တစ်ခုခုကောက်အံ့ ကုဏီမည်သည်သာ]

(၂၂) ခွင်သောသူ [ပုဆစ်ညွတ်သူ၊ မြင်းခေါင်းကျိုးသူ၊ ခြေဖဝါးအမျိုးမျိုးကောက်၍ ခြေဖျား၊ ဖဝါးလယ်၊ ဖဝါးစောင်း၊ ဖနှောင့်တို့ဖြင့် သွားရသူ၊ ခြေမျက်စိအထက်ကကျိုး၍ ဖမိုးဖြင့်သွားရသူတို့တည်း။]

(၂၃) ဖက်သကတ်နာစွဲ 'ကိုယ်တစ်ခြမ်းသေသူ' [လက်တစ်ဖက်လည်းကောင်း ခြေတစ်ဖက်လည်းကောင်း ကိုယ်တစ်ဝက်လည်းကောင်းသေသောသူ]

(၂၄) ဆွံ့သောသူ [မသွားတတ်လျှင်းသောသူတည်း [နိသျ]

(၂၅) အိုမင်းမစွမ်းသောသူ [ဇရာဒုဗ္ဗလကြောင့် မိမိ၏သင်္ကန်းစသည်ကိုဆိုးခြင်းငှာ မစွမ်းနိုင်သူ]

(၂၆) မျက်စိနှစ်ဖက်ကန်းသောသူ [ဇစ္စန္ဓောဝုစ္စတိ] [ဇရာဒုဗ္ဗလကြောင့် မိမိ၏သင်္ကန်းစသည်ကိုဆိုးခြင်းမှာ မစွမ်းနိုင်သူ] [မိမိကိုယ်ကို လုပ်ကျွေးခြင်းငှာ စွမ်းနိုင်မှုအပ်၏]

(၂၇) စကားဆွံ့အသောသူ [မူဂေါတိ ယဿ ဝစီဘေဒေါ နပ္ပဝတ္တတိ၊ ယဿာပိ ပဝတ္တတိ၊ သရဏဂမနံ ပန ပရိပုဏ္ဏံ ဘာသိတုံ န သက္ကောတိ၊ တာဒိသံ မမ္မနမ္ပိ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ၊ ယော ပန သရဏဂမနမတ္တံ ပရိပုဏ္ဏံ ဘာသိတုံ သက္ကောတိ၊ တံ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။] **(မ႑ ဧာ-၃၁၃)**

(အက္ခရာတစ်လုံးဆိုအံ့သည်ကို သုံးလေးငါးကြိမ်ထပ်၍ဆိုသောသူကို မမ္မ (ဓမ္မ) သင့်သောသူဟူ သတည်း။ ထိုသူတို့သဘောကား ရုတ်တရက်ဆိုအံ့သောငှာ မတတ်နိုင်ကုန်၊ နှုတ်သီးတလှုပ်လှုပ်ပြုမှ စကားထွက်နိုင်သတည်း။)

* ဤအချက်ကို ထောက်၍ သရဏဂုံ မပီသသူ၊ ပီသသော်လည်း သရဏဂုံယူပြီး ရှင်သာမဏေ အဖြစ်၌ မတည်သေးသော လူဝတ်အသွင်အတိုင်းရှိသေးသောသူကို ပဉ္စင်းခံမပေးအပ်ဟုယူရန်ရှိ၏။ သို့သော် ကံပျက်သည်ကိုကားမဆို ပြုပေးသူအာပတ်သင့်သည်ကိုသာ ဆိုသည်။

(၂၈) နားပင်းသူ [အချင်းခပ်သိမ်းမကြားသူ၊ အသံကြီးကြီးကို ကြားသူကား အပ်၏။]

(၂၉) ကန်းလည်းကန်း အလည်းအသောသူ

(၃၀) ကန်းလည်းကန်း နားလည်းပင်းသောသူ

(၃၁) အ,လည်း,အ နားလည်းပင်းသောသူ

(၃၂) ကန်းလည်းကန်း အ,လည်း,အ နားလည်းပင်းသောသူ

သတိပြုရန် – [ယေသဥ္စ ပဗ္ဗဇ္ဇာ ပဋိက္ခိတ္တာ၊ ဥပသမ္ပဒါပိ တေသံ ပဋိက္ခိတ္တာဝ၊ သစေ ပန တေ သံယော ဥပသမ္ပာဒေတိ၊ သဗ္ဗေပိ ဟတ္ထစ္ဆိန္နာဒယော သူပသမ္ပန္နာ၊ ကာရကသံယော ပန အာစရိယု ပဇ္ဈာယာစ အာပတ္တိတော န မုစ္စန္တိ။] **(ဌ၊ စာ–၃၁၃)**

အာပတ္တိတော န မုစ္စတီတိ ဥတ္တာ ကရောန္တော၀ န မုစ္စတိ၊ ဇိဝိတန္တရာယာဒိအာပဒါသု အရုစိယာ ကာယသာမဂ္ဂိံ ဒေန္တဿ အနာပတ္တိ။ **(တီ၊ စာ–၁၂၈)**

[ဥပသမ္ပဒကံ၌ကား ပြီးဆုံးမှသာ ဒုက္ကဋ်။ ပဗ္ဗဇ္ဇကံ၌ကား ပုဗ္ဗပယောဂ၌ပင် ဒုက္ကဋ်ဟု ယူသင့်သည်။ မူဂကို ရှင်ပြုရာ၌ ပြီးဆုံးခြင်းမထင်သော်လည်း အာပတ်သင့်ရာသည်ကိုထောက်ဟူလိုသတတ်။ **ဇီ၊ စာ–၄၃၉** ။]

အလဇ္ဇီနိဿယဝတ္ထုကထာ
[၁–ခရီးတိုသွားသူ]

အလဇ္ဇီရဟန်းအား နိဿရည်းပေးအံ့ ဒုက္ကဋ်၊ အလဇ္ဇီကိုအမှီပြု၍နေအံ့ ဒုက္ကဋ်။ ရဟန်းကောင်း တို့နှင့်သဘောတူ သဘာဂတူသည်၏အဖြစ်ကို သိအောင်ပြုအံ့ဟု လေးရက်ငါးရက် ဆိုင်းငံ့ခြင်းငှာခွင့်ပြု ၏။ ။ [ထို့ကြောင့် နေရာသစ်သို့သွားသော ရဟန်းသည် နိဿရည်းယူလောဟု တိုက်တွန်းသော်လည်း လေးရက်ငါးရက် နိဿရည်းပေးမည့်သူ၏ လဇ္ဇီသဘာဂအဖြစ်ကို စုံစမ်း၍ယူအပ်၏။ လဇ္ဇီဟုကြားသိ၍ ရောက်လာသည့်နေ့မှာပင် ယူလိုသော်လည်း မထေရ်က ဆိုင်းငံ့ဦး နေသောသင်သည် သိလတ္တံ့ဟု နှစ်ရက် သုံးရက် အကျင့်သိက္ခာကိုစုံစမ်း၍ နိဿရည်းပေးအံ့အပ်၏။

ယူနေကျနေရာသို့သွားမူ နေ့ချင်းပင် ယူအပ်၏။ တစ်ရက်မျှသော်လည်း ပရိဟာရမရှိ (အာပတ် မလွတ်ဟူ၏) ပထမယာမ် ဆရာမအားလပ်၍ မိုးသောက်ယာမ်၌ ယူအံ့ဟု နှလုံးသွင်းအိပ်အံ့၊ အရုဏ်တက်သည် ကိုလည်း မသိအံ့၊ အနာပတ္တိ။ ယူအံ့ဟုနှလုံးမသွင်းဘဲ အိပ်အံ့၊ အရုဏ်တက်သော် ဒုက္ကဋ်။

မရောက်ဖူးသေးသောနေရာသို့သွားမူ နှစ်ရက်သုံးရက်သာနေ၍ တခြားဆက်သွားမူ နိဿရည်း

မယူဘဲ နေအပ်၏။ ခုနစ်ရက်နေအံ့ဟူသော အာလယရှိမှုယူအပ်၏။ မထေရ်က ခုနစ်ရက်နေသူအား နိဿရည်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုဆိုမူ ပယ်သောကာလမှစ၍ ပရိဟာရ ရ၏။] **(ဋ္ဌ၊ စာ-၃၁၄)**

သာမဏေတို့နှင့်လည်း မပေါင်းအပ်

န ဘိက္ခုဝေ အလဇ္ဇီနံ နိဿယော ဒါတဗ္ဗောတိ ဣမိနာ အလဇ္ဇီဟိ ဘိက္ခူဟိ သာမဏေရေဟိ ဝါ သဒ္ဓိံ ဒွေပိ ဓမ္မာမိသပရိဘောဂါ ပဋိက္ခိတ္တာ ဟောန္တိ၊ နိဿယဘာဝေ ဘာဝတော တေသံ။ ယထာဟ အာစရိယေန ဘိက္ခုဝေ အန္တေဝါသိကော သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေတဗ္ဗော ဥဒ္ဒေသေန ပရိပုစ္ဆာယ ဩဝါဒေန အနုသာသနိယာတိအာဒိ၊ ဥပဇ္ဈာယဿပိ နိဿယပဏာမနသမ္ဘဝတော၊ သောပိ သဒ္ဓိဝိဟာရိကဿ နိဿယောတိ ဝေဒိတဗ္ဗံ။ တသ္မာ ဥပဇ္ဈာယော စေ အလဇ္ဇီ ဟောတိ၊ န တံ နိဿာယ ဝသိတဗ္ဗန္တိ သိဒ္ဓံ ဟောတိ။ **(ဓီ၊ စာ-၄၃၉)**

သဘာဂရဟန်း

ဘိက္ခူနံ သမ္မာ ပဋိပတ္တိယာ သမာနဘာဂေါ ဘိက္ခုသဘာဂေါ။ တဿ ဘာဝေါ ဘိက္ခုသဘာဂတာ။ **(ဓီ၊ စာ ၄၃၉)** ဘိက္ခူဟိ သမာနော သီလာဒိဂုဏဘာဂေါ အဿာတိ ဘိက္ခုသဘာဂေါ၊ တဿ ဘာဝေါ ဘိက္ခုသဘာဂတာ။ **[သာ၊ စာ-၂၆၅]**။ ဘိက္ခူဟိ သမာနော ဘာဂေါ ဒိဋ္ဌိသီလာဒိဂုဏကောဋ္ဌာသော အဿာတိ ဘိက္ခုသဘာဂေါ၊ တဿ ဘာဝေါ ဘိက္ခုသဘာဂတာ။ **(တီ၊ စာ-၁၂၉)**

နှစ်ရက် သုံးရက် ဟူသည်

ဒွေ တီဏိ ဒိဝသာနိ ဝသိတွာ ဂန္တုကာမေန အနိဿိတေန ဝသိတဗ္ဗန္တိ ဧတ္ထ ''ယာဝ ဘိက္ခုသဘာဂတံ ဇာနာမီ''တိ အာဘောဂံ ဝိနာပိ အနိဿိတေန ဝသိတုံ ဝဋ္ဋတီတိ အဓိပ္ပာယော။ ဘိက္ခုသဘာဂတံ ပန ဇာနန္တော ''သွေ ဂမိဿာမိ၊ ကိံ မေ နိဿယေနာ''တိ အရုဏံ ဥဋ္ဌပေတုံ န လဘတိ။ ''ပုရာရုဏာ ဥဋ္ဌဟိတွာဝ ဂမိဿာမီ''တိ အာဘောဂေန သယန္တဿ သစေ အရုဏော ဥဂ္ဂစ္ဆတိ ဝဋ္ဋတိ။ [**(သာ၊ စာ-၂၆၅) (ဓီ၊ စာ-၄၄၀)**-တူ]

ခုနစ်ရက်နေခြင်းဟူသည်

သတ္တာဟံ ဝသိဿာမီတိ အာလယံ ကရောန္တေန ပန နိဿယော ဂဟေတဗ္ဗောတိ သတ္တာဟမတ္တံ ဝသိဿာမိ၊ ကိံ ဘိက္ခုသဘာဂတာဇာနနေနာတိ ဇာနနေ ဓုရံ နိက္ခိပိတွာ ဝသိတုံ န လဘတိ၊ ဘိက္ခုသဘာဂတံ ဥပပရိက္ခိတွာ နိဿယော ဂဟေတဗ္ဗောတိ အတ္ထော။ ။ **(သာ၊ စာ-၂၆၅)**

ဂမိကာဒိနိဿယ ဝတ္ထုကထာ
[ခရီးရှည်သွားသူ]

နိဿရည်းမယူရသေးသော ခရီးရှည်သွားသော ရဟန်းသည် နိဿရည်းမယူဘဲ နေခြင်းငှာခွင့်ပြု၏။

[မိမိနှင့်အတူသွားသော် နိဿရည်းဆရာမရမူ ရက်ရှည်သွားနိုင်၏။ သွားရာ၌ ရှေ့ကနိဿရည်းယူ၍နေဖူးသော ကျောင်းသို့ဝင်၍မူ တစ်ညဉ့်မျှနေသော်လည်း ယူအပ်၏။ ခရီးအကြား၌ ပင်ပန်း၍လည်းကောင်း၊ အဖော်ကုန်သည်ရှာလို၍လည်းကောင်း၊ နှစ်ရက်သုံးရက်နေမူ အနာပတ္တိ။ ဝါတွင်း၌ကား နိဿရည်းယူ၍ (တစ်နေရာ၌) အမြဲနေအပ်၏။ လှေဖြင့်သွားသောသူအား ဝါတွင်းရောက်လတ်သော်လည်း နိဿရည်းဆရာကိုမရမူကား အနာပတ္တိ။]

ဝါတွင်းဝါပ ဖြစ်သင့်သည်

အဒ္ဓါနမဂ္ဂပဋိပန္နေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုန္တိ အဝဿကာလေယေဝ ဝဿကာလေ အဒ္ဓါနဂမနဿ ပါဠိယံယေဝ ပဋိက္ခိတ္တတ္တာတိ ဝုတ္တံ။ တံ အပ္ပမာဏံ။ သတ္တာဟံ ဝဿစ္ဆေဒါဒိဝသေန အဒ္ဓါနဂမနဿာပ္ပဝတော ဂစ္ဆန္တဿေဝ ဝဿကာလဂမနဿာပ္ပဝတော စ။ **(ဓိ၊ စာ-၄၄၀)**

ခရီးအကြားရပ်နားမှု
[ဆရာစေခိုင်းမှု]

အန္တရာမဂ္ဂေ – ။ – အနာပတ္တီတိ နိဿယဒါယကာဘာဝေယေဝ။ **(ဓိ၊ စာ-၄၄၀)**

အန္တရာမဂ္ဂေ ဝိဿမန္တော ဝါ – ။ – အနာပတ္တီတိ အသတိ နိဿယဒါယကေ အနာပတ္တိ။ **(သာ၊ စာ-၂၆၅)** ။ ဝိဿမန္တောဝါ – လ – အနာပတ္တီတိ ဂမနသဥဿာဟတာယ တထာ ဝသန္တောပိ အဒ္ဓိကော ဝေ၊ တတ္ထ နိဿယဒါယကေ အသတိ အနာပတ္တီတိ အဓိပ္ပာယော။ တေန စ ပရိဿမာဒိအဘာဝေ သေနာသနာဒိသမ္ပဒံ ပဋိစ္စ ဝသတော အာပတ္တီတိ ဒဿေတိ၊ တဥ္စ အဂမနပစ္စယာ ဒိဝသေ ဒိဝသေ အာပဇ္ဇတီတိ ဝဒန္တိ။ စီဝရရဇနာဒိကိစ္စတ္တာယ ဂစ္ဆဟိ ပေသိတဿာပိ ကိစ္စပရိယောသာနမေဝ ဝသိတဗ္ဗံ။ န တတော ပရံ။ ဂစ္ဆဟိပိ တာဝကာလိကကိစ္စတ္တမေဝ ပေသလဒဟရာ ပေသိတဗ္ဗာ၊ န နိစ္စကာလကိစ္စတ္တန္တိ ဒဋ္ဌဗ္ဗံ။ **(တိ၊ စာ-၁၂၉)**

လှေဖြင့်သွားရာ

နာဝါယ ဂစ္ဆန္တဿ ပန ဝဿာနေ အာဂတေပိ နိဿယံ အလဘန္တဿ အနာပတ္တီတိ ဝုတ္တတ္တာ ဝေရှုပံ အဝိဝေယျတံ ဝိနာ နိဿယဒါယကရဟိတဌာနေ ဝဿံ ဥပဂန္တုံ န ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။ **(မဟာ–ဋ္ဌ၊ စာ–၃၁၄) (တီ၊ စာ–၁၂၉)**

* **သတိပြုရန်** – အဒ္ဓါနဂမနေ ပန နိဗဒ္ဓဂါသံ ဝသိတဗ္ဗံ၊ နိဿယော စ ဂဟေတဗ္ဗော ဟူသော အဋ္ဌကထာ (မြန်မာပြန်၌) အဌကထာစကားရပ်သည် ဝါတွင်းမဟုတ်မူကား နိဿရည်းမယူဘဲလည်း နေ အပ်၏ဟု ဆိုလိုသည်မဟုတ်၊ အဓွန့်ရှည်သော ခရီးသွားရဟန်းသည် ဝါတွင်းရောက်လတ်သော် နိဗဒ္ဓဂါသ ဟူသော အမြဲနေမည့်ကျောင်းတစ်ကျောင်း၌နေ၍ နိဿရည်းလည်းယူနေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အဓွန့်ရှည်ခရီးသွားရဟန်းအတွက်သာ ခြွင်းချက်ဖြစ်သည်။ ရဟန်းအားလုံး အတွက်မဟုတ်ပေ။

၃ - ဂိလာန ရဟန်း

နိဿရည်း မယူရသေးသော နာဖျားသောရဟန်းသည် နိဿရည်းမယူဘဲ နေခြင်းငှာခွင့်ပြု၏။

၄ - ဂိလာနုပဋ္ဌာကရဟန်း

နိဿရည်းမယူရသေးသော သူနာပြုရဟန်းသည် ပြုစုရမည်။ ဂိလာနရဟန်းက တောင်းပန်လျှင် နိဿရည်းမယူဘဲ နေခြင်းငှာခွင့်ပြု၏။

[ယာစိယမာနေနာတိ တေန ဂိလာနေန ယာစိယမာနေန အနိဿိတေန ဝသိတဗ္ဗံ။ သစေ ''ယာစာဟိ မ''န္တိ ဝုစ္စမာနောပိ ဂိလာနော မာနေန န ယာစတိ၊ ဂန္တဗ္ဗံ။ (နိဿရည်းဆရာ ရှိရာအရပ်သို့ သွားရမည်ဟူ၏။) **(ဋ္ဌ၊ စာ–၃၁၄)**

၅ - တောနေ ရဟန်း

နိဿရည်းမယူရသေးသော တော၌နေသောရဟန်းသည် ချမ်းသာစွာနေခြင်းကို အမှတ်ပြု၍ သင့်လျော်မည့် နိဿရည်းပေးမည့် ဆရာလာသောအခါ နိဿရည်းယူ၍နေအံ့ဟု နှလုံးပိုက်ကာ နိဿရည်း မယူဘဲ နေခြင်းငှာခွင့်ပြု၏။

[ဖာသု ဟောတီတိ သမထဝိပဿနာနံ ပဋိလာဘဝသေန ဖာသု ဟောတိ (ပွားများရသည်မှာ ချမ်းသာ၏ဟူ) ဣမဥ္စ ပရိဟာရံ နေဝ သောတာပန္နော၊ န သကဒါဂါမီ အနာဂါမီ အရဟန္တော လဘန္တိ၊ န ထာမဂတဿ သမာဓိနော ဝါ ဝိပဿနာယ ဝါ လာဘီ၊ ဝိဿဋ္ဌကမ္မဋ္ဌာနေ ပန ဗာလပုထုဇ္ဇနေ ကထာဝ နတ္ထိ၊ ယဿ ခေါ ပန သမထော ဝါ ဝိပဿနာ ဝါ တရုဏာ ဟောတိ၊ အယံ ဣမံ ပရိဟာရံ လဘတိ ပဝါရဏာသင်္ဂဟောပိ ဧတဿေဝ အနုညာတော။ တသ္မာ ဣမိနာ ပုဂ္ဂလေန အာစရိယေ ပဝါရေတွာ

ဂတေပိ ''ယဒိ ပတိရူပေါ နိဿယဒါယကော အာဂစ္ဆိဿတိ၊ တဿ နိဿာယ ဝသိဿာမီ''တိ အာဘောဂံ ကတွာ ပုန ယာဝ အာသဠှီပုဏ္ဏမာ၊ တာဝ အနိဿိတေန ဝတ္ထုံ ဝဋ္ဋတိ။ သစေ ပန အာသဠှီမာသေ အာစရိယော နာဂစ္ဆတိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။] **(မဟာ-၄၊ စာ-၃၁၄၊ ၃၁၅)**

သတင်းကြားမှု အန္တရာယ်တွေ့မှု

ယဒိ ပတိရူပေါ နိဿယဒါယကော အာဂစ္ဆိဿတီတိ ဝစနေန အယံ ဝိဓိ အဝဿကာလေ ဝေါတိ သိဒ္ဓံ၊ အန္တောဝဿေ ပန ကဿစိ အာဂမနာဘာဝါတိ ဝုတ္တံ။ သစေ သော ဇလပဋ္ဋနေ ဝါ ထလ ပဋ္ဋနေဝါ ဝသန္တော ဝဿူပနာယိကာယ အာသန္နာယ ဂန္တုကာမော သုဏာတိ ''အသုကော မဟာထေရော အာဂမိဿတီ''တိ၊ တံ စေ အာဂမေတိ၊ ဝဋ္ဋတိ။ အာဂမေန္တဿေဝ စေ ဝဿူပနာယိကဒိဝသော ဟောတိ၊ ဟောတု ဂန္တဗ္ဗံ တတ္ထ၊ ယတ္ထ နိဿယဒါယကံ လဘတီတိ။ ပါတိမောက္ခုဒ္ဒေသကာဘာဝေန စေ ဂန္တုံ ဝဋ္ဋတိ။ ပဂေဝ နိဿယဒါယကာဘာဝေန။ သစေ သော ဂစ္ဆန္တော ဇီဝိတန္တရာယံ ဗြဟ္မစရိယန္တရာယံ ဝါ ပဿတိ၊ တတ္ထေဝ ဝသိတဗ္ဗန္တိ ဧကေ။ **(ဇီ၊ စာ-၄၄၀)**

အာသဠှီမာသေ၊~၊တတ္ထ ဂန္တဗ္ဗန္တိ ဧတ္ထ ပန သစေပိ ''အသုကော ထေရော ဧတ္ထ အာဂမိဿတိ အာဂမိဿတီ''တိ အာဂမေန္တဿေဝ ဝဿူပနာယိကဒိဝသော ဟောတိ၊ ဟောတု၊ ဝသိတဗ္ဗာနေ ဝဿံ အနုပဂမ္မ ယတ္ထ နိဿယော လဗ္ဘတိ၊ ဒူရေပိ တတ္ထ ဂန္တွာ ပစ္ဆိမိကာယ ဥပဂန္တဗ္ဗံ။ **(တိ၊ စာ-၁၂၉)**

* **သတိပြုရန်** - ဤခြင်းချက်သည်ကား တရုဏဝိပဿကဖြစ်သော အာရညိကပုဂ္ဂိုလ်သာ ရ၍ ဝိသုဒ္ဓိမဂ္ဂဋ္ဌာနေ ပန ဗာလပုထုဇ္ဇနေ ကထာဝနတ္တိဟူသော အဋ္ဌကထာစကားရပ်အရ သမထဝိပဿနာ၌ တရုဏမဟုတ်သော သာမန်အာရညိကပုဂ္ဂိုလ် ဝိသုဒ္ဓိမဂ္ဂဋ္ဌာနဖြစ်သော အာရညိကသာမန်တို့သော်လည်း မရနိုင်ရကား- သမထဝိပဿနာတို့၌ တရုဏဖြစ်သော ဂါမဝါသီ၊ တရုဏမဖြစ်သော ဂါမဝါသီ၊ သမထ ဝိပဿနာကိုစွန့်လွှတ်ထားသော ဝိသုဒ္ဓိမဂ္ဂဋ္ဌာနဂါမဝါသီတို့လည်း ရနိုင်ရန်အကြောင်းမရှိပေ။ ထို့ကြောင့် ဝါပ၌ နိဿရည်း ဆရာနှင့်ကင်း၍ အမြဲနေထိုင်ကြခြင်းကား မအပ် စင်စစ်သာဟု ယူရန် ရှိ၏။

* **အာရညိက** - အာရညိကာတိ ဓုတင်္ဂသမာဒါနဝသေန အာရညိကာ၊ န အရညဝါသ မတ္တေန-ဟူသော **(ကထိနက္ခန္ဓက အဋ္ဌကထာ၊ စာ-၃၈၇)**အရမူ တောနေရုံမျှဖြင့် အာရညိကမမည်တန်ရာ၊ အာရညိက ဓုတင်ဆောက်တည်ပြီးနေမှသာ အာရညိက မည်တန်ရာသည်။ သို့အတွက် အရညကင် ဓုတင်မဆောင်သူတို့ ဤခြင်းချက်၌ အကျုံးဝင်နိုင်-မဝင်နိုင်ကိုလည်း စိစစ်သင့်၏။

ကမ္မဝါစာ၌ အနွယ်ဖြင့် ဖတ်ခြင်း ဒွန်ဖတ်ခြင်း စသည်

(၁) အနွယ်အားဖြင့်လည်း ကမ္မဝါစာကို ရွတ်ဖတ်ခြင်းငှာခွင့်ပြု၏။ (၂) နှစ်ပါးသောပဥ္စင်းလောင်း တို့ကိုတစ်ပြိုင်နက် ကမ္မဝါစာရွက်ဖတ်ခြင်းငှာ ခွင့်ပြု၏။ (၃) နှစ်ပါးသုံးပါးသော ပဥ္စင်းလောင်းတို့ကို တစ်ပြိုင်နက် ကမ္မဝါစာရွတ်ဖတ်ခြင်းငှာ ခွင့်ပြု၏။ ထိုသို့ ရွတ်ဖတ်ခြင်းကိုလည်း ဥပဇ္ဈာယ်တစ်ပါးဖြင့်သာ ပြုခြင်းငှာခွင့်ပြု၏။ ဥပဇ္ဈာယ်အသီးအသီးဖြင့် ခွင့်မပြု။ (၄) ပဋိသန္ဓေရက်နှင့်တကွ အသက် ၂၀ ပြည့်သော ပုဂ္ဂိုလ်ကို ပဥ္စင်းခံ ပေးခြင်းငှာ ခွင့်ပြု၏။

(၁) [ဂေါတ္တေနပိ အနုဿာဝေတုန္တိ မဟာကဿပဿ ဥပသမ္ပဒါပေက္ခောတိ ဧဝံ ဂေါတ္တံ ဝတွာ အနုဿာဝေတုံ အနုဇာနာမီတိ အတ္ထော။ **(မဟာဋ္ဌ၊ စာ-၃၁၅)**

ခေါ်ဝေါ်တိုင်းသော အမည်ဖြင့်လည်း အပ်ပါ၏

''ဂေါတ္တေနာပိ'တိ ဝစနတော ယေန ဝေါဟာရေန ဝေါဟရိယန္တိ၊ တေန ဝဋ္ဋတီတိ သိဒ္ဓံ၊တသ္မာ 'ကော နာမော တေ ဥပဇ္ဈာယော'တိ ပုဋ္ဌေနာပိ ဂေါတ္တမေဝ နာမံ ကတွာ ဝတ္တဗ္ဗန္တိ သိဒ္ဓံ ဟောတိ၊ တသ္မာ စတုဗ္ဗိဓေသု နာမေသု ယေန ကေနစိ နာမေန အနုဿာဝနာ ကာတဗ္ဗာ''တိ ဝဒန္တိ။ **(ဗိ၊ စာ-၄၄၀)**

ထိုခဏ၌ မှည့်သော နာမည်သစ်ဖြင့်လည်း အပ်ပါ၏

ဂေါတ္တေနပီတိ အာယသ္မတော ပိပ္ပလိဿ ဥပသမ္ပဒါပေက္ခောတိ ဧဝံနာမံ အဝတွာ ဂေါတ္တနာမေနပီတိ အတ္ထော။ တေန ကော နာမော တေ ဥပဇ္ဈာယောတိ ပုဋ္ဌေန ဂေါတ္တနာမေန အာယသ္မာ ကဿပေါတိ ဝတ္တဗ္ဗန္တိ သိဒ္ဓံ ဟောတိ။ တသ္မာ အညမ္ပိ ကိဉ္စိ တဿ နာမံ ပသိဒ္ဓံ တသ္မိံ ဝါ ခဏေ သုခဂ္ဂဟဏတ္ထံ နာမံ ပညာပိတံ၊ တံ သဗ္ဗံ ဂဟေတွာပိ အနုဿာဝနာ ကာတဗ္ဗာ၊ ယထာ ဥပဇ္ဈာယဿ၊ ဧဝံ ဥပသမ္ပဒါ ပေက္ခဿပိ ဂေါတ္တာဒိနာမေန တင်္ခဏိကနာမေန စ အနုဿာဝနံ ကာတုံ ဝဋ္ဋတိ။ **(တိ၊ စာ-၁၂၉၊ ၁၃၀)**

အမည်သစ်မှည့်ချိန်

တသ္မိမ္ပိ ခဏေ ''အယံ တိဿော''တိ ဝါ ''နာဂေါ''တိ ဝါ နာမံ ကရောန္တေဟိ အနုသာသကသမ္မု တိတော ပဌမမေဝ ကာတဗ္ဗံ၊ ဧဝံ ကတွာပိ အန္တရာယိကဓမ္မာနုသာသနပုစ္ဆနကာလေသု ကိန္နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ၊ ကော နာမော တေ ဥပဇ္ဈာယော၊ ဥပဇ္ဈာယော မေ ဘန္တေ တိဿော နာမာ (တိဿထေရော နာမာ) တိအာဒိနာ ဝိညာပေန္တေန ဉာတိန္နမ္ပိ စိတ္တေ ''မမေဒံ နာမ''န္တိ ယထာသညာ ဥပ္ပဇ္ဇတိ၊ ဧဝံ ဝိညာပေတဗ္ဗံ။ **(တိ၊ စာ-၁၃၀)**

ရှေ့နောက်အမည်နှစ်မျိုးစသည်မအပ်

ကေဿ ဗဟူနိ နာမာနိ ဟောန္တိ၊ တတ္ထ ဧကံ နာမံ ဉတ္တိယာ၊ ဧကံ အနုဿာဝနာယ ကာတုံ န ဝဋ္ဋတိ အတ္ထတော ဗျဉ္ဇနတောစ အဘိန္နာဟိ အနုဿာဝနာဟိ ဘဝိတဗ္ဗန္တိ။ **(ဗိ၊ စာ-၄၄၀ သာ-တ)**။ သစေ ပန တသ္မိံ ခဏေ (အမည်မှည့်ချိန်) ပကတိနာမေန ဝတွာ ပစ္ဆာ တိဿနာမာဒိ အပုဗ္ဗနာမေန အနုဿာဝေတိ၊ န ဝဋ္ဋတိ။ **(တိ၊ စာ-၁၃၀)**

ဥပဇ္ဈာယ်၏အမည်မယူဘဲ အခြားအမည်ဖြင့်ဖတ်လျှင် ကံမပျက်

တတ္ထ စ ကိဥ္စာပိ ဥပဇ္ဈာယဿေဝ နာမံ အဂဟေတွာ ယေန ကေနစိ နာမေန “တိဿဿ ဥပသမ္ပဒါပေက္ခော”တိအာဒိနာပိ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မံ သုကတမေဝ ဟောတိ အနုပဇ္ဈာယကာဒီနံ ဥပသမ္ပဒါကမ္မံ ဝိယ ဥပဇ္ဈာယဿ အဘာဝေပိ အဘဗ္ဗတ္တေပိ ကမ္မဝါစာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဇ္ဈနတော။ **(တိ၊ စာ-၁၃၀)**

ပဉ္စင်းလောင်း၌ ပင်ကိုအမည် အသစ်မှည့်သောအမည် မဟုတ်လျှင် ကံပျက်၏

ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။ တတ္ထ ဋ္ဌိတော အညော အနုပသမ္ပန္နော ဝိယ ဂဟိတနာမဿ ဝတ္ထုပုဂ္ဂလဿ တတ္ထ အဘာဝါ၊ တေဿ စ နာမဿ အနုဿာဝနာယ အဝုတ္တတ္တာ၊ တသ္မာ ဥပသမ္ပဒါပေက္ခဿ ပကတိနာမံ ပရိဝတ္တေတွာ အနုပုဗ္ဗေန နာဂါဒိနာမေန အနုဿာဝေတုကာမေန ပဋိကစ္စေဝ တွံ နာဂေါတိ အာဒိနာ ဝိညာပေတွာ အနုဿာဝနအန္တရာယိကဓမ္မပုစ္ဆနက္ခဏေသုပိ တဿ စ သံဃဿ စ ယထာ ပါကဋံ ဟောတိ၊ တထာ ပကာသေတွာဝ နာဂါဒိနာမေန အနုဿာဝေတဗ္ဗံ။ ကေဿ ဗဟူနိ နာမာနိ ဟောန္တိ။ တေသု ဧကံ ဂဟေတုံ ဝဋ္ဋတိ။ ယံ ပန ဥပသမ္ပဒါပေက္ခဥပဇ္ဈာယာနံ ဧကတ္ထ ဂဟိတံ နာမံ တဒေဝ ဉတ္တိယာ သဗ္ဗတ္ထ အနုဿာဝနာသု စ ဂဟေတဗ္ဗံ။ ဂဟိတတော ဟိ အညသ္မိံ ဂဟိတေ ဗျဉ္ဇနံ ဘိန္နံနာမ ဟောတိ၊ ကမ္မံ ဝိပဇ္ဇတိ၊ အတ္ထတော ဟိ ဗျဉ္ဇနတောစ အဘိန္နာ ဧဝ ဉတ္တိအနုဿာဝနာ စ ဝဋ္ဋန္တိ။ **(တိ၊ စာ-၁၃၀)**

အာယသ္မတော၊ အာယသ္မတာနှင့် အခြားပုဒ်များ

ကတ္ထစိ “အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿာ”တိ ဝတွာ ကတ္ထစိ ကေဝလံ “ဗုဒ္ဓရက္ခိတဿာ”တိ သာဝေတိ၊ သာဝနံ ဟာပေတီတိ န ဝုစ္စတိ၊ နာမဿ အဟာပိတတ္တာတိ ဧကေ။ သစေ ကတ္ထစိ “အာယသ္မတော ဗုဒ္ဓရက္ခိတဿာ”တိ ဝတွာ ကတ္ထစိ “ဗုဒ္ဓရက္ခိတဿာယသ္မတော”တိ သာဝေတိ၊ ပါဠာနုရူပတ္တာ ခေတ္တမေဝ ဩတိဏ္ဏန္တိပိ ဧကေ။ ဗျဉ္ဇနဘေဒပ္ပသင်္ဂတော အနုဿာဝနေ တံ န ဝဋ္ဋတီတိ ဧကေ။ သစေ ပန သဗ္ဗဋ္ဌာနေပိ တထေဝ ဝဒတိ၊ ဝဋ္ဋတိ ဘဂဝတာ ဒိန္နလက္ခဏာနုရူပတ္တာ။ လက္ခဏဝိရောဓတော အညထာ န ဝဋ္ဋတီတိ စေ? န, ပယောဂါနုရူပတ္တာ၊ တတ္ထ တထာ၊ ဣမ အညထာ ပယောဂေါတိ စေ? န, ဝိပတ္တိလက္ခဏာနံ ဝိရောဓတော။ န သဗ္ဗေန သဗ္ဗံ၊ သာဝနာဟာပနာ ဧဝ ဟိ ပါဠိယံ တဒတ္ထဝိဘာဝနေ အာဂတာတိ အညပဒေသု သာဝနေသု ပရိဟာရော န သမ္ဘဝတိ၊ အာစိဏ္ဏကပ္ပဝိရောဓတော၊ သောပိ ကိံ ပမာဏန္တိ စေ၊ ပမာဏံ အာစရိယုဂ္ဂဟဿ ပမာဏတ္တာ။ **(ဋီ၊ စာ-၄၄၀၊ ၄၄၁)**

ကိဥ္စာပိ ဣတ္ထိန္ဒြိယာမသော ဣတ္ထိန္ဒြိယာမသော အာယသ္မတောတိ ပါဠိယံ အာယသ္မတောတိပဒံ ပစ္ဆာ ဝုတ္တံ၊ ကမ္မဝါစာပါဠိယံ ပန အယံ ဗုဒ္ဓရက္ခိတော အာယသ္မတော ဓမ္မရက္ခိတဿာတိ ပဌမံ လိခိတန္တိ တံ ဥပ္ပဋိပါဋိယာ ဝုတ္တန္တိ န ပစ္စေတဗ္ဗံ။ ပါဠိယဥ္ဟိ ဣတ္ထိန္ဒြိယာမသော ဣတ္ထိန္ဒြိယာမသော အာယသ္မတောတိ အတ္ထမတ္တံ ဒဿိတံ။ တသ္မာ ပါဠိယံ အဝုတ္တောပိ အယံ ဗုဒ္ဓရက္ခိတော အာယသ္မတော ဓမ္မရက္ခိတဿာတိ ကမ္မဝါစာပါဠိယံ ပယောဂေါ ဒဿိတော၊ န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ ဣတ္ထာယသ္မာ သာရိပုတ္တောတိဧ၊ အာယသ္မာ သာရိပုတ္တော အတ္ထကုသလောတိစ ပဌမံ အာယသ္မာတိ ပယောဂဿ ဒဿနတောတိ ဝဒန္တိ။ **(သာ၊ စာ–၂၆၆)**

ဥပဇ္ဈာယနာမဿ ပန ပုရတော အာယသ္မတော တိဿဿာတိအာဒိနာ အာယသ္မန္တပဒံ သဗ္ဗတ္ထ ယောဇေတ္ဗာပိ အနုဿာဝေတိ၊ တထာ အယောဇိတေပိ ဒေါသော နတ္ထိ။ ပါဠိယံ ပန ကိဥ္စာပိ "ဣတ္ထိနာမဿ အာယသ္မတော"တိ ပစ္ဆတော အာယသ္မတောတိ ပဒံ ဝုတ္တံ၊ တထာပိ အာယသ္မာ သာရိပုတ္တော အတ္ထကုသလောတိ အာဒိနာ နာမဿ ပုရတော အာယသ္မန္တပဒယောဂဿ ဒဿနတော ပုရတော၀ ပယောဂေါ ယုတ္တတရော။ တဥ္စ ကေတ္ထ ယောဇေတ္ဗာ အညတ္ထ အယောဇိတေပိ ကေတ္ထ ပုရတော ယောဇေတ္ဗာ အညတ္ထ ပစ္ဆတော ယောဇနေပိ သာဝနာယ ဟာပနံ နာမ န ဟောတိ နာမဿ အဟာပိတတ္တာ၊ တေနေ၀ ပါဠိယမ္ပိ "ဣတ္ထိနာမဿ အာယသ္မတော"တိ ကေတ္ထ ယောဇေတ္ဗာ "ဣတ္ထိန္ဒြာမေန ဥပဇ္ဈာယေနာ"တိ အာဒီသု အာယသ္မတောတိ န ယောဇိတန္တိ ဝဒန္တိ။ တဥ္စ ကိဥ္စာပိ ဧဝံ၊ တထာပိ သဗ္ဗဋ္ဌာနေပိ ဧကေနေ၀ ပကာရေန ယောဇေတ္ဗာ ဧဝ ဝါ အယောဇေတ္ဗာ ဝါ အနုဿာဝနံ ပဿတ္ထတရန္တိ ဂဟေတဗ္ဗံ။ **(တိ၊ စာ–၁၃၀၊ ၁၃၁)**

(၂) (၃) [ဒွေ ဧကာနုဿာဝနေတိ ဒွေ ဧကတော အနုဿာဝနေ၊ ဧကေန ဧကဿ, အညေန ဣတရဿာတိ ဧဝံ ဒွီဟိ ဝါ အာစရိယေဟိ ဧကေန ဝါ ဧကက္ခဏေ ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမီတိအတ္ထော။ **(မဟာ–၄၊ စာ–၃၁၅)**

ဧကေန ဝါတိ ဒွိန္နမ္ပိ ဧကသ္မိံ ခဏေ ဧကာယေဝ ကမ္မဝါစာယ အနုဿာဝနေ ဧကေနာစရိယေနာတိအတ္ထော။ **(တိ၊ စာ–၁၃၁)** ။ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ တဥ္စ ခေါ ဧကေန ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေ ပုရိမနယေနေ၀ ဧကတော အနုဿာဝနေ ကာတုံ အနုဇာနာမိ၊ တဥ္စ ခေါ အနုဿာဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။ တသ္မာ ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေတဗ္ဗာ။ ဒွီဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေ၀ ဒွေ တိဿော ဝါ ကမ္မဝါစာ ကာတဗ္ဗာ။ သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ၊ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ။ အညမညဥ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ၊ သစေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ– "န တွေ၀ နာနုပဇ္ဈာယေနာ"တိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ၊ ဣဒံ သန္ဓာယ ဟိ ဧသ ပဋိက္ခေပေါ။ **(မဟာ–၄၊ စာ–၃၁၅)**

ယဥ္စေတ္ထ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကန္တိ ဧဝံ ဥပဇ္ဈာယေဟိ အညမညံ သဒ္ဓိဝိဟာရိကာနံ အနုဿာဝနကရဏံ ဝုတ္တံ။ တံ ဥပလက္ခဏ မတ္တံ။ တသ္မာ သစေ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရကံ သုမနတ္ထေရော နန္ဒတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဥ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိဧဝ။ **(တိ၊ စာ–၁၃၂)**

ဥပဇ္ဈာယ်ကိုယ်တိုင်ဖတ်လည်းအပ်ပါ၏

သစေ ပန ဥပဇ္ဈာယော သယမေဝ အတ္တနော သဒ္ဓိဝိဟာရိကံ အနုဿာဝေတီတိ ဧတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ကမ္မံ သုကတမေဝ ဟောတိ၊ အနုပဇ္ဈာယကဿပိ ယေန ကေနစိ အနုဿာဝိတေ ဥပသမ္ပဒါ ဟောတိ၊ ကိမင်္ဂ ပန သဥပဇ္ဈာယကဿ ဥပဇ္ဈာယေနေဝ အနုဿာဝနေတိ ဒဋ္ဌဗ္ဗံ။ **(တီ၊ တ–၁၃၂)**

သုံးပါးထက်အလွန် မအပ်

ကသ္မာ သန္တာယာတိ နာနုပဇ္ဈာယံ ကောစရိယံ အနုဿာဝနကိရိယံ သန္ဓာယ။ တတ္ထ အနုဿာဝနကိရိယံ ဧကေနုပဇ္ဈာယေန နာနာစရိယေဟိ အနုဇာနာမီတိ အတ္ထော။ နာနုပဇ္ဈာယေဟိ ဧကေနာစရိယေန နတွေဝ အနုဇာနာမီတိ အတ္ထောတိ။ ပေါရာဏာဂဏ္ဌိပဒေပိ တထေဝ ဝတွာ တိဏ္ဏံ ဥဒ္ဓံ န ကေနစိ အာကာရေန ကေတော ဝဋ္ဋတီတိ ဝုတ္တံ။ တံ ယုတ္တံ၊ န ဟိ သံဃော သံဃဿ ကမ္မံ ကရောတီတိ အာစရိယော။ ကသ္မာ ပနေတ္ထ စိန္တေတဗ္ဗံ။ ကထံ၊ စတ္တာရော ဝါ အတိရေကာ ဝါ ဥပသမ္ပဒါပေက္ခာ သံဃဝေါဟာရံ န လဘန္တိ၊ ဘိက္ခုဘာဝံ အပ္ပတ္တတ္တာ၊ ကေဝလံ ဘဂဝတာ ပရိစ္ဆိန္နတ္တာ တယောတိ ဝုတ္တတ္တာ တတော ဥဒ္ဓံ န ဝဋ္ဋတီတိ နော တက္ကောတိ အာစရိယော။ အနုဂဏ္ဌိပဒေပိ အယမေဝတ္ထော ဗဟုဓာ ဝိစာရေတွာ ဝုတ္တော၊ တထာ အန္ဓကဋ္ဌကထာယမ္ပိ။ **(ဗိ၊ တ–၄၄၁)**

ဥပဇ္ဈာယ်လေးပါး မအပ် ကမ္မဝါဆရာလေးပါး မအပ်

ဥပဇ္ဈာယ်လေးယောက်ဖြစ်မှုကား တစ်သိမ်တည်း၌ မအပ်။ သုံးယောက်စီပင်ဖြစ်သော်လည်း (ဥပဇ္ဈာယ်သုံးယောက် ရဟန်းလောင်းသုံးယောက်ဟူ) ဟတ္ထပါသ်ကိုစွန့်၍ အသီးအသီးနေအံ့၊ ဝဂ်ဖြစ်သောကြောင့် မအပ်။ ဤ၌ ကမ္မဝါဆရာကိုအလွန်အားဖြင့် သုံးယောက်ကိုသာ အဋ္ဌကထာဋီကာဆရာတို့ ခွင့်ပြုတော်မူသောကြောင့် လေးယောက်ကမ္မဝါစာမရွတ်အပ်ဟု မှတ်ရာ၏။ ကေစိတို့ကား (များ)တိုင်းပင်ကောင်း၏ဟု ယူ၍ လေးယောက်ကမ္မဝါစာရွတ်ကုန်၏။ အဋ္ဌကထာဋီကာတို့၌ ဥက္ကဋ္ဌအားဖြင့် သုံးပါးကိုသာခွင့်ပြုတော်မူသောကြောင့်လည်းကောင်း၊ ဝိနယဝိနိစ္ဆယ၌ –

တီဟိ အာစရိယေဟေဝ၊ ဧကတော အနုဿာဝနံ၊

ဩသာရေတွာ ကတံ ကမ္မံ၊ န စ ကုပ္ပတိ ကပ္ပတိ။

ဟု ဆရာဗုဒ္ဓဒတ်သည် သုံးပါးထက်အလွန်ကိုမြစ်၍ မိန့်သောကြောင့်လည်းကောင်း၊ ထိုကေစိတို့၏ဝါဒသည်မသင့်၊ အတ္တနောမတိမျှသာတည်း။ **(သာရ၊ တ–၂၉၈)**

သတိပြုဖွယ်

ယာ ပနေသာ ဥဘော ပရိပုဏ္ဏဝီသတိဝဿာ၊ ဥဘိန္နမေကုပဇ္ဈာယော၊ ကောစရိယော၊ ကောကမ္မဝါစာ၊ ကောဥပသမ္ပန္နော၊ ကော အနုပသမ္ပန္နောတိ ပရိဝါရကထာ **(ဝိ၊ စာ-၄၄၁)** - ဤစကားရပ်ကို နာနာသီမဌကြောင့်ဟု အကြောင်းပြ၍- တံ ဝစနံ ဥဘောပိ စေတေ သီမဂတာဝ ဟောန္တိ ဥဘိန္နံ ကေတော ကမ္မသမ္ပတ္တိဒီပနတော ဒွိန္နံ ကေတော အနုဿာဝနံ ဧကေန ဥပဇ္ဈာယေန ဧကေနာစရိယေန ဝဋ္ဋတီတိ သာဓေတိ။ ဒွိန္နံ တိဏ္ဏန္နံ ကေတော သသမနုဘာသနာ စ ပါဠိယံယေဝ ဒဿိတာ၊ တတ္ထ အနုလောမေတိ။ အဋ္ဌကထာစရိယေဟိ နာနုညာတံ။ န ပဋိက္ခိတ္တံ၊ ဝိစာရေတွာ ဂဟေတဗ္ဗန္တိ အာစရိယော၊ တံ ဓမ္မတာယ ဝိရုဇ္ဈတိ။ **(ဝိ၊ စာ-၄၄၂)** (ဘုရားရှင်တို့ကား - မူလပညတ်ထက် အနုပညတ်ဆင့်သည် ထူးသောအရာဌာနရှိမူ ဟောရိုးဓမ္မတာရှိ၏ ဟူလို သတတ်၊ ဂရုလဟုမရွေးဟူ၏။) အညတရသ္မိံ ပန ဂဏ္ဌိပဒေ ဝေံ ပပဉ္စိတံ ဒွေ ကောနုဿာဝနေတိ ဒွေ ကေတော အနုဿာဝနေ ဧကေန ဣတိပါဠော။ ဧကေန အာစရိယေနာတိ အတ္ထော။ **(ဝိ၊ စာ-၄၄၂)**

နာနာစရိယာ နာနုပဇ္ဈာယာမှာတမ်း

ဝေံ ဌေတ္ထ အနေကေ အာစရိယာ စ တက္ကိကာ စ အနေကဓာ ပပဉ္စေန္တိ၊ တံ သဗ္ဗံ သုဋ္ဌု ဥပပရိက္ခိတွာ ဂရုကုလံ ပယိရုပါသိတွာ ဝံသာနုဂတောဝ အတ္ထော ဂဟေတဗ္ဗော။ **(ဝိ၊ စာ-၄၄၃)**

ပဋိသန္ဓေနှင့်တကွ အသက် (၂၀)

ရှင်ကုမာရကဿပကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ ရေတွက်ပုံ - တတ္ထ ယော ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ မဟာပဝါရဏာယ ဇာတော၊ သော တတော ပဋ္ဌာယ ယာဝ ဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ တံ အတိက္ကမိတွာ ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော။ ဧတေနုပါယေန ဟာယနဝဍ္ဍနံ ဝေဒိတဗ္ဗံ။ **(ပါစိတ်-ဋ္ဌ၊ စာ-၁၃၆)**

ပေါရာဏကတ္ထေရဝါဒ

ပေါရာဏကတ္ထေရာ ပန ဧကူနဝီသတိဝဿံ သာမဏေရံ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တိ၊ တံ ကသ္မာတိ၊ ဝုစ္စတေ၊ ဧကသ္မိံ ဝဿေ ဆ စာတုဒ္ဒသိကဥပေါသထာ ဟောန္တိ။ ဣတိ ဝီသတိယာ ဝဿေသု စတ္တာရော မာသာ ပရိဟာယန္တိ။ ရာဇာနော တတိယေ တတိယေ ဝဿေ ဝဿံ ဥက္ကဍ္ဍန္တိ၊ ဣတိ အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝဍ္ဍန္တိ။ တတော ဥပေါသထဝသေန ပရိဟီနေ စတ္တာရော မာသေ အပနေတွာ ဒွေ မာသာ အဝသေသာ ဟောန္တိ၊ တေ ဒွေ မာသေ ဂဟေတွာ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တီတိ နိက္ခမ်ိ ဟုတွာ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒေ ဥပသမ္ပာဒေန္တိ။

ဠော့ ပန ယော ပဝါရေတွာ ဝိသတိဝဿော ဘဝိဿတိ၊ တံ သန္ဓာယ ''ဂေါ့နဝီသတိ ဝဿ''န္တိ ဝုတ္တံ။ တသ္မာ ယော မာတုကုစ္ဆိသ္မိံ ဒွါဒသမာသေ ဝသိ၊ သော ဂေဝီသတိဝဿော ဟောတိ။ ယော သတ္တမာသေ ဝသိ။ သော သတ္တမာသာဓိကဝီသတိဝဿော၊ ဆမာသဇာတော ပန န ဇိဝတိ။ **(ပါစိတ်-၅၊ စာ-၁၃၆)**

ဣမိနာစ ဣမံ ဒီပေတိ၊ ''ယံ ဝုတ္တံ 'ဂေါ့နဝီသတိဝဿံ သာမဏေရံ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တီ'တိ။ တတ္ထ ဂဗ္ဘမာသေပိ အဂ္ဂဟေတွာ ဒွိဟိ မာသေဟိ အပရိပုဏ္ဏ ဝီသတိဝဿံ သန္ဓာယ ဂေါ့နဝီသတိဝဿန္တိ ဝုတ္တံ။ တသ္မာ အဓိကမာသေသု ဒွီသု ဂဟိတေသု ဝီသတိ ဝဿာနိ ပရိပုဏ္ဏာနိ နာမ ဟောန္တိ''တိ။ ။ တသ္မာတိ ယသ္မာ ဂဗ္ဘမာသာပိ ဂဏနူပဂါ ဟောန္တိ၊ တသ္မာ။ ဂေဝီသတိဝဿော ဟောတီတိ ဇာတဒိဝသတော ပဋ္ဌာယ ဝီသတိဝဿော သမာနော ဂဗ္ဘမာသေဟိ သဒ္ဓိံ ဂေဝီသတိဝဿော ဟောတိ။ **(သာ၊ စာ-၈၅)**

ထူးဝါးဆရာတော်ဘုရား၏ ကမ္မဝါရ အကမ္မဝါရ ရေတွက်နည်း

ကမ္မဝါရ (၂၅)

ကမ္မ - ကောကဝါရ (၃) ဝါရ (ကော့ပဋ္ဌာယ)

(၁) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၁) ၊ ကမ္မဝါစာဆရာ (၁) ၊
(၂) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၁) ၊ ကမ္မဝါစာဆရာ (၂) ၊
(၃) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၁) ၊ ကမ္မဝါစာဆရာ (၃) ၊

ဒွန်တွဲ ဒုက (၃) ဝါရ (ကော့ပဋ္ဌာယ)

(၄) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၁) ၊
(၅) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၂) ၊
(၆) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၃) ၊

* အယံ နာဂေါ စ အယံ ဒတ္တော စ တိဿဿ ဥပသမ္ပဒါပေက္ခော-စသည်ဖြင့် ဒွန်တွဲလျက် တစ်ပြိုင်နက်တည်း ကြားအပ်၏။ (- အယံ စ နာဂေါ အယံ စ ဒတ္တော - ဟု ယခုကာလ၌ကား သဗ္ဗနာမ်ပုဒ်နောက်၌ စသဒ္ဒါကိုအထိုင်ပြု၍ ရွတ်ဖတ်ကြ၏။)

ဒွန်တွဲ တိက (၃) ဝါရ (ကော့ပဋ္ဌာယ)

(၇) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၁) ၊
(၈) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၂) ၊
(၉) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃) ၊

* အယံနာဂေါ စ အယံ ဒတ္တော စ အယံ စိတ္တော စ တိဿဿ ဥပသမ္ပဒါပေက္ခာတွဲ၊ (ယခုကာလ အယံ စ နာဂေါ အယံ စ ဒတ္တော အယံ စ စိတ္တော တိဿဿ ဥပသမ္ပဒါပေက္ခော)

အသီးအသီး ဒုက (၂) ဝါရ (ကော့ပဋ္ဌာယ)

(၁၀) ၊ ဥပဇ္ဈာယ် (၁) ၊ ပဋ္ဌင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၂)

* နာဂမည်သော ပဋ္ဌင်းလောင်းကို ဗုဒ္ဓရက္ခိတမည်သော ကမ္မဝါဆရာသည်၊ ဒတ္တမည်သော ပဋ္ဌင်းလောင်းကို ဓမ္မရက္ခိတမည်သော ကမ္မဝါစာဆရာသည် တစ်ပြိုင်နက်တည်း အသီးအသီးလည်း ကြားခြင်းငှာ အပ်ကုန်၏။ (ဒွန်တွဲရန်မလိုဟူ၏။)

(၁၁) ၊ ဥပဇ္ဈာယ် (၁) ၊ ပဥ္စင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၃)

* နာဂမည်သော ပဥ္စင်းလောင်းကို ဗုဒ္ဓရက္ခိတမည်သော ကမ္မဝါဆရာသည်၊ ဒတ္တမည်သော ပဥ္စင်းလောင်းကို ဓမ္မရက္ခိတသံဃရက္ခိတမည်သော ကမ္မဝါစာဆရာနှစ်ပါးသည် တစ်ပြိုင်နက်တည်း အသီး အသီးလည်း ကြားခြင်းငှာအပ်ကုန်၏။

အသီးအသီးတိက (၁) ဝါရ (ကေုပဇ္ဈာယ)

(၁၂) ၊ ဥပဇ္ဈာယ် (၁) ၊ ပဥ္စင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃)

* နာဂမည်သော ပဥ္စင်းလောင်းကို ဗုဒ္ဓရက္ခိတမည်သော ကမ္မဝါဆရာသည်၊ ဒတ္တမည်သော ပဥ္စင်းလောင်းကို ဓမ္မရက္ခိတမည်သော ကမ္မဝါဆရာသည် စိတ္တမည်သောပဥ္စင်းလောင်းကို သံဃရက္ခိတမည်သော ကမ္မဝါဆရာသည် – တစ်ပြိုင်နက်တည်း အသီးအသီးလည်း ကြားခြင်းငှာအပ်ကုန်၏။

နာနုပဇ္ဈာယ အသီးအသီး ဒုက တိက (၂) ဝါရ

(၁၃) ၊ ဥပဇ္ဈာယ် (၂) ၊ ပဥ္စင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၂)

* တိဿထေရ်၏ သဒ္ဓိဝိဟာရိက နာဂပဥ္စင်းလောင်းကို ဗုဒ္ဓရက္ခိတ ကမ္မဝါစာဆရာသည် – သုမနထေရ်၏ သဒ္ဓိဝိဟာရိက ဒတ္တပဥ္စင်းလောင်းကို ဓမ္မရက္ခိတကမ္မဝါစာဆရာသည် – အသီးအသီး တစ်ပြိုင်နက် ကြားအံ့၊ အချင်းချင်း ဂိုဏ်းပြည့်လည်းဖြစ်အံ့ အပ်၏ဟူလို။

(၁၄) ၊ ဥပဇ္ဈာယ် (၃) ၊ ပဥ္စင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃)။

* တိဿထေရ်၏ သဒ္ဓိဝိဟာရိက နာဂပဥ္စင်းလောင်းကို ဗုဒ္ဓရက္ခိတကမ္မဝါစာဆရာသည်–
သုမနထေရ်၏ သဒ္ဓိဝိဟာရိက ဒတ္တပဥ္စင်းလောင်းကို ဓမ္မရက္ခိတ ကမ္မဝါစာဆရာသည် –
နန္ဒထေရ်၏ သဒ္ဓိဝိဟာရိက စိတ္တပဥ္စင်းလောင်းကို သံဃရက္ခိတ ကမ္မဝါစာဆရာသည် –
တစ်ပြိုင်နက်တည်း အသီးအသီးကြားအံ့၊ အချင်းချင်း ဂိုဏ်းလည်း ပြည့်အံ့ အပ်၏ ဟူလို။

နာနုပဇ္ဈာယ အချင်းချင်း ဒုက တိက (၂) ဝါရ

(၁၅) ၊ ဥပဇ္ဈာယ် (၂) ၊ ပဥ္စင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ(၂)အချင်းချင်း(ဥပဇ္ဈာယ်သာ)

* တိဿ (ဥပဇ္ဈာယ်) ထေရ်၏ သဒ္ဓိဝိဟာရိကကို သုမနထေရ်သည် –
သုမန (ဥပဇ္ဈာယ်) ထေရ်၏ သဒ္ဓိဝိဟာရိကကို တိဿထေရ်သည် –
ကြား၏၊ အချင်းချင်းဂိုဏ်းပြည့်လည်းဖြစ်၏၊ အပ်၏ဟူလို။

(၁၆) ၊ ဥပဇ္ဈာယ် (၃) ၊ ပဥ္စင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃)

* အချင်းချင်း တိဿ (ဥပဇ္ဈာယ်) ထေရ်၏ သဒ္ဓိဝိဟာရိကနာဂကို သုမန (ဒတ္တ၏ ဥပဇ္ဈာယ်) ထေရ်သည် – သုမန (ဥပဇ္ဈာယ်)ထေရ်၏ သဒ္ဓိဝိဟာရိကဒတ္တကို နန္ဒ (စိတ္တ၏ဥပဇ္ဈာယ်)ထေရ်သည်–နန္ဒ (ဥပဇ္ဈာယ်) ထေရ်၏ သဒ္ဓိဝိဟာရိက စိတ္တကို တိဿ (နာဂ၏ဥပဇ္ဈာယ်) ထေရ်သည် – ကြား၏။ အချင်းချင်းလည်း ဂိုဏ်းပြည့်ဖြစ်၏ အပ်၏ဟူလို။

* မိမိတို့တပည့်ကို မိမိတို့ကြားလျှင်လည်း အပြစ်မရှိဟူ၍ သမာနဝါရ (၂)ပါးရသင့်၏။

နာနုပဇ္ဈာယ ဝိသေသ ဒုက တိက (၄) ဝါရ

(၁၇) ၊ ဥပဇ္ဈာယ် (၂) ၊ ပဍ္ဍင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၂) ဝိသေသ။

* တိဿ ဥပဇ္ဈာယ် မထေရ်သည် မိမိသဒ္ဓိဝိဟာရိက နာဂကို –

နန္ဒမည်သော အလွတ်မထေရ်တစ်ပါးသည် သုမနဥပဇ္ဈာယ်ထေရ်၏ သဒ္ဓိဝိဟာရိက ဒတ္တပဍ္ဍင်းလောင်းကို ကြားအပ်၏။ အချင်းချင်း ဂိုဏ်းပြည့်လည်းဖြစ်၏၊ အပ်၏ဟူလို။ (တစ်ပြိုင်နက်တည်း ကြား၏။)

(၁၈) ၊ ဥပဇ္ဈာယ် (၂) ၊ ပဍ္ဍင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၃) ဝိသေသ။

* တိဿ ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိကနာဂကို ဗုဒ္ဓရက္ခိတ ကမ္မဝါစာဆရာသည်၊

သုမန ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိကဒတ္တကို ဓမ္မရက္ခိတ သံဃရက္ခိတ ကမ္မဝါစာဆရာနှစ်ပါးတို့သည် ကြား၏။ တစ်ပြိုင်နက်တည်း ကြား၏။ အချင်းချင်းလည်း ဂိုဏ်းပြည့်ဖြစ်၏။ အပ်၏ဟူလို။

(၁၉) ၊ ဥပဇ္ဈာယ် (၂) ၊ ပဍ္ဍင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃) ဝိသေသ။

* တိဿ ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိကနာဂကို ဗုဒ္ဓရက္ခိတ ကမ္မဝါစာဆရာသည် –

သုမန ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိက ဒတ္တကို ဓမ္မရက္ခိတ ကမ္မဝါစာဆရာသည် –

သုမန ဥပဇ္ဈာယ်၏ပင် သဒ္ဓိဝိဟာရိက စိတ္တကို သံဃရက္ခိတ ကမ္မဝါစာဆရာသည် –

အသီးအသီးတစ်ပြိုင်နက်တည်း ကြားကုန်အံ့၊ အချင်းချင်း ဂိုဏ်းပြည့်လည်းဖြစ်ကုန်၏။ အပ်၏ဟူလို။

(၂၀) ၊ ဥပဇ္ဈာယ် (၃) ၊ ပဍ္ဍင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃)။ ဝိသေသ။

* တိဿ ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိက နာဂကို သုမနထေရ် (ဒတ္တ၏ဥပဇ္ဈာယ်) သည် –

သုမန ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိက ဒတ္တကို တိဿထေရ် (နာဂ၏ဥပဇ္ဈာယ်) သည် –

နန္ဒ ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိက စိတ္တကို အခြားအလွတ် ရေဝတ မထေရ်သည် –

တစ်နည်း – တိဿ ဥပဇ္ဈာယ်သည် မိမိ၏ သဒ္ဓိဝိဟာရိက နာဂကို၊ သုမန ဥပဇ္ဈာယ်သည် မိမိ၏ သဒ္ဓိဝိဟာရိက ဒတ္တကို

အခြားအလွတ်ဖြစ်သော ရေဝတထေရ်သည် နန္ဒဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိကစိတ္တကို တစ်ပြိုင်နက်တည်း အသီးသီးကြားကုန်၏ အချင်းချင်း ဂိုဏ်းလည်းပြည့်၏ အပ်၏။

ဧကုပဇ္ဈာယ၌ သမာနဝါရ (၃) ဝါရ

(၂၁) ၊ ဧကက (၃)ဝါရ၌ ဥပဇ္ဈာယ်ဆရာသည်ပင် ကမ္မဝါစာဆရာပြု၍ ဖတ်ခြင်းဟူသော သမာန ဝါရ (၁)ပါး။

(၂၂) ၊ ဒုက၌ ဥပဇ္ဈာယ်ပင် ကမ္မဝါစာဆရာပြု၍ ဖတ်ခြင်းဟူသော သမာနဝါရ (၁)ပါး

(၂၃) ၊ တိက၌ ဥပဇ္ဈာယ်ပင် ကမ္မဝါစာဆရာပြု၍ ဖတ်ခြင်းဟူသော သမာနဝါရ (၁)ပါး

နာနုပဇ္ဈာယ၌ သမာနဝါရ (၂) ဝါရ

(၂၄) ၊ ဥပဇ္ဈာယ် (၂) ၊ ပဥ္စင်းလောင်း (၂) ၊ ကမ္မဝါစာဆရာ (၂)

* တိဿ ဥပဇ္ဈာယ်သည် မိမိ၏ သဒ္ဓိဝိဟာရိက နာဂပဥ္စင်းလောင်းကို ကြား၏။
သုမန ဥပဇ္ဈာယ်ထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက ဒတ္တပဥ္စင်းလောင်းကို ကြား၏။

(၂၅) ၊ ဥပဇ္ဈာယ် (၃) ၊ ပဥ္စင်းလောင်း (၃) ၊ ကမ္မဝါစာဆရာ (၃)

* တိဿ ဥပဇ္ဈာယ်ထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက နာဂပဥ္စင်းလောင်းကို ကြား၏။
သုမန ဥပဇ္ဈာယ်ထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက ဒတ္တပဥ္စင်းလောင်းကို ကြား၏။
နန္ဒ ဥပဇ္ဈာယ်ထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက စိတ္တပဥ္စင်းလောင်းကို ကြား၏။ အားလုံး တစ်ပြိုင်နက်တည်း ကြား၏။ အပ်၏ဟူလို။

* **အကျဉ်းမှတ်ရန်** – ဥပဇ္ဈာယ်ဆရာနှင့် ကမ္မဝါစာဆရာ တူမျှသော်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာထက် ကမ္မဝါစာဆရာများသော်လည်းကောင်း၊ အပ်၏။ ကမ္မဝါစာဆရာထက် ဥပဇ္ဈာယ်ဆရာများသော် မအပ်ဟု အကျဉ်းမှတ်။

အကပ္ပဝါရ - ဧက (၆)ဝါရ

(၁)	။	ဥပဇ္ဈာယ်	၂	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၁	။	မအပ်	။
(၂)	။	ဥပဇ္ဈာယ်	၂	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၂	။	မအပ်	။
(၃)	။	ဥပဇ္ဈာယ်	၂	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၃	။	မအပ်	။
(၄)	။	ဥပဇ္ဈာယ်	၃	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၁	။	မအပ်	။
(၅)	။	ဥပဇ္ဈာယ်	၃	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၂	။	မအပ်	။
(၆)	။	ဥပဇ္ဈာယ်	၃	။	ပဥ္စင်းလောင်း	၁	။ ကမ္မဝါစာဆရာ	၃	။	မအပ်	။

ဒုက (၄)ဝါရ

(၇)	။	ဥပဇ္ဈာယ်	၂	။	ပဋ္ဌင်းလောင်း	၂	။	ကမ္မဝါစာဆရာ	၁	။	မအပ် ။
(၈)	။	ဥပဇ္ဈာယ်	၃	။	ပဋ္ဌင်းလောင်း	၂	။	ကမ္မဝါစာဆရာ	၁	။	မအပ် ။
(၉)	။	ဥပဇ္ဈာယ်	၃	။	ပဋ္ဌင်းလောင်း	၂	။	ကမ္မဝါစာဆရာ	၂	။	မအပ် ။
(၁၀)	။	ဥပဇ္ဈာယ်	၃	။	ပဋ္ဌင်းလောင်း	၂	။	ကမ္မဝါစာဆရာ	၃	။	မအပ် ။

တိက (၄) ဝါရ

(၁၁)	။	ဥပဇ္ဈာယ်	၂	။	ပဋ္ဌင်းလောင်း	၃	။	ကမ္မဝါစာဆရာ	၁	။	မအပ် ။
(၁၂)	။	ဥပဇ္ဈာယ်	၂	။	ပဋ္ဌင်းလောင်း	၃	။	ကမ္မဝါစာဆရာ	၂	။	မအပ် ။ **(အပ်သင့်သည်)**
(၁၃)	။	ဥပဇ္ဈာယ်	၃	။	ပဋ္ဌင်းလောင်း	၃	။	ကမ္မဝါစာဆရာ	၁	။	မအပ် ။
(၁၄)	။	ဥပဇ္ဈာယ်	၃	။	ပဋ္ဌင်းလောင်း	၃	။	ကမ္မဝါစာဆရာ	၂	။	မအပ် ။

* ဆိုအပ်ခဲ့ပြီးသော နာနုပဇ္ဈာယ(ကပ္ပဝါရ) (၈) ဝါရတို့သည် အသီးအသီးသာလည်းကောင်း၊ အချင်းချင်းသာလည်းကောင်း အပ်သည်ဖြစ်၍ ဒွန်တွဲသဖြင့် ဖတ်ခြင်းငှာ မအပ်ဖြစ်သောကြောင့် ဤအကပ္ပဝါရ၌ ဒွန္ဒေကဒေသအားဖြင့် ရေတွက်သင့်ရကား ထို (၈)ဝါရတို့နှင့်ပေါင်းသော် အကပ္ပဝါရ (၂၂)ဝါရ ဖြစ်သင့်၏။ သမာနဝါရနှင့်တကွ အလုံးစုံ ကပ္ပ အကပ္ပဝါရတို့ကို ပေါင်းသော် (၂၅ + ၂၂ = ၄၇) ဝါရတို့ ဖြစ်သင့်၏။ **[ဥပသမ္ပဒဒီပနီ – ဝိနယ သမူဟ – ပ – ၄၂၃]**

ဥပသမ္ပဒါဝိဓိကထာ

ပုစ္ဆ ကိစ္စ (၈) ပါး

(၁) ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗောတိ အာဒိနာ ပါဠိယံ ဝုတ္တာနိ– ဥပဇ္ဈံ ဂါဟာပနံ၊ (၂) ပတ္တစီဝရာစိက္ခနံ၊ (၃) တတော တံ ဟတ္ထပါသတော ဗဟိ ဌပေတွာ အနုသာသကသမ္မုတိကမ္မကရဏံ၊ (၄) သမ္မတေန စ ဂန္တွာ အနုသာသနံ၊ (၅) တေန စ ပဌမတရံ အာဂန္တွာ သံဃဿ ဉာပေတွာ ဥပသမ္ပဒါပေက္ခံ အာဂစ္ဆာဟီတိ ဟတ္ထပါသေ ဝေ အဗ္ဘာနံ၊ (၆) တေန စ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥပသမ္ပဒါယာစာပနံ– (၇) တတော အန္တရာယိကဓမ္မပုစ္ဆကသမ္မုတိကရဏံ (၈) သမ္မတေန စ ပုစ္ဆနန္တိ ဣမာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ။ **(တီ၊ စာ–၁၃၆)**

(ပတ္တကလ္လ) – တံပနေတံ ပတ္တကလ္လံ ဝတ္ထုသမ္ပဒါ၊ အန္တရာယိကေဟိ ဓမ္မေဟိ စဿ ပရိသုဒ္ဓတာ၊ သီမာသမ္ပဒါ၊ ပရိသသမ္ပဒါ၊ ပုဗ္ဗကိစ္စနိဋ္ဌာပနန္တိ ဣမေဟိ ပဥ္စဟိ အင်္ဂေဟိ သင်္ဂဟိတံ။ **(တီ၊ စာ–၁၃၅)**

* ထိုရှစ်ပါးကုန်သော ပုဗ္ဗကိစ္စတို့ကို မဖောက်မပြန်ပြုသဖြင့် ပြီးစေအပ်ကုန်၏။ မပြီးစေသော်လည်း ကံမပျက်၊ ဒုက္ကဋ်အာပတ်သာသင့်၏။ ကေစိတို့ကား ဥပဇ္ဈာယ်ယူစေခြင်းစသော အလုံးစုံသော ပုဗ္ဗကိစ္စတို့တွင် ဥပသမ္ပဒါယာစနကိုသာ အာပတ်၏အင်္ဂါယူကုန်၏။ ဥပဇ္ဈာယ်ယူစေခြင်းစသည်ကိုမပြုသော် အာပတ်သင့်၏ဟူသောအနက်သည် ပါဠိ၌ထင်သောကြောင့်လည်းကောင်း ဝိမတိဝိနောဒနီဋီကာ၌ အာပတ်သင့်ကြောင်းကို တိုက်ရိုက်ပင်မိန့်သောကြောင့်လည်းကောင်း ထိုကေစိတို့၏ စကားမသင့်။ ထို့ကြောင့် ယခုကာလ ကမ္မဝါရှိတိုင်း အစီအရင်ကိုပြုမှသာ အာပတ်လွတ်၏ဟု မှတ်အပ်၏။ **[သာရ – ၃၀၀]**

ဘန္တေနှင့် အာဝုသော

တတြာယံ ဝိတ္ထာရတ္ထော – ဘန္တေ သံဃော မမ ဝစနံ သုဏာတူတိ။ ဣဒဥ္စ နဝကတရေန ဝတ္တဗ္ဗဝစနံ၊ သစေ ပန အနုသာဝကော သဗ္ဗေဟိ ဘိက္ခူဟိ ဝုမှတရော ဟောတိ၊ သုဏာတု မေ အာဝုသော သံဃောတိ ဝတ္တဗ္ဗံ၊ သောပိ စေ ''ဘန္တေ''တိ ဝဒေယျ၊ နဝကတရော ဝါ ''အာဝုသော''တိ၊ ကမ္မကောပေါ နတ္ထိ။ [ဘန္တေတိ အာလပနဝ္တေ ဝုဒ္ဓေသု သဂါရဝဝစနံ၊ အာဝုသောတိပဒံ ပန နဝကေသု၊ တဒုဘယမ္ပိ နိပါတော တုမှေ ဘန္တေ တုမှေ အာဝုသောတိ ဗဟူသုပိ သမာနရူပတ္တာ]။ ကေစိ ပန ကေတ္ထ ''အာဝုသော''တိ ဝတွာ အညတ္ထ ''ဘန္တေ''တိ ဝုတ္တေပိ နတ္ထိ ဒေါသော၊ ဥဘယေနာပိ အာလာပနဿ သိဒ္ဓနတောတိ ဝဒန္တိ။ **(တီ၊ စာ–၁၃၃)**

အယံ သဒ္ဒေါ

အယန္တိ ဥပသမ္ပဒါပေက္ခဿ ဟတ္ထပါသေ သန္နိဟိတဘာဝဒဿနံ၊ တေန စ ဟတ္ထပါသေ ဋ္ဌိတဿေဝ ဥပသမ္ပဒါ ရုဟတီတိ သိဇ္ဈတိ၊ ဟတ္ထပါသတော ဗဟိ ဋ္ဌိတဿ အယန္တိ န ဝတ္တဗ္ဗတော၊ တေနေဝ အနုသာသကသမ္မုတိယံ သော ဟတ္ထပါသတော ဗဟိ ဋ္ဌိတတ္တာ အယန္တိ န ဝုတ္တော၊ တသ္မာ ဥပသမ္ပဒါပေက္ခော အနုပသမ္ပန္နော ဟတ္ထပါသေ ဌပေတဗ္ဗော၊ အယံ ကတ္တနာမောတိ အယံ သဒ္ဒေါ စ အဝဿံ ပယုဉ္ဇိတဗ္ဗော၊ သော စ ကမ္မဝါစံ ပဌမနာမပယောဂေဝေါတိ ဂဟေတဗ္ဗံ။ [တိဿသာဿစသော ဥပဇ္ဈာယသဒ္ဒါနောင်၌ အယံမရှိခြင်းသည်– ဥပဇ္ဈာယ်မယူသော်လည်းကောင်း၊ ဥပဇ္ဈာယ်ဟတ္ထပါသ်မှာမရှိဘဲ သိမ်ပတွင် ရှိသော်လည်းကောင်း အာပတ်သာ သင့်၍ ကံမပျက်သောကြောင့်ဟူ၏။ **(တီ၊ စာ–၁၃၄)**

* **ဤဥပသမ္ပဒ ကမ္မဝါစာ၌** – ယခုနောက်ဆုံး ပညတ်တော်မူအပ်သော ကမ္မဝါမှ မည်သည့်အစိတ်အပိုင်းမျှ မကြွင်းစေရ၊ ချန်ထားသော်ကံပျက်၏ဟု မုချကေန်မှတ်အပ်၏ဟူ၏။ ဣဒဥ္စ ဥတု ပမာဏာစိက္ခဏာဒိစ အာဂန္တုကေဟိ သဒ္ဓိံ ဝိမံသိတွာ ဝုမုနဝဘာဝံ ဥတွာ ဝန္ဒနဝန္ဒာပနာဒိကရဏတ္ထံ ဝုတ္တံ။ **(တီ၊ စာ–၁၃၈)**

ဥက္ခိတ္တက ရဟန်းဝတ္တများ

ဥက္ခိတ္တကရဟန်းသည် လူထွက်ပြီးတစ်ဖန် ပဉ္စင်းအဖြစ်ကိုတောင်းသော် အာပတ်ကိုရှုအံ့ဟု ဝန်ခံမှ ရှင်ပြုပေးရမည်။ တစ်ဖန်–အာပတ်ကိုရှုအံ့–ဟုဝန်ခံမှ ပဉ္စင်းခံပေးရမည်။ တစ်ဖန် – အာပတ်ကိုရှုအံ့–ဟု ဝန်ခံမှသာ သံဃာဘောင်သို့သွင်းရမည်။ အကယ်၍ ပဉ္စင်းခံပြီးမှ မရှုအံ့ဟုဆိုအံ့ – သံဃာ၏ညီညွတ်ခြင်းကို ရသော် တစ်ဖန်နှင်ထုတ်ရမည်။ မရသော် အတူသုံးဆောင်ခြင်း အတူပေါင်းသင်းခြင်းကြောင့် အာပတ် မသင့်။ အာပတ်ကိုမကုစားသူ မိစ္ဆာအယူကို မစွန့်သူတို့၌လည်း အလားတူပင်။

[အလဗ္ဘမာနာယ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ယာဝ တဿ ဥက္ခေပနီယ ကမ္မကရဏတ္ထာယ သာမဂ္ဂီ န လဗ္ဘတိ၊ တာဝ တေန သဒ္ဓိံ သမ္ဘောဂေစ ဥပေါသထပဝါရဏာဒိကရဏဘေဒေ သံဝါသေ စ အနာပတ္တီတိ။] **(မဟာ–၄၊ စာ–၃၁၆)**

အနာပတ္တိ သမ္ဘောဂေ သံဝါသေ - ဝါဒ အဖုံဖုံ

အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ဥက္ခိတ္တကေန သဒ္ဓိံ သမ္ဘောဂသံဝါသပစ္စယာ ပါစိတ္တိယာပတ္တိ ပညတ္တာ၊ တတော အနာပတ္တီတိ အတ္ထော။ ကထံ ပညာယတီတိ သံဝါသဂ္ဂဟဏာ။ အလဇ္ဇိနာ သဒ္ဓိံ သမ္ဘောဂပစ္စယာ အာပဇ္ဇိတဗ္ဗံ ဒုက္ကဋံ ပန အာပဇ္ဇတိ ဧဝ၊ န သံဝါသပစ္စယာ၊ န ဟိ အလဇ္ဇိနာ သဒ္ဓိံ သံဝါသော ပဋိက္ခိတ္တော–စသည်ဖြင့် ကျယ်ဝန်းစွာလာ၏။ တစ်ဖန် အနုဂဏ္ဌိပုဒ်၏ အားလုံးအပ်သောဝါဒကို လည်း– အနုပဏ္ဍိပဒေ ပန အလဇ္ဇိပရိဘောဂေါ သဟတ္ထဒါနာဒိဝသေန ပရိစ္ဆိန္ဒိတဗ္ဗော။ သာရဏီယဓမ္မ ပူရကာဒယော ဒဿေတွာ အလဇ္ဇိဿ သဟတ္ထာ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တာနံ ဝါဒေါ ပဋိသေဓေတဗ္ဗော၊

ကထံ ဥက္ခိတ္တကဿ သဟတ္ထာ ဒါတုံ န ဝဋ္ဋတီတိ ဝိနိစ္ဆယာနုသာရေန ဒါပေတုံ ပန ဝဋ္ဋတေဝါတိစေ၊ ကိဉ္စာပိ အလဇ္ဇီပရိဘောဂဝသေန ဒုက္ကဋံ။ အထခေါ အယံ အလဇ္ဇီ န ဟောတိ၊ တသ္မာ သဗ္ဗာကာရေန နိရာပတ္တိတံ သန္ဓာယ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိဝုတ္တံ– စသည် ကျယ်ဝန်းစွာဖော်ပြထား၏။ **(ဓီ၊ ဇာ–၄၄၄၊ ၄၄၅)**

လူထွက်သော်လည်း အာပတ်မှ မစင်ကြယ်ပုံကို

တသ္မာ ဥပသမ္ပန္နော ဘိက္ခု အန္တိမဝတ္ထုံ ဒုဋ္ဌာသိတမ္ပိ အာပဇ္ဇိတွာ အပရဘာဂေ ဝိဗ္ဘမိတွာ အာဂတော ဥပသမ္ပဇ္ဇတိ၊ တံ အာပတ္တိံ ဒေသေတွာဝ သုဇ္ဈတိ၊ န အညထာ **(ဓီ၊ ဇာ–၄၄၄)** – ဟုလည်းကောင်း – သစာဟံ နပဿိဿာမီတိ ဝဒတိ န ပဗ္ဗာဇေတဗ္ဗောတိ ဝုတ္တတ္တာ ပုဗ္ဗေ အာပန္နာပတ္တိယော ဥပ္ပဗ္ဗဇိတဿာပိ နပဋိပ္ပဿမ္ဘန္တီတိ သိဒ္ဓံ၊ တေနေဝ အာစရိယာ အာပတ္တိံ ဒေသာပေတွာဝ သိက္ခာပစ္စက္ခာနံ ကာရာပေန္တိ – စသည်ဖြင့် အာစရိယဝါဒကိုလည်း ဖော်ပြထား၏။ **(ဓီ၊ ဇာ–၄၄၅)**

သမ္ဘောဂေတိ ဓမ္မသံမ္ဘောဂေ အာမိသသမ္ဘောဂေစ။ **(သာ၊ ဇာ–၂၆၇)**

ဩသာရေတဗ္ဗောတိ ကမ္မိနာ ပုရိမော ဥက္ခိတ္တဘာဝေါ ဝိဗ္ဘမိတွာ ပုန လဒ္ဓူပသမ္ပဒမ္ပိ န မုဉ္စတိ၊ တေန စ သမ္ဘုဉ္ဇနာဒီသုပိ ဘိက္ခူနံ ပါစိတ္တိယမေဝါတိ ဒဿေတိ။ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ဧတ္ထ သဟသေယျာပိ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗံ။ ဧတ္ထ စာယမဓိပ္ပာယော၊ ယသ္မာ အယံ ဩသာရိတတ္တာ ပကတတ္တော၊ တသ္မာ ဥက္ခိတ္တသမ္ဘောဂါဒိပစ္စယေန ပါစိတ္တိယေနေတ္ထ အနာပတ္တီတိ။ ယော ပန အာပတ္တိဋ္ဌာနေ အနာပတ္တိဒိဋ္ဌိတာယ အာပတ္တိံ န ပဿတိ၊ တေနေဝ ပဋိကမ္မမ္ပိ န ကရောတိ။ သော ယသ္မာ ဧတ္တာဝတာ အလဇ္ဇီနာမ န ဟောတိ၊ ပဏ္ဏတ္တိံ ဉတွာ ဝီတိက္ကမံ ကရောန္တော ဧဝ ဟိ အလဇ္ဇီနာမ ဟောတိ။ သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတီတိအာဒိ ဟိ ဝုတ္တံ၊ တသ္မာ ဧတ္ထ အလဇ္ဇီသမ္ဘောဂါဒိပစ္စယာ ဒုက္ကဋာပတ္တိနိယမော နတ္ထိ။ တေန သာပေတ္ထ အာပတ္တိ န ဝုတ္တာတိ ဒဋ္ဌဗ္ဗံ။ ယော ပနေတ္ထ ကမ္မံ အဓိပ္ပာယံ အသလ္လက္ခေန္တေန ကေနစိ "အနာပတ္တိ သမ္ဘောဂေ သံဝါသေ"တိ ကမ္မိနာ ပါစိတ္တိယေန အနာပတ္တိ ဝုတ္တာ၊ အလဇ္ဇီသမ္ဘောဂပစ္စယာ ဒုက္ကဋံ ပန အာပဇ္ဇတိဧဝါတိ အာပတ္တိနိယမော ဝုတ္တော။ သော အလဇ္ဇိတ္တေ သတိ ဧဝ ဝုတ္တော နာသတီတိ ဒဋ္ဌဗ္ဗံ။ **(တီ၊ ဇာ–၁၃၉)**

သာရတ္ထ ဆရာတော်ဝါဒ

သမ္ဘောဂေတိ ဓမ္မသမ္ဘောဂေ အာမိသသမ္ဘောဂေ စ။ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိဧတ္ထစ အယမဓိပ္ပာယော၊ ယသ္မာ အယံ ဩသာရဏာကမ္မဿ ကတတ္တာ ပကတတ္တဋ္ဌာနေ ဋ္ဌိတော၊ တသ္မာ န ဥက္ခိတ္တကေန သဒ္ဓိံ သမ္ဘောဂါဒိပစ္စယာ ပါစိတ္တိယံ၊ နာပိ အလဇ္ဇိနာ သဒ္ဓိံ ပရိဘောဂပစ္စယာ ဒုက္ကဋံ အလဇ္ဇီလက္ခဏာနုပပတ္တိတော။ ယော ဟိ ဥစ္ဆုရသကသဋ္ဌာနံ သတ္တာဟကာလိက ယာဝဇီဝိကတ္တာ ဝဋ္ဋတိ ဝိကာလေ ဥစ္ဆု ခါဒိတုန္တိ သညံ ဥပ္ပါဒေတွာ တံ ခါဒိတွာ တပ္ပစ္စယာ ပါစိတ္တိယံ န ပဿတိ၊ "ဝဋ္ဋတီ"တိ တထာ သညိတာယ။ ယော ဝါ ပန အာပတ္တိမာပန္နဘာဝံ ပဋိဇာနိတွာ န ပဋိကရောမီတိ အဘိနိဝိသတိ၊ အယံ

– သဉ္ဇိစ္စ အာပတ္တိံ အာပဇ္ဇတိ (~)– ပုဂ္ဂလောတိ – ဝုတ္တလက္ခဏော အပတနတော အလဇ္ဇီ နာမ န ဟောတိ၊ တသ္မာ ယထာ ပုဗ္ဗေ ယာဝ ဥက္ခေပနီယကမ္မံ ကတံ၊ တာဝ တေန သဒ္ဓိံ သမ္ဘောဂေ သံဝါသေ စ အနာပတ္တိ၊ ဝေမိကာပီတိ သဗ္ဗထာ အနာပတ္တိဥ္ဇာနေယေဝ အနာပတ္တိ ဝုတ္တာတိ ဝေဒိတဗ္ဗံ။ န ဟိ ဘဂဝါ အလဇ္ဇိနာ သဒ္ဓိံ သမ္ဘောဂပစ္စယာ အာပတ္တိသမ္ဘဝေ သတိ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ဝဒတိ။ တတော ယမေတ္ထ ကေနစိ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ဣမိနာ ပါဠိတ္တိယေန အနာပတ္တိ ဝုတ္တာ အလဇ္ဇီပရိဘောဂပစ္စယာ ဒုက္ကဋံ ပန အာပဇ္ဇတိယေဝါတိ ဝတွာ ဗဟုဓာ ပပဉ္စိတံ၊ န တံ သာရတော ပစ္စေတဗ္ဗံ။ **(သာ၊ ဇာ–၂၆၅၊ ၂၆၈)**

[သာရတ္ထဆရာကား – ဝဇိရဗုဒ္ဓိဆရာ၏စကားကို မနှစ်သက်၊ ထိုဝဇိရဗုဒ္ဓိ၌ ဖော်ပြထားသော အနုဂဏ္ဌိပုဒ်ဆရာ၏ဝါဒနှင့် တူညီကြသည်။

ညောင်ကန်ဆရာတော် ဘုရားကြီးကား – ဝဇိရဗုဒ္ဓိဋီကာရှင်၏ ဝါဒကို နှစ်သက်ဟန်ရှိ၏။ **[သာရ – ၃၀၁၊ ၃၀၂]**

ဥပေါသထ က္ခန္ဓက – ၂

သန္ဒိပါတာနုဇာနနာဒိကထာ

[ပါတိမောက်ပြရန်ခွင့်ပြုခြင်း]

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် – တိတ္ထိတို့သည် ဥပုသ်နေ့တို့၌စည်းဝေး၍ တရားဟောကြသဖြင့် ပရိသတ်တို့ စည်ပင်ပြန့်ပွားသည်ကိုမြင်သော ဗိမ္ဗိသာရ မင်းကြီးသည် – ရဟန်းသံဃာတော်တို့အားလည်း ဥပုသ်နေ့တို့၌ စည်းဝေးစေရန် ခွင့်ပြုတော်မူပါမည့်အကြောင်း လျှောက်ထားသဖြင့် ဥပုသ်နေ့တို့၌ စည်းဝေးရန်ခွင့်ပြုတော်မူ၏။ တစ်ဖန်စည်းဝေး၍ ဆိတ်ဆိတ်နေကုန် ကြသဖြင့် လူတို့ကဲ့ရဲ့ရကား ထိုဥပုသ်နေ့တို့၌ တရားဟောရန်ခွင့်ပြုတော်မူ၏။ ထို့နောက် မြတ်စွာဘုရား သည် ပါတိမောက်ပြရန် ခွင့်ပြုတော်မူသည် – ကိ သံဃဿ ပုဗ္ဗကိစ္စံ–မှစ၍ ပြခွင့်ပြုသည်။

နေ့စဉ် ပါတိမောက်ပြအံ့ ဒုက္ကဋ်။ တပက္ခလျှင် တစ်ကြိမ်ထက်ပို၍ ပါတိမောက်ပြအံ့ ဒုက္ကဋ်၊ မိမိ မိမိတို့၏ပရိသတ်ဖြင့် ပရိသတ်ရှိသလောက်ပြအံ့ ဒုက္ကဋ်။ (ညီညွတ်သောရဟန်းတို့အတွက်သာ ဥပုသ်ကံကို ခွင့်ပြုတော်မူ၏ဟူလို) အတူနေသမျှရဟန်းတို့ကို ညီညွတ်ခြင်းသာမဂ္ဂီဟု ခွင့်ပြုတော်မူ၏။ ရဟန္တာအရှင် မဟာကပ္ပိနအား ဥပုသ်ကိုမြတ်နိုးရန် ပူဇော်ရန် သံဃာကံပြုရာသို့သွားရန် တိုက်တွန်းတော်မူ၏။

သိမ်ခွင့်ပြုတော်မူခြင်း

သိမ်ကိုသမုတ်ခြင်းငှာ ခွင့်ပြု၏။ ရှေးဦးစွာ နိမိတ်တို့ကို ကြားရမည်။ ထို့နောက် ဗျတ္တပဋိဗလ ရဟန်းသည်–ကမ္မဝါ–ဖြင့် သံဃာကိုသိစေရမည်။ ဤ၌ အတူနေအတူဥပုသ်ပြုရာဖြစ်သော သိမ်ကိုသမုတ် သည်။ အလွန်ဆုံး သုံးယူဇနာရှိသောသိမ်ကို သမုတ်ခြင်းငှာခွင့်ပြု၏။ ပိုလျှင် ဒုက္ကဋ်။ မြစ်တစ်ဖက်ကမ်း၌ သိမ်ကိုသမုတ်လျှင် ဒုက္ကဋ်။ အမြဲခင်းထားသောလှေ၊ အမြဲခင်းထားသော တံတားရှိသော မြစ်တစ်ဖက်ကမ်းသိမ် ကို သမုတ်ခြင်းငှာ ခွင့်ပြု၏။

ဥပုသ်အိမ်ခွင့်ပြုတော်မူခြင်း

သံဃာအလိုရှိသောကျောင်း၊ ပြာသာဒ်၊ ပြာသာဒ်ဦးပြည်း၊ ဂူတို့ကို ဥပုသ်အိမ်သမုတ်၍ ဥပုသ်ပြုခြင်းငှာ ခွင့်ပြု၏။ ပါတိမောက်ပြရာအရပ်ကို မချိန်းချက်ဘဲ ပါတိမောက်ပြလျှင် ဒုက္ကဋ်။ မဟာသိမ်အတွင်းရှိ ကျောင်းတိုက်တစ်ခု၌ ဥပုသ်အိမ်နှစ်လုံးသမုတ်ထားသဖြင့်–တစ်ကျောင်းတည်း၌ ဥပုသ်အိမ်နှစ်လုံးသမုတ်သောရဟန်းအား ဒုက္ကဋ်ဟု ပညတ်တော်မူသည်။ ဥပုသ်အိမ်တစ်ခုကိုနုတ်ပြီး ဥပုသ်အိမ်တစ်ခု၌ ဥပုသ်ပြုခြင်းငှာခွင့်ပြု၏။

ဥပုသ်အိမ်ဥပစာကို ခွင့်ပြုတော်မူခြင်း

မဟာသိမ်အတွင်း ကျောင်းတိုက်တစ်ခု၌ အလွန်သေးငယ်သော ဥပုသ်အိမ်ကို သမုတ်ထားရာ မသမုတ်အပ်သေးသော မြေ၌တည်၍ အချို့သံဃာတို့ ပါတိမောက်နာရသဖြင့် ဥပေါသထာဂါရ သမုတ်အပ်သော မြေ၌ဖြစ်စေ၊ မသမုတ်အပ်သော မြေ၌ဖြစ်စေ နေသောရဟန်းတို့သည် ပါတိမောက်ကိုကြားနာလျှင် ဥပုသ်ကိုပြုသည်ပင်မည်၏။ သံဃာအလိုရှိသလောက်ကြီးသော ဥပုသ်အိမ်ဦး ဥပစာကို သမုတ်ရန်ခွင့်ပြု၏။ နိမိတ်ကို ထက်ဝန်းကျင်ကြားပြီးမှ သမုတ်ရမည်။

[ယတော ပါတိမောက္ခံ သုဏာတီတိ ယတ္ထ ကတ္ထစိ ဘိက္ခူနံ ဟတ္ထပါသေ နိသိန္နော ယသ္မာ ပါတိမောက္ခံ သုဏာတိ၊ ကတောဝဿ ဥပေါသထောတိအတ္ထော၊ ဣဒဥ္စ ဝတ္တုဝသေန ဝုတ္တံ၊ ဟတ္ထပါသေ နိသိန္နဿ ပန အသုဏန္တဿာပိ ကတောဝ ဟောတိ ဥပေါသထော] **(ဌ၊ ဓာ–၃၃၀)**

❧ ❧ ❧

ဤနေရာ၌ သုတေသီတို့အတွက် ဗဟုသုတအလို့ငှာ သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ဆောင်းပါးကို မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

သိကောင်းစရာ ဓမ္မပဒေသာ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သိမ်အကြောင်း သိကောင်းစရာ

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် သိမ်ကိုအထူးအလေးဂရုပြုကြပေသည်။ အချို့သော အရပ်ဒေသများ၌ ''သိမ်ထဲသို့ အမျိုးသမီးများမဝင်ရ''ဟု တားမြစ်ကာ အလေးဂရုပြုကြပေသည်။ လွန်ကဲသော အလေးဂရုပြုခြင်းသာ ဖြစ်ပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို သိထားမှသာ မှန်ကန်သော အလေးဂရုပြုခြင်းဖြစ်ပေမည်။

သိမ်ဟူသောအမည်သည် သီမဟူသောပါဠိမှ သက်ဆင်းဖြစ်ပေါ်လာသောအမည် ဖြစ်ပေသည်။ သီမဟူသောပါဠိက အပိုင်းအခြားကိုဟောပါသည်။ တိုင်းပြည်၊ မြို့နယ်၊ ရပ်ရွာများ၏ နယ်ပယ်အပိုင်းအခြားကိုသိရအောင် ကျောက်တိုင်စသည်တို့ဖြင့် ပိုင်းခြားသတ်မှတ်ထားသော အရပ်ဒေသကို ပါဠိလို သီမ (သိမ်) ဟုခေါ်ရပါသည်။ ထို့အတူ ရဟန်းတော်တို့ ရဟန်းခံခြင်းစသော သံဃကိစ္စ (သံဃာ့ကံ)များ ပြုလုပ်ဖို့ရာ ပိုင်းခြားသတ်မှတ်ထားသော နေရာကို သီမ=သိမ်ဟု ခေါ်ရခြင်းဖြစ်ပေသည်။

ထိုသိမ်သည် အကျဉ်းချုပ်အားဖြင့် (၁) **နိဿယသီမ** – အခြေခံ မှီရာဖြစ်သောသိမ်၊ (၂) **နိဿိတသီမ** – အခြေခံမှီရာ သိမ်ပေါ်တွင် ဖြစ်ပေါ်လာ၍ မှီတတ်သောသိမ်ဟူ၍ နှစ်မျိုးရှိပေသည်။

(၁) **နိဿယသီမ** – အခြေခံမှီရာဖြစ်သော သိမ်သည် (က) **ဂါမသီမ**–မြို့ရွာအပိုင်းအခြား သိမ်၊ (ခ) **အရညသီမ**– 'တော' အပိုင်းအခြား သိမ်၊ (ဂ) **နဒီသီမ** – မြစ် အပိုင်းအခြားသိမ်၊ (ဃ) **သမုဒ္ဒသီမ**–ပင်လယ် သမုဒ္ဒရာအပိုင်းအခြားသိမ်၊ (င) **ဇာတဿရသီမ** – ရေအိုင်အပိုင်းအခြားသိမ်ဟူ၍ ငါးမျိုး ရှိပေသည်။

(က) **ဂါမသီမ** – မြို့ရွာ အပိုင်းအခြားသိမ်ဟူသည် အစိုးရမင်းများက အခွန်ကောက်ခံခြင်း စသည်ပြုလုပ်ရန်အတွက် မြို့ရွာနယ်မြေ သတ်မှတ်ပိုင်းခြားထားသော အရပ်ဒေသသိမ်ဖြစ်ပေသည်။ ဤ **ဂါမသီမ**–မြို့ရွာအပိုင်းအခြားသိမ်သည် မြတ်စွာဘုရား၏ အမိန့်အာဏာဖြင့်ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ အစိုးရမင်း၏အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသော သိမ်ဖြစ်ပေသည်။

(ခ) **အရညသီမ** – 'တော' အပိုင်းအခြားသိမ်ဟူသည် မြို့ရွာ နယ်ပယ်မှလွတ်သော၊ မြစ်၊ အင်း၊ အိုင်လည်းမဟုတ်သော ကုန်းမြေအရပ်သိမ် ဖြစ်ပေသည်။ ဤ **အရညသီမ** – 'တော' အပိုင်း

အခြားသိမ်သည် မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

(ဂ) **နဒီသီမ** – မြစ်အပိုင်းအခြား သိမ်ဟူသည် ရေစီးရေလာရှိသော မြစ်၊ ချောင်းအမျိုးမျိုး သိမ်ဖြစ်ပေသည်။ ဤ **နဒီသီမ** –မြစ်ချောင်း အပိုင်းအခြား သိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာအစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

(ဃ) **သမုဒ္ဒသီမ** – ပယ်လယ်သမုဒ္ဒရာ အပိုင်းအခြားသိမ်ဟူသည် အရပ်လေးမျက်နှာ၌ ရှိနေသောအလွန်ကျယ်ပြန့်သည့် ပယ်လယ်သမုဒ္ဒရာ သိမ်ဖြစ်ပေသည်။ ဤ **သမုဒ္ဒရာသီမ**–ပင်လယ်သမုဒ္ဒရာ အပိုင်းအခြား သိမ်သည်လည်း မြတ်စွာဘုရား၏အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ သူ့အလိုအလျောက်ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

(င) **ဇာတဿရသီမ** – ရေအိုင်အပိုင်းအခြားသိမ်ဟူသည် လူတို့မတူးဖော်အပ်ပါဘဲ အယုတ်ဆုံးမိုး လေးလအတွင်း ရေရှိသောရေအိုင်သိမ် ဖြစ်ပေသည်။ ဤ **ဇာတဿရသီမ** – ရေအိုင်အပိုင်းအခြား သိမ်သည်လည်း မြတ်စွာဘုရား၏အမိန့်အာဏာ၊ အစိုးရမင်းတို့၏အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ သူ့အလိုအလျောက်ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

(၂) **နိဿိတသီမ** – အခြေခံမှီရာ သိမ်ပေါ်၌တွင်ဖြစ်ပေါ်လာ၍ မှီတတ်သောသိမ်သည် (က) **ဗဒ္ဓသီမ** – ကမ္မဝါဖြင့် သမုတ်အပ်သော သိမ်၊ (ခ) **အဗဒ္ဓသီမ** – ကမ္မဝါဖြင့် မသမုတ်အပ်သော သိမ်ဟူ၍ နှစ်မျိုးရှိပေသည်။

(က) **ဗဒ္ဓသီမ** – ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်ဟူသည် သိမ်သမုတ်မည့် ပေ–၅၀၊ ပေ–၁၀၀ စသည်ရှိသော မြေကွက်ကို ရှေးဦးစွာ ကျောက်တုံးကျောက်တိုင်စသည်တို့ဖြင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ထားရပါသည်။ ထို့နောက်မှ ၄–ပါး၊ ၄–ပါးထက်များသော ရဟန်းတော်တို့က နှစ်တောင့်ထွာစပ်အောင်နေ၍ ကမ္မဝါရွတ်ဖတ်ကာအတည်ပြု (သမုတ်)ထားသော သိမ်မျိုးဖြစ်ပေသည်။ ဤကဲ့သို့ ကမ္မဝါဖြင့် သမုတ်ထားသောသိမ်ကို **'ဗဒ္ဓသိမ်'**ဟု ခေါ်ရပေသည်။

ထိုဗဒ္ဓသိမ်သည် (က) သိမ်သမုတ်ရန် သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ တောင်းခံ၍ရရှိပြီးမှ သမုတ်အပ်သော 'ဗဒ္ဓသိမ်'၊ (ခ) သိမ် သမုတ်ရန်၊ သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ မတောင်းခံပါဘဲ သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ကိုယူ၍ သမုတ်ရသော **'ဗဒ္ဓသိမ်'** ဟူ၍ နှစ်မျိုးရှိပေသည်။

အစိုးရမင်းများထံမှ သိမ်သမုတ်ရန် သီးခြားမြေကွက်ကို တောင်းခံရရှိပြီးမှ သမုတ်သောသိမ်ကို **'ဝိသုံဂါမ ဗဒ္ဓသိမ်'** ဟု ခေါ်ရပါသည်။ အစိုးရမင်းထံမှ သီးခြားမြေကွက်တောင်းခံခြင်းမရှိပါဘဲ သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်းရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ဖြင့် သမုတ်ရသောသိမ်ကို **'နယ်သိမ်းဗဒ္ဓသိမ်'** ဟုခေါ်ရပါသည်။

နယ်သိမ်းဗဒ္ဓသိမ်ကို သမုတ်လိုသောအခါ (က) သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ရှိနေကြသော ရဟန်းတော်များအားလုံး သိမ်သမုတ်မည့်မြေကွက်ထဲ နှစ်တောင့်ထွာအတွင်းသို့ ရောက်အောင်ပင့်ဆောင်ရပါသည်။ (ခ) မပင့်ဆောင်နိုင်ခဲ့သော် ထိုရဟန်းတော်များ၏ သဘောတူညီချက်

ဆန္ဒကိုတောင်းယူရပါသည်။ (ဂ) ဆန္ဒမပေးနိုင်ခဲ့သော် ထိုရဟန်းတော်တို့သည် မိမိတို့၏ကျောင်းတိုက် ဗဒ္ဓသိမ်ထဲ၌ ဝင်၍နေကြရပါသည်။

ဤအင်္ဂါ သုံးချက်နှင့်ညီအောင် ပြုလုပ်ပြီးသောအခါ သိမ်သမုတ်မည့် ပေ-၅၀၊ ပေ-၁၀၀ စသည် ရှိသောမြေကွက်၌ ရှေးဦးစွာ ထုံးမှုန့်ထုံးရေများဖြင့် တစ်တောင့်ထွာခန့် အကွက်ကလေးများပြုလုပ်၍ သိမ်နတ်ရပါသည်။ ထို့နောက်မှ ကျောက်တိုင်စသည်တို့ဖြင့် သိမ်၏နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရပါသည်။ ထို့နောက်မှ ၄-ပါး၊ ၄-ပါးထက်ပိုသော ရဟန်းတော်တို့ နှစ်တောင့်ထွာစပ်အောင်နေ၍ ကမ္မဝါရွတ်ဖတ်ကာ သိမ်သမုတ်ရပါသည်။ ဤသိမ်ကို 'နယ်သိမ်း ဗဒ္ဓသိမ်'ဟု ခေါ်ရပါသည်။

ဥပစာရသိမ် – အာရာမ်ရှိသော ကျောင်းတိုက်မှာ အာရာမ်တွင်းသာ ဥပစာရသိမ်ယူ။ အာရာမ်မရှိသော ကျောင်းတိုက်မှာ အဆုံးစွန်တည်သော ကျောင်းမှ ခဲနှစ်ကျတိုင်အောင် ဥပစာရသိမ်ယူ။ **[ဆင်တဲ၊ ဓာ–၂၄၅]** ဘိက္ခုနီ အာရာမဝင် ပဌမသိက္ခာပုဒ် ပညတ်တော်ပါဠိကိုထောက်ပါဟူ။

အန္တရာယ်ရှိသော် ဝါပြုတ်သော်လည်း အာပတ်မသင့်

(၁)သားရဲ၊ (၂) မြွေ၊ (၃) ခိုးသူ၊ (၄) ဘီလူးတို့နှိပ်စက်ခြင်း– (၅) ရဟန်းတို့၏ရွာ၊ (၆) ကျောင်း–မီးလောင်ခြင်း၊ (၇) ရဟန်းတို့၏ရွာ (ဝါကပ်သောဟူ)၊ (၈) ကျောင်း–ရေမျောခြင်း၊ (၉) ဆွမ်းခံရွာခိုးသူတို့ကြောင့် ပြောင်းရွှေ့ခြင်း (ရွာရှိရာသို့ သွားခြင်းငှာခွင့်ပြု၏)၊ (၁၀) ရွာနှစ်ခြမ်းကွဲခြင်း (လူများရာသို့လိုက်ရန်ခွင့်ပြု၏။) (၁၁) (များစွာသောလူတို့က) သဒ္ဓါတရားမရှိခြင်း မကြည်ညိုခြင်း၊ (သဒ္ဓါတရားရှိရာ ကြည်ညိုရာသို့ သွားခြင်းငှာခွင့်ပြု၏။) (၁၂) ကြမ်းသော၊ နသော၊ ဆွမ်းကို လုံလောက်အောင်မရခြင်း၊ (၁၃) ဆွမ်းရသော်လည်း လျောက်ပတ်သောဘောဇဉ်တို့ကိုမရခြင်း၊ (၁၄) ဆွမ်းဘောဇဉ်ရသော်လည်း လျောက်ပတ်သော ဆေးတို့ကိုမရခြင်း၊ (၁၅) ဆွမ်းဘောဇဉ်ဆေးတို့ရသော်လည်း လျောက်ပတ်သော အလုပ်အကျွေးကိုမရခြင်း၊ (၁၆) မိန်းမသည်၊ (၁၇) ပြည့်တန်ဆာမသည်၊ (၁၈) အပျိုကြီးသည် (၁၉) ပဏ္ဍုက်သည် (၂၀) အဆွေအမျိုးတို့သည် (၂၁) မင်းတို့သည် (၂၂) ခိုးသူတို့သည် (၂၃) သေသောက်ကြူးတို့သည် ကာမဂုဏ်တို့ဖြင့် ပင့်ဖိတ်ခြင်း၊ (၂၄) အရှင်မရှိသော ရွှေအိုးကိုတွေ့ခြင်း၊ (မြတ်သောအကျင့်၏) အန္တရာယ်တည်းဟု နှစ်လုံးမူ၍ ဖဲသွားရမည်။ ဝါပြုတ်၍ အာပတ်မသင့်။

ယေန ဂါမော၊ တေန ဂန္တုန္တိအာဒီသု သစေ ဂါမော အဝိဒူရံ ဂတော ဟောတိ၊ တတ္ထ ပိဏ္ဍာယ စရိတွာ ဝိဟာရမေဝ အာဂန္တွာ ဝသိတဗ္ဗံ။ သစေ ဒူရံ ဂတော၊ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗော၊ န သက္ကာ စေ ဟောတိ၊ တတြေဝ သဘာဂဋ္ဌာနေ ဝသိတဗ္ဗံ၊ သစေ မနုဿာ ယထာပဝတ္တာနိ သလာကဘတ္တာဒီနိ ဒေန္တိ၊ ''န မယံ တသ္မိံ ဝိဟာရေ ဝသိမှာတိ'' ဝတ္တဗ္ဗာ။ မယံ ဝိဟာရဿ ဝါ ပါသာဒဿ ဝါ န ဒေမ။ တုမှာကံ ဒေမ၊ ယတ္ထ ကတ္ထစိ ဝသိတွာ ဘုဉ္ဇထာတိ ဝုတ္တေ ပန ယထာသုခံ ဘုဉ္ဇိတဗ္ဗံ၊ တေသံ ယေဝ တံ ပါပုဏာတိ။ ''တုမှာကံ ဝသနဋ္ဌာနေ ပါပုဏာပေတွာ ဘုဉ္ဇထာ''တိ ဝုတ္တေ ပန ယတ္ထ ဝသန္တိ၊ တတ္ထ နေတွာ ဝဿဂ္ဂေန ပါပုဏာပေတွာ ဘုဉ္ဇိတဗ္ဗံ။

သစေ ပဝါရိတကာလေ ဝဿာဝါသိကံ ဒေန္တိ၊ ယဒိ သတ္တာဟဝါရေန အရုဏံ ဥဋ္ဌာပယိံသု၊ ဂဟေတဗ္ဗံ။ ဆိန္နဝဿေဟိ ပန "န မယံ တတ္ထ ဝသိမှ၊ ဆိန္နဝဿာ မယ"န္တိ ဝတ္တဗ္ဗံ။ ယဒိ "ယေသံ အမှာကံ သေနာသနံ ပါပိတံ၊ တေ ဂဏှန္တူ"တိ ဝဒန္တိ၊ ဂဟေတဗ္ဗံ။ ယံ ပန ဝိဟာရေ ဥပနိက္ခိတ္တကံ မာ ဝိနဿီတိ ဣဓ အာဟဋံ့ စီဝရာဒိဝေဘင်္ဂိယဘဏ္ဍံ၊ တံ တတ္ထေဝ ဂန္တွာ အပလောကေတွာ ဘာဇေတဗ္ဗံ။ "ဣတော အယျာနံ စတ္တာရော ပစ္စယေ ဒေထာ"တိ ကပ္ပိယကာရကာနံ ဒိန္နေ ခေတ္တဝတ္ထုအာဒိကေ တတြုပ္ပါဒေပိ ဧသေဝနယော။ **(ဌ၊ စာ-၃၅၂)** ၁။ [နောက်နေသောကျောင်း၌ မဝေမူ၍ ထိုနေမြဲ ကျောင်းဟောင်းသို့သွား၍ ဒါယကာတို့အားပန်ကြား၍ ဝေဖန်အပ်၏ဟူလိုသတည်း။] သံဃိကံ ဟိ ဝေဘင်္ဂိယ ဘဏ္ဍံ အန္တောဝိဟာရေ ဝါ ဗဟိသီမာယ ဝါ ဟောတု၊ ဗဟိသီမာယ ဌိတာနံ အပလောကေတွာ ဘာဇေတုံ န ဝဋ္ဋတိ။ **(ဌ၊ စာ-၃၅၂)**

၂။ (ဤလယ်၊ ဤယာမှဖြစ်သော ပစ္စည်းတို့ကို ငါတို့ကျောင်း၌နေသောသခင်တို့အား လှူ၏ဟူ၍ အာရာမိက ကပ္ပိယကာရကတို့ကိုအပ်နှင်းသော ပစ္စည်းတို့ကိုလည်း ထိုကျောင်းသို့သွား၍ ခံအပ်၏ဟူ လိုသတည်း။)

၃။ (သိမ်ပကနေ၍ မဝေလင့် သိမ်တွင်းအရာမ်တွင်းမှာနေ၍ ဝေဖန်အပ်၏ဟူလိုသတည်း။)

ဗဟိသီမာယ ဌိတာနန္တိ တေဟိ ခဏ္ဍသီမာယ ဌိတေဟိပီတိ ဥပတိဿတ္ထေရော။ (ဗိ)။ ဝိဟာရာ အညတ္ထ ဝုဋ္ဌာပေန္တေဟိ တတ္ထေဝ သန္နိပတိတွာ "ဣမိနာ စ ဣမိနာစ ကာရဏေန ဣမသ္မိံ နာမ ပဒေသေ ဣမံ ဝိဟာရံ နေတွာ ဝုဋ္ဌာပေမာ"တိ အနုဿာဝေတွာဝ ကာတဗ္ဗန္တိ။ **(ဗိ၊ စာ-၄၆၉)**

ဝါပန်ပြီးတိုက်တွင်းသို့ တစ်ဖန်ပြန်လာခြင်း

ဝါပန်၍ ထွက်သွားပြီးမှ ထီး၊ ဖိနပ်စသည် မေ့ကျန်ခြင်းကြောင့် တိုက်တွင်းသို့ တစ်ဖန်ပြန်ရောက် ခဲ့သော် ပန်ပြီးဝါပျက်၏။ ထိုကဲ့သို့ပြန်ဝင်မိသည်ရှိသော် သည်နေ့မသွားရပြီ၊ တိုက်တွင်းမှာနေပြီး၍ နက်ဖြန် မှ ဝါပန်သွားရသည်။ သည်နေ့၌ပင် တစ်ဖန်ဝါပန်၍သွားမိခဲ့အံ့ ဝါပျက်၏ဟုဆိုကြ၏ဆင်ခြင်။ **[လယ်တီ ဝိနယသံခိပ်၊ စာ-၁၅၅]**

သတ္တာဟဝါရ - ဝါဒ အဖုံဖုံ

သစေ ဒူရံ ဂတော ဟောတိ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဝစနတော ယသ္မိံ အန္တရာယေ သတိ ဝဿစ္ဆေဒံ ကာတုံ ဝဋ္ဋတိ၊ တသ္မိံ အန္တရာယေဝ ဝဿစ္ဆေဒမကတွာ သတ္တာဟကရဏီ ယေန ဝီတိနာမေတုံ ဝဋ္ဋတီတိ ဒီပိတန္တိ အပရေတိ ဝုတ္တံ။ ဝိနယဓရာ ပန န ဣစ္ဆန္တိ။ တသ္မာ သတ္တာဟဝါ ရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဣဒံ တတြုပ္ပါဒါဒိနိမိတ္တံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ **(ဗိ၊ စာ-၄၆၈)**

သာရတ္ထကား ထိုဝါဒကို လက်ခံ၏

သစေ ဒူရံ ဂတော ဟောတိ၊ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဣမိနာ ဝဿစ္ဆေဒ ကာရဏော သတိ သတ္တာဟကရဏီယေန ဂန္တုံ ဝဋ္ဋတီတိ ဒီပေတိ။ **(သာ၊ ဋ-၂၈၃)**

သတ္တာဟ၌ ရက်ရေတွက်ပုံ

သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထ ဆဒိဝသာနိ ဗဟိဒ္ဓါ ဝီတိနာမေတွာ သတ္တမေ ဒိဝသေ ပုရာရုဏာ ဧဝ အန္တောဥပစာရသီမာယ ပဝိသိတွာ အရုဏံ ဥဋ္ဌာပေတွာ ပုနဒိဝသေ သတ္တာဟံ အဓိဋ္ဌာယ ဂန္တဗ္ဗန္တိ အဓိပ္ပါယော။ ကေစိ ပန သတ္တမေ ဒိဝသေ အာဂန္တွာ အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ ဒိဝသဘာဂေပိ ဂန္တုံ ဝဋ္ဋတီ''တိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။ **(တီ၊ ဋ-၁၇၆)** (အရုဏ်အပြင်မှာပင် တက်အံ့မူ-၇-ရက်နှင့်ပေါင်းသော် အရုဏ်(၈)ရက်ပင်ဖြစ်နိုင်၍ ပိုနေသော် (၇)ရက်ကျော်သည်ပင်မည်ရကား ဝဿစ္ဆေဒ ဖြစ်၏ဟူလို) [အဋ္ဌမော အရုဏောဟူသော အဋ္ဌကထာ နည်းတူ]

သံဃာကွဲပြား၍ ဝါပြတ်သော် အာပတ်မသင့်

မိမိဝါကပ်ရာကျောင်း၌ သံဃာကွဲပြားအောင် လှုံ့လပြုသောရဟန်းတို့ကိုတွေ့မြင်အံ့၊ အခြားကျောင်း၌ ထိုသို့လှုံ့လပြုသည်ကို ကြားအံ့၊ သံဃာကို သင်းခွဲသတတ်ဟုကြားအံ့၊ မကွဲပါစေလင့်ဟု မိမိစကားကို လိုက်နာလတ္တံ့ဟု နှလုံးပိုက်၍ ဖဲသွားရမည်။ ဝါပြတ်သော်လည်း အာပတ်မသင့်။ [သံဃော ဘိန္နောတိ ဧတ္ထ ဘိန္နေ သံဃေ ဂန္တွာ ကရဏီယံ နတ္ထိ၊ ယော ပန ဘိဇ္ဇိဿတီတိ အာသင်္ကီတော၊ တံ သန္ဓာယ ဘိန္နောတိ ဝုတ္တံ။] **(ဋ္ဌ၊ ဋ-၃၅၃)**

နွားကျောင်းသားတို့၏နေရာ စသည်၌ ဝါကပ်ခြင်း

နွားကျောင်းသားတို့၏နေရာ၌ ဝါကပ်ခြင်းငှာ ခွင့်ပြု၏။ ပြောင်းရွှေ့သော် နေရာရှိရာသို့ ကပ်ခြင်းငှာ ခွင့်ပြု၏။ လှည်း၌၊ လှေ၌၊ ဝါကပ်ခြင်းငှာ ခွင့်ပြု၏။ [ဝါကပ်မည့်နေ့၌ ဥပါသကာအား ကုဋီလိုအပ်ကြောင်း ပြော၍ရသော် ထိုကုဋီ၌ ဣဓ ဝဿံ ဥပေမိ ဟုသုံးကြိမ်ဆို၍ကပ်၊ မရသော် ဇရပ်သဏ္ဌာန်ဖြင့်တည်သော လှည်းအောက်၌ကပ်။ မရသော် ဣဓ ဝဿံ ဝသိဿာမိဟု စိတ်မျှလယကိုပြု၊ လှည်း၌ကား ဝါမကပ်အပ်။ သွားစဉ် ပဝါရဏာနေ့ဖြစ်အံ့၊ ထိုလှည်း၌ပင်ပြု။ ဝါတွင်း၌ပင် မိမိလိုရာရောက်သော် ထိုအရပ်၌နေ၍ ထိုအရပ်ရှိ ရဟန်းတို့နှင့်အတူ ပဝါရဏာပြု။ ဝါတွင်းမှာပင် လှည်းသည် တစ်ရွာရွာ၌ ရပ်နေအံ့၊ ပျက်အံ့၊ ထိုရွာရှိရဟန်းတို့နှင့်ပင်ပြု။ ပဝါရဏာမပြုဘဲ တခြားသို့ ဆက်မသွားအပ်။ လှေ၌လည်း ကုဋီ၌သာဝါကပ် အပ်၏။ ရှာမရသော် အာလယမျှပြု။ ဝါတွင်းသုံးလလုံး သမုဒ္ဒရာ၌ပင်ရှိမူ ထိုလှေမှာပင် ပဝါရဏာပြု။ လှေကမ်းကပ်အံ့၊ တခြားရွာသို့ ဆက်မသွားအပ်။ ကပ်ရာရွာ၌ပင်နေ၍ ရဟန်းတို့နှင့်အတူ ပဝါရဏာပြု။

အကယ်၍ လှေသည် ကမ်းအတိုင်းတစ်ပါးရွာသို့သွားနေအံ့၊ ရဟန်းလည်း ပထမဆိုက်ရာ ရွာ၌ပင်နေလိုအံ့၊ လှေသွားသော်လည်း ထိုအရပ်၌ပင်နေ၍ ပဝါရဏာရဟန်းတို့နှင့်ပြု။]

သတိပြုရန်

[ဣတိ ဝဇေ သတ္တေ နာဝါယန္တိ တီသု ဌာနေသု နတ္ထိ ဝဿစ္ဆေဒေ အာပတ္တိ။ ပဝါရေတုဉ္စ လဘတိ။ ပုရိမေသု ပန "ဝါဠေဟိ ဥပဒ္ဒုတာ ဟောန္တိ"တိ အာဒီသု သံဃဘေဒပရိယန္တေသု ဝတ္ထူသု ကေဝလံ အနာပတ္တိ ဟောတိ၊ ပဝါရေတုံ ပန န လဘတိ။] **(ဌ၊ စာ-၃၉၄)**

သတ္တော ဒုဝိဓော ဋ္ဌိတော သဥ္စာရော စာတိ၊ တတ္ထ ဋ္ဌိတေ ကုဋိကာယ "ဣမ ဝဿံ ဥပေမီ"တိ ဝတွာ ဝသိတဗ္ဗံ၊ ဣဒဗ္ဗိ သန္ဓာယ "အနုဇာနာမိ ဘိက္ခဝေ သတ္တေ ဝဿံ ဥပဂန္တု"န္တိ ဝုတ္တံ။ သဥ္စာရိမှိ ပန သတ္တေ ကုဋိကာယ အဘာဝတော ဝဿံ ဥပဂန္တုံ န ဝဋ္ဋတိ၊ သတိ သိဝိကာယ ဝါ သကဋကုဋိကာယ ဝါ ဝဋ္ဋတိ။ သတ္တေ ပန ဝဿံ ဥပဂန္တုံ န ဝဋ္ဋတီတိ ကုဋိယာ အဘာဝကာလံ သန္ဓာယ ဝုတ္တံ။] **(ဋီ၊ စာ ၄၆၉၊ ၄၇၀)**

နွားခြံလှည်းလှေတို့၌ ဝါပြတ်ခြင်းကြောင့် အာပတ်မသင့်၊ ပဝါရဏာပြုခြင်းငှာလည်း အပ်၏ဟု အဋ္ဌကထာပြရာ၌ ဝါပြတ်သည်ကိုဆိုသောအရာမှာ ဝါဆိုရာအရပ်၌မနေမူ၍ တစ်ပါးသောအရပ်သို့ ပြောင်းခြင်းအမှုကို ရည်၍ဆိုသည်ဟု အဓိပ္ပာယ်ယူ။ **ခုဒ္ဒသိက္ခာဋီကာသစ်။ (ဆင်တဲ - ၂၄၁)**

ဝဇေန သဒ္ဒိံ ဂတဿ ဝဿစ္ဆေဒေ အနာပတ္တီတိ ဝဿစ္ဆေဒေါ န ဟောတီတိ ကိရ အဓိပ္ပာယော။ **(ဋီ၊ စာ-၄၆၉)**

ပဝါရဏာပြုအပ်ခြင်းအကြောင်း

ပဝါရေတုဉ္စ လဘတီတိ ဧတ္ထာယံ ဝိစာရဏာ - အနုဇာနာမိ ဘိက္ခဝေ ယေန ဝဇော တေန ဂန္တုန္တိ ဣဒံ ကိံ ဝဿရက္ခဏတ္ထံ ဝုတ္တံ ဥဒါဟု ဝဿစ္ဆေဒါပတ္တိရက္ခဏတ္ထန္တိ ။ ကိဥ္စေတ္ထ ယဒိ ဝဿရက္ခဏတ္ထံ၊ န ဘိက္ခဝေ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗန္တိ ဣဒံ ဝိရုဇ္ဈတိ၊ အထ ဝဿစ္ဆေဒါပတ္တိရက္ခဏတ္ထံ ဝုတ္တန္တိ သိဒ္ဓံ န သော ပဝါရေတုံ လဘတီတိ။ ကာ ပနေတ္ထ ယုတ္တိ၊ ယတော အယမေဝ တိဝိဓော ပဝါရေတုံ လဘတိ၊ နေတရော၊ ဝါဠေဟိ ဥပဒ္ဒုတာဒိကော ဟိ ဥပဂတဋ္ဌာနာပရိစ္စာဂါ လဘတိ၊ ပရိစ္စာဂါ န လဘတီတိ အယမေတ္ထ ယုတ္တိ။ ယေန ဂါမော တတ္ထ ဂတောပိ ပဝါရေတုံ လဘတီတိ ဧကေနာတိ အာစရိယော။ ယော ဟိ ပုဗ္ဗေ ဣမ ဝဿံ ဥပေမီတိ န ဥပဂတော၊ ဣမသ္မိံ ဝိဟာရေတိ ဥပဂတော၊ သော စ ပရိစ္စတ္တော၊ အညထာ ဝိနာ ဝိဟာရေန ကေဝလံ ဂါမံ သန္ဓာယ ဣမ ဝဿံ ဥပေမီတိ ဥပဂန္တုံ ဝဋ္ဋတီတိ၊ အာပဇ္ဇတူတိ စေ၊န၊ အနုဇာနာမိ ဘိက္ခဝေ ဝဇေ သတ္တေ နာဝါယ ဝဿံ ဥပဂန္တုန္တိ ဝစနံ ဝိယ ဂါမေ ဥပဂန္တုန္တိ ဝစနာဘာဝတော။ ယသ္မာ တီသု ဌာနေသု ဘိက္ခုနော နတ္ထိ ဝဿစ္ဆေဒေ အာပတ္တီတိ ဝစနံ တတ္ထ ဝဿူပဂမနံ အတ္ထီတိ ဒီပေတိ၊ တဒဘာဝေ ဆေဒါဘာဝါ၊ တသ္မာ သတ္တေ ပန ဝဿံ ဥပဂန္တုံ န ဝဋ္ဋတီတိ ကုဋိယာ အဘာဝကာလံ သန္ဓာယ ဝုတ္တန္တိ သိဒ္ဓံ။ **(ဋီ၊ စာ-၄၆၉၊ ၄၇၀)**

ဝဇ္ဇ သတ္တ နာဝါတို့၌သာ ဝဿူပဂမနရှိရကား ဝဇ သတ္တ နာဝါတို့ပြောင်းရာသို့လိုက်သဖြင့် ဝဿူပဂမန ရှိမြဲရှိရကား ဝဿစ္ဆေဒမရှိ။ ထို့ကြောင့် ပဝါရဏာပြုအပ်၏ဟု ယူဟန်ရှိ၏။

ဝဇ သတ္တ နာဝါတို့နှင့်အတူမသွားလည်း ပဝါရဏာပြုအပ်သော အရာ

တတိယ ဌာနေသု ဘိက္ခုနော နတ္ထိ ဝဿစ္ဆေဒေ အာပတ္တီတိ "တေဟိ သဒ္ဓိံ ဂစ္ဆန္တဿေဝ နတ္ထိ၊ ဝိရုဇ္ဈိတွာ ဂမနေ အာပတ္တိ စ၊ ပဝါရေတုဉ္စ န လဘတီ"တိ လိခိတံ၊ တသ္မာ ယံ ဝုတ္တံ အဋ္ဌကထာယံ "အထ သတ္ထော အန္တောဝဿေယေဝ ဘိက္ခုနာ ပတ္ထိတဋ္ဌာနံ ပတွာ အတိက္ကမတိ – ပ – အန္တရာ ကေသုဥ် ဂါမေ တိဋ္ဌတိ ဝါ ဝိပ္ပကိရတိ ဝါ"တိ အာဒိ၊ တံ သတ္တောဝတာ ဝိရုဇ္ဈိတွာ ဂတာနမ္ပိ ဝိရုဇ္ဈိတွာ ဂမနံ န ဟောတိ၊ တသ္မာ ပဝါရေတဗ္ဗန္တိ ဒဿနတ္ထန္တိ ဝေဒိတဗ္ဗံ။ **(ဝိ၊ ဝာ–၄၇၀)**

ဝါမကပ်သင့်သောနေရာများ [ဝါကပ်အံ့ - ဒုက္ကဋ်]

(၁) သစ်ခေါင်း [သစ်ခေါင်းသက်သက်၌သာမအပ်၊ ကြီးသော သစ်ခေါင်း၌ အတွင်း၌ ပျဉ်မိုး ကုဋီပြု၍ ဝင်ရာတံခါးတပ်၍ ဝါကပ်ခြင်းငှာကား အပ်၏။ သစ်ပင်ဖြတ်၍ သစ်ငုတ်တိုထက်၌ ပျဉ်မိုး ကုဋီပြု၍လည်း ကပ်မူအပ်သည်သာ။] အခေါင်းရှိရာ၌သာဖြတ်၍ အခေါင်းရှိသော သစ်ငုတ်ပေါ်၌သာ ကုဋီ ပြုရမည်ဟူ။ [တိ]

ကျောင်းအတွက် သစ်ပင်တက်ကောင်း၏

တတ္ထ ပဒရစ္ဆဒနံ ကုဋိံ ကတွာ ဥပဂန္တဗ္ဗန္တိ ဝစနတော သေနာသနတ္ထာယ ရုက္ခံ အာရုဟိတုံ ဝဋ္ဋတီတိ သိဒ္ဓံ ဟောတိ။ **(ဝိ၊ ဝာ–၄၇၀)**

(၂) သစ်ပင်ခွ (သစ်ပင်ခွသက်သက်မျှ၌သာ မအပ်၊ ကြီးသောသစ်ပင်ခွ၌သော်ကား ငြမ်းစင် ဖွဲ့၍ ထိုစင်၌ ပျဉ်မိုး ကုဋီပြု၍ ဝါကပ်အပ်၏။)

(၃) လွင်တီးခေါင်

(၄) ကျောင်းအိပ်ရာနေရာမရှိဘဲ

[အသေနာသနိကေနာတိ ယဿ ပဉ္စန္နံ ဆဒနာနံ အညတရေန ဆန္နံ ယောဇိတဒွါရဗန္ဓနံ သေနာသနံ နတ္ထိ၊ တေန န ဥပဂန္တဗ္ဗံ။] **(ဌ၊ ဝာ–၃၉၄)** ပဉ္စန္နံ ဆဒနာနန္တိ တိဏပဏ္ဏဣဋ္ဌကသိလာ သုဓာသင်္ခါတာနံ ပဉ္စန္နံ ဆဒနာနံ၊ ဣဒဉ္စ ယေဘုယျေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ၊ ရုက္ခာဒီသု ပဒရစ္ဆဒနာယပိ ကုဋိကာယ ဝဿူပဂမနဿ ဝုတ္တတ္တာ။ **(သာ၊ ဝာ–၂၈၃၊ ၂၈၄)**

(တသ္မာ) ဣဓ အသေနာသနိကော နာမ အတ္တနာ ဝါ ပရေန ဝါ အတ္တနော နိဗဒ္ဓဝါသတ္ထံ အပါပိတသေနာသနိကောတိ ဝေဒိတဗ္ဗံ။ **(ဝိ၊ ဝာ–၄၇၀)**

သာရတ္ထ ဆရာကား – နှုတ်မြွက်၍သာ ဝါမကပ်အပ်၊ အာလယမျှကားပြုအပ်၏ဟူသော ဝါဒကို ပါဠိတော်၌ သာမညဟောတော်မူခြင်း၊ ဒုတိယ ပါရာဇိကအဖွင့်အဋ္ဌကထာ၌ အပ်သောနည်းဖြင့် ကျောင်းရအောင်ရှာ၍ ဝါကပ်အပ်သည်ကို မြဲမြဲစွာဆိုခြင်းတို့ကြောင့် နာဝါ–စသည်မှအပ အသေနာသနိကဖြစ်မူ အာလယမျှပြုခြင်းလည်းမအပ်ဟု ပယ်တော်မူ၏။ ဝဇီရဗုဒ္ဓိဋီကာရှင်ကား နှုတ်မြွက်ခြင်းကိုသာ ပယ်သည်။ အာလယမျှပြုခြင်းကို မပယ်ဟုဆို၏။

(၅) သူသေကောင်ထားရာတဲ [ဆဝကုဋိကာ နာမ ဋင်္ကိတမဉ္စာဒိဘေဒါ ကုဋိ၊ တတ္ထ ဥပဂန္တုံ န ဝဋ္ဋတိ၊ သုသာနေ ပန အညံ ကုဋိကံ ကတွာ ဥပဂန္တုံ ဝဋ္ဋတိ။ **(ဋ္ဌ၊ စာ–၃၅၄)**(ရွှေဥမင်မူ၌ နဝဋ္ဋတိပင်ရှိ၏။)

ဋင်္ကိတမဉ္စော နာမ ဒီဃေ မဉ္စပါဒေ မဇ္ဈေ ဝိဇ္ဈိတွာ အဋနိယော ပဝေသေတွာ ကတော မဉ္စော၊ တဿ ဥပရိ ကုဋံ ပေဟဒ္ဒတိ နတ္ထိ၊ ပရိဝတ္တေတွာ အတ္ထတောပိ တာဒိသောဝ ဟောတိ၊ တံ သုသာနေ ဒေဝဋ္ဌာနေ စ ဌပေန္တိ၊ စတုန္နံ ပါသာဏာနံ ဥပရိ ပါသာဏံ အတ္ထရိတွာ ကတံ ဂေဟမ္ပိ "ဋင်္ကိတမဉ္စော" တိ ဝုစ္စတိ။ **(သာ၊ စာ–၂၈၄၊ တီ၊ စာ–၁၃၈)**

ဆဝသရီရံ ဒဟိတွာ ဆာရိကာယ အဋ္ဌိကာနဉ္စ အတ္ထာယ ကုဋိကာ ကရိယတီတိ အန္ဓကဋ္ဌကထာဝစနံ "ဋင်္ကိတမဉ္စောတိ ကသိကုဋိကာပါသာဏဃရ"န္တိ လိခိတံ။ **(ဝိ၊ စာ–၄၇၁)**

(၆) ထီး [ဆတ္တေပိ စတူသု ထမ္ဘေသု ဆတ္တံ ဌပေတွာ အာဝရဏံ ကတွာ ဒွါရံ ယောဇေတွာ ဥပဂန္တုံ ဝဋ္ဋတိ၊ ဆတ္တကုဋိကာနာမေသာ ဟောတိ။] **(ဋ္ဌ၊ စာ–၃၅၄)**

(၇) အိုးစရည်းကြီး [ဆတ္တောပိ မဟန္တေန ကပလ္လေန (မီးမယ်ဖျူ–အိုးအုံလည်းဟူ) ဆတ္တေ ဝုတ္တနယေန ကုဋိံ ကတွာ ဥပဂန္တုံ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ–၃၅၄)**

မတရားသော ကတိကဝတ်

ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်ဟု ကတိကဝတ်ကိုပြုသောရဟန်းအား ဒုက္ကဋ်။ မဟာဝိဘင်္ဂေ ဝုတ္တန္တိ စတုတ္ထပါရာဇိကသံဝဏ္ဏနာယံ "ယော ဣမမှာ အာဝါသာ ပဌမံ ပက္ကမိဿတိ၊ တံ မယံ အရဟာတိ ဇာနိဿာမာ"တိ ဧွံ ဒဿိတံ အဓမ္မိကကတိကဝတ္တလက္ခဏံ သန္ဓာယ ဝဒတိ၊ ပရတောပိ သေနာသနက္ခန္ဓကဝဏ္ဏနာယံ အဓမ္မိကံ ကတိကဝတ္တံ အာဝိ ဘဝိဿတိယေဝ။ **(သာ၊ စာ–၂၈၄)**

အန္ဓကဋ္ဌကထာ၌လာသော မတရားသော ကတိကဝတ်

အယံ အန္ဓကဋ္ဌကထာဝစနံ – ဦနပန္နရသဝဿေန သာမဏေရေန ဣဓ ဝိဟာရေ န ဝတ္တဗ္ဗာ၊ န ပံသုကူလံ အာဟိဏ္ဍိတဗ္ဗံ၊ န စောဠဘိက္ခာ ဂဟေတဗ္ဗာ၊ န အညဝိဟာရေ ဘုဉ္ဇိတဗ္ဗံ၊ န အညဿ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ သန္တကံ ဘုဉ္ဇိတဗ္ဗံ၊ အညမညံ နေဝ အာလပေယျာမ၊ န သလ္လပေယျာမ၊ န သဇ္ဈာယိတဗ္ဗံ၊ မတ္တိကာပတ္တေန ဝဋ္ဋတိ၊ န အပရိပုဏ္ဏပရိက္ခာရဿ ဝါသောတိ။ **(ဝိ၊ စာ–၄၇၁)**

ဝန်ခံရာ၌ ဒုက္ကဋ် အာပတ်

(၁) ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏။ လာဘ်ပေါသော နောက်နောက်ကျောင်းတို့၌ ဝါဆို၏၊ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်သင့်၏။ [ဤဆွမ်းကို ဤသုံးလ ပတ်လုံးခံယူပါ၊ ငါတို့နှစ်ဦး ဤ၌ဝါကပ်ကုန်အံ့၊ တစ်ပေါင်းတည်း ပါဠိသင်ကုန်အံ့ စသည်ဖြင့်လည်း ဝန်ခံရာ၌ ဒုက္ကဋ်ပင်။ ပထမသုဒ္ဓစိတ်ဖြင့်ဝန်ခံမူ နောက်ပိုင်း ဝိသံဝါဒနပစ္စယကြောင့်သာ ဒုက္ကဋ် အသုဒ္ဓစိတ်၌ကား ဝန်ခံရာ၌ ပါစိတ် ဝိသံဝါဒန၌ ဒုက္ကဋ်။

ယသ္မာ နာနာသီမာယံ ဒွီသု အာဝါသေသု ဝသံ ဝသန္တဿ ဒုတိယေ "ဝသာမီ"တိ စိတ္တေ ဥပ္ပန္နေ ပဌမသေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ၊ ပုန ပဌမေယေဝ "ဝသာမီ"တိ စိတ္တေ ဥပ္ပန္နေ ဒုတိယော ပဋိပ္ပဿမ္ဘတိ၊ တသ္မာ တဿ ဘိက္ခုဝေ ဘိက္ခုနော ပုရိမိကာ စ န ပညာယတီတိ ဝုတ္တံ။ **(သာ၊ စ–၂၈၅)**

ယသ္မာ နာနာသီမာယံ ဒွီသု အာဝါသေသု ဝသံ ဥပဂစ္ဆန္တဿ "ဒုတိယေ ဝသိဿာမီ"တိ ဥပစာရတော နိက္ခန္တမတ္တေ ပဌမော သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ၊ တသ္မာ ပါဠိယံ "တဿ ဘိက္ခုဝေ ဘိက္ခုနော ပုရိမိကာ စ န ပညာယတိ"တိ ပဌမံ သေနာသနဂ္ဂါဟံ သန္ဓာယ ဝုတ္တံ၊ ဒုတိယေ သေနာသနဂ္ဂါဟေ ပန ပုရိမိကာ ပညာယတေဝ၊ တတ္ထေဝ တေမာသံ ဝသန္တော ပုရိမဝဿံဝုတ္ထော ဝေ ဟောတိ၊ တတော ဝါ ပန ဒုတိယဒိဝသာဒီသု "ပဌမသေနာသနေ ဝသိဿာမီ"တိ ဥပစာရာတိက္ကမေ ပုရိမိကာပိ န ပညာယတီတိ ဒဋ္ဌဗ္ဗံ။ **(တိ၊ စ–၁၃၈၊ ၁၃၉)**

(၂) ပုရိမဝါ၌ ဝါဆိုကျောင်းကိုဝန်ခံထား၏။ ထိုကျောင်းသို့သွားသည်ရှိသော် ပြင်ပ၌ဥပုသ်ပြု၏။ အထွက်တစ်ရက်နေ့၌ ကျောင်းသို့ကပ်၍ အိပ်ရာနေရာခင်း၍ ဝါဆိုရန် ပုဗ္ဗကိစ္စပြု၍ ပြီးမှ သတ္တာဟ ကရဏီယမပြုဘဲ ဖဲသွားအံ့၊ ပုရိမဝါလည်းမထင် ဝန်ခံခြင်းကြောင့်လည်းဒုက္ကဋ်၊ (ဤဝါရကား ဝါလည်း မဆို၊ သတ္တာဟလည်းမပြု၊ နိရပေက္ခသွားသည်ကိုရည်၍ ဟောတော်မူသည်)

[သော တဒဟေဝ အကရဏီယောတိအာဒီသု သစေ ဝသံ အနုပဂန္တွာ ဝါ ပက္ကမတိ၊ ဥပဂန္တွာ ဝါ သတ္တာဟံ ဗဟိဒ္ဓါ ဝီတိနာမေတိ၊ ပုရိမိကာ စ န ပညာယတိ၊ ပဋိဿဝေ စ အာပတ္တိ။ ဝသံ ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ သတ္တာဟကရဏီယေန ပက္ကမန္တဿာပိ အန္တောသတ္တာဟေ နိဝတ္တန္တဿ အနာပတ္တိ **(ဌ၊ စ–၃၅၅)**]

(၃) –၂–နှင့်တူ။ ထိုနေ့ပင် သတ္တာဟကရဏီယပြု၍ ဖဲသွားအံ့၊ ပုရိမဝါလည်းမထင်၊ ဝန်ခံခြင်း ကြောင့်လည်း ဒုက္ကဋ်၊ [ဤဝါရကား ဝါလည်းမဆို သတ္တာဟသာပြု၍ နိရပေက္ခသွားသည်ကိုရည်၍ ဟော တော်မူသည်။

(၄) – တူ – ။ နှစ်ရက်သုံးရက် နေပြီး၍ သတ္တာဟ မပြုဘဲဖဲသွားအံ့။ (ဤဝါရကား ဝါဆို၏ သတ္တာဟမပြုဘဲ နိရပေက္ခသွားသည်ကိုရည်၍ မိန့်တော်မူသည်။

သတိမေ့၍ ဝါမကပ်မိသော်လည်း ဝါကပ်သည်ပင်

[ဒွီဟတီဟံ ဝသိတွာတိ ဧတ္ထာပိ နိရပေက္ခေနေဝ ဥပစာရာတိက္ကမေ ဝဿစ္ဆေဒေါ ဝေဒိတဗ္ဗော။ သစေ ဣဓ ဝသိဿာမီတိ အာလယော အတ္ထိ၊ အသတိယာ ပန ဝဿံ န ဥပေတိ၊ ဂဟိတသေနာသနံ သုဂ္ဂဟိတံ၊ ဆိန္နဝဿော န ဟောတိ၊ ပဝါရေတုံ လဘတိယေဝ။] **(မ၊ ဌ–၃၅၅)**

(၅) – တူ – ။ နှစ်ရက်သုံးရက် နေပြီး၍ သတ္တာဟကရဏီယပြု၍ ဖဲသွားအံ့။ ဤဝါရကားဝါလည်းဆို၏။ သတ္တာဟလည်းပြု၏။ နိရပေက္ခဖဲသွားသည်ကိုရည်၍ ဟောတော်မူသည်။

(၆) – နှစ်ရက်သုံးရက်နေပြီး၍ သတ္တာဟကရဏီယပြု၍ ဖဲသွားအံ့၊ သတ္တာဟကရဏီယကို ပြင်ပ၌ လွန်စေအံ့၊ (ဝါလည်းဆို၏။ သတ္တာဟကရဏီယလည်းပြု၏။ သာပေက္ခအားဖြင့်လည်းသွား၏။ ခုနစ်ရက် အတွင်း မပြန်နိုင်သောကြောင့် ဝဿစ္ဆေဒဖြစ်သည်ကို ရည်ရွယ်၍မိန့်တော်မူသည်။)

* (၇) – နှစ်ရက် သုံးရက်နေပြီး၍ သတ္တာဟပြု၍ ဖဲသွားအံ့၊ ခုနစ်ရက်အတွင်းပြန်လာအံ့၊ ပုရိမဝါလည်း ထင်၏။ ဝန်ခံခြင်းကြောင့်လည်း အာပတ်မသင့်။

* (၈) – ထိုရဟန်းသည် ခုနစ်ရက်ဖြင့် မရောက်သေးသော မဟာပဝါရဏာနေ့၌ (သီတင်းကျွတ် လဆန်း(၉)ရက်နေ့၌) သတ္တာဟကရဏီယပြု၍ ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုကျောင်းသို့လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ထိုရဟန်းအား ပုရိမဝါသည်လည်းထင်၏။ ဝန်ခံခြင်းကြောင့်လည်း အာပတ်မသင့်။

သတ္တာဟကရဏီယ မရှိလျှင် မအပ်

ပါဠိယံ သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတီတိ ဝုတ္တတ္တာ ပဝါရဏာဒိဝသေပိ သတ္တာဟကရဏီယံ ဝိနာ ဂန္တုံ န ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ **(တီ၊ ဌ–၁၇၉)**။ ။ ဧတ္ထ စ အကရဏီယော ပက္ကမတီတိ ဒုတိယဝါရဿ အနာဂတတ္တာ နဝမိတော ပဋ္ဌာယ ဂန္တုကာမေနပိ သတိယောဝ ကရဏီယေ ဂန္တဗ္ဗံ၊ နာသတီတိ ဒဋ္ဌဗ္ဗံ၊ **(သာ၊ ဌ–၂၈၅)**

ဝဇီရဗုဒ္ဓိကား အကြောင်းကင်းသော်လည်း အပ်၏ဟူ

တတ္ထ အကရဏီယော ပက္ကမတီတိ ဝစနာဘာဝါ ဝိနာ ရတ္တိစ္ဆေဒကာရဏေန ဂန္တုံ န ဝဋ္ဋတီတိ သိဒ္ဓံ။ **(ဇိ၊ ဌ–၄၇၂)**

ပဝါရဏာ ပြုပြီးလျှင်လည်း သွားနိုင်သည်

ပဝါရေတွာ ပန ဂန္တုံ ဝဋ္ဋတိ၊ ပဝါရဏာယ တံဒိဝသသန္နိဿိတတ္တာ၊ တတ္ထ န ဝါ အာဂစ္ဆေယျာတိ အန္တရာယေန။ အာစရိယော ပန "န ပုန ဣဓာဂစ္ဆာမိ"တိ နိရပေက္ခောပိ သကရဏီယောဝ ဂန္တုံ လဘတီတိ ဒဿနတ္ထံ အကရဏီယောတိ န ဝုတ္တန္တိ ဝဒတိ။ **(ဇိ၊ ဌ–၄၇၂)**

သီဟိုဠ်၌ ဖြစ်ခဲ့သော ရေးထုံးတစ်ရပ်

''သီဟဠဒီပေ ကိရ စူဠပဝါရဏာ နာမ အတ္ထိ၊ တံ ပဝါရဏံ ကတွာ ယထာသုခံ သကရဏီယာ ဂစ္ဆန္တိ၊ ပယောဂစ္ဆ ဒသေန္တိ''တိ ဝုတ္တံ၊ တတ္ထ ''ဆ အရုဏာ အန္တောဝသေ ဟောန္တိ၊ ကော ဗဟိ၊ တသ္မာ သော တေမာသံ ဝုတ္ထော ဟောတီတိ အပရေ''တိ စ၊ ''အာစရိယော ပေ န ဝဒတီ''တိ စ ဝုတ္တံ။ **(ဝိ၊ စာ-၄၅၂၊၄၅၃)**

(၉)ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏။ ထိုကျောင်းသို့သွား၍ ဥပုသ်ပြု၏။ အထွက်တစ်ရက်နေ့၌ ကျောင်းသို့ကပ်အံ့၊ ......။ ဤသို့ ဥပုသ်ပြုသည်၏အစွမ်းဖြင့် (၂-မှ ၈ တိုင်အောင် အလားတူ) (၇)ဝါရလာ၏။ ပေါင်းသော် ပုရိမဝါ၌ (၁၄) ဝါရလာ၏။ ပစ္ဆိမဝါ၌ အလားတူ (၁၄) ဝါရလာ၏။ ပေါင်း (၂၈) ဝါရ မူလနံပါတ် (၁)ဝါရနှင့် ပေါင်းသော် (၂၉) ဝါရလာ၏။

ဝိမတိဆရာကား - ပဝါရဏာဒိဝသောပိ တေမာသပရိယာပန္နော၀ **(တိ-ပ-စာ-၁၆၄)** စသည်ဖြင့် ပဝါရဏာရက်လည်း တေမာသ၌အကျုံးဝင်ရကား မြစ်စွာဘုရားကလည်း တေမာသပတ်လုံးဝါကပ်ခြင်းကို ပညတ်တော်မူရကား၊ တေမာသပြည့်မှသာ ဝါမှထသည်။ သို့အတွက် သတ္တာဟကရဏီယကင်း၍ ပဝါရဏာနေ့၌သွားလျှင် ဝဿစ္ဆေဒလည်းဖြစ်၍ ဒုက္ကဋ်လည်းသင့်၏စသည်ဖြင့် ဒုတိယ ပါရာဇိကအဖွင့်၌ ရှည်လျားစွာ သတိပေးတော်မူသည်။

၄–ပဝါရဏာက္ခန္ဓက

ပဝါရဏာကို ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါးတွင်းသုံးလပတ်လုံး စကားမဆိုသောအကျင့်ကို ဆောက်တည်ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍ တိတ္ထိတို့ဆောက်တည် အပ်သော စကားမဆိုသောအကျင့်ကို ဆောက်တည်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပညတ် တော်မူသည်။ ဝါမှထသော ရဟန်းတို့အား ပဝါရဏာကို ခွင့်ပြုတော်မူသည်။ ထိုသို့ ပဝါရဏာကိုပြုခြင်း ဖြင့် သင်တို့အတွက် အချင်းချင်းလိုက်လျောခြင်းအာပတ်မှ ထမြောက်စေခြင်း ဝိနည်းကို ရှေးရှုခြင်းဖြစ် လတ္တံ့ဟု မိန့်တော်မူသည်။

ပဝါရဏာ၌ ဥတ်ထားပုံ အမျိုးအစား

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျာ တိ အယံ သဗ္ဗသင်္ဂါဟိကာ နာမ ဉတ္တိ။ ဝေဠု ဝုတ္တေ တေဝါစိကံ ဒွေဝါစိကံ ဧကဝါစိကဥ္စ ပဝါရေတုံ ဝဋ္ဋတိ။ သမာနဝဿိကံ န ဝဋ္ဋတိ။ တေဝါစိကံ ပဝါရေယျာတိ ဝုတ္တေ ပန တေဝါစိကမေဝ ဝဋ္ဋတိ အညံ န ဝဋ္ဋတိ။ ဒွေဝါစိကံ ပဝါရေယျာတိ ဝုတ္တေ ဒွေဝါစိကဥ္စ တေဝါစိကဥ္စ ဝဋ္ဋတိ၊ ဧကဝါစိကဥ္စ သမာနဝဿိကဥ္စ န ဝဋ္ဋတိ။ ဧကဝါစိကံ ပဝါရေယျာတိ ဝုတ္တေ ပန ဧကဝါစိကဒွေဝါစိကတေဝါစိကာနိ ဝဋ္ဋန္တိ၊ သမာနဝဿိက မေဝ န ဝဋ္ဋတိ၊ သမာနဝဿိကန္တိ ဝုတ္တေ သဗ္ဗံ ဝဋ္ဋတိ။ [အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီဟု ထည့်] **(ဋ၊ စာ–၃၅၆)**

အားလုံးဆောင့်ကြောင့်ထိုင်ရမည်

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ – မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာပြုစဉ် နေရာတို့၌ မနေအပ်၊ နေသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပညတ်တော်မူသည်။ အားလုံးသောရဟန်းတို့သည်ပင်လျှင် ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာပြုခြင်းငှာ ခွင့်ပြု၏။ တစ်ဖန် ပြီးသည်တိုင်အောင် ထိုင်နေရသဖြင့် မူးဝေလဲကျသော အိုမင်းမစွမ်းမထေရ်ကြီးတစ်ပါးကိုအကြောင်းပြု၍ မိမိပဝါရဏာပြုစဉ်အတွင်း ဆောင့်ကြောင့်ထိုင်နေခြင်းငှာ၊ ပဝါရဏာပြုပြီးသည့်နောက် နေရာ၌ ထိုင်နေခြင်းငှာ

ခွင့်ပြုတော်မူပြန်သည်။ (သံဃာထေရ်ကြီးလက်အုပ်ချီရာ၌ တရားတော်ကို ရိုသေသောအားဖြင့် ချီသည်။ သီတင်းငယ်များကို ရှိခိုးသည်မဟုတ်ဟုမှတ်။)

တိုက်တွန်းခြင်း

သံဃော ဘန္တေ ထေရံ ပဝါရဏာဥတ္တိံဌပနံ အဇ္ဈေသတိ၊ ဌပေတု ဘန္တေ ထေရော ပဝါရဏာဥတ္တိံ၊ ဒုတိယမ္ပိ တတိယမ္ပိ ဘန္တေ သံဃော ၊~၊ ဥတ္တိံ။

သံဃော အာဝုသော အာယသ္မန္တံ ပဝါရဏာဥတ္တိံဌပနံ အဇ္ဈေသတိ၊ ဌပေတု အာယသ္မာ ပဝါရဏာဥတ္တိံ၊ ဒုတိယမ္ပိ တတိယမ္ပိ ဘန္တေ သံဃော ၊~၊ ဥတ္တိံ။ (လေးပါး လေးပါးအောက်၌ကား ဤအရာဝယ် သံဃာအလယ် မဟုတ်သောကြောင့် အာပတ်မှလွတ်လောက်ပါ၏ဟူ **(သာရ၊ စာ–၃၅၉)**

ပဝါရဏာ အပြားစသည်

စာတုဒ္ဒသီပဝါရဏာ ပန္နရသီပဝါရဏာ ဟူ၍နှစ်မျိုး၊ အဓမ္မေန ဝဂ္ဂကံ၊ အဓမ္မေန သမဂ္ဂကံ၊ ဓမ္မေန ဝဂ္ဂကံ၊ ဓမ္မေန သမဂ္ဂကံဟု လေးမျိုးတွင် နောက်ဆုံး တစ်မျိုးသာခွင့်ပြု၏။

ပကတိစာရိတ္တ ပဝါရဏာ

ဒွေမာ ဘိက္ခဝေ ပဝါရဏာ စာတုဒ္ဒသိကာ စ ပန္နရသိကာ စာတိ ဧတ္ထ ပုရိမဝဿံဝုတ္ထာနံ ပုဗ္ဗကတ္တိကပုဏ္ဏမာ၊ တေသံယေဝ သစေ ဘဏ္ဍနကာရကေဟိ ဥပဒ္ဒုတာ ပဝါရဏံ ပစ္စုက္ကဍ္ဍန္တိ။ အထ ကတ္တိကမာသဿ ကာဠပက္ခစာတုဒ္ဒသော ဝါ ပစ္ဆိမကတ္တိကပုဏ္ဏမာ ဝါ၊ ပစ္ဆိမဝဿံဝုတ္ထာနဉ္စ ပစ္ဆိမကတ္တိကပုဏ္ဏမာ ဝေဝါတိ ဣမေ တယော ပဝါရဏာဒိဝသာတိ ဝေဒိတဗ္ဗာ၊ ဣဒဉ္စ ပကတိစာရိတ္တဝသေန ဝုတ္တံ။ **(သာ၊ စာ–၂၈၈)**

မဟာဝိဟာရဝါသီထုံး

တထာရူပပစ္စယေ ပန သတိ ဒွိန္နံ ကတ္တိကပုဏ္ဏမာနံ ပုရိမေသု စာတုဒ္ဒသေသုပိ ပဝါရဏံ ကာတုံ ဝဋ္ဋတိ၊ တေနေဝ မဟာဝိဟာရေ ဘိက္ခူ စာတုဒ္ဒသိယာ ပဝါရေတွာ ပန္နရသိယာ ကာယသာမဂ္ဂိံ ဒေန္တိ၊ စေတိယဂိရိမဟာဒဿနတ္ထမ္ပိ အဋ္ဌမိယာ ဂစ္ဆန္တိ၊ တမ္ပိ စာတုဒ္ဒသိယံ ပဝါရေတုကာမာနညေဝ ဟောတိ။ **(သာ၊ စာ–၂၈၈)**

ဒွေမာ ဘိက္ခဝေ ပဝါရဏာတိ ဧတ္ထ တာဒိသေ ကိစ္စေ သတိ ယတ္ထ ကတ္ထစိ ပဝါရေတုံ ဝဋ္ဋတိ၊ တေနေဝ မဟာဝိဟာရေ ဘိက္ခူ စာတုဒ္ဒသိယံ ပဝါရေတွာ ပန္နရသိယံ ကာယသာမဂ္ဂိံ ကလျာဏိပိ ဒေန္တိ။ စေတိယဂိရိမဟာဒဿနတ္ထမ္ပိ အဋ္ဌမိယံ ဂစ္ဆန္တိ၊ တမ္ပိ စာတုဒ္ဒသိယံ ပဝါရေတုကာမာနံယေဝ ဟောတိ၊

သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတိ၊ အနာပတ္တီတိ ဝစနတော ဣဒံ အာစိဏ္ဏန္တိ လိခိတံ။ **(ဓီ၊ စာ-၄၇၄)**

ဥပေါသထက္ခန္ဓကဌ်- သစေ ကေသ္မိ ဝိဟာရေ စတူသု ဘိက္ခူသု ဝသန္တေသု **(ဌ၊ စာ-၃၃၈)**စသည် ဖြင့်ဖွင့်၍ ဤ၌ ပဝါရဏာကမ္မေသု သစေ ကေသ္မိ ဝိဟာရေ ပဥ္စသု ဘိက္ခူသု ဝသန္တေသု **(ဌ၊ စာ-၃၅၇)** စသည်ဖြင့် (၄ ပါး၊ ၅ပါး သာထူးခြားသည်) အဓိပ္ပာယ်မှာ တူသည်ဖြစ်၍ အဓမ္မကံစသည်ကို အလားတူသိ။

ဥပုသ် ပဝါရဏာခေတ်ကို ဂါမဖြင့် ပိုင်းခြားခြင်းသည် မသင့်၊ ကေသ္မိ ဝိဟာရေဟူသာ ဝိဟာရ သဒ္ဒါဖြင့် အဌကထာဆရာဆိုခြင်းကြောင့် ဝိဟာရဖြင့်သာ တစ်သိမ်တည်းမတည်ကြသော် ပိုင်းခြားသင့်၏။ မဟာသိမ်ကဲ့သို့သော တစ်သိမ်တည်း၌တည်သော ကျောင်းတိုက်အများဖြစ်မူ၊ ဝိဟာရဖြင့်မပိုင်းခြားပဲ သီမ ဖြင့် ပိုင်းခြားသင့်၏။

ပဝါရဏာပေးခြင်းကို ခွင့်ပြုခြင်း

[ဒိန္နာ ဟောတိ ပဝါရဏာတိဣမ္မေ ဓဝံ ဒိန္နာယ ပဝါရဏာယ ပဝါရဏာဟာရကေန သံဃံ ဥပသင်္ကမိတွာ ဧဝံ ပဝါရေတဗ္ဗံ ''တိဿော ဘန္တေ ဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယဝါ၊ ဝဒတု တံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ ဘန္တေ တိဿော ဘိက္ခုသံဃံ ပဝါရေတိ၊ - ပ - ပဋိကရိဿတီတိ။ သစေ ပန ဝုၰတရော ဟောတိ အာယသ္မာ ဘန္တေ တိဿောတိ ဝတ္တဗ္ဗံ၊ ဧဝဉ္ဟိ တေန တဿတ္ထာယ ပဝါရိတံ ဟောတိ။] **(ဌ၊ စာ-၃၅၇)**

ပဝါရဏာပေးသော ရဟန်းအား ဆန္ဒကိုလည်းပေးရန် ခွင့်ပြုတော်မူ၏။

[ပဝါရဏာဒိဝသေ ပန ဗဟိသီမာယံ ပဝါရဏံ အဓိဋ္ဌဟိတွာ အာဂတေနပိ ဆန္ဒော ဒါတဗ္ဗော၊ တေန သံဃဿ ပဝါရဏာကမ္မံ န ကုပ္ပတိ။] **(ဌ၊ စာ-၃၅၈)**

အနာပတ္တိ ပန္နရသကာဒိကထာ

[ပုန ပဝါရေတဗ္ဗန္တိ ပုန ပုဗ္ဗကိစ္စံ ကတွာ ဉတ္တိံ ဌပေတွာ သံဃတ္ထေရတော ပဌာယ ပဝါရေတဗ္ဗံ။ **(ဌ၊ စာ-၃၅၈)**

(၁) ပုန ပဝါရေတဗ္ဗန္တိ ပုနပိ သဗ္ဗေဟိ သမာဂန္တွာ ပဝါရေတဗ္ဗံ **(ဓီ၊ စာ-၄၇၄၊ ၄၇၅)**

(၂) အာဂစ္ဆန္တိ သမသမာ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ ''ဂတေ အနာနေတွာ နိသိန္နာနံယေဝ သန္တိကေ ပဝါရေတဗ္ဗံ၊ ဥပေါသထက္ခန္ဓကေပိ ဧသေဝ နယောတိ လိခိတံ။ **(ဓီ၊ စာ-၄၇၅)**

(၃) သဗ္ဗာယ ဝုဋ္ဌိတာယ ပရိသာယ အာဂစ္ဆန္တိ သမသမာ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ ယဒိ သဗ္ဗေ ဝုဋ္ဌဟိတွာ ဂတာ၊ သန္နိပါတေတုဥ္စ န သက္ကာ၊ ကေစ္စေ သန္နိပါတာပေတွာ ပဝါရေတုံ ဝဋ္ဋတီတိ ဝဒန္တိ၊ ကသ္မာ၊ ဉတ္တိံ ဌပေတွာ ကတ္တဗ္ဗသံဃကမ္မာဘာဝါ ဝဂ္ဂံ န ဟောတိ ကိရ။ ထွေ ပန ကေစ္စေသု ဂတေသုပိ သဗ္ဗေသု ဂတေသုပိ သဗ္ဗေ သန္နိပါတာပေတွာ ဉတ္တိံ အဌပေတွာ ကေဝလံ ပဝါရေတဗ္ဗံ။

ကေစ္စေ သန္တိပါတာပေတွာ ပဝါရေတုံ န ဝဋ္ဋတိ၊ ''သံဃံ ဘန္တေ ပဝါရေမိ''တိ ဝစနတော သဗ္ဗေပိ ဟိ သန္တိပတိကာ ပစ္စာ ဒိဋ္ဌေ ဝါ သုတံ ဝါ ပရိသင်္ကိတံ ဝါ ဝတ္တာရော ဟောန္တိ။ အနာဂတာနံ အတ္တိဘာဝံ ဥတ္တွာပိ ကေစ္စာနံ သန္တိကေ ပဝါရဏာဝစနံ ဝိယ ဟောတိ။ သမ္ဗုဒ္ဓိဘူတေ စတ္တာရော သန္တိပါတာပေတွာ နိဿဂ္ဂိယံ အာပန္နစီဝရာဒိနိဿဇ္ဇနံ ဝိယ ပဝါရဏာ န ဟောတိ သဗ္ဗာယတ္တတ္တာ။ သမဂ္ဂါနံ ပဝါရဏာ ပညတ္တာတိဝစနဋ္ဌေတ္ထ သာဓကံ၊ ဉတ္တော အညထာ န ဝဋ္ဋတိ၊ အဋ္ဌကထာယံ အနနုညာတတ္တာတိ ဥပတိဿတ္ထေရော ဝဒတိ။ **(ဇီ၊ စာ–၄၇၅)**

သာရတ္ထဆရာယူသောဝါဒ

သဗ္ဗာယ ဝုဋ္ဌိတာယ ပရိသာယ အာဂစ္ဆန္တိ သမသမာ၊ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ ယဒိ သဗ္ဗေ ဝုဋ္ဌဟိတွာ ဂတာ၊ သန္တိပါတေတုဥ္စ န သက္ကာ၊ ကေစ္စေ သန္တိပါတေတွာ ပဝါရေတုံ ဝဋ္ဋတိ၊ ဉတ္တိံ ဋ္ဌပေတွာ ကတ္တဗ္ဗသံဃကမ္မာဘာဝါ ဝဂ္ဂံ န ဟောတိ၊ ဥပေါသထေပိ ဧသေဝ နယော။ **(သာ၊ စာ–၂၈၈)**

ဗဒ္ဓသိမ်ပဉ်ပ ပါရိသုဒ္ဓိ ဥပုသ်ပြုအပ်၏

[မဟာမြိုင်ဆရာတော်]

ဤသာရတ္ထ ဆရာလက်ခံသော – ဉတ္တိံ ဋ္ဌပေတွာ ကတ္တဗ္ဗသံဃကမ္မာဘာဝါ ဝဂ္ဂံ န ဟောတိ၊ ဥပေါသထေပိ ဧသေဝနယော– ဟူသော စကားရပ်ကိုထောက်၍ ဗဒ္ဓသိမ်ပဉ်သော်လည်း (၂)ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းငှာ – ဉတ်မထားရသော ကံဖြစ်၍ ဂါမဉ္စတည်နေသော်လည်း ဝဂ်မဖြစ်သောကြောင့် –အပ်၏ဟု ယူသောဝါဒလည်း ရှိ၏။ (၃) ပါး ပါရိသုဒ္ဓိ ဥပုသ်ပြု၍လည်းရနိုင်၏။ (သုံးပါးဉတ်သည် ဂဏဉတ်သာဖြစ်၍ သံဃာဉတ်မဟုတ်သောကြောင့်ဟု ဆိုလိုဟန်ရှိ၏။) ဟု ယူသောဝါဒလည်း ရှိ၏။ ဤဝါဒကို လက်ခံနိုင်လျှင် အမိဋ္ဌာန်ဥပုသ်လည်း ပြုကောင်း၏ဟု ယူရန်ရှိ၏။

(၄) ''ထောကတရေဟိ တေသံ သန္တိကေ ပဝါရေတဗ္ဗံ ဉတ္တိံ အဋ္ဌပေတွာ ဝါတိ ဝုတ္တံ။ အာဂန္တုကာ နာမ နဝမိတော ပဋ္ဌာယာဂတာ ဝါ ဝဇသတ္တနာဝါသု ဝုဋ္ဌဝဿာ ဝါ ဟောန္တိ။ **(ဇီ၊ စာ–၄၇၅)**

[အာဂန္တုကေဟိ အာဝါသိကာနံ အနုဝတ္တိတဗ္ဗန္တိ အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီတိ တေဒေဝ ပုဗ္ဗကိစ္စံ ကာတဗ္ဗံ၊ ပန္နရသိကဝါရေပိ ဧသေဝ နယော။] **(ဌ၊ စာ–၃၅၈)**

ပါဋိပုတ္တက ဝိနိစ္ဆယ

အာဝါသိကေဟိ နိဿိမံ ဂန္တွာ ပဝါရေတဗ္ဗန္တိ အသဿာဝသာနေ အယံ ပါဋိပုတ္တကဝိနိစ္ဆယော - သစေ ပုရိမိကာယ ပဥ္စ ဘိက္ခူ ဝဿံ ဥပဂတာ၊ ပစ္ဆိမိကာယပိ ပဥ္စ၊ ပုရိမေဟိ ဉတ္တိံ ဋ္ဌပေတွာ ပဝါရိတေ ပစ္ဆိမေဟိ တေသံ သန္တိကေ ပါရိသုဒ္ဓိ ဥပေါသထော ကာတဗ္ဗော၊ န ကေသုဉ္စိ ဥပေါသထဂ္ဂေ ဒွေ ဉတ္တိယော ဋ္ဌပေတဗ္ဗာ၊ သစေပိ ပစ္ဆိမိကာယ ဥပဂတာ စတ္တာရော တယော ဒွေ ဧကော ဝါ ဟောတိ၊ ဧသေဝ

နယော။ အထ ပုရိမိကာယ စတ္တာရော ပစ္ဆိမိကာယပိ စတ္တာရော တယော ဒွေ ဧကော ဝါ၊ ဧသေဝ နယော၊ အထာပိ ပုရိမိကာယ တယော ပစ္ဆိမိကာယပိ တယော ဒွေ ဝါ၊ ဧသေဝ နယော။ ဣဒဉ္စေ ဗ္ဗ လက္ခဏံ သစေ ပုရိမိကာယ ဥပဂတေဟိ ပစ္ဆိမိကာယ ဥပဂတာ ထောကတရာ စေဝ ဟောန္တိ သမသမာ စ၊ သံဃပဝါရဏာယ ဂဏံ ပူရေန္တိ၊ သံဃပဝါရဏာဝသေန ဉတ္တိံ ဌပေတဗ္ဗာတိ။

သစေ ပန ပုရိမိကာယ တယော၊ ပစ္ဆိမိကာယ ဧကော ဟောတိ၊ တေန သဒ္ဓိံ တေ စတ္တာရော ဟောန္တိ၊ စတုန္နံ သံဃဉတ္တိံ ဌပေတွာ ပဝါရေတုံ န ဝဋ္ဋတိ၊ ဂဏဉတ္တိယာ ပန သော ဂဏပူရကော ဟောတိ။ တသ္မာ ဂဏဝသေန ဉတ္တိံ ဌပေတွာ ပုရိမေဟိ ပဝါရေတဗ္ဗံ၊ ဣတရေန တေသံ သန္တိကေ ပါရိသုဒ္ဓိ ဥပေါသထော ကာတဗ္ဗော။ သစေ ပုရိမိကာယ ဒွေ ပစ္ဆိမိကာယ ဒွေဝါ ဧကော ဝါ ဟောတိ၊ ဧသေဝ နယော။ သစေ ပုရိမိကာယ ဧကော ပစ္ဆိမိကာယပိ ဧကော ဟောတိ၊ ဧကေန ဧကဿ သန္တိကေ ပဝါရေတဗ္ဗံ၊ ဧကေန ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော။ သစေ ပန ပုရိမဝဿူပဂတေဟိ ပစ္ဆိမဝဿူပဂတာ ဧကေနပိ အဓိကတရာ ဟောန္တိ။ ပဌမံ ပါတိမောက္ခံ ဥဒ္ဒိသိတွာ ပစ္ဆာ ထောကတရေဟိ တေသံ သန္တိကေ ပဝါရေတဗ္ဗံ။

ကတ္တိကစာတုမာသိနိယာ ပဝါရဏာယ ပန သစေ ပဌမံ ဝဿူပဂတေဟိ မဟာပဝါရဏာယ ပဝါရိတေဟိ ပစ္ဆာ ဥပဂတာ အဓိကတရာ ဝါ သမသမာ ဝါ ဟောန္တိ၊ ပဝါရဏာဉတ္တိံ ဌပေတွာ ပဝါရေတဗ္ဗံ။ တေဟိ ပဝါရိတေ ပစ္ဆာ ဣတရေဟိ ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော။ အထ မဟာပဝါရဏာယ ပဝါရိတာ ဗဟူ ဘိက္ခူ ဟောန္တိ၊ ပစ္ဆိမဝဿူပဂတာ ထောကတရာ ဝါ ဧကော ဝါ၊ ပါတိမောက္ခေ ဥဒ္ဒိဋ္ဌေ ပစ္ဆာ တေသံ သန္တိကေ တေန ပဝါရေတဗ္ဗံ။ **(ဌ၊ စာ–၃၅၈၊ ၃၅၉)**

သာမဂ္ဂီ ပဝါရဏာရက်

[သာမဂ္ဂီပဝါရဏံ ကရောန္တေဟိ စ ပဌမပဝါရဏံ ဌပေတွာ ပါဋိပဒတော ပဋ္ဌာယ ယာဝကတ္တိက စာတုမာသိနီပုဏ္ဏမာ ဧတ္ထန္တရေ ကာတဗ္ဗာ၊ တတော ပစ္ဆာ ဝါ ပုရေ ဝါ န ဝဋ္ဋတိ။] **(ဌ၊ စာ–၃၅၉)** [ကောသမ္ဗီပြည် သံဃသာမဂ္ဂီမျိုးသာ။ အနည်းငယ်သော သာမဂ္ဂီ၌ကား ပဝါရဏာနေ့မှာပင် ပဝါရဏာပြုပါ ၏ဟူ၏]

ဒွေဝါစိက ပဝါရဏာစသည်

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (တေဝါစိကံ၊ ဒွေဝါစိကံ၊ ဧကဝါစိကံ၊ သမာနဝဿိကံ) ပဝါရေယျ။ **(ပါ၊ စာ–၂၂၃)**

လေးပါးဖြစ်အံ့ – သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တ ကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။ **(ပါ၊ စာ–၂၂၈)**

သုံးပါးဖြစ်အံ့ – သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တ ကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။ **(ပါ၊ စာ–၂၂၉)**

နှစ်ပါးဖြစ်အံ့ – အချင်းချင်းပြု။

တစ်ပါးဖြစ်အံ့ – အဓိဋ္ဌာန်ပြု။

လူရှိင်းဘေးဖြစ်အံ့၊ အလှူကိုလှူသော လူတို့ကြောင့်၊ ပဝါရဏာနေ့၌ တရားကိုဟောသော ရဟန်းတို့ကြောင့်၊ သုတ္တန်ကိုပေါင်း၍ရွတ်ဆိုသော ရဟန်းတို့ကြောင့်၊ ဝိနည်းကိုဆုံးဖြတ်သော ဝိနည်းဆောင် ရဟန်းတို့ကြောင့်၊ အဘိဓမ္မာကို ဆွေးနွေးမေးမြန်းသော ရဟန်းတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်အံ့၊ ခိုက်ရန်ပြုသော ရဟန်းတို့ကြောင့် ညည့်အချိန်ကုန်လွန်အံ့၊ မိုး မင်း ခိုးသူ မီး ရေ လူ ဘီလူး သားရဲ မြွေ အသက် ဗြဟ္မစရိယ အန္တရာယ်ရှိသည်ဖြစ်အံ့ သံဃာအား ဉတ်ဖြင့်သိစေ၍ ဒွေဝါစိက တေဝါစိက သမာနဝဿိက ပဝါရဏာပြုရာ၏။

ပဝါရဏာထားခြင်း

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ အာပတ်နှင့်တကွ ပဝါရဏာပြုသော ရဟန်းအား ဒုက္ကဋ်ဟု ပညတ်တော်မူ၏။ ပြုသော် အခွင့်ကိုပြုစေ၍ စောဒနာခြင်းငှာခွင့်ပြုတော်မူ၏။ ခွင့်တောင်းသော်လည်း ခွင့်ပြုခြင်းငှာအလိုမရှိမူ ခွင့်ပြုသောရဟန်းအား ပဝါရဏာနေ့ ထိုအာပတ်နှင့်တကွသော ပုဂ္ဂိုလ်၏မျက် မှောက်ဖြစ်သော သံဃအလယ်၌ –

သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမော ပုဂ္ဂလော သာပတ္တိကော၊ တဿ ပဝါရဏံ ဌပေမိ၊ န တသ္မိံ သမ္မုခီဘူတေ ပဝါရေတဗ္ဗံ–ဟု ဉတ်ထား၍ ပဝါရဏာကိုထားခြင်းငှာ ခွင့်ပြုတော်မူ၏။ **(ပါ၊ စာ–၂၅၃)**

စင်ကြယ်သော အာပတ်မရှိသော ရဟန်းတို့အား အမှုအခင်းမရှိဘဲ အကြောင်းမရှိဘဲ ပဝါရဏာကို တားသောရဟန်းအား ဒုက္ကဋ်၊ ပဝါရဏာပြုပြီးသော ရဟန်းတို့အား ပဝါရဏာတားသော ရဟန်းအား ဒုက္ကဋ်။

တားအပ် မတားအပ်ပုံ

ပဝါရဏာပြုပြီးမှ မတားအပ်။ ပြုမပြီးမီတားအပ်၏။ [ပဝါရဏာတန့်ထားခြင်းသည် သဗ္ဗသင်္ဂါဟိက၊ ပုဂ္ဂလိကအားဖြင့် နှစ်မျိုးရှိ၏။ သဗ္ဗသင်္ဂါဟိက၌– သုဏာတု မေ ဘန္တေ သံဃော၊ ပဝါရေ–၌ သု–မှရေ– တိုင်အောင်အတွင်း၌ တစ်ခုခုသောပုဒ်တွင် ပဝါရဏာတန့်ထားနိုင်ရကား ထိုအတွင်းသည် ဌပနခေတ်မည်၏။ ပုဂ္ဂလိက၌– သံဃံ ဘန္တေ ပဝါရေမိ၊ –လ– တတိယမ္ပိ ၊~၊ ပဿန္တော ပဋိ တိုင်အောင် ဌပနခေတ်မည်၏။ ယျ၊ ကရိဿာမိ–တို့ပြီးလျှင်ကား ဌပနခေတ်ကုန်၍ တန့်ထားသော်လည်း တန့်ထားသည်မမည် ဟူ၏။ ဒွေဝါစိက၊ တေဝါစိက၊ သမာနဝဿိကတို့၌လည်း နည်းတူ–ဋီ–အက္ခရာတိုင်အောင်သာ ဌပနခေတ်ဟူ၏။]

သံဃာလိုက်နာရမည့် အချက်များ

ပဝါရဏာနေ့၌ ရဟန်းတစ်ပါးသည် (စောဒက) ရဟန်းတစ်ပါးကို (စုဒိတကအား) ပဝါရဏာ တန့်ထား၏။ စောဒကသည် (၁) အပရိသုဒ္ဓ ကာယသမာစာရ (၂) အပရိသုဒ္ဓ ဝစီသမာစာရ (၃) အပရိသုဒ္ဓါ ဇီဝ(၄)ဝိနည်းသိက္ခာပုဒ်တို့၌ ဗာလအဗျတ္တဖြစ်ခြင်း (၅) မေးစိစစ်သော် အမေးကိုဖြေခြင်းငှာ မစွမ်းနိုင်ဟူ သော အင်္ဂါရပ်(၅)ချက်တို့တွင် အားလုံးနှင့်လည်းကောင်း၊ တစ်ခုခုနှင့်လည်းကောင်း ပြည့်စုံ၏ဟု အခြား ရဟန်းတို့ကသိကုန်သော် ငြင်းခုံခြင်းမပြုရန်နိုပ်နင်း၍ သံဃာသည် ပဝါရဏာပြုရမည်။ [စကားဖြင့် နှိပ်နင်း သည်ကိုယူ]

အကယ်၍ စောဒကသည် - ပရိသုဒ္ဓကာယသမာစာရ၊ ပရိသုဒ္ဓဝစီသမာစာရ၊ ပရိသုဒ္ဓါဇီဝ ဗျတ္တ ပဋိဗလဖြစ်၍ မေးစိစစ်သော် ဖြေခြင်းငှာစွမ်းနိုင်မူ-သီလဝိပ္ပတ္တိ၊ အာစာရဝိပ္ပတ္တိတို့ကို ခွဲခြမ်းမေးမြန်း၍ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းတို့တွင် မည်သည့်အချက်ဖြင့် စွပ်စွဲသည်ကို စိစစ်မေးမြန်းရမည်။

အကယ်၍ စောဒကသည် မေးစိစစ်သော် ပညာရှိသီတင်းသုံးဖော်တို့၏ စိတ်ကိုမနှစ်သက်စေငြားအံ့၊ စုဒိတကအား မစွပ်စွဲရန်ပြော၍ နှစ်သက်စေသော် စွပ်စွဲအပ်ကြောင်းကို ဆိုခြင်းငှာအပ်၏။

အကယ်၍ စောဒကသည် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း အရင်းမရှိသော ပါရာဇိကဖြင့် စွပ်စွဲ သည်ကို ဝန်ခံငြားအံ့၊ (သံဃာဒိသေသ် အာပတ်သို့တင်၍) (အာပတ်အလျောက်ကုစားစေ၍) သံဃာသည် ပဝါရဏာပြုရမည်။ အကယ်၍ သံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲသည်ကိုဝန်ခံငြားအံ့၊ တရားအားလျော်စွာ (ပါစိတ်အာပတ်ကို) ကုစားစေ၍ သံဃာသည် ပဝါရဏာပြုရမည်။ ထုလ္လစ္စဥ်း ပါစိတ် ပါဋိဒေသနီ ဒုက္កဋ် ဒုဗ္ဘာသီအာပတ်ဖြင့် စွပ်စွဲသည်ကိုဝန်ခံငြားအံ့၊ တရားအားလျော်စွာ (ဒုက္ကဋ်) အာပတ်ကို ကုစားစေ၍ သံဃာသည် ပဝါရဏာ ပြုရမည်။

အကယ်၍ စုဒိတကသည် ပါရာဇိကသို့ရောက်၏ဟု ဝန်ခံငြားအံ့၊ လူထွက်စေ၍ သံဃာဒိသေသ်သို့ ရောက်၏ဟုဝန်ခံအံ့၊ သံဃာဒိသေသ်သို့တင်၍၊ ထုလ္လစ္စဥ်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသီအာပတ်သို့ ရောက်၏ဟုဝန်ခံအံ့ တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာပြုရမည်။

သတိပြုရန် [သာသ ယထာဓမ္မံ ပဋိကတာတိ တွေ့ကမေဝ ဝတွာ ပဝါရေထာတိ ဝတ္တဗ္ဗာ၊ အသုကာ နာမ အာပတ္တီတိ ဣဒံ ပန န ဝတ္တဗ္ဗံ၊ တေံ ဟိ ကလဟဿ မုခံ ဟောတိ။] **(၄၊ စာ-၃၆၀)**

ထုလ္လစ္စဥ်း ဝတ္ထုစသည်

(အာပတ်ကိုကုပြီးသော် ပဝါရဏာသာပြုတော့ဟူ၍သာ ဆိုအပ်၏။ ဤမည်သော အာပတ်ကိုကုပြီး ဟူ၍ ဝိသေသမဆိုလင့် ဆိုသည်ရှိသော် အချို့ကား ထုလ္လစ္စဥ်း၊ အချို့ကား ပါစိတ် ဤသို့ အစရှိသောအား ဖြင့် အယူပြားသောကြောင့် ငြင်းခုံခြင်း ပွားအံ့သည်ဟူလိုသတတ်။) ပဝါရဏာနေ့၌ ရဟန်းသည် ထုလ္လစ္စဥ်း စသော ဒေသနာဂါမိအာပတ် (၅)ပုံတွင် တစ်ခုခုသို့ရောက်ရာ ထိုအာပတ်ကိုပင် အချို့ရဟန်းတို့က သံဃာ ဒိသေသ်၊ အချို့က ထုလ္လစ္စဥ်း၊ ပါစိတ် စသည် အမျိုးမျိုးငြင်းခုံကြရာ ထိုသို့ ထုလ္လစဥ်းစသည်အယူရှိသော

ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ဖဲစေ၍ တရားအားလျော်စွာ ကုစားစေ၍ ငါ့ရှင် ထိုထိုရဟန်းသည် သင့်ရောက်သောအာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအားလျောက်ပတ်သောအခါ ရှိသောကာသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာပြုရာ၏ဟု ပြောဆိုရာ၏ဟူလို။

ဝတ္ထုကိုထားခြင်းစသည်

(၁) ရဟန်းသည် ပဝါရဏာနေ့ဝယ် သံဃာအလယ်၌- ကျူးလွန်သော ဝတ္ထုသာထင်၍ ကျူးလွန်သူမထင်သဖြင့် (မစင်ကြယ်ဟုအမှတ်ရှိ၏) ထိုဝတ္ထုကိုထား၍ ပဝါရဏာပြုရန်ပြောမူ၊ ထိုပြောသောရဟန်းအား ယုံမှားရှိသောရဟန်းကို ညွှန်ပြစေရမည်။ ညွှန်ပြမူ ထိုပုဂ္ဂိုလ်ကို စိစစ်မေးမြန်း၍ ပဝါရဏာပြုရာ၏။ မညွှန်ပြမူ စူးစမ်းဆင်ခြင်၍ သိရကုန်အံ့ဟုပြော၍ ပဝါရဏာပြုရာ၏။

(၂) ဝတ္ထုမထင်၍ ပုဂ္ဂိုလ်သာထင်၍ (အနုံနံခြင်းစသည်) ထိုပုဂ္ဂိုလ်ကိုဖယ်ထား၍ ပဝါရဏာပြုရန်ပြောမူ ထိုပုဂ္ဂိုလ်၏အပြစ်ကို ပြောပြစေ၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်စေ၍ ပဝါရဏာပြုအပ်၏။ မသိပါဟုပြောမူ စူးစမ်းဆင်ခြင်၍ သိရကုန်အံ့ဟုပြော၍ ပဝါရဏာပြု။ [ဥပပရိက္ခိတွာ ဇာနိဿာမာတိ ဝတွာ ပဝါရေတဗ္ဗန္တိ လိခိတံ] **(ဝိ၊ ဇာ-၄၇၅)**

(၃) ဝတ္ထုပုဂ္ဂိုလ် နှစ်ပါးစုံထင်ရှား၍ ဝတ္ထုပုဂ္ဂိုလ်ကိုဖယ်ရှား၍ ပဝါရဏာပြုရန်ပြောမူ ထိုဝတ္ထုဖြင့် ယုံမှားရှိသော ပုဂ္ဂိုလ်ကိုပြောပြစေ၍ ထိုဝတ္ထု ပုဂ္ဂိုလ်နှစ်ပါးစုံကိုလည်းမြင်မူ မြင်သောအခါမှစ၍ ဆုံးဖြတ်ပြီးမှသာလျှင် ပဝါရဏာပြုအပ်၏။ ဤ (၁၊၂၊၃) တို့ကို ဤကဲ့သို့ ပြုရခြင်းသည် မြတ်စွာဘုရားသည် စင်ကြယ်သော ရဟန်းတို့အားလည်းကောင်း၊ ညီညွတ်သောရဟန်းတို့အားလည်းကောင်း ပဝါရဏာကို ပညတ်တော်မူသောကြောင့်ဟူ၏။

အကယ်၍ ပဝါရဏာ၏ရှေ့၌ ဝတ္ထုထင်၍ ပဝါရဏာ၏နောက်မှ ပုဂ္ဂိုလ်ထင်မူ၊ ရှေ့၌ ပုဂ္ဂိုလ်ထင်၍ နောက်မှ ဝတ္ထုထင်မူ [ပဝါရဏာ၏ရှေ့ကလည်း မဆုံးဖြတ်အပ်သေးသောကြောင့် နောက်မှလည်း မြင်၍ စောဒနာသောကြောင့်] စောဒနာခြင်းငှာသင့်၏။

ဥက္ကောဋနကပါစိတ်

အကယ်၍ ဝတ္ထုသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း ပဝါရဏာ၏ရှေ့၌ ထင်ငြားအံ့၊ [ထိုထင်သည်အတိုင်း ထိုနှစ်ပါးစုံကို ပဝါရဏာ၏ ရှေ့အဖို့က မြင်သည့်အတိုင်း ဆုံးဖြတ်ပြီးမှသာ ရဟန်းတို့သည် ပဝါရဏာပြုသောကြောင့်] ထိုဆုံးဖြတ်ချက်ကို အကယ်၍ ပဝါရဏာပြုပြီးမှသာ ချောက်ချားငြားအံ့၊ ထိုချောက်ချားသောရဟန်းအား ချောက်ချားခြင်းကြောင့်ဖြစ်သော ပါစိတ်အာပတ်သင့်၏။

ငြင်းခုံခြင်းကိုပြုခြင်း

သန္နိ၌ သမ္မတ္တပုဂ္ဂိုလ်တို့သည် ကျောင်းတစ်ကျောင်းဝယ် ဝါကပ်ကုန်၏။ အခြားကလဟဝိဝါဒ ရဟန်းတို့သည် ထိုသန္နိ၌ သမ္မတ္တရဟန်းတို့အား ပဝါရဏာတားအံ့ဟူသော ရည်ရွယ်ချက်ဖြင့် အနီးအပါး၌ ဝါကပ်ကုန်၏။ ထိုအကြောင်းကိုသိကုန်အံ့၊ သန္နိ၌သမ္မတ္တရဟန်းတို့သည် အဘယ်သို့လျှင် ငါတို့သည် ကလဟ ဝိဝါဒကို ပြုသောရဟန်းတို့မှ ရှေးဦးစွာ ပဝါရဏာပြုရပါကုန်အံ့နည်းဟု နှလုံးပိုက်ကာ နှစ်ဥပုသ် သုံးဥပုသ် တို့ကို စာတုဒ္ဒသီဥပုသ်ဟု ပြုစိမ့်သောငှာ ခွင့်ပြု၏။

[စတုတ္ထပက္ခတော်သလလင်းလပြည့် ပန္နရသီဥပုသ်ပြုပြီးမှ ထိုရဟန်းတို့၏အကြံကိုကြားသော် ပဉ္စမပက္ခ တော်သလင်းလကွယ် ပန္နရသီဥပုသ်ကိုမပြုမူ၍ အဖိတ်နေ့ကပင် စာတုဒ္ဒသီဥပုသ်ပြု။ တတိယပက္ခ ဝါခေါင်လကွယ်၏ ပကတိ စာတုဒ္ဒသီဥပုသ်နှင့်ပေါင်းသော် စာတုဒ္ဒသီနှစ်ဥပုသ် ဖြစ်၏။ ဤသို့ စာတုဒ္ဒသီနှစ် ဥပုသ်ပြုသော် သီတင်းကျွတ်လပြည့် မဟာပဝါရဏာမတိုင်မီ အဖိတ်နေ့ ၁၄ ရက်တွင် ၁၅ ရက် ပန္နရသီရက် မှီသဖြင့် ပြည့်သဖြင့် ကလဟဝိဝါဒရဟန်းတို့ထက် အရင်တစ်ရက်ဦး၍ ပဝါရဏာပြုပြီးဖြစ်၏။ စာတုဒ္ဒသီသုံး ဥပုသ်ပြုသော် တော်သလင်းလပြည့် စတုတ္ထပက္ခ ပန္နရသီဥပုသ်မပြုဘဲ အဖိတ်နေ့ စာတုဒ္ဒသီပြု။ ဤသို့ တတိယ၊ စတုတ္ထ၊ ပဉ္စမ သုံးပက္ခတို့၌ စာတုဒ္ဒသီသုံးဥပုသ်ပြုလျှင် ရက်ပို (၂)ရက်ထွက်ရကား သီတင်းကျွတ် လဆန်း (၁၃)ရက်နေ့၌ ပန္နရသီပြည့်သဖြင့် ပဝါရဏာဖြစ်လတ္တံ့ဟူ၏။]

ကလဟ ဝိဝါဒ ရဟန်းတို့ လာသော်

[ဤသို့ ပဝါရဏာပြုရာ၌ သိမ်ပတွင် သာမဏေတို့ကို အစောင့်ထား၍] ထိုဘဏ္ဍနကာရကရဟန်း တို့ လာကြောင်းကိုသိလျှင် လျင်မြန်စွာစည်းဝေး၍ ပဝါရဏာပြုရမည်။ ငါတို့ ပဝါရဏာပြုပြီးကုန်ပြီ အရှင်တို့ အောက်မေ့ကုန်သည်အတိုင်း ပြုကုန်လောဟုဆိုရမည်။

အကယ်၍ ဘဏ္ဍနကာရကရဟန်းတို့မစီမံဘဲ (ကျောင်းနေတို့ မစီမံရသေးခင်) ရောက်လာမူ အာဂန္တုက ဝတ်တို့ကိုပြု၍ သိမ်ပသို့သွား၍ ပဝါရဏာပြုရမည်။ မရသော်၊ ဗျတ္တ ပဋိဗလရဟန်းသည် အာဝါသိက ရဟန်းတို့ကို –

သုဏန္တု မေ အာယသ္မန္တော အာဝါသိကာ၊ ယဒါယသ္မန္တာနံ ပတ္တပလ္လံ၊ ဣဒါနိ ဥပေါသထံ ကရေ ယျာမ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျာမ၊ အာဂမေ ကာဠေ ပဝါရေယျာမ–ဟု သိစေရမည်။ [သီတင်းကျွတ် လကွယ်နေ့၌ ပြုရမည်ဟူ။] **(ပါ၊ စာ–၂၆၀)**

အကယ်၍ ဘဏ္ဍနကာရက ရဟန်းတို့က ပဝါရဏာပြုရန် တိုက်တွန်းသော်လည်း သင်တို့သည် ငါတို့၏ပဝါရဏာကို အစိုးမရကုန်၊ ငါတို့ ပဝါရဏာ မပြုကုန်သေးဟုဆိုရမည်။ အကယ်၍ ထိုအချိန်အခါ သီတင်းကျွတ်လကွယ်ကို ဆိုင်းငံ့၍ နေကုန်ငြားအံ့၊ ဗျတ္တ ပဋိဗလရဟန်းသည် အာဝါသိကတို့ကို–

သုဏန္တု မေ အာယသ္မန္တော အာဝါသိကာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ ဣဒါနိ ဥပေါသထံ ကရေယျာမ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျာမ၊ အာဂမေ ဇုဏှေ ပဝါရေယျာမ။ [တန်ဆောင်မုန်းလပြည့်ယူ] ဟု သိစေရမည်။ **(ပါ၊ စာ–၂၆၀)**

တိုက်တွန်းသော်လည်း ပဝါရဏာမပြုအပ်၊ သင်တို့အစိုးမရစသည်ဖြင့် ပြောရမည်။ တန်ဆောင်မုန်းလပြည့်နေ့ကို ဆိုင်းငံ့၍နေကုန်သော် ထိုအားလုံးသော ရဟန်းတို့သည် ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး တန်ဆောင်မုန်းလပြည့်နေ့၌ အလိုမရှိဘဲ ပဝါရဏာပြုရမည်။ [အဝသံ ပဝါရေတဗ္ဗံ၊ န ဟိ တံ အတိက္ကမိတွာ ပဝါရေတုံ လဗ္ဘတိ။] **(၄၊ စာ-၃၆၂)**

အနာဒရိယ ပါစိတ်

ပဝါရဏာပြုသည်ရှိသော် နာဖျားသောဂိလာနသည် အဂိလာနအား၊ အဂိလာနသည် ဂိလာနအား။ ဂိလာနသည် ဂိလာနအား ပဝါရဏာကိုတားသော် မြတ်စွာဘုရားခွင့်ပြုတော်မမူကြောင်းကို တားသော ရဟန်းအား ပြောကြားရမည်။ ပြောကြားပါလျက်တားသော် သိက္ခာပုဒ်တော်ကို မရိုသေခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

အဂိလာနသည် အဂိလာနအား ပဝါရဏာကိုတားသော် နှစ်ပါးသော ရဟန်းတို့ကို မေးစိစစ်၍ မေးမြန်းပြီးလျှင် တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာပြုရမည်။

ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း

သန္နိဋ္ဌသမ္ဘတ္တဖြစ်၍ ညီညွတ်ချမ်းသာစွာ သီတင်းသုံးနေကြသော တရဏာသမထ တရဏာဝိပဿနာရှိသော ရဟန်းတို့အား ပဝါရဏာသင်္ဂဟကို ခွင့်ပြုတော်မူ၏။ သီတင်းကျွတ်လပြည့် ပဝါရဏာမပြုဘဲ ပါတိမောက်သာပြ၍ တန်ဆောင်မုန်းလပြည့်၌ ပဝါရဏာပြုရမည်။

ပဝါရဏာသင်္ဂဟအကျိုး

(ပဝါရဏာသင်္ဂဟအကျိုးကား မိုးလေးလတိုင်တိုင် အစောင့်ဖြစ်ပေသည်။ တစ်ပါးကျောင်းမှ ဝါကျွတ်၍လာလတ်သော အာဂန္တုကရဟန်းတို့သည်လည်း ထိုပဝါရဏာသင်္ဂဟပြု၍နေသော ရဟန်းတို့၏ကျောင်းကို ဝဿဂ္ဂအားဖြင့်မယူနိုင်။ ဒေသစာရီသွားလိုသည်ရှိသော် ပဝါရဏာကိုတန်ဆောင်မုန်းလမပြည့်မှီပြု၍ သွားရာ၏။ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့သည်လည်း ပြည့်စုံ၏။ ဤကား ပဝါရဏာသင်္ဂဟကြောင့်ရသောအကျိုးတည်း။)

ဆန္ဒမပေးရသောဌာနသုံးပါး

[ဘိန္နသ ဟိ သံဃဿ သမဂ္ဂကရဏကာလေ တိဏာဝတ္ထာရကသမထေ ဣမသ္မိဉ္စ ပဝါရဏာသင်္ဂဟေတိ ဣမေသု တီသု ဌာနေသု ဆန္ဒံ ဒါတုံ န ဝဋ္ဋတိ။] **(၄၊ စာ-၃၆၂)**

ပဝါရဏာသင်္ဂဟ၌ လိုက်နာရမည့်စည်းကမ်း

[ပဝါရဏာသင်္ဂဟော နာမာယံ ဝိသုဒ္ဓကမ္မဋ္ဌာနာနံ ထာမဂတသမထဝိပဿနာနံ သောတာပန္နာဒီနဥ္စ န ဒါတဗ္ဗော။ တရုဏသမထဝိပဿနာလာဘိနော ပန သဗ္ဗေ ဝါ ဟောန္တု၊ ဥပဍ္ဎာ ဝါ ကေပုဂ္ဂလော ဝါ၊ ကေဿပိ ဝသေန ဒါတဗ္ဗောယေဝ။ (တစ်ယောက်ကိုပေးကလည်း အားလုံးကိုပေးပြီး ဖြစ်၏ဟူ) ဒိန္နေ ပဝါရဏာသင်္ဂဟေ အန္တောဝဿေ ပရိဟာရောဝ ဟောတိ၊ (အန္တောဝဿဟူသည် သီတင်းကျွတ်လပြည့်ကျော် အတွက် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်ရောက်ရုံကို ရည်၍ဆိုသည်။ အစောင့်ဟူသည် ဝါဆိုကျောင်းကို သူမယူနိုင်ဟူလိုသည်) အာဂန္တုကာ တေသံ သေနာသနံ ဂဟေတုံ န လဘန္တိ၊ တေဟိ ပိ ဆိန္နဝဿေဟိ န ဘဝိတဗ္ဗံ၊ ပဝါရေတွာ ပန အန္တရာပိ စာရိကံ ပက္ကမိတုံ လဘန္တိ] **(ဠ၊ စာ–၃၆၂၊ ၃၆၃)**

''ပဝါရေတွာ ပန အန္တရာပိ စာရိကံ ပက္ကမိတုံ လဘန္တီ''တိ ဣမိနာ ပဝါရဏာသင်္ဂဟေ ကတေ အန္တရာ ပက္ကမိတုကာမာ သံဃံ သန္နိပါတာပေတွာ ပဝါရေတုံ လဘန္တီတိ ဒဿေတိ။ **(တိ၊ စာ–၁၈၁)**

ဥပုသ် ပဝါရဏာ ရက်ရေတွက်ပုံထုံး

''ဘဏ္ဍနကာရကာနံ တေရသေ ဝါ စာတုဒ္ဒသေ ဝါ ဣမေ ပန္နရသီပဝါရဏံ ပဝါရေဿန္တီ''တိ ဣမိနာ ယထာသကံ ဥပေါသထကရဏဒိဝသတော ပဋ္ဌာယ ဘိက္ခူနံ စာတုဒ္ဒသီပန္နရသီဝေါဟာရော၊ န စန္ဒဂတိသိဒ္ဓိယာ တိထိယာ ဝသေနာတိ ဒဿေတိ။ ကိဥ္စာပိ ဧဝံ ''အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတု''န္တိ ဝစနတော ပနေတ္ထ လောကိယာနံ တိထိ အနုဝတ္တန္တေဟိပိ အတ္တနော ဥပေါသထက္ကမေန စာတုဒ္ဒသီ ပန္နရသီ ဝါ, ပန္နရသီ စတုဒ္ဒသီ ဝါ ကရောန္တေဟေဝ အနုဝတ္တိတဗ္ဗံ၊ န ပန သောဠသမဒိဝသံ ဝါ တေရသမဒိဝသံ ဝါ ဥပေါသထဒိဝသံ ကရောန္တေဟိ။ တေနေဝ ပါဠိယမ္ပိ ''ဒွေ တယော ဥပေါသထေ စာတုဒ္ဒသိကေ ကာတု''န္တိ ဝုတ္တံ၊ အညထာ ဒွါဒသိယံ, တေရသိယံ ဝါ ဥပေါသထော ကာတဗ္ဗောတိ ဝတ္တဗ္ဗတော။ သကီ ပက္ခဿ စာတုဒ္ဒသေ ပန္နရသေ ဝါ''တိ အာဒိဝစနမ္ပိ ဥပဝုတ္ထက္ကမေနေဝ ဝုတ္တံ၊ န တိထိက္ကမေနာတိ ဂဟေတဗ္ဗံ။ **(တိ၊ စာ–၁၈၁)** [ယထာသကံ၊ မိမိတို့၏ဥစ္စာဖြစ်သော ဥပုသ်နေ့အားလျော်စွာ ဥပဝုတ္ထက္ကမေနေဝ– သုံးပြီးသော ဥပုသ်နေ့အစဉ်အားဖြင့်သာလျှင်] **(ညောင်ရမ်းဝိနိစ္ဆယ–ပ–တွဲသို့လည်း ကြည့် စာ–၂၃၆)**

နေ့ထူး

အာဂန္တုက အာဝါသိကတို့သည် မိမိတို့သီတင်းသုံးရာ တိုင်းပြည်ချင်းမတူညီကြ၍ ဝါထပ်ရက်ပင် ဝါဆိုဝါကပ်ပြုရာတို့၌ မိမိတို့နိုင်ငံရှိ မင်းတို့သည်သတ်မှတ်သောရက်သို့လိုက်၍ အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ–ဟူသော ပညတ်တော်အရ ဝါကပ်ခြင်းကိုပြုရာ မင်းအချင်းချင်း ရက်သတ်မှတ်မှုကွဲပြားသော် ရဟန်းတို့၌လည်း တိုင်းပြည်ကိုလိုက်၍ ဝါကပ်ရက်ကွဲပြားကြရကား၊ ပဝါရဏာရက်လည်းကွဲပြား၏။ ဥပုသ်

ရက်တို့လည်း ကွဲပြားကြ၏။ ဤသို့ ကွဲပြားရာ၌ကား ဥပေါသထက္ခန္ဓက၌ပြခဲ့သော နည်းအတိုင်းလိုက်နာရမည်။ ပဝါရဏာကာလသည်၊ အနာပတ္တိပန္နာရသကစသည်တို့လည်း ဥပေါသထက္ခန္ဓကနည်းတူပင် မှတ်ရာ၏။

မည်သည့်ရက် ဝါကျွတ်သနည်း

ကထိနက္ခန္ဓက၌ လပြည့်ကျော်တစ်ရက်နေ့ကို ဝဿံဝုတ္ထာနံဟု ဟောတော်မူသောကြောင့် လပြည့်ကျော်တစ်ရက်နေ့မှ ဝါကျွတ်သည်ဟုယူရန်လည်း ရှိသည်။ ဤပဝါရဏာက္ခန္ဓက၌ လပြည့်နေ့ကို ဝဿံဝုတ္ထာနံဟု ဟောတော်မူသောကြောင့် လပြည့်နေ့ပင် ဝါကျွတ်သည်ဟုယူရန်လည်း ရှိသည်။ ထိုသို့ရှိရာသောအရာကို ပြလတ္တံ့သော အာဂုံပါဠိတို့ဖြင့် နှိုင်းယှဉ်ဆင်ခြင်၍ မဆန့်ကျင်အောင် အဓိပ္ပာယ်ယူရမည်။ ။

ယူပုံကား ဤသို့တည်း - အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ **[ကထိနက္ခန္ဓကပါဠိတော် စာ-၃၅၁]** အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ [ပဝါရဏာက္ခန္ဓကပါဠိတော် **စာ-၂၂၃**] ဤပါဠိတော်နှစ်ရပ်တွင် ကထိနက္ခန္ဓကပါဠိတော်ဖြင့် မုချ ဝါကျွတ်သည်ကိုပြသည်ဟု ဒုတိယပါရာဇိကဏ္ဍအဖွင့် သာရတ္ထဒီပနီ ဝိမတိ ဝိနောဒနီတို့၌လာသောကြောင့် ပဝါရဏာက္ခန္ဓကပါဠိတော်ဖြင့် ဥပစာအားဖြင့် ဝါကျွတ်စသည်ကိုပြသည်ဟု အဓိပ္ပာယ်ယူရမည်။

။ ဝဿံဝုတ္ထာတိ ပုရိမိကာယ ဥပဂတာ မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ ဝုတ္ထဝဿာတိ ဝုစ္စန္တိ။ [ပါရာဇိက အဋ္ဌကထာ၊ ဒုတိယပါရာဇိကအဖွင့်၊ **စာ-၂၄၉**] ဤအဋ္ဌကထာ ပါဌ်အရမှာ မုချ ဝါကျွတ်သည့်အရာကို ရည်၍ပြသည်ဟု အဓိပ္ပာယ်ယူရမည်။

။ ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမနသမန္တရမေဝ ''ဝုတ္ထဝဿာ''တိ ဝုစ္စန္တိ၊ ဥက္ကံသနယေန ''ပါဋိပဒဒိဝသတော ပဋ္ဌာယာ''တိ ဝုတ္တံ၊ တေနေဝ ''မဟာပဝါရဏာယ ပဝါရိတာ'' တိ ဝုတ္တံ၊ **(ဋီ၊ စာ-၁၂၀)**။

။ ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမနတော ပဋ္ဌာယ အပဝါရိတာပိ ''ဝုဋ္ဌဝဿာ''တိ ဝုစ္စန္တိ ။**(သာ-၃၊ စာ-၁၁၆)**

ဤဋီကာအရတို့မှာ ဥပစာအားဖြင့် ဝါကျွတ်သည့် အရာကိုပြသည်ဟုယူ၊ ဝိမတိကား လပြည့်နေ့အဆုံး အရုဏ်တက်သောကာလ၌ ဝါကျွတ်သည် ဟုပြသည်။ ယင်းသို့ပြရာ၌လည်း မုချဝါကျွတ်သည်ကို ရည်၍ပြသည်ဟု အဓိပ္ပာယ်ယူ။ ဤကဲ့သို့ နှီးနှော၍ အဓိပ္ပာယ်ယူလျှင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့သည် ဆန့်ကျင်သောအရာမရှိ၊ ညီညွတ်သောအရာသာရှိသည်ဟု မှတ်ရမည်။ ဆိုလိုရင်းမှာ ကထိနက္ခန္ဓက၌ ဟောသော အရာကားမုချ၊ ပဝါရဏာက္ခန္ဓက၌ ဟောသောအရာကား ဥပစာဆိုလိုသည်။ လပြည့်နေ့အဆုံး အရုဏ်ကို ရှေ့ရက်သို့မသွင်းလင့်၊ နောက်ရက်သို့သွင်း၍ လပြည့်ကျော်တစ်ရက်နေ့အရုဏ်ဟု ယူရမည်။ ဤအရာများကိုလည်း ပိုင်းခြား၍ သတိမူ။ **[ဆင်တဲ - မဟာဝါပါဠိတော်နိဿယသစ် - ၃ - ၂၉]**

၅–စမ္မကၡန္ဓက

အပ် မအပ်သောဖိနပ်

အရှင်သောဏကိုအကြောင်းပြု၍ လွှာချင်းဖိနပ်ကို ခွင့်ပြုတော်မူ၏။ နှစ်လွှာ၊ သုံးလွှာအလွှာများ သောဖိနပ်တို့ကို ဆောင်သောရဟန်းအား ဒုက္ကဋ်ဟုပညတ်တော်မူ၏။ အလုံးစုံ ညို၊ ဝါ၊နီ၊ မောင်း၊ မည်း၊ ကင်းခြေများကျောက်ကုန်းအဆင်း၊ လိမ္မော်ရောင်၊ ဖက်ရွက်ရော် အဆင်းရှိသော ဖိနပ်၊ ထိုအရောင်အဆင်း သဲကြိုးတပ်ဖိနပ်များကားမအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်။ [ခုဒ္ဒသိက္ခာအဋ္ဌကထာ၌ကား အလုံးစုံဖြူသော ဖိနပ်လည်းမအပ်ဟူ၏။] (လေးလွှာ၊လေးလွှာအထက်ကို အလွှာများသောဟူ၏။)

[အောင်မဲညိုပွင့်အဆင်းကဲ့သို့ ညို၊ မဟာလှေကားပွင့်အဆင်းကဲ့သို့ ဝါရွှေ၊ လယ်ခေါင်ရမ်းပွင့် အဆင်းကဲ့သို့ နီ၊ ပိန္နဲနွယ်အဆင်းကဲ့သို့ မောင်း၊ အသစ်သောပုတီးနက်အဆင်းကဲ့သို့ မည်း၊ မဟာရင် မည်သောဆိုးရည်ဖြင့် စွန်းသောအဆင်းကား လိမ္မော်ရောင်ကင်းကျောက်ကုန်းရောင်၊ မဟာနာမမည်သော ဆိုးရည်ဖြင့်စွန်းသောအဆင်းကား ပြာသောအဆင်းရှိသော ဖက်ရွက်ရော်အရောင်အဆင်းရှိသော ဖိနပ်သဲကြိုး တို့တည်း။ ကုရုန္ဒီ၌ကား ပဒုမ္မာကြာပွင့်အဆင်းဟု (ဖက်ရွက်ရော်) ဆို၏။

အဒ္ဒါရိဋ္ဌကဝဏ္ဏာတိ အလ္လာရိဋ္ဌဖလဝဏ္ဏာ၊ တိန္တကာကပက္ခဝဏ္ဏာတိပိ ဝဒန္တိ။ **(တီ၊ စာ–၁၈၃)** အဒ္ဒါရိဋ္ဌကဝဏ္ဏာတိ အဘိနဝါရိဋ္ဌဖလဝဏ္ဏာ၊ ဥဒကေန တိန္တကာကပတ္တဝဏ္ဏာတိပိ ဝဒန္တိ။ **(သာ၊ စာ–၂၉၄)**

အပ်အောင်ပြုပုံနည်း (၁)

[တောသု ယံ ကိဉ္စိ လဘိတွာ ရဇနံ စောဠကေန ပုဉ္ဆိတွာ ဝဏ္ဏံ ဘိန္ဒိတွာ ဓာရေတုံ ဝဋ္ဋတိ။ အပ္ပ မတ္တကေပိ ဘိန္နေ ဝဋ္ဋတိယေဝ။] **(ဌ၊ စာ–၃၆၇)**

ဖနောင့်ဖုံး၊ ခြေသလုံးဖုံး၊ ဖမိုး ဖနောင့်ဖုံးသောဖိနပ်များ၊ လဲမှိုသွတ်သောဖိနပ်၊ ခါတောင်ကဲ့သို့ ပြောက်ကျားသော ဆိတ်ကုလားဦးချိုကဲ့သို့၊ ဆိတ်မြန်မာဦးချိုကဲ့သို့၊ ကင်းမြီးကောက်လက်မကဲ့သို့၊ သဲကြိုး တပ်သောဖိနပ်များ၊ ဥဒေါင်းမွေးရင်းတို့ဖြင့် ချုပ်သောဖိနပ်၊ ဆန်းကြယ်သောဖိနပ် စီးသောရဟန်းအား ဒုက္ကဋ်။

အပ်အောင်ပြုပုံနည်း (၂)

[တောသု ယံကိဉ္စိ လဘိတွာ သစေ တာနိ ခလ္လကာဒီနိ အပနေတွာ သက္ကာ ဟောန္တိ ဝဠဉ္ဇိတုံ၊ ဝဠဉ္ဇေတဗ္ဗာ၊ တေသု ပန သတိ ဝဠဉ္ဇန္တဿ ဒုက္ကဋံ။] **(ဌ၊ စာ–၃၆၇)**

ခလ္လကာဒီနိ အပနေတွာတိ ဝုတ္တတ္တာ ဒွေ တီဏိ ဆိဒ္ဒါနိ ကတွာ ဝဠဉ္ဇေတုံ ဝဋ္ဋတီတိ ဝဒန္တာနံ ဝါဒေါ န ဂဟေတဗ္ဗော။ **(ဓိ၊ စာ-၄၇၇)**

ခြသေ့်ရေ၊ ကျားရေ၊ သစ်ရေ၊ သစ်နက်ရေ၊ ဖျံရေ၊ ကြောင်ရေ၊ ရှဉ့်နက်ရေ၊ ရှူးရေ အနားပတ်သော ဖိနပ်တို့ကိုစီးသော ရဟန်းအား ဒုက္ကဋ်။

[တေသု ပိ ယာကာစိ လဘိတွာ တံ စမ္မံ အပနေတွာ ဓာရေတဗ္ဗာ] **(ဋ္ဌ၊ စာ-၃၆၈)**

အပ်သောသားရေ၏ မကောင်းသောအနံ့ကို ပယ်အံ့သောငှာ ညိုသောဆိုးရေစသည်ဖြင့်ဆိုးသောကြောင့် ညိုသောအဆင်းစသည်ဖြစ်အံ့၊ ထိုအဆင်းကို ပုဆိုးကြမ်းစသည်တို့ဖြင့်ပယ်ခြင်းငှာ မတတ်ကောင်းရကား သားရေနှင့်အလားတူ၏။ ထို့ကြောင့် အပ်၏ဟုမှတ်အပ်၏။ အလုံးစုံသော ဖနောင့်ကိုဖုံးသော သားရေကို ခလ္လကဟူသတည်း။ မလျှောကျစိမ့်သောငှာ ဖနောင့်၏အထက်အဖို့၌ တပ်၍ဖွဲ့ကာမျှကားအပ်၏။ ဤမှတစ်ပါးသော သဏ္ဍာန်ဖောက်ပြန်သော ဖိနပ်ဟူသမျှသည်ပင် မအပ်သည်သာတည်း၊ ဥဏ္ဏာဟိ ကတပါဒုကာ၌ သားမွေးတို့ဖြင့်ပြီးသော ကမ္ဗလာတို့ဖြင့်ပြုအပ်သော ခြေနင်းတို့ကိုလည်း သင်္ဂြိုဟ်အပ်ကုန်၏။ အကျဉ်းအားဖြင့်မှတ်လိုမူကား ဖိနပ်အရာ သားရေမှတစ်ပါး မအပ်ဟုမှတ်အပ်၏။ [သာရ-၃၆၁]

အလွှာများသော ဖိနပ်ဟောင်းကိုခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ နောက်လိုက်ရဟန်းတစ်ပါးနှင့် ဆွမ်းခံကြွတော်မူရာ နောက်လိုက်ရဟန်းသည် ခြေတို့ကွဲကုန်သဖြင့်ကွလျက် မြတ်စွာဘုရား၏နောက်တော်မှ လိုက်သည်ကိုမြင်၍ သိ၍ ဒါယကာတစ်ဦးက မိမိစီးလာသော အလွှာများသောဖိနပ်ဟောင်းကို ချွတ်၍လှူသည်။ ဤသည်ကို အကြောင်းပြု၍ အလွှာများသော ဖိနပ်ဟောင်းကိုခွင့်ပြုတော်မူ၏။ အလွှာများသော ဖိနပ်သစ်စီးမူကား ဒုက္ကဋ်။

အာရာမ်တွင်း၌ ဖိနပ်စီးခြင်း

ဆရာ ဆရာမျှလောက်သော၊ ဥပဇ္ဈာယ် ဥပဇ္ဈာယ်မျှလောက်သော ရဟန်းတို့ဖိနပ်မစီးဘဲ စင်္ကြံသွားသော် ဖိနပ်စီးလျက် စင်္ကြံသွားသော ရဟန်းအား ဒုက္ကဋ်။ [အာစရိယေသူတိ အာဒိမှိ ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော နိဿယာစရိယော ဥဒ္ဒေသာစရိယောတိ ဣမေ စတ္တာရောပိ ဣဓ အာစရိယာ ဝေ။ အဝဿိကဿ ဆဗ္ဗဿော အာစရိယမတ္တော။ သော ဟိ စတုဝဿကာလေ တံ နိဿာယ ဝစ္ဆတိ။ ဝံ ကေဝဿဿ သတ္တဝဿော၊ ဒုဝဿဿ အဋ္ဌဝဿော၊ တိဝဿဿ နဝဝဿော၊ စတုဝဿဿ ဒသဝဿော၊ ဣမေပိ အာစရိယမတ္တာ ဝေ၊ ဥပဇ္ဈာယဿ သန္ဒိဋ္ဌသမ္ဘတ္တာ ပန သဟာယဘိက္ခူ ယေ ဝါ ပန ကေစိ ဒသဟိ ဝဿေဟိ မဟန္တတရာ၊ တေ သဗ္ဗေပိ ဥပဇ္ဈာယမတ္တာ နာမ။ ဧတ္တကေသု ဘိက္ခူသု အနုပါဟနေသု စင်္ကမန္တေသု သဥပါဟနဿ စင်္ကမတော အာပတ္တိ။ **(ဋ္ဌ၊ စာ-၃၆၈)**

အာရာမ်တွင်း၌ ဖိနပ်စီးသောရဟန်းအား ဒုက္ကဋ်။ ခြေဖဝါးကျင်နာကုန်အံ့၊ ခြေဖဝါးတို့ကွဲကုန်အံ့ ဖဝါး၌ တံသင်းငုတ်ကဲ့သို့ အသားထွက်သော အနာဖြစ်ငြားအံ့၊ ဖိနပ်စီးခြင်းငှာ ခွင့်ပြု၏။ ယခုအခါ၌ ညောင်စောင်း၊ အင်းပျဉ်ပေါ်သို့ တက်အံ့သောငှာဟု ဖိနပ်စီးခြင်းငှာ ခွင့်ပြု၏။

စီးစေသတည်း

ဥပုသ်အိမ်၊ စည်းဝေးရာအရပ်တို့သို့သွားကုန်သည်ရှိသော် အမိုက်မှောင်၌ သစ်ငုတ်ကိုလည်း ကောင်း၊ ဆူးကိုလည်းကောင်း နင်းမိသောကြောင့် ခြေတို့သည် ကျင်နာကုန်၏။ ဤသည်ကို အကြောင်းပြု၍ အာရာမ်တွင်း၌ ဖိနပ်စီးခြင်းငှာ၊ မီးရှူးတောင်ဝှေးတို့ကို ဆောင်ခြင်းငှာ ခွင့်ပြုတော်မူ၏။

သစ်သားဖိနပ်စသည်တို့ကိုပယ်ခြင်း

သစ်သားခြေနင်း၊ ထန်းပပ်ခြေနင်း၊ ဝါးပပ်ခြေနင်း၊ မြက်ခြေနင်း၊ ဖြူဆံမြက်ခြေနင်း၊ မြိတ်မြက်ခြေနင်း၊ သင်ပေါင်းရွက်ဖြင့်ပြုသောခြေနင်း၊ ကမလမည်သော မြက်ဖြင့်ပြုသောခြေနင်း၊ ကမ္ဗလာခြေနင်း၊ ရွှေဖြင့်ပြီးသော ခြေနင်း၊ ငွေဖြင့် ပြီးသောခြေနင်း၊ ပတ္တမြားဖြင့်ပြီးသော ခြေနင်း၊ ကျောက်မျက်ရွဲ၊ ဖန်–ကြေးဖြူ၊ စဉ့်၊ သလွဲစစ်၊ ခဲမဖြူ၊ သလွဲမည်း၊ ခဲပုပ်၊ ကြေးနီဖြင့်ပြီးသော ခြေနင်းတို့ကားမအပ်၊ ဒုက္ကဋ်၊ **ကမ္ဗလပါဒုကာ**တိ ဥဏ္ဏာဟိ ကတပါဒုကာ **(၄၊ စာ–၃၆၈)** ဥဏ္ဏာဟိ ကတပါဒုကာတိ ဥဏ္ဏာလောမမယကမ္ဗလေဟိ၊ ဥဏ္ဏလောမေဟိဝေ ဝါ ကတပါဒုကာ။ **(သာ၊ စာ–၂၉၄)**

ခွင့်ပြုတော်မူသောခြေနင်း

ကျင်ကြီးသွားရာခြေနင်း၊ ကျင်ငယ်သွားရာခြေနင်း၊ သန့်သက်ရေသုံးရာခြေနင်းဟူ၍ အမြဲတည်လျက်၊ မပြောင်းမရွှေ့ကောင်းသော သုံးမျိုးသော ခြေနင်းတို့ကို ခွင့်ပြု၏။

နွားမ မကိုင်ရ

နွားမတို့၏ ဦးချို၊ နားရွက်၊ လည်ပင်း၊ မြီးထူးကို မကိုင်အပ်။ ကျောက်ကုန်း၌ တက်၍စီးလျှင် ဒုက္ကဋ်။ တပ်မက်သောစိတ်ဖြင့် အင်္ဂါဇာတ်တို့ကို ထိလျှင် ထုလ္လစ္စည်း။ နွားမငယ်ကိုသတ်မူ တရားအားလျော်စွာ ဆုံးဖြတ်ရမည်။

[န ဘိက္ခဝေ ဂါဝီနံ ဝိသာဏေသု ဂဟေတဗ္ဗန္တိအာဒီသု ''မောက္ခာဓိပ္ပာယေန ဝိသာဏာဒီသု ဂဟေတုံ ဝဋ္ဋတီ''တိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ စာ–၂၉၄)**

ယာဉ်စသည်တို့ကိုပယ်ခြင်း

ယာဉ်ဖြင့်သွားသောရဟန်းအား ဒုက္ကဋ်၊ ဂိလာနအား အထီးကသောယာဉ်၊ လက်ဆွဲယာဉ်၊ ထမ်းစင်၊ သန်လျင်းတို့ကို ခွင့်ပြု၏။ [အထီးကသောယာဉ်၊ လက်ဆွဲယာဉ်တို့ကား ယောက်ျားနှင်သည်ဖြစ်စေ၊ ဆွဲသည်ဖြစ်စေ၊ မိန်းမနှင်သည်ဖြစ်စေ၊ ဆွဲသည်ဖြစ်စေ အပ်၏။ ။ သိဝိကန္တိ ပီဌကသိဝိကံ၊ ပါဋင်္ကိန္တိ

ဝံသေ လဂ္ဂေတွာ ကတံ ပဋ္ဋပေါတလိကံ **(ဋ္ဌ၊ စာ-၃၆၉)** (ပုဆိုးသန်လျင်း)] ပီဌကသိဝိကန္တိ ပီဌကယာနံ၊ ပါဠင်္ကီတိ အန္ဒောလိကာယေတံ အဓိဝစနံ။ **(သာ၊ စာ-၂၉၄)** သဗ္ဗမ္ပိ ယာနံ ဥပါဟနေနပိ ဂန္တုံ အသမတ္ထဿ ဂိလာနဿ အနုညာတံ။ **(တီ၊ စာ-၁၈၄)**

မြင့်သောနေရာ မြတ်သောနေရာတို့ကို ပယ်ခြင်း

(၁) **ဥစ္စာသယန** = အာသန္ဒိ [ပမာဏာတိက္ကန္တာသနံ = မြတ်စွာဘုရား လက်ရှစ်သစ် ပမာဏ ထက်လွန်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်။

(၂) **ပလ္လင်္က** = [ပါဒေသု ဝါဠရူပါနိ ဌပေတွာ ကတော **(ဋ္ဌ၊ စာ-၃၆၉)**။ ။ ဝါဠရူပါနီတိ အာဟရိမာနိ ဝါဠရူပါနိ။ **(သာ၊ စာ-၂၉၄)**] ဤစကားရပ်ဖြင့် မရွေ့ကောင်းသော ထိုအရုပ်၌တည်သော အခြေ၌သားရဲရုပ်တို့ကို ထုအပ်သော ညောင်စောင်းသည် အပ်၏ဟူသောအနက်သည် ပြီး၏။ **(သာရ၊ စာ-၃၆၂)** ''အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကော''တိ သာရသမာသေ ဝုတ္တံ။ **(သာ၊ စာ-၂၉၄)**

(၃) မဟာသယန = ဂေါနက၊ မွေးရှည်သောကော်ဇောကြီး။ [ဒီဃလောမကော မဟာကောဇဝေါ၊ စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနိ။] **(ဋ္ဌ၊ စာ-၃၆၉)** ဒီဃလောမကော မဟာကောဇဝေါတိ စတုရင်္ဂုလာဓိကလောမော ကာဠကောဇဝေါ၊ ''စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနီ''တိ ဝစနတော စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတီတိ ဝဒန္တိ။ **(သာ၊ စာ-၂၉၄)**] စတုရင်္ဂုလာဓိကာနီတိ ဥဒ္ဒလောမိ ကေဋ္ဌလောမိဟိ ဝိသေသဒဿနံ၊ စတုရင်္ဂုလတော ဟိ ဦနာနိ ကိရ ဥဒ္ဒလောမီအာဒီသု ပဝိသန္တိ၊ **(တီ၊ စာ-၁၈၄)**] စတုရင်္ဂုလာဓိကာနီတိ ဝုတ္တတ္တာ စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတီတိ ဧကေ။ **(ဓီ၊ စာ-၄၇၇)**

* သာရတ္ထဆရာသည် ဝမ်းအပြင် ကျောအပြင်သို့ထွက်သော အမွေးကိုရည်၍ပြသည်။ ဝိမတိဆရာသည် ခြေရင်းခေါင်းရင်းသို့ထွက်သော အမွေးကိုရည်၍ပြသည်။ ဤသို့ခွဲ၍ ဋီကာနှစ်ရပ်မဆန့်ကျင်အောင် အဓိပ္ပာယ်ယူရမည်။ သာရတ္ထဝါဒနှင့် အလားတူသော အရာကိုပြဦးအံ့၊ အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ ဧတ္ထ ပကတိကောဇဝမေဝ ဝဋ္ဋတိ မဟာပိဋ္ဌိယကောဇဝံ န ဝဋ္ဋတိ။ **[စီဝရက္ခန္ဓက-ဋ္ဌ၊စာ-၄၀၁]** မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသာမညံ စတုရင်္ဂုလပုပ္ဖံ ကောဇဝံ၊ **(သာ၊ စာ-၃၃၉)**၊ အဓိပ္ပာယ်မှာ လက်လေးသစ်အောက်ယုတ်သော ကော်ဇောသည်အပ်၏။ လက်လေးသစ် အပွင့်ရှိသော ကော်ဇောသည် မအပ်ဟုပြရာ၌ ပုပ္ဖံဟူသော သဒ္ဒါရိပ်ကိုထောက်၍ ဝမ်းအပြင် ကျောအပြင်သို့ ထွက်သောအမွေးကို ယူရမည်။ စတုရင်္ဂုလာဓိကာနီတိ ဝုတ္တတ္တာ စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတီတိ ဧကေ **(ဓီ၊ စာ-၄၇၇)** မဟာပိဋ္ဌိယကောဇဝံ နာမ အတိရေကစတုရင်္ဂုလပုပ္ဖံ ကိရ။ **(ဓီ၊ စာ-၄၉၆)**။ စတုရင်္ဂုလာဓိကလောမော ကောဇဝေါ ဂေါနကောတိ ဝုစ္စတိ၊ အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ စီဝရက္ခန္ဓကေ ဝုတ္တတ္တာ စတုရင်္ဂုလလောမကံ ပကတိကောဇဝံ ဝဋ္ဋတိ။ **[ခုဒ္ဒသိက္ခာဋီကာဟောင်း]** ဤဋီကာနှစ်ရပ်တို့၌လာသောအရာသည်လည်း ယခင်ရှေး၌ ပြအပ်ပြီးသော စကားနှင့် မကွဲမပြား အတူတူပင်ဖြစ်သည်။ ဝိနယတ္ထမဉ္ဇူသာဋီကာ၌ ကပ္ပိယပစ္စတ္ထရဏ ကော်ဇောအရာမှာ ဥဒ္ဒလောမိ ကေဋ္ဌလောမိ မဟာပိဋ္ဌိကော်ဇောဟု ပြခဲ့သည်။ ထိုသို့ပြသော အရာများမှာလည်း ဝမ်းအပြင် ကျောအပြင်သို့ထွက်သော အမွေးကိုပင်ယူရမည်။ အရပ်ရပ်လာသော ကျမ်းဂန်တို့ကိုထောက်၍ ဆိုလိုရင်းမှာ ဝမ်းအပြင် ကျောအပြင်သို့ထွက်သော အမွေးဖြစ်ခဲ့မူ

လက်လေးသစ်ကစ၍ အထက်ကိုမအပ်။ လက်လေးသစ်အောက် ယုတ်မူအပ်၏ဆိုလိုသည်။ ဤသို့အဓိပ္ပာယ်ယူမှ စီဝရက္ခန္ဓကဋ္ဌ အနုဇာနာမိ ဘိက္ခဝေ ကောဇဝံဟူသော မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော ကော်ဇောနေရာရှာ၍ ရသည် ဟူလို။

ပြအပ်ပြီးသောအခင်းတို့ကား သန္ထတမဟုတ် ဝါယိမအခင်းတို့တည်း။ ဝါယိမ ယူသင့်သည်ကိုပြလတ္တံ့သော ယုတ္တိဖြင့်သိရမည်။ စမ္မက္ခန္ဓက ပါဠိတော်၌ ရှေးဦးစွာလာသော ခြေဖဝါး၌ အမွေးရောက်သောရှင်သောဏထေရ်သည် ဥဏ္ဏာပါဝါရကိုလှူခဲ့ဖူးသောကောင်းမှုကြောင့် အကြောင်းနှင့်တူစွာ အကျိုးပေး၍ ခြေဖဝါး၌ အမွေးရောက်သည်ဟု အဋ္ဌကထာ၌ပြသည်။ ဝိမတိ၌ ပါဝါရ-အရမှာ ဝါယိမ-ကို ပြခဲ့သည်။ ထိုသို့ပြသော အရာကိုထောက်၍ ပြအပ်ပြီးသောအခင်းတို့မှာ ဝါယိမယူအပ်ကြောင်းကို သိရမည်။

(ကင်္ခါအဋ္ဌကထာ၊ စာ - ၂၀၃) ၌ ပစ္စတ္ထရဏံ နာမ ပါဝါရော ကောဇဝေါတိ ဧတ္တကမေဝဟူ၍လည်းကောင်း၊ စီဝရက္ခန္ဓကအဋ္ဌကထာ (၄၀၁)၌ ပါဝါရောတိ သလောမကော ကပ္ပါသာဒိဘေဒေါဟူ၍လည်းကောင်း၊ ကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသောဟူ၍လည်းကောင်း ပြသောကြောင့် ကပ္ပါသပါဝါရ ကောသေယျပါဝါရ ကောဇဝ ဤဝါယိမသုံးပါးသည် အခင်းအခြုံနှင့် ဆက်ဆံကြောင်းကို သိအပ်၏။ **[ဆင်တဲ-ပါ-နိသျသစ်-ဒု-၅၉]**

ညောင်ကန်ဆရာတော်ကား ဝဇီရ၌ကောဇဝံဟုပြခြင်း၊ ဝိမတိ၌မအပ်ဟုပြခြင်းတို့ကြောင့် သာရတ္ထ ဝိနယဝိနိစ္ဆယဋီကာတို့၏စကားကို တထစ်ချ သန္နိဋ္ဌာန်ချ မမှတ်အပ်ဟူ၏။ [သာရ-၃၆၂]

(၄) **စိတ္တက** = ဆန်းကြယ်သော သားမွေးအခင်း (စိတ္တကာတိ ဝါနစိစိတ္တော (ဝါဠစိစိတ္တော) ဥဏ္ဏာမယတ္ထရဏော။ **(မဟာ-၄-၃၆၉)** ဝါနစိတြော ဥဏ္ဏာမယတ္ထရဏောတိ ဘိတ္တိစ္ဆေဒါဒိဝသေန ဝိစိတြော ဥဏ္ဏာမယ တ္ထရဏော။ **(သာ၊ စာ-၂၉၄)** ဝါနစိတြော ဥဏ္ဏာမယတ္ထရဏောတိ နာနာဝဏ္ဏေဟိ ဥဏ္ဏာမယသုတ္တေဟိ ဘိတ္တိစ္ဆေဒါဒိဝသေန ဝါယိတ္ဝာ ကတစိတ္တတ္ထရဏော။ **[တီ၊ စာ-၁၈၄]**

(၅) **ပဋိက** = [ဥဏ္ဏာမယော သေတတ္ထရဏော။] **(၄၊ စာ-၃၆၉)**

(၆) **ပဋလိက** = ပန်းပြောက်ခြယ်သောသားမွေးအခင်း (ဃနပုပ္ဖကော ဥဏ္ဏာမယလောဟိတတ္ထရဏော] **(၄၊ စာ-၃၆၉)**ဃနပုပ္ဖကောတိ ဗဟလရာဝါ၊ **(တီ၊ စာ-၁၈၄)** [ယော အာမလကပဏ္ဏောတိပိ (သျှိသျှားသီးကဲ့သို့ ရက်သောပုဆိုးဟူ၍လည်း) ဝုစ္စတိ] **(၄၊ စာ-၃၆၉)**

(၇) **တူလိက** = လဲသွတ်ခင်း [ပကတိတူလိကာယေဝ] ပကတိတူလိကာတိ ရုက္ခတူလလတာတူလ ပေါဋကီတူလသင်္ခါတာနံ တိဏ္ဏံ တူလာနံ အညတရပုဏ္ဏာ တူလိကာ**(သာ၊ စာ-၂၉၄)**ပကတိတူလိကာတိ တူလပုဏ္ဏာဘိသိ **(တီ၊ စာ-၁၈၄)**

(၈) **ဝိကတိက** = [ရုပ်ပုံခြယ်သားမွေးအခင်း] [သီဟဗျဂ္ဃါဒိရူပဝိစိတြော ဥဏ္ဏာမယတ္ထရဏော။] **(၄၊ စာ-၃၆၉)** ဝိကတိကာတိ သီဟရူပါဒိဝသေန ဝါ ရတနစိတြာဝ ဂယှတိ။ **(တီ၊ စာ-၁၈၄)**

(၉) **ဥဒ္ဒလောမိ** = တဘက်မွေးရှိအခင်း [ဧကတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။] **(၄၊ စာ-၃၆၉)** ဥဒ္ဒလောမီတိ ဥဘတောဒသံ ဥဏ္ဏာမယတ္ထရဏံ **(သာ၊ စာ-၂၉၅)** ဥဒ္ဒလောမီတိ ဥဘတောဒသံ ဥဏ္ဏာမယတ္ထရဏန္တိ ဒီဃနိကာယဋ္ဌကထာယံ ဝုတ္တံ။ **(တီ၊ စာ-၁၈၄)**

ဥဒ္ဒလောမိ ဧကန္တလောမိအခင်း၌ ဝိနည်းအဋ္ဌကထာမှာ တစ်ဖက်တက် အမွေးကို ရှေး၊ နှစ်ဖက်တက်သော အမွေးကို နောက်ထား၍ ဖွင့်သည်။ သုတ္တန်အဋ္ဌကထာမှာ ထိုကဲ့သို့မဟုတ် ရှေ့နောက်ပြန်၍ဖွင့်သည်။ ဤမျှသာ အမွေးအဆာကို ပြသော အရာမှာ သဘောအဓိပ္ပါယ်မထူး၊ ပညတ် အတ္ထပညတ်မျှသာ ထူးသည်ဟု

သတိမူ။ **[ဆင်တဲ ဒု – ၆၀]** သာရသမာသေ ပန ဉဒ္ဒလောမီတိ ကေတော ဉဂ္ဂတပုပ္ဖံ။ ကေန္တလောမီတိ ဉဘတော ဉဂ္ဂတပုပ္ဖန္တိ ဝုတ္တံ။ **(သာ၊ စာ–၂၉၅)**

နှစ်ဖက်မွေးရှိအခင်း [ဉဘတော ဉဂ္ဂတလောမံ ဉဏ္ဏာမယတ္ထရဏံ] **(ဌ၊ စာ–၃၆၉)**

(၁၁) **ကဋိဿ** = ရွှေချည်ထိုးအခင်း [ရတနပရိသိဗ္ဗိတံ ကောသေယျကဋိဿမယံ ပစ္စတ္ထရဏံ] **(ဌ၊ စာ–၃၆၉)** ကောသေယျကဋိဿမယန္တိ ကောသေယျကသဋမယန္တိ အာစရိယဓမ္မပါလတ္ထေရေန ဝုတ္တံ။ **(သာ၊ စာ–၂၉၅)**။ ။ ကောသေယျကဋိဿမယန္တိ ကောသိယသုတ္တာနံ အန္တရာ သုဝဏ္ဏမယသုတ္တာနိ ပဝေသေတွာ ဝီတံ။ သုဝဏ္ဏသုတ္တံ ကိရ ''ကဋိဿံ ကသဋ''န္တိ စ ဝုစ္စတိ၊ တေနေဝ ''ကောသေယျ ကသဋမယ''န္တိ အာစရိယဓမ္မပါလတ္ထေရေန ဝုတ္တန္တိ ဝဒန္တိ။ **(တိ၊ စာ–၁၈၄)**

(၁၂) **ကောသေယျ** = ပိုးချည်အခင်း [ရတနပရိသိဗ္ဗိတံ ကောသိယသုတ္တမယံ ပစ္စတ္ထရဏံ၊ သုဒ္ဓကောသေယျံ ပန ဝဋ္ဋတိ။] **(ဌ၊ စာ–၃၆၉)** သုဒ္ဓကောသေယျန္တိ ရတနပရိသိဗ္ဗနရဟိတံ။ ဒီဃနိကာယဋ္ဌကထာယံ ပနေတ္ထ ဌပေတွာ တူလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ ဝဋ္ဋန္တီတိ ဝုတ္တံ။ ရတနပရိသိဗ္ဗိတာနိ ဝဋ္ဋန္တီတိ ဣမိနာ ပန ယာနိ ရတနပရိသိဗ္ဗိတာနိ၊ တာနိ ဘူမတ္ထရဏဝသေန ယထာနုရူပံ မဉ္စာဒီသု စ ဉပနေတုံ ဝဋ္ဋတီတိ ဒီပိတန္တိ ဝေဒိတဗ္ဗံ။ ဧတ္ထ စ ဝိနယပရိယာယံ ပတွာ ဂရုကေ ဌာတဗ္ဗတ္တာ ဣဓ ဝုတ္တနယေနေဝေတ္ထ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ သုတ္တန္တိကဒေသနာယံ ပန ဂဟဋ္ဌာနမ္ပိ ဝသေန ဝုတ္တတ္တာ တေသံ သင်္ဂဟတ္ထံ ဌပေတွာ တူလိကံ – ။ – ဝဋ္ဋန္တီတိ ဝုတ္တန္တိတိ အပရေ။ **(သာ၊ စာ–၂၉၅) [ဇီကို ညွန်းဟန်တူ၏။]** ရတနပရိသိဗ္ဗိတန္တိ သုဝဏ္ဏလိတ္တံ၊ **(တိ၊ စာ–၁၈၄)**

(၁၃) **ကုတ္တက** = သားမွေးအခင်းကြီး [သောဠသန္နံ နာဋကိတ္ထီနံ ဌတွာ နစ္စနယောဂ္ဂံ ဉဏ္ဏာမယအတ္ထရဏံ။] **(ဌ၊ စာ–၃၆၉)** ကုဋ္ဋကအခင်းအရမှာ ဉန္နလောမိကေန္တလောမိအခင်းကိုပင် အဘိဓာန်၌ ပြသည်။ တစ်ကျိုပ်ခြောက်ယောက်သော ကချေသည်တို့ရပ်၍ ကလောက်ခြင်းကြောင့် ကုဋ္ဋကဟူသော အမည်ထူးကို ရသည်။ ထိုအခင်းမှာ ပမာဏကြီးသည်ကို ပဓာနပြု၍ အကပ္ပိယကိုယူ။ (ဆင်တဲ–၆၀)

(၁၄) **ဟတ္ထတ္ထရ** = ဆင်ကုန်းနှီး [ဟတ္ထိအဿပိဋ္ဌိသု အတ္ထရဏကအတ္ထာရဏာ ဝေ **(ဌ၊ စာ–၃၆၉)**]

(၁၅) **အဿတ္ထရ** = မြင်းကုန်းနှီး

(၁၆) **ရထတ္ထရ** = ရထားခင်းနှီး

(၁၇) **အဇိနပ္ပဝေဏီ** = သစ်နက်ရေအခင်း [အဇိကစမ္မေဟိ မဉ္စပ္ပမာဏေန သိဗ္ဗိတွာ ကတာ ပဝေဏီ] **(ဌ၊ စာ–၃၆၉)** အဇိနစမ္မေဟီတိ အဇိနမိဂစမ္မေဟိ၊ တာနိ ကိရ စမ္မာနိ သုခုမတရာနိ၊ တသ္မာ ဒုပဋ္ဋတိပဋ္ဋာနိ ကတွာ သိဗ္ဗန္တိ ၊ တေန ဝုတ္တံ အဇိနပဝေဏီတိ။ **[သာ၊ စာ–၂၉၅၊ –တိတူ]**

(၁၈) **ကဒလီမိဂပဝရပစ္စတ္ထရဏ** = ဝံပိုင်ရေအခင်း [တံ ကိရ သေတဝတ္ထဿ ဉပရိ ကဒလီမိဂ စမ္မံ ပတ္ထရိတွာ သိဗ္ဗိတွာ ကရောန္တိ။] **(ဌ၊ စာ – ၃၆၉)**

(၁၉) **သဉတ္တရစ္ဆဒ** = နီသောမျက်နှာကြက် [ဉပရိဗဒ္ဓေန ရတ္တဝိတာနေန သဒ္ဓိန္တိ အတ္ထော၊ သေတဝိတာနမ္ပိ ဟေဋ္ဌာ အကပ္ပိယပစ္စတ္ထရဏေ သတိ န ဝဋ္ဋတိ၊ အသတိ ပန ဝဋ္ဋတိ။] **(ဌ၊ စာ–၃၆၉၊ ၃၇၀)**ရတ္တဝိတာနေသု စ ကာသာဝံ ဝဋ္ဋတိ။ ကုသုမ္ဘာဒိရတ္တမေဝ န ဝဋ္ဋတီတိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ စာ–၂၉၅)** ရတ္တဝိတာနေနာတိ သဗ္ဗရတ္တေန ဝိတာနေန၊ ယံ ပန နာနာဝဏ္ဏံ ဝါနစိတ္တံ ဝါ လေပစိတ္တံ ဝါ၊ တံ ဝဋ္ဋတိ၊ ဉဘတောလောဟိတကူပဓာနေပိ ဧသေဝ နယော။ **(တိ၊ စာ–၁၈၄)**

(၂၀) **ဥဘတောလောဟိတကူပမာနံ** = နီသော အုံးနှီးနှစ်ဖက်ရှိနေရာ [သီသူပမာနဥ္စ ပါဒူပမာနဥ္စာတိ မဥ္စသ ဥဘတော လောဟိတကူပမာနံ၊ တော် န ကပ္ပတိ။ ယံ ပန ကေမေဝ ဥပဓာနံ ဥဘောသု ပသေသု (ခေါင်းရင်းခြေရင်း) ရတ္တံ ဝါ ဟောတိ ပဒုမဝဏ္ဏံ ဝါ စိတြံ ဝါ၊ သစေ ပမာဏယုတ္တံ ဝဋ္ဋတိ။ မဟာဥပဓာနံ ပန ပဋိက္ခိတ္တံ။ **(ဌ၊ စာ–၃၇၀)**] (အဓိပ္ပာယ်ကား ခေါင်းအုံးသာမူလည်းဖြစ်စေ၊ ခြေတင်အုံးသာ မူလည်း ဖြစ်စေ၊ တစ်လုံးလုံးသည် အုံးနီ၊ အုံးပြောက်ပင်ဖြစ်သော်လည်း ပမာဏ၌ယှဉ်ကအပ်၏။ နှစ်လုံးပင် အုံးနီ ဖြစ်သော်သာ မအပ်သည်၊ နှစ်လုံးပင်အဖြူဖြစ်သော်ကား အပ်သည်ချည်းဟူလို။)

ဥဘတောလောဟိတကူပမာနန္တိဧတ္ထ ကာသာဝံ ပန ဝဋ္ဋတိ၊ ကုသုမ္ဘာဒိရတ္တမေဝ န ဝဋ္ဋတီတိ လိခိတံ။ **(ဋီ၊ စာ–၄၇၇)**။ ''ဧတ္ထ စ ကိဥ္စာပိ ဒီဃနိကာယဋ္ဌကထာယံ အလောဟိတကာနိ ဒွေပိ ဝဋ္ဋန္တိယေဝ။ တတော ဥတ္တရိ လဘိတွာ အညေသံ ဒါတဗ္ဗာနိ၊ ဒါတုံ အသက္ကောန္တော မဥ္စေ တိရိယံ အတ္ထရိတွာ ဥပရိပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုမ္ပိ လဘတီ''တိ အဝိသေသေန ဝုတ္တံ။ သေနာသနက္ခန္ဓကဝဏ္ဏနာယံ ပန အဂိလာနဿ သီသုပမာနဥ္စ ပါဒုပမာနဥ္စာတိ ဒွယမေဝ ဝဋ္ဋတိ။ ဂိလာနဿ ဗိမ္ဗောဟနာနိ သန္ထရိတွာ ဥပရိ ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုမ္ပိ ဝဋ္ဋတီတိ ဝုတ္တတ္တာ ဂိလာနောယေဝ မဥ္စေ တိရိယံ အတ္ထရိတွာ နိပဇ္ဇိတုံ လဘတီတိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ–၂၉၅)** ပမာဏထက်လွန်သောအုံးကား ဥစ္စာသယန မဟာသယန၌ အကျုံးမဝင်ရကား ဥပုသ်သည်လူတို့အား အပ်၏ဟူ၏–တိ]

(၄) စိတ္တက အခင်း

အထက်(၄)၌ ဖော်ပြထားသော အဋ္ဌကထာ ဋီကာ၊ စိတ္တကံ ဝါဠစိတြော၊ ဥဏ္ဏာမယတ္တရဏော၊ ဥဏ္ဏာ ဧဠကလောမံ–ဟူသော ခုဒ္ဒသိက္ခာဋီကာသစ်၊ ဝါနစိတြန္တိ ဘိတ္တိစ္ဆေဒါဒိဝသေန ဝိနနဝိစိတြံ ဟူသော သီလက္ခန်ဋီကာဟောင်းတို့အရ အထူးထူးသောအဆင်းရှိသော သားမွေးချည်တို့ဖြင့် နံရံဖြတ်ခြင်း စသည်တို့ အစွမ်းဖြင့် ရက်၍ပြုအပ်သော အခင်းသည် စိတ္တက။ ဖြတ်ဟူသည် တံမျဉ်းကြိုးခတ်သကဲ့သို့ အကြောင်း အရေးထင် ရက်သည်ကို ယူရမည်။

ဆရာမြတ်တို့ကား ဝါဠစိတြောပုဒ်၌ ဝါဠသဒ္ဒါကို သားမြီးဟောကြ၍ သားမြီးတို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်ပြီးသောအခင်းဟု ယူတော်မူ၏။ ဝါဠေန ကတာ ဗိဇနီ ဝါဠဗိဇနီဟူ၍ အဘိဓာန်ဋီကာ၌ ပြသည်ကို ယုတ္တိယူရိပ်ရှိသည်။

ဝါနစိတြန္တိ ဘိတ္တိဆေဒါဒိအာကာရေန ဝါနေန သံသိဗ္ဗနေန ဝိစိတြံ ဟူသော သီလက္ခန်ဋီကာ သစ်အလိုမှာ အကြောင်းအရေး သဏ္ဍာန်ထင်အောင်ချုပ်သောအားဖြင့် ဆန်းကြယ်သောအခင်းကိုယူ။ တိက အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ စိတ္တကာနီတိ ရတနစိတြဥဏ္ဏာမယတ္တရဏံ ဟုလာသည်။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌ ရတနစိတ္တကံ စိတ္တကံ န ဝဋ္ဋတိ–ဟူ၍ လာသည်။ ဤအဋ္ဌကထာဋီကာတို့ အလိုအားဖြင့် ရတနာတို့ဖြင့် ဆန်းကြယ်လျှင် စိတ္တကအခင်းယူရမည်။

အဘိဓာန်ဋီကာ၌ ဆန်းကြယ်သော အရုပ်ရှိသော အခင်းသည် စိတ္တက၊ ချုပ်သောအားဖြင့် ဆန်း ကြယ်သော အရုပ်ရှိသော အခင်းသည် ဝါနစိတ္တက၊ ဤသို့ နှစ်ဌာနဝေဖန်၍ ပြသည်။ အရုပ်ရုပ်ပြုအပ်သော စိတ္တကအခင်းသည် ဝိနည်းသဘောမှာ အသာရုပ္ပဖြစ်၍ အကပ္ပိယချည်းယူရမည်။ **[ဆင်တဲ–၆၁]**

(၃) ဂေါနက စသည်

တစ်ဖက်မွေးတက်သော ကော်ဇော သားရဲရုပ်စသည်တို့ဖြင့် ဆန်းကြယ်သောကော်ဇော စသည်တို့ကိုလည်း ဂေါနကစသော အကပ္ပိယအခင်း၌ သင်္ဂြိုဟ်အပ်၏ဟုမှတ်အပ်၏။ ထိုအကပ္ပိယကော်ဇောကား ဂေါနကာဒီနိ သံဃိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ မဉ္စပီဌကေသု အတ္ထရိတ္វာ ပရိဘုဉ္ဇိတုံ ဝါ န ဝဋ္ဋန္တိ [သေနာသနက္ခန္ဓက စူဠဝါ] **(ဋ္ဌ၊ စာ–ရ၆)** အရသုံးဆောင်ခြင်းငှာ မအပ်ပြီ။ ကေစိတို့ကား အကပ္ပိယကော်ဇောကို ညောင်စောင်း အင်းပျဉ်၌ခင်းပြီးလျှင် ကော်ဇောပေါ်၌ ကပ္ပိယအိပ်ရာခင်းကိုခင်း၍ သုံးဆောင်အပ်၏ဟူကုန်၏။ အဋ္ဌကထာ ဋီကာတို့နှင့် မလျော်သောကြောင့် မသင့်။ ဋီကာအရှင်တို့ကား ဂေါနကစသည် အကပ္ပိယအခင်းကို မြေအခင်းအစွမ်းဖြင့် ညောင်စောင်းအင်းပျဉ်တို့၌ခင်း၍ သေနာသနပရိဘောဂအဖြစ်ဖြင့် သုံးဆောင်အပ်၏ဟူကုန်၏။ လူတို့ဥစ္စာဖြစ်၍ လူတို့ခင်း၍ ပေးမှုအပ်၏။ ဤစကားဖြင့် သီတင်းသုံးဖော် ငါးယောက်တို့တွင် တစ်ယောက်ယောက်ခင်းသော်လည်းကောင်း၊ လူကိုစေ၍သော်လည်းကောင်း မအပ်ဟူသော အနက်သည် ပြီး၏။ တရားဟောပလ္လင်၌ကား ထိုင်ရုံမျှအပ်၏။ မအိပ်အပ်။ ဝိနိစ္ဆယဋီကာရှင်ကား တရားဟောပလ္လင်၌ သံဃိက ပုဂ္ဂလိက ဂေါနကစသော အကပ္ပိယအခင်းကို ရဟန်းမစေဘဲ လူတို့သည် အလိုလိုခင်းကုန်အံ့၊ ရုပ်လည်း ရုပ်ကုန်အံ့၊ ဂိဟိဝိကဋ္ဋနီဟာရဖြစ်သောကြောင့် အပ်၏ဟုမိန့်၏။

ဆွမ်းစားဇရပ် လူတို့အိမ်တို့၌လည်း ထိုအကပ္ပိယအခင်းကို လူတို့ခင်းသော် အပ်၏။ ဤမှတစ်ပါးသောအရပ်၌ လူတို့ပင်ခင်းသော်လည်း မအပ်။ သံဃိက ဂိဟိသန္တကဖြစ်သော ဂေါနကစသော အကပ္ပိယအခင်းကို သီတင်းသုံးဖော် ငါးယောက်တို့မစေဘဲ လူတို့သည် မြေအခင်းကိုပြုသော် ထိုမြေအခင်း၏ အထက်၌ မိမိကပ္ပိယအိပ်ရာခင်းကိုခင်း၍ အိပ်အပ်၏။ ဤစကားဖြင့် လူတို့သည် ညောင်စောင်းအင်းပျဉ်တို့၌အိပ်အံ့သောငှာ ခင်းသည်ရှိသော် အပေါ်၌ မိမိကပ္ပိယ အိပ်ရာခင်းကိုခင်း၍ အိပ်ခြင်းထိုင်ခြင်းသည် မအပ်ဟူသော အနက်သည် ပြီး။ **(သာရ၊ စာ–၃၆၃)**

ဤ(၂၀)တို့ကား ဒုက္ကဋ်ဝတ္ထုများတည်း။

သားရေအားလုံးကို ပယ်တော်မူခြင်း

ခြသေ့်ရေ၊ ကျားရေ၊ သစ်ရေ၊ နွားရေတို့ကို ဆောင်ယူသုံးစွဲသောရဟန်းအား ဒုက္ကဋ်။ တစ်စုံတစ်ခုသောအရေကို မဆောင်ယူ မသုံးစွဲအပ်။ ဆောင်ယူသုံးစွဲသော ရဟန်းအားဒုက္ကဋ်။ လူတို့၏ဥစ္စာကိုထိုင်ခြင်းငှာ ခွင့်ပြု၏။ အိပ်ခြင်းငှာခွင့်မပြု။ ကျောင်း၏နံရံကိုပတ်၍ (သားရေကြိုးတို့ဖြင့်) ဖွဲ့ချည်ကာမျှကိုမှီ၍ ထိုင်ခြင်းငှာခွင့်ပြု၏။

ရွာတွင်းဖိနပ်မစီးရ

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဖိနပ်စီးလျက် ရွာတွင်းသို့ မဝင်အပ်၊ ဝင်သောရဟန်းအား ဒုက္ကဋ်ဟု ပညတ်တော်မူ၏။ (ဖိနပ်နှင့်ကင်း၍ ရွာတွင်းသို့ဝင်ခြင်းငှာမစွမ်းနိုင်သော) ဂိလာနရဟန်းသည် ဖိနပ်စီးလျက် ရွာတွင်းသို့ဝင်ခြင်းငှာခွင့်ပြု၏။ [ဂိလာနော နာမ ယော န သက္ကောတိ အနုပါဟနော ဂါမံ ပဝိသိတုံ။ **၄၊ စာ–၃၇၀**]

အရှင်မဟာကစ္စည်း၏ ဆုငါးပါး

အဝန္တီတိုင်း၊ ဒက္ခိဏာပထဇနပုဒ်တွင် သီတင်းသုံးနေတော်မူသော အရှင်မဟာကစ္စည်းမထေရ်မြတ်၏ တောင်းပန်လျှောက်ထားသည်ကို အကြောင်းပြု၍ အောက်ပါဆုငါးပါးကို အလုံးစုံသော ပစ္စန္တရာဇ်အရပ်တို့၌ ခွင့်ပြုတော်မူ၏။

ပစ္စန္တရာဇ်

(၁) အရှေ့မျက်နှာအရပ်၌ ဇင်္ဂလမည်သော နိဂုံးအပြင်ဘက်မှ အင်ကြင်းပင်ကြီး –
(၂) အရှေ့တောင်အရပ်၌ သလ္လဝတီမည်သောမြစ် –
(၃) တောင်မျက်နှာအရပ်၌ သေတကဏ္ဏိကမည်သောနိဂုံး –
(၄) အနောက်မျက်နှာအရပ်၌ ထူနမည်သော ပုဏ္ဏားရွာ –
(၅) မြောက်မျက်နှာအရပ်၌ ဥသိရဒ္ဓဇ မည်သောတောင် – ဤနယ်နိမိတ်တို့အတွင်းကား မဇ္ဈိမတိုင်းတည်း။ ပြင်ဘက်ကား ပစ္စန္တရာဇ် ဇနပုဒ်တည်း။

ပဒေသပညတ် (၄)ပါး

(၁) အလုံးစုံသော ပစ္စန္တရာဇ်အရပ်တို့၌ – ဝိနည်းမိုရ်လျှင် ငါးယောက်မြောက်သောဂိုဏ်းဖြင့် ပဥ္စင်းခံခြင်းကို ခွင့်ပြု၏။ (အနုသာဝနာစရိယပဥ္စမေန) **(၄၊ စာ–၃၇၁)**

(၂) အလွှာများသော ဖိနပ်ကို ခွင့်ပြု၏။ - [တွေ့ မနုဿစမ္မံ ဥပေတွာ ယေန ကေနစိ စမ္မေန ဥပါဟနာ ဝဋ္ဋတိ၊ ဥပါဟနကောသကသတ္ထကောသကကုဉ္စိကကောသကေသုပိ ဧသေဝ နယော။] **(ဋ္ဌ၊ စာ-၃၇၁)** ဤအဋ္ဌကထာ၏ ယေနကေနစိ စမ္မေန ဥပါဟနာ ဝဋ္ဋတိဟူသော စကားရပ်ကိုထောက်၍ သားရေမှ တစ်ပါး အခြားဖိနပ်များ မအပ်၊ ရော်ဘာဖိနပ်များလည်းမအပ်ဟု အချို့ဆရာမြတ်တို့ (ညောင်လွန်) အယူရှိတော် မူကြ၏။

(၃) မပြတ်ရေချိုးခြင်းကို ခွင့်ပြုတော်မူ၏။

(၄) သိုးရေ ဆိတ်ရေ သမင်ရေဟူသော အခင်းတို့ကို ခွင့်ပြု၏။ [ဠေကစမ္မ-သိုးရေ အဇစမ္မ -ဆိတ်ရေ ဏေဳမိဂ-ဏေဳမည်သောသား၊ ဝါတမိဂ-သမင်ပျံ၊ ပသဒမိဂ-ချေ၊ ကုရင်္ဂမိဂ - ဆတ်၊ မိဂ မာတုက - စိုင်(အောက်မားမည်သော သားလည်းဟူ) ရောဟိတမိဂ - သမင်ပါး၊ (သမင်ဖား)၊ ဤသား တို့၏အရေများသာ (သွားရာဆောင်၍) ထိုင်ခြင်း၊ အိပ်ခြင်း၊ သုံးဆောင်ခြင်းငှာ အပ်ကုန်၏။ ကြွင်းအရေ တို့ကား မအပ်။]အခင်း၌သာ ပယ်၏။ ဖိနပ်စသည်၌ကား အပ်၏။ သေနာသနပရိဘောဂ၌ကား အားလုံး ပင်အပ်၏ဟူသတတ်။

မဇ္ဈိမ ပစ္စန္တရာဇ် ၂ မျိုးနှင့် ဆက်ဆံသောအရာ

(၅) လူတို့သည် ဥပစာသိမ်ပသို့သွားသောရဟန်းအား၊ ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏ဟု သင်္ကန်းလှူကုန်အံ့၊ လက်သို့မရောက်သေးသမျှ အဓိဋ္ဌာန်တင်အပ်သော အရေအတွက်သို့ မရောက်နိုင်၊ ခံယူစိမ့်သောငှာ ခွင့်ပြု၏။ [ယဒိ ပန အာနေတွာ ဝါ ဒိန္နံ ဟောတိ၊ ဥပ္ပန္နန္တိ ဝါ သုတံ၊ တတော ပဋ္ဌာယ ဒသာဟမေဝ ပရိဟာရံ လဘတိ။ **(ဋ္ဌ၊ စာ-၃၇၁)**

* စမ္မံ န ဝဋ္ဋတီတိ နိသီဒနတ္ထရဏံ ကာတုံ န ဝဋ္ဋတိ၊ ဘူမတ္ထရဏာဒိဝသေန သေနာသန ပရိဘောဂေါ ဝဋ္ဋတေဝ။ **(တိ၊ စာ-၁၈၅)**။

၆–ဘေသဇ္ဇက္ခန္ဓက

ဆေးငါးပါး

ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ ဤငါးပါးသောဆေးတို့ကို နံနက်အခါ၌လည်းကောင်း၊ မွန်းလွဲအခါ၌လည်းကောင်း အကပ်ခံ၍ သုံးဆောင်စိမ့်သောငှာ ခွင့်ပြု၏။ ဝံဆီ၊ ငါးဆီ၊ လင်းပိုင်ဆီ၊ ဝက်ဆီ၊ မြည်းဆီဟူသော အဆီဖြစ်သောဆေးတို့ကို နံနက်အခါ၌ အကပ်ခံအံ့၊ နံနက်အခါ၌ ချက်အံ့၊ နံနက်အခါ၌ စစ်အံ့၊ ဆီဟူသောသုံးဆောင်ခြင်းဖြင့် သုံးဆောင်စိမ့်သောငှာ ခွင့်ပြု၏။ မွန်းလွဲအခါ၌ ထို သုံးချက်ကိုပြုမူ ဒုက္ကဋ်သုံးချက်၊ နှစ်ချက်ပြုမူ နှစ်ချက်၊ တစ်ချက်ပြုမူ တစ်ချက်သင့်၏။ [တေလပရိဘောဂေန ပရိဘုဉ္ဇိတုန္တိ သတ္တာဟကာလိကတေလပရိဘောဂေန ပရိဘုဉ္ဇိတုံ။ ဋ္ဌ၊ ၈၁–၃၇၂]

အမြစ်စသော ဆေး

နနွင်း၊ ချင်းစိမ်း၊ လင်းနေ၊ ဆိပ်ဖူး၊ မိဝုတ်၊ ကုလားဆောင်းမေးခါး၊ ပန်းရင်း၊ နွားမြေးရင်းဟူသော အမြစ်ဆေးတို့ကိုလည်းကောင်း၊ ထိုမှတစ်ပါးသော ခဲဖွယ်ဘောဇဉ် အရာမမြောက်သော အမြစ်ဆေးတို့ကိုလည်းကောင်း၊ အကပ်ခံ၍ အသက်ထက်ဆုံး ဆောင်ထားစိမ့်သောငှာလည်းကောင်း၊ အနာဟူသော အကြောင်းရှိခဲ့သော် သုံးဆောင်စိမ့်သောငှာလည်းကောင်း ခွင့်ပြု၏။ အနာဟူသောအကြောင်းမရှိဘဲ သုံးဆောင်သောရဟန်းအား ဒုက္ကဋ်။ ဆေးကြိတ်ကျောက်ပြင်ကိုလည်းကောင်း၊ ဆေးကြိတ်ကျောက်လုံးကိုလည်းကောင်း ခွင့်ပြု၏။ [ယထာ စ မူလေ၊ ဧဝံ ကန္ဒာဒီသုပိ ယံ လက္ခဏံ ဒဿိတံ (ပကတိအာဟာရမဟုတ်သော လက္ခဏာ) တဿေဝ ဝသေန ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ ယဉ္စ တံ ပါဠိယံ ဟလိဒ္ဒါဒိ အဋ္ဌဝိဓံ ဝုတ္တံ၊ တဿ ခန္ဓတစပုပ္ဖဖလမ္ပိ သဗ္ဗံ ယာဝဇီဝိကန္တိ ဝုတ္တံ။ **[ပါစိတျာဒိ – ၅ – ၉၉]**

ဖန်ဆေး

တမာဖန်၊ လက်ထုတ်ဖန်၊ ဖြူးတား၊ ပုံလုံခါးဖန် (ကင်းပုံကိုဆိုသည်)၊ ခွေးတောက်ဖန်၊ သင်းဝင်ဖန်ဟူသော ဖန်ဆေးတို့ကိုလည်းကောင်း၊ ထိုမှတစ်ပါးခဲဖွယ်ဘောဇဉ်အရာမမြောက်သော ဖန်ဆေးတို့ကိုလည်းကောင်း ယာဝဇီဝိကအဖြစ် ခွင့်ပြု၏။

အရွက်

တမာရွက်၊ လက်ထုတ်ရွက်၊ ပြူးတားပုံလုံခါးရွက်၊ ရုံရွက်၊ ဝါးရွက်ဟူသော အရွက်ဖြစ်သော ဆေးတို့ကိုလည်းကောင်း၊ ထိုမှတစ်ပါး ခဲဖွယ်ဘောဇဉ်အရာမမြောက်သော အရွက်ဖြစ်သော ဆေးတို့ကို လည်းကောင်း၊ ယာဝဇီဝိကအဖြစ် ခွင့်ပြု၏။ [န ကေဝလဥ္စ ပဏ္ဏာနိယေဝ တေသံ ပုပ္ဖဖလာဒီနိပိ ယာဝဇီ ဝိကာနိ။] **(ပါစိတျာဒိ-ဌ၊ စာ-၁၀၂)**

အသီး

အိပ်မွေ့သီး၊ ပိတ်ချင်းသီး၊ ဇရုတ်သီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ သျှစ်သျှားသီး၊ သမင်စာသီးဟူ သော အသီးဆေး၊ အခြားသော ခဲဖွယ်ဘောဇဉ်မမြောက်သော အသီးဆေးတို့ကို ယာဝဇီဝိကအဖြစ် ခွင့် ပြု၏။

အစေး

ရှိန်းခိုစစ်၊ ရှိန်းခိုစေး၊ ရှိန်းခိုလွှာ၊ ချိပ်စစ်၊ ချိပ်နှစ်၊ ချိပ်လွှာ၊ ပွဲလျက်ဟူသော အစေးဖြစ်သော ဆေး၊ ခဲဖွယ်ဘောဇဉ်အရာမမြောက်သော အစေးဖြစ်သောဆေးတို့ကို ယာဝဇီဝိကအဖြစ် ခွင့်ပြု၏။

ဆား

ပင်လယ်ဆား၊ ဆားပုပ်၊ သိန္ဓောဆား၊ တွင်းထွက်ဆား၊ ချက်ဆားဟူသော ဆားဆေးတို့ကိုလည်း ကောင်း၊ ခဲဖွယ်ဘောဇဉ်အရာမမြောက်သော အခြားဆားဆေးတို့ကိုလည်းကောင်း ယာဝဇီဝိကအဖြစ် ခွင့်ပြု၏။

လိမ်းဆေးမှုန့်

ယားနာ၊ အိုင်းအမာနာ၊ အရည်ရွှဲရွှဲယိုသောအနာ၊ ဝဲကြီးနာရှိအံ့၊ ကိုယ်၌လည်း မကောင်းသော အနံ့ရှိအံ့ အမှုန့်ဖြစ်သောဆေးတို့ကို ခွင့်ပြု၏။ အနာမရှိသောရဟန်းအား နွားချေးခြောက်ကိုလည်းကောင်း၊ မြေညက်ခဲကိုလည်းကောင်း၊ ဆိုးရည်ကျိုဖတ်ကိုလည်းကောင်း ခွင့်ပြု၏။ (ဤကား ရေချိုးသောအခါ ကသယ်မှုန့်အလို့ငှာတည်း)။ ဆုံကိုလည်းကောင်း၊ ကျည်ပွေ့ကိုလည်းကောင်း၊ ဆင့်အပ်သော ဆေးမှုန့်တို့ ကိုလည်းကောင်း အဝတ်ဖြင့်ဆင့်ခြင်းကိုလည်းကောင်း ခွင့်ပြု၏။

[ကာယော ဝါ ဒုဂ္ဂန္ဓောတိ ကဿစိ အဿာဒီနံ ဝိယ ကာယဂန္ဓော ဟောတိ၊ တဿာပိ သိရီသကော သုမ္ဘာဒိစုဏ္ဏာနိ ဝါ (ကုက္ကိုပွင့်၊ ဝတ်ပန်းပွင့် စသောအမှုန်တို့သည်လည်းကောင်း၊ ဂန္ဓစုဏ္ဏာနိ ဝါ သဗ္ဗာနိ ဝဋ္ဋန္တိ၊ ဆကဏန္တိ ဂေါမယံ၊ ရဇနနိပ္ပက္ကန္တိ ရဇနကသဋံ၊ ပါကတိကစုဏ္ဏမ္ပိ ကောဋ္ဋေတွာ ဥဒကေန တေမေတွာ

နှာယိတုံ ဝဋ္ဋတိ၊ တေမွိ ရဇနနိပ္ပက္ကသခေ်ပမေဝ ဂစ္ဆတိ။] **(ဋ္ဌ၊ စာ-၃၇၂)** ပါကတိကစုဏ္ဏံ နာမ အပက္ကကသာဝစုဏ္ဏံ၊ တေန ဋ္ဌပေတွာ ဂန္ဓစုဏ္ဏံ သဗ္ဗံ ဝဋ္ဋတီတိ ဝဒန္တိ။ **(သာ၊ စာ-၃၀၄)**

မျက်စဉ်း၊ မျက်စဉ်းကျည်၊ မျက်စဉ်းခတ်တံ

ဘီလူးဖမ်းသော အနာရှိလတ်သော် အသားစိမ်း သွေးစိမ်းကို ခွင့်ပြု၏။ မည်းသောမျက်စဉ်း၊ အထူးထူးသော ဆေးတို့ဖြင့်ဖော်စပ်သော မျက်စဉ်း၊ ရေယဉ်ခံ၍ ပြုသောမျက်စဉ်း၊ ငွေ့မျက်စဉ်း၊ မင်သေ မျက်စဉ်းဟူသော မျက်စဉ်းကို ခွင့်ပြု၏။ မျက်စဉ်းကြိတ်စရာ အမှုန့်ပြုရန် စန္ဒကူးကိုလည်းကောင်း၊ တောင်ဇလပ်ကိုလည်းကောင်း၊ အကျော်ကိုလည်းကောင်း၊ ကရမက်ကိုလည်းကောင်း၊ နွားမြေရင်းကိုလည်းကောင်း ခွင့်ပြု၏။ အရိုး အစွယ် သားချို ကျူ ဝါး သစ်သား ချိပ် ဖန် သံ ခရုသင်း ချက်ဖြင့်ပြီးသော မျက်စဉ်းကျည် တို့ကို ဆောင်သောရဟန်းအား ဒုက္ကဋ်။ မျက်စဉ်းကျည်အဖုံး၊ အဖုံးနှင့်ကိုယ်ဖွဲ့ရန် ကြိုးကိုခွင့်ပြု၏။ မျက်စဉ်းကျည် ကွဲသော် ချည်ဖြင့်ချုပ်စိမ့်သောငှာ ခွင့်ပြု၏။

ရွှေငွေစသည်ဖြင့် ပြီးသောမျက်စဉ်းခတ်တံကို ဆောင်သောရဟန်းအား ဒုက္ကဋ်။ အရိုး အစွယ်၊ သားချို၊ ကျူ၊ ဝါး၊ သစ်သား၊ ချိပ်၊ ဖန်၊ သံ၊ ခရုသင်းချက်ဖြင့်ပြီးသော မျက်စဉ်းတံကိုလည်းကောင်း၊ မျက်စဉ်းတံ ထည့်စရာကိုလည်းကောင်း မျက်စဉ်းကျည်ထည့်ရန် အိတ်ကိုလည်းကောင်း၊ ပခုံးလွယ်စရာကို လည်းကောင်း၊ ပခုံးလွယ်ကို ဖွဲ့စရာချည်ကိုလည်းကောင်း ခွင့်ပြု၏။

နှာနှတ်ခြင်း၊ နှာနှတ်တံစသည်

အရှင်ပိလိန္ဒဝစ္ဆအား ခေါင်းပူသော ဦးယဉ်းနာစွဲသည်ကို အကြောင်းပြု၍ ဦးခေါင်းသုတ်လိမ်းစရာ ဆီ၊ နှာနှတ်ခြင်း၊ နှာနှတ်တံ၊ အရိုး၊ ခရုသင်းချက်ဖြင့်ပြီးသော နှာနှတ်တံ၊ အစုံဖြစ်သော နှာနှတ်တံ၊ အခိုးသောက်ခြင်း၊ အခိုးသောက်တံ၊ အရိုး – ပ –ခရုသင်းချက်ဖြင့်ပြီးသော အခိုးသောက်တံ၊ အခိုးသောက် တံအပိတ်၊ အခိုးသောက်တံထည့်စရာအိတ်၊ အစုံဖြစ်သောအိတ်၊ ပခုံးလွယ်စရာ၊ ပခုံးလွယ်ကိုဖွဲ့စရာချည်တို့ကို ခွင့်ပြုတော်မူ၏။

ဆီကျက်၊ ဆီကျည် (လေရောဂါ)

အရှင်ပိလိန္ဒဝစ္ဆအား လေနာစွဲကပ်သည်ကိုအကြောင်းပြု၍ ဆီကျက်၊ ဆီကျက်၌သေအရက် ထည့် ခြင်းကိုလည်းကောင်း ခွင့်ပြု၏။ အလွန်များသော သေအရက်ထည့်သောဆီကို သောက်သော် ဒုက္ကဋ်။ သေအရက်၏ အဆင်း အနံ့ အရသာ မထင်ရှားသော ဆီကျက်ကို သောက်ရန်ခွင့်ပြု၏။

[အနုဇာနာမိ ဘိက္ခဝေ တေလပါကန္တိ ယံကိဉ္စိ ဘေသဇ္ဇပက္ခိတ္တံ သဗ္ဗံ အနုညာတမေဝ ဟောတိ၊၊] **(ဋ္ဌ၊ စာ-၃၇၃)**

ကြေးကျည်၊ သစ်သားကျည်၊ သစ်သီးကျည်ဟူသော ဆီကျည်သုံးမျိုးကိုခွင့်ပြု၏။

ချွေးထုတ်ခြင်း စသည် (လေငန်းရောဂါ)

အရှင်ပိလိန္ဒဝစ္ဆအား လက်ခြေတို့၌ဖြစ်သော လေရောဂါရှိသည်ကိုအကြောင်းပြု၍ ချွေးထုတ်ခြင်း၊ အထူးထူးသောဆေးတို့ဖြင့် ချွေးထုတ်ခြင်း၊ ချွေးကြီးထုတ်ခြင်း၊ သစ်ရွက်စုံပြုတ်ရည်ဖြင့် ချွေးထုတ်ခြင်း၊ ရေချိုးရုံ၌ ရေလှောင်အိုးစရည်းကြီးကို ရေနွေးထည့်၍ ချွေးအောင်းခြင်းကို ခွင့်ပြု၏။

[သမ္ဘာရသေဒန္တိ နာနာဝိဓပဏ္ဏဘင်္ဂသေဒံ၊ မဟာသေဒန္တိ မဟန္တံ သေဒံ၊ ပေါရိသပ္ပမာဏံ အာဝါဋံ အင်္ဂါရာနံ ပူရေတွာ ပံသုဝါလိကာဒီဟိ ပိဒဟိတွာ တတ္ထ နာနာဝိဓာနိ ဝါတဟရဏပဏ္ဏာနိ သန္ထရိတွာ တေလမက္ခိတေန ဂတ္တေန တတ္ထ နိပဇ္ဇိတွာ သမ္ပရိဝတ္တန္တေန သရီရံ သေဒေတုံ အနုဇာနာမီတိ အတ္ထော။ ဘင်္ဂေါဒကန္တိ နာနာပဏ္ဏဘင်္ဂကုထိတံ ဥဒကံ၊ တေဟိ ပဏ္ဏေဟိ စ ဥဒကေန စ သိဉ္စိတွာ သိဉ္စိတွာ သေဒေတဗ္ဗော၊ ဥဒကကောဋ္ဌကန္တိ ဥဒကကောဋ္ဌေ စာဋိံ ဝါ ဒေါဏိံ ဝါ ဥဏှောဒကဿ ပူရေတွာ တတ္ထ ပဝိသိတွာ သေဒကမ္မကရဏံ အနုဇာနာမီတိ အတ္ထော။] **(ဋ္ဌ၊ စာ-၃၇၃)**

အဆစ်ကိုက်သောလေရောဂါ (ခြေနယ်ဆီ)

အရှင်ပိလိန္ဒဝစ္ဆအား အဆစ်ကိုက်ခဲသော လေရောဂါဖြစ်သည်ကို အကြောင်းပြု၍ သွေးကိုထုတ်ခြင်း၊ သွေးထုတ်၍သားချိုဖြင့် တွင်ခတ်ခြင်းငှာ ခွင့်ပြု၏။ ခြေကွဲသဖြင့် ခြေနယ်ဆီ၊ ခြေလိမ်းဆေးကို (စီရင်ခြင်းငှာ)ခွင့်ပြု၏။

သွေးစုနာ

သွေးစုနာကို ဓားငယ်ဖြင့် ဖောက်ခွဲမှုကို ခွင့်ပြု၏။ ဖန်ရည် နှမ်းမှုန့်ညက်၊ အနာအုံဆေး၊ အမာစည်းအဝတ်၊ အမာယားသော် မုန်ညင်းမှုန့်ကို ဖြူးစိမ့်သောငှာ၊ အမာဖူးဖူးရောင်သော် မှိုင်းတိုက်စိမ့် သောငှာ၊ အမာ၌အသားတက်သော် သင်တုန်းဖြင့်ဖြတ်စိမ့်သောငှာ ခွင့်ပြု၏။ အမာသည် အသားမတက်သော် အမာသုတ်လိမ်းရန် ဆီကိုလည်းကောင်း၊ ဆီလျှောကျသော် ဆီတားသောအဝတ်ကိုလည်းကောင်း၊ အမာကုဆေးကိုလည်းကောင်း ခွင့်ပြု၏။ [သဗ္ဗံ ဝဏပဋိကမ္မန္တိ ယံကိဉ္စိ ဝဏပရိကမ္မံ နာမ အတ္ထိ၊ သဗ္ဗံ အနုဇာနာမီတိ အတ္ထော။] **(ဋ္ဌ၊ စာ-၃၇၄)**

မြွေကိုက်ခြင်း

(မြွေကိုက်လျှင်) ကျင်ကြီး၊ ကျင်ငယ်၊ ပြာ၊ မြေညက်ဟူသော ဆေးကြီးလေးပါးတို့ကို ပေးစိမ့်သော ငှာခွင့်ပြု၏။ ကပ္ပိယကာရကရှိခဲ့သော် အကပ်ခံစိမ့်သောငှာ၊ မရှိခဲ့သော်ကိုယ်တိုင်ယူ၍ သုံးဆောင်စိမ့်သောငှာ ခွင့်ပြု၏။ [သာမံ ဂဟေတွာတိ ဣဒံ န ကေဝလံ သပ္ပဒဋ္ဌသေဝ၊ အညသ္မိံပိ ဒဋ္ဌဝိသေ (အဆိပ် ရှိသော သတ္တဝါခဲသော်) သတိ သာမံ ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗံ၊ အညေသု ပန ကာရဏေသု

ပဋိဂ္ဂဟိတမေဝ ဝဋ္ဋတိ။] **(ဌ၊ စာ–၃၇၄)** သာမံ ဂဟေတွာတိ ထွေ့ သပ္ပဒဋ္ဌဿ အတ္တာယ အညေန ဘိက္ခုနာ ဂဟိတမ္ပိ သာမံ ဂဟိတသဒ္ဒိမေဝ ဂစ္ဆတီတိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ–၃၀၄)**

အဆိပ်၊ ဝီယဆေး၊ ဝမ်းမီးပျက်

(အဆိပ်ကိုသောက်မိသော်) ကျင်ကြီးကိုသောက်စိမ့်သောငှာ ခွင့်ပြု၏။ ကျင်ကြီးစွန့်စဉ်ခံယူခြင်းသည်ပင်လျှင် အကပ်ခံခြင်းကို ပြုသည်မည်၏။ တစ်ဖန် အကပ်မခံရတော့ပြီ။ (သစေ ဘူမိပ္ပတ္တော ပဋိဂ္ဂဟေတဗ္ဗော၊ အပ္ပတ္တံ့ ပန ဂဟေတုံ ဝဋ္ဋတိ။] **(ဌ၊ စာ–၃၇၄)** (အိမ်ရှင်မ ပေးသောဝီယဆေးကြောင့် အနာဖြစ်သောရဟန်းအား) ထွန်သွား၍ကပ်သောမြေကိုဖျော်၍ သောက်စိမ့်သောငှာခွင့်ပြု၏။ (ဝမ်းမီးပျက်သောရဟန်အား) ထမင်းခြောက် ပြာရည်ကို သောက်စိမ့်သောငှာခွင့်ပြု၏။

[အာမိသခါရဏ္ဍိ သုက္ခောဒနံ ဈာပေတွာ တာယ ဆာရိကာယ ပဂ္ဃရိတံ ခါရောဒကံ **(ဌ၊ စာ–၃၇၄)** ပရိဿာဝနေ တစ္ဆာရိကံ ပက္ခိပိတွာ ဥဒကေ အဘိသိဉ္စိတေ တတော ဆာရိကတော ပဟေဒ္ဒာ ပဂ္ဃရိတံ ခါရောဒကံ။ **(တိ၊ စာ–၁၈၆)**

(ဖျော့တော့ပိန်ကြုံသော ရောဂါစွဲသောရဟန်းအား) နွားကျင်ငယ်ရေဖြင့် စိမ်သော ဖန်ခါးသီးရည်ကို သောက်စိမ့်သောငှာ ခွင့်ပြု၏။ (သလိပ် သည်းခြေ လေပျောသောရဟန်းအား) ဝမ်းလျှော့ဆေးကိုသောက်ရန် ခွင့်ပြု၏။ ပအုံးရေကြည်ကို ခွင့်ပြု၏။ မစစ်သောပဲနောက်ရည်၊ အတန်ငယ်စစ်သော ပဲနောက်ရေပဲဟင်းမျိုးရည် (အသားရည်ကိုခွင့်ပြု၏။)

အရှင်ပိလိန္ဒဝစ္ဆထေရ်နှင့် ဗိမ္ဗိသာရမင်းကြီးတို့ကိုအကြောင်းပြု၍ အရံစောင့်ကိုအလှူခံရန် ခွင့်ပြုတော်မူ၏။ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲတို့ကို (၇) ရက်တိုင်ရုံသာ သိုမှီး၍ သုံးဆောင်ခြင်းငှာ ခွင့်ပြု၏။

တင်လဲစသည်ကို ခွင့်ပြုခြင်း

အရှင်ကင်္ခါရေဝတကို အကြောင်းပြု၍ – ခက်မာစိမ့်သောငှာ တင်လဲ၌ မုန့်ညက်ကိုလည်းကောင်း၊ ဖွဲကိုလည်းကောင်းထည့်သောကြောင့် မုန့်ညက်နှင့်ဖွဲထည့်သော တင်လဲခဲကို (ကျင်ကြီး၌အပင်ပေါက်သော) ချက်ပြီးသော ပဲနောက်တို့သည် အပင်ပေါက်စေကာမူ အလိုရှိတိုင်း သုံးဆောင်ခြင်းငှာ ခွင့်ပြု၏။ (ဝမ်း၌ လေနာရောဂါစွဲသော) ဂိလာနအား (လောဏသောဝီရက အဖျော်ကို၊) အဂိလာနအား ရေနှင့်ရောသော လောဏသောဝီရကကို အဖျော်ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်စိမ့်သောငှာ ခွင့်ပြု၏။

တောကမျှလ ယာဂု

နှမ်း၊ ဆန်၊ ပဲနောက် သုံးမျိုးရော၍ ကျိုချက်အပ်သော တောကမျှလယာဂုဖြင့် မြတ်စွာဘုရား၏ လေနာရောဂါသည် ပျောက်ဖူးသတတ်။

အကပ္ပိယကုဋိ၌ သိုမှီးခြင်းစသည်

အကပ္ပိယ ကုဋိအတွင်း၌ သိုမှီးအပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်။ အကပ္ပိယကုဋိအတွင်း၌ ချက်အပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်။ မိမိကိုယ်တိုင်ချက်သော ဘောဇဉ်ကို မသုံးဆောင်အပ်၊ သုံးဆောင်သောရဟန်းအား ဒုက္ကဋ်။ (၃ ခု-၃ ချက် ၊ ၂ ခု-၂ ချက် ၊ ၁ ခု-၁ ချက်)

သာမံ ပက္က

[သာမံ ပက္ကန္တိ တတ္ထ ယံကိဉ္စိ အာမိသံ ဘိက္ခုနော ပစိတုံ န ဝဋ္ဋတိ၊ သစေပိဿ ဥဏှယာဂုယာ သုလသိပဏ္ဏာနိ ဝါ (သုလသိပဏ္ဏာဒီနိ ဝါ၊ ရုံးရွက်၊ ပင်စိမ်းလည်းဟူ) သိင်္ဂိဝေရံ ဝါ လောဏံ ဝါ ပက္ခိပန္တိ၊ တမ္ပိ စာလေတုံ န ဝဋ္ဋတိ၊ ''ယာဂုံ နိဗ္ဗာပေမီ''တိ ပန စာလေတုံ ဝဋ္ဋတိ။ ဥတ္တဏ္ဍုလဘတ္တံ (လတ်ဆတ်သော ဆွမ်း) လဘိတွာပိ ပိဒဟိတုံ န ဝဋ္ဋတိ၊ သစေ ပန မနုဿာ ပိဒဟိတွာဝ ဒေန္တိ၊ ဝဋ္ဋတိ။ ''ဘတ္တံ ဝါ မာနိဗ္ဗာယတူ'' တိ ပိဒတိတုံ ဝဋ္ဋတိ၊ ခီရတက္ကာဒီသု ပန သကိံ ကုထိတေသု အဂ္ဂိံ ဒါတုံ ဝဋ္ဋတိ၊ ပုန ပါကဿ အနုညာတတ္တာ။ **ဌ၊ ဓာ-၃၇၅**] သာမံပက္ကံ သမပက္ကန္တိ ဒုဝိဓံ ဝိယ ဒီပေတိ၊ တသ္မာ ခီရာဒီသု ဥဏှမတ္တမေဝ ပါကော၊ တေန ဥတ္တဏ္ဍုလာဒိသမာနာ ဟောန္တိ။ **(ဗိ၊ ဓာ-၄၈၂)**

ကျက်ပြီးသည်ကို တစ်ဖန်ပြန်၍ နွေးခြင်းငှာခွင့်ပြုဏ်။ (ငတ်မွတ်သောအခါ) အတွင်း၌ သိုမှီးခြင်း၊ အတွင်း၌ချက်ခြင်း၊ ကိုယ်တိုင်ချက်ခြင်းကို

အကပ်ပျက်သောသစ်သီးကို အကပ်ခံခြင်းငှာ(နောက်၌ ပယ်လတ္တံ့)ခွင့်ပြုဏ်။ ဖိတ်၍ ဆွမ်းစားရာမှ ဆောင်အပ်သော ဘောဇဉ်ကို ဆွမ်းစားစဉ်တန်ပြီဟုမြစ်ပြီးသော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲ စားခြင်းငှာခွင့်ပြုဏ်။ (နောက်၌ပယ်လတ္တံ့)

အကပ်ခံခြင်းစသည်ကို ခွင့်ပြုတော်မူခြင်း

နံနက်အခါ၌ အကပ်ခံသော ဘောဇဉ်ကို ဆွမ်းစားစဉ်တန်ပြီဟု မြစ်မိသောရဟန်းသည် အတိရိက် ဝိနည်းကံမပြုဘဲ သုံးဆောင်ခြင်းငှာ ခွင့်ပြုဏ်။ တော၌ဖြစ်သော အရာဝတ္ထု၊ ကြာ၌ဖြစ်သော အရာဝတ္ထု တို့ကို ဆွမ်းစားစဉ်တန်ပြီဟု မြစ်မိသောရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲ စားခြင်းငှာ ခွင့်ပြုဏ်။ [ကြာစွယ်ကြာရင်းဖြင့် အရှင်သာရိပုတ္တရာ၏ ကိုယ်ပူရောဂါသည် ပျောက်ဖူး၏။] အစေ့နုသော၊ အစေ့ ထုတ်၍ စားကောင်းသောသစ်သီးကို လူသာမဏေတို့ကို မကပ္ပိစေဘဲ စားခြင်းငှာ ခွင့်ပြုဏ်။

ကျဉ်းမြောင်းရာ၌ စားခွဲခြင်း

ကျဉ်းမြောင်းရာအရပ်၌ စားခွဲမှုကိုပြုသောရဟန်းအား ထုလ္လစ္စဥ်း၊ ကျဉ်းမြောင်းသောအရပ်၏အနီး ဖြစ်သော လက်နှစ်သစ်သောအရပ်မှ စားခွဲမှုကိုလည်းကောင်း၊ ကျပ်စည်းမှုကိုလည်းကောင်း ပြုသောရဟန်း အား ထုလ္လစ္စဥ်း။

[သတ္ထကမ္မံ ဝါ ဝတ္ထိကမ္မံ ဝါတိ ယထာပရိစ္ဆိန္နေ ဩကာသေ ယေန ကေနစိ သတ္ထေန ဝါ သူစိယာ ဝါ ကဏ္ဋကေန ဝါ သတ္တိကာယ ဝါ ပါသာဏသက္ခလိကာယ ဝါ နခေန ဝါ ဆိန္ဒနံ ဝါ ဖာလနံ ဝါ ဝိဇ္ဈနံ ဝါ လေခနံ ဝါ န ကာတဗ္ဗံ၊ သဗ္ဗံ ဟေတံ သတ္ထကမ္မမေဝ ဟောတိ။ ယေန ကေနစိ ပန စမ္မေန ဝါ ဝတ္ထေန ဝါ ဝတ္ထိပီဠနံ (ကျပ်စည်း) န ကာတဗ္ဗံ၊ သဗ္ဗံ ဟေတံ ဝတ္ထိကမ္မမေဝ ဟောတိ။ ဧတ္ထစ သမ္ဗာဓေသာသာမန္တာ ဒွင်္ဂုလာတိ ဣဒံ သတ္ထကမ္မံယေဝ သန္ဓာယ ဝုတ္တံ ဝတ္ထိကမ္မံ ပန သမ္ဗာဓေယေဝ ပဋိက္ခိတ္တံ၊ တတ္ထ ပန ခါရံ (ပျားရည်) အာဒါတုံ (သွင်းခြင်းငှာ) ယေန ကေနစိ ရဇ္ဇုကေန ဝါ ဗန္ဓိတုံ ဝဋ္ဋတိ။ ယဒိ တေန ဆိဇ္ဇတိ၊ သုစ္ဆိန္နံ။ (ပျည်ရည်သွင်းသည် ကြိုးငယ်ဖြင့် စည်းသည်ကား မြင်းသရိုက်နာဘင်ထွက်သည်ကို ဖြတ်စိမ့်သောငှာတည်း။ ပြားရည်မဟုတ် ပျာရည်ဖြစ်တန်ရာ၏။) အဏ္ဍဝုဍ္ဍိရောဂေပိ သတ္ထကမ္မံ န ဝဋ္ဋတိ။ တသ္မာ အဏ္ဍံ ဖာလေတွာ ဗီဇာနိ ဥဒ္ဓရိတွာ အရောဂံ ကရိဿာမီတိ န ကတ္တဗ္ဗံ၊ အဂ္ဂိတာပန ဘေသဇ္ဇလိမ္ပနေသု ပန ပဋိက္ခေပေါ နတ္ထိ။ ဝစ္စမဂ္ဂေ ဘေသဇ္ဇမက္ခိတာ အာဒါနဝဋ္ဋိ ဝါ (ပုဆိုးကြမ်းသွင်းခြင်း) ဝေဠုနာဠိကာ ဝါ ဝဋ္ဋတိ၊ ယာယ (ကျည်တောက်ငယ်) ခါရကမ္မံ ဝါ ကရောန္တိ၊ တေလံ ဝါ ပဝေသေန္တိ။] **(ဋ္ဌ၊ စာ-၃၇၅)**

[ခါရဒါနံ ပနေတ္ထ ဘိက္ခုနိဝိဘင်္ဂေ ပသာခေ လေပမုခေန အနုညာတန္တိ ဝေဒိတဗ္ဗံ။] **(ဋီ၊ စာ-၄၈၂)**

အကပ္ပိယ - အသား

အသားကြီး (၁၀)မျိုးကို ပယ်တော်မူ၏။ မစုံစမ်းမမေးမြန်းဘဲ အသားကို မစားအပ်။ စားသော ရဟန်းအား ဒုက္ကဋ်။ (သစေ ပန အသုကမံသန္တိ ဇာနာတိ၊ ပဋိပုစ္ဆနကိစ္စံ နတ္ထိ၊ အဇာနန္တေန ပန ပုစ္ဆိတွာဝ ခါဒိတဗ္ဗံ)။ **(ဋ္ဌ၊ စာ-၃၇၆)** [ဧတ္ထ စ မနုဿမံသံ သဇာတိတာယ ပဋိက္ခိတ္တံ။ (ထုလ္လစ္စဥ်း) ဟတ္ထိအဿမံသံ ရာဇင်္ဂတာယ၊ သုနခမံသဉ္စ အဟိမံသဉ္စ ပဋိကူလတာယ၊ သီဟမံသာဒီနိ (ဖျက္ခဒီပိအစ္ဆ တရစ္ဆ) ပဉ္စ အတ္တနော အနုပဒ္ဒဝတ္ထာယာတိ။ ဣမေသံ မနုဿာဒီနံ ဒသန္နံ မံသမ္ပိ အဋ္ဌိပိ လောဟိတမ္ပိ စမ္မမ္ပိ လောမမ္ပိ သဗ္ဗံ န ဝဋ္ဋတိ။ ယံကိဉ္စိ ဉတွာ ဝါ အဉတွာဝါ ခါဒန္တဿ အာပတ္တိယေဝ၊ ယဒါ ဇာနာတိ တဒါ ဒေသေတဗ္ဗာ၊ "အပုစ္ဆိတွာ ခါဒိဿာမီ"တိ ဂဏှတော ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊ "ပုစ္ဆိတွာ ခါဒိဿာမီ"တိ ဂဏှတော အနာပတ္တိ။ ဥဒ္ဒိဿ ကတံ ပန ဇာနိတွာ ခါဒန္တဿေဝ အာပတ္တိ၊ ပစ္ဆာ ဇာနန္တော အာပတ္တိယာ န ကာရေတဗ္ဗောတိ။] **(ဋ္ဌ၊ စာ-၃၇၆)**

[တောခွေးသားကားအပ်၏။ တောခွေးနှင့် အိမ်ခွေးပေါင်းဖက်ခြင်းကို စွဲ၍ဖြစ်သော ခွေး၏အသား ကား မအပ်။ မြွေ၌ကား အခြေမရှိရှည်သော ဇာတိရှိသော မြွေမျိုး၏အသားသည် မအပ်။]

သားစိမ်း၊ ငါးစိမ်း

အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသံ အာမကလောဟိတံ။ **(မဟာ-ပါ၊ စာ-၂၉၄)** ။ ဘီလူးဖမ်းသော ရဟန်းကို အကြောင်းပြု၍ ခွင့်ပြုတော်မူသောသိက္ခာပုဒ်။ ဤ၌မှတ်ဖွယ် ပကိဏ္ဏက အဓိပ္ပာယ်ကား -

သီဟဝိဃာသာဒိ ဒိသွာပိ သာမဏေရဿ ဒဿာမီတိ ပဋိဂ္ဂဟေတွာ ဝါ အပဋိဂ္ဂဟေတွာ ဝါ အာဟရိတွာ ဒါတုံ ဝဋ္ဋတိ။ **[ဒွန္တပေါနေ-၄၊ စာ-၁၁၈]** ''အာမကမံသပဋိဂ္ဂဏာ ပဋိဝိရတော ဟောတိ''တိစ သာမညတော ပဋိက္ခိတ္တံ။ တထာပိ အတ္တနော အညဿ ဝါ ဘိက္ခုနော အတ္ထာယ အဂ္ဂဟိတတ္တာ သီဟဝိဃာသာဒိ ဒိသွာပိ သာမဏေရဿ ဒဿာမီတိ ပဋိဂ္ဂဟေတွာ ဝါ အပဋိဂ္ဂဟေတွာ ဝါ အာဟရိတွာ ဒါတုံ ဝဋ္ဋတီတိ ဝုတ္တံ။ [ငုင်းအဖွင့်**သာရတ္ထ၊ စာ-၇၄**] ဤအဆိုအရ သားစိမ်း၊ ငါးစိမ်းကို မိမိအကျိုး၊ တစ်ပါးသော ရဟန်းအကျိုးငှာ မကိုင်အပ်။ လူ သာမဏေတို့အကျိုးငှာကား အကပ်ခံ၍ဖြစ်စေ၊ မခံဘဲဖြစ်စေ ကိုင်အပ်၏ဟု ပြသည်။ ဤသိက္ခာပုဒ်သည် ကာယသမုဋ္ဌာန် ကာယစိတ္တသမုဋ္ဌာန်ကြောင့်သာ အာပတ်သင့်ကောင်းသော သိက္ခာပုဒ်ဖြစ်သောကြောင့် ရဟန်းတို့၏ အကျိုးငှာဖြစ်မူ နှုတ်ဖြင့်လည်းခံအပ်၏။ စိတ်ဖြင့်လည်း သာယာ အပ်၏။ ကိုယ်ဖြင့်မကိုင်အပ်။ ဤသို့ အဓိပ္ပာယ်ယူ။

[အာမကမံသပဋိဂ္ဂဟဏာတိ တွေ့ ပန အညတြ ဥဒ္ဒိဿ အနုညာတာ၊ အာမကမံသမစ္ဆာနံ ပဋိဂ္ဂဟဏမေဝ ဘိက္ခူနံ န ဝဋ္ဋတိ၊ နော အာမသနံ။ **[ပုဂ္ဂလပညတ်နှင့်သီလက္ခန်၊ စာ-၇၆]** ၌ ဤအဋ္ဌကထာတို့၌လည်း ဒွန္တပေါနသိက္ခာပုဒ်နှင့် မဆန့်ကျင်အောင် အဓိပ္ပာယ်ယူရမည်။

တထာ အာမကမံသမ္ပိ ဒုက္ကဋ္ဌဝတ္ထုံ အာပဇ္ဇတီတိ ၊ န ၊ ဣဓ ဝိနယေ အနုညာတတ္တာ ''အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသ''န္တိ အာဒိနာ တသ္မာ န အာမကမံသံ သုတ္တေ အာဂတမ္ပိ ဒုက္ကဋ္ဌဝတ္ထု ဟောတိ။ တထာပိ အတ္တနော ပရိဘောဂတ္ထာယ ပဋိဂ္ဂဟဏေ ဒုက္ကဋ္ဌမေဝါတိ နော တက္ကောတိ အာစရိယော။ [ဝဇိရဗုဒ္ဓိ ဇာတရူပသိက္ခာပုဒ်] **(ဇီ၊ စာ-၂၆၀)**

ဤဋီကာ၌ သားစိမ်းကိုခံလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဟူ၍ပြသော အာစရိယဝါဒမှာ ကိုယ်ဖြင့် ခံခြင်း၊ နှုတ်ဖြင့်ခံခြင်း၊ စိတ်ဖြင့်သာယာခြင်းသုံးပါးကိုယူမှု ပြအပ်ပြီးသော ဒွန္တပေါနသိက္ခာပုဒ်နှင့်ဆန့်ကျင်သည်။ ကိုယ်ဖြင့်ကိုင်ခြင်းကိုယူမှသာ ညီညွတ်သည်။ သားစိမ်း၊ ငါးစိမ်းသည် အပဋိဂ္ဂဟဏဝတ္ထုလည်း မဟုတ်၊ အနာမာသဝတ္ထုလည်း မဟုတ်သည်ကိုလည်း သတိမူ။

သားစိမ်း၊ ငါးစိမ်းကိုအလှူပင်မခံအပ်ဟု ရှေးဆရာတော်တို့ ဆုံးဖြတ်တော်မူ၏။ ထိုအဆုံးအဖြတ်နှင့် ညှိနှိုင်းဆင်ခြင်၍ သဘောယုတ္တိရှိရာကိုမှတ် **[ဆင်တဲ-၁၁၈]** ဤအယူအတိုင်းဆိုလျှင် ငါးချဉ်၊ ပုစွန်ချဉ် (လက်သုပ်)တို့လည်း ဆင်ခြင်ဖွယ်ရာပင်။

ကပ္ပိယမံသ

''န ဘိက္ခဝေ မနုဿမံသံ၊ ပ၊ ထုလ္လစ္စယဿာ''တိ ဝုတ္တတ္တာ, ''န စ ဘိက္ခဝေ အပ္ပဋိ၊ ပ ၊ ဒုက္ကဋဿာတိ'' စ ဝုတ္တတ္တာ အပ္ပဋိဝေက္ခဏဒုက္ကဋ္ဌ ထုလ္လစ္စယဉ္စာတိ ဒွေ အာပဇ္ဇတိ၊ တသ္မာ ကပ္ပိယမံသေပိ

အပ္ပဋိဝေက္ခဏပစ္စယာ ဒုက္ကဋမေဝ။ ကေစိ မံသဘာဝံ ဇာနန္တောဝ အာပဇ္ဇတိ၊ ပူဝါဒီသု အဇာနန္တဿ ကာ ပစ္စဝေက္ခဏာတိ ဝဒန္တိ။ အဇာနန္တောပိ အာပဇ္ဇတိ သာမညေန ဝုတ္တတ္တာတိ ကေစိ။ **(ဇီ၊ စာ-၄၈၂)**

ယာဂု မုန့်ချိုတို့ကို ခွင့်ပြုတော်မူခြင်း

ယာဂုအကျိုး (၁၀)ပါး၊ ၁။ အသက်၊ ၂။ အဆင်း၊ ၃။ ချမ်းသာ၊ ၄။ ခွန်အား၊ ၅။ ပညာကို လှူသည်မည်၏။ သောက်အပ်သောယာဂုသည် ၆။ ဆာလောင်ခြင်း၊ ၇။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်၏၊ ၈။ လေကို စုန်ဆင်းစေတတ်၏၊ ၉။ ဆီးအိတ်ကို စင်ကြယ်စေတတ်၏၊ ၁၀။ အစာသစ်အကြွင်းကို ကြေကျက်စေတတ်၏။ ယာဂုနှင့်ပျားသကာ ထည့်သောမုန့်ချိုတို့ကို ခွင့်ပြုတော်မူ၏။ တစ်ပါးသောအရပ်၌ ပင့်ဖိတ်အပ်သောရဟန်းသည် တစ်ပါးသောသူ၏ ထမင်းအလားရှိသော ယာဂုကို မသုံးဆောင်အပ်။ သုံးဆောင်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ [ယထာဓမ္မော ကာရေတဗ္ဗောတိ ပရမ္ပရဘောဇနေန ကာရေတဗ္ဗော၊ ဘောဇ္ဇယာဂုယာ ဟိ ပဝါရဏာ ဟောတီတိ] **(၄၊ စာ-၃၇၇)** ဤ ယထာဓမ္မော ကာရေတဗ္ဗော၌ မှတ်ဖွယ်အကျယ်ကို ဝဇီရဗုဒ္ဓိ၌ရှု။

ဂုဠ- ဂုဠောဒက

ဂိလာနအားတင်လဲ၊ အဂိလာနအားရေနှင့်ရောသော တင်လဲကိုခွင့်ပြု၏။ (ဂိလာနဿ ဂုဠန္တိ တထာရူပေန ဗျာဓိနာ ဂိလာနဿ ပစ္ဆာဘတ္တံ ဂုဠံ အနုဇာနာမီတိ အတ္ထော။) **(၄၊ စာ-၃၇၇)**

ကာလိကနှင့်စပ်၍မှတ်ဖွယ်

အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ၊ ဤပါဠိတော်ကို ယာမကာလိကကထာ၌ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော်လည်း ယာမကာလိကမယူသင့် သတ္တာဟကာလိကယူရမည်။ ''ဥစ္ဆုရသော နိကသဋ္ဌော''တိက္ကဒံ ပါတဗ္ဗသာမညေန ယာမကာလိကကထာယံ ဝုတ္တံ၊ တံ ပန သတ္တာဟကာလိကမေဝါတိ ဂဟေတဗ္ဗံ။ **(တီ၊ စာ-၁၉၁)**

အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ အဂိလာနဿ ဂုဠောဒကံ **(ဘေသဇ္ဇ-ပါ၊ စာ-၃၂၀)**။ ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ။ **(ပါရာဇိကဏ်-ပါ၊ စာ-၃၆၃)** ဤပါဠိတော် နှစ်ရပ်ဖြင့်ပြအပ်သော ဂုဠဖာဏိတတို့ကိုလည်း သတ္တာဟကာလိကဟုသိအပ်၏။

အဘိဓာန်၌ကျက်သော ကြံရည်အထူးကို ဂုဠ၊ ချွဲပျစ်သော ကြံအထူးကို ဖာဏိတ၊ ပိုင်းခြားခြင်း ငှာခံ့သော သကာအထူးကို ခဏ္ဍ၊ ငါးဥနှင့်တူသော ပြုပ်ပြုပ်ရှုပ်ရှုပ်ရှိသောသကာကို မစ္ဆဏ္ဍ၊ ကျောက်စရစ်နှင့်အတူ ပြုပ်ပြုပ်ရှုပ်ရှုပ်ရှိသောသကာကို သက္ခရ၊ ဤသို့ ကြံအထူး (၅)ပါးရှိကြောင်း ပြသည်။ ထိုသို့ပြသော ကြံအထူးကိုလည်း သတ္တာဟကာလိကပင် ယူရမည်။

ဂုဠောဒကအရမှာ ရေနှင့်ရောသည်ကိုယူ (သာ) သတ္တာဟကာလိကကို ရေနှင့်ရောခြင်းကြောင့် ယာမကာလိကမဖြစ်၊ သတ္တာဟကာလိကပင် ဖြစ်သည်။ မနာသောရဟန်းမှာ ပကတိသက်သက် အယုတ္တ ဖြစ်၍သာ ရေရောသည်ဟုအဓိပ္ပာယ်ယူ။ ဝဇိရဗုဒ္ဓိ၌ ကြံရည်ကိုရေရောလျှင် ယာမကာလိကဟူ၍ပြသော အရာရှိ၏။ ထိုသို့ပြရာ၌ ယာမကာလိကနှင့် အလားတူသုံးဆောင်အပ်သည်ကို ရည်၍ပြသည်ဟုအဓိပ္ပာယ် ယူလျှင် ဋီကာနှစ်ရပ်မဆန့်ကျင်။

''လောဏသောဝီရကံ ယာမကာလိက''န္တိ ကေစိ ဝဒန္တိ၊ ကေစိ ပန ''ဂိလာနာနံ ပါကတိကမေဝ၊ အဂိလာနာနံ ပန ဥဒကသမ္ဘိန္န''န္တိ ဝုတ္တတ္တာ ''ဂုဠံ ဝိယ သတ္တာဟကာလိက''န္တိ ဝဒန္တိ။ **(တိ-တတိယ ပါရာဇိက၊ စာ-၂၄၀)** ဤဋီကာ၌ လောဏသောဝီရကဆေးအဖျော်ကို ယာမကာလိကယူရာ၌လည်း ကေစိ၊ သတ္တာဟကာလိကယူရာ၌လည်း ကေစိတင်၍ပြသောကြောင့် အဝုတ္တသိဒ္ဓိနည်းအားဖြင့် ယာဝဇီဝိက ယူရမည်။ ဤအရာ၌လည်း ပကတိသက်သက် အယုတ္တဖြစ်၍သာ ရေရောသည်ဟုအဓိပ္ပာယ်ယူ ကာလိက မဖောက်ပြန်ဟူလို။ အဂိလာနဆိုသည့်အရာမှာ အဂိလာနောတိ ယဿ တေဟိ ဝိနာပိ ဖာသု ဟောတိ၊ **(ကခ၊ စာ-၂၂၈)** အရ-သတ္တာဟကာလိကနှင့် ကင်း၍ချမ်းသာသည့်အရာကို ယူရမည်။ (ဆင်တဲ-၁၁၉)

ဝဇိရဗုဒ္ဓိ သရာဏ် ဝါဒ

ဂိလာနဿေဝ ဘဂဝတာ ဂုဠော အနုညာတောတိ ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနီတိ ဝစနဝသေန ဝုတ္တံ။ တေနေဝ တေ က္လမ ပဋိဂ္ဂဟဏေ ကုက္ကုစ္စာယိံသု။ က္လမ ပန ''အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠောဒက''န္တိ ဝတ္တဗ္ဗေ ဂုဠာဓိကာရတ္တာ ပုဗ္ဗေ အနုညာတဥ္စ ဝတ္ထာ အဂိလာနဿ ဂုဠောဒကံ အနုညာတံ၊ တေန ဂိလာနေန သတိ ပစ္စယေ ဂုဠော ပရိဘုဥ္ဇိတဗ္ဗော။ ဂုဠောဒကံ အသတိ ပစ္စယေပိ ဝဋ္ဋတီတိ က္လမံ ဝိသေသံ ဒီပေတိ။ တတ္ထ ''ဂုဠောဒကံ ကာလိကေသု သတ္တာဟကာလိကံ၊ ဘဂဝတာ သြဒိဿာနုညာတတ္တာ သတ္တာဟာတိက္ကမေန ဒုက္ကဋ''န္တိ ဝဒန္တိ၊ တံ န ယုတ္တံ၊ ဥဒကသမ္ဘိန္နတ္တာ သတ္တာဟကာလိကဘာဝံ ဇဟတိ၊ ''ယထာ အမ္ဗာဒိဥဒကသမ္ဘိန္နံ ယာမကာလိကံ ဇာတံ၊ တထာ သတ္တာဟကာ လိကံ ဇဟိတွာ တဒနန္တရေ ယာဝဇီဝကေ ဌိတ'' န္တိ ဝဒန္တိ၊ တံ ယုတ္တံ။ တဥ္စ ဘဂဝတာ သြဒိဿာနုညာတတ္တာ ပစ္စဝေက္ခဏာဘာဝေ ဒေါသော နတ္ထိ၊ ဂုဠောဒကန္တိ ဝုတ္တတ္တာ ဥဒကဂတိကန္တိ ဝဒန္တိ၊ ယဒိ ဥဒကမိဿံ ဥဒကဂတိကံ ဟောတိ၊ မဓုပိ သီယာ တံ တထာ အနုညာတတ္တာ။ မာ ဟောတု၊ အပဋိဂ္ဂဟေတွာ ပရိဘုဥ္ဇိ တဗ္ဗံ သီယာ ဥဒကဂတိကတ္တာ၊ တဥ္စ န ဟောတိ၊ ''သဗ္ဗတ္ထာပိ ဥပပရိက္ခိတွာ ဂဟေတဗ္ဗ''န္တိ အညတရသ္မိံ ဂဏ္ဌိပဒေ ဝုတ္တံ။ **(ဝိ၊ စာ-၄၈၅၊ ၄၈၆)** သတိပစ္စယေ ၌ ဂိလာန၊ အဂိလာန ၂ မျိုးလုံး ရနိုင်၏ဟူ၏။

ဥဒ္ဒိဿမံသ

သီဟစစ်သူကြီး၏ ဆွမ်းကျွေးပွဲကိုအကြောင်းပြု၍ သိလျက်ရည်ညွှန်း၍ သတ်အပ်သော အသား ကို မစားအပ်၊ စားသောရဟန်း ဒုက္ကဋ် အာပတ်သင့်၏။ မမြင်သော၊ မကြားသော၊ ယုံမှားမရှိသော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကိုခွင့်ပြု၏ဟု ပညတ်တော်မူ၏။ [သံဃဘေဒက သိက္ခာပုဒ်သို့ကြည့်] (သတ်သူကဲ့သို့ ကံထိုက်၏ဟူ။)

ရှေးခွင့်ပြုချက်များကို ပယ်တော်မူခြင်း

အကပ္ပိယကုဋိအတွင်း၌ သိုမှီးအပ်သော ဘောဇဉ်၊ အကပ္ပိယ ကုဋိအတွင်း၌ ချက်အပ်သော ဘောဇဉ်၊ မိမိကိုယ်တိုင်ချက်အပ်သော ဘောဇဉ်၊ အကပ်ပျက်သည်ရှိသော် တစ်ဖန်အကပ်ခံအပ်သော ဘောဇဉ်တို့ကို မသုံးဆောင်အပ်။ ဒုက္ကဋ်။ ဆွမ်းဘုဉ်းရာ ဆွမ်းဖိတ်ရာမှဆောင်အပ်သောဘောဇဉ် နံနက်အခါ၌ အကပ်ခံ၍ထားအပ်သော တောဌ်ဖြစ်သော သစ်သီးစသည် (အကပ်မခံဘဲ ကောက်ယူခဲ့သောသစ်သီး) ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်းစသည်ကိုလည်းကောင်း၊ ဆွမ်းစားစဉ်တန်ပြီဟုမြစ်မိသော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုအပ်သော ဘောဇဉ်ကိုလည်းကောင်း မသုံးဆောင်အပ်၊ သုံးဆောင်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏။

ကပ္ပိယဘူမိကိုခွင့်ပြုတော်မူခြင်း

ကျောင်းတစ်ကျောင်းကို ကပ္ပိယဘူမိဟုသမုတ်ပြီးလျှင် ထိုကျောင်း၌ ဆား၊ ဆီ၊ ဆန်၊ ခဲဖွယ်တို့ကို သိုမှီးရန် ခွင့်ပြု၏။ တစ်ဖန် အသုံးပြုခြင်းကို ပယ်တော်မူ၏။ ထို့နောက် သမုတ်ပြီးသော ကပ္ပိယဘူမိကို သုံးဆောင်ခြင်းငှာ ခွင့်ပြု၏။ ဥဿာဝနန္တိက ဂေါနိသာဒိက ဂဟပတိ သမ္မုတိဟူသော ကပ္ပိယကုဋိ(၄)လုံးတို့ကို ခွင့်ပြုတော်မူ၏။

(၁) ဦးစွာစိုက်သောတိုင်၊ ဦးစွာချသော အုတ်ကျောက်စသည်ကို ရဟန်းအများချီးမြှောက်ကာ ကပ္ပိယကုဋိ ကရောမဟုဆို၍ ဆုံးသောစကားလုံးနှင့် တိုင်အုတ်တို့ကျခြင်းညီတူ၍ တစ်ပြိုင်နက်စိုက်ချ ဆောက်လုပ်အပ်သောကျောင်းသည် ဥဿာဝနန္တိကကုဋိ မည်၏။ အလုံးစုံသော တိုင်အုတ်စသည်တို့ကို ပယ်နုတ်လိုက်သော် ပျက်၏။ တိုင်လဲသော် မပျက်၊ နံရံပြိုသော် အုတ်ကျောက်စသည် ကြွင်းသေးမူမပျက်၊ အခြင်ထုပ်ယောက်စသည်ကား ပျက်သော်လည်း ကပ္ပိယကုဋိမပျက်။

(၂) နွားဝင်နိုင်၍ စည်းရိုးထက်ဝက် မရှိသောကျောင်းသည် ဂေါနိသာဒိကကုဋိမည်၏။ တံတိုင်းရံသော် ပျက်၏။ တစ်ဖန်တံတိုင်းပျက်၍ ထိုထိုအရပ်မှ နွားဝင်နိုင်သော် ကပ္ပိယအရာ၌ ပြန်၍တည်၏။

(၃) ကပ္ပိယကုဋိ ဒေမ ပရိဘုဥ္စထ ဟူ၍လည်းကောင်း၊ ကပ္ပိယကုဋိ ကာတုံ ဒေမဟူ၍လည်းကောင်း ဆို၍ လှူဒါယကာတို့ လှူအပ်သောကျောင်းသည် ဂဟပတိကုဋိမည်၏။

(၄) ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဖြစ်စေ၊ အပလောကနကံဖြင့် ဖြစ်စေ၊ ကပ္ပိယကုဋိဟူ၍ သမုတ်အပ်သော ကျောင်းသည် သမ္မုတိကုဋိမည်၏။ ဤနောက် ၂–လုံးတို့ကို အခြင်မျှကိုထား၍ ခပ်သိမ်းသော အမိုးပျက်သော် ပျက်၏။ ပိတုံးပိတ်ခေါင်အုပ်တစ်ခုမျှ အခြင်တို့အထက်၌ရှိမူ မပျက်သေး။

[သံဃပစ္စည်း ရဟန်းပစ္စည်းမှအပ ရဟန်းသံဃာတို့ကျောင်းမှအပ လူ့နတ်ပြဟ္မာ တိတ္ထိစသည်တို့၏ အိမ်၊ ဗိမာန်တို့လည်း ဂဟပတိကုဋိဟူ၏။ ဤကပ္ပိယ ဂဟပတိကုဋိ၌ အရံရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဒါယကာတို့ပိုင်ပစ္စည်းဖြင့် လှူဒါန်းသောကျောင်းဖြစ်လျှင် ကပ္ပိယအရာတည်၏ဟူ။]

ဥဿာဝနန္တိက ဂေါနိသာဒိက ဂဟပတိ သမ္မုတိ၊ ၄ လုံးတို့ပျက်သော် တစ်ဖန် သမ္မုတိကုဋိပြုခြင်းငှာ အပ်၏ဟူ။ အဘယာရုံဆရာတော်က ဂဟပတိပျက်သော် အရံထက်ဝက် ထက်ဝက်ကျော်မရှိလျှင် ဂေါနိသာဒိက

ကုဋိအရာ၌ တည်၏ဟူ၏။ သမ္မုတိကုဋိပြုလိုသော် ထိုကျောင်းသည် ဗဒ္ဓသိမ်၌တည်သော် ဗဒ္ဓသိမ်ရှိသံဃာကို ဂါမ၌တည်သော် ဂါမသိမ်ရှိသံဃာကိုသုတ်သင်၍ ထိုကျောင်းပေါ်၌လည်းကောင်း၊ ကျောင်း၏ဟတ္ထပါသ်၌ လည်းကောင်း တည်၍ပြုရမည်။ လယ်တီဆရာတော်ကား ကမ္မဝါ၌ အယံ ဣမံ သဒ္ဒါမပါလျှင် အသမ္မုခကံဟု သတ်မှတ်သော ဝဇိရဗုဒ္ဓိဋီကာကိုထောက်၍ ခဏ္ဍသိမ်၌လည်း ပြုကောင်းပါ၏ဟူ၏။ (ဝိနယသံခိပ်)

လှူနည်း

[သာရ၊ စာ-၃၆၇]

ဒါယကေဟိ ကာယေန ဖုသိတွာ ယထာသုခံ ပရိဘုဥ္ဇထာတိ ဒိန္နသေနာသနံ မဥ္စပီဌာဒိကဥ္စ ဒါယကေန ဝုတ္တနိယာမေန ပရိဘုဥ္ဇန္တဿ ဒေါသော နတ္ထိ။ [သီဟိုဠ်မာတိကာ အဋ္ဌကထာ၏ ဂဏ္ဌိပုဒ်] ထိုသို့မလှူသော် ကျောင်း၌လည်း တိုင်နံရံစသည်တို့ကို ကိုယ်ဖြင့် ထိရာ၌ အမွေးအရေတွက်ဖြင့် အာပတ် ဆုံးဖြတ်အပ်၏။

ပဌမကပ္ပိယကုဋိ

ဥပေါသထာဂါရာဒိသဗ္ဗံ အနိဝါသနဂေဟံ စတုကပ္ပိယဘူမိဝိမုတ္တာ ပဥ္စမကပ္ပိယဘူမိ။ (ခုဒ္ဒသိက္ခာ ဋီကာဟောင်း၌လည်း တံခါးမုခ်၊ ဆွမ်းစားဇရပ်၊ စေတီအိမ်၊ တံမြက်စည်းထားရာစင်စသည်တို့၌ ကပ္ပိယ ကုဋိပြုဖွယ်မရှိ ဟူ၍လည်းပြ၏။ (ဆင်တဲ-၈၂၂) ဘောဇနသာလာ ပန သေနာသနမေဝ တသ္မာ တတ္ထ ကာတဗ္ဗန္တိ အပရေ၊ "အကတေပိ ဝဋ္ဋတီ"တိ ဝုတ္တံ။ **(ဇီ၊ စာ-၄၈၆)**

[ဤကပ္ပိယကုဋိတို့ကား အန္တောဝုတ္ထ အန္တောပက္ကဒုက္ကဋ်တို့မှ လွတ်စိမ့်သောငှာ ခွင့်ပြုတော်မူသော ကုဋိတို့တည်း။ သို့အတွက် သာမဏေသည် ရဟန်း၏ကပ္ပိယကုဋိအတွင်း၌ သိမ်းထားသော ဆန်စသည့် အာမိသကို ကပ္ပိယကုဋိ၌ချက်၍ကပ်အံ့ အန္တောဝုတ္ထမဖြစ်။ အကပ္ပိယကုဋိ၌ သိမ်းထားသော ထောပတ် စသည်တို့ဖြင့် ရောထည့်၍ကပ်မူ မုခသန္နိဓိဒုက္ကဋ်။ (ပါးစပ်ရောက်မှသင့်သည်ဟူ)

[ဘိက္ခု၊ အကပ္ပိယကုဋိယံ ဌပိတသပ္ပိဥ္စ ယာဝဇီဝိကပဏ္ဏဉ္စ ကေတော ပစိတွာ ပရိဘုဥ္ဇတိ၊ သတ္တာဟံ နိရာမိသံ ဝဋ္ဋတိ၊ သစေ အာမိသသံသဋ္ဌံ ကတွာ ပရိဘုဥ္ဇတိ၊ အန္တောဝုတ္ထဥ္စေဝ သာမံပါကဥ္စ ဟောတိ၊ တေနုပါယေန သဗ္ဗသံသဂ္ဂါ ဝေဒိတဗ္ဗာ။] **(ဌ၊ စာ-၃၈၁)**

[ကပ္ပိယ ကုဋိမရှိသော် - အနုပသမ္ပန္နဿ ဟိ ဒတွာ တဿ သန္တကံ ကတွာ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ- ဌ၊ စာ-၃၈၂]

သတိပြုရန်

တဿ သန္တကံ ကတ္វာတိ ဝုတ္တတ္တာ အနပေက္ခဝိဿဇ္ဇနံ နာမိပ္ပေတံ၊ စီဝရဝိကပ္ပနေ ဝိယ ကပ္ပိယမတ္တံ ဉာတဗ္ဗန္တိ ကေစိ။ **(ဝိ၊ စာ–၄၈၆)**

အနုပသမ္ပန္နဿ ဒါတဗ္ဗော အဿာတိ အာဒိနာ အကပ္ပိယကုဋိယံ ဝုတ္တမ္ပိ အနုပသမ္ပန္နဿ ဒိန္နေ ကပ္ပိယံ ဟောတိ၊ သာပေက္ခဒါနေ့ပ္တ ဝဋ္ဋတိ၊ ပဋိဂ္ဂဟဏံ ဝိယ န ဟောတီတိ ဒဿေတိ။ **(တိ၊ စာ–၁၉၀)**

အကပ္ပိယဘူမိ

[ယံ ပန အကပ္ပိယဘူမိယံ သဟသေယျပ္ပဟောနကေ ဂေဟေ ဝုတ္တံသံဃိကံ ဝါ ပုဂ္ဂလိကံ ဝါ ဘိက္ခုဿ ဘိက္ခုနိယာ ဝါ သန္တကံ ကေရတ္တမ္ပိ ဌပိတံ၊ တံ အန္တောဝုတ္ထံ၊ တတ္ထ ပက္ကဉ္စ အန္တောပက္ကံ နာမ ဟောတိ၊ တေံ န ကပ္ပတိ၊ သတ္တာဟကာလိကံ ပန ယာဝဇီဝိကဉ္စ ဝဋ္ဋတိ။ **(၁၊ စာ–၃၈၁)**

မေဏ္ဍကသိက္ခာပုဒ်

နို့ရည်၊ နို့ဓမ်း၊ ရက်တက်ရည်၊ ဆီဦး၊ ထောပတ် ဤငါးပါးသော နွားနို့အရသာကို ခွင့်ပြု၏။ ရဟန်းတို့ ရေမရှိသော၊ အစာမရှိသော ခရီးတို့သည် ရှိကုန်၏။ ရိက္ခာမပါဘဲ သွားခြင်းငှာ ခဲယဉ်းကုန်၏။ ရဟန်းတို့ ရိက္ခာရှာမှီးခြင်းငှာ ခွင့်ပြု၏။ ဆန်ကို၊ ပဲနောက်ကို၊ ပဲကြီးကို၊ ဆားကို၊ တင်လဲကို၊ ဆီကို၊ ထောပတ်ကို အလိုရှိသောရဟန်းသည် ထောပတ်ကိုရှာခြင်းငှာ ခွင့်ပြု၏။

သဒ္ဓါတရားရှိသော၊ ကြည်ညိုခြင်းရှိသော လူတို့သည် ရှိကုန်၏။ ထိုလူတို့သည် ကပ္ပိယကာရကတို့၏လက်၌ ရွှေငွေကို ဤရွှေငွေဖြင့် အရှင်အား အပ်သော ဝတ္ထုပစ္စည်းကို ပေးလှူကုန်လော့ဟု အပ်ကုန်၏။ ရဟန်းတို့ ထိုအပ်နှံသောပစ္စည်းမှ အပ်သောပစ္စည်းကို သာယာခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့ တစ်စုံတစ်ခုသော အကြောင်းပရိယာယ်ဖြင့် ရွှေ ငွေကို သာယာအပ်၏။ ရှာမှီးအပ်၏ဟု ငါမဟောသည် သာတည်း။

[ဣမေ ပဉ္စ ဂေါရသေ ဝိသုံ ပရိဘောဂေန ပရိဘုဉ္ဇိတုမ္ပိ အနုဇာနာမီတိ အတ္ထော။ ပါထေယျံ ပရိယေသိတုန္တိ ဧတ္ထ သစေ ကေစိ သယမေဝ ဉတွာ ဒေန္တိ၊ ဣစ္စေတံ ကုသလံ၊ နော စေ ဒေန္တိ၊ ဉာတိပဝါရိတဋ္ဌာနတော ဝါ ဘိက္ခာစာရဝတ္တေန ဝါ ပရိယေသိတဗ္ဗံ၊ တထာ အလဘန္တေန အညာတိကအပဝါရိတဋ္ဌာနတော ယာစိတွာပိ ဂဟေတဗ္ဗံ။ ဧကဒိဝသေန ဂမနီယေ မဂ္ဂေ ဧကဘတ္တတ္ထာယ ပရိယေသိတဗ္ဗံ၊ ဒီဃေ အဒ္ဓါနေ ယတ္တကေန ကန္တာရံ နိတ္ထရတိ၊ တတ္တကံ ပရိယေသိတဗ္ဗံ။] **(၄၊ စာ–၃၈၂)**

အဖျော်ကိုခွင့်ပြုတော်မူခြင်း

(ကေဏိယရသေ့)

(၁) အမ္ဗပါန = သရက်သီးအဖျော် [အာမေဟိ ဝါ ပက္ကေဟိ ဝါ အမ္ဗေဟိ ကတပါနံ။ တတ္ထ အာမေဟိ ကရောန္တေန အမ္ဗတရုဏာနိ ဘိန္ဒိတွာ ဥဒကေ ပက္ခိပိတွာ အာတပေ အာဒိစ္စပါကေန ပစိတွာ ပရိဿာဝေတွာ တဒဟုပဋိဂ္ဂဟိတေဟိ မဓုသက္ကရကပ္ပူရာဒီဟိ ယောဇေတွာ ကာတဗ္ဗံ၊ ဧဝံ ကတံ ပုရေဘတ္တမေဝ ကပ္ပတိ၊ အနုပသမ္ပန္နေဟိ ကတံ လဘိတွာ ပန ပုရေဘတ္တံ ပဋိဂ္ဂဟိတံ ပုရေဘတ္တံ သာမိသပရိဘောဂေနာပိ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တံ နိရာမိသပရိဘောဂေန ယာဝ အရုဏုဂ္ဂမနာ ဝဋ္ဋတိယေဝ၊ ဧသ နယော သဗ္ဗပါနေသု။] **(ဋ္ဌ၊ စာ-၃၈၃)**

အတ္တနာ ပဋိဂ္ဂဟိတံ ပုရေဘတ္တမေဝ ပရိစ္စဇိတွာ သာမဏေရာဒီဟိ ပါနကံ ကတွာ ဒိန္နေ ပုရေဘတ္တမေဝ ဝဋ္ဋတိ၊ န ပစ္ဆာဘတ္တံ၊ သဝတ္ထုကပဋိဂ္ဂဟိတတ္တာတိ ဝဒန္တိ၊ တတ္ထ ပုန ပဋိဂ္ဂဟဏေ နိဒ္ဒေါသတ္တာ၊ ပုရေဘတ္တမေဝ ပဋိဂ္ဂဟဏာသ နိဿဋ္ဌတ္တာ, အတ္တနာ စ အဂ္ဂဟိတတ္တာ ဒေါသော န ဒိဿတိ၊ ဥပပရိက္ခိတွာ ဂဟေတဗ္ဗံ။ **(ဋီ၊ စာ-၄၈၆၊ ၄၈၇)**

အဖျော်အဖြစ်သို့ မရောက်သေးသော နံနက်အခါ အကပ်ခံအပ်သော သရက်သီးကို အဖျော်ပြု၍မူ လူသာမဏေတို့ပြုပေးသော်လည်း နံနက်အခါ၌သာ အပ်၏။ နေလွဲအခါ သရက်သီးကိုအကပ်ခံပြီး မိမိကိုယ်တိုင်ပြုအံ့။ လူသာမဏေသော်လည်း ပြုပေးအံ့။ ထိုအဖျော်သည် သဝတ္ထုက ပဋိဂ္ဂဟဖြစ်သောကြောင့် မအပ်။ ဤသဘောကိုထောက်သဖြင့် နေလွဲအခါ ကိုယ်တိုင်အဖျော်ပြုခြင်း၊ အဖျော်ပြုအပ်သော ယာဝကာလိက အကပ်ခံခြင်းစသည်တို့မှ ကြဉ်ရှောင်ကုန်ရာ၏။ ကွင်းအဖျော်တို့လည်းနည်းတူ [သာရ-၃၇]

(၂) ဇမ္ဗုပါန = သပြေသီးအဖျော် (၃) စောစပါန = [အစေ့ရှိသော] တောငှက်ပျောသီးအဖျော်။ (၄) မောစပါန [အစေ့မရှိသော] အိမ်ငှက်ပျောသီး အဖျော်။ (၅) မဓုကပါန = သစ်မည်စည်သီးအဖျော်။ [မဓုကာနံ ဇာတိရသေန ကတပါနံ၊ တံ ပန ဥဒကသမ္ဘိန္နံ ဝဋ္ဋတိ၊ သုဒ္ဓံ န ဝဋ္ဋတိ။ **(ဋ္ဌ၊ စာ-၃၈၃)**] (၆) မုဒ္ဒိကပါန= စပျစ်သီးအဖျော် (မုဒရက်သီးဖျော်) (၇) ကြာစွယ်အဖျော် (ရတ္တုပ္ပလနီလုပ္ပလာဒီနံ သာလူကေ မဒ္ဒိတွာ ကတပါနံ) **(ဋ္ဌ၊ စာ-၃၈၃)** (၈) ဖါရုသကပါန= ဖက်သက်တရော်သီး အဖျော်။ (ဖာရုသကန္တိ ''ဂေါဠဝိသယေ ဧကော ရုက္ခော''တိ စ လိခိတံ၊ **(ဋီ၊ စာ-၄၈၇)**

[ဣမာနိ အဋ္ဌ ပါနာနိ သီတာနိပိ အာဒိစ္စပါကာနိပိ ဝဋ္ဋန္တိ၊ အဂ္ဂိပါကာနိ န ဝဋ္ဋန္တိ။] **(ဋ္ဌ၊ စာ-၃၈၃)**

(၉) စပါးမျိုး (၇)ပါး အသီးအရည်ကိုထား၍ အလုံးစုံသော အသီးအရည်ကို ခွင့်ပြု၏။ (ဋ္ဌပေတွာ ဓညဖလရသန္တိ သတ္တ ဓညာနံ ဖလရသံ ဌပေတွာ၊ ပန တာလနာဠိကေရာဒိဖလရသာ၊ ဌပေတွာ... [ဒေါ္မ် ဆိုင်ရာ] ...) ဓညဖလရသံ ဟူသောကြောင့် ဆန်ဆေးရေကိုလည်း ယာဝကာလိကဟု ဓမ္မသီရိထေရ်မိန့်၏။ သင့်ပေစွ။ တင်လဲခဲ၍ပါသော ဖွဲနု၊ ထုံး၍ပါသော ဆန်မှုန့်စသည်ကား အဗ္ဗောဟာရိကတည်း။ အဗ္ဗောဟာရိက ဖြစ်ကြောင်းကို ပါဠိ၌လာသော ကဠီရဝေဝတဝတ္ထုဖြင့် သိအပ်၏။ **(သာရ-၃၇၁)** တဏ္ဍုလဓောဝနောဒကမ္ပိ ဓညရသောဝ) **(ဋီ၊ စာ-၄၈၇)**

ထိုစပါးမျိုး (၇)ပါးအားလျော်သော ထန်း၊ အုံး၊ ပိန္နဲ၊ တောင်ပိန္နဲ၊ ဘူး၊ ဖရုံ၊ သခွား (ငဆစ်) သခွါး ငကြောင် သခွားပြေတ်အားဖြင့် သစ်သီးကြီးကိုးလုံးထား၍၊ အလုံးစုံသောပဲကိုထား၍ ကြွင်းသောအပွင့် အသီးဟူသမျှပင် အဖျော်အပ်သည်သာ။ **[သာ၅-၃၅၁]**

(၁၀) ဟင်းရွက်ကျက်ရည်ကိုထား၍ အလုံးစုံသော ဟင်းရွက်ရည်ကို ခွင့်ပြု၏။ ။ [ယာဝကာလိက ပတ္တာနံ ဟိ ပုရေဘတ္တံယေဝ ရသော ကပ္ပတိ၊ ယာဝဇီဝိကာနံ ပဋိဂ္ဂဟေတွာ ဌပိတသပ္ပိအာဒီဟိ သဒ္ဓိံ ပက္ကာနံ သတ္တာဟံ ကပ္ပတိ၊ သစေ ပန သုဒ္ဓဥဒကေန (ယာဝ ယာမ သတ္တာဟ မရောသေး) ပစတိ၊ ယာဝဇီဝမ္ပိ ဝဋ္ဋတိ၊ ခီရာဒီဟိ ပန သဒ္ဓိံ ပစိတုံ န ဝဋ္ဋတိ။ (ယာဝကာလိကဖြစ်၏ ဟူလိုသတတ်) (သာမံပက္က လည်း ဖြစ်ဖွယ်ရာရှိ၏။) ကုရုန္ဒိယံ ပန ယာဝကာလိကပတ္တာနမ္ပိ သီတောဒကေန မဒ္ဒိတွာ ကတရသော ဝါ အာဒိစ္စပါကော ဝါ ဝဋ္ဋတီတိ ဝုတ္တံ] **(ဌ၊ စာ-၃၈၃)**

''ပက္ကဍာကရသ''န္တိ ဝိသေသိတတ္တာ ''အပက္ကံ ဝဋ္ဋတီ''တိ ဝုတ္တံ။ ကုရုန္ဒိဝစနေနပိ သိဒ္ဓမေဝ။ **(ဇီ၊ စာ-၄၈၇)**။ ယာဝကာလိကပက္ကာနန္တိ ပက္ကေ သန္ဓာယ ဝုတ္တံ၊ အာမာနိ ပန အနုပသမ္ပန္နေဟိ သီတုဒကေ၊ မဒ္ဒိတွာ ပရိဿာဝေတွာ ဒိန္နပါနံ ပစ္ဆာဘတ္တမ္ပိ ကပ္ပတိဝေ။ **(တိ၊ စာ-၁၉၁)**

(၁၁) သစ်မည်စည်ပွင့်အရည်ကိုထား၍ အလုံးစုံသော အပွင့်အရည်ကို ခွင့်ပြု၏။ [ဗွေ့ မဓုက ပုပ္ဖရသော အဂ္ဂိပါကော ဝါ ဟောတု အာဒိစ္စပါကော ဝါ ပစ္ဆာဘတ္တံ န ဝဋ္ဋတိ။ ပုရေဘတ္တမ္ပိ ယံ ပါနံ ဂဟေတွာ မဇ္ဇံ ကရောန္တိ၊ သော အာဒိတော ပဋ္ဌာယ န ဝဋ္ဋတိ၊ မဓုကပုပ္ဖံ ပန အလ္လံ ဝါ သုက္ခံ ဝါ ဘဇ္ဇိတံ ဝါ တေန ကတပါဏိတံ ဝါ ယတော ပဋ္ဌာယ မဇ္ဇံ န ကရောန္တိ၊ တံ သဗ္ဗံ ပုရေဘတ္တံ ဝဋ္ဋတိ။ **(ဌ၊ စာ-၃၈၃)**

(၁၂) [ဥစ္ဆုရသော နိကသဋ္ဌော ပစ္ဆာဘတ္တံ ဝဋ္ဋတိ။ ဣတိ ပါနာနိ အနုဇာနန္တေန ဣမေပိ စတ္တာရော ရသာ (၉၊၁၀၊၁၁၊၁၂၊) အနုညာတာတိ] **(ဌ၊ စာ-၃၈၃၊ ၃၈၄)**

ဥစ္ဆုရသော နိကသဋ္ဌောတိက္ကဒံ ပါတဗ္ဗသာမညေန ယာမကာလိကကထာယံ ဝုတ္တံ၊ တံ ပန သတ္တာဟကာလိကမေဝါတိ ဂဟေတဗ္ဗံ။ **(တိ၊ စာ-၁၉၁)**။ ''နိက္ကသဋ္ဌော ဥစ္ဆုရသော သတ္တာဟကာ လိကော''တိ လိခိတံ။ **(ဇီ၊ စာ-၄၈၇)**။ ။ အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသန္တိဧတ္ထ နိက္ကသဋ္ဌော ဥစ္ဆုရသော သတ္တာဟကာလိကောတိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ-၃၃၀)**

ရောဇမလ္လာမင်းကိုအကြောင်းပြု၍ - အလုံးစုံသော ဟင်းရွက်ကိုလည်းကောင်း၊ အလုံးစုံသော မုန့်ခဲဖွယ်ကိုလည်းကောင်း ခွင့်ပြု၏။ (သုဘဒ္ဒ ရဟန်းကြီးကား သာမဏေဘုံ၌တည်သော သားရင်သာမဏေ ၂-ယောက် ဆန် ဆီ စသည်တောင်းခြင်းအမှု၌ယှဉ်စရာ) ''န ဘိက္ခဝေ ပဗ္ဗဇိတေန အကပ္ပိယေ သမာဒပေ တဗ္ဗ''န္တိ ဝုတ္တတ္တာ အနုပသမ္ပန္နသာပိ န ကေဝလံ ဒသသု ဝေ သိက္ခာပဒေသု၊ အထ ခေါ ယံ ဘိက္ခုဿ န ကပ္ပတိ၊ တသ္မိံမ္ပိတိ အဓိပ္ပာယောတိ ဝုတ္တံ။ **(ဇီ၊ စာ-၄၈၇)**

ထိုသုဘဒ္ဒရဟန်းကြီးကို အကြောင်းပြု၍ ဆတ္တာသည် ဖြစ်ဖူးသောရဟန်းသည် သင်တုန်းအိတ် ကိုမဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်ဟု ပညတ်တော်မူ၏။

[န စ ဘိက္ခဝေ နဟာပိတပုဗ္ဗေန ခုရဘဏ္ဍန္တိ ဧတ္ထ ဂဟေတွာ ပရိဟရိတုမေဝ န ဝဋ္ဋတိ၊ အညဿ သန္တကေန ကေသေ ဆေဒေတုံ ဝဋ္ဋတိ၊ သစေ ဝေတနံ ဂဟေတွာ ဆိန္ဒတိ၊ န ဝဋ္ဋတိ၊ ယော အနဟာပိတပုဗ္ဗော၊ တဿ ပရိဟရိတုမ္ပိ ဝဋ္ဋတိ၊ တံ ဝါ(မိမိပိုင်) အညံ ဝါ ဂဟေတွာ ကေသေ ဆေဒေ တုမ္ပိ ဝဋ္ဋတိ] **(ဌ၊ စာ-၃၈၄)**

သံဃိကမျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးကုန်သော် (မြေရှင်အား) ဆယ်ဖို့တစ်ဖို့ပေး၍ (သီးစားပေး၍)သုံးဆောင်ရမည်။ ပုဂ္ဂလိကမျိုးစေ့တို့ကို သံဃိကမြေ၌ စိုက်ပျိုးကုန်သော် ဆယ်ဖို့တစ်ဖို့ပေး၍ သုံးဆောင်ရမည်။ [ဇမ္ဗူဒီပ၌ ပေါရာဏစာရိတ္တဖြစ်သောကြောင့်ဟူ။။]

မဟာပဒေသ လေးပါး

(၁) ရဟန်းတို့ ဤအရာသည်မအပ်ဟု အကြင်အရာကို ငါသည် မပယ်အပ်သေး။ အကယ်၍ ထိုအရာသည် မအပ်သောအရာနှင့် လျော်၍ အပ်သောအရာနှင့်ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အားမအပ်။

(၂) ရဟန်းတို့ ဤအရာသည်မအပ်ဟု အကြင်အရာကို ငါသည် မပယ်အပ်သေး။ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့် လျော်၍ မအပ်သောအရာနှင့်ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အားအပ်၏။

(၃) ရဟန်းတို့ ဤအရာသည်အပ်၏ဟု အကြင်အရာကို ငါသည် ခွင့်မပြုအပ်သေး။ အကယ်၍ ထိုအရာသည် မအပ်သောအရာနှင့် လျော်၍ အပ်သောအရာနှင့်ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အားမအပ်။

(၄) ရဟန်းတို့ ဤအရာသည်အပ်၏ဟု အကြင်အရာကို ငါသည် ခွင့်မပြုအပ်သေး။ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့် လျော်၍ မအပ်သောအရာနှင့်ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အားအပ်၏။

မဟာသင်္ဂါဟက ထေရ်တို့၏ ဖြတ်ထုံး

သီးကြီး (၉)မျိုး၊ ပဲမျိုးအားလုံးတို့သည် ဌပေတွာ ခေညဖလရသံဟူသော ပညတ်ချက်အားလျော်သောကြောင့် နေလွဲအခါမအပ်။ ကြိမ်၊ မန်ကျည်း၊ ရှောက်၊ သီး၊ ကြို၊ ခံအစရှိကုန်သော သီးငယ်အဖျော်တို့သည် အဖျော်ရှစ်ပါးနှင့် အလားတူသောကြောင့် နေလွဲအခါ အဖျော်အလို့ငှာ အပ်၏။

ပတုဏ္ဏရာဇ်၊ စိန့်ပြည်၊ သောမာရပြည်မှဖြစ်သော ပုဆိုးတို့သည် (ပိုးထည်များ) ကောသေယျသက်န်းအား လျော်၏။ ဘွဲ့ဖြူ(ဒုကူလ) ပုဆိုးသည် (သာဏ)ပိုက်ဆံလျော် သင်္ကန်းအား လျော်၏။ ဣဒ္ဓိမယဒေဝဒတ္တ ပုဆိုးတို့သည် ကပ္ပာသိကနှင့် အလုံးစုံမြတ်စွာဘုရားခွင့်ပြုတော်မူသော သင်္ကန်း(၆)ထည်တို့အားလျော်၏။ ထို့ကြောင့် အပ်သောသင်္ကန်းမှာ (ခေါမ၊ ကပ္ပာသိက၊ ကောသေယျ၊ ကမ္ဗလ၊ သာဏ၊ ဘင်တို့နှင့်တကွ -၁၂-ထည်။

လောဟထာလက (သံ) မတ္တိကာထာလက၊ တမ္ဗလောဟထာလက (ကြေးနီတို့သည် မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော လောဟပတ္တ၊ မတ္တိကပတ္တ နှစ်လုံးတို့နှင့် လျော်၏။ ။ **ကုဏ္ဍိက** (ကရား)၊ **ကဥ္စနက** (အင်တွဲ) **ဥဒကတုမ္ဗ** (ရေဘူး)တို့သည် မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော လောဟတုမ္ဗ-ကြေးနီအိုး၊ ကဋ္ဌတုမ္ဗ-သစ်အိုး၊ ဖလတုမ္ဗ-သျှစ်သျှားသီးအိုးဟူသော အိုးသုံးလုံးတို့အား လျော်ကုန်၏။ ကုရုန္ဒီ

၌ကား **ပါနီယသခံ**–ရေသောက်ခရုသင်း၊ **ပါနီယသရာဝက**–ရေသောက်စရာခွက်ငယ်တို့သည် ထိုအိုးသုံးလုံးတို့အား လျော်၏ဟူ၏။ ။ **ဒုဿပင္ဍ**-ပုဆိုးပြား၊ **ရဇ္ဇုက**–ကြိုးငယ်ဟူသော ခါးပန်းကြိုးနှစ်ခုတို့သည် ခွင့်ပြုတော်မူရာအပ်ကုန်သော **ပဋ္ဋိက** – ခါးပန်ပြား၊ **သူကရန္တ**–ဆောက်လုံးထိုးသော ခါးပန်းနှစ်ပါးတို့အား လျော်၏။

ကောပဏ္ဏသုတ္တ–တစ်ရွက်တည်းဖြင့်ပြုသော ထီးသည် ခွင့်ပြုတော်မူအပ်သော **သေတစ္ဆတ္တ**–ထီးဖြူ **ကိလဉ္ဇစ္ဆတ္တ**–ထီးနီ၊ **ပဏ္ဏစ္ဆတ္တ**–သစ်ရွက်မိုးသော ထီး (သစ်ရွက်ထီး) ဟူသော ထီးသုံးပါးတို့အား လျော်၏။ ထို့ကြောင့် ဤအလုံးစုံတို့သည် အပ်ကုန်၏ ဟူ၏။ တုမ္ဗာတိ ဘာဇနာနိ၊ ဖလတုမ္ဗောတိ လာဗုအာဒိ၊ ဥဒကတုမ္ဗောတိ ဥဒကုက္ခိပနကကုဋ္ဋကော (ဥဒကဃဋော) ကိလဉ္ဇစ္ဆတ္တန္တိ ဝေဠုဝိလီဝေဟိ ဝါယိတ္ဝာ ကတဆတ္တံ။ **[(သာ၊ စာ–၃၃၃၊ ၃၃၄)(တိ၊ စာ–၁၉၂)]**

ကာလိကခြင်း ရောယှက်သော်

ယာဝကာလိကနှင့် ယာမကာလိကဖြစ်စေ၊ သတ္တာဟကာလိကဖြစ်စေ၊ ယာဝဇီဝိကဖြစ်စေ ရောယှက်သော် ထိုရောနှောသောကာလိကကို ထိုနေ့မှစ၍ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏။ နေလွဲသောအခါ၌မအပ်။

ယာမကာလိကနှင့် သတ္တာဟကာလိကကိုဖြစ်စေ၊ ယာဝဇီဝိကကိုဖြစ်စေ ရောသော် ထိုနေ့၌ အကပ်ခံသည်ဖြစ်အံ့၊ ညချမ်းအခါ၌အပ်၏။ ညချမ်းအခါလွန်သော် မအပ်။

သတ္တာဟကာလိကနှင့် ယာဝဇီဝိကကို (ရောထားသည်ကို) အကပ်ခံအပ်သည်ဖြစ်အံ့၊ ခုနစ်ရက်ပတ်လုံးအပ်၏။ ခုနစ်ရက်လွန်သော် မအပ်။

* [အကြင် အကြင်ကာလိကသည် မရောနှောသော အရသာရှိ၏။ ထိုထိုကာလိကကို တစ်ပေါင်းတည်း အကပ်ခံသော်လည်း အကြင်အခြင်းဖြင့် စင်ကြယ်အံ့၊ ထိုအခြင်းဖြင့် ဆေး၍လည်းကောင်း၊ ရွေး၍လည်းကောင်း၊ ထိုထိုကာလိက၏ ကာလအစဉ်ဖြင့် သုံးဆောင်ခြင်းငှာ အပ်၏။ အကယ်၍ ရောသောအရသာရှိအံ့၊ နှီးနှောအံ့ မအပ်။] (ကာလတိုရာလိုက်၍ သုံးဆောင်ဟူလိုသတတ်။)

[ထို့ကြောင့် ထိုနေ့အကပ်ခံသော သတ္တာဟကာလိကနှင့် ထိုနေ့ဖြစ်စေ ရှေးရှေးနေ့ကဖြစ်စေ၊ အကပ်ခံသော ယာဝဇီဝိကရောသော် (၇) ရက်အပ်၏။ အကပ်ခံ၍ (၂) ရက်ရှိပြီး သတ္တာဟကာလိကနှင့်ရောသော် (၆)ရက် စသည်ဖြင့်သိလေ။]

(အတိုအရှည် ရော၍နေ အရှည်သူ့ဘက်ပါ–ဟူသော စည်းမျဉ်းအတိုင်းမှတ်လေ) ယာမာတိက္ကမေ သန္နိဓိဝသေန သတ္တာဟတိက္ကမေ ဘေသဇ္ဇသိက္ခာပဒဝသေနာတိ လိခိတံ။ **(ဓီ၊ စာ–၄၈၇)**

သာမဏေတို့အတွက်

န ဘိက္ခဝေ ပဗ္ဗဇိတေန အကပ္ပိယေ သမာဒပေတဗ္ဗန္တိ ဝုတ္တတ္တာ အနုပသမ္ပန္နဿာပိ န ကေဝလံ ဒသသု ဝေ သိက္ခာပဒေသု၊ အထ ခေါ ယံ ဘိက္ခုဿ န ကပ္ပတိ တသ္မိံမ္ပိတိ အဓိပ္ပာယော။ **(ဇီ၊ စာ-၄၈၇)**အရ (၁၄၆) ပါဠိ အဋ္ဌကထာတစ်ခုခုတို့၌ သီးခြားကွဲပြားစွာ မဖော်ပြလျှင် ဘိက္ခုသာဓာရဏသိက္ခာပုဒ်တို့သည် ဘိက္ခုတို့အား မအပ်လျှင် သာမဏေတို့အားလည်း အပ်၏ဟုမလာက မအပ်ပင်။ ရဟန်းမှာ အာပတ်၊ သာမဏေမှာ လိင်ဒဏ် မျှသာကွဲသည်။ ပထဝီခဏန၊ ဘူတဂါမ၊ စသည်တို့ကဲ့သို့ ရဟန်းသာမဏေ သီခြားနားကွဲပြားအောင် ပါဠိအဋ္ဌကထာလာသည့် သိက္ခာပုဒ်ဖြစ်လျှင် ရဟန်းသာကျင့်အပ်သော သိက္ခာပုဒ်ဖြစ်သည်။ **(စံကျောင်း စူဠဝါပါနိသျှသစ် – ပ၊ စာ-၁၇၇)**

၇–ကထိနက္ခန္ဓက

ကထိန်ကိုခွင့်ပြုခြင်း

သုံးကျိပ်သော ပါဝေယျကတိုင်းသားတို့ကို အကြောင်းပြု၍ ကထိန်ကို ဝါကျွတ်သောရဟန်းတို့အား ခင်းခြင်းငှာခွင့်ပြု၏။ ကထိန်ခင်းပြီးသောရဟန်းတို့အား ထင်ရှားရှိသောရဟန်းကိုမပန်ကြားဘဲ ဒါယကာအိမ်သို့သွားနိုင်ခြင်း၊ [စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်] တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူဘဲသွားနိုင်ခြင်း၊ [ဒုတိယ ကထိန ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း]။ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ [ဂဏဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း]။ အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော သင်္ကန်းကိုဆောင်နိုင်ခြင်း [ပထမကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း]။ ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အားသာ ဖြစ်ရခြင်းဟူသော [တတ္ထ ကထိနတ္ထတသီမာယံ မတကစီဝရံ ဝါ ဟောတု သံဃံ ဥဒ္ဒိဿ ဒိန္နံ ဝါ သံဃိကေန တတြုပ္ပါဒေန အာဘတံ ဝါ ယေန ကေနစိ အာကာရေန ယံ သံဃိကစီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။] **(မြ၊ စာ–၃၈၈)** ဤ ၅–ပါးသော အကျိုးတို့ကို အာနိသင်တို့ကို ရကုန်၏။

ကထိနတ္ထိ ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အတ္တောတိ ဂဏ္ဍိပဒေသု ဝုတ္တံ။ **[(သာ၊ စာ–၃၃၅)(တိ၊ စာ–၁၉၃)]** တတြုပ္ပာဒေန အာဘတန္တိ ဝိဟာရသန္တကေန ခေတ္တဝတ္ထုအာဒိနာ အာနီတံ။ **(သာ၊ စာ–၃၃၅)** သံဃာအားဖြစ်သော သပိတ်စသောဘဏ္ဍာစသည်ကား ခပ်သိမ်းသော ရဟန်းတို့အား ရောက်၏။ ထိုမှတစ်ပါးလည်း ထိုသံဃိကကျောင်း၌ဖြစ်သော ဆန်စသည်ဖြင့်ဝယ်အပ်သော ဖျင်ပုဆိုးသည် ကထိန်ခင်းသောရဟန်းတို့အားသာ ရောက်၏။ ဖျင်ပုဆိုးဖြင့် ဆန်စသည်တို့ကို ဝယ်ကုန်မူကား ခပ်သိမ်းသော ရဟန်းတို့အား ရောက်၏။ ကထိန်မခင်းသော် သင်္ကန်းကာလ၌ကား အသမာဒါနစာရ အကျိုးကိုမရအပ်။ လေးပါးသောအကျိုးကိုသာ ရအပ်သည်။ ဤကား ဝိနယတ္ထမဉ္ဇူသာအဓိပ္ပာယ်။ [ဆင်တဲ–၁၄၀]

ရှေးဆရာမြတ်တို့အယူ

ကထိန်သင်္ကန်းကို ကမ္မဝါဖတ်ရွတ်ရာ၌ ဆရာမြတ်တို့ ဤသို့အယူရှိ၏။ စီဝရသဒ္ဒါသည် ပြီးပြီးသော သင်္ကန်းကိုဟောသကဲ့သို့ ဒုဿသဒ္ဒါဟောသည်မဟုတ်။ မပြီးသေးသောသင်္ကန်းလျာကိုသာ ဟောသော သဒ္ဒါဖြစ်၍ ပြီးပြီးသောသင်္ကန်းကို ကမ္မဝါဖတ်ရာ၌ ဣဒံ သံဃဿ ကထိနစီဝရံပြင်၍ ဖတ်အပ်သည်ဟု

ဆရာတို့ယူကုန်၏။ ထိုသို့ယူသော အရာသည်လည်း သင့်၏။ ဗုဒ္ဓရက္ခိတ ဓမ္မရက္ခိတ အမည်ရှိသော ရဟန်းလောင်းကို နာဂအမည်ပညတ်၍ ကမ္မဝါဖတ်ရာ၌ ဥပသမ္ပဒကံ ပြည့်စုံသကဲ့သို့ ပြီးပြီးသောသကံန်းကို ဣဒံ သံဃဿ ကထိနဒုဿံဟု ဖတ်သော်လည်း ကံပြည့်စုံ၏။ ဤသို့ အဓိပ္ပာယ်ယူ။ [ဆင်တဲ-၁၃၉]

အကျိုးအာနိသင်ပျံ့နှံ့မှု

နိမန္တနံ သာဒိယန္တဿေဝ ဟိ အနာမန္တစာရော ပညတ္တော၊ တထာ ဂဏဘောဇနံ။ အသမာဒါနစာရော အနဓိဋ္ဌိတတိစီဝရဿ နတ္ထိ အတေစီဝရိကဿ ယာဝဒတ္ထစီဝရစတုတ္ထာဒိ စီဝရဂ္ဂဟဏသမ္ဘဝတော၊ ဣတရဿာပိ အနဓိဋ္ဌာနမုခေန လဗ္ဘတိ။ စီဝရုပ္ပါဒေါ အပံသုကူလိကဿေဝ။ **(ဒီ၊ စာ-၄၈၈)**

သီမအရယူပုံ

''ကထိနတ္ထတသီမာယ''န္တိ ဥပစာရသီမံ သန္ဓာယ ဝုတ္တံ၊ ဥပစာရသီမဋ္ဌဿ မတကစီဝရာဒိ ဘာဂိယတာယ ဗဒ္ဓသီမာယ တတြုပ္ပါဒါဘာဝတော ဝိညေယျမေတံ ဥပစာရသီမာဝေတ္ထ အဓိပ္ပေတာတိ။ **(ဒီ၊ စာ-၄၈၈)**

တတြုပ္ပာဒ

တတြုပ္ပာဒေန တဏ္ဍုလာဒိနာ ဝတ္ထေသု စေတာပိတေသု အတ္ထတကထိနာနမေဝ တာနိ ဝတ္ထာနိ ပါပုဏန္တိ၊ ဝတ္ထေဟိ ပန တဏ္ဍုလာဒီသု စေတာပိတေသု သဗ္ဗေသံ တာနိ ပါပုဏန္တီတိ ဝုတ္တံ။ **(ဒီ၊ စာ-၄၈၈)**

ကထိန်ခင်းခြင်းကို ရသူ

[ဂိုဏ်း၏အစွမ်းဖြင့် ငါးပါးငါးပါးထက်အလွန် ဝုတ္ထဝဿအစွမ်းဖြင့် ပုရိမိကဝါကပ်၍ ပထမပဝါရဏာပြုသူတို့သာ ရ၏။ ဝါမကပ်သူ ဝါပြတ်သူ ပစ္ဆိမဝါကပ်သူတို့ကား ဂိုဏ်းပြည့်မှုရနိုင်၏။ ပုရိမဝါကပ်သော အသက် (၂၀)ပြည့်သော သာမဏေတို့သည် ပစ္ဆိမဝါ၌ ပဋ္ဌင်းခံကုန်မူ ဂဏပူရကလည်းဖြစ်၏။ အာနိသံသလည်းရ၏၊ အတ္တာရကုသလရဟန်းမရှိသော် ရှာ၍ခင်းစေအပ်၏။]

ဟတ္ထပါသ် - ပထမပဝါရဏာ

''ယဿ သံဃော ကထိနဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတွာပိ ဗဟိသီမာယ ဋ္ဌိတဿပိ ဒါတုံ ဝဋ္ဋတီ''တိ ဝဒန္တိ။ တံ ဟတ္ထပါသေ ကတွာ ဝေ ဒါတဗ္ဗံ။ ကသ္မာ တဿ ကမ္မပ္ပတ္တတ္တာတိ ဝုတ္တံ။

ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိတိက္လာဒံ ဉက္ကဋ္ဌကောင္ဍီယာ ဝုတ္တံ၊ အန္တရာယေန အပ္ပဝါရိတာနမ္ပိ ဝုတ္တဝဿာနံ ကထိနတ္ထာရသမ္ဘဝတော။ **(ဋီ၊ စာ–၄၈၈)**

က္လာဒံ ဝဿမ္ဗေဒံ အကတ္ဝာ ဝဿံဝုတ္ထဘာဝသန္ဒဿနတ္ထံ ဝုတ္တံ။ အန္တရာယေန အပ္ပဝါရိတာနမ္ပိ ဝုတ္တဝဿာနံ ကထိနတ္ထာရသမ္ဘဝတော၊ တေနေဝ ''အပ္ပဝါရိတာ ဝါ'' တိ အဝတ္ဝာ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဉပဂတာ ဝါ န လဘန္တိတိ ဝုတ္တကမေဝ ဝုတ္တံ၊ **(သာ၊ စာ–၃၃၅)**

တစ်ပါးကျောင်းမှာ ဝါကျွတ်သူ

[အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိတိ မဟာပစ္စရိယံ ဝုတ္တံ] **(ဌ၊ စာ–၃၈၈)** အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဗ္ဘန္တိတိ (ကထိန်ခင်းခွင့်မရ) က္လာဒံ ကိံ ကေသီမသ္မိံ ဉဒါဟု နာနာသီမသ္မိန္တိ? ကိဥ္စေတ္ထ ယဒိ တာဝ ကေသီမသ္မိံ၊ ပရတော သစေ ပန ကေသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေဘိက္ခူ သန္နိပါတေတ္ဝာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတီတိ က္လာမိနာ အဌကထာဝစနေန ဝိရုဇ္ဈတိ။ က္လာဒဥ္ဟိ ဝစနံ သဗ္ဗေသံယေဝ ဧကော ကထိနတ္ထာရောတိ ဒီပေတိ။ အထ နာနာသီမသ္မိံ၊ ဉပနန္ဒဿ ဧကာဝိပ္ပါယဒါနာနုမတိယာ ဝိရုဇ္ဈတိ၊ ဝုတ္တဥ္စေတံ ''ဒေဝ ဘိက္ခဝေ မောဃပုရိသဿ ဧကာဝိပ္ပာယန္တိ'' က္လာဒဥ္ဟိ ဝစနံ ဒွိသုပိ အာဝါသေသု တဿ ကထိနတ္ထာရသိဒ္ဓိံ ဒီပေတီတိ။ အဝိရောဓော ဝ က္လစ္ဆိတဗ္ဗော အပ္ပဋ္ဌိသိဒ္ဓတ္တာ၊ တသ္မာ ကေသီမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိတိ အဝိပ္ပာယော ဝေဒိတဗ္ဗော **(ဋီ၊ စာ–၄၈၉)** အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိတိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ က္လမသ္မိံဝိဟာရေ ကထိနတ္ထာရံ န လဘန္တိတိ အတ္ထော။ **(သာ၊ စာ–၃၃၅)**

ကထိန်လှူထိုက်သူနှင့် ဝတ္တရား

[နတ်၊ လူ၊ သီတင်းသုံးဖော်ငါးဦး တစ်ဦးဦးသည် ကထိန်သင်္ကန်းကိုလှူမှု ထိုလှူသော သင်္ကန်းသည်အပ်၏။ လှူသူဒါယကာသည် မသိ၍ ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗံ–ဟုမေးခဲ့သော် တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ ''ကထိနစီဝရံ ဒေမာ''တိ ဒါတုံ ဝဋ္ဋတိ၊ တဿ ပရိကမ္မတ္ထံ ဧတ္တကာ နာမ သူစိယော, ဧတ္တကံ သုတ္တံ, ဧတ္တကံ ရဇနံ, ပရိကမ္မံ ကရောန္တာနံ ဧတ္တကာနံ ဘိက္ခူနံ ယာဂုဘတ္တဥ္စ ဒါတုံ ဝဋ္ဋတီဟု ပြောကြားအပ်၏။ မမေးသော်ကား ပြောရန်မအပ်ဟူ၏။] **(ဌ၊ စာ–၃၈၉)**

ဤ**ကထိနစီဝရံ ဒေမ** ဟူသောစကားကို ထောက်ဆ၍လည်းကောင်း၊ ပုဂ္ဂိုလ်သည်သာ ကထိန်ခင်းသည်မည်သည်စသော ဒေသနာတော်အရလည်းကောင်း **ဣမံ ကထိနစီဝရံ သံဃဿ ဒေမ** စသည်ဆို၍ လှူမှု မအပ်ဟု ယူသောဝါဒလည်း ရှိ၏။

ဂိုဏ်းမပြည့်လျှင် ကထိန်မခင်းအပ်

[သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ပေါဥ္စ တယော ဝါ ဒွေ ဝါ ဧကော ဝါ၊ ဣတရေ (ပစ္ဆိမဝါ ကပ်သူ၊ ဝါပြတ်သူ၊ သိမ်ပသား) ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ။] **(ဋ၊ စာ–၃၈၈)** ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗန္တိ ကထံ ပညာယတီတိ စေ ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ အတ္ထာရကဿ စ အနုမောဒကဿ စာတိ ပရိဝါရေ ဧကဝစနကရဏတော တတ္ထေဝ "သံဃဿ အတ္ထတံ ဟောတိ ကထိနံ၊ ဂဏဿ ပုဂ္ဂလဿ အတ္ထတံ ဟောတိ ကထိနန္တိ ဝစနတော စ။ **(ဋီ၊ စာ–၄၈၈)**

သံဃာသည် ကထိန်ကိုမခင်း၊ ဂိုဏ်းသည် ကထိန်ကိုမခင်း၊ ပုဂ္ဂိုလ်သည် ကထိန်ကိုခင်း၏။ သံဃာ၏ဝမ်းမြောက်ခြင်းဖြင့် ဂိုဏ်း၏ဝမ်းမြောက်ခြင်းဖြင့် ပုဂ္ဂိုလ်၏ခင်းခြင်းကြောင့် ကထိန်ကို သံဃာကခင်းအပ်သည်ဖြစ်၏။ ဂိုဏ်းကခင်းအပ်သည် ဖြစ်၏၊ ပုဂ္ဂိုလ်က ခင်းအပ်သည်ဖြစ်၏။ (ပရိဝါ–ကထိနဘေဒ) [ပါတိမောက်ပြခြင်း၌ကဲ့သို့ဟူ၏။]

အာနိသင်များရာသို့လိုက်၍ ခင်းနိုင်သည်

[သစေ တသ္မိံ (ပထမလှူသောသက်နိုး) အနတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရတိ၊ အညာနိ စ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ။ ယော အာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ၊ ဣတရော ယထာ တထာ ဩဝဒိတွာ သညာပေတဗ္ဗော] **(ဋ၊ စာ–၃၈၉)** (ပညတ်တော်အလျှောက် ခင်းအပ်သည်ဟူ၍ သိစေအပ်၏ဟူလို) ယော အာနိသံသံ ဗဟုံ ဒေတီတိ ဣမိနာ ပစ္စယလောလဘာဝံဝိယ ဒီပေတိ၊တထာပိ ဘဂဝတာ ယာဝဒတ္ထစီဝရပရိယေသနပညာပနမုခေန ဒွါရံ ဒိန္နန္တိ ကတွာ သံဃာနုဂ္ဂဟတ္ထံ ဟောတိ။ **(ဋီ၊ စာ–၄၉၀)**

ကထိန်ခင်းထိုက်သူ

[သံဃာက ကထိန်သက်နိုးပေးသူသည် ခင်းအပ်၏။ သံဃာသည် ဇိဏ္ဏစီဝရ၊ သက်နိုးနွမ်းရှိ သူအားပေးအပ်၏။ များမှ သီတင်းကြီးအား၊ ထိုတွင် ပရိသတ်များ၍ နေ့ချင်းသက်နိုးကိုပြုလုပ်နိုင်သူအား ပေးအပ်၏။ သီတင်းကြီးမစွမ်းနိုင်မှ သီတင်းငယ်အား ပေးအပ်၏၊ သို့သော် သီတင်းကြီးအားသာ ချီးမြှောက်ခြင်းငှာ သင့်၏။ သီတင်းငယ်တို့က ဝိုင်း၍ကူညီသင့်၏။ သုံးထည်တွင် နွမ်းရှိသောသက်နိုးအတွက် ပေးရမည်။ (သင်းပိုင်ကိုယ်ဝတ်နှစ်ထည်) ဒုပဋ်ရုံနေကြဖြစ်လျှင် ဒုပဋ်အတွက်ပေးအပ်၏၊ ပင်ကို သက်နိုးထူ၍ ကထိန်ပုဆိုးပါးစေကာမူ ဒုပဋ်လောက်ရုံသာ ပေးအပ်၏။ မရသော် တစ်ထည်တစ်ထပ်ပင် ရုံပါအံ့ဟုဆိုသော်လည်း ပေးသင့်၏။ လောဘကြီး၍ ထိုသို့ပြောမူ မပေးလင့်ဟူ၏။ ကထိန်ရသောသူသည်လည်း ကထိန်ခင်းပြီးနောက် ဖြေ၍ သက်နိုးနှစ်ထည်ပြုအံ့ဟုကားမခံအပ်။] ရွေးပြီးနောက် ...

ကထိန်သက်န်းပေးခန်း

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနဒုဿံ (ကထိနစီဝရံ) ဥပ္ပန္နံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနဒုဿံ (စီဝရံ) တိဿဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထ ရိတုံ၊ ဧသာ ဉတ္တိ။ ။ သုဏာတု မေ ဘန္တေ သံဃော ဣဒံ သံဃဿ ကထိနဒုဿံ (စီဝရံ) ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနဒုဿံ (စီဝရံ) တိဿဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ၊ ယဿာယ သ္မတော ခမတိ ဣမဿ ကထိနဒုဿဿ(စီဝရဿ) တိဿဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဒိန္နံ ဣဒံ သံဃေန ကထိနဒုဿံ (စီဝရံ) တိဿဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ **(ပါ၊ စာ-၃၅၂)**

ယခုအခါ၌ သံဃယကင်းစိမ့်သောငှာ သံဃာအားလုံးစည်းဝေး၍ သုံးကြိမ်တိုင် သံဃာအလယ် တွင် သင်္ကန်းနွမ်းပါးသူအား စစ်မေး၍ ပေးကြ၏။ မရှိသော် မထေရ်ကြီးအားပေး၍ မထေရ်ကြီးက အလို မရှိသော် သံဃာဝေယျာဝစ္စဆောင်ရွက်သူတို့အား သံဃာကိုပန်ကြား၍ ပေးလေ့ရှိကြ၏။ ဝိနယလင်္ကာရ ဆရာလည်း ဤဝါဒအတိုင်း ယူ၏ဟူသတတ်။

[ထိုကဲ့သို့ ကမ္မဝါဖြင့် ပေးပြီးသောသင်္ကန်းသည်၊ ချုပ်ပြီး ဆိုးပြီးဖြစ်မှုကောင်း၏။ မပြီးသေးမူ သံဃာအားလုံး ဝိုင်း၍ပြီးအောင် ကူညီရမည်။ မပြုသော် ဒုက္ကဋ်။ ပဒုမုတ္တရာဘုရားရှင်သော်မှလည်း ကူညီ သောထုံးရှိဖူးသတတ်။]

ကထိန်ခင်းခန်း (ပုဂ္ဂိုလ်ခင်းခြင်း)

[သင်္ကန်းပြီးလတ်သော်ခင်းမည့်ရဟန်းသည် ကထိန်သင်္ကန်းကိုယူ၍ သစေ သင်္ဃာဋိယာ ကထိနံ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏိကာ သင်္ဃာဋိ ပစ္စုဒ္ဓရိတဗ္ဗာ၊ နဝါ သင်္ဃာဋိ အဓိဋ္ဌာတဗ္ဗာ၊ ဣမာယ သင်္ဃာဋိယာ ကထိနံ အတ္ထရာမိတိ ဝါစာ ဘိန္ဒိတဗ္ဗာ စသည်ဖြင့် ပရိဝါ၌ဆိုအပ်သော အစီရင်အတိုင်း ကထိန်ခင်းအပ်၏။ (သံဃာမျက်ကွယ်၌လည်း အပ်၏ဟူ) **(ဋ္ဌ၊ စာ-၃၉၀)**

ပစ္စုဒ္ဓိုရ်ပြုနည်း

မူလက ပရိက္ခာရစောဠတင်ထားသော် ရှေး၌ရအပ်သော သင်္ဃာဋိစသော အမည်မရှိသောကြောင့် ဣမံ ပစ္စုဒ္ဓရာမိဟု သာမညအားဖြင့်သာ ပစ္စုဒ္ဓိုရ်ပြုအပ်၏။ တိစီဝရိက်အဓိဋ္ဌာန်တင်ထားမူ ရှေး၌ရအပ်သော အမည်ရှိသောကြောင့် ဣမံ သင်္ဃာဋိံ ပစ္စုဒ္ဓရာမိဟု ဝိသေသအားဖြင့် ပစ္စုဒ္ဓိုရ်ပြုအပ်၏။ သို့ပင်ဖြစ်သော်လည်း ဤကထိန်အရာ၌ ရှေးအဖို့က တိစီဝရိက် အဓိဋ္ဌာန်သာတင်အပ်သောကြောင့် ဣမံ သင်္ဃာဋိံ ပစ္စုဒ္ဓရာမိဟု ဝိသေသအားဖြင့်သာ ပစ္စုဒ္ဓိုရ်ပြုအပ်၏။ ရှေးက တိစီဝရိက်အဓိဋ္ဌာန် မဆောင်ထားမူ အခိုက်အတန့်မျှ သော်လည်း ကထိန်ခင်းကာနီးကာလ၌ ပရိက္ခာရစောဠတင်ထားသော မူလသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြု၍ တိစီဝရိက် အဓိဋ္ဌာန်တင်သော်လည်း ကထိန်ခင်းအပ်သည်သာတည်း။ **(သာရ၊ စာ-၃၇၅)**

သို့သော် သက်နီးနွမ်းရိသူမှာ အဓိဋ္ဌာန်မလောက်အောင် နွမ်းရိလျှင် ပစ္စုဒ္ဓိ(ရ်)ပြုဖွယ်မရှိသည်ကို ထောက်က တိစီဝရိက်အဓိဋ္ဌာန်မူလက မတင်ထားသော်လည်း ကထိန်သင်္ကန်းကိုသာ တိစီဝရိက်အဓိဋ္ဌာန် တင်၍ ခင်းသော်အပ်သည်ဟု (ဝိသုဒ္ဓါရုံဆရာတော်တို့က) အယူရှိကြ၏။

အနုမောဒနာပြုခြင်း (ဂိုဏ်းသံဃာ ကထိန်ခင်းခန်း)

[အတ္ထရိတွာ စ ပန တေန ကထိနတ္ထာရကေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဝေမဿ ဝစနီယော၊ အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထာတိ။ တေဟိ အနုမောဒကေဟိ ဘိက္ခူဟိ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဝေမဿ ဝစနီယော အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမာတိ ဝေမာဒိနာ ပရိဝါရေ ဝုတ္တဝိဓာနေနေဝ အနုမောဒါပေတဗ္ဗံ။ ကတရေဟိ စ အနုမောဒိတဗ္ဗံ။]

(ဋ္ဌ၊ စာ-၃၉၀)

မဟာအဋ္ဌကထာဝါဒ

အနုမောဒါမာတိ တွေ့ သဗ္ဗသင်္ဂါဟိကဝသေန ဝေံ ဝုတ္တံ၊ အနုမောဒါမီတိ ကေကေန ဝတ္တဗ္ဗံ၊ ဣတရထာ ''န ဝဋ္ဋတီ''တိ မဟာအဋ္ဌကထာယံ ကိရ ဝုတ္တံ။ **(ဋီ၊ စာ-၄၉၀)**

အနုမောဒနာ ပြုရမည့်ခေတ်

ကထိန်ခင်းခြင်းမည်သည် ပုဂ္ဂိုလ်၏ကံသာဖြစ်သောကြောင့် ဝါဆိုခေတ်ဖြစ်သော ဥပစာရသိမ်၌ ပြုအပ်၏။ ကထိန်သင်္ကန်းပေးသော ဥတ္တိဒုတိယကံကား၊ သံဃကံဖြစ်သောကြောင့် ကံဆောင်ရာဗဒ္ဓသိမ် အဗဒ္ဓသိမ်၌သာပြုအပ်၏ဟု ဝိနယလင်္ကာရဋီကာ၌ဆို၏။ [ကထိန်အရသာ-၇၀] ညောင်ကန်ဆရာတော် လည်း ဤဝါဒအတိုင်းယူ၏။ **(သာရ-၃၇၆)** နောက်နံပါတ် (၂၄) ကထိန်အခင်းမပြောက်ပုံ၌ လာလတ္တံ့။

သံဃာခင်းသည်မည်ပုံ

[ဧဝံ သဗ္ဗေသံ အတ္ထတံ ဟောတိ ကထိနံ၊ ဝုတ္တဉ္ဇေတံ ပရိဝါရေ ''ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ အတ္ထာရကဿစ အနုမောဒကဿစာတိ။ ပုနပိ ဝုတ္တံ န သံဃော ကထိနံ အတ္ထရတိ၊ န ဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ။ သံဃဿ အနုမောဒနာ ဂဏဿ အနုမောဒနာ ပုဂ္ဂလဿ အတ္ထာရာ သံဃဿ အတ္ထတံ ဟောတိ ကထိနံ၊ ဂဏဿ အတ္ထတံ ဟောတိ ကထိနံ၊ ပုဂ္ဂလဿ အတ္ထတံ ဟောတိ ကထိနန္တိ။] **(ဋ္ဌ၊ စာ-၃၉၀)**

အာနိသင်သက်နံ့းဝေဖန်ပုံ

[ဝေံ အတ္တတော ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံ ဒါယကာ ''ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာ'' တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော၊ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော၊ တသ္မာ သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဃေန အပလောကေတွာ တေသမ္ပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ၊ အဝသေသေ ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ၊ ဋ္ဌိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ၊ ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ၊ သစေ ပန ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ။] **(မြ၊ စာ-၃၉၀၊ ၃၉၁)**

အာနိသင်ကို ကျောင်းဒကာ၏ ကထိန်ဖြစ်မှု ထိုကျောင်းဒကာ၏ ကျောင်း၌နေသော ရဟန်းက စ၍၊ ကျောင်းဒကာမဟုတ်သူ၏ ကထိန်ဖြစ်မှု မထေရ်ကြီးမှစ၍ ဝေ-ဟုအယူရှိ၏။ **[ရွှေဥမင်၊ စာ-၃၉၄]**

အနုမောဒနာပြုရမည့်ခေတ်(အဆက်)

ပရိနိဋ္ဌိတပုဗ္ဗကရဏမေဝ စေ ဒါယကော သံဃဿ ဒေတိ၊ သမ္ပဋိစ္ဆိတွာ ကမ္မဝါစာယ ဒါတဗ္ဗံ၊ တေန စ တသ္မိံ ယေဝ သီမာမဏ္ဍလေ (အတ္ထရိတဲ) အဓိဋ္ဌဟိတွာ အတ္ထရိတွာ သံဃော အနုမောဒါပေတဗ္ဗော၊ ဟူသော **(ဖိ၊ စာ-၄၉၁၊ ၄၉၂)** ဝဇီရဗုဒ္ဓိဋီကာဆရာ၏စကားရပ်ကို အကိုးပြု၍ ဝိနယာလင်္ကာရဆရာလည်း အကယ်၍ ကထိနဒါန ကမ္မဝါစာရွတ်ရာ ဗဒ္ဓသိမ်သည် ဝဿူပနာယိကခေတ်ဖြစ်သော ဥပစာရသိမ်အတွင်း၌ တည်ရှိသော် ထိုဗဒ္ဓသိမ်ပြင်၌ပင် ခင်းအပ်၏။ ဗဒ္ဓသိမ်လည်းမည် ဥပစာရသိမ်လည်းမည်သောကြောင့်တည်း။ အမှတ်မရှိ သိမ်ပြင်၌ ကမ္မဝါစာဖတ်၍ ထိုဖတ်ရာသိမ်၌ပင် ခင်းခြင်းကိုကားမပြုအပ်ဟု မှတ်ရာ၏။ (ဥပစာရသိမ် ဖြင့်သာ ခင်းရာခေတ်ကို ပိုင်းခြားထားသောကြောင့်ဟူ၏။) **[သမူဟ၊ စာ-၃၄၄၊ ၃၄၅]**

ကမ္မဝါစာ မလို

ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတီတိ ကထိနတ္ထာရသာဋကဿ ဒါနကာလေ ဝုတ္တာ ဧကာယေဝ ကမ္မဝါစာ ဝဋ္ဋတိ၊ ပုန တဿ အညသ္မိံ ဝတ္ထေ ဒီယျမာနေ ကမ္မဝါစာယ ဒါတဗ္ဗကိစ္စံ နတ္ထိ၊ အပလောကန မေဝ အလန္တိ အဓိပ္ပါယော။ (တဿ ကထိနတ္ထာရကဿ) [သာ-ဋီ-တိ-တူ] **(သာ၊ စာ-၃၃၅)**

ကေသီမ

ကေသီမာယာတိ ကေဥပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ။ ကေစိ ပန ''ဗဒ္ဓသီမာ အဓိပ္ပေတာ ကေသီမာယ ကေဋ္ဌာနေ အတ္ထရိတေ သဗ္ဗတ္ထ အတ္ထရိတံ ဟောတိ ''သဗ္ဗေ ဘိက္ခူ သန္နိပတိတွာ''တိ

ဝုတ္တဝတ္တာ တေဟိပိ အနုမောဒန္တေဟိ အတ္တရိတမေဝ ဟောတိ၊ ဥပစာရပရိစ္ဆိန္နေ တတ္ထ တတ္ထ လဒ္ဓံ တေဟိ တေဟိ လဒ္ဓဗ္ဗံ ဟောတိ။ တတ္ထ ပဝိဋ္ဌေဟိပိ လဘိတဗ္ဗံ သဗ္ဗေဟိပိ အတ္တရိတတ္တာ၊ အယံ ဝိသေသော၊ မဟာအဋ္ဌကထာယမ္ပိ ဝေမေဝ ဝုတ္တ''န္တိ ဝဒန္တိ၊ ဝိမံသိတဗ္ဗံ။ **(ဓိ၊ ဇာ–၄၉၀)**

ဆင်ခြင်ဖွယ်

ဤကေစိဝါဒသည် သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ န ဟောန္တိ၊ အတ္ထာရကုသလာ ခန္ဓကဘာဏကထေရာ ပရိယေသိတွာ အာနေတဗ္ဗာ၊ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဥ္စ ဘုဥ္စိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ **(ဌ၊ ဇာ–၃၈၈)** ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်ရကား မသင့်စနိုးထင်၏။ [အတ္တနောမတိမျှသာ]

မဲချ၍မဝေသင့် သာမဏေတို့အားလည်းပေး

ဝါဆိုသင်္ကန်းရသော အစဉ်မရှိလျှင် မထေရ်ကြီးနေရာမှ စ၍ပေးအပ်ကုန်၏ဟု အဋ္ဌကထာဆိုခြင်းကြောင့် အရံသင်္ကန်းကိုမဲချ၍ ဝေဖန်ခြင်းငှာ မသင့်သကဲ့သို့ ထင်ရှား၏။ သာမဏေတို့အားလည်း ရဟန်းတို့နှင့်အတူ သမဘာဂပေးအပ်၏။ အကာလသင်္ကန်းကိုကား သံဃာကိစ္စမဆောင်ရွက်ပဲ မိမိကိစ္စ မိမိဆရာ၏ကိစ္စလောက်သာ ရွက်ဆောင်သောသာမဏေတို့အားသာ ထက်ဝက်ပေးအပ်၏။ (သံဃာကိစ္စဆောင်ရွက်မူ သမဘာဂဟူလိုရိပ် ရှိ၏။) [လက်ာ]

တန်ဖိုး အနည်းအများ

နနု စ ဘော ကေစ္စာနိ ကထိနာနိသံသစီဝရာနိ မဟဂ္ဃာနိ၊ ကေစ္စာနိ အပ္ပဂ္ဃါနိ ဟောန္တိ၊ ကထံ ကေကဿ ကေကဿ္မိံ ဒိန္နေ အဂ္ဃသမတံ ဘဝေယျာတိ၊ ဝုစ္စတေ။ ဘဏ္ဍာဂါရိစီဝရဘာဇနေ အဂ္ဃသမတံ ကတ္ထိတဗ္ဗံ၊ ဣမသ္မိံ ပန ကထိနာနိသံသစီဝရဘာဇနေ အဂ္ဃသမတံ ကတ္ထိတဗ္ဗံ၊ ကုသပါတောစ န ကာတဗ္ဗော။ ။ (ဝရံ ဝရံ ဝုမ္မဿ ဒါတဗ္ဗံဟု ပါဠ်ရှိသောကြောင့် မထေရ်မှစ၍ မြတ်ရာမေး၍ ထေရ်စဉ်ပေးအပ်၏ဟူသတတ်။) **[(သမ္မုဟ – ပ၊ ဇာ၊ ၃၄၅၊ ၃၄၆)]**

အာနိသင်သင်္ကန်း

ကထိန်ခင်းသော သင်္ကန်းတစ်ထည်သာလျှင် ကထိနစီဝရမည်၏၊ ကြွင်းသော အဝတ်သင်္ကန်းတို့သည် ကထိန်အာနိသင်တို့မည်ကုန်၏။ ကထိန်ခင်းသောနေ့၌ လှူသောသင်္ကန်းမှစ၍ နုတ်သည်တိုင်အောင်ဖြစ်သော သံဃိကသင်္ကန်းတို့လည်း အာနိသင်တို့သာဖြစ်ကုန်၏။ ယော စ တတ္ထ စီဝရုပ္ပါဒအကျိုး

ဟောသောကြောင့် ကထိန်ခင်းသူတို့သည် အဝတ်သင်္ကန်းကိုသာ အစိုးရကုန်၏။ ကြွင်းသောလာဘ်တို့ကား ဥပစာရသိမ်တွင်းရှိ သံဃာအားလုံးဆက်ဆံ၏။ **(အရသာ၊ စာ–၅၇)**

သင်္ကန်းနွမ်းပါးခြင်းဟူသည်

သင်္ကန်းနွမ်းပါးဟူသည် အဓိဋ္ဌာန်တင်ခြင်းငှာ မတတ်နိုင်အောင် နွမ်းပါးခြင်းဟု ဆုံးဖြတ်ထိုက်၏။ အကြောင်းကား အဓိဋ္ဌာန်တင်လောက်လျှင် ကထိန်ခင်းခြင်းငှာ ထိုက်သောကြောင့်တည်း။ ပိလောတိကဖြင့် ပံသုကူဖြင့် ကထိန်မြောက်သည်ကို ဆိုသည်။ သန္တရုတ္တရဉ္စလည်း သင်းပိုင်ကိုယ်ရုံမျှ အဓိဋ္ဌာန်လောက်လျှင် မတောင်းအပ်ပြီ။ **(လက်ာ) (အရသာ၊ စာ–၅၃)**

မထေရ်ကြီးအစိုးရခြင်းအကြောင်း

သင်္ကန်းနွမ်းပါးသော ရဟန်းများလျှင် ကထိန်သင်္ကန်းကို မထေရ်ကြီးအား ပေးသင့်၏။ သင်္ကန်းနွမ်းပါးသူမရှိလျှင် မထေရ်ကြီးအားသာ ပေးသင့်၏။ အဘယ်ကြောင့်နည်းဟူမူ၊ ကထိန်သင်္ကန်းသည် သံဃိကဖြစ်၍ သံဃိကမည်သည်ကိုလည်း သီတင်းကြီးအစဉ်အတိုင်း မမြစ်အပ်သောကြောင့်တည်း။

န ဘိက္ခဝေ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ။ ယော ပဋိဗာဟေယျ အာပတ္တိ ဒုက္ကဋဿ။ ဟူသော ပညတ်တော် ပါဠိကိုထောက်ပါ။ **(သာရ၊ စာ–၃၇၄)**

သတိပြုဖွယ်

(ဤအရပ်ရပ်သော စကားတို့ကိုထောက်ရှု၍ ဒါယကာတို့က လှူသောအခါ၌လည်းကောင်း၊ ရေစက်ချသောအခါ၌လည်းကောင်း စိစစ်၍သာ ပြုသင့်၏။ အခြားကျောင်းတိုက်မှ ပင့်သံဃာများ မပါလျှင် သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ–ဟုလည်းကောင်း၊ ဣမာနိ ကထိနာနိသံသာနိ သံဃဿ ဒေမ–ဟု လည်းကောင်းဆို၍ လှူလျှင်အပ်သည်ပင်ဖြစ်သော်လည်း အခြားကျောင်းများမှ သံဃာများပါနေမူ ဒါယကာတို့ကလည်း (ရည်စူးထားမူ ရည်စူးထားသော ဝတ္ထုသင်္ကန်းတို့အတွက် သီးသန့်ရေစက်ချသင့်သည်။ သာမညပြော၍လှူလျှင်လည်း အာရာမ်တွင်းရှိ ပုရိမဝါသံဃာနှင့် အခြားသင်္ကန်းမှ အပပစ္စည်းများဖြစ်မူ ပစ္ဆိမဝါသံဃာများကိုပါ ပန်ကြား၍လှူသင့်သည်)

နာနာလာဘာ နာနူပစာရ ကောသိမဝိဟာရ

အမြဲဝဿဝါသိကလာဘ်အသီးအခြားရှိသော ကျောင်းတိုက်တို့သည် နာနာလာဘတို့ဖြစ်ကုန်၏။ အာရာမ်သီးခြား တံခါးသီးခြားရှိသောကျောင်းတိုက်တို့သည် နာနူပစာရတို့ဖြစ်ကုန်၏။ ကျောင်းနှစ်ခုတို့ကို

တံတိုင်းတစ်ခုတည်းဖြင့် ကာရံထားသောကြောင့် တစ်ခုသောဥပစာရသိမ်တွင်း၌တည်သော ကျောင်းနှစ်ကျောင်းတို့သည် ကေသီမဝိဟာရတို့ဖြစ်ကုန်၏။ (ဇီ)

(ရှင်ဥပနန္ဒကဲ့သို့)ကျောင်းနှစ်ကျောင်းဝါဆိုရာ၌ ကျောင်းတိုက်ကြီးတစ်ခုအတွင်း အာရာမ်တံခါးဥပစာမှ သီးခြားသော နာနူပစာရကျောင်းတိုက်၌ ဝါဆို၍ တစ်လှည့်စီနေအံ့၊ ဝါဆိုခေတ်တစ်ခုတည်း ကေသီမဖြစ်သောကြောင့် ဝါမကျိုး၊ ဝါဆိုခေတ်ခြား၍ နာနာသီမာဖြစ်မှ ဝါကျိုးမည်။ ထိုကျောင်းတို့သည် အမြဲဝါဆိုသင်္ကန်းဝဿဝါသိက လာဘ်သီးခြားသော နာနာလာဘဖြစ်မူ ဝါဆိုသင်္ကန်းဝဿဝါသိကခြားလျှင် ဝါဆိုသင်္ကန်းဝဿဝါသိကနှင့် အလားတူဆက်စပ်သော ကထိန်အာနိသင်သည် သီးခြား၏။ ထို့ကြောင့် နာနာလာဘ နာနူပစာရ+ကေသီမာဝိဟာရတို့၌ ကထိန်အသီးသီးခင်းနိုင်ကြောင်း ဆရာမြတ်တို့မိန့်ဆိုကုန်၏။ **(အရသာ၊ စာ–၆၂)**

ပရိဝါ၌လာသော ပုဗ္ဗကရဏနှင့် ကထိန်ခင်းသူ၏ အင်္ဂါရပ်များ

ကထိန်၏ ပုဗ္ဗကရဏ (၇)ပါး .... ဓလျှော်၊ စီ၊ ဖြတ်၊ တွဲ၊ ချုပ်၊ ဆိုးနဲ၊ ထိုမြဲ၊ ခွန်ပုဗ္ဗ။
ကထိန်ခံသူ၏ အင်္ဂါ(၈)ပါး .... ပုဗ္ဗကရဏ်၊ ပစ္စုဒ္ဓိ၊ မိဌာန်+အတ္ထာရ။
မာတိ၊ ဗောဓံ၊ ဥဒ္ဓါရံ၊ နိသံ၊ အင်ရှစ်ဝ။ **(ဝိနယသံခိပ်)** ဤအင်္ဂါရပ် (၈)ပါးကို သိခြင်းသည် အတ္ထာရကုသလ ဟူ၏။

အခင်းမမြောက်ပုံ (၂၄)ပါး

ဤသို့ဆိုခဲ့ပြီးအတိုင်း ကထိန်ခင်းသည်ရှိသော် ကထိန်ခင်းသည်မည်၏။ ဤဆိုလတ္တံ့အတိုင်း ခင်းသည်ရှိသော် ကထိန်ခင်းသည်မမည်။ အသို့နည်းဟူမူ –

(၁) အလျား၊ အနံ အတိုင်းအရှည်ယူကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၂) (ကထိနဒုဿကို) ဖွပ်လျှော်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၃) သင်္ကန်း၌ ငါးခန်း ခုနစ်ခန်းစသည်ကို စီရင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

[စီဝရဝိစာရဏာမတ္တေနာတိ ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ကောဒသကံ ဝါ ဟောတူတိ ဧဝံ ဝိစာရိတမတ္တေန၊ **(၄–၃၉၁)**] ဤအဋ္ဌကထာပါဌ်ကို အကိုးပြု၍ ဗန်းမော်ဆရာတော်ဘုရားကြီးကား ကထိန်သင်္ကန်း ရှိုးရှိုး သင်္ကန်းတို့သည်၊ ၁၁ ခန်းထက်ကျော်လျှင်မအပ်ဟု ကထိနဝိသောဓနီကျမ်း၌ဆို၏။ [ဝိနယသမူဟ– ပ – ၃၁၂]

(၄) [စီရင်တိုင်းအဝတ်ကို] ဖြတ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

ပဉ္စကန္တိ ပဉ္စခဏ္ဍံ၊ သေနယော သေသေသုပိ။ [သာ၊ တိ] **(သာ၊ စာ–၃၃၅)**

(၅) သီကာမျှဖြင့် ကထိန်ခင်းသည် မမည်။ [တည်းအပ်ကာမျှဖြင့်၊ ရှေးက ချည်တင်အပ်ပြုသည် ဟူ၏။]

(၆) သီကြောင်းကို အစဉ်လိုက်လျက် အလျားကို ချုပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။ (တင်အပ်သည်ကို မိုးသဖြင့် လည်ဆည်းချုပ်ကာမျှဖြင့် လည်ဆည်းချုပ်လျှင် အလျှာအလျှာဖြစ်သည်ကိုရည်၍ ဒီဃသိဗ္ဗိက ဟူသတည်း)။ ဩဝဋ္ဋိယကရဏမတ္တေနာတိ မောဃာသုတ္တကာနုသာရေန ဒီဃသိဗ္ဗိတမတ္တေန] **(ဋ္ဌ၊ စာ-၃၉၁)** ဒီဃသိဗ္ဗိတန္တိ ပဋ္ဋာကတာသိဗ္ဗနံ၊ ဩဝဋ္ဋိတွာ သိဗ္ဗနံ ဝါတိ လိခိတံ။ **(ဋီ၊ စာ-၄၉၀)**

(၇) တစ်လုပ်အုပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၈) နှစ်လွှာစပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။ [ဒဋ္ဌိကမ္မကရဏမတ္တေနာတိ ဒွေ စိမိလိကာယော (ခေါင်နှင့် ပထမနှစ်လွှာစသည်တို့ကို) ဧကတော ကတွာ သိဗ္ဗိတမတ္တေန၊ အထဝါ ပဌမစိမိလိကာ (ကထိန်ပုဆိုးမှတစ်ပါးသော မိမိ၏ပြကတေ့သော ပုဆိုးလွှာကို) ဃဋ္ဋေတွာ ဌပိတာ ဟောတိ၊ ကထိနသာဋ္ဋကံ တဿာ ကုစ္ဆိစိမိလိကံ-(အတွင်းလွှာ၊ အထည်အလွှာ၊ အခံအလွှာ) ကတွာ သိဗ္ဗိတမတ္တေနာတိပိ အတ္ထော။ (ကထိနပုဆိုးသစ်ကိုကား အတွင်းအလွှာ၊ မိမိပုဆိုးဟောင်းကိုကား-အထက် အလွှာမျှချုပ်ကာမျှဖြင့်လည်း အခင်းမမည်ဟူလိုသည်)

[မဟာပစ္စရိယံ ''ပကတိစီဝရဿ ဥပဿယဒါနေနာ''တိ ဝုတ္တံ။ **(ဋ္ဌ၊ စာ-၃၉၂)** (ပြကတေ့သော သင်္ကန်းဟောင်းကို မဖြတ်ပဲပင် အတည်းခံ၍ ထိုသင်္ကန်းဟောင်းအား အမှီပေးသဖြင့် အစီးအစီးဟူသမျှကိုသာ ကထိန်ပုဆိုးဖြင့် မွှန်း၍ချုပ်သော်လည်း အခင်း မမည်ဟူလိုသည်။ အထည်ကိုမဖြတ် အစီးကိုသာ ဖြတ်သည်ကို ယူ)

ကုရုန္ဒိယံ ပန ''ပကတိပတ္တဗန္ဓစီဝရံ (ပြကတေ့တလုပ်အုပ်၍ချုပ်သော သင်္ကန်းဟောင်းကို) ဒုပဋ္ဋံ (၂ထပ်) ကာတုံ ကုစ္ဆိစိမိလိကံ အလ္လိယာပနမတ္တေနာတိဝုတ္တံ။ (ပြကတေ့သော သင်္ကန်းကြီးကို အထဲခံနှင့် ပုဆိုးသစ်ကို အပေါ်စီးအုပ်ထည့်ကာသာ ပြုသော်လည်း အခင်းမမည်ဟူလို။)

(ဤသုံးနည်းတွင် ပထမနည်းကား အလွှာဟူသမျှကား ကထိန်ပုဆိုးမဟုတ် အစီးသာကထိန်ပုဆိုးတည်း။ မဟာပစ္စရိက်အလို၌ကား၊ အထည်ကား အထပ်လုံးလုံးပင် မဖြတ်ပြီ၊ အစီးကား ဖြတ်၍ ကထိန်ပုဆိုးဖြင့် ချုပ်သည်။ ကုရုန္ဒီအလို၌ကား၊ အထည်ကား သင်္ကန်းကြီးပင်ခံသည်။ အပေါ်တစ်ထပ်သာ ကထိန်ပုဆိုးဖြစ်၍ ကွဲအိမ်စသည်စီရင်၍သော် ကပ်ကာချုပ်သည်တည်း။)

ဤ၌ သင်္ကန်းချုပ်ပုံမှတ်ဖွယ်

ကဏ္ဍုသံနာမ (ပုဗ္ဗဗန္ဓနံ)။ ပဌမစိမိလိကာ ဃဋ္ဋေတွာ ဌပိတာ ဟောတီတိ ကထိနဒုဿံ ဒုဗ္ဗလံ ဒိသွာ တံ ဗလဝတာ အတ္တနော ပကတိဒုဿေန သဒ္ဓိံ ဃဋ္ဋေတွာ ဒုပဋ္ဋံ ကတွာ သိဗ္ဗိတုကာမေဟိ ကထိနဒုဿတော ပကတိဒုဿဿ မဟန္တတာယ ပဌမံ တပ္ပမာဏာနုရူပံ ဗန္ဓကဏ္ဍုသေ ဃဋ္ဋေတွာ ရဇ္ဇုကေဟိ ဗန္ဓိတွာ ကတံ ဟောတီတိ အဓိပ္ပာယော။ ကထိနစီဝရဿ အပ္ပတာယ ပဌမံ ဗဒ္ဓဒုဿံ ကုစ္ဆိစိမိလိကာ ဟောတိ။ မဟာပစ္စရိယံ ကုရုန္ဒိယဥ္စ ဝုတ္တဝစနနိဒဿနံ၊ ဗျဥ္ဇနေ ဧဝ ဘေဒေါ၊ အတ္ထေ နတ္ထီတိ ဒဿနတ္ထံ ကတန္တိ ဝေဒိတဗ္ဗံ။ ''ကမ္မိနာ ကိံ ဒိပေတီတိ စေ တထာကတံ ဒုပဋ္ဋစီဝရံ ပကတိစီဝရဿ မဟန္တတာယ ပကတိစီဝရသချံမေဝ ဂစ္ဆတိ၊ န ကထိနစီဝရသချံန္တိ ကဿစိ သိယာ၊ နေဝံ ဒဋ္ဌဗ္ဗံ။ ဝံ ကုစ္ဆိစိမိလိကာဘာဝေန ဌိတမ္ပိ ကထိနစီဝရံ။ မဟန္တမ္ပိ တံ ပကတိစီဝရံ အတ္တနော ကထိနစီဝရမေဝါတိ။ ဟေဋ္ဌိမကောဋိယာ ပဉ္စကဿ ကုစ္ဆိတဗ္ဗတ္တာ ကထိနဒုဿံ ခဏ္ဍာခဏ္ဍံ ဗဟုခာ ဆိန္ဒိတွာ သိဗ္ဗိတုကာမော ကထိနစီဝရတော

ပဋ္ဋံ ဂဟေတွာ အညသ္မိံ အကထိနစီဝရေ ပဋ္ဋမာရောပေတီ''တိ လိခိတံ။ အထ ဝါ ဗဟူနိ ကထိနဒုဿာနိ ပံသုကူလာနိ ခုဒ္ဒကခုဒ္ဒကာနိ ကေစီဝရတ္ထာယ မဟန္တာနိ စ ဦနတ္ထာယ ဒိန္နာနိ ဟောန္တိ။ ကထိနစီဝရတောတိ ဘိက္ခု ကေစွတော ကထိနစီဝရတော ပဋ္ဋံ ဂဟေတွာ အညသ္မိံ အာရောပေတိ။ ဋ္ဌောဟ-ကိ ပံသုကူလာနိ ကထိနဒုဿာနိ ဝိကပ္ပနုပဂပစ္ဆိမာနိ ဒါတဗ္ဗာနိ၊ ဥဒါဟု ခုဒ္ဒကာနိပီတိ ဋ္ဌေ အစီဝရသင်္ချတ္တာ ခုဒ္ဒကာနိ ဒါတုံ န ဝဋ္ဋတိ။ ကမ္မဝါစာ တတ္ထ န ရုဟတီတိ ဧကေ။ ''ပံသုကူလေန အတ္ထတံ ဟောတီ''တိ ပါဠိယံ နယဒါနတော ကုစ္ဆိစိမိလိကာဘာဝေန ဌိတဿ ကထိနဒုဿဿ အတ္ထနော သဘာဝေန အနမိဋ္ဌာနုပဂဿ ပုရာဏစီဝရဘာဝေနေဝ အဓိဋ္ဌာနာရုဟာဿပိ ကထိနစီဝရဘာဝါနုမတိမုခေန အဋ္ဌကထာယံ ပဒါနတော စ ခုဒ္ဒကာနိပိ ဒါတုံ ဝဋ္ဋတိ။ တဥ္စ ကထိနတ္ထာရကော ယဋ္ဌေတွာ ကထိနစီဝရံ ကရိဿတီတိ ကတွာ ကပ္ပတီတိ ဧကေ၊ ယုတ္တတရံ ဂဟေတဗ္ဗံ။ **(ဓီ၊ စာ-၄၉၀)**

ပဉ္စမစိမိလိကာတိ ကထိနဝတ္ထုတော အညာ အတ္တနော ပကတိစိမိလိကာ။ ''ကုစ္ဆိစိမိလိကံ ကတွာ သိဗ္ဗိတမတ္တေနာတိ ထိရဇိဏ္ဏာနံ စိမိလိကာနံ ကေတော ကတွာ သိဗ္ဗနသေဿတံ အဓိဝစန''န္တိ ဂဏ္ဌိပဒေသု ဝုတ္တံ၊ မဟာပစ္စရိယံ ကုရုန္ဒိယဉ္စ ''ဝုတ္တဝစနနိဒဿနံ ဗျဥ္ဇနေ ဝေ ဘေဒေါ အတ္ထေ နတ္ထီတိ ဒဿနတ္ထံ ကတန္တိ ဝဒန္တိ။ **[(သာ၊ စာ-၃၃၅) (တိ-ဒုတွဲ၊ စာ-၁၉၃)]**

(၉) အလျားအနားပတ် တင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၁၀) အနံအနားပတ် တင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

(၁၁) သလင်းထောင်ထည့်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

[အာဂန္တုကပတ္တရောပနမတ္တေန၊ ကထိနစီဝရတော ဝါ ပတ္တံ (အနားပတ်) ဂဟေတွာ အညသ္မိံ အကထိနစီဝရေ ပတ္တာရောပနမတ္တေန။ **(ဋ္ဌ၊ စာ-၃၉၂)**] အာဂန္တုကပတ္တဟူသည်ကား ပြီးပြီးသောသင်္ကန်း၏ အလယ်၌ အနားပတ်လောက် ပြင်က ပတ်သည်ဟူ၏။ ယခုမလေ့လာကုန်၊ အာဂန္တုကပတ္တနှင့် အနားပတ် ဟူသည်ကား တူကြ၏။

(၁၂) ဆင်စွယ်ရောင်ကဲ့သို့ တစ်ကြိမ်ကာဆိုးကာမျှဖြင့် ကထိန်ခင်းသည် မမည်။ [သစေ ပန သကိံ ဝါ ဒွိက္ခတ္တုံ ဝါ ရတ္တမ္ပိ သာရုပ္ပံ ဟောတိ၊ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ-၃၉၂)**

(၁၃) ဤပုဆိုးဖြင့်ခင်းမည်ဟု နိမိတ်ပြုသဖြင့် ကထိန်ခင်းသည် မမည်။ [ဣမိနာ ဒုဿေန ကထိနံ အတ္ထရိဿာမီတိ ဧဝံ နိမိတ္တကတေန၊ ဧတ္တကမေဝ ဟိ ပရိဝါရေ ဝုတ္တံ။ အဋ္ဌကထာသု ပန အယံ သာဋကော သုန္ဒရော၊ သက္ကာ ဣမိနာ ကထိနံ အတ္ထရိတုန္တိ ဧဝံ နိမိတ္တကမ္မံ ကတွာ လဒ္ဓေနာတိ ဝုတ္တံ။] **(ဋ္ဌ၊ စာ-၃၉၂)**

(၁၄) ပရိယာယ်ဆို၍ရသော ပုဆိုးဖြင့် ကထိန်ခင်းသည် မမည်။ [ကထိနံ နာမ ဒါတုံ ဝဋ္ဋတိ ကထိနဒါယကော ဗဟုံ ပုညံ ပသဝတီတိ ဧဝံ ပရိကထာယ ဥပ္ပါဒိတေန၊ ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရမ္ပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတီတိ။] **(ဋ္ဌ၊ စာ-၃၉၂)**

(၁၅) ငှားသော ပုဆိုးဖြင့် ကထိန်ခင်းသည်မမည်။

(၁၆) ရောက်သောနေ့မှာပင် ခင်းတတ်သောပုဂ္ဂိုလ်ကို မပေးချုပ် သိုမှီးထားသောပုဆိုးဖြင့် ကထိန်ခင်းသည် မမည်။ [ဋ္ဌေ ဒုဝိဓော သန္နိဓိ၊ ကရဏသန္နိဓိစ နိစယသန္နိဓိစ၊ တတ္ထ တဒေဟောဝ အကတွာ ဌပေတွာ ကရဏံ ကရဏသန္နိဓိ၊ သံဃော အဇ္ဇ ကထိနဒုဿံ လဘိတွာ ပုနဒိဝသေ ဒေတိ၊

အယံ နိစယသန္ဓိဝိ။] **(ဋ၊ စာ-၃၉၂)** နိစယသန္ဓိဝိ သံဃာယတ္တာ သံဃေန ကတတ္တာ ရတ္တာတိက္ကန္တံ နိဿဇ္ဇိတဗ္ဗတ္တာ နိဿဂ္ဂိယန္တိ ဝုစ္စတိ။ **(ဝိ၊ စာ-၄၉၁)**

ဤဩမလျှမီ သံဃာလက်မရောက်မီ ကျောင်းတွင်သွင်းခြင်းကား ပမာဏမဟုတ်ဟူ၏။ သီတင်းသုံးဖော်တို့ လှူသောသင်္ကန်းဖြင့်လည်း ကျောင်းတွင်းမှာရှိနှင့်ပြီး သိမ်းပြီးဖြစ်စေကာမူ ကထိန်ခင်းအပ်သည်ကို ထောက်ပါဟူသတတ်၊ ကထိန်အဖြစ်ဖြင့် မလှူမချင်း သန္နိဓိနှင့်မဆိုင်ဟူ၏။ **(အရသာ၊ စာ-၆၇)**

(၁၇) ညည့်လွန်သဖြင့် ကထိန်ခင်းသည် မမည်။
(၁၈) ကပ္ပဗိန္ဒုမထိုးသောသင်္ကန်းဖြင့် ကထိန်ခင်းသည် မမည်။
(၁၉) ဒုကုဋ်ကိုကြဉ်ထား၍ ကထိန်ခင်းသည် မမည်။
(၂၀) ကိုယ်ဝတ်ကိုကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

ဝိနယ မဟာဝဂ္ဂ ဋ္ဌ - ကထိနက္ခန္ဓက ကထိနာနုဇာနနကထာ (စာ - ၃၉၂) ပဥ္စကေန ဝါ အတိရေကပဥ္စကေန ဝါ အဖွင့်၌ [မှတ်ချက်]

ကထိန်သင်္ကန်းမဟုတ်လျှင်ကား အစ္ဆိန္နက (ဖြတ်အပ်သော သင်္ကန်းမဟုတ်သော်လည်း ဝိကပ္ပနာပြု၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဝတ်ကောင်း၏။) သို့သော် တိစီဝရိက်အဓိဋ္ဌာန်တင်၍ကား မဆောင်ကောင်းပါ။ **(ဘာသာဋီကာ၊ စာ-၅၅၂)**

(၂၁) သင်းပိုင်ကိုကြဉ်ထား၍ ကထိန်ခင်းသည် မမည်။ [အညတြ သံဃာဋိယာတိအာဒိသု ဋ္ဌပေတွာ သဃာဋိဥတ္တရာသင်္ဂအန္တရဝါသကေ အညေန ပစ္စတ္ထရဏာဒိနာ အတ္ထတံ အနတ္ထကံ ဟောတီတိ]

(၂၂) ထိုရောက်သောနေ့မှာပင် ဖြတ်အပ်သော အိမ်ကြီးအိမ်ငယ်နှင့်တကွသော ငါးခန်းသင်္ကန်းကိုလည်းကောင်း၊ ငါးခန်းထက်အလွန် သင်္ကန်းကိုလည်းကောင်း ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။ [အညတြ ပဥ္စကေန ဝါ အတိရေကပဥ္စကေန ဝါ တိ ပဥ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလအနုမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ။ ဝေဦ သမဏ္ဍလိကတံ ဟောတိ။ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။] **(ကထိနာနုဇာနနကထာ၊ ဋ၊ စာ-၃၉၂)**

ပဥ္စ ခဏ္ဍာနိ ပဋ္ဋာနိ ပမာဏံ အဿာတိ ပဥ္စကံ၊ တေန ဝါ အတိရိတ္တေန ဝါတိ အတ္ထော။ တဒဟေဝ သဉ္ဆိန္နေနာတိ သံဃေန ကထိနတ္ထာရကဿ ကမ္မဝါစံ ဝတွာ ဒိန္နေနေဝ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန ဘဝိတဗ္ဗံ၊ ဧဝံ ဒိန္နံယေဝ ဟိ ပရိဝါရေ "ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂဟိတ"န္တိ ဝုတ္တံ။ န ဒါယကေန ဒိယျမာနံ၊ တသ္မာ ပရိနိဋ္ဌိတပုဗ္ဗကရဏမေဝ စေ ဒါယကော သံဃဿ ဒေတိ၊ သမ္ပဋိစ္ဆိတွာ ကမ္မဝါစာယ ဒါတဗ္ဗံ၊ တေန စ တသ္မိံယေဝ သီမာမဏ္ဍလေ အဓိဋ္ဌဟိတွာ အတ္ထရိတွာ သံဃော အနုမောဒါပေတဗ္ဗော ကတပုဗ္ဗကရဏဿ ပုန ကတ္တဗ္ဗာဘာဝတော။ အတ္ထာရကဿ ဟတ္ထ ဂတမေဝ ဟိ သန္ဓာယ န ဥလ္လိခိတမတ္တေနာတိ အာဒိ ဝုတ္တံ။ ပရိနိဋ္ဌိတပုဗ္ဗကရဏမ္ပိ ပုန ဓောဝိတွာ ဝိသိဗ္ဗိတွာ ကာတဗ္ဗမေဝ ဝစနပမာဏတောတိ စေ န၊ ဆိန္နဿ ပုန ဆေဒါသမ္ဘဝတော။ အညသ္မိံ ဌာနေ ဆန္ဒိတဗ္ဗမေဝါတိ စေ? န၊ ပဗ္ဗဇ္ဇာဓိကာရေ "ကေသမဿုံ ဩဟာရာပေတွာ"တိ ဝစနပ္ပမာဏတော မုဏ္ဍိကဿ ဆိန္နေပိ ကေသေ ပရိယေသိတွာ သိရသ္မိံ ဌပေတွာ ပုန ဩဟာရာပေတွာ ပဗ္ဗာဇေတဗ္ဗပ္ပသင်္ဂတော၊ န၊ ဣဓ န-ကာရေန ပဋိသိဒ္ဓတ္တာတိ စေ? န၊ "န အညတြ သံဃာဋိယာတိ န-ကာရေန ပဋိသိဒ္ဓတ္တာ

ဥတ္တရာသင်္ဂေန အတ္ထတော အနတ္တတံ ဟောတီတိ အနိဋ္ဌပ္ပသင်္ဂတော၊ တသ္မာ အဘိနိဝေသော န ကာတဗ္ဗော။ **(ဋီ၊ စာ-၄၉၁/၄၉၂)** ဤဝါဒကို [လက်ာဆရာလက်ခံ၏။]

ဗန်းမော်ဆရာတော်ဘုရားကြီးကား ဤအထက်ပါအဋ္ဌကထာ၌ ကတ္တာ ဒသေဟတ္ထာဟူသောပုဒ်တို့သည် ဆန္ဒိတ္တာပုဒ်နှင့်အနက်တူဟုယူ၍လည်းကောင်း၊ အစ္ဆိန္နသီဗ္ဗိတံ ပန န ဝဋ္ဋတိဟူသော စီဝရက္ခန္ဓက ပါဠိတော်ကို ထောက်၍လည်းကောင်း၊ ကရဏဝိပန္နံ နာမ တဒဟေဝ ဆန္ဒိတ္တာ အကတံ-ဟူသော ပရိဝါ အဋ္ဌကထာ (ကထိနဘေဒ) **(စာ-၂၁၃)**ကို ထောက်၍လည်းကောင်း၊ ကထိန်သင်္ကန်း၌လည်းကောင်း၊ ရိုးရိုးသင်္ကန်း၌ လည်းကောင်း၊ အိမ်ကြီး အိမ်ငယ်နှင့်တကွ မြောင်းသေး တလုပ်မြောင်း ချုပ်ချုပ်သမျှဒါးစသည်ဖြင့် အားလုံးဖြတ်မှအပ်သောဟူ၏။ သမ္မုတိရ သင်္ကန်းဝေဖန်သောရဟန်းအား လက်လေးသစ်အထိမျှသော သင်္ကန်းစများကို ဝေဖန်နိုင်သည်ဟူသောအချက်ကိုလည်း ထောက်ပါဟူ၏။ [ကထိနဝိသောဓနီ - ဝိနယ သမူဟ-ပ-၃၁၂]

(ဆရာမြတ်တို့ကား မဟာမဏ္ဍလအနုမဏ္ဍလာနိ ဒသေဟတ္ထာ-ဟူသော အဋ္ဌကထာပါဌ်ကို **(ဋ္ဌ၊ စာ-၃၉၂)**ထောက်၍ ငါးခန်း၌ ငါးစဖြတ်လျှင် အပ်သောဟူ၏။ ပဥ္စ ခဏ္ဍာနိ ပဏ္ဍာနိ ပမာဏံ အဿာတိ ပဉ္စကံ၊ တေန ဝါ အတိရိတ္တေန ဝါတိ အတ္ထောဟူသော **(ဝဇိရဗုဒ္ဓိ၊ စာ-၄၉၁)**စကားကို ထောက်ရှုကလည်း ငါးခန်း၌ ငါးလွှာငါးစရှိလျှင် ဖြတ်ပြီးဖြစ်လျှင် အပ်လောက်စရာရှိသည်ဟု ယူဆသင့်၏။ တစ်ဖန် တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိဟူ၍မဖြတ်သော သင်္ကန်း နှစ်ခန်း သုံးခန်း လေးခန်း သင်္ကန်းများ မအပ်ဟုသာ အဋ္ဌကထာ ဆရာတော်ဖော်ပြ၍ (၁၁) ခဏ်းထက်ကျော်လျှင် မအပ်ဟုလည်း မဆိုခြင်းကြောင့် (၁၁) ခန်းထက် ကျော်လျှင်လည်း အပ်သည်ဟုပင် ယူသင့်ပေသည်။)

(၂၃) ပုဂ္ဂိုလ်၏ခင်းခြင်းကို ကြည့်ထား၍ ကထိန်ခင်းသည် မမည်။ [ပုဂ္ဂလဿ အတ္ထာရံ ဌပေတွာ န အညေန သံဃဿ ဝါ ဂဏဿ ဝါ အတ္ထာရေန အတ္ထတံ ဟောတိ။] **(ဋ္ဌ၊ စာ-၃၉၂)**

(၂၄) အကယ်၍ ကောင်းစွာကထိန်ခင်းသည်ဖြစ်အံ့၊ ထိုကောင်းစွာခင်းသောကထိန်ကို အကယ်၍ သိမ်ပ၌တည်သော ရဟန်းသည် အနုမောဒနာပြုအံ့၊ ဤသို့ပြုသည်ရှိသော် ကထိန်ခင်းသည် မမည်။ [နိဿီမဋ္ဌော အနုမောဒတီတိ ဗဟိ ဥပစာရသီမာယ ဋ္ဌိတော အနုမောဒတိ။] **(ဋ္ဌ၊ စာ-၃၉၂)**

ကထိန်ခင်းခြင်းရောက်သော ပုဂ္ဂိုလ်၊ မရောက်သောပုဂ္ဂိုလ်

သိမ်ပ၌တည်လျက် အနုမောဒနာပြု၏။ အနုမောဒနာပြုသည်ရှိသော် နှုတ်မမြွက်၊ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကိုမကြားမသိစေ။ ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။ သိမ်အတွင်း၌တည်လျက် အနုမောဒနာပြု၏။ အနုမောဒနာပြုသည်ရှိသော် နှုတ်မြွက်၏။ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကိုကြားသိစေ၏။ ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။ **(ပရိဝါ-ကထိနဘေဒ-ပါ၊ စာ-၃၀၇)**

ရောက်သော ကထိန်ခင်းခြင်း၊ မရောက်သော ကထိန်ခင်းခြင်း

ကထိန်သင်္ကန်းလည်း ပျက်၏။ ကာလလည်းပျက်၏၊ အပြုလည်းပျက်၏၊ ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။ ကထိန်သင်္ကန်းလည်း ပြည့်စုံ၏ ကာလလည်း ပြည့်စုံ၏။ အပြုလည်း ပြည့်စုံ၏။ ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။ **(ပရိဝါ–ပါ–ကထိနဘေဒ၊ စာ–၃၀၇)**

[ဝတ္ထုဝိပန္နံ ဟောတီတိ အကပ္ပိယဒုဿံ ဟောတိ၊ ကာလဝိပန္နံ နာမ အဇ္ဇ ဒါယကေဟိ ဒိန္နံ သွေ သံဃော ကထိနတ္ထာရကဿ ဒေတိ။ ကရဏဝိပန္နံ နာမ တဒဟေဝ ဆိန္ဒိတွာ အကတံ] ၎င်း **(ပရိ–ပါ–ဋ္ဌ၊ စာ၊ ၂၁၃)**ဖို့ကား ကထိနတ္ထာရမာသ၏ရှေ့၌ ဒါယကာသည် ကထိန်အဖြစ်လှူမှု ပုဗ္ဗေ ဒိန္နံ န ဝဋ္ဋတိ ဟုလာ၏။

ကထိန်အခင်းပျက်ပုံ (၁၇)ပါး

(၁) အသစ်ဖြစ်သော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။ [**အဟတေနာတိ** အပရိဘုတ္တေန။] **(ဋ္ဌ၊ စာ–၃၉၃)**

(၂) ပုဆိုးသစ်နှင့်တူသော တစ်ကြိမ်နှစ်ကြိမ်သာ လျှော်ဖွပ်သော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။ [အဟတကပ္ပေနာတိ အဟတသဒိသေန ဧကဝါရံ ဝါ ဒွိက္ခတ္တုံ ဝါ ဓောတေန] **(ဋ္ဌ၊ စာ–၃၉၃)**

(၃) ပုဆိုးကြမ်းဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။ [ပိလောတိကာယာတိ ဟတဝတ္ထကသာဋကေန။ **(ဋ္ဌ၊ စာ–၃၉၃)** ဟတဝတ္ထကသာဋကေနာတိ အတိဇိဏ္ဏသာဋကော] **(တိ၊ စာ–၁၉၄)**

(၄) ပံ့သုကူပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။ [ပံသုကူလေနာတိ တေဝီသတိယာ ခေတ္တေသု ဥပ္ပန္နပံသုကူလေန၊ ပံသုကူလိကာဘိက္ခုနာ စောဠကာဘိက္ခံ အာဟိဏ္ဍိတွာ လဒ္ဓစောဠကေဟိ ကတစီဝရေနာတိပိ ကုရုန္ဒိမဟာပစ္စရိသု ဝုတ္တံ။] ဤ၌ ဝစီဝိညတ်မပြုသည်ကိုယူ။) **(ဋ္ဌ၊ စာ–၃၉၃)**

ဤ၌ ပံ့သုကူသင်္ကန်ဖြင့်လည်း ကထိန်ကိုခွင့်ပြုချက်ရှိ၍ ပံ့သုကူသင်္ကန်းကိုလည်း အလွန်သေးငယ်သောအစတို့ဖြင့်လည်း ချုပ်စပ်နိုင်ခွင့်ရှိ၍ အခန်း၌လည်း အကန့်အသတ်မရှိရကား (၁၁)ခန်းထက်ကျော်လျှင် မအပ်ဟူသောအဆိုမှာလည်း ဆင်ခြင်ဖွယ်ရာ ရှိသတတ်ဟူ၏။

(၅) အိမ်ဈေးကရသောပုဆိုးဖြင့် ကထိန်းခင်းသော် ကထိန်ခင်းသည်မည်၏။ [ပါပဏိကေနာတိ အာပဏဒွါရေ ပတိတပိလောတိကံ ဂဟေတွာ ကထိနတ္ထာယ ဒေတိ၊ တေနာပိ ဝဋ္ဋတီတိအတ္ထော။ သေသံ ဝုတ္တဝိပ္ပလ္လာသေနေဝ ဝေဒိတဗ္ဗံ။] **(ဋ္ဌ၊ စာ–၃၉၃)**

(၆) နိမိတ်မပြုဘဲရသော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၇) ပရိယာယ်မဆိုဘဲရသော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၈) မငှားသော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၉) မသိုးသော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၀) ညဥ့်မလွန်သော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၁) ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၂) ဒုကုဋ်ဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၃) ကိုယ်ဝတ်ဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၄) သင်းပိုင်ဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၅) ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီးအိမ်ငယ်နှင့်တကွသော ငါးခန်းသင်္ကန်းဖြစ်စေ၊ ငါးခန်းထက်လွန်သော ခုနစ်ခန်း ကိုးခန်းသင်္ကန်းစသည်ဖြင့်ဖြစ်စေခင်းသော် ကထိန်ခင်းသည်မည်၏။

(၁၆) ပုဂ္ဂိုလ်၏ခင်းခြင်းဖြင့်ခင်းသော် ကထိန်ခင်းသည် မည်၏။

(၁၇) အကယ်၍ ကောင်းစွာကထိန်ခင်းသည်ဖြစ်အံ့။ ထိုကောင်းစွာခင်းသော ကထိန်ကိုအကယ်၍ သိမ်တွင်း၌တည်သော ရဟန်းသည် အနုမောဒနာပြုငြားအံ့။ ဤသို့ပြုသည်ရှိသော် ကထိန်ခင်းသည်မည်၏။

ကထိန်နုတ်ခြင်းမာတိကာ (၈)ပါး

[ကထိန်အာနိသင်ပျက်ခြင်း]

(၁) ချုပ်ပြီးသင်္ကန်းကိုယူ၍ ပြန်မလာတော့အံ့ဟု ဖဲသွားအံ့၊ ဖဲသွားခြင်းအဆုံးရှိသော ပက္ကမနန္တိကာ ကထိန်နုတ်ခြင်းမည်၏။ [စီဝရပလိဗောဓရှေး၊ အာဝါသပလိဗောဓ နောက်ပြတ်သည်။]

(၂) မပြီးသေးသောသင်္ကန်းကိုယူ၍ သိမ်ပသို့သွားရာ ဤ၌ပင်ချုပ်အံ့၊ မပြန်တော့အံ့ဟု ဆုံးဖြတ်အံ့၊ ချုပ်ပြီးသော် ပြီးခြင်းအဆုံးရှိသော နိဋ္ဌာနန္တိကာ နုတ်ခြင်းမည်၏။ [အာဝါသရှေး၊ စီဝရနောက် ပြတ်သည်။]

(၃) မပြီးသေးသော သင်္ကန်းကိုယူ၍ ဖဲသွား၏။ သိမ်ပရောက်မှ မချုပ်အံ့၊ မပြန်အံ့ဟု ဆုံးဖြတ်၏။ ဆုံးဖြတ်ခြင်းအဆုံးရှိသော သန္နိဋ္ဌာနန္တိက နုတ်ခြင်းမည်၏။ [နှစ်ပါးမရှေးမနှောင်းပြတ်၏။]

(၄) သင်္ကန်းကိုယူ၍ ဖဲသွား၏။ သိမ်ပရောက်မှ ဤ၌ချုပ်အံ့၊ မပြန်အံ့ဟု အကြံဖြစ်၏။ ချုပ်၏၊ ချုပ်စဉ်ပျောက်၏၊ ပျောက်ခြင်းအဆုံးရှိသော နာသနန္တိက နုတ်ခြင်းမည်၏။ [အာဝါသရှေး၊ ပျောက်သော် စီဝရပြတ်၏]

(၅) သင်္ကန်းယူ၍ ပြန်အံ့ဟုဖဲသွား၏။ သိမ်ပ၌ချုပ်၏။ ပြီးသော် ထိုကျောင်း၌ ကထိန်နုတ်သတတ်ဟုကြား၏။ ကြားခြင်းအဆုံးရှိသော သဝနန္တိက နုတ်ခြင်းမည်၏။ [စီဝရရှေး ကြားခြင်းနှင့်တကွ အာဝါသပြတ်၏။]

(၆) သင်္ကန်းယူ၍ ပြန်လာအံ့ဟုဖဲသွား၏။ သိမ်ပ၌ချုပ်၏၊ ပြီးသော် ပြန်အံ့ပြန်အံ့ဟုကြံ၍နေစဉ် သိမ်ပ၌ ကထိန်နုတ်ခြင်းကို လွန်စေ၏။ (ကထိန်ရက်ကုန်အောင် တပေါင်းလပြည့်အထိနေ၏။) အပိုင်းအခြားကိုလွန်ခြင်းအဆုံးရှိသော သီမာတိက္ကန္တိက နုတ်ခြင်းမည်၏။ (စီဝရရှေး၊ သိမ်ပ၌ အာဝါသပြတ်)

(၇) သက်န်းကိုယူ၍ ပြန်လာအံ့ဟုဖဲသွား၏။ သိမ်ပ၌ချုပ်၏။ ပြီးသော် ပြန်လာအံ့ဟုကြံကာ ကထိန်နုတ်အမီရောက်လာ၏။ ရဟန်းတို့နှင့်အတူ သဟဇ္ဇာရ ကထိန်နုတ်ခြင်းမည်၏။ (မရောက်မီအကြားနုတ်သော် အန္တရုဗ္ဗာရဟူ၏။) (ပလိဗောဓနှစ်ပါး မရှေးမနှောင်း ပြတ်၏။)

ဤကား အာဒါယဝါရ (၇)ပါးတည်း၊ သမာဒါယဝါရ (၇)ပါးနည်းတူ။ ထို့နောက် ဝိပ္ပကတစီဝရ အာဒါယဝါရ (၆) သကဒါယဝါရ (၆)ပါးနည်းတူ။ ထို့နောက် သိမ်တွင်း၌ ပြန်အံ့၊ မပြန်အံ့ဟု မသုံးသပ်ဘဲ မပြန်အံ့ဟုသာ သုံးသပ်၍ လည်းကောင်း မဆောက်တည်ဘဲလည်းကောင်း သွားခြင်းဖြင့် အာဒါယဝါရ (၁၅)၊ သမာဒါယဝါရ(၁၅) လာ၏။ ထိုနောင် အာသာမရှိခြင်း (၁၂)ပါး၊ အာသာရှိခြင်း (၁၂)ပါး၊ ပြုဖွယ်(၁၂)ပါး၊ အလိုရှိခြင်း (၉)ပါး၊ ချမ်းသာစွာနေခြင်း (၅)ပါး လာ၏။ သို့သော် ဤမာတိကာရှစ် (၈)ပါးတို့၌ပင် ထိုက်သည့်အားလျော်စွာ အကျုံးဝင်လေ၏။

(၈) ကထိန်ပြီးသော် ပြန်လာအံ့ဟု သင်္ကန်းရမည်ထင်သော အရပ်သို့ ဖဲသွား၏။ သိမ်ပ၌ ရအံ့ထင်သောအရပ်သို့ကပ်အံ့၊ မပြန်အံ့ဟုအကြံဖြစ်၏။ ရအံ့ထင်သော အရပ်သို့ကပ်ရာ သင်္ကန်းရအံ့ဟုထင်ခြင်းသည် ပြတ်၏။ အာသာပြတ်ခြင်းအဆုံးရှိသော အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းမည်၏။ [အာဝါသရှေးစီဝရ နောက်ပြတ်၏။]

ဤ၌အထက် (၇)ပါးတို့ဖြင့် ထိုက်သလိုစက်လှည့်နိုင်၏။

အန္တရုဗ္ဗာရ နုတ်ခြင်းသည် သံဃာနှင့်စပ်၏။ ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ သန္နိဋ္ဌာနန္တိကာ သီမာတိက္ကန္တိကာ (၄)ပါးတို့သည် ပုဂ္ဂိုလ်နှင့်စပ်ကုန်၏။ နာသာနန္တိကာ အာသာဝစ္ဆေဒိကာ သဟုဗ္ဗာရ သဝနန္တိကာ (၄)ပါးတို့သည် သံဃာနှင့်မစပ်ကုန်။ ပုဂ္ဂိုလ်နှင့်မစပ်ကုန်။ အန္တရုဗ္ဗာရ သဟုဗ္ဗာရ (၂)ပါးတို့ကား သိမ်တွင်း၌ နုတ်အပ်ကုန်၏။ ပက္ကမနန္တိကာ သဝနန္တိကာ သီမာတိက္ကန္တိကာ (၃)ပါးတို့ကို သိမ်ပ၌ နုတ်အပ်ကုန်၏။ နိဋ္ဌာနန္တိကာ သန္နိဋ္ဌာနန္တိကာ နာသာနန္တိကာ အာသာဝစ္ဆေဒိကာ (၄)ပါးတို့ကို ရံခါသိမ်တွင်း၌ ရံခါသိမ်ပ၌ နုတ်အပ်ကုန်၏။ ။ အန္တရုဗ္ဗာရ သဟုဗ္ဗာရ နှစ်ပါးတို့သည် (ကထိန်ခင်းသည်နှင့်) တကွနက်ဖြစ်ကုန်၏။ အထူးထူးချုပ်ကုန်၏။ (ပုဂ္ဂိုလ်အသီးသီးသန္တာန်ဝယ်ဟူ) [ပရိဝါပါဠိတော်- ကထိနဘေဒ]

[သဗ္ဗေပိ အဋ္ဌာရေန သဒ္ဓိံ ကေတော ဥပ္ပဇ္ဇန္တိ၊ အဋ္ဌာရေ ဟိ သတိ ဥဒ္ဒါရော နာမ။ နိရုဇ္ဈမာနာ ပနေတ္ထ ပုရိမာ ဒွေ အဋ္ဌာရေန သဒ္ဓိံ ကေတော နိရုဇ္ဈန္တိ၊ ဥဒ္ဒါရဘာဝံ ပါပုဏန္တိ။ အဋ္ဌာရဿ ဟိ နိရော ဓော တေသဥ္စ ဥဒ္ဒါရဘာဝေါ ကေကွဏော ဟောတိ၊ ဣတရေ နာနာ နိရုဇ္ဈန္တိ။ တေသု ဥဒ္ဒါရဘာဝံ ပတ္တေသုပိ အဋ္ဌာရော တိဋ္ဌတိယေဝ။] ၎င်း - ဣတရေ နာနာ နိရုဇ္ဈန္တိ တေသု ဥဒ္ဒါရဘာဝံ ပတ္တေသုပိ အဋ္ဌာရော တိဋ္ဌတိယေဝ **(ပရိဝါ-ဋ္ဌ၊ စာ-၂၁၄)**

(အန္တရုဗ္ဗာရကား နောက်ရောက်သောကထိန်သည် အာနိသင်များသောကြောင့် နုတ်သည်။ သဟုဗ္ဗာရကား တပေါင်းလပြည့်နေ့၌ ကာလကုန်သဖြင့် အခင်းပျက်သတည်း၊ အခင်းမပျက်သမျှလျှင် အဋ္ဌာရ ဖြစ်သည်။ ရွှေဥမင်)

ထိုတိုက်တွင်း၌ ကထိန်နုတ်မှုကိုပင် ထိုရဟန်း မပြန်မီနုတ်မှု အန္တရုဗ္ဗာရ၊ ထိုရဟန်းပြန်လာ၍မီသဖြင့် ထိုရဟန်းနှင့်တကွ နုတ်မှု သဟုဗ္ဗာရဟူ၍ နှစ်ပါးဖြစ်သတည်း။ (လယ်တီဝိနယသံခိပ်) (ထိုရဟန်းမပြန်မီ ထိုကျောင်း၌ ကထိန်နုတ်ခြင်းကို ထိုရဟန်းကြားသော် သဝနန္တိကာ၊ မကြားသော် အန္တရုဗ္ဗာရဟု ခွဲသင့်သည်။ အတ္တနောမတိမျှသာ။)

ဝိနယာလင်္ကာရဆရာ၏ အန္တရုဗ္ဘာရ သဟုဗ္ဘာရ

ဥဗ္ဘာရော ဒုဝိဓော အဋ္ဌမာတိကာ ဥဗ္ဘာရအန္တရုဗ္ဘာရဝသေန၊ တတ္ထ ဗဟိဥပစာရသီမဂတာနံ ဘိက္ခူနံ ဝသေန ဝုတ္တာ၊ သတ္တ ကထိနုဗ္ဘာရာစ ဗဟိဥပစာရသီမံ ဂန္တွာ နိဝတ္တေတွာ ကထိနတ္ထတဝိဟာရေ အန္တရုဗ္ဘာရံ ပတွာ ဘိက္ခူဟိ သဟ အန္တရုဗ္ဘာရသ ကတတ္တာ သဟုဗ္ဘာရသင်္ခါတော ဧကော ကထိနုဗ္ဘာရောစာတိ ဣမေ အဋ္ဌကထိနုဗ္ဘာရာ အဋ္ဌမာတိကာယ ပဝိဋ္ဌတ္တာ အဋ္ဌမာတိကာ ဥဗ္ဘာရော နာမ။ ဗဟိ သီမံ အဂန္တွာ တသ္မိံယေဝ ဝိဟာရေ နိသီဒိတွာ ကထိနုဗ္ဘာရံ ဉတ္တိဒုတိယကမ္မဝါစာယ ကထိနုဗ္ဘာရော အဋ္ဌမာတိကာယ အပ္ပဝိဋ္ဌော ဟုတွာ ကာလပရိစ္ဆေဒံ အပတွာ အန္တရာယေဝ ကတတ္တာ အန္တရုဗ္ဘာရော နာမ၊ အန္တရုဗ္ဘာရသ ဟုဗ္ဘာရာ ဉတ္တိဒုတိယကမ္မဝါစာယေဝ ကတာ။ ဧဝံ သန္တေ ကော တေသံ ဝိသေသောတိ၊ အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တွာ အန္တော သီမာယမေဝ ဌိတေဟိ ဘိက္ခူဟိ (သဟ) ဂတော၊ (ကတော) ဖြစ်၏။ သဟုဗ္ဘာရော ဗဟိသီမံ ဂတေန ဘိက္ခုနာ ပစ္စာဂန္တွာ တံ အန္တရုဗ္ဘာရံ ပတွာ တေဟိ အန္တောသီမဋ္ဌေဟိ ဘိက္ခူဟိ သဟ ကတော တိ။ အယမေတေသံ ဝိသေသော။ ပက္ကမနန္တိကာဒယော သတ္တ ကထိနုဗ္ဘာရာ န ကမ္မဝါစာယ ကတာ၊ ကေဝလံ ဒွိန္နံ ပလိဗောဓာနံ ဥပစ္ဆေဒေန ပဉ္စဟိ အာနိသံသေဟိ ဝိဂတတ္တာ ကထိနုဗ္ဘာရာ နာမ ဟောန္တိ။ **[(သမူဟ - ပ-၃၄၁) (ဝိနယာလင်္ကာရဋီကာ-ဒု-၁၄၄)]**

ပလိဗောဓ နှစ်ပါး

ပလိဗောဓော ဒုဝိဓော အာဝါသပလိဗောဓော စီဝရပလိဗောဓောတိ။ တတ္ထ ''ယသ္မိံ ဝိဟာရေ ကထိနံ အတ္ထတံ ဟောတိ။ တသ္မိံ ဝသိဿာမီ''တိ အညတ္ထ ဂစ္ဆန္တောပိ ''ပုန တံ ဝိဟာရံ အာဂစ္ဆိဿာမီ''တိ သာပေက္ခော ဟောတိ။ အယံ အာဝါသပလိဗောဓော နာမ။ တဿ ဘိက္ခုနော စီဝရံ အကတံ ဝါ ဟောတိ အပရိယောသိတံ ဝါ ''အညတော စီဝရံ လစ္ဆာမီ''တိ အာသာ ဝါ အနုပစ္ဆိန္နာ ဟောတိ။ အယံ စီဝရပလိဗောဓော နာမ။ **(ဝိနယာလင်္ကာဋီကာ) (သမူဟ-ပ၊ စာ-၃၄၀)**

ပကိဏ္ဏက ကထာ

ကထိန်သင်္ကန်းလှူပုံ

အဋ္ဌကထာ၌ကား ကထိနစီဝရံ ဒေမ–ဟုလာ၏။ ကင်္ခါဝိတရဏီအဋ္ဌကထာ၌ကား ဣမံနာ ကထိနံ အတ္တရထ–ဟုလာ၏။ ဝိနယာလင်္ကာရဋီကာ၌ကား ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ဟုလာ၏။ ဤအရပ်ရပ်ကိုပေါင်းစပ်၍ ယခုအခါ ဆရာမြတ်တို့ကား ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ–ဟု ဒါယကာအား ဆိုစေ၍ အလှူခံတော်မူကြ၏။ အချို့ကား အဋ္ဌကထာလာတိုင်း ပုဂ္ဂိုလ်သံဃာ မသုံးသတ်ပဲ လှူခြင်းကို နှစ်သက်တော်မူကြ၏။ ဣဒံ သံဃဿ ကထိနဒုဿံ (စီဝရံ) ဥပ္ပန္နံ–ဟူသော သင်္ကန်းပေးခန်း၊ ဥတ္တိဒုတိယကမ္မဝါစာပါဠိတော်ကိုထောက်က သင်္ကန်းမှာ သံဃိကသာ ဖြစ်ရမည်။ သံဃိကဖြစ်လျှင်လည်း သံဃဿ–ဒေမ–ဟု လှူခြင်းသည် မအပ်ဟုဆိုရန် ခဲယဉ်း၏။

ဝိနယာလင်္ကာရဆရာကား ဒါယကာက အသိအလိမ္မာနည်းပါး၍ သံဃိကလှူရန်ဟောသော်လည်း ပုဂ္ဂလိကသာလှူအံ့၊ ရဟန်းသည် ထိုပုဂ္ဂလိကကို အလှူခံ၍ သံဃာအားလှူအံ့၊ ဤသို့လည်း သံဃိကဖြစ်၏။ ကထိန်ခင်းခြင်းငှာအပ်၏၊ ဒါယကာသည် ပုဂ္ဂလိကလှူလိုသော်လည်း ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ဟုဆို၍လည်းကောင်း၊ ကြွဲ၍လည်းကောင်း လှူအံ့၊ သံဃိက ဖြစ်၏။ ကထိန်ခင်းခြင်းငှာ အပ်၏၊ ကထိန စီဝရံ ဣတ္ထန္နာမဿ အာယသ္မတော ဒေမ–ဟု ပုဂ္ဂလိကဆိုလှူလျှင် ကထိန်မဖြစ်၊ ထိုရဟန်းက တစ်ဖန် ထိုသင်္ကန်းကိုပင် ကထိန်ခင်းရန် သံဃာအားလှူပြန်အံ့ ကထိန်ဖြစ်၏ဟူ၏။

စတုဝဂ္ဂကံ

ဤကထိန်သည် သင်္ကန်းပေးသူလေးပါး၊ ခံသူတစ်ပါးအားဖြင့် ငါးပါးရှိမှဖြစ်သော စတုဝဂ္ဂကံဖြစ်သည်။ ပဉ္စဝဂ္ဂကံမဟုတ်၊ တစ်ပါးတည်းဝါဆိုသောကျောင်းဖြစ်မူ အခြားကျောင်းမှ ဂဏပူရကသံဃာ များပင့်၍ ခင်းကောင်း၏။ [ဇီ]

သိဝ်

''ဣမာယ သဃ်ာဋ္ဋိယာ ကထိနံ အတ္ထရာမိ''တိအာဒိကာ ပန အတ္ထာရကိရိယာ အပလောကနာဒီသု စတူသု သံဃကမ္မေသု အပ္ပဝိဋ္ဌာ၊ အဝိဋ္ဌာနာဒယော ဝိယ ပဉ္စာနိသံသလာဘကာရဏာဘူတာ ပုဂ္ဂလကိရိယာဝ

ဟောတီတိ ဝသ္သူပနာယိကခေတ္တဘူတာယ အန္တောဥပစာရသီမာယ ကာတဗ္ဗာ၊ တသ္မာ အန္တောဥပစာရသီမာယံ ဗဒ္ဓသီမာယ အဝိဇ္ဇမာနာယ ဗဟိဥပစာရသီမာယံ ဗဒ္ဓသီမံ ဝါ ဥဒကုက္ခေပသတ္တဗ္ဘန္တရလဘာမာနဋ္ဌာနံ ဝါ ဂန္တွာ ဉတ္တိဒုတိယကမ္မေန ကထိနဒုဿံ ဒါပေတွာ ပုန ဝိဟာရံ အာဂန္တွာ အန္တော ဥပစာရသီမာယမေဝ ကထိနတ္ထရဏံ ပုဗ္ဗာစရိယေဟိ ကတံ၊ တံ သုကတမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ **(ဝိနယာလင်္ကာရ-ဒု၊ စာ-၁၂၉)**။ အပရေ ပန တမေဝ သဒ္ဒံ ပဟာယ ဥပစာရသီမာယမေဝ ကမ္မဝါစာယ ဒါတဗ္ဗန္တိ ဝဒန္တိ၊ ဝိမံသိတွာ ဂဟေတဗ္ဗံ။ [လင်္ကာ]

အနုမောဒနာ

အဋ္ဌကထာ၌ကား ''အနုမောဒါမ'' ဟုလာ၏။ ဝဇီရဗုဒ္ဓိ၌ကား အနုမောဒါမိဟု တစ်ပါးတစ်ပါးစီ ဆိုအပ်ကြောင်း မဟာအဋ္ဌကထာဝါဒလာ၏။ ကင်္ခါဋီကာသစ်၌ကား ထေရာနဉ္စ နဝါနဉ္စ ကေဿစ အနုရူပံ သလ္လက္ခေတွာ ဝတ္တဗ္ဗံ-ဟုလာ၏။ ဆရာမြတ်တို့ကား သံဃာ၌ ဂရုကတပြုသောအားဖြင့် အနုမောဒါမ-ဟု ဗဟုဝုစ်ဆိုလျှင်လည်း သင့်ပါ၏ဟူသတတ်။

ဝိနယာလင်္ကာရဆရာ၏ ကထိန်ခံမည့် သူရွေးနည်း

ဝစနက္ကမော ပန ဇေ၀ံ ကာတဗ္ဗော-ကထိနဒုဿံ လဘိတွာ သံဃေ သီမာယ သန္နိပတိတေ ဧကေန ဘိက္ခုနာ ''ဘန္တေ သံဃဿ ဣဒံ ကထိနဒုဿံ ဉပ္ပန္နံ၊ သံဃော ကဿ ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတု''န္တိ ဝုတ္တေ အညေန ''ယော ဇိဏ္ဏစီဝရော၊ တဿာ''တိ ဝတ္တဗ္ဗံ၊ တတော ပုရိမေန ''ဗဟူ ဇိဏ္ဏစီဝရာတိ'' ဝါ ''နတ္ထိ ဣဓ ဇိဏ္ဏစီဝရာ'' တိ ဝါ ဝုတ္တေ အပရေန ''တေန ဟိ ဝုဍ္ဎဿာ''တိ ဝတ္တဗ္ဗံ။ ပုန ပုရိမေန ''ကော ဧတ္ထ ဝုဍ္ဎော'' တိ ဝုတ္တေ ဣတရေန ''ဣတ္ထန္နာမော ဘိက္ခူ''တိ ဝတ္တဗ္ဗံ။ ပုန ပုရိမေန ''သော ဘိက္ခု တဒေဟော စီဝရံ ကတွာ အတ္ထရိတုံ သက္ကောတီ''တိ ဝုတ္တေ ဣတရေန ''သော သက္ကောတီ''တိ ဝါ ''သံဃော မဟာထေရဿ သင်္ဂဟံ ကရိဿတီ''တိ ဝါ ဝတ္တဗ္ဗံ။ ပုန ပုရိမေန ''သော မဟာထေရော အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော''တိ ဝုတ္တေ ဣတရေန ''အာမ သမန္နာဂတော''တိ ဝတ္တဗ္ဗံ။ တတော ''သာဓု သုဋ္ဌု တဿ ဒါတဗ္ဗ''န္တိ ဝုတ္တေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာတဗ္ဗော။ **(ဝိနယာလင်္ကာရ-ဒု၊ စာ-၁၀၈၊ ၁၀၉)**။ ယုတ်စွအဆုံး ကထိန်ခင်း ခါနီးကာလ၌လည်းကောင်း၊ တိစီဝရိက်အဓိဋ္ဌာန်တင်၍ ခင်းအပ်သောလည်းဟူ၏။ [လင်္ကာ] **[သမ္မုဟ၊ စာ-၃၄၃၊ ၃၄၄]**

ကထိန်မခင်းသူ၏အပြစ်

တရားနှင့်အညီ ကထိန်သင်္ကန်းရသော်လည်း အခင်းမပြောက်ပုံ နံပါတ် (၁၆) သန္နိဓိ (၁၇) နိဿဂ္ဂိယ (၁၈) အကပ္ပကတစသည်တို့ဖြင့်ခင်းလျှင် ကထိန်ခင်းသည်မမည် ဟုဆို၏။ ထိုထက်လွန်၍ အပြစ်မဆို၊

ထို ကြောင့် ကထိန်အာနိသင်သက်န်းကို စေတနာနှင့်တကွ မခင်းဘဲထားကြငြားအံ့၊ ရသင့်သောအာနိသင် (၅)ပါးတို့ကို မရနိုင်ခြင်းဟူသော အပြစ်တို့သင့်ကုန်၏။ သံဃာအားပြန်ပေးရခြင်းစသော အပြစ်သို့ မရောက်နိုင်ဟုမှတ်အပ်၏။ **(အရသာ-၆၅)**

ပြင်ပ၌ ကထိန်ကပ်လှူလျှင် အပ်ပါ၏

ဤ ''တမ္ဗပဏ္ဏိဒီပေ သံဃဿ ဒမ္မိ''ဟူသောစကား၊ လာလတ္တံ့သော အသုကဝိဟာရေ ဝဿံဝုတ္ထ သံဃဿ ဒေမ-ဟူသော စကားတို့အရ သုံးသတ်သောသံဃာတို့အားသာ ရောက်သောကြောင့် အမှတ်မရှိသော အရံတွင်း အရံပ၌နေ၍ ကျောင်းတစ်ကျောင်းကို ရည်စူးသုံးသပ်၍ ဣမံ ကထိနစီဝရံ အသုကဝိဟာရေ သံဃဿ ဒေမ-ဟုဆို၍ ကထိန်လှူအံ့၊ ထိုသက်န်းသည် တစ်ပါးသောကျောင်းသို့ ရောက်သော်လည်း တစ်ပါးသောကျောင်း၌ သံဃိကမဖြစ်၊ သုံးသပ်ရာကျောင်း၌သာ သံဃိကဖြစ်၍ ကထိန်ခင်းအပ်၏။ အရံပ၌နေ၍ ကျောင်းကိုမသုံးသပ်ဘဲ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟုဆို၍လှူအံ့၊ ထိုသက်န်းကား သွင်းရာကျောင်း၌ သံဃိကဖြစ်၍ ထိုကျောင်း၌ခင်းခြင်း ဝေဖန်ခြင်း မပြုမူ၍ တစ်ကျောင်းသို့ ရွှေ့ပြန်အံ့၊ ရောက်ရာကျောင်း၌ သံဃိကဖြစ်၍ ကထိန်ခင်းလိုလျှင် ခင်းအပ်၏။ မခင်းလျှင် ရောက်ရာသံဃိကဖြစ်၏။ **[အရသာ-၆၂-၆၃]**

ကထိန်ခင်းသူ၏ သိရမည့်အင်္ဂါ

(၈) ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟု **(ပရိဝါပါဠိ၊ စာ-၃၀၇)**လာရှိသည်နှင့်အညီ၊ ရှေ့ဦးပြုလုပ်၊ ပစ္စုဒ်မိဋ္ဌာန်၊ ခင်းရန်တစ်ဖြာ၊ မာတိကာကြောင့်ကြ၊ ဥဒ္ဓါရအာနိသင်၊ သည်ရှစ်အင်ကို စုံလင်စွာ သိသော ရဟန်းမှသာ ကထိန်ခင်းထိုက်ပါသည်။

(၁၃) ကတမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကတိနတ္ထာရာ ရုဟန္တိ။ သီမဋ္ဌော အနုမောဒတိ၊ အနုမောဒေန္တော ဝါစံ ဘိန္ဒတိ၊ ဝါစံ ဘိန္ဒန္တော ပရံ ဝိညာပေတိ၊ ဣမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ-ဟူ၍ **(ပရိဝါ ပါဠိ၊ စာ-၃၀၇)**လာရှိသည်နှင့်အညီ၊ ဤသိမ်ဥပစာရ အတွင်းကျ၍ အပ၌ မတည်သောရဟန်း၊ ဝစီဘေဒ၊ မြွက်ဟလှစ်ဖွင့်၊ ကျူးရင့်သမှု၊ အသံပြု၍ အနုမောဒနာပြုသောရဟန်း၊ နှုတ်မြွက်သောအား သူတစ်ပါးကို ကြားသိစေသောရဟန်း၊ ဤရဟန်းသုံးယောက်တို့သည် ကထိန်ခင်းခြင်းကြောင့်ဖြစ်သော အကျိုးဂုဏ်အင် အာနိသင်တို့ကို ရထိုက်ပါသည်။

(၁၄) ဂဏာနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ ဥဒ္ဓံ သတသဟဿမ္ပိ-ဟူ၍ အဋ္ဌကထာ ပါဠိမိန့်အပ်သည်နှင့်အညီ အယုတ်အားဖြင့် ငါးပါးအရေအတွက်ရှိသော ရဟန်းတို့ထက် သချာအရာအထောင် ဖြစ်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းငှာ ထိုက်ပါသည်။ **[(ဝိနယလင်္ကာရ-၃၊ စာ-၁၈၂) (ဝိနယ သင်္ဂဟ-၄၊ စာ-၂၉၇)]**

၈-စီဝရက္ခန္ဓက

[ဒါယကာတို့လှူသော သင်္ကန်းကိုခွင့်ပြုခြင်း]

ဇီဝကသည် မိမိဆေးကု၍ ပဇ္ဇောတမင်းထံမှပို့သလာသော သိဝိတိုင်းဖြစ်ပုဆိုးအစုံကို မြတ်စွာဘုရားအားလှူ၍ လျှောက်ကြားတောင်းပန်သည်ကိုအကြောင်းပြု၍ ရဟန်းတို့အား ဒါယကာတို့ လှူသော သင်္ကန်း ပံ့သုကူသင်္ကန်းတို့ကိုလည်းကောင်း၊ စုလျားအခင်းအရုံ (အပေါ်တင်အိပ်ရာလွှမ်း) သားမွေးဖြင့်ရက်သော ကော်ဇောတို့ကိုလည်းကောင်း ခွင့်ပြုတော်မူ၏။

[ဘဂဝတော ဟိ ဗုဒ္ဓတ္တံ ပတ္တတော ပဌာယ ယာဝ ဣဒံ ဝတ္ထုံ၊ ဧတ္ထန္တရေ ဝီသတိ ဝဿာနိ၊ န ကောစိ ဂဟပတိစီဝရံ သာဒိယိ၊ သဗ္ဗေ ပံသုကူလိကာဝ အဟေသုံ။] **(ဌ၊ စာ-၄၀၁)** (မြတ်စွာဘုရားလည်း အလားတူပင်ဟူ၏။) [ပါဝါရောတိ သလောမကော ကပ္ပါသာဒိဘေဒေါ။ အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ ဧတ္ထ ပကတိကောဇဝမေဝ ဝဋ္ဋတိ၊ မဟာပိဋ္ဌိယကောဇဝံ န ဝဋ္ဋတိ၊ မဟာပိဋ္ဌိယကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသော ကောဇဝေါ။ **(ဌ၊ စာ-၄၀၁)** မဟာပိဋ္ဌယကောဇဝံ နာမ အတိရေကစတုရင်္ဂုလပုပ္ဖံ ကိရ၊ **(ဋီ၊ စာ-၄၉၆)**၊ မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသုအတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမည်ံ စတုရင်္ဂုလ ပုပ္ဖံ ကောဇဝံ၊ **(သာ၊ စာ-၃၃၉)**။ ဟတ္ထိပိဋ္ဌိယံ အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမည်ံ ဥဏ္ဏာမယတ္ထရဏံ၊ **(တိ၊ စာ-၁၉၇)**

ခေါမ ကပ္ပာသိက ကောသေယျ ကမ္ဗလ သာဏ ဘင်္ဂသင်္ကန်း (၆)ထည်ကိုခွင့်ပြု၏။ ဒါယကာလှူသည်ဖြစ်စေ ပံ့သုကူဖြစ်စေ၊ တစ်ပါးသည် နှစ်မျိုးလုံးဆောင်နိုင်ကြောင်းခွင့်ပြု၏။ [ဘင်္ဂံနာမ ခေါမာဒီဟိ ပဉ္စဟိ သုတ္တေဟိ မိဿေတွာ ကတံ၊ ဝါကမယမေဝါတိပိ (ဘင်္ဂမည်သော လျှော်ချည်တို့ဖြင့်ပြီးသော ပုဆိုးပင်ဟူ၍လည်း) ဝဒန္တိ။] **(ဌ၊ စာ-၄၀၂)**

ပံသုကူသင်္ကန်းရှာမှီးခြင်း

သုသာန်သို့ ပံ့သုကူသင်္ကန်းဝင်ကောက်ရာ မဆိုင်းငံ့သောရဟန်းတို့အား မပေးလိုကုန်သော်အဖို့အစုကိုမပေးရန်၊ ဆိုင်းငံ့သောရဟန်း၊ နောက်မှဝင်သောရဟန်း၊ အတူဝင်ကုန်သောရဟန်း၊ ကတိကဝတ်ပြု၍ ဝင်သောရဟန်းတို့အား မပေးလိုသော်လည်း အဖို့အစုကိုပေးခြင်းငှာ ခွင့်ပြု၏။ [ယဒိ ပန မနုဿာ "ဣဓာဂတာ ဝေ ဂဏှန္တူ"တိ ဒေန္တိ၊ သညာဏံ ဝါ ကတွာ ဂစ္ဆန္တိ "သမ္ပတ္တာ ဂဏှန္တူ"တိ။ သမ္ပတ္တာနံ သဗ္ဗေသမ္ပိ ပါပုဏာန္တိ။ သစေ ဆဍ္ဍေတွာ ဂတာ၊ ယေန ဂဟိတံ၊ သော ဝေ သာမိ။ တေ ကတိကံ

ကတွာတိ လဒ္ဓံ ပံသုကူလံ သဗ္ဗေ ဘာဇေတွာ ဂဏှိဿာမာတိ ဗဟိမေဝ ကတိကံ ကတွာ] **(ဋ္ဌ၊ စာ-၄၀၂)** (စောင့်ဆိုင်းရာ၌ သုသာန် ဥပစာတွင်းကစောင့်သည်ကိုယူ။ ဥပစာပကလည်း အပ်၏ဟူ] (ဋီ)

သင်္ကန်းခံယူစေရန် သိုမီးရန် သမုတ်ခြင်း

အဂတိလေးပါးသို့ မလိုက်ခြင်း၊ အလှူခံအပ်သည် မခံအပ်သည်ကို သိခြင်းဟူသော အင်္ဂါရပ်ငါးပါးနှင့်ပြည့်စုံသောရဟန်းအား သံဃာကိုယ်စား သင်္ကန်းအလှူခံအံ့သော ရဟန်းဟုသမုတ်ရန်၊ အဂတိလေးပါးသို့မလိုက်ခြင်း၊ သိုမီးအပ်၊ မသိုမီးအပ်သည်ကို သိခြင်းဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား တောင်းပန်၍ (ထို) သင်္ကန်းကိုသိုမီးသော ရဟန်းဟုသမုတ်ခြင်းငှာ ခွင့်ပြု၏။ [ဧတ္တ ပန တောယယထာဝုတ္တာယ ကမ္မဝါစာယပိ အပလောကနေနာပိ အန္တောဝိဟာရေ သဗ္ဗသံဃမဇ္ဈေပိ ခဏ္ဍသီမာယ ပိ သမ္မန္နိတုံ ဝဋ္ဋတိယေဝ] **(ဋ္ဌ၊ စာ-၄၀၃)**။ ခဏ္ဍသီမာယပိ သမ္မန္နိတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ သေသကမ္မာနိပိ တတ္ထ နိသီဒိတွာ ကာတုံ ဝဋ္ဋတီတိ ဝုတ္တံ၊ ဇဝံ သန္တေ စောရိကာယ ကတသဒိသံ ဟောတိ၊ တသ္မာ န ဝဋ္ဋတီတိ ဒီပဝါသိနော ဝဒန္တိ ကိရ။ စောရိကာယ ဂဟိတတ္တာ န ပါပုဏာတီတိ သေနာသနက္ခန္ဓကေ အာဂတသုတ္တဥ္စ သာဓကန္တိ ဝဒန္တိ။ တသ္မာ တေသံ မတေန ဣဒံ အာဝေဏိကလက္ခဏန္တိ ဝေဒိတဗ္ဗံ။ **(ဋီ၊ စာ-၄၉၆၊ ၄၉၇)**

ဘဏ္ဍာအိမ်သမုတ်ခြင်းစသည်

[အာရာမ်အလယ် အာရာမိက သာမဏေရစသည်တို့ဖြင့် မကင်းဆိတ်၍ စုဝေးရာနေရာ၌] သံဃာ အလိုရှိသော ကျောင်းတစ်ကျောင်းကို ဘဏ္ဍာတိုက်ဟု သမုတ်ခြင်းငှာ ခွင့်ပြု၏။ [ဣဒံ ပန ဘဏ္ဍာဂါရံ ခဏ္ဍသီမံ ဂန္တွာ ခဏ္ဍသီမာယ နိသိန္နေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊ ဝိဟာရမဇ္ဈေယေဝ သမ္မန္နိတဗ္ဗံ။] **(ဋ္ဌ၊ စာ-၄၀၃)** ဣဒံ ပန ဘဏ္ဍာဂါရန္တိ အာဝေဏိကလက္ခဏန္တိ ဝုတ္တံ။ **(ဋီ၊ စာ-၄၉၇)** အဂတိလေးပါးမလိုက်ခြင်း လုံခြုံသည် မလုံခြုံသည်ကိုသိခြင်း၊ အင်္ဂါငါးနှင့်ပြည့်စုံသော ရဟန်းအား တောင်းပန်၍ ဘဏ္ဍာတိုက်စောင့်ရဟန်းဟု သမုတ်ခြင်းငှာ ခွင့်ပြု၏။ ဘဏ္ဍာတိုက်စောင့်သောရဟန်းအား ဖယ်ရှားစေလျှင် ဒုက္ကဋ်။ ဘဏ္ဍာတိုက်၌ သင်္ကန်းများလျှင် မျက်မှောက်၌ရှိသော သံဃာအား ဝေဖန်စိမ့်သောငှာခွင့်ပြု၏။ [သမ္မုခီဘူတေနာတိ အန္တော ဥပစာရသီမာယံ ဌိတေန၊ ဘာဇေတုန္တိ ကာလံ ဃောသေတွာ ပဋိပါဋိယာ ဘာဇေတုံ။] **(ဋ္ဌ၊ စာ-၄၀၅)**

ဆိုင်ရာဝတ္တရားများ

[သင်္ကန်းအလှူခံသောရဟန်းသည် ကာလစီဝရ၊ အကာလစီဝရ၊ အစ္စေကစီဝရ၊ ဝဿိကသာဋိက၊ နိသီဒန၊ ပစ္စတ္ထရဏ၊ မုခပုဉ္ဆနစောဠဟုပြောဆို၍ ဒါယကာတို့က လှူဒါန်းမှု ထိုအလုံးစုံကိုမရောဘဲ တစ်သန့်စီ တစ်သန့်စီပြု၍ သင်္ကန်းသိုမီးသောရဟန်းအား ထိုအတိုင်းပြောကြား၍ ပေးရမည်။ သိုမီးသူကလည်း ထို အတိုင်းပင် ဘဏ္ဍာတိုက်စောင့်အား ပြောကြား၍အပ်နှံရမည်။ ဘဏ္ဍာတိုက်စောင့်ကလည်း ၎င်းတို့ကိုမရော

ဘဲ တစ်ကန့်စီတစ်ကန့်စီ အမှတ်ပြု၍ ထားရမည်။ သံဃာကအလိုရှိ၍ ကာလသက်န်းယူခဲ့ပါဟုဆိုလျှင် ကာလသက်န်းကို ပေးရမည်။ အကာလစသည်လိုလျှင်လည်း အလားတူပင်။] **(ဌ၊ ဇာ-၄၀၄)**

သင်္ကန်းဝေဖန်ခြင်း

အဂတိလေးပါးမလိုက်ခြင်း၊ ဝေဖန်သင့် မဝေဖန်သင့်ကိုသိခြင်း၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား သင်္ကန်းဝေဖန်တတ်သော ရဟန်းဟုသမုတ်ခြင်းငှာ ခွင့်ပြု၏။ ရှေးဦးစွာ (၁) [အထူအပါး အနံအလျား၊ အကြမ်းအချော ဝတ်ပြီး မဝတ်သေးစသည်တို့ကို] ရွေးချယ်စိစစ်၍။ (၂) အဖိုးကို ပိုင်းခြားချိန်ဆ၍ (၃)အဖိုးထပ်တူထပ်မျှရှိသည်ကိုပြု၍၊ [အားလုံး (၁၀)တန်မူကောင်း၏။ ထိုသို့ မမျှမူ (၆)တန်ကို (၅)တန်နှင့်ပေါင်း၍ (၉)တန်ကို (၁) တန်နှင့်ပေါင်း၍ (၁၀) တန်ခြင်းညီမျှအောင် ပြုပါဟူ၏] (၄) ရဟန်းတို့ကို ရေတွက်ပြီးလျှင် အစုဖွဲ့၍ [နေ့ချင်းပြီး မဝေနိုင်မူ (၁၀)ပါး တစ်ခုစီရေတွက်၍ (၁၀)ဖို့ (၁၀)ဖို့တို့ကို တစ်ပေါင်းတည်းဖွဲ့၍ တစ်ထုပ်တည်းပြု၍ သင်္ကန်းအဖို့အစုထားခြင်း (ဝေဖန်ခြင်းငှာ) ခွင့်ပြု၏ဟူလို။ ဤသို့ တစ်ခုစီပုံသော် ထိုသင်္ကန်းပုံတို့အထက်၌ ကမ္မည်းတံကိုချအပ်၏။ တစ်ဖန် ထို (၁၀)ပါးတစ်စုတစ်စုသော ရဟန်းတို့လည်း မိမိတို့ရသောအဖို့ကို ဝေဖန်သော်စာရေးတံ ကမ္မည်းချ၍ပင် ဝေဖန်ဟူ၏။ ဝေဖန်ခြင်းငှာ ခွင့်ပြု၏။

သာမဏေတို့အတွက်

သင်္ကန်းဝေဖန်သောအခါ သာမဏေတို့အား ထက်ဝက်သော သင်္ကန်းအဖို့ကိုပေးခြင်းငှာ ခွင့်ပြု၏။ [အတ္တိသရဖြစ်ကုန်၍ ဘိက္ခုသံဃာ၏ အမှုကြီးငယ်ကိုမပြုကုန်ဘဲ ဥဒ္ဒေသပရိပုစ္ဆာတို့၌ ယှဉ်ကုန်လျက် ဆရာဥပဇ္ဈာယ်တို့၏သာ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ တစ်ပါးသော အခြားရဟန်းတို့အား မပြုကုန်မူ ထိုသာမဏေတို့အားသာ ဥပမာဘာဂကိုပေးအပ်၏။ ဘိက္ခုသံဃာ၏သာလျှင် ပြုသင့်သောအမှုကိစ္စကို ပြုကုန်မူ ထိုသာမဏေတို့အား (သမဘာဂ) သမက အမျှတူပေးအပ်၏။ ဤသည်မှာလည်း ကထိန်သမယ၏အပပိဋ္ဌိသမယ၌ဖြစ်သော ဘဏ္ဍာဂါရ၌ထားသော အကာလစီဝရအားဖြင့်သာဆိုခြင်းဖြစ်၏။ ကာလစီဝရ၌ကား သမက အမျှပေးအပ်၏။ (ကာလစီဝရ၊ သီတင်းကျွတ်လဆုတ် (၁)ရက်မှ၊ တန်ဆောင်မုန်းလပြည့်တိုင်ရှိ ကာလ၌ လှူသောသင်္ကန်း)။ သံဃာ၏ ထိုကျောင်းမှဖြစ်သော ဝဿဝါသိကကိုကား တံမြက်ကျစ်ခြင်း အစရှိသော သံဃဟတ္တကံကိုပြု၍ သာမဏေတို့ယူပါအပ်၏။ ဤသို့ယူခြင်းကား သာမဏေခပ်သိမ်းတို့၏ ဝတ်တည်း၊ ဘဏ္ဍာတိုက်၌ ထားသောသင်္ကန်း၌လည်း၊ သာမဏေတို့ကလာလတ်၍ အရှင်ဘုရားတို့ တပည့်တော်တို့သည် ယာဂုကိုချက်ပါကုန်၏။ ဆွမ်းကိုချက်ပါကုန်၏ ခဲဖွယ်ကိုချက်ပါကုန်၏၊ မြက်သစ်ပင်ကို သုတ်သင်ခြင်းကို ပြုပါကုန်၏။ ဒန်ပူကို ဆောင်ပါကုန်၏။ ဆိုးရေခေါက်ကို ကပ္ပိ၍ပေးပါကုန်၏၊ အဘယ်ကို တပည့်တို့မပြုသည်မည်သနည်းဟု ကြွေးကြော်ခြင်းကိုပြုကုန်အံ့၊ သမဘာဂကိုသာပေးအပ်၏။ ။ ဤထက်ဝက်ပေးရမည်ဟူသော စကားမှာလည်း အကြင်သာမဏေတို့လည်း ချွတ်၍ပြုကုန်၏။ အကြင်သာမဏေတို့အားလည်း (သံဃကိစ္စ) ပြုသည်အဖြစ်မထင်ရှား၊ ထိုသာမဏေတို့အားရည်၍ ဟောတော်မူသတည်း။ ကုရုန္ဒီ၌ကား၊ အကယ်၍ သာမဏေတို့က အရှင်တို့ အဘယ့်ကြောင့် တပည့်တို့သည် သံဃအမှု

ကိစ္စကို မပြုကုန်အံ့နည်း ပြုပါကုန်အံ့ဟု တောင်းကုန်လတ်သော် သမပဋိဝိသကို ပေးအပ်၏ဟုဆို၏။] **(ဠ၊ စာ–၄၀၅၊ ၄၀၆)**သမပဋ္ဌိဝိသော ဒါတဗ္ဗောတိ ကရိဿာမာတိ ယာစန္တာနံ ပဋိညာမတ္တေနာပိ သမ ကောဋ္ဌာသော ဒါတဗ္ဗော။ **(သာ၊ စာ–၃၄၀)**

ခရီးသွားလိုသော ရဟန်းအတွက်

ခရီးသွားလိုသော ရဟန်းအား မိမိအဖို့ကိုပေးခြင်းငှာ ခွင့်ပြု၏။ [ဘဏ္ဍာတိုက်မှသင်္ကန်း မထုတ်ရသေးဘဲလည်းကောင်း၊ ကျောက်စီမထိုးသေးဘဲလည်းကောင်း၊ သံဃာမစည်းဝေးမီပင်လည်းကောင်း ပေးခြင်းငှာ မအပ်။ သင်္ကန်းတို့ကိုထုတ်ပြီး ကျောက်စည်ခတ်၍ သံဃာစည်းဝေးကုန်လတ်ပြီးသော်သာ စီဝရဘာဇကရဟန်းသည် ဤ(ခရီးသွားလိုသော)ရဟန်းအား ဤမျှသော အဖို့ဖြစ်ရာ၏ဟုမှတ်သား၍ နည်းကိုယူသဖြင့် သင်္ကန်းကို ပေးအပ်၏။ မှန်၏။ ချိန်ဖြင့်ချိန်သကဲ့သို့ ထပ်မျှအတူပေးခြင်းငှာကား မတတ်ကောင်း၊ ထို့ကြောင့် ယုတ်ယုတ်လွန်လွန်ကြဲဆသော (မှန်းဆသော)နည်းဖြင့် ပေးခြင်းသည်သာ ကောင်းသောပေးခြင်းတည်း၊ ယုတ်မူလည်း တစ်ဖန်မပေးအပ်၊ လွန်မူလည်း တစ်ဖန်ပြန်မယူအပ်။]

သူတစ်ပါးတို့၏ အဖို့ထက်သာလွန်သော သင်္ကန်းအဖို့ကိုယူ၍ ခရီးသွားလိုမူ ပိုလွန်သောအစားကို ပေးစေပြီးသော သူတစ်ပါးတို့၏ အဖို့ထက်သာလွန်သောအဖို့ကိုပေးခြင်းငှာ ခွင့်ပြု၏။ [ရဟန်း(၁၀)ပါးရှိအံ့၊ သင်္ကန်းလည်း (၁၀)သာရှိအံ့၊ တစ်ထည်ကား (၁၂) သပြာထိုက်၍ ကြွင်းတို့ကား (၁၀) သပြာထိုက်၏။ (၁၀) သပြာစီထိုက်သောအားဖြင့် ကမ္ဗည်းတံကိုချသော် (၁၂) သပြာတန် ကမ္ဗည်းတန်ကျသောရဟန်းက ဤမျှသောပုဆိုးဖြင့် ငါ၏သင်္ကန်းသည်လောက်၏ဟု လွန်သောအဖို့ဖြင့် သွားလို၏။ သံဃာဥစ္စာ၌လည်းကောင်း၊ ဂိုဏ်း၏ဥစ္စာ၌လည်းကောင်း၊ နည်းသည်မည်သည်မရှိ စောင့်စည်းအပ်သည်သာဟုပြခြင်းငှာ ခွင့်ပြုတော်မူခြင်း ဖြစ်သည်။ သို့အတွက် ထိုလွန်သော အဖိုး(နှစ်ကျပ်)တန်အတွက် မိမိရှိသောအပ်သော ပရိက္ခရာဖြင့် အစားပေး၍ သွားခြင်းငှာ ခွင့်ပြု၏ဟူလို။

သင်္ကန်းအပိုကို သင်္ကန်းချို့တဲ့သော ရဟန်းတို့ကို နှစ်သစ်ကျေနပ်စေပြီးလျှင် စာရေးတံမဲချခြင်းကို ခွင့်ပြု၏။ [သင်္ကန်းမလောက်မူ အနည်းဆုံးလက်လေးသစ်အထိ အလျားမှ အနားပြည့်လောက်ရုံသော အပိုင်းတို့ကိုပိုင်း၍ မညီမျှရာ အပ်သောပရိက္ခာဖြင့်ဖြည့်၍ ကျေနပ်စေရမည်။ (၁၀)ပါးစီအုပ်စုလိုက်ရှိရာ အချို့ကား (၈–၉) ပါးသာရှိမူ (၈–၉) ပါးအတွက် အဖို့အစုပြု၍ ကျေနပ်စေရမည်။ ထိုနောင် စာရေးတံမဲချရမည်။

တစ်နည်း – ဝိကလေ တောသေတွာဟူသည်ကား အကြင်သင်္ကန်းအဖို့သည် ယုတ်၏။ ထိုသင်္ကန်းအဖို့ကို တစ်ပါးသော ပရိက္ခရာဖြင့်ညီမျှအောင်ပြု၍ စာရေးတံမဲချအပ်၏ဟူလို။] **(ဠ၊ စာ–၄၀၇)**

သက်န်းဆိုးခြင်း

(၁) အမြစ်ဆိုးရည် (နနွင်းမှအပ] (၂) ပင်စည် [မဥ္ဇိဋ္ဌ=ပိန်းနဲနွယ်၊ တုင်္ဂဟရ=တိန်းညက်မှအပ။ (တိန်းညက်ဟူသည် ဆူးရှိသော အပင်တည်း) ဆေးဒန်းမြင်းသီလာအဆင်းနှင့်တူသော ပင်စည်ဆိုးရည်ရှိ၏။] (၃) အခေါက် [လောဒ္ဒ = ဒေါက်ယပ်၊ ဘဏ္ဍုလ = ကြာပိုင်ခေါက်မှအပ] (၄) အရွက်[အလ္လိပတ္တ = မဲရွက်၊ နီလပတ္တ = ဒန်းရွက်မှအပ] [လူတို့၏ ဝတ်လေပြီးသော ပုဆိုးကိုသော်ကား မဲရွက်ဖြင့် တစ်ကြိမ် ဆိုးခြင်းငှာ အပ်၏။] (၅) အပွင့် [ကိံသုကပုပ္ဖ=ပေါက်ပွင့်၊ ကုသုမ္ဘပုပ္ဖ=ဝတ်ပန်းပွင့်မှအပ] ကြွင်းအားလုံး အပ်။ (၆) အသီး [အားလုံးအပ်]ဟူသော ဆိုးရည် (၆)မျိုးတို့ကို ခွင့်ပြုတော်မူ၏။

ဂေါမယေ အာပတ္တိ နတ္ထိ ဝိရူပတ္တာ ဝါရိတံ။ ကုက္ကုံမပုပ္ဖံ န ဝဋ္ဋတီတိ ဝဒန္တိ။ **(ဝိ၊ စာ-၄၉၇)**

အဝကျဉ်းသော ဆိုးရည်ကျိုအိုးကိုလည်းကောင်း၊ ဆိုးရည်ကျိုအိုး၌ ခွေဝန်းကိုလည်းကောင်း၊ ဖွဲ့တည်စိမ့်သောငှာလည်းကောင်း၊ ဆိုးရည် ကျက်မကျက်သိရန် ဆိုးရည်ပေါက်ကို ရေခွက်၌လည်းကောင်း၊ လက်သည်းခွံပေါ်၌လည်းကောင်း တင်ကြည့်ရန်လည်းကောင်း [ကျက်လျှင်မကျ]၊ ဆိုးရည်ခပ်စရာ အရိုး တပ်မှုတ်၊ ဆိုးရည်ထည့်စရာ ဖျဉ်း၊ ဆိုးရည်ထည့်စရာအိုး၊ ဆိုးစရာကျင်း၊ သင်္ကန်းလှန်းရန် မြက်အခင်း၊ သင်္ကန်းတန်း၊ သင်္ကန်းကြိုးတို့ကိုလည်းကောင်း၊ ဆိုးရည်မကျရန် သင်္ကန်းနားကို ဖွဲ့စိမ့်သောငှာလည်း ကောင်း၊ နားသန်ကွင်းကိုလည်းကောင်း၊ အပြန်ပြန်အလှန်လှန် ဆိုးခြင်းငှာလည်းကောင်း၊ ဆိုးရည်ပေါက် မပြတ်မစဲမီ တစ်ပါးသို့ မဖဲသွားစိမ့်သောငှာလည်းကောင်း၊ သင်္ကန်းမာလျှင် ရေ၌နှစ်ရန် ကြမ်းလျှင်လက် ဖြင့် ပုတ်ခတ်ရန်လည်းကောင်း ခွင့်ပြုတော်မူ၏။ အဆာမဖြတ်သော သင်္ကန်းတို့ကို ဆောင်သောရဟန်း အား ဒုက္ကဋ်။

မြတ်သောသင်္ကန်းကိုခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဒက္ခိဏာဂိရိဇနပုဒ်သို့ကြွတော်မူရာ လမ်းခရီးအကြား၌ မဂဓတိုင်း သူတို့၏ လယ်ကန်သင်းဖွဲ့ပုံကိုကြည့်၍ ရှင်အာနန္ဒာအား ထိုလယ်ကန်သင်းဖွဲ့ပုံနှင့်အလားတူသော သင်္ကန်းကို စီမံချုပ်လုပ်ရန် မိန့်တော်မူသည်။ တစ်ဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွလာရာတွင် ရှင်အာနန္ဒာသည် မိမိချုပ်ပြီး သင်္ကန်းတို့ကို မြတ်စွာဘုရားအား ပြတော်မူလေသည်။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် ရဟန်း တို့ကို–

ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော၊ မဟာပညော ဘိက္ခဝေ အာနန္ဒော၊ ယတြ ဟိ နာမ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနိဿတိ၊ ကုသိမ္ပိ နာမ ကရိဿတိ၊ အဍ္ဎကုသိမ္ပိ နာမ ကရိဿတိ၊ မဏ္ဍလမ္ပိ နာမ ကရိဿတိ၊ အဍ္ဎမဏ္ဍလမ္ပိ နာမ ကရိဿတိ၊ ဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ အနုဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ ဂီဝေယျကမ္ပိ နာမ ကရိဿတိ၊ ဇင်္ဃေယျကမ္ပိ နာမ ကရိဿတိ၊ ဗာဟန္တမ္ပိ နာမ ကရိဿတိ၊ ဆိန္နကံ ဘဝိဿတိ သတ္ထလူခံ၊ သမဏသာရုပ္ပံ ပစ္စတ္ထိကာနံ စ အနဘိစ္ဆိတံ၊ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကန္တိ ဟုပညတ်တော်မူသည်။ **(ပါ၊ စာ-၄၀၀၊၄၀၁)**

[အနားပတ်တလုပ်မြောင်းရှည်၊ တလုတ်မြောင်းငယ်၊ အိမ်ဝန်းကြီးအိမ်ခွဲ၊ အလယ်ခေါင်၊ ခေါင်ရံ၊ လည်ထိရာ၌ခံသော အနားပတ်၊ မြင်းခေါင်းထိရာ၌ ခံသောအနားပတ်၊ လက်လိပ်] (မြန်မာပြန်) သင်္ကန်းစသည်မှာ ဝိဝဋ္ဋ၊ ဗာဟန္တကိုချုပ်၍ကြွင်းသော ပထမ၊ ဒုတိယစသော (ခေါင်ရံ) အစပ်တို့ကို အနုဝိဝဋ္ဋချည်းယူ။ (ဆင်တဲ-၁၆၃)

ကုသိ ပိ နာမ - အလျား၊ အနံ၊ အနားပတ် တလုပ်မြောင်းရှည်မည်သည်ကို ဝေယန်ဘုံသာဆရာတော်နိဿယ **(ဒု၊ စာ-၁၉၀)**

ငါးခန်း သင်္ကန်းချုပ်ရန်ဇယားပုံစံ



ဒုဗ္ဗိဓာနနုမိဒံ ဉာနံ၊ အာစရိယေ ပုနပ္ပုနံ၊
ပုစ္ဆိတွာ သေက္ခ္ခ နယံ၊ ကုတောပိ အတိသုန္ဒရံ။

စံကျောင်းဆရာတော် - ဝိနယသမူဟ - **(ဒု၊ စာ-၄၉၀)**

ငါးခန်း ကေစွပုံ



ကုသိ = မြောင်းရှည် **ဝိဝဋ္ဋ** = ခေါင်စပ် **ဂဏ္ဍိက** = အနားပတ်သီး
အမုကုသိ = မြောင်းဝက်တို **အနုဝိဝဋ္ဋ**= ခေါင်ရံစပ် **ပါသက** = အနားပတ်ကွင်း(ကြိုး)
မဏ္ဍလ = အိမ်ဝန်းကြီး **ဗာဟန္တ** = လက်လိပ်လွှာ **ဂဏ္ဍကဖလက**=အနားပတ်ကွင်းအိမ်
အမုမဏ္ဍလ=အိမ်ဝန်းထက်ငယ် [ဝိနယဂဏ္ဌိဋ္ဌာန ဝိနိစ္ဆယတ္ထကျမ်းမှ တစ်ဆင့် ရေးကူးသည်]

[ကုသိတိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတာဒီနံ ဒီဃပတ္တာနမေတံ အဓိဝစနံ။ အမုကုသိတိ အန္တရန္တရာ (အနုဝါတပတ္တတို့၏) ရဿပတ္တာနံ နာမံ။ မဏ္ဍလန္တိ ပဉ္စခဏ္ဍိကစီဝရဿ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလံ။ အမုမဏ္ဍလန္တိ ခုဒ္ဒကမဏ္ဍလံ။ ဝိဝဋ္ဋန္တိ မဏ္ဍလဉ္စ အမုမဏ္ဍလဉ္စ ဧကတော ကတွာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍံ။ အနုဝိဝဋ္ဋန္တိ တဿ ဥဘောသု ပဿေသု ဒွေ ခဏ္ဍာနိ။ ဂီဝေယျကန္တိ ဂီဝါဝေဌနဋ္ဌာနေ ဒဠှီကရဏတ္ထံ အညံ သုတ္တသံသိဗ္ဗိတံ အာဂန္တုကပတ္တံ၊ (လည်ခံအပြားအပေါ်က ပြင်ထပ်သည်ဟူ၏ ယခုမလေ့ကုန်။) ဇင်္ဃေယျကန္တိ ဇင်္ဃပါပုဏနဋ္ဌာနေ တထေဝ သံသိဗ္ဗိတံ ပတ္တံ။ (ဤမြင်းခေါင်းထိရာ ခံသော အပေါ်ထပ် အပြားတင်သည်ကို ယခုမလေ့ကုန်) ဂီဝဋ္ဌာနေ စ ဇင်္ဃဋ္ဌာနေ စ ပတ္တာနမေဝေတံ နာမန္တိပိ ဝဒန္တိ။ (ဤနောက်စကားအလိုကား အပေါ်ကအာဂန္တုကတစ်ပါး မထပ်ပြီ၊ ပကတိအောက်အနားပတ် အထက် အနားပတ်တင်ဟူလိုသည်။ ချုပ်သားကိုအထိထား၍ ဝတ်သည်နှင့်ညီ၏။ အင်္ကျီဝတ်သကဲ့သို့ ယူသည်။) ဗာဟန္တန္တိ အနုဝိဝဋ္ဋာနံ ဗဟိ ဧကေကံ ခဏ္ဍံ။ ဣတိ ပဉ္စခဏ္ဍိကစီဝရေနေတံ ဝိစာရိတန္တိ။ **(ဌ၊ ၈၁-၄၀၈)** (ဒုတိယနှစ်လွှာ ဟူလိုသည်။ ဤအလိုကား ဒုတိယလက်လိပ်ပြုသတည်း။ ရှေးဆရာကြီးတို့ကား ပထမနှစ်လွှာ

ကို ခေါင်ရုံကြီးဟူ၏။ ဒုတိယနှစ်လွှာကို ခေါင်ရုံထွေးလည်းဟူ၏ လက်လိပ်လည်း ယူဆကုန်၏။]

[အထဝါ အနုဝိဝဋ္ဋန္တိ ဝိဝဋ္ဋသ ကေပဿတော ဒွိန္နံ ကေပဿတော ဒွိန္နန္တိ စတုန္နမ္ပိ ခဏ္ဍာနမေတံ နာမံ။ [ဤတွင် ငါးခန်း] ဗာဟန္တန္တိ သုပ္ပမာဏံ စီဝရံ ပါရုပေန္တေန သံဟရိတွာ ဗာဟာယ ဥပရိ ဌပိတာ ဥဘော အန္တာ (ထမ်းပိုးရစ်သော အစွန်းသက်န်းနားနှစ်ထပ်ကိုယူ) ဗဟိမုခါ တိဋ္ဌန္တိ၊ တေသံ တေံ နာမံ။ အယမေဝ ဟိ နယော မဟာအဋ္ဌကထာယံ ဝုတ္တောတိ။ (ဤသို့ လက်လိပ်နှစ်လွှာနှင့်တကွ သတ္တခန်းဖြစ်သတည်း။ **(ဌ၊ စာ-၄၀၈၊ ၄၀၉)** ဤဝတ်ဟန်ကား အစွန်းနှစ်ဖက်ကိုအညီထား၍ ညာလက်ရုံးအောက်မှ ကျိုက်၍ အဖျားကိုပြင်သို့ မျက်နှာရှိစေလျက် လက်ရုံးပေါ်၌ထား၍ ဝတ်သည်နှင့်ညီ၏။)]

အနုဝါတာဒီနံ ဒီဃပတ္တာနန္တိ အာယာမတော ဝိတ္ထာရတော စ အနုဝါတံ။ အာဒိသဒ္ဒေန ဒွိန္နံ ခန္ဓာနံ အန္တရာ မာတိကာကာရေန ဌပိတပတ္တဉ္စ "ဒီဃပတ္တန္တိ" ဒဋ္ဌဗ္ဗံ။ အာဂန္တုကပတ္တန္တိ ဒိဂုဏာစီဝရဿ ဥပရိ အည့် ပဋ္ဋံ အပ္ပေန္တိ၊ တံ သန္ဓာယ ဝုတ္တံ။ တံ ကိရ ဣဒါနိ န ကရောန္တိ။ **(တိ ဒု စာ - ၁၉၈)**

တိစီဝရိက်ကို ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်အကြား ခရီးရှည်ကြွတော်မူရာ ဘုံလျှိုကဲ့သို့ အထပ်ထပ်များစွာသော သက်န်းတို့ကိုချိုးအပ်သော ရဟန်းတို့ကို မြင်တော်မူခြင်းကို အကြောင်းပြု၍ ဝေသာလီပြည် ဂေါတမကမည်သော စေတီညောင်ပင်၌ သီတင်းသုံးနေတော်မူစဉ် ကိုယ်တော်တိုင် ချမ်းအေးသော ဆောင်းဥတုအခါ တပို့တွဲ တပေါင်း -၂-လတို့၏အကြား ရှစ်ညည့်တို့၌ ဆီးနှင်းကျသော ညဉ့်အခါဝယ် လွင်တီးခေါင်၌ နေအရုဏ်တက်သည်တိုင်အောင်နေတော်မူရာ လေးထည်သောသက်န်းတို့ဖြင့် အချမ်းဒဏ်ကိုကာကွယ်နိုင်ကြောင်း သိရှိတော်မူသဖြင့် ရဟန်းတို့အား နှစ်ထပ်သော ဒုကုဋ် သက်န်း၊ တစ်ထပ်သော ကိုယ်ဝတ်၊ သက်န်းတစ်ထပ်သောသင်းပိုင် ဤသုံးထည်သောသက်န်းကို ခွင့်ပြုတော်မူ၏။ [နှစ်ထပ်ကို နှစ်ထည်ပြုလျှင် လေးထည်ပင် ဖြစ်၏ဟူသတတ်။]

ဝိုလွှန်သောသက်န်း။ သက်န်းဟောင်း

အဝိဋ္ဌာန်ဝိကပ္ပ နာမပြုဘဲ (၁၀)ရက်ထက်ပို၍ အပိုသက်န်းဆောင်လျှင် နိဿဂ္ဂိ၊ ဝိကပ္ပနာပြုထားခြင်းငှာ ခွင့်ပြု၏။ ။မဖွပ်သောပုဆိုး၊ မဖွပ်သေးသော ပုဆိုးသစ်နှင့်တူသော တစ်ကြိမ်သာ ဖွပ်သေးသောပုဆိုး၊ နှစ်ထပ်သော ဒုကုဋ်၊ တစ်ထပ်သောကိုယ်ဝတ်၊ တစ်ထပ်သောသင်းပိုင်ကို ခွင့်ပြု၏။ ကာလကြာညောင်း၍ ဟောင်းနွမ်းပြီးသော ပုဆိုးတို့ဖြင့်ပြုအပ်သော လေးထပ်သောဒုကုဋ်၊ နှစ်ထပ်သောကိုယ်ဝတ်၊ နှစ်ထပ်သော သင်းပိုင်ကိုလည်းကောင်း ပံ့သုကူ၌အလိုရှိသမျှ ထပ်စိမ့်သောငှာလည်းကောင်း ခွင့်ပြု၏။ အိမ်ဈေးစသည်၌ကျသော ပုဆိုးနွမ်းကိုရှာမှီးခြင်း၌ အားထုတ်ခြင်းကိုပြုရမည်။ ဖာခြင်းကိုလည်းကောင်း၊ အပ်ဖြင့်ချုပ်ခြင်းကိုလည်းကောင်း၊ လုံး၍ချုပ်ခြင်းကိုလည်းကောင်း၊ တလုပ်အုပ်ချုပ်ခြင်းကိုလည်းကောင်း အဆွေးကိုမခွာဘဲ အပေါ်၌ထပ်၍ ဖာခြင်းကိုလည်းကောင်း ခွင့်ပြု၏။ [ပံသုကူ၌-ပဋ္ဋသတမ္ပိ ဝဋ္ဋတိ၊ သဗ္ဗမိဒံ သာဒိယန္တဿ ဘိက္ခုနော ဝသေန ဝုတ္တံ။] **(ဌ၊ စာ-၄၀၉)**

(တလုပ်အုပ်ဟူသည် ခေါက်၍ နှစ်ထပ်သီသော သီချုပ်ဖြစ်ဟန်တူ၏။ ကြွက်သွားကဲ့သို့ဟူ၏။) မြန်မာပြန်၌ကား၊ သေးငယ်သောအဝတ်ပိုင်းဖြင့် ထပ်အုပ်၍ ချုပ်ခြင်းဟူ၏။

ဝိသာခါ ဆု (၈)ပါး

ဝိသာခါ လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍ (၁)မိုးရေခံသင်္ကန်း၊ (၂) ဧည့်သည် တို့အား လှူသောဆွမ်း၊ (၃) ခရီးသွားတို့အား လှူသောဆွမ်း၊ (၄) သူနာရဟန်းတို့အား လှူသောဆွမ်း၊ (၅) သူနာပြုရဟန်းအားလှူသောဆွမ်း၊ (၆) သူနာအားလှူသောဆေး၊ (၇) အမြဲလှူသောယာဂု၊ (၈) ဘိက္ခုနီ သံဃာအား ရေသနုပ်သုံးဆောင်ရန် ခွင့်ပြုတော်မူ၏။

နိသီဒိုင်စသည်

ကိုယ်ကို၊ သင်္ကန်းကို၊ အိပ်ရာနေရာကို လုံခြုံစေခြင်းငှာ နိသီဒိုင်အခင်းကို၊ အလုံးစုံသော အိပ်ရာ နေရာကိုလုံခြုံစေနိုင်ရန် အလိုရှိသလောက်ကြီးသော အိပ်ရာလွှမ်းကို၊ အနာရှိသောရဟန်းအား အမာလွှမ်း သင်္ကန်းကို ခွင့်ပြု၏။ မျက်နှာသုတ်ပဝါကိုခွင့်ပြု၏။

ဝိဿာသဂ္ဂါဟ

(၁) မြင်ဖူးသော အဆွေခင်ပွန်းလည်းဖြစ်အံ့ (၂) အတူသုံးဆောင်စားသောက်ဖူးသော အဆွေ ခင်ပွန်းလည်းဖြစ်အံ့၊ (၃) အလိုရှိလျှင်ယူဟူ၍ ဆိုဖူးသည်လည်းဖြစ်အံ့၊ (၄) အသက်ရှင်ဆဲလည်းဖြစ်အံ့ (၅) ငါယူသည်ရှိသော် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လတ္တံ့ဟုလည်းသိအံ့၊ ဤငါးပါးသော အင်္ဂါနှင့်ပြည့်စုံ သော ရဟန်းအား အကျွမ်းဝင်သောအားဖြင့် ယူစိမ့်သောငှာ ခွင့်ပြု၏။

[တေသု တီသု (သံန္ဒိဋ္ဌ၊ သမ္ဘတ္တ၊ အာလပိတ) အညတရနာမေန သဒ္ဓိံ ဇီဝတိ၊ ဂဟိတေ အတ္တမနော ဟောတီတိ ဣမေဟိ ဂဟိတဝိဿာသော ရုဟတိ။] **(ဋ္ဌ၊ စာ–၁၄၀)** (၁၊၄၊၅၊ ၂၊၄၊၅၊ ၃၊၄၊၅) အင်္ဂါရပ်ဖြင့် ဝိဿာသဂ္ဂါဟ မြောက်၏ဟူ)။

နိသီဒိုင်ချုပ်ပုံမှတ်ဖွယ်

နိသီဒနံ နာမ သဒသံ ဝုစ္စတီတိ သန္ထတဒိသံ သန္ထရိတွာ ကောသိုဳ အန္တေ သုဂတဝိဒတ္ထိယာမတ္တေ ပဒေသေ ဒွိသု ဌာနေသု ဖာလေတွာ တိဿော ဒသာ ကရိယန္တိ၊ တာဟိ ဒသာဟိ သဒသံ နာမ ဝုစ္စတိ၊ **(ပါစိတ် အဋ္ဌကထာ၊ စာ–၁၅၅)**ဋီကာတို့၌ မဆန့်ကျင်ရကား အလျားအနံ –၂–ဖက်တို့တွင် အမှတ်မရှိ ကြီးလိုရာဘက်က အဆာတစ်ထွာ တပ်အပ်ပြုအပ်သည်ဟူ၏။ **[ဝိနယသမုဟ–၁၊ စာ–၄၉၃]**

တစ်ထွာခွဲရှိသော အနံက အဆာတပ်ပုံ



၂-ထွာရှိသော အလျားက အဆာတပ်ပုံ



က၊ ခ၊ မှာ မူလပညတ်ရင်း အလျားမြတ်စွာဘုရားအထွာတော်-၂-ထွာ
ခ-ဂ အနုပညတ်အဆာ ။ ၁
ခ၊ ဆ၊ မူလပညတ် အနံ ။ ၁ထွာခွဲ
ဃ-င ဌာနတို့ကား ဒွိသု ဌာနေသုအရ ခွဲရာဌာန
၁ -၂ မူလ အလျား ၂ ထွာ။ ၂-၃ မူလအနံ ၁ထွာခွဲ။
၃၊ ၄၊ အနုပညတ်အဆာ ၁ ထွာခွဲ။ ၅၊ ၆ ဒွိသုဌာနေသုအရ ဖြတ်ရာဌာန။

ဤပမာဏနှင့်ယှဉ်မှု ဩောင်စောင်းအင်းပျဉ်ပေါ်၌လည်းကောင်း၊ အောက်၌လည်းကောင်း၊ ဘူမတ္ထရဏ စသည်ပြု၍လည်းကောင်း၊ အိပ်ခြင်း၊ ထိုင်ခြင်းစသည်ဖြင့် သုံးဆောင်အပ်၏။ ဝိမတိကား ဤနိသီဒိုင်အခင်းကား သင်္ကန်းကိုးထည်တွင်မပါသော နိသီဒိုင်အခင်းဟူ၏။ သာရတ္ထကားပါသောဟူ၏။ [မိုင်းနိုင်းဆရာတော်] **(ဝိနယသမုဟ-၁၊ စာ-၄၉၂၊၄၉၈)**

ပရိက္ခာရစောဠ

(ရေစစ်အဝတ်၊ အိတ်) ပရိက္ခရာ သုံးဆောင်စရာ အဝတ်ကို ခွင့်ပြု၏။

သင်္ကန်းစ မလောက်ခြင်း

(ပုံသုကူသင်္ကန်းသည် ဆွေးမြည့်သောနေရာကို ဖာထေးရသောကြောင့်လေးမူ) ချည်ဖြင့်ဖာထေးရန်၊ ထောင့်စွန်းမညီမှု ဖြတ်ခြင်းငှာ၊ ချည်မျှင်တို့အစထွက်ကုန်မူ အလျားအနားပတ်ကိုလည်းကောင်း၊

အနံ့ အနားပတ်ကိုလည်းကောင်း၊ တင်စိမ့်သောငှာ၊ ဒုကုဋ်အနားပတ် ပြတ်မှု အကွက်ပြု၍ ချုပ်ရန်အလို့ငှာ ခွင့်ပြု၏။ (ကျားမိုလ်ကွက်၊ တောင်သန်း မြောက်သန်း၊ အနားပတ်ကို မကြွစိမ့်သောငှာ ချုပ်ပြန်ဟူလိုသတည်း)

သင်္ကန်းချုပ်ရာ သုံးထည်လုံးကိုဖြတ်ချုပ်ရန်၊ မလောက်မဖြစ်သော် နှစ်ထည်ကိုဖြတ်၍ တစ်ထည်ကိုမဖြတ်ရန်၊ မလောက်သေးမူ ၁ထည်ကိုဖြတ်၍ နှစ်ထည်ကို မဖြတ်ရန်၊ မလောက်ပြန်သေးမူ သလင်းထောင်ကိုလည်း တင်စိမ့်သောငှာ ခွင့်ပြု၏။ ရဟန်းတို့ အလုံးစုံမဖြတ်သော သင်္ကန်းကိုမဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်သင့်၏။

[အန္ဓာဝိကမ္ပိ အာရောပေတုန္တိ အာဂန္တုကပတ္တမ္ပိ ဒါတုံ။ ဣဒံ ပန အပ္ပဟောနကေ အာရောပေတဗ္ဗံ၊ သစေ ပဟောတိ၊ အာဂန္တုကပတ္တံ န ဝဋ္ဋတိ၊ ဆိန္ဒိတဗ္ဗမေဝ **(ဋ္ဌ၊ စာ-၄၁၀)**။ (ဤကား သင်္ကန်း၏ပမာဏ လွန်သည်ရှိသည်ရှိသော် ဖြတ်ခြင်းနှင့်တကွ အာပတ်သင့်သောကြောင့် မိန့်သတည်း။)

(အာဂန္တုကပတ္တံဟူ၍ ဤအရာ၌ဆိုသည်ကားတင်ဖွယ် မရှိပြီဟူလို) (အနားပတ်ကိုခွင့်ပြုရာ၌ အနံ့ပမာဏမပါ။ ထိုသို့မပါသော်လည်း သင်္ကန်းဝေသောအရာ၌ အယုတ်ဆုံး၊ အနံ့လက်လေးသစ်ရှိသော အလျားအနားပတ်တင်လောက်သော အပိုင်းကိုဖြတ်၍ ပေးရမည် ဟု အဋ္ဌကထာ၌ပြသောကြောင့် အယုတ်ဆုံး၊ အနံ့လက်လေးသစ်ရှိမှအပ်သည်ဟု အဓိပ္ပာယ်ယူ [ဆင်တဲ-၁၇၆] (အနုဝါတ ပရိဘဏ္ဍ)ကို ဆိုလိုသည်။

အနုဇာနာမိ ဘိက္ခဝေ အန္ဓာဝိကမ္ပိ အာရောပေတုံ၊ န စ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ **(ပါ၊ စာ-၄၁၂)** ဟူသော ဤပညတ်တော်ကိုထောက်၍ ဤကထိန်သင်္ကန်း၌လည်းကောင်း၊ ပမာဏလောက်လျှင် ရိုးရိုးသင်္ကန်း၌လည်းကောင်း၊ ချုပ်ချုပ်သမျှ အကုန်ဖြတ်မှ အပ်သောဟူ၏။ (ဗန်းမော် ဆရာတော်)

သလင်းထောင်

သလင်းထောင်ဟူသည်ကား သုံးထည်လုံးကို ပဥ္စခဏ်းမဖြတ်လောက်လျှင် လောက်သမျှအထည်ကိုဖြတ်၍ မလောက်သည့်သင်္ကန်းလျာမှာ မြောင်းတလုတ်ဖော်ရာအကွက်တွင် အာဂန္တုကဖျင်ပိုင်းကို အလျားအနားပတ်ကဲ့သို့ထပ်မိုး၍ သလင်းထောင်၊ ဒုကုဋ်ဖြစ်လျှင် မြောင်းတလုတ်ဖော်ရာအကွက်တွင် နှစ်ထပ်၊ ကိုယ်ဝတ်သင်းပိုင်ဖြစ်လျှင် ချုပ်ကြောင်းတွင်သာ နှစ်ထပ်ရှိသည်။ ဤသို့ အဓိပ္ပာယ်ယူ၊ ကိုယ်ဝတ်သင်းပိုင်မှာ သလင်းထောင်မရှိ၊ ဒုကုဋ်မှာသာရှိသည်ဟု ယူသောဆရာရှိ၏။ ထိုဆရာကား ခုဒ္ဒသိက္ခာဋီကာဟောင်း၌ သံဃာဋိအာကာရေ န အာရောပေတဗ္ဗံ ဟုလာသောအရာကို နှလုံးမူ၍ယူသည်။ ဤဋီကာ ပါဋ်၌ သံဃာဋိအရမှာ ဒုကုဋ်ကိုသာမယူသင့် သုံးထည်လုံးကိုယူသင့်သည်။ သံဃာဋိအာကာရေန= စပ်သော သဏ္ဌာန်ဖြင့်၊ အာရောပေတဗ္ဗံ= ထပ်၍တင်အပ်၏။ ဤသို့ သုံးထည်လုံးရအောင်သမ္ဘာန်။ သဗ္ဗံ ဟိ စီဝရံ သံဃာဋိတတ္တာ သံဃာဋီတိ ဝုစ္စတိဟူသော သာရတ္ထသဒ္ဒိဝိဟာရိကဝတ်၌လာသည်ကို သတိမူ။ **(ဆင်တဲ၊ စာ-၁၇၇)**

ဝိနယပိဋက၊ ဝိနယသင်္ဂဟ ဋ္ဌ၊ ဓာ-၄၂၈

"တိဿ ပန စီဝရေသု ဒွေ ဝါ ကော် ဝါ ဆိန္နိတွာ ကာတဗ္ဗံ၊ သစေ နပ္ပဟောတိ၊ အာဂန္တုကပဋ္ဋံ ဒါတဗ္ဗံ၊ အာဂန္တုကပဋ္ဋမ္ပိ အပ္ပဟောနကေ အနုညာတံ"။ ဝုတ္တဥ္စေတံ "အနုဇာနာမိ ဘိက္ခဝေ ဒွေ ဆိန္နကာနိ ကော် အစ္ဆိန္နကန္တိ။ ဒွေ ဆိန္နကာနိ ကော် အစ္ဆိန္နကံ နပ္ပဟောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ အစ္ဆိန္နကာနိ ကော် ဆိန္နကန္တိ။ ဒွေ အစ္ဆိန္နကာနိ ကော် ဆိန္နကံ နပ္ပဟောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ အန္ွာဓိကမ္ပိ အာရောပေတုံ။ န စ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။ တသ္မာ သစေ ပဟောတိ၊ အာဂန္တုကပဋ္ဋံ န ဝဋ္ဋတိ၊ ဆိန္နိတဗ္ဗမေဝ။

သဒ္ဓါဒေယျ ဝိနိပါတ

မိမိအားဖြစ်ပေါ်လာသော သင်္ကန်းကို အမိအဖတို့အား ပေးခြင်းငှာ ခွင့်ပြု၏။ သဒ္ဓါ၍လှူသော ပစ္စည်းကိုမဖျက်ဆီးအပ်၊ အကြင်ရဟန်းသည် ဖျက်ဆီးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ [န စ ဘိက္ခဝေ သဒ္ဓါဒေယျန္တိ ဝေတ္တ သေသညာတီနံ ဒေန္တော ဝိနိပါတေတိယေဝ။ မာတာပိတရော ပန သစေ ရဇ္ဇေ ဋ္ဌိတာ ပတ္ထယန္တိ၊ ဒါတဗ္ဗံ။] (ဋ္ဌ၊ ဓာ–၄၁၀)

ရွာဝင်လျှင် ကျောင်း၌သင်္ကန်းထားနိုင်ခွင့်

အန္ဓဝန်တော၌ ဒုကုဋ်သင်္ကန်ထားခဲ့၍ ရွာဝင်မိသဖြင့် ဒုကုဋ်သူခိုးခိုးခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့ဝင်လျှင် ဒုက္ကဋ်ဟု ပညတ်တော်မူသည်။ တစ်ဖန် အရှင်အာနန္ဒာဆွမ်းခံဝင်ရာ၌ ကျောင်းတွင် ဒုကုဋ်သင်္ကန်းမေ့ကျန်ရစ်ခဲ့သည်ကို အကြောင်းပြု၍ ဒုကုဋ် ကိုယ်ဝတ် သင်းပိုင် မိုးရေခံသင်္ကန်းထားနိုင်ခြင်းအကြောင်းများကို မိန့်တော်မူသည်။

ဒုကုဋ်ကိုယ်ဝတ်သင်းပိုင်ထားခဲ့နိုင်ခြင်းအကြောင်း-၅-ပါး

(၁) နာဖျားသည်မူလည်းဖြစ်စေ [ဂိလာနတာယ ဂဟေတွာ ဂန္တုံ အသမတ္ထော] **(ဋ္ဌ၊ ဓာ–၄၁၁)** (၂) မိုးလေးလမူလည်း ဖြစ်စေ၊ (၃) မြစ်တစ်ဖက်သို့ သွားလိုသည်မူလည်း ဖြစ်စေ၊ [နဒိယာ ပါရေ ဘတ္တံ ဘုဉ္ဇိတဗ္ဗံ ဟောတိ] **(ဋ္ဌ၊ ဓာ–၄၁၁)** (၄) လုံခြုံသောတံခါးရွက်ရှိသော ကျောင်းမူလည်းဖြစ်စေ၊ (၅)ခင်းထားပြီးသော ကထိန်ရှိသည် မူလည်းဖြစ်စေ၊ ဤ–၅–ပါးတို့ကား ဒုကုဋ် ကိုယ်ဝတ် သင်းပိုင်တို့ကို ထားနိုင်ခြင်း၏ အကြောင်းတို့တည်း။

[အဂ္ဂဠဂုတ္တိဝိဟာရောတိ သမ္ဗေသ္ဝေ စေတေသု ဂိလာနဝဿိကသင်္ကေတနဒီပါရဂမနအတ္ထတကထိနဘာဝေသု အဂ္ဂဠဂုတ္တိယေဝ ပမာဏံ။ ဂုတ္တေ ဧဝ ဟိ ဝိဟာရေ ဧတေသု ကာရဏေသု နိက္ခိပိတွာ ဗဟိ ဂန္တုံ ဝဋ္ဋတိ၊ န အဂုတ္တေ။ အာရညကဿ ပန ဝိဟာရော န သုဂုတ္တော ဟောတိ၊ တေန ဘဏ္ဍုက္ခလိကာယ (သင်္ကန်းထည့်ရာအိုး) ပက္ခိပိတွာ ပါသာဏသုသိရရုက္ခသုသိရာဒီသု သုပ္ပဋိစ္ဆန္နေသု ဌပေတွာ ဂန္တဗ္ဗံ] **(ဌ၊ စာ–၄၁၁)**

အဂ္ဂဠဂုတ္တိယေဝ ပမာဏန္တိ ဣမေဟိ စတူဟိ နိက္ခေပကာရဏေဟိ ဌပေန္တေန အဂ္ဂဠဂုတ္တိဝိဟာရေယေဝ ဌပေတုံ ဝဋ္ဋတီတိ အဓိပ္ပာယော။ **[(ဋီ၊ စာ–၄၉၇) (သာ၊ စာ–၃၄၁)၊ (တိ၊ စာ–၁၉၉)]**။ ဤပညတ်တော်ကိုထောက်၍ ခုဒ္ဒသိက္ခာ၌ သင်းပိုင်ကိုယ်ဝတ်နှင့် ရွာတွင်းသို့မဝင်ကောင်းဟုရေးရာ၌ ဂိလာနစသောထားခြင်း အကြောင်း(၅)ပါး မရှိသည့်အရာမှာသာ ယူရမည်။ **(ဆင်တဲ၊ စာ–၁၇၈)**

မိုးရေခံသင်္ကန်းထားနိုင်ခြင်းအကြောင်း

(၁) နာဖျားသည့်မှုလည်းဖြစ်စေ၊ (၂) သိမ်အပသို့သွားလိုသည့်မှုလည်းဖြစ်စေ၊ **(နိဿီမဂတန္တိ** ဝဿာန သဒိတံ ကာလသိမံ အတိက္ကန္တံ တံ ဝဿိကသာဋိကစီဝရံ ဟောတီတိ အဓိပ္ပာယောတိ၊) (၃) မြစ်တစ်ဖက်သို့ သွားလိုသည့်မှုလည်းဖြစ်စေ၊ (၄) လုံခြုံသော တံခါးရွက်ရှိသော ကျောင်းမှုလည်းဖြစ်စေ၊ (၅) မိုးရေခံ သင်္ကန်း မချုပ်ရသေးသော်လည်းကောင်း ချုပ်၍မပြီးသေးသော်လည်းကောင်းဖြစ်စေ၊ ဤငါးပါးတို့ကား မိုးရေခံသင်္ကန်းထားနိုင်ခြင်း၏ အကြောင်းတို့တည်း။

သံဃိကသင်္ကန်းဖြစ်ပေါ်ခြင်း
(ပုဂ္ဂလိကယူပိုင်ခွင့်)

ဤသာသနာတော်၌ ရဟန်းသည် တစ်ပါးတည်းဝါဆို၏၊ လူတို့သည် ထိုကျောင်း၌ သံဃဿ ဒေမဟု သင်္ကန်းတို့ကို လှူကုန်အံ့၊ ထိုသင်္ကန်းတို့ကို ကထိန်နုတ်သည်တိုင်အောင် ထိုရဟန်းအားသာ လျှင် ခွင့်ပြု၏။

[တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ ဟောတိ၊ ပဉ္စမာသေ, နော စေ အတ္ထတံ ဟောတိ၊ ဧကံ စီဝရမာသမေဝ, ယံ ''သံဃဿ ဒေမာ'' တိ ဝါ ဒေန္တိ၊ ''သံဃံ ဥဒ္ဒိဿ ဒေမာ''တိ ဝါ ဒေန္တိ၊ ''ဝဿံဝုတ္ထသံဃဿ ဒေမာ''တိ ဝါ ဒေန္တိ၊ ''ဝဿာဝါသိကံ ဒေမာ'' တိ ဝါ ဒေန္တိ၊ သစေ ပိ မတကစီဝရံ အဝိဘဇိတွာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တဿေဝ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္တာယ ဝဍ္ဎိံ ပယောဇေတွာ (ကျွေးချစေ၍ (အတိုးချ၍) ဝေယျာဝစ္စကရပြုသော သူတို့ကို ချစေသည်ကိုယူ) ဌပိတဥပနိက္ခေပတော ဝါ တတြုပ္ပာဒတော ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂ္ဂဟိတမေဝ ဟောတိ။ ဣဒဉ္စေတ္ထ လက္ခဏံ၊ ယေန တေနာကာရေန သံဃဿ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတကထိနဿ ပဉ္စမာသေ အနတ္ထတကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတီတိ၊ ယံ ပန ''ဣဒံ ဣဓ ဝဿံဝုတ္ထသံဃဿ ဒေမာ''တိ ဝါ၊ ဝဿာဝါသိကံ

ဒေမာတိ ဝါ ဝတွာ ဒိန္နံ၊ တံ အနဝတ္တတကထိနသာပိ ပဥ္စမာသေ ပါပုဏာတိ။ (ဝါဆိုသင်္ကန်းဟုလှူလတ်သော ကြောင့် ငါးလတိုင်အောင်ရပါသည်ဟူ၏။) တတော ပရံ ပန (တပေါင်းလဆုပ် (၁)ရက်ကစ၍ယူ) ဥပ္ပန္နံ ဝဿာဝါသိကံ ပုစ္ဆိတဗ္ဗံ၊ ''ကိံ အတီတဝဿေ ဣဒံ ဝဿာဝါသိကံ၊ ဥဒါဟု အနာဂတဝဿေ''တိ၊ ကသ္မာ? ဝိဋ္ဌိသမယေ ဥပ္ပန္နတ္တာ] **(ဋ္ဌ၊ စာ - ၄၁၁)**

ကောပိ တယော ဂဏ္ဍပူရကေ လဘိတွာ ကထိနံ အတ္ထရိတုံ လဘတီတိ ဣမံ လီနတ္ထံ ပကာသေတုံ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ ဝုတ္တံ။ **(ဋီ၊ စာ-၄၉၇)** ဝဿံ ပယောဇေတွာ ဌပိတဥပနိက္ခေပတောတိ ဝဿာဝါသိကတ္ထာယ ဝေယျာဝစ္စကရေဟိ ဝဍ္ဎိ ပယောဇေတွာ ဌပိတဥပနိက္ခေပတော။ တတြုပ္ပါဒတောတိ နာဠိကေရအာရာမာဒိတတြုပ္ပါဒတော။ **(သာ၊ စာ-၃၄၁)**

ဣမ

ဣမ ဝဿံဝုတ္ထသံဃဿာတိ နိယမိတတ္တာ ဝဿာဝါသိကံ ဒေမာတိ ဝတ္တေ စ ဣဓာတိ အဓိကာရတ္တာ တသ္မိံ ဝုတ္တေ လဘတိ။ **(ဋီ၊ စာ-၄၉၈)**။ ပုန ဝဿာဝါသိကလာဘဝသေန ဥပ္ပန္နေ လဗ္ဘမာနဝိသေသံ ဒဿေတုံ ''ယံ ပန ဣဒ''န္တိ အာဒိ အာရဒ္ဓံ။ တတ္ထ ဣဓာတိ အဘိလာပမတ္တမေတံ။ ''ဝဿံဝုတ္ထ သံဃဿ ဒေမာ'' တိ ဝုတ္တေပိ သောယေဝ နယော။ အနဝတ္တတကထိနဿပိ ပဉ္စ မာသေ ပါပုဏာတီတိ ဝဿာဝါသိကလာဘဝသေန ဥပ္ပန္နတ္တာ အနဝတ္တတကထိနဿပိ ဝုတ္ထဝဿဿ ပဉ္စ မာသေ ပါပုဏာတိ။ ကေနစိ ပန ''ဣမ သဒ္ဒေန နိယမိသတ္တာ''တိ ကာရဏံ ဝုတ္တံ။ တံ အကာရဏံ၊ တထာ ဟိ ဣမ သဒ္ဒေန အနိယမေတွာပိ ''ဝဿံဝုတ္ထသံဃဿ ဒေမာ''တိ ဝါ ''ဝဿာဝါသိကံ ဒေမာ''တိ ဝါ အဇ္ဈောဟေမန္တေ ဝဿာဝါသိကလာဘဝသေန ဒိန္နံ စီဝရံ အနဝတ္တတကထိနဿပိ ဝုတ္ထဝဿဿ ပဉ္စ မာသေ ပါပုဏာတိ။ တေနေဝ ပရတော အဋ္ဌသု မာတိကာသု ''ဝဿံဝုတ္ထသံဃဿ ဒေတီ''တိ ဣမဿ မာတိကာပဒဿ ဝိနိစ္ဆယေ ''စီဝရမာသတော ပဋ္ဌာယ ယာဝ ဟေမန္တဿ ပစ္ဆိမော ဒိဝသော၊ တာဝ ဝဿာဝါသိကံ ဒေမာ''တိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ ဟောတု အနတ္ထတံ ဝါ၊ အတီတဝဿံဝုတ္ထာနမေဝ ပါပုဏာတီ'' တိ ဝုတ္တံ။ [**(သာ၊စာ-၃၄၁၊၃၄၂) (တိ၊စာ-၁၉၉) တူ**]

အကာလစီဝရ

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ကောဒသမာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တ မာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာစီဝရံ နာမာတိ။ **(ဋီ၊ စာ-၄၉၇)**

မိုးလေးလမှအပ၌ တစ်ပါးတည်းနေမှု

ရဟန်းသည် မိုးလေးလမှ တစ်ပါးသောကာလ၌ တစ်ပါးတည်းနေ၏။ လူတို့သည် ထိုကျောင်း၌ သံဃာအား လှူပါ၏ဟုဆို၍ သင်္ကန်းတို့ကို လှူကုန်၏။ ထိုရဟန်းသည် ထိုသင်္ကန်းတို့ကိုယူ၍ မြတ်စွာ

ဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သွား၍ ထိုအကြောင်းကို လျှောက်ထားရာ မျက်မှောက်ဖြစ်သော သံဃာနှင့်အတူ ဝေဖန်ခြင်းငှာ ခွင့်ပြုတော်မူသည်။

[တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တွာတိ ထွေ တာနိ စီဝရာနိ ဂဟေဂဟေတွာနေ သံဃိကာနေဝ ဟောန္တိ၊ ဘိက္ခူဟိ ဒိဋ္ဌမတ္တမေဝေတ္ထ ပမာဏံ၊ တသ္မာ သစေ ကောစိ ပဋိပထံ အာဂစ္ဆန္တော "ကုဟိံ အာဝုသော ဂစ္ဆသီ"တိ ပုစ္ဆိတ္ဝာ တမတ္ထံ သုတွာ ကိံ အာဝုသော မယံ သံဃော န ဟောမာတိ တတ္ထေဝ ဘာဇေတွာ ဂဏှန္တိ၊ သုဂ္ဂဟိတာနိ။ သစေပိ သော မဂ္ဂါ ဩက္ကမိတွာ ကဉ္စိ ဝိဟာရံ ဝါ အာသနသာလံ ဝါ ပိဏ္ဍာယ စရန္တော ဂေဟံ ဂေဟမေဝ ဝါ ပဝိသတိ၊ တတြ စ နံ ဘိက္ခူ ဒိသွာ တမတ္ထံ ပုစ္ဆိတွာ ဘာဇေတွာ ဂဏှန္တိ၊ သုဂ္ဂဟိတာနေဝ] (မှု၊ တ-၄၁၁၊၄၁၂)

ဆောက်တည်ခြင်း

ရဟန်းသည် မိုးလေးလမှ တစ်ပါးသော ကာလ၌တစ်ပါးတည်းနေ၏။ လူတို့သည် ထိုကျောင်း၌ သံဃာအားလှူပါ၏ဟုဆို၍ သင်္ကန်းတို့ကိုလှူကုန်၏။ ထိုရဟန်းသည် သင်္ကန်းတို့ကို ဤသင်္ကန်းတို့ကား ငါ၏သင်္ကန်းတို့တည်းဟု ဆောက်တည်ခြင်းငှာခွင့်ပြု၏။ (ဆယ်ရက်မလွန်မီ အဓိဋ္ဌာန်တင် ဆင်တဲ-၁၅၉)

ထိုရဟန်း၏ ဝတ္တရား

[**အဓိဋ္ဌာတဗ္ဗာနိ** ထွေ အဓိဋ္ဌဟန္တေန ဝတ္တံ ဇာနိတဗ္ဗံ၊ တေန ဟိ ဘိက္ခုနာ ဃဏ္ဍိံ ပဟာရိတွာ ကာလံ ဃောသေတွာ ထောကံ အာဂမေတွာ သစေ ဃဏ္ဍိသညာယ ဝါ ကာလသညာယ ဝါ ဘိက္ခူ အာဂစ္ဆန္တိ တေဟိ သဒ္ဓိံ ဘာဇေတဗ္ဗာနိ။ နော စေ အာဂစ္ဆန္တိ "မယှိမာနိ စီဝရာနိ ပါပုဏန္တီ"တိ အဓိဋ္ဌာတဗ္ဗာနိ။ဖေ်ံ အဓိဋ္ဌိတေ သဗ္ဗာနိ တဿေဝ ဟောန္တိ၊ ဌိတိကာ ပန န တိဋ္ဌတိ။ (အစပြု၍ ကမ္ဘည်းတံမချသောကြောင့် ထေရ်စဉ် မတည်ဟူလိုသတည်း။)] (မှု၊ တ-၄၁၂)

မယှိမာနိ စီဝရာနိ ပါပုဏန္တီတိ ဝစနမေဝါဓိဋ္ဌာနံ၊ ဣဒမေတ္ထ ဥက္ကဋ္ဌဝသေန ဝုတ္တံ။ မယှိမာနိ စီဝရာနီတိ ဝုတ္တေပိ အဓိဋ္ဌိတမေဝ ဟောတီတိ ဝုတ္တံ။ မယှိမာနီတိ ဝုတ္တေ တဿ စီဝရာနိ နာမ နတ္ထိ၊ တသ္မာ စီဝရာနိ ပါပုဏန္တီတိ ဝတ္တဗ္ဗမေဝါတိ ဝဒန္တိ။ (ဝိ၊ တ-၄၉၈)

ဌိတိကာ ပန န တိဋ္ဌတီတိ ထွေ အဋ္ဌိတာယ ဌိတိကာယ ပုန အညသ္မိံ စီဝရေ ဥပ္ပန္နေ သစေ ဧကော ဘိက္ခု အာဂစ္ဆတိ၊ မဇ္ဈေ ဆိန္ဒိတွာ ဒွီဟိပိ ဂဟေတဗ္ဗံ။ ဌိတာယ ပန ဌိတိကာယ ပုန အညသ္မိံ စီဝရေ ဥပ္ပန္နေ သစေ နဝကတရော အာဂစ္ဆတိ၊ ဌိတိကာ ဟေဋ္ဌာ ဂစ္ဆတိ။ သစေ ဝုဍ္ဍတရော အာဂစ္ဆတိ၊ ဌိတိကာ ဥဒ္ဓမာရောဟတိ။ အထ အညော နတ္ထိ၊ ပုန အတ္တနော ပါပေတွာ ဂဟေတဗ္ဗံ။ (သာ၊ တ-၃၄၂)

သုဂ္ဂဟိတ - ဒုဂ္ဂဟိတ

[သစေ ဧကော ဥဒ္ဒရိတွာ ''အယံ ပဌမဘာဂေါ မယှံ ပါပုဏာတိ၊ အယံ ဒုတိယဘာဂေါ''တိ ဧဝံ ဂဏှာတိ၊ ဂဟိတာနိ စ သုဂ္ဂဟိတာနိ ဟောန္တိ၊ ဌိတိကာ စ တိဋ္ဌတိ။ ဧဝံ ပါပေတွာ ဂဏှန္တေနာပိ အဓိဋ္ဌိတမေဝ ဟောတိ။ သစေ ပန ဃဏ္ဋိံ ပဟရိတွာ ဝါ အပ္ပဟရိတွာ ဝါ ကာလမ္ပိ ဃောသေတွာ ဝါ အဃောသေတွာ ဝါ ''အဟမေဝေတ္တ မယှမေဝ ဣမာနိ စီဝရာနီ'' တိ ဂဏှာတိ၊ ဒုဂ္ဂဟိတာနိ ဟောန္တိ။ အထ ''အညော ကောစိ ဣဓ နတ္ထိ၊ မယှံ ဧတာနိ ပါပုဏန္တိ''တိ ဂဏှာတိ သုဂ္ဂဟိတာနိ။] **(ဋ္ဌ၊ စာ-၄၁၂)**ဒုဂ္ဂဟိတာနီတိ သံဃိကာနေဝ ဟောန္တိ။ [**(ဋီ၊ စာ-၄၉၈)** ဒုဂ္ဂဟိတာနီတိ အဂ္ဂဟိတာနိ၊ သံဃိကာနေဝါတိ အတ္ထော။ **(တိ၊ စာ-၂၀၀)**

အခြားရဟန်းများရောက်လာခြင်း

အကယ်၍ ထိုသင်္ကန်းကို ထိုရဟန်းမဆောက်တည်သေးမီပင် တစ်ပါးသောရဟန်းသည် ရောက်လာငြားအံ့၊ အညီအမျှအဖို့အစုကို ပေးအပ်၏။ အကယ်၍ ထိုရဟန်းတို့သည် ထိုသင်္ကန်းကို ဝေဖန်သည်ရှိသော် ကမ္ပည်းတံချ၍မပြီးသေးမီ တစ်ပါးသောရဟန်းသည် ရောက်လာငြားအံ့၊ အဖို့အစုကို အညီအမျှ ပေးအပ်၏။ ရဟန်းတို့သည် ထိုသင်္ကန်းကိုဝေဖန်၍ ကမ္ပည်းတံချပြီးမှ တစ်ပါးသောရဟန်းသည် ရောက်လာငြားအံ့၊ မပေးလိုက အဖို့အစုကိုမပေးရ။

[ပါတိတေ ကုသေတိ ဧကကောဋ္ဌာသေ ကုသဒဏ္ဍကေ ပါတိတမတ္တေ သစေပိ ဘိက္ခုသဟဿံ ဟောတိ၊ ဂဟိတမေဝ နာမ စီဝရံ၊ နာကာမာ ဘာဂေါ ဒါတဗ္ဗော။ သစေ ပန အတ္တနော ရုစိယာ ဒါတုကာမာ ဟောန္တိ၊ ဒေန္တု။ အနုဘာဂေပိ ဧသေဝနယော။] **(ဋ္ဌ၊ စာ-၄၁၂)** ဂဟိတမေဝ နာမာတိ ဣမဿ ဣဒံ ပတ္တန္တိ ကိဉ္စာပိ န ဝိဒိတံ။ တေ ပန ဘာဂါ တေသံ အတ္ထတော ပတ္တာယေဝါတိ အဓိပ္ပာယောတိ လိခိတံ။ ''ကေသဉ္စိ အပတိတေ ပုန အာဂတာ လဘန္တီ''တိ ဝုတ္တံ။ **(ဋီ၊ စာ-၄၉၈)**

ဣသိဒါသ - ဣသိဘဋ

အရှင်ဣသိဒါသနှင့် အရှင်ဣသိဘဋ္ဋ မထေရ်ညီနောင်နှစ်ပါးတို့သည် သာဝတ္ထိပြည်၌ ဝါကျွတ်ကုန်သည်ရှိသော် ရွာငယ်ကျောင်းတစ်ကျောင်းသို့ သွားကုန်၏။ မထေရ်မြတ်တို့သည် ကြာမြင့်မှလာကြကုန်၏ဟု နှလုံးသွင်း၍ လူတို့သည် သင်္ကန်းနှင့်တကွ ဆွမ်းတို့ကိုလှူကုန်၏။ [မြန်မြန်ပြီးရန် တစ်ခါတည်း ရောလှူခြင်းဖြစ်သည်]၊ ကျောင်းနေရဟန်းတို့က မထေရ်တို့ကိုစွဲ၍ဖြစ်လာသော ဤသံဃိကသင်္ကန်းတို့မှ အဖို့အစုကို သာယာကုန်အံ့လောဟုမေးလျှောက်ရာ မထေရ်နှစ်ပါးတို့က ငါ့ရှင်တို့ ငါတို့သည်ကား မြတ်စွာဘုရားဟောတော်မူတိုင်း တရားတော်ကိုသိကုန်၏။ ထိုသင်္ကန်းတို့သည် ကထိန်နုတ်သည့်တိုင်အောင် သင်တို့၏သင်္ကန်းတို့သာတည်းဟု ပြောဆိုကုန်၏။

သုံးပါးဝါဆိုရာ၌ သံဃသဒေမဟုဆို၍ လူတို့လှူသော သင်္ကန်းတို့သည်လည်း ကထိန်နုတ်သည့်တိုင်အောင် ထိုရဟန်းတို့အားသာ ရောက်ကုန်၏။ ထိုရဟန်းတို့၏ သင်္ကန်းတို့သာတည်း။ [ဤနှစ်ဝတ္ထုကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါမှ ဖြစ်ပေါ်သောဟူ၏။]

[သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိတိ သကလမ္ပိ စီဝရကာလံ သဏိကံ သဏိကံ ဒေန္တိယေဝ။ ပုရိမေသု ပန ဒွီသု ဝတ္ထူသု ပစ္စိန္နဒါနတ္တာ အဒံသူတိ ဝုတ္တံ။ **(ဋ္ဌ၊ စာ-၄၁၂)** (တစ်ယောက်တည်းဝါဆိုသော ရဟန်းဝတ္ထု တစ်ယောက်တည်း ဂါကျွတ်မှုနေသော ရဟန်းဝတ္ထုဟူသော ရှေးနှစ်ဝတ္ထုတို့၌ တစ်ကြိမ်သာလှူ၍ အလှူ မထပ်ပြီဟူလိုသတည်း။ ဤနောက်နှစ်ဝတ္ထုကား တဖြည်းဖြည်း သင်္ကန်းကာလပတ်လုံး လှူ၏ဟူ)

အရှင်ဥပနန္ဒဝတ္ထု

တစ်ပါးသောကျောင်း၌ ဝါကျွတ်ပြီးသောရဟန်းသည် အခြားတစ်ပါးသောကျောင်း၌ သင်္ကန်းအဖို့အစုကို မသာယာအပ်။ သယာသောရဟန်းအား ဒုက္ကဋ်။ [ယော သာဒိယေယျ အာပတ္တိ ဒုက္ကဋဿာတိ ဧတ္ထ ပန ကိဉ္စာပိ လဟုကာ အာပတ္တိ၊ အထ ခေါ ဂဟိတာနိ ဂဟိတဋ္ဌာနေ ဒါတဗ္ဗာနိ။ သစေပိ နဋ္ဌာနိ ဝါ ဇိဏ္ဏာနိ ဝါ ဟောန္တိ၊ တဿေဝ ဂီဝါ။ ဒေဟီတိ ဝုတ္တေ အဒေန္တော ဓုရနိက္ခေပေ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။] **(ဋ္ဌ၊ စာ-၄၁၃)**

သတ္တာဟဝါရ

''န ဘိက္ခဝေ အညတြ ဝဿံဝုတ္ထေနာ''တိ စီဝရသမယံ ဥပါဒါယ ပဋိက္ခေပေါ ကတော။ ကေသွိ ဝိဟာရေ ''ရာဇဝိဟာရေ ဝိယ နာနာပရိဝေဏေသု ဝါ က္လမ ဝါ ဝုတ္တာ လာဘတူ''တိ ဝတွာ ဒိန္နံ။ ''သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဝေါ် ဝစနမတ္တမေဝ ကေဝိဟာရေ သတ္တာဟကိစ္စာဘာဝါ''တိ စ လိခိတံ။ **(ဇီ၊ စာ-၄၉၈)** သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဝေါ် ဝစနမတ္တမေဝ ကေသွိ ဝိဟာရေ သတ္တာဟကိစ္စာဘာဝတော။ **(သာ၊ စာ-၃၄၃)** ''သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီ''တိ က္လဒံ နာနာသီမာဝိဟာရေသု ကတ္တဗ္ဗနယေန ကေသွိမ္ပိ ဝိဟာရေ ဒွီသု သေနာသနေသု နိဝုတ္ထဘာဝဒဿနတ္ထံ ဝုတ္တံ၊ အရုဏုဋ္ဌာပနေနေဝ တတ္ထ ဝုတ္ထော ဟောတိ၊ န ပန ဝဿစ္ဆေဒပရိဟာရာယ၊ အန္တောဉပစာရသီမာယပိ ယတ္ထ ကတ္ထစိ အရုဏံ ဥဋ္ဌာပေန္တော အတ္တနာ ဂဟိတသေနာသနံ အပ္ပဝိဋ္ဌောပိ ဝုတ္ထဝဿော ဝေ ဟောတိ။ ဂဟိတသေနာသနေ ပန နိဝုတ္ထော နာမ န ဟောတိ။ တတ္ထ စ အရုဏုဋ္ဌာပနေ ပန သတိ ဟောတိ။ တေနာဟ ''ပုရိမသွိ ဗဟုတရံ နိဝသတိ နာမာ''တိ၊ ဧတေန စ က္လတရသွိ သတ္တာဟဝါရေနာပိ အရုဏုဋ္ဌာပနေ သတိ ဝေ အပ္ပကတရံ နိဝသတိ နာမ ဟောတိ၊ နာသတီတိ ဒီပိတံ ဟောတိ။ **(တီ၊ စာ-၂၀၀)**

နစ်ကျောင်းဝါဆိုခြင်း

ဤသာသနာတော်၌ ရဟန်းသည် ဤသို့ပြုသည်ရှိသော် ငါ့အားများစွာသော သင်္ကန်းသည် ဖြစ်လတ္တံ့ဟု တစ်ပါးတည်းဖြစ်လျက် ကျောင်းနှစ်ကျောင်းတို့၌ ဝါဆို၏။ အကယ်၍ ဤမည်သောကျောင်း၌ ထက်ဝက် ဤမည်သောကျောင်း၌ ထက်ဝက်နေပြီးအံ့၊ ဤမည်သော ကျောင်း၌ထက်ဝက်သော သင်္ကန်းအဖို့ အစုကို ပေးအပ်၏။

[တတ္ထ သစေ အမုတြ ဥပမုံ အမုတြ ဥပမုန္တိ ကေကာသို့ ကောဟမေကာဟံ ဝါ သတ္တာဟံ သတ္တာဟံဝါ သစေ ဝသတိ၊ ကေကာသို့ ဝိဟာရေ ယံ ကော ပုဂ္ဂလော လဘတိ တတော တတော ဥပမုံ ဥပမုံ ဒါတဗ္ဗံ။ ဝေံ ကောမိပ္ပါယော ဒိန္နော ဟောတိ။ ယတ္ထ ဝါ ပန ဗဟုတရန္တိ သစေ ကေသို့ ဝိဟာရေ ဝသန္တော ဣတရသို့ သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတိ၊ ဝေံ ပုရိမသို့ ဗဟုတရံ ဝသတိ နာမ။ တသ္မာ တတော ဗဟုတရံ ဝသိတဝိဟာရတော တဿ ပဋိဝိသော ဒါတဗ္ဗော။ ဝေမ္ပိ ကောမိပ္ပါယော ဒိန္နော ဟောတိ။ ဣဒဥ္စ နာနာလာဘေဟိ နာနူပစာရေဟိ ကေသီမဝိဟာရေဟိ ကထိတံ။ နာနာသီမဝိဟာရေ ပန သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ။ တသ္မာ တတ္ထ စီဝရပဋိဝိသော န ပါပုဏာတိ၊ သေသံ ပန အာမိ သဘောသဖ္စာဒိ သဗ္ဗံ သဗ္ဗတ္ထ အန္တောသီမဂတဿ ပါပုဏာတိ။ **(ဋ၊ ဓာ–၄၁၃)** (တံတိုင်းအစရှိသည်ဖြင့် ခြားသည်ကို နာနုပစာရဟူသတည်း၊ နာနာသီမ၌ တစ်ကျောင်းခံလျှင် တစ်ကျောင်းငြိမ်း၏ဟူလို။)

နာနာလာဘ နာနူပစာရ ကေသီမဝိဟာရ

နာနာလာဘေဟီတိအာဒီသု နာနာ ဝိသုံ ဝိသုံ လာဘော ဧတေသူတိ နာနာလာဘာ၊ ဒွေ ဝိဟာရာ၊ တေဟိ နာနာလာဘေဟိ။ နာနာ ဝိသုံ ဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နော ဥပစာရော ဧတေသန္တိ နာနူပစာရာ၊ တေဟိ နာနူပစာရေဟိ။ ကေသီမဝိဟာရေဟီတိ ကေူပစာရသီမာယံ ဒွီဟိ ဝိဟာရေဟိ။ **(သာ၊ ဓာ–၃၄၃)**

နာနာလာဘေဟီတိ ဝိသုံ ဝိသုံ နိဗဒ္ဓဝဿာဝါသိကလာဘေဟိ။ နာနူပစာရေဟီတိ နာနာပရိက္ခေပ နာနာဒွါရေဟိ။ ကေသီမာဝိဟာရေဟီတိ ဒွိန္နံ ဝိဟာရာနံ ဧကေန ပါကာရေန ပရိက္ခိတ္တတ္တာ ကောယ ဥပစာရသီမာယ အန္တောဂတေဟိ ဒွီဟိ ဝိဟာရေဟိ။ သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတီတိ ပဌမံ ဂဟိတော ပဋိပ္ပဿမ္ဘတိ။ တတ္ထာတိ ယတ္ထ သေနာသနဂ္ဂါဟော ပဋိပ္ပဿဒ္ဓေါ၊ တတ္ထ။ **(တိ၊ ဓာ–၂၀၀)**

သူနာရဟန်းဝတ္တု

သူနာရဟန်းအား– ဥပဇ္ဈာယ်ရှိငြားအံ့၊ ဥပဇ္ဈာယ်သည် ဆရာ (နိဿယ၊ ဓမ္မ၊ ပဗ္ဗဇ္ဇ၊ ဥပသမ္ပဒ) ရှိငြားအံ့၊ ဆရာသည် အတူနေတပည့်ရှိငြားအံ့၊ အတူနေတပည့်သည် အနီးနေတပည့်ရှိငြားအံ့၊ အနီးနေတပည့်သည် ဥပဇ္ဈာယ်တူ အပေါင်းအဖော်ရှိငြားအံ့၊ ဥပဇ္ဈာယ်တူအပေါင်းအဖော်သည် ဆရာတူရဟန်း

ရှိငြားအံ့။ ဆရာတူရဟန်းသည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည့်တိုင်အောင် ဆိုင်းငံ့ရမည်။ အကယ်၍ ဥပဇ္ဈာယ်ဆရာ၊ အတူနေတပည့်၊ အနီးနေတပည့်၊ ဥပဇ္ဈာယ်တူရဟန်း၊ ဆရာတူရဟန်းမရှိငြားအံ့၊ သံဃာကလုပ်ကျွေးရမည်။ အကယ်၍ မလုပ်ကျွေးငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

[ဥပဇ္ဈာယ်စသည်မရှိသူကား အာဂန္တုကေစာရိကတည်း၊ သံဃာ၏ဝန်တည်း။ မလုပ်ကျွေးမှု သံဃာအားလုံးဒုက္ကဋ်။ အလှည့်ထားမှု မိမိအလှည့်၌ မလုပ်ကျွေးလျှင် ဒုက္ကဋ်။ သံဃာထေရ်သော်လည်း အလှည့်မှမလွတ်။ သံဃာအားလုံးက တစ်ပါးပါးကိုဝန်ထားအံ့၊ ဝတ္တသမ္ပန္နရဟန်းကမူလည်း သူသာလုပ်ကျွေးမည်ဟုဆို၍ လုပ်ကျွေးအံ့၊ သံဃာအာပတ်မှလွတ်၏။]

မတသုန္တက

ရဟန်းသာမဏေသေသော် သပိတ်သင်္ကန်းသည် သံဃာစိုးပိုင်၏၊ သို့သော် သူနာပြုသည် ကျေးဇူးများသောကြောင့် သင်္ကန်းနှင့်သပိတ်ကို သူနာပြုအား ကမ္မဝါစါဖြင့်လည်းကောင်း၊ အပလောကနကံဖြင့်လည်းကောင်း၊ ပေးရန်ခွင့်ပြု။ ရဟန်း သာမဏေ သူနာပြုနှစ်ဦးဖြစ်မူ သာမဏေအား အညီအမျှ သင်္ကန်းအဖို့အစုပေးရန် ခွင့်ပြု၏။ သင်္ကန်းသုံးထည်နှင့် သပိတ်ကိုသာ သူနာပြုအားပေးရန် ခွင့်ပြု၏။ များစွာသောပရိက္ခရာတို့တွင် လဟုဘဏ်ပရိက္ခရာကို မျက်မှောက်ဖြစ်သော သံဃာသည် ဝေခြမ်းရန်ခွင့်ပြု၏။ ဂရုဘဏ်ပရိက္ခရာသည် ရောက်လာပြီး မရောက်လာသေးသော စတုဒိသာသံဃိကဖြစ်၍ စွန့်လည်းမစွန့်အပ်၊ ပေးလည်းမပေးအပ်။

၁။ သစေ သကလေ ဘိက္ခုသံဃေ ဥပဋ္ဌဟန္တေ ကာလံ ကရောတိ၊ သဗ္ဗေပိ သာမိကာ။ အထ ကေစ္စေဟိ ဝါရေ ကတေ ကေစ္စေဟိ အကတေယေဝ ကာလံ ကရောတိ၊ တတ္ထ ကေစ္စေ အာစရိယာ ဝဒန္တိ ''သဗ္ဗေပိ အတ္တနော ဝါရေ သမ္ပတ္တေ ကရေယျုံ၊ တသ္မာ သဗ္ဗေပိ သာမိနော'' တိ။ ကေစ္စေ ဝဒန္တိ ''ယေဟိ ဇဂ္ဂိတော၊ တေ ဝေ လဘန္တိ၊ ဣတရေ န လဘန္တီ''တိ **(ဋ္ဌ၊ စာ–၄၁၄)**။ [အဋ္ဌကထာဆရာ၏ဝါဒနောက်၌ လာလတ္တံ့] သာမဏေရေ ကာလင်္ကတေ သစေ စီဝရံ အတ္ထိ၊ ဂိလာနုပဋ္ဌာကာနံ ဒါတဗ္ဗံ။ နော စေ အတ္ထိ၊ ယံ အတ္ထိ၊ တံ ဒါတဗ္ဗံ၊ အညသ္မိံ (ဟိ) ပရိက္ခာရေ သတိ စီဝရဘာဂံ ကတွာ ဒါတဗ္ဗံ။

၂= ဘိက္ခု စ သာမဏေရော စ သစေ သမံ ဥပဋ္ဌဟိံသု၊ သမကော ဘာဂေါ ဒါတဗ္ဗော။ အထ သာမဏေရောဝ ဥပဋ္ဌဟတိ၊ ဘိက္ခုဿ သံဝိဒဟနမတ္တမေဝ ဟောတိ၊ သာမဏေရဿ ဇေဋ္ဌကဘာဂေါ ဒါတဗ္ဗော။ သစေ သာမဏေရော ဘိက္ခုနာ အာနီတဥဒကေန ယာဂုံ ပစိတွာ ပဋိဂ္ဂါဟာပနမတ္တမေဝ ကရောတိ၊ ဘိက္ခု ဥပဋ္ဌဟတိ၊ ဘိက္ခုဿ ဇေဋ္ဌကဘာဂေါ ဒါတဗ္ဗော။ **(ဋ္ဌ၊ စာ–၄၁၅)**

၃ = ဗဟူ ဘိက္ခူ သမဂ္ဂါ ဟုတွာ ဥပဋ္ဌဟန္တိ၊ သဗ္ဗေသံ သမကော ဘာဂေါ ဒါတဗ္ဗော။ ယော ပနေတ္ထ ဝိသေသေန ဥပဋ္ဌဟတိ၊ တဿ ဝိသေသော ကာတဗ္ဗော၊ ယေန ပန ဧကဒိဝသမ္ပိ ဂိလာနုပဋ္ဌာကဝသေန ယာဂုဘတ္တံ ဝါ ပစိတွာ ဒိန္နံ နဟာနံ ဝါ ပဋိယာဒိတံ၊ သောပိ ဂိလာနုပဋ္ဌာကောဝ။ ယော သမီပံ အနာဂန္တွာ ဘေသဇ္ဇတဏ္ဍုလာဒီနိ ပေသေတိ။ အယံ ဂိလာနုပဋ္ဌာကော န ဟောတိ။ ယော ပရိယေသိတွာ ဂါဟာပေတွာ အာဂစ္ဆတိ၊ အယံ ဂိလာနုပဋ္ဌာကောဝ **(ဋ္ဌ၊ စာ–၄၁၅)**။

၄= ကော ဝတ္တသီသေန ဖဂ္ဂတိ၊ ကော ပဏ္ဍာသာယ၊ မတကာလေ ဥဘောပိ ပဏ္ဍာသီသန္တိ၊ ဉတ္တိန္တမ္ပိ ဒါတဗ္ဗံ၊ ကော ဥပဋ္ဌဟိတွာ ဂိလာနဿ ဝါ ကမ္မေန အတ္တနော ဝါ ကမ္မေန ကတ္တစ် ဂတော "ပုန အာဂန္တွာ ဖဂ္ဂိဿာမီ"တိ၊ တေဿပိ ဒါတဗ္ဗံ။ ကော စိရံ ဥပဋ္ဌဟိတွာ "ဣဒါနိ န သက္ကောမီ"တိ ဓုရံ နိက္ခိပိတွာ ဂစ္ဆတိ၊ သစေပိ တံ ဒိဝသမေဝ ဂိလာနော ကာလံ ကရောတိ၊ ဥပဋ္ဌာကဘာဂေါ န ဒါတဗ္ဗော။ **(၄၊ စာ-၄၁၅)**

၅=ဂိလာနုပဋ္ဌာကော နာမ ဂိဟီ ဝါ ဟောတု ပဗ္ဗဇိတော ဝါ အန္တမသော မာတုဂါမောပိ၊ သဗ္ဗေ ဘာဂံ လဘန္တိ၊ သစေ တဿ ဘိက္ခုနော ပတ္တစီဝရမတ္တမေဝ ဟောတိ၊ အညံ နတ္ထိ။ သဗ္ဗံ ဂိလာနုပဋ္ဌာကာနံ ယေဝ ဒါတဗ္ဗံ။ သစေပိ သဟဿံ အဂ္ဃတိ၊ အညံ ပန ဗဟုမ္ပိ ပရိက္ခာရံ အော န လဘန္တိ၊ သံဃဿေဝ ဟောတိ။ အဝသေသံ ဘဏ္ဍံ ဗဟုကဉ္စေဝ မဟဂ္ဃဉ္စ၊ တိစီဝရံ အပ္ပဂ္ဃံ၊ တတော ဂဟေတွာ တိစီဝရပရိက္ခာရော ဒါတဗ္ဗော။ သဗ္ဗဉ္စေတံ သံဃိကတောဝ လဗ္ဘတိ။ **(၄၊ စာ-၄၁၅၊၄၁၆)**

၆=သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ၊ တဿ ရုစိယာ ဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ၊ အဇ္ဈောသိတံ အဒတွာ ဒူရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ (ထားလေရာရာ အရပ် ကျောင်း၌) သံဃဿေဝ ဟောန္တိ၊ ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသု ကာလကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ၊ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ န သံဃဿ။] **(၄၊ စာ-၄၁၅၊၄၁၆)**

အကပ္ပိယပရိက္ခာရ ဘဏ္ဍာရှင် သဟန ပရိက္ခာရ ပြုနည်း (၆)

၁။ တတ္ထ "ပတ္တစီဝရေ"တိ ပဓာနပရိက္ခာရဒဿနမုခေန သဗ္ဗပရိက္ခာရနိဒဿနန္တိ ဝေဒိတဗ္ဗံ။ အဝမ္မေန ဥပ္ပန္နံ စေတံ ဟောတိ၊ သံဃဿ ကပ္ပိယမေဝ မတတ္တာတိ ကော၊ နောတိ တက္ကော ပတ္တ စတုက္ကေ သဗ္ဗတော အကပ္ပိယပတ္တနယဝိရောဓတော။ အဓမ္မေန ဥပ္ပန္နသေနာသနေ စ ဝသတော အနာပတ္တိ။ **(၆၊ စာ-၄၉၈၊၄၉၉)**

၂။ အညာတရသ္မိံ အာဝါသေ ဒွေ ဘိက္ခူ ဝသန္တိ၊ တတ္ထ ဧကော ကာလံကတော၊ ဣတရော တဿ ပရိက္ခာရံ အပါပေတွာ (အနုဓမ္မေန အဓိဋ္ဌာနာဒိနယေန အတ္တနာ အပါပေတွာ) တံ ထေယျစိတ္တေန ဂဏှာတိ၊ သံဃသန္တကံ ဂဟိတံ ဟောတိ၊ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော၊ **(၆၊ စာ-၄၉၉)** (မတသန္တကဿ သံဃသန္တကဘာဝတော အာဝါသဂတ္တိတတ္တာ ဝါ)။ အနာဝါသေ ဂဏှာတိ၊ န ကာရေတဗ္ဗော အဿာမိကဿ ဂဟိတတ္တာ။ **(၆၊ စာ-၄၉၉)** (န အာဝါသဂတ္တိတတ္တာ) (ဤကား သံဃသမ္မုခ မဖြစ်ခင်အတွင်း၊ အနာဝါသကို ယူဟူ၏။) အကယ်၍ အနာဝါသအရပ်၌ အသုဒ္ဓစိတ်ဖြင့်ယူ၍ သံဃအာရာမ် အာဝါသသို့ရောက်သော် သံဃ သမ္မုခီဘူတဖြစ်သောအခါ သံဃိကပင်ဖြစ်၍ ဘဏ္ဍာဒေယျဟူ၏။)

၃။ မရဏာသမယေ ဝတ္တုံ အသဟန္တော စေ စိတ္တေနေဝ ဒေတိ၊ ပုညံ ပသဝတိ၊ သံယောဝ တဿ သာမီ။ ပရော ဝါ အဝိဿာသိကော သယမေဝ ဂဏှာတိ၊ ဂဟဏံ န ရုဟတိ၊ (ဝိဿာသဂ္ဂါဟ အင်္ဂ အသမ္ပန္နတ္တာ) ထေယျစိတ္တေန စေ၊ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ **(၆၊ စာ-၄၉၉)**

၄။ တဿ စ အာဝါသဂတဿ ကော သာမီ။ ''သံဃော သာမီ''တိ ဝစနတော သံဃေန ဗလက္ကာရေန သော ဝါရေတဗ္ဗောတိ စေ။ ဇိဝမာနကာလေ ဂဟိတတ္တာ န သံဃော သာမီတိ စေ။ သာမိကော စေ သယံ ပဿိတွာ အစ္ဆိန္ဒိတုံ လဘတိ၊ သံဃောပိ လဘတိ (သံဃဿ) သာမိဋ္ဌာနေ ဋ္ဌိတတ္တာတိ ဣတရေ။ ဝိစာရေတွာ ဂဟေတဗ္ဗံ။ **(ဇီ၊ စာ-၄၉၉)**

၅။ မတကဿ ဟိရညာဒိအကပ္ပိယဘဏ္ဍံ ဟောတိ၊ ဥဂ္ဂဟိတံ စေတံ ဟောတိ၊ ဥဂ္ဂဟိတေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ။ ဓမ္မေန ဉပ္ပန္နံ စေ၊ ကပ္ပိယကာရကော အာစိက္ခိတဗ္ဗော။ ဒါသော စေ ဂဟိတော (အလှူခံ) ဟောတိ၊ န သံဃော သာမီ၊ (အကပ္ပိယတ္တာ)။ အာရာမိကော စေ၊ သံဃော သာမီ။ (ကပ္ပိယတ္တာ) ဂါဝိမဟိံသီအာဒယော ဟောန္တိ၊ အာဝါသဂတာနံ သံဃော သာမီ။ အနာဝါသဂတာနံ န သံဃော သာမီ။ (ဗဟိဉပစာရသီမာယဂတတ္တာ)။ သံဃော စေ အာဝါသံ အာနေတွာ အတ္တနော သန္တကံ ကတွာ ပစ္ဆာ သမီပေ ဗဟိသီမာယ ဌပေတိ၊ ကာရကသံဃော (ဆောင်ခဲ့သော သံဃာမှတစ်ပါးသော သံဃာ) သာမီ၊ တထာ အာရာမိကေ။ **(ဇီ၊ စာ၄၉၉)** (ဝိနည်းကံပြုပြီးသော ရွှေငွေဖြင့် လီမ္မာသူဒါယကာကဆောင်ခဲ့သော ထောပတ် စသည်သည် ရွှေငွေခံရင်း ရဟန်းအား မအပ်သကဲ့သို့ နွားကျွဲစသည်တို့ကို ဥပစာရသိမ်ပမှ ကျောင်းသို့ ဆောင်ယူခဲ့သော သံဃာတော်အား မအပ် အစိုးမရဟူလို)

၆။ မတကဿ ပရိက္ခာရော နိက္ခေပဝသေန ဌပိတော ဟောတိ၊ ဣတောဝ (သေသာဝမူကွဲ) (ပတ္တစီဝရ ပရိက္ခာရော) သာမီ။ မဟာဂ္ဃော စေ ဟောတိ။ သေသဿ သံဃော သာမီ။ ''ကေနစိ ဂိလာနုပဋ္ဌာကေနာ''တိ ဝတ္တဗ္ဗက္ကမော စေတေန ဒဿိတော။ ပုန ဥပဋ္ဌာကာနံ ဗဟုဘာဝေ သတိ သဗ္ဗေသံ ဒါတဗ္ဗကမ္မံ ဒဿေန္တေန ဘဂဝတာ ကမ္မဝါစာယံ ''ဂိလာနုပဋ္ဌာကာန''န္တိ ဝုတ္တံ။ **(ဇီ၊ စာ-၄၉၉)** ဤကွင်းတွင်းရှိ စာများမှာ ညောင်ရမ်းဝိနိစ္ဆယမှ ထည့်သွင်းသည်။ ။ တဿ စ အာဝါသဂတဿ ကော သာမီ သံဃော သာမီ-ဟူသောပါဌ်၊ ကေနစိ ဂိလာနုပဋ္ဌာကေန-ပါဌ်တို့သည် ပါဠိတော် အဋ္ဌကထာတို့၌မရှိဟူ၏။ **(ညောင်ရမ်း ဝိနိစ္ဆယ၊ စာ-၂၂၀)**

သမာနပရိက္ခာရ ဒွိသန္တကစသည်ပြပုံ

၇။ သာမဏေရဝါရေ ''စီဝရ''န္တိ ပါဠော။ ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီ'တိ ဝါ 'ဣတ္ထန္နာမဿ ဒေမိ ၊~၊ နိဿဇ္ဇာမီ'တိ ဝါ ဝဒတိ၊ သမ္မုခါ ဝါ ပရမ္မုခါ ဝါ ဝုတ္တေ ဒိန္နံယေဝ ဟောတီ'တိ ဒါနလက္ခဏဿ စ 'တုယှံ ဂဏှာဟီ'တိ ဝုတ္တေ 'မယှံ ဂဏှာမီ'တိ ဝဒတိ 'သုဒိန္နံ သုဂ္ဂဟိတဥ္စာ'တိ ဂဟဏလက္ခဏဿ စ ဝုတ္တတ္တာ 'မမ သန္တကံ တဝ စ မမ စ ဟောတူ'တိ ဝေမာဒိဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ အာစရိယာ'တိ လိခိတံ။ **(ဇီ၊ စာ-၄၉၉၊ ၄၅၀)**

၈။ အနုဂဏ္ဌိပဒေ ပန အတိဝ ပပဥ္စံ ကတွာ ပုန ''ဣဒမေတ္ထ အာစရိယာနံ သန္နိဋ္ဌာနံ-သစေ သမ္ဗဟုလာ ဒွေ ဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ၊ တေ သဗ္ဗေ အတ္တနော သန္တကံ ဝတ္တမာနံ (ဖြစ်ဆဲ) ဥပ္ပဇ္ဇနကေန (ဖြစ်လတ္တံ့) သဒ္ဓိံ ပေသလဿ ကေဿ ပရိစ္စဇန္တိ၊ သော ပုန တေသမေဝ ပရိစ္စဇတိ၊ ဧတ္တာဝတာ တေ သမာနပရိက္ခာရိကာ ဟောန္တီတိ။ ဣဒံ သမာနပရိက္ခာရလက္ခဏံ ပါဠိအာဒီသု

ဝုတ္တလက္ခဏေယေဝ ပတနတော အစလပတ္တံ ဟောတိ။ တထာပိ ပေါရာဏကဝိဓိ အဇ္ဈောတ္ထရိတွာ ဝတ္တနတော ပဋိသေဓေတဗ္ဗော၊ အာစရိယာနံ မတာနုသာရေန ကာတဗ္ဗံ ကာတုကာမေနာတိ အပရေတိ ဝုတ္တံ။ **(ဓီ၊ ဓာ–၅၀၀)**

ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတံ သုဒိန္နံ သုဂ္ဂဟိတံ

[''တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကရိဿသီ''တိ ဝုတ္တေ ''မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီ'' တိ ဝဒတိ၊ ဒုဒ္ဒိန္နံ၊ ဒုဂ္ဂဟိတဉ္စ။ ။ သစေ ပန ကောဝ ''ဂဏှာဟီ''တိ ဝဒတိ ဣတရော ''န ဂဏှာမီ''တိ၊ ပုန သော ''ဒိန္နံ မယာ တုယှံ ဂဏှာဟီ''တိ ဝဒတိ၊ ဣတရောပိ ''န မယှံ ဣမိနာ အတ္ထော''တိ ဝဒတိ။ တတော ပုရိမောပိ ''မယာ ဒိန္န''န္တိ ဒသာဟံ အတိက္ကာမေတိ၊ ပစ္ဆိမောပိ ''မယာ ပဋိက္ခိတ္တ''န္တိ။ ကဿ အာပတ္တီတိ? န ကဿစိ အာပတ္တိ။ ယဿ ပန ရုစ္စတိ၊ တေန အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇိတဗ္ဗံ။] **(ပါရာဇိကဏ်–၄–ဒု၊ ပဌမကထိန၊ ဓာ–၂၃၁)**

ပါဠိယံ ဂိလာနုပဋ္ဌာကာနံ စီဝရဒါနေ သာမဏေရာနံ တိစီဝရမိဋ္ဌာနာဘာဝါ ''စီဝရဉ္စ ပတ္တဉ္စာ''တိ အာဒိ သဗ္ဗတ္ထ ဝုတ္တံ။ သစေပိ သဟဿံ အဂ္ဃတိ၊ ဂိလာနုပဋ္ဌာကာနညေဝ ဒါတဗ္ဗန္တိ သမ္ဗန္ဓော။ အညန္တိ စီဝရပတ္တတော အညံ။ အပ္ပဂ္ဃန္တိ အတိဇိဏ္ဏာဒိဘာဝေန နိဂ္ဃံ။ တတောတိ အဝသေသပရိက္ခာရတော။ သဗ္ဗန္တိ ပတ္တံ တိစီဝရဉ္စ။ တတ္ထ တတ္ထ သံဃဿေဝါတိ တသ္မိံ တသ္မိံ ဝိဟာရေ သံဃဿေဝ။ ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ **(တိ၊ ဓာ၂၀၁)**

အသက်ရှင်စဉ်ပေးခြင်းနှင့် ဝိဿာသဂ္ဂါဟယူခြင်း

ယော ဘိက္ခု အတ္တနော ဇီဝမာနကာလေယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ ဉာတကဿ ဝါ အညာတကဿ ဝါ ဂဟဋ္ဌဿ ဝါ ပဗ္ဗဇိတဿ ဝါ အဒါသိ။ ကောစိ စ ဉာတကော ဝါ အညာတကော ဝါ ဂဟဋ္ဌော ဝါ ပဗ္ဗဇိတော ဝါ ဝိဿာသံ အဂ္ဂဟေသိ။ တာဒိသေ သန္ဒာယ ယေ တဿ ဓနေသ ဣဿရာ ဂဟဋ္ဌာ ပဗ္ဗဇိတာ ဝါ တေသံ ဒါတဗ္ဗန္တိ ဝုတ္တံ။ န ပန အတာဒိသေ ဉာတကေ။ **(လက်ာ–စတုပစ္စယ ဘာဇနီယ အဖွင့်– ဒု၊ ဓာ–၃၅၊၃၆)**

ဝိဿာသဂ္ဂါဟယူ၍ မပြောက်လျှင် မည်သူ့အား ပြန်ပေးရမည်။

ဒဒမာနေန စ မတဓနံ တာဝ ယေ တဿ ဓနေ ဣဿရာ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ၊ တေသံ ဒါတဗ္ဗံ။ **[သင်္ဂဟ–၄]** (လက်ာဋီကာ အထက်ပါ စကားရပ်သည် ဤအဋ္ဌကထာပါဌ်၏ အဖွင့်ဖြစ်သည်။)

အညဿ ဒဿာမီတိ စိတ္တုပ္ပာဒမတ္တေန ပရသန္တကံ နာမ န ဟောတိ။ **(သာ)** ဝိနယပရိယာယံ ပတွာ ဟိ ဒဿာမိ ကရိဿာမီတိ ဝါစာ ဘိန္နာ ဟောတိ၊ ဣမိနာ လက္ခဏေန ဒါနံ နာမ ဟောတိ။

ဝိသာသနာနှင့် အရေးကြီးသော အချိန်

အနုဝေသသပရိယာဒါနုဝေသေန စောဒနံ ဝေဒနံ ဝုဏ္ဏာနံ ဝိသာသဂ္ဂါပော ဝန တိဟာဝံပါ ရူပါတိ၊ (၁) သန္တိဋ္ဌော ဓိဝတိ၊ ဂဟိတော အတ္တမနော၊ (၂) သန္တဋ္ဌော၊ ဓိဝတိ၊ ဂဟိတော၊ အတ္တမနော၊ (၃) အာလပိတော ဓိဝတိ၊ ဂဟိတော အတ္တမနောတိ။ (ဓိရစ်ကထာ–၄–ဝဏ္ဏ၊ စာ–၃၂၅) ယော ပန ဓိဝတိ၊ န စ ဂဟိတော အတ္တမနော ဟောတိ တဿ သန္တော ဝိသာသဂ္ဂါဟော ဂဟိတဗ္ဗော ဟုန ဒါတဗ္ဗံ၊ (သင်္ဂဟ–၄) စေရှုသော သန္တော ဂဟိတော အတ္တမနော ဘဝိသောတိတိ စာနဋ္ဌေန ဝေဟာတုံ ဝဋ္ဋတိ။ [ထက်ဘ]

(၁) အရှင်နှင့် ဖုန်းစိုက်အဆောက်အအုံများ

ဤအရပ်ရပ်သော စကားများကိုချုံလိုက်လျှင် (၁) စေတသန္တကဖြစ်သော သင်္ကန်းသုံးထည် သပိတ် ပရိက္ခရာကို ဂိလာနပစ္စယ ပုဂ္ဂလိက အရှင်ခံလိုက်၏။ (၂) ထိုသင်္ကန်းသပိတ် ပရိက္ခရာမှကြွင်းသော လဟုဘဏ်ပရိက္ခရာကို သမ္မုခီဘူတသံဃက အရှင်ခံလိုက်၏။ (၃) (၂၅)ပါးသော ဂရုဘဏ်ပရိက္ခရာများကို အာဂတာနာဂတ စာတုဒ္ဒိသ သံဃက အရှင်ခံလိုက်၏။ ဤသို့ သုံးမျိုးပြား၏။ ထိုမတောသန္တက သံဃိက ပရိက္ခရာများကို ဝေဖန်ခွဲခြားခြင်း၊ အပိုင်နိုင်ခြင်းမပြုဘဲ သကသညာဥစ္စာဟုမှတ်ထင်ခြင်း စိတ် သဘောဖြင့် တစ်ပါးသောဥပစာရသိမ်ပိဟာရများသို့ ယူဆောင်သွားကြမူ လဟုဘဏ်ပရိက္ခရာဖြစ်အံ့ ဂတဂတ ဌာန၌ သမ္မုခီဘူတ သံဃိကဘဏ္ဍာဖြစ်သည်။ ဂရုဘဏ်ပရိက္ခရာဖြစ်အံ့၊ ဂတဂတဌာန၌ စာတုဒ္ဒိသသံဃိက ဖြစ်လေတော့သည်။ [သာရတ္ထ၊ စာ–၉၉ – စီကျောင်း။]

မသေမီ ရှေးအခါ၌ သူတစ်ပါးတို့အား မပေးစွန့်ဘဲ တစ်ပါးသော ဥပစာရသိမ်မာဝိဟာရဌာန၌ ထားအပ် သော ပရိက္ခရာတို့သည် လဟုဘဏ်ဖြစ်အံ့၊ ထိုထိုကျောင်းတိုက်ရှိ သမ္မုခီဘူတသံဃာဘဏ္ဍာ။ ဂရုဘဏ်ဖြစ်အံ့၊ အာဂတာနာဂတ စာတုဒ္ဒိသသံဃာ့ ဘဏ္ဍာဖြစ်ကုန်တော့သည်သာတည်း။ အဝိဟာရဌာန ဖြစ်သော ထိုထိုရွာ၌ ရှိသော ပရိက္ခရာ ဒါယကာတို့လက်၌ရှိသော ပရိက္ခရာလမ်းခရီးအကြား၌ရှိသော ပရိက္ခရာတို့ကိုကား လဟု ဘဏ်ဖြစ်အံ့ – ၁၂တောင် ဟတ္ထပါသ်အတွင်းရှိသော သမ္မုခီဘူတသံဃာ ရထိုက်၏။ ဂရုဘဏ်ဖြစ်မူ စာတုဒ္ဒိသသံဃိကဖြစ်၏။ (သဲအင်း၊ စီကျောင်း၊ စာ–၈၁၁၁)

သေသူ့တိုက်တာမှ အခြားပြင်ပ၌ သိတင်းသုံးတော်မူသော သံဃာထံမှ သင်္ကန်းသပိတ် ပရိက္ခရာ တို့ကို အဖိုးပေးပါမည်ဆို၍ ယူပြီးလျှင် အဖိုးမပေးခင် သေလွန်လျှင် (အကြွေးကို) အရှင်ခံဖြစ်သူတို့က ပေးလိုက်ကြောင်းသိအပ်၏။ အမွေဥစ္စာ နိဿန္တကဖြစ်မူ နိဿန္တကပုဂ္ဂလိက၊ ဝိသာသဂ္ဂါဟဖြစ်မူ ဝိသာ သဂ္ဂါဟ ဥစ္စာရှင်က ပေးရမည်။ သံဃိကဖြစ်မူ သံဃာကို ပန်ကြား၍ပေး။ အသက်ရှိသောသူ၏ ဥစ္စာ၌ ဝိသာသဂ္ဂါဟမမြောက်မူ ထိုသူအားပင် ပေးအပ်၏။ အနတ္တမနဿ သန္တကံ တသေဿ ဒါတဗ္ဗံ–ဟူသော ဝိနယသင်္ဂဟ အဋ္ဌကထာ စကားရပ်အရပင်တည်း။ (သဲအင်း၊ စာ–၅၅)

(၂) သံဃာအား ပန်ကြား၍ ပြုသင့်သောအရာ

သံဃိကဖြစ်သော မတကပုဂ္ဂိုလ်၏ဥစ္စာ ပရိက္ခရာများတွင် လဟုဘဏ်ဖြစ်သော ပစ္စည်းဥစ္စာ ပရိက္ခရာတို့ကို သံဃာကိုပန်ကြား၍ သံဃာစိတ်သဘောညီလျှင် ထိုမတကပုဂ္ဂိုလ်အား သင်္ဂြိုဟ်ခြင်းကိစ္စကိုပြုခြင်းငှာ အပ်သည်၏အဖြစ်ကိုကား အဋ္ဌကထာဋီကာတို့၌ တိုက်ရိုက်မလာ၊ ထိုသို့မလာသော်လည်း သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိဟု သံဃာကိုပန်ကြား၍ စေတိယကိစ္စကို ပြုခြင်းငှာ အပ်ကြောင်းကို ပရိဝါအဋ္ဌကထာ၌လာသောကြောင့် အပ်၏ဟူ၍ပင်သိအပ်၏။ ဂရုဘဏ်ဖြစ်မူ အဝေဘင်္ဂိက အဝိသဇ္ဇိယဖြစ်သောကြောင့်မအပ်။ **(သဲအင်း၊ စာ-၈၂)**

(၃) ဒွိသန္တကစသည် အမျိုးအစားများ

(၁) တစ်ယောက်ယောက်သောသူက နှစ်ပါးသုံးပါးစသည်တို့အား ရည်မှတ်၍ အရှင်မြတ်တို့အား လှူပါ၏စသည်ဖြင့် ပြောဆိုလှူဒါန်းသော ဥစ္စာတို့သည် မခွဲဝေရသေးမီ ဒွိသန္တက တိသန္တက ဗဟုသန္တက စသည်ဖြစ်ကုန်၏။ [ဤဒွိသန္တက စသည်ကိုပင်ရည်၍ အဋ္ဌကထာ၌ ပဓာနအားဖြင့် ဖွင့်ဆိုတော်မူသည်ဟူ သတတ်။]

(၂) နှစ်ပါးသုံးပါးစသည် ဝါဆိုရာ၌ သံဃဿ ဒေမ၊ ဝဿာဝါသိကံ ဒေမ၊ ဝဿံဝုတ္ထသံဃဿ ဒေမ စသည်ဆို၍ လှူသောသင်္ကန်းစသည်တို့သည်လည်း ကထိန်မခင်းသော် တစ်လ ခင်းသော် ငါးလပတ်လုံး ထိုရဟန်းတို့အားသာရောက်သဖြင့် ထိုသင်္ကန်းစသည့် ပရိက္ခရာတို့သည်လည်းကောင်း၊ ဝါကျွတ်မှ တစ်ပါးကျောင်းသို့ပြောင်း၍ နှစ်ပါးသုံးပါးစသည်နေရာ၌ ဝဿာဝါသိကံ ဒေမဟုလှူသော သင်္ကန်းတို့လည်း စီဝရကာလငါးလတွင်း ထိုရဟန်းတို့အားပင်ရောက်သည်ဟု အဋ္ဌကထာဆရာဆိုခြင်းကြောင့် ထိုသင်္ကန်းတို့သည်လည်းကောင်း၊ နွေလ၌ ဝဿာဝါသိကံ ဒေမဟုလှူရာ၌မေးမြန်း၍ အလှူခံရာ၌ဖြစ်သင့်သော ပရိက္ခရာတို့သည်လည်းကောင်း၊ မခွဲဝေရသေးမီ ဒွိသန္တကစသည်တို့သာ ဖြစ်ကုန်၏။ (ဤဒွိသန္တက စသည်ကိုလည်း အဋ္ဌကထာဆရာသည် ရည်ညွှန်းသည်ဟု ယူဆနိုင်ယူဆသင့်သည်) [အတ္တနောမတိမျှသာ]

(၃) နှစ်ပါးသုံးပါးစသည် အတူအညီပြုလုပ်သွားလာရှာဖွေ၍ ရသောပစ္စည်းတို့သည်လည်း [အပ်သောနည်းဖြင့် တိုင်ပင်ညီညွတ်စွာ အလှူခံသော ပစ္စည်းများဟူ) မခွဲဝေရသေးမီ ဒွိသန္တကစသည်တို့သာ ဖြစ်ကုန်၏။ **[ဗန်းမော် - ၉၀]**

(၄) တကြုပ္ပါဒဖြစ်သော ဝါးသစ်ပင် ကြိမ်နွယ်သက်ငယ် စသည်တို့သည်လည်းကောင်း၊ ကျောင်းအတွက် သတ်မှတ်ထားသော လယ်ယာစသည်မှရသော ပရိက္ခရာတို့သည်လည်းကောင်း၊ နှစ်ပါးသုံးပါးစသည်ရှိရာ၌ မခွဲဝေရသေးမူ ဒွိသန္တက တိသန္တက စသည်တို့သည် ဖြစ်ကုန်၏။ **[ဗန်းမော်-၉၀]**

(၅) နှစ်ယောက်စီဒုဝဂ်စသည်ပြု၍ စာရေးတံချသဖြင့် ဝေဖန်ခြင်းဖြင့်ဖြစ်သော ပစ္စည်းပရိက္ခရာတို့သည်လည်း မခွဲရမီ ဒွိသန္တက ဗဟုသန္တကတို့သာ ဖြစ်ကုန်၏။ **[တကောင်း၊ စာ-၉၀]**

(၆) နှစ်ပါးသုံးပါးစသည် သီတင်းသုံးရာ တစ်ပါးပါးပျံလွန်တော်မူသဖြင့် ဖြစ်ပေါ်လာသော နှစ်ပါးသုံးပါးသော ဂိလာနုပဋ္ဌာကတို့အတွက် သင်္ကန်းသပိတ်ပရိက္ခရာတို့သည်လည်းကောင်း၊ ပုဂ္ဂိုလ်အားလုံးတို့အတွက် ကြွင်းလဟုဘဏ် ပရိက္ခရာတို့သည်လည်းကောင်း၊ မဝေဖန်ရသေးမီ ဒွိသန္တက ဗဟုသန္တကတို့သာ ဖြစ်ကုန်၏။ (အဆိုညီ) (မသေခင်မစွန့်ခဲ့ဟူ)

(၇) အနုဇာနာမိ ဘိက္ခဝေ ကတိကံ ကတွာ သြက္ကန္တာနံ အကာမာ ဘာဂံ ဒါတုံ **(မဟာဝါပါဠိတော်၊ စာ–၃၉၅)**ဟူသော ပညတ်တော်အရ နှုတ်ကတိပြု၍ နှစ်ပါးသုံးပါးစသည်တို့ ပုံသုကူရှာ၍ရသော ပစ္စည်းတို့လည်း ဒွိသန္တကစသည်တို့သာ ဖြစ်ကုန်၏။ (ဗန်းမော်)

(၈) ယုတ်စွအဆုံး နှစ်ပါးသုံးပါးစသည် ညီညွတ်ခိုးယူသော ပစ္စည်းလည်း ဒွိသန္တကစသည်တို့သာ ဟူ၏။ (စံကျောင်း –၈၆)

(၉) ဝဇီရဗုဒ္ဓိ ဋီကာ၌လာသော ပထမ အာစရိယဝါဒ အပရေဝါဒအရ မမ သန္တကံ တဝ စ မမ စ ဟောတု စသည်နည်းနာအတိုင်းပြုထားသော ပစ္စည်းဟူသော ဒွိသန္တက။

(၁၀) ဒုတိယ အာစရိယဝါဒအရ လဇ္ဇီပေသလသိက္ခာကာမဖြစ်ပေသော ဝိနည်းမိုရ်ပုဂ္ဂိုလ်တစ်ပါးထံ (နှစ်ပါးသုံးပါးထံ၌လည်းကောင်းဟူ)သမာနပရိက္ခာရပြုလိုသောရဟန်း နှစ်ပါး သုံးပါးစသည်တို့က မိမိတို့ဖြစ်ပြီးဖြစ်ဆဲပစ္စည်းများ (အလိုရှိလျှင် ဖြစ်လတ္တံ့ပစ္စည်းများကို) ကိုလှူဒါန်း၍ တစ်ဖန် ထိုဝိနည်းမိုရ်ပုဂ္ဂိုလ်က (ပုဂ္ဂိုလ်တို့က) ထိုသမာနပရိက္ခာရပြုသောရဟန်းတို့အား ပြန်၍ပေးလှူသဖြင့် ဖြစ်ပေါ်လာသောပစ္စည်းဟူသော ဒွိသန္တက–ဤနောက်ဆုံး ဋီကာနည်းပြ ဒွိသန္တကတို့လည်း ဒွိသန္တက၌သာ ပါဝင်သည်ဟု ယူသင့်သည်။

သို့အတွက် ဤ (၁၀)မျိုးသော ဒွိသန္တကတို့ကို (ရှိသေးလျှင် အခြားဒွိသန္တကစသည်တို့ပါ) ဗဟုသန္တကတို့ကို အထက်ပါအဋ္ဌကထာ နံပါတ် (၆) ၌ဖော်ပြထားသော ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသိဉ္စိ ကာလကိရိယာ ဂတာ သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ။ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ န သံဃဿ–ဟူသော စည်းမျဉ်းအရသာ လိုက်နာရမည်ဟူ၏။ **(ဋ္ဌ၊ စာ–၄၁၅၊ ၄၁၆)**

ဒွိသန္တက စသည်ပိုင်ဆိုင်သူ ပုဂ္ဂိုလ်တို့က သဘောတူညီညွတ်၍ သဒ္ဓိဝိဟာရိကစသည် တို့အား မဝေဖန်ရသေးမီပေးသော်လည်း အပေးမမြောက်သောဟူ၏။ ကျောင်းမှာ ခွဲခြမ်းဝေဖန်ခြင်းငှာ မရကောင်းသော ကြောင့် နှစ်ပါးစုံပေးမှသာလျှင် ပေးရာရောက်၏။ **[ညောင်ရမ်း–၂၆၄]**

(၄) အထက်ပါ ဒွိသန္တက စသည်တို့၏ ထူးခြားမှု

[နံပါတ် (၁)မှ (၈)တိုင်အောင်သော] ဒွိသန္တကစသည်တို့ကား နှစ်ဦးစသည်တို့ ညီတူညီမျှဆိုင်ကြသည်။ တစ်ယောက်ယောက်ကလှူလျှင် ရသောရဟန်းပင် ဆိုင်သည်။ တယောက်သောသူက ထိုပစ္စည်းကို ငါသာရလိုသည်ဟု အစိုးတရမယူအပ်။ ထိုနှစ်ဦးသော ရဟန်းတို့တွင် တစ်ယောက်ယောက်သေလျှင် အသက်ရှင်သောရဟန်း၏ ဥစ္စာဖြစ်သည်။ (သီးလုံး၊ ၈ရ–မိုးသည်)+နံပါတ် (၁) တစ်ခုပင်လာသည်။

နံပါတ်(၉–၁၀)တို့အရ ဝဇီရဗုဒ္ဓိ၌လာသော နည်းအတိုင်းပြုထားသော ဒွိသန္တကဖြစ်သော အသီး အသီးမိမိတို့၏အထံ၌ သိမ်းထားသောပစ္စည်းဥစ္စာတို့သည် သကသညာမှ မကင်းမလွတ်သောကြောင့် အချင်းချင်းပေးစွန့်သည်လည်း မမည်ရာ။ ထို့ကြောင့် အဓိဋ္ဌာန်တင်ခြင်း ဝိကပ္ပနာပြုခြင်းတို့မှ မကင်းလွတ် ရာသည်ဖြစ်၍ ဒွိသန္တကလက္ခဏာမမြောက်ရာ။ သို့မဟုတ် ထိုနည်းအတိုင်းပြု၍ တစ်လုံးတစ်ဝတည်းထား၍ မိမိတို့ဥစ္စာပစ္စည်းဟုမမှတ်မူကား အလျှော်အားဖြင့် ဒွိသန္တကဖြစ်၍ တစ်ယောက်သေလျှင် တစ်ယောက်ပိုင်ရာ ၏။ **[သဲအင်း၊ စာ–၇၃]**

ပဌမ၊ ဝဇီရဗုဒ္ဓိလာဝါဒအတိုင်းပြုသော ဒွိသန္တကသည် ဝိဿာသဂ္ဂါဟလျှော်သည်ဟု ဆရာကြီး ဆရာမြတ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်ဆရာတော်တို့ ပြောဆိုကြသည်။ အင်္ဂါ (၃)ပါးနှင့် (အာလပိတ၊ ဇီဝတိ၊ ဂဟိတ၊ အတ္တမန) ပြည့်စုံ၍ ဝိဿာသဂ္ဂါဟမြောက်သော ဒွိသန္တကပင်ဖြစ်သော်လည်း နောင်တစ်ဖန် တစ်စုံတစ်ခုသောအကြောင်းကြောင့် နှလုံးမသာရှိ၍ ပစ္စည်းရှင်ရဟန်းက ဒွိသန္တကမပြုလိုပြီ၊ ငါ၏ပစ္စည်း ကို ငါပင်သုံးဆောင်မည်။ ဝါရှင်၏ သုံးဆောင်ခြင်းကို အလိုမရှိဆိုလျှင် ပစ္စည်းရှင်၏ပစ္စည်းဖြစ်၍ ပစ္စည်းရှင် မဟုတ်သော ရဟန်းမသုံးဆောင်ရပြီ။ ထိုသို့ ပြန်မနုတ်ဘဲ တစ်ယောက်ယောက်သေဆုံးလျှင် အသက်ရှည် သောသူ၏ ဥစ္စာဖြစ်၏။ ဒွိသန္တကဆိုကာမတ္တဖြင့် ဒွိသန္တကမဖြစ် ဝိဿာသဂ္ဂါဟလည်း မဖြစ်။

ဒုတိယနည်းအရပြုသော ဒွိသန္တကသည် လဇ္ဇီပေသလရဟန်းက တစ်ဖန် ထိုဥစ္စာရှင်ရဟန်းတို့ အားပြန်၍ လှူအပ်သည်ဖြစ်၍ ဒွိသန္တကအဖြစ်သို့ရောက်သော ပစ္စည်းဘဏ္ဍာတို့ကို နောင်တစ်ဖန်အကြောင်း မညီမညွတ်သောကြောင့် ဒွိသန္တကမပြုပြီဟု ပစ္စည်းရှင်က တစ်ဖန် နုတ်လို၍နုတ်သော်လည်း မရပြီ။ ပစ္စည်းရှင်မဟုတ်သောရဟန်းက ပြန်၍ပေးသော်လည်းကောင်း၊ ဥစ္စာရှင်ရဟန်းက တောင်း၍ပေးသော် လည်းကောင်း၊ အကျွမ်းဝင်၍ ယူသော်လည်းကောင်း၊ ထိုပစ္စည်းရှင်ဖြစ်သော (အခြား) ရဟန်းသေသော် လည်းကောင်း တစ်ဖန်ရသေး၏။ **(သီးလုံး၊ စာ–၈၇၊ ၈၉)**

(၅) တဝစ - မမစ ပြုနည်း စိစစ်ချက်

ပေးအပ်သော ဝတ္ထု၊ ခံတတ်သော ပုဂ္ဂိုလ်၊ ပေးတတ်သောပုဂ္ဂိုလ် ဤ (၃)ပါးသော အင်္ဂါတို့ကိုပြ၍ ဣဒံ တုယှံ ဒေမိ၊ ဒဒါမိ–လ–ဝိဿဇ္ဇာမိ–ဟုလည်းကောင်း၊ ဣတ္ထန္နာမဿ ဒေမိ၊ ဝိဿဇ္ဇာမိ–ဟု လည်းကောင်း၊ ပစ္စုပ္ပန်ကာလဖြင့် ပေးခြင်းသည်လည်းကောင်း၊ တုယှံ ဂဏှာဟိ ဟုအနာဂတ်ကာလဖြင့် ပေးခြင်းသည်လည်းကောင်း ကောင်းစွာပေးခြင်းမည်၏။ မယှံ ဂဏှာမိဟု ပစ္စုပ္ပန်ကာလဖြင့် ယူခြင်းသည် ကောင်းစွာယူခြင်း မည်၏။ တဝ သန္တကံ ကရောဟိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမိ– ပါရာဇိကဏ် **(၄၊ စာ–၂၃၁)** ကုသမင်းသည် မိမိအား ပြည်နှင်သကဲ့သို့ ပရိယာယ်အားဖြင့် ပေးခြင်းယူခြင်း ဖြစ်သောကြောင့် ဒုဒ္ဒိန္န ဒုဂ္ဂဟိတဖြစ်၏။ (သဲအင်း) သံဃာသာ စိုးပိုင်၏ဟူလို]

မမစ္စယေန မယှံ သန္တကံ ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ စသည်ပေးခြင်းသည် ဒုဒ္ဒိန္နပင်။ သို့အတွက် ဤအရာတို့၌ ထိုရဟန်းသေလွန်သော် သံဃာသာ စိုးပိုင်၏။ (သဲအင်း)

တဝ သန္တကံ ဟောတု–စသည်ပေးခြင်း၌ ဝတ္ထုပဋိဂ္ဂါဟက ကြိယာပဋိဂ္ဂါဟက လက္ခဏာမရှိသော အာကာရ သမ္ဗန္ဓဆဋ္ဌီဖြင့် တဝ သန္တကံ ဟောတု–ဟူသော ပေးခြင်းကိုသာ ဒုဒ္ဒိန္နဖြစ်၍ အပေးမမြောက်ကြောင်း

နှင့် အဋ္ဌကထာဆရာမြစ်ပယ်ပြဆိုတော်မူ၍ ဝတ္ထုပဋိဂ္ဂါဟက ကြိယာပဋိဂ္ဂါဟကလက္ခဏာရှိသော သမ္ပဒါနကာရက စတုတ္ထီဝိဘတ်ဖြင့် ဣဒံ သန္တကံ တဝ ဟောတုဟူသောပေးခြင်းကိုကား သုဒ္ဓိနှ အဖြစ်၌ အဋ္ဌကထာဆရာခွင့်ပြုသည်ကိုလည်း ဣဒံ တုယှံ ဒေမိ၊ တုယှံ ဂဏှာဟိ ဟူသော စတုတ္ထီဝိဘတ်ပုဒ်တို့ဖြင့် ပေးခြင်း၏ သုဒ္ဓိနှအဖြစ်ကိုပြသောကြောင့်လည်းကောင်း၊ မယှံ ဂဏှာမီတိ ဝဒတိ သုဒ္ဓိနှံ သုဂ္ဂတိတဥ္စဟုဆိုသဖြင့်လည်းကောင်း၊ မမ သန္တကံ တဝ စ မမ စ ဟောတု-ဟူသော ဒွိသန္တက ပထမနည်းသည် ထိုအဋ္ဌကထာနှင့် မဆန့်ကျင်၍ သုဒ္ဓိနှ သုဂ္ဂဟိတပင် ဖြစ်၏ဟူ။ [(၁) တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ သုဒ္ဓိနှံ သုဂ္ဂဟိတဥ္စ။ (၂) သစေ ပန တဝ သန္တကံ ကရောဟီတိ ဝုတ္တေ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဂဏှာတိ သုဂ္ဂဟိတံ။ [ပထမ ကထိန-၄-၂၃၁] (မိုင်းခိုင်း၊ စာ-၉၄၊၉၅၊၁၀၄)

(၆) ဝါဒစိစစ်ချက်

သဲအင်းဆရာတော်၊ တကောင်းဆရာတော် ဘုရားတို့ကား ဝဇီရဗုဒ္ဓိလာဒွိသန္တကပြုနည်းများကို နှစ်သက်တော်မမူ။ သီးလုံးဆရာတော် ဘုရားကား ဝိသာသဂ္ဂါဟဖြင့် လျှော်သည်ဟူသော အာစရိယ ဝါဒအတိုင်း လက်ခံ၏။ ဗန်းမော်ဆရာတော်ဘုရားကား၊ ပုံသုကရှာသော ဝတ္ထု၌ နုတ်ဂတိ၏အစွမ်းဖြင့် ဒွိသန္တက ဗဟုသန္တကဖြစ်လေသည်ဟူ၍ မှတ်ယူခဲ့ရကား ဥစ္စာရှင်အထင်အမြင် နုတ်မြွက်၍ ပြုလုပ်အပ်သော လက်ရှိဥစ္စာပစ္စည်းသည် ကေန္တပဂေဝ ဆိုဖွယ်မရှိ။ ဒွိသန္တက ဗဟုသန္တကဖြစ်သင့်သည်ဟူ၍ မှတ်အပ်သော အတ္ထာပတ္တိနည်းအားဖြင့် သိသင့်သည်ဟူ၏။ မိုင်းခိုင်းဆရာတော် ဘုရားကား ဝဇီရဗုဒ္ဓိလာနည်းနှစ်မျိုးတို့တွင် နောက်နည်းသည် ရှေးအာစရိယဝါဒကို လွန်သည်မှအပ ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် မဆန့်ကျင်သောကြောင့်လည်းကောင်း နောက်နည်းကို ပို၍နှစ်သက်တော်မူ၏။ ဂူကြီးဆရာတော်၊ ခင်မကန်ဆရာတော်၊ ဗားကရာဆရာတော်၊ ဘုံကျော်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ စံကျောင်းဆရာတော်တို့ကား ဝဇီရဗုဒ္ဓိလာဝါဒကို အထူးဝိသေသ ငြင်းပယ်တော်မမူ၊ အသင့်ပင်လက်ခံတော်မူကြသည်။

(ဤ အထက်ပါ နံပါတ်(၁) အမွေခံနှင့် ၎င်းတို့၏တာဝန်ဝတ္တရားများမှစ၍ ဤနံပါတ် (၆) ဝါဒစိစစ်ချက်တိုင်အောင်သာ စကားရပ်တို့သည် ဝိနယသမူဟ၊ ပထမကွဲ၊ မတသန္တက ဝိနိစ္ဆယအမျိုးမျိုးမှ အကျဉ်းအားဖြင့် ကူးယူထားသည်)

သံဃိကကျောင်း၌ မပြုသင့်

သံဃိကဝိဟာရဿ ဂရုဘဏ္ဍတ္တာ အဝိဿဇ္ဇိယအဝေဘင်္ဂိကံ ဟောတိ၊ န ကဿစိ ဒါတဗ္ဗံ-ဟူသော ဋီကာများနှင့်အလျှော် သံဃိက ဝိဟာရ သန္တကတို့၌ မဖြစ်သင့်၊ ပုဂ္ဂလိက ဝိဟာရ သန္တကတို့၌သာ ဖြစ်သင့်၏ဟု ရှေးဆရာတော်ကြီးတို့ မိန့်ဆိုကြကုန်၏ဟု အဆင့်စကားကြားဘူး၏။ သို့သော် အပိုင်ပေးခြင်းမဟုတ်ဘဲ သံဃိကကျောင်းကို သဘောတူစောင့်ရှောက်ရန်အလို့ငှာ သမာနရက္ခက ဒွိသန္တကတိသန္တက စသည်ပြုသော်လည်း ဝိနည်းတော်အရ အပြစ်မဖြစ်နိုင်၍ အလျှော်အားဖြင့် သင့်မြတ်သော ဟူ၏။

[ညောင်ရမ်း၊ စာ-၂၆၄၊ ၂၆၅]

အဝတ်မဝတ်သောအကျင့်၊ သမန်းမြက်သက်န်းစသည်ကို ပယ်ခြင်း

တတ္ထိတို့ဆောက်တည်သော အဝတ်မဝတ်သောအကျင့်ကို ဆောက်တည်သောရဟန်းအား ထုလ္လစ္စဉ်း။ သမန်းမြက်သက်န်း လျှော်သက်န်း ပျဉ်ချပ်သက်န်း ဆံခြည်ကမ္ဗလာ၊ သားမြီးကမ္ဗလာ၊ ခင်ပုတ်တောင်သက်န်း၊ သက်နက်ရေတို့ကို ဝတ်သောရဟန်းအား ထုလ္လစ္စဉ်း။ မုရိုးမျှင်ဖြင့် ပြုသောသက်န်း၊ (အက္ကနာဠ) ထုလ္လစ္စဉ်း။ သင်ပန်းမျှင်ဖြင့်ပြီးသော သက်န်းဝတ်အံ့ ဒုက္ကဋ်။ [တေသု ပေါတ္ထကေ ဧဝ ဒုက္ကဋံ၊ သေသေသု ထုလ္လစ္စယာနီတိ၊ အက္ကဒုဿကဒလိဒုဿရေကဒုဿာနိ (မုရိုးမျှင်၊ ငှက်ပျောမျှင် ပြိတ်မြက်) ပန ပေါတ္ထကဂတိကာနေဝ] **(ဋ္ဌ၊ စာ–၄၁၆)** ဒုက္ကဋ်ဝတ္ထုတို့ဟူလို **(တီ၊ စာ–၂၀၁)**

အလုံးစုံညိုသော သက်န်းစသည်ကိုပယ်ခြင်း

အလုံးစုံညို၊ ဝါ၊ နီ၊ ပြာ၊ မည်း၊ သောအဆင်းရှိသော သက်န်း၊ အလုံးစုံ မဟာရင်္ဂမည်သော (ကင်ခြေများ ကျောက်ကုန်းအဆင်းနှင့်တူသော) ဆိုးရေဖြင့် ဆိုးသောသက်န်း အလုံးစုံမဟာနာမမည်သော (ဖက်ရွက်ရော်အဆင်းနှင့်တူသော) ဆိုးရည်ဖြင့်ဆိုးသော သက်န်း၊ အဆာမဖြတ်သော သက်န်း၊ ရှည်သော အဆာရှိသော သက်န်း၊ ပန်းပွင့်အဆာကျစ်သော သက်န်း၊ မြွေပါးပျဉ်းနှင့်တူသော အဆာကျစ်သော သက်န်းတို့ကို မဆောင်အပ်ကုန်။ သင်တိုင်းကိုမဆောင်အပ်ကုန်၊ လျော်တေသက်န်းကို မဆောင်အပ်ကုန်။ ဦးရစ်ကို မဆောင်အပ်ကုန်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်။

မအပ်သော အရောင်စသည်ကို အပ်အောင်ပြုခြင်း

[သဗ္ဗနီလကာဒီနိ ရဇနံ ဓောဝိတွာ ပုန ရဇိတွာ ဓာရေတဗ္ဗာနိ၊ န သက္ကာ စေ ဟောန္တိ ဓောဝိတုံ၊ ပစ္စတ္ထရဏာနိ ဝါ ကာတဗ္ဗာနိ။ ဒုပဋ္ဋစီဝရဿ ဝါ (တိပဋ္ဋစီဝရဿ ဝါ) မဇ္ဈေ ဒါတဗ္ဗာနိ။ တေသံ ဝဏ္ဏာနာ နတ္တံ ဥပါဟနာသု ဝုတ္တနယမေဝ။ အစ္ဆိန္နဒသဒီဃဒသာနိ ဒသာ ဆိန္ဒိတွာ ဓာရေတဗ္ဗာနိ၊ ကဉ္စုကံ(သင်တိုင်း) လဘိတွာ ဖာလေတွာ ရဇိတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဝေဌနေပိ ဧသေဝ နယော။ တိရီဋကံ (လျှော်တေ) ပန ရုက္ခဆလ္လိမယံ၊ တံ ပါဒပုဉ္ဆနံ ကာတုံ ဝဋ္ဋတိ၊] **(ဋ္ဌ၊ စာ–၄၁၆)** ဒုပဋ္ဋစီဝရဿ ဝါ မဇ္ဈေတိ ယံ နိဋ္ဌိတေ တိပဋ္ဋစီဝရံ ဟောတိ၊ တဿ မဇ္ဈေ ပဋလံ ကတွာ ဒါတဗ္ဗာနီတိ အဓိပ္ပာယော။ **(တီ၊ စာ–၂၀၁)**

တိပဋ္ဋစီဝရဿ ဝါ မဇ္ဈေ ဒါတဗ္ဗာနီတိ ဝုတ္တတ္တာ တိပဋ္ဋစီဝရံ ဓာရေတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ တိပဋ္ဋာဒီနည္စ ဗဟုပဋ္ဋစီဝရာနံ အန္တရေ ဣဒိသာနိ အသာရုပ္ပဝဏ္ဏာနိ ပဋ္ဋပိလောတိကာနိ ကာတဗ္ဗာနီတိ ဒဿေတိ။ **(လက်ာ၊ စာ–၃၇၇)**

သဗ္ဗနီလကာဒိဝတ္ထေသု လဒ္ဓေသု ကပ္ပိယရဇနေန ရဇိတွာ တံ ဝဏ္ဏံ ဝိနာသေတွာ ဝါ ကပ္ပိယ ဝတ္ထာဒိ ဥဘယပသေသု အလ္လိယာပေတွာ ပဋ္ဋိစ္ဆာဒေတွာ ဝါ နိဝါသေတုံ ဝဋ္ဋတီတိ အဋ္ဌကထာယံ ဝုတ္တံ။ **(ဝိနယဝိနိစ္ဆယ)**

ဤအထက်ပါအဋ္ဌကထာဋီကာတို့အရ မအပ်သောဆိုးရည်ဖြင့်ဆိုးထားသော ပိုးသင်္ကန်း သက္ကလပ် သင်္ကန်းစသည်တို့ကို အပ်သောဆိုးရည်ဖြင့် အသစ်ထပ်မံ၍ ဆိုးပြီးဝတ်ရုံမှု အပ်သောဟူ၏။ **(အောင်မြေ ရွှေဘုံ၊ ၁၉၆–သမ္မုဟ–၃)**

(ယခုကာလ၌လည်း သင်္ကန်းများ၌အပ်သော အရောင်ဖြစ်သော်လည်း ဆိုးရည်များသည် အပ် သောဆိုးရည်ဖြစ်မဖြစ်ကို တတ်အပ်သေချာမသိကြရသဖြင့် သံသယကိုပြေပျောက်စေရန် ညောင်ပိန္နဲစသော အပ်သောဆိုးရည်တို့ဖြင့် တစ်ရေနှစ်ရေထပ်၍ ဆိုးပြီးမှ ထိုသင်္ကန်းတို့ကို ဝိနယဂရုကပုဂ္ဂိုလ်တို့က သုံး ဆောင်ကြသောဟူ၏။ (အပ်သောဆိုးရည်ဖြင့် ထပ်ဆိုးပါ)

ဝါကျွတ်သူတို့အား သင်္ကန်းမရနိုင်ခြင်းအကြောင်း

ဝါကျွတ်သောရဟန်းတို့သည် သင်္ကန်းမရမီ၊ ရသောသင်္ကန်းကိုမဝေခြမ်းမီ အရပ်တစ်ပါးသို့ သွား ငြားအံ့၊ ဉမ္မတ္တက၊ ခိတ္တစိတ္တ ဝေဒနာဋ္ဋ ဉက္ခိတ္တ(၃) ဟုဝန်ခံငြားအံ့ လျောက်ပတ်သော ခံယူမည့်သူရှိခဲ့သော် ပေးရမည်။ [ပတိရူပေ ဂါဟကေတိ သစေ ကောစိ ဘိက္ခု ''အဟံ တဿ ဂဏှာမိ'' တိ ဂဏှာတိ၊ ဒါတဗ္ဗန္တိ အတ္ထော]။ **(၄၊ စာ–၄၁၆)** (၇–ယောက်) [ဝါကျွတ်သောရဟန်း သင်္ကန်းမရမီ၊ ရသောသင်္ကန်းကို မဝေခြမ်းမီ၊ လူထွက်အံ့၊ သေအံ့၊ သာမဏေ၊ သိက္ခာပစ္စက္ခာတာ၊ အန္တိမဝတ္ထုအဇ္ဈာပန္နက၊ ပဏ္ဍုက်၊ ထေယျသံ ဝါသက တိတ္ထိယပက္ကန္တက တိရစ္ဆာန ပဋ္ဌာနန္တရိယက ထိုက်သူ(၅) ဘိက္ခုနီဒူသက ဥဘတောဗျည်းဟု ဝန်ခံငြားအံ့ သံဃာသည် စိုးပိုင်၏။ (၁၆) ယောက်။

ဥပ္ပန္နေ စီဝရေ အဘာဇိတေ ပက္ကမတီတိ တွေ ''သံဃေန တတြုပ္ပါဒတော ကေကဿ ဘိက္ခုနော တွေကံ ဝဿာဝါသိကံ ဒါတုံ သံဃဿ ရုစ္စတီ''တိ သာဂိတေပိ ဝိဗ္ဘမတိ၊ တတော န လဘတိ။ ပုန ပဗ္ဗဇိတွာ ဉပသမ္ပဇ္ဇိတွာ စီဝရဘာဇနံ သမ္ပာဝေန္တောပိ န လဘတိယေဝ ပုဗ္ဗပကတိတော ဘဋ္ဌတ္တာ။ အထ ပါပိတေ ဝိဗ္ဘမတိ၊ လဘတီ''တိ စ ဝုတ္တံ။ **(၆၊ စာ–၅၀၀)** သန္တေ့ ပတိရူပေ ဂါဟကေတိ ဝုတ္တတ္တာ ဂါဟကေ အသတိ အဒတွာ ဘာဇိတေပိ သုဘာဇိတမေဝါတိ ဒဋ္ဌဗ္ဗံ။ **(တိ၊ စာ–၂၀၁)**

သာမဏေအတွက် သတိ

''ဝဿံဝုတ္ထသာမဏေရော ပဋ္ဌသု သိက္ခာပဒေသု ကေံ အတိက္ကမိတွာ ပုန ဂဟိတော လာဘံ န လဘတိ၊ အန္တိမဝတ္ထုံ အဇ္ဈာပန္နော နာမ ဟောတီ''တိ ဝဒန္တိ။ **(၆၊ စာ–၅၀၀)**

ကွဲပြားသောသံဃာအား သင်္ကန်းရနိုင်ခြင်းအကြောင်း

ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရမီ သံဃာသင်းကွဲအံ့၊ ထိုသင်းကွဲသော သံဃာ၌ လူတို့ သည် တစ်ဖက်၌ ရေကိုလှူကုန်အံ့။ ထိုရေလှူသောဖက်၌ပင်လည်းကောင်း၊ အခြားတစ်ဖက်၌လည်းကောင်း သံဃာအားလှူပါ၏ဟု သင်္ကန်းကိုလှူကုန်၏။ ဤသင်္ကန်းသည် နှစ်ဖက်သံဃာအားသာလျှင် ဖြစ်၏။

တစ်ဖက်အားလှူပါ၏ဟု သင်္ကန်းကိုလှူကုန်မူ တစ်ဖက်၏သင်္ကန်းသာဖြစ်၏။ ရသောသင်္ကန်းကို မဝေခြမ်းမီ သံဃာသင်းကွဲအံ့၊ အလုံးစုံသောသံဃာတို့အား အညီအမျှ ဝေခြမ်းရမည်။

[သံဃော ဘိဇ္ဇတီတိ ဘိန္ဒိတွာ ကောသမ္ဗကဘိက္ခူဟိယ ဒွေ ကောဋ္ဌာသာ ဟောန္တိ။ ကေသဉ္စိ ပက္ခေတိ ကေသဉ္စိ ကောဋ္ဌာသေ ဒက္ခိဏောဒကဥ္စ ဂန္ဓာဒီနိစ ဒေန္တိ၊ ကေသဉ္စိ စီဝရာနိ။ သံဃဿေဝေတန္တိ သကလဿ သံဃဿ ဒိန္နမ္ပိ ကောဋ္ဌာသာနံ တေဟံ ဟောတိ၊ ယဏ္ဍံ ပဟရိတွာ ဒွီဟိပိ ပက္ခေဟိ ကေတော ဘာဇေတဗ္ဗံ၊ ပက္ခေသေဝေတန္တိ ဝေ ဒိန္နေ ယဿ ကောဋ္ဌာသဿ ဥဒကံ ဒိန္နံ၊ တဿ ဥဒကမေဝ ဟောတိ။ ယဿ စီဝရံ ဒိန္နံ၊ တဿေဝ စီဝရံ၊] **(ဌ၊ စာ-၄၁၆)**

ဒေသအလိုက် အဋ္ဌကထာ ဆရာတို့၏ ဖြတ်ထုံးတစ်ရပ်

[ယတ္ထ ပန ဒက္ခိဏောဒကံ ပမာဏံ ဟောတိ၊ တတ္ထ ဧကော ပက္ခော ဒက္ခိဏောဒကဿ လဒ္ဓတ္တာ စီဝရာနိ လဘတိ၊ ဧကော စီဝရာနမေဝ လဒ္ဓတ္တာတိ ဥဘောဟိပိ ကေတော ဟုတွာ ယထာဝုမုံ ဘာဇေတဗ္ဗံ။ ဣဒံ ကိရ ပရသမုဒ္ဒေ (ဇမ္ဗူဒီပေ) လက္ခဏန္တိ မဟာအဋ္ဌကထာယံ ဝုတ္တံ။] **(ဌ၊ စာ-၄၁၆၊ ၄၁၇) ယတ္ထ ပန ဒက္ခိဏောဒကံ ပမာဏန္တိ** ဘိက္ခူ ယသ္မိံ ရဋ္ဌေ ဒက္ခိဏောဒကပဋိဂ္ဂဟဏမတ္တေနပိ ဒေယျဓမ္မဿ သာမိနော ဟောန္တီတိ အဓိပ္ပာယော။ **(သာ၊ စာ-၃၄၃)**

ဒက္ခိဏောဒကံ ပမာဏန္တိ ''တွေကာနိ စီဝရာနိ ဒဿာမီ''တိ ပဌမံ ဥဒကံ ပါတေတွာ ပစ္ဆာ ဒေန္တိ၊ တံ ယေဟိ ဂဟိတံ၊ တေ ဘာဂိနောဝ ဟောန္တီတိ အဓိပ္ပာယော။ ပရသမုဒ္ဒေတိ ဇမ္ဗူဒီပေ၊ တမ္ဗပဏ္ဏိဒီပဥ္စိ ဥပါဒါယေသ ဝေ ဝုတ္တော။ **(တီ၊ စာ-၂၀၁၊ ၂၀၂)** (ဒက္ခိဏောဒကသာ ပမာဏဖြစ်သောအရပ်၌ကား ဒက္ခိဏောဒကရသော သံဃာတစ်စုအားလည်း ဝေဖန်အပ်၏ဟူ၏။ ဒက္ခိဏောဒကလည်းရ သင်္ကန်းလည်းရသော ကောဋ္ဌာသသော်ကား ထိုရသောသံဃာတစ်စုသာ ရ၏။ သံဃာတစ်ခုမှာ မဝေဖန်အပ်ပြီ။ **(ဆင်တဲ၊ စာ-၁၈၄)**

ကောင်း မကောင်းသောယူခြင်းစသည်

ရဟန်းသည် ရဟန်း၏လက်၌အပ်၍ ဤသင်္ကန်းကို ဤမည်သော ရဟန်းအားပေးပါလောဟုဆို၍ သင်္ကန်းကို ပို့စေ၏။

(၁) ထိုရဟန်းသည် စေလွှတ်သောရဟန်းနှင့် အကျွမ်းဝင်သဖြင့် ခရီးအကြား၌ ယူ၏။ ကောင်းသော ယူခြင်းတည်း၊ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသောယူခြင်းတည်း။

(၂) ထိုရဟန်းသည် စေလွှတ်သောရဟန်းနှင့် အကျွမ်းဝင်သဖြင့် ခရီးအကြား၌ ယူ၏။ ကောင်းသော ယူခြင်းတည်း၊ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသောယူခြင်းတည်း။

(၃) ထိုရဟန်းသည် ခရီးအကြား၌ပို့စေသော ရဟန်းသေ၏ဟု ကြား၏။ ထိုရဟန်းအား သေသူ ၏ဥစ္စာဖြစ်သော သင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း၊ ပေးရမည့်ရဟန်း နှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသောယူခြင်းတည်း။

(၄) ထိုရဟန်းသည် ခရီးအကြား၌ ပေးရမည့်ရဟန်း သေ၏ဟုကြားလေ၏။ ပေးလိုက်သော ရဟန်း၏ မတကသက်န်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း၊ ပေးရမည့်ရဟန်း၏ မတက သင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။

(၅) ထိုရဟန်းသည် ခရီးအကြား၌ နှစ်ပါးလုံး သေကုန်၏ဟုကြားလေ၏။ ပေးလိုက်သောရဟန်း၏ မတက သင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသောအဓိဋ္ဌာန်ပြုခြင်းတည်း။ ပေးရမည့် ရဟန်း၏ မတကသင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။

(ဤကားပေးပါလေဟု ဒေဟိဟု ပဥ္စမီဝိဘတ်ဖြင့် ဆိုခြင်းကြောင့်၊ အပေးမမြောက်သေးသောကြောင့် ဟူသတတ်)

ပစ္စုပ္ပန်ကာလဖြင့် ပေးခြင်း

ရဟန်းသည် ရဟန်း၏လက်၌အပ်၍ ဤသင်္ကန်းကို ဤမည်သောရဟန်းအားပေးပါ၏ဟုဆို၍ သင်္ကန်း ကိုပေးပို့စေ၏။

(၁) ထိုရဟန်းသည် ခရီးအကြား၌ ပေးလိုက်သော ရဟန်းနှင့်အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်း သောယူခြင်းတည်း၊ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့်ယူအံ့ ကောင်းသောယူခြင်းတည်း။ (၂) တူရှေ့ နောက်ပြန်။

(၂) ထိုရဟန်းသည် ခရီးအကြား၌ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသောယူခြင်း တည်း။ ပေးလိုက်သောရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသောယူခြင်းတည်း။

(၃) ထိုရဟန်းသည် ခရီးအကြား၌ ပေးပို့လိုက်သောရဟန်းသည် သေ၏ဟုကြားလေ၏။ ထိုရဟန်း အား သေသူ၏ဥစ္စာဖြစ်သော သင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း၊ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသောယူခြင်းတည်း။

(၄) ထိုရဟန်းသည် ခရီးအကြား၌ ပေးရမည့်ရဟန်းသည်သေ၏ဟု ကြားလေ၏။ မတသန္တကတည်းဟု အဓိဋ္ဌာန်အံ့၊ သွာဓိဋ္ဌိတ၊ ပေးလိုက်သောရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ဒုဂ္ဂဟိတ။

(၅) ထိုရဟန်းသည် ခရီးအကြား၌ နှစ်ပါးလုံးသေကုန်၏ဟုကြား၏။ ပေလိုက်သောရဟန်း၏ မတက သင်္ကန်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ ဒွါဓိဋ္ဌိတ၊ ပေးရမည့်ရဟန်း၏ မတကသင်္ကန်းတည်းဟု အဓိဋ္ဌာန်အံ့၊ သွာဓိဋ္ဌိတ။ (ဤငါးပါးကား ပစ္စုပ္ပန် ကာလဖြင့် ဒေမိ–ပေးပါ၏ဟုဆို၍ပေးသဖြင့် အပေးမြောက်ပြီး ပေးရမည့် ရဟန်း၏ဥစ္စာဖြစ်ပြီး ပေးလိုက်သူ၏ဥစ္စာ မဟုတ်ပြီးဖြစ်သောကြောင့်ဟူ၏။)

မတကစီဝရံ အဓိဋ္ဌာတီတိ ထွေ့ မဂ္ဂံ ဂစ္ဆန္တော တဿ ကာလကိရိယံ သုတွာ အဝိဟာရဋ္ဌာနေ စေ ဒွါဒသရတနဗ္ဘန္တရေ အညေသံ ဘိက္ခူနံ အဘာဝံ ဥတွာ ''ဣဒံ စီဝရံ မယှံ ပါပုဏာတီ''တိ အဓိဋ္ဌာတိ၊ သွာဓိဋ္ဌိတံ။ **(သာ၊ ၈–၃၄၃)**

(မှတ်ချက် ဤဋီကာဆရာ၏ အာဘော်ကိုထောက်က အကယ်၍ (၁၂)တောင်အတွင်း အဝိဟာ ရဋ္ဌာန၌ အခြားရဟန်းရှိမူ ဝိဟာရဋ္ဌာနဖြစ်လျှင်လည်း ထိုဝိဟာရဋ္ဌာန၌ အခြားရဟန်းရှိမူ၊ ပုဂ္ဂလိကဓိဋ္ဌာန် အံ့၊ ဒွါဓိဋ္ဌိတဟုယူရန်ရှိ၏။

သက်နှိုင်းဖြစ်ပေါ်ကြောင်း မာတိကာ (ဂ)ပါး

(၁) **သီမာယ ဒေတိ** – သိမ်အပိုင်းအခြားဖြင့် လှူအပ်၊ အကြင်မျှလောက်သော ရဟန်းတို့သည် သိမ်အတွင်းသို့ ရောက်ကုန်၏။ ထိုမျှလောက်သော ရဟန်းတို့သည် ဝေခြမ်းရမည်။ [တတ္ထ သီမာယ ဒမ္မိတိ ဝေ သီမံ ပရာမသိတွာ ဒေန္တော သီမာယ ဒေတိ နာမ၊ သော နယော သဗ္ဗတ္ထ။] **(ဌ၊ စာ–၄၁၇)**

သိမ်အမျိုးအစား

[သီမာယ ဒေတီတိ ဧတ္ထ တာဝ ခဏ္ဍသီမာ၊ ဥပစာရသီမာ၊ သမာနသံဝါသသီမာ၊ အဝိပ္ပဝါသသီမာ၊ လာဘသီမာ၊ ဂါမသီမာ၊ နိဂမသီမာ၊ နဂရသီမာ၊ အဗ္ဘန္တရသီမာ၊ ဥဒကုက္ခေပသီမာ၊ ဇနပဒသီမာ၊ ရဋ္ဌသီမာ၊ ရဇ္ဇသီမာ၊ ဒီပသီမာ၊ စက္ကဝါဠသီမာတိ ပန္နရသသီမာ ဝေဒိတဗ္ဗာ။] **(ဌ၊ စာ–၄၁၇)**

ခဏ္ဍသိမ်

ကျောင်းတိုက်တစ်ခုအတွင်း သံဃာကံဆောင်ရွက်ရာ၌ လွယ်ကူစေရန် ကမ္မဝါစာဖြင့်သမုတ်ထားအပ်သော ဗဒ္ဓသိမ်ငယ်များတည်း။ ထိုခဏ္ဍသိမ်အရာ၌ သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ်တို့သည် မထူးမပြားသော တစ်ထပ်တစ်သားတည်းကျသောကြောင့် ခဏ္ဍသိမ်ဟုပင်ခေါ်သည်။

ဥပစာရသိမ်

[ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အပိစ ဘိက္ခူနံ ဓုဝသန္နိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဌိတဘောဇနသာလတော ဝါ နိဗဒ္ဓဝသနကအာဝါသတော ဝါ ထာမမဇ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရသီမာ ဝေဒိတဗ္ဗာ။ သာ ပန အာဝါသေသု ဝဍ္ဎန္တေသု ဝဍ္ဎတိ၊ ပရိဟာယန္တေသု ပရိဟာယတိ။ မဟာပစ္စရိယံ ပန ''ဘိက္ခူသုပိ ဝဍ္ဎန္တေသု ဝဍ္ဎတီ''တိ ဝုတ္တံ။ တသ္မာ သစေ ဝိဟာရေ သန္နိပတိတဘိက္ခူဟိ သဒ္ဓိံ ကောဇဒ္ဒါ ဟုတွာ ယောဇနသတမ္ပိ ပူရေတွာ နိသီဒန္တိ၊ ယောဇနသတမ္ပိ ဥပစာရသီမာဝ ဟောတိ၊ သဗ္ဗေသံ လာဘော ပါပုဏာတိ။] **(ဌ၊ စာ–၄၁၇)** ဝိဟာရူပစာရ၌ ဟတ္ထပါသ်ဖြင့် ဗဟိဂါမစသည်၌ ၁၂တောင်ဖြင့် ဥပစာကို ကောတို့ယူ၏။

[ယသ္မာ အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနံ ဒုဗ္ဗိဇာနံ၊ တသ္မာ ''အပိစာ''တိ အာဒိ ဝုတ္တံ။ တတ္ထ ဓုဝသန္နိပါတဋ္ဌာနမ္ပိ ပရိယန္တဂတမေဝ ဂဟေတဗ္ဗံ။ ''မဟာပစ္စရိယံ ပန ဘိက္ခူသုပိ–လ–ပါပုဏာတီတိ ''ဥပစာရ သီမာယ ဒေမာ''တိ ဧဝံ ဒိန္နမေဝ သန္ဓာယာ''တိ လိခိတံ။ **(ဋီ၊ စာ–၅၀၀)**

''အပိစာ''တိ အာဒိနာ ပဌမလေဍ္ဍုပါတဘူတပရိက္ခေပါရဟဋ္ဌာနတော ဗဟိ ဒုတိယလေဍ္ဍုပါတောပိ ဥပစာရသီမာ ဧဝါတိ ဒဿေတိ။ ဓုဝသန္နိပါတဋ္ဌာနာဒိကမ္ပိ ပရိယန္တေ ဌိတမေဝ ဂဟေတဗ္ဗံ။ **(တီ၊ စာ–၂၀၂)** ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာတိ ဣမိနာ အပရိက္ခိတ္တဿ ဝိဟာရဿ ဓုဝသန္နိပါတဋ္ဌာနာဒိတော

ပဌမလေဍ္ဍုပါတဿ အန္တော ဥပစာရသီမာတိ ဒဿေတိ။ ဣဒါနိ ဒုတိယလေဍ္ဍုပါတဿ အန္တောပိ ဥပစာရသီမာ ယေဝါတိ ဒဿေတုံ "အပိစာ"တိ အာဒိ အာရဒ္ဓံ။ ဓုဝသန္နိပါတဋ္ဌာနမ္ပိ ပရိယန္တဂတမေဝ ဂဟေတဗ္ဗံ။ **(သာ၊ စာ–၃၄၄)**

ယောဇနသတမ္ပိ ပူရေတွာ နိသီဒန္တီတိ ဧတ္ထ ဝိဟာရူပစာရေ ဟတ္ထပါသေန ဗဟိဂါမာဒီသု ဒွါဒသ ဟတ္ထေန ဥပစာရောတိ ဧကေ။ "ဣမသ္မိံ ဝိဟာရေ သံဃဿာ"တိ ဝုတ္တေ ကောဗဒ္ဓါ ဟုတွာပိ ပရိက္ခေပ ပရိက္ခေပါရဟဋ္ဌာနံ အတိက္ကမိတွာ ဌိတာနံ န ပါပုဏာတီတိ ဧကေ **(ဇီ၊ စာ–၅၀၁)**

ဥပစာရသိမ်ဖြင့် ပိုင်းခြားအပ်သော ဝိနည်းကံများ

ဘိက္ခုနီနံ အာရာမပ္ပဝေသနသေနာသနာပုစ္ဆနာဒိ ပရိဝါသမာနတ္တာရောစနဝဿစ္ဆေဒနိဿယ သေနာ သနဂ္ဂါဟာဒိဝိဓာနန္တိ ဣဒံ သဗ္ဗံ ဣမိဿာယေဝ ဥပစာရသီမာယဝသေန ဝေဒိတဗ္ဗံ။ **(သာ၊ စာ–၃၄၄)** [ကခ်ီ တတိယ၊ ကထိန]

သမာနသံဝါသ အဝိပ္ပဝါသ သိမ်

မဟာသိမ်သည် သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ်ဟု နှစ်မျိုးပြားရာ သမာနသံဝါသသိမ်သည် မဟာသိမ်အလုံးကို နှံ၍တည်၏။ အဝိပ္ပဝါသသိမ်သည် ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ–အရ ဂါမဂါမူပစာရမှ ကြွင်းသော မဟာသိမ်အရပ်၌သာ တည်၏။ ထို့ကြောင့် မဟာသိမ်ကို ဤ၌ သမာနသံဝါသသိမ် အဝိပ္ပဝါသသိမ် ဟုတည်ရာ ကွဲပြားမှုကိုလိုက်၍ အမည်နှစ်မျိုးဖြင့် ခွဲခြားခေါ်ဝေါ်ထားသည်။

လာဘသိမ်

[လာဘသီမာ နာမ နေဝ သမ္မာသမ္ဗုဒ္ဓေန အနုညာတာ၊ န ဓမ္မသင်္ဂါဟကတ္ထေရေဟိ ဌပိတာ။ အပိ စ ခေါ ရာဇရာဇမဟာမတ္တာ ဝိဟာရံ ကာရေတွာ ဂါဝုတံ ဝါ အဍ္ဎယောဇနံ ဝါ ယောဇနံ ဝါ သမန္တတော ပရိစ္ဆိန္ဒိတွာ "အယံ အမှာကံ ဝိဟာရဿ လာဘသီမာတိ" နာမ လိခိတကေ ထမ္ဘေ နိခဏိတွာ "ယံ ဧတ္ထန္တရေ ဥပ္ပဇ္ဇတိ၊ သဗ္ဗံ တံ အမှာကံ ဝိဟာရဿ ဒေမာ"တိ သီမံ ဌပေန္တိ၊ အယံ လာဘသီမာ နာမ။ ဂါမနိဂမနဂရအဗ္ဘန္တရဥဒကုက္ခေပသီမာပိ ဝုတ္တာ ဧဝ။ သိမ်ပိုင်း] **(ဌ၊ စာ–၄၁၈)**

ဇနပဒ ရဋ္ဌ ရဇ္ဇ ဒီပ စက္ကဝါဠ

[ဇနပဒသီမာ နာမ ကာသိကောသလရဋ္ဌာဒီနံ အန္တော ဗဟူ ဇနပဒါ ဟောန္တိ၊ တတ္ထ ဧကေကော ဇနပဒပရိစ္ဆေဒေါ ဇနပဒသီမာ။ **(ဌ၊ စာ–၄၁၈)** (ရွှေဥမင်ဆရာတော်ဘုရားကား – တစ်ခရိုင်တစ်ခရိုင်တည်း ဟူ၏။ တောင်ဖြို့ဆရာတော် ဆရာကား–ကျေးရွာနယ်ပယ်နှင့်တကွသော မြို့နယ်လေးတစ်ခု ဟူသတတ်။)

ရဋ္ဌသီမာ နာမ ကာသိကောသလာဒိရဋ္ဌပရိစ္ဆေဒေါ။ ရဋ္ဌသီမာ နာမ စောဠဘောဂေါ ကေရဠဘောဂေါတိ ဝေံ ကေကဿ ရညော အာဏာပဝတ္တိဋ္ဌာနံ။ ဒီပသီမာ နာမ သမုဒ္ဒန္တေန ပရိစ္ဆိန္နမဟာဒီပါ စ အန္တရဒီပါ စ။ စက္ကဝါဠသီမာ နာမ စက္ကဝါဠပဗ္ဗတေနေဝ ပရိစ္ဆိန္နာ။] (ဋ္ဌ၊ စာ–၄၁၈)

လျှနည်းနှင့် အလှူပုံနှံ့ရာ ဌာနသိမ်

[ခဏ္ဍသိမ်၌ စည်းဝေးသောသံဃာအား –

(၁) ဧတ္ထေဝ သီမာယ သံဃဿ ဒေမိ (ဋ္ဌ၊ စာ–၄၁၈)ဟုဆို၍ လှူအံ့၊ ထိုခဏ္ဍသိမ်တွင်းရှိ သံဃာအားသာ ရောက်၏။ သီမန္တရိက် ဥပစာရသိမ်တို့၌ တည်သောရဟန်းတို့အားသော်လည်း မရောက်။

(၂) ဣမိဿာ ဥပစာရသီမာယ သံဃဿ ဒမ္မိဟုလှူသော် (ဥပစာရသိမ်အလုံး) ခဏ္ဍသိမ် သီမန္တရိက်တို့၌တည်သော ရဟန်းတို့အားလည်း ရောက်၏။] (ဋ္ဌ၊ စာ–၄၁၈)

(၃) ''ခဏ္ဍသီမာယံ ဌတွာ သီမဋ္ဌကသံဃဿ ဒမ္မီ''တိ ဝုတ္တေ ဥပစာရသီမာယဝေ ပရိစ္ဆိန္ဒိတွာ ဒါတဗ္ဗန္တိ ဝုတ္တံ။ (ဋီ၊ စာ–၅၀၁)

(၄) ''အဝိပ္ပဝါသသီမာယ ဒေမာ''တိ ခဏ္ဍသီမာယံ ဌတွာ ဒိန္နေ တတ္ထေဝ ပါပုဏာတီတိ ကေစိ။ (ဋီ၊ စာ–၅၀၁)

(၅) [သမာနသံဝါသသီမာယ ဒမ္မိ–ဟုလှူသော် ခဏ္ဍသိမ် သီမန္တရိက်တို့၌ တည်သောရဟန်း တို့အား မရောက်။] (ဋ္ဌ၊ စာ–၄၁၈) (တာသံ ဝိသုံ သမာနသံဝါသကသီမတ္တာ (ဋီ၊ စာ–၅၀၀)

(၆) [အဝိပ္ပဝါသသီမာလာဘသီမာသု ဒိန္နံ တာသု သီမာသု အန္တောဂတာနံ ပါပုဏာတိ။]။ (ဋ္ဌ၊ စာ–၄၁၈) သမာနသံဝါသအဝိပ္ပဝါသသီမာသု ဒိန္နဿ ဣဒံ နာနတ္တံ–''အဝိပ္ပဝါသသီမာယ ဒမ္မီ''တိ ဒိန္နံ ဂါမဋ္ဌာနံ န ပါပုဏာတိ။ ကသ္မာ ''ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စာ''တိ ဝုတ္တတ္တာ။ ''သမာနသံဝါသက သီမာယ ဒမ္မီ''တိ ဒိန္နံ ပန ဂါမေ ဌိတာနမ္ပိ ပါပုဏာတီတိ။ [(သာ၊ စာ–၃၄၄) (ဋီ၊ စာ–၅၀၀၊၅၀၁) တို့]

(၇) [ဂါမသီမာဒီသု (နိဂမ၊ နဂရ၊ ဇနပဒ၊ ရဋ္ဌ၊ ရဋ္ဌ၊ ဒီပ၊ စက္ကဝါဠ) ဒိန္နံ တာသံ သီမာနံ အဗ္ဘန္တရေ ဗဒ္ဓသီမာယ ဌိတာနမ္ပိ ပါပုဏာတိ။ (ဋ္ဌ၊ စာ–၄၁၈) (၈) အဗ္ဘန္တရသီမာဥဒကုက္ခေပသီမာသု ဒိန္နံ တတ္ထ အန္တောဂတာနံယေဝ ပါပုဏာတိ။] (ဋ္ဌ၊ စာ–၄၁၈)

တခြားသိမ်အားရည်မှန်း၍လှူခြင်း

[သစေ ပန ဇမ္ဗုဒီပေ ဌိတော ''တမ္ဗပဏ္ဏိဒီပေ သံဃဿ ဒမ္မီ'' တိ ဒေတိ၊ တမ္ဗပဏ္ဏိဒီပတော ဧကောပိ ဂန္တွာ သဗ္ဗေသံ (ဘာဂံ) ဂဏှိတုံ လဘတိ။ သစေပိ တတြေဝ ဧကော သဘာဂဘိက္ခု သဘာဂါနံ ဘာဂံ ဂဏှာတိ၊ န ဝါရေတဗ္ဗော၊ (ဋ္ဌ၊ စာ–၄၁၈) ဧကောပိ ဂန္တွာတိ ဧတ္ထ သဗ္ဗေသံ ဝါ ပါပေတွာ ဂန္တွာ၊ အာနေတွာ ဝါ ပါပေတဗ္ဗံ၊ ဣတရထာ ဂတဿ န ပါပုဏာတိ။ (ဋီ၊ စာ–၅၀၁)

သာမညပြောလှူလျှင် မေးသင့်၏

[နားမလည်၍ သီမာယ ဒမ္မိ၊ သီမဋ္ဌကသံဃဿ ဒမ္မိ–ဟုပြော၍ လှူမှုသိမ်အများရှိ၍ မည်သည့် သိမ်ကိုလှူသနည်းဟု မေးအပ်ပါ၏။ အကယ်၍ အကျွန်ုပ်ကား မည်သည့်သိမ်ဟုမသိပါ၊ သီမဋ္ဌကသံဃာ သည် ခွဲဝေ၍ယူပါဟုလျှောက်မူ မဟာသိဝထေရ်အလိုအားဖြင့် အဝိပ္ပဝါသသိမ်ဖြင့် ခွဲဝေ၍ ယူရမည်ဟူ ၏။ ထိုနောင်မှ ဥပစာရသိမ်ဖြင့် ဝေဖန်အပ်၏ဟူသော အဆုံးအဖြတ်ကို ပေး၏ဟူသတတ်။] **(ဋ္ဌ၊ စာ–၄၁၉)**

၂ - ကတိကာယ ဒေတိ

ကတိကဝတ်ဖြင့် လှူအပ်၊ များစွာသောကျောင်းတို့သည် တူသောလာဘ်ရှိကုန်၏။ တစ်ခုသော ကျောင်း၌ ပေးလှူသည်ရှိသော် အလုံးစုံသောကျောင်း၌ လှူသည်မည်၏။ [ကျောင်းတစ်ကျောင်းတွင် ရဟန်း တို့စည်းဝေး၍ မိမိတို့ချီးမြှောက်လိုသော သမာနလာဘပြုလိုသော ကျောင်း၏အမည်ကိုယူ၍ အသုကော နာမ ဝိဟာရော ပေါရာဏကောတိ ဝါ ဗုဒ္ဓါဓိဝုတ္ထောတိ ဝါ အပ္ပလာဘောတိ ဝါ ယံ ကိဉ္စိ ကာရဏံ ဝတွာ တံ ဝိဟာရံ ဣမိနာ ဝိဟာရေန သဒ္ဓိံ ဧကလာဘံ ကာတုံ သံဃဿ ရုစ္စတိ **(ဋ္ဌ၊ စာ–၄၁၉)**ဟု သုံးကြိမ် ကြားအပ်၏။ ထိုလာဘ်မရှိသောကျောင်း၌လည်း သံဃာသည် အလားတူပြုအပ်၏။ ဤသို့ပြုသော် တစ်ကျောင်း၌ နေသော်လည်း အခြားတစ်ကျောင်း၌နေသည်ပင် မည်၏။ တစ်ကျောင်း၌ လာဘ်ကို ဝေ သည်ရှိသော် အခြားတစ်ကျောင်း၌တည်သော ရဟန်း၏အဖို့ကို ယူခြင်းငှာအပ်၏။ နည်းတူကျောင်းများစွာ လည်း ပြုနိုင်၏။] [ဧကသ္မိံ လာဘေ ဘာဇိယမာနေ ဣတရသ္မိံ ဌိတဿ ဘာဂံ ဂဟေတုံ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ–၄၁၉)** သမာနလာဘ ကတိကာ မူလာဝါသေ သတိ သိယာ။ မူလာဝါသဝိနာသေန ကတိကာပိ ဝိနဿတိ။ **(ဓီ၊ စာ–၅၀၁)**

၃ - ဘိက္ခာပညတ္တိယာ ဒေတိ

ဆွမ်းဝတ်တည်သဖြင့် လှူအပ်၊ အကြင်ကျောင်း၌ သံဃာအား အမြဲလုပ်ကျွေးခြင်းတို့ကို ပြုကုန် ၏။ ထိုကျောင်း၌ ပေးလှူ၏။ [ကျောင်းတစ်ကျောင်း၌ မိမိဥစ္စာဖြင့် ဒါနဝတ်ရှိသူ၊ တစ်ကျောင်းလုံးကို တာဝန်ယူ၍ အိမ်၌ကျွေးသူ (အလှည့်ဖြင့်)ကျောင်းဆောက်လှူသူ၊ နိဗဒ္ဓသလာကဘတ် စသည်တို့ကိုလှူသူ၊ ကျောင်းတစ်တိုက်လုံးကို တည်ဆောက်လှူသူတို့ကား ဓုဝကာရ–သံဃာအား အမြဲလုပ်ကျွေးသူတို့ မည်ကုန် ၏။]

လှူနည်း – [အကယ်၍ ထိုဓုဝကာရဒါယကာက ယတ္ထ မယှံ ဓုဝကာရာ ကရီယန္တိ၊ တတ္ထ ဒမ္မိ၊ တတ္ထ ဒေထ **(ဋ္ဌ၊ စာ–၄၂၀)** ဟုပြော၍ လှူမူ၊ ဓုဝကာရ ကောင်းမှုပြုရာ ကျောင်းများစွာရှိမူလည်း အလုံးစုံသော ထိုကျောင်းတို့၌ လှူသည်သာဖြစ်ပေ၏။ သဗ္ဗတ္ထ ဒိန္နမေဝါတိ ''သမာနဘာဂေါဝ ဟောတီ''တိ ဝဒန္တိ။ ''ကေမေကံ အမှာကံ ပါပုဏာတီတိ စေ ဝဒတိ၊ ဝဋ္ဋတီ''တိ ဝဒန္တိ ဝိဘာဂဿ ကတတ္တာ။ **(ဓီ၊**

စာ–၅၀၁) အကယ်၍ တစ်ကျောင်းကျောင်း၌ သံဃာပို၍များမူ ထိုရဟန်းတို့က သင်တို့ ဓုဝကာရပြုရာ တစ်ကျောင်း၌ သံဃာများ၍ တစ်ကျောင်း၌ နည်းကုန်၏ဟု ပြောကြားအပ်ပါ၏။ အကယ်၍ ဒါယကာက ရဟန်းအရေအတွက်ဖြင့် ခံယူပါကုန်ဟုဆိုမူ ဆိုတိုင်းခွဲဝေယူခြင်းငှာ အပ်ပါ၏။]

ညောင်စောင်းအင်းပျဉ်။ ။ [သင်္ကန်းဆေးစသည်ကားနည်းသော်လည်း ဝေဖန်ခြင်းငှာလွယ်ကူ၏။ အကယ်၍ ညောင်စောင်းအင်းပျဉ်တို့ကို တစ်ပေါင်းတည်း လှူမူ၊ ဒါယကာအား မေးစိစစ်၍ ဒါယကာက ရည်ညွှန်းသောကျောင်း ရည်ညွှန်းသောရဟန်းအားသာ ပေးအပ်၏။ အကယ်၍ မယုံ ဓုဝကာရေ ဒေထ **(ဋ၊ စာ–၄၂၀)** ဟုဆို၍ မစိစစ်ဘဲသွားမူ သံဃာကစိစစ်ခြင်းငှာအပ်ပါ၏။ စိစစ်ပုံကား သံဃတ္ထေရဿ ဝဿဂ္ဂေန ဒေထ **(ဋ၊ စာ–၄၂၀)**ဟု ဆိုအပ်၏။ အကယ်၍ မထေရ်၏ကျောင်းသည် ပြည့်စုံနေမူ မပြည့်စုံရာ ကျောင်းသို့ပေးအပ်၏။ အကယ်၍ ရဟန်းတစ်ပါးက တပည့်တော်၏နေရာဌာန၌ သေနာသန ပရိဘောဂဘဏ္ဍာ မရှိဟုဆိုမူ ထိုကျောင်း၌ ပေးအပ်၏။]

၄ - သံဃသ ဒေတိ

သံဃာအား လှူအပ်၊ မျက်မှောက်ဖြစ်သောသံဃာသည် ဝေခြမ်းရမည်။

သမ္မုခီဘူတအားဝေဖန်ခြင်း – [သံဃဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ သံဃဿ ဒမ္မီတိ ဒေတိ။ သမ္မုခီဘူတေနာတိ ဥပစာရသီမာယ ဌိတေန သံဃေန ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ဘာဇေတဗ္ဗံ။ သီမဋ္ဌဿ အသမ္ပတ္တဿာပိ ဘာဂံ ဂဏှန္တော န ဝါရေတဗ္ဗော။ ဝိဟာရော မဟာ ဟောတိ၊ ထေရာသနတော ပဋ္ဌာယ ဝတ္တေသု ဒီယျမာနေသု အလဿဇာတိကာ မဟာထေရာ ပစ္ဆာ အာဂစ္ဆန္တိ၊ "ဘန္တေ ဝီသတိဝဿာနံ ဒီယျတိ၊ တုမှာကံ ဌိတိကာ အတိက္ကန္တာ" တိ န ဝတ္တဗ္ဗာ။ ဌိတိကံ ဌပေတွာ တေသံ ဒတွာ ပစ္ဆာ ဌိတိကာယ ဒါတဗ္ဗံ။ **(ဋ၊ စာ–၄၂၀)**

အခြားကျောင်းသံဃာများလာခြင်း – အသုကဝိဟာရေ ကိရ ဗဟုံ စီဝရံ ဥပ္ပန္နန္တိ သုတွာ ယောဇနန္တရိကဝိဟာရတောပိ ဘိက္ခူ အာဂစ္ဆန္တိ၊ သမ္ပတ္တသမ္ပတ္တာနံ ဌိတဋ္ဌာနတော ပဋ္ဌာယ ဒါတဗ္ဗံ။ အသမ္ပတ္တာ နမ္ပိ ဥပစာရသီမံ ပဝိဋ္ဌာနံ အန္တောဝါသိကာဒီသု ဂဏှန္တေသု ဒါတဗ္ဗမေဝ။ "ဗဟိ ဥပစာရသီမာယ ဌိတာနံ ဒေထာ"တိ ဝဒန္တိ၊ န ဒါတဗ္ဗံ။ သစေ ပန ဥပစာရသီမံ ဩက္ကန္တေဟိ ကောဗဒ္ဓါ ဟုတွာ အတ္တနော ဝိဟာရဒွါရေ ဝါ အန္တောဝိဟာရေယေဝ ဝါ ဟောန္တိ၊ ပရိသဝသေန ဝဍ္ဎိတာ နာမ ဟောတိ သီမာ။ တသ္မာ ဒါတဗ္ဗံ။ သံဃနဝကဿ ဒိန္နေပိ ပစ္ဆာ အာဂတာနံ ဒါတဗ္ဗမေဝ။ **(ဋ၊ စာ–၄၂၀၊၄၂၁)**

ဒုတိယအကြိမ်ဝေခြင်း – ဒုတိယဘာဂေ ပန ထေရာသနံ အာရုဠှေ အာဂတာနံ ပဌမဘာဂေါ န ပါပုဏာတိ၊ ဒုတိယဘာဂတော ဝဿဂ္ဂေန ဒါတဗ္ဗံ။ **(ဋ၊ စာ–၄၂၁)** (ဒုတိယဘာဂေ ပန ထေရာသနံ အာရုဠှေတိ ယာဝ သံဃနဝကာ ကောဝိရံ သဗ္ဗေသံ ဘာဂံ ဒတွာ စီဝရေ အပရိက္ခီဏေ ပုန သဗ္ဗေသံ ဒါတုံ ဒုတိယဘာဂေ ထေရဿ ဒိန္နေတိ အတ္ထော။ **(တီ၊ စာ–၂၀၂)**

ဝေဖန်ပြီးမှတခြားသွားပါ – ကေသွိံ ဝိဟာရေ ဒသ ဘိက္ခူ ဟောန္တိ၊ ဒသ ဝတ္ထာနိ "သံဃဿ ဒေမာ"တိ ဒေန္တိ၊ ပါဋေက္ကံ ဘာဇေတဗ္ဗာနိ၊ သစေ "သဗ္ဗာနေဝမှာကံ ပါပုဏန္တီ"တိ ဂဟေတွာ ဂစ္ဆန္တိ။ ဒုပ္ပါပိတာနိ စေဝ ဒုဂ္ဂဟိတာနိ စ၊ ဂတဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။ ဧကံ ပန ဥဒ္ဓရိတွာ "ဣဒံ

တုမှာကံ ပါပုဏာတီ''တိ သံဃတ္တေရသ ဒတွာ ''သေသာနိ အမှာကံ ပါပုဏန္တီ''တိ ဂဟေတုံ ဝဋ္ဋတိ။ **(ဠ၊ ဇာ-၄၂၁)**

တစ်ထည်သာလှူခြင်း – ကေမေဝ ဝတ္ထံ သံဃဿ ဒေမာတိ အာဟရန္တိ၊ အဘာဇေတွာဝ အမှာကံ ပါပုဏန္တီတိ ဂဏှန္တိ၊ ဒုပ္ပါပိတဥ္စေဝ ဒုဂ္ဂဟိတဉ္စ၊ သတ္ထကေန ပန ဟလိဒ္ဒိအာဒိနာ ဝါ လေခံ ကတွာ ဧကံ ကောဋ္ဌာသံ ဣမံ ဌာနံ တုမှာကံ ပါပုဏာတီတိ သံဃတ္တေရသ ပါပေတွာ သေသံ အမှာကံ ပါပုဏာတီတိ ဂဟေတုံ ဝဋ္ဋတိ၊ ယံ ပန ဝတ္ထဿေဝ ပုပ္ဖံ ဝါ ဝလိ ဝါ(အလိပ်)၊ တေန ပရိစ္ဆေဒံ ကာတုံ န ဝဋ္ဋတိ၊ သစေ ဧကံ တန္တံ ဥဒ္ဓရိတွာ ဣဒံ ဌာနံ တုမှာကံ ပါပုဏာတီတိ သံဃတ္တေရသ ဒတွာ သေသံ အမှာကံ ပါပုဏာတီတိ ဂဏှန္တိ၊ ဝဋ္ဋတိ၊ ခဏ္ဍံ ခဏ္ဍံ ဆိန္ဒိတွာ ဘာဇိယမာနံ ဝဋ္ဋတိယေဝ။ **(ဠ၊ ဇာ-၄၂၁)**

တစ်ပါးတည်းရှိခြင်း – ကေဘိက္ခုကေ ဝိဟာရေ သံဃဿ စီဝရေသု ဥပ္ပန္နေသု သစေ ပုဗ္ဗေ ဝုတ္တနယေနေဝ သော ဘိက္ခု သဗ္ဗာနိ မယှံ ပါပုဏန္တီတိ ဂဏှာတိ၊ သုဂ္ဂဟိတာနိ၊ ဌိတိကာ ပန န တိဋ္ဌတိ။ သစေ ဧကေကံ ဥဒ္ဓရိတွာ ဣဒံ မယှံ ပါပုဏာတီတိ ဂဏှာတိ၊ ဌိတိကာ တိဋ္ဌတိ။ တတ္ထ အဋ္ဌိတာယ ဌိတိကာယ ပုန အညသ္မိံ စီဝရေ ဥပ္ပန္နေ သစေ ဧကော ဘိက္ခု အာဂစ္ဆတိ၊ မဇ္ဈေ ဆိန္ဒိတွာ ဒွိဟိပိ ဂဟေတဗ္ဗံ။ ဌိတာယ ဌိတိကာယ ပုန အညသ္မိံ စီဝရေ ဥပ္ပန္နေ သစေ နဝကတရော အာဂစ္ဆတိ၊ ဌိတိကာ ဟေဋ္ဌာ ဩရောဟတိ။ သစေ ဝုဍ္ဎတရော အာဂစ္ဆတိ၊ ဌိတိကာ ဥဒ္ဓံ အာရောဟတိ၊ အထညော နတ္ထိ၊ ပုန အတ္တနော ပါပေတွာ ဂဟေတဗ္ဗံ။ **(ဠ၊ ဇာ-၄၂၁)**

ဒွေမာသ ပရိဝါသ်၌ - နှစ်လဖုံးလွှမ်းသော အာပတ်နှစ်ခုတို့တွင် အာပတ်တစ်ခု၏သာ နှစ်လပရိဝါသ်ကိုတောင်း၍နေစဉ် အခြားအာပတ်တစ်ခုကိုလည်း လဇ္ဇီသဘောစသည် သက်ဝင်၍လာသဖြင့် ကုစားလိုရကား ထိုနှစ်လဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လပရိဝါသ်ကို သံဃာကပေး၏။ ထိုရဟန်းသည် ထိုနှစ်လ ဖုံးလွှမ်းသော အခြားအာပတ်ကိုခွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်နေရမည်။ [ပုရိမံ ဥပါဒါယ ဒွေ မာသာ ပရိဝသိတဗ္ဗာတိ ဧတ္ထ "ပရိဝသိတဒိဝသာပိ ဂဏနူပဂါ ဟောန္တိ"တိ လိခိတံ။ **(ဝိ၊ ဝ-၁၁၄)**

အာပတ်တစ်ခုအတွက် ပရိဝါသ်နေစဉ် အခြားအာပတ်တစ်ခုအတွက် သိခြင်း၊ သတိရခြင်း၊ ယုံမှားရှိခြင်းတို့၌ မူလကအာပတ်နှစ်ခုသင့်ပြီးရကား နည်းတူပင်။ မသိ၍ ဖုံးလွှမ်းခြင်း စသည်တို့၌ကား အကျုံးမဝင် မာနတ်သာကျင့်ရမည်။ နှစ်လဖုံးလွှမ်းအပ်သော အာပတ်နှစ်ခုတို့အတွက် တစ်လပရိဝါသ်တောင်း၍ နေစဉ် လဇ္ဇီသဘောသက်၍တောင်းမူ နှစ်လဖုံးလွှမ်းသော အာပတ်နှစ်ခုတို့၏ တစ်လပတ်လုံးကျင့်ရသော အခြားပရိဝါသ်ကိုလည်း ပေးရမည်။ ပရိဝါသ်နေပြီး ရှေးတစ်လကိုစွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်ကိုနေရမည်။ တစ်လကို မသိ၊ တစ်လကိုသိ၊ သတိရ၊ ယုံမှားရှိခြင်းတို့၌နည်းတူ။

ရဟန်းနှစ်ပါးတို့၏ ဝါရ ၁၁ ပါး

သံဃာဒိသိသ်သို့ဖြစ်စေ၊ လဟုက ဂရုကရောသော အာပတ်သို့ဖြစ်စေ ရောက်၍ ဖုံးလွှမ်းမှု ဒုက္ကဋ်၊ လဟုကသို့ရောက်၍ ဂရုကဟုမှတ်၍ ဖုံးလွှမ်းမှု ဒုက္ကဋ်၊ လဟုက၌ လဟုကဟုမှတ်၍ ဖုံးလွှမ်းမှု ဒုက္ကဋ်။ ထိုအာပတ်တို့ကို ဒေသနာကြားစေ၍ ဖုံးလွှမ်းတိုင်း ဂရုကအာပတ်အတွက် ပရိဝါသ်ပေး၍ မာနတ်ကျင့်စေရမည်။ **(ပါ၊ စာ – ၁၇၂–၁၇၄)**

မူလာယ အဝိသုဒ္ဓိနဝက

ပရိမာဏရှိသော အာပတ်သို့လည်းကောင်း၊ ပရိမာဏမရှိသော အာပတ်သို့လည်းကောင်း၊ အမည်တူသော အာပတ်သို့လည်းကောင်း၊ အမည်အထူးထူးရှိသော အာပတ်သို့လည်းကောင်း၊ ဝတ္ထုသဘောတူ အာပတ်သို့လည်းကောင်း၊ ဝတ္ထုသဘောမတူသော အာပတ်သို့လည်းကောင်း၊ ပိုင်းခြားအပ်သော အာပတ်သို့လည်းကောင်း၊ ဝတ္ထုကွဲပြားသော အာပတ်သို့လည်းကောင်းရောက်၍ ထိုသံဃာဒိသေသ် အာပတ်တို့ကြောင့် သံဃထံ၌ သမောဓာနပရိဝါသ်ကိုတောင်း၍ ဝတ်နေစဉ် ပဋိစ္ဆန္န၊ အပ္ပဋိစ္ဆန္န၊ ပရိမာဏ၊ အပရိမာဏ၊ ဧကနာမ၊ နာနာနာမ၊ သဘာဂ၊ ဝိသဘာဂ၊ ဝဝတ္ထိတ သမ္ဘိန္နလည်းဖြစ်သော အန္တရာပတ်သို့ရောက်၍ သံဃာထံ၌ ပရိဝါသ်ထပ်၍တောင်းရာ (၁) ပရိဝါသဒါနကံ၊ (၂) မာနတ္တဒါနကံ၊ (၃) အဗ္ဘာနကံတို့သည် တစ်ခုခု၌သော်လည်းကောင်း၊ နှစ်ခု၌သော်လည်းကောင်း၊ သုံးခု၌သော်လည်းကောင်း၊ အဓမ္မအဝိနယ ဖြစ်လျှင် ထိုရဟန်းသည်၊ အသုဒ္ဓိဖြစ်၏။ အကြား၌ သတိရခြင်း အောက်မေ့ခြင်းစသည်တို့၌လည်း အလားတူပင်။ အကယ်၍ တရားသဖြင့် ပြန်၍ကံပြုမှုကား စင်ကြယ်၏။ (ကျယ်ဝန်းသည်)

၅– သမထက္ခန္ဓက

အာပတ္တာဓိကရဏ

ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း၊ ကိစ္စာဓိကရုဏ်းတို့သည် ရံခါကုသိုလ်တည်း၊ ရံခါအကုသိုလ်တည်း၊ ရံခါအဗျာကတတည်း။

အာပတ္တာဓိကရုဏ်းသည် ရံခါအကုသိုလ်တည်း၊ ရံခါ အဗျာကတတည်း၊ ကုသိုလ် အာပတ္တာဓိကရုဏ်းကားမရှိ။ အကြောင်းကား ...

ထိုနှစ်မျိုးတို့တွင် အကုသိုလ် အာပတ္တာဓိကရုဏ်းသည် အဘယ်နည်း သိလျက် ကောင်းစွာသိလျက် စေ့ဆော်၍ လွှမ်းမိုး၍ လွန်ကျူးအပ်သော အာပတ်ကို အကုသိုလ်အာပတ္တာဓိကရုဏ်းဟု ဆိုအပ်၏။ ။ ထိုနှစ်မျိုးတို့တွင် အဗျာကတာ အာပတ္တာဓိကရုဏ်းဟူသည် အဘယ်နည်း မသိဘဲ ကောင်းစွာမသိဘဲ မစေ့ဆော်မူ၍ မလွှမ်းမိုးမူ၍ လွန်ကျူးအပ်သောအာပတ်ကို အဗျာကတ အာပတ္တာဓိကရုဏ်းဟု ဆိုအပ်၏။

[အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလန္တိ ဧတ္ထ သန္နာယဘာသိတဝသေန အတ္ထော ဝေဒိတဗ္ဗော။ ယသ္မိံ ဟိ ပထဝိခဏနာဒိကေ အာပတ္တာဓိကရဏေ ကုသလစိတ္တံ အင်္ဂံ ဟောတိ၊ တသ္မိံ သတိ န သက္ကာ ဝတ္တုံ၊ "နတ္ထိ အာပတ္တာဓိကရဏံ ကုသလ"န္တိ၊ တသ္မာ နယိဒံ အင်္ဂပဟောနကစိတ္တံ သန္နာယ ဝုတ္တံ။ ကတ္ထံ ပန သန္နာယ ဝုတ္တံ၊ ယံ တာဝ အာပတ္တာဓိကရဏံ လောကဝဇ္ဇံ၊ တံ ဧကန္တတော အကုသလမေဝ၊ တတ္ထ "သိယာ အကုသလ"န္တိ ဝိကပ္ပေါ နတ္ထိ။ ယံ ပန ပဏ္ဏတ္တိဝဇ္ဇံ၊ တံ ယသ္မာ သဉ္စိစ္စ "ဣမံ အာပတ္တိံ ဝီတိက္ကမာမီ"တိ ဝီတိက္ကမန္တဿေဝ အကုသလံ ဟောတိ၊ အသဉ္စိစ္စ ပန ကိဉ္စိ အဇာနန္တဿ သဟသေယျာဒိဝသေန အာပဇ္ဇတော အဗျာကတံ ဟောတိ၊ တသ္မာ တတ္ထ သဉ္စိစ္စာသဉ္စိစ္စဝသေန ဣမံ ဝိကပ္ပဘာဝံ သန္နာယ ဣဒံ ဝုတ္တံ "အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလ"န္တိ။] (ဋ္ဌ၊ ၈–၄၀၊ ၄၁)

[သစေ ပန "ယံ ကုသလစိတ္တော အာပဇ္ဇတိ၊ ဣဒံ ဝုစ္စတိ အာပတ္တာဓိကရဏံ ကုသလ"န္တိ ဝဒေယျ၊ အစိတ္တကာနံ ပန ဧဠကလောမပဒသောဓမ္မာဒိသမုဋ္ဌာနာနမ္ပိ ကုသလစိတ္တံ အာပဇ္ဇေယျ၊ န စ တတ္ထ ဝိဇ္ဇမာနမ္ပိ ကုသလစိတ္တံ အာပတ္တိယာ အင်္ဂံ၊ ကာယဝစီဝိညတ္တိဝသေန ပန စလိတပ္ပဝတ္တာနံ ကာယဝါစာနံ အညတရမေဝ အင်္ဂံ၊ တဉ္စ ရူပက္ခန္ဓပရိယာပန္နတ္တာ အဗျာကတန္တိ။] (ဋ္ဌ၊ ၈–၄၁)

[ယံ ဇာနန္တောတိ အာဒိမှိ ပန အယမတ္ထော – ယံ စိတ္တံ အာပတ္တိယာ အင်္ဂံ ဟောတိ၊ တေန ဝတ္ထုံ ဇာနန္တော "ဣဒံ ဝီတိက္ကမာမီ"တိ ဝီတိက္ကမာကာရေန သဉ္ဇာနန္တော သဉ္ဇာနန္တော ဝီတိက္ကမစေတနာဝသေန စေတေတွာ ပကပ္ပေတွာ ဥပက္ကမဝသေန မဒ္ဒန္တော အဘိဝိတရိတွာ နိရာသင်္ကစိတ္တံ ပေသေတွာ ယံ အာပတ္တာဓိကရဏံ ဝီတိက္ကမံ အာပဇ္ဇတိ၊ တဿ ဇံ ဝီတိက္ကမတော ယော ဝီတိက္ကမော၊ ဣဒံ ဝုစ္စတိ "အာပတ္တာဓိကရဏံ အကုသလ"န္တိ။] (ဋ္ဌ၊ ၈–၄၁)

[အဗျာကတဝါရေပိ ယံ စိတ္တံ အာပတ္တိယာ အင်္ဂံ ဟောတိ၊ တဿ အဘာဝေန အဇာနန္တော ဝီတိက္ကမာကာရေန စ သဉ္ဇာ အဇာနန္တော အသဉ္ဇာနန္တော အာပတ္တိအင်္ဂဘူတာယ ဝီတိက္ကမစေတနာယ အဘာဝေန အစေတေတွာ သဉ္စိစ္စ မဒ္ဒနဿ အဘာဝေန အနဘိဝိတရိတွာ နိရာသင်္ကစိတ္တံ အပေသေတွာ ယံ အာပတ္တာဓိကရဏံ ဝီတိက္ကမံ အာပဇ္ဇတိ၊ တဿ ဇေံ ဝီတိက္ကမတော ယော ဝီတိက္ကမော။ ဣဒံ ဝုစ္စတိ "အာပတ္တာဓိကရဏံ အဗျာကတ"န္တိ။ **(ဌ၊ ဓာ-၄၁)**

"ကေန္တတောတိ ယေဘုယျနာတိ အတ္ထော။ ဣတရထာ ဝိရုဇ္ဈတိ၊ ကသ္မာ? 'ယဿာ သစိတ္တက ပက္ခေ စိတ္တံ အကုသလမေဝ ဟောတီ'တိ ဝုတ္တတ္တာ"တိ ဝဒန္တိ။ **(ဝိ၊ ဓာ-၅၁၉)**

ပထဝီခဏနာဒိကေတိ ဧတ္တ အာဒိသဒ္ဒေန ဘူတဂါမပါတဗျတာဒိပညတ္တိဝဇ္ဇံ သိက္ခာပဒံ သင်္ဂဏှာတိ။ ယော ဝိနယေ အပကတညူ တာယ ဝတ္ထုသီသေန သမ္ပဇ္ဇနိအာဒိနာ ပထဝီ ခဏနာဒီနိ ကရောတိ၊ တဒါ တဿုပ္ပန္နစိတ္တံ သန္ဓာယ ဝုတ္တံ "ကုသလစိတ္တံ အင်္ဂံ ဟောတီ"တိ၊ အင်္ဂံ ဟောတီတိ စ ဝတ္ထုသီသေန ကရောန္တဿပိ "ဣမံ ပထဝိံ ခဏာမီ"တိ အာဒိနာ ဝီတိက္ကမဇာနနဝသေန ပဝတ္တတ္တာ တံ ကုသလစိတ္တံ အာပတ္တာဓိကရဏံ၊ ကုသလစိတ္တံ အာပတ္တိယာ ကာရဏံ ဟောတီတိ အတ္ထော။ န ဟိ ဝီတိက္ကမံ အဇာနန္တဿ ပထဝီခဏနာဒီသု အာပတ္တိ သမ္ဘဝတိ။ တသ္မိံ သတီတိ တသ္မိံ ကုသလစိတ္တေ အာပတ္တိဘာဝေန ဂဟိတေ သတီတိ အဓိပ္ပာယော။ တသ္မာတိ ယသ္မာ ကုသလစိတ္တေ အာပတ္တိဘာဝေန ဂဟိတေ သတိ "နတ္ထိ အာပတ္တာဓိကရဏံ ကုသလ"န္တိ န သက္ကာ ဝတ္တုံ တသ္မာ။ နယိဒံ အင်္ဂပ္ပဟောနကစိတ္တံ သန္ဓာယ ဝုတ္တန္တိ "အာပတ္တာဓိကရဏံ သိယာ အကုသလံ။ - ။ - ကုသလ"န္တိ ဣဒံ အာပတ္တိသမုဋ္ဌာပကဘာဝေန အင်္ဂပဟောနကံ အာပတ္တိယာ ကာရဏဘူတံ စိတ္တံ သန္ဓာယ န ဝုတ္တံ၊ ကိံ ပန သန္ဓာယ ဝုတ္တန္တိ အာဟ "ဣဒံ ပနာ"တိအာဒိ။ ဘိက္ခုမ္ပိ ကမ္မဋ္ဌာနဂတစိတ္တေန နိပန္နေ နိဒ္ဒါယန္တေ ဝါ မာတုဂါမော စေ သေယျံ ကပ္ပေတိ။ တသ္မိံ ခဏေ သေယျာကာရေန ဝတ္တမာနရူပမေဝ အာပတ္တိ၊ "အာပတ္တိံ အာပဇ္ဇန္တော ကုသလစိတ္တော ဝါ အာပဇ္ဇတိ အကုသလာ ဗျာကတစိတ္တော ဝါ"တိ ဝစနတော ကုသလမ္ပိ အာပတ္တာဓိကရဏံ သိယာတိ စေ ? န ။ ယော ဟိ အာပတ္တိံ အာပဇ္ဇတီတိ ဝုစ္စတိ၊ သော တီသု စိတ္တေသု အညတရစိတ္တသမင်္ဂီ ဟုတွာ အာပဇ္ဇတိ၊ န အညထာတိ ဒဿနတ္ထံ "ကုသလစိတ္တော ဝါ"တိအာဒိ ဝုတ္တံ။ အယမေတ္ထ အတ္ထော- ပထဝီခဏနာဒီသု ကုသလစိတ္တက္ခဏေ ဝီတိက္ကမာဒိဝသေန ပဝတ္တရူပသမ္ဘဝတော ကုသလစိတ္တော ဝါ တထာပဝတ္တရူပသင်္ခါတံ အဗျာကတာပတ္တိံ အာပဇ္ဇတိ၊ တထာ အဗျာကတာစိတ္တော ဝါ အဗျာကတရူပသင်္ခါတံ အဗျာကတာပတ္တိံ အာပဇ္ဇတိ၊ ပါဏာတိပါတာဒိံ အကုသလစိတ္တော ဝါ အကုသလာပတ္တိံ အာပဇ္ဇတိ၊ ရူပံ ပနေတ္ထ အဗ္ဗောဟာရိကံ။ သုပိနန္တေ စ ပါဏာတိပါတာဒိံ ကရောန္တော သဟသေယျာဒိဝသေန အာပဇ္ဇိတဗ္ဗာပတ္တိံ အာပဇ္ဇန္တော အကုသလစိတ္တော အဗျာကတာပတ္တိံ အာပဇ္ဇတိ။ **(သာ၊ ဓာ-၃၇၇၊၃၇၈)**

တသ္မိံ ခဏေ သေယျာကာရေန ဝတ္တမာနရူပမေဝ အာပတ္တာဓိကရဏံ နာမ။ ဘဝင်္ဂစိတ္တေ ဝိဇ္ဇမာနေပိ သေဝနယော။ **(ဝိ၊ ဓာ-၅၁၉)**

ကုသလစိတ္တံ အာပဇ္ဇေယျာတိ ဧဠကလောမံ ဂဟေတွာ ကမ္မဋ္ဌာနမနသိကာရေန တိယောဇနံ အတိက္ကမန္တဿ ပညတ္တိံ အဇာနိတွာ ပဒသောဓမ္မံ ဝါစေန္တဿ စ အာပဇ္ဇိတဗ္ဗာပတ္တိယာ ကုသလစိတ္တံ အာပဇ္ဇေယျ။ န စ တတ္ထဝိဇ္ဇမာနမ္ပိ ကုသလစိတ္တံ အာပတ္တိယာ အင်္ဂန္တိ တသ္မိံ ဝိဇ္ဇမာနမ္ပိ ကုသလစိတ္တံ အာပတ္တိယာ အင်္ဂံ န ဟောတိ၊ သယံ အာပတ္တိ န ဟောတီတိ အတ္ထော။ စလိတပ္ပဝတ္တာနန္တိ စလိတာနံ

ပဝတ္တာနန္တို၊ စလိတော ကာယော၊ ပဝတ္တာ ဝါစာ၊ အညတရမေဝ အင်္ဂန္တို ကာယဝါစာနံ အညတရမေဝ အာပတ္တီတိ အတ္ထော၊ တတ္ထ ရူပက္ခန္ဓပရိယာပန္နတ္တာ အဗျာကတန္တို ဣမိနာ အဗျာကတမာပတ္တာဓိကရဏံ၊ နာညန္တို ဒဿေတိ၊ **(သာ၊ ဓာ-၃၇၉)** (ဤအထိကား အများအားဖြင့် ဓီနှင့်ဝါဒတူကြ၏။ ။ ယဒိ ဧဝံ "သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ"တိ ဝစနတော အဗျာကတဿပိ ဝိပါကဓမ္မတာ အာပဇ္ဇေယျာတိ?။ နာပဇ္ဇေယျ။ အသဉ္စိစ္စ အာပန္နာ ဟိ အာပတ္တိယော ယာဝ သော န ဇာနာတိ၊ တာဝ အနန္တရာယကရာ၊ ဇာနိတွာ ဆာဒေန္တော ပန ဆာဒနပ္ပစ္စယာ အညံ ဒုက္ကဋ္ဋသခါတံ အကုသလမာပတ္တာဓိကရဏမာပဇ္ဇတိ၊ တတ္ထ အကုသလသဘာဝတ္တာ သဂ္ဂမောက္ခာနံ အန္တရာယကရဏန္တို သာပတ္တိကဿ အပါယဂါမိတာ ဝုတ္တာ။ အဗျာကတံ ပန အာပတ္တာဓိကရဏံ အဝိပါကဓမ္မမေဝါတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ၊ တေနေဝ ပေါရာဏဂဏ္ဌိပဒေသုပိ "ပုထုဇ္ဇနော ကလျာဏပုထုဇ္ဇနော သေက္ခော အရဟာတိ စတ္တာရော ပုဂ္ဂလေ ဒဿေတွာ တေသု အရဟတော အာပတ္တာဓိကရဏံ အဗျာကတမေဝ၊ တထာ သေက္ခာနံ၊ တထာ ကလျာဏပုထုဇ္ဇနဿ အသဉ္စိစ္စ ဝီတိက္ကမကာလေ အဗျာကတမေဝ။ ဣတရဿ အကုသလမ္ပိ ဟောတိ အဗျာကတမ္ပိ။ ယသ္မာ စဿ သဉ္စိစ္စ ဝီတိက္ကမကာလေ အကုသလမေဝ ဟောတိ၊ တသ္မာ ဝုတ္တံ "နတ္ထိ အာပတ္တာဓိကရဏံ ကုသလ"န္တိ၊ သဗ္ဗတ္ထ ဧဝံ အဗျာကတန္တို ဝိပါကာဘာဝမတ္တံ သန္ဓာယ ဝုတ္တ"န္တို လိခိတံ။ **(သာ၊ ဓာ-၃၇၉)**

(သဗ္ဗတ္ထ အဗျာကတံ နာမ တဿ ဝိပါကာဘာဝမတ္တံ သန္ဓာယ ဧဝံနာမကံ ဇာတန္တို လိခိတံ။ ဝိစာရေတွာ ဂဟေတဗ္ဗံ။ **ဓီ၊ ဓာ-၅၂၀**) (သာ) (ဤအထိလည်း -ဓီ-နှင့် သာတို့ အများအားဖြင့် တူကြ၏။။)

တသ္မိံ သတီတိ တသ္မိံ အာပတ္တာဓိကရဏေ ဝိဇ္ဇမာနေ ကုသလစိတ္တသမုဋ္ဌိတတ္တေန ကုသလဝေါဟာရရဟာယ အာပတ္တိယာ ဝိဇ္ဇမာနာယာတိ အဓိပ္ပာယော၊ သာရတ္ထဒီပနိယံ ပန "တသ္မိံ သတီ"တိ ဣမဿ "တသ္မိံ ကုသလစိတ္တေ အာပတ္တိဘာဝေန ဂဟိတေ"တိ အတ္ထော ဝုတ္တော၊ တံ န ယုဇ္ဇတိ၊ "ယသ္မိံ"န္တို ယသဒ္ဒေန ပရာမဋ္ဌဿေဝ အာပတ္တာဓိကရဏဿ "တသ္မိံ"န္တို ပရာမသိတဗ္ဗတော။ န သက္ကာ ဝတ္တုန္တို ယဒိ သမ္မုတိ သဘာဝါယပိ အာပတ္တိယာ အကုသလာဒိသမုဋ္ဌိတတ္တေန အကုသလာဒိဝေါဟာရော ကရီယတိ၊ တဒါ ကုသလဝေါဟာရောပိ ကတ္တဗ္ဗောတိ "နတ္ထိ အာပတ္တာဓိကရဏံ ကုသလ"န္တို န သက္ကာ ဝတ္တုံ။ အညထာ အကုသလာဒိဘာဝေါပိဿ ပဋိက္ခိပိတဗ္ဗောတိ အဓိပ္ပာယော။ တသ္မာတိ ယသ္မာ ကုသလာဒီနံ တိဏ္ဏံ သမာနေပိ အာပတ္တိယာ အင်္ဂပ္ပဟောနကတ္တေ ကုသလဝေါဟာရောဝ အာပတ္တိယာ ပဋိက္ခိတ္တော။ န အကုသလာဒိဝေါဟာရော၊ တသ္မာ နယိဒံ အင်္ဂပ္ပဟောနကံ စိတ္တံ သန္ဓာယ ဝုတ္တန္တို "အာပတ္တာဓိကရဏံ သိယာ အကုသလံ(ပ) ကုသလန္တို ဣဒံ အာပတ္တိယာ သမုဋ္ဌာပကတ္တေန အင်္ဂပ္ပဟောနကံ ကာရဏဘူတံ စိတ္တမတ္တံ သန္ဓာယ န ဝုတ္တံ၊ အညထာ **"အာပတ္တာဓိကရဏံ သိယာ ကုသလ"န္တိပိ** ဝတ္တဗ္ဗတောတိ အဓိပ္ပါယော။ တေနေဝ အာပတ္တိယာ အကုသလာဒိဘာဝေါပိ ကေနစိ နိမိတ္တေန ပရိယာယတောဝ ဝုတ္တော၊ န ပရမတ္ထတောတိ ဒဿေတိ။ ယထာဟ"ယံ ကုသလစိတ္တေန အာပဇ္ဇတိ၊ တံ ကုသလံ၊ ဣတရေဟိ ဣတရ"န္တို **(တီ၊ ဓာ-၂၂၄၊ ၂၂၅)** "အာပတ္တာဓိကရဏံ သိယာ အကုသလံ သိယာ အဗျာကတ"န္တို ဣဒံ ကာရဏူပစာရေန ပရိယာယတော ဝုတ္တံ၊ န နိပ္ပရိယာယတောတိ သိဒ္ဓတိ။ ယံ ပန သာရတ္ထဒီပနိယံ အာပတ္တိယာ နိပ္ပရိယာယတောဝ အကုသလာဒိသဘာဝတံ သမတ္ထေတုံ ဗဟုံ ပပဉ္စိတံ၊ တံ န သာရတော

ပစ္စေတဗ္ဗံ ဒုဋ္ဌဒေါသသိက္ခာပဒဋ္ဌကထာယမေဝ ပဋိက္ခိတ္တတ္တာ။ တေနေဝေတ္ထာပိ ''ယံ စိတ္တံ အာပတ္တိယာ အင်္ဂံ ဟောတိ''တိ အာဒိနာ အကုသလစိတ္တဿာပိ အာပတ္တိယာ ကာရဏတ္တေန ဘိန္နတာ၀ ဒဿိတာ။ **(တီ၊ ဓာ-၂၂၆)**

ကုစားပြီး ဒေသနာကြားပြီး အကုသိုလ်ပျောက်၏။

ယဥ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယကရံ၊ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ အစ္စယံ ဒေသေတွာ ခမာပနေန ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟောသိကမ္မံ ဟောတိ၊ ဧဝမိဒမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ၊ တေနေဝ ''သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ''တိ သာပတ္တိကဿေဝ အပါယဂါမိတာ ဝုတ္တာ။ **(သာ၊ ဓာ-၃၇၉)**

ဝိမတိဆရာကား - မာတုဃာတက စသည်ကိုကျူးလွန်၍ လူဝတ်လဲခြင်းစသည်ဖြင့် ကုစားသော် အာပတ်စင်ကြယ်သော်လည်း အပြစ်ကားမစင်ဟုယူ၍ သာရတ္ထဝါဒကို မကြိုက်သောဟူ၏။

သီလဝိသောဓနီကား - သာရတ္ထ အကုသိုလ်စင်၏ဟူသည်မှာ အာပတ်သင့်ပြီးနောက်ပိုင်းမှာ ဆက်လက်ဖြစ်လာမည့် အကုသိုလ်များစင်၏ဟု ယူရမည်။ ဝိမတိဆရာ၏ အကုသိုလ်မပျောက်ဟူသည်မှာ အာပတ်ကိုလွန်ကျူးသော ခဏကဖြစ်ခဲ့သော အကုသိုလ်မပျောက်ဟုယူရမည်ဟူ၏။

ညောင်ရမ်းဆရာတော်ကား - သာပတ္တိကဿ ဘိက္ခဝေ-စသော ဒေသနာသည် သဂါယနာ သုံးတန်တင် ပါဠိတို့၌ မထင်ဟူ၏။

အညွှန်း - အဓိကရဏ်းတို့ကို ကခ်ါအဓိကရဏသမထသို့ ရှုပါ။

၆–စုဒ္ဒကဝတ္ထုက္ခန္ဓက

ရေချိုးခြင်း – ရေချိုးသောရဟန်းသည် သစ်ပင်၌၊ တိုင်၌၊ နံရံ၌ ပွတ်တိုက်အံ့၊ ဒုက္ကဋ်။ ကျား ကွက်ဖော်ထားသောပျဉ်ပြား၌ ရေချိုးအံ့၊ ဒုက္ကဋ်။ သစ်သားလက်ဖြင့် မှတ်ကျောက်မှုန့်ကိုချိပ်ဖွဲ့၍ အလုံးပြု သော ချေးပွတ်ဖြင့်ရေချိုးအံ့ ဒုက္ကဋ်။ ကိုယ်ချင်းပွတ်တိုက်၍ ချေးတွန်းအံ့၊ မကန်းသွားဖော်ထားသော ချေးပွတ် ဖြင့် ရေချိုးအံ့၊ ဒုက္ကဋ်။ (ဂိလာနအား မကန်းသွားဖော်ထားသော ချေးပွတ်ကိုခွင့်ပြု၏) ချေးပွတ်ရန် ရေသနပ် ပုဆိုးကျစ်ကိုလည်းကောင်း၊ လက်ဖြင့် ချေးပွတ်ခြင်းကိုလည်းကောင်း ခွင့်ပြု၏။

မလ္လကံ နာမ မကရဒန္တကေ ဆိန္ဒိတွာ မလ္လကမူလသဏ္ဌာနေန ကတံ မလ္လကန္တိ ဝုစ္စတိ၊ ဣဒံ ဂိလာနဿာပိ န ဝဋ္ဋတိ။ အကတမလ္လကံ နာမ ဒန္တေ အစ္ဆိန္ဒိတွာ ကတံ၊ ဣဒံ အဂိလာနဿေဝ န ဝဋ္ဋတိ။ ဣဋ္ဌကာခဏ္ဍံ ပန ကပါလခဏ္ဍံ ဝါ ဝဋ္ဋတိ။] **(၄၊ စာ–၄၄)** (ဝိမတိ၌ကား –လက်ဖြင့်ဟူရာ၌ လက်ဝါးပြင်ဖြင့် ဟူ၏) လက်ဖနောင့်ဖြင့်ဟုလည်း မြန်မာပြန်၏။ [**ပုထုပါဏိကန္တိ** မုဋ္ဌိ အကတွာ ဝိကသိတဟတ္ထတလေဟိ ပိဋ္ဌိပရိကမ္မံ ဝုစ္စတိ။] **(တိ၊ စာ–၂၂၈)**

မဆောင်အပ်သောပစ္စည်း – နားဆွဲ [ယံကိဉ္စိ ကဏ္ဏပိဠန္ဓနံ အန္တမသော တာလပဏ္ဏမ္ပိ န ဝဋ္ဋတိ] **(၄၊ စာ–၄၄)** စလွယ်၊ လည်ရွဲတန်ဆာ၊ ခါးစည်းကြိုး [အန္တမသော သုတ္တတန္တုမတ္တမ္ပိ] **(၄၊ စာ–၄၄)** လက်ကောက်ခြေချင်း၊ လက်ကြပ် တန်ဆာ၊ လက်စွပ်ဆောင်အံ့၊ ဒုက္ကဋ်။

ဆံပင် – ဆံပင်ရှည်ထားအံ့ ဝက်မှင်ဘီး၊ ဘီး၊ လက်၊ ဖယောင်းဆီ၊ ရေနှင့်ရောသော ဆီဖြင့် ဆံပင်တို့ကို ဖြီးအံ့၊ ဒုက္ကဋ်။ ကာလအားဖြင့် နှစ်လ၊ ပမာဏအားဖြင့် လက်နှစ်သစ်ရှည်သော ဆံပင်ကို ခွင့်ပြု၏။ [နှစ်လကိုလည်း မကျော်စေရ၊ လက်နှစ်သစ်ထက်လည်း မပိုစေရ၊ တစ်ခုခုပိုအံ့ မအပ်၊ ယုတ်မူအပ်၏] [မဏ္ဍနတ္ထာယ သဗ္ဗတ္ထ ဒုက္ကဋံ၊ ဉဒ္ဓလောမေန ပန အနုလောမနိပါတနတ္ထံ ဟတ္ထံ တေမေတွာ သီသံ ပုဉ္ဆိတဗ္ဗံ၊ ဥဏှာဘိတတ္တရဇသိရာနမ္ပိ (အပူဖြင့် နှိပ်စက်သော ရဟန်းဦးခေါင်း၌ မြူကပ်သောရဟန်း) အလ္လဟတ္ထေန ပုဉ္ဆိတုံ ဝဋ္ဋတိ။] **(၄၊ စာ–၄၅)**

မကြည့်အပ် – ကြေးမုံပြင်၌လည်းကောင်း၊ ရေခွက်၌လည်းကောင်း မျက်နှာရိပ်ကိုကြည့်အံ့ ဒုက္ကဋ်။ အာဗာဓပစ္စယကြောင့်ကား ခွင့်ပြု၏။ [ဧတ္ထ ကံသပတ္တာဒီနိပိ ယေသု မုခနိမိတ္တံ ပညာယတိ၊ သဗ္ဗာနိ အာဒါသသင်္ခမေဝ ဂစ္ဆန္တိ၊ ကဉ္ဇိယာဒီနိ ပိ စ (ပအုံးရည်) ဥဒကပတ္တသင်္ခမေဝ၊ တသ္မာ ယတ္ထ ကတ္ထစိ ဩလောကေန္တဿ ဒုက္ကဋံ၊ အာဗာဓပစ္စယာတိ "သဉ္ဆဝိ နု ခေါ မေ ဝဏော၊ ဥဒါဟု န တာဝ"တိ ဇာနနတ္ထံ၊ "ဇိဏ္ဏော နု ခေါမှိ၊ နော" တိ ဧဝံ အာယုသင်္ခါရံ ဩလောကနတ္ထမ္ပိ ဝဋ္ဋတီတိ ဝုတ္တံ။] **(၄၊ စာ–၄၅)**

အလုပြင်ခြင်း – မျက်နှာကို [ဝိပ္ပသန္နဆဝိရာဂကရေဟိ မုခလေပနေဟိ] **(ဠ၊ စာ-၄၅)** မလိမ်းကျံအပ်၊ မပွတ်သပ်အပ်၊ လွင်မှုန်ဖြင့် [မုခစုဏ္ဏကေန] မချေအပ်၊ မြင်းသီလာဖြင့်မျက်နှာကို မှန်ကူကွက်ခြင်း စသည် အမှတ်မပြုအပ်၊ လက်သည်း ခြေသည်း မဆိုးအပ်၊ နှုတ်ခမ်း မဆိုးအပ်၊ လက်သည်း ခြေသည်း ဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း မပြုအပ်။ ပြုအံ့၊ ဒုက္ကဋ်။ (မျက်စိနာ) အနာဟူသောအကြောင်းကြောင့် မျက်နှာကိုလိမ်းကျံ ခြင်းငှာ ခွင့်ပြု၏။

တောင်ထိပ်ပွဲ – ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းကို ကြည့်ရှုခြင်း၊ နားထောင်ခြင်းငှာ သွားအံ့၊ ဒုက္ကဋ်။ [ယံကိဉ္စိ နစ္စံ အန္တမသော မောရနစ္စမ္ပိ ဒဿနာယ ဂစ္ဆန္တဿ ဒုက္ကဋံ။ သယမ္ပိ နစ္စန္တဿ ဝါ နစ္စာပေန္တဿ ဝါ ဒုက္ကဋမေဝ။ ဂီတမ္ပိ ယံကိဉ္စိ နဋဂီတံ ဝါ သာဓုဂီတံ ဝါ **သာဓုဂီတံနာမ** ပရိနိဗ္ဗုတဋ္ဌာနေ ဂီတန္တိ လိခိတံ။ **(ဝိ၊ စာ-၅၂၂)** သာဓုဂီတန္တိ အနိစ္စတာဒိပဋိသံယုတ္တဂီတံ။ **(သာ၊ စာ-၃၈၁)**။ အနိစ္စတာဒိပဋိသညုတ္တံ ဂီတံ။ **တီ၊ စာ-၂၂၈)** အန္တမသော ဒန္တဂီတမ္ပိ ယံ ဂါယိဿာမာတိ ပုဗ္ဗဘာဂေ ဩကူဇန္တာ ကရောန္တိ၊ တေမ္ပိ န ဝဋ္ဋတိ။ သယံ ဂါယန္တဿာပိ ဂါယာပေန္တဿာပိ ဒုက္ကဋမေဝ၊ ဝါဒိတမ္ပိ ယံ ကိဉ္စိ န ဝဋ္ဋတိ၊ ယံ ပန နိဗ္ဗုဘန္တော ဝါ သာသကော် ဝါ ဋ္ဌိတော အစ္ဆရိကံ ဝါ ဖောဋ္ဌေတိ၊ ပါဏိံ ဝါ ပဟာရတိ၊ တတ္ထ အနာပတ္တိ၊ သဗ္ဗံ အန္တရာရာမေ ဌိတဿ (လျက်) ပဿတော အနာပတ္တိ။ ပဿိဿာမီတိ ဝိဟာရတော ဝိဟာရံ (ပရိဝုဏ်ခြားယူ) ဂစ္ဆန္တဿ အာပတ္တိယေဝ။ အာသနသာလာယ (ရွာတွင်း) ဥပစာရအိမ်ပ ဆွမ်းစားဇရပ်(စံကျောင်း) နိသိန္နော ပဿတိ၊ အနာပတ္တိ။ ပဿိဿာမီတိ ဥဋ္ဌဟိတွာ ဂစ္ဆတော အာပတ္တိ။ ဝီထိယံ ဌတွာ ဂီဝံ ပရိဝတ္တေတွာ ပဿတောပိ အာပတ္တိယေဝ] **(ဠ၊ စာ-၄၅၊ ၄၆)**။

အာရာမေ ဌတွာတိ န ကေဝလံ ဌတွာ တတော တတော ဂန္တွာပိ သဗ္ဗိရိယာပထေဟိ လဘတိ၊ အာရာမေ ဌိတာတိ ပန အာရာမပရိယာပန္နဘာဝဒဿနတ္ထံ ဝုတ္တံ။ ဣတရထာ နိသိန္နာပိ န လဘေယျာတိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ **(သာ၊ စာ-၁၂၄)**

ရှည်သောသီချင်းသံဖြင့် တရားသီဆိုခြင်း – အပြစ်ငါးပါး (၁) ကိုယ်တိုင်လည်း ထိုအသံ၌ တပ်မက်၏။ (၂) သူတစ်ပါးတို့ကိုလည်း ထိုအသံ၌ တပ်မက်စေကုန်၏။ (၃) လူတို့ကလည်း ကဲ့ရဲ့ကုန်၏။ (၄) အသံပြုပြင်မှုကို လိုလားသူအား သမာဓိပျက်စီး၏။ (၅) နောက်နောင် လူအပေါင်းကလည်း အတုလိုက်၏။ **(ဝိ၊ စာ-၅၂၂)** ။ သီဆိုအံ့ ဒုက္ကဋ်။ အသံထင်ရှားအောင် ရွတ်ဆိုခြင်းကိုခွင့်ပြု၏။ [သဗ္ဗေသံ (ဝတ္တာနံ) ပဒဗျဉ္ဇနံ အဝိနာသေတွာ ဝိကာရံ အကတွာ သမဏသာရုပ္ပေန စတုရဿေန **(ဠ၊ စာ-၄၆)** (စတုရဿေန ဝတ္တေနတိ ပရိပုဏ္ဏေန ဥစ္စာရဏာဝတ္တေန၊ **သာ၊စာ-၃၈၁၊ တီ၊စာ-၂၂၈)** နယေန ပဝတ္တနံ ယေဝ လက္ခဏံ] ယတ္တကာဟိ မတ္တာဟိ အက္ခရံ ပရိပုဏ္ဏံ ဟောတိ၊ တတောပိ အဓိကမတ္တာယုတ္တံ ကတွာ ကထနံ ဝိကာရကထနံ နာမ၊ တထာ အကတွာ ကထနမေဝ လက္ခဏန္တိ အတ္ထော။ **(တီ၊ စာ-၂၂၈)**

သားမွေးဝတ်လုံ – အပြင်ပ၌ သားမွေးရှိသော ဝတ်လုံကို ဆောင်အံ့၊ ဒုက္ကဋ်၊ [ဗာဟိရလောမိ ဥဏ္ဏန္တိ ဥဏ္ဏလောမာနိ ဗဟိ ကတွာ ဥဏ္ဏပါဝါရံ ပါရုပန္တိ၊ တထာ ဓာရေန္တဿ ဒုက္ကဋံ။ လောမာနိ အန္တော ကတွာ ပါရုပိတုံ ဝဋ္ဋတိ။] **(ဠ၊ စာ-၄၆)** (ပတီ = ဝတ်လုံ)

သရက်သီး – သရက်သီးသုံးဆောင်အံ့ ဒုက္ကဋ်၊ (ဗိမ္ဗိသာရ)။ တစ်ဖန်သရက်သီးခြမ်း၊ သရက်သီး အလုံးလိုက်ကို ခွင့်ပြု၏။ သစ်သီးကို ကပ္ပိခြင်းငါးမျိုးဖြင့် သုံးဆောင်ခြင်းငှာ ခွင့်ပြု၏။ ဤ၌ မြွေကိုက်ခံ ရသော ရဟန်းကိုအကြောင်းပြု၍ ခန္ဓသုတ်ကို ဟောတော်မူသည်။ မိမိကိုယ်ကို လုံခြုံစေခြင်း၊ စောင့်

ရှောက်ခြင်း၊ အရံအတားကိုပြုခြင်းငှာ မြွေမင်း(၄)မျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှာ ခွင့်ပြုတော်မူ၏။

နိမိတ်ဖြတ်ခြင်း – မိမိ၏အင်္ဂါဇာတ်ကိုဖြတ်အံ့ ထုလ္လစ္စဉ်း။ [အညံ့ ပန ကဏ္ဏနာသာအင်္ဂုလိအာဒိ ယံကိဉ္စိ ဆိန္ဒန္တဿ တာဒိသံ ဝါ ဒုက္ခံ (မုဋ္ဌိအာဒီဟိ ဒုက္ခံ) ဥပ္ပါဒေန္တဿ ဒုက္ကဋံ။ အဟိကီဋ္ဋဒဋ္ဌာဒီသု ပန အညအာဗာဓပစ္စယာ ဝါ လောဟိတံ ဝါ မောစေန္တဿ ဆိန္ဒန္တဿ ဝါ အနာပတ္တိ။] **(ဋ္ဌ၊ စာ–၄၆)** အညမ္ပိ ဆေတဗ္ဗမ္ပိတိ ရာဂါနုသယံ သန္ဓာယ ဝဒတိ။ **သာ၊ စာ–၃၈၂**။ ဖြတ်ရန် လက်ဖြင့်ပုတ်ခတ်ခြင်းစသည် ဒုက္ကဋ်၊ ဖြတ်အံ့ ထုလ္လစ္စဉ်း ဟူ။ အင်္ဂဇာတန္တိ ဗီဇဝိရဟိတံ ပုရိသနိမိတ္တံ၊ ဗီဇေ ဟိ ဆိန္နေ ဩပက္ကမိကပဏ္ဍကော နာမ အဘဗ္ဗော ဟောတီတိ ဝဒန္တိ။ ကေစေ ပန "ဗီဇသာပိ ဆေဒနက္ခဏေ ဒုက္ကဋမာပတ္တိ ဝေ၊ ကမေန ပုရိသိန္ဒြိယာဒိကေ အန္တရဟိတေ ပဏ္ဍကော နာမ အဘဗ္ဗော ဟောတိ၊ တဒါ လိင်္ဂနာသနာယ နာသေတဗ္ဗော"တိ ဝဒန္တိ။ တာဒိသံ ဝါ ဒုက္ခံ ဥပ္ပါဒေန္တဿာတိ မုဋ္ဌိပ္ပဟာရာဒီဟိ အတ္တနော ဒုက္ခံ ဥပ္ပါဒေန္တဿ။ **(တီ၊ စာ–၂၃၀)**

တန်ခိုးပြခြင်း – (ရာဇဂြိုဟ်သူဌေးသပိတ်ကိုယူသော အရှင်ပိဏ္ဍောလဘာရဒွါဇကို အကြောင်းပြု၍) လူတို့၏ ကုသိုလ်ကမ္မပထတရား၊ ဆယ်ပါးထက်လွန်မြတ်သော တန်ခိုးပြာဋိဟာကိုပြအံ့ ဒုက္ကဋ်။ [ဧတ္ထ ဝိကုဗ္ဗနိဒ္ဓိပါဋိဟာရိယံ ပဋိက္ခိတ္တံ၊ အဓိဋ္ဌာနိဒ္ဓိ ပန အပ္ပဋိက္ခိတ္တာတိ ဝေဒိတဗ္ဗာ] **(ဋ္ဌ၊ စာ–၄၇)**

မအပ်သောသပိတ် – ထိုသပိတ်ကား သစ်သားသပိတ်ဖြစ်သဖြင့် အစိတ်စိတ်အမွှာမွှာဖျက်ဆီး၍ ရဟန်းတို့အား မျက်စဉ်းကြိတ်ရန် ပေးကုန်လောဟု မိန့်တော်မူသည်။ သစ်သား၊ သပိတ်၊ ရွှေ ငွေ၊ ပတ္တမြား၊ ကျောက်မျက်၊ ဖန်၊ ကြေး၊ စဥ့်၊ ခဲမဖြူ၊ ခဲပုပ်၊ ကြေးနီ၊ သပိတ်မဆောင်အပ်၊ ဒုက္ကဋ်။ သံသပိတ်၊ မြေသပိတ်၊ သပိတ်(၂)မျိုးတို့ကို ခွင့်ပြု၏။

[သစေ ဂိဟီ ဘတ္တဂ္ဂေ သုဝဏ္ဏတဋ္ဋိကာဒီသု ဗျဉ္ဇနံ ကတွာ (ထည့်၍) ဥပနာမေန္တိ၊ အာမသိတုမ္ပိ န ဝဋ္ဋတိ၊ ဖလိကမယကာစမယကံသမယာနိ (ဖလ်၊ စဥ့်၊ ကြေးဖြူ) ပန တဋ္ဋိကာဒီနိ ဘာဇနာနိ ပုဂ္ဂလိက ပရိဘောဂေနေဝ န ဝဋ္ဋန္တိ၊ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋာနိ ဝါ (ဂိသန္တကာနိ ဝါ)ဝဋ္ဋန္တိ။ တမ္ဗလောဟမယောပိ ပတ္တော ၀ န ဝဋ္ဋတိ၊ ထာလကံ ပန ဝဋ္ဋတီတိ ဣဒံ သဗ္ဗံ ကုရုန္ဒိယံ ဝုတ္တံ။ မဏိမယောတိ ဧတ္ထ ပန ဣန္ဒနီလာဒိမဏိမယော (ပတ္တမြားညို) ဝုတ္တော၊ ကံသမယောတိ ဧတ္ထ ဝဋ္ဋလောဟမယောပိ သင်္ဂဟိတော။] **(ဋ္ဌ၊ စာ–၄၇)**

သပိတ်နှီးဝန်း – သပိတ်အရင်းအောက်ဘက်သည် ပွန်းခဲ့သဖြင့် သပိတ်နှီးဝန်းကို ခွင့်ပြု၏။ အကောင်းအညံ့ဖြစ်သော (ရွှေ ငွေ) သပိတ်နှီးဝန်းကိုဆောင်အံ့၊ ဒုက္ကဋ်။ ခဲမဖြူ၊ ခဲပုပ်ဖြင့်ပြီးသော သပိတ်နှီးဝန်း (၂)မျိုးကို ခွင့်ပြု၏။ တူသော သပိတ်နှီးဝန်းတို့သည် မထိနိုင်ကုန်သဖြင့် ပွတ်ခံခြင်းငှာ သပိတ်နှီးဝန်းတို့ တွန့်လိပ်သဖြင့် မကန်းသွား (ခွေးသွား) ဖြတ်ရန်ခွင့်ပြု၏။ ရုပ်စုံပြွမ်းသည်လည်းဖြစ်သော ဘေးအပြင်၌ အပြေအပြစ်ပြုအပ်သည်လည်းဖြစ်သော သပိတ်နှီးဝန်းတို့ကိုဆောင်အံ့ ဒုက္ကဋ်။

သပိတ်သိုမှီးခြင်း – (၁) ရေရှိသောသပိတ်ကိုသိုမှီးအံ့ ဒုက္ကဋ်၊ သပိတ်ကိုနေပူလှန်း၍ သိုမှီးခြင်းငှာ ခွင့်ပြု၏။ (၂) ရေရှိသောသပိတ်ကို နေပူလှန်းအံ့ ဒုက္ကဋ်၊ ရေစင်အောင်သုတ်ပြီးမှ နေပူလှမ်း၍ သပိတ်ကို သိုမှီးခြင်းငှာ ခွင့်ပြု၏။ (၃) နေပူ၌သပိတ်ကိုထားအံ့၊ ဒုက္ကဋ်။ အတန်ငယ်မျှနေပူလှန်း၍ သပိတ်ကို သိုမှီးခြင်းငှာ ခွင့်ပြု၏။

သပိတ်ခြေကိုခွင့်ပြုခြင်း – များစွာသော သပိတ်တို့ကို လွင်တီးခေါင်၌ သပိတ်ခြေမပါပဲထားကုန်၍ သပိတ်လေပွေခတ်သဖြင့် လိမ့်၍ကွဲကုန်သဖြင့် သပိတ်ခြေကို ခွင့်ပြုတော်မူ၏။ [ပတ္တာဓာရကန္တိ

တ္တေ ဒန္တဝလ္လိဝေတ္တာဒီဟိ ကတေ ဘူမိအာခာရကေ (လက်ကောက်သပိတ်ခြေ) တယော, ဒါရုအာခာရကေ ဒွေ ပတ္တေ ဥပရူပရိ ဌပေတုံ ဝဋ္ဋတီတိ ကုရုန္ဒိယံ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန ဝုတ္တံ ''ဘူမိအာခာရကေ တိဏ္ဏံ ပတ္တာနံ အနောကာသော၊ ဒွေ ဌပေတုံ ဝဋ္ဋတိ၊ ဒါရုအာခာရကဒဏ္ဍာခာရကေသုပိ သုသဇ္ဇိတေသု ဒေသေဝ နယော။ ဘမကောဋိသဒိသော ပန (ပွတ်လက်ရုံးအဦးနှင့်တူသော) ဒါရုအာခာရကော တီဟိ ဒဏ္ဍကေဟိ ဗဒ္ဓေါ, ဒဏ္ဍကာခာရော စ ကေသဉ္စိ ပတ္တဿ အနောကာသော၊ တတ္ထ ဌပေတွာပိ ဟတ္ထေန ဂဟေတွာ ဝေ နိသီဒိတဗ္ဗံ။ ဘူမိယံ ပန နိက္ကုဇ္ဇိတွာ ဧကမေဝ ဌပေတဗ္ဗ''န္တိ။] **(ဋ္ဌ၊ တ–၄၇)** (ဥပရူပရိ= တစ်လက်၏မျက်နှာဝထက်၌ တစ်လုံးကို ဆင့်ကာဆင့်ကာထားဟူလို)

တီဟိ ဒဏ္ဍေဟိ ကတော ပန န ဝဋ္ဋတိ။ ဘူမိယံ ပန နိက္ကုဇ္ဇိတွာ ဧကမေဝ ဌပေတဗ္ဗန္တိတ္တေ ဒွေ ဌပေန္တေန ဥပရိ ဌပိတပတ္တံ ဧကေန ပဿေန ဘူမိယံ ဖုသာပေတွာ ဌပေတုံ ဝဋ္ဋတီတိ ဝဒန္တိ။ **(သာ၊ တ–၃၈၇)**

ဘူမိ အာခာရကေတိ ဒန္တာဒီဟိ ကတေ ဝလယာခာရကေ။ တေသု ဝလယာခာရကဿ အနုစ္စတာယ ဌပိတာ ပတ္တာ န ပရိပတန္တီတိ''တယော ပတ္တေ ဌပေတုံ ဝဋ္ဋတီ''တိ ဝုတ္တံ။ အနုစ္စတဉ္စ သန္ဓာယ အယံ''ဘူမိ အာခာရကော''တိ ဝုတ္တော။ ဒါရုအာခာရကဒဏ္ဍာခာရကေသူတိ ဧကဒါရုနာ ကတအာခာရကေ ဗဟူဟိ ဒဏ္ဍေဟိ ကတအာခာရကေ စ၊ တေ စ ဥစ္စတရာ ဟောန္တိ ပတ္တေဟိ သဟ ပတနသဘာဝါ တေန ''သုသဇ္ဇိတေသု''တိ ဝုတ္တံ။ ဘမကောဋိသဒိသောတိ ယတ္ထ ဓမကရဏာဒီ ပဝေသေတွာ လိခန္တိ၊ တဿ ဘမကဿ ကောဋိယာ သဒိသော၊ တာဒိသဿ ဒါရုအာခာရကဿ အဝိတ္ထိဏ္ဏတာယ ဌပိတောပိ ပတ္တော ပတတီတိ ''အနောကာသောတိ'' ဝုတ္တော။ **(တိ၊ တ–၂၃၀၊၂၃၁)**

အကျည်စွန်း၌ထားခြင်း – အတွင်းနံရံအကျည်စွန်း၊ အပနံရံ အကျည်စွန်းတို့၌ သပိတ်ကို ထားအံ့၊ ဒုက္ကဋ်။ သစေ ပန ပရိဝတ္တေတွာ တတ္ထေဝ ပတိဋ္ဌာတိ၊ ဝေရူပါယ ဝိတ္ထိဏ္ဏာယ မိမိယာ ဌပေတုံ ဝဋ္ဋတိ။ **(ဋ္ဌ၊ တ–၄၇)** (အပနံရံ အကျည်စွန်းလည်း အလားတူ) တ္တေ ''ပရိဝဋ္ဋိတွာ ပတ္တော ဘိဇ္ဇတီတိ အဓိကရဏာဘာဝဒါသကါယ အဘာဝေ ဌာနေ ဌပေတုံ ဝဋ္ဋတီတိ လိခိတံ။ **(ဓိ၊ တ–၅၂၃)**။ ပရိဝတ္တိတွာ တတ္ထေဝ ပတိဋ္ဌာတီတိ တ္တေ ''ပရိဝတ္တိတွာ တတိယဝါရေ တတ္ထေဝ မိမိယာ ပတိဋ္ဌာတီ''တိ ဂဏ္ဌိပဒေသု ဝုတ္တံ။ မိမုန္တေပိ အာခာရကေ ဌပေတုံ ဝဋ္ဋတိ၊ ''အနုဇာနာမိ ဘိက္ခဝေ အာခာရက''န္တိ ဟိ ဝစနတော မိမုာဒီသု ယတ္ထ ကတ္ထစိ အာခာရကံ ဌပေတွာ တတ္ထ ပတ္တံ ဌပေတုံ ဝဋ္ဋတိ အာခာရကေ ဌပနောကာသဿ အနိယမိတတ္တာတိ ဝဒန္တိ။ **(သာ၊ တ–၃၈၇)** ။ သဗ္ဗတ္ထ ပန ဟတ္ထပမာဏတော အဗ္ဘန္တရေ ဌပေတုံ ဝဋ္ဋတိ။ အာခာရေ ပန တတော ဗဟိပိ ဝဋ္ဋတိ။ **(တိ၊ တ–၂၃၁)**

မြက်အခင်းစသည် – သပိတ်ထားရန်မြက်အခင်း၊ ပုဆိုးနီး၊ သပိတ်စင်၊ အဝကျယ်သောအိုး၊ သပိတ်အိပ်၊ (ပခုံးလွယ်၊ ဖွဲ့ကြိုး) (သပိတ်အိတ်အတွက်) တို့ကို ခွင့်ပြု၏။ [ပုဆိုးအနီးမရှိသော် ကဋသာရက = ကဲလားသင်ဖျူး၊ တဋိက–ခတ်ပိုင်း၊ အပြေအပြစ်ပြုထားသောမြေ၊ မပျက်စီးလောက်သောသဲပြင်တို့၌ ထားခြင်းငှာ အပ်၏။ မြူစသည်ပွမ်းသောမြေ ကြမ်းသောမြေတို့၌ကား ဒုက္ကဋ်။ သပိတ်စင်ကား အုတ်သစ်တို့ဖြင့် ပြုခြင်းငှာ အပ်၏။]

''ပတ္တမာဠော နာမ ဝဋ္ဋေတွာ ပတ္တာနံ အဂမနတ္ထံ ဝဋ္ဋံ ဝါ စတုရဿံ ဝါ ဣဋ္ဌကာဒီဟိ ပရိက္ခိပိတွာ ကတော''တိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ တ–၃၈၇)** ပတ္တမဏ္ဍလိကာ ပတ္တပစ္ဆိကာ တာလပတ္တာဒီဟိ ကတာ''တိ စ လိခိတံ။ **(ဓိ၊ တ–၅၂၃)**။ ပတ္တမာဠကန္တိ ဥပစိကာနံ အနုဋ္ဌဟနတ္ထာယ ဘူမိတော ဥစ္စတရံ

ကတံ ဝေဒိကာကာရမာဠကံ။ **(တီ၊ စာ-၂၃၁)**

ဆွဲချိတ်ထားခြင်း - သပိတ်ကို ဆွဲချိတ်ထားအံ့ ဒုက္ကဋ်။ [ယတ္ထ ကတ္ထစိ လဂ္ဂေန္တဿ ဒုက္ကဋမေဝ၊ စီဝရဝံသေပိ ဗန္ဓိတွာ ဌပေတုံ န ဝဋ္ဋတိ၊ **(ဋ္ဌ၊ စာ-၄၈)**] လဂ္ဂေန္တဿ ဒုက္ကဋန္တိ ကေဝလံ ပတ္တံ လဂ္ဂေန္တဿ၊ န ထဝိကာယ လဂ္ဂေန္တဿာတိ ဝဒန္တိ။ ဝီမံသိတဗ္ဗံ။ **(တီ၊ စာ-၂၃၁)**

ညောင်စောင်းစသည်၌ထားခြင်း - ညောင်စောင်းအင်းပျဉ် ရင်ခွင်ထီးပေါ်၌ သပိတ်ကိုထားအံ့၊ ဒုက္ကဋ်။ [ဘဏ္ဍုကဋ္ဌပနတ္ထမေဝ ဝါ ကတံ ဟောတု နိသီဒနသယနတ္တံ ဝါ၊ ယတ္ထ ကတ္ထစိ မဉ္စေ ဝါ ပိဋ္ဌေ ဝါ ဌပေန္တဿ ဒုက္ကဋံ၊ အညေန ပန ဘဏ္ဍကေန (ဘာရဗန္ဓနေန ဘဏ္ဍကေန) သဒ္ဓိံ ဗန္ဓိတွာ ဌပေတုံ ဝဋ္ဋတိ။ အင္ကနိယံ ဗန္ဓိတွာ ဩလမ္ဗေတုံ ဝါ ဝဋ္ဋတိ။ (အာသန္နဘူမိကတ္တာ **ဇီ၊ စာ-၅၂၃**)။ ဗန္ဓိတွာပိ ဥပရိ ဌပေတုံ၊ န ဝဋ္ဋတီတိ (ဥပရိ နိသီဒန္တာ ဩတ္ထရိတွာ ဘိန္ဒန္တီတိ ဝုတ္တံ၊ **တီ၊ စာ-၂၃၁**) ။ သစေ ပန မဉ္စော ဝါ ပီဌံ ဝါ ဥက္ခိပိတွာ စီဝရဝံသာဒီသု အင္ကကဆန္နေန (ငြမ်းအသွင်) ဌပိတံ ဟောတိ၊ တတ္ထ ဌပေတုံ ဝဋ္ဋတိ။ (နိသီဒနသင်္ခါဘာဝတောဝုတ္တံ၊ **တီ၊ စာ-၂၃၁။) (ဋ္ဌ၊ စာ-၄၈)** (မိမုန္တေ အာဓာရကေ ထပေတုံ ဝဋ္ဋတိ ပတ္တသန္ဓာရဏတ္ထံ ဝုတ္တတ္တာ။ မဉ္စေ အာဓာရကေပိ န ဝဋ္ဋတိ နိသီဒနပစ္စယာ ဝါရိတတ္တာ **(ဇီ၊ စာ-၅၂၃)**။

အံသဝဒ္ဓနကေန အံသကူဋေ လဂ္ဂေတွာ အင်္ကေ ဌပေတုံ ဝဋ္ဋတိ။ ။ ဆတ္တေ ဘတ္တပူရောပိ အံသကူဋေ လဂ္ဂိတပတ္တောပိ ဌပေတုံ န ဝဋ္ဋတိ၊ ဘဏ္ဍကေန ပန သဒ္ဓိံ ဗန္ဓိတွာ ဝါ အင္ကကံ ကတွာ ဝါ ဌပိတေ ယော ကောစိ ဌပေတုံ ဝဋ္ဋတိ] **(ဋ္ဌ၊ စာ-၄၈)** (ဖီကား - သပိတ်အိတ်ကို လက်၌ဆွဲချိတ်၍ ရင်ခွင်၌ထားလည်း အပ်သော ဟူ၏။)

သပိတ်နှင့်တံခါး - သပိတ်လက်စွဲလျက် တံခါးရွက်ကိုတွန်းအံ့၊ ဒုက္ကဋ်။ (ကွဲ၍ပညတ်သည်) [တစ်စုံတစ်ခုသော ကိုယ်အစိတ်အပိုင်း၌ သပိတ်ရှိလျက် တစ်စုံတစ်ခုကိုယ်အစိတ်အပိုင်းဖြင့် တံခါးရွက်၊ ကျည်မ၊ ကျည်ငယ်၊ သံကောက်တို့၌ ဖွင့်ခြင်းငှာ မအပ်။ ပခုံး၌ သပိတ်လွယ်၍ကား အလိုရှိတိုင်း ဖွင့်ခြင်း ငှာရ၏။]

ဗူးအုံ၊ အိုးအုံ - ဘူးတောင်း၊ အိုးကင်း၊ (ဗူးအုံအိုးအုံ) တို့ဖြင့် ဆွမ်းခံအံ့ ဒုက္ကဋ်။ [ဆောင်ခြင်း ငှာမအပ်၊ ရ၍တာဝကာလိက သုံးဆောင်ခြင်းငှာ အပ်၏။] တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီတိ သကိဒေဝ ဂဟေတွာ တေန အာမိသံ ပရိဘုဉ္ဇိတွာ ဆဍ္ဍေတုံ ဝဋ္ဋတီတိ အဓိပ္ပာယော။ **(သာ၊ စာ-၃၈၇)** ပရိဟာရိတုန္တိ ဒိဝသေ ဒိဝသေ ပိဏ္ဍာယ စရဏတ္ထာယ ဌပေတုံ။ ပတ္တံ အလဘန္တေန ပန ကေဒိဝသံ ပိဏ္ဍာယ စရိတွာ ဘုဉ္ဇိတွာ ဆဍ္ဍေတုံ ဝဋ္ဋတိ၊ တေနာဟ ''တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီ''တိ။ ပဏ္ဏပုဋ္ဌာဒီသုပိ ဧသေဝန ယော။ **(တီ၊ စာ-၂၃၁)**။ ဖလ်ခွက်၊ ပျပ်၊ ဒေါင်းလန်း စသည်တို့၌လည်း ဗူးအုံနှင့်အတူပင်၊ ကပ္ပိယ အကပ္ပိယနှစ်ပါးကို ယထာရဟမှတ်ယူလေ။ **(စံကျောင်း-၁၈၄)**

အလုံးစုံပံသုကူ - လူဦးခေါင်းခွံ့ သပိတ်ကိုဆောင်အံ့၊ ဒုက္ကဋ်။ အလုံးစုံပံ့သုကူ ပံ့သုကူပစ္စည်းချည်း ဖြစ်အံ့၊ ဒုက္ကဋ်။ [ဝွေ စီဝရဋ္ဌ မဉ္စပီဌဋ္ဌ ပံသုကူလံ ဝဋ္ဋတိ၊ အဇ္ဈောဟရဏီယံ ပန ဒိန္နကမေဝ ဂဟေတဗ္ဗံ။] **(ဋ္ဌ၊ စာ-၄၈)** ဒိန္နကမေဝ ပဋိဂ္ဂဟိတမေဝ။ **(ဇီ၊ စာ-၅၂၃)**

စားဖတ်၊ စုတ်ဖတ် - သားရိုး၊ ငါးရိုး၊ လုတ်ဆေးရေတို့ကို သပိတ်ဖြင့်ဆောင်အံ့ ဒုက္ကဋ်။ [သပိတ်ကိုခံ၍ လက်ဆေးခြင်း၊ လက်ဆေးရေ ခြေဆေးရေကို သပိတ်၌ထည့်၍ ဆောင်ခြင်း၊ အာမိသစား ကြွင်းမရှိ၊ စင်ကြယ်သောသပိတ်ကို အာမိသရှိသောလက်ဖြင့် ကိုင်ခြင်းငှာ မအပ်။ လက်ဝဲလက်ဖြင့် ရေထည့်၍ တစ်ကျိုက်သောက်ပြီး အာမိသရှိသောလက်ဖြင့် ကိုင်ခြင်းငှာ အပ်၏။ ဤမျှဖြင့်လည်း စားကြွင်းရှိသော

သပိတ် ဖြစ်ပါ၏။ လက်ကိုအပဥ်ဆေးပြီးကိုင်ခြင်းငှာ အပ်၏။ စားပြီးအရိုး၊ စားဖတ်တို့ကိုစွန့်ရန်ဖြစ်မူ သပိတ်၌ထည့်ခြင်းငှာ မအပ်၊ စားတုန်းမူ အပ်၏။ အရိုး၊ အကြောစသည်တို့ကို သပိတ်၌ထည့်၍ လက်ဖြင့် ထွင်ခြင်းငှာ အပ်၏။ ခံတွင်းမှထုတ်အပ်သော အမှတ်မရှိခဲဖွယ်ကို တစ်ဖန်စားလိုမူ သပိတ်၌ထားခြင်းငှာမရ၊ ချင်းစိမ်း၊ အုံးသီးစိတ်တို့ကိုကိုက်ပြီး၍ တစ်ဖန်ထားခြင်းငှာ ရ၏။]

''ပဋိဂ္ဂဟံ ကတွာတိ ဝုတ္တတ္တာ ဥစ္စိဋ္ဌဟတ္ထေန (သာမိသဟတ္ထေန) ဥဒကံ ဂဟေတွာ ပတ္တံ ပရိပ္ဖေါသိတွာ ဓောဝနယံသနဝသေန ဟတ္ထံ ဓောဝိတုံ ဝဋ္ဋတိ၊ တွေကေန ပတ္တံ ပဋိဂ္ဂဟံ ကတွာ ဟတ္ထော ဓောဝိတော နာမ န ဟောတိ။ **(တိ၊ ဇာ-၂၃၂)** မဝါးရ မကိုက်ရသေးသည်ကိုယူ နောက်ဝါကျထောက်။ ပဋိခါဒိတုကာမောတိ တွေ န သယံ ခါဒိတုကာမောပိ အညေသံ ခါဒနာရဟံ ဌပေတုံ လဘတိ။ **(တိ၊ ဇာ-၂၃၂)**။ ရဟာန်းတို့လက်ဆေးခံကို ခွင့်ပြု၏။

ဓားငယ်စသည်ကို ခွင့်ပြုခြင်း - (သက်န်းဖြတ်ရန်) ဓားငယ်၊ ဓားငယ်ရစ်ပတ်ရန် ဖျင်ပိုင်း အထည်ကြမ်း၊ အရိုး၊ တပ်သောဓားငယ်ကို ခွင့်ပြု၏။ (၁) (ရွှေငွေစသော) ဓားရိုးအမျိုးမျိုးဆောင်အံ့၊ ဒုက္ကဋ်။ အရိုးအစွယ်၊ ဦးချို၊ ကျူ၊ ဝါး၊ သစ်သား၊ ချိတ်၊ ဖန်၊ ကြေးသံ၊ ခရုသင်းဓားရိုးတို့ကို ခွင့်ပြု၏။ (၂) အပ်၊ အပ်ဘူး၊ (သံချေးမတက်ရန်) တဆေးမှုန့်၊ နနွင်းနှင့်ရောသော မုံ့မှုန့်တို့ကို အပ်ဘူး၌ထည့်ရန် ခွင့်ပြု၏။(အပ်ကို) ပျားဖယောင်းဖြင့် လိမ်းကျံခြင်းငှာ ခွင့်ပြု၏။ ကျောက်မှုန့်ထည့်ရန် အိတ်ကိုခွင့်ပြု၏။ [ပ-၃] ဖယောင်းတိုက်သော ပုဆိုးအိတ်ဟူ၏။ ဓားငယ်အိတ်လည်း ထိုအိတ်နှင့်လျော်သည်ဟု ကုရုန္ဒီ၌ဆို၏။

ကားပေါင်ကိုခွင့်ပြုခြင်း - သင်္ကန်းညီညာစွာချုပ်နိုင်ရန် ကားပေါင်၊ ကားပေါင်ချည်ရန်ကြိုး၊ ထိုထိုအရပ်၌ချည်၍ (ကားကြက်၍) သင်္ကန်းကိုချုပ်ရန် ခွင့်ပြု၏။ (၁) မညီညွတ်သောနေရာ၌ ကားပေါင်ကို ဖြန့်ခင်းအံ့ ဒုက္ကဋ်၊ ကားပေါင်အတွက် မြက်အခင်း၊ ကားပေါင်းဆွေး၍ အလျားအနံ၊ အနားပတ်တို့ကို တင်ရန်၊ ကားပေါင်မမီသဖြင့် ကားချပ်နှုတ်ခမ်းလုံးခြင်း၊ ဝါးခြမ်းစိတ်၊ ကားပေါင်ရှည်၊ ကားပေါင်ကိုချည် ရန်ကြိုး၊ ကားပေါင်၌ သင်္ကန်းဖွဲ့ချည်ရန် ဖွဲ့ချည်၍ သင်္ကန်းကိုချုပ်ရန် ခွင့်ပြု၏။ ချည်အကြားတို့မညီ ညွတ်၍တိုင်းတာမှုကို ချည်တို့ကောက်ကုန်၍ အချိုးနှိုးသောချည်ကို ခွင့်ပြု၏။ (၂) မဆေးသောခြေတို့ဖြင့် ကားပေါင်ကို နင်းအံ့၊ (၃) စိုစွတ်သောခြေတို့ဖြင့် ကားပေါင်ကိုနင်းအံ့၊ (၄) ဖိနပ်စီး၍ ကားပေါင်ကိုနင်းအံ့ ဒုက္ကဋ်။ သင်္ကန်းချုပ်ရာ၌ အပ်ကိုခံရန် လက်စုလက်ခံကို (အပ်ထောက်) ကို ခွင့်ပြု၏။ (၅) (ရွှေငွေ) လက်စုလက်ခံ တို့ကိုဆောင်အံ့ ဒုက္ကဋ်။ အရိုးလက်စုလက်ခံ၊ - လ - ခရုသင်း၊ ချက်လက်စုလက်ခံတို့ကို ခွင့်ပြု၏။ အပ်၊ ဓားငယ်၊ လက်စုလက်ခံထည့်ရန်အိတ်၊ ပခုံးလွယ်၊ ဖွဲ့ကြိုး(အိတ်ချည်ရန်) ကားပေါင်ထားစရာ ဇရပ်၊ မဏ္ဍပ်၊ (ရေလွှမ်း၍) ဇရပ်ကို မြေမြင့်အောင်ပြုခြင်းငှာ အုတ်၊ ကျောက်၊ သစ်သားတို့ဖြင့် စီခြင်းငှာ၊ (တက်ရန်) အုတ်၊ ကျောက်၊ သစ်သားလှေကား၊ လှေကား၌လက်တန်း၊ ကားပေါင်ထားရာ ဇရပ်၌အတွင်းအပ လိမ်းကျံခြင်း၊ ဖြူမည်းသောအဆင်း၊ ငွေ့နီဖြင့် အချောကိုင်ခြင်း၊ ခြူးပန်း၊ နွယ်ပန်း ခြယ်လှယ်ခြင်း၊ မကန်းသွားဖော်ခြင်း၊ သက်တင်ရေး၊ သင်္ကန်းတန်းဝါး၊ ကြိမ်၊ သင်္ကန်းလှန်းရန်ကြိုး၊ ချုပ်ပြီးကားချပ်ကို ခေါက်လိပ်စိမ့်သောငှာ ဝါးလုံးလုံ့တံကို အတွင်း၌သွင်း၍ ခေါက်လိပ်ရန် ဖွဲ့ချည်ရန် ကြိုးနံရံငုတ်ဆင်စွယ်တို့၌ ဆွဲချိတ်ရန်ခွင့်ပြု၏။

ဖိနပ်အိတ်၊ ရေစစ်တို့ကို ခွင့်ပြုခြင်း - ဆေးအိတ်၊ ပခုံးလွယ်စရာ ဖွဲ့ကြိုး၊ ဖိနပ်အိတ်၊ ပခုံး လွယ်စရာ ဖွဲ့ကြိုး၊ ရေစစ် (အဝတ်ပိုင်းမလုံလောက်) လုံ့တံသုံးချောင်း၌ထိုး၍ ပြုအပ်သော **ကဋစ္ဆုပရိဿာဝန်**-ရေစစ်၊ ဓမကရိုဏ်၊ လေစုတ်ရေစစ်တို့ကို ခွင့်ပြု၏။

ရေစစ်မပါ၊ ခရီးသွားခြင်း – (၁) ခရီးရှည်သွားသော [အဓုယောဇနံ အဒ္ဓါနမဂ္ဂေါ နာမ] ရဟန်းသည် ရေစစ်ကိုတောင်းလျှင် မပေးအံ့၊ ဒုက္ကဋ်။ [မရှိသူအားသာ မပေးလျှင် အာပတ်၊ ရှိသူအားကား မပေးလိုက မပေးအပ်။] သစေပိ ဥပနန္ဒော ဘိက္ခု အလဒ္ဓိ၊ တထာပိ သန္တကမေတံ အမူလစ္ဆေဒကတဘိက္ခုနော လဒ္ဓိနောပိ သမာနသာ ကပ္ပတီတိ ယုဇ္ဇတိ။ **(ဋီ၊ စာ–၅၂၄)** ဤသို့ အမူလစ္ဆေဒ္ဓအားဖြင့် တောင်းသော်လည်း ဓမ္မိယလဒ္ဒ ပစ္စည်းဖြစ်မှသာ အပ်သည်။ အဓမ္မိယလဒ္ဓဖြစ်မူကား မအပ်။ အလားတူ၊ အညတရံ အာသနံ ဂဟေတွာ နိသီဒီတိ ဝစနတော ဝိသဘာဂဒွာနံ ဂတဿ ပေဿလဿပိ ဘိက္ခုနော တေသံ အာသနေ နိသီဒိတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ **(ဋီ၊ စာ–၅၃၃) [စံကျောင်း–၁၉၀]**

(၂) ရေစစ်မပါသောရဟန်းသည် ခရီးရှည်သွားအံ့ ဒုက္ကဋ်။ ရေစစ်ပဝါသည်လည်းကောင်း၊ ဓမကရိုဏ်း၊ လေစုပ်ရေစစ်သည်လည်းကောင်း မရှိမူ နှစ်ထပ်သင်္ကန်းစွန်းကိုလည်း ဤနှစ်ထပ်သင်္ကန်းဖြင့် စစ်၍ သောက်အံ့ဟု ဆောက်တည်ရမည်။ [သိလျက်သွားအံ့ ဥပစာရလွန်လျှင် အာပတ်၊ စေတနာမပါဘဲသွားမူ (အသဉ္စိစ္စ) သတိရရာအရပ်၌တည်၍ နှစ်ထပ်သင်္ကန်းစွန်းစသည်ကို မဆောက်တည်ဘဲဆက်သွားအံ့၊ ခြေလှမ်းတိုင်းအာပတ်၊–––**(တိ၊ စာ–၂၃၃)**။ (အဝတ်မလောက်၍) လေးတိုင်စင်စိုက်၍ အဝတ်ကြက်သောရေစစ်နှစ်၍ စစ်သောရေစစ်ကို ခွင့်ပြု၏။

ခြင်ထောင်၊ စင်္ကြံ ဇရုံးအိမ် – တို့ကို ခွင့်ပြု၏။ စင်္ကြံ၌ ဇရပ်နှင့်အလားတူ မြေညီညွတ်အောင် ပြုခြင်း၊ –လ–သင်္ကန်းလှန်းရန် ကြိုးတို့ကို ခွင့်ပြု၏။ ဇရုံးအိမ်၌ မြေမြင့်အောင်ပြုခြင်း၊ – လ – လှေကားလက်တန်း၊ တံခါးရွက်၊ တံခါးပေါင်၊ ဆုံငယ်၊ အထက်ကွင်း၊ မင်းတုပ်လျှိုတိုင်၊ သံကွင်း၊ မြောက်လက်၊ ကျည်ငယ် ကျည်မ (မင်းတုပ်)၊ သံကောက်ပေါက်၊ ဆွဲငင်စရာ အပေါက်၊ ဆွဲငင်စရာကြိုး၊ နံရံခြေဆွေး၍ နိမ့်သော နေရာကိုထပ်ဖို့ခြင်းငှာ၊ အခိုးထွက်စရာ ပြွန်ပေါက်၊ ငယ်သောဇရုံးအိမ်တွင် သင့်လျော်ရာ၌ကြီးသော ဇရုံးအိမ်တွင် အလယ်၌ မီးဖိုကိုပြုလုပ်ရန် (မျက်နှာကိုမီးဟပ်၍) မျက်နှာလိမ်းမြေညက်၊ မြေညက်ဖျော်ရန်ကျင်း၊ မြေညက်အနံ့မကောင်း၍ နံ့သာဖြင့်ထုံရန် မီးကိုယ်ကိုလောင်၍ ရေဆောင်ရန်၊ ရေထားရန်နေရာ ရေခွက် (မျက်မိုးသည် ချွေးမရစေ၍) ခါ၍ အတွင်းအပလိမ်းကျံမှုကို ပြုခြင်းငှာ ဖွက်ပေါက်၍ အုတ်၊ ကျောက်၊ သစ်သား၊ အခင်းသုံးမျိုးခင်းခြင်းငှာ၊ ရေဆေးရန်၊ ရေထုတ် ပြွန်၊ ထိုင်ခုံ၊ အုတ်၊ ကျောက်သစ်သား၊ တံတိုင်းဖြင့် ကာရန်၊ တံခါးမုတ် ၎င်းကို မြင့်အောင်ပြုခြင်းစသည် – လ – သက်တင်ရေးခြင်း ခွင့်ပြု၏။

ပရိဝုဏ် – ကျောင်းဝိုင်းဖွက်ပေါက်၍ ကျောက်ပြုတ်ကျောက်ပြားခင်းခြင်းငှာ ရေဝပ်၍ ရေထုတ်ပြွန်ကို ခွင့်ပြု၏။

အဝတ်မပါဘဲ ရှိခိုးခြင်း – (၁) အဝတ်မပါသော ရဟန်းချင်းချင်း ရှိမခိုးအပ်၊ (၂) ရှိမခိုးစေအပ်၊ (၃) အဝတ်မပါသော ရဟန်းသည် ရှိမခိုးအပ်၊ (၄) ရှိမခိုးစေအပ်၊ (၅) အဝတ်မပါသောရဟန်းသည် အဝတ်မပါသောရဟန်းအား ချေးတွန်းခြင်းကို မပြုအပ်၊ (၆) မပြုစေအပ်၊ (၇) မပေးလှူအပ်၊ (၈) အဝတ်မပါသော ရဟန်းသည် မခံယူအပ်၊ (၉) မခဲအပ်၊ (၁၀) မစားအပ်၊ (၁၁) မလျက်အပ်၊ (၁၂) မသောက်အပ်၊ ဒုက္ကဋ်။

ဇရုံးအိမ်၌ သင်္ကန်းတန်းဝါး သင်္ကန်းလှန်းကြိုးကို ခွင့်ပြု၏။ မိုးရွာသဖြင့် သင်္ကန်းမိုးစွတ်၍ ဇရုံးအိမ် ဇရပ်ကိုခွင့်ပြု၏။ (ဇရပ်တူ)

အလွှမ်းသုံးပါး – ဇရုံးအိမ်၊ ရေ၊ အဝတ်ဟူသော၊ ဖုံးလွှမ်းခြင်းသုံးမျိုးကို ခွင့်ပြု၏။ ဇရုံး၊ ရေ အလွှမ်း၌ ချေးတွန်းခြင်း ပရိကမ္မပြုသူအားသာ အပ်၏။ ကြွင်းရှိခိုးခြင်းစသည်တို့၌ မအပ်၊ အဝတ်အလွှမ်း၌

အလုံးစုံ အမှုတို့၌ အပ်၏။ **(ဋ၊ စာ-၅၁)**] ဖန္တာဃရပဋိစ္ဆာဒိနာ ဆန္ဒသာ နဂ္ဂိယံ ယသာ န ပညာယတိ၊ တသောဝ ပရိကမ္မံ ကာတဗ္ဗံ။ သေ နယော ဥဒကဝတ္တပဋိစ္ဆာဒိသုပိ။ **(ဓိ၊ စာ-၅၂၄)** ယခုကာလ ရေချိုးအိမ်ကိုလည်း ဖန်အိမ်နှင့် အလားတူဟု ဆရာတို့ယူကြ၏။ (ပါ-ဘာသာ ဋီကာ)

ရေတွင်း - ဖန်အိမ်၌ **ရေမရှိ၍** ရေတွင်းကို ခွင့်ပြု၏။ ရေတွင်းနှုတ်ခမ်းပျက်၍ အုတ်၊ ကျောက်၊ သစ်သားစီခြင်း၊ - လ - လှေကားလက်တန်းကို ခွင့်ပြု၏။ ရေငင်ကြိုး၊ မောင်းလက် စက်သီး၊ ရေစုပ် စက်၊ သံကြေးပုံး၊ သစ်သားပုံး၊ သားရေပုံး၊ ရေတွင်း ဇရပ်ကို ခွင့်ပြု၏။ (ဖန်အိမ်နှင့်တူ)။ ရေထုတ်ပြွန်ကို ခွင့်ပြု၏။

ကိုယ်သုတ်ခြင်း - ရေသုတ်အထည်ကို ခွင့်ပြု၏။ ပုဆိုးကြမ်းဖြင့်သော်လည်း သုတ်ရန်ခွင့်ပြု၏။ [ဉဒကပုဉ္ဆနီ ဒဏ္ဍမယာပိ ဝိသာဏမယာပိ ဒါရုမယာပိ ဝဋ္ဋတိ၊ တဿာ အသတိ စောဠကေနာပိ ဉဒကံ ပစ္စုဒ္ဓရိတုံ ဝဋ္ဋတိ။] **(ဋ၊ စာ-၅၁)**

ရေကန် - ကန်ပေါင်ရိုးသုံးမျိုးစီခြင်း၊ လှေကား၊ လက်တန်း၊ ရေထုတ်ပြွန်ကို ခွင့်ပြု၏။ အထွဋ် ခြင်ပိပ်တပ်သော ဖန်အိမ်ကို ခွင့်ပြု၏။ **(ပါ၊ စာ-၂၆၂)**

နိသီဒိုင် - လေးလပတ်လုံး နိသီဒိုင်အခင်းနှင့်ကင်း၍ နေအံ့၊ ဒုက္ကဋ်။

[နိသီဒနေန စတ္တာရော မာသေ န ဝိပ္ပဝသိတဗ္ဗန္တိ အတ္ထော။] **(ဋ၊ စာ-၅၁)** ရတနဝင် နိသီဒိုင်တည်း။ ပရိက္ခာရစောဠအဖြစ် အဓိဋ္ဌာန်မတင်ဘဲ နိသီဒိုင်အဖြစ် ဣမံ စီဝရံ နိသီဒနံ အဓိဋ္ဌာမိ-ဟု အဓိဋ္ဌာန်တင်သော နေ့မှစ၍ လေးလတင်းပြည့်၍ အရုဏ်တက်သောအခါ၌ နိသီဒိုင်သင်္ကန်းနှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပကင်း၍ နေသောရဟန်းအား ဒုက္ကဋ်။ ထိုသင့်သောနေ့ကစ၍ တစ်ဖန်လေးလတင်းတင်းပြည့်၍ အရုဏ်တက်သောအခါ၌ ဒုက္ကဋ်။ (စံကျောင်း-၁၉၆)

အိပ်ရာအခင်း - (၁) ပန်းပွင့်တို့ဖြင့် ပြွမ်းသောအိပ်ရာတို့၌ အိပ်အံ့၊ ဒုက္ကဋ်။ လှူတို့လှူသော နံ့သာ ကိုယူ၍ တံခါးရွက်၌ လက်ငါးချောင်းရာပေးခြင်းငှာလည်းကောင်း၊ ပန်းကိုယူ၍ ကျောင်း၌သင့်ရာမှာထား ခြင်းငှာလည်းကောင်း ခွင့်ပြု၏။

သိုးမွေးအခင်း - သိုးမွေးဖြင့်ပြီးသော မရက်အပ်သော အခင်းကို ခွင့်ပြု၏။ အဓိဋ္ဌာန်မတင်အပ်၊ ဝိကပ္ပနာမပြုအပ်။ [နမတကံ နာမ ဧဠကလောမေဟိ ကတံ အဝါယိမံ စမ္မခဏ္ဍပရိဟာရေန စ (ပရိ ဘောဂေန) ပရိဘုဉ္ဇိတဗ္ဗံ။] **(ဋ၊ စာ-၅၁)** အနဓိဋ္ဌဟိတွာ ပရိဘုဉ္ဇိတဗ္ဗံ။ **(သာ၊ စာ-၃၈၈)** အနဓိဋ္ဌဟိတွာ သယနာသနဝိမိနာတိ အတ္ထော။ **(တိ၊ စာ-၂၃၄)**

(၁) **ကြေးနီအုပ်ငွေအုပ်၌** - (ထည့်၍) စားအံ့ ဒုက္ကဋ်၊ [အာသိတ္တကူပဓာနံ နာမ တမ္ဗလောဟေန ဝါ ရဇတေန ဝါ ကတာယ ပေဠာယ ဇတံ အဓိဝစနံ] ပဋိက္ခိတ္တတ္တာ ပန ဒါရုမယာပိ န ဝဋ္ဋတိ။] **(ဋ၊ စာ-၅၁)** (ပချုပ်၊ ပေဠာယ)။ (၂) သပိတ်တင်၍ဆွမ်းစားရန် လုံတံသပိတ်ခြေ (မဠောရိက)ကို ခွင့်ပြု၏။ [ယဋ္ဌိ အာဓာရက (ဝါးချောင်း) ပဏ္ဏာဓာရက၊ ပစ္ဆိကပိဋ္ဌ (ခြင်းကွက်အပြစ်)တို့လည်း ဤ၌ပင်ဝင်ကုန်၏။ မှန်၏။ သပိတ်ခြေအသွင်သို့ ရောက်သည်မှစ၍ အပေါက်ပေါက်သော်လည်းကောင်း မပေါက်သော်လည်းကောင်း အပ်သည်သာ။]

ပေဠာယာတိ အင်္ဂုံသသောဠသံသာဒိအာကာရေန ကတာယ ဘာဇနာကာရာယ ပေဠာယ၊ ယတ္ထ ဉဏှပါယာသာဒိ ပက္ခိပိတွာ ဉပရိ ဘောဇနပါတိံ ဌပေန္တိ ဘတ္တသာ ဉဏှာဘာဝါဝိဂမနတ္ထံ၊ တာဒိသဿ ဘာဇနာကာရဿ အာဓာရဿေတံ အဓိဝစနံ၊ တေနေဝ ပါဠိယံ **"အာသိတ္တကူပဓာန"**န္တိ ဝုတ္တံ၊ တဿ

စ ပါယာသာဒီဟိ အာသိတ္တကာဓာရေဟိ အတ္တော။ ကူဒဥ္စ အာသိတ္တကူပဓာနံ ပစ္စန္တေသု န ဇာနန္တိ ကာတုံ၊ မဇ္ဈိမဒေသေယေဝ ကရောန္တိ၊ ကေစိ ပန ''ဂိဟိပရိဘောဂေါ အယောမယာဒိသဗ္ဗောပိ အာဓာရော အာသိတ္တကူပဓာနမေဝ အနုလောမေတီ''တိ ဝဒန္တိ၊ ဧကေ ပန ''ကပ္ပိယလောဟမယော အာဓာရော မဠောရိကမေဝ အနုလောမေတီ''တိ၊ ဝီမံသိတွာ ဂဟေတဗ္ဗံ။ ပုဗ္ဗေ ပတ္တဂုတ္တိယာ အာဓာရော အနုညာတော၊ ဣဒါနိ ဘုဉ္ဇိတုံ မဠောရိကာ အနုညာတာ။ **(တီ၊ ၂၃၄)** [စံကျောင်း – ၁၉၇ သို့ ကြည့်]

အတူစားသောက်ခြင်း၊ အိပ်ခြင်း – တစ်ပန်းကန်တည်း၌ စားအံ့၊ တစ်ခွက်တည်းသောက်အံ့၊ တစ်ညောင်စောင်းတည်း၊ တစ်ခင်းတည်း၊ တစ်ရုံတည်းခြုံ၍၊ တစ်ခင်းတစ်ရုံတည်း ခင်းခြုံ၍အိပ်အံ့၊ ဒုက္ကဋ်။ [ကောဘာဇနေတိ ဧတ္ထ သစေ ဧကော ဘိက္ခု ဘာဇနတော ဖလံ ဝါ ပူဝံ ဝါ ဂဟေတွာ ဂစ္ဆတိ၊ တဿ် အပဂတေ ဣတရဿ သေသကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဣတရဿာပိ တဿ ခီဏေ (ခဏေ) ပုန ဂဟေတုံ ဝဋ္ဋတိ။] **(ဋ၊ စာ–၅၁)** လက်ချင်းမဆုံလျှင် အပ်သောဟူ၏။) ကေစိတို့ကား တလှည့်စီနှိုက်စားသော်လည်း မအပ်ဟူကုန်၏။ **[သာရ–၄၁၂၊ ၄၁၃]**

သပိတ်မှောက်အင်္ဂါ – (၁) ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ၊ (၂) အကျိုးမဲ့ဖြစ်စိမ့်သောငှာ၊ (၃) နေရာမရစိမ့်သောငှာ အားထုတ်၏။ (၄)ရဟန်းတို့ကို ဆဲရေး၏ ခြိမ်းခြောက်၏။ (၅) ရဟန်းအချင်းချင်း ကွဲပြားစေ၏။ (၆) မြတ်စွာဘုရား၏၊ (၇) တရားတော်၏၊ (၈) သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ဤအင်္ဂါ(၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ခြင်းငှာ ခွင့်ပြု၏။ [တစ်ပါးပါးဖြင့်လည်း မှောက်ခြင်းငှာ အပ်ပါ၏။ ထိုသူ့အိမ်၌ ဘာမျှအလှူမခံအပ်၊ အခြားကျောင်းများသို့လည်း ဆွမ်းမခံရန် စေရမည်။ (ဗျတိရေကအားဖြင့် ဤအင်္ဂါတို့ကို ကျင့်လျှင်လှန်) လှန်သောအခါ သုံးကြိမ်တိုင် ဒါယကာကို တောင်းပန်စေ၍ နှစ်တောင့်ထွာ ဟတ္ထပါသ်ကိုစွန့်စေ၍ ဉတ္တိဒုတိယကံဖြင့် လှန်လေ။] အလှူခံအံ့ ဒုက္ကဋ်။ **(တီ၊ စာ–၂၃၄)**

မနင်းအပ် – ပုဆိုးဖြူအခင်းကိုနင်းအံ့ ဒုက္ကဋ်။ (ဤ၌ ဗောဓိမင်းသားက သားလို၍ အဓိဋ္ဌာန်ထား သောကြောင့် ဟူ၏။) [သားမဖွားဖူးသေးသောမိန်းမ ကိုယ်ဝန်ဆောင်မိန်းမတို့က] မင်္ဂလာအကျိုးငှာ တောင်းပန်သော် ပုဆိုးဖြူအခင်းကိုနင်းခြင်းငှာ ခွင့်ပြု၏။ ခြေဆေးပြီး နင်းအပ်သောအခင်းကို နင်းခြင်းငှာ ခွင့်ပြု၏။

အိုး၊ တံမြက်၊ ခြေပွတ်အိုးခြမ်း – (ဝိသာခါ) ရေအိုးကိုလည်းကောင်း၊ တံမြက်ကိုလည်းကောင်း ခွင့်ပြု၏။ ကြာချပ်သဏ္ဌာန်ဆူးထနေသော ခြေပွတ်ကိုသုံးဆောင်အံ့။ ဒုက္ကဋ်။ [တံ ဝဋ္ဋ ဝါ ဟောတု စတု ရဿာဒိဘေဒံ ဝါ၊ ဗာဟုလိကာနုယောဂတ္တာ ပဋိက္ခိတ္တမေဝ၊ နေဝ ပဋိဂ္ဂဟေတုံ န ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။] **(ဋ၊ စာ–၅၂)** ကျောက်စရစ်ခြေပွတ်၊ [ပါသာဏဖေဏကောပိ ဝဋ္ဋတိ] အိုးခြမ်းခြေပွတ်၊ ပင်လယ်ရေမြှုပ် ခြေပွတ် (၃)မျိုးတို့ကို ခွင့်ပြု၏။

အသား၏ အတိုင်းအရှည်ဖြင့် – လက်သည်း၊ ခြေသည်းတို့ကို ဖြတ်ရန်ခွင့်ပြု၏။ [လွန်သော် အာပတ် အပိုင်းအခြားကား မလာရှိ။ ကေစိတို့ကား အစိတ္တက အာပတ်ဟူကုန်၏။

ယပ်ကိုခွင့်ပြုခြင်း – လေးထောင့်ယပ်၊ ထန်းရွက်ယပ်၊ [တာလဝဏ္ဋန္တိ တာလပတ္တာဒီဟိ ကတံ မဏ္ဍလိကဗီဇနိ **(သာ၊ စာ–၃၉၀)** တာလဝဏ္ဋံ ပန တာလပဏ္ဏေဟိ ဝါ ကတံ ဟောတု ဝေဠုဒန္တဝိလီဝေဟိ ဝါ (ဝါး ဆင်စွယ် နီး) မောရပိဉ္ဆေဟိ ဝါ စမ္မဝိကတီဟိ ဝါ သဗ္ဗံ ဝဋ္ဋတိ။ **(ဋ၊ စာ–၅၂)**] တို့ကို ခွင့်ပြု၏။ ခြင်နှင့်ယပ် (ဒန္တမယဝိသာဏမယဒဏ္ဍကာပိ ဝဋ္ဋတိ) **(ဋ၊ စာ–၅၂)**တို့ကို ခွင့်ပြု၏။

စာမရှိသားမြီးယပ်ကိုဆောင်အံ့ ဒုက္ကဋ်။ လျှော်ဖြင့်ပြီးသောယပ်၊ [ဝါကမယဗီဇနိယာ ကေတက ပါရောဟကုန္တာလပဏ္ဏာဒိမယာပိ (ဆပ်သွား ပါးပျဉ်း ဓနုန်းရွက်) သင်္ဂဟိတာ] **(၄၊ စာ-၅၂)**။ လျှော်တေ ဖြင့်ပြီးသောယပ်၊ ပန်းရင်းမြက်ဖြင့် ပြီးသောယပ်၊ ဥဒေါင်းမြီးဖြင့်ပြီးသောယပ်ဟူသော ယပ်(၃)မျိုးတို့ကို ခွင့်ပြု၏။

''ကေပဏ္ဏစ္ဆတ္တံ နာမ တာလပတ္တ''န္တိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ စာ-၃၉၀)** ကေပဏ္ဏစ္ဆတ္တန္တိ တာလပဏ္ဏာဒိနာ ကေနေ ပတ္တေန ကတဆတ္တံ။ **(တိ၊ စာ-၂၃၅)** (ယပ်လေအတွက်သာယူ စံကျောင်း)။ ဓာရေယျာတိ ဣမိနာ သုဒ္ဓကတ္တုနိဒ္ဒေသေန အဂိလာနဿပိ ပရံ ဓာရာပနေ ပရဿ ဓာရဏာသာဒိယနေ စ အနာပတ္တီတိ ဝိညာယတိ။ **(ဝိနယဝိနိစ္ဆယဋီကာ၊ ဒု စာ-၂၈၈၊ စံကျောင်း။ စာ-၂၁၇)** ။ ထန်းရွက်ရိုး အတိုင်းရှိမှသာ ကေပဏ္ဏစ္ဆတ္တထီး ဟူ၏။ ဗီဇနီဖြင့် ဆတ္တကိစ္စ၊ ဆတ္တဖြင့် ဗီဇနီကိစ္စ ဆောင်သင့် မဆောင်သင့်? ဆတ္တပါဏိ သိက္ခာပုဒ်ကိုလည်းကြည့်။

ထီးခွင့်ပြုခြင်း - ထီးဆောင်းအံ့ ဒုက္ကဋ်။ ဂိလာနအား ခွင့်ပြု၏။ အရံတွင်း၌လည်းကောင်း၊ အရံ ဥပစာ၌လည်းကောင်း ခွင့်ပြု၏။ [ဂိလာနဿ ဆတ္တန္တိ ယေန ယဿ ကာယဍာဟော ဝါ ပိတ္တကောပေါ ဝါ ဟောတိ, စက္ခု ဝါ ဒုဗ္ဗလံ၊ အညော ဝါ ကောစိ အာဗာဓော ဝိနာ ဆတ္တေန ဥပ္ပဇ္ဇတိ၊ တဿ ဂါမေ ဝါ အရညေ ဝါ ဆတ္တံ ဝဋ္ဋတိ။ ဝဿေ ပန စီဝရဂုတ္တတ္ထံ ဝါဠမိဂစောရဘယေသု စ အတ္တဂုတ္တတ္ထမ္ပိ ဝဋ္ဋတိ၊ ကေပဏ္ဏစ္ဆတ္တံ ပန သဗ္ဗတ္ထေဝ ဝဋ္ဋတိ။ **(၄ စာ-၅၂)**

ဆိုင်း၊ တုတ်ရှည် - ရှည်သောတုတ်၌ဆွဲသော ဆိုင်းကိုဆောင်အံ့၊ ဒုက္ကဋ်။ (ဆိုင်း၌သပိတ် ထည့်၍ဆောင်သောကြောင့် ပညတ်သည်) ဂိလာနအား ရှည်သောတုတ် ဆောင်နိုင်သည်။ ခွင့်သမ္မုတိပေးရန် ခွင့်ပြု၏။ ဂိလာနအား (သပိတ်ဆောင်ရန်) ဆိုင်းဆောင်နိုင်ခွင့်သမ္မုတိကို ရှည်သောတုတ် ဆိုင်း နှစ်မျိုး ဆောင်နိုင်ခွင့် သမ္မုတိကိုပေးခြင်းငှာ ခွင့်ပြု၏။ [တုတ်ကားလေးတောင်လျော့မှ အားလုံးအားအပ်၏။ ။ သိက္ကာ ပန အဂိလာနဿ န ဝဋ္ဋတိ၊ ဂိလာနဿာပိ သမ္မုတိတွာဝ ဒါတဗ္ဗာ။] **(၄၊ စာ-၅၃)**

စားမြုံ့ပြန် - စမြုံ့ပြန်တတ်သောရဟန်းအား စမြုံ့ပြန်ခြင်းကို ခွင့်ပြု၏။ ခံတွင်းအပသို့ထုတ်၍ မျိုအံ့၊ အပြစ်အလျောက်အာပတ်။ [ဉဂ္ဂါရံ မုခေ သန္ဓာရေတွာ ဂိလန္တာနံ အာပတ္တိ၊ သစေ ပန အသန္ဓာရိတ မေဝ ပရဂလံ ဂစ္ဆတိ၊ ဝဋ္ဋတိ။] **(၄၊ စာ-၅၃)** ဣမဿ ပယောဂါဘာဝါ ဝဋ္ဋတိ။ **(ဋီ၊ စာ-၅၂၄)**

ကောက်စားခြင်း - ရဟန်းတို့ လှူအပ်သော [ဒါယကာတို့က] ခဲဖွယ်စားဖွယ်ကျခဲ့လျှင် (အကပ်ခံ ထားရာမှအပသို့) ကိုယ်တိုင်ကောက်ယူ၍စားခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့ ထိုခဲဖွယ်စားဖွယ်ကို ဒါယကာ တို့စွန့်အပ်ပြီးတည်းဟု မိန့်တော်မူ၏။ (မြူမရှိမှ မြူရှိလျှင် မြူစင်အောင်ပြု၍စား။ မိမိကိုယ်တိုင်သာကောက် စားနိုင်သည်။ မိမိကမစေဘဲ သူတစ်ပါးက ကောက်စား၍မရ၊ စေလျှင်ကား သူတစ်ပါးလည်းရ၏။ **(ဒန္တပေါ ထာ-၄၊ စာ-၁၁၂)**

လက်သည်း၊ ခြေသည်း - (၁) [မာတုဂါမ] ရှည်သော လက်သည်း၊ ခြေသည်းတို့ကို ဆောင်အံ့၊ ဒုက္ကဋ်။ လက်သည်းလှီးဓားငယ်ကို ခွင့်ပြု၏။ [နခါဒီဟိ နခစ္ဆေဒနေ အာပတ္တိ နတ္ထိ၊ အနုရက္ခဏတ္ထံ ပန နခစ္ဆေဒနံ အနုညာတံ။] **(၄၊ စာ-၅၃)** (၂) နှစ်ဆယ်သောလက်သည်း၊ ခြေသည်းတို့ကို အပြေအပြစ်ပြုစေအံ့၊ ဒုက္ကဋ်။ အညစ်အကြေးမျှကို ခြစ်ထုတ်ရန် ခွင့်ပြု၏။ ။ အသား၏ အတိုင်းအရှည်ဖြင့် လက်သည်း၊ ခြေသည်းတို့ကို ဖြတ်ရန် ခွင့်ပြု၏။ [လွန်သော် အာပတ်အပိုင်းအခြားကား မလာရှိ။ ကေစိတို့ကား အစိတ္တက အာပတ်ဟူကုန်၏။

ဆံမုတ်ဆိတ်စသည် – အချင်းချင်းဆံချခြင်းငှာ စွမ်းနိုင်ကုန်သဖြင့် သင်တုန်းဓား၊ သင်တုန်းကျောက်၊ သင်တုန်းအိတ်၊ သင်တုန်းနှီးဟူသော သင်တုန်းအဆောက်အဦးအလုံးစုံကို ခွင့်ပြု၏။ (၁) မုတ်ဆိတ်ကိုဖြစ်စေကုန်အံ့၊ ရှည်စေကုန်အံ့၊ ဆိတ်မုတ်ဆိတ်နှင့်တူသည်ကို ပြုစေကုန်အံ့၊ လေးထောင့်မုတ်ဆိတ်ကို ပြုစေကုန်အံ့၊ (၂) ရင်မွေးရိတ်ခြင်းကို ပြုစေကုန်အံ့၊ ရင်မွေးအရေးအသားထားခြင်းကို ပြုစေကုန်အံ့၊ (၃) ကျင်စွယ်ကို ထားကုန်အံ့၊ ကျဉ်းမြောင်းရာ၌ အမွေးကို ရိတ်စေကုန်အံ့၊ ဒုက္ကဋ်။ [မသုကပ္ပါပနာဒီသု သဗ္ဗတ္ထ အာပတ္တိ ဒုက္ကဋဿ] **(ဋ၊ စာ–၅၃)** ဒီဃံ ကာရေန္တီတိ ကေသေဟိ သဒ္ဓိံ အစ္ဆိန္ဒိတွာ ဌပါပေန္တိ။ **(တိ၊ စာ–၂၃၅)** ဤကိုထောက်၍ နှစ်ပေလက်နှစ်သစ်ဟူ၏။ (စံကျောင်း–၂၂၃) [အိုင်းအမာကြီး အမာငယ်စသော အကြောင်းကြောင့်] အနာဟူသောအကြောင်းကြောင့် ကျဉ်းမြောင်းရာ၌ အမွေးကိုရိတ်ခြင်းငှာ ခွင့်ပြု၏။ ဆံမုတ်ဆိတ် အရေအတွက်ဖြင့် အစိတ္တကအာပတ်ဟူ၏။

ကတ်ကြေး၊ နှာခေါင်းမွေး၊ ဆံဖြူ – (၁) ကတ်ကြေးဖြင့် ဆံပင်တို့ကိုဖြတ်အံ့၊ ဒုက္ကဋ်။ [အိုင်းအမာကြီး၊ အမာငယ်စသော] အနာဟူသော အကြောင်းကြောင့်ကား ခွင့်ပြု၏။ (၂) ရှည်သော နှာခေါင်းမွေးတို့ကိုဆောင်အံ့ ဒုက္ကဋ်။ နုတ်ရန်မွေးညှပ်ကို ခွင့်ပြု၏။ [သက္ခရာဒီဟိ နာသိကာလောမဂ္ဂါဟာပနေ အာပတ္တိ နတ္ထိ၊ အနုရက္ခဏတ္ထံ ပန သဏ္ဍာသော အနုညာတော။] **(ဋ၊ စာ–၅၃)** (၃) ဆံဖြူကိုနုတ်အံ့၊ ဒုက္ကဋ်။ [ဧတ္ထ ယံ ဘမုကာယ ဝါ နလာဋေ ဝါ ဒါဌိကာယ ဝါ ဥဂ္ဂန္တွာ ဗီဘစ္ဆံ (မသပ္ပယ်) ဌိတံ၊ တာဒိသံ လောမံ ပလိတံ ဝါ အပလိတံ ဝါ ဂါဟာပေတုံ ဝဋ္ဋတိ။ **(ဋ၊ စာ–၅၃)**

နားဖာကော် – နားဖာကော်၊ နားဖာချေးကို ခွင့်ပြု၏။ (ရွှေငွေစသော) အကောင်း၊ အညံ့၊ နားဖာကော်တို့ကိုဆောင်အံ့ ဒုက္ကဋ်။ အရိုး၊ ဆင်စွယ်၊ ဦးချို၊ ကျူ၊ ဝါး၊ သစ်သား၊ ချိတ်၊ သစ်သီး၊ ကြေးသံ၊ ခရုသင်းချက်၊ နားဖာကော်တို့ကို ခွင့်ပြု၏။ **(ပါ၊ စာ–၂၇၅)**

သံကြေးဘဏ္ဍာ – များစွာသောသံဘဏ္ဍာ ကြေးဘဏ္ဍာတို့ကို စုဆောင်းအံ့၊ ဒုက္ကဋ်။ ရဟန်းတို့ သံသယရှိ၍ မျက်စဉ်းကျည်တောက်၊ မျက်စဉ်းတံ၊ နားဖာကော် အကွပ်ငယ်တို့ကိုခွင့်ပြု၏ဟု မိန့်တော်မူ၏။ (ဝါသိကတ္တရယဋ္ဌိအာဒီနံ ဗန္ဓနမတ္တံ။ **(ဋ၊ စာ–၅၃)**(တစည်းတောင်ဝေးစသည်) [လောဟဘဏ္ဍံနာမ ကံသတော သေသလောဟဘဏ္ဍံ။] **(ဓိ၊ စာ–၅၂၄)**

အာယောဂပတ်ဖွဲ့ခြင်း – (အနားပတ်တို့ ပျက်စီးသဖြင့်) သင်္ကန်းကြီးကို အာယောဂပတ်ဖွဲ့လျက် ထိုင်အံ့၊ ဒုက္ကဋ်။ (နာဖျားသဖြင့် အာယောဂပတ်နှင့်ကင်း၍ မချမ်းသာသဖြင့်) အာယောဂပတ်ကို ခွင့်ပြု၏။ (သံဃာဋိ ပလ္လတ္ထိကာယကို ပညတ်၏၊ အာယောဂကို ခွင့်ပြု၏။) **(ပါ၊ စာ–၂၇၆)** အာယောဂပြုလုပ်ရန် လက်ခတ်ချပ်၊ ရက်ကန်းစင်၊ ကြေးတံဝါးဟူသော ရက်ကန်းအဆောက်အဦ အလုံးစုံကို ခွင့်ပြု၏။

ခါးပန်းကြိုး – (ရဟန်းတစ်ပါးဆွမ်းခံဝင်စဉ် သင်္ကန်းလျှောကျသည်ကို အကြောင်းပြု၍ (၁) ခါးပန်းကြိုးမပါဘဲ ရွာသို့ဝင်အံ့ ဒုက္ကဋ်။ [ဧတ္ထ အဗန္ဓိတွာ နိက္ခမန္တေန ယတ္ထ သရတိ၊ တတ္ထ ဗန္ဓိတဗ္ဗံ။ **(ဋ၊ စာ–၅၄)** (ဧတေန အသိဥ္စိစ္စ ကာယဗန္ဓနံ အဗန္ဓိတွာ ပဝိဋ္ဌဿ အနာပတ္တီတိ ဒဿေတိ။ **(တိ၊ စာ–၂၃၅)**။ အာသနသာလာယ ဗန္ဓိဿာမီတိ ဂန္တုံ ဝဋ္ဋတိ။ သရိတွာ ယာဝ န ဗန္ဓတိ၊ န တာဝ ပိဏ္ဍာယ စရိတဗ္ဗံ] **(ဋ၊ စာ–၅၄)** (အာစရိယဝါဒ မှတ်ဖူးသည်ကား အယုတ်ဆုံးတွေ့သော ကြိုးတစ်ပင်ပင်ဖြင့် သော်လည်း ပတ်သွားရမည်ဟူ၏။)

အကာယပဗန္ဓနေန သင်္ဃိစ္စ ဝါ အသင်္ဃိစ္စ ဝါ ဂါမပ္ပဝေသေနေ အာပတ္တိ၊ ''သရိတဗ္ဗာနတော ဗန္ဓိတ္ဗာ ပဝိသိတဗ္ဗံ၊ နိဝတ္ထိတဗ္ဗံ ဝါ တိ လိခိတံ။ သတ္တဂ္ဂုလံဝါ အဋ္ဌဂ္ဂုလံဝါတိ ဧတ္ထ ''သုဂတင်္ဂုလေနာ''တိ အဝုတ္တတ္တာ ပကတိအင်္ဂုလေန သာရုပ္ပတ္တာယ ဝနေတ္ဗာပိ ကရောန္တိ စေ၊ န ဒေါသော။ **(ဝိ၊ ဝ-၅၂၄)**။

မအပ်သောခါးပန်းကြိုး - ကြိုးအများပေါင်း၍ ပြုအပ်သောခါးပန်းကြိုး၊ ရေမြွေဦးခေါင်းသဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး၊ မုရိုးစည်သဏ္ဌာန်ပြုအပ်သော ခါးပန်းကြိုး။ (ဗဟူ ရဇ္ဇုကေ ကေတော ကတ္ဗာ နာနာဝဏ္ဏေဟိ သုတ္တေဟိ ဝေဌေတွာ မုရဇဝဋ္ဋိသဒိသံ ကတံ ။ **(သာ၊ ဝ-၃၉၀)**။ ကေဝဏ္ဏသုတ္တေနာပိ ဝလယဃဋ္ဋကာဒိဝိကာရံ ဒဿေတွာ ဝေဌိတမ္ပိ မုရဇမေဝ။ ဝိကာရံ ပန အဒဿေတွာ မဇ္ဈ ကတ္ဗာ နိရန္တရံ ဝေဌိတံ ဝဋ္ဋတိ။ တေနေဝ ဒုတိယပါရာဇိကသံဝဏ္ဏနာယံ ဝုတ္တံ ''ဗဟုရဇ္ဇုကေ ကေတော ကတ္ဗာ ဧကေန နိရန္တရံ ဝေဌေတွာ ကတံ 'ဗဟုရဇ္ဇုက'န္တိ န ဝတ္တဗ္ဗံ၊ ဝဋ္ဋတိ''တိ။ **(တိ၊ ဝ-၂၃၅)** ဆောက်လုံးသဏ္ဌာန် ပြုလုပ်အပ်သော ခါးပန်းကြိုးတို့ကို ဆောင်အံ့ ဒုက္ကဋ်။ [ဤဒိသံ ဟိ ဧကမ္ပိ န ဝဋ္ဋတိ ပဂေဝ ဗဟူနိ **(ဋ၊ဝ-၅၄)**]

ဗန္ဓနမတ္တန္တိ ဝါသိဒဏ္ဍာဒီနံ ကောဋိသု အပါတနတ္တံ လောဟေဟိ ဗန္ဓနံ။ **(တိ၊ ဝ-၂၃၅)**

အပ်သောခါးပန်းကြိုး - ကြိုးခါးပန်း၊ ဝက်အူသဏ္ဌာန်ပြုအပ်သော ခါးပန်းဟူသော ခါးပန်းကြိုး(၂)မျိုးတို့ကို ခွင့်ပြု၏။ [ပဋ္ဋိကံ သူကရန္တကန္တိ ဧတ္ထ ပကတိဝီတာ ဝါ မစ္ဆကဏ္ဋကဝါယိမာ ဝါ ပဋ္ဋိကာ ဝဋ္ဋတိ၊ (အပြား) သေသာ ကုဉ္ဇရစ္ဆိကာဒိဘေဒါ (ဆင်မျက်ကွင်းသဏ္ဌာန်) န ဝဋ္ဋန္တိ။ သူကရန္တကံ နာမ ကုဉ္စိ ကာကောသကသဏ္ဌာနံ ဟောတိ၊ ဧကရဇ္ဇုကံ ပန မုဒ္ဒိကကာယဗန္ဓနဉ္စ (မုဒရက်သီးသဏ္ဌာန်) (စတုရဿံ အကတွာ သဇ္ဇိတံ။ **ဝိ၊ ဝ-၅၂၄-သာ-တိ-တူ)** သူကရန္တကံ အနုလောမေတိ။ **(ဋ၊ ဝ-၅၄)**

အမြိတ်အဆာ - ခါးပန်းကြိုး၌ မုရိုးစည်သဏ္ဌာန်ပြုအပ်သော အမြိတ်အဆာ ဆောက်လုံး သဏ္ဌာန်ပြုအပ်သော အမြိတ်အဆာ။ (ပါမင်္ဂဒသာ စေတ္ထ စတုန္နံ ဥပရိ န ဝဋ္ဋတိ) **(ဋ၊ ဝ-၅၄)** တို့ကို ခွင့်ပြု၏။ အစွန်းအနားဆွေး၍ ခါးပန်းကြိုးကိုအနားလိပ်၍ ချုပ်ခြင်းကိုလည်းကောင်း၊ ဖွတ်မြီးထိုးချုပ်ခြင်းကို လည်းကောင်း ခွင့်ပြု၏။ ခါးပန်းကြိုးကွင်းစွန်းဆွေး၍ ခါးပန်းသီးကို ခွင့်ပြု၏။ (ရွှေငွေ) ခါးပန်းသီးဆောင်အံ့ ဒုက္ကဋ်။ အရိုး - လ - ခရုသင်းချက်၊ ချည်ခါးပန်းသီးတို့ကို ခွင့်ပြု၏။

(၁) ကမ္ပတ်သီး ကမ္ပတ်ကွင်းတို့ကို (အရှင်အာနန္ဒာ) ခွင့်ပြု၏။ (ရွှေငွေ) အကောင်းအညံ့ကမ္ပတ်သီး တို့ကိုဆောင်အံ့ ဒုက္ကဋ်။ အရိုး၊ ဆင်စွယ်၊ ဦးချို၊ ကျူး၊ ဝါး၊ သစ်၊ ချိတ်၊ သစ်သီး၊ ကြေး၊ ခရုသင်းချက်၊ ချည်၊ ကမ္ပတ်သီးတို့ကို ခွင့်ပြု၏။ (၂) သင်္ကန်း၌ ဝတ်ရာဆွေးသဖြင့် ကမ္ပတ်သီးအိမ် ကမ္ပတ်ကွင်းအိမ်ကို ခွင့်ပြု၏။ အစွန်း၌တပ်၍ အနားပတ်ဖွင့်သဖြင့် ကမ္ပတ်သီးအိမ်ကို အစွန်း၌တပ်ရန် ကမ္ပတ်ကွင်းအိမ်ကို လက်ခုနစ်သစ်ရှစ်သစ်မျှလျော့၍ တပ်ရန်ခွင့်ပြု၏။ **(ပါ၊ ဝ-၂၇၇)**

တစ်ခုသော အနံအနားပတ်ထောင့်စွန်း၌ ကမ္ပတ်သီးအိမ်ကိုတပ်ပြီးလျှင် ထိုအိမ်နှင့်ရှေးရှုသော အနံအနားပတ်အစွန်းမှ လက်ခုနစ်သစ်ရှစ်သစ်လျော့ဆုတ်ရာ အလျားအနားပတ်၌ ကမ္ပတ်ကွင်းအိမ်ကို စပ်ဖက်လျက် အထက်အောက်တစ်စုံ အကြွင်းအစွန်းနှစ်ထောင့်တို့၌လည်း ထိုနည်းတူ တစ်စုံတပ်အပ် ၏။ **(စံကျောင်း-၂၂၈)** ညောင်ကန်ဆရာတော်ကား အလယ်၌တပ်သောဝါဒကို (သစ္စကသုတ်-၄-အရ) နှစ်သက်၏။

(၁) **လူတို့ကဲ့သို့ဝတ်ခြင်း** - ဆင်နှာမောင်းကဲ့သို့ချ၍၊ ငါးမြီးကဲ့သို့ချ၍၊ လေးစချ၍၊ ထမ်းရွက် ယပ်ဝန်းကဲ့သို့ချ၍ (သီဟဠဝိတ္ထိနံဝိယ) **[ဝိ၊ ဝ-၅၂၄]** အတွန့်များစွာချ၍ ဝတ်ဆင်ခြင်းဟူသော လူတို့ကဲ့သို့

ဝတ်ဆင်ခြင်းကိုဝတ်ဆင်အံ့ ဒုက္ကဋ်။ (၂) လူတို့ကဲ့သို့ ရုံခြင်းကိုရုံအံ့ ဒုက္ကဋ်။ (၃) ခါးတောင်းကျိုက်ဝတ်ဆင်ခြင်းကို ဝတ်ဆင်အံ့ ဒုက္ကဋ်။ ဤတွင်–ဌ ၌လည်း မအပ်သောရုံခြင်း အမျိုးမျိုးလာ၏။ ၅၇ စံကျောင်း၊ –၂၂၉ သို့ လည်းကြည့်။ ဝတ်ခြင်း၌လည်းကြည့် –ဌ–၅၄။

ထမ်းပိုး – နှစ်ဖက်ဝန်ရှိသောထမ်းပိုးကို ဆောင်အံ့ ဒုက္ကဋ်။ တစ်ဖက်ဝန်ရှိသော ထမ်းပိုး။ အလယ် ဝန်ရှိသော ထမ်းပိုး၊ [မဇ္ဈေ လဂ္ဂေတွာ ဒွီဟိ ဝဟိတဗ္ဗဘာရံ၊ **ဋ္ဌ၊ စာ–၅၅**] ဦးခေါင်းဝန်၊ ပခုံးဝန်၊ ခါးဝန်၊ လက်ဆွဲဝန် ကိုခွင့်ပြု၏။ သာမဏေတို့လည်း နည်းတူပင်၏။ (သာရ–၄၁၅)

တံပူကို ခွင့်ပြု၏။ – (၁) အလွန်ရှည်သော တံပူကိုခဲအံ့ ဒုက္ကဋ်။ လက်ရှစ်သစ်ရှိ တံပူကိုခွင့်ပြု ၏။ (၂) တံပူဖြင့် သာမဏေကိုခေါက်အံ့ ဒုက္ကဋ်။ (၃) အလွန်တိုသောတံပူကိုခဲအံ့ ဒုက္ကဋ်။ အယုတ်ဆုံး လက်လေးသစ်ရှိ တံပူကိုခွင့်ပြု၏။ [အဋ္ဌင်္ဂုလပရမန္တိ မနုဿာနံ ပမာဏင်္ဂုလေန အဋ္ဌင်္ဂုလပရမံ] **(ဋ္ဌ၊ စာ–၅၆)** ပမာဏင်္ဂုလေနာတိ ဝဍ္ဎကီအင်္ဂုလံ သန္ဓာယ ဝုတ္တံ။ **(သာ၊ စာ–၃၉၁)** ကေစိတို့ကား ပကတိ အင်္ဂုလ ဟူ၏၊ မမှန်၊ **(တိ၊ စာ–၂၃၆)**။

တောမီးလောင် – တောကိုမီးတိုက်အံ့ ဒုက္ကဋ်။ တောမီးလောင်လတ်သော် မီးကြိုပေးရန်လည်း ကောင်း၊ အရံအတား ပြုလုပ်ရန်လည်းကောင်း ခွင့်ပြု၏။ [ပဋ္ဋဂ္ဂိန္တိ ပဋိအဂ္ဂိ၊ ပရိတ္တန္တိ အပ္ပဟရိတကရဏေ န ဝါ (မြက်သစ်ပင်တို့ကို ပယ်လင့်သဖြင့်လည်းကောင်း) ပရိခါခဏေန ဝါ (ကျုံးတူး) ပရိတ္တာဏံ၊ ဧတ္ထ ပန အနုပသမ္ပန္နေ သတိ သယံ အဂ္ဂိ ဒါတုံ န လဘတိ၊ အသတိ အဂ္ဂိမ္ပိ ဒါတုံ လဘတိ၊ ဘူမိံ တစ္ဆေတွာ (ထိုး၍ တလင်းထိုး၍) တိဏာနိပိ ဟရိတုံ ပရိခမ္ပိ ခဏိတုံ အလ္လသာခံ ဘဉ္ဇိတွာပိ အဂ္ဂိံ နိဗ္ဗာပေတုံ လဘတိ၊ သေနာသနံ ပတ္တံ ဝါ အပတ္တံ ဝါ တထာ နိဗ္ဗာပေတုံ လဘတိယေဝ။ ဥဒကေန ပန ကပ္ပိယေနေဝ (ပိုးမရှိသော ရေ) လဘတိ၊ န က္ကတရေန။] **(ဋ္ဌ၊ စာ–၅၆)**

သစ်ပင်တက် – သစ်ပင်ကိုတက်အံ့ ဒုက္ကဋ်။ ကိစ္စရှိလတ်သော် (သုက္ခကဋ္ဌာဒိဂ္ဂဟဏကိစ္စေ သတိ) **(ဋ္ဌ၊ စာ–၅၆)** တစ်သူမျှတက်ခြင်းငှာ ဘေးရန်ရှိလတ်သော် (ဝါဠမိဂါဒယော ဝါ ဒိသွာ မဂ္ဂမူဠှော ဝါ ဒိသာ ဩလောကေတုကာမော ဟုတွာ ဒဝဍာဟံ ဝါ ဥဒကောဃံ ဝါ အာဂစ္ဆန္တံ ဒိသွာ ဝေရူပါသု အာပဒါသု) အလိုရှိတိုင်း တက်ခြင်းငှာ ခွင့်ပြု၏။

ဗုဒ္ဓဝစန – မြတ်စွာဘုရား၏စကားတော်ကို သက္ကတဘာသာ (ဆန္ဒ) ဖြင့် တင်အံ့၊ ဒုက္ကဋ်။ မိမိတို့ ၏ဘာသာဖြင့် မြတ်စွာဘုရား၏စကားကို သင်ယူခြင်းငှာ ခွင့်ပြု၏။ (သကာယ နိရုတ္တိယာတိ ဧတ္ထ သကာ နိရုတ္တိ နာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော ဝေါဟာရော။ **(ဋ္ဌ၊ စာ–၅၆)** (ဤ၌ပုဏ္ဏား ညီနောင်နှစ်ဦးတို့က ဤကဲ့သို့ မိမိတို့ဘာသာတို့ဖြင့် သင်ယူခြင်းသည် ဖျက်ဆီးရာကျ၍ သက္ကတဘာသာဖြင့် တင်ရန် လျှောက်ထားခြင်းဖြစ်၏။

လောကာယတ – (၁) လောကာယတကျမ်းကို သင်ယူအံ့၊ (၂) ပို့ချအံ့၊ (၃) တိရစ္ဆာနဝိဇ္ဇာကို သင်ယူအံ့ (၄) ပို့ချအံ့၊ ဒုက္ကဋ်။

ချေဆတ်ခြင်း – ချေဆတ်ရာ၌ အသက်ရှည်ပါစေသော၀်ဟုဆိုအံ့ ဒုက္ကဋ်။ လူတို့သည် မင်္ဂလာ ကို အလိုရှိကုန်သဖြင့် ရဟန်းတို့ချေဆတ်ရာ၌ လူတို့က အရှင်ဘုရားတော် အသက်ရှည်ပါစေကုန်သော် ဟုဆိုလျှင် ကြာမြင့်စွာအသက်ရှည်ပါစေဟုဆိုခြင်းငှာ ခွင့်ပြု၏။ **(ပါ၊ စာ–၂၈၁)**

ကြက်သွန်ဖြူ – (မြတ်စွာဘုရား တရားဟောရာတွင် ကြက်သွန်ဖြူစားခဲ့သော ရဟန်းတစ်ပါး။ အနံ့နံ၍ တရားပွဲမှခွဲထွက်၍ ရဟန်းတို့အား အနှောင့်အယှက်မဖြစ်ပါစေလင့်ဟု နှလုံးမူ၍ ထိုင်နေရာ တရား

အရသာမှ ဆုတ်ယုတ်ရသည်ကို အကြောင်းပြု၍) ကြက်သွန်ဖြူကို စားအံ့ ဒုက္ကဋ်။ (အရှင်သာရိပုတ္တရာ) အနာဟူသောကြောင်းကြောင့် (ယဿ အာဗာဓဿ လသုဏံ ဘေသဇ္ဇံ၊ တပ္ပစ္စယာတိ အတ္တော) **(ဋ္ဌ၊ စာ–၅၆)** ကား ခွင့်ပြု၏။ ဤ၌ အချို့ဆရာတို့ကား ဘိက္ခုနီလသုဏသိက္ခာပုဒ်အရ ခွင့်ပြုချက်တို့သည် ဘိက္ခုတို့အားလည်း အပ်သောဟူ၏။ ဆရာတို့ကား ရဟန်းတို့ကိုပညတ်ရာ ဤအရာ၌ လသုဏံ န ခါဒိတဗ္ဗံ–ဟု သာမညသာ ပညတ်တော်မူသောကြောင့် အစိမ်းဖြစ်သော လက်သုပ်ဟင်းလျာ စသည်တို့နှင့်မရောသော ကြက်သွန်ဖြူ ဟူသမျှကိုပင် မစားအပ်ဟူကုန်၏။ (သာရ–၄၁၆ သို့လည်းကြည့်၊ အပ်သည်ဟုယူ၏။)

ကျင်ငယ် – အရံတွင်းတစ်ခုသောနေရာ၌ ကျင်ငယ်ကိုစွန့်ခြင်းငှာ၊ ကျင်ငယ်အိုး၊ ကျင်ငယ်စွန့်ရန် [အုတ်၊ကျောက်၊သစ်] ခြေနင်းခုံ၊ အုတ်၊ ကျောက်၊ သစ်၊ အကာ ကျင်ငယ်အိုးဖုံးတို့ကို ခွင့်ပြု၏။

ကျင်ကြီး – အရံတွင်းတစ်ခုသောနေရာ၌ ကျင်ကြီးကိုစွန့်ခြင်းငှာ ကျင်ကြီးတွင်း၊ တွင်းကိုအုတ် ကျောက် သစ် စီခြင်း၊ မြေမြင့်အောင်လုပ်ခြင်း၊ မြေကိုအုတ် ကျောက် သစ် စီခြင်း၊ လှေကား၊ (အုတ်၊ ကျောက် သစ်) လက်တန်းခင်း၍ (တွင်း) အလယ်၌ အပေါက်ဖောက်၍ ကျင်ကြီးစွန့်ခြင်းငှာ၊ ကျင်ကြီးစွန့်ရန် [အုတ် ကျောက် သစ်] ခြေနင်းခုံ၊ ကျင်ငယ်၊ မြောင်း၊ ကနုတံ၊ ကနုတံပုံး၊ ကျင်းကြီးတွင်း၊ အပိတ်အဖုံး၊ ကျင်ကြီး၊ အိမ်တံခါးရွက်၊ – လ – ဆွဲကြိုး ခါ၍ အတွင်းအပလိမ်းကျံခြင်း၊ – လ – သက်န်းတန်းဝါး၊ သက်န်းလှန်းကြိုးကိုလည်းကောင်း ခွင့်ပြု၏။ ။ ကျင်ကြီးစွန့်ပြီးနောက် ထရန်လက်ဆွဲတန်း၊ ဝစ္စကုဋ္ဌိ ကာရန် အုတ် ကျောက် သစ် အကာ၊ တံခါးမုခ်၊ တံခါးရွက်၊ – လ – ဆွဲငင်စရာကြိုး၊ ခါ၍ အတွင်းအပ လိမ်းကျံခြင်း၊ – လ– သက်တင်ရေး ခွင့်ပြု၏။ ပရိဝုဏ် ဖွက်ပေါက်၍ ကျောက်စရစ် ဖြန့်လောင်းရန် ကျောက်ပြားခင်းရန်၊ ရေဝပ်၍ ရေထုတ်ပြွန်၊ သန့်သက်ရေအိုး၊ သန်းသက်ရေခွက်၊ သက်န်းသက်ရေ ဆေးရန်၊ ခြေနင်းခုံ၊ ခြေနင်းခုံကာရန်၊ အုတ် ကျောက် သစ် အကာ သန့်သက်ရေအိုးဖုံးတို့ကို ခွင့်ပြု၏။

ပါပသမာစာရ – ပန်းစိုက်ခြင်း၊ စိုက်စေခြင်းစသော၊ ပန်းကုံးခြင်း၊ ပန်းကုံးကို အမျိုးသမီးတို့ အားပေးခြင်း၊ အမျိုးသမီးတို့နှင့် အတူစားသောက်ခြင်း၊ အိပ်ခြင်း၊ ထိုင်ခြင်း၊ ကခြင်း၊ သီဆိုခြင်းစသော အကျင့်ဆိုးတို့ကိုကျင့်အံ့၊ တရားအားလျော်စွာ ကျင့်ဆောင်စေရမည်။

ခွင့်ပြုသောဘဏ္ဍာ – (၁) လက်နက်ကိုချန်ထား၍ (လောဟဘဏ္ဍာ) သံကြေးဘဏ္ဍာအလုံးစုံကိုလည်းကောင်း၊ (၂) အခြေရှိသော ညောင်စောင်း၊ (အာသန္ဒိ) သားရဲရုပ်အခြေ၌တပ်သောပလ္လင် (ပလ္လက်) သစ်သားသပိတ် (ဒါရုပတ္တ) သစ်သားခြေနင်း (ဒါရုပါဒုက)ကိုချန်ထား၍ သစ်ဘဏ္ဍာအလုံးစုံကိုလည်းကောင်း၊ ကြာချပ်သဏ္ဍာန်ဆူးထနေသော ခြေပွတ် (ကတက) မြေကုဋ္ဌိ (ရှင်ခနိယ ကုဋ္ဌိမျိုး) ကိုချန်ထား၍ မြေဘဏ္ဍာအလုံးစုံကိုလည်း ခွင့်ပြု၏။ (လက်နက် ပဟရဏတ္တံ ကတံ ပဟရဏီတိ ဝုစ္စတိ၊ ယဿ ကဿစိ အာဝုဓသင်္ခါတဿေတံ အဓိဝစနံ၊ တံ ဌပေတွာ အညံ သဗ္ဗံ လောဟဘဏ္ဍံ အနုဇာနာမီတိ အတ္တော။) **(ဋ္ဌ၊ စာ–၅၇)**

ပကိဏ္ဏက ကထာ

''ကပ္ပိယာ ထာလကာတိသော၊ တမ္ဗာယော မတ္တိကာမယာ၊
ဒါရု သုဝဏ္ဏ ရဇတာ၊ မဏိ ဝေဠုရိယာ မယာ''
''အကပ္ပာ ဖလကာ ကာစ၊ ကံသဇာ ဂိဟိသန္တကာ၊
သံဃိကာ ကပ္ပိယာတုမ္ဗ၊ ယဋ္ဌိဇာ တာဝကာလိကာ။ **ခုဒ္ဒသိက္ခာ (စာ-၁၄၂)အရ**

ကပ္ပိယ အကပ္ပိယခွက် - သံ၊ ကြေးနီ၊ မြေ၊ အားဖြင့် ကပ္ပိယဆွမ်းစားခွက် (၃)လုံး၊ ။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ဖန်၊ သုံးသပ်ရုံမျှ မအပ်သော ခွက် (၅)လုံး၊ ။ သစ်သားခွက်၊ ထည့်၍သာ မစားအပ်သောခွက် (၁)လုံး။ ကြေးဖြူခွက်၊ စဉ့်ခွက်။ သံဃာ့ဥစ္စာဖြစ်မူ စားအပ်သောခွက် (၂)လုံး၊ အိုးအုံ၊ ဘူးအုံ၊ တာဝကာလိက တစ်ကြိမ်မျှစားအပ်သော ခွက် (၂) လုံး။ ပေါင်း ကပ္ပိယခွက် (၃)လုံး။ အကပ္ပိယခွက် (၁၀)လုံးဟူ၏။

ရွှေကျင်ဆရာတော်ကား (ဝိနယ ကောသလ္လကျမ်း၌) ကပ္ပိယထာလက၌ ကပ္ပိယသပိတ်၌ လူတို့အား ပဏ္ဍုပလာသမှအပ ထည့်၍မကျွေးအပ်။ ဖန်ဟူသည် ဖန်စစ်။ စဉ့်ဟူသည် ချက်၍ပြုအပ်သော ဖန်မှန်ကို ဆိုသည်။ ထို့ကြောင့် ယခုကာလ ပုဂ္ဂလိကဖွန်း၊ ကွမ်းအစ်၊ ဖန်ခွက်တို့ဖြင့် ဟင်းလျာ၊ ဆေး၊ ကွမ်း၊ လက်ဖက်စသည်ကို စားသောက်ကြသည်ကားမအပ်ဟု ဆိုရန်ရှိသည်ဟူ၏။ ဖန်ခွက်၌တွယ်သော ဝါးတွယ်အပ် ကို မဖြုတ်သော်လည်း အပြစ်မရှိ။

သစ်သားဖြင့်ပြုအပ်သော ခွက်သည်လည်း ပါဠိအဋ္ဌကထာတို့၌ ပယ်သောကြောင့် မအပ်၊ လက်သန်း ရှင်တို့ကား နီးဖြင့်ပြုအပ်သော ခွက်သပိတ်စသည်တို့၌ ထည့်၍စားခြင်းသည်လည်း မအပ်ဟူကုန်၏။ ကေစိတို့ကား နီးဖြင့်ပြုအပ်သောခွက်သပိတ်စသည်နှင့် လျော်သောကြောင့် သစ်ရွက်၌ထည့်၍ စားခြင်း သည်လည်း မအပ်ဟူကုန်၏။ သင့်နိုင်အံ့မထင်။ **(သာရ-၄၁၂)** အာသိတ္တကူပဓာနကား ထာလကအဖြစ်သုံး ဆောင်လျှင် အပ်၏။ **(စံကျောင်း-၁၉၅)**

အတူအိပ်ခြင်း - န ဘိက္ခဝေ ကေမဉ္စေ တုဝဋ္ဋိတဗ္ဗံ၊ န ကေတ္ထရဏော တုဝဋ္ဋိတဗ္ဗံ၊ န ကေ ပါဝုရဏော တုဝဋ္ဋိတဗ္ဗံ စသည်၌ တစ်ခုတည်းသော ညောင်စောင်းစသည်တို့၌ နှစ်ယောက်ပင်အိပ်သော်လည်း အလယ်၌ သင်္ကန်းတောင်ဝေးစသည်တို့ဖြင့် ခြား၍ အိပ်အံ့၊ အယုတ်သဖြင့် ခါးပန်းကိုလည်း ခြား၍ အိပ်အံ့၊ အာပတ်မသင့်ဟူသော အနက်ကိုမှတ်အပ်၏။ **(သာရ၊ စာ-၄၁၃)** [ဘိက္ခုနီ တုဝဋ္ဋဝဂ် ဒုတိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာအရ ဆိုဟန်ရှိ၏။ ဘိက္ခုတို့လည်း အလားတူဟုသတ်မှတ်ချက် အဋ္ဌကထာဋီကာကြီးသုံးစောင်တို့၌ မတွေ့ရ။]

ခါးပန်းကြိုး - ကာယဗန္ဓနသ ပဝနန္တော ဇီရတိ၊ အနုဇာနာမိ ဘိက္ခဝေ ဝိဓံ-၌ ပဝနန္တောတိ ပါသန္တော ဝုစ္စတိ-ဟု **(အဋ္ဌကထာ စာ-၅၄)** မိန့်သောကြောင့် တစ်ဖက်၌ သံကွင်း၊ တစ်ဖက်၌ အဆာရှိသော

ခါးပန်းသည် ကျမ်းဂန်နှင့်လျော်သည်ဟု ဆရာအချို့မိန့်ကုန်၏။ ဆရာအချို့ကား ဝိဓသေ ဥဘောသု အန္တေသု စသည်ဖြင့် မဟာဝိဘင်းအဋ္ဌကထာလာသောကြောင့် နှစ်ဖက်အဆာရှိသော ခါးပန်းသည်သာ ကျမ်းဂန်နှင့် လျော်သည် ဟုမိန့်ကုန်၏။ ပါသန္တောတိ ဒသာမူလံ **(သာ၊ စာ-၃၉၁) ပဝနန္တောတိ** ပါသန္တော ''ဒသာမူလ''န္တိ စ လိခိတံ **(ဗိ၊ စာ-၅၂၄) ပါသန္တောတိ** ဒသာပရိယောသာနံ**(တိ၊ စာ-၂၃၆)**တို့နှင့် နောက်ဝါဒလျော်၏။ ရှေးဝါဒ၌လည်း အကပ္ပိယ ခါးပန်း၏လက္ခဏာမရှိသောကြောင့် အာပတ်မထင်။ **(သာရ၊ စာ-၄၁၄)** ခါးပန်းသီးခွင့်ပြုသည်ကိုလည်း သတိပြုဖွယ်ပင်။

ပန်းမွှေ့ရာ - ပန်းပွင့်ခင်းသော အိပ်ရာတို့၌ အိပ်ခြင်းသည်သာ မအပ်သည်မဟုတ်သေး။ အနံ့ သာယာသောစိတ်ဖြင့် ပန်းပွင့်ကို နမ်းခြင်းသည်လည်း မအပ်ဟုဆရာတို့ ဆိုကုန်၏။ ပန်း၏ကောင်းသော အနံ့ရှိသည်၏အဖြစ်၊ မကောင်းသောအနံ့ရှိသည်၏ အဖြစ်ကိုသိလို၍ နမ်းရာ၌ကား အာပတ်မသင့်။ သဥ္စလ ပုပ္ဖိကာထေရီအပါဒါန်၌ ကိန္နရီမဖြစ်ခဲ့စဉ် ထင်းရှူးပန်းကိုဆွတ်ခူး၍ ဝိပဿီမြတ်စွာဘုရားအားလှူရာ အလှူခံ တော်မူပြီး နတ်ရနံ့ရှိသော ထင်းရှူးပန်းကို ကိန္နရီမကြည့်ရှုနေစဉ်မှာပင် နမ်းရှုတော်မူကြောင်း လာရှိ၏။ ဗျာဓိပစ္စယာ ပုပ္ဖံ ဝါ ဖလံ ဝါ ဥပသိင်္ဃတိ၊ အဗ္ဗောဟာရိကတ္တာ ဝဋ္ဋတိ။ **(ဒန္တပေါဏ-၄-၁၁၉)** ဗျာဓိကြောင့် နမ်းသည်လာ၏။

သိက္ခာပုဒ် အမျိုးအစား

(၁) (က) **စာရိတ္တအနုညာတသိက္ခာပုဒ်** - မကျင့်သော် အပြစ်မရှိ၊ ကျင့်သော် သီလဖြစ်သော ကြောင့် ကပ္ပိယအကပ္ပိယ နှစ်ဌာနအားဖြင့် အဋ္ဌကထာဆရာတို့ မပြဆိုအပ်သော သိက္ခာပုဒ်တည်း။

(၁) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနီနံ သန္တိကေ ဘိက္ခုဟိ ပဋိဂ္ဂါဟာပေတွာ ပရိဘုဉ္ဇိတုံ။ **(ဘိက္ခု)**
(၂) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနံ သန္တိကေ ဘိက္ခုနီဟိ ပဋိဂ္ဂါဟာပေတွာ ပရိဘုဉ္ဇိတုံ။ **(ဘိက္ခုနီ)**
(၃) အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခုနံ ကထိနံ အတ္ထရိတုံ။ **(ဉဘယ)**

(ခ) **ဝါရိတ္တ အနုညာတသိက္ခာပုဒ်** - မကျင့်သော် အပြစ်ရှိ၍ ကျင့်သော် သီလဖြစ်သောကြောင့် ကပ္ပိယအကပ္ပိယ နှစ်ဌာနအားဖြင့် အဋ္ဌကထာဆရာတို့ပြဆိုအပ်သော သိက္ခာပုဒ်တည်း။

(၁) အနုဇာနာမိ ဘိက္ခဝေ ဝဿိကသာဋိကံ ဝဿာနံ စတုမာသံ အဓိဋ္ဌာတုံ၊ တတော ပရံ ဝိကပ္ပေတုံ **(ဘိက္ခု)**

(၂) အနုဇာနာမိ ဘိက္ခဝေ အဗ္ဘုတနာ ပဝါရေတွာ အပရဇ္ဇု ဘိက္ခုသံဃေ ပဝါရေတုံ၊ **(ဘိက္ခုနီ)**
(၃) အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ တီဟိ ဌာနေဟိ ပဝါရေတုံ စသောသိက္ခာပုဒ်၊ **(ဉဘယ)** ဤ (က၊ ခ) တို့ကား အနုဇာနာမိဟူသော အနုဇာနနကြိယာဖြင့် လာသောကြောင့် အနုညာတဟူကုန်၏။ ပဋိက္ခိတ္တသိက္ခာပုဒ်-(၁) န ဘိက္ခဝေ လသုဏံ ခါဒိတဗ္ဗံ၊ ယော ခါဒေယျ အာပတ္တိ ဒုက္ကဋဿ**(ဘိက္ခု)** (၂) န ဘိက္ခဝေ ဘိက္ခုနိယာ အရညေ ဝတ္ထဗ္ဗံ၊ ယော ဝသေယျ အာပတ္တိ ဒုက္ကဋဿ **(ဘိက္ခုနီ)** (၃) န ဘိက္ခဝေ ပဏ္ဍိတယ သေယျံ ကပ္ပေတဗ္ဗံ၊ ယော ကပ္ပေယျ အာပတ္တိ ဒုက္ကဋဿ **(ဉဘယ)** (၁) ဘိက္ခုပညတ္တ ဘိက္ခုသာဓာရဏ (၂) ဘိက္ခုနီပညတ္တ ဘိက္ခုနီသာဓာရဏ (၃) ဘိက္ခုပညတ္တဉဘယသာဓာရဏ ဘိက္ခုနီပညတ္တဉဘယ သာဓာရဏဟူ၍လည်း ခွဲနိုင်သည်။ ဤသည်တို့ကား ဝါရိတ္တသီလအဖြစ်ဖြင့် ကျင့်ရန် 'န' အက္ခရာဖြင့် ပယ်မြစ်တော်မူသောကြောင့် ပဋိက္ခိတ္တဟူကုန်၏။ **(စံကျောင်း-၁၇၃)**

ဤခန္ဓကၡ်ကား ဒုက္ကဋ်ဟုတပ်ထားသော သိက္ခာပုဒ်ဟူသမျှသည် ဝါရိတ္တ ပဋိက္ခိတ္တသိက္ခာပုဒ်တို့ သာတည်း။ စာရိတ္တ အနုညာတသိက္ခာပုဒ်တို့၌လည်း အနာဒရိယစေတနာကို သတိမူသင့်၏။ အထူးအားဖြင့် သေခိယနှင့်ဝတ်တို့၌ အနာဒရိယဖြင့် မလွတ်ကြောင်းကိုပြဆိုသော အဋ္ဌကထာစကားရပ်များလည်း ရှိကြ၏။

၂၅၇ ထီး – ဝသေဿ ပန စီဝရဂုတ္တတ္ထံ ဝါဋမိဂစောရဘယေသု စ အတ္တဂုတ္တတ္ထမ္ပိ ဝဋ္ဋတိ(**၄၊ စာ–၅၂**)သည် လဒ္ဓါတပတ္တော ရာဇကုမာရော၌ကဲ့သို့ ဥပလက္ခဏနည်းဖြင့် ဆိုထားခြင်းဖြစ်သည်။ တစ်နည်း စောရ ဘယေသု စ–၌ အဝုတ္တသမုစ္စည်းအနက်ရှိသော စသဒ္ဒါဖြင့် နေပူဘေးစသည်ကိုလည်း ပေါင်းစည်း ယူသင့်သည်။

အဂိလာနာ နာမ ယဿ ဝိနာ ဆတ္တုပါဟနာ ဖာသု ဟောတိ၊ သာ အဂိလာနာ နာမ–ဟူ၍ ဘိက္ခုနီဝိ ဘင်းဝယ်လာရကား ထီးနှင့်ကင်း၍နေပူဝယ် ဖာသုဖြစ်လျှင် ဂိလာနဟုနှလုံးသွင်း၍ နေပူဘေးစသည် တို့ကြောင့်လည်း ကိုယ်ကိုစောင့်ရှောက်ခြင်းငှာ ဆောင်းရာဝယ် အာပတ်မသင့်ဟု မှတ်ရမည်။

ဂူကြီးဆရာတော်ဘုရားကား နေပူသောအခါ ခရီးသွားလိုသော် အဂိလာနရဟန်းသည် အနာမရှိ ဆဲပင်ဟုတ်သော်လည်း နေပူခံဆေးကိုသုံးဆောင်၍ သွားသင့်သကဲ့သို့ ထို့အတူ အဂိလာနရဟန်းသည် နေပူဘေးစသည်တွေ့သဖြင့် ဖြစ်လတ္တံ့သောရောဂါကို မဖြစ်စေခြင်းငှာ နှလုံးပိုက်သဖြင့် ရွာ၊ တော၊ အရပ် နှစ်ပါး၌ပင် ထီးဆောင်းခြင်းငှာအပ်၏ဟု မိန့်တော်မူ၏ဟူသတတ်။ **(သမ္မုဟ–ဒု၊ စာ–၂၁၆)** **(အောင်မြေရွှေဘုံ ဆရာတော်)**

၇–သေနာသနက္ခန္ဓက

ကျောင်းကိုခွင့်ပြုတော်မူခြင်း

ရာဇဂြိုဟ်သူဌေးကို အကြောင်းပြု၍ ကျောင်းငါးမျိုးတို့ကို ခွင့်ပြုတော်မူ၏။

ကပ္ပိယကုဋိနှင့် စပ်၍ မှတ်ဖွယ်

ကပ္ပိယကုဋိတို့သည်ပျက်ခဲ့သော် ထိုပျက်သော မည်သည့်ကုဋိမဆို (၄)မျိုးသော ကပ္ပိယကုဋိဖြစ်အောင် အလျော်အားဖြင့် ပြုနိုင်သည်။ (၁) သမ္မုတိလက္ခဏာရောက်အောင် ပြန်၍သမုတ်ခြင်းဖြင့် သမ္မုတိကုဋိဖြစ်အောင်၊ (၂) အကုန်အစဉ်ဖျက်၍ ရှေးဦးစွာသော တိုင်အုတ်စသည်ကို ရဟန်းတို့ချဆောင်ခြင်းဖြင့် ဥဿာဝနန္တိကာ ကုဋိဖြစ်အောင်၊ (၃) ကုဋိပျက်သည် ပင်ကိုက ဒါယကာတို့လှူသော ကုဋိဖြစ်မူ၊ ဝိနည်းကံနှင့်ညီညွတ်စွာ ရဟန်းမှတစ်ပါး သူတို့ပစ္စည်းဥစ္စာဖြစ်စေ၍ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ ဒေမ–ဟုဆို၍ လှူစေပြန်၍ ဂဟပတိကုဋိဖြစ်အောင်၊ (၄) စည်းရိုးထက်ဝက်ကျော်အတွင်း၌ရှိလျှင် အရံစည်းရိုးကိုထက်ဝက်ကျော်အောင် ဖျက်ခြင်းဖြင့် ဂေါနိသာဒိကကုဋိဖြစ်အောင်ပြုနိုင်သည်။ သမ္မုတိ၊ ဥဿာဝနန္တိကာ၊ ဂဟပတိတို့ပျက်သော်လည်း အရံစည်းရိုးထက်ဝက်ကျော်မရှိလျှင် အလိုအလျောက် ဂေါနိသာဒိက ကပ္ပိယကုဋိ အရာ၌တည်၏။ ။ ပရိက္ခိတ္တဝိဟာရဥပစာရသီမ၌သာ သမ္မုတိကုဋိဖြစ်သင့်သည်။ အပရိက္ခိတ္တဝိဟာရဥပစာရသီမ၌သာ ကပ္ပိယ ဂေါနိသာဒိကကုဋိ ဖြစ်သင့်သည်။ အပရိက္ခိတ္တ ပရိက္ခိတ္တနှစ်ပါးစုံ၌ပင် ဂဟပတိ ဥဿာဝနန္တိက ဖြစ်သင့်သည်။ နှစ်ဆောင်သုံးဆောင်စသည် မျိုးတူ၊ မျိုးမတူ ကုဋိအချင်းချင်းတို့ ရောယှက်ရာ၌ မိမိတို့ဆိုင်ရာလက္ခဏာဖြင့် အစောင့်အရှောက်ကိုရနိုင်သည်။ ရဟန်းပစ္စည်း လူ့ပစ္စည်းတို့ရောယှက်ရာ၌ ခွဲရလျှင်ရသည့်အတိုင်း၊ မရလျှင် ဂရုအရာတည်၍ ရဟန်းပိုင်ပစ္စည်းအဖြစ်သာ အသိအမှတ်ပြု၍ ကပ္ပိယဖြစ်အောင် ပြုရသည်။ **[စံကျောင်း၊ ကုဋိဝိနိစ္ဆယ၊ သမ္မဟ–ပ–၅၇၄]**

ဝါသတ္တကတ၊ သဟသေယျ ပဟောနက အင်္ဂါနှစ်ချက်ညီမှသာ ကပ္ပိယအရာ၌ တည်၏။ ညီမူ ကပ္ပိယဖြစ်အောင် ပြုသင့်၏။

မှတ်ချက် ။ ။ လူတို့ပိုင်ဖြစ်စေရာ၌ သံဃိကကျောင်းဖြစ်မှု ဆင်ခြင်ဖွယ်ဟူ၏။
ကျောင်းနှင့်စပ်သော တံခါးစသည်တို့ကိုလည်း ခွင့်ပြုတော်မူ၏။

ညောင်စောင်းအင်းပျဉ်

ကြိမ်ခတ်သောညောင်စောင်း၊ ဝါနီးတို့ဖြင့်ရက်သော ညောင်စောင်း၊ အခြေ၌ အပေါင်တပ်၊ အပေါင်နှင့်အခြေတစ်စပ်တည်းတည်သော ပုစွန်ခြေသဏ္ဌာန်ရှိသော အပေါင်၌ အခြေတပ်သော (အင်္ဂါ-ဂု) ပါးရှိသော (ခေါင်လက်ဝဲလက်ယာ၊ အရံအတားရှိသော) မြင့်သော [ပမာဏလွန်လည်းအပ်၏] ညောင်စောင်းတို့ကို ခွင့်ပြု၏။ [ဒါရုမယံ ပန သဗ္ဗံ ပီဌံ ဝဋ္ဋတီတိ အယမေတ္ထ ဝိနိစ္ဆယော] **(ဋ္ဌ၊ စာ-၅၉)** [စတုရဿ ပီဌ တစ်မျက်နှာ အဖို့ဖြင့် အလျားရှည်မှု လက်ရှစ်သစ်ထက်ပိုလျှင် မအပ်၊ စတုရဿ အာသန္ဒိကလွန်သော် လည်း အပ်၏?] ပုဆိုးဖြင့်ဖွဲ့သော အင်းပျဉ်တို့လည်းအပ်ပါ၏။ ။ ကောစ္ဆကပ်အခင်း [ဖြူဆံမြက် မြိတ်မြက်ဖြင့်ပြီးသော ပန်းရင်းမြက်ဖြင့်ပြီးသော] (ခတ်ဟူသည် အလယ်၌ချုံး၍ အဖျားအရင်း ကားသတည်း) ကောက်ရိုး အင်းပျဉ်ကို ခွင့်ပြု၏။

(၁) မြင့်သော ညောင်စောင်း၌ အိပ်အံ့၊ ဒုက္ကဋ်။ ညောင်စောင်းခြေ အခုကိုခွင့်ပြု၏။ (၂) မြင့်သော ညောင်စောင်းခြေအခုကို ဆောင်အံ့၊ ဒုက္ကဋ်။ လက်ရှစ်သစ်အတိုင်းအရှည်ရှိသော ညောင်စောင်းခြေအခုကို ခွင့်ပြု၏။ [တွေ့ မနုဿာနံ ပမာဏကံလမေဝ အဋ္ဌင်္ဂုလံ] **(ဋ္ဌ၊ စာ-၅၉)** ပမာဏင်္ဂုလေနာတိ ဝဍ္ဍကီအင်္ဂုလံ သန္ဓာယ ဝုတ္တံ၊ **[သာ၊ ဒုဒ္ဒက-စာ-၃၉၁]** ချည်မျှင်ကိုညောင်စောင်း၌ ရစ်ပတ်စိမ့်သောငှာ၊ အစိတ်အပိုင်း တို့ကိုထွင်း၍ ရစ်ကွက်ရေး ရစ်ပတ်ခြင်းငှာ ခွင့်ပြု၏။

ပုဆိုးကြမ်းမွေ့ရာစသည် - ပုဆိုးကြမ်းကို မြေအခင်းပုဆိုးကြမ်းပြုလုပ်ခြင်းငှာ လဲမွေ့ရာကို မြေ၌ ခေါင်းအုံးလုပ်ခြင်းငှာ၊ သစ်ပင်လဲ၊ နွယ်လဲ မြက်လဲဟူသော လဲ(၃)မျိုးတို့ကို ခွင့်ပြု၏။ [လက်ပံလဲ၊ စသည်သစ်လဲ၊ နွယ်အားလုံး မြက်မျိုးအားလုံး၊ ဤသုံးပါးဖြင့် ဘူတဂါမတူလဟူသမျှသည် အပ်၏ဟုပြု၏။ ဟင်္သာ၊ ဥဒေါင်းစသော သားငှက်၊ ခြင်္သေ့စသော အခြေလေးချောင်းသတ္တဝါတို့၏ အမွေးလည်း အပ်၏။ အပွင့်အားလုံး မအပ်၊ ပန်းညိုရွက်ကား အခြားအရွက်နှင့် မရောမူ မအပ်၊ ရောလျှင် အပ်၏။ ဘုံလျှို၌ ခွင့်ပြုအပ်သော ငါးပါးသော အမွေးစသောလဲလည်းအပ်၏။] အုန်းဆံကား မည်သည့်လဲ၌ ပါဝင်သင့် သနည်း?

သီသပမာဏခေါင်းအုံး - ကိုယ်ထက်ဝက်အတိုင်းအရှည်ရှိသော ခေါင်းအုံးတို့ကိုဆောင်အံ့၊ ဒုက္ကဋ်။ သီသပမာဏ ခေါင်းအုံးတို့ကို ပြုလုပ်ခြင်းငှာ ခွင့်ပြု၏။ [အနံ (၃)ထောင့်တို့တွင် (၂) ထောင့်တို့အကြား (၁)ထွာ (၄)သစ်၊ အလယ်အရပ်ကား တောင်ဆုပ်၊ (အုံးပိတ်ကိုလေးထောင့်ပြု) တစ်တောင့်တစ်ထောင့်ကား (၁)ထွာ၊ (၄)သစ်ပြည့်စေ၊ အလယ်ကိုထောင့်တန်းချုံး၍ ခေါက်သုံးထောင့်ဖြစ်၏။ (၃)ထောင့်တွင် (၂)ထောင့် အကြား အကြားကား၊ ၁ ထွာ၊ ၄ သစ်၊ အလယ်အချင်းကား တောင်ဆုပ်ဖြစ်၏။ ဤလေးထောင့်ပိတ်ကို ရည်၍ဆိုသည်။ အုံးဝန်းမဟုတ်) အလျားကား ၁ ထောင့်ထွာလည်းကောင်း၊ ၂ထောင့်လည်းကောင်း အပ်၏။ ဤကား ဥက္ကဋ္ဌပရိစ္ဆေဒတည်း။ ငယ်မူကား အပ်၏။] ရှေးပမာဏကား ၂ ဘက်ထိပ်ဝ ပမာဏတည်း၊ ထို ထိပ်ဝသည် အလုံးလည်းကောင်း၊ လေးထောင့်လည်းကောင်း အပ်၏ဟူ၏။ **(တီ၊ စာ-၂၃၈)**

ဂိလာန အဂိလာန - [အဂိလာနအား ခေါင်းအုံးခြေအုံး ၂ ခုအပ်၏။ ဂိလာနအား ခေါင်းအုံးကိုခင်း၍ အထက်၌အိပ်ခြင်းငှာလည်း အပ်၏။ ဘိသိ၌ခွင့်ပြုသော ကပ္ပိယလဲ (၁)မျိုးဖြင့်ပြုသော ခေါင်းအုံး၌ ပမာဏ လွန်သော်လည်းအပ်၏ဟု ဖုဿဒေဝထေရ်ဆို၏။ ကပ္ပိယလဲဖြစ်စေ၊ အကပ္ပိယလဲဖြစ်စေ ပမာဏလွန်လျှင် မအပ်ဟု ဥပတိဿထေရ်ဆို၏။

မဥ္စဘိသိ – သားမွေး၊ အထည်ကြမ်း အထည်ဟောင်း၊ လျှော်၊ မြက်၊ သစ်ရွက် အဆာသွတ်သော မွေ့ရာ(၅)မျိုးကို ခွင့်ပြု၏။ [လူမွေးမှတစ်ပါး အမွေးအားလုံးကို သင်္ကန်း(၆)ထည်တို့တွင်လည်းကောင်း၊ အနုလောမ သင်္ကန်းတို့တွင်လည်းကောင်း တစ်ထည်ထည်ဖြင့် ဘုံလျှိုဖုံးလုပ်၍ ချုပ်လျှင် အပ်၏။ သိုးမွေးတို့ကိုမထည့်ဘဲ ကမ္ဗလာကိုသာ လေးထပ်ငါးထပ် ဘုံလျှိုဖုံးထဲသို့ထည့်၍ ပြုလျှင်လည်း ဉဏ္ဏာဘိသိမည်သည်သာ။] [ဘိသိ ပန ပါပုဏိတွာ သဗ္ဗမွေတံ (ရုက္ခ၊ လတာ၊ ပေါဋ္ဌဏီ) အကပ္ပိယတူလန္တိ ဝုစ္စတိ] **(ဌ၊ စာ–၆၀)** ''ကမ္ဗလမေဝ – လ – ဉဏ္ဏာဘိသိသင်္ချမေဝ ဂစ္ဆတီတိ သာမညတော ဝုတ္တတ္တာ ဂေါနကာဒိအကပ္ပိယမ္ပိ ဉဏ္ဏမယတ္တရဏံ ဘိသိယံ ပက္ခိပိတွာ သယိတုံ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။ **(တိ၊ စာ–၂၃၈)**

[ပန်းညိုရွက်ကား အခြားအရွက်နှင့်ရောလျှင် အပ်၏။ မရောလျှင် မအပ်။ ပမာဏကားမရှိ။ မဥ္စဘိသိ၊ ပီဌ၊ ဘူမတ္တရဏ၊ စင်္ကမန၊ ပါဒပုဉ္ဆန ဘိသိတို့အားလျော်စွာ အလိုရှိသည့်ပမာဏကိုပြု။ သားရေသည်လည်း ဤဘိသိလဲ (၅)မျိုးအပ်၏ဟု ကုရုန္ဒီ၌ဆို၏။ ဤစကားဖြင့် သားရေဘုံလျှိုအပ်၏ဟူ [တိကား သားရေခေါင်းအုံးမအပ် ဟူ၏။ သားရေအလွှမ်းသတ်မှတ်ချက် မရှိသောကြောင့် ဆရာတို့ မနှစ်သက်။

သတိ – တူလပူရိတံ (ရုက္ခ၊ လတ၊ ပေါဋ္ဌကီ ...) ဘိသိ အပဿယိတုံ န ဝဋ္ဋတီတိ ကေစိ ဝဒန္တိ (ဉဏ္ဏာဒီနံယေဝ အနုညာတတ္တာ)၊ ဝဋ္ဋတီတိ အပရေ **(သာ၊ စာ–၃၉၅၊ ဓိ၊ စာ–၅၂၅)** တူလသုတ္တေန သိဗ္ဗိတံ စီဝရံ ဝဋ္ဋတိ၊ ကသ္မာ? ကပ္ပါသဿ အနုလောမတော။ ''အက္ကဖလသုတ္တမယမ္ပိ အက္ကဝါကမယမေဝ ပဋိက္ခိတ္တ''န္တိ တေ ဝေ ဝဒန္တိ။ **(ဓိ၊ စာ–၅၂၅)**

ကျောင်းအသုံးအဆောင် ပုဆိုး(ခင်းရန်) ဖြစ်ပေါ်လာရာ မွေ့ရာကိုရစ်ပတ်ရန် ရစ်ပတ်အပ်သော ညောင်စောင်း၊ ရစ်ပတ်အပ်သော အင်းပျဉ်၊ အောက်ခံဖျင်ခင်း၍ မွေ့ရာကိုရစ်ပတ်ရန် မွေ့ရာခွံကို ဆိုးရေဖျန်းရန်၊ ဆေးရောင်စုံအရေးအကြောင်းပြုလုပ်ရန်၊ လက်တစ်ချောင်းတည်းဖြင့် အမှတ်အသားပြုလုပ်ရန် လက်ငါးချောင်းဖြင့် ဆေးရောင်စုံအရေးအသားပြုရန် ခွင့်ပြု၏။

ကျောင်းကိုဆေးသုတ်ခြင်း – လိမ်းကျံခြင်း၊ အရောင်ခိုင်အောင်ပြုခြင်း (ဖြူ၊ မည်း၊ ငွေ့နီ) တို့ကိုခွင့်ပြု၏။ ယောက်ျား၊ မိန်းမအရုပ်ဟူသော ဆန်းကြယ်သော ပန်းချီဆေးရေးမှုကိုပြုစေအံ့၊ ဒုက္ကဋ် (အယုတ်ဆုံး၊ တီကောင်ရုပ်ကိုသော်လည်း ပြုခြင်းပြုစေခြင်းငှာ မအပ်။ (ပရိယာယ်ကား အပ်သောဟူ၏–တိ။) ဇာတကပကရဏအသဒိသဒါနစသော ပသာဒနီယ နိဗ္ဗိဒါပဋိသံယုတ္တ ဖြစ်ကြောင်း အရုပ်တို့ကိုကား ပြုစေခြင်းငှာအပ်၏။ [ဘုရားရုပ်ကိုသော်လည်း ကိုယ်တိုင်ပြုစေခြင်းငှာ မအပ်၊ **(တိ၊ စာ–၂၃၈)**] ခြူးပန်း၊ နွယ်ပန်း၊ မကန်းသွား၊ သက်တင်ရေးတို့ကို ခွင့်ပြု၏။ (ကိုယ်တိုင်လည်း အပ်၏။)

မြေမြင့်အောင်ပြုခြင်း အုတ်စီခြင်း – လ – ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏။ ကန့်လန့်ကာ ထက်ဝက်သောနံရံ၊ လေးတောင်ခန်း၊ ခန်းမရှည်၊ အခန်းဦးပြည်း ငယ်သောကျောင်းတွင် တစ်ခုသောနေရာ၌ အခန်းပြုလုပ်ရန်၊ ကြီးသောကျောင်းတွင်အလယ်၌ အခန်းပြုလုပ်ရန်၊ နံရံခြေဆွေး၍ အစားထိုးရန်၊ နံရံမိုးစွတ်၍ မိုးကဲလား၊ သုံးမျိုးစပ်မြေသရွတ် မျက်နှာကြက်၊ နံရံငုတ်၊ ဆင်စွယ်ကောက်၊ (အိတ်ချိတ်ရန်)၊ သင်္ကန်းတန်းဝါး၊ ကြိမ်ကြိုး၊ ကျောင်းဦးဆင်ဝင်၊ ခွေးကတက်၊ ကြောင်လည်ခန်း၊ ပြော့ဆောင်။ အဖီ၊ ဘီးတပ်ကဲလား ထောက်ကဲလား (ဆင်ဝင်အထွက်)တို့ကို ခွင့်ပြု၏။

ဆွမ်းစားဇရပ် – သောက်ရေအိုးစင်တို့ကို ခွင့်ပြု၏။ (ဇရပ်နည်းတူ) လွင်တီးခေါင်၌ သင်္ကန်းတန်းဝါး ကြိမ်ကြိုးတို့ကို ခွင့်ပြု၏။ ခရုသင်း သောက်ရေခွက်၊ ငယ်သောသောက်ရေခွက်တို့ကို ခွင့်ပြု၏။ [ဥဠုင်္ကော စ ထာလကဉ္စ ပါနီယသင်္ခသ အနုလောမာနိ] **(ဌ၊ စာ–၆၂)** တံတိုင်းစသည် တံတိုင်းသုံးမျိုး၊

တံခါးမှန်၊ (ဇရပ် နည်းတူ)၊ ပရိဝုဏ်ဖွက်ပေါက်၍ ကျောက်ပြုတ်ကြဲရန်၊ ကျောက်ပြားခင်းရန်၊ ရေထုတ်ရန် ရေထုတ်ပြွန်၊ ပရိဝုဏ်အတွင်း တစ်ခုသောနေရာ၌ မီးဖိုဆောင်ပြုလုပ်ရန် (ဇရပ်နည်းတူ) (ကျောင်းအရံတံတိုင်း) တို့ကို ခွင့်ပြု၏။ (ဤကား ကျောင်းအတွက်)

အရာမ်ကိုကာခြင်း – အရံသည် အကာအရံမရှိသဖြင့် ဝါး ဆူး ကျူး အကာ (၃)မျိုး၊ တံခါးမှန် မရှိသဖြင့် တံခါးမှန်၊ ဆူးတံခါး၊ ရင်စေ့တံခါး၊ တုရိုင်တိုင်၊ မင်းတုတ်၊ တံခါးမှန်၌ခါ၍ အတွင်းအပလိမ်းကျံခြင်း၊ –လ–သက်တင်ရေးခြင်း၊ အရံဖွက်ပေါက်၍ –လ–ရေထုတ်ပြွန်ကို ခွင့်ပြု၏။

အမိုး – အုတ်၊ ကျောက်၊ အင်္ဂတေ၊ မြက်၊ သစ်ရွက်၊ အမိုး(၅)မျိုးတို့ကို ခွင့်ပြု၏။ ဝေဠုဝါဠွန္တိ သဗ္ဗံ ဒါရုပရိက္ခေပံ သင်္ဃာတိ၊ ကဏ္ဍကဝါဠန္တိ သဗ္ဗသာခါပရိက္ခေပံ။ **(တိ၊ စာ–၂၃၉)**

အမှုသစ်ကိုပေးခြင်း – ရဟန်းတစ်ပါးကို အမှုသစ်ကိုပေးရန် ခွင့်ပြု၏။ အမှုသစ်ရွက်ဆောင်သောရဟန်းသည် ကျောင်းသည်အဘယ်သို့ လျင်စွာပြီးခြင်းသို့ ရောက်ရာသနည်းဟု ကြောင့်ကြခြင်းသို့ ရောက်လတ္တံ့၊ ကျိုးရာပျက်ရာနေရာကို ပြုပြင်လတ္တံ့ဟုမိန့်တော်မူ၏။ (အုတ်နံရံမစီတတ်သော အပ်ချုပ်သမားကို ရဟန်းတို့က မသင်ပြသဖြင့် ကဲ့ရဲ့မှုကြောင့် ဤသမ္မုတိကံကို ခွင့်ပြုခြင်းဖြစ်သည်)၊ [လဒ္ဓနဝကမ္မေန ပန ဘိက္ခုနာ ဝါသိဖရသုနိခါဒနာဒီနိ ဂဟေတွာ သယံ န ကာတဗ္ဗံ၊ ကတာကတံ ဇာနိတဗ္ဗံ **(ဋ္ဌ၊ စာ–၆၃)]**

ဤစကားရပ်ကို ထောက်၍လောမသိ၊ အချို့ဆရာမြတ်တို့ကား သင်္ကန်းချုပ်ခြင်း၊ ဆိုးခြင်းစသော ပေါရာဏကမ္မမှတစ်ပါး နဝကမ္မဟူသမျှသည် မအပ်သောဟုလည်း ယူကြ၏။ ။ ဆရာတို့ကား ပေါရာဏကမ္မမှတစ်ပါး နဝကမ္မ၌ အလေ့အလာသွားသောသူသည်လည်း အလဇ္ဇီပင်ဟုဆိုကြ၏။ ဆင်ခြင်ဟူ၏။ [သီလဝိသောဒနီ –၆၉]

နေရာဦးစသည်ကိုခွင့်ပြုတော်မူခြင်း – သီတင်းကြီးအစဉ်အတိုင်း (၁)ရှိခိုးခြင်း၊ (၂) ခရီးဦးကြိုခြင်း၊ (၃) လက်အုပ်ချီခြင်း၊ (၄) အရိုအသေပြုခြင်း၊ (၅) နေရာဦး၊ (၆) ရေဦး၊ (၇) ဆွမ်းဦးတို့ကို ခွင့်ပြု၏။ သံဃပစ္စည်းကို သီတင်းကြီးအစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်။ [အဂ္ဂါသနန္တိ ထေရာသနံ၊ အဂ္ဂေါဒကန္တိ ဒက္ခိဏောဒကံ၊ **အဂ္ဂပိဏ္ဍန္တိ** သံဃဘတ္တေရပိဏ္ဍံ] **(ဋ္ဌ၊ စာ–၆၃)**

ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တစ်ကျိပ် – သီတင်းငယ်၊ လူသာမဏေ၊ နာနာသံဝါသက အဓမ္မဝါဒီ သီတင်းကြီး၊ မာတုဂါမ၊ ပဏ္ဍုက်၊ ပါရိဝါသိက၊ မူလာယပဋိကဿနာရဟ၊ မာနတ္တာရဟ၊ မာနတ္တာစာရိက၊ အဗ္ဘာနာရဟ။ ။ ရှိခိုးထိုက်သော ပုဂ္ဂိုလ်(၃)ဦး–သီတင်းကြီး၊ နာနာသံဝါသက ဓမ္မဝါဒီသီတင်းကြီး၊ မြတ်စွာဘုရား။

နေရာတားမြစ်မှု – ရည်မှတ်၍ ပြုသည်ကိုလည်း သီတင်းကြီးအစဉ်အတိုင်းနေရာကို တားမြစ်အံ့၊ ဒုက္ကဋ်။ (မဏ္ဍပ်အခင်းနေရာကို အကြောင်းပြု)

လူတို့၏ ဥစ္စာကိုခွင့်ပြုခြင်း – အခြေရှည်သော ညောင်စောင်းအင်းပျဉ်၊ ပလ္လင်၊ လဲသွတ်အခင်း (၂)မျိုးကိုချန်ထား၍ လူတို့ဥစ္စာဖြစ်သော (ဥစ္စာသယန မဟာသယန) အခင်းကိုထိုင်ရန် ခွင့်ပြု၏။ အိပ်ရန်သော်ကား ခွင့်မပြု။ ။ လူတို့၏ဥစ္စာဖြစ်သော လဲမွေ့ရက်သော ညောင်စောင်းအင်းပျဉ်ကို ထိုင်ရန်ခွင့်ပြု၏။ အိပ်ရန်သော်ကား ခွင့်မပြု။

နေရာကို တားမြစ်ခြင်းစသည် – ဆွမ်းစားမပြီးသေးသော ရဟန်းကို နေရာမှ ထစေအံ့ ဒုက္ကဋ်။ [ရွာအတွင်း၌ နောက်လာရဟန်းသည် ဆွမ်းကိုခံယူ၍ သွားရမည်။ အကယ်၍ လူတို့က ရဟန်းတို့က

ဝင်ပါဟုဆိုမူ ငါဝင်သော် ရဟန်းတို့ထရလိမ့်မည်ဟု ပြောရမည်။ ကြွပါ နေရာရှိပါသည်ဟု ဆိုမူ ဝင်အပ်၏။ မဆိုမူ အာသနသာလသို့သွား၍ ရဟန်းတို့နှင့် အလွန်နီးသောအရပ်သို့ မသွားဘဲ သင့်တင့်ရာ၌ရပ်ရမည်။ အခွင့်ပြု၍ ဝင်ပါဟုဆိုမူဝင်ရမည်။ ဆွမ်းမစားဘဲထိုင်နေသော ရဟန်းရှိမူ ထစေခြင်းငှာ အပ်၏။ ယာဂုခဲဖွယ် စသည်ကို သောက်၍ခဲ၍နေသူ သူတစ်ပါးလာသည်တိုင် ရိတ္တဟတ္တဖြင့် ထိုင်နေသူကို မထစေအပ်၊ ဝိပ္ပကာက ဘောဇနပုဂ္ဂိုလ်မည်သည်သာ]

အကယ်၍ (အာပတ်သင့်ခံပြီး) ထစေမူ ပဝါရိတ်လည်း သင့်၏။ သွားလော၊ ရေဆောင်ယူချေလော ဟု ပြောရမည်။ ဤသို့ဆောင်ယူခြင်းကိုရသော် ကောင်း၏။ အကယ်၍မရသော် ဆွမ်းလုံးတို့ကို ကောင်းစွာမျိုချပြီး၍ သီတင်းကြီးအား နေရာပေးရမည်။ ရဟန်းတို့ ငါသည် အကြောင်းတစ်စုံတစ်ရာဖြင့် သီတင်းကြီး ရဟန်း၏နေရာကို တားမြစ်အပ်သည်ဟု မဟော။ တားမြစ်သောရဟန်းအား ဒုက္ကဋ်သင့်၏။ [ပဝါရိတောစ ဟောတီတိ ယံ သော ဝုဋ္ဌာပေတိ၊ အယဥ္စ ဘိက္ခု ပဝါရိတော စ ဟောတိ၊ တေန ဝတ္တဗ္ဗော ''ဂစ္ဆ ဥဒကံ အာဟရာဟီတိ၊ ဝုမှတရံ ဟိ ဘိက္ခုံ အာဏာပေတုံ ဣဒမေဝ ဧကံ ဌာနန္တိ။ သစေ သော ဥဒကမ္ပိ န အာဟရတိ၊ တတော ယဥ္စ နဝကတရေန ကတ္တဗ္ဗံ၊ တံ ဒဿေန္တော သာဓုကံ သိတ္ထာနီတိ အာဒိမာဟ။] **(ဌ၊ စာ-၆၄)**

နာဖျားသောရဟန်းကို ထစေအံ့ ဒုက္ကဋ်၊ နာဖျားသောရဟန်းအား လျောက်ပတ်သော အိပ်ရာကို ပေးစေရန် ခွင့်ပြု၏။ [အိပ်ရာကို (ပေ) ပျက်စေသော ရောဂါမျိုးဖြစ်မူ ပြာသာဒ်အောက် ကျောင်းငယ် စသည်၌ သင့်တင့်ရာအိပ်ရာကို ပေးရမည်။ မပျက်စီးစေမူ မြတ်သောအိပ်ရာကိုလည်း ပေးအပ်သည်သာ။ ဆီးရွှင်ဝမ်းနုတ်ဆေးစားထားသူ နှာနုတ်သူတို့လည်း ဂိလာနပင်ဟူ၏။]

အမြွက်ထောင်သဖြင့် ကျောင်းအိပ်ရာနေရာကို တားမြစ်အံ့ ဒုက္ကဋ်၊ [လေသကပ္ပေနာတိ အပ္ပကေန သီသာဘာဓာဒိမတ္တေန] **(ဌ၊ စာ-၆၄)** အမျက်ထွက်သဖြင့်ရင်း နှလုံးမသာယာသဖြင့်ရင်း ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်အံ့၊ အာပတ်အားလျော်စွာ ပြုစေရမည်။ ကျောင်းအိပ်ရာနေရာကို ခံယူစေရန် ခွင့်ပြု၏။

သေနာသနဂ္ဂါဟကထာ

ကျောင်းယူစေသူဟု သမ္မုတိပေးခြင်း – ဂတိလေးပါးသို့မလိုက်ခြင်း၊ ယူပြီး မယူသေးသည်ကိုသိခြင်း၊ အင်္ဂါငါးရပ်နှင့်ပြည့်စုံသောရဟန်းကို ရှေ့ဦးစွာတောင်းပန်၍ ကျောင်းခံယူစေသော ရဟန်းဟု သမ္မုတိပေးရန် ခွင့်ပြု၏။

အစီအစဉ်၊ နည်းစနစ် – ရှေးဦးစွာ ရဟန်းတို့ကိုရေတွက်ခြင်း၊ ထို့နောက် အိပ်ရာတို့ကို ရေတွက်ခြင်းပြုပြီးနောက် အိပ်ရာအပိုင်းအခြားဖြင့် ခံယူခြင်းငှာ ပိုလျှံသော် ကျောင်းအပိုင်းအခြားဖြင့် ပိုလျှံသော် ပရိဝုဏ်အပိုင်းအခြားဖြင့် ပိုလျှံသော် နောက်ထပ်ဝေစုကိုလည်းပေးခြင်းငှာ ခွင့်ပြု၏။ နောက်ထပ်ဝေစု ယူပြီးသော် အခြားရဟန်းရောက်လာအံ့၊ မပေးလိုမူ မပေးရ။ (ပေးလိုကပေးနိုင်သည်) [ပထမဝေစု နောက်ဝေစု နှစ်သက်ရာပေးလိုကပေး]

သီမ်ပသား – ဥပစာသိမ်၌တည်နေသော ရဟန်းကို ကျောင်းအိပ်ရာနေရာတို့ကို ယူစေသော ရဟန်းအား ဒုက္ကဋ်။ [နိဿီမေ ဌိတဿာတိ ဥပစာရသီမတော ဗဟိ ဌိတဿ။ (ဤကား သိမ်ပကနေ၍ မခံအပ်သည်ကိုသာ ဟောသည်။ သိမ်ပသား မခံကောင်း (သိမ်ပသားဟုမယူလင့်) အန္တောဥပစာရသီမာယ ပန ဒူရေ ဌိတဿာပိ လဗ္ဘတိယေဝ။ **(ဋ္ဌ၊ စာ–၆၅)** (ဤကား ဥပစာရသိမ်ကျယ်သောကြောင့် ဆိုသည်)]

တားမြစ်ခွင့် – ကျောင်းအိပ်ရာနေရာကိုယူစေပြီးသော် အခါခပ်သိမ်း မတားမြစ်အပ်။ တားမြစ်သောရဟန်းအား ဒုက္ကဋ်။ မိုးသုံးလပတ်လုံး တားမြစ်ခြင်းငှာ ခွင့်ပြု၏။ ဆောင်းဥတုနွေဥတု၌ကား မတားမြစ်ရန် ခွင့်ပြု၏ [ပုရိမဝါ ပစ္ဆိမဝါ၊ ခံယူခြင်း (၂)မျိုးကား ထာဝရ]

ကျောင်းခံယူခြင်းအပြား – (၁) ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌ ပုရိမဝါကျောင်းခံယူခြင်းကို ခံယူစေအပ်၏။ (၂) ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့၌ ပစ္ဆိမဝါကျောင်းခံယူခြင်းကို ခံယူစေအပ်၏။ (၃) သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌ နောက်မိုးလပတ်လုံးနေရန် ဝါပကျောင်းခံယူခြင်းကို ခံယူစေအပ်၏။ [အပရဇ္ဇုဂတာယ ပဝါရဏာယ အာယတိံ ဝဿာဝါသတ္ထာယ ''အန္တရာမုတ္တကော ဂါဟော တဗ္ဗော''] **(ဋ္ဌ၊ စာ–၆၅)** အန္တရာမုတ္တကံ ပန ပါဋိပဒံ အတိက္ကမိတွာပိ ဂါဟေတုံ ဝဋ္ဋတိ။ **(တိ၊ စာ–၂၄၂)**

အန္တရာမုတ္တက (ဌ၊ စာ-၆၅)

[ကျောင်းဒါယကာတို့က မိမိတို့ကျောင်းဝါကပ်သော ရဟန်းကို ပစ္စည်းလေးပါးတို့ကို များစွာလှူကြ၏။ ထိုလာဘ်ပေါ်များရာကျောင်းသို့ မထေရ်ကြီးတို့က ဝါတွင်းကျလျှင် ဝါကပ်၍ ဝါကျွတ်လျှင် လာဘ်များစွာကိုယူ၍ သွားကြ၏။ ဆောင်း၊ နွေတို့၌ စောင့်ရှောက်၍နေရသော သီတင်းငယ်တို့က မိမိတို့လည်း လာဘ်မရရှိ၍ ကျောင်းကိုမစောင့်ရှောက်ပဲထားသဖြင့် ကျောင်းကို စောင့်ရှောက်ရန်အလို့ငှာ ခွင့်ပြု၏။

ခံယူပုံနှင့်တာဝန် – သံဃာထေရ်မှစ၍ အန္တရာမုတ္တက သေနာသနကို ခံယူမည်လောဟုမေး၍ ခံယူက ပေးရမည်။ မယူမူ အနုထေရ်မှစ၍ အဆက်ဆက်မေး၍ အယုတ်ဆုံးအားဖြင့် သာမဏေကခံယူသော်လည်း ပေးရမည်။ ခံယူသူသည် ဆောင်းနွေရှစ်လပတ်လုံးကျောင်းကို အကျိုးအပျက်စသည်ကို ပြုပြင်စောင့်ရှောက်ရမည်။ နေ့သာလည်းကောင်း ညဥ့်သာလည်းကောင်း၊ နေ့ညဥ့်လည်းကောင်း၊ ထိုမှ၌နေခြင်းငှာ အပ်၏။ ဆောင်းနွေဥတုကာလ၌လာသော သီတင်းကြီးအားကား မတားမြစ်အပ်။ ဝါတွင်းမူကား သံဃာထေရ်သော်လည်း မရ၊ စောင့်ရှောက်သူသာရ၏။ ဗဟုပစ္စယတို့ကို တစ်နှစ်၊ ၃၊ ၄၊ ၆ ကြိမ်လှူရာ၌မရ၊ တစ်ကြိမ်သာ လှူရာကျောင်း၌သာ အန္တရာမုတ္တက ခံယူခြင်းရ၏။]

ဥတုကာလ သေနာသနဂ္ဂါဟ (ဌ၊ စာ-၆၆)

အာဂန္တုကရဟန်းတို့ မည်သည့်အချိန်၌ပင်ဖြစ်စေလာမူ အကာလဟူ၍မရှိ၊ ရဟန်းတို့ကိုထစေ၍သာ ကျောင်းအိပ်ရာနေရာကို ပေးရမည်။ သေနာသနပညာပကရဟန်းက အသိဉာဏ်ရှိ၍ ညောင်စောင်းအိပ်ရာ၌ ၂၊ ၃ နေရာတို့ကို အပိုထားသင့်၏။ ဝိကာလအခါ တစ်ပါးနှစ်ပါး မထေရ်တို့လာမူ အားလုံးကိုထစေ၍ ဘဏ္ဍာကိုယ်စီရွေ့ရမည်ကို ပြောဆိုလျှောက်၍ မိမိနေရာ၌ပင်နေရန် လျှောက်ရမည်။ အာဂန္တုများမူကား ထစေ၍ အစဉ်အားဖြင့်ပေးရမည်။ ပရိဝုဏ်တစ်ခုစီမလောက်လျှင်၊ ပါသာဒ၊ တိုက်ခန်း၊ သေယျာ (မဥ္စပီဌ)၊ ညောင်စောင်းတစ်နေရာစာ အင်းပျဉ်တစ်နေရာစာ ပိုင်းခြား၍ယူစေရမည်။ ရဟန်းတစ်ပါးကို ရပ်လောက်ကာမျှသော အရပ်ကိုကားမယူစေရ။ အင်းပျဉ်တစ်နေရာစီမျှမလောက်လျှင် ညောင်စောင်းအင်းပျဉ်တို့၌ တစ်ယာမ်လျှင် တစ်ပါးကျတစ်လှည့်စီ သီတင်းသုံးရန် (၃)ပါးတစ်တွဲစီပေးရမည်။ ကြီးသူကစ၍ ပဌမ၊ ဒုတိယ၊ တတိယယာမ်တို့ပတ်လုံး သီတင်းသုံးနိုင်သည်။ မိမိအလှည့်ရောက်လျှင် နိုးနိုင်သည်။ မထမနေရ။

ဖမ္မုဒီပ၏ ထုံးတစ်ရပ် – အချို့ရဟန်းတို့သည်၊ သေနာသနမည်သည်ကား ညောင်စောင်းဆုံ့ရုံ၊ အင်းပျဉ်ဆုံ့ရုံ၊ တစ်စိုးတစိသောနေရာသည်သာလျှင် အချို့အား သပ္ပာယဖြစ်၍ အချို့အား အသပ္ပာယဖြစ်သဖြင့် အာဂန္တုကဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နေ့စဉ်သေနာသနကို ခံယူကြ (လဲကြကုန်၏။) [**ဖမ္မုဒီပေ ပနာတိ** အရိယဒေသေ ဘိက္ခူ သန္ဓာယ ဝုတ္တံ။ **(သာ၊ စာ–၄၀၁)**]

ဝဿာဝါသ အာဂန္တုကဝတ္တ (၄ စာ-၆၇၊ ၆၈)

မိမိနေရာမပြည့်စုံ၍ တခြားနေရာသို့သွား၍ ချမ်းသာရာကျောင်း၌ ဝါကပ်လိုသော အာဂန္တုက ရဟန်းသည် ဝါမဆိုခင် တစ်လကြိုတင်၍ ထိုနေလိုရာကျောင်းသို့ဝင်နေပြီး သပ္ပာယဖြစ်မဖြစ်စသည်ကို အမှတ်ပြုရမည်။ ။ မိမိနေရာမှသွားရာ၌ ဆွမ်း၊ သင်္ကန်းစသည် မပြည့်မစုံသွားကြောင်းကို ရွာအား မပြောရ။ ဤကား စေတီပရိက္ခရာ ဥပုသ်အိမ်ပရိက္ခရာ သံကောက်၊ ကျည်ငယ်ဟုလည်းကောင်း၊ သင်တို့၏ ကျောင်းကို ခံကုန်လောဟုလည်းကောင်း မပြောရ။ ။ သေနာသနကိုသုတ်သင်၍ ဂမိယဝတ်ကိုဖြည့်၍ ရွာတွင်းလမ်းမှဗန်းပြ၍ မသွားအပ်။ တောလမ်းဖုံးကွယ်ရာလမ်းက သွားရမည်။ မရှိမူ ချုံတိုး၍ကား မသွားရ။ ဤသို့သွားသော် ဒကာတို့ချုပ်၍ ပစ္စည်းကိုလှူလတ္တံ့ဟူသော) ဝိတက်ကိုဖြတ်၍ သုဒ္ဓစိတ်ဖြင့် ဂမိယဝတ်နှင့်ညီစွာ ရွာလမ်းဖြင့်သွားအပ်၏။ ။ ဒါယကာတို့ကဆီး၍မေးမူ ဗဟုသုတရှိသူ ဒါယကာတစ်ဦးဦးက ပစ္စည်းပြည့်စုံရာသို့ ရဟန်းတို့ဟူသည် ကြွကြသည့်ပင်ဟုပြောမူ ထိုဒကာစကားကိုကြား၍ ဒကာတို့ကတိုင်ပင်၍ နိဗဒ္ဓဝတ်၊ သလာကဘတ်စသည် ဝါဆိုသင်္ကန်းတို့ကိုစီရင်၍ အရှင်ဘုရား၊ ဤမှာပင် သီတင်းသုံးပါဟု ပင့်မူနေအပ်၏။ ပစ္စည်းတို့ကိုလည်း သာယာအပ်၏။ ကုရုန္ဒီ၌ကား ဘယ်အရပ်သို့ ကြွမည်လဲဟုမေးလျှင်၊ ကြွမည့်အရပ်၊ ဘာကြောင့်ဟုမေးလျှင် အကြောင်းကိုလည်း ပြောကြားအပ်၏ဟုဆို၏။ နည်းနှစ်မျိုးပင် သုဒ္ဓစိတ်ရှိသောကြောင့်လျှင် အပြစ်မရှိ။

ဝဿာဝါသ-အာဝါသိကဝတ္တ (၄ စာ-၆၈၊ ၆၉)

သဒ္ဓါဒေယျ စီဝရပစ္စယ ဥဒ္ဒေသပရိပုစ္ဆကမ္မဋ္ဌာနာနုယောဂ စသည်တို့လာလာသမျှ ထိုချမ်းသာစွာ ပြုနိုင်ကြပါစေဟူသော အာသီသဖြင့် အာဝါသိကရဟန်းတို့သည် ကျောင်းတို့ကို ပြုပြင်ရှင်းလင်းရမည်။ ဝါဆိုလဆန်း (၅)ရက်မှစ၍ ပကတိအားဖြင့် လှူနေကျဒကာအား (လှူနေကျနေရာ၌) ဝါဆို သင်္ကန်းကို ပေးအပ်၏။ အကြောင်းအားလျော်စွာ လျော့၍ဖြစ်စေ၊ ပို၍ဖြစ်စေ လှူမှုမှတ်သား၍ ထိုထို ဒါယကာတို့ ကျောင်း၌နေသော ရဟန်းတို့အား ခံယူစေအပ်၏။ အကယ်၍ လူတို့က တပည့်တော်တို့ ဝါဆိုသင်္ကန်းရောက် သောရဟန်းသည် ဝါတွင်းသုံးလပတ်လုံး သောက်ရေကိုတည်ထားပါစေ၊ ကျောင်း၊ လမ်း၊ စေတီပြင်၊ ဗောဓိရင်ပြင်ကို သုတ်သင်ပါစေ၊ ဗောဓိပင်ကို ရေသွန်းပါစေဟုဆိုမူ ထိုအကြောင်းကိုလည်း၊ သင်္ကန်းရောက်ရာ ရဟန်းအား ပြောကြားရမည်။ ကျောင်းကားရွာမှဝေးရာ တစ်ယူဇနာ နှစ်ယူဇနာအတွင်း တည်ရှိ၍ ထိုရွာ၌ အကယ်၍ဒါယကာတို့က အရံစောင့်စသူတို့ထံအပ်နှံသော ဥစ္စာကိုထား၍ ကျောင်း၌ ဝါဆိုသင်္ကန်းလှူကုန်မူ ထိုဒါယကာတို့ကို မမေးဘဲလည်း ထိုဒါယကာတို့ကျောင်း၌ ဝတ်ပြု၍နေသောရဟန်းအား ဝါဆိုသင်္ကန်းကို ခံစေအပ်၏။ ပွဲသကူဆောင်ဖြစ်မူ သံဃာအား ပြောကြားအပ်၏။ ဒကာတို့က သံဃာအားမလှူလိုမူ သဘာဂ ရဟန်းကိုဝတ်ပြုစေ၍ ယူလောဟုပြောရမည်။

တကြုပ္ပါဒစီဝရပစ္စယ တကြုပ္ပါဒ – ပစ္စည်း၌ကား ကပ္ပိယကာရကတို့ကို မေးအပ်၏။ တစ်ပါးပါးအား (၈)တောင်ပုဆိုးလှူမည်ဟု ပြောမူခံယူစေအပ်၏။ ပုဆိုးမရှိဝတ္ထုသာရှိသည်ဟုပြောမူ ဝတ္ထုကို လည်း ခံအပ်၏။ ကပ္ပိယဘဏ္ဍာ ပရိဘုဥ္ဇထဟုပြောလှူသော ဝတ္ထုမှကား အလိုရှိရာကိုသုံးဆောင်ရန် ခွင့်ပြု သည်သာ [ဒါယကာတို့

သံဃာအားကိုယ်ကိုဖုံးလွှမ်းစရာ အဝတ်သင်္ကန်းသည် ဖြစ်လတ္တံ့လောဟု မေးရမည်။] ဆွမ်းဆေးအတွက် ရည်၍လှူထားမှု သင်္ကန်းအတွက် ညွှတ်စေလိုလျှင် သံဃာချမ်းသာရန် ပန်ကြား၍ ညွှတ်စေရမည်။ ကျောင်းအတွက် ရည်လှူထားမှု ဂရုဘဏ်တည်း။ (မညွှတ်စေအပ်)

ပန်ကြားပုံ – "ကာ္လဒါနိ သုဘိက္ခံ သုလဘပိဏ္ဍာ၊ ဘိက္ခူ စီဝရေန ကိလမန္တိ၊ ဣတ္ထန္နာမ တဏ္ဍုလဘာဂံ ဘိက္ခူနံ စီဝရံ ကာတုံ ရုစ္စတိ" ဂိလာနပစ္စယော သုလဘော ဂိလာနောဝါ နတ္ထိ၊ ဣတ္ထန္နာမ တဏ္ဍုလဘာဂံ ဘိက္ခူနံ စီဝရံ ကာတုံ ရုစ္စတိ"တိ ဟုလည်းကောင်း လိုသလို (ဘိက္ခူ) ဟူသော ပုဂ္ဂိုလ်ကိုသုံးသပ်၍ပန်ကြား၊ သံဃာဟု မပန်ကြားအပ်။ ဇာတရူပရဇတ အာမကဓညတို့အစွမ်းဖြင့် ပန်ကြားခြင်းငှာ မအပ်။ ကပ္ပိယဘဏ္ဍာ စီဝရ တဏ္ဍုလစသည်တို့အစွမ်းဖြင့်သာ အပ်သည်။ **(ဋ္ဌ စာ–၆၉)**

ဝဿာဝါသ သေနာသနဂ္ဂါဟ (ဋ္ဌ စာ-၇၀)

ပုရိမဝါ – ဤသို့ စီဝရပစ္စယကိုမှတ်သားပြီးနောက် ကျောင်းခံခြင်း၏အခါကိုကြေညာပြီး ရဟန်းတို့စည်းဝေးပြီးသော် ကမ္မဝါစာဖြင့်လည်းကောင်း၊ အပလောကနကံဖြင့်လည်းကောင်း၊ သေနာသနဂ္ဂါဟကရဟန်း၊ ၂ ပါး သမုတ်ရမည်။ (မိမိကိုယ်ကို မိမိကျောင်းယူစေရန်မသင့်၍ တစ်ပါးသည်တစ်ပါးကို ကျောင်းခံယူစေရန်ဟူ) သံဃာများမှ ၃ ၊ ၄ ၊ ၈ ၊ ၁၆၊ ပါး သမုတ်နိုင်သည်။ (တဇ္ဇနီယစသော နိဂ္ဂဟကံမျိုးမဟုတ်၊ သမ္မုတိဒါနကံဖြစ်၍ အားလုံးကို ပြိုင်တူသမုတ်နိုင်သည်။ **သာ၊ စာ–၄၀၂၊ တိ၊ စာ–၂၄၂၊ ဝိ၊ စာ–၅၂၆)**

သမ္မုတိရသောရဟန်းသည် စေတိယဃရ ဗောဓိဃရ အာသနဃရ သမ္မုဉ္စနီအဋ္ဋ ဒါရုအဋ္ဋ ဝစ္စကုဋိ ကသာလာ ဝမ္မိကသာလာ ဒွါရကောဋ္ဌက ပါနီယမာဠ မဂ္ဂ (လမ်းဘေးဇရပ်) ပေါက္ခရဏီ (ကန်ဘေးရေချိုးဇရပ်) ဟူသော အသေနာသန၊ ဝိဟာရ အဍ္ဍယောဂ ပါသာဒ ဟမ္မိယ ဂုဟာ မဏ္ဍပ ရုက္ခမူလ (အမိုးတံခါးဖွဲ့ရှိ) ဝေဠုဂုမ္ဗ (အမိုးတံခါးဖွဲ့ရှိရမည်)ဟူသော သေနာသနတို့ကိုမှတ်သား၍ သေနာသနကိုသာ ပါဠိတော်လာတိုင်း ခံယူစေရမည်။ **(ဋ္ဌ၊ စာ–၇၀)** [ဥပရိ"ဘောဇနသာလာ ပန သေနာသနမေဝါ"တိ ဝုတ္တတ္တာ သေနာသနံ။ "ကပ္ပိယကုဋိ စ ဣတ္ထ ကာတဗ္ဗာ"တိ ဝဒန္တိ၊ တံ နေတိ ဧကေ၊ ရုက္ခမူလဝေဠုဂုမ္ဗာ ဆန္နာ ကဝါဋဗဒ္ဓါဝ သေနာသနံ။ **(ဝိ၊ စာ–၅၂၇)** သမ္မုတိမရသော အခြားရဟန်းက သေနာသနကို ယူစေသော် ယူခြင်းသည် အယူမမြောက်၏။

လာဘ်လာဘ – (တတြုပ္ပါဒ) သံဃိက သဒ္ဓါဒေယျဟူသော စီဝရ ပစ္စယ (၂)မျိုးရှိမှ (၂)မျိုးတွင် ရဟန်းတို့ နှစ်သက်ရာကို ရှေးဦးစွာ ခံစေ၍ ထိုရဟန်း၏ ဌိတိကမှစ၍ အခြားရဟန်းကို ခံယူစေရမည်။ ရဟန်းနည်း၍ ပရိဝုဏ်ဖြင့် ကျောင်းခံစေရာ၌ တစ်ကျောင်းက လာဘ်များမှ (၁၀–၁၂ ထည်) ထိုပရိဝုဏ်ကို သီးခြားအလွတ်ထား၍ လာဘ်နည်းရာကျောင်းတို့၌ထည့်၍ အခြားရဟန်းတို့အား ယူစေရမည်ဟု မဟာသုမထေရ်ဆို၏။ မဟာပဒုမထေရ်ကား လူတို့က မိမိတို့အာဝါသ စောင့်ရှောက်ရန် လှူရကား အခြားရဟန်းတို့လည်း ထိုကျောင်းသို့ဝင်နေ၍သာ (စေတိယဝတ်ကိုပြု၍သာ) လာဘ်ကိုယူရမည်ဟူ၏။ အကယ်၍ မဟာထေရ်ကတားမြစ်မှ ရဟန်းများ၍ လာဘ်နည်းကြောင်းကိုသိစေ၍ ခံယူစေရမည်သာ။ (မနာယူက အနိုင်ထက်ပြုနိုင်သည်) ခံယူစေရာ၌ သမ္မုတိရ ရဟန်းက မဟာထေရ်ထံသွား၍ မဟာထေရ်အား ရောက်ရာကျောင်းနှင့် စီဝရပစ္စယကို ပြောကြားရမည်။ မဟာထေရ်ကလက်ခံလျှင် ခံယူခြင်းကိစ္စ ပြီး၏။ **(ဋ္ဌ စာ–၇၀)**

ပုံသုကူရဟန်းကား – သေနာသနကိုယူ၍ ရသောစီဝရပစ္စယကို မသာယာလို၍စွန့်လျှင် မိမိပရိဝုဏ်တွင်း တစ်နေရာရာ၌သာ (အခြားတစ်ပါးပါးရက ကျောင်းစောင့်ရှောက်နိုင်) စွန့်ရမည်။ ဒကာတို့က ဝဿာဝါသိကံ ဒေမဟုပြောလှူမှ ထိုကျောင်းဝုဿံဝုတ္ထ ရဟန်းတို့အား ရောက်၏။ ကျောင်းဒကာ မဟုတ်သူတို့က စီဝရပစ္စယသက်သက်ကိုလှူမှု ဝါဆိုသင်္ကန်းမရှိရာကျောင်း၌ ခံယူစေခြင်းငှာအပ်၏။ **(၄ စာ–ရ၁)**

အသေနာသန – အရပ်၌ဒကာတို့က ဝါဆိုသင်္ကန်းကိုယူစေကုန်မှု ထိုထိုအရပ်၌ဝတ်ပြု၍ ခံယူစေအပ်၏။ ဘောဇနသာလကား သေနာသနသာ။ ထို့ကြောင့် တစ်ပါးအားလည်းကောင်း၊ အများအားလည်းကောင်း ပိုင်းခြား၍ ခံယူစေခြင်းငှာ အပ်၏။

ခေတ်နှင့်ဝတ် – တစ်ရက်နေ့အရုဏ်မှစ၍ နောက်လာမည့်နေ့ အရုဏ်အတွင်းကား သေနာသနဂ္ဂါဟခေတ်တည်း။ စောစောကျောင်းခံယူစေပြီးမှ ဝိတက္ကစာရိက ရဟန်းတစ်ပါးကလာ၍ ကျောင်းနေရာတောင်းမူ၊ သံဃာကျောင်းယူပြီး ဝါကပ်ပြီးဖြစ်၍ မွေ့လျော်ရာသစ်ပင်ရင်းစသည်၌ နေဟုပြောကြားရမည်။ **(၄ စာ–ရ၁၊ ရ၂)** ပါဠိမသင်ရ၊ မသင်စေရ၊ မသရဇ္ဈာယ်ရ၊ ရှင်မပြုပေးရ၊ ပဥ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ တရားမနာရ၊ ၎င်းတို့ကား ပပဥ္စဓမ္မဖြစ်၍ သမဏဓမ္မကိုသာပြုကြအံ့၊ ဓုတင် (၁၃)ပါးဆောက်တည်ကြ၊ မအိပ်ဘဲရပ်ခြင်း၊ စင်္ကြံသွားခြင်းဖြင့် ကုန်လွန်စေ၊ သတ္တာဟကရဏီယဖြင့်သွားလျှင် ဘာဇနီယဘဏ္ဍာကို ရစေဟူသော အဓမ္မိ ကဝတ်များကိုမပြုရ။ ၎င်းတို့မှ ဗျတိရေကဓမ္မိကဝတ်များကိုဟောပြ၍ ပလိဗောဓဖြတ်ရန် ကေစာရီဖြစ်ရန် အပ္ပိစ္ဆကထာစသော ဒသဝတ္ထုကထာ အသုဘအနုဿတိကထာစသည်ကိုပြုရန် အာဂန္တုကဝတ်ပြုရန် သတ္တာဟကရဏီယဖြင့်သွားလျှင် ပန်ကြားသွားရန်ဟူသောဝတ်များကို ပြုကောင်း၏။ အဆုံးအမတို့ကို ပေးရမည်။ သေခိယခန္ဓကဝတ်စသည်တို့ကို သင်ပြပြောကြားရမည်။ **(၄ စာ–ရ၂)**

(ကထိကဝတ်တို့၌ သံဃာကို ပန်ကြား၍ပေးလေ။)

ပစ္ဆိမဝါ – သံဃာအစည်းအဝေးပြီးနောက် ဝါဆိုသင်္ကန်း၌ ဖြစ်ပေါ်လာပါက အာဂန္တုကသည် သံဃာထေရ်ဖြစ်မူ အာဂန္တုကအား ပေးအပ်၏။ သီတင်းငယ်ဖြစ်မူသံဃာထေရ်အား သမ္မုတိရရဟန်းက ပထမရသော သင်္ကန်းအဖို့ကိုလွှတ်၍ ဤနောက်အဖို့ကိုယူရန် ပြောရမည်။ မလွှတ်လျှင်ကား မပေးအပ်။ ဤနည်းဖြင့် ဒုတိယထေရ်မှစ၍ အာဂန္တုကအားရောက်ရာတိုင်အောင် လှည့်လည်၍ပေး၊ ပထမဝါကပ်သူတို့အား ၂ ၊ ၃ ၊ ၄ ၊ ၅ ထည်ရမူ ဤနည်းဖြင့်စွန့်စေ၍ လာဘ်ညီမျှအောင်ပြု၍ပေး။ **(၄ စာ–ရ၃)**

ရည်မှတ်၍လှူခြင်း – ဣဒံ ဝဿာဝါသိကံ အမှာကံ သေနာသနေ ဝုတ္ထဘိက္ခုနော ဒေမ **(၄၊ စာ–ရ၄)** ဟု လှူမှု ကျောင်းခံသူရဟန်းအားသာ ရောက်၏။ ကျောင်းဒကာသားသမီးစသူတို့က အမှာကံ သေနာသနေ ဒေမဟုလှူမှု ထိုကျောင်းဝါကပ်သော ရဟန်းအား တစ်ထည်သာပေးအပ်၏။ ကြွင်းတို့ကား သံဃိက၊ ဝဿဝါသိက ဌိတိကဖြင့်ယူ၊ ဌိတိက မရှိမူ ထေရာသနမှစ၍ယူ၊ သေနာသနဿ ဒေမဟုဆိုလှူရာ၌လည်း နည်းတူ ခြေရင်း၌ထား၍ တဿ ဘိက္ခုနော ဒေမဟုလှူမှု ထိုရဟန်းအား သာရောက်၏။

သာမဏေ – အိမ်တစ်အိမ်က (၁၀)တောင်၊ (၈)တောင်၊ အထည်နှစ်ထည်လှူမူ၊ သာမဏေအား ဝရဘာဂ (မထေရ်က မူလတစ်ကြိမ်ရပြီးဖြစ်၍) အနုဘာဂကိုယူစေ။ အိမ်သို့ပင့်၍ ခြေရင်း၌ထား၍ လှူမူရရာယူ၊ အကယ်၍ တစ်အိမ်၌ သာမဏေက ဝါဆိုသင်္ကန်းခံယူရန် အလှည့်ကျမူ၊ ဒကာကမည်သူ မည်ဝါဟုမေးမူ သာမဏေဟုမပြောဘဲလှူသောအခါ သီလတ္တံ့ဟုပြော၍ မထေရ်တစ်ပါးက သာမဏေကိုယ်စား (ဒကာ၏သဒ္ဓါကို စောင့်ရှောက်သောအားဖြင့်) အလှူခံကြွ၍ သာမဏေအားပေးစေ၊ လူထွက်သူ သေသူတို့အတွက်ကား ဟုတ်တိုင်းမှန်စွာပြောကြား၍ ဒါယကာကြိုက်သလို စီမံလေ။ **(၄ စာ–ရ၄၊ ရ၅)**

ပံသုကူ သစေ ဝဿူပဂတာ သုဒ္ဓပံသုကူလိကာယေဝ ဟောန္တိ၊ အာနေတွာ ဒိန္နံ ဝဿာဝါသိကံ သေနာသနပရိက္ခာရံ ဝါ ကတွာ ဌပေတဗ္ဗံ၊ ဗိမ္ဗောဟနာဒီနိ ဝါ ကာတဗ္ဗာနီတိ ကုဒ္ဒံ နေဝါသိကဝတ္တံ။ **(ဌ၊ စာ–၅၅)**

ဓမ္မိကဝတ် သောဓေတွာ ပဗ္ဗာဇေတ

သရဏာနိ ပန သယံ ဒါတဗ္ဗာနိ၊ အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံသရဏံ ဂစ္ဆာမီတိ အာဒိနာနယေန သရဏာနိ ဒါတဗ္ဗာနိ–အရ သရဏဒါနကိုကား ဆယ်ဝါရထေရ်မြောက်ပြီး (ဥပဇ္ဈာယ အာစရိယမည်ထိုက်သူ) ရဟန်းတို့သည်သာလျှင် ပြုအပ်သည်။ ဝိမတိဆရာ၏ ဝါဒကားမသင့်။ အဋ္ဌကထာတို့နှင့် ဆန့်ကျင်၏။ ပါဠိအဋ္ဌကထာ ဋီကာတို့၌ ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ရှင်ပြု၍ ရှင်သာမဏေ ဖြစ်သောအရာ (သယံပဗ္ဗာဇေ) ဥပဇ္ဈာယ်ဆရာစေခိုင်းသဖြင့် ဒဟရပဉ္စင်းငယ်တို့ ရှင်ပြု၍ ရှင်သာမဏေ ဖြစ်သောအရာ (အာဏတ္တ ဒဟရပဗ္ဗာဇေ) ဒဟရပဉ္စင်းငယ်တို့ ဥပဇ္ဈာယ်ဆရာကိုယ်စား ရည်မှတ်တိုင်းထွာ၍ ရှင်ပြုသဖြင့် ရှင်သာမဏေ ဖြစ်သောအရာ (ဥပဇ္ဈာယံ ဥဒ္ဒိဿ ဒဟရပဗ္ဗာဇေ) ဤအရာဌာန (၃)ပါးသာ လာရှိသဖြင့် မိမိတို့အစီးတရ က္လသရိယအားဖြင့် ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသောအရာ မလာရှိသောကြောင့် ဥပဇ္ဈာယ် ဆရာလည်း မစေခိုင်း၊ မရည်လည်းမရည်မှတ်ဘဲပြုသော ရှင်သာမဏေလောင်းတို့အား ရှင်သာမဏေ မဖြစ်တန်ရာ။ **(စံကျောင်း –၂၈၁)** ပါဠိတော်၌ ဥပဇ္ဈာယ အာစရိယတို့၏အင်္ဂါရပ်၌ (၁၀)ဝါဟု သတ်မှတ်ချက် ရှိသည်ဟူ။

ဥပနန္ဒဝတ္ထုကထာ

တစ်ဦးတည်းသော ရဟန်းသည် နှစ်ကျောင်းတို့ကို တားမြစ်အံ့၊ ဒုက္ကဋ်။ [၁–ရဟန်းတစ်ပါးသည် ဝါဆိုနေ့၌ ကျောင်းတိုက်တစ်ခုတွင် ကျောင်းကိုခံယူပြီး အနီးကျောင်းတိုက်တစ်ခုသို့သွား၍ ထို၌လည်း ခံယူ၏။ ရှေးခံ ယူခြင်း ငြိမ်း၏၊ နောက်ခံယူခြင်း၌ တည်၏။ ၂–ရဟန်းတစ်ပါးကား ဤ၌နေအံ့ဟု အာလယမျှကိုပြု၍ အနီးကျောင်းတိုက်သို့သွား၍ ထို၌ကျောင်းကိုခံယူ၏။ ရှေးအာလယငြိမ်း၏။ နောက်ခံယူခြင်း၌တည်၏။ ။ ၃–ရဟန်းတစ်ပါးကား ဤ၌နေအံ့ဟု ကျောင်းကို ခံယူ၍လည်းကောင်း၊ အာလယပြု၍လည်းကောင်း၊ အနီး ကျောင်းတိုက်သို့သွား၍ ဤ၌ပင်နေတော့အံ့ဟု အာလယကိုပြု၏။ ရှေးခံယူခြင်းအာလယ (၂)ပါးစုံငြိမ်း၏။ နောက် အာလယ၌တည်၏။ ကျောင်းတိုက်တစ်ခု၌ကျောင်းယူပြီး အခြားကျောင်းတိုက်တစ်ခု၌ နေအံ့ဟုသွားအံ့၊ ဥပစာရသီမကိုလွန်လျှင် ကျောင်းခံယူခြင်း ငြိမ်း၏။ ချမ်းသာလျှင်နေမည်၊ မချမ်းသာလျှင် ပြန်မည်ဟု သွား၍ မချမ်းသာ၍ ပြန်လာမူအပ်၏။ မငြိမ်း။] **(ပါ စာ–၃၁၈)**

အရှင်ဥပါလိထံ၌ ဝိနည်းကို သင်ယူကြခြင်း

သင်ပြသော သီတင်းငယ်ရဟန်းသည် တရားကိုရှိသေသဖြင့် တူသောနေရာ၌လည်းကောင်း၊ မြင့်သောနေရာ၌လည်းကောင်း ထိုင်နိုင်၏။ ထိုင်ခြင်းငှာ ခွင့်ပြု၏။ သင်ယူသော သီတင်းကြီးရဟန်းသည် တရားကိုရှိသေသဖြင့် တူသောနေရာ၌လည်းကောင်း၊ နိမ့်သောနေရာ၌လည်းကောင်း ထိုင်နိုင်၏။ ထိုင်ခြင်းငှာ ခွင့်ပြု၏။ ။ နေရာတူရဟန်းတို့အတွက် အတူထိုင်ခြင်းငှာ ခွင့်ပြု၏။ မိမိမှအထက်အောက် သုံးဝါအတွင်းရှိ နှစ်ဝါကြီး၊ နှစ်ဝါငယ် ရဟန်းနှင့်အတူထိုင်ခြင်းငှာ ခွင့်ပြု၏။ ။ နေရာတူသုံးပါးစုရဟန်းအား ညောင်စောင်းကိုလည်းကောင်း၊ အင်းပျဉ်ကိုလည်းကောင်း ခွင့်ပြု၏။ (သုံးပါးစုလည်း ညောင်စောင်းအင်းပျဉ်ကို ထိုင်၍ ပျက်စီးသဖြင့် နေရာတူ နှစ်ပါးစုရဟန်းအား ညောင်စောင်းကိုလည်းကောင်း၊ အင်းပျဉ်ကိုလည်းကောင်း ခွင့်ပြု၏။ **(ပါ စာ-၃၁၉)**

ပဏ္ဍုက်၊ မိန်းမ၊ ဥဘတောဗျည်း (၃)ယောက်ကိုချန်ထား၍ နေရာတူထိုင်ခွင့်မရှိသော ရဟန်းတို့နှင့် နေရာရှည်၌ထိုင်ခြင်းငှာ ခွင့်ပြု၏။ သုံးယောက်ထိုင်လောက်သောနေရာသည် အယုတ်ဆုံးနေရာရှည်ဖြစ်၏ဟု ခွင့်ပြု၏။

[ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ၊ တထာရူပေ အပိ ဖလကခဏ္ဍေ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။] ဒီဃာသနံ နာမ မဉ္စပီဌဝိနိမုတ္တံ ယံ ကိဉ္စိ ကေတော သုခံ နိသီဒိတုံ ပဟောတိ။ **(သာ၊ စာ-၄၀၄)**

ယံ တိဏ္ဏံ ပဟောတီတိ မဉ္စပီဌဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ၊ ဣဒံ ပစ္ဆိမဒီဃာသနံ။ တေသု မဉ္စပီဌရဟိတေသု အသမာနာသနိကာပိ တယော နိသီဒိတုံ လဘန္တိ၊ မဉ္စပီဌေသု ပန ဒွေ။ အဒီဃာသနေသု မဉ္စပီဌေသု သမာနာသနိကာ ဧဝ ဒွေ နိသီဒိတုံ လဘန္တိ ဒုဝဂ္ဂသေသဝ အနုညာတတ္တာ။ **(တီ၊ စာ-၂၄၄)**

ပြာသာဒ်၌ အသုံးအဆောင်

ပြာသာဒ် အသုံးအဆောင်အလုံးစုံကို ခွင့်ပြု၏။ [သဗ္ဗံ ပါသာဒပရိဘောဂန္တိ သုဝဏ္ဏရဇတာဒိဝိစိတြာနိ ကဝါဋာနိ မဉ္စပီဌာနိ တာလဝဏ္ဋာနိ သုဝဏ္ဏရဇတမယပါနီယဃဋပါနီယသရာဝါနိ ယံကိဉ္စိ စိတ္တကမ္မကတံ၊ သဗ္ဗံ ဝဋ္ဋတိ၊ ပါသာဒဿ ဒါသိဒါသံ ခေတ္တဝတ္ထုံ ဂေါမဟိံသံ ဒေမာတိ ဝဒန္တိ၊ ပါဋေက္ကံ ဂဟဏကိစ္စံ နတ္ထိ။] **(ဌ၊ စာ-၇၆)** ဝိသာခါက သံဃာအား လှူခြင်း ဖြစ်သည်။

ပုဂ္ဂလိက ရွှေကျောင်း၊ ငွေကျောင်း

သုဝဏ္ဏရဇတာဒိဝိစိတြာနီတိ သံဃိကသေနာသနံ သန္ဓာယ ဝုတ္တံ၊ ပုဂ္ဂလိကံ ပန သုဝဏ္ဏာဒိဝိစိတြံ ဘိက္ခုဿ သမ္ပဋိစ္ဆိတုမေဝ န ဝဋ္ဋတိ "န ဘေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗ"န္တိ ဝုတ္တတ္တာ။ တေနေဝေတ္ထ အဋ္ဌကထာယံ "သံဃိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ"တိ န ဝုတ္တံ။ **(တီ၊ စာ-၂၄၄)** [ညောင်ကန်ဆရာတော်လည်း နည်းတူယူ၏။]

သုဝဏ္ဏ ရဇဟ ကဟာပဏ မာသက
ရွှေငွေအသပြာ ပဲရှစ်မှာ လေးဖြာနိဿဂ္ဂိ
နီပြောက်မြလဲ လင်းရှရွဲ ဒွလဲဒုက္ကဋ်သိ
သတ္တခညာ ကျွန်လယ်ယာ ပုပ္ပါရာမာဒိ

သေနာသနံ ဟိ သောဝဏ္ဏမယမ္ပိ ဝဋ္ဋတိ။ [ဘူတဂါမဝဂ် သေနာသနသိက္ခာပုဒ် **(ဌ၊ စာ–၃၉)**] သေနာသနပရိဘောဂေ ပန သဗ္ဗကပ္ပိယော။ တသ္မာ ဇာတရူပရဇတမယာ သဗ္ဗေပိ သေနာသနပရိက္ခာရာ အာမာသာ၊ ဘိက္ခူနံ ဓမ္မဝိနယဝဏ္ဏနဋ္ဌာနေ ရတနမဏ္ဍပေ ကရောန္တိ၊ ဖလိကတ္ထမ္ဘေ ရတနဒါမပဋိမဏ္ဍိတေ။ တတ္ထ သဗ္ဗူပကရဏာနိ ဘိက္ခူနံ ပဋိဇဂ္ဂိတုံ ဝဋ္ဋတိ။ **(ကာယသံသဂ္ဂ–ဌ၊ စာ–၁၃၁)**

သဗ္ဗံ ပါသာဒပရိဘောဂန္တိ – လ – ဟောတိ။ **(အထက်ပါဋ္ဌ၊ စာ–၇၆)**

သေနာသနေ ပန ဒွါရကဝါဋဝါတပါနကဝါဋာဒီသု သဗ္ဗရတနမယမ္ပိ ဝဏ္ဏမဋ္ဌကမ္မံ ဝဋ္ဋတိ၊ သေနာသနေ ကိဉ္စိ ပဋိသေဓေတဗ္ဗံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသနာ၊ **[ဒုတိယပါရာဇိက၊ ဌ၊ စာ–၂၉၄ ၌]** •••စသော အဋ္ဌကထာဋီကာ အရပ်ရပ်တို့ဖြင့် ရွှေငွေစသော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋ်ဝတ္ထုတို့ဖြင့်ပြီးသော ကျောင်းကိုကား သဒ္ဓါတရားအားကြီးရာ ဒါယကာတို့အလိုဆန္ဒရှိရာ သံဃဿ ဒေမ၊ ဂဏဿ ဒေမ၊ ပုဂ္ဂလဿ ဒေမဟူ၍ လှူဒါန်းပူဇော်သည့်အတိုင်း သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့ ခံအပ်သုံးဆောင်အပ်သည်၏ အဖြစ်ကို မှတ်ယူအပ်သည်။ ထိုကျောင်းကို လှူဒါန်းပူဇော်သည်နှင့် အတူတကွပါရှိသော ရွှေအိုး၊ ရွှေခွက်စသော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋ်ဝတ္ထုတို့ကိုလည်း ပါသာဒပရိဘောဂ သေနာသနပရိဘောဖြစ်သောကြောင့် ခံယူသုံးဆောင်အပ်၏။ ပါသာဒဿ ဒမ္မိ၊ သေနာသနဿ ဒမ္မိ၊ ဝိဟာရဿ ဒမ္မိဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋ်ဝတ္ထု ရွှေအိုး၊ ငွေခွက်စသည်တို့ကိုလည်း ပါသာဒသေနာသန ဝိဟာရသဒ္ဒါ၏ ကပ္ပိယဝေါဟာရ ကပ္ပိယဝစန သဒ္ဒါဖြစ်သောကြောင့် ဒါယကာတို့၏ စိတ်စေတနာသဒ္ဒါ ရည်မှတ်ရင်းအတိုင်း သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့ ခံယူသုံးဆောင်အပ်သည်၏ အဖြစ်ကိုမှတ်ယူအပ်၏။။ (အာသိတ္တကူပမာနလည်း အလားတူ)

(စေတိယဿ ဒေမ၊ နဝကမ္မဿ ဒေမဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု၊ ရွှေအိုး၊ ရွှေခွက်စသည်တို့ကား ကပ္ပိယဝေါဟာရစကားအဖြစ်ဟူသော်လည်း အာမာသအရာ၌မတည်၊ အနာမာသ အရာ၌တည်၍ ကပ္ပိယကာရကတို့အား ပြောကြားအပ်၏။ ကပ္ပိယဝတ္ထုကို သုံးဆောင်အပ်၏။) **[စံကျောင်း –၁၉၇]**

ဥစ္စာသယန မဟာသယန

သံဃာအား မြင့်လွန်းသောနေရာ ပလ္လင်မွေးရှည်ကော်ဇောကြီး၊ – လ – နီသောမျက်နှာကြက်နှင့် အုံးနှီးနှစ်ဖက်ရှိ နေရာတို့ဖြစ်ပေါ်လာရာ ညောင်စောင်း၏ခြေတို့ကိုဖြတ်၍ သုံးဆောင်ခြင်းငှာလည်းကောင်း၊ ပလ္လင်၏ သားရဲရုပ်တို့ကိုဖျက်ဆီး၍ သုံးဆောင်ခြင်းငှာလည်းကောင်း လဲသွတ်အခင်းကိုဖြေ၍ ခေါင်းအုံး လုပ်ခြင်းငှာလည်းကောင်း၊ ကြွင်းသောအခင်းကို မြေအခင်းပြုလုပ်ခြင်းငှာလည်းကောင်းခွင့်ပြု၏။ [ဂေါနကာ ဒီနိ သံဃိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ မဥ္စပီဌကေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋန္တိ၊ ဓမ္မာသနေ ပန ဂိဟိဝိကဋ္ဋနိယာမေန လဗ္ဘန္တိ၊ တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋတိ]။ **(ဌ၊ စာ–၇၆)**

ဂိဟိဝိကဋနီဟာရေန လဗ္ဘန္တီတိ ဂိဟိဝိကဋနီဟာရေန ပရိဘုဥ္ဇိတုံ လဗ္ဘန္တိ၊ တေဟိ အတ္တရိတ္တာ ဒိန္နာနေဝ နိသီဒိတုံ လဗ္ဘန္တိ၊ န သယံ အတ္တတာနိ အတ္တရာပိတာနိ ဝါ။ **(သာ၊ ဓာ-၄၀၄)** ဤ၌ ဂေါနကအစရှိသော အကပ္ပိယအခင်းကိုလည်း ညောင်စောင်းအင်းပျဉ်တို့၌ ပကတိအတိုင်းခင်း၍ သုံးဆောင်ခြင်းငှာသာ မအပ်သည်။ အမွေးအဆာ အမြိတ်ကိုအတွင်းထား၍ ခြုံရုံခြင်းငှာကား အပ်သည်ပင်။ [လောမာနိ အန္တော ကတွာ ပါရုပိတုံ ဝဋ္ဋတိ၊ အထက်၌ပြခဲ့သော အဋ္ဌကထာကိုထောက်၍ ဝိနိစ္ဆယဋီကာဆို၏။ ဘုံလျှို၌ထည့်လျှင် အပ်ကြောင်း အထက်၌ပြခဲ့ပြီ။ **[စံကျောင်း-၂၈၈]**

"တေဟိ (ဂိဟိ) အတ္တရိတ္တာ ဒိန္နာနေဝ နိသီဒိတုံ လဗ္ဘန္တိ၊ န ဘိက္ခုနာ သယံ အတ္တရိတ္တာ ဝိသဇ္ဇိတဗ္ဗံ သံဃေန အတ္တရာပေတွာဝါ" တိ လိခိတံ **(ဓိ၊ ဓာ-၅၂၈)**

အဝိဿဇ္ဇိယ၊ အဝေဘင်္ဂိယ၊ ဂရုဘဏ္ဍ

ပဉ္စိမာနိ ဘိက္ခဝေ အဝိဿဇ္ဇိယာနိ၊ န ဝိဿဇ္ဇေတဗ္ဗာနိ သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ၊ ဝိဿဇ္ဇိတာနိပိ အဝိဿဇ္ဇိတာနိ ဟောန္တိ။ ယော ဝိဿဇ္ဇေယျ။ အာပတ္တိ ထုလ္လစ္စယဿ။ [သာဝတ္ထိ ပြည်အနီးတောကျောင်းတစ်ခု] **(ပါ၊ ဓာ-၃၂၁)**

ပဉ္စိမာနိ ဘိက္ခဝေ အဝေဘင်္ဂိယာနိ၊ န ဝိဘဇိတဗ္ဗာနိ သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ၊ ဝိဘတ္တာနိပိ အဝိဘတ္တာနိ ဟောန္တိ၊ ယော ဝိဘဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ၊ [ကိဋာဂိရိ အဿဇိ ပုနဗ္ဗသုကဘိက္ခု] **(ပါ၊ ဓာ-၃၂၃)** ကတမာနိပဉ္စ (၂၅)

(၁) အာရာမော အာရာမဝတ္ထု၊ ဣဒံ ပဌမံ ... (၂)

(၂) ဝိဟာရော ဝိဟာရဝတ္ထု၊ ဣဒံ ဒုတိယံ ... (၂)

(၃) မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနံ၊ ဣဒံ တတိယံ ... (၄)

(၄) လောဟကုမ္ဘီ လောဟဘာဏကံ လောဟဝါရကော လောဟကဋာဟံ
ဝါသိ ပရသု ကုဌာရီ ကုဒါလော နိခါဒနံ၊ ဣဒံ စတုတ္ထံ ... (၉)

(၅) ဝလ္လိ ဝေဠု မုဉ္ဇံ ပဗ္ဗဇံ တိဏံ မတ္တိကာ ဒါရုဘဏ္ဍံ
မတ္တိကာဘဏ္ဍံ၊ ဣဒံ ပဉ္စမံ .... (၈)

သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ။ ။ မူလစ္ဆေဇ္ဇဝသေန အဝိဿဇ္ဇိယံ အဝေဘင်္ဂိယဉ္စ၊ ပရိဝတ္တနဝသေန ပန ဝိဿဇ္ဇေန္တဿ ပရိဘုဥ္ဇန္တဿ စ အနာပတ္တိ။ ။ ဣဒံ တာဝ ပဉ္စဝိဓမ္ပိ စီဝရ ပိဏ္ဍပါတဘေသဇ္ဇတ္ထာယ ဥပနေတုံ န ဝဋ္ဋတိ၊ ထာဝရေန စ ထာဝရံ ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍံ (ပုရိမဒွယံ ထာဝရံ ပစ္ဆိမတ္တယံ ဂရုဘဏ္ဍံ) ပရိဝတ္တေတုံ ဝဋ္ဋတိ။ ထာဝရေ ပန ခေတ္တံ ဝတ္ထု [ခေတ္တံ ခေတ္တဝတ္ထု မူကွဲ] တဠာကံ မာတိကာတိ ဧဝရူပံ (ထာဝရံ) ဘိက္ခုသံဃဿ ဝိစာရေတုံ ဝါ သမ္ပဋိစ္ဆိတုံ ဝါ အဓိဝါသေတုံ ဝါ န ဝဋ္ဋတိ၊ ကပ္ပိယကာရကေဟေဝ ဝိစာရိတတော ကပ္ပိယဘဏ္ဍံ ဝဋ္ဋတိ။ အာရာမေန ပန အာရာမံ အာရာမဝတ္ထုံ ဝိဟာရံ ဝိဟာရဝတ္ထုန္တိ ဣမာနိ စတ္တာရိ ပရိဝတ္တေတုံ ဝဋ္ဋတိ။ **(ဋ၊ ဓာ-၇၇)** ။ အာရာမဝတ္ထုနာ

စ မဟာန္တေန ဝါ ခုဒ္ဒကေန ဝါ အာရာမအာရာမဝတ္ထုံ ဝိဟာရဝိဟာရဝတ္ထုနိ။(**ဋ္ဌ၊ စာ–၇၈**) ။ ဝိဟာရောပိ ဝိဟာရဝတ္ထုပိ အာရာမေန ပရိဝတ္တေတဗ္ဗံ။ အာရာမောပိ အာရာမဝတ္ထုပိ ဝိဟာရေန ပရိဝတ္တေတဗ္ဗံ။ ဝိဟာရဝတ္ထုနာ စ မဟာဂ္ဃေန ဝါ အပ္ပဂ္ဃေန ဝါ ဝိဟာရဝိဟာရဝတ္ထုံ အာရာမအာရာမဝတ္ထုနိ။ (**ဋ္ဌ စာ–၇၈**)

လူတို့ကလဲလှယ်ရန် ပြောကြားလာမူ သံဃာအား အပလောကနကံဖြင့်ပန်ကြား၍ အာရာမ်၊ အကြီး အငယ်၊ သစ်ပင်အနည်း အများ၊ သစ်သီးရှိ မရှိ၊ ကျောင်းတန်ဖိုး အနည်းအများတို့ကို အမှန်အတိုင်းပြော ကြား၍ လဲရမည်]

''နနု တုမှာကံ ဗဟုတရာ ရုက္ခာတိ ဝတ္တဗ္ဗ''န္တိ ဣဒံ သာမိကေသု အတ္တနော ဘဏ္ဍာသ မဟဂ္ဃတံ အဇာနိတွာ ဒေန္တေသု တံ ဉတွာ ထေယျစိတ္တေန ဂဏှတော အဝဟာရော ဟောတီတိ ဝုတ္တံ။ (**တီ၊ စာ–၂၄၅**)

ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍန္တိ သံဟာရိမံ သန္ဓာယ ဝုတ္တံ။ (**ဇီ၊ စာ–၅၂၈**)

[ကပ္ပိယမဥ္စတို့ကို အရာအထောင် တစ်ကြိမ်တည်း(သံဃိက)လှူမူ လက်ခံ၍ သီတင်းကြီးစဉ်အတိုင်း၊ သံဃိကပရိဘောဂေန ပရိဘုဥ္စထ–ဟုပြော၍ ပေးရမည်။ (အကပ္ပိယမဥ္စ၌ကား ဝိဟာရဿ ဒေမဟုလှူလျှင် သံဃာအား အပ်၏။) ဗဟိသီမ၌ သံဃဿ ဒေမ–ဟုလှူသော ညောင်စောင်းကို သံဃာထေရ်နေရာ၌ ပေးစေ၊ ထို၌များနေမူ မဥ္စကမ္မရှိရာ၌ သံဃိကပရိဘောဂေန ပရိဘုဥ္စထဟုပြော၍ပေး (သီတင်းကြီးလာလျှင် ပေး သည်ကို သံဃိကပရိဘောဂဟူ၏။ (**ညောင်ကန်၊ စာ–၄၃၃**)

''ကပ္ပိယမဥ္စာ သမ္ပဋိစ္ဆိတဗ္ဗာ''တိ ဣမိနာ သုဝဏ္ဏာဒိဝိစိတ္တံ အကပ္ပိယမဥ္စံ ''သံဃဿာ''တိ ဝုတ္တေပိ သမ္ပဋိစ္ဆိတုံန ဝဋ္ဋတီတိ ဒဿေတိ၊ ''ဝိဟာရဿ ဒေမာ''တိ ဝုတ္တေ သံဃဿ ဝဋ္ဋတိ၊ န ပုဂ္ဂလဿ ခေတ္တာဒိ ဝိယာတိ ဒဋ္ဌဗ္ဗံ။ (**တီ၊ စာ–၂၄၅**)

[ရွှေငွေစသည်ဖြင့် ပြီးသော အကပ္ပိယမဥ္စပီဌ အကပ္ပိယဘိသိဗိမ္ဗောဟန ကပ္ပိယမဟဂ္ဃဖြစ်သော ဒန္တမယမဥ္စစသည် ပါဝါရာဒိကပ္ပိယပစ္စတ္ထရဏစသည်ကို လဲလှယ်၍ဆိုပြီးသော ထာဝရ အထာဝရဝတ္ထုတို့ကို ခံယူအပ်ကုန်၏။

[အတိရေကမဥ္စေ ဘဏ္ဍာဂါရာဒီသု ပညပေတွာ ပတ္တစီဝရံ နိက္ခိပိတုမ္ပိ ဝဋ္ဋတိ] (**ဋ္ဌ၊ စာ–၇၉**) ပတ္တစီဝရံ နိက္ခိပိတုန္တိ အဋ္ဋကစ္စန္တေန ကတေ မဥ္စေ (**ဇီ၊ စာ–၅၂၈**)

ရှေးကောဋ္ဌာသ (၃)ခုသည် ဂရုဘဏ်မလောက်သည် မရှိ။

ဂရုဘဏ္ဍာစာရင်း
(ဝိနယသမုဟ ပ စာ ၇ မှ ၂၉ အထိ ဂရုဘဏ္ဍာစာရင်းကို ပြည့်ပြည့်စုံစုံ ကြည့်ရှုနိုင်ပါသည်

ပထမ – ကောဋ္ဌာသ			**(သုဒ္ဓထာဝရ ဂရုဘဏ်)**
(၁)	၁–အာရာမ	အာရာမ်သာမန်	[အာရာမော နာမ ပုပ္ဖါရာမော ဝါ ဖလာရာမော ဝါ
	၂–ပုပ္ဖာရာမ	ပန်းအာရာမ်	ဟု–**ဋ္ဌ–စာ–၇၆**၌–၂–ခုသာလာ၏]
	၃–ဖလာရာမ	သစ်သီးအာရာမ်	[အာရာမဝတ္ထုံ နာမ တေသံယေဝ အာရာမာနံ
(၂)	၄–အာရာမဝတ္ထု–အာရာမ်ရာအာရာမ်အပိုင်းခြား		အတ္တာယ ပရိစ္ဆိန္ဒိတွာ ဌပိတောကာသော၊ တေသု ဝါ အာရာမေသု ဝိနဋ္ဌေသု တေသံ ပေါရာဏက ဘူမိဘာဂေါ] (**ဋ္ဌ၊ စာ–၇၆**)

ဒုတိယ – ကောဋ္ဌာသ (သုဒ္ဓထာဝရ ဂရုဘဏ္ဍ်)

(၁) ၅– ဝိဟာရ [ယံကိဉ္စိ ပါသာဒါဒိသေနာသနံ]
(၂) ၆–ဝိဟာရဝတ္ထု [တဿ ပတိဋ္ဌာနောကာသော] **(ဋ္ဌ၊ စာ–၇၆)**

တတိယ – ကောဋ္ဌာသ (အထာဝရ ကရုဘဏ္ဍ်)

(၁) ၇ – မဉ္စ – ညောင်းစောင်းသာမန်
၈ – မသာရက မဉ္စ – အခြေ၌အပေါင်စွပ်သော ညောင်စောင်း
၉ – ဗုန္ဒိကာဗဒ္ဓမဉ္စ – အပေါင်းနှင့်အခြေတစ်စပ်တည်းတည်သောညောင်စောင်း
၁၀ – ကုဠီရပါဒကမဉ္စ – ပုစွန်ခြေသဏ္ဍာန်ရှိသော ညောင်စောင်း
၁၁ – အာဟစ္စပါဒကမဉ္စ – အပေါင်၌ အခြေစွပ်သော ညောင်စောင်း
(ဋ္ဌ–၌ လေးမျိုးသာလာ၏။)

(၂) ၁၂ – ပီဌ [မဉ္စပီဌံ မဟာန္တံ ဝါ ဟောတု ခုဒ္ဒကံ ဝါ အန္တမသော စတုရင်္ဂုလ
၁၃ – မသာရကပီဌ ပါဒကံ ဂါမဒါရကေဟိ ပံသ္ဂာဂါရကေသု ကီဠန္တကေဟိ
၁၄ – ဗုန္ဒိကာဗဒ္ဓပီဌ ကတမ္ပိ သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ ဟောတိ။
(ဋ္ဌ၊ စာ–၇၉)
၁၅ – ကုဠီရပါဒကပီဌ
၁၆ – အာဟစ္စပါဒကပီဌ
(၃) ၁၇ – ဘိသိ ၁၉ – စောဠဘိသိ ၂၁–တိဏဘိသိ
၁၈ – ဥဏ္ဏာဘိသိ ၂၀ – ဝါကဘိသိ ၂၂–ပဏ္ဏဘိသိ

(၄) ၂၃ – ဗိမ္ဗောဟန [ဝုတ္တပကာရာနံ ဗိမ္ဗောဟနာနံ အညတရံ] **(ဋ္ဌ၊ စာ–၇၇)**
[အဂရုဘဏ္ဍုပဂံ ပန ဘိသိဗိမ္ဗောဟနံ နာမ နတ္ထိ] **(ဋ္ဌ၊ စာ–၇၉)**

စတုတ္ထ– ကောဋ္ဌာသ (အထာဝရ ဂရုဘဏ္ဍ်)

(၁) ၂၄–လောဟကုမ္ဘီ – ကြေးအိုးကြီး [လောဟကုမ္ဘီ နာမ ကာဠလောဟေန ဝါ တမ္ဗလော
(၂) ၂၅–လောဟဘာဏက – ကြေးအိုးစရည်း ဟေန ဝါ ယေန ကေနစိ လောဟေန ကတာ
(၃) ၂၆–လောဟကဋာဟ – ကြေးဖျည်း ကြေးအင်တွဲ ကုမ္ဘီ။ လောဟဘာဏကာဒီသုပိ ဧသေဝ နယော။
(၄) ၂၇–လောဟဝါရက – ကြေးအိုး **(ဋ္ဌ၊ စာ–၇၇)**
(သာမန်) လောဟကုမ္ဘီ လောဟဘာဏကံ လောဟကဋာ

၂၈–ကာဠလောဟ	–ကြေးနက်အိုး	ဟတ္ထိ ဣမာနိ တီဏိ မဟန္တာနိ ဝါ ဟောန္တု
၂၉–တမ္ဗလောဟ	–ကြေးနီအိုး	ခုဒ္ဒကာနိ ဝါ၊ အန္တမသော ပသတမတ္တဥဒက
၃၀–ဝဋ္ဋလောဟ	–ကြေးဝါအိုး	ဂဏှနကာနိပိ ဂရုဘဏ္ဍာနိယေဝ။
၃၁–ကံသလောဟ	–ကြေးဖြူခွက်	

လောဟဝါရကော ပန ကာဠလောဟတမ္ဗ လောဟဝဋ္ဋလောဟ (ပီတဝဏ္ဏံ–ဖီ) ကံသလောဟာနံ ယေန ကေနစိ ကတော သီဟဋဒီပေ ပါဒဂဏှနကော ဘာဇေတဗ္ဗော။ ပါဒေါ စ နာမ မဂဓနာဠိယာ ပဉ္စ နာဠိမတ္တံ ဂဏှာတိ၊ တတော အဓိကဂဏှန ကော ဂရုဘဏ္ဍံ။ ဣမာနိ တာဝ ပါဠိယံ အာဂတာနိ လောဟဘာဇနာနိ။ **(ဋ္ဌ၊ စာ–ဂျ၉)** [ဝါရကောတိ ဃဋော (ဋ္ဌ) ရေခပ်အိုး။

ဘာဇနီယလောက်ရာ၌လည်း ပုဂ္ဂလိကမအပ်ကြောင်း အထက်မဟာပစ္စရိ၌ လာလတ္တံ့ဟူ၏။ **(တိ၊ စာ–၂၄၆)**

❧ ❧ ❧

ပါဠိမုတ္တက ဂရုဘဏ်
(လောဟ)

၃၂ – ဘိင်္ကာရ (ဘိင်္ဂါရ)ကရား	[ဝုမကဋ္ဋစ္ဆုအာဒီနိ ခုဒ္ဒကာနိ ဝါ မဟန္တာနိ ဝါ သဗ္ဗာနိ
	ဂရုဘဏ္ဍာနိ၊
၃၃ – ပဋိဂ္ဂဟ – ထွေးခံ(ပြွအိုး)	ပတ္တော အယထာလကံ တမ္ဗလောဟထာလကန္တိ ဣမာနိ ပန
၃၄ – ဥဠုင်္က – မှုတ်	ဘာဇနီယာနိ။ ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ
၃၅ – ဒဗ္ဗိ – ယောက်မ	သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋာ ဝါ ဝဋ္ဋတိ။
၃၆ – ကဋစ္ဆု – ယောက်ချို	ပုဂ္ဂလိကပရိဘောဂေန န ဝဋ္ဋတိ။ ကံသလောဟာဒီ
၃၇–ပါတိ–ခွက်(ရေခွက်)(ခွက်ကြီး)	ဘာဇနံ သံဃဿ ဒိန္နမ္ပိ ဟိ ပါရိဟာရိယံ န ဝဋ္ဋတိ၊
၃၈–တဋ္ဋက–ရေခွက်(ခွက်)(ဖလား)	ဂိဟိဝိကဋာနီဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။
၃၉ – သရက – ခွက်ငယ်	**(ဋ္ဌ၊ စာ–ဂျ၉၊ ၈၀)** (ပါရိဟာရိယံ န ဝဋ္ဋတီတိ အာဂန္တုကဿ
၄၀ – သမုဂ္ဂ – တံတင်း၊သေတ္တာ	အဒတွာ ပရိစာရိကဟတ္ထတော အတ္တနော နာမံ လိခါပေတွာ
(ပုံတောင်း)	ဂဟေတွာ ယထာသုခံ ပရိဟရိတုံ န ဝဋ္ဋတိ။
၄၁–အင်္ဂါရကပလ္လ – မီးမယ်ဖြူ	"ဂိဟိဝိကဋနီဟာရေနေဝါတိ ယာဝ အတ္တနော ကမ္မနိဗ္ဗတ္တိ၊
အိုးကင်း	တာဝ ဂဟေတွာ ဒေတီ"တိ လိခိတံ။ **(ဝိ၊ စာ–၅၂၈)**
၄၂–ဝုမကဋစ္ဆုအာဒိ–မီးမွှေ	ပါရိဟာရိယံ နဝဋ္ဋတီတိ အတ္တနော သန္တကံ ဝိယ ဂဟေ
(ယောက်မစသည်)	တွာ ပရိဟရိတုံ နဝဋ္ဋတိ၊ ဂိဟိ၊ပ၊–တဗ္ဗ"န္တိကမ္မိနာ
	သစေ အာရာမိကာဒယော ပဋိသာမေတွာ
* ၄၃ – ပတ္တ – သံသပိတ်	ပဋိဒေန္တိ၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဒဿေတိ။ **(သာ၊ စာ–**
	၄၀၄)

* ၄၄- အယထာလက-သံခွက်
* ၄၅-တမ္ဗလောဟထာလက - ကြေးနီခွက်
၄၆ - ကံသလောဟ - ကြေးဖြူခွက်
၄၇ - ဝဋ္ဋလောဟ - ကြေးဝါခွက်

ပါရိဟာရိယံ န ဝဋ္ဋတီတိ ပတ္တာဒိပရိက္ခာရံ ဝိယ သယမေဝ ပဋိသာမေတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ၊ ဂိဟိသန္တကံ ဝိယ အာရာမိကာဒယော စေ သယမေဝ ဂေါပေတွာ ဝိနိယောဂကာလေ အာနေတွာ ပဋိနေန္တိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ''ပဋိသာမေတွာ ဘိက္ခူနံ ဒေထာ''တိ ဝတ္တုမ္ပိ ဝဋ္ဋတိ။ **(တီ၊ စာ-၂၄၆)**

လောဟဘဏ္ဍာ (ကြေးသံ)

* ၄၈ - အဉ္ဇနီ - မျက်ကြည်
* ၄၉ - အဉ္ဇနိသလာက - မျက်စဉ်းတံ
* ၅၀ - ကဏ္ဏမလဟရဏီ - နားဖာချူ
* ၅၁ - သူစိ - အပ်
* ၅၂ - ပဏ္ဏသူစိ - ကညစ်
* ၅၃ - ခုဒ္ဒကပိပ္ဖလက - ဓားငယ်
* ၅၄ - ခုဒ္ဒကအာရကဏ္ဋက - (သပိတ်ထွင်း)စူးငယ်
* ၅၅ - ကုဉ္စိကာ - သံကောက်
* ၅၆ - တာလ - မင်းတုပ်
* ၅၇-ကတ္တရယဋ္ဌိ - တောင်ဝှေး
* ၅၈-ဝေဓက - စူး
* ၅၉-နတ္ထုဒါန - နှာနှတ်တံ
* ၆၀-ဘိန္ဒိဝါလ - ခက်ရင်း(သံဆူး)
* ၆၁-လောဟကူဋ - သံတူ (သံပူ)
* ၆၂-လောဟကုဋ္ဋိ - သံချေး
* ၆၃-လောဟဂုဠ - သံချောင်း
* ၆၄-လောဟပိဏ္ဍိ - သံထွေ(သံခဲ)
* ၆၅-လောဟစက္ကလိက- သံဝိုင်း(သံဝန်း)
* ၆၆-ဝိပ္ပကတ လောဟဘဏ္ဍာ - ပြု၍ မပြီးသေးသော သံဘဏ္ဍာ

[ဌပေတွာ ပန ဘာဇနဝိကတိံ အညသ္မိမ္ပိ ကပ္ပိယလောဟဘဏ္ဍေ အဉ္ဇနီ၊ - လ - လောဟစက္ကလိကံ အညမ္ပိ ဝိပ္ပကတလောဟဘဏ္ဍံ ဘာဇနီယံ **(ဌ၊ စာ-ဓဝ)**] ၆၁-၆၂၌ လောဟကူဋ လောဟကုဋ္ဋိအစား လောဟဝဋ္ဋိဟု (သံကျည်၊ သံလုံး) တစ်မျိုးသာ အချို့မူ၌လာ၏။

* ''အတ္တနာ လဒ္ဓါနိပိ''တိ အာဒိနာ ပဋိဂ္ဂဟဏေ ဒေါသော နတ္ထိ၊ ပရိဟရိတွာ ပရိဘောဂေဝ အာပတ္တိ ကရောတိ ဒဿေတိ၊ ယထာ စေတ္ထ၊ ဧဝံ ဥပရိ အဘာဇနီယဝါသိအာဒီသု အတ္တနော သန္တကေသုပိ။ **(တီ၊ စာ-၂၄၆)**

ခုဒ္ဒက အာရကဏ္ဍက-အဦးရှည်သော ပေးတိုးဓားငယ်၊ (သာရ) လောဟကုဋ္ဋိ-ကြေးတု၊ လောဟဂုဠ-ကြေးချောင်း၊ လောဟပိဏ္ဍိ-ကြေးခဲ၊ လောဟစက္ကလိက-ကြေးလှည်းဘီးငယ်၊ ကြေးဘဏ္ဍာဟူ **(သာရ ၄၃၆)**

အတ္တနာ လဒ္ဓသံယိကပရိဘောဂဂရုဘဏ်

၆၇ - ခုမနေတ္တ - အမိုးသောက်ပတူ
၆၈ - ဖာလ - ဖယင်း(ပရင်း)ထယ်သွား
၆၉ - ဒီပရုက္ခ - ဆီမီးတိုင်

[ခုမနေတ္တ -လ- ကုတ္တိပုရိသတိရစ္ဆာနဂတရူပကာနိ ပန အညာနိ ဝါ ဘိတ္တိစ္ဆဒနကဝါဋာဒီသု ဥပနေတဗ္ဗာနိ အန္တမသော လောဟခိလကံ ဥပါဒါယ

၃၀ – ဒီပကပလ္လက – ဆီမီးခွက်

၃၁ – ဩလမ္ဗကဒီပ – ဆီမီးဆွဲ

၃၂ – ဣတ္ထိရူပက – သံဖြင့်ပြီးသောမိန်းမရုပ်

၃၃ – ပုရိသရူပက – သံဖြင့်ပြီးသောယောကျ်ားရုပ်

၃၄ – တိရစ္ဆာနရူပက – သံဖြင့်ပြီးသောတိရစ္ဆာန်ရုပ်

သဗ္ဗာနိ လောဟဘဏ္ဍာနိ ဂရုဘဏ္ဍာနိယေဝ ဟောန္တိ၊ အတ္တနာ လဒ္ဓါနိပိ ပရိဟရိတွာ ပုဂ္ဂလိကပရိဘောဂေန န ပရိဘုဉ္ဇိတဗ္ဗာနိ၊ သံဃိကပရိဘောဂေနေန ဝါ ဂိဟိဝိကဋ္ဋာနိ ဝါ ဝဋ္ဋန္တိ။ တိပုဘဏ္ဍေပိ ဧသေဝ န ယော။ **(ဋ္ဌ၊ စာ–၈၀)** (သလွဲဘဏ္ဍာ)

၃၅ – အညရူပက – ထိုသုံးရုပ်မှ ကြွင်းသောရုပ်

၃၆ – လောဟခိလက – သံတံတင်း

၃၇ – ခီရပါသာဏတဋ္ဋက – နွားနို့အဆင်းရှိသော ကျောက်ဖြင့်ပြီးသော ခွက်

[ခီရပါသာဏမယာနိ တဋ္ဋကသရကာဒီနိ ဂရုဘဏ္ဍာနိယေဝ] **(ဋ္ဌ၊ စာ–၈၀)** နူးညံ့သော ကျောက်မျိုးဖြင့် ပြီးသည်လည်း ဟူ၏။ (ဝိနိစ္ဆယဋီ)

၃၈ – ခီရပါသာဏမယသရက – နွားနို့အဆင်းရှိသော ကျောက်ရေခွက်ငယ်

[ဃဋကော ပန တေလဘာဇနံ ဝါ ပါဒဂဏ္ဍန ကတော အတိရေကမေဝ ဂရုဘဏ္ဍံ]**(ဋ္ဌ၊ စာ–၈၀)**

၃၉ – ဃဋက – ကြာသွက်အိုး [ကျောဖြူဖြင့်ပြီး]

ဃဋကောတိ ခီရပါသာဏမယောယေဝ ဝါရကော **(ဝိနိစ္ဆယဋီ၊ ဒု၊ စာ–၃၀၄)**

၄၀ – တေလဘာဇန – ဆီကျည်

၄၁ – သုဝဏ္ဏဘာဇန – ရွှေခွက်

၄၂ – ရဇတ ဘာဇန – ငွေခွက်

၄၃ – ဟာရကူဋဘာဇန–ဓေးခွက်

၄၄ – ဇာတိဖလိကဘာဇန–ဖန်စစ်ခွက်

[သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋ္ဌာနိပိ န ဝဋ္ဋန္တိ၊ ပဂေဝ သံဃိကပရိဘောဂေန ဝါ ပုဂ္ဂလိကပရိဘောဂေန ဝါ။ သေနာသနပရိဘောဂေ ပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗံ ဝဋ္ဋတိ] **(ဋ္ဌ၊ စာ–၈၀)**

[အာရကူဋ] (အချို့က ချက်ဖန်လည်း မအပ်ဟူဆင်ခြင်) [ဖလိကေန ဥဋ္ဌာပိတံ ဇာတံ၊ ဖလိကမယံ ဘာဇနန္တိ အတ္ထော၊ **(ဝိနိစ္ဆယဋီ၊ ဒု၊ စာ–၃၀၄)**

အနာမာသမ္ပီတိ သုဝဏ္ဏာဒိမယမ္ပိ သဗ္ဗံ တံ အာမသိတွာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ **(ဋီ၊ စာ–၂၄၆)**

ဟာရကူဋ - အာရကူဋ

ဤ၌ **ဟာရကူဋ**ဟူသည် ကြေးနီပြဒါး ရွှေစသည်ကိုရောစပ်ပြုအပ်သော ရွှေအဆင်းရှိခွက်တည်း။ **[နှန်းဦးဆရာတော် သမ္မောဟ • ပ • ၁၄] အာရကူဋ**ကြေးနီကို ပြုပြင်ထားသောကြေးဝါ။ [ပါရာဇိကဏ် ဘာသာဋီကာ • **တ၊ စာ– ၅၄၉**]။ အဘိဓာနနိဿယသစ်၌ကား ကြေးဝါဟူ၏။ ။ ရှေးဆရာမြတ်တို့ကား တေးခပ်ပြာဟူ၏။ သလုံးဆရာတော်ဘုရားကား – ကြေးနီကိုပြဒါး ဒုဋ္ဌာတို့နှင့်ရော၍ ဆိုး၍ပြုမှု ဟာရကူဋဟူ၏။ **[သမ္မောဟ • ဒု • ၄၀၇]** ညောင်ရမ်းဆရာတော်ကား – ရွှေစစ်ငွေစစ်နှင့်အလားတူသော ရွှေတုငွေတုရွှေရောင် ငွေရောင်နှင့်တူအောင်ပြုလုပ်ထားသော တေးခတ်ပြာ ရွှေရည်စိမ်ငွေရည်စိမ် ရွှေရည်ပွတ်ငွေရည်ပွတ် ရွှေဆိုင်းချ ငွေဆိုင်းချ ကပ္ပိယကြေးစသည်တို့လည်း အနာမာသဖြစ်၏။ ဟာရကူဋသို့ ပါဝင်သင့်သော ဟူ၏။

[ဟာရကူဋလောဟမ္ပိ ဇာတရူပဂတိကမေဝ အနာမာသန္တိ သဗ္ဗအဋ္ဌကထာသု ဝုတ္တံ **ပါ–ဋ္ဌ–ဒု– ၁၃၀ – ကာယသံသဂ္ဂ – ဋ္ဌ] [ညောင်ရမ်းဝိနိစ္ဆယ – ၄၆၉–ပ]**

ဟာရကူဋံ နာမ သုဝဏ္ဏဝဏ္ဏံ လောဟဇာတံ [ဝိနိစ္ဆယဋီ] ဟာရကူဋ–ရွှေအဆင်းရှိသော ကြေး ဇာတ်ဟူသမျှကို ယူအပ်၏။

စတုတ္ထ-ကောဋ္ဌာသ အဆက် (သမ္မောဟ ပ စာ-၁၅)

(၅) ၈၅ – ဝါသိ – ပဲခွပ် (ပဲခွပ်တံစဉ်း)

[ယာယ ဝါသိယာ ဋ္ဌပေတွာ ဒဏ္ဍကဋ္ဌစ္ဆေဒနံ ဝါ ဥစ္ဆုတစ္ဆနံ ဝါ အညံ မဟာကမ္မံ ကာတုံ န သက္ကာ၊ အယံ ဘာဇနီယာ၊ တတော မဟတ္တရီ ယေန ကေနစိ အာကာရေန ကတာ ဝါသိ ဂရုဘဏ္ဍမေဝ] **(ဋ္ဌ၊ စာ–၈၀)**

(၆) ၈၆ – ဖရသု – ပုဆိန် – ပေါက်ဆိန်

[ဖရသု ပန အန္တမသော ဝေဇ္ဇာနံ သိရာဝေဓနဖရသုပိ (သွေးကြောဖောက်) (စိန်ဖောက် ဟူလို) ဂရုဘဏ္ဍမေဝ။] **(ဋ္ဌ၊ စာ–၈၀)**

(၇) ၈၇ – ကုဓာရီ – ဓားမ – ထားမ [ကုဋ္ဌာရီ]

[ကုဋ္ဌာရိယံ ဖရသုသဒိသောဝေ ဝိနိစ္ဆယော၊ ယာ ပန အာဝုဓသင်္ခေပေန ကတာ၊ အယံ အနာမာသာ။] **(ဋ္ဌ၊ စာ–၈၀)**

(၈) ၈၈ – ကုဒါလ – ပေါက်တူး

[ကုဒါလော အန္တမသော စတုရင်္ဂုလမတ္တောပိ ဂရုဘဏ္ဍမေဝ] **(ဋ္ဌ၊ စာ–၈၀)**

(၉) ၈၉ – နိခါဒန – ဆောက်

[နိခါဒနံ (ပြား) စတုရသမုခံ ဝါ ဟောတု ဒေါဏိမုခံ ဝါ (ခုံး) ဝက်ံ ဝါ ဥဇုကံ ဝါ၊ အန္တမသော သမ္မုဥ္ဆနိဒဏ္ဍကဝေဓနေမ္ပိ ဒဏ္ဍဗဒ္ဓံ(အရိုးတပ်) စေ၊ ဂရုဘဏ္ဍမေဝ။ သမ္မုဥ္ဆနိဒဏ္ဍခဏနကံ(ငယ်)ပန အဒဏ္ဍကံ ဖလမတ္တမေဝ၊ (အသွားမျှ) ယံ သက္ကာ သိပါဋိကာယ (အိပ် – ဗယားလည်းဟူ) ပက္ခိပိတွာ ပရိဟရိတုံ၊ တံ ဘာဇနီယံ။] **(ဋ၊ စာ–၈၀)**

ငှားရမ်းခြင်းသတိ

၉၀ – သိခရ – စူး
၉၁ – အဓိကရဏီ – ပေ
၉၂ – မုဋ္ဌိက – တူ
၉၃ – သဏ္ဍာသ – ညှပ်
၉၄ – တုလာဒိ – ချိန်စသည်
၉၅ – မဟာကတ္တရိ – ကပ်ကျေးကြီး

[သိခရမ္ပိ နိခါဒနေနေဝ သင်္ဂဟိတံ ။ ယေ ဟိ မနုဿေဟိ ဝိဟာရေ ဝါသိအာဒီနိ ဒိန္နာနိ ဟောန္တိ၊ တေ စ ဃရေ ဒမေ့ ဝါ စောရေဟိ ဝါ ဝိလုတ္တေ – ''ဒေထ နော ဘန္တေ ဥပကရဏေ, ပုန ပါကတိကေ ကရိဿာ မာ''တိ ဝဒန္တိ၊ ဒါတဗ္ဗာ။ သစေ အာဟရန္တိ န ဝါရေတဗ္ဗာ၊ အနာဟရန္တာပိ န စောဒေတဗ္ဗာ။ **(ဋ၊ စာ–၈၀၊ ၈၁)**

၉၆ – မဟာသဏ္ဍာသ – ညှပ်ကြီး
၉၇ – မဟာပိပ္ပလက – သင်တုန်းကြီး

[ပန်းပဲ (ပန်းချီ) ပန်းပွတ် ကျူထရံသည် ရွဲထွင်း သမား သပိတ်ဖာသူတို့၏ ပေတူညှပ်ချိန်စသည့် ခပ်သိမ်းသော သံ (လောဟ)ဖြင့်ပြီးသော အဆောက်အဦတို့သည် သံဃာကို လှူသော ကာလမှစ၍ ဂရုဘဏ်။ **(သမ္မုဟ ပ စာ–၁၆)**

သလွဲဖြတ်သူ ရွှေပန်းတိမ်သည် သားရေနယ်သမားတို့၏ အဆောက်အဦတို့၌လည်းနည်းတူ။ **အထူးကား** – ယင်းတို့တွင် သလွဲဖြတ်သောဓားငယ် ရွှေဖြတ်သောဓားငယ် အပြေအပြစ်ပြုပြီး သားရေဖြတ်စရာဓားငယ် ဤအလုံးစုံတို့ကား ဘာဇနီယဘဏ္ဍာ။ ။ ဆတ္တာသည် အပ်လျှိုသမားတို့၏ ကပ်ကျေးကြီးစသည် (၃)မျိုးမှအပ ကြွင်းအားလုံးကား ဘာဇနီယ။ ထို (၃)မျိုးကား ဂရုဘဏ်။ **(သမ္မုဟ ပ စာ–၁၇)**

ပဥ္စမ - ကောဋ္ဌာသ

၉၈ – ဝလ္လိ – နွယ်
၉၉ – သုတ္တရဇ္ဇု – ချည်ကြိုး
၁၀၀ – မကစိဝါကရဇ္ဇု – သင်ပန်းကြိုး
၁၀၁ – နာဠိကေရဟီရရဇ္ဇု –အုံးဆံကြိုး
၁၀၂ – စမ္မရဇ္ဇု – သားရေကြိုး
၁၀၃ – စမ္မယောတ္တရဇ္ဇု – သားရေလွန်ကြိုး
၁၀၄ – ကေဝဋ္ဋရဇ္ဇု – [လျှော်အုံးဖဲ] တလန်းကြိုး (တလိန်ကြိုး)
၁၀၅ – ဒွိဝဋ္ဋရဇ္ဇု– နှစ်လွှန်းကြိုး

[ဝလ္လိအာဒီသု ဝေတ္တဝလ္လိအာဒိကာ ယာ ကာစိ အဍ္ဎဗာဟုပ္ပမာဏာ ဝလ္လိ သံဃဿ ဒိန္နာ ဝါ တတ္ထ ဇာတကာ ဝါ ရက္ခိတဂေါပိတာ ဂရုဘဏ္ဍံ ဟောတိ၊ သာ သံဃကမ္မေ စ စေတိယကမ္မေ စ ကတေ

သစေ အတိရေကာ ဟောတိ၊ ပုဂ္ဂလိကကမ္မေပိ ဥပနေတုံ ဝဋ္ဋတိ။ အရက္ခိတာ ပန ဂရုဘဏ္ဍမေဝ န ဟောတိ။ သုတ္တမကစိဝါကနာဠိကေရပဟိရစမ္မမယာ ရဇ္ဇုကာ ဝါ ယောတ္တာနိ ဝါ ဝါကေ စ နာဠိကေရပဟိရေစ ဝဋ္ဋေတွာ ကတာ ကေဝဋ္ဋာ ဝါ ဒွိဝဋ္ဋာ ဝါ သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ။ သုတ္တံ ပန အဝဋ္ဋေတွာ ဒိန္နံ မကစိဝါကနာဠိကေရပဟိရာ စ ဘာဇနီယာ။ ယေဟိ ပနေတာနိ ရဇ္ဇုကယောတ္တာဒီနိ ဒိန္နာနိ ဟောန္တိ၊ တေ အတ္တနော ကရဏီယေန ဟရန္တာ န ဝါရေတဗ္ဗာ။] **(ဌ၊ ၈–၈၁)** ယောတ္တာနီတိ စမ္မရဇ္ဇုကာ **(တိ၊ ၈–၂၄၆)**။

(၂) ဝေဠု

၁၀၆ – ဝေဠု – ဝါး

၁၀၇ – တေလနာဠိ – ဆီကျည်

၁၀၈ – ကတ္တရယဋ္ဌိ – တောင်ဝှေး

၁၀၉ – ဥပါဟန ဒဏ္ဍက – ဘိနပ်ချိတ် လှင်ကန်

၁၁၀ – ဆတ္တဒဏ္ဍက – ထီးရိုး

၁၁၁ – ဆတ္တသလာက – ထီးဝိုင်းထီးလက်

[ယောကောစိ အန္တမသော အင်္ဂုလသူစိဒဏ္ဍမတ္တောပိ ဝေဠု သံဃဿ ဒိန္နော ဝါ တတ္ထ ဇာတကော ဝါ ရက္ခိတဂေါပိတော ဂရုဘဏ္ဍံ၊ သောပိ သံဃကမ္မေ စ စေတိယကမ္မေ စ ကတေ အတိရေကော ပုဂ္ဂလိကကမ္မေ ဒါတုံ ဝဋ္ဋတိ၊ ပါဒဂဏ္ဍနကတေလနာဠိ ပန ကတ္တရယဋ္ဌိ ဥပါဟနဒဏ္ဍကော ဆတ္တဒဏ္ဍော ဆတ္တသလာကာတိ ဣဒမေတ္ထ ဘာဇနီယဘဏ္ဍံ၊ ဒမုဂေဟမနုဿာ ဂဏှိတွာ ဂစ္ဆန္တာ န ဝါရေတဗ္ဗာ။ ရက္ခိတဂေါပိတံ ဝေဠုံ ဂဏှန္တေန သမကံ ဝါ အတိရေကံ ဝါ ထာဝရံ အန္တမသော တံ အဂ္ဃနကမ္ပိ ဖာတိကမ္မံ ကတွာ ဂဟေတဗ္ဗော။ ဖာတိကမ္မံ အကတွာ ဂဏှန္တေန တတ္ထေဝ ဝဠဉ္ဇေတဗ္ဗော။ ဂမနကာလေ သံဃိကာဝါသေ ဌပေတွာ ဂန္တဗ္ဗံ။ အသတိယာ ဂဟေတွာ ဂတေန ပဟိဏိတွာ ဒါတဗ္ဗော။ ဒေသန္တရံ ဂတေန သမ္ပတ္တဝိဟာရေ သံဃိကာဝါသေ ဌပေတဗ္ဗော။] **(ဌ၊ ၈–၈၁၊ ၈၂)** ။ အင်္ဂုလသူစိဒဏ္ဍမတ္တောတိ ဒီဃတော အင်္ဂုလမတ္တော ပရိဏာဟတော ပဏ္ဏသူစိဒဏ္ဍမတ္တော။ **(သာ၊ ၈–၄၀၅)** (ဖာတိကမ္မ= ဝါးအစား အုတ်သော်လည်းကောင်း၊ ကျောက်သော်လည်းကောင်း အဖိုးပေး၍ ယူအပ်၏ဟုလိုသတည်း။

(၃) ၁၁၂ – မုဉ္ဇ – ဖြူဆံမြက်

(၄) ၁၁၃ – ပဗ္ဗဇ – ပြိတ်မြက်

(၅) ၁၁၄ – တိဏ – ကြွင်းမြက်အားလုံး

၁၁၅ – တာလပဏ္ဏာဒိ – ထန်းရွက်စသည်

၁၁၆ – ရိတ္တပေါတ္ထက – ပေစက္ကူ

[တိဏန္တိ မုဉ္ဇံ ပဗ္ဗဇဉ္စ ဌပေတွာ အဝသေသံ ယံကိဉ္စိ တိဏံ၊ ယတ္ထ ပန တိဏံ နတ္ထိ၊ တတ္ထ ပဏ္ဏေဟိ ဆာဒေန္တိ၊ တသ္မာ ပဏ္ဏမ္ပိ တိဏေနေဝ သင်္ဂဟိတံ။ ဣတိ မုဉ္ဇာဒီသု ယံ ကိဉ္စိ မုဋ္ဌိပမာဏမ္ပိ တိဏံ တာလပဏ္ဏာဒီသု စ ဧကံ ပဏ္ဏမ္ပိ သံဃဿ ဒိန္နံ ဝါ တတ္ထ ဇာတကံ ဝါ

ဗဟာရာမေ သံဃဿ တိဏဝတ္ထုတော ဇာတတိဏံ ဝါ (သံဃဿ ဒိန္နဝတ္ထုတော ဇာတကံ ဝါ မူကဲ့) ရက္ခိတဂေါပိတံ ဂရုဘဏ္ဍံ ဟောတိ။ တမ္ပိ သံဃကမ္မေ စ စေတိယကမ္မေ စ ကတေ အတိရေကံ ပုဂ္ဂလိကကမ္မေ ဒါတုံ ဝဋ္ဋတိ၊ ဒမုဂေဟမနုဿာ ဂဟေတွာ ဂစ္ဆန္တာ န ဝါရေတဗ္ဗာ။ အင်္ဂုလပ္ပမာဏောပိ ရိတ္တပေါတ္ထကော ဂရုဘဏ္ဍမေဝ။] **(ဌ၊ ၈–၈၂)**

တတ္ထဇာတကာတိ သံဃိကဘူမိယံ ဇာတာ။ အဋ္ဌင်္ဂုလပ္ပမာဏောတိ ဒီဃတော အဋ္ဌင်္ဂုလပ္ပမာဏော **(သာ၊ စာ-၄၀၅)** ရိတ္တပေါတ္ထကောပီတိ အလိခိတပေါတ္ထကော၊ ဣဒဥ္စ ပဏ္ဏပ္ပသင်္ဂေန ဝုတ္တံ။ **(တီ၊ စာ-၂၄၆)** ရေးပြီးပေကား သေနာသန ပဋိဗဒ္ဓအကျိုးငှာ မရှိသောကြောင့် လဟုဘဏ်။ ကျောင်းပြင်ဖို့ရာထားသော ပေစာသည် ဂရုဘဏ်၊ ကျောင်းပြင်ဖို့ရာ မဟုတ်လျှင် လဟုဘဏ်။ **[နန်းဦး သမ္မုဟ - ပ ◦ ၂၀]**

မုဉ္စမတ္တံ နာမ ကရဥ္စမတ္တံ၊ ဣဒဥ္စ ကရဉ္စံ ကတွာ ဆာဒေန္တာနံ ဆဒနကရဥ္စဝသေန ဂဟေတဗ္ဗံ။ တာလပဏ္ဏာဒီတိ အာဒိသဒ္ဒေန နာဠိကေရပဏ္ဏာဒိဂေဟစ္ဆဒနပဏ္ဏာနံ။ **[ဝိနိစ္ဆယ-ဋီ-ဒု၊ စာ-၃၀၇]** ဤကိုထောက်၍ သက်ကယ်ပြစ်၍မိုးအုံ့။ သက်ကယ်တစ်ပြစ် ပမာဏရှိလျှင် ဂရုဘဏ်လောက်၏ ဟူ၏။ ရိတ္တပေါတ္ထကောဟူသော ပါဠ်ဖြင့် ရေးပြီးသောပေဖြစ်သော် အရှည်လက်ရှစ်သစ်ထက်လွန်သော်လည်း ဝေဖန်အပ်၏ဟူသောအနက်ကို ပြတော်မူ၏။ **[သာရ၊ စာ-၄၄၀]**

ပေါတ္ထကံ မကစိဝတ္ထေ၊ ဂန္ထေ လေပျာဒိကမ္မနိ။ **[အဘိဓာန်-၁၀၀၆]**

ယာ လောကေ စက္ကျုတိ ဝုစ္စတိ။ [ဋ္ဌင်းဋီ]

ဤကိုထောက်၍လော မသိ၊ အချို့ဆရာမြတ်တို့ကား ယခုကာလစာအုပ်များလည်း ဂရုဘဏ်ဟူ၏။

(၆) မတ္တိကာ

၁၁၇ - မတ္တိကာ - မြေသာမန်
၁၁၈ - ပကတိမတ္တိကာ - ပကတိမြေ
၁၁၉ - ပဥ္စဝဏ္ဏ မတ္တိကာ-အဆင်းငါးပါးရှိသောမြေ
၁၂၀ - သုဓာ - အင်္ဂတေ
၁၂၁ - သဇ္ဇုရသ - ပွက်လျက်(ဖွဲ့ရက်)
၁၂၂ - ကင်္ဂုဋ္ဌ - ကညင်စေး
၁၂၃ - သိလေသာဒိ - သစ်စေးစသည်။
၁၂၄ - ဟိင်္ဂု - ဟိန်းဂို - ရှိန်းခို
၁၂၅ - ဟိင်္ဂုလ - ဟင်းသပြဒါး - ဆုံး
၁၂၆ - ဟရိတာလ - ဆေးဒန်း
၁၂၇ - မနောသိလ - မြင်းသီလာ
၁၂၈ - အဥ္ဇန - မျက်စဉ်းကျောက်ညို

[မတ္တိကာ ပကတိမတ္တိကာ ဝါ ဟောတု ပဥ္စဝဏ္ဏာ ဝါ သုဓာ ဝါ သဇ္ဇုရသကင်္ဂုဋ္ဌသိလေသာဒီသု ဝါ ယံကိဉ္စိ၊ ဒုလ္လဘဋ္ဌာနေ အာနေတွာ ဝါ ဒိန္နံ တတ္ထ ဇာတကံ ဝါ ရက္ခိတဂေါပိတံ တာလဖလပက္ကမတ္တံ ဂရုဘဏ္ဍံ ဟောတိ။ တမ္ပိ သံဃကမ္မေ စ စေတိယကမ္မေ စ နိဋ္ဌိတေ အတိရေကံ ပုဂ္ဂလိကကမ္မေ ဒါတုံ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ-၈၂)တာလပက္ကပမာဏန္တိ** ကေဋ္ဌိတာလဖလပမာဏာပိ၊ တစ်စေ့ရှိသော ထန်းသီးမှည့်ဟူ [ဝိနိစ္ဆယဋီ] **(ဒု၊ စာ-၃၀၈)** ဟိင်္ဂုဟိင်္ဂုလဟရိတာလ မနောသိလဥ္စနာနိ ပန ဘာဇနီယဘဏ္ဍာနိ။] **(ဋ္ဌ၊ စာ-၈၂)**

(၇) ဒါရုဘဏ္ဍာ

၁၂၉ - ဒါရုဘဏ္ဍာ - သစ်ဘဏ္ဍာ
၁၃၀ - အာသန္ဒိက - အခြေရှည်သော ညောင်စောင်း အင်းပျဉ်
၁၃၁ - သတ္တင်္ဂ - အင်္ဂါ-၇ ပါးရှိသော အင်းပျဉ်

[ဒါရုဘဏ္ဍေ ယော ကောစိ အဋ္ဌင်္ဂုလသူစိဒဏ္ဍမတ္တောပိ ဒါရုဘဏ္ဍကော ဒါရုဒုလ္လဘဋ္ဌာနေ သံဃဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတဂေါပိတော၊ အယံ ဂရုဘဏ္ဍံ ဟောတီတိ ကုရုန္ဒိယံ ဝုတ္တံ။

၁၃၂ - ဘဒ္ဒပီဌ- ကြိမ်ဖြင့်ပြုသောအင်း
ပျဉ်
၁၃၃ - ပီဌိကာ - ပုဆိုးအင်းပျဉ်
၁၃၄ - ဧဠကပါဒကပီဌ - ဆိတ်ခြေကဲ့
သို့ အခြေကောက်သောအင်းပျဉ်

မဟာအဋ္ဌကထာယံ ပန သဗ္ဗမ္ပိ ဒါရု ဝေဠု စမ္မပါသာ
ဏာဒိဝိကတိ ဒါရုဘဏ္ဍေန သင်္ဂဟိတွာ - တေန
ခေါ ပန သမယေန သံဃဿ အာသန္ဒိကော
ဥပ္ပန္နော ဟောတီ-တိ ဣတော ပဋ္ဌာယ (ဣမံ ပါဠိံ
အာဒိံ ကတွာ) ဒါရုဘဏ္ဍဝိနိစ္ဆယော ဝုတ္တော။]
(ဋ္ဌ၊ စာ-၈၂)

၁၃၅ - အာမလကဝဏ္ဋပီဌ-သျှစ်သျှားသီး
ကဲ့သို့လုံးသော အခြေများသော
အင်းပျဉ် (ပွတ်တိုင်ခံ၍အခြေတပ်သည်)
၁၃၆ - ဖလက - အခြေမတပ်သော
အင်းပျဉ်၊ ပျဉ်ချပ်
၁၃၇ - ကောစ္ဆ - ခပ်အခင်း-ကပ်ကျစ်
၁၃၈ - ပလာသပီဌက - ကောက်ရိုး
အင်းပျဉ်

[အာသန္ဒိကော - လ - ပလာလပီဌကန္တိ
ဣမေသု တာဝ ယံကိဉ္စိ ခုဒ္ဒကံ ဝါ ဟောတု
မဟန္တံ ဝါ၊ သံဃဿ ဒိန္နံ ဂရုဘဏ္ဍံ ဟောတိ။
ပလာလပီဌေန စေတ္ထ ကဒလိပတ္တာဒိပီဌာနိပိ
သင်္ဂဟိတာနိ။ ဗျဂ္ဃစမ္မဩနဒ္ဓမ္ပိ ဝါဠရူပပရိက္ခိတ္တံ
ရတနပရိသိဗ္ဗိတံ ကောစ္ဆကံ ဂရုဘဏ္ဍမေဝ။]
(ဋ္ဌ၊ စာ-၈၃)

ဒါရု - ဒန္တ - ဝေဠု (၁၃၉ - ၁၄၈ - ၁၅၇)

၁၃၉ - ဝက်ဖလက - ပျဉ်ကောက်
၁၄၀ - ဒီဃဖလက - ပျဉ်ရှည်
၁၄၁ - စီဝရဓောဝနဖလက - သင်္ကန်း
ဖွတ်ပျဉ်
၁၄၂ - ဃဋ္ဋနဖလက-သင်္ကန်းနယ်စရာ
ပျဉ် (ဆိုးပြီးသင်္ကန်းကိုထုသော
တန်ထုပျဉ်)
၁၄၃ - ဃဋ္ဋနမုဂ္ဂရ - သင်္ကန်းထုစရာ
ဆောက်ပုတ်
၁၄၄ - ဒန္တကဋ္ဌစ္ဆေဒန ဂဏ္ဌိကာ- ဒန်ပူ
ဖြတ်သောအခါ ထုစရာဆောက်ပုတ်၊
ဒန်ပူဖြတ်သောအခါ ခံစရာတုံး
၁၄၅ - ဒန္တမုဂ္ဂရ- ကျောက်စည်ထိုးစရာ
ဆောက်ပုတ်၊ ဒန်ပူထုစရာဆောက်ပုတ်
(သာရ) ဃဏ္ဍိကား ကျောက်စည်ဟု
(နန်းဦး) သီးသန့်ယူ၏။

ဒဏ္ဍမုဂ္ဂရော နာမ ယေန ရဇိတစီဝရံ ပေါထေန္တိ။
(ဋ္ဌ၊ စာ-၅၂၈)
ဃဋ္ဋနဖလကံ နာမ ယတ္ထ ဌပေတွာ ရဇိတစီဝရံ
ဟတ္ထေန ဃဋ္ဋေန္တိ။ ဃဋ္ဋနမုဂ္ဂရော နာမ အနု
ဝါတာဒိဃဋ္ဋနတ္ထံ ကတောတိ ဝဒန္တိ။ အမ္ဗဏန္တိ ဖလ
ကေဟိ ပေါက္ခရဏီသဒိသံ ကတပါနီယဘာဇနံ။
ရဇနဒေါဏီတိ ယတ္ထ ပက္ကရဇနံ အာကိရိတွာ ဌ ပေန္တိ။
(သာ၊ စာ-၄၀၅)
"ဃဋ္ဋနဖလကံ ဃဋ္ဋနမုဂ္ဂရော"တိ ဣဒံ ရဇိတ
စီဝရံ ကေသ္မိံ မဏ္ဍေ ဒဏ္ဍမုဂ္ဂရေ ဝေဌေတွာ ကေဿ
မဏ္ဍဖလကဿ ဥပရိ ဌပေတွာ ဥပရိ အပရေန မဏ္ဍဖလ
ကေန နိကုဇ္ဇိတွာ ဧကော ဥပရိ အက္ကမိတွာ တိဋ္ဌတိ။
ဒွေ ဇနာ ဥပရိ ဖလကံ ဒွီသု ကောဋီသု ဂဟေတွာ
အပရာပရံ အာကာမုနပဝိကမုနံ ကရောန္တိ၊ တေ သန္တာ
ယ ဝုတ္တံ၊ ဟတ္ထေ ဌပေပေတွာ ဟတ္ထေန ပဟာရဏံ
ပန နိဋ္ဌိတရဇနဿ စီဝရဿ အလ္လကာလေ ကာတဗ္ဗံ၊

၁၄၆ – အမ္ဗဏ–သောက်ရေလှောင်သော သင်္ခမ်း (သောက်ရေကန်) ဝါ (ဆိုးရေလှောင်သောအိုး) (သဘော်ရေကန်ကဲ့သို့ပြုသည်)

ကုဍ္ဍံ ပန ဖလကမုဂ္ဂရေဟိ ဃဋ္ဋေန္တံ သုက္ခကာလေ ထဒ္ဓဘာဝဝိမောစနတ္ထန္တိ ဒဋ္ဌဗ္ဗံ။ အမ္ဗဏန္တိ ကေဒါ ဏိကနာဝါ ဖလကေဟိ ပေါက္ခရဏီသဒိသံ ကတံ။ ပါနီယဘာဇနန္တိပိ ဝဒန္တိ။ **(တီ၊ စာ–၂၄၆၊ ၂၄၇)**

၁၄၇ – ရဇနဒေါဏိ – ဆိုးရည်ထည့်သောစကျင်း သစ်အင်ပေါက်

၁၄၈ – ဥဒကပဋိစ္ဆက–ညစ်ရေခံသောခွက်

၁၄၉ – သမုဂ္ဂ – ကွမ်းပိုး ပန်းကပ် ပန်းတောင်း

၁၅၀ – မဉ္ဇူသာ–တံတင်း–သေတ္တာ

၁၅၁ – ကရဏ္ဍ–ကြုတ်ကြီး–(ကြုတ်သည်)

၁၅၂ – ဥဒကဒေါဏိ–ရေလှောင်စကျင်း

၁၅၃ – ဥဒကကဋာဟ–ရေထည့်သောဖျဉ်း

၁၅၄ – ဥဠုင်္က – မှုတ်

၁၅၅ – ကဋစ္ဆု–ယောက်ချို၊ ဟင်းခတ်ချို

၁၅၆ – ပါနီယသရာဝ–ရေသောက်ခွက်

၁၅၇ – ပါနီယသင်္ခ–ရေသောက်ခရုသင်း

[ဝက်ဖလကံ – လ – ဥဒကပဋိစ္ဆကော ဒါရုမယော ဝါ ဒန္တမယော ဝါ ဝေဠုမယော ဝါ၊ သပါဒကောပိ အပါဒကောပိ သမုဂ္ဂေါ, မဉ္ဇူသာ, ပါဒဂဏှုနကတော အတိရေကပ္ပမာဏော ကရဏ္ဍော – လ – ပါနီယသင်္ခေါတိ ဧတေသုပိ ယံကိဉ္စိ သံဃေ ဒိန္နံ ဂရုဘဏ္ဍံ။ **(ဋ္ဌ၊ စာ–၈၃)**

ရဇနဒေါဏီ တိ – ကေဒါရုနာဝ ကတံ ရဇနဘာဇနံ။ **(တီ၊ စာ–၂၄၇)**

သင်္ခ - ဒါရု

၁၅၈ – သင်္ခထာလက – ခရုသင်းခွက်

၁၅၉ – ဥဒကတုမ္ဗ– သစ်ဖြင့်ပြီးသော ရေသောက်ကျည်း (အိုး)

[သင်္ခထာလကံ ပန ဘာဇနီယံ၊ တထာ ဒါရုမယော ဥဒကတုမ္ဗော။] **(ဋ္ဌ၊ စာ–၈၃)**

ဒါရု - စောဠ - ပဏ္ဏာဒိ

၁၆၀ – ပါဒကထလိကမဏ္ဍလ – ခြေသုတ် ခြေပွတ်စရာအဝန်း

[ပါဒကထလိကမဏ္ဍလံ ဒါရုမယံ ဝါ ဟောတု စောဠပဏ္ဏာဒိမယံ ဝါ၊ သဗ္ဗံ ဂရုဘဏ္ဍံ။] **(ဋ္ဌ၊ စာ–၈၃)**

ဒါရု - ဝေဠု - ပဏ္ဏ - စမ္မာဒိ

၁၆၁ – အာစာရက – သပိတ်ခြေ

၁၆၂ – ပတ္တပိဓာန – သပိတ်ဖုံး

၁၆၃ – တာလဝဏ္ဋ – ထမ်းရွက်ယပ်ဝန်း

၁၆၄ – ဗီဇနီ – လေးထောင့်ယပ်

၁၆၅ – စင်္ကောဋက – ပန်းပုံတောင်း
(ပန်းတောင်း)

၁၆၆ – ပစ္ဆိ – ခြင်းတောင်း

၁၆၇ – ယဋ္ဌိသမ္မုဉ္ဇနီ – အရိုးတပ်သော
တံမြက်

၁၆၈ – မုဋ္ဌိသမ္မုဉ္ဇနီ – တံမြက်ဆုတ်
(အရိုးမရှိ)

[အာဓာရကော – လ – မုဋ္ဌိသမ္မုဉ္ဇနီတိ ဧတေ သုပိ ယံကိဉ္စိ ခုဒ္ဒကံ ဝါ မဟန္တံ ဝါ ဒါရုဝေဠုပဏ္ဏ စမ္မာဒီသု ယေန ကေနစိ ကတံ ဂရုဘဏ္ဍမေဝ။
(ဌ၊ စာ–၈၃)

ဒါရု - ပါသာဏ စသည်

၁၆၉ – ထမ္ဘ – တိုင်

၁၇၀ – တုလာ – ထုတ်လျောက်

၁၇၁ – သောပါန ဖလကာဒိ –
စောင်းတန်းပျဉ်ချပ် စသည်

၁၇၂ – ဂေဟသမ္ဘာရ – ခပ်သိမ်းသောအိမ်၏ အဆောက်အဦး

၁၇၃ – ကဋ္ဋသာရက – ခပ်သိမ်းသော သင်ပေါင်းဖျာ

၁၇၄ – ဘူမတ္ထရဏ – ခပ်သိမ်းသော မြေအခင်း

၁၇၅ – အကပ္ပိယ စမ္မ
ခပ်သိမ်းသော အကပ္ပိယသား၏အရေ

၁၇၆ – ဧဠကစမ္မ – သိုးရေ (ဆိတ်ရေ)

၁၇၇ – ကပ္ပိယစမ္မ – အပ်သောသားရေ

[ထမ္ဘတုလာသောပါနဖလကာဒီသု ဒါရုမယံ ဝါ ပါသာဏမယံ ဝါ ယံကိဉ္စိ ဂေဟသမ္ဘာရရူပံ ယော ကောစိ ကဋ္ဋသာရကော ယံကိဉ္စိ ဘူမတ္ထရဏံ ယံကိဉ္စိ အကပ္ပိယစမ္မံ၊ သဗ္ဗံ သံဃေ ဒိန္နံ ဂရုဘဏ္ဍံ။ ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတိ။ ဧဠကစမ္မံ ပန ပစ္စတ္ထရဏဂတိကံ ဟောတိ၊ တမ္ပိ ဂရုဘဏ္ဍမေဝ။ ကပ္ပိယစမ္မာနိ ဘာဇနီယာနိ။ ကုရုန္ဒိယံ ပန "သဗ္ဗံ မဉ္စပ္ပမာဏံ စမ္မံ ဂရုဘဏ္ဍ"န္တိ ဝုတ္တံ။] **(ဌ၊ စာ–၈၃)**

တမ္ပိ ဂရုဘဏ္ဍမေဝါတိ ဝုတ္တတ္တာ စ အပိ သဒ္ဒေန ပါဝါရာဒိပစ္စတ္ထရဏံ သမ္ပိ ဂရုဘဏ္ဍမေဝါ"တိ ဝဒန္တိ။ ဧတေနေဝ သုတ္တေန အညထာ အတ္ထံ "ဝတွာ" ပါဝါရာဒိပစ္စတ္ထရဏံ န ဂရုဘဏ္ဍံ၊ ဘာဇနီယမေဝ၊ သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏာမေဝ ဂရုဘဏ္ဍ"န္တိ ဝဒန္တိ၊ ဥပပရိက္ခိတဗ္ဗံ။ **(ဓိ၊ စာ–၅၂၈)** ဆရာတို့ နောက်ဝါဒကို နှစ်သက်ကြသောဟူ၏။ **[သာရ၊ စာ–၄၄၂]**

ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတီတိ အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။ ပစ္စတ္ထရဏဂတိကန္တိ ဣမိနာ မဉ္စ ပီဌေသုပိ အတ္ထရိတုံ ဝဋ္ဋတီတိ ဒီပေတိ။ ပါဝါရာဒိပစ္စတ္ထရဏမ္ပိ ဂရုဘဏ္ဍန္တိ ဧကေ။ နောတိ အပရေ၊ ဝီမံသိတွာ ဂဟေတဗ္ဗံ။ **(သာ၊ စာ–၄၀၅)**

ဘုမ္မဇ္ဈရာဇ် ကာတုံ ဝဋ္ဋေတိတိ အကပ္ပိယဝစနံ သာရှာယ ဝုတ္တံ၊ တတ္ထ ဘုမ္မဇ္ဈရာဇာသဝေနမေနေ သယိတုံ့ ဝဋ္ဋတိယေယ၊ "ပစ္စတ္ထရဏဝဇ္ဇိက"နှိ့ ဤပိဋ မဥ္စပီဌ အတ္ထရိတ္ဗ္ဗံ ပဟာဝံ့ ဝေဋ္ဌကဝဲ နာမာတိ ဒသေသတိ။ [မဥ္စပာဏ = ၉ × ၄ ³⁄₄ ထွာ] (ထီ၊ စာ-၂၄၇)

ဤဝိမတိဝိနောဒနီကိုထောက်၍ တစ်ဖက်မျှတောက်သော အကပ္ပိယကော်စော ဝေသည်ကိုလည်း ညောင်စောင်းအင်းပျဉ်မှ တစ်ပါးသောအရပ်တို့၌ ခြေအခင်းအသွင်ဖြင့် ခင်း၍ အိပ်အဝင်ဟုသော အနက်သည် ပြီး၏။ ကပ္ပိယဝေနုန် ဘာဝနိယာနံ - (ဓမ္မ စာ-၈၇) - ဝိနောဒနီကိုထောက်၍ ဝေဋ္ဌကဝေဖြင့် ကပ္ပိယ သားရေဟူသမျှကို သင့်ဖြပ်အဝင်၏။ [သာရ စာ-၄၄၀]

ဓိသာရ

၁၇၈ - ဥဒ္ဒလောမိ - ဆုံကျည်

၁၇၉ - မုသလ - ကျည်ပွေ့

၁၈၀ - သုပ္ပ - ဖန်ဇကော

၁၈၁ - နိသဒ - ကျောက်ပျဉ်

၁၈၂ - နိသဒပေါတက - ကျောက်သွေး

၁၈၃ - ပါသာဏဒေါဏိ-ကျောက်ကျင်း (ကျောက်ခွက်)

၁၈၄ - ပါသာဏကဋာဟ-ကျောက်ဖျဉ်း

၁၈၅ - တုရီ - လိပ်

၁၈၆ - ဝေဓ - လက်ခတ်

၁၈၇ - ဘဋ္ဌဒီ - သားရေအိပ်ဝသည်

၁၈၈ - ပေသကာရဒါဘဏ္ဍ - ယက်ကန်းသည်တို့၏ဘဏ္ဍာ

၁၈၉ - ကသိဘဏ္ဍ - လယ်သူတို့ဘဏ္ဍာ

၁၉၀ - စက္ကယုတ္တယာန-လှည်းဘီးတပ်သောယဉ်

[ဥဒ္ဒုက္ခလံ - လ - သဗ္ဗံ ပေသကာရဒါဘဏ္ဍံ သဗ္ဗံ ကသိဘဏ္ဍံ သဗ္ဗံ စက္ကယုတ္တယာနံ ဂရု ဘဏ္ဍမေဝ] (ဓမ္မ စာ-၈၇)

၁၉၁ - မဉ္စပါဒ - ညောင်စောင်းခြေ

၁၉၂ - မဉ္စအဋနီ-ညောင်စောင်းဘောင်(ကန့်)

၁၉၃ - ပီဌပါဒ - အင်းပျဉ်ခြေ

၁၉၄ - ပီဌအဋနီ-အင်းပျဉ်ဘောင်(ကန့်)

၁၉၅ - ဝါသိဒဏ္ဍ-ပဲခွပ်ရိုး-ဓားမ်ရိုး

၁၉၆ - ဓရဏဒဏ္ဍာဒီ-ပုဆိန်ရိုး-ပေါက်ဆိန်ရိုး သည်(အစဆောက်)

[မဉ္စပါဒေါ -လ- ဝါသိဖရသု အာဒိနံ ဒဏ္ဍာ ကိ ဓေတာသု ယံ ကိဉ္စိ ဝိပ္ပကတတတ္တနကမ္မံ အနိဋ္ဌိ တမေဝ ဘာဇနိယံ၊ တစ္ဆိတမဋ္ဌံ ပန ဂရုဘဏ္ဍံ ဟောတိ။] (ဓမ္မ စာ-၈၇)

*၁၉၇- အနုညာတဝါသိဒဏ္ဍ-ခွင့်ပြုတော် မူအပ်သော ပဲခွပ်ရိုး-တဆည်ရိုး (ရှေ့ငွေမကျွပ်သည်ကို - ယူ)

*၁၉၈- ထတ္တုမုဋ္ဌိပဏ္ဏ-ထီးမိုးရေဝက်အခွက်

[အနုညာတဝါသိယာ ပန ဒဏ္ဍာ - လ - ဓမ္မကရဏော ပါဒဂဏ္ဍိကာဒော အနုဝါတိရွဲ့ အာမလကတုမ္ဗံ - လ - ဝိသာဏကတုမ္ဗ သဗ္ဗံ ပေတံ ဘာဇနိယံ၊ တစ္ဆော ပဟရွတနံ ဂရု

*၁၉၉– ကတ္တရယဋ္ဌိ – တောင်ဝှေး

*၂၀၀– ဥပါဟနာ – ဖိနပ်

*၂၀၁– အရဏိသဟိတ–ပွတ်ခုံ–ပွတ်ကျေး

*၂၀၂– ဓမ္မကရဏ–ဓမ္မကရိုဏ်–ရေစစ်

*၂၀၃– အာမလကတုမ္ဗ–သျှစ်သျှားသီးဗူး–
ကျည်[ငါးကွမ်းစားပိုလျှင် ဂရုဘဏ်]။

*၂၀၄– အာမလကဃဋ္ဋ–သျှစ်သျှားသီးခွက်။

*၂၀၅– လာဗုကတုမ္ဗ–ဗူးကျည်။

*၂၀၆– လာဗုဃဋ္ဋ – ဗူးအုံ (ဗူးအိုး) ။

*၂၀၇– ဝိသာဏကတုမ္ဗ – သားချိုကျည် ။

ဘတ္တံ။] **(ဋ္ဌ၊ စာ–၈၃)**
မုဋ္ဌိပဏ္ဏန္တိ တာလပဏ္ဏံ သန္ဓာယ ဝုတ္တံ။
(သာ၊ စာ–၄၀၅)

ယထာဇာတ - ဘာဇနီယ

*၂၀၈ – ဟတ္ထိဒန္တ – ဆင်စွယ်

*၂၀၉ – ဝိသာဏ – သားချို

*၂၁၀ – ဟိင်္ဂုကရဏ္ဍက – ရှိန်းခိုထည့်သောကြုတ်

*၂၁၁ –အဥ္ဇနကရဏ္ဍက–မျက်စဉ်းကြုတ်

*၂၁၂ – ဂဏ္ဌိက – ကမွတ်သိမ်း

*၂၁၃ – ဝိဓ–ခါးပန်းဘိ(လွယ်ဘိခါးပန်းသီး)

*၂၁၄ – အဥ္ဇနီ – မျက်စဉ်းကျည်

*၂၁၅ – အဥ္ဇနီသာလက–မျက်စဉ်းတန်

*၂၁၆ – ဥဒကပုဉ္ဆနီ–ရေသုတ်(ရေသပ်)

[ဟတ္ထိဒန္တော ဝါ ယံကိဉ္စိ ဝိသာဏံ ဝါ အတစ္ဆိတံ ယထာဇာတမေဝ ဘာဇနီယံ၊ တေဟိ ကတမဉ္စပါဒါ ဒီသု ပုရိမသဒိသောယေဝ ဝိနိစ္ဆယော။ တစ္ဆိတနိဋ္ဌိ တောပိ ဟိင်္ဂုကရဏ္ဍကော – လ – ဥဒကပုဉ္ဆနီတိ ဣဒံ သဗ္ဗံ ဘာဇနီယမေဝ။] **(ဋ္ဌ၊ စာ–၈၄)**
ဂဏ္ဌိကာတိ စီဝရဂဏ္ဌိကာ **(ဓီ၊ စာ–၅၂၉)**
* ဤအမှတ်ရှိ – နံပါတ်တို့ကား လဟုဘဏ် ဘာဇနီယ ဖြစ်၏

(ဂ) မတ္တိကာဘဏ္ဍ

၂၁၇ – မတ္တိကာဘဏ္ဍ–မြေဘဏ္ဍာသာမန်

၂၁၈ – ဃဋပိဌရာဒိ – အိုးအုံ အိုးဖုံးခွက်
(အိုးကြီး–ငယ်)

၂၁၉ – ကုလာလဘာဇန–အိုးထိန်းသည်တို့၏ခွက်

၂၂၀ – ပတ္တကဋာဟ – သပိတ်ဖုတ်စရာအိုးအုံ

၂၂၁ – အင်္ဂါရကဋာဟ – မီးကျည်ထည့်စရာဖျဉ်း

၂၂၂ – ဓူမဒါနက – အခိုးသောက်တံ

[မတ္တိကာဘဏ္ဍေ သဗ္ဗံ မနုဿာနံ ဥပဘောဂ ပရိဘောဂံ ဃဋပိဌရာဒိကုလာလဘာဇနံ – လ – ထုပိကာတိ သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ။ **(ဋ္ဌ၊ စာ–၈၄)**

၂၂၃ – ဒီပရုက္ခက – ဆီမီးတိုင်
၂၂၄ – ဒီပကပလ္လိက – ဆီမီးခွက်
၂၂၅ – စယနိဋ္ဌကာ – စီအုတ်
၂၂၆ – ဆဒနိဋ္ဌကာ–မိုးအုတ်–အုတ်ကြွပ်
၂၂၇ – ထုပိကာ – အထွတ်(အမွန်း)
၂၂၈ – ဃဋ္ဋက–ကြာသွတ်အိုး
(ငါးကွမ်းစားပိုလျှင် ဂရုဘဏ်)
၂၂၉ – ပတ္တ – (မြေ)သပိတ် ။
၂၃၀ – ထာလက – (မြေ) ခွက် ။
၂၃၁ – ကဥ္စနက – သောက်ခွက်(ရေခွက်) ။
၂၃၂ – ကုဏ္ဍိကာ–ကရား(ငါးကွမ်းစားမပိုလျှင် လဟု)

ပါဒဂဏှနကတော အနတိရိတ္တပ္ပမာဏော ပန ဃဋ္ဋကော – လ – – ကုဏ္ဍိကာတိ ဣဒမေတ္ထ ဘာဇနီယဘဏ္ဍံ၊ ယထာ စ မတ္တိကာဘဏ္ဍေ၊ ဧဝံ လောဟဘဏ္ဍေပိ ကုဏ္ဍိကာဘာဇနီယ ကောဋ္ဌာသမေဝ ဘဇတိ။ **(ဋ၊ စာ–၈၄)**]

အဝိဿဇ္ဇိတဗ္ဗတ္တာ ဂရုဘဏ္ဍာနိ၊ အဝေဘင်္ဂိယတ္တာ သာဓာရဏပရိက္ခာရဘာဝေန ဂရုပရိက္ခာရာနိ။ **(ပါ – ဋ၊ စာ–၇၇)**

သာဓာရဏပရိက္ခာရဘာဝေနာတိ သံဃိကတ္တာ သဗ္ဗဘိက္ခုသာဓာရဏပရိက္ခာရဘာဝေန။ **(သာ၊ စ၁–၂၈၁)**

"ဣမံ မဥ္စပီဌံ ဝဿဂ္ဂေန ဂဟေတုံ သံဃဿ ဒမ္မိ"တိ ဝုတ္တေ ဝဿဂ္ဂေန ဘာဇေတွာ ဂဟေတဗ္ဗံ ဝဿဂ္ဂေန ဘာဇနံ ပဋ္ဌမံ ဝတွာ ပစ္ဆာ သံဃဿ ပရာမဋ္ဌတ္တာ။ ။ "ဣမံ မဥ္စပီဌာဒိံ သံဃဿ ဒမ္မိ"တိ ဝုတ္တေ ဂရုဘဏ္ဍံ ဟောတိ၊ န ဘာဇေတဗ္ဗံ သံဃဿ ပရာမဋ္ဌတ္တာ။ "ဣမံ မဥ္စပီဌာဒိံ ဘဒန္တာနံ ဝဿဂ္ဂေန ဂဏှိတုံ ဒမ္မိ" တိ ဝုတ္တေ သတိပိ ဂရုဘဏ္ဍဘာဝေ ကပ္ပိယဝတ္ထုံ ဘာဇေတွာ ဂဏှိတုံ ဝဋ္ဋတိ။ အကပ္ပိယဘဏ္ဍမေဝ ဘာဇေတွာ ဂဟေတုံ န လဗ္ဘတိ။ "သံဃဿ ဣမံ မဥ္စပီဌံ ဝဿဂ္ဂေန ဂဏှိတုံ ဒမ္မိ"တိ ဝုတ္တေ ပန ဂရုဘဏ္ဍံ ဟောတိ ပဌမံ သံဃဿ ပရာမဋ္ဌတ္တာ။ **(ဝိနိစ္ဆယဋီကာ၊ ဒု စာ–၃၁၆၊ ၃၁၇)**

နဝကမ္မဒါနကထာ

အင်းကတေအကွက်ဖော်ကာမျှဖြင့် နံရံကိုလိမ်းကျံကာမျှဖြင့် တံခါးထားကာမျှဖြင့်–မင်းတုပ်တိုင်ပြုလုပ်ကာမျှဖြင့်–လေသာပြူတင်းပြုလုပ်ကာမျှဖြင့်–ဆေးဖြူသုတ်ကာမျှဖြင့်–ဆေးနက်သုတ်ကာမျှဖြင့်–ငွေ့နီခြယ်ကာမျှဖြင့်–မိုးကာမျှဖြင့်–ဖွဲ့ကာမျှဖြင့်–ခိုနန်းထားကာမျှဖြင့်–အကျိုးအပြက်ကို ပြင်ကာမျှဖြင့်– မြွားချေးဖန်ရည်လိမ်းကျံကာမျှဖြင့်– နှစ်ပေါင်းနှစ်ဆယ်တိုင်အောင်လည်း–နှစ်ပေါင်းသုံးဆယ်တိုင်အောင်လည်း–အမှုသစ်ကို မပေးအပ်။ မီးခိုးဆုံးချိန်တိုင်အောင်လည်း ပြီးဆုံးပြီးသော ကျောင်းအတွက် အမှုသစ်ကို ပေးအံ့၊ ပေးသောရဟန်းအား ဒုက္ကဋ်၊ မပြုအပ်သေးသော အမှုသစ်ကိုလည်းကောင်း၊ ပြုရှုမပြီးသေးသော အမှုသစ်ကိုလည်းကောင်း ခွင့်ပြုဏ်။ **(ပါ စာ–၃၂၄၊ ၃၂၅)**

ငယ်သောကျောင်း၌ အမှုသစ်ကိုကြည့်ရှု၍ (ဝိတ္ထာရ–၄–တောင်ရှိလျှင် ၊ ၄–ဝါ၊ ၅–တောင်ရှိလျှင် ၅–ဝါ) ၅နှစ် ၊ ၆ နှစ်တိုင်အောင် အမှုသစ်ကို ပေးခြင်းငှာ လည်းကောင်း တစ်ဖက်ရပ်ကျောင်း၌ အမှုကို ကြည့်ရှု၍ ၇–၈ နှစ်တိုင်အောင် အမှုသစ်ကိုပေးခြင်းငှာ လည်းကောင်း ကျောင်းကြီး၌ လည်းကောင်း ပြသာဒ်၌လည်းကောင်း အမှုကို ကြည့်ရှု၍ ၁၀–၁၂ နှစ်တိုင်အောင် အမှုသစ်ကို ပေးခြင်းငှာ လည်းကောင်း ခွင့်ပြု၏။ (၁၂–တောင်ထက်ပိုသော်လည်း ၁၂–ဝါရှိသူကိုသာ ပေးရမည်ဟူ၏။)

အလုံးစုံသော ကျောင်းတို့အတွက် အမှုသစ်ကို ပေးသောရဟန်းအား–အမှုသစ်ကို ယူပြီးလျှင် တစ်ပါးသော ရဟန်းကို နေစေသောရဟန်းအား – တစ်ပါးတည်းသာ နှစ်ကျောင်းတို့ကိုပေးသောရဟန်းအား အမှုသစ်ကို ယူပြီးလျှင် သံဃိကကျောင်းကို တားမြစ်သောရဟန်းအား – ဒုက္ကဋ်။ မြတ်သောအိပ်ရာနေရာကို ယူရန်ခွင့်ပြု၏။ သိမ်ပ၌တည်သောရဟန်းအား အမှုသစ်ကို ပေးသောရဟန်းအား အမှုသစ်ကို ယူပြီးလျှင် အခါခပ်သိမ်း တားမြစ်သောရဟန်းအား–ဒုက္ကဋ်။ မိုး(၃)လ၌တားမြစ်ခြင်းငှာ ခွင့်ပြု၏။ ဆောင်းနွေ၌ ခွင့်မပြု။

(စောင့်ရှောက်) ပိုင်ဆိုင်ခွင့် – အမှုသစ်ကို ယူပြီးလျှင် ဖဲသွားမှု–အမှုသစ်ကို ယူပြီးလျှင် ပြု၍ မပြီးမီ ဖဲသွားမှု–လူထွက်မှု–သေမှု–သာမဏေဟုဝန်ခံမှု–သိက္ခာချမှု–ပါရာဇိကကျသူ–ရူးသူ–စိတ်ပျံ့လွင့်သူ ဝေဒနာနှိပ်စက်သူ–ဥက္ခိတ္တက(၃)–ပဏ္ဍုက် ထေယျသံဝါသက–တိတ္ထိယပက္ကန္တက–တိရစ္ဆာန်–ကံကြီးထိုက်သူ (၅)– ဘိက္ခုနီဒူသက–ဥဘတောဗျည်းဟု ဝန်ခံမှု–သံဃာအား မဆုတ်ယုတ်ပါစေလင့်ဟု နှလုံးသွင်း၍ သူတစ်ပါး အား ပေးရမည်။

(စောင့်ရှောက်) ပိုင်ဆိုင်ခွင့်–အမှုသစ်ကို ယူပြီးလျှင် ပြီးဆုံးသော် ဖဲသွားမှု ကျောင်းသည် ထိုရဟန်း၏ ကျောင်းသာတည်း။ ပြီးဆုံးသော် လူထွက်မှု–သေမှု–သာမဏေဟု ဝန်ခံမှု–သိက္ခာချသူ–ပါရာဇိကကျသူ ဟုဝန်ခံမှု သံဃာသည် ပိုင်ရှင်ဖြစ်၏။ ပြီးဆုံးသော် –ရူးသူ–လ–ဥက္ခိတ္တက (၃)ဟု ဝန်ခံမှု ဤကျောင်းသည် ထိုရဟန်း၏ ကျောင်းသာတည်း။ ပဏ္ဍုက် –လ–ဥဘတောဗျည်းဟုဝန်ခံမှု သံဃာသည် ပိုင်ရှင်ဖြစ်၏။

(အခြင်မတင်ရသေးခင် ဝိပ္ပကတ၊ တင်ပြီးက ဗဟုကတ၊ သမ္မုတိမပေးအပ်သောဟူ) သာမိကော ယေဝ ကမ္မိ ဘိက္ခုံ သမာဒပေတွာ ကာရေယသတိ။ **(သာ ဋ–၄၀၅)**

ပါဠိမုတ္တက ဝိနိစ္ဆယ (တာဝန်ဝတ္တရား)

(နဝကမ္မိကရဟန်းကား ဝါတွင်း၌သာ ထိုကျောင်းကို ရ၏။ ဝါပ၌ကား တားမြစ်ခြင်းငှာ မရ။ အကယ်၍ ကျောင်းဆွေးမြေ့မှု ကျောင်းဒကာအား ၎င်းဒကာ၏ အနွယ်တစ်ဦးဦးအား၎င်း–**အာဝါသော တေ နဿတိ၊ ဇဂ္ဂထ တေ အာဝါသံ**–ဟု ပြောကြားရမည်။ မစွမ်းနိုင်ကြမှု ရဟန်းတို့က ဉာတိကို လည်းကောင်း၊ အလုပ် အကျွေးဒကာကိုလည်းကောင်း ညီညွတ်နှိုးဆော်၍ ပြုပြင်ရမည်။ မစွမ်းနိုင်ကြမှု သံဃိကပစ္စည်းဖြင့် – မရှိမှု – **တသ္မိံ အသတိ ဧကံ အာဝါသံ ဝိဿဇ္ဇေတွာ အဝသေသာ ဇဂ္ဂိတဗ္ဗာ။ ဗဟူ ဝိဿဇ္ဇေတွာ ဧကံ သဏ္ဌာပေတုမ္ပိ ဝဋ္ဋတိယေဝ။) (၄၊ ဓာ–၈၅)**

ဒုဋ္ဌကုလ္လကာလနှင့် ကုရုန္ဒီဝါဒ (ပုဂ္ဂလိကပေးခွင့်)

(ဒုဗ္ဘိက္ခေ ဘိက္ခူသု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နဿန္တိ၊ တသ္မာ ဧကံ ဝါ ဒွေဝါ တယော ဝါ အာဝါသေ ဝိသာဇ္ဇေတွာ တတော ယာဂုဘတ္တစီဝရာဒီနိ ပရိဘုဥ္ဇန္တေဟိ သေသာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ။ ကုရုန္ဒိယံ ပန ဝုတ္တံ ''သံဃိကေ ပစ္စယေ အသတိ ဧကော ဘိက္ခု 'တုယှံ ဧကံ မဥ္စဋ္ဌာနံ ဂဟေတွာ ဇဂ္ဂါဟီ' (ပုဂ္ဂလိကံ ဒတွာ)**(တီ၊ စာ–၂၄၇)** ဝတ္တဗ္ဗော။ သစေ ဗဟုတရံ ဣစ္ဆတိ၊ တိဘာဂံ ဝါ (တတိယဘာဂံ) ဥပဍ္ဎဘာဂံ ဝါ ဒတွာပိ ဇဂ္ဂါပေတဗ္ဗံ။ အထ ထမ္ဘမတ္တမေဝေတ္ထ အဝသိဋ္ဌံ၊ ဗဟုကမ္မံ ကာတဗ္ဗန္တိ န ဣစ္ဆတိ၊ 'တုယှံ ပုဂ္ဂလိကမေဝ ကတွာ ဇဂ္ဂ၊ ဧဝမ္ပိ ဟိ သံဃဿ ဘဏ္ဍကဋ္ဌပနဋ္ဌာနံ နဝကာနဥ္စ ဝသနဋ္ဌာနံ လဘိဿတီ''တိ ဇဂ္ဂါပေတဗ္ဗော။ (ဧဝံ ဝိဿဇ္ဇနမ္ပိ ထာဝရေန ထာဝရပရိဝတ္တနဋ္ဌာနေ ဝေ ပဝိသတိ၊ န ဣတရထာ သဗ္ဗသေနာသနာနံ ဝိနဿနတော။ **တီ၊ စာ–၂၄၇၊ ၂၄၈**)။ ဧဝံ ဇဂ္ဂိတော ပန တသ္မိံ ဇီဝန္တေ ပုဂ္ဂလိကော ဟောတိ၊ မတေ သံဃိကောယေဝ။ သစေ သဒ္ဓိဝိဟာရိကာနံ ဒါတုကာမော ဟောတိ။ (သစေ သော သံဃဿ ဘဏ္ဍကဋ္ဌပနဋ္ဌာနံ ဝါ အညေသံ ဘိက္ခူနံ ဝသနဋ္ဌာနံ ဝါ ဒါတုံ န ဣစ္ဆတိ၊ အတ္တနော သဒ္ဓိဝိဟာရိကာနညေဝ ဒါတုကာမော ဟောတိ။ **(တီ၊ စာ–၂၄၈) (သာ၊ စာ–၄၀၅)**

ကမ္မံ ဩလောကေတွာ တိဘာဂံ ဝါ ဥပဍ္ဎံ ဝါ ပုဂ္ဂလိကံ ကတွာ ဇဂ္ဂါပေတဗ္ဗော။ ဧဝဥ္စ သဒ္ဓိဝိဟာရိကာနံ ဒါတုံ လဘတိ။ (ဧဝဥ္စတိအာဒိမှိ ဝယာနုရူပံ တတိယဘာဂေ ဝါ ဥပဍ္ဎဘာဂေ ဝါ ဂဟိတေ တံ ဘာဂံ ဒါတုံ လဘတီတိ အတ္ထော။ **တီ၊ စာ–၂၄၈** ။) ဧဝံ ဇဂ္ဂနကေ ပန အသတိ ဧကံ အာဝါသံ ဝိဿဇ္ဇေတွာတိ အာဒိနာ နယေန ဇဂ္ဂါပေတဗ္ဗော''တိ။ **(ဋ္ဌ၊ စာ–၈၅)**

သံဃိကမြေ၌ - သံဃိက - ပုဂ္ဂလိက ကျောင်းဆောက်ခြင်း

[ဣဒမ္ပိ စ အညံ တတ္ထေဝ ဝုတ္တံ – ဒွေ ဘိက္ခူ သံဃိကံ ဘူမိံ ဂဟေတွာ သောဓေတွာ သံဃိကံ သေနာသနံ ကရောန္တိ၊ ယေန သာ ဘူမိ ပဋ္ဌမံ ဂဟိတာ၊ သော သာမီ၊ (ဆောက်ပိုင်၏ ဟူလိုသတည်း။) (သော သာမီတိ တဿာ ဘူမိယာ ဝိဟာရကရဏေ သောဝ သာမီ၊ တံ ပဋိဗာဟိတွာ ဣတရေန န ကာတဗ္ဗန္တိ အဓိပ္ပာယော။ သော ဟိ ပဋ္ဌမံ ဂဟိတော။ **(တီ၊ စာ–၂၄၈)**

ဥဘတောပိ ပုဂ္ဂလိကံ ကရောန္တိ၊ သောယေဝ (ပထမမြေယူသူ)သာမီ။ သော သံဃိကံ ကရောတိ၊ ဣတရော ပုဂ္ဂလိကံ ကရောတိ၊ အညံ စေ ဗဟု သေနာသနာဋ္ဌာနံ အတ္ထိ၊ ပုဂ္ဂလိကံ ကရောန္တောပိ န ဝါရေတဗ္ဗော။ အညသ္မိံ ပန တာဒိသေ ပတိရူပေ ဌာနေ အသတိ တံ ပဋိဗာဟိတွာ သံဃိကံ ကရောန္တေနေဝ (ပြု သူအားသာ)ကာတဗ္ဗံ။ ယံ ပန တဿ တတ္ထ ဝယကမ္မံ ကတံ၊ တံ ဒါတဗ္ဗံ။ (မူကွဲ ဝဿကမ္မံ၊ ဟတ္ထကမ္မံ) (ဤသို့ ဟတ္ထကံပေးပါမူကား ထိုပုဂ္ဂလိကကျောင်း မဆောက်ရသောရဟန်းသည် ဝါဆိုရပါလိမ့် ဟူလိုသတည်း။

သစေ ပန ကတာဝါသေ ဝါ အာဝါသကရဏဋ္ဌာနေ ဝါ ဆာယူပဂဖလူပဂရုက္ခာ ဟောန္တိ၊ အပလောကေတွာ ဟာရေတဗ္ဗာ။ ပုဂ္ဂလိကာ စေ ဟောန္တိ၊ သာမိကာ အာပုစ္ဆိတဗ္ဗာ။ နော စေ ဒေန္တိ၊ ယာဝတတိယံ အာပုစ္ဆိတွာ ရုက္ခအဂ္ဃနကမူလံ ဒတွာ ဟာရေတဗ္ဗာ။ **(ဋ္ဌ၊ စာ–၈၅၊ ၈၆)**

သံဃိက ထက်ဝက်စသည် ဖြစ်သင့်ရာများ

[ယော ပန သံဃိကဝလ္လိမတ္တမ္ပိ အဂ္ဂဟေတွာ အာဟရိမေန ဥပကရဏေန သံဃိကာယ ဘူမိယာ ပုဂ္ဂလိကဝိဟာရံ ကာရေတိ၊ ဥပမုံ သံဃိကံ ဟောတိ၊ ဥပမုံ ပုဂ္ဂလိကံ။ ပါသာဒေါ စေ ဟောတိ၊ ဟေဋ္ဌာ ပါသာဒေါ သံဃိကော၊ ဥပရိ ပုဂ္ဂလိကော။ သစေ သော ဟေဋ္ဌာပါသာဒံ ဣစ္ဆတိ၊ တဿ ဟောတိ။ အထ ဟေဋ္ဌာ စ ဥပရိ စ ဣစ္ဆတိ၊ ဥဘယတ္ထ ဥပမုံ လဘတိ။ ဒွေ သေနာသနာနိ ကာရေတိ။ ဧကံ သံဃိကံ၊ ဧကံ ပုဂ္ဂလိကံ။ သစေ ဝိဟာရေ ဥဋ္ဌိတေန ဒဗ္ဗသမ္ဘာရေန ကာရေတိ၊ တတိယဘာဂံ လဘတိ။ သစေ အကတဋ္ဌာနေ (သေနာသနတော ဗဟိ စယာဒီနံ အကတဋ္ဌာနေ။ **(သာ၊ ဋ-၄၀၅)** စယာဒီနံ အကတ ပုဗ္ဗဋ္ဌာနေ- **(တိ၊ ဋ-၂၄၈)** စယံ ဝါ (အကျည်) ပမုခံ ဝါ (မုခ်ဦး-အဦး)ကရောတိ။ (စယံ ဝါ ပမုခံ ဝါတိ သံဃိကသေနာသနံ နိဿာယ တတော ဗဟိ စယံ ဗန္ဓိတွာ, ဧကံ သေနာသနံ ဝါ။ **(တိ၊ ဋ-၂၄၈)** ဗဟိကုဋ္ဋေ (ကုဋ္ဋတော ဗဟိ၊ အတ္တနော ကတဋ္ဌာနေတိ အတ္ထော) **(တိ၊ ဋ-၂၄၈)**။ ဥပမုံ သံဃဿ၊ ဥပမုံ တဿ။ အထ မဟန္တံ ဝိသမံ ပူရေတွာ (ဖို့-၍)အပဒေ (ကျောင်းခင်းမဟုတ် သည်၌-မထင်သည်၌) ပဒံ ဒဿေတွာ ကတံ ဟောတိ၊ အနိဿရော တတ္ထ သံဃော။] **(ဋ၊ ဋ-၈၆)**

ဝရသေယျ - [ဧကံ ဝရသေယျန္တိ ဧတ္ထ နဝကမ္မဒါနဋ္ဌာနေ ဝါ ဝဿဂ္ဂေန ပတ္တဋ္ဌာနေ ဝါ ယံ ဣစ္ဆတိ၊ တံ ဧကံ ဝရသေယျံ အနုဇာနာမီတိ အတ္ထော။]

ပြီး၍ဖဲသွားရာ - [ပရိယောသိတေ ပက္ကမတိ တဿေဝေတန္တိ ပုန အာဂန္တွာ ဝသန္တဿ အန္တောဝဿံ တဿေဝ တံ၊ အနာဂစ္ဆန္တဿ ပန သဒ္ဓိဝိဟာရိကာဒယော ဂဟေတုံ န လဘန္တိ။] **(ဋ၊ ဋ-၈၆)**

အခြားနေရာ၌ သုံးဆောင်ခြင်းကိုပယ်ခြင်း

(- ဥပါသကာတစ်ဦး) အခြားကျောင်း၌ အသုံးအဆောင်ကို အခြားကျောင်း၌ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်။ (- ဥပုသ်အိမ်စသည်သို့) အခိုက်အတန့်မျှ ဆောင်ယူခြင်းငှာ ခွင့်ပြု၏။ (- ကျောင်းပြိုပျက်မှု) လုံခြုံရန်အတွက် ဆောင်ယူခြင်းငှာ ခွင့်ပြု၏။

ဂုတ္တတ္ထာယ - ဂုတ္တတ္ထာယာတိ ယံ တတ္ထ (ပြိုပျက်ရာကျောင်း) မဉ္စပီဌာဒိ၊ တဿ ဂုတ္တတ္ထာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။ တသ္မာ တံ အညတြ ဟရိတွာ သံဃိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဋ္ဌံ သုနဋ္ဌံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ သစေ အရောဂံ၊ (မပျက်စီးမူ) တသ္မိံ ဝိဟာရေ ပဋိသင်္ခတေ ပုန ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇတော နဋ္ဌံ ဝါ ဇိဏ္ဏံ ဝါ ဂီဝါ ဟောတိ၊ တသ္မိံ ပဋိသင်္ခတေ ဒါတဗ္ဗမေဝ။ သစေ တတော ဂေဟပါနသီအာဒီနိ ဂဟေတွာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ၊ သုယောဇိတာနိ။ ပုဂ္ဂလိကာဝါသေ ယောဇေန္တေဟိ ပန မူလံ ဝါ ဒါတဗ္ဗံ၊ ပဋိပါကတိကံ ဝါ ကာတဗ္ဗံ၊ ဆဍ္ဍိတဝိဟာရတော မဉ္စပီဌာဒီနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဓါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ ပုန အာဝါသိကကာလေ (ကျောင်းနေ လာသောအခါ) ဒဿာမီတိ ဂဟေတွာ သံဃိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဋ္ဌံ သုနဋ္ဌံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ၊ အရောဂဉ္စေ၊ ပါကတိကံ ကာတဗ္ဗံ၊ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဋ္ဌံ ဂီဝါ ဟောတိ၊ တတော ဒွါရဝါတပါနာဒီနိ သံဃိကာဝါသေ ဝါ ပုဂ္ဂလိကာဝါသေ ဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိယေဝ။ **(ဋ၊ ဋ-၈၆၊ ၈၇)**

ဖိဏ္ဍဝိဟာရ – ယော ပန သံဃိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော ဒေဝေ ဝဿန္တေ တေမေတိ၊ အာတပေန သုက္ခတိ၊ တံ သဗ္ဗမ္ပိ အာဟရိတွာ အတ္တနော အာဝါသေ ကာတုံ ဝဋ္ဋတိ။ **[ဒု – ပါ–ဋ္ဌ၊ စာ–၃၄၂]** (သံဃိက ဖြစ်လျှင် သံဃာကို ပုဂ္ဂလိကဖြစ်လျှင် ပုဂ္ဂိုလ်ကို ပန်ကြား၍ မိုးမစို နေမပူ ချစသည် မခံစားသောအရပ်၌ ဖိဏ္ဍဝိဟာရကို ဖျက်၍ သိုမှီးသိမ်းထားခြင်းငှာ သင့်လျော်သော ဟူ၏။ **[ညောင်ရမ်း၊ စာ–၃၅၂]**

တိုးပွားမှုအတွက် လဲလှယ်ခြင်း – (၁) သံဃာအား ကျောင်းသုံးပရိက္ခရာဖြစ်သော အဖိုးထိုက်သော ကမ္ဗလာစသည် ဖြစ်ပေါ်လာရာ – တိုးပွားမှုအတွက် လဲလှယ်ခြင်းငှာ ခွင့်ပြု၏။ [ဖာတိကမ္မဋ္ဌေတွ သမကံ ဝါ အတိရေကံ ဝါ အဂ္ဃနကံ မဉ္စပီဌာဒိသေနာသနမေဝ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ–၈၇)** (၂) သံဃာအား ကျောင်းသုံးပရိက္ခရာဖြစ်သော အဖိုးထိုက်သော အဝတ်အထည်ဖြစ်ပေါ်လာရာ တိုးပွားမှုအတွက် လဲလှယ်ခြင်းငှာ ခွင့်ပြု၏။ (၃) သံဃာအား ဝံရေသည် ဖြစ်ပေါ်လာရာ ခြေသုတ်ပြုလုပ်ရန် ခွင့်ပြု၏။ (၄) သံဃာအား ကမ္ဗလာဖုံး ခြေသုတ်ကြိုးဝိုင်းသည် ဖြစ်ပေါ်လာရာ ခြေသုတ်ပြုလုပ်ရန် ခွင့်ပြု၏။

အဓောတ – အလ္လပါဒ – (၁) မဆေးသော ခြေတို့ဖြင့် ကျောင်းအိပ်ရာနေရာကို နင်းသော ရဟန်းအား ဒုက္ကဋ်။ (၂) စိုသောခြေတို့ဖြင့် ကျောင်းအိပ်ရာနေရာကို နင်းသောရဟန်းအား ဒုက္ကဋ်။ [အလ္လေဟိ ပါဒေဟီတိ ယေဟိ အက္ကန္တဋ္ဌာနေ ဥဒကံ ပညာယတိ၊ ဝေရူပေဟိ ပါဒေဟိ ပရိဘဏ္ဍကတဘူမိ ဝါ (ပရိဘဏ္ဍကတာ ဘူမိ နာမ သဏှမတ္တိကာဟိ ကတာ ကာဠဝဏ္ဏာဒိဘူမိ၊ သေနာသနံ မဉ္စပီဌာဒိ။ **သာ၊ စာ–၄၀၅)** သေနာသနံ ဝါ (မဉ္စပီဌာဒိ ဝါ **တိ၊ စာ–၂၄၈)** န အက္ကမိတဗ္ဗံ။ သစေ ပန ဥဒကသိနေဟမတ္တမေဝ ပညာယတိ၊ န ဥဒကံ၊ ဝဋ္ဋတိ။ ပါဒပုဉ္ဆနိံ ပန အလ္လပါဒေဟိပိ အက္ကမိတုံ ဝဋ္ဋတိယေဝ] (၃) ဖိနပ်နှင့်တကွ ကျောင်းအိပ်ရာ နေရာကို နင်းသော ရဟန်းအား ဒုက္ကဋ်။ [သဉပါဟနေန ဓောတပါဒေဟိ အက္ကမိတဗ္ဗဋ္ဌာနေယေဝ န ဝဋ္ဋတီတိ **(ဋ္ဌ၊ စာ–၈၇)]**

တံတွေးအထည်ကြမ်းဖြင့်ရစ် – (၁) အပြေအပြစ်ပြုထားသောမြေ၌ တံတွေးထွေးသော ရဟန်းအား ဒုက္ကဋ်။ ထွေးခံကို ခွင့်ပြု၏။ (၂) ညောင်စောင်းခြေ အင်းပျဉ်ခြေတို့သည် အပြေအပြစ်ပြုထားသော မြေကို ရေးခြစ်မိကုန်သဖြင့် အထည်ကြမ်းဖြင့် ရစ်ပတ်ခြင်းငှာ ခွင့်ပြု၏။ [စောဠကေန ပလိဝေဌေတုန္တိ သုဓာဘူမိယံ ဝါ ပရိဘဏ္ဍဘူမိယံ ဝါ သစေ တဋ္ဋိကာ ဝါ (ကဲလား) ကဋ္ဋသာရကော ဝါ နတ္ထိ။ စောဠကေန ပါဒါ ဝေဌေတဗ္ဗာ။ တသ္မိံ အသတိ ပဏ္ဏမ္ပိ အတ္ထရိတုံ ဝဋ္ဋတိ၊ ကိဉ္စိ အနတ္ထရိတွာ ဌပေန္တဿ ပန ဒုက္ကဋံ။ ယဒိ ပန တတ္ထ နေဝါသိကာ အနတ္ထတာယပိ ဘူမိယာ ဌပေန္တိ၊ အဓောတပါဒေဟိပိ ဝဠဉ္ဇေန္တိ၊ တထေဝ ဝဠဉ္ဇေတုံ ဝဋ္ဋတိ၊ **(ဋ္ဌ၊ စာ–၈၇]** တထေဝ ဝဠဉ္ဇေတုံ ဝဋ္ဋတီတိ အညေဟိ အာဝါသိကဘိက္ခူဟိ ပရိဘုတ္တနီဟာရေန ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ နေဝါသိကာ ပကတိယာ အနတ္ထတာယ ဘူမိယာ ဌပေန္တိ စေ၊ တေသမ္ပိ အနာပတ္တိယေဝါတိ ဂဏ္ဌိပဒေသု ဝုတ္တံ။ **(သာ၊ စာ–၄၀၅)**။ – တထေဝ ဝဠဉ္ဇေတုံ ဝဋ္ဋတီတိ ဣမိနာ နေဝါသိကေဟိ ဓောတပါဒါဒီဟိ ဝဠဉ္ဇနဋ္ဌာနေ သဠိစ္စ အဓောတပါဒါဒီဟိ ဝဠဉ္ဇန္တဿဝ အာပတ္တိ ပညတ္တာတိ ဒဿေတိ။ **(တိ၊ စာ–၂၄၈)**။ နေဝါသိကာ ပကတိယာ အနတ္ထတာယ ဘူမိယာ ဌပေန္တိ စေ၊ တေသမ္ပိ အနာပတ္တိ ယေဝါ''တိ လိခိတံ။ **(ဖိ၊ စာ–၅၂၉)**

နံရံစသည်ကိုမှီခြင်း – (အဆင်းပျက်စီး၍) အပြေအပြစ်ပြုထားသော နံရံကိုမှီသောရဟန်းအား ဒုက္ကဋ်။ အမှီတကဲပျဉ်ကို ခွင့်ပြု၏။ [န ဘိက္ခဝေ ပရိကမ္မကတာ ဘိတ္တီတိ သေတဘိတ္တိ ဝါ စိတ္တကမ္မကတာ ဝါ၊ န ကေဝလဉ္စ ဘိတ္တိမေဝ၊ ဒွါရမ္ပိ ဝါတပါနမ္ပိ အပဿေနဖလကမ္ပိ ပါသာဏတ္ထမ္ဘမ္ပိ ရုက္ခတ္ထမ္ဘမ္ပိ

စီဝရေန ဝါ ကေနစိ ဝါ အပ္ပဋိစ္ဆာဒေတွာ အပဿယိတုံ န လဗ္ဘတိယေဝ။] **(ဌ၊ စာ–၈၇)** ဒွါရမ္ပိတိ အာဒိနာ သာမညတော ဝုတ္တတ္တာ ဒွါရဝါတပါနာဒယော အပရိကမ္မကတာပိ န အပဿယိတဗ္ဗာ၊ အဇာနိတွာ အပဿယန္တဿပိ က္ရာမ လောမဂဏနာယ အာပတ္တိ။ **(တိ၊ စာ–၂၄၈)** [သာ – ဇီ– ၌လည်း မမှီအပ်ကြောင်း လာ၏] ''ဒွါရဝါတပါနာဒယော အပရိကမ္မကတာပိ အပ္ပဋိစ္ဆာဒေတွာ န အပဿယိတဗ္ဗာတိ လိခိတံ။ **(ဇီ၊ စာ–၅၂၉)**

အမွေးအရေအတွက်ဖြင့် အာပတ် – (၁) အမှီတကဲပျဉ်သည် အောက်မှမြေကိုလည်းကောင်း အထက်မှနံရံကိုလည်းကောင်း ရေးခြစ်မိ၍ – အောက်မှလည်းကောင်း၊ အထက်မှလည်းကောင်း အထည် ကြမ်းဖြင့် ရစ်ပတ်ခြင်းငှာ ခွင့်ပြု၏။ (၂) ခြေဆေးပြီးဖြစ်၍ အိပ်ခြင်းငှာမအပ်ဟု သံသယရှိ၍ – ခင်း၍အိပ် ခြင်းငှာ ခွင့်ပြု၏။

[ဓောတေဟိ ပါဒေဟိ အက္ကမိတဗ္ဗဋ္ဌာနသေယတံ အဓိဝစနံ။ ပစ္စတ္ထရိတွာတိ ပရိဘဏ္ဍကတံ ဘူမိံ ဝါ ဘူမတ္ထရဏသေနာသနံ ဝါ သံဃိကမဉ္စပီဌံ ဝါ အတ္တနော သန္တကေန ပစ္စတ္ထရဏေန ပစ္စတ္ထရိတွာဝ နိပဇ္ဇိတဗ္ဗံ။ သစေ နိဒ္ဒါယတောပိ ပစ္စတ္ထရဏေ သင်္ကုဋိတေ (သင်္ကုစိတေ) ကောစိ သရီရာဝယဝေါ မဉ္စံ ဝါ ပီဌံ ဝါ ဖုသတိ၊ အာပတ္တိယေဝ။ လောမေသု (ဖုသန္တေသု) ပန လောမဂဏနာယ အာပတ္တိယေဝ။ ပရိဘောဂ သီသေန အပဿယန္တဿာပိ ဧသေဝနယော။ ဟတ္ထတလပါဒတလေဟိ ပန ဖုသိတုံ ဝါ အက္ကမိတုံ ဝါ ဝဋ္ဋတိ။ မဉ္စပီဌံ နီဟရန္တဿ ကာယေ ပဋိဟညတိ၊ အနာပတ္တိ။ **(ဌ၊ စာ–၈၇)**] ။ ပရိဘဏ္ဍကတံ ဘူမိံ ဝါ ဘူမတ္ထရဏံ ဝါ သေနာသနံ ဝါ သံဃိကံ မဉ္စပီဌံ ဝါ – ဟု စံကျောင်းစူဠဝါ ပါဠိတော် နိသျသစ်၌ (၄)ချက်ခွဲ၍ ဝါ သဒ္ဒါနှင့် ၏။

ဘူမတ္ထရဏ – ဘူမတ္ထရဏံ နာမ ဘူမိယံ အတ္ထရိတဗ္ဗာ ကဋသာရကာဒိဝိကတိ။ [ပဌမ သေနာသန – **ဌ၊ စာ–၄၁**] (ဤ ကဋသာရကတို့ကား စိမိလိကအထက်၌ ခင်းသတည်း။ စိမိလိကမရှိမူကား မြေထက် ခင်းသတည်း။ [ဘူမတ္ထရဏန္တိ ပရိကမ္မကတာယ ဘူမိယာ ရက္ခဏတ္ထံ စိမိလိကာဟိ ကတအတ္ထရဏံ၊ တဿ ဥပရိ တဋ္ဋိကံ ပတ္ထရိတွာ စင်္ကမန္တိ။ **[အညာတကဝိညတ္တိ – ဌ၊ စာ–၂၄၇]**

ယထာ ဒါယကာ ဝဒန္တိ တထာ ပဋိပဇ္ဇိတဗ္ဗံ – [နိမန္တနဘတ္တ – ဌ]ကိုထောက်၍ ဒါယကေဟိ ကာယေန ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထာတိ ဒိန္နသေနာသနံ မဉ္စပီဌာဒိဥ္စ ဒါယကေန ဝုတ္တနိယာမေန ပရိဘုဉ္ဇန္တဿ ဒေါသော နတ္ထီတိ မာတိကဋ္ဌကထာယ သီဟဠဂဏ္ဌိပဒေ ဝုတ္တတ္တာ တထာ ပရိဘုဉ္ဇန္တဿ အနာပတ္တိ–ဟူသော ဝိနယဝိနိစ္ဆယ **(စာ–၃၁၆)** စကားရပ်ကို ညောင်ကန်စံကျောင်းစသော ဆရာမြတ်တို့ လက်ခံတော်မူကြ၏။ လယ်တီဆရာတော်၊ ညောင်လွန်းဆရာတော်တို့လည်း လက်ခံကြသောဟူ၏။ စံကျောင်း ဆရာတော်ကား သံဃိကပစ္စည်းတိုင်းကိုပင် သုံးစွဲရာ၌ သတိကြီးသင့်သော ဟူသတတ်။

သံဃဘတ်စသည်ကိုခွင့်ပြုခြင်း

ရာဇဂြိုဟ်ပြည် အစာရှားပါသည်ကို အကြောင်းပြု၍ – (၁) သံဃာဘတ် [အားလုံး သံဃာ၏ ဘတ်ဖြစ်၏။ လာတိုင်းလာတိုင်းတို့အား ရောက်၏။ ဌီတိကမရှိ။] (၂) ဥဒ္ဒေသဘတ် [၁–၂ – လ – ၁၀ပါး ဘိက္ခုသံဃာမှ ညွှန်း၍ပေးပါဟုညွှန်းသဖြင့် ရသောရဟန်းတို့၏ဘတ် – ဥပစာရသီမသို့ရောက်လာသော အာဝါသိက အာဂန္တုကအားလုံးနှင့် ဆိုင်၏။ ဌီတိကရှိလျှင် ဌီတိကဖြင့်,မရှိလျှင် ထေရာသနမှစ၍ ပေးရ

မည်။ တိစီဝရိတ်စသော သပရိဝါရရှိမှ အလှည့်ကြသူတို့ရစေ မင်္ဂလာအလိုရှိသော ဒကာများဖြစ်မူ သာမဏေငယ်တို့အလှည့်၌ ကိုယ်စား ဥပဇ္ဈာယ်ဖြစ်သူတို့ကခံယူ၍ သာမဏေငယ်တို့အားပေးစေ။ မဟာထေရ်တို့ကိုသာ ရွေးလိုခြင်၍မရ၊ ဆွမ်းစားကျောင်းမှ သပိတ်ကိုတောင်း၍ လှူရာ၌ကား သံဃိကဖြစ်လျှင် သံဃိက ပုဂ္ဂလိကဖြစ်လျှင် ပုဂ္ဂလိက အားလုံးဝေ၍ ဘုန်းပါဟုဆိုလျှင် အားလုံးဝေ၍ ဘုန်း (၃) ပုဂ္ဂလိကဖြစ်လျှင် ပုဂ္ဂိုလ်အစိုးရ၍ သံဃိကဖြစ်လျှင် ဤနိမန္တနဘတ်ကိုလည်း ဥဒ္ဒေသဘတ်နှင့် နည်းတူသိ။ – မာတိကံ အာရောပေတွာ ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။ **(ဌ၊ စာ–၉၇)** – နိမန္တနပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်၏။ အာဂန္တုကကို လူတို့က အလေးပြုမှုခေါ်သွားအပ်၏။] (၄) သလာကဘတ် – ဥပစာရသီမသံဃာနှင့်သာ ဆိုင်သည်။ ပဏ္ဍိတဖြစ်မူ ဥဒ္ဒေသနှင့်အလားတူ၊ မဟာထေရ်တို့အတွက် ဝိသုံ့ဋ္ဌိတိက ရှိ၏]၊ (၅) ပက္ခိကဘတ် – သလာကဘတ်နှင့်အတူ – ၎င်းနှစ်ခုပြိုင်နေမူ အသီးအသီးခံ၊ သံဃာများမူ ပက္ခိကဘတ်ကို ယူ၍ ၎င်း၏ ဋ္ဌိတိကဖြင့် သလာဘတ်ကိုယူ။] (၆) ဥပေါသထိကဘတ် (၇) ပါဋိပဒိကဘတ် ၎င်းနှစ်မျိုး သလာကဘတ်နှင့်တူ] ဤဘတ် ခုနစ်မျိုးတို့ကို ခွင့်ပြု၏။

စီဝရက္ခန္ဓကဘတ် – (၈) အာဂန္တုကဘတ် – [အာဂန္တုကများမူ တစ်ခုစီ – မလောက်မူ ဋ္ဌိတိကဖြင့် ယူစေ၊ တစ်ပါးတည်းအရင်ရောက်၍ အကုန်ယူမူ၊ ထိုတစ်ပါးပိုင် မယူမူ ရောက်လာသူတို့အားလုံးဆိုင်စေ၊ နိစ္စအာဂန္တုကရှိမူ လာသောနေ့သာ စားအပ်၏။ ကြိုကြားသာရှိမူ – ၂ ၊ ၃ ၊ ရက် – မဟာပစ္စရိ၌ကား ၇–ရက် စားအပ်၏။ အာဝါသိကလည်း တစ်နေရာသို့သွား၍ ပြန်ရောက်လာမူ၊ အာဂန္တုကပင်၊ အာဂန္တုက မရှိလျှင် အာဝါသိကတို့ပင် ဘုဉ်းပါဟုဆိုမူ ဒကာလျှောက်သည့်အတိုင်း အပ်၏။ (၉) ဂမိကဘတ် – ဂမိက, အာဂန္တုက နှစ်မျိုးနှင့်ဆိုင်၊ အာဝါသိကလည်း အရပ်တစ်ပါးသို့ သွားမူ ဂမိက–သွားမည့်နေ့သာ မသွားဖြစ်လျှင်လည်း သဥဿာဟရှိသေးလျှင် အန္တရာယ်ကြောင့် မသွားနိုင်သေးလျှင် အပ်၏။

(၁၀) **ဂိလာနဘတ်** – [လောက်မူ ဂိလာနအားလုံးအား မလောက်မူ ဋ္ဌိတိကဖြင့်ပေးစေ၊ နှစ်ပါးတွင် ရွာသို့မသွားနိုင်အောင်သော ဂိလာနသည် မဟာဂိလာနဖြစ်၍ ၎င်းအားဦးစားပေးစေ၊ မဟာဂိလာန နှစ်ပါးဖြစ်မူ လာဘ်နည်းသူအားပေးစေ ရောဂါပျောက်အောင်အပ်၏၊ မိဿကယာဂု၊ မိဿကဘတ်တို့ကိုစား၍ ရောဂါမဖြစ်လျှင် မအပ်တော့] (၁၁) ဂိလာနုပဋ္ဌာကဘတ်–ဂိလာနဘတ်နှင့်တူ။ ဤ(၄)မျိုးကား **ဝိသာခါ** လျှောက်၍ ခွင့်ပြုသည်။

(၁၂) **ဓုရဘတ်** – နိစ္စဘတ်၊ သံဃိက၊ ပုဂ္ဂလိက နှစ်မျိုး၊ သံဃိကကား သလာကဘတ်နှင့်တူ။ (၁၃) ကုဋိဘတ်၊ သံဃိကကျောင်းဆောက်၍ အမှာကံ သေနာသနဝါသိနော အမှာကံယေဝ (ဘိက္ခံ ဂဏှန္တု) ဘတ္တံ ဂဏှန္တု–ဟု **(ဌ၊ စာ–၁၀၆)** တည်သောဘတ်ကား သလာကဘတ်နှင့်တူ။ ပုဂ္ဂိုလ်ကိုကြည်ညို၍ ကျောင်းဆောက်ပြီး တုမှာကံ ဒေမ–ဟုလှူမူ ထိုပုဂ္ဂိုလ်နှင့်သာ ဆိုင်၏။ ထိုသူအရပ်တစ်ပါးသွားမူ၊ နိဿိတက တို့ ဘုဉ်းအပ်၏။ (၁၄) ဝါရဘတ် – ဒုဗ္ဘိက္ခအခါ၊ ဝါရေန ဘိက္ခူ ဇဂ္ဂိဿာမ–ဟု အလှည့်ဖြင့် ကျွေးသောဘတ် သလာကဘတ်နှင့်တူ၏။

အဋ္ဌကထာ၌လာသောဘတ် – (၁) ဝိဟာရဘတ် [တကြပ္ပဒိဘတ်–သံဃာဘတ်နှင့်တူ] အဋ္ဌန္နံ ဘိက္ခူနံ ဒေမ၊ စတုန္နံ ဒေမ–ဟု လှူသော ဘတ်တို့ကား (၂) အဋ္ဌကဘတ် (၃) စတုက္ကဘတ်တို့တည်း။ ဤအားလုံးသော (၁၄+၃) ဘတ်တို့၌ ဘိက္ခုဟူသော အပ်သောဝေါဟာရဖြင့်ကား ဝိဏ္ဍပါတ်ပုဂ္ဂိုလ်တို့အား လည်း အများအားဖြင့် အပ်သောဟူ၏။ ဂုဠဘတ်လည်း ရှိသေး၏။ ကျယ်စွာလာ၏။

ဆွမ်းညွှန်းရဟန်းအဖြစ် သမ္မုတိပေးခြင်းစသည်

(၁) ဂတိလေးပါးသို့မလိုက်ခြင်း၊ ညွှန်းပြီးမညွှန်းရသေးသည်ကို သိခြင်းဟူသော အင်္ဂါ–၅–တန်နှင့် ပြည့်စုံသောရဟန်းအား တောင်းပန်၍ ဆွမ်းညွှန်ရဟန်းဟု သမ္မုတိပေးရန် ခွင့်ပြု၏။ ။ (၂) အလားတူ – ကျောင်းအိပ်ရာနေရာခင်းသောရဟန်း၊ (၃) ဘဏ္ဍာထိန်းရဟန်း၊ (၄) သင်္ကန်းခံယူသောရဟန်း၊ (၅) သင်္ကန်းခွဲဝေသောရဟန်း၊ (၆) ယာဂု၊ (၇) သစ်သီး (၈) ခဲဖွယ်ခွဲဝေသောရဟန်းဟု သမုတ်ရန် ခွင့်ပြု၏။ [သမ္မန္နိတွာ ဌပိတယာဂုဘာဇကာဒီဟိ ဘာဇနီယဋ္ဌာနံ အာဂတမနုဿာနံ အနာပုစ္ဆိတွာပိ ဥပမုဘာဂေါ ဒါတဗ္ဗော။] **(ဌ၊ စာ–၁၀၈)**

ပရိက္ခရာအနည်းငယ်ကို စွန့်သူအဖြစ် - သမုတ်ခြင်း

သံဃာ၏ ဘဏ္ဍာအိမ်၌ ပရိက္ခရာအနည်းငယ်မျှ ဖြစ်ပေါ်လာရာ (အချို့နိသျများ၌ ဥဿန္နော–ဟုရှိ၏) အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ရဟန်းကို ပရိက္ခရာအနည်းငယ်မျှကို စွန့်သောရဟန်းဟု သမုတ်ရန် ခွင့်ပြု၏။ ထိုရဟန်းသည် အပ်ကိုပေးရမည်။ [အတိုအရှည်၊ ၂ချောင်း] [အဝိဘတ္တံ သံဃိကံ ဘဏ္ဍန္တိ ပုစ္ဆိတဗ္ဗကိစ္စံ နတ္ထိ။ ပိပ္ဖလကတ္တိကာဿ ကော ပိပ္ဖလကော] **(ဌ၊ စာ–၁၀၈)** ထီးငယ်ကို ပေးရမည်။ [ခရီးခဲသွားလိုသူအား] ဖိနပ်တစ်ရံပေးရမည်။ ခါးပန်းကြိုးအလိုရှိသူအား ခါးပန်းကြိုး၊ အံသဗဒ္ဓကော မေဖိဏ္ဍော–ဟု လာသောရဟန်းအား ပခုံးလွယ်၊ ရေစစ်ပုဝါ အလိုရှိသူအား ရေစစ်ပုဝါ၊ ဓမ္မကရိဏ်းရေစစ်အလိုရှိသူအား ဓမ္မကရိဏ်း ရေစစ် [သစေ ပဋ္ဋကော န ဟောတိ၊ ဓမ္မကရဏော ပဋ္ဋကေန (ခရိုင်ပိတ်ပုဆိုး) သဒ္ဓိံ ဒါတဗ္ဗော။ **(ဌ၊ စာ–၁၀၈)**] သလင်းထောင်တင်အံ့ဟု တောင်းလာသူအားအနားပတ်ရှည် (ကုသိ) အနားပတ်တို (အမုကုသိ) လောက်အောင် ပေးရမည်။ အိမ်ဝန်းကြီးမလောက်သူအား တစ်ခုသောအိမ်ဝန်းကြီးကို –၂–ခုသော အိမ်ဝန်းငယ်ကို ပေးရမည်။ [အိမ်ဝန်းကြီး –၂–ခုမပေးရ] အလျားအနားပတ် အနံအနားပတ် အလိုရှိသူအား တစ်ထည်သော သင်္ကန်း၏ အနားပတ်ပြီးလောက်ရုံ ပေးရမည်။

သံဃာ၏ ထောပတ် ပျားရည် တင်လဲတို့ရှိမူ တစ်ကြိမ်လျက်ရန် ပေးရမည်။ တစ်ဖန်လည်း လျက်လိုမူ တစ်ဖန်လည်း ပေးရမည်။ [သပ္ပိနဝနီတာဒီအတ္ထိကာဿ ဂိလာနဿ ဧကံ ဘေသဇ္ဇံ နာဋိမတ္တံ ကတွာ တတော တတိယကောဋ္ဌာသော ဒါတဗ္ဗော။ ဧဝံ တီဏိ ဒိဝသာနိ ဒတွာ နာဋိယာ ပရိပုဏ္ဏာယ စတုတ္ထဒိဝသတော ပဋ္ဌာယ သံဃံ ပုစ္ဆိတွာ ဒါတဗ္ဗံ။ ဂုဠပိဏ္ဍေပိ ကေဒိဝသံ တတိယဘာဂေါ ဒါတဗ္ဗော။ ဧဝံ တီဟိ ဒိဝသေဟိ နိဋ္ဌိတေ ပိဏ္ဍေ တတော ပရံ သံဃံ ပုစ္ဆိတွာ ဒါတဗ္ဗံ **(ဌ၊ စာ–၁၀၉)**] ဂုဠပိဏ္ဍံ တာလပက္ကပမာဏန္တိ ဝေဒိတဗ္ဗံ။ **(သာ၊ စာ–၄၀၉)**

အခြားသမ္မုတိများ

(၁) မိုးရေခံသင်္ကန်းပေးသောရဟန်း၊ (၂) သပိတ်ပေးသောရဟန်း၊ (၃) အရံစောင့်ကို နိုင်းစေသောရဟန်း၊ (၄) သာမဏေကို နိုင်းစေသောရဟန်းဟု သမုတ်ရန် ခွင့်ပြု၏။

ပကိဏ္ဏက ကထာ

ဤအရာ၌(၁) ဝိဟာရသေနာသန၊ (၂) မဥ္စပီဌသေနာသန၊ (၃) သန္ထတသေနာသန၊ (၄) ဩကာသသေနာသနဟူ၍၊ (၄)ပါးကုန်သော သေနာသနတို့တွင် ဝိဟာရသေနာသန၌မှတ်ဖွယ်ကား -

(၁) တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ **(ပါ၊ စာ-၂၉၁)** [ရာဇဂြိုဟ်သူဌေးလျှောက်ထား၍ မြတ်စွာဘုရား၏ မိန့်ကြားချက်]၊ (၂) တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေသိ။ [ရာဇဂြိုဟ်သူဌေးကျောင်းလှူခန်း။ ဇေတဝန် လှူရာ၌လည်း အလားတူ]၊ (၃) အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿာတိ အာဂတဿစ အနာဂတဿစ [စာတုဒ္ဒိသဿ အပ္ပဋိဂ္ဂဟိတဿ စာတုဒ္ဒိသဿ သံဃဿ] [စတူသု ဒိသာသု အပ္ပဋိဟတစာရဿ] စာတုဒ္ဒိသဿ သံဃဿ။ **[ဋ္ဌ၊ စာ-၅၈]**

(၄) ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော သုဝဏ္ဏဘိင်္ကာရံ ဂဟေတွာ ဘဂဝတော ဟတ္ထတလေ ဥဒကံ ပါပေတွာ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဝေဠုဝနံ အဒါသိ။ [ဓမ္မပဒ-ဋ္ဌ] သံဃိကနှင့်စပ်၍ ဤမျှသာ ကျမ်းဂန်တို့၌ လာသောဟူ၏။

(၅) ဒီဃဘာဏကာဒိကဿ ပန ဂဏဿ ဧကပုဂ္ဂလဿ ဝါ သန္တကံ၊ [ဋ္ဌ] ဤသို့လည်း ဂဏိက၊ ပုဂ္ဂလိက၊ အရာများလာရှိ၏။ ဤသည်တို့ကို ထောက်ဆ၍ -

(၁) ယဒိ သံဃဿ ဒေတိ၊ ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မီတိ၊ ယဒိ ဂဏဿ ဒေတိ - ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မီတိ၊ ယဒိ ပုဂ္ဂလဿ ဒေတိ၊ ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မီတိ ဒါတဗ္ဗော။ ။ (၂) ယဒိ သံဃဿ ဒေတိ၊ သံဃော တဿ ဝိဟာရဿ ဣဿရော၊ ယဒိ ဂဏဿ ဒေတိ၊ ဂဏော တဿ ဣဿရော၊ ယဒိ ပုဂ္ဂလဿ ဒေတိ၊ ပုဂ္ဂလော တဿ ဣဿရော၊ ဟု ဝိနယာလင်္ကာရဋီကာ **(ဒု၊ စာ-၅၂)** မိန့်သောဟူ၏။ သို့အတွက် သမ္မုခီဘူတသံဃိက သို့မဟုတ် အာရာမိက သံဃိကတို့သည် မရှိသင့်ရကား လှူသော်လည်း အဓမ္မိကဒါနသာဖြစ်၍ စာတုဒ္ဒိက သံဃိကသာ ဖြစ်သင့် သောဟူ၏။ [ဩဃကန်၊ သလုံး]။ မဲထီးဆရာတော်ကား ဒါနဂ္ဂဒီပနီ၌ သမ္မုခီဘူတ သံဃိကရှိသည်ဟု ရေးစက်ချနည်းရေးသော ဟူ၏။ **[သာရ ၄၁၈-သမူဟ-ဒု-၃၄၉ မှ ၃၅၅]** ဆွမ်း၊ သင်္ကန်း၊ ဆေးပစ္စည်းစသည် လဟုဘဏ် ပရိက္ခရာတို့ အရာ၌သာ သမ္မုခီဘူတသံဃိက ဝေဖန်၍ယူသော အရာဌာနများသာ ပါဠိတော်တို့၌ လာသောလည်းဟူ၏။

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ကာတဗ္ဗမေဝ။ [ရှင်သာရိပုတ္တရာမိန့်] ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ [သေနာသနက္ခန္ဓက နိမန္တနဘတ္တ-**ဋ္ဌ၊ စာ-၉၇**]စကားရပ်တို့ကိုထောက်၍ ရေစက်ချနည်းများ-

သံဃိက - မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကာတုံ ကာယကာယပဋိဗဒ္ဓါဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇိတုံ အဓောတ အလ္လပါဒေဟိ အက္ကမိတုဉ္စ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ၊ ပရိဘုဥ္စထ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဂဏိက–ပုဂ္ဂလိက – မယံ –လ– ကပ္ပိယကုဋိ ကတွာ ယထာသုခံ ပရိဘုဥ္ဇိတုံ အာယသ္မန္တာနံ (အာယသ္မတော) ဒေမ၊ ပရိဘုဥ္ဇထ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

သံဃိကကျောင်း - နေထိုင်ပုံစနစ်
(သာရ၊ စာ-၄၂၅)

သီတင်းကြီး – (၁) န တွေဝါဟံ ဘိက္ခဝေ ကေနစိ ပရိယာယေန ဝုဍ္ဎတရဿ ဘိက္ခုနော အာသနံ ပဋိဗာဟိတဗ္ဗန္တိ ဝဒါမိ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿ–ဟူသော **(ပါ၊ စာ–၃၁၅)** ပါဠိတော်ကို–ဆွမ်းစားဇရပ် စသည်တို့၌ နေရာဦးကို သီတင်းကြီးအား ထိုက်သဖြင့် သီတင်းကြီးလာသော် ဆွမ်းစားနေသော သီတင်းငယ်သည် ထ၍ နေရာပေးအပ်ကြောင်းကိုသာရည်၍ ဟောတော်မူသည်။ အမြဲနေရာကိုရည်၍ ဟောတော်မမူ။

(၂) **ဝုဍ္ဎတရော အတ္တနော ဝုဍ္ဎတာယ နဝကတရေန န ဝုဋ္ဌာပေတဗ္ဗော** – ဟူသော အဋ္ဌကထာကိုလည်း ဋီကာကဖြင့်နေရာရပြီး သီတင်းငယ်သည် ဥတုကာလ၌ သီတင်းကြီးလာသော် သီတင်းကြီးစဉ်အတိုင်း နေရာကိုဖယ်၍ ပေးအပ်သည်ကိုသာရည်၍ မိန့်သည်။ အမြဲနေစိမ့်သောငှာ ပေးသည်ကို ရည်၍မမိန့်။

(၃) အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတုံ–စသော ပါဠိတော်ကိုလည်း ဥပဇ္ဈာစရိယ နိဿယာစရိယတို့၏ လက္ခဏာကိုပြအံ့သောငှာသာ ဟောတော်မူသည်။ ဗျတ္တပဋိဗလနှင့် ပြည့်စုံကာမျှဖြင့် သံဃိကကျောင်းကို အစိုးရသည်၏အဖြစ်ကို ပြအံ့သောငှာ ဟောတော်မမူ၊ ကျောင်းပိုင်အဖြစ် ကျောင်းထိုင်ဘုန်းကြီးလုပ်ရန် ဟောတော်မမူ။

(၄) ဗဟုဿုတဿ သံဃဘာရနိတ္ထာရကဿ အနုဋ္ဌာပနီယသေနာသနမ္ပိ–စသော ပရိဝါ အဋ္ဌကထာကိုလည်း ဗဟုဿုတနှင့်ပြည့်စုံကာမျှဖြင့် သံဃိကကျောင်းကို အစိုးရသည်၏အဖြစ်ကို ရည်၍ မမိန့်၊ ဗဟုဿုတ သံဃဘာရနိတ္ထာရကဖြစ်၍ ကျေးဇူးကိုရည်မှတ်၍ သံဃာက ချမ်းသာသဖြင့် နေရာမှ မထစေအပ်သည့် သမ္မုတိကိုပေးသဖြင့် သမ္မုတိရ,ရဟန်းသည် တစ်စုံတစ်ခုသောအကြောင်းကြောင့် ထို ကျောင်းမှ မထအပ်သည်ကိုရည်၍ မိန့်သတည်း။

(၅) ယေန ဝိဟာရော ကာရိတော သော သာမိ–ဟူသော အဋ္ဌထကာစားရပ်မှာလည်း ဇေတဝန်ကျောင်းဟူရာ၌ကဲ့သို့ ပုဗ္ဗဝေါဟာရ၏အစွမ်းဖြင့်သာ ဒါယကာသည် ပိုင်ဆိုင်ကြောင်းကိုဆိုသည်။ သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ စသော စကားရပ်တို့အရလျှုပြီး ပရိစ္စာဂဖြစ်ပြီးက သံဃာသာလျှင် အစိုးရရကား ကျောင်းဒကာလည်း ငါပိုင်သည်ဟု မစီရင်ထိုက်။

(၆) သံဃိကော နာမ ဝိဟာရော သံဃဿ ဒိန္နောဟောတိ၊ ပရိစ္စတ္တော – စသော အဋ္ဌကထာ သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ–စသောအဋ္ဌကထာစကားရပ်တို့မှာလည်း သံဃာသည် စိုးပိုင်၍ သံဃာစီရင်အပ်သည်၏ အဖြစ်ကိုသာ ပြ၏။ စီရင်သော် –

စီရင်ပုံ

(၁) အင်္ဂါ (၅)ပါးနှင့်ပြည့်စုံသော ရဟန်းကို သေနာသနဂ္ဂါဟာပက သမ္မုတိပေး၍ ထိုရဟန်းသည် သီတင်းကြီးစဉ်အတိုင်းမူလည်း စီရင်အပ်၏။ (၂) ညီညွတ်သောသံဃာသည် ဗဟုဿုတ သံဃဘာရနိတ္ထာရက အင်္ဂါ(၂)ပါးနှင့်ပြည့်စုံသောရဟန်းအား အပလောကနကံဖြင့် အမြဲနေစိမ့်သောငှာလည်း သမ္မုတိ ပေးအပ်၏။ ယခုခေတ်၌ကား သေနာသနဂ္ဂါဟာပကသမ္မုတိရထိုက်သော အင်္ဂါ (၅)ပါးနှင့်ပြည့်စုံသော ရဟန်းလည်း ရှား၏။ ဗဟုဿုတ သံဃဘာရနိတ္ထာရကအင်္ဂါ (၂)ပါးနှင့်ပြည့်စုံသောရဟန်းလည်း ရရန်မလွယ်ကူ၊ အာမိသစသည်ဖြင့် လာဘ်များသူအားလည်း ငဲ့၍မပေးထိုက်၊ သို့ဖြစ်ရကား သံဃာသည်သာ အစိုးရသဖြင့် သံဃာသည် ရွေးချယ်ရမည်ဖြစ်ရာ – မိမိတို့ဥပဇ္ဈာယ်ဖြစ်ခြင်း၊ ဆရာဖြစ်ခြင်း၊ လာဘ်များခြင်း၊ အခြွေအရံပေါခြင်းတို့မှာလည်း ကျောင်းကိုအမြဲမရထိုက်သော အင်္ဂါရပ်များသာဖြစ်၍ သီတင်းကြီးမှာလည်း နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကိုသာထိုက်၍ အမြဲနေရာကျောင်းကိုကား ပေးအပ်၏ဟု မလာရကား –

သံဃော ပန ဘဏ္ဍာဂါရိကဿ ဝါ ဓမ္မကထိကဝိနယဓရာဒီနံ ဝါ ဂဏဝါစကာစရိယဿ ဝါ ဗဟူပကာရတံ ဂုဏဝိသိဋ္ဌတဉ္စ သလ္လက္ခေန္တော ဓုဝဝါသတ္ထာယ ဝိဟာရံ သမ္မန္နိတွာ ဒေတိ–ဟူသော စကားရပ် ဝိနယဓရာဒီနံ၌ အာဒိသဒ္ဒါအရ ဗဟုဿုတော အာဂတာဂမော ဓမ္မဓရော ဝိနယဓရော မာတိကာဓရော ပဏ္ဍိတော ဗျတ္တော မေဓာဝီ လဇ္ဇီ ကုက္ကုစ္စကော သိက္ခာကာမော–ဟု ဟောတော်မူအပ်သော ဂုဏဝန္တပုဂ္ဂိုလ်တို့ကို သင်္ဂြိုဟ်၍ တတ္ထ အညော ဘိက္ခု အာဂစ္ဆတိ ဗဟုဿုတော – လ – သိက္ခာကာမော တေဟိ ဘိက္ခုဝေ ဘိက္ခူဟိ သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေတဗ္ဗော ဥပလာပေတဗ္ဗော ဥပဋ္ဌာပေတဗ္ဗော စုဏ္ဏေန မတ္တိကာယ ဒန္တကဋ္ဌေန မုခေါဒကေန၊ နော စ သင်္ဂဏှေယျုံ အနုဂ္ဂဏှေယျုံ ဥပလာပေယျုံ ဥပဋ္ဌာပေယျုံ စုဏ္ဏေန မတ္တိကာယ ဒန္တကဋ္ဌေန မုခေါဒကေန အာပတ္တိ ဒုက္ကဋဿ–ဟူသော ပါဠိတော်တို့ကိုထောက်၍ ဤအင်္ဂါရပ်တို့နှင့် ပြည့်စုံသောပုဂ္ဂိုလ် အမြဲနေစိမ့်သောငှာ ပေးအပ်၏။ **(သာရ၊ စာ–၄၂၇၊ ၄၂၈)**

ထိုပုဂ္ဂိုလ်သည်လည်း – န ဘိက္ခုဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟာပေတဗ္ဗံ၊ ယော ဂါဟာပေယျ၊ အာပတ္တိ ဒုက္ကဋဿ–ပါဠိတော်လာရကား သိမ်ပ၌တည်မူ မပေးအပ်၊ ဥပစာသိမ်တွင်း၌ အင်္ဂါ (၂)ပါး ပြည့်စုံသူမရှိမူ – ဗဟူပကာရတံ ဂုဏဝိသိဋ္ဌတဉ္စ သလ္လက္ခေန္တောတိ ဘဏ္ဍာဂါရိကဿ ဗဟူပကာရတံ ဓမ္မကထိကာဒီနံ ဂုဏဝိသိဋ္ဌတဉ္စ သလ္လက္ခေန္တော–ဟု သာရတ္ထဒီပနီ **(စာ–၃၀)** မိန့်ရကား အင်္ဂါ (၁)ပါးနှင့် ပြည့်စုံသူအား ဥပစာရသိမ်တွင်း၌ရှိမူ ပေးအပ်၏။

အသမ္မတ္တာနမ္ပိ ဥပစာရသီမံ ပဝိဋ္ဌာနံ အန္တေဝါသိကာဒီသု ဂဏှန္တေသု ဂါဟာပေတဗ္ဗမေဝ – [ဥဒ္ဒေသဘတ်–၌] စကားကိုထောက်၍ သိမ်ပ၌သာ ထိုရဟန်းမျိုးရှိမူ သိမ်တွင်းသို့ လာ၍ခံစေဟု ပြောအပ်၏။

အင်္ဂါတူပုဂ္ဂိုလ်များမှ သီတင်းကြီးအား – န ဘိက္ခုဝေ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ၊ ယော၊ ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿ–အရပေးအပ်၏။ ဥပစာရသိမ်တွင်း၌ အင်္ဂါတစ်ပါး နှစ်ပါး ပြည့်စုံသူမရှိ၍ ဗာလအဗျတ္တချည်းဖြစ်အံ့၊ ဣဓ ပန ဘိက္ခုဝေ အညတရသ္မိံ အာဝါသေ သမ္ဗဟုလာ ဘိက္ခူ ဝိဟရန္တိ ဗာလာ အဗျတ္တာ၊ တေ န ဇာနန္တိ ဥပေါသထံ ဝါ ဥပေါသထကမ္မံ ဝါ ပါတိမောက္ခံ ဝါ ပါတိမောက္ခုဒ္ဒေသံ ဝါ၊ တတ္ထ အညော ဘိက္ခု အာဂစ္ဆတိ ဗဟုဿုတော–လ–အာပတ္တိ ဒုက္ကဋဿ **(ပါ၊ စာ–၁၆၀)** ဥပစာရသိမ်တွင်းသို့ ရောက်လာသော အာဂန္တုကအား ပေးအပ်ပါ၏။ သိမ်ပမှလာသော်လည်း သံဃာအား

ကျေးဇူးပြုခြင်းငှာ တတ်နိုင်သော ဂုဏ်ဝိသေသနှင့် ယှဉ်သောရဟန်းအား ပေးအပ်၏ဟု သိအပ်၏။ ဂိုဏ်းအနွယ်စသည်တို့ကား ပမာဏ မဟုတ်။

ဘဏ္ဍာနကာရကကာလဟာကာရကမေဝ သကလသံဃာရာမတော နိက္ကမိတုံ လဘတိ၊ သော ဟိ ပက္ခံ လဘိတွာ သံဃံပိ ဘိန္ဒေယျ။ အလဇ္ဇီအာဒယော ပန အတ္တနော ဝသနဋ္ဌာနတောယေဝ နိက္ကမိတဗ္ဗာ၊ သကလသံဃာရာမတော နိက္ကမိတုံ န ဝဋ္ဋတိဟူသော **(ဋ္ဌ၊ စာ-၄၈)** အရ အင်္ဂါပြည့်စုံသူသည် အလဇ္ဇီဖြစ်သော်လည်းကောင်း ဘဏ္ဍာနကာရကဖြစ်သော်လည်းကောင်း များသောအကြားအမြင်ရှိသော်လည်း မသင့်ပြုဟ်အပ်။

ဝေရူပေန ဟိ ဝိသဘာဂပုဂ္ဂလေန ကောဝိဟာရေ ဝါ ကေပရိဝေဏေ ဝါ ဝသန္တေန အတ္တော နတ္ထိ၊ တသ္မာ သဗ္ဗတ္ထေဝသ နိဝါသော ဝါရိတော-ဟူသော **(ဋ္ဌ၊ စာ-၄၆)** အရ ကြီးသောသူတို့အား အရိုအသေပြုခြင်း စသော သာမဂ္ဂီရသကင်းသော ဝိသဘာဂပုဂ္ဂိုလ်ကိုလည်း မသင့်ပြုဟ်အပ်။ ထိုကြောင့် အာဝါသိက အာဂန္တုက ဂိုဏ်းတို့ကား ပမာဏမဟုတ်၊ မည်သို့ပင်ဖြစ်စေ ဗဟုသုတ သီလဝန္တဖြစ်သော ရဟန်းကို သင့်ပြုဟ်အပ်၏ ဟူလိုသော်၏။ **(သာရ၊ စာ-၄၃၀)**

လွှဲအပ်ခြင်း

သံဃာထေရ်သည် လွှဲပြောင်းပေးလိုမှု - ဆိုခဲ့ပြီးအင်္ဂါရပ်တို့နှင့်ပြည့်စုံသော ရဟန်းအား သံဃာကိုစည်းဝေးစေ၍ သံဃာဆန္ဒယူ၍ သံဃိကအဖြစ်နှင့် ဓုဝဝါသအကျိုးငှာ ပေးအပ်၏။ သံဃာ့ထေရ်က အဂတိလိုက်၍ သံဃာက မလိုက်အံ့ - ပုဂ္ဂိုလ်သာလိုက်၍ သံဃာမလိုက်ခြင်းကြောင့် သံဃာ၏အလိုအားဖြင့်သာ ပေးအပ်၏။ သံဃာထေရ်က အဂတိမလိုက်မူ၍ သံဃာကလိုက်အံ့-လိုက်၍ပေးလိုသော် ပုဂ္ဂိုလ်သည်လည်း သံဃာ၌ အကျုံးဝင်၏ဟုနှလုံးထား၍ ဓမ္မကံကိုပြုသော သံဃာထေရ်၏အလိုအားဖြင့် ကျောင်းကိုပေးအပ်၏။ သံဃာ၏အလိုအားဖြင့် မပေးကောင်း - သစေ သံဃော ကိဉ္စိ လဘိတွာ အာမိသဂရုကတာယ န ဝါရေတိ၊ ဧကော ဘိက္ခု နိဝါရေတိ၊ သော စ ဘိက္ခု ဣဿရော။ သံဃိကေသု ဟိ ကမ္မေသု ယော ဓမ္မကမ္မံ ကရောတိ၊ သော စ ဣဿရော-ဟူသော **(ဋ္ဌ၊ စာ-၂၆၁)** ကိုထောက်ပါဟူလိုသော် - မလွှဲမူ၍ သံဃာထေရ်ကွယ်လွန်မူကား သံဃိက ဖြစ်၍ စီစဉ်လေ - ဤကား ညောင်ကန်ဆရာတော်၏ အယူအဆများဖြစ်သည်။ **[သာရ- ၄၃၁၊ ၄၃၂-]**

၇–သံယဘောဒကကန္ဒက

* ငှက်ပျောသီးသည် စင်စစ် ငှက်ပျောပင်ကို သတ်သကဲ့သို့
* ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့
* ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့
* ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်သကဲ့သို့
ပူဇော်သက္ကာရသည် ယုတ်မာသူကို သတ်၏။

ဒေဝဒတ်သည် ရဟန်းသံဃာအား မိမိအားလွှဲအပ်ရန် မြတ်စွာဘုရားအား လျှောက်ထားပြီးနောက် ပကာသနီယကံကို ခွင့်ပြုတော်မူ၏။ ရှင်သာရိပုတ္တရာအား ဒေဝဒတ်ကို ထင်ရှားအောင်ပြုရန် သမ္မုတိကံပြုရန် ခွင့်ပြု၏။ ။ သွေးစိမ်းတည်စေ၏၊ နာဠာဂိရိဆင်ကို လွှတ်၏။ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ဒါယကာတို့အိမ်၌ တောင်း၍တောင်း၍စားသည်ကို အကြောင်းပြု၍ ရဟန်းတို့အား ဒါယကာတို့၏အိမ်၌ ရဟန်းသုံးပါး တစ်ပေါင်းတည်း ခံအပ်သောဘောဇဉ်ကို ခွင့်ပြု၏။ ထိုထက်လွန်မူ ဂဏဘောဇဉ်မည်၍ တရားအတိုင်း ဆုံးဖြတ်ရမည်။ [ပရိကပ္ပတော ဟိ တိဏ္ဏံ ဘုဉ္ဇိတုံ အနုဇာနာမိ၊ တတော ဥဒ္ဓံ ဂဏဘောဇနမေဝ ဟောတိ၊ တသ္မာပိ က္လဒမေဝ ဝုတ္တံ၊ က္လစ အပုဗ္ဗံ နတ္ထိ၊ "အကတဝိညတ္တိလဒ္ဓံ တိဏ္ဏံ ဘုဉ္ဇန္တာနံ ကိဥ္စာပိ တံ ဂဏဘောဇနံ နာမ န ဟောတိ၊ ဝိညတ္တိဝသေန ပန န ဝဋ္ဋတီ"တိ လိခိတံ။ **(ဋီ၊ ဏ–၅၃၂၊ ၅၃၃)**

ဝတ္ထု (၅) မျိုးတောင်းခြင်း

(၁) အသက်ထက်ဆုံးတောကျောင်းနေရန်၊ (၂) ပိဏ္ဍပါတ်၊ (၃) ပံသုကူ၊ (၄) ရုက္ခမူ ဓုတင်ဆောင်ရန်၊ (၅) ငါးအမဲကိုမစားရန် ဒေဝဒတ်က မြတ်စွာဘုရားအား တောင်းဆို၏။

(၁) **အလိုရှိအံ့** – တောကျောင်းနေဖြစ်စေ၊ အလိုရှိအံ့–ရွာကျောင်းနေဖြစ်စေ၊ [ဒုဗ္ဗလအပ္ပထာမဖြစ်၍ ရွာကျောင်း၌သာ ဒုက္ခသန္တကို ပြုနိုင်သူအား ရည်၍ခွင့်ပြုသည်။ ထိုသို့ခွင့်ပြုသဖြင့် အခြားသူတို့အတွက်လည်း တံခါးပွင့်သွား၏။ မဟာဗျာသယ မဟုဿဟပုဂ္ဂိုလ်– မဟာဗ္ဗလသမပ္ပဝတ္တဓာတုက အဓိဝါသနခန္တိသမ္ပန္န ကဠ္ဌာနိဋ္ဌသမစိတ္တပုဂ္ဂိုလ်– ပဒပရမပုဂ္ဂိုလ်–(ယခုဘဝသာ–နောင်မဂ်ဖိုလ်၏ ဥပနိဿယဖြစ်ရန်)တို့ကား တောနှင့်သင့်လျော်၏) ပိဏ္ဍပါတ်၊ ပံသုကူ၊ – လ – ခွင့်ပြုခြင်းတို့၌လည်း နည်းတူ။]

(၅) **တိကောဋိပရိသုဒ္ဓ** – ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ၊ အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြု၏။ [ရဟန်းတို့အတွက် သားငါးတို့ကိုသတ်၍ ယူလာသည်ကို မမြင်ခြင်းသည် **အဒိဋ္ဌ**၊ ထိုသို့ မကြားခြင်းသည် **အသုတ**၊ ဒိဋ္ဌပရိသင်္ကိတ သုတပရိသင်္ကိတ တဒုဘယဝိမုတ္တ ပရိသင်္ကိတမှလွတ်ခြင်းသည် **အပရိသင်္ကိ**

တ။ ဒကာတို့ သားရှာ၊ ငါးရှာထွက်သည်ကိုမြင်၍ နောက်တစ်နေ့ ထိုရွာသို့ ဆွမ်းခံဝင်ရာ သားငါးဆွမ်းကိုလှူမှု – ရဟန်းတို့အတွက် ပြုလေသလောဟု သံသယရှိမှု ဒိဋ္ဌပရိသင်္ကိတ၊ မအပ်။ သံသယမရှိ မှုအပ်၏။ မခံယူ၍ ဒါယကာတို့ကမေးသော် အမှန်အတိုင်း ရည်ညွှန်းသားမဟုတ်ပါဟု လျှောက်လျှင်လည်း အပ်၏။ မိမိတို့စီးပွားရေးအတွက် စသည်ကြောင့်သာပြုပါသည်ဟု လျှောက်သည်ဟူ။

သားငါးရှာသည်ဟုကြား၏၊ နောက်တစ်နေ့ ထိုရွာသို့ဆွမ်းခံဝင်၍ သားငါးလောင်းလှူရာ၌ ရဟန်းတို့အတွက် ပြုလေသလောဟု သံသယရှိမှု သုတပရိသင်္ကိတ၊ မအပ်။ ပရိသင်္ကိတမရှိမူ အပ်၏။ မိမိတို့စီးပွားရေးအတွက်စသည်ကြောင့်သာ ပြုပါသည်ဟုဆိုမူ အပ်၏။

ထိုကဲ့သို့ သားငါးရှာသည်ကို မြင်လည်းမမြင်၊ ကြားလည်းမကြား၊ ဆွမ်းခံသွား၍ လောင်းလှူမှု ပရိသင်္ကိတဖြစ်မူ တဒုဘယဝိမုတ္တ ပရိသင်္ကိတ မအပ်။ ပရိသင်္ကိတမရှိမူ ခံခြင်းငှာအပ်၏။ မိမိတို့စီးပွားရေးအတွက် မင်းဘေးစသည်ကြောင့်သာပြုပါသည် – ပဝတ္တမံသကိုရ၍ ရဟန်းတို့အတွက် စီစဉ်ပါသည်ဟု လျှောက်မူ ခံခြင်းငှာ အပ်၏။ အလှူမင်္ဂလာစသည်တို့၌လည်း နည်းတူ။ – ယံ ယံ ဟိ ဘိက္ခူနံယေဝ အတ္ထာယ အကတံ၊ ယတ္ထ စ နိဗ္ဗေမတိကော ဟောတိ၊ တံ သဗ္ဗံ ကပ္ပတိ။] **(ပါ–သံဃဘေဒက၊ ၅၊ စာ–၁၉၀)**

ဘိက္ခူနံယေဝ အတ္ထာယာတိ ဧတ္ထ အဋ္ဌာနပယုတ္တော ဧဝ–သဒ္ဒေါ၊ ဘိက္ခူနံ အတ္ထာယ အကတမေဝါတိ သမ္ဗန္ဓိတဗ္ဗံ။ တသ္မာ "ဘိက္ခူနဉ္စ ဒဿာမ၊ မင်္ဂလာဒီနဉ္စ အတ္ထာယ ဘဝိဿတီ"တိ မိဿေတွာ ကတမ္ပိ န ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ កេစိ ပန "ဘိက္ခူနံယေဝါတိ အဝဓာရဏေန ဘိက္ခူနဉ္စ အညေသဉ္စ အတ္ထာယ ကတံ ဝဋ္ဋတီတိ ဝဒန္တိ၊ တံ န သုန္ဒရံ။ ယတ္ထ စ နိဗ္ဗေမတိကော ဟောတီတိ ဘိက္ခူနံ အတ္ထာယ ကတေပိ သဗ္ဗေန သဗ္ဗံ ပရိသင်္ကိတာဘာဝမာဟ။ တမေဝတ္ထံ အာဝိကာတုံ 'သစေ ပနာ"တိ အာဒိ ဝုတ္တံ။ [ပဉ္စမ သံဃဘေဒသိက္ခာပုဒ် **(သာ၊ စာ–၃၅၉၊ ၃၆၀)**]

[ဥဒ္ဒိဿ – ကျောင်းတစ်ကျောင်း၌ ရဟန်းတို့ကိုရည်၍ပြုလုပ်မှု သိသူတို့အတွက်ကား မအပ်။ မသိသူတို့အတွက်ကား အပ်၏။ အားလုံးသိမူ အားလုံးမအပ်၊ သီတင်းသုံးဘော်ငါးဦးတွင် တစ်ဦးဦးအတွက် ရည်၍ ပြုရာ၌ကား အားလုံးတို့အား မအပ်။ ရဟန်းတစ်ပါးအတွက်ရည်စူး၍ စီမံထားသော အသားကိုသိလျက် ထိုရဟန်းကခံယူပြီး အခြားရဟန်းအားလှူမူ ထို့နောက် အလှူခံရဟန်းက (မသိ၍) သဒ္ဓါတရားကိုရှေးရှု၍ ဘုဉ်းမူ ဒွိန္နမ္ပိ အနာပတ္တိ၊ ။ ယဉ္ဟိ ဥဒ္ဒိဿ ကတံ၊ တဿ အဘုတ္တတာယ အနာပတ္တိ၊ ဣတရဿ အဇာနနတာယ။ ကပ္ပိယမံသဿ ဟိ ပဋိဂ္ဂဟဏေ အာပတ္တိ နတ္ထိ။ ဥဒ္ဒိဿကတဉ္စ အဇာနိတွာ ဘုတ္တဿ ပစ္ဆာ ဉတွာအာပတ္တိဒေသနာ ကိစ္စံနာမ နတ္ထိ၊ အကပ္ပိယမံသံ ပန အဇာနိတွာ ဘုတ္တေန ပစ္ဆာ ဉတွာပိ အာပတ္တိ ဒေသေတဗ္ဗာ။ ဥဒ္ဒိဿကတဉ္ဟိ ဉတွာ ဘုဉ္ဇတောဝ အာပတ္တိ၊ အကပ္ပိယမံသံ အဇာနိတွာ ဘုဉ္ဇန္တဿာပိ အာပတ္တိယေဝ။ တသ္မာ အာပတ္တိဘီရုကေန ရူပံ သလ္လက္ခေန္တေနပိ ပုစ္ဆိတွာဝ မံသံ ပဋိဂ္ဂဟေတဗ္ဗံ။ ပရိဘောဂကာလေ ပုစ္ဆိတွာ ပရိဘုဉ္ဇိဿာမီတိ ဝါ ဂဟေတွာ ပုစ္ဆိတွာဝ ပရိဘုဉ္ဇိတဗ္ဗံ။ **(ပါ–သံဃဘေဒက၊ ၅၊ စာ–၁၉၁)**

(ပရိဘောဂကာလေ –လ–ပရိဘုဉ္ဇိတဗ္ဗန္တိ ဝစနတော အကပ္ပိယမံသံ အဇာနိတွာ ဂဏှန္တဿ ပဋိဂ္ဂဟဏေန အနာပတ္တိ သိယာ။ အဇာနိတွာပိ ဘုဉ္ဇန္တဿေဝ ဟိ အာပတ္တိ ဝုတ္တာ ။ **သာ၊ စာ–၃၆၀**) ကသ္မာ ဒုဝိညေယျတ္တာ။ အစ္ဆမံသံ ဟိ သူကရမံသသဒိသံ ဟောတိ။ ဒီပိမံသာဒီနိပိ မိဂမံသာဒိသဒိသာနိ၊

တသ္မာ ပုန္တိတွာ ဂဟဏမေဝ ဝတ္တန္တိ ဝဒန္တိ] **(ပါဠ ဒု ဋ-၁၉၁)** [ဣမိနာ အာပတ္တိ နတ္ထီတိ ဒသေတိ။ **သာ၊ ဋ-၃၆၀**]

ဝိသဘာဂ နေရာ၌ နေသင့်ပါ၏

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ ဝဇ္ဇီတိုင်းသား ဘေဒါနုဝတ္တကရဟန်း (၅၀၀)ခေါ်ဆောင်ရန် ဒေဝဒတ်နောက်သို့သွားရာ သင့်လျော်ရာ တစ်နေရာကိုယူ၍ ရှင်သာရိပုတ္တရာသည် ထိုင်၏ – ''အညတရံ အာသနံ ဂဟေတွာ နိသီဒီ''တိ ဝစနတော ဝိသဘာဂဋ္ဌာနံ ဂတာသ ပေသလဿပိ ဘိက္ခုနော တေသံ အာသနေ နိသီဒိတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ **(ဇီ၊ ဋ-၅၃၃)** ရှင်သာရိပုတ္တရာကား တမန်၏ အင်္ဂါ(၈)ပါးနှင့် ပြည့်စုံ၏။

တမန်အင်္ဂါ – နားထောင်တတ်၏၊ ပြန်ပြောတတ်၏၊ သင်ယူတတ်၏၊ ဆောင်တတ်၏၊ သိတတ်၏၊ သိစေတတ်၏၊ အကျိုးစီးပွားရှိမရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကိုလည်း မပြုတတ်။ ။ ဘေဒါနုဝတ္တကရဟန်းတို့အား ပဋ္ဌင်းပြန်မခံစေ၊ ထုလ္လစဉ်းအာပတ်ကိုသာ ဒေသနာကြားစေ။

ဘေဒကရဝတ္ထု (၁၈) ပါး

(၁) အဓမ္မကို ဓမ္မ (၂) ဓမ္မကို အဓမ္မ – [သုတ္တန်နည်း – အကုသလကမ္မပထ -၁၀- ပါး ကုသလကမ္မပထ -၁၀-ပါး သတိပဋ္ဌာန် -၄-ပါး – လ – ဗောဓိပက္ခိယတရား -၃၇- ပါးသည် ဓမ္မ။ သတိပဋ္ဌာန် -၃-ပါးစသည်ဟု ပြခြင်းသည် အဓမ္မ။ ။ ဝိနည်း–ဘူတဝတ္ထုဖြင့် စောဒနာ၍ အောက်မေ့စေ၍ ဝန်ခံတိုင်းပြုသောကံသည် ဓမ္မ။ အဘူတဝတ္ထုဖြင့် မစောဒနာ မအောက်မေ့စေမူ၍ ဝန်မခံပဲ ပြုသောကံသည် အဓမ္မ။

(၃) အဝိနယကို ဝိနယ (၄) ဝိနယကို အဝိနယ – ဟုပြ၏။ [သုတ္တန်–ရာဂဝိနယ ဒေါသဝိနယ၊ မောဟဝိနယ၊ သံဝရပဟာန ပဋိသင်္ခါ–ဝိနယ။ ရာဂါဒိအဝိနယ အသံဝရ အပ္ပဟာန အပ္ပဋိသင်္ခါ အဝိနယ။ ဝိနည်း သမ္ပတ္တိလေးပါးသည် ဝိနယ၊ ဝိပ္ပတ္တိလေးပါးသည် အဝိနယ။

(၅) မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို ဟောအပ်ပြောအပ်၏။ (၆) ဟောအပ်ပြောအပ်သည်ကို မဟောအပ် မပြောအပ်ဟုပြ၏။ [သုတ္တန်–သတိပဋ္ဌာန် – ၄ – ပါး – လ – မဂ္ဂင် ၈ပါး ဘာသိတ လပိတ။ သတိပဋ္ဌာန် – ၃–ပါး – လ – မဂ္ဂင် ၉ ပါး အဘာသိတ အလပိတ။ ဝိနည်း ပါရာဇိကလေးပါး – လ – နိဿဂ္ဂိ – ၃၀ – သည် ဘာသိတ လပိတ။ ပါရာဇိက – ၃– ပါး – လ– နိဿဂ္ဂိ ၃၁ပါး အဘာသိတ အလပိတ။]

(၇) မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို လေ့ကျက်အပ်၏။ (၈) လေ့ကျက်အပ်သည်ကို မလေ့ကျက်အပ်ဟုပြ၏။ [သုတ္တန်– နေ့စဉ်ဖလသမာပတ် မဟာကရုဏာသမာပတ်ဝင်စားခြင်း ဗုဒ္ဓစက္ခုဖြင့် လောကကိုကြည့်ခြင်း အဋ္ဌုပ္ပတ္တိအလျောက် သုတ္တန်ဒေသနာ ဇာတကကထာ–အာစိဏ္ဏ–အနာစိဏ္ဏ။ ဝိနည်းပင့်ဖိတ်ရာ ဝါဆို၍ ပန်ကြား၍ ဒေသစာရီလှည့်ခြင်း ပဝါရဏာ ပြု၍လှည့်ခြင်း–အာဂန္တုကတို့နှင့် ပဋိသန္ထာရပြုခြင်း– အာစိဏ္ဏ၊ မပြုခြင်းအနာစိဏ္ဏ။

(၉) မြတ်စွာဘုရား မပညတ်အပ်သည်ကို ပညတ်အပ်၏၊ (၁၀) ပညတ်အပ်သည်ကို မပညတ် အပ်ဟုပြ၏။ [သုတ္တန်-သတိပဋ္ဌာန် . . . ပညတ္တ၊ အပညတ္တ။ ဝိနည်း - ပါရာဇိကလေးပါး - ။ -] (၁၁) အာပတ်မဟုတ်သည်ကို အာပတ်ဟု (၁၂) အာပတ်ကို အာပတ်မဟုတ်ဟုပြ၏။ [အနာပတ္တိဝါရ အာပတ္တိဝါရ] (၁၃) လဟုကအာပတ်ကို ဂရုကအာပတ် (၁၄) ဂရုကအာပတ်ကို လဟုကအာပတ်ဟုပြ၏။

(၁၅) ခြွင်းချက်ရှိသော အာပတ်ကို [၆-ပုံ]ကို ခြွင်းချက်မရှိဟု (၁၆) ခြွင်းချက်မရှိသော အာပတ် ကို ခြွင်းချက်ရှိ၏ဟု (ပါရာဇိက) ။ ပြ၏ ။ (၁၇) ရုန့်ရင်းသော အာပတ်ကို (ပါ-သံဃာ) မရုန့်ရင်းသော အာပတ်ဟု (၅-ပုံ) (၁၈) မရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြကုန်၏။ **(ဌ၊ စာ-၁၁၃၊ ၁၁၄၊ ၁၁၅)**

ထိုရဟန်းတို့သည် ဤဝတ္ထု (၁၈)မျိုးတို့ဖြင့် ဆွဲငင်ကုန်၏။ အယုတ်အားဖြင့် ဆွဲငင်ကုန်၏၊ အသီး အခြား ဥပုသ်ပြုကုန်၏။ အသီးအခြား ပဝါရဏာပြုကုန်၏၊ အသီးအခြား သံဃာကံပြုကုန်၏။ ဥပါလိ ဤမျှသော အခြင်းအရာဖြင့် သံဃာသည် ကွဲပြား၏။ [အသင်းအပင်းရ၍ သံဃာကံ သီးခြားပြုသည်ဟူ] ။ [ဝေံ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ယံကိဉ္စိ ဧကမ္ပိ ဝတ္ထုံ ဒီပေတွာ တေန တေန ကာရဏေန- ''ဣမံ ဂဏှထ၊ ဣမံ ရောစေထာ''တိ သညာပေတွာ သလာကံ ဂါဟာပေတွာ ဝိသုံ သံဃကမ္မေ ကတေ သံဃော ဘိန္နော ဟောတိ။ **(ဌ၊ စာ-၁၁၅)**]

ဧတ္ထ စ သီမဋ္ဌကသံဃေ အသန္နိပတိတေ ဝိသုံ ပရိသံ ဂဟေတွာ ကတဝေါဟာရာနုဿဝန သလာကဂ္ဂါဟဿ ကမ္မံ ဝါ ကရောန္တဿ ဥဒ္ဒေသံ ဝါ ဥဒ္ဒိသန္တဿ ဘေဒေါ စ ဟောတိ၊ အာနန္တရိယကမ္မဉ္စ၊ သမဂ္ဂသညာယ ပန ''ဝဋ္ဋတီ''တိ သညာယ ဝါ ကရောန္တဿ ဘေဒေါဝ ဟောတိ။ န အာနန္တရိယကမ္မံ။ တတော ဦနပရိသာယ ကရောန္တဿ နေဝ သံဃဘေဒေါ၊ န အာနန္တရိယံ၊ သဗ္ဗန္တိမေန ဟိ ပရိစ္ဆေဒေန နဝန္နံ ဇနာနံ ယော သံဃံ ဘိန္ဒတိ၊ တဿ အာနန္တရိယကမ္မံ ဟောတိ၊ အနုဝတ္တကာနံ အဓမ္မဝါဒီနံ မဟာသာဝဇ္ဇံ ကမ္မံ၊ ဓမ္မဝါဒိနော အနဝဇ္ဇာ။ **(သာ၊ စာ-၄၂၂)**

တသ္မာ အဓမ္မံ ဓမ္မောတိ အာဒိဒီပနေ ဝါ သံဃဘေဒေ ဝါ ဥဘောသုပိ ဝါ အဓမ္မဒိဋ္ဌိ ဝါ ဝေမတိကော ဝါ ဟုတွာ တံ ဒိဋ္ဌိံ ဝိမတိဉ္စ ဝိနိဓာယ ဓမ္မောတိ ပကာသေတွာ ဝုတ္တနယေန သံဃဘေဒံ ကရောန္တဿေဝ အာနန္တရိယံ ဟောတီတိ ဝေဒိတဗ္ဗံ။ **[တိ စာ - ၂၅၇]**

ဘေဒကရဝတ္ထု တစ်ခုခုကိုပြ၍ စာရေးတံ ယူစေကာမျှဖြင့် သံဃဘေဒမဖြစ်၊ ထိုသို့ပြ၍ တစ်သိမ် တည်း၌ သံဃကံကို အသီးပြုမှသာ သံဃဘေဒဖြစ်၏ဟု သိအပ်၏။ ဥပုသ်ပဝါရဏာတို့၌ ဥတ်ပြီးသဖြင့် အပလောကနစသောကံ၌ ပန်ခြင်းစသော အမှုပြီးသဖြင့် သံဃဘေဒဖြစ်၏ဟု မှတ်အပ်၏။ ဓမ္မစသည် ကို အဓမ္မစသည်မှတ်၍ အဓမ္မစသည်ကိုလည်း ဓမ္မစသည်မှတ်၍ ပြအံ့၊ သံဃဘေဒမဖြစ်၊ စင်စစ်ကား ဓမ္မအဓမ္မ၏ အဖြစ်ကို သိလျက် ယုတ်မာသောအလိုရမ္မက်ကို အမှီပြု၍ ပြုမှသာ သံဃဘေဒဖြစ်၏။ **[သာရ၊ စာ- ၄၄၅]**

ပဉ္စဟုပါလိ အာကာရေဟိ သံဃောဘိဇ္ဇတိ

(၁) ကံဖြင့် ကွဲ၏။ [သံဃ ကံ -၄-မျိုး] (၂) ပါတိမောက်ပြခြင်းဖြင့် ကွဲ၏။ (၃) ဘေဒကရ ဝတ္ထုကို ပြောကြားသည်ဖြစ်၍ ကွဲ၏။ (၄) ထပ်ကာထပ်ကာ ကြားသဖြင့် ကွဲ၏။

[''နနု တုမှေ ဇာနာထ မယှံ ဥစ္စာကုလာ ပဗ္ဗဇိတဘာဝံ ဗဟုဿုတဘာဝဉ္စ၊ မာဒိသော နာမ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သတ္ထု သာသနံ ဂါဟေယျာတိ စိတ္တမ္ပိ ဥပ္ပာဒေတုံ တုမှာကံ ယုတ္တံ၊ ကိံ မယှံ အဝိဇိ နိလုပ္ပလဝနမိဝ သီတလော၊ ကိမဟံ အပါယတော န ဘာယာမီ''တိအာဒိနာ နယေန ကဏ္ဍမှုလေ ဝစီဘေဒံ ကတွာ အနုသာ ဝနေန (ပရိဝါ–ဋ္ဌ–စာ၊ ၂၂၂)] (၅) စာရေးတံမဲလှူ ယူစေသဖြင့် ကွဲ၏။ [ဇဝံ အနုဿာဝေတွာ တေသံ စိတ္တံ ဥပတ္ထမ္ဘေတွာ အနိဝတ္တိဓမ္မေ ကတွာ ''ဂဏှထ ဣမံ သလာက''န္တိ သလာကဂ္ဂါဟေန] (ပရိဝါ–ဋ္ဌ၊ စာ–၂၂၂)

ကဏ္ဍမှုလေ ဝစီဘေဒံ ကတွာတိ ဧတေန ပါကဋ္ဌံ ကတွာ ဘေဒကရဝတ္ထုဒီပနံ ဝေါဟရဏံ။ တတ္ထ အတ္တနာ ဝိနိစ္ဆိတမတ္တံ ရဟာဿဝသေန ဝိညာပနံ အနုဿာဝနန္တိ ဒဿေတိ။ (သာ၊ စာ–၄၈၉)

ဒွိဟိ သံဃော ဘိဇ္ဇတီတိ ကမ္မေန စ သလာကဂ္ဂါဟေန စ (ပရိဝါ–ဋ္ဌ၊ စာ–၂၂၈)

[တတ္ထ စ ကမ္မမေဝ ဥဒ္ဒေသော ဝါ ပမာဏံ၊ ဝေါဟာရာနုဿာဝနသလာကဂ္ဂါဟာ ပန ပုဗ္ဗဘာဂါ။ အဋ္ဌာရသဝတ္ထုဒီပနဝသေန ဟိ ဝေါဟရန္တေ တတ္ထ ရုစိဇနနတ္ထံ အနုဿာဝေတွာ သလာကာယ ဂါဟိတာယပိ အဘိန္နောဝ ဟောတိ သံဃော။ ယထာ ပန ဇဝံ စတ္တာရော ဝါ အတိရေကော ဝါ သလာကံ ဂါဟေတွာ အာဝေဏိကံ ကမ္မံ ဝါ ဥဒ္ဒေသံ ဝါ ကရောတိ၊ တဒါ သံဃော ဘိန္နော နာမ ဟောတိ။] [ပရိဝါ – ဋ္ဌ၊ စာ–၂၂၂၊ ၂၂၃]

ဝိနိစ္ဆယ ဒီဋ္ဌိ

ဝိနိစ္ဆယ ဒိဋ္ဌိ ကမ္မေနာတိ တေသု အဓမ္မာဒီသု အဓမ္မာဒယော ဧတေတိ ဇဝံ ဒိဋ္ဌိကောဝ ဟုတွာ တံ ဒိဋ္ဌိ ဝိနိစ္ဆယ တေ ဓမ္မာဒိဝသေန ဒီပေတွာ ဝိသုံ ကမ္မံ ကရောတိ။ ဣတိ ယံ ဝိနိစ္ဆယ ဒိဋ္ဌိ ကမ္မံ ကရောတိ၊ တေန ဇဝံ ကတေန ဝိနိစ္ဆယ ဒိဋ္ဌိ ကမ္မေန သဒ္ဓိံ ပဥ္စဂါနိ ဟောန္တိ (ဋ္ဌ၊ စာ–၂၂၃)

[ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မ၊ ဝိနယကို အဝိနယ၊ အဝိနယကို ဝိနယပေါင်း – ၅ ဟူ] ဧတ္ထာပိ စ ဝေါဟာရာဒိအင်္ဂတ္တယံ ပုဗ္ဗဘာဂဝသေနေဝ ဝုတ္တံ၊ ကမ္မုဒ္ဒေသဝသေန ပန အဝေကိစ္ဆတာ ဝေဒိတဗ္ဗာ။ [ပရိဝါ – ဋ္ဌ၊ စာ–၂၂၃]

ကုစားကောင်းသူ

(၁) ဓမ္မကို အဓမ္မ (၂) အဓမ္မကို ဓမ္မ (၃) အဝိနယကို ဝိနယ (၄) ဝိနယကို အဝိနယ ဟုပြ၍ (၁)အယူကို မဆောက်တည်မူ၍ ကံပြု၏၊ (၂) အယူကို မဆောက်တည်မူ၍ ဆို၏။ (၃) အယူကို မဆောက်တည်မူ၍ ထပ်ကာထပ်ကာကြား၏။ (၄) အယူကို မဆောက်တည်မူ၍ စာရေးတံမဲ ယူစေ၏။ (နှစ်သက်ခြင်း အားရှိသောနှစ်သက်ခြင်း၊ အမှတ်ကို မဆောက်တည်မူ၍–နည်းတူ) ဤပုဂ္ဂိုလ်ကား အပါယ်၌ မဖြစ်လတံ့ (ပရိဝါ၊ စာ–၃၅၄)

၉ – ဝတ္တက္ခန္ဓက

အာဂန္တုကဝတ် (၁) (၇၂)

(နောက်နံပါတ်သည် ဝတ်အရေအတွက်ကိုပြသောနံပါတ်ဖြစ်ပါသည်။)

(၁) အာဂန္တုကရဟန်းသည် ယခုအရံတွင်းသို့ဝင်အံ့ဟု ဖိနပ်ကိုချွတ်၍ နှိမ့်လျက်ခါပြီးလျှင်ယူ၍လည်းကောင်း၊ ထီးကိုပိတ်၍လည်းကောင်း၊ ဦးခေါင်းခြုံကိုဖွင့်၍လည်းကောင်း၊ သင်္ကန်းကိုပခုံး၌တင်၍လည်းကောင်း မနှေးမလျင် အရံတွင်းသို့ ကောင်းစွာဝင်ရမည်။

[ဣဒါနိ အာရာမံ ပဝိသိဿာမီတိ ဣမိနာ ဥပစာရသီမသမီပံ ဒဿေတိ၊ တသ္မာ ဥပစာရသီမံ ပတွာ ဥပါဟနာဩမုဥ္စနာဒိ သဗ္ဗံ ကာတဗ္ဗံ။ **(ဋ၊ စာ–၁၁၇)**

အာဂန္တုက – ကေသုဉ္စိ ဂါမေ အညဝိဟာရတော အာဂတောပိ အာဂန္တုကောဝ၊ တတ္ထ ကေစိ ဝဲ ဝဒန္တိ "အာဝါသိကော ကတ္ထစိ ဂန္တွာ သစေ အာဂတော၊ "တေနာပိ အာဂန္တုကဘတ္တံ ဘုဥ္ဇိတဗ္ဗ"န္တိ ဝုတ္တတ္တာ ဒူရာဂမနံ ဝုတ္တံ ဟောတိ၊ န ဂါမေ။ တသ္မာ န ယုတ္တန္တိ။ တေ ဝတ္တဗ္ဗာ – အာဂန္တုကဘတ္တံ နာမ ဂဟဋ္ဌေဟိ ဌပိတံ။ ယသ္မိံ နိဗဒ္ဓံ၊ တတော အညဂါမတောတိ အာပန္နံ။ တထာ ဝိဟာရာဓိကာရတ္တာ အညဝိဟာရတော အာဂတောပိ အာဂန္တုကောဝါ"တိ အာစရိယာနံ သန္နိဋ္ဌာနံ **(ဝိ၊ စာ–၅၃၅**

[ဂဟေတွာတိ ဥပါဟနဒဏ္ဍကေန ဂဟေတွာ၊ ဥပါဟနာပုဥ္ဆနစောဠကံ ပုစ္ဆိတွာ ဥပါဟနာ ပုဥ္ဆိတဗ္ဗာတိ ကတရသ္မိံ ဌာနေ ဥပါဟနာပုဥ္ဆနစောဠကန္တိ အာဝါသိကာ ဘိက္ခူ ပုစ္ဆိတဗ္ဗာ။] **(ဋ၊ စာ–၁၁၇)**

(၂) အရံတွင်းသို့ဝင်သောရဟန်းသည် ကျောင်းနေရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု ကောင်းစွာမှတ်သားရမည်။ (၃) ကျောင်းနေရဟန်းတို့သည် စည်းဝေးရာအရပ်၌ဖြစ်စေ၊ မဏ္ဍပ်၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ နေကုန်အံ့။ ထိုအရပ်သို့သွား၍ သင့်လျော်ရာ၌ သပိတ်ကို ထားရမည်။ (၄) သင့်လျော်ရာ၌ သင်္ကန်းကို ထားရမည်။ (၅) လျောက်ပတ်သောနေရာကိုယူ၍ ထိုင်ရမည်။ (၆) အဘယ်သည် သောက်ရေနည်း။ အဘယ်သည် သုံးရေနည်းဟု သောက်ရေသုံးရေကို မေးရမည်။

[ပါနီယံ ပုစ္ဆိတဗ္ဗန္တိ "ကိံ ဣမိဿာ ပေါက္ခရဏိယာ ပါနီယံယေဝ ပိဝန္တိ၊ နဟာနာဒိပရိဘောဂမ္ပိ ကရောန္တီ"တိ ဧဝံ ပါနီယဋ္ဌေဝ ပရိဘောဇနီယဥ္စ ပုစ္ဆိတဗ္ဗံ။ **(ဋ၊ စာ–၁၁၇)**] ပါနီယံ ပုစ္ဆိတဗ္ဗံ ပရိဘောဇနီယံ ပုစ္ဆိတဗ္ဗန္တိ ဥဒ္ဒရိတွာ ဃဋ္ဋသရာဝါဒိဂတံ သန္ဓာယ ပဌမံ၊ ဒုတိယံကူပတဠာကာဒိဂတန္တိ အာစရိယော။ **(ဝိ၊ စာ–၅၃၅)**

(၇) သောက်ရေကို အလိုရှိမူ သောက်ရေကို ယူ၍သောက်ရမည်။ (၈) သုံးရေကို အလိုရှိမူ သုံးရေကို ယူ၍ ခြေဆေးရမည်။ (၉) ခြေဆေးသောရဟန်းသည် လက်တစ်ဖက်ဖြင့် ရေလောင်းရမည်။

(၁၀) လက်တစ်ဖက်ဖြင့် ခြေဆေးရမည်။

(၁၁) ထိုလက်ဖြင့်ပင် ရေကို မလောင်းအပ်။

(၁၂) ထိုလက်ဖြင့်ပင် ခြေကိုမဆေးအပ်။

(၁၃) ဖိနပ်သုတ်အဝတ်ကြမ်းကိုမေး၍ ဖိနပ်တို့ကိုသုတ်ရမည်။ (၁၄) ဖိနပ်တို့ကိုသုတ်သော ရဟန်းသည် ရှေးဦးစွာ ခြောက်သောအဝတ်ကြမ်းဖြင့် သုတ်ရမည်။ (၁၅) နောက်မှ စိုသောအဝတ်ကြမ်းဖြင့် သုတ်ရမည်။ (၁၆) ဖိနပ်သုတ်အဝတ်ကြမ်းကိုလျှော်၍ သင့်ရာ၌ဖြန့်ထားရမည်။ (၁၇) ကျောင်းနေရဟန်းက သီတင်းကြီးဖြစ်မူ ရှိခိုးရမည်။ (၁၈) သီတင်းငယ်ဖြစ်မူ ရှိခိုးခံရမည်။ (၁၉) တပည့်တော်အတွက် အဘယ်ကျောင်း၊ အိပ်ရာနေရာသည်ရောက်ပါသနည်းဟု ကျောင်းအိပ်ရာနေရာကို မေးရမည်။ (၂၀) နေဖူးသည်ကိုလည်းကောင်း၊ မနေဖူးသည်ကိုလည်းကောင်း မေးရမည်။ (၂၁) ဆွမ်းခံရွာကိုမေးရမည်။ (၂၂) ဆွမ်းခံရွာ မဟုတ်သည်ကိုမေးရမည်။ [၂၁–ရွာဝေးသည်နီးသည်၊ စောစောထသွားရသည်၊ နေမြင့်မှသွားရသည်ကို မေးရမည်။ ၂၂– အဂေါစရော နာမ မိစ္ဆာဒိဋ္ဌိကာနံ ဝါ ဂါမော ပရိစ္ဆိန္နဘိက္ခော ဝါ ဂါမော၊ ယတ္ထ ဧကဿ ဝါ ဒွိန္နံ ဝါ ဘိက္ခာ ဒီယျတိ၊ သောပိ ပုစ္ဆိတဗ္ဗော။] **(မြ၊ ၈–၁၁၇)**

(၂၃) သေက္ခဟုသမုတ်အပ်ကုန်သော ဒါယကာတို့ကို မေးရမည်။ (၂၄) ကျင်ကြီးစွန့်ရာဌာနကို မေးရမည်။ (၂၅) ကျင်ငယ်စွန့်ရာဌာနကို မေးရမည်။ (၂၆) သောက်ရေကို မေးရမည်။ (၂၇) သုံးရေကို မေးရမည်။ [၆ – ကား အိုးစရည်း၌ ရှိသည်ကိုမေးသည်။ ၂၆–၂၇ ကား ရေတွင်း၊ ရေကန်စသည်၌ ရှိသည်ကို မေးသည်ဟူ၏။ အထက်ပါ–၄ ဖွင့်သည့် ဤနေရာ၏ အဖွင့်ဖြစ်၏။]

(၂၈) တောင်ဝှေးကို မေးရမည်။ (၂၉) ဘယ်အချိန်၌ဝင်ရမည်၊ ဘယ်အချိန်ထွက်ရမည်ဟု သံဃာ၏ကတိကဝတ်ကို မေးရမည်။ [ကေသုစိ ဌာနေသု ဝါဠမိဂါ ဝါ အမနုဿာ ဝါ ဟောန္တိ၊ တသ္မာ – ပုစ္ဆိတဗ္ဗံ။] **(မြ၊ ၈–၁၁၇)** (၃၀) မနေဖူးသေးသောကျောင်းဖြစ်မူ တံခါးရွက်ကိုခေါက်ပြီးလျှင် တစ်မုဟုတ်မျှ ဆိုင်းငံ့ကာ မင်းတုပ်ကြီးကိုဖြုတ်လျက် တံခါးရွက်ကိုတွန်း၍ အပြင်၌ရပ်လျက်ကြည့်ရမည်။ (၃၁) ကျောင်းသည် အမှိုက်ရှိသော် လည်းကောင်း၊ ညောင်စောင်း၌ ညောင်စောင်းကိုတင်ထားသော်လည်းကောင်း၊ အင်းပျဉ်၌ အင်းပျဉ်ကို တင်ထားသော်လည်းကောင်း၊ ကျောင်းသည် အထက်၌အမှိုက်အစု ပြွမ်းသော်လည်းကောင်း စွမ်းနိုင်မူ သုတ်သင်မည်။ [စွမ်းနိုင်မူ တစ်ကျောင်းလုံး၊ မစွမ်းနိုင်မူ မိမိနေရာကိုသာဟူ။]

(၃၂) ကျောင်းကို သုတ်သင်သောရဟန်းသည် ရှေးဦးစွာ မြေအခင်းကိုထုတ်၍ သင့်ရာအရပ်၌ ထားရမည်။ (၃၃) ညောင်စောင်းအခြေခံတို့ကိုထုတ်၍ သင့်ရာ၌ထားရမည်။ (၃၄) ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၃၅) နိသီဒိုင်အိပ်ရာအခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ထားရမည်။ (၃၆) ညောင်စောင်းကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက်တံခါးပေါင်တို့ကို မထိခိုက်စေဘဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၃၇) အင်းပျဉ်ကို–လ–ထားရမည်။ (၃၈) ထွေးခံကို (၃၉) မှီရာတံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။

(၄၀) မြေအခင်းကို ခင်းမြဲတိုင်းနေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ (၄၁) အကယ်၍ကျောင်း၌ ပိုးအိမ်ပင့်ကူမျှင်ရှိအံ့ ဗိတာန်မျက်နှာကြက်မှစ၍ ဖယ်ရှားအပ်၏။ (၄၂) လေသွန်တံခါးတိုက်လေးထောင့်တို့ကို ပွတ်တိုက်ရမည်။ (ဤမှစ၍ စာမျက်နှာ–၃၄ ဥပဇ္ဈာယဝတ်–နံပါတ် (၇၅ မှ ၁၀၅) တိုင် (၃၀) သောဝတ်တို့တည်း။ သို့အတွက် ဤ၌ဝတ် ၄၂+၃၀ = ၇၂ ပါးတည်း။

အာဝါသိကဝတ် (၂၀ + ၁၅)

(၁) အာဝါသိကရဟန်းသည် အာဂန္တုကသီတင်းကြီးရဟန်းကိုမြင်သော် နေရာခင်းရမည်။ [ဤဝတ် အလုံးစုံ၌ သီတင်းကြီးလာမူ စီဝရကမ္မ နဝကမ္မတို့ကိုထား၍ ပြုရမည်။ စေတီကိုတံမြက်လှည်းနေသော် လည်း ထား၍ ပြုရမည်။ သီတင်းကြီးက စေတီကိုတံမြက်သာဆက်လှည်းရန်ခွင့်ပြုမူ လှည်းအပ်၏။ ဂိလာန အား လုပ်ကျွေးဆေးပေးနေမူ သိပ်မနာကျင်မူဆေးကိုထား၍ ဝတ်ပြုရမည်။ မဟာဂိလာနဖြစ်မူ ဆေးသာ ပေးလော၊ ခွင့်ပြုမူကား အပ်၏။]

(၂) ခြေဆေးရေကို ခြေဆေးအင်းပျဉ်ကို ခြေပွတ်အိုးခြမ်းကို အနီး၌ထားရမည်။ [ခြေကိုလည်းဆေး ပေးအပ်သည်သာ၊ ဆေးပြီး မိမိဆီရှိမူမိမိဆီဖြင့်၊ မရှိမူ ထိုသီတင်းကြီးဆီဖြင့် လိမ်းကျံပေးရမည်။] (၃) ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူရမည်။ (၄) သောက်ရေဖြင့် မေးရမည်။ [တစ်ကြိမ်ဆောင်သည်ကို အကုန်သောက်မူ နောက်တစ်ကြိမ် ထပ်မေးရမည်။]။ (၅) စွမ်းနိုင်မူ ဖိနပ်ကိုသုတ်ရမည်။ [ဥပါဟနာပုဉ္ဆနံ ပန အတ္တနော ရုစိဝသေန ကာတဗ္ဗံ၊ တေနေဝ ဟေတ္ထ သစေ ဥဿဟတီတိ ဝုတ္တံ။ တသ္မာ ဥပါဟနာ အပုဉ္ဆန္တဿာပိ အနာပတ္တိ။] **(ဌ၊ စာ-၁၁၈)**

(၆) ဖိနပ်ကိုသုတ်သောရဟန်းသည် ရှေးဦးစွာခြောက်သောအဝတ်ဖြင့် သုတ်ရမည်။ (၇) နောက်မှ စိုသောအဝတ်ကြမ်းဖြင့် သုတ်ရမည်။ (၈) ဖိနပ်သုတ်အဝတ်ကြမ်းကို လျှော်ပြီးလျှင် သင့်ရာ၌ ဖြန့်ထားရမည်။ (၉) အာဂန္တုကသီတင်းကြီးရဟန်းကို ရှိခိုးရမည်။ [စင်စစ်ကား – ယပ်လေဖြင့်လည်းလုပ်ကျွေးအပ်ပါ၏။ ခြေ၊ လက်၊ ခေါင်းပိုင်း သုံးကြိမ်လုပ်ကျွေးရမည်။ တော်ပြီဟုပြောမူ နည်းနည်းလျော့၍ တစ်ဖန်ပြောပြန်မူ နည်းနည်းလျော့ပြန်၍ တတိယအကြိမ်တော်ပြီဟုပြောမူ ယပ်ကိုချထားအပ်၏။ ထို့နောက် ခြေဆေးကိုလည်း ဆေးပေးအပ်သည်သာ–လ ဆီဖြင့် လိမ်းကျံပေးရမည်။]

(၁၀) ထိုကျောင်းသည် အရှင်အတွက်ရောက်၏ဟု ကျောင်းအိပ်ရာနေရာကို ခင်းရမည်။ [ခင်းရမည်၊ မေးလျှင်ပြောကြားရမည်ဟူလို]။ (၁၁) နေဖူးသည်ကိုလည်းကောင်း၊ မနေဖူးသည်ကိုလည်းကောင်း ပြော ရမည်။ (၁၂) ဆွမ်းခံရွာကို (၁၃) ဆွမ်းခံရွာမဟုတ်သည်ကို (၁၄) သေက္ခဟုသမုတ်အပ်ကုန်သော ဒါယကာ တို့ကို (၁၅) ကျင်ကြီးစွန့်ရာအရပ်ကို (၁၆) ကျင်ငယ်စွန့်ရာအရပ်ကို (၁၇) သောက်ရေကို (၁၈) သုံးဆောင်ရေကို (၁၉) တောင်ဝှေးကို (၂၀) ဤအချိန်၌ဝင်ရမည်၊ ဤအချိန်၌ထွက်ရမည်ဟု သံဃာ၏ကတိကဝတ်ကို ပြောရ မည်။

သီတင်းငယ်ဖြစ်မူ (၁) ဤနေရာ၌ သပိတ်ကိုထားလော၊ ဤနေရာ၌ သင်္ကန်းကိုထားလော၊ ဤကား နေရာတည်း ထိုင်လော–ဟု ထိုင်လျက်ပင်ပြောကြားရမည်။ (၂) သောက်ရေကို (၃) သုံးရေကို [တော် ပါနီယံ ဂဟေတွာ ပိဝါဟီတိ အာစိက္ခိတဗ္ဗံ၊ ပရိဘောဇနီယေပိ ဧသေဝနယော။] **(ဌ၊ စာ-၁၁၈)** (၄) ဖိနပ်သုတ်အဝတ်ကြမ်းကို– ပြောကြားရမည်။ (၅) အာဂန္တုကရဟန်းကို ရှိခိုးစေရမည်။ (၆) ဤကျောင်းသည် သင့်အတွက်ရောက်၏ဟု ကျောင်းအိပ်ရာနေရာကို ပြောကြားရမည်။ (၁၁မှ ၂၀ ထိ ၉၃ တူ၏။ ၆+၉=၁၅ ပါး) သတိ [မဟာအာဝါသေပိ အတ္တနော သန္တိကံ သမ္ပတ္တဿ အာဂန္တုကဿ ဝတ္တံ အကာတုံ န လဗ္ဘတိ]

(၃) ဂမိကဝတ် (၉)

(၁) ခရီးသွားရဟန်းသည် သစ်ဘဏ္ဍာမြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ တံခါးမ လေသာပြတင်းကို ပိတ်လျက် ကျောင်းအိပ်ရာနေရာကိုပန်ကြား၍ ဖဲသွားရမည်။ [တံ သင်္ဂ (သစ်ဘဏ္ဍာ မြေဘဏ္ဍာ) အဂ္ဂိသာလာယ ဝါ အညတရသ္မိံ ဝါ ဂုတ္တဋ္ဌာနေ ပဋိသာမေတွာ ဂန္တဗ္ဗံ၊ အနောဝဿကေ ပဗ္ဘာရေပိ ဌပေတုံ ဝဋ္ဋတိ။ သေနာသနံ အာပုစ္ဆိတဗ္ဗန္တိ ဧတ္ထ ယံ ပါသာဏပိဋ္ဌိယံ ဝါ ပါသာဏတ္ထမ္ဘေသု ဝါ ကတသေနာသနံ၊ ယတ္ထ ဥပစိကာ နာရောဟန္တိ၊ တံ အနာပုစ္ဆန္တဿာပိ အနာပတ္တိ။] **(ဌ၊ စာ−၁၁၈)**

(၂) ရဟန်းမရှိမူ သာမဏေကို (၃) မရှိမူ အရံစောင့်ကို (၄) မရှိမူ ဥပါသကာကို ပန်ကြားရမည်။ (၅) ရဟန်း သာမဏေ အရံစောင့် ဥပါသကာ တစ်စုံတစ်ယောက်မျှ မရှိမူ−ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်းကိုခင်း၍ ညောင်စောင်းတစ်ခု၌ ညောင်စောင်းတစ်ခုကိုတင်၍ အင်းပျဉ်တစ်ခု၌ အင်းပျဉ်တစ်ခုကို တင်၍ အိပ်ရာနေရာကို အပေါ်၌ပုံ၍ သစ်ဘဏ္ဍာမြေဘဏ္ဍာတို့ကိုသိမ်းဆည်း၍ တံခါးမ လေသာပြတင်းကို ပိတ်၍ဖဲသွားရမည်။ [စတူသု ပါသာဏကေသူတိအာဒိ ဥပစိကာနံ ဥပ္ပတ္တိဋ္ဌာနေ ပဏ္ဏသာလာဒိသေနာသနေ ကတ္တဗ္ဗကာရဒဿနတ္ထံ ဝုတ္တံ။] **(ဌ၊ စာ−၁၁၈)**

(၆) ကျောင်းကို မိုးစွတ်သော် စွမ်းနိုင်မူ မိုးရမည်။ (၇) ဘယ်သို့မိုးရမည်နည်းဟုကြောင့်ကြသော်လည်း စိုက်ရမည်။ (၈) ဤနည်းဖြင့် အမိုးရလျှင်ကောင်း၏၊ မရမူ မိုးမစိုသောနေရာ၌ ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်း−လ−ပိတ်လျက် ဖဲသွားရမည်။

(၇) ကျောင်းအလုံးစုံကို မိုးစွတ်သော် စွမ်းနိုင်မူ အိပ်ရာနေရာကို ရွာသို့ဆောင်ရမည်။ (၈) ဆောင်ရန်ကြောင့်ကြသော်လည်း ပြုရမည်။ (၉) ရမူကောင်း၏၊ မရမူ−လွင်တီးခေါင်၌ ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်းကိုခင်း၍ ညောင်စောင်းတစ်ခု၌ ညောင်စောင်းတစ်ခုကိုတင်၍၊ အင်းပျဉ်တစ်ခု၌ အင်းပျဉ်တစ်ခုကို တင်၍ အိပ်ရာနေရာကို အပေါ်၌ပုံ၍ သစ်ဘဏ္ဍာမြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ အပေါင်စသော အစိတ်အပိုင်းတို့လည်း ကြွင်းတန်ကုန်ရာ၏ဟု နှလုံးသွင်း၍ မြက်ဖြင့်သော်လည်းကောင်း၊ သစ်ရွက်ဖြင့်သော်လည်းကောင်း ဖုံးအုပ်၍ သွားရမည်။

(၄) အနုမောဒနာဝတ် (၄)
နောက်နံပါတ်သည် (ဝတ်အရေအတွက်ကို ပြသည်)

(၁) ဆွမ်းစားဇရပ်၌ အနုမောဒနာပြုခြင်းငှာ၊ (၂) မထေရ်ကြီးရဟန်းကို အနုမောဒနာပြုခြင်းငှာ (၃) အနုမောဒနာပြုရဟန်းနှင့်အတူ ဆွမ်းစားဇရပ်၌ မထေရ်ကြီး မထေရ်ငယ်ရဟန်းလေးပါး ငါးပါးတို့ ဆိုင်းငံ့စိမ့်သောငှာ၊ (၄) ပြုဖွယ်ကိစ္စရှိသော် ဆိုင်းငံ့နေရသောရဟန်းသည် အနီး၌ရှိသော ရဟန်းကိုပန်ကြား၍ သွားရန်ခွင့်ပြု၏။

[အနုမောဒနာပြုရန် သံဃာ့ထေရ်နေခဲ့သော် ထေရ်စဉ်အောက်လေးပါး - အနုထေရ်နေခဲ့သော် မဟာထေရ်နှင့်အောက်(၃)ပါး - ပဥ္စမထေရ်နေခဲ့သော် အထက် (၄)ပါး - သံဃာထေရ်က သီတင်းငယ်အား အနုမောဒနာပြုရန် တိုက်တွန်းသော် သံဃာထေရ်မှစ၍ လေးပါးနေခဲ့ရမည်။ အနုမောဒကရဟန်းက - ဂစ္ဆထ ဘန္တေ၊ အာဂမေတဗ္ဗကိစ္စံ နတ္ထိ - ဟုဆိုမူ သွားအပ်၏။ မဟာထေရ်က သွားကြစို့ဟုဆိုသော် ကြွကြပါဟုဆိုမူလည်း အပ်သည်ပင်။ ရွာပကစောင့်မည်ဟု နှလုံးသွင်း၍လည်း ရွာပသို့သွား၍ တပည့်တို့ကို သင်တို့သာစောင့်ရစ်လေလောဟုဆို၍လည်း သွားအပ်သည်သာ။]

လက္ခဏာ - [သစေ ပန မနုဿာ အတ္တနော ရုစိကေန ဧကေန အနုမောဒနံ ကာရေန္တိ၊ နေဝ တဿ အနုမောဒတော အာပတ္တိ၊ န မဟာထေရဿ ဘာရော ဟောတိ၊ (အနုမောဒကံ အာဂမေတုံ န ဘာရော-**တိ၊ စာ-၂၅၈**) ဥပနိသိန္နကထာယမေဝ (အနီး၌နေလျက် ဟောပေသောရဟန်းသာလျှင်) ဟိ မနုဿေသု ကထာပေန္တေသု မဟာထေရော အာပုစ္ဆိတဗ္ဗော။ မဟာထေရေန စ အနုမောဒနာယ အဇ္ဈိဋ္ဌော ဝ အာဂမေတဗ္ဗောတိ က္ခုဒမေတ္ထ လက္ခဏံ။] (**ဋ္ဌ၊ စာ-၁၁၉**)

ဥပနိသိန္နကထာ နာမ ဗဟူသု သန္နိပတိတေသု ပရိကထာကထနံ။ [**သာ၊ စာ-၄၂၃**] ဘတ္တဂ္ဂေ အနုမောဒတောတိ ဧတ္ထ ဒါနပတိနာ ယာစိတေန ဒဟရေန ဝုဍ္ဎေ အနာပုစ္ဆိတွာ ဂဟေတုံ ဝဋ္ဋတိ။ (**သာရ၊ စာ-၄၄၆**)

မနုဿာ အတ္တနော ဇာနနကဘိက္ခုံ အာပုစ္ဆန္တိ၊ တေန ထေရံ အာပုစ္ဆိတွာ ကထေတဗ္ဗံ။ သစေ သံဃတ္ထေရော "ဘန္တေ က္ခမေ ပဉှံ ပုစ္ဆန္တီ"တိ-ပုဋ္ဌော-"ကထေဟီ"တိ ဝါ ဘဏတိ၊ တုဏှီ ဝါ ဟောတိ၊ ကထေတုံ ဝဋ္ဋတိ၊ အန္တရဃရေ အနုမောဒနာဒီသုပိ ဧသေဝ နယော။ [**ဥပေါသထက္ခန္ဓက-ဋ္ဌ၊ စာ-၃၃၉၊ ၃၄၀**]

(၅) ဘတ္တဂ္ဂဝတ် (က)

(၁) အရံ၌ အချိန်ကိုကြားလျှောက်မူ ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကို ဝတ်၍ ခါးပန်းကို ဖွဲ့၍ နှစ်ထပ်ပြု၍ သင်္ကန်းကြီးတို့ကိုရုံ၍ ကမ္ပတ်သီးကိုတပ်၍ ဆေးကြောပြီးလျှင် သပိတ်ကိုယူ၍ မနှေး မလျင်ရွာတွင်းသို့ ကောင်းစွာဝင်ရမည်။

[ဘတ္တဂ္ဂဝတ္တေ အန္တောဂါမေ ဝါ ဟောတု ဝိဟာရေ ဝါ၊ မနုဿာနံ ပရိဝိသနဋ္ဌာနံ (**ဋ္ဌ၊ စာ-၁၁၉**) (မနုဿာနံ ပရိဝိသနဋ္ဌာနန္တိ ယတ္ထ မနုဿာ သပုတ္တဒါရာ အာဝသိတွာ ဒေန္တိ။ (**သာ၊ စာ-၄၂၃**) (**ဝိ၊ စာ-၅၃၅**) ယတ္ထ အန္တောဝိဟာရေပိ မနုဿာ သပုတ္တဒါရာ အာဝသိတွာ ဘိက္ခူ နေတွာ ဘောဇေန္တိ - (**တိ၊ စာ-၂၅၈**) ဂစ္ဆန္တေန စိဝရံ ပါရုပိတွာ ကာယဗန္ဓနံ ဗန္ဓနမေဝ ဝဋ္ဋတီတိ အဋ္ဌကထာသု ဝုတ္တံ။] (**ဋ္ဌ၊ စာ-၁၁၉**) (သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့် အညီဟူ၏။ **သာရ၊ စာ-၄၄၆**)

(၂) ကျော်တက်၍ မထေရ်ကြီးရဟန်းတို့၏ ရှေ့မှရှေ့မှ မသွားအပ်၊ (၃) ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက်၊ (၄) ကောင်းစွာက္ခန္ဓြေစောင့်ထိန်းလျက် မျက်လွှာချလျက် သွားရမည်၊ (၅) ရွာတွင်း၌ သင်္ကန်းကို ပင့်လျက် မသွားအပ်၊ (၆) ရွာတွင်း၌ ပြင်းပြစွာရယ်မောလျက် မသွားအပ်၊ (၇) ရွာတွင်း၌ ငယ်သော

အသံရှိသည်ဖြစ်၍ သွားရမည်။ (၈) ကိုယ်ကိုလှုပ်၍လှုပ်၍ (၉) မောင်းကို (၁၀) ဦးခေါင်းကို လှုပ်၍လှုပ်၍ မသွားအပ်၊ (၁၁) ခါးထောက်၍၊ (၁၂) ခေါင်းမြီးခြုံ၍၊ (၁၃) ဖဝါးစွန်းဖြင့် နင်း၍ မသွားအပ်။

(၁၄) ရွာတွင်း၌ ကောင်းစွာဖုံးလွှမ်းလျက် နေထိုင်ရမည်။ (၃–၁၂=၉+၁၄=၂၃) (၂၄) ရွာတွင်း၌ အာယောဂပတ်ဖွဲ့လျက် မနေထိုင်အပ်။ (၂၅) မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့လျက် မနေထိုင်အပ်။ [မဟာထေရ်နေရာနှင့်ညီ၍ နေရာများမှ ၁ –၂ နေရာစာချန်၍ထိုင်၊ ရဟန်းတို့ကို ရေတွက်၍ ခင်းထားသည့် နေရာတို့၌ မထိုင်ဘဲ မဟာထေရ်က ထိုင်ဟုပြောမှထိုင်၊ မပြောမူ–ဣဒံ ဘန္တေ အာသနံ ဥစ္စံ–ဟု ပြောရမည်။ ထိုင်ဟုဆိုမူထိုင်၊ ပန်ပါလျက်မဆိုမူ ထိုင်သူအား အနာပတ္တိ။ မဟာထေရ်အားသာ အာပတ်–နဝကော ဟိ ဝေရှပေ အာသနေ အနာပုစ္ဆာ နိသီဒန္တော အာပဇ္ဇတိ၊ ထေရော အာပုစ္ဆိတေ အနနုဇာနန္တော။] **(မြ၊ စာ–၁၁၉)**

ဣဒံ ဘန္တေ အာသနံ ဥစ္စန္တိ အာသန္နေ သမဘူမိဘာဂေ ပညတ္တံ ထေရာသနေန သမကံ အာသနံ သန္ဓာယ ဝုတ္တံ။ ထေရာသနတော ပန ဥစ္စတရေ အာပုစ္ဆိတွာပိ နိသီဒိတုံ န ဝဋ္ဋတိ။ ယဒိ တံ အာသန္နမ္ပိ နီစတရံ ဟောတိ၊ အနာပုစ္ဆာပိ နိသီဒိတုံ ဝဋ္ဋတိ။ **[တိ၊ စာ–၂၅၉]**

(၂၆) ရွာတွင်း၌ သင်္ကန်းကြီးကိုဖိလျက်လည်း မနေထိုင်အပ်။ [ရုံထားသော သင်္ကန်းကြီးကို မ,မဘဲ မထိုင်ရဟူ] (၂၇) ရေပေးလတ်သော် [သပိတ်ဆေးရေ] လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်၍ (သိမ်းဆည်း၍) ရေကိုခံရမည်။ [ဒက္ခိဏောဒကံ ပန ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဂဟေတဗ္ဗံ။] **(မြ၊ စာ–၁၂၀)** (၂၈) နှိမ့်၍ မထိခိုက်မိစေပဲ သပိတ်ကိုကောင်းစွာ [ဥဒကသဒ္ဒံ အကရောန္တေန] ဆေးရမည်။ (၂၉) လက်ဆေးခံရှိမူ လက်ဆေးခံကို ရေမစိုပါစေလင့်၊ အနီးရှိရဟန်းတို့ကို ရေမစိုပါစေကုန်လင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်ဟု လက်ဆေးခံ၌နှိမ့်၍ ရေကိုလောင်းရမည်။ (၃၀) လက်ဆေးခံမရှိမူ အနီးရှိရဟန်းတို့ကို ရေမစိုပါစေလင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်ဟု မြေ၌နှိမ့်၍ ရေကိုသွန်းလောင်းရမည်။ (၃၁) ဆွမ်းလှူလတ်သော် လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်၍ ဆွမ်းကိုခံရမည်။ (၃၂) ဟင်းအတွက် နေရာထားရမည်။ [ယထာ သူပဿ ဩကာသော ဟောတိ၊ ဧဝံ မတ္တာယ ဩဒနော ဂဏှိတဗ္ဗောတိ အတ္ထော။] **(မြ၊ စာ–၁၂၀)**

(၃၃) ထောပတ်သည်လည်းကောင်း၊ ဆီသည်လည်းကောင်း လက်သုတ်သည်လည်းကောင်း ရှိမူ ရဟန်းအားလုံးတို့အား အညီအမျှ ပြည့်စုံပါစေဟု မထေရ်ကြီးသည် ပြောရမည်။ [ဣဒံ န ကေဝလံ သပ္ပိ အာဒီသုယေဝ၊ ဩဒနေပိ ဝတ္တဗ္ဗံ။ သပ္ပိအာဒီသု ပန ယံ အပ္ပံ ဟောတိ၊ ကေဿ ဝါ ဒွိန္နံ ဝါ အနုရူပကံ သဗ္ဗေသံ သမကံ သမ္ပာဒေဟီတိ ဝုတ္တေ မနုဿာနံ ဝိဟေသာ ဟောတိ၊ တသ္မာ တာဒိသံ သကိံ ဝါ ဒွိက္ခတ္တုံ ဝါ ဂဟေတွာ သေသံ န ဂဟေတဗ္ဗံ။] **(မြ၊ စာ–၁၂၀)**

(၃၄) ဆွမ်းကို ကောင်းမွန်စွာခံရမည်။ (၃၅) သပိတ်၌ အမှတ်ရှိလျက်ဆွမ်းကို ခံရမည်။ (၃၆) ဟင်းနှင့်ညီမျှသောဆွမ်းကို ခံရမည်။ (၃၇) သပိတ်အနားရေးနှင့်ညီသောဆွမ်းကို ခံရမည်။ (၃၈) ရဟန်းအားလုံးတို့အတွက် ဆွမ်းမရောက်မီ မထေရ်ကြီးသည် ဆွမ်းမစားအပ်။ [ပိုင်းခြားအပ်သောရဟန်းရှိသော ဆွမ်းစားဇရပ်၌ လူတို့က ရဟန်းအားလုံးတို့အားရောက်စေ၍ လှူလိုကုန် (ရှိခိုးလိုကုန်–ကွဲ)သည်ကို ရည်သည်။ မဟာဘတ္တဂ္ဂဖြစ်၍ တစ်နေရာ၌ဆွမ်းစား၍ တစ်နေရာ၌ရေကိုလှူမူ အလိုရှိတိုင်းချမ်းသာစွာ ဘုဉ်းနိုင်၏။]

(၃၉) ဆွမ်းကို ရိုသေစွာစားရမည်။ (-သေခိယ ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်များ-၃၁ မှ ၅၅ တိုင်= ၂၄ ပါးလာ၏။ ၃၉+၂၃=၆၂)။ (၆၃) ရဟန်းအားလုံးတို့သည် ဆွမ်းစားမပြီးမီ မထေရ်ကြီးသည် ရေကို (သပိတ်ဆေးရေ)မခံအပ်။ [ရေငတ်၍ နင်၍ သောက်ရေကိုသောက်ပြီး လက်မဆေးရ။ ဒကာတို့က သပိတ်ကိုလည်းကောင်း၊ လက်ကိုလည်းကောင်း ဆေးပါဟုပြောမှ ရဟန်းတို့ကမူလည်း အရှင်ဘုရားတို့ ရေကိုခံယူပါကုန်ဟုပြောမှ အပ်ပါ၏။ (၆၄) ရေပေးလတ်သော် လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်လျက် ရေကိုခံရမည်။ [၆၅-၆၆-၆၇=၂၈-၂၉-၃၀ နှင့်တူ] (၆၈) ဆွမ်းလုံးပါသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်အပ်။

(၆၉) ပြန်သွားသော် ရဟန်းငယ်တို့သည် ရှေးဦးစွာပြန်ရမည်။ [ဤကျဉ်းမြောင်းသောအိမ်တို့၌ မထေရ်တို့ ထွက်ရာလမ်းမရှိ၍ ဆိုခြင်းဖြစ်သည်။ ဤသို့ထွက်သော် ရဟန်းငယ်တို့က တံခါး၌တည်၍ မထေရ်တို့ ထွက်လတ်ကုန်သော် အစဉ်သဖြင့် သွားအပ်၏။ မထေရ်တို့က အဝေး၌နေကုန်၍ သီတင်းငယ်တို့က အိမ်တွင်း၌ ထိုင်ကုန်မူ ထေရာသနမှစ၍ အစဉ်အတိုင်းထွက်ရမည်။ ကိုယ်ချင်းမထိခိုက်စေဘဲ အကြား၌ လူသွားနိုင်အောင် ချဲ၍ အစဉ်အတိုင်းသွားရမည်။] (၇၀ မှစ၍ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်မှ ဥက္ကုဋိကာယတိုင် သွားပုံသိက္ခာပုဒ် (ဂမိဿာမိ) ၁၂-ခုလာ၏။ ၆၉+၁၂ = ၈၁ ပါး။]

လက်နှစ်ဖက်ဆွမ်းကို ခံယူရမည်ဟူရာ - ဣဒံ ဟတ္ထတလေ ဝါ ပစ္ဆိပိဋ္ဌိအာဒိဒုဿဏ္ဍိကာဓာ ရေ ဝါ ပတ္တံ ဌပေတွာ ဩဒနဿ ဂဟဏကာလေ ပတ္တဿ အပတနတ္ထာယ ဝုတ္တံ၊ သုသဏ္ဌိတေ ပန အာဓာရေ ပတ္တံ ဌပေတွာ ဧကေန ဟတ္ထေန တံ ပရာမသိတွာပိ ဩဒနံ ပဋိဂ္ဂဟေတုံ ဝဋ္ဋတိဝေ။ ရေ၌ လည်းနည်းတူ။ **[တီ၊ စာ-၂၅၉]**

အကြားတွင်ရေသောက်၍ ဆွမ်းဆက်စားခြင်းငှာအပ်၏။ ပေါတ္ထကေသု ပန "ပါနီယံ ပိဝိတွာ ဟတ္ထာ န ဓောဝိတဗ္ဗာ" တိ လိခန္တိ၊ တံ ပုရိမဝစနေန န သမေတိ ပရိယောသာနေ ဥဒကသောဝ "ဟတ္ထဓောဝနဥဒက"န္တိ ဝုတ္တတ္တာ။ **[တီ၊ စာ-၂၅၉]**

ဟတ္ထာ ဓောဝိတဗ္ဗာတိ ပါဠေန ဘဝိတဗ္ဗန္တိ အမှာကံ ခန္တိ။ **(သာ၊ စာ-၄၂၃)**

မထေရ်တို့ အဝေး၌ထိုင်ဟူရာ - ဒူရေ နိသိန္နာ ပေါဟ္တီတိ ဒွါရသမီပေ နိသိန္နာ ပေါဟ္တိ။ **(သာ၊ စာ-၄၂၄)**

(၆) ဝိဃာသာဓရိကဝတ် - (၅၂)

(၁) ဆွမ်းခံလှည့်လည်သောရဟန်းသည် ယခုပင် ရွာသို့ဝင်အံ့ဟု အဝန်းသုံးပါးကိုဖုံးလျက်၊ အဝန်း ညီစွာဝတ်လျက်၊ ခါးပန်းကိုဖွဲ့လျက်၊ အခေါက်ရှိသည်ကိုပြုလျက်၊ သင်္ကန်းကြီးကိုရုံလျက်၊ ကမွတ်သီးကို တပ်လျက်၊ ရေဆေး၍သပိတ်ကိုယူလျက် မနှေးမလျင် ကောင်းစွာ ရွာတွင်းသို့ ဝင်ရမည်။ (၂) ရွာတွင်း၌ ကောင်းစွာဖုံးလွှမ်းလျက် သွားရမည်။ (သုပ္ပဋိစ္ဆန္နမှသည် ဥက္ကုဋိကာယတိုင်သွားခြင်း၊ သိက္ခာပုဒ် ၁၂ ခု လာ၏။ ၁+၁၂=၁၃)

(၁၄) အိမ်သို့ဝင်သောရဟန်းသည် ဤလမ်းဖြင့်ဝင်အံ့၊ ဤလမ်းဖြင့်ထွက်အံ့ဟုမှတ်ရမည်။ (၁၅)အလွန်လျင်စွာ မဝင်အပ်။ (၁၆) အလွန်လျင်စွာ မထွက်အပ်။ (၁၇) အလွန်ဝေးရာ၌ မရပ်ရ။ (၁၈) အလွန်နီးရာ၌မရပ်ရ။ (၁၉) အလွန်လျင်စွာ မပြန်အပ်။ (၂၀) ဆွမ်းကိုလှူလိုသလော မလှူလိုသလောဟု ရပ်လျက်မှတ်သားရမည်။ (၂၁) အလုပ်ကိုချသော်လည်းကောင်း၊ နေရာမှထသော်လည်းကောင်း၊ ယောက်မကို သုံးသပ်သော်လည်းကောင်း၊ အိုးခွက်ကိုသုံးသပ်သော်လည်းကောင်း၊ ရပ်စေသော်လည်းကောင်း လှူလိုရာ၏ဟု နှလုံးပြု၍ ရပ်ရမည်။

(၂၂) ဆွမ်းကိုလှူလတ်သော် လက်ဝဲလက်ဖြင့် သင်္ကန်းကြီးကိုဖယ်ရှား၍ လက်ယာလက်ဖြင့် သပိတ်ကိုနှိမ့်၍ လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်ကာ ဆွမ်းကိုခံရမည်။ (၂၃) ဆွမ်းလှူသောမိန်းမ၏ မျက်နှာကိုမကြည့်အပ်။ [တတ္ထ ဝါ ဟောတု ပုရိသော ဝါ ဘိက္ခာဒါနသမယေ မုခံ န ဥလ္လောကေတဗ္ဗံ] **(ဌ၊ စာ–၁၂၁)** (၂၄) ဟင်းကို လှူလိုသလော မလှူလိုသလောဟုမှတ်ရမည်။ (၂၅) ယောက်မကို သုံးသပ်သော်လည်းကောင်း၊ အိုးခွက်ကို သုံးသပ်သော်လည်းကောင်း၊ ရပ်စေသော်လည်းကောင်း လှူလိုရာ၏ဟု နှလုံးပြု၍ ရပ်ရမည်။ (၂၆) ဆွမ်းလှူပြီးသော် သင်္ကန်းကြီးဖြင့် သပိတ်ကိုဖုံး၍ ကောင်းစွာမနှေးမလျင် ပြန်ရမည်။ (သုပ္ပဋိစ္ဆန္နစသော သွားခြင်း ကျင့်ဝတ် ၁၂ ပါး လာ၏။ ၂၆+၁၂=၃၈)

(၃၉) ဆွမ်းခံရွာမှ ရှေးဦးစွာ ဖဲခဲ့သောရဟန်းသည် နေရာကိုခင်းရမည်။ (၄၀) ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ထားရမည်။ (၄၁) ဆွမ်းဦးထည့်ရန်ခွက်ကိုဆေး၍ အနီး၌ထားရမည်။ (၄၂) သောက်ရေကိုလည်းကောင်း၊ သုံးရေကိုလည်းကောင်း အနီး၌ထားရမည်။ (၄၃) ဆွမ်းခံရွာမှ နောက်မှ ဖဲခဲသောရဟန်းသည် စားကြွင်းရှိ၍ စားလိုမူစားရမည်။ (၄၄) မစားလိုမူ မြက်သစ်ပင်မရှိရာ၌သော်လည်း စွန့်ရမည်။

[အပ္ပဟရိတေတိ အပရူဠှဟရိတေ၊ ယသ္မိံ ဌာနေ ပိဏ္ဍပါတဇ္ဈောတ္ထရဏေန ဝိနဿနဓမ္မာနိ တိဏာနိ နတ္ထိ၊ တသ္မိံန္တိ အတ္ထော။ တေန နိတ္တိဏဥ္စ မဟာတိဏဂဟနဥ္စ ယတ္ထ သကဋေနပိ ဆဍ္ဍိတေ ပိဏ္ဍပါတေ တိဏာနိ န ဝိနဿန္တိ၊ တဥ္စ ဌာနံ ပရိဂ္ဂဟိတံ ဟောတိ။ ဘူတဂါမသိက္ခာပဒဿ ဟိ အဝိကောပနတ္ထာ မေတံ ဝုတ္တံ။ **(သာ၊ စာ–၂၈၇)**

(၄၅) ပိုးမွှားမရှိသော ရေ၌သော်လည်း သွန်ရမည်။ ။ အပ္ပါဏကေတိ နိပ္ပါဏကေ။ ပိဏ္ဍပါတဇ္ဈောတ္ထရဏေန မရိတဗ္ဗပါဏကရဟိတေ ဝါ မဟာဥဒကက္ခန္ဓေ။ ပရိတ္တောဒကေ ဝေ ဟိ ဘတ္တပက္ခေပေန အာလုဠိတေ သုခုမပါဏကာ မရန္တိ၊ န မဟာတဠာကာဒီသူတိ။ ပါဏကာနုရက္ခဏတ္ထဉ္စ ဇတံ ဝုတ္တံ။ **(သာရတ္ထ ပဝါရဏာက္ခက စာ–၂၈၇)**။

(၄၆) ထိုရဟန်းသည် နေရာကိုရုပ်သိမ်းရမည်။ (၄၇) ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းတို့ကို သိမ်းရမည်။ (၄၈) ဆွမ်းဦးထည့်ခွက်ကိုဆေး၍ သိမ်းရမည်။ (၄၉) သောက်ရေကိုလည်းကောင်း၊ သုံးရေကိုလည်းကောင်း သိမ်းရမည်။ (၅၀) ဆွမ်းစားကျောင်းကို တံမြက်လှည်းရမည်။ (၅၁)သောက်ရေအိုးကိုလည်းကောင်း၊ သန့်သက်ရေအိုးကိုလည်းကောင်း အချည်းနှီးရေမရှိသည်ကို မြင်သောရဟန်းသည် တည်ထားရမည်။ (၅၂) မချီမကြွနိုင်သော ရဟန်းသည် အဖော်ကို လက်ယပ်ခေါ်၍ လက်ချင်းယှက်ကာ တည်ထားရမည်။ (၅၃) ထိုမချီမကြွနိုင်ခြင်းအကြောင်းကြောင့် စကားမပြောဆိုအပ်။

[ဣဒံ ထေရာနံ ဗဟိဝိဟာရေ အရညေ ဘတ္တကိစ္စကရဏဌာနေ ဘောဇနသာလာယံ ဝုတ္တံ၊ ဣဒံ သန္တာယ ယော ပစ္ဆာတိ အာဒိ ဝုတ္တံ၊–စူဠဂေါသိင်္ဂသုတ်၌–ကိုထောက်၍ ယော ပစ္ဆာ ဂါမတော ပိဏ္ဍာယ

ပဋိက္ကမတိ စသော (၄၃) ကျင့်ဝတ်ကား ဗဟိဝိဟာရဘတ္တကိစ္စကရဏဌာန ဘောဇနသာလ၌ ကျင့်ရာသော ဝတ်တည်း။ အဝိနာဘာဝနည်းအားဖြင့် တစ်စပ်တည်း ဟောတော်မူသောကြောင့် (၃၉) စသော ကျင့်ဝတ်လည်း အလားတူ။

ယော ပဿတီတိ အာဒိနာ နေသံ အန္တောဝိဟာရေ ဝတ္တန္တိ ဝေဒိတဗ္ဗံ၊ စသော စူဠဂေါသိင်္ဂသုတ် – ၄– ကိုပင်ထောက်၍ (၅၀–၅၁–၅၂) တို့သည် အန္တောဝိဟာရ၌ ကျင့်အပ်သောဝတ်တည်း။

တံ ဘိက္ခုံ သဒ္ဒေါ ဗာဓေယျ–စသည်ဖြင့် ထို–၄–၌ပင် အပြစ်ကိုဖော်ပြရာ သီတင်းသုံးဘော် ရဟန်း ချင်းချင်းကိုသာလျှင် သောက်ရေ သုံးရေ သန့်သက်ရေအိုးတို့ကို မချီမကြွနိုင်ကောင်းသော အရာဌာန တို့၌သာလျင် နှုတ်မြွက်၍ မခေါ်မပြောအပ် ထို(၃)ဌာနမှတစ်ပါးသော မချီမကြွနိုင်သော အရာဌာနတို့၌ကား – စေတိယာဒီနံ အတ္တာယ ပါသာဏာဒယော ဟသန္တာ ဟသန္တာ ပဝဋ္ဋန္တိပိ ခိပန္တိပိ ဥက္ခိပန္တိပိ ကမ္မသမယောတိ ဝဋ္ဋတိ၊ အညမ္ပိ ဤဒိသံ နဝကမ္မံ ဝါ ကရောန္တာ ဘဏ္ဍကံ ဝါ ဓောဝန္တာ ရကွံ ဝါ ဓောဝနဒဏ္ဍကံ ဝါ ဥက္ခိပိတွာ ပဝိဋ္ဌန္တိ၊ ဝဋ္ဋတိ **(၄၊ စာ–၆၃)** ဟူသော တတိယပါရာဇိက သီလာဝတ္ထုအားလျော်စွာ နှုတ်မြွက်၍ ခေါ်ပြောဆိုအပ်သည်ပင်ဖြစ်သည်။

မူဂဗ္ဗတကိုပယ်တော်မူခြင်း စသည်ကိုလည်း ထောက်ပါ။ အရှင်အနုရုဒ္ဓါတို့ဝတ္ထုတို့၌လည်း ချီးမွမ်း သည်သာလာ၏။ ပယ်တော်မူသောအရာမလာ စံကျောင်း၊ **စူဠဝါနိသျှသစ် (ဂုဂု)**

သာရတ္တ ကောသမ္ဗကက္ခန္ဓက မထေရ်သုံးပါးတို့ ဝတ္ထုအဖွင့်၌ကား ဆွမ်းခံမကြွခင် ဖလသမာပတ် ဝင်စား၍ တေသု ယော ပဌမတရံ နိသိန္နော အတ္တနော ကာလပရိစ္ဆေဒဝသေန ပဌမတရံ ဥဋ္ဌာတိ၊ သော ပိဏ္ဍာယ စရိတွာ ပဋိနိဝတ္တော ဘတ္တကိစ္စဌာနံ အာဂန္တွာ ဇာနာတိ ''ဒွေ ဘိက္ခူ ပစ္ဆတော၊ အဟံ ပဌမတရံ အာဂတော''**(သာ၊ စာ–၃၅၈)** စသည်ဖြင့် ဘတ္တကိစ္စဌာနဟု သာမည သာလာ၏။ သို့အတွက် စူဠဂေါသိင်္ဂသုတ်–၄–စကား သည် မထေရ်သုံးပါးတို့သည် အရှေ့ဝါးတော၌နေကြသဖြင့် ဌာနနှင့်လျော်ညီစွာ ဗဟိဝိဟာရေ အရညေ ဟုဖွင့်သည်ဟု ယူသင့်သည်။ ။ ကေစာရီနေရာ၌ကား ဤကျင့်ဝတ်များ မလို ဟူ၏။

(ဂု) အာရညိကဝတ် - (၄ဂု)

(၁) တောနေရဟန်းသည် စောစောထ၍ သပိတ်ကိုအိတ်၌ထည့်ပြီးလျှင် ပခုံး၌လွယ်လျက် သင်္ကန်း ကို ပခုံး၌တင်၍ ဖိနပ်စီးကာ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ တံခါးမလေသာပြတင်းတို့ကို ပိတ်ဆို့ပြီးလျှင် ကျောင်းမှဆင်းရမည်။ (၂) ယခုရွာသို့ဝင်အံ့ဟုဖိနပ်ချွတ်၍ အောက်သို့နှိမ့်ကာ ခါပြီးလျှင် အိတ်၌ထည့်လျက် ပခုံး၌ချိတ်၍ အဝန်းသုံးပါးကို ဖုံးလွှမ်းသဖြင့် အဝန်းညီစွာဝတ်လျက် ခါးပန်းကိုဖွဲ့လျက် အထပ်ရှိသည်ကိုပြု၍ သင်္ကန်းကြီးကိုရုံလျက် ကမ္ပတ်သီးကိုတပ်လျက်ရေဆေး၍ သပိတ်ကိုယူလျက် မနှေး မလျင်ကောင်းစွာ ရွာတွင်းသို့ဝင်ရမည်။ (သွားခြင်းကျင့်ဝတ် – ၁၂ ပါးလာ၏။ ၂+၁၂=၁၄။ ပိဏ္ဍစာရိက ဝတ်နှင့်အတူ ၂ မှ ၃၈ တိုင် ဝတ်တူ ၃၇ ပါးလာ၏။ ၂+၃၇=၃၉)

(၄၀) ရွာမှထွက်သော် သပိတ်ကိုအိပ်၌ထည့်ပြီးလျှင် ပခုံး၌လွယ်လျက် သင်္ကန်းကိုခေါက်၍ ဦးခေါင်း၌တင်ကာ ဖိနပ်စီး၍သွားရမည်။

[ပတ္တံ ထဝိကာယ ပက္ခိပိတ္វာတိ ထွေ သစေ ဗဟိဂါမေ ဥဒကံ နတ္ထိ၊အန္တော ဂါမေယေဝ ဘတ္တကိစ္စံ ကတွာ အထ ဗဟိဂါမေ အတ္ထိ၊ ဗဟိဂါမေ ဘတ္တကိစ္စံ ကတွာ ပတ္တော ဓောဝိတွာ ဝေါဒကော ကတွာ ထဝိကာယ ပက္ခိပိတဗ္ဗော။] **(ဋ္ဌ၊ စာ-၁၂၁)**

(၄၁) တောနေရဟန်းသည် သောက်ရေကိုတည်ထားရမည်။ (၄၂) သုံးရေကိုတည်ထားရမည်။ [အိုးမလောက်မူ သောက်ရေကိုပင် သုံးရေလည်းပြု၍တည်ထား။ အိုးမရမူ ဝါးကျည်ဖြင့်၊ မရပြန်မူ အနီးအနား ရေတွင်းပြုထား]။ (၄၃) မီးကို တည်ထားရမည်။ (၄၄) မီးပွတ်ခုံပွတ်ကျည်ကို တည်ထားရမည်။ [အရဏိသဟိတေ သတိ အဂ္ဂိ အကာတုမ္ပိ ဝဋ္ဋတိ၊ ယထာ စ အာရညိကဿ၊ ဧဝံ ကန္တာရပဋိပန္နဿာပိ အရဏိသဟိတံ ဣစ္ဆိတဗ္ဗံ။ ဂဏဝါသိနော ပန တေန ဝိနာပိ ဝဋ္ဋတိ။] **(ဋ္ဌ၊ စာ-၁၂၁)**

(၄၅) တောင်ဝှေးကို အနီး၌ထားရမည်။ (၄၆) နက္ခတ်အကြောင်းအရာအားလုံးတို့ကိုလည်းကောင်း၊ နက္ခတ်အကြောင်းအရာအချို့တို့ကိုလည်းကောင်း သင်ယူရမည်။ (၄၇) အရပ်မျက်နှာ၌ လိမ္မာရမည်။

သတိ - ရှေးပိဋကစာရိကဝတ်ထက် ပိုလျှံသာလွန်၍ အာရညိကဝတ် (၁) (   )တို့ကို ပညတ်တော်မူသဖြင့် အရညကင်ရှုတင်ရဟန်းတို့သည် ရွာသို့ဆွမ်းခံဝင်ရာ ပိဋကစာရိကဝတ်အရာ၌ သပိတ်ကို အိပ်မှထုတ်၍ ဆွမ်းခံသည့်အခြင်းအရာသည် ရှေးဝါကျနောက်ဝါကျ ဆက်စပ်၍ကြည့်ပါက သိသာနိုင်သည်။ တစ်ဖန် ရွာနေရဟန်းတို့လည်း ထိုကဲ့သို့ လွယ်အပ်သည့်အခြင်းအရာ ရှေးပိဋကစာရိကဝတ်၌မလာ။ တစ်ဖန် (၄၀) အဋ္ဌကထာ၌ ဆွမ်းစားပြီးက အိတ်၌ထည့်၍ လွယ်အပ်ကြောင်းလာ၏။ သို့အတွက် တောနေ၊ (ပင်ပန်းရာသော အကြောင်းထူးရှိမူ ရွာနေတို့လည်း လွယ်အပ်သောဟူ၏) ရွာနေတို့နှစ်ဦးလုံးပင် ပိဋကစာရိကဝတ်မဟုတ်မူ၍ ရွာတွင်းသွားလျှင် လွယ်အပ်၏။ ပိဋကစာရိကဝတ်၌မူကား မအပ်ဟုမှတ်အပ်၏။ ယခုကာလ သပိတ်အိတ်များသည် အဓိဋ္ဌာန်မလောက်၍ အုတ်ဆိုင်း ရေတခေါင်းဆိုင်း စသည်တို့၌ကဲ့သို့ ဆိုင်းဟူသော ဝေါဟာရရခဲ့သော် ဂိလာနသမ္မုတိရသာ အပ်၏။ သမ္မုတိမရ ဂိလာန၊ အဂိလာနနှစ်မျိုးအား မအပ်ကြောင်း ခုဒ္ဒကဝတ္ထု၌ ပညတ်ချက်လာသည်။ သို့အတွက် ယခုကာလသပိတ်အိတ်များကို ဆင်ခြင်လေဟူ၏။ **(စံကျောင်း-၈၀)**

(ဂ) သေနာသနဝတ် (၅၅)

(၁) ကျောင်းသည် အကယ်၍ အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။ (ဥပဇ္ဈာယဝတ် ၆၄ မှ ၇၇ တိုင် = ၁၃ ပါး, ၁ + ၁၃ = ၁၄)။ (၁၅) ရဟန်း၏အနီး၌ အိပ်ရာနေရာကို မခါအပ်။ (၁၆) ကျောင်းအနီး၌ အိပ်ရာနေရာကို မခါအပ်။ (၁၇) သောက်ရေအနီး၌ အိပ်ရာနေရာကို မခါအပ်။ (၁၈) လေညာအရပ်၌ အိပ်ရာနေရာကို မခါအပ်။ (၁၉) လေအောက်အိပ်ရာနေရာကို ခါရမည်။ (တစ်ဖန် ၇၇ မှ ၁၀၅ တိုင် ၂၇ ပါး လာ၏။ ၁၉+၂၇=၄၆)

(၄၇) သီတင်းကြီးရဟန်းနှင့်အတူ တစ်ကျောင်းတည်း၌နေမူ သီတင်းကြီးရဟန်းကို မပန်ကြားဘဲ သင်ပယူခြင်း မေးမြန်းခြင်းမပြုအပ်။ (၄၈) သရဇ္ဈာယ်ခြင်းကိုမပြုအပ်။ (၄၉) တရားမဟောအပ်။ (၅၀)ဆီမီးကိုမထွန်းအပ်။ (၅၁) ဆီမီးကိုမငြိမ်းစေအပ်။ (၅၂) လေသာပြတင်းတို့ကို မဖွင့်အပ်ကုန်။ (၅၃) လေသာပြတင်းတို့ကို မပိတ်အပ်ကုန်။

[ဒွါရံ နာမ ယသ္မာ မဟာဝလဉ္ဇံ၊ တသ္မာ တတ္ထ အာပုစ္ဆနကိစ္စံ နတ္ထိ။ သေသာနိ ပန ဥဒ္ဒေသဒါနာဒီနိ အာပုစ္ဆိတွာဝ ကာတဗ္ဗာနိ။ ဒေဝသိကမ္ပိ အာပုစ္ဆိတုံ ဝဋ္ဋတိ။ တထာပိ ''ဘန္တေ အာပုစ္ဆိတမေဝ ဟောတူ''တိ၊ ဝုတ္တေ ဝုမှတရော ''သာဓူ''တိ သမ္ပဋိစ္ဆတိ။ သယမေဝ ဝါ ''တွံ ယထာသုခံ ဝိဟရာဟိ''တိ ဝဒတိ။ ဧဝမ္ပိ ဝဋ္ဋတိ။ သဘာဂဿ (ဝုမှတရဿ) ဝိဿာသေနာပိ ဝဋ္ဋတိယေဝ] **(ဋ္ဌ၊ စာ-၁၂၁)**

(၅၄) သီတင်းကြီးရဟန်းနှင့်အတူ စင်္ကြံတစ်ခုတည်း၌ စင်္ကြံလျှောက်မူ၊ သီတင်းကြီးရဟန်းရှိရာသို့ မျက်နှာမူလျက်သွားရမည်။ [ဘောဇနာသာလာဒီသုပိ ဧဝမေဝ ပဋိပဇ္ဇိတဗ္ဗံ] **(ဋ္ဌ၊ စာ-၁၂၁)**

(၅၅) သီတင်းကြီးရဟန်းကို သင်္ကန်းစွန်းဖြင့် မတိုက်ခိုက်စေအပ်။ [ဘောဇနာသာလာဒီသုပိ ဥဒ္ဒေသဒါနာဒိ အာပုစ္ဆိတွာဝ ကာတဗ္ဗန္တိ အတ္ထော။ **(သာ၊ စာ-၄၂၄)**

န ဝုမှံ အနာပုစ္ဆာတိ ဧတ္ထ တဿ ဩဝရကေ တဒုပစာရေစ အာပုစ္ဆိတဗ္ဗန္တိ ဝဒန္တိ။ **(သာ၊ စာ-၄၂၄))**

❦ ❦ ❦

(၉) ဝေဿာဃရဝတ် (၂၀)

(၁) မထေရ်ကြီးရဟန်းသည် တားမြစ်လျက် မရှိသေခြင်းကိုစွဲ၍ ဖရုံးအိမ်၌များစွာသောထင်းကိုတင်၍မီးမရှို့အပ်။ ရှို့သောရဟန်းအား ဒုက္ကဋ်။ (၂) (ထိုသို့မီးရှို့၍ တံခါး၌ပိတ်၍ထိုင်ကြသဖြင့် မထေရ်ကြီးတို့မီးပူ၍ ထွက်ပေါက်မရသဖြင့်) တံခါးကိုပိတ်လျက် တံခါးအနီး၌ မထိုင်အပ်။ ထိုင်သော ရဟန်းအား ဒုက္ကဋ်။ ကျင့်ဝတ်ကား -

(၁) ဖရုံးအိမ်သို့ ရှေးဦးစွာသွားသော ရဟန်းသည် ပြာများမူ ပြာကို စွန့်ရမည်၊ (၂) ဖရုံးအိမ်သည် (၃) အကျည်သည်၊ (၄) ပရိဝုဏ်သည်၊ (၅) တံခါးမုခ်သည်၊ (၆) ဖရုံးဇရပ်သည် အမှိုက်ရှိမူ တံမြက်လှည်းရမည်၊ (၇) ကသယ်မှုန့်ကို စရုံးထားရမည်၊ (၈) မြေညက်ကို ရေဆွတ်ရမည်၊ (၉) ရေချိုးကျင်း၌ ရေကိုလောင်းရမည်၊ (၁၀) ဖရုံးအိမ်ဝင်သောရဟန်းသည် မြေညက်ဖြင့် မျက်နှာကိုလိမ်း၍ ရှေးမှလည်းကောင်း နောက်မှလည်းကောင်း ဖုံးလွှမ်း၍ ဖရုံးအိမ်သို့ဝင်ရမည်။

(၁၁) မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍မနေထိုင်အပ်။ (၁၂) ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်အပ်ကုန်။ (၁၃) စွမ်းနိုင်မူ ဖရုံးအိမ်၌ မထေရ်ကြီးရဟန်းတို့အား ချေးပွတ်ရမည်။ (၁၄) ဖရုံးအိမ်မှ ထွက်သောရဟန်းသည် ဖရုံးအင်းပျဉ်ကိုယူ၍ ရှေးမှလည်းကောင်း၊ နောက်မှလည်းကောင်း ဖုံးလွှမ်း၍ ဖရုံးအိမ်မှထွက်ရမည်။ (၁၅) စွမ်းနိုင်မူ ရေ၌လည်း မထေရ်ကြီးရဟန်းတို့အား ချေးပွတ်ရမည်။

(၁၆) မထေရ်ကြီးရဟန်းတို့၏ရှေး၌ ရေမချိုးအပ်။ (၁၇) အထက်မှ ရေမချိုးအပ်။ (၁၈) ရေချိုးပြီး၍ တက်သောရဟန်းသည် ဆင်းသောရဟန်းတို့ကို လမ်းပေးရမည်။ (၁၉) ဖရုံးအိမ်မှ နောက်ဆုံးထွက်သော ရဟန်းသည် ဖရုံးအိမ်၌ ညွှန်ဖွက်ထမူ ဆေးကြောရမည်။ (၂၀) မြေညက်ခွက်ကိုဆေး၍ ဖရုံးအင်းပျဉ်ကို သိမ်း၍ မီးကိုငြိမ်း၍ တံခါးကိုပိတ်၍ ဖဲသွားရမည်။

(၁၀) ဝစ္စကုဋိဝတ် (၂၇)

(၁) ကျင်ကြီးစွန့်ပြီးလျှင် ရေရှိလျက် မဆေးဘဲနေအံ့၊ ဒုက္ကဋ်။ [ဝေတ္ထ သစေ ဥဒကံ အတ္ထိ၊ ပဋိစ္ဆန္နဋ္ဌာနံ ပန နတ္ထိ၊ ဘာဇနေန နီဟရိတွာ အာစမိတဗ္ဗံ။ ဘာဇနေ အသတိ ပတ္တေန နီဟရိတဗ္ဗံ။ ပတ္တေပိ အသတိ အသန္တံ နာမ ဟောတိ။ **(ဋ္ဌ၊ ၈–၁၂၂)** (ဣဒံ အတိဝိပဋ္ဋံ၊ ဂူမ္ဘာဒီဟိ အပ္ပဋိစ္ဆန္နတ္တာ အတိဝိယ ပကာသနံ **(သာ၊ ၈–၄၂၄)**။ ပုရတော အညံ ဥဒကံ ဘဝိဿတီတိ ဂတဿ ဥဒကံ အလာဘန္တဿေဝ ဘိက္ခာစာရဝေလာ ဟောတိ၊ ကဋ္ဌေန ဝါ ကေနစိ ဝါ ပုဉ္ဆိတွာ ဂန္တဗ္ဗံ၊ ဘုဉ္ဇိတုမ္ပိ အနုမောဒနမ္ပိ ကာတုံ ဝဋ္ဋတိ။] **(ဋ္ဌ၊ ၈–၁၂၂)**

(၂) ကျင်ကြီးအိမ်၌ သီတင်းကြီးအစဉ်အတိုင်း ကျင်ကြီးကိုစွန့်သောရဟန်းအား ဒုက္ကဋ်။ ရောက်လာသော အစဉ်အတိုင်း ကျင်ကြီးစွန့်ရန် ခွင့်ပြု၏။ [ဝစ္စကုဋိယံ ပဿာဝဋ္ဌာနေ နှာနတိတ္ထေတိ တီသုပိ အာဂတပဋိပါဋိယေဝ ပမာဏံ။] – ကျင့်ဝတ်ကား

(၁) ကျင်ကြီးအိမ်သို့သွားသော ရဟန်းသည် ပြင်ပ၌ရပ်လျက် ချောင်းဟန့်ရမည်။ (၂) အတွင်း၌ ထိုင်နေသော ရဟန်းတို့သည်လည်း ချောင်းဟန့်ရမည်။ (၃) သင်္ကန်းတန်းဝါး၌လည်းကောင်း သင်္ကန်းတန်းကြိုး၌လည်းကောင်း၊ သင်္ကန်းကိုတင်ပြီးလျှင် မနှေးမလျင် ကျင်ကြီးအိမ်သို့ ကောင်းစွာဝင်ရမည်။ (၄) အလွန်လျင်စွာ မဝင်ရ။ (၅) သင်းပိုင်ကိုပင့်၍ မဝင်အပ်။ (၆) ကျင်ကြီးစွန့်ရာ ခြေနင်းခုံ၌ရပ်လျက် သင်းပိုင်ကို ပင့်မရမည်။ (၇) ညည်းတွားလျက် ကျင်ကြီးကိုမစွန့်အပ်။ (၈) ဒန်ပူခဲလျက် ကျင်ကြီးကိုမစွန့်အပ်။

[အယံ ဝစ္စကုဋိယာပိ အဝစ္စကုဋိယာပိ သဗ္ဗတ္ထေဝ ပဋိက္ခေပေါ] **(ဋ္ဌ၊ ၈–၁၂၂)** (န ဒန္တကဋ္ဌံ ခါဒန္တေန ဝစ္စော ကာတဗ္ဗောဟု–ဤမျှသာ ပါဠိလာသောကြောင့် ဒန်ပူကိုခဲလျက် ကျင်ငယ်စွန့်သောရဟန်းအား အာပတ်မသင့် ဟု ဆရာတို့မိန့်ကုန်၏။ ဆင်ခြင် **(သာရ–၄၄၇)**

(၉) ကျင်ကြီးတွင်းပြင်ပ၌ ကျင်ကြီးကိုမစွန့်အပ်။ (၁၀) ကျင်ငယ်ခွက်ပြင်ပ၌ ကျင်ငယ်ကို မစွန့်အပ်။ (၁၁) ကျင်ငယ်ခွက်၌ တံတွေးကိုမထွေးအပ်။ (၁၂) ကြမ်းတမ်းသော ကနုတံဖြင့် မသုတ်အပ်။ [ဖာလိတကဋ္ဌေန ဝါ (အစောင့်တက်ကွဲ) ခရေန ဝါ ဂဏ္ဍိကေန ဝါ ကဏ္ဋကေန ဝါ သုသိရေန ဝါ ပူတိနာ ဝါ န အဝလေခိတဗ္ဗံ။ အဝလေခနကဋ္ဌံ ပန အဂ္ဂဟေတွာ ပဝိဋ္ဌဿ အာပတ္တိ နတ္ထိ။] **(ဋ္ဌ၊ ၈–၁၂၂)**

(၁၃) ကနုတံကို ကျင်ကြီးတွင်း၌ မချအပ်။ (၁၄) ကျင်ကြီးစွန့်ရာ၌ ခြေနင်းခုံ၌ရပ်လျက် ဖုံးလွှမ်းရမည်။ (၁၅) အလွန်လျင်စွာ မထွက်အပ်။ (၁၆) သင်းပိုင်ကိုပင့်မ၍ မထွက်အပ်။ (၁၇) သန့်သက်ရေဆေးရာခြေနင်းခုံ၌ရပ်လျက် သင်းပိုင်ကိုပင့်မရမည်။ * (၁၈) စပ်စပ်အသံပြုလျက် မဆေးအပ်။

* * * (၁၉) သန့်သက်ရေဆေးရန်ခွက်၌ ရေကိုချန်မထားအပ်။ ။ [န အာစမနသရာဝကေတိ သဗ္ဗသာဓာရဏဌာနံ သန္ဓာယေတံ ဝုတ္တံ။ တတြ ဟိ အညေ အညေ အာဂစ္ဆန္တိ၊ တသ္မာ ဥဒကံ န သေသေတဗ္ဗံ။ ယံ ပန သံဃိကေပိ ဝိဟာရေ ကေဒေသေ နိဗဒ္ဓဂမနတ္ထာယ (အတ္တနောဝ နိရန္တရဂမနတ္ထာယ **တီ၊ စာ-၂၆၀**) ကတံ ဌာနံ ဟောတိ ပုဂ္ဂလိကဌာနံ ဝါ၊ တသ္မိံ ဝဋ္ဋတိ။] ဝိရေစနံ ပိဝိတွာ ပုနပ္ပုနံ ပဝိသန္တဿာပိ ဝဋ္ဋတိယေဝ။ **(ဌ၊ စာ-၁၂၂)**

(၂၀) သန့်သက်ရေဆေးရာ ခြေနင်းခုံ၌ရပ်လျက် ဖုံးလွှမ်းရမည်။ (၂၁) ကျင်ကြီးအိမ်ကို ကျင်ကြီးလိမ်းကျံမှု ဆေးကြောရမည်။ (၂၂) သုံးပြီးကနုတံခွက်သည်ပြည့်မှု ကနုတံကိုစွန့်ရမည်။ [ဓောဝိတဗ္ဗာတိ ဥဒကံ အာဟရိတွာ ဓောဝိတဗ္ဗာ။ ဥဒကံ အတ္ထိ ဘာဇနံ နတ္ထိ၊ အသန္တံ နာမ ဟောတိ၊ ဘာဇနံ အတ္ထိ ဥဒကံ နတ္ထိ၊ တေမ္ပိ အသန္တံ။ ဥဘယေ ပန အသတိ အသန္တမေဝ။ ကဋ္ဌေန ဝါ ကေနစိ ဝါ ပုဉ္ဆိတွာ ဂန္တဗ္ဗံ] **(ဌ၊ စာ-၁၂၂)**

(၂၃) ကျင်ကြီးအိမ်၌၊ (၂၄) အကျည်၌၊ (၂၅) ပရိဝုဏ်၌၊ (၂၆) တံခါးမုခ်၌အမှိုက်ရှိမှု တံမြက်လှည်းရမည်၊ (၂၇) သန့်သက်ရေအိုး၌ ရေမရှိမှု သန့်သက်ရေအိုး၌ ရေလောင်းရမည်။

ဥပဇ္ဈာယ အာစရိယ သဒ္ဓိဝိဟာရိက အန္တေဝါသိက ဝတ်လေးပါးနှင့်တကွ အားလုံးဝတ် (၁၄)ပါး လာ၏။ [ဣတော အညာနိ ပန ကဒါစိ တဇ္ဇနီယကမ္မကတာဒိကာလေယေဝ စရိတဗ္ဗာနိ အသီတိ ခန္ဓကဝတ္တာနီတိ ဝေဒိတဗ္ဗာနိ။ ဂဏ္ဌိပဒေသု ပန ဣမာနိယေဝ စုဒ္ဒသ မဟာဝတ္တာနိ အဂ္ဂဟိတဂ္ဂဟဏေန ဂဟိယမာနာနိ အသီတိ ခန္ဓကဝတ္တာနီ''တိ ဝုတ္တံ။ တံ န ဂဟေတဗ္ဗံ။ **(သာ၊ စာ-၄၂၅)**]

၁၀ – ပါတိမောက္ခဋ္ဌပနက္ခန္ဓက

အရဏ်တက်သည့်တိုင်အောင် ပါတိမောက်ပြရန် အရှင်မဟာမောဂ္ဂလန်တောင်းပန်ခြင်းအကြောင်း– ''ဥဒ္ဓသ္တံ အရုဏ''န္တိ ဝတွာပိ ဥဋ္ဌိသတု ဘန္တေ ဘဂဝါတိ ပါတိမောက္ခုဒ္ဒေသယာစနံ အနုပေါသထေ ဥပေါသထကရဏပဋိက္ခေပဿ သိက္ခာပဒဿ အပညတ္တတ္တာ ထေရေန ကတန္တိ ဒဋ္ဌဗ္ဗံ။ ကသ္မာ ပန ဘဂဝါ ဧဝံ တုဏှီဘူတောဝ တိယာမရတ္တိံ ဝီတိနာမေသီတိ ? အပရိသုဒ္ဓါယ ပရိသာယ ဥပေါသထာဒိ သံဝါသကရဏဿ သာဝဇ္ဇတံ ဘိက္ခုသံဃေ ပါကဋံ ကာတုံ၊ တဉ္စ အာယတိံ ဘိက္ခူနံ တထာ ပဋိပဇ္ဇနတ္ထံ သိက္ခာပဒံ ဉာပေတုံ။ ကေစိ ပနေတ္ထ ''အပရိသုဒ္ဓမ္ပိ ပုဂ္ဂလံ တဿ သမ္မုခါ ''အပရိသုဒ္ဓေါ''တိ ဝတ္တုံ မဟာကရုဏာယ အဝိသဟန္တော ဘဂဝါ တထာ နိသီဒီ''တိ ကာရဏံ ဝဒန္တိ။ တံ အကာရဏံ။ **(တီ၊ စာ–၂၆၁)**

ဒုဿီလ – ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော အမှုကိုဖုံးကွယ်သော ရဟန်းမဟုတ်ဘဲ ရဟန်းဟုဝန်ခံသော မြတ်သောအကျင့်ကိုမကျင့်ဘဲ မြတ်သောအကျင့်ကို ကျင့်၏ဟုဝန်ခံသော အတွင်းပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်ကဲ့သို့ဖြစ်သော ရဟန်းသံဃာအလယ်၌ထိုင်နေသော သီလမရှိသော ဒုဿီလ–**ဒုဿီလန္တိ** နိဿီလံ၊ သီလဝိရဟိတန္တိ အတ္ထော။ **(သာ၊ စာ–၄၂၇)**

အာပတ်ရှိသောရဟန်းသည် ပါတိမောက်ကို မနာအပ်၊ နာသောရဟန်းအား ဒုက္ကဋ်။ အာပတ်ရှိသောရဟန်းသည် ပါတိမောက်ကိုနာမူ ထိုရဟန်းအား ပါတိမောက်ကိုတားရန် ခွင့်ပြု၏။ ဥပေါသထေ တသ္မိံ ပုဂ္ဂလေ သမ္မုခီဘူတေ သံဃမဇ္ဈေ ဥဒါဟရိတဗ္ဗံ။ **(ရှုဋ္ဌဝါ ပါ၊ စာ–၄၂၄)**

သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမော ပုဂ္ဂလော သာပတ္တိကော၊ တဿ ပါတိမောက္ခံ ဌပေမိ၊ န တသ္မိံ သမ္မုခီဘူတေ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။

[ခေတ် – ဥပေါသထဥတ်၊ သုဏာတုမှ စ၍ ကရေယျ၌ – ရေ တိုင်အောင်သာ ဌပနခေတ်တည်း။ ကြွင်းရှေးနောက်တို့ကား ဌပနခေတ်မဟုတ်ကုန်။

အာပတ်မသင့်သော ဖြူစင်သောရဟန်းတို့အား အမှုမရှိဘဲ အကြောင်းမရှိဘဲ ပါတိမောက်ကိုမတားအပ်၊ တားသောရဟန်းအား ဒုက္ကဋ်။ [ဒိဋ္ဌ–သုတ၊ ဒိဋ္ဌပရိသင်္ကိတ သုတပရိသင်္ကိတရှိမှသာ တားနိုင်သည်။]

ဝမ္ဘိက အဝမ္ဘိက

ဝမ္ဘိက – (မဆုံးဖြတ်အပ်သေးသော ဆုံးဖြတ်အပ်ပြီးသော) အကြောင်းရင်းရှိသော (၁) သီလပျက်စီးခြင်းဖြင့်၊ (၂) အကျင့်ပျက်စီးခြင်းဖြင့်၊ (၃) အယူပျက်စီးခြင်းဖြင့်၊ (၄) အသက်မွေးမှုပျက်စီးခြင်းဖြင့်၊ (၅) ပါရာဇိကအာပတ်ဖြင့်၊ (၆) သံဃာဒိသေသ်ဖြင့်၊ (၇) ထုလ္လစ္စဉ်း၊ (၈) ပါစိတ်၊ (၉) ပါဋိဒေသနီ၊ (၁၀) ဒုက္ကဋ်၊ (၁၁) ဒုဗ္ဘာသီအာပတ်ဖြင့် ပါတိမောက်ကိုတား၏။

(၁၂) ပါရာဇိကကျသူသည် ပရိသတ်၌ထိုင်နေ၏။ (၁၃) ပါရာဇိကစကားသည် မပြီးပြတ်သေး။ (၁၄) သိက္ခာချသူသည် ထိုပရိတ်သတ်၌ ထိုင်နေ၏။ (၁၅) သိက္ခာချသောစကားသည် မပြီးပြတ်သေး။ (၁၆) တရားနှင့်လျော်သော ညီညွတ်ခြင်းသို့မကပ်ရောက်။ (၁၇) တရားနှင့်လျော်သော ညီညွတ်ခြင်းကို တစ်ဖန်ယူ၏။ (၁၈) တရားနှင့်လျော်သော ညီညွတ်ခြင်းကို တစ်ဖန်ယူရန် စကားသည် မပြီးပြတ်သေး။ (၁၉) သီလပျက်စီးခြင်းဖြင့် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ရှိ၏။ (၂၀) အကျင့်ပျက်စီးခြင်းဖြင့် မြင်ခြင်း၊ ကြားခြင်း ယုံမှားခြင်းရှိ၏။ (၂၁) အယူပျက်စီးခြင်းဖြင့် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းရှိ၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်တားခြင်းတို့တည်း။ (ဗျတိရေကအားဖြင့် အဝမ္ဘိကကိုသိ။) ကျယ်စွာ၏။

အတ္တာဒါန-အဓိကရုဏ်းကို ယူလိုသောရဟန်း၏အင်္ဂါ

(၁) အခါဟုတ်မဟုတ်သိခြင်း၊ (၂) မှန်မမှန်သိခြင်း၊ (၃) အကျိုးနှင့်စပ်မစပ်ကိုသိခြင်း၊ (၄) တရားအတိုင်း ဝိနည်းအတိုင်း အဖော်ဖြစ်သော ရင်းနှီးသော မရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းရဟန်းတို့ကို ရမည်ဟုသိခြင်း၊ (၅) အတ္တာဒါနအဓိကရုဏ်းကိုယူခြင်းကြောင့် သံဃာအား မျက်ကွယ်မျက်မှောက်ငြင်းခုံ လျက် ကိုယ်လက်ထိပါး ဆန့်ကျင်ဘက်ပြောကြားခြင်းသည်လည်းကောင်း၊ သံဃာမြေကွဲပြားခြင်းသည်လည်းကောင်း၊ သံဃာ၏အရေးသည်လည်းကောင်း၊ သံဃာခြားနားခြင်းသည်လည်းကောင်း၊ သံဃာအသီးအသီးဖြစ်ခြင်းသည်လည်းကောင်း ဖြစ်မည်မဟုတ်ဟုသိခြင်း၊ ဤအင်္ဂါ(၅)ငါးရပ်တို့ကို အဆင့်ဆင့်သိမှသာ ထိုအတ္တာဒါနာဓိကရုဏ်းကို ယူရမည်။

[တွေ့ သာသန် သောဓေတုကာမော ဘိက္ခု ယံ အဓိကရဏံ အတ္တနာ အာဒိယတိ၊ တံ အတ္တာဒါနန္တိ ဝုစ္စတိ။ **(ဋ္ဌ၊ စာ–၁၂၄)** မင်း၊ ခိုးသူ၊ ဒုဗ္ဘိက္ခ၊ မိုးရွာဘေးမရှိခြင်းကို သိခြင်းသည် ကာလကိုသိခြင်း။ ဝမ္ဘ အဝမ္ဘ၊ ဝိနယ၊ အဝိနယ၊ ဒုဿီလ၊ သီလဝ် အဖြစ်သိခြင်းသည် မှန်မမှန်သိခြင်း။ ။ အသက်အန္တရာယ် ဖြဟ္မစရိယ၏ အန္တရာယ် ရှိ မရှိသိခြင်း၊ အကျိုးနှင့် စပ်မစပ်သိခြင်း။

စောဒကပုဂ္ဂိုလ် ဆင်ခြင်ထိုက်သော တရား

(၁) ငါသည် ကိုယ်အကျင့်စင်ကြယ်ပါ၏လော၊ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် ပြည့်စုံပါ၏လော။

(၂) ငါသည် နှုတ်အကျင့်စင်ကြယ်ပါ၏လော၊ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် ပြည့်စုံပါ၏လော။

(၃) ငါ၏မေတ္တာစိတ်သည် ရှေးရှုတည်ပါ၏လော၊ သီတင်းသုံးဘော်တို့၌ အမျက်ကင်းပါ၏လော။

(၄) ငါသည် အကြားအမြင်များပါ၏လော၊ အကြားအမြင်ကို ဆောင်ပါ၏လော၊ အကြားအမြင်ကို စုဆောင်းပါ၏လော၊ အစ၌ကောင်းခြင်း အလယ်၌ကောင်းခြင်း အဆုံး၌ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့် တကွဖြစ်သည့်ပြင် ထက်ဝန်းကျင်ပြည့်စုံလျက် ဖြူစင်သော မြတ်သောအကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို များစွာကြားနာဖူးပါ၏လော၊ နှုတ်ဖြင့်ဆောင်ဖူးပါ၏လော၊ လေ့ကျက်ဖူးပါ၏လော၊ စိတ်ဖြင့် ဆင်ခြင်ဘူးပါ၏လော၊ ပညာဖြင့်ထိုးထွင်း၍ သိဘူးပါ၏လော။

(၅) ငါသည် ပါတိမောက်နှစ်မျိုးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရ၏လော၊ ကောင်းစွာဝေဖန်ပြီးဖြစ်၏လော၊ ကောင်းစွာဖြစ်ခြင်းရှိ၏လော၊ ပါဠိအားဖြင့်လည်းကောင်း အဋ္ဌကထာအားဖြင့်လည်းကောင်း၊ ကောင်းစွာဆုံးဖြတ်ပြီးဖြစ်၏လော၊ ဤတရား (၅) ပါးတို့ကို မိမိသန္တာန်၌ ရှိပါ၏လောဟု ဆင်ခြင်၍ သူတစ်ပါးကို စောဒနာရမည်။

စောဒကပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်စေရမည့်သဘောတရား

(၁) သင့်လျော်သောအခါ၌ ပြောဆိုအံ့ [တစ်ယောက်သည် တစ်ယောက်ကိုခွင့်ပြုစေ၍ စောဒနာခြင်း] မသင့်လျော်သောအခါ၌ မပြောဆိုအံ့၊ [သံဃာအလယ် ဂိုဏ်းအလယ် စာရေးတံတင်းကုတ် ယာဂုလှူသောတင်းကုတ် ဆွမ်းမခံမီစည်းဝေးရာတန်ဆောင်း ဆွမ်းခံ ခရီး အာသနသာလ–စသည်တို့၌လည်းကောင်း အလုပ်အကျွေးတို့ခြံရံသော အခါ၌လည်းကောင်း မစောဒနာခြင်း]

(၂) မှန်သောစကားဖြင့် ပြောဆိုအံ့၊ မမှန်သောစကားဖြင့် မပြောဆိုအံ့၊ (၃) သိမ်မွေ့သောစကားဖြင့် ပြောဆိုအံ့၊ ကြမ်းတမ်းသောစကားဖြင့် မပြောဆိုအံ့၊ (၄) အကျိုးနှင့်စပ်သောစကားဖြင့် ပြောဆိုအံ့၊ အကျိုးနှင့်မစပ်သောစကားဖြင့် မပြောဆိုအံ့၊ [ကာရဏာနိဿိတံ ပန ကတွာ ဝဒန္တော အတ္ထသံဟိတေန ဝဒတိ နာမ] **(ဋ္ဌ၊ စာ–၁၂၆)**

(၅) မေတ္တာစိတ်ထားလျက် ပြောဆိုအံ့၊ ဒေါသစိတ်ထားလျက် မပြောဆိုအံ့၊ စောဒကရဟန်းသည် ဤတရားငါးပါးတို့ကို မိမိသန္တာန်၌ဖြစ်စေ၍ သူတစ်ပါးကို စောဒနာရမည်။

တရားသဖြင့် စောဒနာသောရဟန်းအား ဤအခြင်းအရာ (၅)မျိုးတို့ဖြင့် နှလုံးရွှင်ပြခြင်းကိုဖြစ်စေ၏။ အပြန်အားဖြင့် အဓမ္မစောဒကအား မသင့်လျော်သောအခါစသည် (၅)မျိုးတို့ဖြင့် စောဒနာမှု နှလုံးမသာယာခြင်းကို ဖြစ်စေ၏။

၁၁ - ဘိက္ခုနိက္ခန္ဓက

ဂရုဓံ (၈)ပါး

(၁) ဘိက္ခုနီမသည် ပဥ္စင်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ထိုနေ့ပဥ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းအမှုကို ပြုရမည်။ (၂) ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုအပ်။ (၃) လခွဲတိုင်းလခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်ကိုမေးခြင်း၊ အဆုံးအမခံရန် ချဉ်းကပ်ခြင်းဟူသောဤတရား (၂)ပါးတို့ကို လိုလားတောင့်တရမည်။ (၄) ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ ပဝါရဏာပြုရမည်။ (၅) ကြီးလေးသော သံဃာဒိသေသ် အာပတ်သို့ သင့်ရောက်သော ဘိက္ခုနီမသည် နှစ်ဖက်သောသံဃာ၌ တစ်ဆယ့်ငါးရက် မာနတ်ကျင့်ရမည်။ (၆) (၂) နှစ်တို့ပတ်လုံး တရား(၆)ပါးတို့၌ အကျင့်ကို ကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သောသံဃာ၌ ပဥ္စင်းခံခြင်းကို ရှာရမည်။ (၇) ရဟန်းယောကျ်ားကို တစ်စုံတစ်ခုသောအကြောင်းဖြင့် မဆဲရေးအပ်၊ မရေ ရွတ်အပ်။ (၈) ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်း ယောကျ်ားတို့၏အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏။ ဘိက္ခုနီမတို့အပေါ်၌ ရဟန်းယောကျ်ားတို့၏ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ ဤတရားတို့ကို ရိုသေ၍ လေးစား၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ **(ပါ၊ စာ-၄၄၄)**

အာနန္ဒာ ယောကျ်ားသည် ရေကန်ကြီး၏ကန်ပေါင်ရိုးကို ရေမလွန်ခြင်းငှာ စောစောကကြိုတင်၍ ကန်သင်းဖွဲ့သကဲ့သို့ ဤအတူပင်ငါသည် ဘိက္ခုနီမတို့အတွက် ဂရုဓံရှစ်ပါးတို့ကို ပညတ်ပြီးခဲ့ပြီ။ အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်။ **(၁၀၀၀ တည်လတ္တံ့ဟူ။)**

ဝဿသဟဿ

[ပဋိသမ္ဘိဒါပတ္တခီဏာသဝ အစွမ်းဖြင့်သာ ၁၀၀၀။ သုက္ခဝိပဿကခီဏာသဝအားဖြင့် ၁၀၀၀၊ အနာဂါမိ ၁၀၀၀၊ သကဒါဂါမိ - ၁၀၀၀၊ သောတာပန် - ၁၀၀၀၊ ဤနည်း ပဋိဝေဓသာသနာ - ၅၀၀၀ တည်လတ္တံ့။ ပရိယတ္တိလည်းနည်းတူ။ လိင်္ဂသာသနာကား ပရိယတ်ကွယ်ပြီးသော်လည်း ကြာမြင့်စွာ ဖြစ်လိမ့်လတ္တံ့။] ဤကား ခန္ဓကဘာဏကတို့၏ အလိုအားဖြင့်ဟူ၏။

ဒီဃနိကာယဋ္ဌကထာ၌ကား - ပဋိသမ္ဘိဒါပတ္တ-၁၀၀၀၊ ဆဠဘိည-၁၀၀၀၊ တေဝိဇ္ဇ-၁၀၀၀၊ သုက္ခဝိပဿက-၁၀၀၀၊ ပါတိမောက္ခ-၁၀၀၀ ဟုလာ၏။

အင်္ဂုတ္တရနိကာယဋ္ဌကထာ၌ကား – မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်–၁၀၀၀–သာ ပဋိသမ္ဘိဒါဖြစ်ခြင်းငှာ စွမ်းနိုင်ကုန်၏။ ထိုနောက် – ဆဠဘိညာ၊ ထိုနောက် တိသော ဝိဇ္ဇာ၊ ထိုနောက် သုက္ခဝိပဿက၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်ဟုလာ၏။

သံယုတ်အဋ္ဌကထာ၌ကား – ပဌမဗောဓိ၌ ပဋိသမ္ဘိဒါပတ္တ၊ ကြာသော် ဆဠဘိည စသည်ဖြင့်လာ၏။ ။ ထိုထိုဘာဏကတို့၏ အလိုအားဖြင့်လာ၏ဟူ။ **(သာ၊ ဓာ–၄၃၉၊ ၄၄၀)**

ဥဒ္ဒိဿဒါန

ရဟန်းတို့သုံးဆောင်ရန် မိမိအားလှူထားသည်ကို အခြားသူတို့အား မလှူအပ်၊ လှူသောရဟန်း ဒုက္ကဋ်။ စားသောက်ဖွယ်ပေါ်များ၍ သံဃာအားလှူရန် ပုဂ္ဂလိကအလှူကိုလည်း လှူရန်ခွင့်ပြု၏။

[အတ္တနော ပရိဘောဂတ္ထာယ ဒိန္နံ နာမ ယံ ''တုမှေယေဝ ပရိဘုဉ္ဇထာ''တိ ဝတွာ ဒိန္နံ၊ တံ အညဿ ဒဒတော ဒုက္ကဋံ၊ အင်္ဂ ဂဟေတွာ ပန ဒါတုံ ဝဋ္ဋတိ၊ သစေ အသပ္ပါယံ၊ သဗ္ဗံ အပနေတုံ ဝဋ္ဋတိ။ စီဝရံ ကောဟံ ဝါ ဒွိဟံ ဝါ ပရိဘုဉ္ဇိတွာ ဒါတုံ ဝဋ္ဋတိ၊ ပတ္တာဒီသုပိ ဧသေဝ နယော။] **(ဋ္ဌ၊ ဓာ–၁၃၀)**

(၁၁) ပဉ္စသတိကက္ခန္ဓက

[**ရှင်အာနန္ဒာကို ဒုက္ကဋ်ဟုဆိုခြင်းမှာ** – တယာ ဒုဋ္ဌကတံ–ဟုသာ ဆိုခြင်းဖြစ်သည်။ အာပတ်ကို ရည်၍မဆို။ ဤအရာ၌ ပညတ်ပြီး အာပတ်လည်းမရှိ။ ။ ရှင်အာနန္ဒာက – အပိစာယသ္မန္တာနံ သဒ္ဓာယ ဒေသေမိ တံ ဒုက္ကဋံ–ဟုဆိုခြင်းမှာ–ယထာ တုမှေ ဝဒထ တထာ ပဋိဇာနာမိ–**(ဋ္ဌ၊ ဓာ–၁၃၃)**ဟု ဆိုလိုခြင်းဖြစ်သည်။ ဒေသနာ ကြားသည်မဟုတ်။

(၁၂) သတ္တသတိကက္ခန္ဓက

(၁) သားချိုဖြင့်ဆောင်ထားသော ဆားသည် အပ်၏။ [ကာလိကခြင်းရောယှက်] (၂) နေရိပ်လက်နှစ်သစ် လွန်ချိန်၌စားသောက်ခြင်းသည် အပ်၏။ (၃) ရွာတစ်ပါးသို့သွားမည့်ရဟန်းအား အတိရိက်ဝိနည်းကံမပြုဘဲ စားသောက်ခြင်းသည် အပ်၏။ (၄) တစ်သိမ်တည်း၌ သံဃာ့ကံကို အသီးအခြားပြုခြင်းသည် အပ်၏။ (၅) ဆန္ဒပေးခြင်းသည် အပ်၏။ (၆) ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏၊ (ဓမ္မိကသာ အပ်၏၊ အဓမ္မိကကား မအပ်)။ (၇) အတိရိက်ဝိနည်းကံမပြုဘဲ နို့ဓမ်းမဖြစ်မီ နို့ရည်ကို သုံးဆောင်ခြင်းသည် အပ်၏။ (၈) သေနကိုသောက်ခြင်းသည် အပ်၏။ (၉) အဆာအမြိတ်မပါသော နိသီဒိုင်သည် အပ်၏။

[ဆေဒနကေ ပါစိတ္တိယန္တိ သုတ္တဝိဘင်္ဂေ ဟိ ''နိသီဒနံ နာမ သဒသံ ဝုစ္စတီ''တိ အာဂတံ။ တသ္မာ ဒိန္နံ သုဂတဝိဒတ္ထီနံ ဥပရိ ဒသာယေဝ ဝိဒတ္ထိမတ္တာ လဗ္ဘတိ။ ဒသာယ ဝိနာ တံ ပမာဏံ

ကရောန္တဿ ဣဒံ အာဂတမေဝ ဟောတိ ''တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယ''န္တိ။ **(ဋ၊ စာ-၁၃၅)**] (၁၀) ရွေ့ငွေသည် အပ်၏။ ဤကား ဝဇ္ဇီတိုင်းသား ရဟန်းတို့ယူသော ဝတ္ထု (၁၀)ပါးတည်း။

အရှင်အာနန္ဒာ၏သက်နိုး အသုံးပြုနည်း

(၁) သင်္ကန်းသစ်အများကို အားနည်းသောသင်္ကန်းရှိသော ရဟန်းတို့နှင့်အတူ ခွဲဝေ၏။ (၂) အားနည်းသောသင်္ကန်းဟောင်းတို့ကို အပေါ်ခင်း၊ (၃) အပေါ်ခင်းဟောင်းတို့ကို ဘုံလျှိုစွပ်။ (၄) ဘုံလျှိုစွပ်အဟောင်းတို့ကို မြေအခင်း။ (၅) မြေအခင်းအဟောင်းတို့ကို ခြေသုတ်ကြိုးဝန်း၊ (၆) ခြေသုတ်ကြိုးဝန်းအဟောင်းတို့ကို ဖုန်သုတ်ပဝါ။ (၇) ဖုန်သုတ်ဖုန်ခါအဟောင်းတို့ကို နုပ်နုပ်စဉ်းထောင်း၍ ညွှန်ဖြင့်နယ်ပြီးလျှင် အကျည်ကိုလိမ်းကျံကုန်၏။ **(ပဥ္စသတိကက္ခန္ဓက)**

အစ္စယဒါန

[သစေ ဟိ ပဥ္စသု သဟဓမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော - ''မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿ ကဿစိ ဟောတူ''တိ ဝဒတိ၊ တေသံ န ဟောတိ၊ သံဃဿေဝ ဟောတိ၊ န ဟိ ပဥ္စန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတိ၊ ဘိက္ခု ဟိ ဘိက္ခုနိဝိဟာရေ ကာလံ ကရောတိ၊ တဿ ပရိက္ခာရော ဘိက္ခုနံယေဝ ဟောတိ၊ ဘိက္ခုနီ ဘိက္ခုဝိဟာရေ ကာလံ ကရောတိ၊ တဿာ ပရိက္ခာရော ဘိက္ခုနီနံယေဝ ဟောတိ။ **(ဘိက္ခုနီက္ခန္ဓက ဋ၊ စာ-၁၃၀)**

နဝကမ္မန္တိ သံဃဿတ္ထာယ ဘိက္ခုနိယာ နဝကမ္မံ ကာတုံ အနုဇာနာမီတိ အတ္ထော။ **(ဋ၊ စာ-၁၃၁)**

ပရိဝါ

အန္တရာယိကာ–အနန္တရာယိကာ၊ [အန္တရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တီတိ အန္တရာယိကာ၊ အဇာနန္တေန ဝီတိက္ကန္တာ ပန ပဏ္ဏတ္တိဝဇ္ဇာ ပတ္တိ နေဝ သဂ္ဂန္တရာယံ န မောက္ခန္တရာယံ ကရောတီတိ အနန္တရာယိကာ] **(ဋ္ဌ၊ စာ–၁၅၇)**

အာပတ် (၃)မျိုး

(၁) လောဟိတုပ္ပါဒအာပတ်သည် မြတ်စွာဘုရား ထင်ရှားရှိစဉ်သာသင့်၏။ (၂) နဝကသည် မထေရ်တို့ကို ဘန္တေ၊ အာယသ္မာဟုမခေါ်ဘဲ အာဝုသောဟုခေါ်ခြင်းကြောင့် သင့်သောအာပတ်သည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးမှ သင့်သောအာပတ်ဖြစ်၏။ (၃)ကြွင်းတို့ကား–၂–ဌာနတို့၌ ဖြစ်၏။ **(ဋ္ဌ၊ စာ–၁၆၂)**

အလျှမ်း (၃)ပါး

ဖန္ဒာဃရမေဝ ပဋိစ္ဆာဒိ ဖန္ဒာဃရပဋိစ္ဆာဒိ၊ ဣတရေသုပိ ဧသေဝ နယော၊ ဒွါရံ ပိဒဟိတွာ အန္တော ဖန္ဒာဃရေ ဌိတေန ပရိကမ္မံ ကာတုံ ဝဋ္ဋတိ။ ဥဒကေ ဩတိဏ္ဏေနာပိ တေဒေဝ ဝဋ္ဋတိ၊ ဥဘယတ္ထ ခါဒိတုံ ဝါ ဘုဉ္စိတုံ ဝါ န ဝဋ္ဋတိ၊ ဝတ္ထပဋိစ္ဆာဒိ သဗ္ဗကပ္ပိယတာယ ပဋိစ္ဆန္နေန သဗ္ဗံ ကာတုံ ဝဋ္ဋတိ၊ **(ဋ္ဌ၊ စာ–၁၆၄)**

သာရဏီယဓမ္မ (၆)ပါး

ဤသာသနာတော်၌ ရဟန်းသည် သီတင်းသုံးဖော်တို့အပေါ်ဝယ် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ၊ (၁)မေတ္တာကာယကံ၊ (၂) မေတ္တာဝစီကံ၊ (၃) မေတ္တာမနောကံကို ရှေးရှုဆောက်တည်၏။ (၄) တရားနှင့်ညီညွတ်စွာဖြစ်၍ တရားသဖြင့်ရအပ်ကုန်သော လာဘ်ပစ္စည်းတို့ကို အယုတ်သဖြင့် သပိတ်အတွင်း၌ဝင်သော တစ်ယောက်မ နှစ်ယောက်မသော ဆွမ်းမျှကိုသော်လည်း သီလရှိသော သီတင်းသုံးဖော်တို့နှင့် မခွဲခြားမူ၍ သုံးဆောင်၏။ ဆက်ဆံသဖြင့် သုံးဆောင်၏။

[အာဘတံ ပိဏ္ဍပါတံ ထေရာသနတော ပဋ္ဌာယ ဒတွာ ဂဟိတာဝသေသံ ဘုဉ္ဇတိ၊ သီလဝန္တေဟီတိ ဝစနတော ဒုဿီလဿ အဒါတုမ္ပိ ဝဋ္ဋတိ၊ သာရဏီယဓမ္မပူရကေန ပန သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ ဝုတ္တံ၊ ဂိလာနဂိလာနုပဋ္ဌာကအာဂန္တုကဂမိကာစီဝရကမ္မာဒိပသုတာနံ ဝိစေယျ ဒါတုမ္ပိ ဝဋ္ဋတိ။ န ဟိ ဧတေ

ဝိစိနိတ္វာ ဒေဿနေ ပုဂ္ဂလဝိဘာဂေါ ကတော ဟောတိ။ ဤဒိသာနံ ဟိ ကိစ္စလာဘတ္ထာ ဝိသေသော ကာတဗ္ဗောယေဝါတိ အယံ ကရောတိ။] **(ဋ၊ စာ–၁၅၄)**

(၅) မကျိုးမပေါက် မပြောက်မကြားသည့်ပြင် တော်လှန်ခြင်းကိုပြုတတ်ကုန်သည်ဖြစ်၍ ပညာရှိ တို့ချီးမွမ်းအပ် အမှားမသုံးသပ်အပ် ဥပစာ အပ္ပနာ သမာဓိကိုဖြစ်စေတတ်ကုန်သော သီလတို့၌ သီတင်း သုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ တူမျှသောသီလရှိသည် ဖြစ်၍နေ၏။

[ယာနိ ပန သဗ္ဗေန သဗ္ဗံ အဘိန္နာနိ သီလာနိ၊ တာနိ တာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ နာမ ဟောန္တိ။] **(ဋ၊ စာ–၁၅၄)**

(၆) အပြစ်မရှိသည့်ပြင် ဝဋ်ဆင်းရဲမှလွတ်မြောက်တတ်သည်ဖြစ်၍ ထိုမြတ်စွာဘုရားဆုံးမတော်မူ တိုင်း ကျင့်သောသူအား ကောင်းစွာ ဆင်းရဲ၏ကုန်ခြင်းငှာ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော မဂ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ တူသောအယူရှိသည် ဖြစ်၍နေ၏။ **(ပါဠိ၊ စာ–၁၆၈) (ဋ၊ စာ–၁၅၄)**

သာရဏီယဓမ္မ

အဒိါတုမ္ပိတိ ပိသဒ္ဒေန ဒါတုမ္ပိ ဝဋ္ဋတီတိ ဒဿေတိ။ ဒါနဥ္စိ နာမ န ကဿစိ နိဝါရိတံ၊ တေန ဒုဿီလဿာပိ အတ္ထိကဿ သတိ သမ္ဘဝေ ဒါတဗ္ဗံ။ တဥ္စ ခေါ ကရုဏာယနဝသေန, န ဝတ္တပူရဏဝသေန။ သာရဏီယဓမ္မပူရကဿ အပ္ပဋိဝိဘတ္တဘောဂိတာယ "သဗ္ဗေသံ ဒါတဗ္ဗမေဝါ"တိ ဝုတ္တံ။ ။ သာရဏီယ ဓမ္မော ဟိ မုတ္တပလိဗောဓဿေဝ ဝဋ္ဋတိ။ [**(သာ၊ စာ–၄၅၉၊ ၄၆၀)**ဖြည့်ကျင့်ပုံ ကျယ်စွာလာ၏။]

ဤသာရတ္ထ၌ သာရဏီယဓမ္မ ပူရကရဟန်းက – သော ပရိယာယေနပိ အသန္တံ အဝဒန္တော "နတ္ထိ မယှံ မဟာရာဇ လောကုတ္တရဓမ္မော"တိ အာဟ–ဟု **(သာ၊ စာ–၄၆၂)** မိမိလောကုတ္တရာဓမ္မ မရကြောင်း လူအား ပြောကြားသည်အရလာ၏။

ဒုဿီလဿ အဒါတုမ္ပိ ဝဋ္ဋတီတိ ဝုတ္တတ္တာ ဝေ အလဇ္ဇိပရိဘောဂေါ ဝါရိတော၊ သဗ္ဗေသံ ဒါတဗ္ဗမေ ဝါတိ သန္နိဋ္ဌာနေန အဇာနန္တေန ဝိဘာဂံ အကတွာ ဒါတဗ္ဗဘာဝံ ဒီပေတီတိ ဧကေ။ "သဗ္ဗေသံ ဒါတဗ္ဗမေဝါ"တိ ဝုတ္တံ အဋ္ဌကထာသု။ တတ္ထ "အလဇ္ဇိဥက္ခိတ္တကာနံ ပရိဘောဂသီသေန သဟတ္ထာ န ဒါတဗ္ဗံ၊ ဒါပေတဗ္ဗန္တိ အပရေ"တိ။ ဝုတ္တံ။ **(ဗိ–၅၄၆)**

ဝတ္တက္ခန္ဓကနှင့် အနာဒရိယ

သမာစာရဝတ္တက္ခန္ဓက၌ ဟောအပ်ကုန်သော မြင့်မြတ်သောပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ် တို့သည် ဖြစ်ကုန်သနည်း။ **(ပါ၊ စာ–၂၀၉)** သမာစာရံ ပူရိုသန္တိ ဝုတ္တေ ဝတ္တက္ခန္ဓကေ ကော ဒုက္ကဋာ ပတ္တိယောဝ၊ သာ သဗ္ဗဝတ္တေသု အနာဒရိယေန ဟောတိ။ **(ဋ၊ စာ–၁၅၆)**

သံဝါသ သံဝါသက

သာဝကာ ဘဗ္ဗာပတ္တိကာ နာမ၊ ဇုဒ္ဓိ စ ပစ္စေကဇုဒ္ဓိ စ အဘဗ္ဗာပတ္တိကာ နာမ။ ဥက္ခေပနီယ ကမ္မကတော ဥက္ခိတ္တကော နာမ၊ အဝသေသစတုဗ္ဗိတေဇ္ဇနီယာဒိကမ္မကတော အနုက္ခိတ္တကော နာမ။ အယံ ဟိ ဥပေါသထံ ဝါ ပဝါရဏံ ဝါ ဓမ္မပရိဘောဂံ ဝါ အာမိသပရိဘောဂံ ဝါ န ကောပေတိ။ ။ ယေန သဒ္ဓိံ ဥပေါသထာဒိကော သံဝါသော အတ္ထိ၊ အယံ သမာနသံဝါသကော၊ ဣတရော နာနာသံဝါသကော၊ သော ကမ္မနာနာသံဝါသကော လဒ္ဓိနာနာသံဝါသကောတိ ဒုဝိဓော ဟောတိ။ **(ဠ–ကင်္ကာဝိ၊ စာ–၁၅၈၊ ၁၅၉)**

ဒေသိတာ ဂဏနုပဂါ

ဒေသိတာ ဂဏနူပဂါ နာမ ယာ ဓုရနိက္ခေပံ ကတွာ ပုန န အာပဇ္ဇိဿာမီတိ ဒေသိတာ ဟောတိ၊ အဂဏနူပဂါ နာမ ယာ ဓုရနိက္ခေပံ အကတွာ သဉ္ဉာဟေနေဝ စိတ္တေန အပရိသုဒ္ဓေန ဒေသိတာ ဟောတိ။ အယံ ဟိ ဒေသိတာပိ ဒေသိတဂဏနံ န ဥပေတိ။ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတိ။ **(ဠ၊ စာ–၁၅၈)**

ပုနပိ အာပဇ္ဇိဿာမီတိ သဉ္ဉာဟေနေဝ စိတ္တေန။ ''အယံ ဘိက္ခုနိယာ ဝေါ''တိ လိခိတံ။ **(ဇီ၊ စာ–၅၅၇)** (ဤသည် တို့ကိုထောက်၍ ဘိက္ခုတို့၌ အာယတိ သံဝရ မရှိသော်လည်း ဒေသနာကြားက ထသောဟူ၏။)

န ကေဝလဥ္စ ဘိက္ခုနိယာ ဝေ၊ ဘိက္ခုနိမ္ပိ ဓူရနိက္ခေပံ အကတွာ ထောကံ ထောကံ သပ္ပိအာဒိကံ ထေယျာယ ဂဏှန္တာနံ ပါဒဂ္ဃနကေ ပုဏ္ဏေ ပါရာဇိကမေဝ။ ကေစိ ပန ''အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတီတိ ဝုတ္တတ္တာ အဋ္ဌဝတ္ထုကမေဝေတံ သန္ဓာယ ဝုတ္တ''န္တိ ဝဒန္တိ။ **(တိ၊ စာ–၂၈၅)**

အန္တရာယိက အနန္တရာယိက

အန္တရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တီတိ အန္တရာယိကာ၊ အဇာနန္တေန ဝီတိက္ကန္တာ ပန ပဏ္ဏတ္တိဝဇ္ဇာပတ္တိ နေဝ သဂ္ဂန္တရာယံ န မောက္ခန္တရာယံ ကရောတီတိ အနန္တရာယိကာ။ အန္တရာယိကံ အာပန္နဿာပိ ဒေသနာဂါမိနိံ ဒေသေတွာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌာယ သုဒ္ဓိပတ္တဿ သာမဏေရဘူမိယံ ဌိတဿ စ အဝါရိတော သဂ္ဂမောက္ခမဂ္ဂေါတိ။ **(ဠ၊ စာ–၁၅၇)**

အဇာနန္တေန ဝီတိက္ကန္တာတိ ပဏ္ဏတ္တိံ ဝါ ဝတ္ထုံ ဝါ အဇာနန္တေန ဝီတိက္ကန္တာ ပထဝီခဏနသဟ သေယျာဒိကာ၊ သာပိ ပစ္ဆာ အာပန္နဘာဝံ ဉတွာ ပဋိကမ္မံ အကရောန္တဿ အန္တရာယိကာဝ ဟောတိ။ **(တိ၊ စာ–၂၈၅)**

အစိတ္တက

ဝိသေသတော စ ဝတ္ထုဇာနနစိတ္တာဘာဝေနအပကတညုနော ပဏ္ဍုတ္တိဇာနနစိတ္တာဘာဝေန ဝါ အစိတ္တကဘာဝေန အစိတ္တကံ ဟောတိ။ တတ္ထ ကေန္တာစိတ္တကဥ္စ သစိတ္တကဥ္စ ''အစိတ္တက''မိစ္စေဝ ဝုစ္စတိ။ **(ဓီ၊ တာ-၁၁၆)**

တံမြက်လှည်းခြင်းအကျိုး

(၁) သကစိတ္တံ ပသီဒတိ၊ (၂) ပရစိတ္တံ ပသီဒတိ။ (၃) ဒေဝတာ အတ္တမနာ ဟောန္တိ။ (၄) ပါသာဒိကသံဝတ္တနိကံ ဥပစိနတိ၊ (၅) သတ္ထုသာသနံ ကတံ ဟောတိ။ [ဣဒံ သမ္မဇ္ဇနဝတ္တံ နာမ ဗုဒ္ဓေဟိ ဝဏ္ဏိတံ၊ တသ္မာ တံ ကရောန္တေန သတ္ထုသာသနံ ကတံ ဟောတိ] **(ပါဠိ တာ-၂၃) (ဌ၊ တာ-၁၇၅)**

နဝအဝမ္ပိကဒါန

(၃) သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။ (၆)စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ။ (၉) ပုဂ္ဂလဿ ပရိဏတံ အညပုဂ္ဂလဿ ဝါ သံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ။ **(ဌ၊ တာ-၁၈၁၊ ၁၈၂)**

တီဏိ ဝမ္ပိကဒါန

(၁) သံဃဿ နိန္နံ သံဃဿေဝ ဒေတိ၊ (၂) စေတိယဿ နိန္နံ စေတိယဿေဝ၊ (၃) ပုဂ္ဂလဿ နိန္နံ ပုဂ္ဂလဿေဝ ဒေတီတိ ဣမာနိ တီဏိ။ **(ဌ၊ တာ-၁၈၂)**

ဒသ သေနာသန

ဒသ သေနာသနာနီတိ မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနံ စိမိလိကာ ဥတ္တရတ္ထရဏံ တဋ္ဋိကာ စမ္မခဏ္ဍော နိသီဒနံ တိဏသန္ထာရော ပဏ္ဏသန္ထာရောတိ။ **ဒသ ဝရာနိ ယာစိံသူ**တိ ဝိသာခါ အဋ္ဌ၊ သုဒ္ဓေါဒနမဟာရာဇာ ဧကံ၊ ဇီဝကော ဧကံ။ **(ဌ၊ တာ-၁၈၃) ဧကာဒသ ဝရာနီ**တိ မဟာပဇာပတိယာ ယာစိတဝရေန သဒ္ဓိံ ပုဗ္ဗေ ဝုတ္တာနိ ဒသ **(ဌ၊ တာ-၁၈၄)**

ဧကံသံ စီဝရံ ကတွာတိ

ကေသ္မိံ အံသကူဋေ စီဝရံ ကတွာ၊ သာဓုကံ ဥတ္တရာသင်္ဂံ ကတွာတိ အတ္ထော။ **(ဌ၊ တာ-၁၈၇)**

ဒိဋ္ဌာဝိကမ္မ

အဓမ္မ-အာပတ္တိဒေသနာ-ဝိနယကမ္မ

(၁) အာပတ်မသင့်သည်၌ အာပတ်သင့်သည်ဟု ဒေသနာကြား၏။ (၂) ဒေသနာဂါမ်မဟုတ်သော (ဂရုက)အာပတ်ဖြင့် အယူကိုထင်စွာပြု၏။ [ပါရာဇိကသံဃာဒိသေသ်ကို ဒေသနာကြား၏ဟူ၏] (၃)ဒေသနာကြားအပ်ပြီးသောအာပတ်ကို တစ်ဖန်ဒေသနာကြား၏။ (၄) ရဟန်းလေးယောက်ငါးယောက်တို့ တစ်ပေါင်းတည်း ဒေသနာကြား၏။ (၅) ဝစီဘေဒမပြုဘဲ စိတ်ဖြင့်သာ အာပတ်ကိုဒေသနာကြား၏။ (၆) လဒ္ဓိနာနာသံဝါသက ကမ္မနာနာသံဝါသကထံ၌ ဒေသနာကြား၏။ [မာဠကသီမာယ ဟိ ဋ္ဌိတေန သီမန္တရိကာယ ဋ္ဌိတဿ, သီမန္တရိကာယ ဝါ ဋ္ဌိတေန အဝိပ္ပဝါသသီမာယ ဋ္ဌိတဿာပိ အာပတ္တိံ ဒေသေတုံ န ဝဋ္ဋတိ] (၇) နာနာသီမ၌တည်သော သမာနသံဝါသကထံ၌လည်း ဒေသနာကြား၏။ (၈) ပကတတ်မဟုတ်သူထံ၌ ဒေသနာကြား၏။ [ဥက္ခိတ္တကဿ ဝါ ယဿ ဝါ ဥပေါသထပဝါရဏာ ဌပိတာ ဟောန္တိ၊ တဿ သန္တိကေ ဒေသေတီတိ အတ္ထော။] ဗျတိရေကအားဖြင့် ဓမ္မကံကိုသိ။ [(ပါ ၃၂၄-၅-စာ-၂၁၉)]

ရှိမခိုးအပ်သော ပုဂ္ဂိုလ်

အနာပတ္တိကရ ပုဂ္ဂိုလ်-၁၃- (၁) ရွာတွင်းဝင်သောသူ၊ (၂)လမ်းခရီးသွားသူ၊ (၃) အမိုက်မှောင်၌ နေသောသူ၊ [တံ ဟိ ဝန္ဒန္တဿ မဉ္စပါဒါဒီသုပိ နလာတံ ပဋိဟညေယျ] (၄) အမှုပြုဆဲဖြစ်၍ နှလုံးမသွင်းသောသူ၊ (၅) အိပ်သောသူ၊ [သုတ္တေတိ နိဒ္ဒံ ဩက္ကန္တော] (၆) ယာဂုသောက်ရာ၌၊ (၇) ဆွမ်းစားဇရပ်၌၊ (၈) တစ်ဖက်သော ရန်သူအဖို့၌တည်သော ဝေရီဝိသဘာဂပုဂ္ဂိုလ်၊ [အယံ အဝန္ဒိယော၊ အယံ ဟိ ဝန္ဒိယမာနော ပါဒေနပိ ပဟရေယျ] (၉) တစ်ပါးကို ကြံအောက်မေ့သူ၊ [အညံ စိန္တယမာနော] (၁၀) ခဲဖွယ်ခဲဆဲသောသူ၊ (၁၁) စားဆဲသောသူ၊ (၁၂) ကျင်ကြီးစွန့်ဆဲသောသူ၊ (၁၃) ကျင်ငယ်စွန့်ဆဲသောသူ၊ [အနောကာသဂတတ္တာ အဝန္ဒိယော] ၎င်းတို့ကို ရှိမခိုးအပ်။

အာပတ္တိကရ အဝန္ဒိယ ပုဂ္ဂိုလ် -၁၂- (၁) နဂ္ဂ၊ (၂) ဥက္ခိတ္တက [တိဝိဓေနပိ ဥက္ခေပနိယကမ္မေန ဥက္ခိတ္တကော အဝန္ဒိယော၊ တဇ္ဇနီယာဒိကမ္မကတာ ပန စတ္တာရော ဝန္ဒိတဗ္ဗာ၊ ဥပေါသထပဝါရဏာပိ တေဟိ သဒ္ဓိံ လဗ္ဘန္တိ။] (၅၊ စာ-၂၂၄) (၃) သီတင်းငယ်၊ (၄) သာမဏေ၊ (၅) အဓမ္မဝါဒီနာနာသံဝါသက သီတင်းကြီး၊ (၆) မိန်းမ၊ (၇) ပဏ္ဍုက်၊ (၁၂) ဂရုကဋ္ဌ ပုဂ္ဂိုလ်(၅)ဦးတို့ကို ရှိမခိုးအပ်။

[အာဒိတော ပဋ္ဌာယ စ ဝုတ္တေသု အဝန္ဒိယေသု နဂ္ဂဥ ဥက္ခိတ္တကဥ ဝန္ဒန္တဿေဝ အာပတ္တိ။ ဣတရေသံ ပန အသာရုပ္ပဋ္ဌေန စ အန္တရာ ဝုတ္တကာရဏေန စ ဝန္ဒနာ ပဋိက္ခိတ္တာ၊ ဣတော ပရံ ပဥ္စ ဥပသမ္ပန္နာဒယော ဒသပိ အာပတ္တိဝတ္ထုဘာဝေနေဝ အဝန္ဒိယာ၊ တေ ဝန္ဒန္တဿ ဟိ နိယမေနေဝ အာပတ္တိ၊ ဣတိ ဣမေသု ပဥ္စသု ပဥ္စကေသု တေရသ ဇနေ ဝန္ဒန္တဿ အနာပတ္တိ၊ ဒွါဒသန္နံ ဝန္ဒနာယ အာပတ္တိ]
[ကထိနဝတ္ထုရဝဂ် ပါ–၃၅၇–၄–စာ–၂၂၄]

သုတ္တန္တရေဟိ အပ္ပဋိက္ခိတ္တေသု။ နဂ္ဂါဒီသု ပန ဝန္ဒိတုံ န ဝဋ္ဋတီတိ **(တီ၊ စာ–၃၀၈)** (၈) နံပါတ်။ – ''ကောဝတ္တော'' တိပိ ပဌန္တိ၊ တဿ ကုဒ္ဒေါ ကောဓာဘိဘူတောတိ ကိရတ္တော၊ ကောဝတ္တောတိပိ ကေစိ၊ ဥတ္တရာသင်္ဂံ အပနေတွာ ဌိတောတိ ကိရတ္တော။ တံ သဗ္ဗံ အဋ္ဌကထာယံ ဥဒ္ဒဋ္ဌပါဠိယာ ဝိရုဇ္ဈတီတိ။ကောဝတ္တော တိ ဟိ ဥဒ္ဒဋ္ဌံ၊ တသ္မာ န ဂဟေတဗ္ဗံ။ **(ဗိ၊ စာ–၅၇၅)**

မနောဒွါရ၌ အာပတ်မရှိ

ကာယဝါစသိကာနိစာတိ သဗ္ဗာနေဝ သိက္ခာပဒါနိ ကာယဝါစသိကာနိ၊ မနောဒွါရေ ပညတ္တံ ကေသိက္ခာပဒမ္ပိ နတ္ထိ။ **(ဌ၊ စာ–၂၂၇၊ ၂၂၈)**

တယော ပုဂ္ဂလာ န ဥပသမ္ပာဒေတဗ္ဗာတိ အဒ္ဒါနဟီနော အင်္ဂဟီနော ဝတ္ထုဝိပန္နော စ၊ တေသံ နာနာကရဏံ ဝုတ္တမေဝ။ အပိစေတ္ထ ယော ပတ္တစီဝရေန အပရိပူရော၊ ပရိပူရော စ န ယာစတိ၊ ဣမေပိ အင်္ဂဟီနေနေဝ သင်္ဂဟိတာ၊ မာတုဃာတကာဒယော စ ကရဏဒုက္ကဋကာ ပဏ္ဍကဥဘတောဗျဉ္ဇနကတိရစ္ဆာနဂတသခ်ါတေန ဝတ္ထုဝိပန္နေနေဝ သင်္ဂဟိတာတိ ဝေဒိတဗ္ဗာ။ **(ဌ၊ စာ–၂၂၉)**

ရှိခိုးနည်း

ဥပါလိ သီတင်းကြီးရဟန်း၏ ခြေတို့ကိုရှိခိုးသော သီတင်းငယ်ရဟန်းသည် (၁) လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်စံပယ်တင်၍၊ (၂) လက်အုပ်ကိုချီလျက်၊ (၃) လက်ဝါးပြင်နှစ်ဖက်တို့ဖြင့် ခြေတို့ကိုဆုပ်နယ်ကာ၊ (၄) ချစ်ခြင်းကိုလည်းကောင်း၊ (၅) ရိုသေခြင်းကိုလည်းကောင်းဖြစ်စေ၍ ရှိခိုးအပ်၏။ ဤငါးပါးသောတရားတို့ကို မိမိသန္တာန်၌ဖြစ်စေ၍ ရှိခိုးအပ်ကုန်၏။ **(ကထိနဝတ္ထုရဝဂ်–ပါ–စာ–၃၅၈)**

နိဗ္ဗာယန္တဿ ကော အာပတ္တီတိ – န စ ဘိက္ခဝေ သာရတ္တေန မာတုဂါမဿ အင်္ဂဇာတံ ဥပနိဇ္ဈာယိတဗ္ဗံ၊ ယော ဥပနိဇ္ဈေယျ အာပတ္တိ ဒုက္ကဋဿာတိ၊ [သုက္ကဝိဿဋ္ဌိ] နိဇ္ဈာယန္တဿ အယမေကာ အာပတ္တိ။ ။ **ကော ဝိဏ္ဏုပါတပစ္စယာတိ**။ န စ ဘိက္ခဝေ ဘိက္ခဒါယိကာယ မုခံ ဩလောကေတဗ္ဗန္တိ [ခုဒ္ဒကဝတ္ထု] ဧတ္ထ ဒုက္ကဋာပတ္တိ။ အန္တမသော ယာဂုံ ဝါ ဗျဉ္ဇနံ ဝါ ဒေန္တဿ သာမဏေရဿာပိ ဟိ မုခံ ဥလ္လောကယတော ဒုက္ကဋမေဝ။ (ကုရုန္ဒီကား ဘိက္ခုနီပရိပါစိတ ပါစိတ်ဟူ၏။) **(ဌ၊ စာ–၂၃၃) (ဇူဋ္ဌဝါ ပါဠိ၊ စာ–၃၈၄)**

ဧတ္ထ ဘိက္ခဒါယိကာတိ ဥပလက္ခဏဝသေန ဝုတ္တံ၊ ယာဟ ကာယစိ ဣတ္ထိယာ ဝါ ပုရိသဿ ဝါ မုခံ သာရတ္တော ဩလောကေန္တဿ ဒုက္ကဋမေဝ။ **(ဦးဇုဗ်၊ စာ–၅၃၈)**

သေနာသနက္ခန္ဓကလာ ဒသအဝန္ဒိယပုဂ္ဂိုလ်တို့အား – **အဉ္ဇလိသာမီစေနစာ**တိ သာမိစိကမ္မေန သဒ္ဓိံ အဉ္ဇလိ စ တေသံ န ကာတဗ္ဗော၊ နေဝ ပါနီယာပုစ္ဆနတာလဝဏ္ဋဂ္ဂဟဏာဒိ ခန္ဓကဝတ္တံ တေသံ ဒဿေတဗ္ဗံ၊ န အဉ္ဇလိ ပဂ္ဂဏှိတဗ္ဗောတိ အတ္ထော။ **(ဋ္ဌ၊ စာ–၂၃၄)**

သမ္ဘောဂေါ ကေစ္စော တဟိံ န လဗ္ဘတီတိ အကပ္ပိယသမ္ဘောဂေါ (မေထုနဓမ္မာဒိ) န လဗ္ဘတိ၊ နဟာပနဘောဇနာဒိပဋိဇဂ္ဂနံ ပန မာတရာယေဝ ကာတုံ လဗ္ဘတိ။ **(ဋ္ဌ၊ စာ–၂၃၇)**

ကမ္မဉ္စ တံ ကုပ္ပေယျ ဝဂ္ဂပစ္စယာတိ အယံ ပဉ္စာ ဒွါဒသယောဇနပမာဏေသု ဗာရာဏသိအာဒီသု နဂရေသု ဂါမသီမံ သန္ဓာယ ဝုတ္တာ။ **(ဋ္ဌ၊ စာ–၂၃၉)**

ကမ္မဝဂ္ဂဝဏ္ဏနာ

ကံအပြား – (၁) အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံ ကမ္မံ။ (၂) ဉတ္တိကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗံ ကမ္မံ။ (၃) ဉတ္တိဒုတိယကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယ စ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗံ ကမ္မံ။ (၄) ဉတ္တိစတုတ္ထကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ တီဟိ စ အနုဿာဝနာဟီတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗံ ကမ္မံ။

တတ္ထ အပလောကနကမ္မံ အပလောကေတွာဝ ကာတဗ္ဗံ။ ဉတ္တိကမ္မာဒိဝသေန န ကာတဗ္ဗံ။ ဉတ္တိကမ္မမ္ပိ ဧကံ ဉတ္တိံ ဌပေတွာဝ ကာတဗ္ဗံ၊ အပလောကနကမ္မာဒိဝသေန န ကာတဗ္ဗံ၊ ဉတ္တိဒုတိယကမ္မံ ပန အပလောကေတွာ ကာတဗ္ဗမ္ပိ အတ္ထိ၊ အကာတဗ္ဗမ္ပိ အတ္ထိ။

တတ္ထ သီမာသမ္မုတိ သီမာသမူဟနနံ ကထိနဒါနံ ကထိနုဒ္ဓါရော ကုဋိဝတ္ထုဒေသနာ ဝိဟာရဝတ္ထုဒေသနာတိ ဣမာနိ ဆ ကမ္မာနိ ဂရုကာနိ အပလောကေတွာ ကာတုံ န ဝဋ္ဋန္တိ၊ ဉတ္တိဒုတိယကမ္မဝါစံ သာဝေတွာဝ ကာတဗ္ဗာနိ။ အဝသေသာ တေရသ သမ္မုတိယော သေနာသနဂ္ဂါဟကမတကစီဝရဒါနာဒိ သမ္မုတိယော စာတိ ဧတာနိ လဟုကကမ္မာနိ အပလောကေတွာပိ ကာတုံ ဝဋ္ဋန္တိ၊ ဉတ္တိကမ္မဉတ္တိ စတုတ္ထကမ္မဝသေန ပန န ကာတဗ္ဗမေဝ။

သစေ ပန အက္ခရပရိဟီနံ ဝါ ပဒပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊ တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ၊ ဣဒံ အကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ။ ။
ဉတ္တိစတုတ္ထကမ္မံ ဉတ္တိဉ္စ တိဿော စ ကမ္မဝါစာယော သာဝေတွာဝ ကာတဗ္ဗံ၊ အပလောကနကမ္မာဒိဝသေန န ကာတဗ္ဗံ။ **(ဋ္ဌ၊ စာ–၂၄၃၊ ၂၄၄)**

ကံပျက်ကြောင်း (၅)ပါး

ဝတ္တု ဉတ် ကမ္မဝါ သီမ ပရိသ - ၅ -

ဝတ္ထုကြောင့်ကံပျက်ပုံ – (၁) မျက်မှောက်ပြုအပ်သောကံကို မျက်ကွယ်ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။ – [အသမ္မုခကံ – ဒူတေနုပသမ္ပဒါ – ပတ္တနိက္ကုဇ္ဇန – ပတ္တုက္ကုဇ္ဇန၊ ဥမ္မတ္တကသဘိက္ခုနော ဥမ္မတ္တကသမ္မုတိ – သေက္ခသမ္မုတိ – ဗြဟ္မဒဏ္ဍ – ပကာသနီယကမ္မံ – အဝန္ဒိယကမ္မံ (၈)ပါး။ ။ ကြွင်းကံ တို့ကား သံဃ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလ၊ သမ္မုခ၌သာ ပြုအပ်၏။ **(ဌ၊ စာ–၂၄၄)**

(၂)မေးမြန်း၍ ပြုအပ်သောကံကို မမေးမြန်းဘဲပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။ [ပုစ္ဆိတွာ စောဒေတွာ သာရေတွာ ကာတဗ္ဗံ အပုစ္ဆိတွာ အစောဒေတွာ အသာရေတွာ ကရောတိ **(ဌ၊ စာ–၂၄၄)**] (၃) ဝန်ခံခြင်းဖြင့် ပြုအပ်သောကံကို ဝန်မခံဘဲပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။ (၄) သတိထိုက်သူအား အမူဠှကို၊ (၅) အမူဠှထိုက်သူအား တဿပါပိယသိကာကံကို၊ (၆) တဿာပါပိယ ထိုက်သူအား တဇ္ဇနီယကံကို၊ (၇) တဇ္ဇနီယ(ပ)နိဿယကံကို၊ (၈) နိဿယ(ပ)ပဗ္ဗာဇနီယကံကို၊ (၉) ပဗ္ဗာဇနီယ(ပ)ပဋိသာရဏီယကံကို၊ (၁၀) ပဋိ(ပ)ဥက္ခေပနီယကံ၊ (၁၁) ဥက္ခေ(ပ)ပရိဝါသ်၊ (၁၂) ပရိဝါသ်(ပ)အရင်းသို့၊ (၁၃) အရင်း(ပ)မာနတ်၊ (၁၄) မာနတ်(ပ)အဗ္ဘာန်၊ (၁၅) အဗ္ဘာန်ထိုက်သူအား ပဥ္စင်းခံအံ့၊ (၁၆) ဥပုသ်နေ့မဟုတ်သောနေ့၌ ဥပုသ်ကို ပြုအံ့၊ (၁၇)ပဝါရဏာမဟုတ်သောနေ့ ပဝါရဏာပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။ [အဘဗ္ဗပုဂ္ဂိုလ် တို့အား ပဥ္စင်းခံပေးလျှင်လည်း ဝတ္ထုဝိပ္ပန္နဟူ၏။] ။ ဉတ်ပျက်စီးခြင်း (၅)ပါး သိသာ၏။

အနုဿာဝနပျက်ခြင်း – ဝတ္ထု [ရဟန်းလောင်းအမည်] သံဃာ၊ ပုဂ္ဂိုလ် [ဥပဇ္ဈာယ်အမည်] ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာကိုယုတ်စေ၏။ အခါမဟုတ်သည်၌လည်း ကြား၏။

ပါဠိမုတ္တက ဝိနိစ္ဆယ

ယဋ္ဌိ ဘိက္ခုသံဃော သလာကဂ္ဂယာဂဂ္ဂဘတ္တဂ္ဂဥပေါသထဂ္ဂေသု အပလောကနကမ္မံ ကရောတိ၊ တေမ္ပိ ကမ္မလက္ခဏမေဝ။ **(ဌ၊ စာ–၂၅၃)** ခဏ္ဍာသိမ်၌လည်း အပ်၏ဟူ။ (ဝိသဘာဂ ရဟန်းတစ်ပါးပါး ရှိနေလျှင် တစ်နည်းနည်းဖြင့် ကျောင်းပြင်ရောက်အောင်ပြု၍လည်းကောင်း (ဥပစာရသိမ်ပြင်ဟူ) ခဏ္ဍာသိမ်သို့ ဝင်စေ၍ လည်းကောင်း ပြုနိုင်၏။ **တိ၊ စာ–၃၁၈** ။)

(၁) အစ္ဆိန္နစီဝရ နဋ္ဌစီဝရ ဇိဏ္ဏစီဝရ ရဟန်းတို့အား သံဃာကိုစည်းဝေး၍ ဗျတ္တရဟန်းက သုံးကြိမ် ကြား၍ အပလောကနကံပြု၍ သင်္ကန်းကိုပေးအပ်၏။ (၂) အပ္ပမတ္တက ဝိဿဇ္ဇကရဟန်းသည် သင်္ကန်းချုပ်သူအား သေနာသနက္ခန္ဓက၌ ဆိုခဲ့ပြီးအတိုင်း အပ်စသည်တို့ကို မပန်ကြားမူ၍ ပေးအပ်၏။ ထိုထက်လွန်မူ ပန်ကြား၍သာ ပေးအပ်၏။ (၃) ဆေးကိုလည်း ထို၌ဆိုခဲ့သည့်အတိုင်း ပေးအပ်၏။ ထိုထက်လွန်မူ ပန်ကြား၍သာ ပေးအပ်၏။

(၄) ဒုဗ္ဗလလည်းကောင်း၊ ဆိန္နိရိယာပထလည်းကောင်း ပစ္ဆိန္နဘိက္ခာစာရပထလည်းကောင်းဖြစ်၍ မဟာဂိလာနအား တကြိမ်ပွဲဒမှ နေ့စဉ်နာဠိ ဥပမုနာဠိ သို့မဟုတ် တစ်နေ့တည်း ၅–၁၀ သော တဏ္ဍုလ နာဠိတို့ကိုပေးလျှင် အပလောကနကံပြု၍သာ ပေးအပ်၏။ (၅) ပေသလရဟန်းအား တကြိမ်ပွဲဒမှ ဣဏ

ပလိဗောဓကို။ [တဥ္စ ကူဏာယိကေဟ် ပလိဗုဒ္ဓသ လဒ္ဓိပေသလဿ သာသနုပကာရကဿ ပမာဏယုတ္တမေဝ ကပ္ပိယဘဏ္ဍံ နိယမေတွာ အပလောကေတွာ ဒါတဗ္ဗံ၊ န ပန သဟဿံ ဝါ သတသဟဿံ ဝါ မဟာဂ္ဃဏံ၊ တာဒိသဥ္စိ ဘိက္ခုစရိယဝဍ္ဍေန သဗ္ဗေဟိ ဘိက္ခူဟိ တာဒိသဿ ဘိက္ခုနော ပရိယေသိတွာ ဒါတဗ္ဗံ။ **တီ၊ စာ–၃၁၈**]

(၆) ဗဟုသုတ သံဃဘာရနိတ္ထာရက ရဟန်းအား အနုဋ္ဌာပနီယသေနာသနကို (၇) သံဃကိစ္စကို ပြုကုန်သော ကပ္ပိယကာရက စသည်တို့အား ဘတ္တဝေတနကို အပလောကနကံကို ပြု၍ပေးအပ်၏။ (၈) စတုပစ္စယအစွမ်းဖြင့်လှူသော တကြံပ္ပိဒမှ သံဃိကအာဝါသကို ပြုပြင်ခြင်းငှာ အပ်၏။ အငြင်းကို ရှောင်ရန် သလာကဂ္ဂစသည်၌ သံဃာစည်းဝေးသောအခါ ပန်ကြား၍သာပြုပြင်ပါ။ (၉) စီဝရပိဏ္ဍပါတ အတွက် ရည်မှန်းလှူသော တကြံပ္ပိဒမှ အာဝါသကိုပြုပြင်လျှင် ပန်ကြား၍ပြု။ မပန်မူ၍လည်းအပ်၏။ အငြင်းရှောင်ရန် အပလောကနကံပြု၍သာ ပြုပြင်။

(၁၀) စေတီ၌ ထီးကိုလည်းကောင်း၊ ဝေဒိက (ပန်းတင်၊ ပစ္စယ၊ ပွတ်တိုင်) ကိုလည်းကောင်း၊ ဗောဓိယရကိုလည်းကောင်း၊ အာသနဃရကိုလည်းကောင်း၊ အဆောက်အဦသစ်ကိုလည်းကောင်း၊ ဇိဏ္ဏကို ပြင်လိုလျှင်လည်းကောင်း အင်္ဂတေကြဲလိုလျှင်–ဤအားလုံးကိုပြုလိုလျှင် လူတို့ကိုညီညွတ်နိုးဆော်၍ ပြုခြင်းငှာ အပ်၏။ အကယ်၍ ပြုသူမရှိမူ စေတီအတွက် အပ်နှံထားသည်မှပြု၊ မရှိမူ တကြံပ္ပိဒသံဃိကမှပြု။

သံဃိကဖြင့် စေတီလုပ်နိုင်သည်၊ စေတီယဖြင့် သံဃိက မလုပ်ရ

သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန အပလောကေတွာပိ သံဃိကကိစ္စံ ကာတုံ န ဝဋ္ဋတိ၊ တာဝကာလိကံ ပန ဂဟေတွာ ပါကတိကံ ကာတုံ ဝဋ္ဋတိ။ **(ဋ္ဌ၊ စာ–၂၉၄)**

(၁၁) အင်္ဂတေကြဲခြင်းစသည် စေတီကိုဝတ်ပြုသော ရဟန်းသည် ဘိက္ခာစာရ၊ သံဃိကတို့မှ မမျှတသော် စေတိယသန္တကဖြင့် မျှတရုံယူ၍ ဘုဉ်းသူတို့သည် ဝတ်ကိုပြုခြင်းငှာ အပ်၏။ ဝတ်ပြုကြစို့ဟု ငါးအမဲစသည် တို့ဖြင့် သံဃဘတ်ကို ပြုခြင်းငှာမအပ်။ [မဟာဒါနံ ဒေန္တေဟိပိ ကရိယမာနံ သံဃဘတ္တံ ဝိယ ကာရေတုံ န ဝဋ္ဋတီတိ အဓိပ္ပါယော။] **(တီ၊ စာ–၃၁၈)**

(၁၂) ကျောင်း၌စိုက်ထားသော သီးပင်တို့ကို သံဃာက ပရိဂ္ဂဟိတဇဂ္ဂနကမ္မပြုမူ သစ်သီးတို့ကို ကျောက်စီတီး၍ ဝေဖန်ဘုဉ်းရာ၏။ အပလောကနကမ္မ မပြုအပ်။ အပရိဂ္ဂဟိတဖြစ်မူ သလာကဂ္ဂ ယာဂဂ္ဂ အန္တရသန္နိပါတ ဥပေါသထဂ္ဂတို့၌ အပလောကနကံပြုရမည်။ ပြုပုံ –

ဘန္တေ ယံ ဣမသ္မိံ ဝိဟာရေ အန္တောသီမာယ သံဃသန္တကံ မူလတစပတ္တအင်္ကုရပုပ္ဖဖလခါဒနီယာဒိ အတ္ထိ၊ တံ သဗ္ဗံ အာဂတာဂတာနံ ဘိက္ခူနံ ယထာသုခံ ပရိဘုဉ္ဇိတုံ ရုစ္စတီတိ သံဃံ ပုစ္ဆာမီတိ။ တိက္ခတ္တုံ ပုစ္ဆိတဗ္ဗံ **(ဋ္ဌ၊ စာ–၂၉၄)**

လေးပါးငါးပါးပြုလျှင် သုကတ၊ ထိုကျောင်းနှစ်ပါးသုံးပါးနေမူ ၎င်းတို့ပြုလျှင်လည်း သံဃာပြုသည်နှင့် တူ၏။ တစ်ပါးတည်းနေမူ ဥပုသ်နေ့ ပုဗ္ဗကရဏပုဗ္ဗကိစ္စပြုပြီးပြုသော ကတိကဝတ်သည် သံဃာပြုသည်နှင့် တူသည်သာ။ သစ်သီးသီးချိန်လိုက် (၄)လ (၆)လ တစ်ကြိမ် ပိုင်းခြား၍ပြုသင့်၏။ မပိုင်းခြားမူ သီးသမျှအပ်၏။ ထိုသစ်ပင်မှ မျိုးစေ့ဖြင့်စိုက်သော အခြားသစ်ပင်တို့သည် ထိုကတိကဝတ်ပင်တည်း။ [ဝိသုံ ကတိကာ န ကာတဗ္ဗာတိ အတ္ထော–**တီ၊ စာ–၃၁၈**]

အကယ်၍ အခြားတစ်ကျောင်း၌ ထိုမျိုးစေ့တို့ကိုစိုက်မူ ထိုကျောင်းသံဃာပိုင်၏ (တစ်ပါးကျောင်းမှ) (အခြားအရပ်မှ–သာရ) မျိုးစေ့ဟူ၍ ရှေးကတိကပြုသောကျောင်း၌ ကတိကဝတ်ပြုပြီး နောက်မှစိုက်သော အပင်တို့၌ အခြားတစ်ပါး ကတိကဝတ်ပြုအပ်၏။ ပြုပြီးသော် ပုဂ္ဂလိက အရာ၌တည်ကုန်၍ ယထာသုခ အသီးစသည်တို့ကို ဘုဉ်းနိုင်၏။

အကယ်၍ ဤကျောင်း၌ ထိုထိုအရပ်ကိုရံ၍ ပရိဝုဏ်ပြု၍ လုပ်ကျွေးပြုပြင်ကုန်မူ ထိုရဟန်းတို့၏ ပုဂ္ဂလိကအရာ၌ တည်ကုန်၏။ အခြားရဟန်းတို့ သုံးဆောင်ခြင်းငှာမရ။ သံဃာအား သဘာဂကိုပေး၍ ဘုဉ်းအပ်၏။ ကျောင်းလယ်တွင်ရှိသော သစ်ပင်ကိုသစ်ခက်တို့ရံ၍ စောင့်ရှောက်သူလည်း နည်းတူပင်။

[ပရိဝေဏာနိ ကတွာ ဇဂ္ဂန္တီတိ ယတ္ထ အရက္ခိယမာနေ ဖလာဖလာနိ ရုက္ခာ စ ဝိနဿန္တိ၊ တာဒိသံ ဌာနံ သန္ဓာယ ဝုတ္တံ။ တတ္ထ သံဃဿ ကတိကာ န ပဝတ္တတီတိ အဓိပ္ပာယော။ ယေ ပန ရုက္ခာ ဗီဇာနိ ရောပေတွာ အာဒိတော ပဋ္ဌာယ ပဋိဇဂ္ဂိတာ၊ တေပိ ဒသမဘာဂံ ဒတွာ ရောပကေဟေဝ ပရိဘုဉ္ဇိတဗ္ဗာ။ **(ဋီ၊ ၈–၃၁၉)**

(၁၃) ရှေးယခင်က ထိုသို့ ကတိကဝတ်ပြုထားသော ကျောင်းသို့သွားသော ချီးပုံ့အပ်သောရဟန်းအား မထေရ်ရောက်လာလတ်၏ဟု သစ်သီးကြီးငယ်ကို ဆောင်ကုန်အံ့၊ အကယ်၍ ရှေးအစက (မူလက) သဗ္ဗပရိယတ္တိဓရ ဗဟုသုတဘိက္ခုနေဘူးလေအံ့၊ အဒ္ဓါ ဧတ္ထ ဒီဃာ ကတိကာ ကတာ ဘဝိဿတိ–ဟု နှလုံးပြု၍ ကုက္ကုစ္စမရှိ ဘုဉ်းအပ်၏။ (မဝေကြပေးသေးသလောဟု ကုက္ကုစ္စမပြုလင့်ဟူလိုသတည်း။) **(ဋ္ဌ၊ ၈–၂၉၉)**

[ဒီဃာ ကတိကာတိ အပရိစ္ဆိန္နကာလာ ယထာသုခံ ပရိဘောဂတ္ထာယ ကတိကာ။ နိက္ကုက္ကုစ္စေနာတိ "အဘာဇိတမိဒ"န္တိ ကုက္ကုစ္စံ အကတွာတိအတ္ထော **(ဋီ၊ ၈–၃၁၉)**]

(၁၄) ဝိဟာရေ ဖလာဖလံ ပိဏ္ဍပါတိကာနမ္ပိ ဝဋ္ဋတိ၊ ဓုတင်္ဂံ န ကောပေတိ။

(၁၅) သာမဏေရာ အတ္တနော အာစရိယုပဇ္ဈာယာနံ ဗဟူနိ ဖလာနိ ဒေန္တိ၊ အညေ ဘိက္ခူ အလဘန္တာ ခိယျန္တိ၊ ခိယျနမတ္တမေဝ စေတံ ဟောတိ။ **(ဋ္ဌ၊ ၈–၂၉၉)** [တေန ခိယျနေန ဗဟုံ ခါဒန္တာနံ ဒေါသော နတ္ထိ၊ အတ္တနော ပရိဘောဂပ္ပမာဏဿေဝ ဂဟိတတ္တာ။ ခိယျန္တေပိ အတ္တနော ပဟောနကံ ဂဟေတွာ ခါဒိတဗ္ဗန္တိ အဓိပ္ပာယော။ **(ဋီ၊ ၈–၃၁၉)**]

(၁၆) ဒုဗ္ဘိက္ခကာလ ပိန္နဲတစ်ပင်ကို ရဟန်း(၆)ကျိပ်တို့မှီ၍ အသက်မွေးရသောအခါ၌ ရဟန်းအားလုံးတို့အား ချီးမြှောက်ခြင်းငှာ ခွဲဝေ၍ခဲအပ်၏။ ဤကား သာမိစိတည်း။ ကတိကဝတ်မငြိမ်းသမျှ ခဲခြင်းကား သုခါယိတပင်။

(၁၇) သမဂ္ဂသံဃာသည် စည်းဝေး၍ ဣတော ပဋ္ဌာယ ဘာဇေတွာ ခါဒန္တု–ကြားသောအခါ ကတိကဝတ် ငြိမ်း၏။ တစ်ပါးတည်းရှိရာ ဝိဟာရ၌ တစ်ပါးတည်းကြားလျှင်လည်း ပုရိမကတိကဝတ်သည် ငြိမ်းသည်သာ။

(၁၈) ကတိကဝတ်ငြိမ်းသောအခါ သာမဏေတို့က အပင်မှလည်းမခူး၊ မြေမှလည်း ကောက်ယူ၍ ရဟန်းတို့အား မလှူအံ့၊ ကြွေကျသောအသီးတို့ ခြေတို့ဖြင့်ကန်၍ သွားကုန်အံ့၊ ထိုသာမဏေတို့အား ဒသဘာဂမှစ၍ ဥပနုဘာဂတိုင်ပေး၍ ဖာတိကမ္မကိုပြုအပ်၏။ ဖာတိကမ္မလောဘဖြင့် ဆောင်၍လှူကုန်လတ္တံ့။ သုဘိက္ခအခါ ကပ္ပိယကာရကတို့လာလတ်၍ သစ်ခက်ဝန်းရံခြင်းစသည်ကိုပြု၍ သစ်ပင်တို့ကို စောင့်ရှောက်ကုန်မူသာ သာမဏေတို့အား ဖာတိကမ္မကိုမပေးအပ်။ ဝေဖန်၍သာ ဘုဉ်းအပ်၏။

(၁၉) ကျောင်းမှာအသီးရှိ၍ သာမဏ္ဍဂါမလူတို့က ဂိလာနဂဗ္ဘိနီတို့အတွက် သစ်သီးတို့ကိုတောင်းမူ သံဃာကိုစည်းဝေးစေ၍ သုံးကြိမ်တိုင်ကြားသိစေ၍ အပလောကနကံ ပြု၍သာ ပေးအပ်၏။ ကတိကဝတ်ကိုမူလည်း ဤသို့ပြု၍ထားအပ်၏။ **(ဋ္ဌ၊ ဝာ–၂၅၆)**

ဗျတ္တေန ဘိက္ခုနာ သံဃဿ အနုမတိယာ သာဝေတဗ္ဗံ၊ သာမဏ္ဍဂါမေဟိ မနုဿာ အာဂန္တွာ ဂိလာနာဒီနံ အတ္ထာယ ဖလာဖလံ ယာစန္တိ၊ ဒွေ နာဠိကေရာနိ၊ ဒွေ တာလဖလာနိ၊ ဒွေ ပနသာနိ၊ ပဉ္စ အမ္ဗာနိ၊ ပဉ္စ ကဒလိဖလာနိ၊ ဂဏှန္တာနံ အနိဝါရဏံ အသုကရုက္ခတော စ အသုကရုက္ခတော စ ဖလံ ဂဏှန္တာနံ အနိဝါရဏံ ရုစ္စတိ ဘိက္ခုသံဃဿ–ဟု (တိက္ခတ္တုံ ဝတ္တဗ္ဗံ)။ **(ဋ္ဌ၊ ဝာ–၂၅၆)**

ထိုအခါမှစ၍ ဂိလာနစသူတို့၏ နာမည်ကိုယူ၍ တောင်းလာသူတို့အား ယူစေကုန်ဟုကား မပြောအပ်။ (မိစ္ဆာဇီဝလွတ်ရန်ဟူ၏–တိ)။ အုန်းသီးမည်၍ မည်မျှယူသူတို့အားလည်းကောင်း ဤအပင်ဤအပင်မှ ယူသူတို့အားလည်းကောင်း မတားမြစ်ခြင်းကို ပြုထား၏ဟုဝတ်ကိုကား ပြောကြားအပ်၏။ ဤကား ချို၏။ ဤမှယူဟူ၍ကား မပြောအပ်။

(၂၀) ဖလာဘာဇနကာလေ ပန အာဂတာနံ သမ္မတေန ဥပဍ္ဎဘာဂေါ ဒါတဗ္ဗော။ အသမ္မတေန အပလောကေတွာ ဒါတဗ္ဗံ။ **(ဋ္ဌ၊ ဝာ–၂၅၆)** [ကေဘိက္ခုနော ပဋိဝီသတော ဥပဍ္ဎဘာဂေါ။ **(တိ၊ ဝာ–၃၁၉)**] ဒေန္တေနစ "တွေကံ ဒါတုံ သံဃော အနုညာသိ"တိ ဝေဝံ အတ္တာနံ ပရိမောစေတွာ ယထာ တေ သံဃေ ဝေ ပသီဒန္တိ၊ ဝေဝံ ဝတွာ ဒါတဗ္ဗံ။ **(တိ၊ ဝာ–၃၁၉)**]

(၂၁) ရိက္ခာကုန်သူ ခရီးသွားလှည်းကုန်သည် အညော ဝါ ဣဿရော လာ၍တောင်းမူ ပန်ကြား၍သာ ပေးအပ်၏။ ဗလက္ကာရယူ၍ ခဲမူမတားမြစ်အပ်။

၃။ ဝမ္ဘနာ – ထို့အတူနှိပ်စက်၍ ဆိုခြင်း။
၄။ ဥက္ခေပနာ – ဤအလှူ၌ ဤသူကို မပြောကြနှင့်ဟုပယ်ထုတ်သော စကားကို ပြောဆိုခြင်း၊ တစ်နည်း – မလှူသောသူကို ဩော် အလှူရှင်ပေ တကားဟု ငေါ့၍ပြောဆိုခြင်း။
၅။ သမုက္ခေပနာ – ခပ်သိမ်းသောအဖို့အားဖြင့် ကျိုးကြောင်းပြ၍ ပယ်ထုတ်သောစကား ကိုပြောဆိုခြင်း၊ တစ်နည်း – မလှူသူကို သဒ္ဓါတုံးကြီးစသည်ဖြင့် လွန်စွာငေါ့၍ ပြောဆိုခြင်း။
၆။ ခိပနာ – ဤသူလူဖြစ်ကျိုးမနပ် အဟောင်းစားသည်ဟု ပျက်ရယ်ပြုခြင်း။
၇။ သံခိပနာ – ဤသူကို မလှူသူဟု ဘာကြောင့်ဆိုသနည်း၊ အလှူခံလာတိုင်း လစ်လပ်သည်မရှိ၊ နတ္ထိ အမြဲလှူသည်ဟု လွန်စွာပျက်ရယ်ဆိုခြင်း။
၈။ ပါပနာ – မလှူသူဖြစ်အောင် စေးနဲသည်စသည်ဖြင့် ပြောဆိုခြင်း။
၉။ သမ္ပာပနာ – ခပ်သိမ်းသော အဖို့အားဖြင့် .... ပြောဆိုခြင်း။
၁၀။ အဝဏ္ဏဟာရိတာ – ဤသို့ပြောလျှင် ကြောက်၍ရှက်၍ လှူလတ္တံ့ဟု အဆင့်ဆင့်ကျေးဖူး မှဲ့ဆောင်၍ ပြောဆိုခြင်း။
၁၁။ ပရပိဋ္ဌိမံသိကတာ – မျက်မှောက်ချီးသာ ကွယ်ရာအပြစ် ပြောဆိုခြင်း။

၁၂။ လာဘေန လာဘ နိဇိဂီသနတာ – လာဘ်တစ်ခုဖြင့် လာဘ်တစ်ခုကို ရှာမှီးခြင်း (အမြတ်ရှာ)။
၁၃။ တိရစ္ဆာနဝိဇ္ဇာ – (ပြဟ္မဇာလသုတ်) ၎င်းဖြင့် အသက်မွေးခြင်း
ဤအားလုံးသည် မိစ္ဆာအာဇီဝ၊ ၎င်းမှရှောင်ကြဉ်လျှင် သမ္မာအာဇီဝ။

ရဟန်းများသွားထိုက်သောအိမ်

၁။ မြတ်မြတ်နိုးနိုးဝမ်းပန်းတသာ ခရီးဦးကြိုဆိုခြင်း။
၂။ ရှိရှိသေသေ ရှိခိုးခြင်း၊
၃။ ကောင်းမွန်စွာနေရာပေးခြင်း။
၄။ အိမ်မှာရှိသော လှူဖွယ်ကိုဝှက်မထားခြင်း။
၅။ များများရှိလျှင်များများလှူလိုခြင်း။
၆။ အကောင်းရှိလျှင် အကောင်းကိုလှူလိုခြင်း။
၇။ ရှိရှိသေသေ လေးလေးစားစားလှူခြင်း။
ဤ အင်္ဂါ (၇) ပါးရှိသော အိမ်သို့သာ (ဆွမ်းခံဝတ်မှအပ အခြားအချိန်၌) သွားထိုက်၏။
[သတ္တက အင်္ဂုတ္တိုရ် အနုသယဝဂ် ပါဠိတော် **စာ – ၄၀၂**]

ပုဂ္ဂိုလ် - ၄ - မျိုး

၁။ တောင်းသော တောင်း၍ မပေးကောင်း (မိဘမှအပ) ဉာတိ ပဝါရိတ။
၂။ ပေးသာပေး၍ မတောင်းကောင်း – ကိုးကွယ်ရာမဲ့၊ စစ်ရှုံးသူ၊ ရိက္ခာပြတ်သူ။
၃။ တောင်းလည်းတောင်း ပေးလည်းပေးကောင်း မိဘ။
၄။ နှစ်မျိုးလုံးမလုပ်ကောင်း ဉာတိကဝါရိတ မဟုတ်သူ **(စာ–၈၄)** ဘာသာရေးပြဿနာ။

ဒုရုတ္တံ ကရောတိ [ပရိဝါ ၄ ကမ္မဝဂ္ဂ - ၂၄၇]

ဒုရုတ္တံ ကရောတီတိ ဧတ္ထ ပန အယံ ဝိနိစ္ဆယော။ ယော ဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ အယံ ဒုရုတ္တံ ကရောတိ နာမ၊ တသ္မာ ကမ္မဝါစံ ကရောန္တေန ဘိက္ခုနာ ယွာယံ ...
သိထိလံ ဓနိတဥ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဥ္စ နိဂ္ဂဟိတံ။

သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါတိ– ဝုတ္တော၊ အယံ သုဒ္ဓ ဥပလက္ခေတဗ္ဗော။ ဧတ္ထ ဟိ သိထိလံ နာမ ပဉ္စသု ဝဂ္ဂေသု ပဌမတတိယံ။ ဓနိတံ နာမ တေသွေဝ ဒုတိယစတုတ္ထံ။ ဒီဃန္တိ ဒီဃေန ကာလေန ဝတ္တဗ္ဗံ အာကာရာဒိ။ ရဿန္တိ တတော ဥပၯကာလေန ဝတ္တဗ္ဗံ အကာရာဒိ။ ဂရုကန္တိ ဒီဃမေဝ၊ ယံ ဝါ အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿ ယဿ နက္ခမတီတိ ဧဝံ သံယောဂပရံ ကတွာ ဝုစ္စတိ။ လဟုကန္တိ ရဿမေဝ၊ ယံ ဝါ အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿ ယဿ န ခမတီတိ ဧဝံ အသံယောဂပရံ ကတွာ ဝုစ္စတိ။ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။ သမ္ဗန္ဓန္တိ ယံ ပရပဒေန သမ္ဗန္ဓိတွာ တုဏှိဿာတိဝါ တုဏှဿာတိဝါ ဝုစ္စတိ။ ဝဝတ္ထိတန္တိ ယံ ပရပဒေန အသမ္ဗန္ဓံ ကတွာ ဝိစ္ဆိန္ဒိတွာ တုဏှီ အဿာတိဝါ တုဏှ အဿာတိဝါ ဝုစ္စတိ။ ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန အနုနာသိကံ အကတွာ ဝုစ္စတိ။

တတ္ထ သုဏာတု မေတိ ဝတ္တဗ္ဗေ တ – ကာရဿ ထ – ကာရံ ကတွာ “သုဏာထု မေ”တိ ဝစနံ သိထိလဿ ဓနိတကရဏံနာမ၊ တထာ ပတ္တကလ္လံ၊ ဧသ ဉတ္တီတိ ဝတ္တဗ္ဗေ ပတ္တကလ္လံ ဧသာ ဉတ္တီတိ အာဒိဝစနဉ္စ။ ဘန္တေ သံဃောတိ ဝတ္တဗ္ဗေ ဘကာရ ဃကာရာနံ ဗကာရ ဂကာရေ ကတွာ၊ “ဗန္တေ သံဂေါ”တိ ဝစနံ ဓနိတဿ သိထိလကရဏံ နာမ။ “သုဏာတု မေ” တိ ဝိဝဋေန မုခေန ဝတ္တဗ္ဗေ ပန “သုဏံတု မေ” တိ ဝါ “ဧသာ ဉတ္တီ”တိ ဝတ္တဗ္ဗေ “ဧသံ ဉတ္တီ”တိဝါ အဝိဝဋေန မုခေန အနုနာသိကံ ကတွာ ဝစနံ ဝိမုတ္တဿ နိဂ္ဂဟိတဝစနံနာမ။ “ပတ္တကလ္လ”န္တိ အဝိဝဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗေ “ပတ္တကလ္လာ”တိ ဝိဝဋေန မုခေန အနုနာသိကံ အကတွာ ဝစနံ နိဂ္ဂဟိတဿ ဝိမုတ္တဝစနံ နာမ။

ဣတိ သိထိလေ ကတ္တဗ္ဗေ ဓနိတံ၊ ဓနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။ ဧဝံ ဝဒန္တော ဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ ဒုရုတ္တံ ကရောတီတိ ဝုစ္စတိ။ ဣတရေသု ပန ဒီဃရဿာဒီသု ဆသု ဗျဉ္ဇနေသု ဒီဃဋ္ဌာနေ ဒီဃမေဝ၊ ရဿဋ္ဌာနေစ ရဿမေဝါတိ ဧဝံ ယထာဋ္ဌာနေ တံတံဒေဝ အက္ခရံ ဘာသန္တေန အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ၊ သစေ ပန ဧဝံ အကတွာ ဒီဃေ ဝတ္တဗ္ဗေ ရဿံ၊ ရဿေ ဝါ ဝတ္တဗ္ဗေ ဒီဃံ ဝဒတိ၊ တထာ ဂရုကေ ဝတ္တဗ္ဗေ လဟုကံ လဟုကေ ဝါ ဝတ္တဗ္ဗေ ဂရုကံ ဝဒတိ၊ သမ္ဗန္ဓေ ဝါ ပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေ ဝါ ဝတ္တဗ္ဗေ သမ္ဗန္ဓံ ဝဒတိ၊ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ န ကုပ္ပတိ။ ဣမာနိ ဟိ ဆ ဗျဉ္ဇနာနိ ကမ္မံ န ကောပေန္တိ။

ယံ ပန သုတ္တန္တိကတ္ထေရာ ဒကာရော တကာရမာပဇ္ဇတိ၊ တကာရော ဒကာရမာပဇ္ဇတိ၊ စ ကာရော ဇကာရမာပဇ္ဇတိ၊ ဇကာရော စကာရမာပဇ္ဇတိ၊ ယကာရော ကကာရမာပဇ္ဇတိ၊ ကကာရော ယကာရမာပဇ္ဇတိ၊ တသ္မာ ဒကာရာဒီသု ဝတ္တဗ္ဗေသု တကာရာဒိဝစနံ န ဝိရုဇ္ဈတီတိ ဝဒန္တိ။ တံ ကမ္မဝါစံ ပတွာ န ဝဋ္ဋတိ။ တသ္မာ ဝိနယဓရေန နေဝ ဒ–ကာရော တ–ကာရော ကာတဗ္ဗော၊ ။ ပ ။ န က–ကာရော ယ–ကာရော၊ ယထာပါဠိယာ နိရုတ္တိံ သောဓေတွာ ဒသဝိဓာယ ဗျဉ္ဇနနိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ ဣတရထာ ဟိ သာဝနံ ဟာပေတိ နာမ။ **(ပရိဝါ–ဋ္ဌ–၂၄၈)**

သီမာနုဇာနန ကထာ
[ဥပေါသထက္ခန္ဓက - မဟာဝါ - ဋ္ဌ - ၃၁၈]

ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာတိ ဝိနယဓရေန ပုစ္ဆိတဗ္ဗံ ''ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တ''န္တိ၊ ပဗ္ဗတော ဘန္တေတိ။ ပုန ဝိနယဓရေန ''ဧသော ပဗ္ဗတော နိမိတ္တ''န္တိ ဧဝံ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ ''ဧတံ ပဗ္ဗတံ နိမိတ္တံ ကရောမ၊ ကရိဿာမ၊ နိမိတ္တံ ကတော၊ နိမိတ္တံ ဟောတု၊ ဟောတိ၊ ဘဝိဿတီတိ''ဧဝံ ပန ကိတ္တေတုံ န ဝဋ္ဋတိ။ ပါသာဏာဒီသုပိ ဧသေဝ နယော။ ပုရတ္ထိမာယ အနုဒိသာယ။ ဒက္ခိဏာယ ဒိသာယ။ ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ကိံ နိမိတ္တံ၊ ဥဒကံ ဘန္တေ။ ဧတံ ဥဒကံ နိမိတ္တန္တိ၊ ဧတ္တ ပန အဌတွာ ပုန ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ၊ ပဗ္ဗတော ဘန္တေ၊ ဧသော ပဗ္ဗတော နိမိတ္တန္တိ ဧဝံ ပဌမံ ကိတ္တိတနိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ။ ဧဝဉ္စ နိမိတ္တေန နိမိတ္တံ ဃဋိတံ ဟောတိ။ ဧဝံ နိမိတ္တာနိ ကိတ္တေတွာ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ ကမ္မဝါစာပရိယောသာနေ နိမိတ္တာနံ အန္တော သီမာ ဟောတိ၊ နိမိတ္တာနိ သီမတော ဗဟိ ဟောန္တိ၊ တတ္ထ နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ။ အန္ဓကဋ္ဌကထာယံ ပန ''တိက္ခတ္တုံ သီမမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗ''န္တိ ဝုတ္တံ။ ပဗ္ဗတော ဘန္တေတိ – ပ – ဥဒကံ ဘန္တေတိ ဧဝံ ပန ဥပသမ္ပန္နော ဝါ အာစိက္ခတု အနုပသမ္ပန္နော ဝါ၊ ဝဋ္ဋတိယေဝ။

(နိမိတ် ၈ ပါး ကခါသို့ ရှု) (ဋ္ဌ၊ စာ–၃၁၈)

ဣမေဟိ စ အဋ္ဌဟိ နိမိတ္တေဟိ အသမ္မိဿေဟိပိ အညမညံ သမ္မိဿေဟိပိ သီမံ သမ္မန္နိတုံ ဝဋ္ဋတိယေဝ။ သာ ဧဝံ သမ္မန္နိတွာ ဗန္ဓမာနာ ဧကေန ဒွီဟိ ဝါ နိမိတ္တေဟိ အဗဒ္ဓါ ဟောတိ။ တီဏိ ပန အာဒိံ ကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓါ ဟောတိ။ သာ တီဟိ သိင်္ဃာဋကသဏ္ဌာနာ ဟောတိ၊ စတူဟိ စတုရဿာဝါ သိင်္ဃာဋကအဍ္ဎစန္ဒမုဒိင်္ဂါဒိသဏ္ဌာနာ ဝါ၊ တတော အဓိကေဟိ နာနာ သဏ္ဌာနာ။ တံ ဗန္ဓိတုကာမေဟိ သာမန္တဝိဟာရေသု ဘိက္ခူ တဿ တဿ ဝိဟာရဿ သီမာပရိစ္ဆေဒံ ပုစ္ဆိတွာ ဗဒ္ဓသီမဝိဟာရာနံ သီမာယ သီမန္တရိကံ၊ အဗဒ္ဓသီမဝိဟာရာနံ သီမာယ ဥပစာရံ ဌပေတွာ ဒိသာစာရိကဘိက္ခူနံ နိဿဉ္စာရသမယေ သစေ ကေသဉ္စိ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓ သီမဝိဟာရာ၊ တေသု ဘိက္ခူနံ ''မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ'' တိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ။ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော။ သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ။ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန ''နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗ''န္တိ ဝတွာ ပုန အာဟ ''သမာနသံဝါ

သကသီမာ သမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာသမ္မန္နနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော''တိ။ (ဌ၊ ဏ-၃၂၂၊ ၃၂၃)

ဧဝံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသု တေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမာကရဏတ္ထဉ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ ဘေရိသညံ ဝါ သင်္ခသညံ ဝါ ကတွာ နိမိတ္တကိတ္တကာနန္တရံ ဝုတ္တာယ ''သုဏာတု မေ ဘန္တေ သံဃော''တိ အာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ။ ကမ္မဝါစာပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ။ (ဌ၊ ဏ-၃၂၃)

ဣမံ ပန သမာနသံဝါသကသီမံ သမ္မန္နန္တေဟိ ပဗ္ဗဇ္ဇူပသမ္ပဒါဒီနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ။ တံ ပန ဗန္ဓန္တေဟိ ဝတ္တံ ဇာနိတဗ္ဗံ၊ သစေ ဟိ ဗောဓိစေတိယဘတ္တသာလာဒီနိ သဗ္ဗဝတ္ထူနိ ပတိဋ္ဌာပေတွာ ကတဝိဟာရေ ဗန္ဓန္တိ၊ ဝိဟာရမဇ္ဈေ ဗဟူနံ သမောသရဏဋ္ဌာနေ အဗန္ဓိတွာ ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ။ အကတဝိဟာရေ ဗန္ဓန္တေဟိ ဗောဓိစေတိယာဒီနံ သဗ္ဗဝတ္ထူနံ ဌာနံ သလ္လက္ခေတွာ ယထာ ပတိဋ္ဌိတေသု ဝတ္ထူသု ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဟောတိ၊ ဧဝံ ဗန္ဓိတဗ္ဗာ၊ သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ၊ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ။ ပရံ ဘိက္ခုသဟဿံ ဂဏှန္တီပိ ဝဋ္ဋတိ။ တံ ဗန္ဓန္တေဟိ သီမာမာဠကသ္သ သမန္တာ နိမိတ္တုပဂါ ပါသာဏာ ဌပေတဗ္ဗာ၊ န ခဏ္ဍသီမာယ ဌိတေဟိ မဟာသီမာ ဗန္ဓိတဗ္ဗာ၊ န မဟာသီမာယ ဌိတေဟိ ခဏ္ဍသီမာ၊ ခဏ္ဍသီမာယမေဝ ပန ဌတွာ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ၊ မဟာသီမာယမေဝ ဌတွာ မဟာသီမာ။ (ဌ၊ ဏ-၃၂၃)

တတြာယံ ဗန္ဓနဝိဓိ – သမန္တာ ''ဧသော ပါသာဏော နိမိတ္တံ''န္တိ ဧဝံ နိမိတ္တာနိ ကိတ္တေတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ အထ တဿာ ဧဝ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာ ကာတဗ္ဗာ၊ ဧဝဉှိ ''သီမံ သမူဟနိဿာမာ'' တိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ။ သီမံ သမ္မန္နိတွာ ဗဟိ သီမန္တရိက ပါသာဏာ ဌပေတဗ္ဗာ။ သီမန္တရိကာ ပစ္ဆိမကောဋိယာ ဧကရတနပ္ပမာဏာ ဝဋ္ဋတိ၊ ဝိဒတ္ထိပ္ပမာဏာပိ ဝဋ္ဋတီတိ ကုရုန္ဒိယံ၊ စတုရင်္ဂုလပ္ပမာဏာပိ ဝဋ္ဋတီတိ မဟာပစ္စရိယံ ဝုတ္တံ၊ သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိဿောပိ တတုတ္တရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ။ (ဌ၊ ဏ-၃၂၃/၃၂၄)

ဧဝံ ခဏ္ဍသီမံ သမ္မန္နိတွာ မဟာသီမာသမ္မုတိကာလေ ခဏ္ဍသီမတော နိက္ခမိတွာ မဟာသီမာယ ဌတွာ သမန္တာ အနုပရိယာယန္တေဟိ သီမန္တရိကပါသာဏာ ကိတ္တေတဗ္ဗာ။ တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသကသီမံ သမ္မန္နိတွာ တဿာ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။ ဧဝဉှိ ''သီမံ သမူဟနိဿာမာ''တိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ၊ သစေ ပန ခဏ္ဍသီမာယ နိမိတ္တာနိ ကိတ္တေတွာ တတော သီမန္တရိကာယ နိမိတ္တာနိ ကိတ္တေတွာ မဟာသီမာယ နိမိတ္တာနိ ကိတ္တေန္တိ၊ ဧဝံ တီသု ဌာနေသု နိမိတ္တာနိ ကိတ္တေတွာ ယံ သီမံ ဣစ္ဆန္တိ တံ ပဌမံ ဗန္ဓိတုံ ဝဋ္ဋတိ။ ဧဝံ သန္တေပိ ယထာဝုတ္တနယေန ခဏ္ဍသီမတောဝ ပဋ္ဌာယ ဗန္ဓိတဗ္ဗာ။ ဧဝံ ဗဒ္ဓါသု ပန သီမာသု ခဏ္ဍသီမာယ ဌိတာ ဘိက္ခူ မဟာသီမာယ ကမ္မံ ကရောန္တာနံ န ကောပေန္တိ၊ မဟာသီမာယ ဝါ ဌိတာ ခဏ္ဍသီမာယ ကမ္မံ ကရောန္တာနံ။ သီမန္တရိကာယ ပန ဌိတာ ဥဘိန္နမ္ပိ န ကောပေန္တိ၊ ဂါမခေတ္တေ ဌတွာ ကမ္မံ ကရောန္တာနံ ပန သီမန္တရိကာယ ဌိတာ ကောပေန္တိ။ သီမန္တရိကာ ဟိ ဂါမခေတ္တံ ဘဇတိ။ (ဌ၊ ဏ-၃၂၄)

သီမာ စ နာမေသာ န ကေဝလံ ပထဝိတလေယေဝ ဗဒ္ဓါ ဗဒ္ဓါ နာမ ဟောတိ၊ အထ ခေါ ပိဋ္ဌိပါသာဏေပိ ကုဋ္ဋိဂေဟေပိ လေဏေပိ ပါသာဒေပိ ပဗ္ဗတမတ္ထကေပိ ဗဒ္ဓါ ဗဒ္ဓါယေဝ ဟောတိ၊ တတ္ထ ပိဋ္ဌိပါသာဏေ ဗန္ဓန္တေဟိ ပါသာဏပိဋ္ဌိယံ ရာဇိ ဝါ ကောဋ္ဋေတွာ ဥဒုက္ခလံ ဝါ ခဏိတွာ နိမိတ္တံ န ကာတဗ္ဗံ၊ နိမိတ္တုပဂပါသာဏေ ဌပေတွာ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ ကမ္မဝါစာပရိယောသာနေ သီမာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ ဩတရတိ၊ နိမိတ္တပါသာဏာ ယထာဌာနေ န တိဋ္ဌန္တိ၊ တသ္မာ သမန္တတော ရာဇိ ဝါ ဥဋ္ဌာပေတဗ္ဗာ၊ စတုရဿ ဝါ ကောဏေသု ပါသာဏာ ဝိဇ္ဈိတဗ္ဗာ၊ ''အယံ သီမာပရိစ္ဆေဒေါ''တိ ဝတွာ အက္ခရာနိ ဝါ ဆိန္ဒိတဗ္ဗာနိ၊ ကေစိ ဥဿူယကာ သီမံ ဈာပေဿာမာတိ အဂ္ဂိ ဒေန္တိ၊ ပါသာဏာဝ ဈာယန္တိ၊ န သီမာ။ (၄၊ ၈ာ-၃၂၄)

ကုဋ္ဋိဂေဟေပိ ဗန္ဓန္တေဟိ ဘိတ္တိံ အကိတ္တေတွာ ကေဝိသတိယာ ဘိက္ခူနံ ဩကာသဋ္ဌာနံ အန္တော ကရိတွာ ပါသာဏနိမိတ္တာနိ ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ၊ အန္တောကုဋ္ဋမေဝ သီမာ ဟောတိ၊ သစေ အန္တောကုဋ္ဋေ ကေဝိသတိယာ ဘိက္ခူနံ ဩကာသော နတ္ထိ၊ ပမုခေ နိမိတ္တပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ။ သစေ ဝေမ္ပိ နပ္ပဟောတိ၊ ဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေပိ နိမိတ္တာနိ ဌပေတွာ သမ္မန္နိတဗ္ဗာ။ ဧဝံ သမ္မတာယ ပန သဗ္ဗံ ကုဋ္ဋိဂေဟံ သီမဋ္ဌမေဝ ဟောတိ။ (၄၊ ၈ာ-၃၂၅)

စတုဘိတ္တိယလေဏေပိ ဗန္ဓန္တေဟိ ကုဋ္ဋံ အကိတ္တေတွာ ပါသာဏာဝ ကိတ္တေတဗ္ဗာ၊ သစေ အန္တော ဩကာသော နတ္ထိ၊ ပမုခေပိ နိမိတ္တာနိ ဌပေတဗ္ဗာနိ။ သစေ နပ္ပဟောတိ၊ ဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေပိ နိမိတ္တပါသာဏေ ဌပေတွာ နိမိတ္တာနိ ကိတ္တေတွာ သီမာ သမ္မန္နိတဗ္ဗာ။ ဧဝံ လေဏဿ အန္တော စ ဗဟိ စ သီမာ ဟောတိ။

ဥပရိပါသာဒေပိ ဘိတ္တိံ အကိတ္တေတွာ အန္တောပါသာဏေ ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ။ သစေ နပ္ပဟောတိ၊ ပမုခေပိ ပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ၊ ဧဝံ သမ္မတာ ဥပရိပါသာဒေယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ၊ သစေ ပန ဗဟူသု ထမ္ဘေသု တုလာနံ ဥပရိ ကတပါသာဒဿ ဟေဋ္ဌိမတလေ ကုဋ္ဋော ယထာ နိမိတ္တာနံ အန္တော ဟောတိ၊ ဧဝံ ဥဋ္ဌဟိတွာ တုလာရုက္ခေဟိ ကေသမ္ဗဒ္ဓေါ ဌိတော၊ ဟေဋ္ဌာပိ ဩတရတိ၊ ကေထမ္ဘပါသာဒဿ ပန ဥပရိမတလေ ဗဒ္ဓါ သီမာ သစေ ထမ္ဘမတ္ထကေ ကေဝိသတိ ယာ ဘိက္ခူနံ ဩကာသော ဟောတိ၊ ဟေဋ္ဌာ ဩတရတိ။ သစေ ပါသာဒဘိတ္တိတော နိဂ္ဂတေသု နိယျူဟကာဒီသု ပါသာဏေ ဌပေတွာ သီမံ ဗန္ဓန္တိ၊ ပါသာဒဘိတ္တိ အန္တောသီမာယံ ဟောတိ။ ဟေဋ္ဌာ ပနဿာ ဩတရဏာနောတရဏံ ဝုတ္တနယေနဝ ဝေဒိတဗ္ဗံ၊ ဟေဋ္ဌာပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ န ကိတ္တေတဗ္ဗာ၊ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကိတ္တိတာ သီမာ ဟေဋ္ဌာ ပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ၊ သစေ ပန ဟေဋ္ဌာ ပါသာဒဿ ကုဋ္ဋော ဥပရိမတလေန သမ္ဗဒ္ဓေါ ဟောတိ၊ ဥပရိပါသာဒမ္ပိ အဘိရုဟတိ။ သစေ ပါသာဒဿ ဗဟိနိဗ္ဗောဒကပတနဋ္ဌာနေ နိမိတ္တာနိ ကရောန္တိ၊ သဗ္ဗော ပါသာဒေါ သီမဋ္ဌော ဟောတိ။ (၄၊ ၈ာ-၃၂၅)

ပဗ္ဗတမတ္ထကေ တလံ ဟောတိ ကေဝိသတိယာ ဘိက္ခူနံ ဩကာသာရဟံ၊ တတ္ထ ပိဋ္ဌိပါသာဏေ ဝိယ သီမံ ဗန္ဓန္တိ။ ဟေဋ္ဌာ ပဗ္ဗတေပိ၊ တေနေဝ ပရိစ္ဆေဒေန သီမာ ဩတရတိ၊ တာလမူလကပဗ္ဗတေပိ ဥပရိ သီမာ ဗဒ္ဓါ ဟေဋ္ဌာ ဩတရတေဝ။ ယော ပန ဝိတာနသဏ္ဌာနော ဟောတိ၊ ဥပရိ ကေဝိသတိယာ ဘိက္ခူနံ ဩကာသော အတ္ထိ၊ ဟေဋ္ဌာ နတ္ထိ၊ တဿ ဥပရိ ဗဒ္ဓါ သီမာ ဟေဋ္ဌာ န ဩတရတိ၊ ဧဝံ မုဒိင်္ဂ သဏ္ဌာနော ဝါ ဟောတု ပဏဝသဏ္ဌာနော ဝါ၊ ယဿ ဟေဋ္ဌာ ဝါ မဇ္ဈေ ဝါ သီမပ္ပမာဏံ နတ္ထိ၊ တဿုပရိ

ဗဒ္ဓါ သီမာ ဟေဋ္ဌာ နေဝ ဩတရတိ။ ယဿ ပန ဒွေ ကူဋာနိ အာသန္နေ ဌိတာနိ၊ ဧကဿပိ ဥပရိ သီမပ္ပမာဏံ နပ္ပဟောတိ၊ တဿ ကူဋန္တရံ စိနိတွာ ဝါ ပူရေတွာ ဝါ ဧကာဗဒ္ဓံ ကတွာ ဥပရိ သီမာ သမ္မန္နိတဗ္ဗာ။ **(မြ၊ စာ-၃၂၆)**

ကောဋော သပ္ပဖဏာသဒိသော ပဗ္ဗတော၊ တဿုပရိ သီမပ္ပမာဏဿ အတ္ထိတာယ သီမံ ဗန္ဓန္တိ။ တဿ စေ ဟေဋ္ဌာ အာကာသပဗ္ဘာရံ ဟောတိ၊ သီမာ န ဩတရတိ၊ သစေ ပနဿ ဝေမဇ္ဈေ သီမပ္ပမာဏော သုသိရပါသာဏော ဟောတိ၊ ဩတရတိ၊ သော စ ပါသာဏော သီမဋ္ဌောယေဝ ဟောတိ၊ အထာပိဿ ဟေဋ္ဌာ လေဏဿ ကုဋ္ဋော အဂ္ဂကောဋိံ အာဟစ္စ တိဋ္ဌတိ၊ ဩတရတိ၊ ဟေဋ္ဌာ စ ဥပရိ စ သီမာယေဝ ဟောတိ၊ သစေ ပန ဟေဋ္ဌာ ဥပရိမဿ သီမာပရိစ္ဆေဒဿ ပါရတော အန္တောလေဏံ ဟောတိ ဗဟိ သီမာ န ဩတရတိ။ အထာပိ ဥပရိမဿ သီမာပရိစ္ဆေဒဿ ဩရတော ဗဟိ လေဏံ ဟောတိ၊ အန္တော သီမာ န ဩတရတိ၊ အထာပိ ဥပရိသီမာယ ပရိစ္ဆေဒေါ ခုဒ္ဒကော၊ ဟေဋ္ဌာလေဏံ မဟန္တံ၊ သီမာပရိစ္ဆေဒမတိက္ကမိတွာ ဌိတံ၊ သီမာ ဥပရိယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ၊ ယဒိ ပန လေဏံ ခုဒ္ဒကံ သဗ္ဗပစ္ဆိမသီမာ ပရိမာဏံ၊ ဥပရိ သီမာ မဟတီ၊ တံ အဇ္ဈောတ္ထရိတွာ ဌိတာ၊ သီမာ ဩတရတိ။ အထ လေဏံ အတိခုဒ္ဒကံ၊ သီမပ္ပမာဏံ န ဟောတိ၊ သီမာ ဥပရိယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ၊ သစေ တတော ဥပဍ္ဎံ ဘိန္ဒိတွာ ပတတိ၊ သီမပ္ပမာဏံ စေပိ ဟောတိ၊ ဗဟိ ပတိတံ အသီမာ၊ အပတိတံ ပန ယဒိ သီမပ္ပမာဏံ၊ သီမာ ဟောတိယေဝ။

ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ။ သီမာယ ဂေဟံ ကရောန္တိ၊ သီမဋ္ဌကမေဝ ဟောတိ၊ သီမာယ ပေါက္ခရဏိံ ခဏန္တိ၊ သီမာယေဝ။ ဩဃော သီမာမဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ၊ သီမာမာဠကေ အဋ္ဋံ ဗန္ဓိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သီမာယ ဟေဋ္ဌာ ဥမင်္ဂနဒီ ဟောတိ၊ ဣဒ္ဓိမာ ဘိက္ခု တတ္ထ နိသီဒတိ၊ သစေ သာ နဒီ ပဌမံ ဂတာ၊ သီမာ ပစ္ဆာ ဗဒ္ဓါ၊ ကမ္မံ န ကောပေတိ၊ အထ ပဌမံ သီမာ ဗဒ္ဓါ၊ ပစ္ဆာ နဒီ ဂတာ၊ ကမ္မံ ကောပေတိ၊ ဟေဋ္ဌာ ပထဝိတလေ ဌိတော ပန ကောပေတိယေဝ။ **(မြ၊ စာ-၃၂၆၊ ၃၂၇)**

သီမာမာဠကေ ဝဋရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိက္ခန္တပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထဇာတရုက္ခာဒီနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ အနာဟစ္စ ဌိတသာခါဒီသု အာရုဠှဘိက္ခု ဟတ္ထပါသံ အာနေတဗ္ဗော၊ ဧဝံ မဟာသီမာယ ဇာတရုက္ခဿ သာခါ ဝါ ပါရောဟော ဝါ ဝုတ္တနယေနေဝ သီမာမာဠကေ ပတိဋ္ဌာတိ၊ ဝုတ္တနယေနေဝ သီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။

သစေ သီမာမာဠကေ ကမ္မေ ကရိယမာနေ ကောစိ ဘိက္ခု သီမာမာဠကဿ အန္တော ပဝိသိတွာ ဝေဟာသဋ္ဌိတသာခါယ နိသီဒတိ၊ ပါဒါ ဝါဿ ဘူမိဂတာ ဟောန္တိ၊ နိဝါသနပါရုပနံ ဝါ ဘူမိံ ဖုသတိ၊ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ ပါဒေ ပန နိဝါသနပါရုပနဉ္စ ဥက္ခိပါပေတွာ ကာတုံ ဝဋ္ဋတိ၊ ဣဒဉ္စ လက္ခဏံ ပုရိမနယေပိ ဝေဒိတဗ္ဗံ၊ အယံ ပန ဝိသေသော။ တတြ ဥက္ခိပါပေတွာ ကာတုံ န ဝဋ္ဋတိ။ ဟတ္ထပါသမေဝ အာနေတဗ္ဗော။ သစေ အန္တောသီမတော ပဗ္ဗတော အဗ္ဘုဂ္ဂစ္ဆတိ။ တတြဋ္ဌော ဘိက္ခု ဟတ္ထပါသံ အာနေတဗ္ဗော။ ဣဒ္ဓိယာ အန္တောပဗ္ဗတံ ပဝိဋ္ဌေပိ ဧသေဝ နယော။ ဗဇ္ဈမာနာဧဝ ဟိ သီမာ ပမာဏရဟိတံ ပဒေသံ န ဩတရတိ၊ ဗဒ္ဓသီမာယ ဇာတံ ယံကိဉ္စိ ယတ္ထ ကတ္ထစိ ဧကသမ္ဗန္ဓေန ဂတံ သီမာသင်္ချမေဝ ဂစ္ဆတီတိ။

တိယောဇနပရမန္တိ ဧတ္ထ တိယောဇနံ ပရမံ ပမာဏမေတိဿာတိ တိယောဇနပရမာ။ တံ တိယောဇနပရမံ၊ သမ္မန္နန္တေန ပန မဇ္ဈေ ဌတွာ ယထာ စတူသုပိ ဒိသာသု ဒိယဍ္ဎဒိယဍ္ဎယောဇနံ ဟောတိ၊ ဧဝံ သမ္မန္နိတဗ္ဗာ။ သစေ ပန မဇ္ဈေ ဌတွာ ဧကေကဒိသတော တိယောဇနံ ကရောန္တိ၊ ဆယောဇနံ ဟောတီတိ န ဝဋ္ဋတိ။ စတုရဿံ ဝါ တိကောဏံ ဝါ သမ္မန္နန္တေန ယထာ ကောဏတော ကောဏံ တိယောဇနံ ဟောတိ၊ ဧဝံ သမ္မန္နိတဗ္ဗာ၊ သစေ ဟိ ယေန ကေနစိ ပရိယန္တေန ကေသဂ္ဂမတ္တမ္ပိ တိယောဇနံ အတိက္ကာမေတိ၊ အာပတ္တိဉ္စ အာပဇ္ဇတိ၊ သီမာ စ အသီမာ ဟောတိ။

နဒီပါရန္တိ ဧတ္ထ ပါရယတီတိ ပါရာ၊ ကိံ ပါရယတိ? နဒိံ၊ နဒိယာ ပါရာ နဒီပါရာ၊ တံ နဒီပါရံ၊ နဒိံ အဇ္ဈောတ္ထရမာနန္တိ အတ္ထော။ ဧတ္ထ စ နဒိယာ လက္ခဏံ နဒီနိမိတ္တေ ဝုတ္တနယမေဝ၊ ယတ္ထဿ ဓုဝနာဝါ ဝါတိ ယတ္ထ နဒိယာ သီမာဗန္ဓနဋ္ဌာနဂတေသု တိတ္ထေသု နိစ္စသဉ္စရဏနာဝါ အဿ၊ ယာ သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပါဇနပုရိသေန သဒ္ဓိံ တယော ဇနေ ဝဟတိ၊ သစေ ပန သာ နာဝါ ဥဒ္ဒံ ဝါ အဓော ဝါ ကေနစိဒေဝ ကရဏီယေန ပုန အာဂမနတ္ထာယ နီတာ၊ စောရေဟိ ဝါ ဟဋာ၊ အဝဿံ လဗ္ဘနေယျာ။ ယာ ပန ဝါတေန ဝါ ဆိန္နဗန္ဓနာ ဝီစီဟိ နဒိမဇ္ဈံ နီတာ အဝဿံ အာဟရိတဗ္ဗာ၊ ဓုဝနာဝါဝ ဟောတိ၊ ဥဒကေ ဩဂတေ ထလံ ဥဿာရိတာပိ သုဓာကသင္ခါဒီဟိ ပူရေတွာ ဌပိတာပိ ဓုဝနာဝါဝ၊ သစေ ဘိန္နာ ဝါ ဝိသင်္ခတပဒရာ ဝါ န ဝဋ္ဋတိ၊ မဟာပဒုမတ္ထေရော ပနာဟ "သစေပိ တာဝကာလိကံ နာဝံ အာနေတွာ သီမာဗန္ဓနဋ္ဌာနေ ဌပေတွာ နိမိတ္တာနိ ကိတ္တေန္တိ၊ ဓုဝနာဝါဝ ဟောတီ"တိ၊ တတြ မဟာသုမတ္ထေရော အာဟ "နိမိတ္တံ ဝါ သီမာ ဝါ ကမ္မဝါစာယ ဂစ္ဆတိ၊ န နာဝါယ၊ ဘဂဝတာ စ ဓုဝနာဝါ အနုညာတာ၊ တသ္မာ နိဗဒ္ဓနာဝါယေဝ ဝဋ္ဋတီ"တိ။ **(ဋ္ဌ၊ ၈၁–၃၂၈)**

ဓုဝသေတုဝါတိ ယတ္ထ ရုက္ခသင်္ဃာဋမယော ဝါ ပဒရဗဒ္ဓေါ ဝါ ဇင်္ဃသတ္တသေတု ဝါ ဟတ္ထိအဿာဒီနံ သဉ္စရဏယောဂ္ဂေါ မဟာသေတု ဝါ အတ္ထိ၊ အန္တမသော တင်္ခဏညေဝ ရုက္ခံ ဆိန္ဒိတွာ မနုဿာနံ သဉ္စရဏယောဂ္ဂေါ ဧကပဒိကသေတုပိ ဓုဝသေသုတွေဝ သင်္ချံ ဂစ္ဆတိ။ သစေ ပန ဥပရိ ဗဒ္ဓါနိ ဝေတ္တလတာဒီနိ ဟတ္ထေန ဂဟေတွာပိ န သက္ကာ ဟောတိ တေန သဉ္စရိတုံ၊ န ဝဋ္ဋတိ။

ဧဝရူပံ နဒီပါရသီမံ သမ္မန္နိတုန္တိ ယတ္ထာယံ ဝုတ္တပ္ပကာရာ ဓုဝနာဝါ ဝါ ဓုဝသေတု ဝါ အဘိမုခ တိတ္ထေယေဝ အတ္ထိ၊ ဧဝရူပံ နဒီပါရသီမံ သမ္မန္နိတုံ အနုဇာနာမီတိ အတ္ထော၊ သစေ ဓုဝနာဝါ ဝါ ဓုဝ သေတု ဝါ အဘိမုခတိတ္ထေ နတ္ထိ၊ ဥဒ္ဓံ အဘိရုဟိတွာ အဓော ဝါ ဩရောဟိတွာ အတ္ထိ၊ ဧဝမ္ပိ ဝဋ္ဋတိ၊ ကရဝိကတိဿတ္ထေရော ပန ဂါဝုတမတ္တဗ္ဘန္တရေပိ ဝဋ္ဋတီတိ အာဟ။

ဣဒဉ္စ ပန နဒီပါရသီမံ သမ္မန္နန္တေန ကေသွ် တီရေ ဌတွာ ဥပရိသောတေ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ အတ္တနော ပရိက္ခိပန္တေန ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ပရိယောသာနေ အဓောသောတေပိ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ ပရတီရေ သမ္မုခဋ္ဌာနေ နဒီတီရေ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ တတော ပဋ္ဌာယ ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ဝသေန ယာဝ ဥပရိသောတေ ပဌမကိတ္တိတနိမိတ္တဿ သမ္မုခါ နဒီတီရေ နိမိတ္တံ၊ တာဝ ကိတ္တေတွာ ပစ္စာဟရိတွာ ပဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋ္ဋေတဗ္ဗံ၊ အထ သဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ နဒိယံ ဌိတာ အနာဂတာပိ ကမ္မံ န ကောပေန္တိ။ သမ္မုတိပရိယောသာနေ ဌပေတွာ နဒိံ နိမိတ္တာနံ အန္တော ပါရတီရေ စ ဩရိမတီရေ စ ဧကသီမာ ဟောတိ၊ နဒီ ပန ဗဒ္ဓသီမာသင်္ချံ န ဂစ္ဆတိ၊ ဝိသုံ နဒီသီမာ ဧဝ ဟိ သာ။ **(ဋ္ဌ၊ ၈၁–၃၂၈၊ ၃၂၉)**

သစေ အန္တောနဒိယံ ဒီပကော ဟောတိ၊ တံ အန္တောသီမာယ ကာတုကာမေန ပုရိမနယေနေဝ အတ္တနာ ဌိတတီရေ နိမိတ္တာနိ ကိတ္တေတွာ ဒီပကဿ ဩရိမန္တေ စ ပါရိမန္တေ စ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ အထ ပရတီရေ နဒိယာ ဩရိမတီရေ နိမိတ္တဿ သမ္မုခဋ္ဌာနေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ ပုရိမနယေနေဝ ယာဝ ဥပရိသောတေ ပဌမကိတ္တိတနိမိတ္တဿ သမ္မုခါ နိမိတ္တံ၊ တာဝ ကိတ္တေတဗ္ဗံ၊ အထ ဒီပကဿ ပါရိမန္တေ စ ဩရိမန္တေ စ နိမိတ္တံ ကိတ္တေတွာ ပစ္စာဟရိတွာ ပဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋေတဗ္ဗံ၊ အထ ဒွီသု တီရေသု ဒီပကေစ ဘိက္ခူ သဗ္ဗေဝ ဟတ္ထပါသဂတေ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ နဒိယံ ဌိတာ အနာဂစ္ဆန္တာပိ ကမ္မံ န ကောပေန္တိ၊ သမ္မုတိပရိယောသာနေ ဌပေတွာ နဒိံ နိမိတ္တာနံ အန္တော တီရဒွယဥ္စ ဒီပကောစ ဧကသီမာ ဟောတိ၊ နဒီ ပန နဒိသီမာယေဝ။

သစေ ပန ဒီပကော ဝိဟာရသီမပရိစ္ဆေဒတော ဥဒ္ဓံ ဝါ အဓော ဝါ အဓိကတရော ဟောတိ၊ အထ ဝိဟာရသီမာပရိစ္ဆေဒနိမိတ္တဿ ဥဇုကမေဝ သမ္မုခိဘူတေ ဒီပကဿ ဩရိမန္တေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ ဒီပကသိခရံ ပရိက္ခိပန္တေန ပုန ဒီပကဿ ဩရိမန္တေ နိမိတ္တဿမ္မုခေ ပါရိမန္တေ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ တတော ပရံ ပုရိမနယေနေဝ ပါရတီရေ သမ္မုခနိမိတ္တမာဒိံ ကတွာ ပါရတီရနိမိတ္တာနိ စ ဒီပကဿ ပါရိမန္တဩရိမန္တနိမိတ္တာနိ စ ကိတ္တေတွာ ပဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋ္ဋနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတွာ သမ္မတာ သီမာ ပဗ္ဗတသဏ္ဌာနာ ဟောတိ။

သစေ ပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒတော ဥဒ္ဓမ္ပိ အဓောပိ အဓိကတရော ဟောတိ၊ ပုရိမနယေနေဝ ဒီပကဿ ဥဘောပိ သိခရာနိ ပရိက္ခိပိတွာ နိမိတ္တာနိ ကိတ္တေန္တေန နိမိတ္တာ ဃဋ္ဋနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတွာ သမ္မတာ သီမာ မုဒိင်္ဂသဏ္ဌာနာ ဟောတိ။ **(ဌ၊ ၈ာ–၃၂၉)**

သစေ ဒီပကော ဝိဟာရသီမာပရိစ္ဆေဒဿ အန္တော ခုဒ္ဒကော ဟောတိ၊ သဗ္ဗပဌမနယေန ဒီပကေ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ၊ ဧဝံ ကိတ္တေတွာ၊ သမ္မတာ သီမာ ပဏဝသဏ္ဌာနာ ဟောတိ။ **(ဌ၊ ၈ာ–၃၃၀)**

နိမိတ် - ၈ ပါး

ကွဒါနိ ပဗ္ဗတနိမိတ္တာဒီသု ဧဝံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော–တိဝိဓော ပဗ္ဗတော သုဒ္ဓပံသုပဗ္ဗတော သုဒ္ဓပါသာဏပဗ္ဗတော ဥဘယမိဿကောတိ၊ သော တိဝိဓောပိ ဝဋ္ဋတိ၊ ဝါလိကရာသိ ပန န ဝဋ္ဋတိ၊ ဣတရောပိ ဟတ္ထိပ္ပမာဏတော ဩမကတရော န ဝဋ္ဋတိ၊ ဟတ္ထိပ္ပမာဏတော ပန ပဋ္ဌာယ သိနေရုပ္ပမာဏောပိ ဝဋ္ဋတိ။ သစေ စတူသု ဒိသာသု စတ္တာရော တီသု ဝါ တယော ပဗ္ဗတာ ဟောန္တိ၊ စတူဟိ ဝါ တီဟိ ဝါ ပဗ္ဗတနိမိတ္တေဟိ ဧဝ သမ္မန္နိတုံ ဝဋ္ဋတိ၊ ဒွီဟိ ပန နိမိတ္တေဟိ ဧကေန ဝါ သမ္မန္နိတုံ န ဝဋ္ဋတိ။ ဣတော ပရေသု ပါသာဏနိမိတ္တာဒီသုပိ ဧသေဝ နယော။ တသ္မာ ပဗ္ဗတနိမိတ္တံ ကရောန္တေန ပုစ္ဆိတဗ္ဗံ "ကောပဗ္ဗတော၊ န ကောပဗ္ဗတော"တိ၊ သစေ ကောပဗ္ဗတော ဟောတိ၊ န ကာတဗ္ဗော။ တံ ဟိ စတူသု ဝါ အဋ္ဌသု ဝါ ဒိသာသု ကိတ္တေန္တေနာပိ ဧကမေဝ နိမိတ္တံ ကိတ္တိတံ ဟောတိ၊ တသ္မာ ယော ဧဝံ စက္ကသဏ္ဌာနေန ဝိဟာရံ ပရိက္ခိပိတွာ ဌိတော ပဗ္ဗတော၊ တံ ဧကဒိသာယ ကိတ္တေတွာ အညာသု ဒိသာသု တံ ဗဟိဒ္ဓါ ကတွာ အန္တော အညာနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ **(ဌ၊ ၈ာ–၃၁၈၊ ၃၁၉)**

သစေ ပဗ္ဗတဿ တတိယဘာဂံ ဝါ ဥပဍ္ဎံ ဝါ အန္တောသီမာယ ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတံ အကိတ္တေတွာ ယတ္တကံ ပဒေသံ အန္တော ကတ္တုကာမာ၊ တဿ ပရတော တသ္မိံယေဝ ပဗ္ဗတေ ဇာတရုက္ခ

ဝမ္မိကာဒီသု အညတရံ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ သစေ ကေဝလံ ဧကဃနပံသုပရိမာဏာ သဗ္ဗံ ပဗ္ဗတံ အန္တော ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတဿ ပရတော ဘူမိယံ ဇာတရုက္ခဝမ္မိကာဒီနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ (၁)

ပါသာဏနိမိတ္တေ အယဂုဠောပိ ပါသာဏသင်္ချမေဝ ဂစ္ဆတိ၊ တသ္မာ ယောကောစိ ပါသာဏော ဝဋ္ဋတိ။ ပမာဏတော ပန ဟတ္ထိပ္ပမာဏော ပဗ္ဗတသင်္ချံ ဂတော၊ တသ္မာ သော န ဝဋ္ဋတိ၊ မဟာဂေါဏ မဟာမဟိံသပ္ပမာဏော ပန ဝဋ္ဋတိ။ ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော ဝဋ္ဋတိ။ တတော ခုဒ္ဒကတရော ဣဋ္ဌကာ ဝါ မဟန္တီပိ န ဝဋ္ဋတိ။ အနိမိတ္တုပဂပါသာဏရာသိပိ န ဝဋ္ဋတိ။ ပဂေဝ ပံသု ဝါလိကရာသိ။ ဘူမိသမော ခလမဏ္ဍလသဒိသော ပိဋ္ဌိပါသာဏောဝါ ဘူမိတော ခါဏုကော ဝိယ ဥဋ္ဌိတပါသာဏော ဝါ ဟောတိ၊ သောပိ ပမာဏုပဂေါ စေ ဝဋ္ဋတိ။ ပိဋ္ဌိပါသာဏော အတိမဟန္တောပိ ပါသာဏသင်္ချမေဝ ဂစ္ဆတိ၊ တသ္မာ သစေ မဟတော ပိဋ္ဌိပါသာဏဿ ဧကပ္ပဒေသံ အန္တောသီမာယ ကတ္တုကာမာ ဟောန္တိ၊ တံ အကိတ္တေတွာ တဿုပရိ အညော ပါသာဏော ကိတ္တေတဗ္ဗော။ သစေ ပိဋ္ဌိပါသာဏုပရိ ဝိဟာရံ ကရောန္တိ၊ ဝိဟာရမဇ္ဈေန ဝါ ပိဋ္ဌိပါသာဏော ဝိနိဝိဇ္ဈိတွာ ဂစ္ဆတိ၊ ဝေဝုပေါ ပိဋ္ဌိပါသာဏော န ဝဋ္ဋတိ။ သစေ ဟိ တံ ကိတ္တေန္တိ၊ နိမိတ္တဿ ဥပရိ ဝိဟာရော ဟောတိ၊ နိမိတ္တဉ္စ နာမ ဗဟိသီမာယ ဟောတိ၊ ဝိဟာရောပိ ဗဟိသီမာယံ အာပဇ္ဇတိ။ ဝိဟာရံ ပရိက္ခိပိတွာ ဌိတပိဋ္ဌိပါသာဏော ကေတ္ထ ကိတ္တေတွာ အညတ္ထ န ကိတ္တေတဗ္ဗော။ (၂) **(မြ၊ ဏ-၃၁၉)**

ဝနနိမိတ္တေ တိဏဝနံ ဝါ တစသာရတာလနာဠိကေရာဒိရုက္ခဝနံ ဝါ န ဝဋ္ဋတိ။ အန္တောသာရာနံ ပန သာကသာလာဒီနံ အန္တောသာရမိဿကာနံ ဝါ ရုက္ခာနံ ဝနံ ဝဋ္ဋတိ၊ တဉ္စ ခေါ ဟေဋ္ဌိမပရိစ္ဆေဒေန စတုပဉ္စရုက္ခမတ္တမ္ပိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ယောဇနသတိကမ္ပိ ဝဋ္ဋတိ။ သစေ ပန ဝနမဇ္ဈေ ဝိဟာရံ ကရောန္တိ၊ ဝနံ န ကိတ္တေတဗ္ဗံ၊ ဧကဒေသံ အန္တောသီမာယ ကတ္တုကာမေဟိပိ ဝနံ အကိတ္တေတွာ တတ္ထ ရုက္ခပါသာဏာဒယော ကိတ္တေတဗ္ဗာ၊ ဝိဟာရံ ပရိက္ခိပိတွာ ဌိတဝနံ ကေတ္ထ ကိတ္တေတွာ အညတ္ထ န ကိတ္တေတဗ္ဗံ။ (၃) **(မြ၊ ဏ-၃၁၉၊ ၃၂၀)**

ရုက္ခနိမိတ္တေ တစသာရော တာလနာဠိကေရာဒိရုက္ခော န ဝဋ္ဋတိ၊ အန္တောသာရော ဇီဝမာနကော အန္တမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ဒွါဒသယောဇနော သုပ္ပတိဋ္ဌိတနိဂြောဓောပိ ဝဋ္ဋတိ၊ ဝံသနဠကသရာဝါဒီသု ဗီဇံ ရောပေတွာ ဝဍ္ဎာပိတော ပမာဏုပဂေါပိ န ဝဋ္ဋတိ။ တတော အပနေတွာ ပန တင်္ခဏမ္ပိ ဘူမိ ယံ ရောပေတွာ ကောဋ္ဌကံ ကတွာ ဥဒကံ အာသိဉ္စိတွာ ကိတ္တေတုံ ဝဋ္ဋတိ၊ နဝမူလသာခါနိဂ္ဂမနံ အကာရဏံ၊ ခန္ဓံ ဆိန္ဒိတွာ ရောပိတေ ပန တော် ယုဇ္ဇတိ၊ ကိတ္တေန္တေန စ "ရုက္ခော" တိပိ ဝတ္တုံ ဝဋ္ဋတိ။ သာက ရုက္ခောတိပိ သာလရုက္ခောတိပိ။ ကောဗဒ္ဓံ ပန သုပ္ပတိဋ္ဌိတနိဂြောဓသဒိသံ ကေတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ (၄)

မဂ္ဂနိမိတ္တေ အရညခေတ္တနဒီတဠာကမဂ္ဂါဒယော န ဝဋ္ဋန္တိ၊ ဇင်္ဃမဂ္ဂေါ ဝါ သကဋမဂ္ဂေါ ဝါ ဝဋ္ဋတိ၊ ယော နိဗ္ဗိဇ္ဈိတွာ ဒွေ တီဏိ ဂါမန္တရာနိ ဂစ္ဆတိ။ ယော ပန ဇင်္ဃမဂ္ဂေါ သကဋမဂ္ဂတော ဩက္ကမိတွာ ပုန သကဋမဂ္ဂမေဝ ဩတရတိ၊ ယေ ဝါ ဇင်္ဃမဂ္ဂကဋမဂ္ဂါ အဝဠဉ္ဇာ၊ တေ န ဝဋ္ဋန္တိ၊ ဇင်္ဃသတ္ထသကဋ သတ္ထေဟိ ဝဠဉ္ဇိယမာနာယေဝ ဝဋ္ဋန္တိ။ သစေ ဒွေ မဂ္ဂါ နိက္ခမိတွာ ပစ္ဆာ သကဋဓုရမိဝ ဂေဟာဝန္တိ၊ ဒွိဓာ ဘိန္နဋ္ဌာနေ ဝါ သမ္ဗန္ဓဋ္ဌာနေ ဝါ သကိံ ကိတ္တေတွာ ပုန န ကိတ္တေတဗ္ဗာ။ ကောဗဒ္ဓနိမိတ္တံ ဟောတံ ဟောတိ။

သစေ ဝိဟာရံ ပရိက္ခိပိတွာ စတ္တာရော မဂ္ဂါ စတူသု ဒိသာသု ဂစ္ဆန္တိ၊ မဇ္ဈေ ဧကံ ကိတ္တေတွာ အပရံ ကိတ္တေတုံ န ဝဋ္ဋတိ၊ ဧကာဗဒ္ဓနိမိတ္တံ ဟောတံ ဟောတိ။ ကောဏံ နိဗ္ဗိဇ္ဈိတွာ ဂတမဂ္ဂံ ပန ပရဘာဂေ ကိတ္တေတုံ ဝဋ္ဋတိ။ ဝိဟာရမဇ္ဈေန နိဗ္ဗိဇ္ဈိတွာ ဂတမဂ္ဂေါ ပန န ကိတ္တေတဗ္ဗော။ ကိတ္တိတေ နိမိတ္တဿ ဥပရိ ဝိဟာရော ဟောတိ။ သစေ သကဋမဂ္ဂဿ အန္တိမစက္ကမဂ္ဂံ နိမိတ္တံ ကရောန္တိ၊ မဂ္ဂေါ ဗဟိသီမာယ ဟောတိ၊ သစေ ဗာဟိရစက္ကမဂ္ဂံ နိမိတ္တံ ကရောန္တိ။ ဗာဟိရစက္ကမဂ္ဂေါဝ ဗဟိသီမာယ ဟောတိ၊ သေသံ အန္တောသီမံ ဘဇတိ။ မဂ္ဂံ ကိတ္တေန္တေန "မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော" တိ ဒသသု ယေန ကေနစိ နာမေန ကိတ္တေတုံ ဝဋ္ဋတိ။ ပရိခါသဏ္ဌာနေန ဝိဟာရံ ပရိက္ခိပိတွာ ဂတမဂ္ဂေါ ဧကတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ (၅) **(ဋ္ဌ၊ ဓာ-၃၂၀၊ ၃၂၁)**

ဝမ္မိကနိမိတ္တေ ဟေဋ္ဌိမပရိစ္ဆေဒေန တံ ဒိဝသံ ဇာတော အဋ္ဌင်္ဂုလုဗ္ဗေဓော ဂေါဝိသာဏမတ္တောပိ ဝမ္မိကော ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။ ပရံ ဟိမဝန္တပဗ္ဗတသဒိသောပိ ဝဋ္ဋတိ။ ဝိဟာရံ ပရိက္ခိပိတွာ ဌိတံ ပန ဧကာဗဒ္ဓံ ဧကတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ (၆)

နဒီနိမိတ္တေ ယဿာ ဓမ္မိကာနံ ရာဇူနံ ကာလေ အန္ဝဍ္ဎမာသံ အနုဒသာဟံ အနုပဉ္စာဟန္တိ ဧဝံ အနတိက္ကမိတွာ ဒေဝေ ဝဿန္တေ ဝလာဟကေသု ဝိဂတမတ္တေသု သောတံ ပစ္ဆိဇ္ဇတိ၊ အယံ နဒီသင်္ချံ န ဂစ္ဆတိ။ ယဿာ ပန ဤဒိသေ သုဝုဋ္ဌိကာလေ ဝဿာနဿ စာတုမာသေ သောတံ န ပစ္ဆိဇ္ဇတိ၊ တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ ယတ္ထ ကတ္ထစိ ဥတ္တရန္တိယာ ဘိက္ခုနိယာ အန္တရဝါသကော တေမိယတိ၊ အယံ နဒီသင်္ချံ ဂစ္ဆတိ၊ သီမံ ဗန္ဓန္တာနံ နိမိတ္တံ ဟောတိ။ ဘိက္ခုနိယာ နဒီပါရဂမနေပိ ဥပေါသထာဒိသံဃကမ္မကရဏေပိ နဒီပါရသီမသမ္မန္နနေပိ အယမေဝ နဒီ။

ယာ ပန မဂ္ဂေါ ဝိယ သကဋဓုရသဏ္ဌာနေန ဝါ ပရိခါသဏ္ဌာနေန ဝါ ဝိဟာရံ ပရိက္ခိပိတွာ ဂတာ၊ တံ ဧကတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ ဝိဟာရဿ စတူသု ဒိသာသု အညမညံ ဝိနိဗ္ဗိဇ္ဈိတွာ ဂတေ နဒီစတုက္ကေပိ ဧသေဝနယော။ အသမ္မိဿနဒိယော ပန စတဿောပိ ကိတ္တေတုံ ဝဋ္ဋတိ။ သစေ ဝတိံ ကရောန္တောဝိယ ရုက္ခပါဒေ နိခဏိတွာ ဝလ္လိပလာလာဒီဟိ နဒီသောတံ ရုမ္ဘန္တိ၊ ဥဒကဉ္စ အဇ္ဈောတ္ထရိတွာ အာဝရဏံ ပဝတ္တတိယေဝ၊ နိမိတ္တံ ကာတုံ ဝဋ္ဋတိ။ ယထာ ပန ဥဒကံ နပ္ပဝတ္တတိ၊ ဧဝံ သေတုမှိ ကတေ အပ္ပဝတ္တမာနာ နဒီ နိမိတ္တံ ကာတုံ န ဝဋ္ဋတိ။ ပဝတ္တနဋ္ဌာနေ နဒီနိမိတ္တံ၊ အပ္ပဝတ္တနဋ္ဌာနေ ဥဒကနိမိတ္တံ ကာတုံ ဝဋ္ဋတိ။ **(ဋ္ဌ၊ ဓာ-၃၂၁)**

ယာ ပန ဒုဗ္ဗုဋ္ဌိကာလေ ဝါ ဂိမှေ ဝါ နိရုဒကဘာဝေန နပ္ပဝတ္တတိ၊ သာ ဝဋ္ဋတိ။ မဟာနဒီတော ဥဒကမာတိကံ နီဟရန္တိ၊ သာ ကုန္နဒီသဒိသာ ဟုတွာ တီဏိ သဿာနိ သမ္ပာဒေန္တီ နိစ္စံ ပဝတ္တတိ၊ ကိဉ္စာပိ ပဝတ္တတိ နိမိတ္တံ ကာတုံ န ဝဋ္ဋတိ၊ ယာ ပန မူလေ မဟာနဒီတော နိဂ္ဂတာပိ ကာလန္တရေန တေနေဝ နိဂ္ဂတမဂ္ဂေန နဒိံ ဘိန္ဒိတွာ သယဉ္စ ဂစ္ဆတိ၊ ဂစ္ဆန္တီ ပရတော သုသုမာရာဒိသမာကိဏ္ဏာ နာဝါဒီဟိ သဉ္စရိတဗ္ဗာ နဒီ ဟောတိ၊ တံ နိမိတ္တံ ကာတုံ ဝဋ္ဋတိ။ (၇) **(ဋ္ဌ၊ ဓာ-၃၂၂)**

ဥဒကနိမိတ္တေ နိရုဒကေ ဌာနေ နာဝါယ ဝါ စာဋိအာဒီသု ဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ။ ဘူမိဂတမေဝ ဝဋ္ဋတိ။ တဉ္စ ခေါ အပ္ပဝတ္တနဥဒကံ အာဝါဋပေါက္ခရဏိတဠာကဇာတဿရလောဏိသမုဒ္ဒါဒီသု ဌိတံ၊ အဋ္ဌိတံ ပန ဩဃနဒီဥဒကဝါဟကမာတိကာဒီသု ဥဒကံ န ဝဋ္ဋတိ။ အန္ဓကဋ္ဌကထာယံ ပန "ဂမ္ဘီရေသု အာဝါဋာဒီသု ဥက္ခေပိမံ ဥဒကံ နိမိတ္တံ န ကာတဗ္ဗ"န္တိ ဝုတ္တံ။ တံ ဒုဝုတ္တံ အတ္တနောမတိမတ္တမေဝ၊ ဌိတံ ပန အန္တမသော သူကရခတာယပိ ဂါမဒါရကာနံ ကီဠနဝါပိယမ္ပိ

တဉ်ဏသောဝ ပထဝိယံ အာဝဋ္ဋကံ ကတွာ ကုဋ္ဋေဟိ အာဟရိတွာ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာ ပရိယောသာနာ တိဋ္ဌတိ အပ္ပံ ဝါ ဟောတု ဗဟု ဝါ၊ ဝဋ္ဋတိ။ တသ္မိံ ပန ဌာနေ နိမိတ္တသညာကရဏတ္ထံ ပါသာဏဝါလိကာပံသုအာဒိရာသိ ဝါ ပါသာဏတ္ထမ္ဘော ဝါ ဒါရုတ္ထမ္ဘော ဝါ ကာတဗ္ဗော။ တံ ကာတုဉ္စ ကာရေတုဉ္စ ဘိက္ခူသု ဝဋ္ဋတိ။ လာဘာသီမာယံ ပန န ဝဋ္ဋတိ။ သမာနသံဝါသကသီမာ ကဿစိ ပီဠနံ န ကရောတိ၊ ကေဝလံ ဘိက္ခူနံ ဝိနယကမ္မမေဝ သာဓေတိ၊ တသ္မာ တတ္ထ ဝဋ္ဋတိ။ (၈) **(ဌ၊ ဓာ-၃၂၂)**

အဝိပ္ပဝါသသိမ် – ဂါမ ဂါမူပစာရမှတစ်ပါး [ဂါမူပစာရောတိ ပရိက္ခိတ္တဿ ပရိက္ခေပေါ အပရိက္ခိတ္တဿ ပရိက္ခေပေါကာသော] ကြွင်းအရပ် သာတည်း။ ဝေဠု ပန ဘိက္ခဝေ တိစီဝရေန အဝိပ္ပဝါသော သမ္မုတ္တဗ္ဗောတိ ဧတ္ထ သမ္မုတ္တန္တေန ဘိက္ခုနာ ဝတ္တံ ဇာနိတဗ္ဗံ၊ တတြိဒံ ဝတ္တံ ခဏ္ဍသီမာယံ ဌတွာ အဝိပ္ပဝါသသီမာ န သမ္မုတ္တဗ္ဗာ။ တထာ အဝိပ္ပဝါသသီမာယံ ဌတွာ ခဏ္ဍသီမာပိ၊ ခဏ္ဍသီမာယံ ပန ဋ္ဌိတေန ခဏ္ဍသီမာဝ သမ္မုန္နိတဗ္ဗာ။ တထာ ဣတရာယ ဋ္ဌိတေန ဣတရာ။ သီမံ နာမ ဒွီဟိ ကာရဏေဟိ သမ္မုန္နန္တိ ပကတိယာ ခုဒ္ဒကံ ပုန အာဝါသဝဍ္ဎနတ္ထာယ မဟတိံ ဝါ ကာတုံ ပကတိယာ မဟတိံ ပုန အညေသံ ဝိဟာရောကာသဒါနတ္ထာယ ခုဒ္ဒကံ ဝါ ကာတုံ။ တတ္ထ သစေ ခဏ္ဍသီမဉ္စ အဝိပ္ပဝါသသီမဉ္စ ဇာနန္တိ၊ သမ္မုန္နိတုဉ္စေဝ ဗန္ဓိတုဉ္စ သက္ခိဿန္တိ၊ ခဏ္ဍသီမံ ပန ဇာနန္တာ အဝိပ္ပဝါသံ အဇာနန္တာပိ သမ္မုန္နိတုဉ္စေဝ သက္ခိဿန္တိ။ ခဏ္ဍသီမံ အဇာနန္တာ အဝိပ္ပဝါသံယေဝ ဇာနန္တာ စေတိယင်္ဂဏဗောဓိယင်္ဂဏဥပေါသထာဂါရာဒီသု နိရာသင်္ကဋ္ဌာနေသု ဌတွာ အပ္ပေဝ နာမ သမ္မုန္နိတုံ သက္ခိဿန္တိ၊ ပဋိဗန္ဓိတုံ ပန န သက္ခိဿန္တေဝ၊ သစေ ဗန္ဓေယျုံ၊ သီမာသမ္ဘေဒံ ကတွာ ဝိဟာရံ အဝိဟာရံ ကရေယျုံ၊ တသ္မာ န သမ္မုန္နိတဗ္ဗာ။ ယေ ပန ဥဘောပိ န ဇာနန္တိ၊ တေ နေဝ သမ္မုန္နိတုံ၊ န ဗန္ဓိတုံ သက္ခိဿန္တိ၊ အယံ ဟိ သီမာ နာမ ကမ္မဝါစာယ ဝါ အသီမာ ဟောတိ သာသနန္တရဓာနေန ဝါ၊ န စ သက္ကာ သီမံ အဇာနန္တေဟိ ကမ္မဝါစာ ကာတုံ၊ တသ္မာ န သမ္မုန္နိတဗ္ဗာ။ သာဓုကံ ပန ဉတွာယေဝ သမ္မုန္နိတဗ္ဗာ စ ဗန္ဓိတဗ္ဗာ စာတိ။ **(ဌ၊ ဓာ-၃၃၂)**

အဝဒ္ဓသိမ်

နဒီ – သွားသောလှေ၌ ကံမပြုအပ်၊ ဥဒက်သိမ်တစ်ခု ကမ္မဝါသိမ်တစ်ခု ဖြစ်နေမည်။ နဒီ လက္ခဏာရှိမူ သေးငယ်သော်လည်း အဆောက်အဦးသည် ကမ်းပေါ်၌တည်၍ ကမ်းမထိလျှင်အပ်၏။ **[ဌ၊ ဓာ -၃၃၄/၃၃၅]**

ဝိသုံဂါမ – ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ ''အယံ ဝိသုံဂါမော ဟောတူ''တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ၊ တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရနိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ၊ ကေဝလံ ပန တိစီဝရဝိပ္ပဝါသပရိဟာရံ န လဘန္တိ။ **[ဌ၊ ဓာ-၃၃၃]**

နဒိယံ သေတုံ ကရောန္တိ၊ သစေ အန္တောနဒိယံယေဝ သေတု ဝါ သေတုပါဒါ ဝါ၊ သေတုမှိ ဋ္ဌိတေဟိ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ပန သေတု ဝါ သေတုပါဒါ ဝါ ဗဟိတီရေ ပတိဋ္ဌိတာ၊ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ သီမံ သောဓေတွာ ကာတဗ္ဗံ။ အထ သေတုပါဒါ အန္တော။ သေတု ပန ဥဘိန္နမ္ပိ တီရာနံ

ဥပရိအာကာသေ ဌိတော ဝဋ္ဋတိ။ **(ဋ္ဌ၊ စာ–၃၃၅)** [ဝိနယတ္တ မဥ္ဇူသာခေါ် ကခါင်္ခီကာသစ်ပါဠိ ဖမျှမိတ်ဆွေမှု စာ – ၂၇]

မြစ်၌ တံတားပြုကုန်၏။ အကယ်၍ မြစ်အတွင်း၌ပင်လျှင် တံတားသည်လည်းကောင်း၊ တံတား၏ ခြေတို့သည်လည်းကောင်း ရှိကုန်ငြားအံ့။ တံတား၌တည်ကုန်သော ရဟန်းတို့သည် ကံကိုပြုခြင်းငှာအပ်၏။ အကယ်၍ကား တံတားသည်လည်းကောင်း၊ တံတား၏ခြေတို့သည်လည်းကောင်း ကမ်းအပ၌ တည်ကုန်အံ့ ကံကိုပြုခြင်းငှာ မအပ်။ သိမ်ကို အပ်အောင်သုတ်သင်၍ကံကို ပြုအပ်၏။ အကယ်၍ တံတားခြေတို့သည် မြစ်တွင်း၌ တံတားသည်ကား ကမ်းနှစ်ဖက်တို့၏အထက်ကောင်းကင်၌ တည်ငြားအံ့အပ်၏။

ပစ္စဝေက္ခဏာဆင်ခြင်ရန်

သင်္ကန်းကို ကိုယ်မှလွတ်စေ၍ သုံးဆောင်တိုင်းသုံးဆောင်တိုင်း ဆင်ခြင်အပ်၏ဟု ပြတော်မူလို၍ – စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံဟု မိန့်သတည်း။ **[သာရ၊ နိဿဂ္ဂိယ အဌမသိက္ခာပဒ စာ၊ ၄၁၈/ ဋ္ဌ၊ စာ–၂၇၂]**

ဆွမ်းကို လုပ်တိုင်းလုပ်တိုင်း ဆင်ခြင်အပ်၏ဟု ပြတော်မူလို၍ ပိဏ္ဍပါတော အာလောပေ အာလောပေ–ဟု မိန့်သတည်း။ **[သာရ၊ စာ–၄၁၉/ ဋ္ဌ၊ စာ–၂၇၂]**

သေနာသနကို တံစက်ကျရာအရပ်မှ အတွင်းသို့ ဝင်တိုင်းဝင်တိုင်း၊ ညောင်စောင်းအင်းပျဉ်အိပ်ရာ နေရာတို့၌ ထိုင်တိုင်းနေတိုင်း ဆင်ခြင်အပ်၏ဟု သိစေတော်မူလို၍ သေနာသနမ္ပိ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံဟု မိန့်သတည်း။ **[သာရ၊ စာ–၄၁၉/ ဋ္ဌ၊ စာ–၂၇၂]**

သင်္ကန်းနှင့်ကျောင်းဆေးကို သုံးဆောင်တိုင်း၊ ဆွမ်းကို လုပ်တိုင်းလုပ်တိုင်း ဆင်ခြင်မှုအပ်သလော ဟူမူ တထာ အသက္ကောန္တေန ယထာဝုတ္တကာလဝိသေသဝသေန ကေသ္မိ ဒိဝသေ စတုက္ခတ္တုံ တိက္ခတ္တုံ ဒွိက္ခတ္တုံ သကိံယေဝ ဝါ ပစ္စဝေက္ခိတဗ္ဗံဟု ဝိသုဒ္ဓိမဂ်ဋီကာ၌ မိန့်သောကြောင့် ထိုဆိုတိုင်းမတတ်နိုင်သော ရဟန်းသည် .... ပုရေဘတ် ပစ္ဆာဘတ် ပုရိမယာမ် မဇ္ဈိမယာမ် ပစ္ဆိမယာမ်တို့တွင် တစ်ခုခုသောအခါ တို့၌ ဆင်ခြင်အပ်၏။ ထိုနေ့အရုဏ်မတက်မီ တစ်ခေါက်မျှမဆင်ခြင်မိသော် ဣဏပရိဘောဂဖြစ်၏။ သူ့မြီကြောင့် အစေခံကျွန်အရာနှင့်နေရသောသူသည် မြီကြောင့် မိမိလိုရာသို့ မသွားမလာရသကဲ့သို့ သီလ ရှိသောရဟန်း၏လည်း တရားသဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်မိ ခြင်းကြောင့် သီလဖြူစင်သည်ကိုစွဲ၍ ရလတ္တံ့သော သဂ္ဂမောက္ခအကျိုးကို မရနိုင်။ ထို့ကြောင့် တရား သဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရာသည်။

နေလွဲကာလဆေးကို သုံးဆောင်မူအကပ်ခံစဉ်ကာလ သုံးဆောင်စဉ်ကာလ၊ ဆင်ခြင်အပ်၏။ အကပ်ခံ စဉ်ကာလ မဆင်ခြင်မိသော်၊ သုံးဆောင်ဆဲကာ ဆင်ခြင်အပ်၏။ ကာလ ၂ ပါးလုံး မဆင်ခြင်မိသော် အာဟာရအကျိုးငှာ ခံသည်မည်သောကြောင့် ဝိကာလဘောဇန ဒုက္ကဋ် အာပတ်သင့်၏။ ထို့ကြောင့် နေလွဲ သည့်ကာလဆေးပစ္စည်းကို သုံးဆောင်သောရဟန်းသည် ကာလ ၂ ပါးလုံး မဆင်ခြင်မိသော် ပါတိမောက္ခ သံဝရသီလပျက်၏။ သုံးဆောင်ပြီး၍ အရုဏ်မထင်မီကာလဆင်ခြင်မိမူကား ပစ္စယသန္နိဿိတသီလမပျက်၊ ပါတိမောက္ခသံဝရသီလသာ ပျက်သည်။

ကာလ ၂ ပါးတွင် တစ်ပါးပါး၌ ဆင်ခြင်မိမှုကား သီလ ၂ ပါးပင်မပျက်။ ကာလ ၂ ပါးတွင်လည်း အကပ်ခံစဉ်ကာလ မဆင်ခြင်မိခြင်းကြောင့် အာပတ်မသင့်၊ သုံးဆောင်သည့်ကာလ မဆင်ခြင်မိခြင်းကြောင့်သာ အာပတ်သင့်သည်။ ထို့ကြောင့် နေလွဲပြီးဆေးကို သုံးဆောင်လိုမှုကား ကာလ ၂ ပါးတွင် တစ်ပါး၌ ဆင်ခြင်ပါလေ။ **[သီလဝိသောဓနီ၊ စာ-၁၂၉]**

သီလဝိသောဓနီ အဆိုနှင့် မညီသော ဝိနယာသာရမှတ်ပြချက်

ထိုပစ္စည်း၌ အကပ်ခံသောကာလ သုံးဆောင်သောကာလဂိလာနကို ဆင်ခြင်ခြင်းတည်းဟူသော ပစ္စဝေက္ခဏာသတိကို မချွတ်ပြုအပ်၏။ သို့ပင်ဖြစ်သော်လည်း အကပ်ခံသောကာလ သတိကိုပြု၍ သုံးဆောင်သောကာလ မပြုသောရဟန်းအားသာ အာပတ်သင့်၏။ အကပ်ခံသောကာလ သတိကိုမပြုမူ၍ သုံးဆောင်သောကာလ ပြုသောရဟန်းအား အာပတ်မသင့် ။ ။ နေလွဲကာလ ဆေးကိုသုံးဆောင်မှု အကပ်ခံစဉ်ကာလ၊ သုံးဆောင်စဉ်ကာလ ဂိလာနကို ဆင်ခြင်အပ်၏။ သို့ပင်ဖြစ်သော်လည်း အကပ်ခံစဉ်ကာလ မဆင်ခြင်မိခြင်းကြောင့် အာပတ်မသင့်၊ သုံးဆောင်စဉ်ကာလ မဆင်ခြင်မိသော် ဝိကာလဘောဇနသိက္ခာပုဒ် ပဒဘာဇနီ၌လာသော ဒုက္ကဋ်အာပတ်သင့်သောကြောင့် ထိုရဟန်းအား ပါတိမောက္ခသံဝရသီလ ပျက်၏။ သုံးဆောင်ပြီး၍ အရုဏ်မတက်မီကာလမဆင်ခြင်လျှင် ပစ္စယသန္နိဿိတသီလသည် ပျက်၏။ အရုဏ်မတက်မီကာလ ဆင်ခြင်ပါမှုကား ပစ္စယသန္နိဿိတသီလမပျက်ခြင်း အကျိုးရှိသေး၏။

၎င်း**ဝိနယာသာရဂဏ္ဌိ-၁၉၅** တွင် ''သတ္တာဟကာလိက၊ ယာဝဇီဝိကကိုသိုမှီး၍ ထားပြီးလျှင် အာဟာရအလို့ငှာ အကပ်ခံအံ့၊ နံနက်ကာလကပင်ဖြစ်သော်လည်း သိုမှီခြင်းရှိသောကြောင့် ခံခြင်း၌ ဒုက္ကဋ်သင့်၏။ မျိုတိုင်း၊ မျိုတိုင်းလည်း ဒုက္ကဋ်သင့်၏။ အနာဟူသော အကြောင်းရှိမှုကား သိုမှီး၍ထားအပ်သော သတ္တာဟကာလိက ယာဝဇီဝိကကို ဆေးအလို့ငှာ အကပ်ခံခြင်းသုံးဆောင်ခြင်းကြောင့် အာပတ်မသင့်ဟု ပြတော်မူလို၍ ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ၊ ဝေသန္တေပိ ပဋိဂ္ဂဟဏေ သတိံ ကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ။ ပဋိဂ္ဂဟဏေ ပန သတိံ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ ဟုမိန့်သတည်း။ **(၄၊ စာ-၂၇၂)**

✤ ✤ ✤

ဆေးပစ္စည်း၌ကား ''ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိ ပစ္စယတာဝ ဝဋ္ဋတိ''ဟူ၍ ဝိသုဒ္ဓိမဂ်၌ မိန့်အပ်သောကြောင့် ဆေးပစ္စည်းကို အကပ်ခံသောကာလ၌လည်းကောင်း၊ သုံးဆောင်သောကာလ၌လည်းကောင်း ပစ္စဝေက္ခဏာသတိရှိသည်၏ အဖြစ်သည်သာလျှင် အပ်၏။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌လည်း ....

သတိ ပစ္စယတာဝ ဝဋ္ဋတီတိ ပစ္စဝေက္ခဏာသတိယာ ပစ္စယတံ လဒ္ဓုံ ဝဋ္ဋတိ ပဋိဂ္ဂဟဏေစ ပရိဘောဂေစ ပစ္စဝေက္ခဏာ သတိ အဝဿံ လဒ္ဓဗ္ဗာတိ ဒဿေတိဟု မိန့်အပ်ပြီ။

ထိုသို့မိန့်အပ်သော်လည်း အကပ်ခံသောကာလ ပစ္စဝေက္ခဏာဖြင့်ဆင်ခြင်၍ သုံးဆောင်သောအခါ မဆင်ခြင်သော် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အန္တရာပတ် ဒုက္ကဋ်အာပတ်သင့်၏။ အကပ်ခံသောကာလ မဆင်ခြင်မူ၍ သုံးဆောင်သောကာလဆင်ခြင်သည်ရှိသော် ထိုအန္တရာပတ် ဒုက္ကဋ်မှလွတ်၏။ ထိုဒုက္ကဋ်မှသာ

လွတ်သည်မဟုတ် ဣဏပရိဘောဂလည်းမဖြစ် ထိုသို့မဖြစ်ခြင်းကြောင့် ပါတိမောက္ခသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ နှစ်ပါးသည်ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် ဆေးပစ္စည်းကို သုံးဆောင်သောရဟန်းသည် သုံးဆောင်ဆဲပစ္စုပ္ပန်ကာလ၌သာ ဆင်ခြင်၍ သုံးဆောင်အပ်၏။

မဆင်ခြင်မူ ဆိုအပ်ခဲ့ပြီးသော ဒုက္ကဋ်အာပတ်သို့ရောက်၍ ပါတိမောက္ခသံဝရသီလပျက်၏။ နောက်မှဆင်ခြင်သော် ပစ္စယသန္နိဿိတသီလပြည့်စုံခြင်းသို့ ရောက်သေး၏။ အရုဏ်တက်သောကာလမှစ၍ မွန်းမတည့်မီအတွင်း၌ ဆေးအကျိုးငှာအကပ်ခံသော သတ္တာဟကာလိက၊ ယာဝကာလိကတို့ကိုလည်းကောင်း၊ ပိပါသစ္ဆေဒနအကျိုးငှာ အကပ်ခံအပ်သော ယာမကာလိက အဖျော်ကိုလည်းကောင်း၊ နေမလွဲမှီသုံးဆောင်သည်ရှိသော်လည်း ဂိလာနကိုပင်ဆင်ခြင်၍ သုံးဆောင်အပ်၏။ မဆင်ခြင်မိသော်လည်း ဝိကာလဘောဇနသိက္ခာပုဒ်သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ်ဒုက္ကဋ်၊ မသင့်သေး။ ထို့နေ့ နေလွဲသောကာလ၌ ထိုပစ္စည်း ၃ ပါးတို့ကို မိမိတို့၏ အကြောင်းအားလျော်စွာ အကြောင်းရှိ၍ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်သော် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ တစ်ညဉ့်လွန်ပြီး၍ နံနက်၌ အကြောင်းရှိ၍ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်သော် သန္နိဓိသိက္ခာပုဒ်ဖြင့် အန္တရာပတ်ဒုက္ကဋ်သင့်၏။ တစ်ညဉ့် စသည်လွန်ပြီး၍ အကြောင်းအားလျော်စွာ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ နေလွဲသောကာလ၌ သုံးဆောင်သည် ရှိသော် ဝိကာလဘောဇန သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ်ဒုက္ကဋ်အာပတ်သင့်၏။ ထိုကာလ ၃ ပါးတို့ကို နံနက်အရုဏ်တက်သည်မှ မွန်းမတည့်မီအတွင်း၌ ဆေးအကျိုး ယာမကာလိက အကျိုးငှာအကပ်ခံပြီး၍ မွန်းမတည့်မီကာလ၌ အာဟာရအကျိုးငှာ ငရ်းဆွမ်းစသော အာမိသတို့နှင့်ရော၍လည်းကောင်း သုံးဆောင်သော်လည်း အာပတ်မသင့်။

နေလွဲကာလ၌ အာဟာရအကျိုးငှာသုံးဆောင်သော် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သော်လည်းကောင်း၊ အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်သော်လည်းကောင်း၊ အာဟာရကိုသုံးဆောင်သည်နှင့် တစ်စိတ်အားဖြင့် တူသောကြောင့် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ယာမကာလိကဖြစ်မူ အကြာင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အာဟာရအကျိုးငှာ သုံးဆောင်သည်ဖြစ်စေ ပိပါသစ္ဆေဒနအကျိုးငှာလည်းကောင်း သုံးဆောင်သည်ဖြစ်စေ ပစ္စဝေက္ခဏာဆင်ခြင်၍လည်းကောင်း၊ မဆင်ခြင်ပဲလည်းကောင်း သုံးဆောင်သည်ဖြစ်စေ၊ တစ်ညည့်လွန်ပြီး၍ နံနက်ကာလသုံးဆောင်သော် သန္နိဓိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်သင့်၏။

မွန်းလွဲသောကာလ၌ ထိုဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုံးဆောင်သော် ဝိကာလဘောဇန၊ သန္နိဓိသိက္ခာပုဒ်တို့ဖြင့် ဒုက္ကဋ်သင့်၏။ သတ္တာဟကာလိကကို (၇)ရက်ကလွန်သော် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ မသုံးဆောင်ရ။ သုံးဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ထိုသတ္တာဟကာလိကကို နေမလွဲမီသုံးဆောင်ခြင်း၊ နေလွဲပြီးသောကာလ၌ အာဟာရအကျိုးငှာသုံးဆောင်ခြင်း၊ အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာကိုဆင်ခြင်၍ သုံးဆောင်ခြင်း၊ အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာကိုမဆင်ခြင်ဘဲ သုံးဆောင်ခြင်းတို့၌ ရှေးနည်းအတူမှတ်အပ်၏။ ယာဝဇီဝိက၌ သတ္တာဟကာလိက နည်းတူပင်။ ကာလအရှည်အတို ပိုင်းခြား၍ အာပတ်သင့်မသင့်ကို မှတ်အပ်၏။

ဗိပါသဂေလည္သာ ဂူပသမနတော ပါနီယမ္ပိ ဂိလာနပစ္စယောတိ အာပမုခေန ဒဿိတံ ဂိလာန ပစ္စယံ။ ဤသို့ပြအပ်သည်နှင့်အညီ အချို့သောအရှင်တို့သည် ရေကိုသုံးဆောင်သောကာလ ဂိလာနကို ဆင်ခြင်၍ သုံးဆောင်ရမည်ဟူကုန်၏။ ဆေးပစ္စည်းနှင့်တူသည်၏အဖြစ်ကိုသာလျှင် သိအပ်၏။ ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်းကြောင့် အာပတ်လည်းမသင့် ဣဏပရိဘောဂလည်းမဖြစ်။ အဘယ့်ကြောင့်နည်းဟူမူကား? ကာလိက(၄)ပါးတို့တွင် တစ်ပါးပါးမျှ၌ မပါဝင်သည်၏ အဖြစ်ကြောင့်တည်း။ ဆင်ခြင်လျှင် အကျိုးမရှိလော ဟူငြားအံ့? အကျိုးရှိ၏။ အကျိုးကိုအလိုရှိ၍ ဆင်ခြင်လိုမူ ဥစ္စာရပဿာဝကမွေ့ သမ္မဇာနကာရီ ဟောတိ ဟူ၍ မဟာသတိပဋ္ဌာနသုတ်၌ လာသောနည်းဖြင့် ဆင်ခြင်ရာ၏ဟု ဆရာကြီး ဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ် ကျော်တို့ မိန့်ဆိုတော်မူကြကုန်သည်။ **[သမ္မုဟ ဒ ပစ္စဝေက္ခဏာဂဏ္ဌိ၊ စာ-၇၂ - ၃ - ၅]**

❧ ❧ ❧

ဆေးအကပ်ခံတုန်း ဘာကြောင့် ဆင်ခြင်ရသနည်း ?

''ဆွမ်းကို အကပ်ခံရတုန်း၌လည်း ဆင်ခြင်ရမည်'' ဟုမဆိုဘဲ အဘယ့်ကြောင့်ဆေးကိုမှ အကပ်ခံတုန်း ၌လည်း ဆင်ခြင်ပါဟုဆိုရသနည်းဟု မေးဖွယ်ရှိ၏။ ''အဖြေကား - ဝိကာလဘောဇနေသိက္ခာပုဒ်၏ ပဒ ဘာဇနီ၌ ယာမကာလိက သတ္တာဟကာလိက (ဆေး) ယာဝဇီဝိကကို အာဟာရအတွက် ဝိကာလ၌အကပ်ခံ လျှင် ဒုက္ကဋ်၊ အာဟာရအတွက် စားသောက်လျှင် မျိုတိုင်း၊ မျိုတိုင်း ဒုက္ကဋ်''ဟု ပညတ်တော်မူချက်ရှိ၏။ ထို့ကြောင့် ထိုအာပတ်တို့မှလွတ်အောင် အကပ်ခံတုန်း၌လည်း ပစ္စဝေက္ခဏာသတိရှိသင့်၏ဟု အဋ္ဌကထာမိန့် သည်။

အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋဿ-ဟု မိန့်တော်မူသောကြောင့် ရောဂါမရှိဘဲ သက်သက်စားချင်သောက်ချင်၍ အကပ်ခံမှ အာဟာရတ္ထဖြစ်၍ အာပတ်သင့်၏။ ဆေးကို ဆေးအဖြစ်ဖြင့် အကပ်ခံရာ၌ကား အာဟာရအတွက်မဟုတ်တော့။ ထို့ကြောင့် အကပ်ခံတုန်း၌ ပစ္စဝေက္ခဏာမဆင်ခြင်မိ သော်လည်း အာပတ်မသင့်။ **(ပါရာဇိကဏ် ဘာသာ၊ ၈-၃၃၉)**

သုံးဆောင်တုန်းဆင်ခြင်ရကျိုး

သုံးဆောင်စားသောက်သောအခါ၌ မဆင်ခြင်မိလျှင် စားချင်၍ စားရာရောက်သောကြောင့် အာဟာရ အတွက်ဖြစ်နေရကား ထိုဝိကာလဘောဇန ပဒဘာဇနီအရ ဒုက္ကဋ်သင့်ရသည်။ ဤသို့ ဒုက္ကဋ်အာပတ် သင့်၍ ပါတိမောက္ခသံဝရသီလ ပျက်သွားသည်ရှိသော်လည်း ပစ္စယသန္နိဿိတသီလမပျက်အောင်ကား အရုဏ်မတက်ခင် ပစ္စဝေက္ခဏာ ဆင်ခြင်နိုင်ပါသေး၏။ သုံးဆောင်စားသောက်တုန်း၌ ပစ္စဝေက္ခဏာဆင်ခြင် လိုက်လျှင်မူကား ပစ္စယသန္နိဿိတသီလ လုံခြုံရုံမက၊ ဝိကာလဘောဇန ပဒဘာဇနီ၌လာသော ဒုက္ကဋ်လည်း မသင့်တော့သဖြင့် ပါတိမောက္ခသံဝရသီလလည်း လုံခြုံပြီးဖြစ်တော့၏။ [တစ်ချက်ခုတ် ၂ ချက်ပြတ် သော နည်းမျိုးတည်း]

(ပါရာဇိကဏ် ဘာသာ (၈) ရှဝိယသိက္ခာပုဒ်၊ စာ-၃၄၀)

ဒေသနာကြားရာ၌

သီတင်းကြီးကပြောပြီးနောက် သီတင်းငယ်က ထပ်၍ပြောရာ၌ ''အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ''ဟူသော ဝါကျမပါခြင်းမှာ ထိုဝါကျက ဂရုကအာပတ်ကို ထင်စွာပြုသောဝါကျဖြစ်၍ ထို ဂရုကအာပတ်အတွက်မှာ ပထမအကြိမ်ပြောရုံမျှဖြင့် ညည့်မဖုံးလွှမ်းကိစ္စပြီးသောကြောင့်ဖြစ်သည်။ သို့ဖြစ် လျှင်ဘာကြောင့် ''အဟံ ဘန္တေ သမ္ဗဟုလာ''မှစ၍ ထပ်ရပြန်သနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား – သဘာဂအာပတ်ရှိသူချင်း ဒေသနာပြောမိလျှင် ဒုက္ကဋ်အာပတ် ထပ်၍သင့်သော ကြောင့် ထိုဒုက္ကဋ်အာပတ်ကို ပြေပျောက်စေခြင်းငှာ ''အဟံ ဘန္တေ သမ္ဗဟုလာ'' စသည် ထပ်ရပြန်သည်။

ချဲ့ဦးအံ့ ရဟန်း ၂ ပါး ညစာစားမိ၍ ဝိကာလဘောဇနပါစိတ်အာပတ်သင့်ကြရာ၌ ထိုအာပတ် သည် ညစာစားခြင်း သဘောတူဝတ္ထုကြောင့် သင့်ရကား ''သဘာဂအာပတ်''မည်၏ ထိုကဲ့သို့ သဘာဂ အာပတ်ရှိသူခြင်း ဒေသနာပြော ဒေသနာခံလျှင် ပြောသူခံသူ ၂ ပါးလုံးပင် ဒုက္ကဋ်အာပတ် တစ်ချက်စီ ထပ်၍ သင့်၏။ သို့သော် ထိုဒုက္ကဋ်အာပတ်သည် ပြောခြင်းဝတ္ထုကြောင့် တစ်ပါးမှာသင့်၍ ခံခြင်းဝတ္ထု ကြောင့် အခြားတစ်ပါးမှာသင့်ရကား ဝတ္ထုချင်းသဘောမတူကြ၍ သဘာဂအာပတ်မဟုတ်ကြချေ။ ထို့ကြောင့် ပထမဆုံး သီတင်းငယ်က ဒေသနာကြားရာ၌ သဘာဂအာပတ်ရှိသူခြင်းပြောမိသော် ၂ ပါးလုံးမှာ ဒုက္ကဋ် တစ်ချက်စီ ထပ်၍သင့်၏။ သီတင်းကြီးက ဒုတိယအကြိမ်ပြောရာ ရှေးကသင့်ပြီးသော အာပတ်များနှင့် တကွ ယခင်ဒုက္ကဋ်အာပတ်ပါ ပြေပျောက်လေပြီ။ သီတင်းငယ်မှကား ဒုက္ကဋ်အာပတ်တစ်ချက် ကျန်သေး၏။ ထိုဒုက္ကဋ်အာပတ်ကို ပြေပျောက်စေခြင်းငှာ တတိယဒေသနာ ပြောရပြန်သည်။

''သဘာဂအာပတ်မရှိဘူး''ဟုသိလျှင်ကား ထိုဒုက္ကဋ်အာပတ်လည်း မသင့်သဖြင့် တတိယအကြိမ် ထပ်၍ ဒေသနာပြောဖွယ်မလို။ **[ပါတိမောက်ဘာသာ၊ စာ– ၄၉၅–၆– ဦးပုဒ်မှ ၄၆၃ တွင်လည်းကြည့်]**

ဆေးကုဆေးပေးဆေးနည်းပေး

(က) သီတင်းသုံးဖော် (၅)ဦး၊ (ခ) မိမိ၏အမိအဘ (၂)ပါး၊ (ဂ) မိမိ၏ ကပ္ပိယကာရက၊ (ဃ) မိမိ၏ အမိအဘတို့ကို လုပ်ကျွေးသူ၊ (င) ကျောင်း၌နေသော ရှင်လောင်းရဟန်းလောင်း၊ (စ) ရဟန်းတို့ကိုမှီ၍ ကျောင်း၌နေသော ကျောင်းမှီကျောင်းကပ်။

ဤတစ်ကျိပ်နှစ်ယောက် မကျန်းမမာရှိသော် ဆေးကုမှု၊ မိမိ၌ရှိသော ဆေးကိုပေးမှု၊ မရှိလျှင်ရှာ ကြံ၍ပေးမှု၊ ဆေးနည်းပေးမှု၊ ဆေးနည်းပြောမှု အလုံးစုံအပ်၏။ မိမိ၏ဆွေ (၇)ဆက်၊ မျိုး (၇)ဆက်တွင် ပါဝင်သူဖြစ်အံ့ မိမိ၏ဆေးကို မပေးအပ်။ ပါးစပ်ပြောနှင့် ကုရ၏။ ဆေးနည်းပြောရ၏။ သူ့မှာမရှိခဲ့သော် နောင်အနာပျောက်ငြိမ်းသောအခါ၌ အစားပေးရလိမ့်မည်ဆို၍ အခိုက်အတန့်အနေအားဖြင့် မိမိဆေးကို စိုက်ထုတ်၍ ပေးနိုင်ရ၏။ နောင်အခါမပေးသော်လည်း တောင်းဖွယ်ကိစ္စမရှိ။

ဤသူတို့မှကြွင်းသော သူစိမ်းပြင်ပသူတို့ မကျန်းမမာရှိရာ၌ကား ကုလည်းမကုအပ်၊ ပေးလည်း မပေးအပ်၊ ဆေးဝါးဓာတ်စာနည်းလမ်းများကိုပင် မပြောအပ်။ ပြောလိုသော် တစ်စုံတစ်ယောက်သောသူကို

မိမိနေရာ၌ တံမြက်လှည်းမှု အမှိုက်ကျုံးမှု၊ ရေခပ်မှုစသည်ကိုပြုစေ၍ ဝေယျာဝစ္စကရအရာ၌ တည်သော အခါ ထိုသူအားပေးရာ၏။ ထိုသူကတစ်ဆင့်ပေးသော် ပြောသော်ရဟန်းမှာအပြစ်မရှိ။

သူနာတင်းလင်းနှင့်မဟုတ်ဘဲ မိမိမျက်မှောက်သို့ ရောက်လာသူတို့အား ကျန်းမာရန်အခွင့်အလမ်း များကို သင်ကြားဆုံးမသောအားဖြင့် နည်းကိုပြောကြားရာ၌ကား အပြစ်မရှိ။

ဆတ္တဒဏ္ဍကဝိနိစ္ဆယ

ဆတ္တဒဏ္ဍော ဂေဟထမ္ဘေသု ဝိယ ယဋ္ဌကော ဝါ ဝါဠရူပကံ ဝါ န ဝဋ္ဋတိ၊ သစေပိ သဗ္ဗတ္ထ အာရဂ္ဂေန လေခါ ဒိန္နာ ဟောတိ၊ သာပိ န ဝဋ္ဋတိ၊ ယဋ္ဌကမ္ပိ ဝါဠရူပမ္ပိ ဘိန္ဒိတွာ ဓာရေတဗ္ဗံ လေခါပိ ဃံသိတွာ ဝါ အပနေတဗ္ဗာ၊ သုတ္တကေန ဝါ ဒဏ္ဍော ဝေဌေတဗ္ဗော။ ဒဏ္ဍဗုန္ဓေ ပန အဟိစ္ဆတ္တကသဏ္ဌာနံ ဝဋ္ဋတိ၊ ဝါတပ္ပဟာရေန အစလနတ္ထံ ဆတ္တမဏ္ဍလိကံ ရဇ္ဇုကေဟိ ဂါဟေတွာ ဒဏ္ဍေ ဗန္ဓန္တိ။ တသ္မိံ ဗန္ဓနဋ္ဌာနေ ဝလယမိဝ ဥက္ကိရိတွာ လေခံ ဌပေန္တိ၊ သာ ဝဋ္ဋတိ။ ။ [ဒုတိယပါရာဇိက အဖွင့်] **(ဌ၊ ဓာ-၂၅၁/၂၅၂)**

ဤအဋ္ဌကထာ၌ ထီးရိုးကိုသာ **စိစစ်ပြတော်မူသည်**။ ထီးဖူးကို **စိစစ်၍** ပြတော်မမူ။ ပြတော်မမူ ခြင်းကား အနောက်နိုင်ငံသားတို့၏ ထုံးစံမှာ ထီးရိုးမှာသာ တန်ဆာဆင်လေ့ရှိကြကုန်သည်။ ထီးဖူးမှာ တန်ဆာဆင်လေ့မရှိကြကုန်။ ထိုသို့ ထီးဖူးမှာ တန်ဆာဆင်လေ့မရှိကြသောကြောင့် ထီးဖူးကို အသေအချာ **စိစစ်၍** မည်သည့်အဋ္ဌကထာဋီကာတို့မှာမှ အဆိုမရှိကြကုန် ဤသို့မရှိသော်လည်း ထီးရိုး၏ ဝိနိစ္ဆယကို နယဂ္ဂါဟပြု၍ ထီးဖူးကို တန်ဆာဆင်တတ်သော ငါတို့တိုင်းနိုင်ငံ၌ ဆုံးဖြတ်ရမည်ဖြစ်သောကြောင့် "ထီးဖူး၌ ကြာသွတ်အိုးကိုလည်းကောင်း၊ သားရဲရုပ် စသည်ကိုလည်းကောင်း၊ ပွတ်အရေးအကြောင်းကို ထင်စေ၍ လည်းကောင်း အပြေအပြစ်ပြုခြင်းငှာမအပ်။ ၎င်းတို့ပါရှိလျှင် ဖြတ်ပစ်၍ သော်လည်းကောင်း၊ ချောအောင် ပွတ်တိုက်၍သော်လည်းကောင်း၊ ကြိုးနှင့်မထင်ရှားအောင် ရစ်ပတ်၍ သော်လည်းကောင်း၊ ဖျက်ဆီး၍သာ သုံးဆောင်ရမည်။ ထီးရိုးမှာ မှိုင်း၏သဏ္ဌာန်ရှိသော အဖုလုံးတစ်ခုသာ အပ်သကဲ့သို့ ထို့အတူ မှိုင်း၏သဏ္ဌာန် ရှိသော အဖုလုံးတစ်ခုမျှသာ အပ်ကြောင်းကိုမှတ်ယူရမည်ဟူ၍ ငါတို့ ဆရာတော်ဆုံးဖြတ်တော်မူသည် (ပြီး၏။)

[ညောင်လွတ်ဒုတိယတောရဆရာတော်ဘုရားကြီး၏ ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယတ္ထကျမ်း-၈]

ကုလဒူသက ဘိက္ခုပဋိပတ္တိ ဝိနိစ္ဆယ

ကုလဒူသက သိက္ခာပုဒ်၌ ကုလဒူသက အမှုကိုပြုမိသော ရဟန်းများကို ပဗ္ဗာဇနီယကံကို ပြုအပ် ကြောင်းကိုလည်းကောင်း၊ ၎င်းရဟန်းတို့၏ ကျင့်ဝတ်များကိုလည်းကောင်း ပါဠိအဋ္ဌကထာတို့၌ အကျယ် အားဖြင့် လာရှိခြင်းကြောင့် သိနိုင်လောက်ပြီ။ ကုလဒူသက အမှုကိုကားပြုမိ၏။ ၎င်းရဟန်းကို ပဗ္ဗာဇနီယကံ

ကိုကား မပြုအပ်။ ထိုရဟန်းသည် အဘယ်သို့ကျင့်ရမည်နည်းဟူငြားအံ့၊ ထိုကုလဒူသကအမှုကို ပြုမိသော ရဟန်းသည် ပဗ္ဗာဇနီယကံကိုပြု၍ ငြိမ်းပြီးသောကံရှိသောရဟန်းသည် ကျင့်အပ်သည့်အတိုင်း ကျင့်လျှင် သင့်လျော်ကောင်းမြတ်ကြောင်းကို ငါတို့ဆရာတော် မိန့်တော်မူသည်။

ငြိမ်းပြီးသောကံရှိသော ရဟန်းသည် အဘယ်သို့ကျင့်ရလေသနည်းဟူမူ၊ ပဋိပ္ပဿဒ္ဓကမ္မေနာပိ စ တေန ယေသု ကုလေသု ပုဗ္ဗေ ကုလဒူသကကမ္မံ ကတံ၊ တတော ပစ္စယာ န ဂဟေတဗ္ဗာ။ အာသဝက္ခယ ပတ္တေနာပိ န ဂဟေတဗ္ဗာ။ အကပ္ပိယာဝ ဟောန္တိ။ ''ကသ္မာ န ဂဏှထာ''တိ ပုစ္ဆိတေန ''ပုဗ္ဗေ ဧဝံ ကတတ္တာ''တိ ဝုတ္တေ သစေ ဝဒန္တိ ''န မယံ တေန ကာရဏေန ဒေမ၊ ဣဒါနိ သီလဝန္တတာယ ဒေမာ'' တိ ဂဟေတဗ္ဗာ။ ပကတိယာ ဒါနဋ္ဌာနေယေဝ ကုလဒူသကကမ္မံ ကတံ ဟောတိ၊ တတော ပကတိဒါနမေဝ ဂဟေတုံ ဝဋ္ဋတိ။ ယံ ဝဍ္ဎေတွာ ဒေန္တိ၊ တံ န ဝဋ္ဋတိ။ **(ဌ၊ စာ-၂၀၈)** ဤသို့ကျင့်ရသည် ဟူပေ။

ပဋိပ္ပဿဒ္ဓကမ္မေနာပိစ-ငြိမ်းအပ်ပြီးသော ပဗ္ဗာဇနီယကံရှိသည်လည်းဖြစ်သော၊ တေန-ထိုရဟန်း သည်၊ ပုဗ္ဗေ-ရှေး၌၊ ယေသုကုလေသု-အကြင်ဒါယကာအမျိုးတို့၌၊ ကုလဒူသကကမ္မံ-ကုလဒူသကအမှုကို၊ ကတံ-ပြုအပ်၏။ တတော-ထိုဒါယကာအမျိုးတို့မှ၊ ပစ္စယာ-လှူသောပစ္စည်းတို့ကို၊ နဂဟေတဗ္ဗာ- မခံယူ အပ်ကုန်။ အာသဝက္ခယပတ္တေနာပိ-အာသဝေါကုန်ခြင်းသို့ရောက်ပြီးသော ရဟန်းသည်လည်း၊ ပစ္စယာ- တို့ကို၊ နဂဟေတဗ္ဗာ-ကုန်၊ တေပစ္စယာ-ထိုလှူအပ်သောပစ္စည်းတို့သည်၊ အကပ္ပိယာဝ-မအပ်သောပစ္စည်း တို့သည်သာလျှင်၊ ဟောန္တိ-ဖြစ်ကုန်၏။

ဘန္တေ-အရှင်ဘုရား၊ ကသ္မာ-ကြောင့်၊ နဂဏှထ-မခံယူပါကုန်သနည်း။ ဣတိ-သို့၊ ပုစ္ဆိတေန- မေးလျှောက်အပ်သောရဟန်းသည်၊ အာဝုသော-ဒါယကာတို့၊ မယံ-ငါတို့သည်၊ ပုဗ္ဗေ-၌၊ ဧဝံ-သို့၊ ကတတ္တာ -ပြုအပ်ပြီးသည်၏အဖြစ်ကြောင့်၊ နဂဏှာမ-မခံယူပါကုန်။ ဣတိ-သို့၊ ဝုတ္တေ-သော်၊ ဘန္တေ-အရှင် ဘုရား၊ မယံ-တပည့်တော်တို့သည်၊ တေနကာရဏေန-ထိုရှေးကပြုခြင်းတည်းဟူသော အကြောင်းကြောင့်၊ နဒေမ- မပေးလှူပါကုန်။ ဣဒါနိ-ယခုအခါ၌၊ သီလဝန္တတာယ-သီလရှိသည်၏အဖြစ်ကြောင့်၊ တုမှာကံ-အရှင်ဘုရား တို့အား၊ ဒေမ-ကုန်၏။ ဣတိ-သို့၊ သစေဝဒန္တိ-အကယ်၍ လျှောက်ကုန်သည်ဖြစ်အံ့၊ ဧဝံ ဝဒန္တေသု- ဤသို့လျှောက်ကုန်သည်ရှိသော်၊ ပစ္စယာ-တို့ကို၊ ဂဟေတဗ္ဗာ-ခံယူအပ်ကုန်၏။ ပကတိယာ-ပြကတေ့အားဖြင့်၊ ဒါနဋ္ဌာနေယေဝ-ပေးလှူရာဒါန၌သာလျှင်၊ ကုလဒူသကကမ္မံ-ကုလဒူသကအမှုသည်၊ ကတံ-ပြုအပ်သည်၊ ဟောတိ-ဖြစ်ငြားအံ့၊ ဧဝံဟောန္တေ-ဤသို့ဖြစ်သည်ရှိသော်၊ တတော-ထိုအရပ်မှ၊ ပကတိဒါနမေဝ- ပကတိလှူမြဲတိုင်းကိုသာလျှင်၊ ဂဟေတုံ-ခံယူခြင်းငှာ၊ ဝဋ္ဋတိ-အပ်၏။ ယံ-အကြင်အလှူကို၊ ဝဍ္ဎေတွာ- တိုး၍၊ ဒေန္တိ-လှူကုန်အံ့၊ တံ-ထိုတိုး၍ လှူအပ်သောအလှူကို၊ ဂဟေတုံ-ခံယူခြင်းငှာ၊ နဝဋ္ဋတိ-မအပ်။

ကုလဒူသက-အမှုကိုပြုမိသော၊ ပဗ္ဗာဇနီယ-ကံကိုကား မပြုအပ်သော ရဟန်းသည်၊ ဤနည်း အတိုင်းကျင့်လျှင် သင့်လျော်ကြောင်းကို ငါတို့၏ဆရာတော်သည် မိန့်တော်မူ၏။

(ညောင်လွတ်၊ ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယတ္ထကျမ်းမှ စာ-၄၂)

နိဿဂ္ဂိယဝတ္ထုပရိဘောဂဝိနိစ္ဆယ

ယောပိ ရူပိယံ ဥဂ္ဂဏှာပေတွာ ကပ္ပိယကာရကေန သဒ္ဓိံ ကမ္မာရကုလံ ဂန္တွာ ပတ္တံ ဒိသွာ ''အယံ မယှံ ရုစ္စတီ''တိ ဝဒတိ၊ ကပ္ပိယကာရကော စ တံ ရူပိယံ ဒတွာ ကမ္မာရံ သညာပေတိ၊ အယမ္ပိ ပတ္တော

ကပ္ပိယဝေါဟာရေန ဂဟိတောပိ ဒုတိယပတ္တသဒိသောယေဝ။ မူလဿ သမ္ပဋိစ္ဆိတတ္တာ အကပ္ပိယော၊ ကဿာ သေသာနံ န ကပ္ပတီတိ? မူလဿ အနိဿဋ္ဌတ္တာ။ **(ဋ၊ စာ–၂၇၇)**

ဤအရာ၌ ကိုယ်တိုင်ခံ၍လည်းကောင်း၊ ခံစေ၍လည်းကောင်း ရသောရွှေငွေဖြင့် သပိတ်သက်နှီးစသော ပရိဘောဂထိုက်သော ဘဏ္ဍာမျိုးကိုဝယ်မိလျှင် နိဿဂ္ဂိယအာပတ်။ နောက်ကိုသုံးဆောင်သော အခါတို့၌လည်း ဒုက္ကဋ်အာပတ်သင့်၏။ သို့ဖြစ်၍ ၎င်းပစ္စည်းများကို မူလစ္ဆေဒစွန့်ပစ်၍ ဒေသနာကြားရာ၏။ နောင် ၎င်းပစ္စည်းများကိုရသော်လည်း မသုံးဆောင်အပ်။ ၎င်းစွန့်ပစ်အပ်သောပစ္စည်းကို ဒါယကာများ ရ၍ ပြန်၍ပင်လှူအပ်သော်လည်း မအပ်။ ထိုသို့မဟုတ် ၎င်းပစ္စည်းကိုရသော ဒါယကာက၊ ၎င်းပစ္စည်းနှင့် ဖလှယ်၍ တစ်ပါးသောဝတ္ထုကိုပင်လှူသော်လည်း မအပ်၊ ၎င်းဒုတိယဖလှယ်၍ တစ်ပါးသောဝတ္ထုကိုယူသည် အတူ၊ အဆင့်ဆင့် တစ်ပါးနှင့်တစ်ပါးကို ထပ်ခါထပ်ခါလေးဆက်ပေါက်မြောက်အောင် ဖလှယ်လျှင် မူလ အရင်းပြတ်လောက်တန်ပြီဖြစ်၍ အပ်လောက်ပြီးဖြစ်ကြောင်းကို ငါတို့ဆရာတော်မိန့်တော်မူ၏။ (အဋ္ဌကထာ ဋီကာတို့၌ကား မဆိုပေ)

၎င်းနိဿဂ္ဂိယရွှေငွေဖြင့် ပရိဘောဂထိုက်သော ဘဏ္ဍာတို့ကားမဝယ်။ ဘုရားကိုလည်းကောင်း၊ စာအုပ်ကိုလည်းကောင်း၊ ပေစာကိုလည်းကောင်း ဝယ်ယူမိလျှင် နိဿဂ္ဂိအာပတ်သာ သင့်သည်။ ပရိဘောဂ မထိုက်သောကြောင့်လည်းကောင်း၊ ဘုရားကိုရှိခိုးပူဇော်ခြင်း၊ လက်ဖြင့်သုံးသပ်ကိုင်တွယ်၍ ရွှေပြောင်းခြင်း နေရာ၌ ကောင်းစွာထားခြင်းတို့သည်လည်းကောင်း၊ ပရိဘောဂမျိုး မဟုတ်သောကြောင့်လည်းကောင်း။ ဤမျှလောက်ပြုရုံကာမျှတို့ဖြင့် ဒုက္ကဋ်အာပတ်ထပ်၍မသင့်။ ထိုသို့မဟုတ် စာအုပ်ကိုခေါင်းအုံး၍ အိပ်သော်လည်းကောင်း၊ ထီးကဲ့သို့လုပ်၍ အထက်ကမိုး၍ အရိပ်၌နေသော်လည်းကောင်း အာပတ်သင့်ရာ၏။ ထို့ကြောင့် ၎င်းဘုရားကိုလည်းကောင်း၊ စာအုပ်စာပေများကိုလည်းကောင်း မူလစ္ဆေဒစွန့်၍ ဒေသနာကြားရာ၏။ ၎င်းမူလစ္ဆေဒစွန့်အပ်ပြီးသောစာအုပ်များကို နောင်တစ်ဖန်တွေ့၍ တစ်ဖန် ကိုင်၍ကြည့်သော်လည်း ၎င်းကြည့်ခြင်းမျိုးသည် ပရိဘောဂပြုခြင်းမဟုတ်သောကြောင့် ဒုက္ကဋ်အာပတ်ထပ်၍ မသင့်။ တစ်ပါးသော ပုဂ္ဂိုလ်များမှာ ထပ်၍ သင့်လေသေးသလော၊ မသင့်သလောဟု ယုံမှားစရာပင်မရှိ၊ မသင့်တော်သည်သာ ဖြစ်၏ဟူ၍ ငါတို့ဆရာတော်မိန့်တော်မူ၏။ (အဋ္ဌကထာ ဋီကာတို့၌ မဆိုပေ)

(ညောင်လွတ်၊ ဝိနယဂဏ္ဌိ၊ စာ–၆၁)

စွန့်ပုံ ဝိနိစ္ဆယ

မူလစ္ဆေဒစွန့်ဟူသည်မှာ ၎င်းစာအုပ်များကို မည်သည့်ပုဂ္ဂိုလ်အားဖြစ်စေ၊ မစင်ကိုကဲ့သို့ ပြန်မယူဟူ၍ အာလယပြတ်စွန့်ရသည်ကို ဆိုလိုသည်။ ဤသို့ မူလစ္ဆေဒအားဖြင့် စွန့်ပစ်လျှင်ကား၊ ပါဠိတော်လာသည့်အတိုင်း ဝိနည်းကံစွန့်နည်းနှင့် သံဃအလယ်မှာ စွန့်မနေရတော့ပေ။ ဤသို့ မူလစ္ဆေဒစွန့်ပြီးလျှင် ၎င်းနိဿဂ္ဂိယပါစိတ်အာပတ်ကို ဒေသနာကြားအတိုင်း၊ ဒေသနာကြားလေ၊ နောင်အခါ ထိုအစွန့်ခံထားသော ပုဂ္ဂိုလ်ကပြန်၍ ပေးလှူလျှင်ကား ၎င်းစာအုပ်များကို မိမိသည် ဓမ္မစေတီအဖြစ်နှင့် ကိုယ်တွယ်၍ကြည့်ရှုလေ

တော့–ဒုက္ကဋ် မသင့်တော့ပေ။ အကြောင်းကား ဓမ္မစေတီဖြစ်သောကြောင့်တည်း။ ပြန်ပေးသောအခါ အပ်ပုံ ဥပမာကား ယာဝကာလိကဝတ္ထုကို နေလွဲစွန့်ရာ၌ပြန်ကပ်သောအခါ အပ်သကဲ့သို့တည်း။ ဤကား မူလဋ္ဌေ စွန့်ပုံတည်း။

ဝိနည်းကံစွန့်ပုံ

ရူပိယသံဝေါဟာရ သိက္ခာပုဒ်လာသည့်အတိုင်း သံဃာအလယ်၌သာ "အဟံ ဘန္တေ နာနပ္ပကာ ရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ ဣဒံ မေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"ဟု (၃) ကြိမ်ဆို။ များလျှင် ဣမာနိ မေ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ ဟုဆို။ ။ ဟတ္ထပါသ် ပြင်ဖြစ်လျှင်၊ တံ မေ၊ တာဟံ ဟူ၍လည်းကောင်း တာနိ မေ၊ တာနာဟံဟူ၍လည်းကောင်းဆိုလေ။ ။ ဤ၌ စွန့်လိုသောပစ္စည်းကို သာမညအားဖြင့် ဝတ္ထုဟုအမည်ပြု၍သာ ဤကဲ့သို့ နပုလ္လိင်နှင့်ဆိုရသည်၊ ဘုရားသခင်လည်း ဝတ္ထုသာမည ကိုသာ ဣမ တေတို့ကို အစွဲယူပြီး၊ ဣမ တေတို့ကို စွဲပြီးစွန့်လိုလျှင်ကား ထိုပစ္စည်းတို့ကို ဟောသောပုဒ် များ၏ လိင်အတိုင်းသာဆို၍ စွန့်ရမည်သာ။ ထို့ကြောင့်ပင် သပိတ်ကိုစွန့်သော ပတ္တသိက္ခာပုဒ်၌ အယံ မေ ပတ္တော ။ ပ ။ နိဿဂ္ဂိယာနိ၊ ဣမာဟံ ။ ပ ။ မိ ဟု နပုလ္လိင်နှင့်ပြန်၍ ဟောတော်မူ၏။ (ဤကား အတ္တနောမတိတည်း)။ ဤ၌ ပေါတ္ထကသဒ္ဒါကား ရိတ္တပေါတ္ထကော ပါဌ်ထောက်၍ ပုလ္လိင်ဖြစ်၏။ နပုလ္လိင်လည်း ရနိုင်သည်ထင်၏၊ ပုလ္လိင်သာယူ၍စွန့်သော် အဝေးဖြစ်လျှင် တောမေ ပေါတ္ထကာ နိဿဂ္ဂိယာ၊ တျောဟံ ပေါတ္ထကေ သံဃဿ နိဿဇ္ဇာမိဟုဆို၍ စွန့်ပါလေ။ (အတ္တနောမတိပါဠိဖြစ်၏။) နည်းသိပါလေ။

ဤသို့ စွန့်ပြီးသောအခါ ပါစိတ်အာပတ်ကို သံဃာထံဒေသနာကြား၍ ပါဠိတော်လာအတိုင်းပြု၊ တစ်နည်း သင့်သောပါစိတ်အာပတ်ကိုလည်းကောင်း၊ သံဃာထဲတွင် တစ်ပါးပါးသောပုဂ္ဂိုလ်ထံမှာ ဒေသနာ ကြားအတိုင်း ဒေသနာကြားလေ။ ထို့နောက် အစွန့်ခံရသောသံဃာက ပထမကထိနသိက္ခာပုဒ်စသည် တို့၌ကဲ့သို့ ငင်းစာအုပ်များကို ဥတ်ထား၍ ပေးနေရသည်မဟုတ်ပေ။ အကြောင်းကား ပါဠိတော်မှာပေး နေရကြောင်း မလာသောကြောင့်တည်း။ ထို့နောက် ငင်းစာအုပ်များကို မိသည်ပင် ယူ၍ ကြည့်ရှုလေတော့။ ဒုက္ကဋ်မသင့်တော့ပေ။ အကြောင်းရှေးနည်းအတိုင်း၊ ဤကား ဝိနည်းကံနှင့်စွန့်နည်းတည်း၊ **[ဝိနယဂဏ္ဌိ (၆၂–၆၃)** တွင် ဆရာတော် ဦးသောဘိတစာရ ခဲပြင့်ရေးမှတ် ထားသော မှတ်သားချက်တည်း။]

"ရောက်သီး၊ သံပုရာသီးဝိနိစ္ဆယ"

ဒန္တသဌော–ရောက်သံပရာ၊ ဇမ္ဗီရော–ရောက်သံပုရာ၊ ဤရောက်သံပုရာမျိုးကို အချဉ်ဟူ၍မှတ်။ ထို့ကြောင့် အဘိဓာန်ဋီကာ၌။ ။ အမ္ဗိလတ္တာ ဒန္တဿ သဌော အပကာရကော ဒန္တသဌော၊ သဌကေတဝ ဟိံသာ သံကိလေသေသု ။ ပ ။ ဟူ၍ မိန့်အပ်၏။

အမ္ဗိလတ္တာ–ချဉ်သည်၏အဖြစ်ကြောင့်၊ ဒန္တသာ–သွားကို၊ သဌောအပကာရကော–ညှင်းဆဲနှိပ်စက်တတ်သည်တည်း။ ဒန္တသသဌော–သွားကိုညှင်းဆဲနှိပ်စက်တတ်သည်။ သဌ–သဌသဒ္ဒါသည်၊ ကေတဝဟီသာ သံကိလေသေသု–ကောက်ကျစ်စဉ်းလဲခြင်း၊ ညှင်းဆဲခြင်း၊ ညစ်နွမ်းခြင်း အနက်တို့၌၊ ဝတ္တတိ–ဖြစ်၏။ အ–အပစ္စည်းတည်း။

ဤရှောက်ချဉ်၊ သံပရာအချဉ်သီးများကို တစ်လုံးလုံးသာ ယာဝဇီဝိကဟူ၍ မှတ်ယူရမည်။ အကြောင်းကိုလည်း ငါတို့၏ ကျေးဇူးရှင်မိန့်တော်မူသည်။ ယင်းသို့ ယာဝဇီဝိကဖြစ်သော်လည်း ရှေ့ကပြအပ်ခဲ့ပြီးသည့်အတိုင်း ၎င်းရှောက်ချဉ်သီး၊ သံပုရာအချဉ်သီးများကို ဆေးသုံးအလို့ငှာ အရည်ကိုညှစ်၍သောက်ခြင်း၊ အဖတ်ကို ၎င်းအတိုင်းစားခြင်းများသာ အပ်သည်။ ထိုကဲ့သို့မဟုတ် လက်သုတ်ကရမ္ဗကဖြစ်အောင် သုတ်၍ မူကား မစားအပ်၊ မစားကောင်း၊ စားလျှင် ပါစိတ်အာပတ်သင့်ကြောင်းကိုလည်း မိန့်တော်မူသည်ဟူ၍ မှတ်ရာ၏။

(ညောင်လွတ်၊ ဝိနယဂဏ္ဌိ)

ရူပပါတ ဝိနိစ္ဆယ

ဘိက္ခု ရူမဝဍ္ဎိ ပဋိဂ္ဂဟေတွာ ရူမံ ပိဝတိ၊ မုခဥ္စ ကဏ္ဍောစ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဥ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ။ **(ပါစိတ်ဋ၊ စာ–၁၁၈)**

ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ၊ တေနေဝ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထီတိ ဝုတ္တံ (တေရသကဏ်)

ဘုဥ္ဇိတုံ ဝဋ္ဋတီတိ ရူမဝဍ္ဎိယာ တဒဟု ပဋိဂ္ဂဟိတတ္တာ ဝုတ္တံ။ **(ဝိမတိ၊ စာ–၃၈)** (ရူမဝဍ္ဎိ အခိုးသောက်တကြို့ ဝါ ဆေးလိပ်)

ဤဋီကာတို့၏အလိုဖြင့် ဆေးလိပ်ကိုသောက်သော ရဟန်းတို့၏ ခံတွင်းလည်ချောင်း စသည်တို့၌ ကပ်ငြိ၍နေသော ဆေးချေးများသည်။ နောက်နေ့၌ မုခသန္နိဓိဖြစ်ကြောင်း၊ ၎င်းများနှင့်တကွ ဆွမ်းစသည်ကိုစားလျှင် ၎င်းဆွမ်းများလည်း သန္နိဓိဖြစ်ကြောင်းကို ပြတော်မူသည်။ ။ အဋ္ဌကထာ၌ ပဋိဂ္ဂဟေတွာဟူသော ပါဌ်ဖြင့် ၎င်းဆေးလိပ်၏အခိုးအငွေ့များသည် သပိတ်ဖုတ်သော မီးခိုး၊ ဆိုးရေကြိုသော မီးခိုးတို့သည် နှာခေါင်း၊ ပါးစပ်၊ နားတွင်းသို့ဝင်လာသကဲ့သို့ အဗ္ဗောဟာရိကမဟုတ် အာပတ်၏အင်္ဂါဟူ၍ ခေါ်ဝေါ်လောက်ကြောင်း၊ ၎င်းဆေးလိပ်များကို အကြောင်းရှိမှသောက်အပ်ကြောင်းကို ပြတော်မူသည်။ ထို့ကြောင့် မဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက၌ **(စာ–၂၆၆)** တေန ခေါ ပန သမယေန အာယသ္မတော ပိလိန္ဒဝစ္ဆဿ သီသာဘိတာပေါ (ဦးခေါင်းပူခြင်းသည်)ဟောတိ ။ ပ ။ အနုဇာနာမိ ဘိက္ခဝေ မုဒ္ဓနိတေလန္တိ။ (တေလံ ဆီလိမ်းခြင်းကို) – လ – အနုဇာနာမိ ဘိက္ခဝေ နတ္ထုကမ္မန္တိ။ နက္ခမနီယော ဟောတိ–လ–အနုဇာနာမိ ဘိက္ခဝေ ရူမံ ပါတုန္တိ – ဟူ၍ဟော်တော်မူ၏။ (ရူမံပါတုံ အခိုးသောက်ခြင်းငှာ)။

ဤပါဠိတော်၌ တိုက်ရိုက်ပင် ဂိလာနဟူသောအကြောင်းကြောင့် အခိုးသောက်ခြင်းကို ခွင့်ပြုတော်မူသည်။ ဂိလာနဟူသော အကြောင်းကြောင့် ခွင့်ပြုတော်မူခြင်းဖြင့်လည်း အဂိလာနပုဂ္ဂိုလ်တို့အား

နေလွဲအခါ၌ ဂိလာနအကြောင်းမရှိဘဲ ၎င်းဆေးလိပ်ကို မသောက်အပ်ကြောင်းကို ပြတော်မူသည်။ အကယ်၍ အကြောင်းမရှိဘဲ သောက်အံ့။ ပဋိဂ္ဂဏှာတိ ဒုက္ကဋ်ယူတိုင်း ယူတိုင်းသောအခါတို့၌ ဒုက္ကဋ်ကိုလည်း ပြတော်မူသည်ဟူ၍ မှတ်ရာ၏။

အချို့ကား ယာဝကာလိကေန ယာဝဇီဝိကသံသဋ္ဌေ ဒေါသော နတ္ထိဟူသော ပါဠိကို အရကျက်၍ အပြစ်မရှိဟုယူပြီးလျှင် ဂိလာနန မနန၊ အပ်သည်သာဆိုပြီး အလွန်ရဲဝံ့စွာ ဆေးလိပ်ကိုသောက်ကြကုန်သည်။ သို့သော်လည်း အပြစ်လွန်များသည်။ အပြစ်များကား ပြဆိုအပ်ခဲ့ပြီးသော ဒုက္ကဋ်အပြစ်။ မုခသန္နိဓိအပြစ်။ သက်နိုးစသည်ကို မီးလောင်သော မီးပေါက်သော အပြစ်။ ခံတွင်းအနံ့၏မကောင်းသော အပြစ်၊ လူတို့နှင့်တူသော အပြစ်၊ သူငယ်မများလိပ်သော ဆေးလိပ်ကိုသာများသောအားဖြင့် စုံမက်နှစ်သက်ကြကုန်၍၊ ၎င်းသူငယ်မများကို ရဟန်းတန်မဲ့နှင့် မရှက်၊ မကြောက်ကပ်ရခြင်းအပြစ်၊ ကပ်ပါများလျှင် လူ့ဘောင်သို့လျှောကျတတ်သော အပြစ်၊ အပ္ပကိစ္စသလ္လဟုကဝုတ္တိတို့ မဖြစ်နိုင်သောအပြစ် အစရှိသောအားဖြင့် အပြစ်တွေ အလွန်များလှ၏။

(ညောင်လွတ်၊ ဝိနယဂဏ္ဌိ၊ စာ-၁၀၂)

သိက္ကဝိနိစ္ဆယ

သိက္ကကိုလည်း ရေထမ်းသောဆိုင်းများကဲ့သို့ ဝါးကြိမ်စသည်တို့ဖြင့်ပြုအပ်သော ဆိုင်းမျိုးကို လူတို့၏အသုံးအတိုင်း ဆိုင်းဟူ၍ မှတ်ရာသည်သာလျှင် မကသေး။ လူတို့သည် ဆွမ်းအုပ်များကိုထည့်၍ ထမ်းအပ်သော အုပ်ဆိုင်းဟူ၍ ခေါ်ဝေါ်အပ်သော ကြိုးဆိုင်းမျိုးလည်းကောင်း၊ ကွမ်းအစ်စသည်ကိုထည့်၍ ဆွဲအပ်သော ကွန်ချာဟူ၍ ခေါ်ဝေါ်အပ်သော ကြိုးဆိုင်းမျိုးသည်လည်းကောင်း၊ ရေတယ်ခေါင်းများထည့်၍ ထမ်းအပ်သော ဆင်စွယ်ကွင်းရက်စသည်ဖြင့် ရက်၍လိမ်၍ အကွင်းအကွင်းပေါ်အောင် ကြိမ်နွယ်တို့ဖြင့် ထိုး၍ပြုလုပ်အပ်သော ရေတယ်ခေါင်းဆိုင်းသည် ၎င်းဆိုင်းမျိုးပင်မည်၏ဟူ၍ မှတ်ရာ၏။ ထို့ကြောင့် အဋ္ဌသာလိနီနိဒါန်း၌ မုတ္တဇာလသဒိသာယ သိက္ကာယ ပဝိဋ္ဌာဝဏ္ဏံ ဩဒဟိတွာဟူ၍မိန့်အပ်၏။ (ကုဏ္ဍိကံ)ကရားကို

ဤအဋ္ဌကထာ၌ မုတ္တဇာလသဒိသာယ သိက္ကာယဟူသောပါဠိဖြင့် သုမေဓာရှင်ရသေ့၏ဆိုင်းသည် ကွန်ရက်ပေါက်ကဲ့သို့ အကွက်အကွက် အပေါက်အပေါက်ပါကြောင်းကို သိအပ်၏။ ထိုဆိုင်းကိုလည်း ကုဏ္ဍိကံ ဩဒဟိတွာဟူသောပါဠိဖြင့် သပိတ်ကိုထည့်သည်မဟုတ် ကရားကိုထည့်သည်ဆိုသောကြောင့် ကြိုးဆိုင်းမဟုတ်။ ယခုကာလ ရေတယ်ခေါင်းဆိုင်းများမှာ အခြေက ကြိမ်နွယ်စသည်တို့ဖြင့် အကွက် အကွက် အပေါက်အပေါက်ပါအောင် ခုံညင်းနွယ်ရစ်လိမ်၍ထိုးအပ်သော ကြိမ်နွယ်တို့ဖြင့် တစ်ခုခုဖြင့်ပြီးသော ဆိုင်းဟူ၍သိအပ်၏။ အဘယ်ကြောင့် နည်းဟူမူ၊ လူတို့သည် ပကတိအားဖြင့် အသုံးပြုကြသည်မှာ ကြိုးဆိုင်း၌ ရေတကောင်းကိုလည်းကောင်း၊ ရေကရားကိုလည်းကောင်း ဘယ်အခါမျှထည့်၍ သုံးဆောင်ကြသည်မဟုတ်။ ကြိမ်နွယ်စသည်တို့ဖြင့် ပြုအပ်သောဆိုင်း၌သာထည့်၍ သုံးဆောင်ကြကုန်သောကြောင့်တည်းဟူပေ။

အချို့သော ပုဂ္ဂိုလ်တို့က ယခုကာလရဟန်းတို့သည် သုံးဆောင်အပ်သောကြိုးတို့ဖြင့် ချပ်မှာသွင်း၍ရက်ပြီးလျှင် အောက်ဘက်ကအမြိတ်စကို လက်ဖြင့်ကုံး၍ပြုလုပ်သော ကြိုးသပိတ်အိပ်ကို သုမေဓာရှင်ရသေ့သည်ဆောင်အပ်သော ဆိုင်းကဲ့သို့ ဆိုင်းမျိုးဖြစ်ကြောင်းကို ပြောဆိုကြကုန်၏။ ထိုစကားများကို ပြဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့်လည်းကောင်း၊ ၎င်းကြိုးအိတ်မှာ လွယ်ဘိတန်းလန်းရှိသည်ဖြစ်၍

ဆိုင်းမဟုတ်ထိုက်သောကြောင့်လည်းကောင်း မသင့်ဟူ၍ မှတ်ရာ၏။ ဆိုင်းမှန်လျှင်လွယ်ဘိမပါ၊ ကြိုးအများသာ အထက်ကပါသည်။ သပိတ်အိတ်မှန်လျှင် ကြိုးအများမပါ လွယ်ဘိသာပါသည်။ ထိုသို့ လွယ်ဘိသာပါသောကြောင့် ယခုကာလ၌ ရဟန်းတို့သုံးဆောင်ကြသော ကြိုးထိုးသပိတ်အိတ်ကို အောက်ဘက်က ပန်းကုံးမှာ အပေါက်အပေါက်ပါသော်လည်း ဆိုင်းဟူ၍ မခေါ်ဝေါ်လောက်၊ မခေါ်ဝေါ်ထိုက်၊ ခေါ်လည်း၊ မခေါ်ဝေါ်ကြကုန်။ မခေါ်ကြကုန်သောကြောင့်လည်း ရှေးကခေါ်ဝေါ်အပ်သည့်အတိုင်း သပိတ်အိတ်ဟူ၍ ပင်မှတ်ရာ၏။ ၎င်းသပိတ်အိတ်များကို ပြုလုပ်ပြီးသားအိတ်များကိုရလျှင် သုံးဆောင်ခြင်း၌ မအပ်ဟူ၍ ဆိုစရာမရှိ။ မိမိကိုယ်တိုင်ပြုလုပ်၍ဆောင်ရလျှင် စီဝရမဏ္ဍန ပတ္တမဏ္ဍနမျိုးကဲ့သို့ မဏ္ဍနမျိုးဖြစ်ရာသော အပြစ်မူကား ရှိသည်ဖြစ်၍ မိမိကိုယ်တိုင်မလုပ်ဘဲ တစ်ပါးသူတို့ပြုလုပ်အပ်ပြီးသည်ကိုရလျှင် အပ်၏ဟူလိုမှတ်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ၊ ယခုကာလ၌ သင်္ကန်းကြီးကို အခန်းအစိတ်သုံးဆယ်ရအောင်၊ အိမ်များကို လက်လေးသစ်လောက် လက်နှစ်သစ်လောက်ရှိအောင် အခန်းများကို စိတ်၍ခွဲ၍ခွဲချုပ်အပ်သော သင်္ကန်းကြီးများကို မိမိကိုယ်တိုင်ပြုလုပ်လျှင် စီဝရမဏ္ဍနမျိုး ဖြစ်၍မအပ်။ သူတစ်ပါးတို့ ပြုအပ်ပြီးသည်ကိုရလျှင် အပ်သကဲ့သို့လည်းဟူပေ။

(ညောင်လွတ် ဝိနယဂဏ္ဌိ၊ စာ – ၃၀၂)

ဒီဃာသနဝိနိစ္ဆယ

အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ ပဏ္ဍကံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုံန္တိ။ အထ ခေါ ဘိက္ခူနံ ဧတဒဟောသိ "ကိတ္တကံ ပစ္ဆိမံ နုခေါ ဒီဃာသနံ ဟောတီ"တိ၊ အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊ တွေ့ကံ ပစ္ဆိမံ ဒီဃာသနန္တိ။ **(စူ–ပါဠိ တော်၊ စာ–၃၂၀)** (ပစ္ဆိမ – အငယ်ဆုံး)

အဓိပ္ပာယ်ကား အကြင်အိပ်ရာနေရာ ညောင်စောင်းစသည်၌ ရဟန်းသုံးပါးတို့သည် ထက်ဝယ်ဖွဲ့ခွေ၍ တင့်တယ်သောနေခြင်းဖြင့် ကောင်းမွန်စွာနေလောက်၏။ ထိုနေရာ၌ ပဏ္ဍုက် ဥဘတောဗျည်း မာတုဂါမကိုချန်ထား၍ ကြွင်းသောပုဂ္ဂိုလ်တို့နှင့် အတူတကွထိုင်ကောင်း၏။ ထိုအောက်ယုတ်သော ကျဉ်းသောနေရာ၌ကား တိဝဿန္တရဟန်းကိုချန်၍ ကြွင်းသောပုဂ္ဂိုလ်တို့နှင့် အတူတကွ မနေကောင်းဟူလိုသည်။ ထို့ကြောင့် အဋ္ဌကထာ၌ ။ ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ၊ တထာရူပေ အပိ ဖလကခဏ္ဍေ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။ **(၄၊ စာ–ရ၆)** (သံဟာရိမ – ရွှေ့ရှားကောင်း)

ဤ ဒီဃာသနကို ညောင်စောင်းအင်းပျဉ်းမှတစ်ပါးသော ဒီဃာသန၌သာ သာမဏေစသည်တို့နှင့် နေအပ်ကြောင်းကို တေရသကဏ်ဋီကာ ဝိမတိဋီကာတို့၌ဆိုကြကုန်၏။ ထိုစကားများကို အနုဇာနာမိ ဘိက္ခဝေ ပဏ္ဍကံ–လ–သဟ ဒီဃာသနေ နိသီဒိတုန္တိဟူ၍ ဟောတော်မူအပ်သောပါဠိတော်နှင့် ဆန့်ကျင်ရကား ဆင်ခြင်အပ်၏။ ထိုသို့ ဆင်ခြင်အပ်သည်ဖြစ်လျှင်။ ။ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌံဟူသော ပါဠိတော်။ မဉ္စကေ ဝါ ပီဌေ ဝါ၊ ဒွိန္နံ လဒ္ဓံ နိသီဒိတုံဟူသော ခုဒ္ဒသိက္ခာတို့နှင့် မဆန့် ကျင်သောဟူငြားအံ့။ မဆန့်ကျင်ဟူပေ။ အဘယ့်ကြောင့်နည်း ၎င်းပါဠိတော်၊ ခုဒ္ဒသိက္ခာတို့၌ တစ်ယောက်သာဆန့်၍ အိပ်လောက်သော ညောင်စောင်းအင်းပျဉ်တို့၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်ကြလျှင် သုံးယောက်မထိုင်လောက်သည်ဖြစ်၍ ဒီဃာသနမဟုတ်။ မဟုတ်သောကြောင့် ထိုသုံးယောက်မထိုင်လောက်သော

တိုသော၊ ငယ်သော၊ ညောင်စောင်းအင်းပျဉ်တို့၌ သမာနာသနိက ရဟန်းတို့သည် နှစ်ပါးထိုင်ခြင်းငှာအပ်၏။ ၎င်းငယ်သော ညောင်စောင်းအင်းပျဉ်တို့ကိုရည်၍ မြတ်စွာဘုရားသည်လည်း ဟောတော်မူအပ်သည်။ ခုဒ္ဒသိက္ခာ ဆရာလည်း မိန့်တော်မူအပ်သည်၊ ထို့ကြောင့် မဆန့်ကျင်ဟူပေ။

ညောင်စောင်းအင်းပျဉ်ပင်ဖြစ်သော်လည်း ယခုကာလ၌ ပြုလုပ်အပ်သော သုံးပင်ခုတင်စသည် တို့ကဲ့သို့ ကြီးကျယ်မူကား ဒီဃာသန၌ ပါဝင်သည်ဖြစ်၍ သုံးပါးစသော ရဟန်းတို့သည်လည်းကောင်း။ ပဏ္ဍုက်၊ မာတုဂါမ၊ ဥဘတောဗျည်းမှတစ်ပါးသော ပုဂ္ဂိုလ်တို့နှင့်၎င်းတကွ ထိုင်အပ်သည်သာတည်းဟူ၍ မှတ်ရာ၏။ ထို့ကြောင့် ပါဠိတော်၌ – အနုဇာနာမိ ဘိက္ခဝေ–လ–ဒီဃာသနေ နိသီဒိတုန္တိဟူ၍ ဟောတော် မူအပ်၏။

(ညောင်လွတ် – ဝိနယဂဏ္ဌိ၊ စာ–၃၅၆)

ဝိနယသမ္မဟာ – တတိယတွဲ

အလဇ္ဇီပဂ္ဂဟ ဝိနိစ္ဆယ ကျမ်းမှ ကောက်နုတ်ချက်

ရဟန်းသည် ဆွမ်းကိုလည်းကောင်း၊ သစ်သီးအဖျော် စသည်ကိုလည်းကောင်း သုံးဆောင်၍မကုန် ကျန်မှုကား အနီးအပါး၌ရှိသောသူတို့ကို အပစ္စာသီသအားဖြင့် စွန့်ကောင်းသည်သာတည်းဟူ၍ ဝဇီရဗုဒ္ဓိဋီကာ၌ ဆို၏။ ဤကား သစ်သီးပေးသင့်သော အကြောင်းတည်း။ ဤသို့လျှင် လူတို့အား ပန်းသစ်သီးပေးခြင်း၊ ထမင်းကျွေးခြင်း၊ ဆေးပေးခြင်း အစရှိသောအမှုသည် ပြုပြုသမျှ၌ ကုလဒူသကဖြစ်သည်မဟုတ် ယုတ်မာသော လာဘဂိဒ္ဓစိတ်ထားဖြင့် မပေးထိုက်သောသူတို့အား ပေးရာကျွေးရာ၌သာ ဒုက္ကဋ်အာပတ်သင့်သည်ဟု လာသည်။

ယင်းသို့လာသောအတိုင်း မိစ္ဆာအာဇီဝသို့ရောက်၍ ဒုက္ကဋ်သင့်သောရဟန်းသည် ရဟန်းပင်ဖြစ်သော်လည်း အလဇ္ဇီမဆိုထိုက်သေး။ အဘယ်ကြောင့်နည်းဟူမူကား ထိုအပြစ်မျှဖြင့် သီလအာစာရပျက်သည် မဟုတ်။ ရဟန်း၏မူလဖြစ်သော ပါတိမောက္ခသံဝရသီလလုံခြုံလျက် အသက်မွေးမသန့်ရှင်းရုံသာ ဖြစ်သည်။ ထိုပါတိမောက္ခသံဝရသီလရှိပေသော ရဟန်းသည်ကား ပစ္စုပ္ပန်၌ ကဲ့ရဲ့ထိုက်သော အပြစ်မှလွတ်ခြင်း၊ အပါယ်ဝဋ်ဒုက္ခမှလွတ်ခြင်း အကျိုးရှိတော့သည်။

ထို့ကြောင့် မာတိကာအဋ္ဌကထာ၌ ယော နံ သီလံ ပါတိ ရက္ခတိ၊ တံ မောက္ခေတိ မောစယတိ အာပါယိကာဒီဟိ ဒုက္ခေဟိ အတ္တာနုဝါဒါဒီဟိ ဝါ ဘယေဟီတိ ပါတိမောက္ခံဟူ၍ မိန့်၏။ **(စာ–၈၄)**

ဤအဋ္ဌကထာကိုထောက်၍ ပါတိမောက်၌လာသော သိက္ခာပုဒ် (၂၂၇) ပါးလုံခြုံလျှင် အလဇ္ဇီ မဖြစ်ဟု စင်စစ်သိရာ၏။ ကုလဒူသက အနေသနကြောင့် အာပတ်သင့်သောရဟန်းသည် အထက်ကပြခဲ့သော အင်္ဂါ(၃)ပါးနှင့်ညီသော် အလဇ္ဇီမဆိုထိုက်ပါလောဟူငြားအံ့။ ။ ဤအာဘိသမာစာရိကသီလ မပြည့်စုံ၍ အာပတ်သင့်ရုံမျှနှင့် အလဇ္ဇီမဆိုရချေ။ အကယ်၍ အလဇ္ဇီဆိုထိုက်လေမူ မဟာဝါခန္ဓကၡ၌လာသော ဥပဇ္ဈာယ်ဆရာ၌ ပြုထိုက်သောဝတ် (၈၂) ပါး၊ နိဿယည်းဆရာ ဥပဇ္ဈာယာစရိယစသည်၌ ပြုထိုက်သောဝတ် (၈၂) ပါးစီ။ သဒ္ဓိဝိဟာရိကတပည့် အန္တေဝါသိကတပည့်တို့၌ ပြုထိုက်သောဝတ် (၈၂)ပါးစီ၊ ဤဝတ်တို့ကို မပြုသော ရဟန်းအားလည်း ဒုက္ကဋ်သင့်သည်ဟု ဟောတော်မူသည်။

ဥပဇ္ဈာယ်အင်္ဂါနှင့်မပြည့်စုံဘဲ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံသောရဟန်း၊ ပွေး၊ ညှင်း၊ တင်းတိပ်စသော အနာရှိလျက် ပဥ္စင်းခံသောရဟန်း၊ နိဿယမုစ္စနက အင်္ဂါနှင့်မညီဘဲ နိသျည်းလွတ်၍နေသောရဟန်းတို့အားလည်း ဒုက္ကဋ်အာပတ်သင့်သည်ဟု ဟောတော်မူသည်။ ထို့ကြောင့် ထိုသို့သောရဟန်းဟူသမျှ သံဃုပ္ပါဒ စေတိယုပ္ပါဒဝဍ္ဎကမ္မာဒိနာ မိစ္ဆာဇီဝတွဲ ပါပုဏာတီဟူ၍ မိန့်တော်မူသည်။ (သံဃာတို့၏အမှုကိစ္စကို ပြုလုပ်

ဆောင်ရွက်ခြင်း၊ စေတီအမှုကိုပြုလုပ်ဆောင်ရွက်ခြင်း၊ ဆေးဝါးပေးခြင်း အစရှိသော ကုလဒူသက အနေသနအမှုဖြင့်)။

ဤပါဠိဖြင့် ဒါယကာတို့ကတိုက်တွန်း၍ သံဃာအမှုကိုပြုပြင်ရာ၊ စေတီအမှုကိုပြုပြင်ရာ၊ ဆေးဝါး ပေးခြင်း၊ သစ်သီးပန်းပေးခြင်း အမှုကိုပြုမိရာ ထိုမိစ္ဆာဇီဝအဖြစ်သို့ကား ရောက်၏။ အလဇ္ဇီမဖြစ်ဟူသော အနက်ကို ပစ္စက္ခတ္တအားဖြင့် ပြတော်မူသည်။ **(စာ၊ ၄၇၄/၄၇၆)** ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး စီရင်ရေးသားသည်။

အလဇ္ဇီပဂ္ဂဟ အနုဂ္ဂဟ အရာဟုတ် မဟုတ်

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊ ပေ၊ အန္တရဓာပေတီတိ ဧတ္ထ ကေဝလံ ပဂ္ဂဏှိတုကာမတာယ ဝေံ ကာတုံ န ဝဋ္ဋတိ။ ဓမ္မဿ ပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ **(သာ ဒု၊ စာ-၄၂၁)** ဟု ဖွင့်၏။

ဤသို့လာသော စကားရပ်ကိုထောက်၍ လူ၊ ဒါယကာတို့ မင်္ဂလာ၊ အမင်္ဂလာမှုများနှင့်စပ်၍ ဆွမ်းစဉ်ဆွမ်းစား၊ ပရိတ်ရွတ်၊ အသုဘရှုပြုရာတို့၌ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့နှင့်အတူတကွ တစ်ခုသော အိမ်မဏ္ဍပ်၊ ဇရပ် သံဃာစဉ်တို့၌ ဆွမ်းစဉ်ဆွမ်းစားပရိတ်ရွတ်ပြုခြင်း၊ ရွာတွင်းသို့ဝင်ခြင်း၊ အသုဘရှု သွားခြင်း၊ နေထိုင်ခြင်းများသည် အလဇ္ဇီတို့နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ သံဝါသ အလဇ္ဇီပဂ္ဂဟကို ပြုသောအရာမဟုတ်သောကြောင့် ပြုအပ်ပြုကောင်း၏။

အလဇ္ဇီရဟန်းတို့နှင့်တစ်ပေါင်းတည်း ရွာတွင်းသို့ဝင်ခြင်း၊ တစ်ခုတည်းသော သံဃာစဉ်၌နေထိုင်ခြင်းမျှ သည် အကယ်၍မအပ်ငြားအံ့။ ယင်းသို့ တစ်ပေါင်းတည်းဝင်ခြင်း၊ နေထိုင်ခြင်းမျှမရှိကြရလျှင် ကုဋိကာရသိက္ခာ ပုဒ်အဋ္ဌကထာ၌ ဆွမ်းစားဇရပ်တောအရပ်စသည်တို့၌ ဆွမ်းစားခြင်းကိစ္စကိုပြုသော ရဟန်းတို့သည် အလဇ္ဇီ ဖြစ်သော ရဟန်းသာမဏေတို့ကို လက်အမှုကိုမပြုစေအပ်၊ မခိုင်းအပ်သည်ကိုပြသော စကားသည် အကျိုးမရှိ ဖြစ်ရာ၏။ **(စာ-၂၂)**

အပညတ္တံ န ပညပေတဗ္ဗံ၊ ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ- ဟူသောနိဿဂ္ဂိ ပါစိတ်ပါဠိတော်။ **(စာ- ၃၃၇)** ကပ္ပိယံ ဟိ န ကပ္ပတီတိ ဝဒန္တော ပညတ္တံ သမုစ္ဆိန္ဒတိ နာမ။ ပရိဝါ ဝဇိရဗုဒ္ဓိဋီကာ တေရသကဏ္ဍဋီကာ တို့နှင့် အညီ မြတ်စွာဘုရား မပညတ်အပ်သည်ကို မပညတ်ကောင်း၊ မြတ်စွာဘုရား ပညတ်အပ်သည်ကိုလည်း မဖျက်ဆီးကောင်း၊ ပညတ်ဖျက်ဆီးမှု၊ အဓမ္မံ ဓမ္မောတိ ဒီပေတိ စသော ဘေဒကရဝတ္ထုလည်း ဖြစ်သည်။ ဝိနယာတိသာရ ဒုက္ကဋ် အာပတ်လည်း သင့်သည်ဖြစ်သောကြောင့် ဝိနည်းပညတ်တော် မလာ၊ မညီသည်ကို လျစ်လျူရှုလျက် ပါဠိအဋ္ဌကထာဋီကာကျမ်းလာ၊ သက်ညီသည့်စကားကိုသာအလေးပြု၍ အရင်းအခြေနှင့်တကွ ပြဆို ဆုံးဖြတ်ပေအံ့ ။ **(စာ-၁၅)**

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အလဇ္ဇီဒုဿီလမှန်း မသိ၍ အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ သံဝါသကိုပြုမိသော်လည်း တစ်စုံတစ်ခု အပြစ်မရှိ။ ထို့ကြောင့် ရူပိယသိက္ခာပုဒ်အဖွင့် ပါရာဇိကဏ် အဋ္ဌကထာ၌ (၁) အလဇ္ဇိနာ သဒ္ဓိံ ယာဝ န ဇာနာတိ၊ တာဝ ဝဋ္ဋတိ **(ဌ၊ ဇာ-၂၇၃)** ဟု မိန့်တော်မူအပ်၏။ (၁၅)

မြင်တိုင်းမြင်တိုင်းသောရဟန်းတို့ကို အလဇ္ဇီဟူ၍ ယုံမှားတွေးတောခြင်း၊ ပြောဆိုခြင်းကိုမပြုအပ်။ ဒိဋ္ဌသုတပရိသင်္ကိတရှိမှသာ ပြုအပ်ပြုကောင်းသည်။ (၁၆)

ပါရာဇိကမကျသောအမှု၌ ဒိဋ္ဌသုတပရိသင်္ကိတရှိ၍ အလဇ္ဇီမှန်းသိသော်လည်း အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ သံဝါသမှ ကြဉ်ရှောင်ခြင်းကို ရှေးဦးစွာမပြုအပ်။ ငါရှင်တို့ပြုအပ်သောအမှုသည် မသင့်တင့် မလျောက်ပတ်။ ဤသို့ မပြုကြကုန်လင့်ဟူသော ဆုံးမစကားကိုသာ ရှေးဦးစွာပြောဆိုအပ်သည်။ ထိုသို့ဆုံးမစကားကိုမနာယူမှ၍ ကျော်နင်းပြုကျင့်မှသာ ကြဉ်ရှောင်ခြင်းကို ပြုအပ်သည်။ (၁၆)

သံဃဘေဒက ခန္ဓကပါဠိတော်၌ အလဇ္ဇီဝိသဘာဂဖြစ်သော ရှင်ဒေဝဒတ်တို့ထံ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကြွ၍ တစ်ခုသောနေရာ၌နေတော်မူသည်ကို ဟော်တော်မူသောကြောင့် အလဇ္ဇီ ဝိသဘာဂ ရဟန်းတို့ထံသို့သွားရောက်သော လဇ္ဇီရဟန်းကောင်းအားလည်း ထိုအလဇ္ဇီဝိသဘာဂရဟန်းတို့၏နေရာ၌ နေထိုင်ခြင်းငှာအပ်၏ဟူသော အနက်ပြီးကြောင်းကို ၎င်းခန္ဓကအဖွင့် ဝဇိရဗုဒ္ဓိ **(ဇာ-၅၃၃)**၌ အညတရံ အာသနံ ဂဟေတွာ နိသီဒီတိဝစနတော ဝိသဘာဂဋ္ဌာနံ ဂတသ္သ ပေသလဿာပိ ဘိက္ခုနော တေသံ အာသနေ နိသီဒိတုံ ဝဋ္ဋတီတိ သိဒ္ဓံဟု ဖွင့်၏။ **(၁၇)**

ဥက္ခိတ္တကရဟန်း အလဇ္ဇီရဟန်းတို့ကို ကိုယ်တိုင်ပစ္စည်းပေးခြင်းသာ မအပ်။ ပေးစေခြင်းမှာ အခါခပ်သိမ်းအပ်၏ဟူသော အနုဂဏ္ဌိပုဒ်စကား၌လည်း စုံစမ်း၍ ဉာဏ်အားခံမှုယူအပ်၏။

သူတစ်ပါးတို့ပစ္စည်းကို သူတစ်ပါးတို့ကိုပင်စေခိုင်း၍ ဥက္ခိတ္တကရဟန်းအားပေးစေရာ၌ အာပတ်မသင့်သည်ကိုရည်၍ ကခါ၌ အနာဏတ္တိကမိန့်ဆိုသည်။ မိမိပစ္စည်းကို သူတစ်ပါးကိုပေးစေရာ၌ကား ဝိသံဂါ မ,ပြ။ ပရိစ္စိန္နိတွာ ရာဇာ ကဿစိ ဒေတိ၌ကဲ့သို့ မိမိပေးသည်ပင်မည်သောကြောင့် ဒေတိဝါ ပဋိဂ္ဂဏှာတိဝါဟု သုဒ္ဓနှင့်ဟောတော်မူရာ၌ မိမိပစ္စည်းကိုပေးစေခြင်းကာ ရိုက်ကိုလည်းယူသင့်ရကား ဥက္ခိတ္တသမ္ဘောဂ အာပတ်မလွတ်။ ထို့ကြောင့် အနုဂဏ္ဌိပုဒ်စကား အထောက်အထားအသင့်ယုတ္တိ မရှိ။ ကျမ်းဂန်အများလာသောစကားမဟုတ်၍ ဂရုကလည်းမဖြစ်ဟူ၍လည်း ဆိုရန်ရှိ၏။ ထို့ကြောင့် စုံစမ်း၍ ဉာဏ်အားခံမှုယူအပ်၏ဟု ပြဆိုသတည်း။ **(၁၈)**

အပိုင်ပေးသော်လည်း သနား၍ပေးရာ၌ အာမိသသမ္ဘောဂမဖြစ်၍ အပြစ်မရှိအပ်ကြောင်းကို (၁၁) သီလဝန္တေဟိတိ ဝစနတော ဒုဿီလဿ အဒါတုံမ္ပိ ဝဋ္ဋတိ၊ သာရဏီယဓမ္မပူရကေန ပန သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ ဝုတ္တံ။ ပရိဝါအဋ္ဌကထာ **(ဇာ-၁၅၄)** ၎င်းအဖွင့်တေရသကဏ်တို့၌ မိန့်၏။ ။ [သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာဋီကာလည်း အတူတူ]

ဤအဋ္ဌကထာ ဋီကာတို့၌ အလဇ္ဇီပုဂ္ဂိုလ်အား ချီးမြှောက်လို၍ မပေး၊ သနားခြင်းစသည်ကြောင့်ပေးရကား၊ အလဇ္ဇီနှင့် အာမိသသမ္ဘောဂပြုခြင်း မဖြစ်သည်ကိုသိရာ၏။ ထို့ကြောင့် အလဇ္ဇီရဟန်းတို့အား ချီးမြှောက်အားပေးပြုလို၍ ပစ္စည်းပေးခြင်းကိုသာ အလဇ္ဇီတို့နှင့် အာမိသသမ္ဘောဂပြုခြင်းဟု သိအပ်၏။ [၁၉]

တစ်နည်းကား

သံဝါသကို သမ္ဘောဂ၌ထည့်၍ ။ **(တ–၁၅)** ဓမ္မပရိဘောဂေါတိ ကေကမ္မံ ကေုဒ္ဒေသောတိ အာဒိနာ ဝုတ္တသံဝါသော စေဝ၊ နိဿယယဂ္ဂဟဏာဒိနာဒိကော သဗ္ဗော နိရာမိသပရိဘောဂေါ စ ဝေဒိတဗ္ဗော–ဟူသော ရှုပိယသိက္ခာပုဒ် **(ဝိမတိ၊ တ–၃၃၈၊ ၃၃၉)** အလိုအားဖြင့် အာမိသသမ္ဘောဂမှလွတ်သော ကေကမ္မစသော သံဝါသကိုလည်း ဓမ္မသမ္ဘောဂဟု ယူအပ်၏။ သံဝါသကို ဓမ္မသမ္ဘောဂ၌ ထည့်သွင်းယူခြင်းသည် ဝိမတိအလိုမျှသာဖြစ်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူ။ ဥက္ခိတ္တသံဘောဂ သိက္ခာပုဒ်ပါဠိတော်စသည်၌ (၁၆) သမ္ဘုဉ္ဇေယျဝါ သံဝသေယျ ဝါဟူ၍လည်းကောင်း၊ သာမဏေကိုမရသေး၍ ဥက္ခိတ္တကကံပြုထိုက်သော ရဟန်းနှင့်ပေါင်းဖော်ရာ အပြစ်မရှိကြောင်းဟုဟောတော်မူသော မဟာဝါမဟာခန္ဓကပါဠိတော်နှင့် (၁၇) အလဗ္ဘမာနာယ သာမဂ္ဂိယာ အနာပတ္တိ သံဘောဂသံဝါသေဟူ၍လည်းကောင်း၊ သံဘောဂနှင့်သံဝါသကို အသီးအခြားသာ ဟောတော်မူသောကြောင့်တည်း။

သံဝါသဟူသည်ကို (၁၈) သံဝါသော နာမ ကေကမ္မံ ကေုဒ္ဒေသော သမသိက္ခတာဟူ၍ ပါရာဇိက အသံဝါသရာ၌ ဟောတော်မူသောကြောင့် အတူတကွပြုအပ်သောကံကြီးကံငယ်၊ အတူတကွပြအပ်သော ပါတိမောက် အတူတကွကျင့်အပ်သော ဘုရားပညတ်တော်ဟု ဆိုအပ်သောသိက္ခာပုဒ် ဝါ–သိက္ခာပုဒ်ကို ကျင့်ခြင်းဟုဆိုအပ်သော သမသိက္ခိတာ ဤသုံးပါးသည် "သံဝါသ" မည်၏။ (၂၀)

ဥပုသ်ပြုရာ၌လည်း ပါရာဇိကကျသော ရဟန်းပါရှိသော၊ ပရိသတ်အစည်းအဝေး၌ ကလဟစသောဘေးကြောင့် ငါမပြုအံ့ဟူသော စိတ်ကိုဖြစ်စေ၍ နေထိုင်ခြင်းငှာအပ်ကြောင်းကို (၂၁) အန္တိမဝတ္ထုံ အဇ္ဈာပန္နဿ နိသိန္နပရိသာယ ကလဟာဒိဘယေန နာဟံ ကရိဿာမီတိ စိတ္တံ ဥပ္ပါဒေတွာ နိသီဒိတုံ ဝဋ္ဋတိဟု ဥပေါသထက္ခန္ဓက **ဝဇိရဗုဒ္ဓိ (တ–၄၆၆)**၌မိန့်သည်။ [၂၁]

ရှုပိယသိက္ခာပုဒ်အဋ္ဌကထာ၌ အလဇ္ဇီကို အနုမောဒနာတိုက်တွန်းခြင်း တရားဟောတိုက်တွန်းခြင်း၊ ဒါယကာတို့၌ ချီးမြှောက်ထောက်ပံ့ခြင်းကိုသာ အလဇ္ဇီပဂ္ဂဟဟုမိန့်ဆိုသောကြောင့် အတူတကွသွားခြင်း၊ ထိုင်ခြင်းမျှ မစေမခိုင်းအလိုအလျောက် ပရိတ်ရွတ်ခြင်းမျှကို အလဇ္ဇီပဂ္ဂဟမဟုတ်ဟု သိအပ်၏။

ဋင်းအဖွင့် တေရသကဏ်ဋီကာ၌လည်း အလဇ္ဇီတို့ကို ချီးမြှောက်အားပေးပြုလိုသောစိတ်ဖြင့်သာ အနုမောဒနာတိုက်တွန်းခြင်းစသည်ကို မပြုအပ်။ "ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဟေတုံ ဝဋ္ဋတိ"ဟူသော အဋ္ဌကထာလာသည်နှင့်အညီ တရားကိုချီးမြှောက်ခြင်း၊ သာသနာတော်ကိုချီးမြှောက်ခြင်း၊ တရားနာပရိသတ်ကို ချီးမြှောက်ခြင်းငှာပြုမူကား အပ်သည်ပင်ဟုပြခြင်း၌။ (၂၃) သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ–လ–ဝဋ္ဋတီတိ ဝေဒိတဗ္ဗံဟု ဖွင့်၏။ [၂၁/၂]

အလဇ္ဇီရဟန်းတို့ကို ချီးမြှောက်အားပေးပြုလိုသောစိတ်၊ အပင်းအသင်းပြုလိုသော အပေက္ခစိတ်ဖြင့် အလဇ္ဇီရဟန်းတို့နှင့် ပြုကျင့်မှုမအပ်။ ဒုက္ကဋ်အာပတ်သင့်၏။ ထိုစိတ်မပါမူ အာပတ်မသင့်ဟုပြသည်ဟူ၍ယူအပ်၏။ [၂၅]

သီလဟုဆိုအပ်သော သိက္ခာပုဒ်ကို မလွန်ကျူးခြင်း၏အစွမ်းဖြင့် ဖြည့်ကျင့်ခြင်း၊ ပါဠိဖြစ်သော သိက္ခာပုဒ်ကို သင်ယူချပို့သရဇ္ဈာယ်ခြင်း၊ နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်ကျင့်ခြင်း၊ နှစ်ပါးရှိသည်တွင် သင်ယူပို့ချမေးမြန်းခြင်း၊ ဥဂ္ဂဟပရိပုစ္ဆာ၏ အစွမ်းဖြင့်ကျင့်ရာ၌ အောက်ကပြခဲ့ပြီးသော ပါဠိအဋ္ဌကထာလာ ဓမ္မသမ္ဘောဂဖြစ်၍ အလဇ္ဇီတို့နှင့်တကွ မကျင့်အပ်၊ ဓမ္မာနုဂ္ဂဟ စသည်ကိုကြည့်၍ကျင့်မူ ချပို့သင်ယူမှု ဒုက္ကဋ်သင့်၏။ [၂၆–၇]

သင်္ဃာဘေဒဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အလဇ္ဇီပုဂ္ဂိုလ်တို့အား ထောက်ပံ့ခြင်းငှာဖြစ်သော အမှုဟူသမျှကို မပြုအပ်ဟုမိန့်ဆိုရာဝယ် အဘယ်သို့သောအနက်အဓိပ္ပာယ်ကို ယူအပ်မည်နည်းဟူငြားအံ့။ အလဇ္ဇီတို့ကို အပင်းအသင်းပြုလို ထောက်ပံ့လိုသောအပေက္ခစိတ်ဖြင့် ပြုသောအမှုကိုသာ ရည်၍ဆိုသည်ဟု ပြအပ်ပြီးသော အာဂုံယုတ္တိတို့နှင့်အညီသာ မှတ်ယူအပ်၏။ [၂၉-၃၀]

ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ စသည်ဖြင့် ဟောတော်မူသောကြောင့် အလဇ္ဇီရဟန်းတို့ကို အားပေးချီးမြှောက် အပင်းအသင်းပြုမိရာသောအမှုများကို အထူးအားဖြင့် နှလုံးထားအပ်ရှောင်ကြဉ်အပ်သည်။ ထို့ထက်ပင်လျှင် သံဃာတော်တို့ငြင်းခုံကွဲပြား ခိုက်ရန်ဖြစ်ပွားမည်ကိုလည်းကောင်း၊ သံဃဘေဒ သံဃရာဇိဖြစ်မည်ကိုလည်းကောင်း အလွန်အကျူး အထူးနှလုံးထားအပ်ရှောင်ကြဉ်အပ်သည်။ (၃၀)

ဆွမ်းခံဆွမ်းစဉ်ရှာဝင်ခြင်း အစရှိသည်တို့ကိုပြုခြင်းတို့သည် ထိုအလဇ္ဇီပုဂ္ဂိုလ်တို့ကို သဂြိုဟ် ချီးမြှောက်လို၍ ပြုသည်မဟုတ်။ ဒါယကာ ဒါယိကာမတို့အား သဂြိုဟ်ချီးမြှောက်လို၍ ပြုခြင်းမျှသာဖြစ်သည်။ အတူတကွ ဆွမ်းခံကာမျှဖြင့် အာမိသသမ္ဘောဂမဖြစ်။ ထိုပုဂ္ဂိုလ်တို့၏ ဥစ္စာပစ္စည်းကိုခံယူမှသာ အာမိသ သမ္ဘောဖြစ်သည်။ ပရိတ်အတူတကွ ရွတ်ကာမျှဖြင့်လည်း ဓမ္မသမ္ဘောဂ မဖြစ်။ ထိုပုဂ္ဂိုလ်တို့ကို သဂြိုဟ်ချီးမြှင့် ထောက်ပံ့ခြင်းအဖို့၌ တည်၍ အနုမောဒနာပြုစိမ့်သောငှာ တိုက်တွန်းခြင်း၊ တရားဟောစိမ့်သောငှာ တိုက်တွန်းခြင်း၊ ကမ္မဋ္ဌာန်းကို ဟောပြောခြင်းငှာပေးပို့ခြင်း၊ မေးခြင်း၊ ဖြေခြင်း အလို့လို့ ဒိဋ္ဌိဟတို့ကိုဖျောက်ခြင်းပြုဖွယ်ကိစ္စကို ညီညာမှိုင်းမ၍ ပြုခြင်း အစရှိသည်တို့သည်သာ ဓမ္မသမ္ဘောဂဖြစ်သည်။ (၃၂)

ဟိယသ္မာ-ကြောင့်။ အာဒီတော-မှ၊ ပဋ္ဌာယာ-၍၊ အလဇ္ဇီ နာမ-သည်၊ နတ္ထိ။ တသ္မာ-ကြောင့်၊ ယဒါ -၌၊ အဿ-ထိုအလဇ္ဇီရဟန်း၏၊ အလဇ္ဇီဘာဝံ-အလဇ္ဇီ၏အဖြစ်ကို၊ ဇာနာတိ-၏၊ တဒါ-၌၊ ဝတ္တဗ္ဗော-ဆိုဆုံးမအပ်၏။ တုမှေ-တို့သည်၊ ကာယဒွါရေစ-၌လည်းကောင်း။ ဝစီဒွါရေစ-၌လည်းကောင်း၊ ဝီတိက္ကမံ-လွန်ကျူးခြင်းကို၊ ကရောထ-ပြုကြကုန်ဘိ၏။ တံ-ထိုလွန်ကျူးခြင်းကိုပြုခြင်းသည်၊ အပ္ပဋိရူပံ-မလျောက်ပတ်။ မာ ဧဝံ-သို့၊ မာအကတ္ထ-လင့်။ ဣတိ-သို့၊ ဝတ္တဗ္ဗော-ဆိုဆုံးမအပ်၏၊ အနာဒိယိတွာ-မနာယူမူ၍၊ သစေကရောတိယေဝ-အကယ်၍ လွန်ကျူးခြင်းကို ပြုသည်သာလျှင်ဖြစ်အံ့။ တေန-ထိုလွန်းကျူးခြင်းကို ပြုသောရဟန်းနှင့်၊ ပရိဘောဂံ-ပေးယူသုံးဆောင်ခြင်းကို၊ ယဒိ ကရောတိ-အကယ်၍ ပြုသည်ဖြစ်အံ့။ သောပိ -ထိုရဟန်းသည်လည်း၊ အလဇ္ဇီယေဝ-အလဇ္ဇီသည်သာလျှင်၊ ဟောတိ-ဖြစ်၏။ (၃၄)

ထိုတဖ္ဗနီယရဟန်းသည် - ပစ္စယ ဓမ္မသမ္ဘောဂ (၂)ပါးလုံးကိုပင် ထိုရဟန်းနှင့်အတူမပြုအပ်။ ဥပုသ်-ပဝါရဏာ ကံကြီးကံငယ်ဟူသော သံဝါသကိုကား မြစ်ပယ်သောပါဠိ အဋ္ဌကထာမရှိ။ နိယဿကံပြုအပ်သော ပုဂ္ဂိုလ်လည်းနည်းတူ။ **[ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၅၈၊ သံဝါသဒီပနီ၊ စာ-၂၅၇]**

(၁၁) သီလဝန္တေဟိတိ-၌၊ ဝစနတော-ကြောင့်၊ ဒုဿီလဿ-သီလမရှိသောရဟန်းအား၊ ဝါ-အလဇ္ဇီရဟန်းအား၊ အဒါတုမ္ပိ-မပေးခြင်းငှာလည်း၊ ဝဋ္ဋတိ-အပ်၏။ သာရဏီယဓမ္မပူရကေန ပန-သာရဏီယ-ကျင့်ဝတ်ကိုဖြည့်သောရဟန်းသည်ကား၊ သဗ္ဗေသံ-အလုံးစုံသောသီလဝန္တရဟန်း ဒုဿီလရဟန်းတို့အား၊ ဒါတဗ္ဗမေဝ-ပေးအပ်သည်သာတည်း။ ဣတိ-သို့၊ ဝုတ္တံ-မဟာအဋ္ဌကထာ၌ ဆိုအပ်၏။ **[ပရိဝါအဋ္ဌကထာ၊ စာ-၁၅၄]**

သမ္ဘောဂေါ နာမ-သံဘောဂမည်သည်ကား၊ အာမိသသံဘောဂေါစ-ပစ္စည်းအာမိသကို အတူသုံးဆောင်ခြင်းလည်းကောင်း၊ ဓမ္မသံဘောဂေါ စ-တရားကျမ်းဂန်ကို အတူသုံးဆောင်ခြင်းလည်းကောင်း၊ ဣတိ-သို့၊ သမ္ဘောဂါ-တို့သည်၊ ဒွေ-၂ ပါးတို့တည်း။

မှတ်ချက်။ ။ ပရိဘောဂနှင့် သမ္ဘောဂ အဓိပ္ပာယ်အတူတူပင်။ သို့ပါ၍ ပရိဘောဂတွင် အာမိသ ပရိဘောဂနှင့် ဓမ္မပရိဘောဂသာပါသည်။ သံဝါသမပါ။

ဘဂဝတာ ပညတ္တံ၊ န သာပတ္တိကေန ဥပေါသထော ကာတဗ္ဗောတိ၊ (ခန္ဓက၊ စာ–၁၆၈)။ ။ ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထာတိအာဒိနာ နယေန သာပတ္တိကဿ ဥပေါသထကရဏံ ပညတ္တံ ဒုက္ကဋံ။ ဤသို့ ပါဠိအဋ္ဌကထာလာသောကြောင့် အာပတ်နှင့်တကွ ဥပုသ်မပြုကောင်း။ ပါတိမောက်နာလျှင်လည်း ပါရာဇိကမှတစ်ပါးသော အာပတ် (၆) ပုံတွင် တစ်ပုံပုံရှိလျှင် နိဒါန်းအဆုံး၌ သမ္ပဇာနမုသာဝါဒ ဒုက္ကဋ် တစ်ချက်။ ထိုထိုဥဒ္ဒေသအဆုံး၌ ထိုထိုအာပတ်ရှိလျှင်တစ်ချက်။ ဤသို့ အာပတ်ရှိသူသာ ယာဝတတိယာနုသာဝနအဆုံးဆုံး၌ အာပတ်သင့်သည်။ အာပတ်မရှိသူမှာ အာပတ်မသင့်။ ။ ဥပုသ်ပဝါရဏာမှ တစ်ပါးသောကံများ၌ကား အာပတ်ပင်ရှိသော်လည်း အာပတ်သင့်သည်ဟုမလာ။

''မကုစားဘဲ နာသောသူမှာသာ အာပတ်သင့်၍ ပတ္တကလ္လမဖြစ်သည်။ ထို့ကြောင့် ဥပုသ်ပဝါရဏာ ပြုရာ၌ ပါရာဇိကမကျသော အလဇ္ဇီပါသော်လည်း လဇ္ဇီသံဃာမှာ အာပတ်မသင့်။ ထိုအလဇ္ဇီမှာသာ သင့်သည်။ အခြားကံများမှာကား ဆိုဖွယ်ရာမရှိ။ ထိုအလဇ္ဇီများမှာပင် အာပတ်မသင့်ဟုမှတ်။

တေ ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဗာ။ (တေ နှစ်ကျိပ်တစ်ယောက်တို့ကို) ဤ အဋ္ဌကထာလာတိုင်း ဝဇ္ဇနီယ ပုဂ္ဂိုလ်နှစ်ကျိပ်တစ်ယောက်ကဲ့သို့ အလဇ္ဇီကို ဟတ္ထပါသ်လွတ်ရုံတွင် မကြဉ်အပ်။ ကြဉ်လျှင်ဝဂ္ဂကံဖြစ်၏။ သိမ်ပြင်ပသို့ ထုတ်ပြန်လျှင်လည်း ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ...

နတ္ထိ တယာ သဒ္ဓိံ ဥပေါသထော ဝါ ပဝါရဏာ ဝါ သံဃကမ္မံ ဝါတိ ဝဒတိ ဒုက္ကဋဿ။ ဤသို့ စသည်လာသောကြောင့် ဝတ္တုသန္ဒဿနာ၊ အာပတ္တိသန္ဒဿနာ၊ သံဝါသပဋိက္ခေပ၊ သာမီစိပဋိက္ခေပ၊ စောဒနာ လေးပါးတို့တွင် သံဝါသပ္ပဋိက္ခေပ စောဒနာခြင်းဖြင့် ပါရာဇိကဖြင့် စောဒနာရာကျ၍ အဓိပ္ပာယ်အလိုက် ဒုက္ကဋ် သံဃာဒိသေသ် ထိုက်ရာသင့်၏။ **(ဝိသုဒ္ဓါရုံသံဝါသဒီပနီ၊ စာ–၂၆၅)**

ဥပုသ် ပဝါရဏာ၊ ကံကြီးကံငယ်သည် သံဝါသမည်၏။ သံဘောဂ၊ ပရိဘောဂမဟုတ်။ **(ဝိသုဒ္ဓါရုံ – ၂၆၆)**

❧ ❧ ❧

အဋ္ဌသာလိနီ၌–ကမ္မဋ္ဌာနံ ကထေတဗ္ဗံ၊ ဓမ္မော ဝါစေတဗ္ဗော ။ လ ။ အဗ္ဘာနမာနတ္တပရိဝါသာ ဒါတဗ္ဗာ။ ပဗ္ဗဇ္ဇာရဟော ပဗ္ဗာဇေတဗ္ဗော၊ ဥပသမ္ပဒါရဟော ဥပသမ္ပါဒေတဗ္ဗော ။ လ ။ အယံ ဓမ္မပဋိသန္ထာ ရောနာမဟုမိန့်၏။ ယခင်ဆိုခဲ့ပြီးသော လျောက်ပတ်သောအကြောင်းကိုကြဉ်၍ အလဇ္ဇီနှင့်တကွ ဥပုသ် စသည်ကိုပြုအံ့၊ ထိုအလဇ္ဇီတို့၏အထံ၌ စာသင်ခြင်း၊ နိဿရည်းယူခြင်း စသည်ကိုလည်းပြုအံ့၊ အလဇ္ဇီ ပရိဘောဂလည်းဖြစ်၏။ ဒုက္ကဋ်အာပတ်လည်း သင့်၏။ **(ဝိနယသာရဂတ္ထိ – ၁၃၁)**

ပါရာဇိကဏ် အဋ္ဌကထာ ရူပိယသိက္ခာပုဒ်၌ အလဇ္ဇီရဟန်းသည်၊ လဇ္ဇီရဟန်းတို့၏ပစ္စည်းကို သုံးဆောင်ခြင်း၌ အလဇ္ဇီမှာ အပြစ်မရှိ။ ရဟန်းတို့သည် အလဇ္ဇီရဟန်းတို့၏ ပစ္စည်းကိုသုံးဆောင်ခြင်း၌ကား အကြင်မျှလောက် အလဇ္ဇီရဟန်းဟူ၍မသိ၊ ထိုမျှလောက်အပြစ်မရှိ၊ အကြင်အခါ အလဇ္ဇီရဟန်းဟူ၍သိ၏။ ထိုအခါ ဤသို့ ဆိုအပ်၏။ အရှင်တို့သည် ကာယဒွါရ၌လည်းကောင်း၊ ဝစီဒွါရ၌လည်းကောင်း၊ လွန်ကျူးခြင်းကို ပြုကြကုန်၏။ ထိုသို့ပြုခြင်းသည် မသင့်မလျောက်ပတ်၊ ဤသို့ မပြုကြကုန်လင့်ဟု ဆိုအပ်၏။ ထိုသို့ဆိုသည်ကို

မနာမယူမှု၍ ပြုကျင့်လွန်ကျူးကုန်၏။ ထိုအလဇ္ဇီရဟန်းတို့နှင့် အတူတကွသုံးဆောင် ခြင်း ပစ္စယသမ္ဘောဂကို ပြုသည်ဖြစ်အံ့ ထိုလဇ္ဇီရဟန်းသည်လည်း အလဇ္ဇီဖြစ်၏။ ။ (ပထမလုံးတော် ဆရာတော် **ဘုရားကြီးကိတ္တာကဝိသသဖွနာကျမ်း – ပ – စာ – ၂၀၆)**

သောပိ အလဇ္ဇီယေဝ – အလဇ္ဇီ၏ဥစ္စာကိုယူ၍ လဇ္ဇီကသုံးစွဲရာ၌ ပစ္စည်းက မအပ်မရာတွေဖြစ်နေသောကြောင့်လည်းကောင်း၊ ပစ္စည်းကအပ်သော်လည်း ပုဂ္ဂိုလ်ကအလဇ္ဇီဖြစ်၍ (နောင်လာမည့် ပုဂ္ဂလော အလဇ္ဇီ၊ ပိဏ္ဍပါတော ဓမ္မိယောနှင့်အညီ အနူ၏လက်မှပစ္စည်းကဲ့သို့) စက်ဆုပ်ဖွယ်ကောင်းသောကြောင့်လည်းကောင်း၊ အလဇ္ဇီမှန်းသိလျှင် မသုံးစွဲအပ်။ သုံးစွဲလျှင် ထိုလဇ္ဇီလည်း အလဇ္ဇီပင်ဖြစ်တော့၏။

ပုဂ္ဂလော လဇ္ဇီ ပိဏ္ဍပါတော အဓမ္မိယော၊ ဤပြခဲ့သော စကားအရပ်ရပ်ကို လေးစားသော ဝိနည်းမိုရ်ပုဂ္ဂိုလ်များသည် မအပ်မရာ၊ ဆောက်လုပ်ထားအပ်သော လဇ္ဇီတပည့်စသည်တို့၏ ကျောင်းများ၌ မတည်းမခို၊ မသွားလာကြ။ ထိုတပည့်တို့၏ပစ္စည်းကိုလည်း လာရောက်လှူစေကာမူ ကိုယ်တိုင်မသုံးစွဲဘဲ ကပ္ပိယစသူတို့အား စွန့်လိုက်တတ်ကြသည်။ **[ပါရာဇိကဏ် ဘာသာ ၊ ၈–စာ–၃၄၃/၃၄၄]**

ရဟန်းနှင့်အလောင်းအစား။ ။ ထိထိုးခြင်းမှအစ အလောင်းအစားကို ရဟန်းသည် မပြုကောင်း။ (သံဃာဒိသိသ် သဥ္စရိတ္တသိက္ခာပုဒ် (အဇ္ဈတံ န ဝဋ္ဋတိ ။ ။ န ဝဋ္ဋတိ ဟူသောစကားဖြင့် အလောင်း အစားပြုလျှင် ဒုက္ကဋ်အာပတ်ဟုပြ၏။ (ဣမိနာ ဒုက္ကဋံ ဟောတီတိ ဒီပေတိ) ဤစကားကိုထောက်၍ ထိထိုးခြင်းစသော အလောင်းအစားအမှုကို မပြုကောင်း။ ပရာဇိတေန ဒါတဗ္ဗံဟုဆိုသောကြောင့်ရှုံးပါလျက် မပေးလျှင် ပါရာဇိကအထိ ဆုံးဖြတ်ခွင့်ရှိ၏။ (ပရာဇိတေန ဒါတဗ္ဗန္တိ အဒေန္တော ဓုရနိက္ခေပေန ကာရေ တဗ္ဗော) **[ပါရာဇိကဏ် ဘာသာ၊ တ၊ စာ–၅၈၉]**

❧ ❧ ❧

ဝိသုဒ္ဓါရုံပဏ္ဍတဝိကဝိနိစ္ဆယ
(စာ-၉၀/၉၂)

ကြိုးကြိမ်စသည်တို့ဖြင့် ပြုလုပ်အပ်သော အုပ်ဆိုင်း၊ ရေအိုးဆိုင်း စသည်များသည် **သိက္ကာ** မည်၏။ သက်န်း၊ သပိတ်စသော ပရိက္ခရာထည့်သော သက်န်းအိတ်၊ သပိတ်အိတ်၊ မျက်စဉ်းကျည်အိတ်၊ ဖိနပ်အိတ်စသည်များသည် **ထဝိကာ** မည်၏၊ ဆိုင်းမမည်။

ဆိုင်းဟုထင်မှတ်၍ မအပ်ဆိုလျှင် န ဘိက္ခဝေ ဒဏ္ဍသိက္ကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဒဏ္ဍသိက္ကာ၊ သူခိုးဆောင်ဝါးရင်းတုတ်သက်သက်၊ ကူလီဆောင်ဆိုင်းသက်သက်။ တုတ် နှင့်ကုတ်၍ ထမ်းဆိုင်းနှစ်ပါးစုံရေယူက်သည်ကို) သိက္ကာကို ရှာတွင်းရှာပြင်မအပ်ကြောင်း ဟောတော်မူသည်။

ဗန်းမော်ဆရာတော်လည်း အာရညကဝတ်မှလာသော သပိတ်အိတ်ကား သပိတ်မပွန်းရုံထည့်ထား ရသော သူတောင်းစားများ အိတ်ကြီးနှင့်တူသောအိတ်ဖြစ်၍ အိတ်နှင့်တကွ ဆွမ်းခံ၍မဖြစ်သောကြောင့် ချုတ်ရသည်။ မအပ်၍ အာပတ်သင့်၍ ချုတ်ရသည်မဟုတ်။ ယခုကာလအိတ်များကား ဆွမ်းခံ၍လည်း

ဖြစ်၏။ သပိတ်လွယ်၍ခံလျှင် ဣန္ဒြေရ၍ သမဏသာရုပ်လည်း ဖြစ်လှ၏။ လက်ညှောင်းသက်သာကို ချမ်းသာ၍ လွှန်စွာကျေးဇူးလည်းများလှ၏ စသည်ဖြင့် အဆုံးအဖြတ်ရေးသည်ကို ရှေးငယ်စဉ်က တွေ့ရဘူး ပေ၏။

ထိုသင်္ဂဇာဆရာတော် ဗန်းမော်ဆရာတော်တို့မိန့်ဆိုခြင်းသည်လည်း သီးလုံးဆရာတော်ဘုရားကြီး ဆရာစဉ်ဆက် ဆင်းသက်၍လာခဲ့သည့်အတိုင်းပင်။ ဝတ္တက္ခန္ဓကအာရုညကဝတ်၌ ကာလသေဝ ဝုဋ္ဌာယ ပတ္တံ ထဝိကာယ ပက္ခိပိတွာ စသည်ဖြင့် နံနက်စောစောထပြီးလျှင် သပိတ်ကိုအိတ်၌သွတ်၍ ပခုံး၌လွယ်လျက်၊ သင်္ကန်းကိုပခုံးတင်၍ ဖိနပ်စီးနင်းဘဏ္ဍာများကို သိုသွင်းသိမ်းထား တံခါးကိုပိတ်ဆို့၍ ကျောင်းကဆင်းရမည်ဟုစပ်လျဉ်းရာ စကားအစဉ်အလာရှိ၏။ သပိတ်အိတ်မရှိသော်လည်းကောင်း၊ မဆောင်လို၍သော်လည်း ကောင်း၊ လက်နှင့်ပွေ့ပိုက်ယူဆောင်သွားသော်လည်းကောင်း၊ ပခုံး၌မလွယ်မူ၍ လည်ပင်း၌လွယ်သော်လည်း ကောင်း၊ သင်္ကန်းကိုပခုံးမတင်မူ၍ ခေါင်း၌တင်သော်လည်းကောင်း၊ ခြုံ၍သော်လည်းကောင်း၊ ဖိနပ်မစီး သော်လည်းကောင်း တစ်စုံတစ်ရာအပြစ်မရှိ၊ ဖိနပ်စီးရမည်လာသောကြောင့် ဖိနပ်မရှိလျှင် ရှာ၍နေဖွယ် ရာမရှိပြီ။ ဤသို့စသည်ဖြင့် ဝတ္တက္ခန္ဓကမှာလာသောအရာများ၌ အားလုံးကုန်အပြစ်ရှိသည်ချည်းမဟုတ်။

သံဃပဝါရဏာ ကံဆောင်ခန်း

''သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ၊ ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ'' ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပဝါရဏာပြုရာဖြစ်သော ဤဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်း အမှုပြီးပါပြီ ဘုရား၊ နေတည်းဟူသော အလင်းအရောင်ရှိသည်ဖြစ်၍ ဆီမီး ညှိထွန်းဖွယ်မရှိပါဘုရား၊ နေရာခင်းခြင်းနှင့်တကွ သောက်ရေသုံးရေတည်ထားခြင်း အမှုပြီးပါပြီဘုရား၊ ဤကား ပုဗ္ဗကရဏလေးပါး တည်း။

''ဆန္ဒ ပဝါရဏာ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ ပဝါရဏာယ ဧတာနိ။ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ'' ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဆန္ဒကိုဆောင်ခြင်း ပဝါရဏာကိုဆောင်ခြင်း ဆောင်အပ်ပြီးသော ဆန္ဒ၊ ပဝါရဏာတို့ကို သံဃာအားလျှောက်ကြားခြင်းကိစ္စသည် ဆန္ဒာရဟပုဂ္ဂိုလ်မရှိ၍ ဆန္ဒဆောင်ဖွယ်လျှောက် ကြားဖွယ်မရှိ၊ ပြည့်စုံပါပြီဘုရား ။ လ ။

ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပဝါရဏာသည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီပဝါ ရဏာ၊ ပန္နရသီပဝါရဏာ၊ သာမဂ္ဂီပဝါရဏာဟူ၍ ၃ ပါး အပြားရှိသည်တွင် ယခုပြုဆဲဖြစ်သော ပဝါရဏာကား ပန္နရသီပဝါရဏာ ဖြစ်ပါသည်။

ပြုတတ်သော ကာရကဂဏ၏အစွမ်းဖြင့် သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ ဟူ၍ ၃ ပါးအပြားရှိသည်တွင် ယခုပြုဆဲဖြစ်သော ပဝါရဏာကား သံဃာ့ပဝါရဏာဖြစ်ပါသည်။

ပြုအပ်သော အခြင်းအရာ ကတ္တဗ္ဗာကာရ၏အစွမ်းဖြင့် တေဝါစိကပဝါရဏာ ဒွေဝါစိကပဝါရဏာ ဧကဝါစိကပဝါရဏာ ဟူ၍ ၃ ပါးအပြားရှိသည်တွင် ယခုပြုဆဲဖြစ်သော ပဝါရဏာကား တေဝါစိက ပဝါရဏာဖြစ်ပါသည်။ ဤလက္ခဏာ ၃ ပါးနှင့် ပြည့်စုံခြင်း။

အကြင်မျှလောက် ၅ ပါး၊ ၅ ပါးထက်အလွန်ဖြစ်သော ရဟန်းတို့သည် သံဃပဝါရဏာကံအား လျှောက်ပတ်ကုန်၏။ ထိုမျှလောက် ။ လ ။ ပြီ။

ဤအင်္ဂါ ၄ ပါး၊ ။ လ ။ အရှင်ဘုရားတို့။

(ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ လ ။ အနုမတိယာ ပဝါရဏာဉတ္တိ ဌပေတုံ အာရာဓနံ ကရောမ။ သာဓု - ၃

ဉတ် (သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

⁂

(၁) ပံသုကူလ စုတင်ဝိနိစ္ဆယ
(ဝိနယသင်္ဂဟ ဝိနိစ္ဆယ ပ၊ စာ - ၅၂၁)

ဂဟပတိဒါနစီဝရံ–အိမ်ရှင်ဟုဆိုအပ်သော လူဒါယကာလက်ဖြင့် ကပ်၍လှူအပ်သောသင်္ကန်းကို၊ ပဋိက္ခိပါမိ–ပယ်ပါ၏။ ပံသုကူလိကင်္ဂ–ပံ့သုကူသင်္ကန်းကို ဆောင်ခြင်းတည်းဟူသောအင်္ဂါကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏။

ဤစုတင်၌ ဥက္ကဋ္ဌပုဂ္ဂိုလ်အား ရဟန်းသည်လည်း ဂဟပတိအရာ၌ဝင်၏။ မဇ္ဈိမ မှုဒု(၂)ပါး၌မဝင်။ ဂဟပတိဒါနစီဝရ၌ ''ဒါန'' သဒ္ဒါကိုထည့်သည်ကား ရဟန်းတို့သည် ယူလတ္တံ့သတည်းဟု လူတို့သည် ပစ်ထားအပ်သော ပံ့သုကူသည် ဂဟပတိစီဝရမျှသော်ကားမည်၏။ ဂဟပတိသည် လက်ဖြင့်ကပ်လှူအပ်သည်မဟုတ်သောကြောင့် ဂဟပတိဒါနစီဝရမမည်။ ထို့ကြောင့် အပ်၏ဟူသည်ကို နစ်စေလို၍ ထည့်လေသတည်း။ ထို့ကြောင့် ဋီကာဆရာသည် ပဗ္ဗဇိတော ဂဏှိဿတီတိ ဌပိတံ ဝါ သိယာ ဂဟပတိစီဝရံ ပန ဂဟပတိဒါနစီဝရန္တိ တာဒိသံ ဒါနံ နိဝတ္တေတုံ ဒါနဂ္ဂဟဏံ–ဟုမိန့်တော်မူ၏ဟု မိန့်တော်မူ၏။ စူဠဋီကာဆရာလည်း ဤနည်းလည်းကောင်း မိန့်၏။

ဤသို့ဆောက်တည်ပြီးသော ယောဂီသည်ကား သောသာနိက အစရှိသော (၂၃)ပါးသော ပံ့သုကူတို့ကိုရှာမှီး၍ အားထုတ်ရာ၏။ ထို (၂၃)ပါးတို့သည် အဘယ်နည်းဟူမူကား –

(၁) သောသာနိကံ–သုသာန်၌ တစ်စုံတစ်ယောက်သောသူသည် ပစ်ချအပ်သောပုဆိုး။ (၂)ပါပဏိကံ–ဈေးပြင်တံခါး၌ ပစ်ချအပ်သောပုဆိုး။ (၃) ရထိကစောဠံ–ရထားသွားလောက်သောခရီး၌ ပစ်ချအပ်သောပုဆိုး။ (၄) သင်္ကာရစောဠံ–တံမြက်ချေးစုရာ အရပ်၌ပစ်ချအပ်သော ပုဆိုး။ (၅) သောတ္ထိယံ–ကိုယ်ဝန်ရှိသောသူသည် သားဖွားသော အညစ်အကြေးကိုသုတ်၍ ပစ်ချအပ်သောပုဆိုး။ (၆) နဟာနစောဠံ–ရေချိုးပုဆိုးကို ပစ်၍သွားလေကုန်၏။ ထိုသို့သောပုဆိုး။ (၇) တိတ္ထစောဠံ–ဦးခေါင်းလျှော်ရာဆိပ်၌လျှော်၍ ပစ်အပ်သောပုဆိုး။ (၈) ဂတပစ္စာဂတံ–သုသာန်သို့သွားသောလူတို့သည် ပြန်လျှင် မင်္ဂလာမရှိဟူ၍ စွန့်အပ်သောပုဆိုး။ (၉) အဂ္ဂိဒနံ–မီးလောင်မာရှိသောပုဆိုး။ (၁၀) ဂေါခါယိတံ–နွားစားရာရှိသောပုဆိုး။ (၁၁) ဥပစိခါယိတံ–ခြကိုက်သောပုဆိုး။ (၁၂) ဥန္ဒုရခါယိတံ–ကြွက်ကိုက်ရာရှိသောပုဆိုး။ (၁၃) အန္တဆိန္နံ–အနားပြတ်သောပုဆိုး။ (၁၄) ဒသာဆိန္နံ–အဆာပြတ်သောပုဆိုး။ (၁၅) ဓဇာဟတံ–သင်္ဘောသွားသောသူ

တို့သည် သင်္ဘောဆိပ်၌ ဖွဲ့အပ်သောတံခွန်၊ စစ်ထိုးသောသူတို့သည် စစ်မြေ၌ဖွဲ့သောတံခွန်။ ထို (၂)ပါး တို့တွင် သင်္ဘောဆိပ်တံခွန်ကား မျက်စိမြင်ရုံကိုယူအပ်၏။ စစ်တံခွန်ကား စစ်သည်နှစ်ဖက်သားတို့သည် ဖဲလေလျှင် ယူအပ်၏။ (၁၆) ထူပစီဝရံ–တောင်ပို့ကိုရစ်၍ ပူဇော်အပ်သောပုဆိုး။

(၁၇) သမဏစီဝရံ – ရဟန်းပဥ္စင်းသည် ပစ်အပ်သောသင်္ကန်း။ (၁၈) အဘိသေကိကံ – မင်း၏ အဘိသိက်ခံရာအရပ်၌ စွန့်အပ်သောပုဆိုး။ (၁၉) ဣဒ္ဓိမယံ–ဧဟိဘိက္ခုသင်္ကန်း။ (၂၀) ပန္ထိကံ–ခရီး သွားသောသူတို့၏ သတိမေ့လျော့၍ ခရီး၌ကျသောပုဆိုး။ ထိုကျသောပုဆိုးကိုကား ထောက် ရက္ခိတွာ ဂဟေတဗ္ဗံ ဟုဆိုသောကြောင့် အတန်ငယ်သောကာလပတ်လုံး ငံ့လင့်၍ယူအပ်၏။ စုလ္လဋီကာအလိုကား ငံ့လင့်၍ ပံ့သုကူဟူသောအမှတ်ကိုပြု၍ ယူအပ်၏။ အရှင်သည် ပြန်၍တောင်းလာမူကား ပေးအပ်၏။ (၂၁) ဝါတာဟဋံ –လေခတ်၍ အဝေးသို့လွင့်သောပုဆိုး။ ထိုပုဆိုးကို အရှင်ကိုကြည့်၍မမြင်သော် ယူအပ်၏။ (၂၂) ဒေဝဒတ္တိယံ–အနုရုဒ္ဓါထေရ်အား နတ်သမီးလှူသကဲ့သို့ နတ်ပေးသောပုဆိုး။ (၂၃) သာမုဒ္ဒိနိယံ– သမုဒ္ဒရာထမ်းပိုးသည် ကြည်းသို့ပစ်တင်အပ်သောပုဆိုး။

ဤကား ပံ့သုကူဖြစ်ကြောင်း (၂၃) ပါးသော ခေတ္တတည်း။

ထိုမှတစ်ပါး သံဃဿ ဒေမ–ဟူ၍လှူအပ်သော သင်္ကန်း၊ ဆွမ်းခံဝတ်ဖြင့် ရအပ်သောသင်္ကန်း၊ ဤသို့သော သင်္ကန်းတို့သည်ကား ဤသို့ဆိုအပ်ပြီးသော (၂၃)ပါးသော ခေတ္တတို့၌မဝင်သောကြောင့် ပံ့သုကူ မမည်ကုန်ဟူ၏။ ဤကား မဟာဋီကာအလိုတည်း။

စုလ္လဋီကာအလိုကား၊ သံဃဿ ဒေမဟူရာ၌ သံဃာသည်ဝေအပ်သောသင်္ကန်း။ ဆွမ်းအလို့ငှာသွား ကြရာ၌ရသည်ကို ဝေသောသင်္ကန်းသည် သမဏစီဝရ၌ ဝင်အံ့လောဟု သင်္ကာခြင်းကိုပယ်လို၍။ န တံ ပံသုကူလံဟူ၍ ခြားသည်ဟူ၏။

ဘိက္ခုဒတ္တိယတွင်လည်း အကြင်သင်္ကန်းကို ပံ့သုကူထေရ်၏ ဝါစဉ်အားဖြင့်သော်လည်း ယူအပ် ၏။ သေနာသနနှင့်တကွသော သင်္ကန်းသော်လည်း ဖြစ်၏။ န တံ ပံသုကူလံ၊ ထိုသို့သောသင်္ကန်းသည် ပံ့သုကူမမည်။

ဝိနည်းမဟာပစ္စရိက်၌ကား ထိုသို့သောသင်္ကန်းရှိသောကျောင်း၌ ပံ့သုကူထေရ်နေလတ်သည်ရှိသော် သေနာသနဂါဟာပကရဟန်းသည် အကြောင်းကိုကြားအပ်၏။ ကြားလျက်ဆိတ်ဆိတ်နေ၏။ ထိုသို့နေ၍ ဝါကျွတ်လသော် ထိုပံ့သုကူလထေရ်၏ ခြေရင်း၌ထား၍ ပုဆိုးကိုလှူအပ်ကုန်၏။ ဟူ၍ သေနာသနက္ခန္ဓက အဖွင့်၌လာ၏။ ဤပါဌ်၏အဖွင့်ကို ဝိမတိ၌ ''ပစ္စယဒါယကာ ဒေန္တိ'' ဟုဖွင့်၏။ ထိုပါဌ်ဖြင့် လူတို့သည် ခြေရင်း၌ထားသည်လည်း အပ်၏ဟူ၍ပြအပ်၏။

ဤ ဝိသုဒ္ဓိမဂ်၌ကား န တံ ပံသုကူလံဟုပယ်၏။ နော ဂါဟာပေတွာ ဒိန္နမေဝ ပံသုကူလံ၊ ပံ့သုကူထေရ်၏ ဝါစဉ်အားဖြင့် မယူမူ၍ မိမိ၏ဝါစဉ်အားဖြင့် ယူ၍ပစ်အပ်သော သင်္ကန်းသည်သာလျှင် ပံသုကူလမည်၏။ သေနာသနစီဝရကိုလည်း ထို့အတူလည်းကောင်း။

တစ်စုံတစ်ယောက်သောရဟန်းသည် မိမိအားရောက်စေဦး၍ မိမိဥစ္စာပြု၍ ပစ်သော်သာလျှင် အပ် အံ့သတည်း။ ထိုသို့သောအနက်ကို အကျယ်ပြအံ့သောငှာ။ တတြာပိစသည်ကို ဆိုတော်မူပြန်သည်တည်း။ ထိုသို့သောရဟန်းသည်ပစ်ရာ၌ တုံသည်လည်း ...

အကြင်သင်္ကန်းကို ဒါယကာတို့သည် ရဟန်းတစ်ယောက်၏ ခြေရင်း၌ထားအပ်၏။ ထိုရဟန်း သည်မူကား ပံ့သုကူလထေရ်၏ လက်၌ထားအပ်၏။ ထိုသို့သော သင်္ကန်းသည်ကား ဧကတောသုဒ္ဓိမည်၏။

အကြင်သက်နှိးကို ဒါယကာတို့သည် ရဟန်းတစ်ယောက်၏လက်၌ ထား၍လှူ၏။ ထိုရဟန်းသည်မူကား ပံ့သုကူထေရ်၏ခြေရင်း၌ထားအပ်၏။ ဤသက်နှိးသည်လည်း ကေတောသုဒ္ဓိမည်၏။ ဤ(၂) ပါးသော သက်နှိးသည်ကား မုဒုကအား မဇ္ဈိမသက်နှိးမည်၏။

အကြင်သက်နှိးကို ဒါယကာတို့သည် ရဟန်းတစ်ယောက်ခြေရင်း၌ ထားအပ်၏။ ထိုရဟန်းသည် ပံ့သုကူထေရ်၏ခြေရင်း၌ ထားအပ်၏။ ထိုသက်နှိးသည်ကား ဉဘတောသုဒ္ဓိမည်၏။ ဤကား မုဒုတွင် ဉက္ကဋ္ဌတည်း။ အကြင်သက်နှိးကိုကား ဒါယကာတို့သည် ရဟန်းတစ်ယောက်၏လက်၌ ထားအပ်၏။ ထို ရဟန်းသည်လည်း ပံ့သုကူလထေရ်၏ လက်၌ထားအပ်၏။ ထိုသက်နှိးသည်ကား အနုက္ကဋ္ဌစီဝရမည်၏။ မုဒုတွင် မုဒုလည်းကောင်းမည်၏ ဟူလိုသတည်း။

ထို့ကြောင့် စုလ္လဋီကာဆရာသည် သမဏေန ပန ဟတ္ထေ ဌပေတွာ ဒိန္နမ္ပိ ဂဏှတော မုဒုကောယေဝ တေနေဝ ဟတ္ထေ ဌပေတွာ ။ လ ။ တံ အနုက္ကဋ္ဌစီဝရံ နာမာတိ ဝုတ္တံဟုမိန့်သည်။ ဤကား ဝိဓာနဝိနိစ္ဆယ တည်း။

ပဘေဒအားဖြင့်သော်ကား။ ဉက္ကဋ္ဌ မဇ္ဈိမ မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထို (၃)ပါးတို့တွင် သုသာန်၌ ပစ်အပ်သည်ကိုသာ ယူသောရဟန်းသည် ဉက္ကဋ္ဌမည်၏။ ရဟန်းတို့သည် ယူအပ်ကုန်သတည်းဟူ၍ တံမြက်ချေးစုရာအစရှိသည်တို့၌ ပစ်အပ်သည်ကိုယူသော ထေရ်သည်ကား မဇ္ဈိမမည်၏။ ခြေရင်း၌ ရဟန်း အချင်းချင်းသည် ပစ်ထားသည်ကို ယူသောထေရ်သည်ကား မုဒုမည်၏။ ။ ဤအရာသည် ပါဒမူလေ ဌပေတွာ ဒိန္နကံ ဂဏှန္တော မုဒုဟူသော အဋ္ဌကထာပါဠ်၌။ ပါဒမူလေ ဌပေတွာ ဒိန္နကံ၏ ကတ္တားကို လည်းကောင်း အဓိပ္ပာယ်ကိုလည်းကောင်း၊ သမဏေနာတိအဓိပ္ပာယောဟူ၍ စုလ္လဋီကာ မဟာဋီကာဆရာ တို့သည် ထည့်တော်မူကုန်သောကြောင့် ရဟန်းသည်ထားအပ်သည်သာလျှင် အပ်၏ဟူ၍ အဋ္ဌကထာဆရာအလို တော်သည် ဖြစ်၏ဟုသိရာ၏။

''က္လဒ္ဓ မုဒုကာနံ ဉက္ကဋ္ဌပရိစ္ဆေဒေါ သမဏေန ဟတ္ထေ ဌပေတွာ ဒိန္နမ္ပိ ဂဏှတော မုဒုကောယေဝ'' ဟူ၍ စုလ္လဋီကာ၌လည်းကောင်း၊ နောက်အဋ္ဌကထာသည်လည်းကောင်းဆိုခြင်းကြောင့် လက်၌ရဟန်းချင်း ထားသော်လည်း မုဒုပင်မပျက် ဉက္ကဋ္ဌသည်ပျက်၏။ ထို့ကြောင့် လူသည်ထားအပ်သော သက်နှိးသည်ကား ဤဋီကာပါဠ်တို့နှင့်လည်းကောင်း၊ ဂိဟိဒိန္နကံ သာဒိတဗ္ဗဏေဟူသောပါဠ်တို့ကိုဆိုလတ္တံ့သော ဂဏ္ဌိပါဠ်တို့ နှင့်လည်းကောင်း ဆန့်ကျင်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်သော်ကား ထိုသို့ရောက်သောထေရ်အားကား မိမိ၏ပရိဘုတ်လိုခြင်းဟူသော ရုစိ ဆန္ဒအားဖြင့်လည်းကောင်း ပရိဘုတ်အံ့ဟုသည်းခံခြင်းတည်းဟူသော အဓိဝါသနခန္တီဖြင့်လည်းကောင်း လူ ဖြစ်သောဒါယကာသည် ပေးအပ်သည်ကို သာယာသောခဏ၌ ဓုတင်စေတနာသည် ပျက်၏။

စုလ္လဋီကား–ဤသို့လာ၏။ ခန္တိယာတိ အဓိဝါသနခန္တိယာ ပရိဘောဂါဓိပ္ပာယော တေန အတ္တနော ဓာရဏ ပရိဘောဂရုစိယာ အဘာဝေပိ ဂိဟီနံ ပသာဒရက္ခဏတ္တံ တေဟိ ဒိယမာနံ အပဋိက္ခိပိတွာ ပရေသံ ဒဿာမိတိ သာဒိတအာနန္ဒတ္တေရာဒီနံဝိယ ဓုတင်ဘေဒေါ န ဟောတီတိ ဒဿေတိ။

ဤပါဠ်အဓိပ္ပာယ်ကျဉ်းကား အရှင်အာနန္ဒာသည် ဓုတင်ဆောက်တည်လျက် သူတစ်ပါးကိုလှူအံ့ ဟု ကောသလမင်း၏ ကောနံပုဆိုးကိုခံသကဲ့သို့ ဒါယကာတို့၏ ပသာဒကိုစောင့်ခြင်းငှာ သူတစ်ပါးကိုလှူအံ့ ဟု ခံသည်ရှိသော်လည်း ပရိဘောဂမ္မာလယမရှိသောကြောင့် ဓုတင်မပျက်ဟူလိုသတည်း။

ဂဏ္ဍိ၌ကား–အတ္တနော ရုစိယာ ဂိဟိဒိန္နကန္တိ၊ ဂဏှ ဘန္တေ ဝေံ မမာနုဂ္ဂဟာယာတိ ဘိက္ခုသ ပါဒမူလေ ဌပိတံ န ဝဋ္ဋတိ။ သစေ ပန ဒိယမာနံ ဂဏှိသသတီတိ ဘိက္ခုသ ပါဒမူလေ ဆဍ္ဍေတွာ နိရ ပေက္ခာ ဂစ္ဆန္တိ ဂဟေတုံ ဝဋ္ဋတိ ဟုလာ၏။

အဓိပ္ပာယ်ကား အတ္တနော ရုစိယာ ဂိဟိဒိန္နကံဟူသောပါဌ်ကြောင့် အရှင်ဘုရား အကျွန်ုပ်အား အစဉ်ချီးမြှောက်ခြင်းငှာ ခံတော်မူပါလောဟူ၍ ပံသုကူလိကထေရ်၏ခြေရင်း၌ လှူသည်ထားအပ်သော သင်္ကန်း သည်မအပ်။ အကယ်၍မူကား ပေးပါသည်ကိုမယူပါလိုတကားဟူ၍လည်းကောင်း။ ရှေ့တွင်နေ၍ပေးသည် ရှိသော် မယူလတ္တံ့ဟူ၍လည်းကောင်း၊ ပံသုကူလိကရဟန်း၏ခြေရင်း၌ပစ်ခဲ့၍ ငဲ့ခြင်းရှိဘဲ သွားလေကုန်၏။ ထိုသို့သောသင်္ကန်းကိုကား ကောက်ခြင်းငှာအပ်၏ဟူလို။

ဤသို့များစွာဆိုအပ်သော အဋ္ဌကထာဋီကာ ဂဏ္ဍိပါဌ်တို့၌ လှူသည်ထားအပ်သည်ကို မလာရကား ရဟန်းသည်ထားအပ်သော ပါဒမူလိကကို သိအပ်၏ဟူသော စကားသည်သာသင့်မြတ်၏။

အင်္ဂုဒ္ဓမှု၊ ဂေါခါယိတအစရှိသော ပုဆိုးတို့သည် တာဒိသာနိ ဟိ မနုဿာ ဆဍ္ဍေန္တိဟူ၍ ဆိုသော ကြောင့် လူတို့၏လက်ကပင် ဆဍ္ဍနိယစွန့်အပ်ပြီးအဖြစ်သို့ ရောက်ကုန်၏။ သုဒိန္နဝတ္ထု၊ ရဋ္ဌပါလဝတ္ထုတို့၌ ဆဍ္ဍနိယဖြစ်သော ကုမ္မာသကို ဥက္ကဋ္ဌဖြစ်သော ပိဏ္ဍပါတိကပုဂ္ဂိုလ်သည် ဝိညတ်ပြု၍ယူရာ၌ ဓုတင် မလသည်လည်းကောင်း ဝိညတ္တိဒေါသသည်လည်းကောင်း မဖြစ်ဟူသောကြောင့်၊ ဤသို့သော ဆဍ္ဍနိယ အဖြစ်ကိုသိ၍ မည်သည့်အရပ်ကိုပစ်လောဟု ဝိညတ်ပြုသော်လည်းကောင်း၊ ခြေရင်းအစရှိသည်တို့၌ ထားသည်ကို လက်ဖြင့်မခံမူ၍ စိတ်ဖြင့်သာယာသော်လည်းကောင်း အပ်မအပ်ကို ကြံအပ်၏။

ဝိနည်းအဋ္ဌကထာ၌ – အဒ္ဓါနမဂ္ဂပဋိပန္နေသု ကေစိ ဘိက္ခူ ပံသုကုလတ္တာယ သုသာနံ ဩက္ကမန္တိ၊ သစေ ယဒိ ပန မနုဿာ က္လမ ဂတာဝေ ဂဏှန္တူတိ ဝဒန္တာ သညာဏံ ဝါ ကတွာ ဂစ္ဆန္တိ ဩက္ကန္တာနံယေဝ ပါပုဏန္တိဟုမိန့်၏။ ဤသို့ သုသာန်၌ လူတို့သည် နှုတ်မြွက်၍ပစ်သော်လည်း စက်ဆုတ်ဖွယ်သောအရပ်၌ ဖြစ်ခြင်းကြောင့် ဥက္ကဋ္ဌဖြစ်သကဲ့သို့ မီးလောင်ခြင်း၊ ကြွက်ခဲခြင်းစသည်တို့ကြောင့် ဆဍ္ဍနိယဖြစ်ပြီးသော ပုဆိုးတို့သည်လည်း ပံ့သုကူလက္ခဏာသို့ အလိုလိုပင်ရောက်ပြီးဖြစ်သောကြောင့် သဒ္ဓါ၍ပစ်သော ပုဆိုးတို့မှ ထူး၏။ ထူးခြင်းကြောင့် ဝိညတ်ပြု၍ဖြစ်စေသော်လည်းကောင်း၊ ခြေရင်းစသည်၌ ဆဍ္ဍနိယဟုကြား၍ထား သည်ကို အသင့်နှလုံးသွင်း၍ သာယာသော်လည်းကောင်း၊ အပ်ပါအံ့သကဲ့သို့ ထင်၏။ ဤကား ငါတို့၏ အလိုတည်း။

အာနိသံသကား – ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာဟူသော ဒုတိယနိဿယနှင့် လျော်စွာကျင့် သောအဖြစ်၏ ထင်ရှားရှိခြင်း။ ပထမအရိယဝံသ၌တည်ခြင်း။ အာရက္ခဒုက္ခ၏မရှိခြင်း။ သူနှင့်မစပ်သော အသက်မွေးခြင်း၊ ခိုးသူဘေးမှမကြောက်ရခြင်း၊ ပရိဘုတ်ရာ၌ တဏှာမဖြစ်ခြင်း။ သမဏသာရုပ္ပရှိသော ပရိက္ခရာ၏အဖြစ်၊ အဖိုးနည်းခြင်း၊ ရလွယ်၏ အပြစ်မရှိသောအဖြစ်ကိုပြစေခြင်း၊ မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော ပစ္စည်း၏အဖြစ် ကြည်ညိုဖွယ်ရှိသောအဖြစ်။ အပ္ပိစ္ဆတာအစရှိသော အကျိုးတို့၏ပြီးခြင်း၊ ကောင်းစွာသောအကျင့်၏ အစဉ်ပွားခြင်း၊ နောက်၌ဖြစ်သောအမျိုးသားတို့၏ ဒိဋ္ဌာနုဂတိအဖြစ်သို့ ကောင်းစွာ ရောက်စေခြင်း၊ ဤသို့သော အကျိုးတို့သည် ရှိကုန်၏။

မာရသေန ဝိဃာတာယ၊ ပံသုကူလဓရော ယတိ။

သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ခတ္တိယော ဝိယ သောဘတိ။

''ပဟာယ ကာသိကာဒီနိ၊ ဝရဝတ္ထာနိ ဓာရိတံ။

ယံ လောကဂရုနာ ကော တံ၊ ပံသုကူလံ န ဓာရယေ။

တသ္မာဟိ အတ္တနော၊ ပဋိညာ သမနုဿရံ။

ယောဂါဝစရာနုကူလမှိ၊ ပံသုကူလေ ရတော သိယာ။ **(ဝိနယသမုဟ ပ၊ စာ ၅၂၇/၅၂၈)**

မာရသေနံ–မာရ်စစ်သည်ကို၊ ဝါ–မာရ်စစ်သည်ဟုဆိုအပ်သော ကိလေသာကို၊ ဝိဃာတာယ–ဖျက်ဆီးခြင်းငှာ၊ ပံသုကူလဓရော–ပံ့သုကူကိုဆောင်သော၊ ယတိ–ရဟန်းသည်၊ ယုဒ္ဓေ–စစ်မြေပြင်၌၊ သန္နဒ္ဓကဝစော–ဖွဲ့အပ်သောချပ်ရှိသော၊ ခတ္တိယောဝိယ–မင်းကဲ့သို့၊ သောဘတိ– တင့်တယ်၏။

လောကဂရုနာ – လူတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ကာသိကာဒီနိ – ကာသိကရာဇ်မည်သောတိုင်း၌ဖြစ်ကုန်သော၊ ဝရဝတ္ထာနိ – မြတ်သောပုဆိုးတို့ကို၊ ပဟာယ – ၍၊ ယံ ပံသုကူလံ–အကြင်ပံ့သုကူသက်န်းကို၊ ဓာရိတံ–ဆောင်တော်မူ၏။ တံ–ထိုပံ့သုကူသင်္ကန်းကို၊ ကော–အသူသည်၊ နဓာရယေ–မဆောင်နိုင်ဘဲရှိအံ့နည်း။

တသ္မာဟိ တသ္မာဝေ–ထို့ကြောင့်သာလျှင်၊ အတ္တနော–၏၊ ပဋိညံ–ပဋ္ဌင်းခံရာ သိမ်၌ဝန်ခံခြင်းကို၊ သမနုဿရံ–ကောင်းစွာအောက်မေ့သော၊ ဘိက္ခု–သည်၊ ယောဂါဝစရာနုကူလမှိ–ယောဂီတည်းဟူသော အကျင့် အားလျော်စွာထသော၊ ပံသုကူလေ–၌၊ ရတော–မွေ့လျော်သည်၊ သိယာ–၏။

❧ ❧ ❧

"၂" တေစီဝရိကဓုတင်ဝိနိစ္ဆယ

စတုတ္ထစီဝရံ–ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်တည်းဟူသော သုံးထည်မှ တစ်ပါးသောဝတ်လောက်ရုံလောက် အဓိဋ္ဌာန်လောက်သော လေးထည်မြောက်သောသင်္ကန်းကို၊ ပဋိက္ခိပါမိ–ပယ်၏။ တေစီဝရိကင်္ဂ–တေစီဝရိကဟူသောအင်္ဂါကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ဤသို့ဆောက်တည်ပြီးသော ယောဂီသည်ကား သင်္ကန်းလျာပုဆိုးကိုရလတ်သည်ရှိသော် အကြင် ရွေ့လောက်မခံသည်ဖြစ်၍ ပြုချင်သော်လည်း မစွမ်းနိုင်သေး။ မိမိလည်းမစီရင်တတ်၊ စီရင်တတ်သည်ကို လည်း မရသေး။ အပ်ချည်စသည်တို့တွင် တစ်စုံတစ်ခုသော်လည်း မပြည့်စုံသော် ထိုရွေ့လောက်ထားအပ် ၏။ ဆယ်ရက်လွန်သည်ဖြစ်မှုကား ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်၏။ ထားခြင်းကြောင့် ပုဆိုးကိုဆည်းပူး ခြင်း၊ လေးထည်မြောက်ကိုသာယာခြင်းဟူသော ဒေါသမရှိ၊ ဆိုး၍ပြီးပြီးသော အခါမှစ၍မူကား ထားခြင်းငှာ မအပ်၊ ဓုတင်စောရမည်၏။ ဤ၌လည်း ''နိဋ္ဌိတေ ရဇနေ ပန အရုဏံ ဥဋ္ဌာပေန္တဿ ဓုတင်ဘေဒေါ ဟောတီတိ အဓိပ္ပာယော''ဟု စုလ္လဋီကာ၌လာ၏။ ဤကားဝိဓာနတည်း။

ပဘေဒအားဖြင့်သော်ကား ဤတေစီဝရိကသည်လည်း ဥက္ကဋ္ဌ မဇ္ဈိမ မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား ဆိုးသောအခါ၌ ရှေးဦးစွာသင်းပိုင်ကိုလည်းကောင်း၊ ကိုယ်ဝတ် ကိုလည်းကောင်း၊ ဆိုး၍ပြီးသောသင်္ကန်းကိုဝတ်၍ ဤမှတစ်ပါးကို ဆိုးအပ်၏။ ထိုကိုယ်ဝတ်ကိုရုံ၍ ဒုကုဋ် ကိုဆိုးအပ်၏။ ဒုကုဋ်ကို မဝတ်အပ်။ အဘယ်ကြောင့်နည်းဟူမူကား ကေစိဆရာတို့ကား ဝတ္တဘေဒ ဒုက္ကဋ် သင့်၏ဟူကုန်၏။ အညေဆရာတို့ကား ဒုပရိဘောဂဖြစ်သောကြောင့် မအပ်ဟူကုန်၏။ အပရေဆရာတို့ကား ဒုကုဋ်ဖြင့် အာယောဂပတ်ဖွဲ့ခြင်းကို ပယ်သော သိက္ခာပုဒ်အားလျော်သောကြောင့် အနာဒရမတ္တ၌ ဒုက္ကဋ်

သင့်ကောင်းသောကြောင့်ဟူကုန်၏။ ဤစကားသာလျှင် ဣဒမသာ၊ ။ လ ။ ဝတ္တဲ့ဟူသော အဋ္ဌကထာနှင့်ညီသောကြောင့် သင့်မြတ်၏။ စူဠဋီကာ ဤကား ရှာနီးကျောင်း၌ ကျင့်အပ်သောဝတ်တည်း။

တောကျောင်း၌သော်ကား သုံးထည်လုံးကို တစ်ချက်တည်းဖွပ်အံ့သောငှာအပ်၏။ အကြင်အခြင်းဖြင့်ကား တစ်စုံတစ်ယောက်သောသူကိုမြင်လျှင် သင်္ကန်းကိုငင်၍ ကိုယ်၌လွှမ်းအံ့သောငှာ တတ်ကောင်း၏။ ထိုသို့သောအရပ်၌ နေအပ်၏။ ဤကား ဥက္ကဋ္ဌကိုဆိုသည်။ မဇ္ဈိမကား ဆိုးသောအခါ၌ ထိုဆိုးရာအရပ်၌ အစဉ်ထားအပ်သော ရဇနကာသာဝမည်သော ဆိုးနိုက်သာဝတ်အပ်သော သင်္ကန်းသည်ရှိ၏။ ထိုသင်္ကန်းကိုဝတ်ရုံ၍ ဆိုးဖွတ်ခြင်းအမှုကို ပြုအပ်၏။ ထိုသင်္ကန်းသည်မရှိမူကား နောက်၌ အံသကာသာဝကိုခွင့်ပြုရကား ထိုအံသကာသာဝကိုရုံ၍သော်လည်းကောင်း၊ ဥက္ကဋ္ဌကဲ့သို့သော်လည်းကောင်း ဆိုးအပ်၏။ မုဒုကပုဂ္ဂိုလ်သည်ကား သဘာဂဖြစ်သောရဟန်းတို့၏ သင်္ကန်းကိုဝတ်ရုံ၍သော်လည်း ဆိုးအပ်၏။ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့်တည်သော တတြပစ္စတ္ထရဏသည်လည်း ထိုမုဒုက ပုဂ္ဂိုလ်အားအပ်၏။ ဤကား အဋ္ဌကထာဆရာအလိုတည်း။

မဟာဋီကာအလိုကား–ထိုကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အဓိဋ္ဌာန်တင်အပ်သော မိမိဥစ္စာသူတစ်ပါးဥစ္စာဖြစ်သော အိပ်ရာလွှမ်းသည်လည်း ထိုမုဒုကအားဆိုးအပ်သော ကာလ၌အပ်၏ဟုလာ၏။ စူဠဋီကာအလိုကား ထိုကျောင်း၌ အိပ်ရာလွှမ်းအားဖြင့် ထားအပ်သော ဆိုးအပ်သော ဖန်ရည်ဖြင့်ပြီးသောသံဃိက ပစ္စတ္ထရဏသည်လည်းကောင်း၊ အညပုဂ္ဂလိကဖြစ်သော ပစ္စတ္ထရဏသည်ဆိုးနိုက်၌ အပ်၏ဟုလာ၏။

စူဠဋီကာ စကားသည်ကား ပရိဟရိတုံ န ဝဋ္ဋတိဟူသော ဤအဋ္ဌကထာပါဠ်နှင့်မတန်။ ထို့ကြောင့် ဆိုလတ္တံ့သည်ကား မဟာဋီကာပါဠ်တည်း။ အတ္တနော ဝါ ပရဿ ဝါ သန္တကံ သေနာသနေ ပစ္စတ္ထရဏဝသေန အဓိဋ္ဌိတံ အံသကာသာဝံ ပရိက္ခာရစောဠံ ဟောတိ။ ဣတိပစ္စတ္ထရဏအံသကာသာဝန္တိ ဣမာနိ ဒွေပိ အတိရေကစီဝရဋ္ဌာနေ ဌိတာနိပိ ရူတင်္ဂဘေဒံ န ကရောန္တီတိ အဋ္ဌကထာယံ ဝုတ္တန္တိ ဝဒန္တိ။ ပရိဟရိတုံ ပန န ဝဋ္ဋတီတိ ရဇနကာလေယေဝ အနုညာတတ္တာ နိစ္စပရိဘောဂဝသေန န ဝဋ္ဋတိ။

ဤသို့ဆိုသော အဋ္ဌကထာဋီကာတို့အလိုကား မိမိဥစ္စာ သူတစ်ပါးဥစ္စာအိပ်ရာလွှမ်းကိုလည်း အိပ်ရာလွှမ်းအားဖြင့် ဓိဋ္ဌာန်အပ်၏။ အံသကာသာဝသည်လည်း ပရိက္ခာရစောဠဖြစ်၏။ ဤသို့သော နှစ်ထည်သောသင်္ကန်းတို့သည်ကား အတိရေကစီဝရအရာ၌တည်သည်ရှိသော် အိပ်ရာလွှမ်းကိုလည်း ခွင့်ပြုတိုင်း၊ ဆိုးဖွပ်အပ်သောကာလ၌သာဝတ်၍ ကြွင်းသောကာလ၌ အိပ်ရာလွှမ်းအပ်သောကြောင့် အံသကာသာဝသည်လည်း တိစီဝရိက်ကဲ့သို့ဓိဋ္ဌာန်သော် ဝတ်လောက်ရုံလောက်သော ပမာဏမရှိသောကြောင့် ဓုတင်ကိုမပျက်စေဟူသတည်း။ ထို့ကြောင့် ''ပရိဟရိတုံ ပန န ဝဋ္ဋတီတိ ရဇနကာလေယေဝ အနုညာတတ္တာ နိစ္စပရိဘောဂဝသေန န ဝဋ္ဋတီတိဟူ၍ ဖွင့်ပြန်သတည်း။

ဤသို့ဖွပ်ဆိုးသော ကာလ၌သာ ဝတ်ရုံခြင်း ရုံခြင်းဟူသော ပရိဘောဂကို ခွင့်ပြုသောကြောင့် ကြွင်းသောကာလ၌ အမြဲဝတ်ခြင်းဟူသော ပရိဘောဂအားဖြင့် မအပ်ဟူ၍ဖွင့်ရကား အိပ်ရာလွှမ်းအိပ်ခြင်းငှာသော်ကား အပ်၏ဟူသောအနက်သည်ကျ၏။ ထိုသို့ကျသောကြောင့် အောက်၌ ''စတုတ္ထစီဝရန္တိ အဓိဋ္ဌာနမင်္ဂ နိဝါသနပါရုပနာရဟံ သန္ဓာယ ဝုတ္တံ၊ တေန နိဝါသနပါရုပနာရဟာနံ စတုတ္ထကနိသီဒနာဒီနိ အဝဿကံ နိယာနံ အပဋိက္ခိပိတဗ္ဗတာ ဒဿိတာ ဟောတိ–ဟူသော စူဠဋီကာဆရာဆိုခဲ့သောစကားနှင့်လည်း တန်သည်ပင်။

ထို့ကြောင့် သုံးထည်သော သင်္ကန်းအောက်ငယ်သော ပမာဏရှိသော နိသီဒိုင်အစရှိသောအဖြစ်

ဖြင့် သုံးဆောင်အပ်သော သင်္ကန်းတို့သည်လည်းကောင်း၊ ဖွပ်ဆိုးသောအခါ ဝတ်လောက်ရုံလောက်သော ကြွင်းသောကာလ၌ အိပ်ရာသာလွှမ်း၍အိပ်သော သင်္ကန်းသည်လည်းကောင်း၊ ဓုတင်ကိုမပျက်ဟူ၍ သိရာ၏။ ကြိုးကြားရုံခါဝတ်ရုံအံ့ဟု သုံးဆောင်သော်ကားမအပ်။

နိသီဒနာဒိ၌ အာဒိသဒ္ဒါဖြင့်ကား ငယ်သောပမာဏရှိကုန်သော မျက်နှာသုတ်ကိုလည်း မျက်နှာသုတ်ခြင်းငှာ အမာလွှမ်းကိုလည်း အမာလွှမ်းတန်ရုံ တစ်တောင့်ထွာခန့်သည်အပ်၏ဟု သင်္ဂြိုဟ်အပ်၏။ ဝိနည်းကိုခွင့်ပြုတော်မူတိုင်း ကိုယ်လုံးရုံလောက်သော အမာလွှမ်းမိုးရေခံပုဆိုး ရေသနုပ်တို့သော်ကား ဝတ်ရုံလောက်သည်ကို ဤ၌ပယ်သောကြောင့်မအပ်။ သဘာဂရဟန်းတို့၏သင်္ကန်းကို ကြိုးကြားဝတ်ရုံအံ့သောငှာ အပ်၏။ အဋ္ဌကထာ၌ အံသကာသာဝနှင့် ပစ္စတ္ထရဏကိုသာထုတ်၍ဆိုလေသည်ကား ကိုယ်လုံးရုံလောက်သောကြောင့်တည်း။

ဤဆိုလတ္တံ့သည်ကား အံသကာသာဝ၏ အဆုံးအဖြတ်တည်း။ ဓုတင်္ဂတေစီဝရိကဿ ပန စတုတ္ထံ ဝတ္တမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ။ တဉ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိဟု အဋ္ဌကထာလာ၏။ အဓိပ္ပာယ်ကား တေစီဝရိက်ဓုတင်ကို ဆောက်တည်သောယောဂီတို့အား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝတ်လောက်ရုံလောက် လေးထည်မြောက်သောသင်္ကန်းသည် အပ်သည်ရှိသော် အံသကာသာဝသည် အပ်၏။ ထို၌တုံသော်လည်း အနံတစ်ထွာ အလျား (၃)တောင်သည်သာလျှင် အပ်၏။

ဤဂဏ္ဌိဆရာကား အံသကာသာဝံ တိဏ္ဏံ စီဝရာနံ ကိဉ္စိ အသာဒိတတ္တာ စီဝရသင်္ချံ န ဂစ္ဆတိ၊ တသ္မာ ပရိက္ခာရစောဠံ အဓိဋ္ဌာတဗ္ဗံဟုဆိုတော်မူ၏။ မဟာဋီကာ၌ကား အံသကာသာဝန္တိ အံသေ ထပေတဗ္ဗကာသာဝံ-ဟုလာ၏။ ဤမဟာဋီကာကိုထောက်၍ မြန်မာသူကြီးဆရာတို့သည် သင်းပိုင်သင်္ကန်းအောက်ငယ်သော ပမာဏရှိသော သင်္ကန်းငယ်ကို တစ်ထွာခန့်ခေါက်၍ ပခုံး၌ အံသကိုက်ဟုတင်ကုန်၏။

စုလ္လဋီကာ၌ကား စတုတ္ထန္တိ နိဝါသနပါရုပနာရဟံ တေနာဟ အံသကာသာဝန္တိ ပါရုပနစီဝရေ သေဒါဒိမလလေပနိဝါရဏတ္ထံ အံသေ စ ပဋ္ဋမံ ပါရုပိတဗ္ဗံ အံသကာသာဝန္တိ အတ္ထောဟု လာ၏။ အဓိပ္ပာယ်ကား စတုတ္ထံဟူသည်ကား ဝတ်ခြင်းရုံခြင်းငှာ ထိုက်သည်ကိုရည်သတည်း။ ထို့ကြောင့် အံသကာသာဝဟူ၍ ဆိုလေသည်။ ရုံလောက်သော သင်္ကန်း၌ချွေးအစရှိသော အညစ်အကြေး၏လိမ်းကျံခြင်းကို တားအံ့သောငှာ ပခုံးနှစ်ဖက်၌ ရှေးဦးစွာရုံလောက်သောချွေးခံသည် အံသကာသာဝမည်၏။

ဝိတ္ထာရတော ဝိဒတ္ထိတိ အဓိဋ္ဌာနဿ အပ္ပဟောနကဝိတ္ထာရပမာဏဒဿနံ ဧတေန အဓိဋ္ဌာနပ္ပဟောနကဝိတ္ထာရတော ဉီနကံ ဝဋ္ဋတီတိ ဉာပိတံ ဟောတိ။ တိဟတ္ထမေဝါတိ ပဒံ ပန ဝိယောဂပ္ပမာဏမတ္တဒဿနံ တေန တတော ကိဉ္စိ အဓိကမ္ပိ အဓိဋ္ဌာနပ္ပဟောနကတ္တာဘာဝါ ဝိရောဓော န ဒွေ့ဝ။

ဤစုလ္လဋီကာ ပါဠ်တို့ဖြင့်ကား သင်းပိုင်အနံအလျားအောက်ငယ်သော ပမာဏရှိသော သင်းပိုင်အဖြစ်ဖြင့် အဓိဋ္ဌာန်မလောက်သော အံသကာသာဝလျှင် အပ်၏ဟူလိုသတည်း။ ဤကားပဘေဒတည်း။

ဘေဒအားဖြင့်သော်ကား ဤ(၃)ယောက်သော ပုဂ္ဂိုလ်တို့အားလည်း ဆိုအပ်ပြီးသောပမာဏရှိသော ကိုယ်၌ဝတ်ကောင်းရုံကောင်းသော လေးထည်မြောက်သော သင်္ကန်းကိုဝတ်ရုံခြင်းငှာ သာယာသောခဏ၌ ဓုတင်စေတနာပျက်၏။ ဤကား ဘေဒတည်း။

အာနိသံသကား ဤယောဂီသည် ကိုယ်ဖြင့်ဆောင်အပ်သော သင်္ကန်းဖြင့်သာရောင့်ရဲခြင်းရှိ၏။ ထို့ကြောင့် ငှက်ကဲ့သို့ဆောင်၍လိုရာသွားရခြင်း၊ နည်းသောအားထုတ်ခြင်း ရှိသည်၏အဖြစ် ဝတ္ထသန္နိဓိကင်းခြင်း၊ ပေါ့သောအသက်မွေးခြင်းများသော သင်္ကန်း၌တပ်သော တဏှာကိုပယ်ရခြင်း အိပ်ရာ၌ ပမာဏကို

သီသဖြင့် သလ္လေခရှိသောအပြစ်။ အပ္ပိစ္ဆတာအစရှိသောအကျိုး၏ ပြီးပြည့်စုံခြင်းတို့သည် ဖြစ်ကုန်၏။

အတိရေကဝတ္ထုတဏှံ ပဟာယ၊ သန္နိဓိဝိဝဇ္ဇိတော ဓီရော။
သန္တောသသုခရသညူ၊ တိစီဝရဓရော ဘဝတိ ယောဂီ။
တသ္မာ သပတ္တစရဏော၊ ပက္ခီ သစီဝရော ဝ ယောဂီဝရော။
သုခ မနုဝိစရိတုကာမော၊ စီဝရနိယမေ ရတိံ ကယိရာတိ။

တိစီဝရဓရော – သော။ ဓီရော–သော၊ ယောဂီ–သည်၊ အတိရေကဝတ္ထုတဏှံ – အတိုင်းထက်လွန်သော ပုဆိုးသင်္ကန်း၌တပ်သောတဏှာကို၊ ပဟာယ–၍၊ သန္နိဓိဝိဝဇ္ဇိတော – သိုမှီးခြင်းကိုကြဉ်သောအားဖြင့်၊ သန္တောသသုခရသညူ–ရောင့်ရဲလွယ်ခြင်းတည်းဟူသော သုခ၏အရသာကို သိတတ်သည်။ ယသ္မာ–ကြောင့် ဘဝတိ–၏။ တသ္မာ–ကြောင့်၊ သပတ္တစရဏော–မိမိ၏အတောင်ဖြင့် လိုလိုရာရာသွားသော၊ ပက္ခီဝ–ငှက်ကဲ့သို့၊ သစီဝရောဝ–မိမိကိုယ်၌ဝတ်သောသင်္ကန်းဖြင့်သာလျှင်၊ သုခံ–စွာ၊ အနုဝိစရိတုကာမော–ကြိုက်ရာရာသွားခြင်းငှာအလိုရှိသော၊ ယောဂီဝရော–သည်၊ စီဝရနိယမေ–သုံးထည်မျှသော သင်္ကန်းကိုမှတ်၍ မိဌာန်ရာ၌၊ ရတိံ–ကို၊ ကယိရာ–၏။ **(ဝိနယ သမူဟ ပ၊ စာ–၅၃၃)**

"၃" ပိဏ္ဍပါတိကဓုတင်ဝိနိစ္ဆယ

အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍိယာလောပဘောဇဉ်ထက်လွန်သော သံဃဘတ်အစရှိသော လာဘ်ကို ပယ်၏။ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။ ဆွမ်းအလို့ငှာ သွားခြင်းတည်းဟူသော ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်တည်းဟူသော အင်္ဂါကိုဆောက်တည်ပါ၏။

ထိုသို့ဆောက်တည်ပြီးသော ဓုတင်ရှိသော ယောဂီသည်ကား သံဃဘတ်အစရှိသာ (၁၄)ပါးသောဘတ်တို့ကို မသာယာအပ်။

၁။ သံဃဘတ္တံ–အလုံးစုံသောအရပ်လေးမျက်နှာ သံဃာကိုရည်၍၊ သံဃဿ ဒေမဟူ၍လှူအပ်သော ဘတ်လည်းတစ်ပါး။ ဂဏ္ဌိ၌ကား သံဃိကပစ္စည်းပြုသော ဘတ်တည်းဟူ၏။ ၂။ ဥဒ္ဒေသဘတ္တံ–လေးယောက်ရှစ်ယောက်အစရှိသော အနည်းငယ်သောသံဃာကိုရည်၍ လှူအပ်သော ဘတ်လည်းတစ်ပါး၊ မဟာဋီကာ–ဂဏ္ဌိပုဒ်၌ကား သံဃာကိုရည်၍ လှူအပ်သောဘတ်လည်းဟူ၍ရှိ၏။ ၃။ နိမန္တနံ–အလုံးစုံသောရဟန်းကိုလည်းကောင်း၊ အနည်းငယ်ကိုလည်းကောင်း၊ ယခုနေ့အလို့ငှာလည်းကောင်း၊ နက်ဖြန်အလို့ငှာလည်းကောင်း နိမန်၍လှူအပ်သော ဘတ်လည်းတစ်ပါး။ ၄။ သလာကဘတ္တံ – ဒါယကာ၏အမည်ကိုရေး၍ စားရေးတန်ချသဖြင့် လှူအပ်သောဘတ်။ ၅။ ပက္ခိကံ–လဆန်းပက္ခ၌ တစ်ခါ လဆုတ်ပက္ခ၌ တစ်ခါ လှူအပ်သောဘတ်။ ၆။ ဥပေါသထိကံ–ဥပုသ်နေ့၌လှူအပ်သောဘတ်။ ၇။ ပါဋိပဒိကံ–အထွက်တစ်ရက်နေ့၌ လှူအပ်သောဘတ်။ ၈။ အာဂန္တုကဘတ္တံ–အရပ်ဝေးကလာသော ရဟန်းကိုရည်၍ ထားအပ်သောဘတ်၊ ၉။ ဂမိကဘတ္တံ – အရပ်ဝေးသို့ သွားလတ္တံ့သော ရဟန်းကိုရည်၍ ထားအပ်သောဘတ်။ ၁၀။ ဂိလာနဘတ္တံ – သူနာကိုရည်၍ ထားအပ်သောဘတ်။ ၁၁။ ဂိလာနုပဋ္ဌာကဘတ္တံ–သူနာကိုလုပ်ကျွေးသောသူကိုရည်၍ ထားအပ်သောဘတ်။ ၁၂။ ဝိဟာရဘတ္တံ–ကျောင်းကို ရည်၍လှူအပ်သော ဘတ်။

စုလ္လနိဒ္ဒေသကာ၌ကား ထိုဘတ်ကိုလည်းကောင်း၊ တဂြုပ္ပါဒဖြစ်သော ဘတ်ကိုလည်းကောင်း၊ ဝိဟာရဘတ်မည်၏ဟူလိုသော်။ ။ **ဂဏ္ဌိ၌**ကား ကျောင်း၌ ကပ္ပိယကာရကတို့သည်ချက်၍ လှူအပ်သောသံဃိကပစ္စည်းဖြင့် ပြုပြင်၍လှူအပ်သော ဘတ်ဟူ၏။

၁၃။ **ဓုရဘတ္တံ**–အမြဲအိမ်၌ထား၍ လှူအပ်သောဘတ်။ **မဟာဋီကာ** အလို၊ ဂဏ္ဌိ၌ကား ဒါယကာတို့သည် သံဃာအားရည်၍ အမြဲလှူအပ်သော ပဏီတဘတ်လည်းဟူ၏။ ၁၄။ ဝါရဘတ္တံ–ရွာသူတို့သည် ဝါရအားဖြင့်လှည့်၍ လှူအပ်သောဘတ်။ ဤကား **မဟာဋီကာ** အလို။ ဂဏ္ဌိ၌ကား သံဃာကိုရည်၍ ဝါရအားဖြင့်လှည့်၍ လှူအပ်သောဘတ်ဟူ၏။ ဤကားစုဒ္ဒသဘတ်တို့၏ သရုပ်အနက်တည်း။

ဤဘတ်တို့ကိုကား ထမင်းဟူသော အကပ္ပိယဝေါဟာရဖြင့် လှူအပ်သောကြောင့် ပိဏ္ဍပါတိကတို့သည် မသာယာအပ်ကုန်။ အကယ်၍ကား ထမင်းဟူသော အကပ္ပိယဝေါဟာရအနက်ရှိသော ဘတ္တသဒ္ဒါဖြင့်မဆိုမူ၍ ဆွမ်းဟူသော ကပ္ပိယဝေါဟာရအနက်ရှိသော ဘိက္ခာသဒ္ဒါဖြင့်လည်းကောင်း၊ ပိဏ္ဍပါတသဒ္ဒါဖြင့်လည်းကောင်း၊ ဆွမ်းဟူသော ထိုသဒ္ဒါ၏အနက်ဖြင့်လည်းကောင်းလှူမူကား သာယာခြင်းငှာ အပ်၏။ ။ ထို့ကြောင့်

သစေ ပန သံဃဿ ဘတ္တံ ဂဏှထာတိအာဒိနာ နယေန အဝတွာ အမှာကံ ဂေဟေ သံဃော ဘိက္ခံ ဂဏှတု။ တုမှေပိ ဘိက္ခံ ဂဏှထာတိ ဝတွာ ဒိန္နာနိ ဟောန္တိ။ တာနိ သာဒိတုံ ဝဋ္ဋတီတိဟူ၍ အဋ္ဌကထာဆရာ ခွင့်ပြုတော်မူသတည်း။ ။ ထိုပါဠိ၏အနက်အဓိပ္ပာယ်ကို မဟာဋီကာဆရာကား "သာဒိတုံ ဝဋ္ဋတီတိ ဘိက္ခာပရိယာယေန ဝုတ္တတ္တာ–ဟု ဟိတ်သာတော်မူသည်။ ဂဏ္ဌိ၌ကား တာနိ သာဒိတုံ ဝဋ္ဋတီတိ သဗ္ဗာနိ စုဒ္ဒသ ဘတ္တာနိ ယဒိ ဘတ္တာနီတိ အဝတွာ ဘိက္ခံဂဏှထာတိ ကပ္ပိယဝစနေန ဒါယကေဟိ ဒိန္နာနိ ပိ ဘတ္တုဒ္ဒေသကေန ဝါ ဘိက္ခံ ဂဏှထ ဘန္တေတိ ဥဒ္ဒိဋ္ဌာနိပိ ဘိက္ခာပရိယာယေန ဒါယကေဟိ သယံပိ စာရိတွာ ဒိန္နာနိပိ ဟောန္တိ သဗ္ဗာနိ ဧဝ သာဒိတုံ ဝဋ္ဋတီဟုလာ၏။

အဓိပ္ပာယ်အကျယ်ကား ဒါယကာတို့သည်လည်းကောင်း၊ ဆွမ်းညွှန်းသောရဟန်းသည်လည်းကောင်း၊ ဆွမ်းဟူသောအနက်ရှိသော ဘိက္ခာဟူသော ကပ္ပိယဝေါဟာရသဒ္ဒါဖြင့် လှူအပ်ကုန်သည်ရှိသော်လည်းကောင်း ဒါယကာသည် အကပ္ပိယကို အလိုလိုအပ်အောင် ဝိစာရဏာပြု၍လှူသော်လည်းကောင်း ထိုအလုံးစုံကို သာယာခြင်းငှာ အပ်၏ဟူလိုသော်။

ဝိစာရဏာပြု၍လှူရာ၌ ခံလေဖူးသောဝတ္ထုကား "သီဟိုဠ်ကျွန်း၌ တစ်ယောက်သော ပုဗ္ဗရာဇာမည်သောမင်းသည် ကျောင်းကိုပြု၍ များစွာသောပိဏ္ဍပါတိကထေရ်တို့ကို နိမန်၍ သံဃာကို ရည်ညွှန်း၍ ကျောင်းအား ကျီကိုပြုလှူ၏။ မထေရ်တို့လည်း ထိုကျောင်းကိုသိ၍ မိုးသောက်လျှင်ဆွမ်းခံသွားအံ့သောငှာ အခြင်းအရာကို ပြုကုန်၏။ မင်းလည်းအကြောင်းကိုကြားလျှင် ချုပ်စေ၍ ကပ္ပိယဝေါဟာရပြု၍ ဘိက္ခာဟူသော အပ်သော ဝေါဟာရဖြင့်လှူလေ၏။ ထေရ်တို့လည်းအပ်၏ဟု ဘုဉ်းပေးသတတ်။ အကျယ်ကို ဋီကာ၌ရှု၍ သိရာ၏။

ဤဝတ္ထု၌ နေ့တိုင်းဘုဉ်းပေးမူကား မုဒုတွင် မုဒုသာဖြစ်၏။ ပုနဒိဝသာယပိ၌ ပိသဒ္ဒါဖြင့် သဂြိုဟ်အပ်၏။ အာရာမိက အိမ်သို့ရပ်မူကား သုံးပါးတွင် တစ်ပါးပါးသာဖြစ်ရာ၏။ စုလ္လဋီကာ၌ကား ထိုအလုံးစုံသော ဘတ်တို့ကို သံဃာကိုရည်၍ လှူအပ်သောကြောင့် သာယာခြင်းငှာအပ်သတည်း။ ပုဂ္ဂလိကအားဖြင့် လှူကုန်သော်ကား သံဃိကဘတ်၊ သလာကဘတ်မှကြွင်းသော (၁၂)ပါးသော ဘတ်တို့သည်လည်း ပိဏ္ဍပါတိကတို့အား အပ်ကုန်၏ဟူလာ၏။

ထို့ကြောင့် သံဃတော နိရာမိသသလကာနိ သံဃာမှရသော ယာဝကာလိကမှတစ်ပါးသော ပစ္စည်းနှင့်ယှဉ်သော စာရေးတံသည်လည်းကောင်း၊ ဝိဟာရေ ပက္ကာဘတ္တမ္ပိ–ကျောင်း၌ ဒါယကာတို့သည်ချက်၍ လှူအပ်သော အဘိဟဋဘိက္ခာဟုဆိုအပ်သောဘတ်လည်းကောင်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ နိရာမိသသလာကာ၏အရကို မဟာဋီကာ၌ ဘေသဇ္ဇာနိ ပဋိသံယုတ္တာ နိရာမိသသလာကာ ယာဝကာလိက ဝဇ္ဇာတိစ ဝဒန္တိ–ဟု လာ၏။ စူဠဋီကာ၌ကား ဘေသဇ္ဇစီဝရသံယုတ္တ–ဟုလာ၏။

ဂဏ္ဌိ၌ကား ''ဌပေတွာ ယာဝကာလိကံ သေသတ္တယံ–ဟုလာ၏။ ဤကား ဝိစာနတည်း။ ။

ပဘေဒ အားဖြင့်သော်ကား ဥက္ကဋ္ဌ မဇ္ဈိမ မုဒုအားဖြင့် (၃)ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်ကား ရှေ့မှလာသောဆွမ်း နောက်မှလာသောဆွမ်းကိုလည်း ခံ၏။ သူ၏အိမ်တံခါး၌ရပ်ခိုက် သပိတ်ကိုယူကုန်သော သူတို့အားလည်းပေး၏။ ပဋိက္ကမနံ အာဟရိတွာ ဒိန္နဘိက္ခံပိ ဂဏှာတိ၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းဘုဉ်းပေးရာ ဇရပ်၌ ထိုင်ရာသို့ဆောင်၍ လှူအပ်သောဘိက္ခာကိုလည်း ယူအပ်၏။

ပဋိနိဝတ္တန္တိ ဓွေတ္တာတိ ပဋိက္ကမနံ။ အာဓာရဓွေတ္တေစေတံ ဥပယောဂဝစနံ။ အာသနသာလာယံ ဘုဥ္စနတ္တာယ နိသိန္နေ အာဟရိတွာ ဒိန္နဘိက္ခမ္ပိ ဂဏှာတီတိ အတ္တော။ **စူဠဋီကာ။** အာဟရိတွာတိ ပတ္တံ ဂဟေတွာ ဂေဟတော အာနေတွာ။ **မဟာဋီကာ။**

တံ ဒိဝသံ ပန နိသီဒိတွာ ဘိက္ခံ န ဂဏှာတိ ထိုနေ့ဖို့ကို ဒါယကာတို့သည် အရှင်ဘုရားယနေ့ဖို့ကို ဆွမ်းခံမသွားမူ၍ ကျောင်း၌နေတော်မူလော့။ အကျွန်ုပ်တို့ ဆွမ်းလှူပါအံ့သတည်းဟူ၍ နိမန္တ၍ချုပ်သော်ကား နေ၍မယူ။ ဤသို့နိမန်သည်ကို မယူသည်လျှင် **ဥက္ကဋ္ဌ** အထူးတည်း။ **မဇ္ဈိမကား** ထိုနေ့ဖို့မျှကိုနေ၍ သော်လည်း ယူ၏။ နက်ဖြန်အလို့ငှာသော်ကား သည်းမခံ၊ **မုဒု**သော်ကား နက်ဖြန်အလို့ငှာသော်လည်းကောင်း သန်ဘက် အလို့ငှာသော်လည်းကောင်း သည်းခံ၏။

ဤ၌ အပိသဒ္ဒါဖြင့် ဆိုအပ်ပြီးသောနည်းကို သွင်းအပ်၏။ ထိုနှစ်ပါးတို့.သည်ကား သူနှင့်မစပ်သော သေရိဝိဟာရသုခကိုမရကုန်။ ဥက္ကဋ္ဌသည်သာ ရ၏။ ထို့ကြောင့် တစ်ရွာသို့သွား၍ အရိယာဝံသတရားကို နာကြားကုန်အံ့ဟူ၍ ညှိသည်ရှိသော် ထိုနှစ်ပါးသည် သူဖိတ်သောဆွမ်းကြောင့်မသွားရပဲ ကျန်၏။ **ဥက္ကဋ္ဌ** ပုဂ္ဂိုလ်သာသွား၍ ဓမ္မရသကို ခံရလေသတတ်။ ဤကား ပဘေဒတည်း။

ဘေဒသော်ကား ဤ(၃)ယောက်သောပုဂ္ဂိုလ်တို့အား ဆိုအပ်ခဲ့ပြီးသော အကပ္ပိယဝေါဟာရအားဖြင့် လှူအပ်သော အတိရေကလာဘတို့တွင် တစ်ပါးပါးသောလာဘ်ကို သာယာသောခဏ၌ ဓုတင်စေတနာ ပျက်၏။ ဤကား ဘေဒတည်း။

အာနိသံသကား ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ–ဟူ၍ဟောတော်မူသော နိဿယ အားလျော်စွာ ကျင့်ခြင်း၏ထင်ရှားရှိသောအဖြစ်။ ဒုတိယအရိယာဝံသ၌တည်ခြင်း၊ သူနှင့်မစပ်သော အသက် မွေးခြင်း၊ တစ်အိမ်တစ်လုတ်သာရသောကြောင့် နည်းခြင်းရလွယ်ခြင်း၊ အပြစ်မရှိဟူ၍ မြတ်စွာဘုရား ချီးမွမ်း အပ်သော ပစ္စည်း၏အဖြစ်၊ ပျင်းရိခြင်းကိုနှိပ်ရသောအဖြစ်၊ စင်သော အာဇီဝရှိသောအဖြစ်၊ သေခိယဝတ်ကို ဖြည့်ရခြင်း၊ သူမမွေးရသောအဖြစ်၊ သူဆင်းရဲတို့အား သနားသောအခြင်းအရာကိုပြုခြင်း၊ မာန်ကိုပယ်ရခြင်း၊ ရသတဏှာကို မြစ်နိုင်ခြင်း၊ ဂဏဘောဇန ပရမ္ပရဘောဇန စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း၊ အပ္ပိစ္ဆတာအစရှိသောဓမ္မတို့အား အစဉ်အားလျော်စွာဖြစ်ခြင်း၊ ကောင်းစွာသောအကျင့်၏ပွားခြင်း၊ နောင် အမျိုးသားတို့ကို ဒိဋ္ဌာနုဂတိဖြစ်ခြင်းငှာ အစဉ်သနားခြင်းရှိကုန်၏။

''ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တဇီဝိကော။
ပဟီနာပဟာရလောလုပ္ပော၊ ဟောတိ စာတုဒ္ဒိသော ယတိ။
''ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝဿ ဝိသုဇ္ဈတိ။
တသ္မာ ဟိ နာတိမညေယျ၊ ဘိက္ခာစရိယာယ သုမေဓသော။
''ဝေရူပဿ ယောဂဿ၊ ပိဏ္ဍပါတိကဿ ဘိက္ခုနော။
အတ္တဘရဿနညပေါသိနော၊ ဒေဝါ ပိဟယန္တိ တာဒိနော။
''နော စေ လာဘသိလောကဿ၊ နိဿိတော ဟောတိ သန္တိနောတိ။ ။

ဝေရူပဿ–ထသော၊ ယောဂဿ–ဆွမ်းခံခြင်းအစရှိသော လုံ့လရှိထသော၊ ပိဏ္ဍပါတိကဿ–ထသော။ အတ္တဘရဿ–ထသော။ အနညပေါသိနော–သူတစ်ပါးသည် မမွေးအပ်ထသော၊ တာဒိနော–တာဒိဘာဝရှိထသော၊ သန္တိနော–ငြိမ်သက်သော နှလုံးရှိထသော၊ ဘိက္ခုနော–အား၊ လာဘသိလောကဿ–လာဘ်သပ္ပကာ အကျော်အစောကို၊ နိဿိတော–မှီအပ်သည်။ နော စေ ဟောတိ–အကယ်၍မဖြစ်တုံအံ့၊ ဒေဝါ–သိကြားအစရှိသော နတ်တို့သည်၊ ပိဟယန္တိ–ချစ်ကုန်၏။ **(သမ္မောဟ ပ၊ စာ–၅၃၇)**

"၄" သပဒါနစါရိက ဓုတင်္ဂဝိနိစ္ဆယ

လောလုပ္ပစာရံ၊ ယရလောလုပ္ပ ဂါမလောလုပ္ပ ရဋ္ဌလောလုပ္ပဟူသော သည်အိမ်ထက်သည်အိမ်မှာ၊ သည်ရွာထက်သည်ရွာမှာ၊ သည်ခရီးထက်သည်ခရီးမှာ အကောင်းများရအံ့သတည်းဟူ၍ လွန်၍သွားရခြင်းတည်းဟူသော လူခသဘောရှိသော ကုသိုလ်ဘဏ္ဍာကို ပြင်းစွာလုယက်တတ်သော တဏှာအဖြစ်တည်းဟူသော လောလုပ္ပအရာကို၊ ပဋိက္ခိပ္ပါမိ ၏ ။ သပဒါနစာရိကင်္ဂ–အိမ်စဉ်၊ ရွာစဉ်၊ ခရီးစဉ်မပြတ်ခံခြင်းတည်းဟူသော သပဒါနစာရိကဓုတင်ကို သမာဒိယာမိ–၏ ။

ဂဏ္ဌိ၌ကား ယရ၊ ကုလ၊ ရဋ္ဌလောလုပ္ပဟုလာ၏။ အဋ္ဌကထာ၌ ကုလ–ဟုမလာ၊ ဂါမလောလုပ္ပသာ လာရကား၊ ဂါမလောလုပ္ပသည်၊ ကုလလောလုပ္ပမည်၏။ ရဋ္ဌေနိယုတ္တဂါမရဋ္ဌာ–ရွာကြီးမြို့ပြတို့၌ အကွက်ပြု၍ နှစ်ဖက်မြောင်း၊ အိမ်ဖြင့်နေအပ်သော ခရီးသည်ရဋ္ဌာမည်၏။ ထို၌တစ်ဖက်ကို အစဉ်အတိုင်းသွား၍ ကုန်မှတစ်ဖက်သို့ကူး၏။ မကုန်ခင်ကူးမှုကား ရဋ္ဌာလောလုပ္ပမည်၏။ **တစ်နည်းသော်ကား** ရွာသို့ဝင်အပ်သော ခရီးသည်နှစ်ဖြာတွေ့အံ့ ထိုသို့တွေ့သောအခါ၌ သည်ခရီးထက်သည်ခရီးမှာ အကောင်းများရအံ့သည်ဟုနှလုံးပိုက်၍ ရှေးရှေးသောခရီးမှ ဖဲ၍သွားခြင်းသည် ရဋ္ဌာလောလုပ္ပမည်၏။ ထိုသို့သော လောလုပ္ပတို့ကို ကြဉ်အပ်၏ဟူလိုသော် ။ ဤကားသမာဒါနတည်း ။

''ထိုသို့ဆောက်တည်ပြီးသော ယောဂီသည်ကား၊ အကြင်သို့သော ရွာမြို့တို့၏တံခါးမုခ်၌ ရပ်ဦး၍ ဆင်မြင်းကျွဲနွားအစရှိသော ရန်သူကိုရှုအပ်၏။ ရှု၍အကြင်ခရီး၌လည်းကောင်း၊ ထိုသို့သော ဘေးရန် ရှိမူကား၊ တစ်ပါးသို့သွားခြင်းငှာအပ်၏။ အကြင်အိမ်တံခါး၌လည်းကောင်း၊ ခရီး၌လည်းကောင်း အစဉ်မရှိတည်သော ရွာ၌လည်းကောင်း တစ်စုံတစ်ခုသော ဆွမ်းကိုမျှမရမူကား အဂါမသညာကိုပြု၍ တစ်ပါးသို့ သွားလေအပ်၏။

ထိုသို့သောအိမ်ခရီးတို့၌ တစ်လုတ်မျှမူကား အစဉ်အတိုင်းသွားဦးမှလျှင် တစ်ပါးသို့သွားခြင်းငှာအပ်၏။

ထို့ကြောင့် ဤဓုတင်ကိုဆောက်တည်သော ယောဂီသည်ကား၊ စောစောကပင်ဝင်ရာ၏။ ဤသို့မှလျှင် ဘေးရန်အားဖြင့်လည်းကောင်း၊ ဆွမ်းမရသဖြင့်လည်းကောင်း၊ မချမ်းသာသည်ရှိသော် ထိုအရပ်ကို လွှတ်၍ တစ်ပါးသို့သွားခြင်းငှာ တတ်နိုင်လတ္တံ့သတည်း။ အကယ်၍ ကျောင်း၌အလှူပေးကုန်သော သူတို့သည်လည်းကောင်း၊ ခရီးအကြား၌တွေ့ကုန်သော သူတို့သည်လည်းကောင်း သပိတ်ကိုယူ၍ ဆွမ်းထည့်ကုန်သည်ဖြစ်အံ့ ခံခြင်းငှာအပ်၏။ ဤယောဂီသည်ကား ခရီးသွားသည်ရှိသော်လည်း ဆွမ်းခံချိန်၌ရောက်ဦးသောရွာကို မလွန်အပ်။ ထိုရွာ၌ မရသည်ဖြစ်၍လည်းကောင်း အနည်းငယ်ကိုသာ ရသည်ဖြစ်၍လည်းကောင်း ရွာစဉ်အတိုင်းသွားအပ်၏။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်သော်ကား ဤယောဂီလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ဟူ၍ (၃) ပါးအပြားရှိ၏။ ထို (၃) ပါးတို့တွင် **ဥက္ကဋ္ဌ** ပုဂ္ဂိုလ်သည်ကား ပုရတော အာဟဋဘိက္ခမ္ပိ–ခရီးသို့သွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍လှူအပ်သော ဆွမ်းခဲဖွယ်ကိုလည်းကောင်း၊ ပစ္ဆတော အာဟဋဘိက္ခမ္ပိ–လွန်၍ရှေ့သို့သွားလေပြီးမှ နောက်မှလိုက်၍ လှူအပ်သောဆွမ်းကိုလည်းကောင်း၊ ပဋိက္ကမနံ အာဟရိတွာ ဒီယမာနမ္ပိ–ဆွမ်းခံရာမှ ပြန်၍ဆွမ်းစားဇရပ်၌ နေထိုင်ရာသို့သပိတ်ကိုယူ၍ ထည့်၍ပို့လာသော ဆွမ်းကိုလည်းကောင်း။ န ဂဏှာတိ–မယူ၊ ဃရဒွါရေပန သူ၏အိမ်တံခါးအနီး၌ ရပ်ခိုက်သော်ကား၊ ပတ္တမ္ပိဝိသဇ္ဇေတိ–သပိတ်ကိုသော်လည်း လွှတ်၏။ ဆွမ်းကိုသော်ကား ဆိုဖွယ်မရှိ။

ဤသို့သော ဓုတင်အရာ၌ကား မဟာကဿပထေရ်နှင့် တူသောသူမည်သည်မရှိ၊ ထိုမဟာထေရ်မြတ်အားလည်း ယက်ကန်းသည်၏ခရီး၌ ယက်ကန်းသည်ယောင်ဆောင်၍ ယူသောသိကြားအား သပိတ်ကိုလွှတ်သောအရာသည်လျှင် ထင်၏။ **မဇ္ဈိမ**ထေရ်ကားရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ ပြန်၍ထိုင်ရာ၌လည်းကောင်း၊ လှူသောဆွမ်းကိုလည်းယူ၏။ သူ့အိမ်တံခါးအနီး၌ ရပ်ခိုက်သပိတ်ကိုယူသော်လည်းပေးအပ်၏။ ထိုနေ့အလို့ငှာ ဒါယကာတို့သည် ယခုနေ့ကိုသည်းခံပါကုန်ဟူ၍ နိမန်သည်ကိုသော်ကား ငုံ၍မယူ။ ထိုသို့ မရယူသောအားဖြင့် မဇ္ဈိမထေရ်သည် ဥက္ကဋ္ဌပိဏ္ဍပါတိကအား အနုလောမအလားတူ၏။ **မုဒုကား** ထိုနေ့ဖို့ကို ထိုင်၍ငုံ၏။ (ဤကား ပဘေဒ တည်း။)

ဘေဒအားဖြင့်သော်ကား ဤ(၃)ပါးသော ပုဂ္ဂိုလ်တို့အား လောလုပ္ပစာရေ ဥပ္ပန္နမတ္တေ အသုက ဂေဟေ ပဏီတံ ဗဟုဋ္ဌ လဘတီတိ ပဋိပါဋိ မုဥ္စိတွာ ဂမနေ– ဤမည်သောအိမ် ဤမည်သောရွာ၊ ဤမည်သောခရီး၌ အကောင်းကိုလည်းကောင်း၊ အများကိုလည်းကောင်း၊ ရအံ့ဟုအစဉ်ကိုလွန်၍သွားသော ခဏ၌ ဓုတင်ံ ဘိဇ္ဇတိ– ဓုတင်သည် ပျက်၏။ ဝေံ အဂန္တွာ သဒ္ဒါကုလာနံ၊ အနုဂ္ဂဟာဒိနာ ဝါ ဟီနကုလာ ဒီသု အပဝါဒပဋိဟရဏတ္ထံ ဝါ ပဋိပါဋိ မုဥ္စိတွာ ဂမနေ နတ္ထိ ဒေါသော။ **စုလ္လဋီကာ**။ ။ အဓိပ္ပာယ်ကား ဤသို့ အကောင်းအများရအံ့ဟုမသွားမူ၍ သဒ္ဒါကုလတို့ကို အစဉ်ချီးမြှောက်ခြင်းငှာလည်းကောင်း။ ဟီနကုလ အစရှိသည်တို့၌ ငါတို့ကို သူယုတ်သူဆင်းရဲဟု၊ မသနားပါဟုအစရှိသော အပဝါဒ၊ ထိုမှတစ်ပါးသော အပြားရှိသော အပဝါဒကိုပယ်ခြင်းငှာလည်းကောင်း၊ အစဉ်ကိုလွှတ်၍သွားရာ၌ကား အပြစ်မရှိဟူလိုသော်။

အာနိသံသကား "အဂုာနနာဘိနန္ဒနာ – အစဉ်မရောက်သော အိမ်မှတောင်းပန်၍ လှူသည်ကို မနှစ်လိုခြင်း၊ အဘိဟာရေန အနတ္ထိကတာ – ပို့လာသောဆွမ်းခဲဖွယ်ဖြင့် အလိုမရှိသောအဖြစ်၊ အပိစ္ဆတာ ဒီနံ အနုလောမဝုတ္တိတာ–အလိုနည်းသော အပြစ်ရှိသောဓမ္မတို့အား အစဉ်အားလျော်စွာဖြစ်ခြင်း အစရှိသော အကျိုးတို့သည်ဖြစ်ကုန်၏။

''စန္ဒူပမော နိစ္စနဝေါ၊ ကုလေသု အမစ္ဆရိယံ၊
သဗ္ဗာ သမ္မာ အနုကမ္မော၊ ကုလူပကာဒီနဝ''
''ဝိပ္ပမုတ္တော ဟောတိ ကူခ၊ ဘိက္ခုသပဒါနစာရီ''
''လောလုပ္ပစာရံ သုပဟာယ တသ္မာ၊ ဩက္ခိတ္တစက္ခုယုဂမတ္တဒဿီ။''
အာကင်္ခမာနော ဘုဝိ သေရိစာရံ၊ စရေယျ ဓီရော သပဒါနစာရန္တိ။

ကူခသောသနေ-၌၊ သပဒါနစာရီ-အစဉ်မပြတ်သော ဆွမ်းခံဝတ်ကိုကျင့်သော၊ ဘိက္ခု-သည်၊ စန္ဒူပမော-ခပ်သိမ်းသောအရပ်၌ မထိပါးအပ်သောအရပ်၌ သွားခြင်း၊ ငြိမ်းသောအဖြစ်ဖြင့်သွားခြင်းရှိသော လမင်းဥပမာရှိသည်လည်းကောင်း၊ နိစ္စနဝေါ-တစ်စုံတစ်ယောက်သောသူ၏အိမ်သို့သာ အမြဲမသွားသော သူ၏သဘောသည်လည်းကောင်း၊ ကုလေသု-ဒါယကာတို့၌၊ အမစ္ဆရိယံ-ဝန်မတိုခြင်းသဘောရှိသည်လည်း ကောင်း၊ သဗ္ဗာသမ္မာအနုကမ္မော-ခပ်သိမ်းသောသူတို့၌ ကောင်းစွာသနားခြင်းရှိသည်လည်းကောင်း။ ကုလုပကာဒီနဝဝိပ္ပမုတ္တော-ဒါယကာတို့၏အိမ်၌ထိုင်၍ မဘုဉ်းပေးသဖြင့် ဒါယကာမအိမ်သို့သွားခြင်းဟူ သော အပြစ်ကင်းသည်လည်းကောင်း၊ ယသ္မာ-ကြောင့်၊ ဟောတိ-၏၊ တသ္မာ-ကြောင့်၊ ဘုဝိ-မြေကြီး ထက်၌၊ သေရိစာရံ-အလိုအလျောက်သွားရခြင်းကို၊ အာကင်္ခမာနော-သော၊ ဓီရော-သည်၊ လောလုပ္ပစာရံ-ကို၊ သုပဟာယ-၍၊ ဩက္ခိတ္တစက္ခု-ချသောမျက်စိရှိသည်လည်းကောင်း၊ ယုဂမတ္တဒဿီ-ရထားထမ်းပိုး တစ်ပြန်ခန့်သာ ကြည့်လေ့ရှိသည်လည်းကောင်း၊ ဟုတွာ-၍၊ သပဒါနစာရံ-ကို၊ စရေယျ-ကျင့်ရာ၏။
(ဝိနယသမူဟ ၅၄၀-၁)

"၅" ကောသနိကဓုတင်္ဂဝိနိစ္ဆယ

နာနာသနဘောဇနံ-တစ်ထိုင်ခြင်းမှ တစ်ပါးသော အထူးထူးသော ထိုင်ခြင်းအစရှိသော ကြိယာ ပုတ်၌စားခြင်းကို၊ ပဋိက္ခိပါမိ-၏၊ ကောသနိကင်္ဂ-တစ်ထိုင်တည်း၌ ဘုဉ်းပေးခြင်းတည်းဟူသောအင်္ဂါကို သမာဒိယာမိ-၏၊ ဤကား သမာဒါနတည်း။

ဤသို့ဆောက်တည်ပြီးသော ယောဂီပုဂ္ဂိုလ်သည်ကား အစဉ်ဆွမ်းဘုဉ်းပေးရာ ဆွမ်းစားစရပ်၌ ထိုင်သည်ရှိသော် မိမိအားလျော်ရုံသောနေရာကို ရှမျှော်၍နေရာ၏။ အကယ်၍ဆွမ်းဘုဉ်းပေးခိုက်၌ ဆရာ သည်လည်းကောင်း ဥပဇ္ဈာယ်သည်လည်းကောင်း၊ လာလတ်မူကား ဝတ်ကိုပြုအပ်၏။ ဤကား အဋ္ဌကထာ စကားတည်း။ **စုလ္လဋီကာ**၌ကား ထ၍ပြုအပ်၏ဟုဖွင့်၏။ တိပိဋကစူဠာဘယထေရဝါဒ၌သော်ကား ဤသို့ လာ၏။ ။ အာသနံ ဝါ ရက္ခေယျ- နေရာကိုသော်လည်း စောင့်ရာ၏။ ဝိပ္ပကတဘောဇနာ- စားဆဲသော ဆွမ်းသည်၊ ဟောတိ၏။ တသ္မာ-ကြောင့် ဝတ္တံ-ကို ကရောတု- ပြုစေသတည်း၊ ဘောဇနံ ပန-ကိုကား မာ ဘုဉ္ဇတု- မစားစေသတည်း။ ဤကား မဟာထေရ်အလိုတည်း။

ကောသနိက ယောဂီသည်ကား ထိုသို့ထိုင်ပြီးသောအရာ၌ အာသနကိုသော်လည်း စောင့်ရာ၏။ စားဆဲဖြစ်လျက်ထပြီးမှ တစ်ဖန်စားပြန်သည်ရှိသော် ဓုတင်ပျက်အံ့သည်ဖြစ်သောကြောင့် မထအပ်။ ဘော

ဖနကိုသော်လည်း စောင့်ရာ၏။ စားပြီးမှထ၍ စားပြန်သည်ရှိသော် ဓုတင်ပျက်အံ့သည်ဖြစ်သောကြောင့် စားအံ့သည်ဆဲဆဲဖြစ်၍ မစားခင်မူကား ထအပ်၏။ စားဆဲမူကား မထအပ်။ အဘယ့်ကြောင့်ဟူမူကား ဤယောဂီသည် ဆွမ်းစားဆဲဖြစ်ခဲ့၏။ ထို့ကြောင့် ထိုင်လျက်ပင်ဦးချခြင်းရှိခိုးခြင်းဟူသော ဝတ်ကိုပြုစေသတည်း။ ဆရာ ဥပဇ္ဈာယ်ထိုင်၍ မစားမချင်းကိုလည်း အလျင်မစားစေသတည်း။ ထ၍ဝတ်ပြုခြင်းသည် ဓုတင်ကို မစောင့်နိုင်ဟူလိုသော်။ ဤကား **မဟာဋီကာ**ဆရာတို့ အလိုတည်း။ ။ **စုလ္လဋီကာ** ဆရာအလို၌ ရှေးအာသနဘောဇနရက္ခ အဓိပ္ပာယ်ကား မဟာဋီကာနှင့်အတူပင်။ နောက်ပါဠ်၌ကား အကြင်ကြောင့် ဆရာသမားလာလျက် မထအပ်သော်လည်းမအပ်။ ဆွမ်းစားဆဲဖြစ်သောကြောင့် ထ၍ဝတ်ပြုပြီးမှ စားပြန်သော်လည်း ဓုတင်ပျက်ခဲအံ့သည်။ ထို့ကြောင့် နေရာဘောဇဉ်ကို မစောင့်ခြင်းကြောင့် ဓုတင်ဘေဒကို လည်းကောင်း ထ၍မပြုမူ၍ဆွမ်းစားခြင်းကြိယာကိုသာပယ်၍ ထိုင်လျက်သာ ရှိခိုးခြင်းဦးချခြင်းစသောဝတ်မျှ ကိုသာ ပြုအပ်၏။ မထအပ်ဟူလိုသော်။

ထို့ကြောင့် ရှေ့ကဲ့သို့ဥဒ္ဒါယမဆိုမူ၍ ဝတ္တမေဝ ကာတဗ္ဗံဟူသော သာမညသာဆိုသတည်း။ ဤကား **စုလ္လဋီကာ**အလိုတည်း။ အနက်အားဖြင့် မဟာဋီကာနှင့်အတူပင်။ ဂဏ္ဌိဆရာအလိုကား၊ အာသနံ ဝါ ရက္ခေယျဟူသည်ကား ဆရာဥပဇ္ဈာယ်၌ရှိသေသဖြင့် ထိုင်ခြင်း ကြိယာပုတ်ကိုမပျက်စေမူ၍ ဆောင့် ကြောင့်မျှကြွ၍ ထခြင်းကိုပြု၍ တစ်ဖန်ဘုဉ်းပေးအပ်၏။ ဤအနက်လည်း စုလ္လဋီကာနှင့်အလားတူပင်။ ဘောဇနံ ဝါ ရက္ခေယျကိုကား ထပြီးသည်ရှိသော် တစ်ဖန်မဘုဉ်းပေးပြန်အပ်ဟူ၍။ ဤသို့လျှင် အတိဂမ္ဘီရ ဖြစ်သော ထေရဝါဒအဆုံးအဖြတ်ကို မှတ်အပ်၏။ ဤကား ဝိဓာနတည်း။

''**ပဘေဒ** အားဖြင့်ကား ဤပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌ မဇ္ဈိမ မုဒုဟူ၍ (၃) ပါးအပြားရှိ၏။ ထို(၃)ပါး တို့တွင် **ဥက္ကဋ္ဌ** ပုဂ္ဂိုလ်သည်ကား အနည်းငယ်လည်းဖြစ်စေ၊ အများမူလည်းဖြစ်စေ၊ အကြင်သို့သော ဆွမ်းကို ဘုဉ်းပေးအံ့ဟု သပိတ်၌လက်ကိုချ၏။ ထိုချသောအခါမှစ၍ တစ်ပါးသောဘောဇဉ်ကို ယူခြင်းငှာ မအပ်။ အကယ်၍ ဒါယကာတို့သည် ထေရ်မြတ်သည်ကား တစ်စုံတစ်ခုကိုမျှ မဘုဉ်းပေးပါဟူ၍ ထောပတ်အစရှိသည် ကို ကပ်သည်ရှိသော် ဘေသဇ္ဇအလို့ငှာအပ်၏။ အာဟာရအလို့ငှာမအပ်။

ဤ၌ **စုလ္လဋီကာ**ကား ဘေသဇ္ဇတ္တမေဝ ဟူသောပါဠ်ဖြင့် ထောပတ်အစရှိသည်တို့ကို ထိုကာလ၌ လည်း မဘုဉ်းပေးကောင်း၊ အနာသည်ထင်ရှားရှိသော်သာ ဘေသဇ္ဇပရိဘောဂဖြင့် ဘုဉ်းပေးအပ်၏။ ဗျာဓိ ရောဂကိုပယ်ခြင်းငှာ မဘုဉ်းပေးအပ်ဟူ၍ ပြလာ၏။ ကြံအပ်၏။

မဟာဋီကာ၌ကား ဘေသဇ္ဇပရိဘောဂဖြင့်သာလျှင် ထောပတ်အစရှိသည်တို့သည် အပ်ကုန်၏ဟူ၍ သာလာ၏။ ထို့ကြောင့် ဤ၌ ဘောဇဉ်ငါးပါးကိုသာ မယူမူ၍ အောက်၌ဆိုအပ်ခဲ့ပြီးသော (၁၆)ပါးသော ပိဏ္ဍပါတ်သည်လျှင် ပရိဘုဉ္ဇိတဗ္ဗ သာမညအားဖြင့် ဘောဇဉ်မည်၏ဟု သန္နိဋ္ဌာန်မှတ်အပ်၏။

ဥက္ကဋ္ဌဟူ၍ ဥက္ကဋ္ဌော အရာ၌ဆိုခြင်းကြောင့် မဇ္ဈိမ မုဒုတို့မှာသော်ကား ထောပတ်အစရှိသည်ကို ရသောကာလ၌ အာဟာရအလို့ငှာသာ အပ်သကဲ့သို့ကျ၏။ အဋ္ဌကထာဋီကာတို့မလာရကား ကြံအပ်၏။

မဇ္ဈိမထေရ်ကား အကြင်ရွှေ့လောက်သပိတ်၌ ဆွမ်းသည်မကုန်သေး ထိုရွှေ့လောက်တစ်ပါးကို ယူခြင်းငှာရအပ်၏။ ဤထေရ်ကား ဘောဇနပရိယန္တိက မည်၏။ မုဒုကား အကြင်ရွှေ့လောက်ထိုင်ရာမှ မထသေးထိုရွှေ့လောက်တစ်ပါးကိုလည်း ယူ၍ဘုဉ်းပေးခြင်းငှာ အပ်၏။ ဤမုဒုကား သပိတ်ဆေးရေယူ သည်တိုင်အောင် ဘုန်းပေးသောကြောင့် ဥဒကပရိယန္တိကလည်း မည်၏။ နေရာမှ ထသည့်တိုင်အောင် ဘုဉ်းပေးသောကြောင့် အာသနပရိယန္တိကလည်းမည်၏။ ဤကား ပဘေဒတည်း။

ဘေဒ အားဖြင့် (၃)ပါးသော ပုဂ္ဂိုလ်တို့အား ဘုဉ်းပေးသောထိုင်ခြင်း ဣရိယာပုတ်မှ ထပြီး၍ တဖန် ထိုင်ခြင်းအစရှိသော ဣရိယာပုတ်၌ ယာဝကာလိကကို အာဟာရအလို့ငှာ စားသောခဏ၌ ရှုတင် စေတနာ ပျက်၏။ ဤကား ဘေဒတည်း။

အာနိသံသကား ဤကောသနိကယောဂီသည်ကား။ ။ အပ္ပာဗာဓတာ နည်းသောအနာရှိသောအဖြစ်လည်းရှိ၏။ အပ္ပာတင်္ကတာ–အကြိမ်များစွာစားခြင်းကြောင့် ဖြစ်သောကိုယ်၏ဆင်းရဲခြင်းလည်း ကင်း၏။ လဟုဋ္ဌာနံ–ပေါ့ပါးသောထခြင်းလည်းရှိ၏။ ဗလံ–အားလည်းရှိ၏။ ဖာသုဝိဟာရော – ချမ်းသာစွာ နေရခြင်းလည်းရှိ၏။ အနတိရိတ္တပစ္စယာ အနာပတ္တိ– တစ်ဖန်မစားသောကြောင့် အတိရိက်မပြုသော ဆွမ်းကို မစားသဖြင့် သင့်ကောင်းသော အာပတ်လည်းမသင့်။ ရသတဏှာဝိနောဒနံ– အကြိမ်များစွာ စားသောရသ၌ တပ်သောတဏှာကို နှိပ်ဖျောက်ခြင်း။ အပိစ္ဆတာအစရှိသာ ဓမ္မတို့အား အစဉ်လျော်ခြင်းအစရှိသော အကျိုးရှိ၏။

ကောသနဘောဇနေ ရတိ၊ ယတိ ဘောဇနပစ္စယာ ရုဇာ။
ဝိသဟန္တိ ရသေ အလောလုပ္ပေါ၊ ပရိဟာပေတိ န ကမ္မမတ္တနော။
ဣတိဖာသုဝိဟာရကာရဏေ၊ သုစိသလ္လေခရတူပသေဝိတေ။
ဇနယေထ ဝိသုဒ္ဓမာနသော၊ ရတိမေကာသန ဘောဇနေ သဒါတိ။

ကောသနဘောဇနေ–၌၊ ရတိ–ထသော၊ ယတိ–ကို၊ ဘောဇနပစ္စယာ–ကုန်သော၊ ရုဇာ–အနာတို့သည်၊ နဝိသဟန္တိ နပီဠေန္တိ – မနှိပ်စက်နိုင်ကုန်၊ ရသေ–၌၊ အလောလုပ္ပေါ–သည်ထက်သည်မှာ ကောင်းသတည်းဟု ပြင်းစွာမက်မောခြင်း ကင်းသည်ဖြစ်၍၊ အတ္တနော–၏၊ ကမ္မံ–ပြုအပ်သောရဟန်းကိစ္စ ကို၊ န ပရိဟာပေတိ–မယုတ်စေ။

ဣတိတသ္မာ–ကြောင့်၊ ဖာသုဝိဟာရကာရဏေ–ထသော၊ သုစိ– စင်ကြယ်ထသော၊ သလ္လေခရတူပသေဝိတေ– ခေါင်းပါးသော အကျင့်၌မွေ့လျော်သော သူတော်ကောင်းတို့သည် မှီဝဲအပ်ထသော (ဝါ) ကောင်းစွာ အထူးဖြင့် ချစ်အပ် နည်းပါးစေအပ် တဏှာပြုအပ်သောအကျင့်၌ မွေ့လျော်သော သူတော်ကောင်းတို့ သည် မှီဝဲအပ်ထသော၊ ကောသနဘောဇနေ–၌၊ သဒါကိစ္စကာလံ–မြဲသောကာလပတ်လုံး၊ ရတိ–မွေ့လျော်ခြင်း ကို၊ ဝိသုဒ္ဓမာနသော–အထူးသဖြင့် စင်ကြယ်သောနှလုံးရှိသည်ဖြစ်၍၊ ဇနယေထ–ဖြစ်စေကုန်လော။

(ဝိနယသမူဟ(ပ) – ၅၄၄)

"၆" ပတ္တပိဏ္ဍိကဓုတင်ဝိနိစ္ဆယ

ဒုတိယဘာဇနံ–သပိတ်မှနှစ်ခုမြောက်သော အာဟာရတည်ရာခွက်ကို၊ ပဋိက္ခိပါမိ–၏။ ပတ္တပဏ္ဍိကင်္ဂ –တစ်ခုတည်းသော သပိတ်၌ရှိသရွေ့ကို ဆွမ်းဟူသောအမှတ်ကိုပြု၍ ဘုဉ်းပေးသောယောဂီ၏ အဖြစ်တည်း ဟူသောအင်္ဂါကို– သမာဒိယာမိ– ၏ ။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂီသည်ကား၊ ယာဂုဘုဉ်းပေးသောအခါ၌ ခွက်ကိုထား၍ အမဲကို ကပ်လာလတ်သည်ရှိသော် အမဲကိုသော်လည်း အလျင်ဘုဉ်းပေးအပ်၏။ ယာဂုကိုသော်လည်း သပိတ်၌

ထည့်၍ အလျင်ဘုဉ်းပေးအပ်၏။ အကပ်ခံသော် အမဲယာဂုတို့ကို သပိတ်ဖြင့်သာ ခံအပ်၏။ လက်ဖြင့်ခွက်ကို မလှမ်းအပ်။ လူတို့လက်၌သာ ရှိစေအပ်၏။ အကယ်၍ ယာဂု၌ တစ်ခွက်တည်းထည့်အံ့၊ ပုပ်သော ငါးအမဲတို့ကိုထည့်မိသည်ရှိသော် ယာဂု၌ ရွံဖွယ်ရှိခဲ့၏။ ဘုဉ်းပေးသည်ရှိသော်လည်း ပျို့အန်ခဲ့ရကား မရွံဖွယ်ကို သာပြု၍သာလျှင် ဘုဉ်းပေးအပ်၏။ အကြင်ရွံဖွယ်မရှိသော ပျားတင်လဲအစရှိသည်တို့ကိုသော်ကား ယာဂု၌ ထည့်၍ ဘုန်းပေးအပ်၏။ ခံသည်ရှိသော်လည်း ဝမ်းနှင့်ပမာဏတန်ရုံ သာယူအပ်၏။ များစွာ ယူ၍ မသွန်အပ်။ သွန်သည်ရှိသော်လည်း သွန်စရာခွက်ကို လက်ဖြင့် မကိုင်မူ၍လည်း သွန်အပ်၏။ အာမကသာကဟု ဆိုအပ်သော ဟင်းရွက်လက်သုတ်ပင်စိမ်း သရက်နု စသည်တို့ကိုသော်ကား လက်ဖြစ်ကိုင်၍ဘုဉ်းပေးခြင်းငှာ အပ်၏။ ရူတင်မပျက်။ ထိုသို့ပင် မပျက်လျှင်မူလည်း၊ မဟိစ္ဆာတို့၏အမူဖြစ်၍ သာရုပ္ပမရှိရကား သပိတ်၌ထည့်အပ်၏။ ဒုတိယဘာဇနကိုပယ်သောကြောင့် သစ်ရွက်သည်မျှလည်း အာဟာရ ထည့်ခြင်းငှာမအပ်။

ဤ၌လည်း ပတ္တသညီဖြင့် ရဟန်းတို့ကို ပဓာနနည်းအားဖြင့် ဆိုအပ်၏။ သာမဏေ လူတို့သည်လည်းကောင်း၊ သပိတ်ပျောက်သော ရဟန်းတို့သည်လည်းကောင်း သစ်ရွက်တစ်ခု၌လည်းကောင်း၊ နှစ်ခုသုံးခုကို တစ်ခုတည်းစပ်၍လည်းကောင်း ထည့်၍ဘုန်းပေးသော်လည်း အပ်ကောင်း၏။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ဤယောဂီသည်လည်း ဥက္ကဋ္ဌ–မဇ္ဈိမ–မုဒု–ဟူ၍ (၃)ပါးအပြားရှိ၏။ ထို(၃)ပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်အားကား။ အညတြ ဥစ္ဆုခါဒနကာလေ ကစဝရမ္ပိ ဆဋ္ဌေတုံ နဝဋ္ဋတိ။ ကြံစားသောအခါမှ တစ်ပါးသောကာလ၌ ငါးရိုးအစရှိသော စွန့်အပ်သောဝတ္ထုကိုသော်လည်း မိမိအကပ်ခံအပ်သော ဘောဇန၌ စွန့်ခြင်းငှာမအပ်။ ဘာဇနသဿ သာဒိတတ္တာ–ဘာဇနကိုသာယာသောကြောင့် ဟူလိုသတည်း။ ထို့ကြောင့် ဂဏ္ဍိ၌ အညတြဥစ္ဆုခါဒနကာလဟူသည်ကား မိမိသပိတ်မှကြံဆစ်ကိုယူ၍ မိမိသည် အကပ်ခံအပ် စွဲလမ်းအပ်သော သပိတ်မှတစ်ပါးသော ဘာဇန၌ထည့်၍ သူ့ကိုပေးအံ့သောငှာလည်းကောင်း၊ မြေ၌ထားအံ့သောငှာလည်းကောင်း ရအပ်၏။ ထိုကြံမှတစ်ပါးသော ခါဒနီယဘောဇနီယကိုသော်ကား ယုတ်သော အပိုင်းအခြားအားဖြင့် ထမင်းနှင့်ရောသော ကစဝရဟုဆိုအပ်သော ငါးရိုး၊ စပါးလုံးအစရှိသည်ကိုသော်လည်း ထိုသို့စွဲလမ်းအပ်သော ဘာဇန၌ထည့်၍ မပေးအပ်။ မြစ်ခြင်းငှာလည်း မအပ်၊ အဘယ့်ကြောင့်နည်းဟူမူကား ဘာဇနဿ သာဒိတတ္တာ ဘာဇနကိုသာယာသောကြောင့်တည်း။ အဓိပ္ပာယ်ကား ....

စားစရာထည့်အပ်သော ဒုတိယဘာဇနကိုမသာယာမူ၍ ပစ်ရာဘာဇနကို သာယာသောကြောင့် ဓုတင်သော်ကား မပျက်။ ဥက္ကဋ္ဌအဖြစ်ပျက်၏ဟူလိုသော်။ အကယ်၍ အကပ်မခံအပ်၊ စွဲလမ်းသောမြေ၌လည်းကောင်း၊ သူတစ်ပါး၏လက်၌လည်းကောင်း တည်သောဘာဇန၌ ထည့်၍ပစ်အံ့။ ထိုသို့ပစ်ခြင်းငှာသော် ရအပ်၏၊ အသာဒိတတ္တာ – လက်ဖြင့်ဘာဇနကို မစွဲလမ်းအပ်သောကြောင့်တည်း။ ဆဋ္ဌေတုံ န ဝဋ္ဋတိ – ၌၊ ပဋိဂ္ဂဟကဘာဇနေ – ဟူသောအာဓာရသည် ယုတ်လေ၏ဟု သိရ၏။ ဥက္ကဋ္ဌဿ–ဟူ၍၊ ဝိသေသနကို ဆိုခြင်းကြောင့် မဇ္ဈိမ မုဒုကား ပြစ်ခြင်းငှာရအပ်၏ဟုသိအပ်၏။

သြဒနပိဏ္ဍမစ္ဆမံသပူဝေပိ – ထမင်းခဲဘွယ်၊ ငါးအမဲမုန့်တို့ကိုလည်း၊ ဘိန္ဒိတွာ–ခွဲ၍ဖဲ့၍၊ ခါဒိတုံ–စားခြင်းငှာ၊ န ဝဋ္ဋတိ–မအပ်။ ဤ၌အဓိပ္ပာယ်ကား ခွဲ၍ခဲဖွယ်ကိုခဲသည်ရှိသော် အောက်၌ဆိုအပ်ခဲ့ပြီးသော ပတ္တပိဏ္ဍသည် ကတ္ဝာ–ဟူသောအနက်ကြောင့် သပိတ်၌ဆွမ်းဟူသော သညာပျက်ခဲ့သောအားဖြင့် ဥက္ကဋ္ဌအဖြစ်မှ ရွေ့၏ဟူလို။ မဇ္ဈိမကား တစ်ဖက်တည်းသော လက်ဖြင့် ခွဲ၍စားခြင်းငှာ အပ်၏။ ဟတ္ထယောဂီမည်၏။ မုဒုကား ပတ္တယောဂီမည်၏။ အကြင်အာဟာရကို သပိတ်၌ထည့်၍ ဘုဉ်းပေးခြင်းငှာ တတ်ကောင်း

၏။ ထိုအလုံးစုံကိုထည့်၍ လက်ဖြင့်လည်းကောင်း၊ သွားတို့ဖြင့်လည်းကောင်း ခွဲ၍ခဲခြင်းငှာ ရအပ်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ။ ဣမေသံ ပန တိဏ္ဏမ္ပိ – ဤသုံးယောက်လုံးသော ယောဂီတို့အားလည်း၊ ဒုတိယဘာဇနံ–အာဟာရသူပဗျဉ္ဇနာဒီနံ ဓာရဏံ–ဟင်းအမဲအစရှိသည်တို့ကိုဆောင်သော နှစ်ခုမြောက်သောခွက်ကို၊ သာဒိတက္ခဏေ ပဋိဂ္ဂဟဏေ–အကပ်ခံသော စွဲလမ်းသောခဏ၌၊ ဝဋ္ဋတိ–သည်၊ ဘိန္ဒတိ–၏၊ န ပါနီယဘာဇနာဒိသာဒိတက္ခဏေ–သောက်ရေခွက်အစရှိသည်ကို စွဲလမ်းသောခဏ၌ မပျက်။ ထို့ကြောင့် စုလ္လဋီကာ၌ န ကုဋ္ဋိကာဒိ ပါဏီယဘာဇနံ တံ ပန သာဒိတုံ ဝဋ္ဋတိ၊ တဿ ဘာဇနကိစ္စာနုယောဂတ္တာ–ဟူ၍ဆိုလေ၏။ ဤသို့ဆိုအပ်ခဲ့ပြီးသော ဋီကာပါဠ်တို့ကိုဆောင်၍ သာဒိတသဒ္ဒါသည် ဤ၌ ဂဟဏအနက်ကို ဟော၏။ ဟောခြင်းကြောင့် စိတ်ဖြင့်သာယာကာတည်းဖြင့် မပျက်။ လက်ဖြင့်လှမ်းယူမှလျှင် ဓုတင်ပျက်၏။ အာဟာရခွက်မှတစ်ပါးသော ရေခွက်ဆေးခွက်တို့သည် အပ်၏ဟုသိရာ၏။ ဤကားဘေဒတည်း။ ။

အာနိသံသကား ။ နာနာရသတဏှာဝိနောဒနံ–အထူးထူးသော ဘောဇဉ်၌တည်သောရသာရုံ၌ တပ်သော တဏှာကိုပယ်ရခြင်း၊ အတြိစ္ဆတာယပဟာနံ–တစ်ခွက်ထက်နှစ်ခွက်အစရှိသည်ကို အလိုတပ်သောသူ၏အဖြစ်ကိုပယ်ရခြင်း၊ ထာလကာဒိပဋိဟရဏခေဒါဘာဝေါ–ခွက်အစရှိသည်ကိုဆောင်သဖြင့် ပင်ပန်းခြင်းမရှိခြင်း၊ အပ္ပိစ္ဆတာအစရှိသည်၌–လျှော်စွာဖြစ်ခြင်း အစရှိသော အကျိုးရှိ၏။

''နာနာဘာဇနဝိက္ခေပံ၊ ဟိတွာ ဩက္ခိတ္တလောစနော။
ခနန္တောဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော။
''သရူပံ ဝိယ သန္တုဋ္ဌိံ၊ ဓာရယန္တော သုမာနသော။
ပရိဘုဉ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကောတိ။ ။

သုဗ္ဗတော–ကောင်းစွာကျင့်အပ်သော ဝတ်ရှိထသော၊ သုမာနသော–ကောင်းသောနှလုံးရှိထသော၊ ပတ္တပိဏ္ဍိကောဝေ–ပတ္တပိဏ္ဍိကယောဂီသည်လျှင်၊ နာနာဘာဇနဝိက္ခေပံ–အထူးထူးသောဘာဇနေ၌ ပျံ့လွင့်ခြင်းကို၊ ဟိတွာ–၍၊ ရသတဏှာယ–၏၊ မူလာနိ–တို့ကို၊ ခနန္တောဝိယ–တူးသကဲ့သို့၊ ဩက္ခိတ္တလောစနော–အောက်သို့ချသော မျက်နှာရှိသည်ဖြစ်၍၊ သရူပံ–မိမိ၏အတ္တဘောဖြစ်သော ရုပ်ကို၊ ဓာရယန္တော ဝိယ–ဆောင်ဘိသကဲ့သို့၊ သန္တုဋ္ဌိံ–သပိတ်တစ်လုံးတည်း၌ ရောင့်ရဲခြင်းတည်းဟူသောဓမ္မကို၊ ဓာရယန္တော –ဆောင်လျက်၊ အာဟာရံ–ကို၊ ပရိဘုဉ္ဇေယျ၊ ပရိဘုဉ္ဇိတုံ သက္ကုဏေယျ–ဘုဉ်းပေးခြင်းငှာတတ်နိုင်သည်ဖြစ်ရာ၏။ အညော–ပတ္တပိဏ္ဍိကမှတစ်ပါးသော၊ ကော–အဘယ်မည်သောပုဂ္ဂိုလ်သည်၊ ပရိဘုဉ္ဇေယျ၊ ပရိဘုဉ္ဇိတုံ၊ သက္ကုဏေယျ–စားခြင်းငှာတတ်နိုင်လတ္တံ့နည်း။ **(ဝိနယသမူဟ (ပ) စာ – ၅၄၅၊ ၅၄၈)**

❧ ❧ ❧

"ဂ" ခလုပစ္ဆာဘတ္တိကရတင်္ဂဝိနိစ္ဆယ

အတိရိတ္တဘောဇနံ– ပဝါရိတ်သင့်ပြီးသောနောက်မှ ရသောဆွမ်းကို ဝိနည်းကံအလျှောက် အတိရိတ်ပြု၍စားခြင်းကို၊ ပဋိက္ခိပါမိ–၏။ ခလုပစ္ဆာဘတ္တိကင်္ဂ– မြစ်ပြီးသည်မှနောက်၌ရသော ပစ္ဆာဘတ်ကို ဝိနည်းကံအလျှောက်ပြု၍ မဘုဉ်းပေးခြင်းတည်းဟူသော ဓူတင်ကို (ဝါ) ခလုပစ္ဆာဘတ္တိကင်္ဂ–ခလုမည်သော ငှက်၏ အစာဆုံးခြင်းကဲ့သို့ မြစ်မိသည်နှင့်တစ်ပြိုင်နက်သော ဆွမ်းဘုဉ်းပေးခြင်းရှိသော ဓူတင်အင်္ဂါကို၊ သမာဒိယာမိ – ၏ ။

ဤ၌ ပဝါရိတ်အဘယ်သို့ သင့်သနည်း။ အတိရိတ်မည်သည် အသို့နည်းဟူမူကား အသနံ ဘောဇနဉ္စ၀၊ အဘိဟာရော သမီပဋ္ဌော။ ကာယဝါစာ ပဋိက္ခေပေါ၊ ပဉ္စ အင်္ဂါ ပဝါရဏာ–ဟူသောဂါထာကို မှီ၍ သိရာ၏။ ။ အသနံ–အပ် မအပ်သောဘောဇဉ်ကို စားဆဲလည်းဖြစ်စေ၊ ဘောဇနဉ္စ၀–ကပ္ပိယဘောဇဉ် ငါးပါးတို့တွင် တစ်ပါးပါးကို ကပ်လာသည်လည်းဖြစ်စေ၊ အဘိဟာရော–မိမိသို့ ရှေးရှုဆောင်ခဲ့သည်လည်းဖြစ်စေ၊ သမီပဋ္ဌော–ဟတ္ထပါသ်တွင်းသို့လည်း ရောက်သည်ဖြစ်စေ၊ ကာယဝါစာ–ကိုယ်နှုတ်ဖြင့်၊ ပဋိက္ခေပေါ–တန်ပြီဟူ၍ မြစ်လင့်သည်လည်းဖြစ်စေ၊ ဣတိ–သို့၊ ပဉ္စအင်္ဂါ–ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော၊ ပဝါရဏာ–ပဝါရိတ် သင့်ခြင်းသည်၊ ဟောတိ–ဖြစ်၏။

ဤသို့ စားဆဲကပ်လာသော၊ ထမင်း၊ မုန့်၊ မုယောမုန့်၊ ငါးအမဲဟူသော ကပ္ပိယဘောဇဉ်ကို အလံတန်ပြီဟု ကာယဝါစာဖြင့်မြစ်လင့်သော ရဟန်းအား။ အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသည်ရှိသော် ပဝါရိတ်သင့်ခြင်း ဖြစ်၏။ ထိုသို့ ပဝါရိတ်သင့်သောရဟန်းသည် နောက်ကာလရိယာပုထ်တစ်ပါး၌ ရသောဆွမ်းကို သူနာ ရဟန်းမှကြွင်းသော ဂိလာနတိရိတ်ကိုသာ ဘုဉ်းပေးရ၏။ ထိုမှတစ်ပါးကိုကား ဝိနည်းကံ အတိရိတ်ပြုမှ ဘုဉ်းပေးရ၏။ အဘယ်သို့ပြုရအံ့နည်းဟူမူကား ထိုရသောဆွမ်းကိုယူ၍ ဝိနည်းတတ်သော ပုဂ္ဂိုလ်သို့ကပ်၍ ''အတိရိတ္တံ ကရောထ ဘန္တေဟူ၍လည်းကောင်း၊ အတိရိတ်ပြုပါလောဟူ၍လည်းကောင်း စွန့်အပ်၏။ ထို ဝိနည်းဓိုရ်သည်ကား ထိုဆွမ်းကိုလက်ဖြင့်သုံးသပ်၍ စားပြီးသောအချင်းအရာကိုပြု၍ ''အလ မေတံ သဗ္ဗံ''ဟူ၍ ဤမျှလောက်တန်ပြီ။ ဤကြွင်းသရွေ့သည်ကား အရှင်ဘို့တည်းဟူ၍ ထိုရဟန်းအား ပေးပြန်အပ်၏။

ဝိနည်းဋီကာဆရာကား တစ်လုတ်လည်းကောင်း၊ နှစ်လုတ်လည်းကောင်း စားဦး၍ စွန့်ပြန်အပ်ဟူ၏။ ဤသို့ဆွမ်းကြွင်းဟူသော ဝိနည်းကံကိုပြု၍ရပြီးမှ ဘုဉ်းပေးအပ်သော ဆွမ်းသည်လျှင် အတိရိတ္တဘောဇဉ်မည်၏။ ။ အတိရေကဿ–စားရာမှ ကြွင်းသည်၏၊ ဘာဝေါ–အဖြစ်တည်း၊ အတိရိတ္တံ–စားရာမှ ကြွင်းသည်၏အဖြစ်။ ဤသို့ ဝိနည်းကံပြုရသည်ကို ပလိဗောဓရှိနိုး၍ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိဟု ဓူတင်ဖြင့်ပယ်ခြင်းသည်လျှင် ခလုပစ္ဆာဘတ္တိကင်္ဂမည်၏။

ထို့ကြောင့် ရကား တေန ပန ခလုပစ္ဆာဘတ္တိကေန ပဝါရိတွာ ပုန ဘောဇနံ ကပ္ပိယံ ကရိတွာ န ဘုဥ္ဇိတဗ္ဗံ ဟူသတည်း။ အဓိပ္ပာယ်ကား ထိုသို့သော တည်ပြီးသောယောဂီသည်ကား ဆိုအပ်ခဲ့ပြီးသော နောင်ကာလရိယာပုထ်တစ်ပါး၌ရသော ဘောဇဉ်ကိုအပ်အောင် အတိရိတ်ကံပြု၍ မဘုဉ်းပေးအပ်ဟူလိုသော်၊ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား၊ ဤယောဂီသည်လည်း ဥက္ကဋ္ဌ–မဇ္ဈိမ–မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထို (၃)ပါးတို့တွင် **ဥက္ကဋ္ဌ** ပုဂ္ဂိုလ်အား အကြင်ကြောင့် ရှေးဦးစွာ စွန့်ကာတည်းသောအလုပ်၌ ပဝါရဏာအမည်သည် မဖြစ်ကောင်းသေး၊ ထိုဆွမ်းလုပ်ကို မျိုပြီးမှ တစ်ပါးလာလတ်သည်ကို မြစ်လင့်သောသူအားသာလျှင် ပဝါရဏာမည်၏။ ထို့ကြောင့် ထိုသို့ဖြစ်သည်ရှိသော် ရှေးဦးစွာပြုပြီးသော ဆွမ်းလုတ်နှင့်သာလျှင် ထိုနေ့ကို သည်းခံအပ်၏။ ဒုတိယဆွမ်းလုတ်နှင့် တကွသောသပိတ်၌ ကြွင်းသရွေ့ကို မဘုဉ်းပေးအပ်ပြီ၊ ဘုဉ်းပေးချေမူ ဥက္ကဋ္ဌ အဖြစ်မှ ကျ၏။ မဇ္ဈိမအားကား အကြင်ဆွမ်းကို ဘုဉ်းပေးနိုက်မြစ်၏။ ထိုအခိုက် သပိတ်၌ ကြွင်းသရွေ့ကိုသာ ဘုဉ်းပေးအပ်၏။ တစ်ပါးလာသည်ကို မယူအပ်ပြီ။ မုဒုကား အကြင်ရွေ့လောက်နေရာမှ မထသေး၊ ထိုရွေ့လောက်ကြွင်းသည်ကိုလည်း ဘုဉ်းပေးအပ်၏။ တစ်ပါးလာသည်ကိုလည်း ယူအပ်၏။ ဤကား ပဘေဒတည်း။

''ဘေဒအားဖြင့်ကား ဤ(၃)ယောက်သော ပုဂ္ဂိုလ်တို့အားကား ပဝါရိတ်သင့်ပြီးမှ နောက်ကွာရိယာပုထ်၌ ရပြန်သော ဘောဇဉ်ဆွမ်းကို အပ်အောင် အတိရိတ်ပြု၍ ဘုဉ်းပေးသောခဏ၌ ဓုတင်ပျက်၏။ ဤကား ဘေဒတည်း။

''အာနိသံသကား အတိရိတ္တဘောဇနာပတ္တိဖြင့် အာပတ်မသင့်ခြင်း၊ ဩဒရိကတ္တာဘာဝေါ–ဝမ်းပြည့်အောင်စားခြင်း၏ မရှိခြင်း၊ နိရာမိသသန္နိဓိတာ တဖန်မရှာမှီးရခြင်း။ အပ္ပိစ္ဆတာ အစရှိသောဓမ္မတို့အား အစဉ်လျော်စွာဖြစ်ခြင်း အကျိုးတည်း။

'ပရိယေသနာယ ခေဒံ န ယာတိ၊ န ကရောတိ သန္နိဓိံ ဓီရော။
ဩဒရိကတ္တံ ပဇဟာတိ၊ ခလုပစ္ဆာဘတ္တိကော ယောဂီ။
'တသ္မာ သုဂတပ္ပသတ္ထံ၊ သန္တောသဂုဏာဒိဝုမိသဉ္ဇနနံ။
ဒေါသေ ဝိဓုနိတုကာမော၊ ဘဇေယျ ယောဂီ ဓုတင်္ဂမိဒန္တိ။

'ဓီရော–သော၊ ခလုပစ္ဆာဘတ္တိကော–သော၊ ယောဂီ–သည်၊ ပရိယေသနာယ–ဖြင့်၊ ခေဒံ–ပင်ပန်းခြင်းသို့။ န ယာတိ–မရောက်၊ သန္နိဓိံ – ကိုလည်း၊ န ကရောတိ–မပြု၊ ဩဒရိကတ္တံ–ကိုလည်း၊ ယသ္မာ–ကြောင့်၊ ပဇဟာတိ–၏။ တသ္မာ–ကြောင့်၊ သုဂတပ္ပသတ္ထံ–မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော။သန္တောသဂုဏာဒိ ဝုမိသဉ္ဇနနံ–သန္တောသဂုဏ် အစရှိသော ကျေးဇူးတို့၏ပွားခြင်းကို ဖြစ်စေတတ်သော။ ဣဒံ ဓုတင်–ဤဓုတင်ကို။ ဒေါသေ–မဟိစ္ဆာအစရှိသော ဒေါသတို့ကို။ ဝိဓုနိတုကာမော–ခါခြင်းငှာ အလိုရှိသော ယောဂီသည်၊ ဘဇေယျ–အာသေဝနံ ကရေယျ–မှီဝဲခြင်းကို ပြုရာ၏။ **(ဝိနယသမူဟ (ပ) စာ – ၅၅၀)**

ဂ။ အာရညိကဓုတင်ဝိနိစ္ဆယ

''ဂါမန္တသေနာသနံ–ဂါမ၊ ဂါမူပစာရတို့မှ အပြင်ကုလလေးတာ ပြန်ငါးရာတွင်း၌ဖြစ်သော အရပ်ဟူသော ဂါမန္တသေနာသန၌ အရဏ်တက်စေခြင်းကို။ ပဋိက္ခိပါမိ–၏။ ဤကား 'ဂါမန္တသေနာသနံ ပဟာယာတိ ဧတ္ထ ဂါမော ဂါမူပစာရော စ တတော ဗဟိ။ ပဉ္စဓနုသတိကပ္ပမာဏဥ္စ ဌာနံ သဗ္ဗမေတံ ဌာနတ္တယံ ဣဓ

ဂါမန္တသေနာသနန္တိ အဓိပ္ပါယော။ တသ္မိံ ဂါမန္တသေနာသနေ အရုဏုဋ္ဌာပနံ ဣဓ ဂါမန္တသေနာသနံ ဥတ္တရပဒ လောပေန တံ ပဋိက္ခိပါမီတိ အတ္ထော''ဟူသော ဝုလ္လဋီကာပါဌ်နှင့် အညီတည်း။

'တစ်နည်းသော်ကား 'ဂါမန္တသေနာသနံ–ဥပစာနှင့်တကွသော ရွာဦးကျောင်းကို။ ပဋိက္ခိပါမိ–၏။ ဤကား 'သဒ္ဒိံယေဝ ဥပစာရေန ဂါမောယေဝ ဂါမန္တသေနာသနံဟူသော မဟာဋီကာပါဌ်နှင့်အညီတည်း။ ။ အာရညိကင်္ဂ– ထိုဂါမန္တမှပြင်ဖြစ်သောတောဌ် အရုဏ်တက်စေခြင်းတည်းဟူသော အင်္ဂါကို။ သမာဒိယာမိ–၏။ ဤကား သမာဒါနတည်း။

''ထိုသို့ ဆောက်တည်ပြီးသော အာရညိကင်္ဂယောဂီသည်ကား ထိုသို့ဆိုအပ်ပြီးသော ဂါမ ဂါမူပစာရ တို့မှ ပြင်ပတာငါးရာတွင်းတည်းဟူသော ဂါမန္တသေနာသနအရပ်ကိုကြဉ်၍ ထိုမှပြင်ပဖြစ်သော တောအရပ်၌ အရုဏ်ကိုခံအပ်၏။ ဤသို့သော အနက်ကိုရည်၍လျှင် 'တတ္ထ သဒ္ဒိံ ဥပစာရေန ဂါမောယေဝ ဂါမန္တသေနာသနံ။ ဟူ၍ အဋ္ဌကထာဆရာဆိုတော်မူသည်။ ထို (၃) ပါးသော ဂါမ၊ ဂါမူပစာရ၊ အရညတို့တွင် ဂါမ–မည်သည် ကား၊ ယောကောစိ–အမှတ်မရှိသော၊ ဧကကုဋိကော ဝါ–တစ်အိမ်တည်းသာရှိသော ရွာသည်လည်းကောင်း။ အနေကကုဋိကော ဝါ–တစ်ပါးမကသော အိမ်ခြေရှိသော ရွာသည်လည်းကောင်း။ ပရိက္ခိတ္တော ဝါ– အရာမ်ရှိ သော်လည်းကောင်း၊ အပရိက္ခိတ္တော ဝါ–လည်းကောင်း၊ သမနုဿော ဝါ–လည်းကောင်း၊ အမနုဿော ဝါ–လည်းကောင်း။ အန္တမသော–ခပ်သိမ်းစုံအောက် ယုတ်သောအပိုင်းအခြားဖြင့်။ အတိရေကစာတုမာသနိဝိဋ္ဌော – မိုးလေးလထက်လွန်၍တည်သော။ ယောကောစိ–သော။ သတ္ထောပိ ဝါဏိဇာသမူဟောပိ–လှည်းကုန်သည် လှေကုန်သည် ခြေကုန်သည်တို့၏ အပေါင်းသည်လည်း၊ ဂါမောနာမ – ရွာမည်၏။ ထိုသူတို့သည် လေးလ လွန်အောင် တဲတပ်ပြု၍နေသော်လည်း ရွာမည်၏ဟူလိုသတည်း။ ဤကား ရွာ၏လက္ခဏာတည်း။

ဂါမူပစာရဟူသည်ကား–အရာမ်ရှိသော အနုရာဓပြည်ကဲ့သို့ နှစ်ခုသော တံခါးခုံရှိသော ရွာဖြစ်အံ့။ အတွင်းဖြစ်သော တံခါးခုံ၌ရပ်၍ပစ်သော အားလျစ်လျူရှိသော ယောကျ်ား၏ အုတ်ခဲကျရာအရပ်ဟူ၍ မှတ်အပ်သော လက္ခဏာရှိ၏။ ဤ၌အကြင်လူသူငယ်တို့သည် မိမိ၏အားကို ပြသည်ဖြစ်၍ လက်ရုံးကိုဆန့်၍ ပစ်အပ်၏။ ထိုကဲ့သို့ပစ်သော အုတ်ခဲ၏ကျရာမှအတွင်းသည်ကား ဂါမူပစရမည်၏ဟု ဝိနည်းမိုရ်ဆရာတို့ ဆုံးဖြတ်ကုန်၏။

သုတ္တန္တိကဆရာတို့သော်ကား။ ကျီးကိုဟန့်နှင်သော အခြင်းအရာဖြင့်ပစ်သော အုတ်ခဲ၏ကျရာမှ အတွင်းဟူ၍ ဆုံးဖြတ်ကုန်၏။ ဤနောက်နည်းလျှင် ပမာဏတည်း။ အရံမရှိသော ရွာ၌ကား ပြင်စွန်းဆုံး၌ တည်သော အိမ်တံခါး၌ရပ်သော မာတုဂါမသည် အိုးခွက်ဖြင့် ရေကိုသွန်ပစ်၏။ ထိုရေကျရာသရွေ့သည်ကား ဃရူပစာရမည်၏။ ထိုမှ အုတ်ခဲတကျသည်ကား ဂါမမည်၏။ ဒုတိယပစ်သော ခဲတကျကား ဂါမူပစာရ မည်၏။ ဤကား ဂါမူပစာရလက္ခဏာတည်း။

အရညမည်သော လက္ခဏာကား ဝိနည်းပရိယာယ်အားဖြင့် ထိုဂါမဂါမူပစာရတို့ကိုကြဉ်၍ ပြင်ပအလုံးစုံ သော အရပ်တည်းဟုလာ၏။ အဘိဓမ္မာပရိယာယ်၌ကား ဂါမ၏ ဣန္ဒခီလတံခါးခုံမှထွက်၍ အပြင်အလုံးစုံသော အရပ်ဟု လာ၏။ ဤသို့သော ပဋိပတ္တိ၏အရာဖြစ်သော သုတ္တန်ပရိယာယ်၌ကား၊ လေးအပြန်ငါးရာ၏ အဆုံး၌ တည်သောအရပ်သည်လျှင် အာရညိကသေနာသနဟု လာ၏။ ဤနောက် နည်းအဆုံးဖြတ်သည်သာ လျှင် ဤ၌ ပမာဏတည်း။ ထို့ကြောင့် ဋီကာဆရာလည်း အယဥ္စ သုတ္တဝဏ္ဏနာတိ ဣဓ သဗ္ဗတ္ထသုတ္တန္တိက ကထာဝ ပမာဏံ, ဟုအစရှိသည်ကို ဆိုသတည်း။ ဤပါဌ်၌ သဗ္ဗတ္ထသဒ္ဒါဖြင့် အုတ်ခဲပစ်ရာ၌လည်း သုတ္တန် ဝိနည်းကို ယူလေဟု ပြတော်မူ၏။

'တံ အာရောပိတေန အာစရိယဓနုနာ ။ပ။ ဝဝတ္ထပေတဗ္ဗံ။ အဋ္ဌကထာ – အနက်အဓိပ္ပာယ်ကား– ထိုသို့သော လေးအပြန်ငါးရာကိုကား တင်အပ်သော ညှို့ရှိသောဆရာစွဲလမ်းအပ်သော ယခုအခါ ပကတိရှိသော လူတို့၏အတောင်ဖြင့် လေးတောင့်ထွာရှိသော လေးကိုတင်သောအခါ ရှစ်ထွာအတိုင်းအရှည်ရှိသော လေးညှို့၏ ပမာဏရှိသော လေးတောင်သော တာဖြင့် နှိုင်းယှဉ်အပ်၏ဟူလိုသော်။

ထို့ကြောင့် စုလ္လဋီကာ၌ ''အာရောပိတေနာတိ အာရောပိတဇိယေန ဧတေန ဓနုသ ဝက်တာ ရဿတ္တံ ဒဿေတိ။ ဓနုသိပ္ပေ အာစရိယာနံ နာတိမဟန္တံ။ ဓနုဒဏ္ဍမေတ္တ ပမာဏန္တိ အာစရိယဓနုနာတိ တံ ပန ဣဒါနိ မနုဿာနံ စတုဟတ္ထပ္ပမာဏံ။ တဥ္စ အာရောပိတံ အဋ္ဌဝိဒတ္ထိပမာဏန္တိ ဝဒန္တိ–ဟု ဖွင့်တော်မူ၏။ ကေစိ အပရေ မဆိုမူ၍–ဝဒန္တိဟု သက်သက်လာသော စကားကိုကား ပါဠိအဋ္ဌကထာ၌မလာသော ပမာဏ မြောက်သော ဆရာတို့၏အယူဖြစ်သော လိုအပ်သောစကားဟူ၍ ဝိနည်းဋီကာ၌ လာ၏။

ထို့ကြောင့် ထိုသို့သော ပမာဏရှိသောအားဖြင့် အရံရှိသောရွာ၌ မြို့၌ကား။ တံခါးခုံမှစ၍ အရံမရှိသော ရွာ၌ကား ရှေးဦးစွာသော အုတ်ခဲကျရာမှစ၍ ကျောင်း၏ အရံတိုင်အောင် တာ၍ထားအပ်၏။ အကယ်၍ကား ကျောင်း၌ အရံမရှိသည်ဖြစ်အံ့။ ခပ်သိမ်းစုံ၏ရှေးဦးစွာ–အကြင်ကျောင်းသည်လည်းကောင်း၊ ဆွမ်းစားဇရပ်သည် လည်းကောင်း၊ အမြဲစည်းဝေးသောအရပ်သည်လည်းကောင်း။ ဗောဓိစေတီသည်လည်းကောင်း၊ ကျောင်းမှ အဝေး၌တည်သည်မူလည်းဖြစ်စေ၊ ထိုရှေးဦးစွာတည်သော ကျောင်းစေတီကို အပိုင်းအခြားပြု၍ ထားအပ်၏ဟု ဝိနည်းအဋ္ဌကထာ၌လာ၏။

မဇ္ဈိမအဋ္ဌကထာ၌သော်ကား ကျောင်း၏ဥပစာကိုလည်း ရွာ၏ဥပစာကဲ့သို့ထုတ်၍ ရှေးဦးစွာတည်သော ကျောင်းစေတီမှလည်းကောင်း၊ ဆွမ်းစားဇရပ်မှလည်းကောင်း၊ ရပ်၍အရံမရှိသော ရွာမှာကား ကာကနိဝါရဏ–နည်းအားဖြင့် ပစ်အပ်သော အုတ်ခဲတကျကဲ့သို့ ပစ်အပ်သော ခဲတကျကို ခဲအရှိတွင် တာဦး၍ ကျောင်းရွာ (၂)ပါးတို့မှကျသော အုတ်ခဲ၏အကြားတို့၌ အပြန်ငါးရာကို ပြည့်အောင်တာအပ်၏ဟု လာ၏။ ဣဒမေတ္ထ ပမာဏံ–ဤနောက်စကားသည်လျှင်ပင် ပမာဏတည်း။ ဤစကားကား အရံမရှိသော ကျောင်းရွာမှာကိုသာ လွယ်သည်။ အရံရှိသော ကျောင်းရွာမှာကား ရှေးဆိုတိုင်း တံခါးခုံမှသည် တံတိုင်းတိုင် အောင် ယူမြဲပင်။ အဘယ်ကြောင့် သိရသနည်းဟူမူကား။ ကာကနိဝါရဏနိယာမေနာတိ ဣဒံ လေဍ္ဍုပါ တလက္ခဏံ၊ သုတ္တန္တိကာနံ အပရိက္ခိတ္တဂါမာရညာနံ တပ္ပရိစ္ဆေဒဇာနနတ္ထံ ဣစ္ဆိတံ၊ န ပန ဂါမူပစာရပရိစ္ဆေဒ ဇာနနတ္ထံ ဣန္ဒခီလတော ပဥ္စဓနုသတိကဥ္စာနသေဿဝ သုတ္တန္တိကေဟိ ဂါမူပစာရဘာဝေန ဣစ္ဆိတတ္တာ–ဟူ၍ စုလ္လဋီကာ ဆိုသောကြောင့် သိရသတည်း။

ဤစကားသည်လျှင် ပရိက္ခိတ္တဿ ဂါမဿ ဣန္ဒခီလတော ။ လ ။ ဝဝတ္ထပေတဗ္ဗံဟူသော အဋ္ဌကထာနှင့်လည်း ညီသည်ပင်။ ကုလလေးတာ အပြန်ငါးရာသည် ဤအရပ်၌ သုတ္တန်နည်းအားဖြင့် ဂါမူပစာရမည်၏။ ထို့ကြောင့် အောက်၌ သဋ္ဌိ ဥပစာရေန ဂါမောယေဝ ဂါမန္တသေနာသနံဟုဆိုခဲ့သော အနက်မှာလည်း ငါးရာသည်အတွင်းဝင်၏။ အရညကသိက္ခာပုဒ်၌ လေးပြန်ငါးရာဟု လာသည်လည်း အာရညိက ရဟန်းကို ရည်၍ ပညတ်ဆုံးဖြတ်အပ်သော သုတ္တန်နည်းပင်မှတ်အပ်၏။

အကယ်၍လည်း ရွာသည်ကျောင်းနှင့် နီးသည်ဖြစ်၏။ ကျောင်း၌တည်သော ရဟန်းတို့သည် လူ၏ အသံကိုကြား၏။ တောင်၊ ရေ၊ ချောင်း၊ ချောက်၊ ကမ်းပါးပြတ်ခြားခြင်းကြောင့်မူကား အဖြောင့်သွားခြင်းငှာမတတ်ကောင်း။ အကြင်ခရီးသည် ထိုရွာ၏ ပကတိသောခရီးဖြစ်၏။ အကယ်၍ လှေဖြင့်သွားအပ်သည် လည်း ဖြစ်စေ၊ ထိုသွားမြဲသော ခရီးဖြင့်လျှင် လေးအပြန်ငါးရာကို ယူအပ်၏။

အကြွင်ရဟန်းသည်ကား နီးသောရွာ၏ခရီးကို အင်္ဂါပြည့်စုံစိမ့်သောငှာ ထိုမှဤမှပိတ်၏။ ထိုသို့သောရဟန်းသည် ဓုတင်စောရမည်၏။ အကယ်၍လည်း အာရညိကရဟန်းတို့၏ ဆရာဥပဇ္ဈာယ်သည် နာသည်ဖြစ်အံ့ ထိုယောဂီသည်ကား တော၌သပ္ပာယကိုမရသည်ရှိသော် ဂါမန္တကျောင်းသို့ဆောင်၍ လုပ်ကျွေးအပ်၏။ ညဉ့်ကထ၍ အင်္ဂါရရာအရပ်သို့ထွက်၍ အရုဏ်ခံအပ်၏။ အကယ်၍ကား အရုဏ်တက်သောအခါ၌ ဆရာ အနာသည်းသည်ဖြစ်အံ့၊ ထိုဆရာ၏ ကိစ္စကိုလျှင် ပြုသည့်ရာ၏။ ဤသို့သောအရာ၌ ဓုတင်ကိုသာသုတ်သင်လေ့ရှိသော ဓုတင်သုဒ္ဓိကသည်မဖြစ်ရာ၊ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား အာရညိကယောဂီသည်လည်း ဥက္ကဋ္ဌ–မဇ္ဈိမ–မုဒုဟူ၍ (၃)ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် **ဥက္ကဋ္ဌ** ပုဂ္ဂိုလ်သည်ကား ခပ်သိမ်းသော ဥတုပတ်လုံးအာရညိကရသော တော၌သာ အရုဏ်ခံရာ၏။ မဇ္ဈိမပုဂ္ဂိုလ်ကား ဝါဆိုလဆုတ်တစ်ရက်မှစ၍ တန်ဆောင်လမုန်းလပြည့်တိုင်အောင် လေးလပတ်လုံး ဝဿန္တုဥတု၌ ဂါမန္တ၌ နေခြင်းငှာ ရအပ်၏။ မုဒုကား တပေါင်းလပြည့်တိုင်အောင် မိုးဥတု၊ ဆောင်းဥတုဟူသော ရှစ်လပတ်လုံး ဂါမန္တ၌ နေရာ၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်သော်ကား က္လမေသံ ပန တိဏ္ဏံပိ ယထာပရိစ္ဆိန္နေ ကာလေ၊ ။ လ ။ဘိဇ္ဇတိ ။ ဤ (၃)ယောက်သော ပုဂ္ဂိုလ်တို့အားကား အကြွင်အကြွင် ပိုင်းခြားခဲ့တိုင်းသော ဥက္ကဋ္ဌအား သုံးပါးသောဥတု။ မဇ္ဈိမအား (၂)ပါးသော ဥတု၊ မုဒုအား (၁)ပါးသော ဂိမှန္တဥတု၌ တောကျောင်းအရညမှသည် ဂါမန္တအရပ်သို့လာ၍ အရုဏ်တက်သောခဏ၌ ဓုတင်ပျက်၏။ ဤကား **မဟာဋီကာ** အညီတည်း။

စူဠဋီကာ အလိုကား ။ ယထာပရိစ္ဆိန္နေတိ မုဒုကဿ ပရိစ္ဆိန္နေ ဂိမှန္တဥတုမှိဟုဖွင့်၍ အကြောင်းကိုဤသို့ဆို၏။ အကြွင်ကြောင့် မုဒုကအားပျက်ခြင်းဘေဒသည် ဖြစ်၏။ ထိုမုဒုကသည်ပျက်ကောင်းသောဂဟပတိ ဒါနကိုယူမှတ်လျှင် သုံးပါးပျက်ကောင်းသကဲ့သို့ ဤ၌လည်း ထိုဓုတင်ကဲ့သို့သာ ပျက်ကောင်း၏ဟူလိုသတည်း။ ထို့ကြောင့် တေနေဝ စ သေသဓုတင်္ဂေသု တိဏ္ဏမ္ပိ ဧကတော ဘေဒေါ ဝုတ္တောဟူ၍ဆိုသတည်း။

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ–ဟူသော ပဋိက္ခေပ၌ ဂါမန္တသေနာသနေ အရုဏုဋ္ဌာပနံ ပဋိက္ခိပါမိဟူ၍ ပယ်ခြင်းသည် ဥတုဝိသေသကိုမမှတ်မူ၍ ဒေသအရုဏ်ကိုသာ မုချပယ်အပ်၏။ ယံ ပဋိက္ခိပတိ ဝတ္ထုံဟုဆိုခဲ့ရကား ပဋိက္ခေပဝတ္ထုသည်လည်း သင့်ပါကောင်း၏။ အဘယ်ကြောင့်နည်းဟူမူကား ဂါမန္တ (လ) ပဋိက္ခိပါမိဟူ၍ သာမညအားဖြင့် ဆောက်တည်ခြင်းသည်လျှင် မုဒုကအားမိမိလိုအပ်သော နွေဥတုသည် အလိုအလျောက်အားဖြင့် ဝိသေသဖြစ်သကဲ့သို့ ဂါမန္တ ။ ပ ။ ပဋိက္ခိပါမိဟူ၍ သာမညအားဖြင့် ပယ်သည်ရှိသော်လည်း ဂိမှန္တဥတုကိုပဋ္ဌာနပြု၍ ပယ်ခြင်းသည် ဖြစ်ကောင်း၏။

ယထာပရိစ္ဆိန္နေပိ ကာလေ ဟူသော အဋ္ဌကထာသည်လည်း မုဒုက–ကိုပဋ္ဌာနပြု၍ ထားအပ်သည်ဖြစ်မူ စူဠဋီကာစကားသင့်သည်ပင်။ ထို့ကြောင့် နောက် ''ယထာသန္တတိဓုတင်''၌ သေနာသနလောလုပ္ပေဥပ္ပန္နေမတ္တေ–ဟု အဋ္ဌကထာ။ သာမည၌ မုဒုကဿ အသတိ ရောဂေ ယထာ ဂါဟိတံ၊ ပဟာယ အရညဿ သေနာသနဿ ဂဟဏံ လောလုပ္ပံ မဇ္ဈိမဿ ဂန္တွာ။ ဩလောကနာ ဥက္ကဋ္ဌဿ ပုစ္ဆနာ သဗ္ဗေသမ္ပိ ဥဋ္ဌာပေတွာ ဂဟဏေ ဝတ္တဗ္ဗမေဝ နတ္ထိဟူသော အနက်ဝိသေသကို မဟာဋီကာဖွင့်သည်နှင့်လျော်၏။ သင့်သည်ပင်၊ ဆရာတို့သော်ကား ရှေးမဟာဋီကာနည်းကို ကြိုက်လေကုန်၏။

အရညတော–မှ၊ အာဂန္တွာ–၍၊ ဂါမန္တသေနာသနေ–၌၊ ဓမ္မသာဝနံ–ကို၊ သုဏာန္တာနံ–နာကုန်စဉ်၊ အရုဏော–သည်၊ ဥဋ္ဌိတေပိ–လည်း၊ ဓုတင်္ဂံ–သည်၊ န ဘိဇ္ဇတိ–မပျက်၊ သုတွာ–၍၊ ဂစ္ဆန္တာနံ–ကုန်စဉ်၊ အန္တရာမဂ္ဂေ–၌၊ ဥဋ္ဌိတေပိ– သော်လည်း၊ နဘိဇ္ဇတိ–မပျက်၊ သစေပန–ကား၊ ဓမ္မကထိကော–သည်၊ ဥဋ္ဌိတေပိ–

သော်လည်း၊ မုဟုတ္တံ–ငယ်၊ နိပဇ္ဇိတွာ–၍၊ ဂမိဿာမ–ကုန်အံ့၊ ဣတိ–သို့၊ နိဒ္ဒါယန္တာနံ–အိပ်ကုန်စဉ်၊ အရုဏံ–သည်၊ ဥဋ္ဌဟတိ–၏၊ အတ္တနော–၏၊ ရုစိယာ ဝါ–ဂါမန္တ၌နေခြင်းငှာတပ်သော ရုစိ–ဆန္ဒအားဖြင့်လည်း၊ ဂါမန္တသေနာသနေ–၌၊ အရုဏံ–ကို၊ ဥဋ္ဌာပေန္တဿ–သော်၊ ဓုတင်္ဂ–သည်၊ ဘိဇ္ဇတိ–၏၊ ဤကား ဘေဒတည်း။

အာနိသံသကား ''အရညသညံ မနသိကရောန္တော သဗ္ဗော အလဒ္ဓံဝါ သမာဓိ ပဋိလဒ္ဓုံ၊ လဒ္ဓံ ဝါ ရက္ခိတုံ။ ။ ဤသို့ တောအရပ်၌နေခြင်းသည်ကား ဝိဝေကရသကိုအလိုရှိသော အရိယာသူတော်ကောင်းတို့၏ အကျင့်တည်းဟူသော အရညသညာကိုမျှလည်း နှလုံး၌ပြုသည်ရှိသော် မရသေးသောသမာဓိကိုလည်းရ၏။ ရပြီးသော သမာဓိကိုလည်း စောင့်နိုင်၏။ သတ္ထာပိဿ အတ္တမနော ဟောတိ၊ မြတ်စွာဘုရားသော်လည်း ထိုယောဂီအား ဝမ်းမြောက်သည်ဖြစ်၏။

ပန္တသေနာသနေ ။ လ ။ န ဝိက္ခိပတိ–စွန့်သောတောကျောင်းနေသော အရညဝါသီ၏စိတ်ကို အသပ္ပာယဖြစ်သော ရူပါရုံအစရှိသည်တို့သည်လည်း မပျံ့လွင့်စေနိုင်။ ဝိဂတသန္တာသော ဟောတိ–အခါ ခပ်သိမ်းကင်းသော ထိတ်လန့်ခြင်းရှိသည်ဖြစ်၍၊ ဇိဝိတနိကန္တိံ ပဇဟတိ–သစ်ကျားအစရှိသော ဘေးရန်နှင့်တကွနေခြင်းကြောင့် အသက်၌တပ်သော နိကန္တိကိုလည်း စွန့်နိုင်၏။ ပဝိဝေကသုခ ရသကိုလည်းခံစားရ၏။ ပံသုကူလအစရှိသောသက်န်းကို အရညဝါသီအားသာလျှင် လျှောက်ပတ်၏။

''ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။
''ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ ။
ပံသုကူလဉ္စ ဧသောဝ၊ ကဝစံဝိယ ဓာရယံ။
အရညသင်္ဂါမဂတော၊ အဝသေသဓုတာယုဓော။
သမတ္ထော နစိရဿေဝ၊ ဇေတုံ မာရံ သဝါဟနံ။
တသ္မာ အရညဝါသမှိ၊ ရတိံ ကယိရာထ ပဏ္ဍိတော။ ။

ပဝိဝိတ္တော–ဆိတ်ငြိမ်သော ကိုယ်စိတ်ရှိသော၊ အသံသဋ္ဌော–လူသာမဏေနှင့် မရောနှောထသော ပန္တသေနာသနေ–စွန့်သောတောကျောင်း၌၊ ရတော–ထသော၊ ဧကော–တည်း၊ ဝနဝါသေန–ဖြင့်၊ နာထဿ–၏၊ မာနသံ–နှလုံးတော်ကို၊ အာရာဓယန္တော–နှစ်သက်စေတတ်သော၊ ယတိ–ရဟန်းသည်၊ အရညေ–၌၊ နိဝသံ–နိဝါသေန–ဖြင့်၊ ယံ သုခံ–အကြင်အရဟတ္တဖလသုခကို၊ လဘတေ–၏၊ တဿ တာဒိသဿ–ထိုသို့သော ယောဂီ၏၊ ရသံ ပဝိဝေကရသံ–ထိုသို့သော ဝိဝေကရသကို၊ သဣန္ဒကာ– သိကြားနှင့် တကွ ကုန်သော၊ ဒေဝါအပိ–နတ်တို့သော်လည်း၊ နဝိန္ဒန္တိ–မခံစားရကုန်၊ သင်္ဂါမဂတော–သော၊ ခတ္တိယော–သည်၊ ကဝစံ–ချပ်ကို၊ ဓာရယံ ဝိယ–ဝတ်သကဲ့သို့၊ အဝသေသဓုတာယုဓော–ပံ့သုကူအာရညိကမှ ကြွင်းသော ဓုတင်တည်း ဟူသော ရန်အပေါင်းရှိထသော။ အရညသင်္ဂါမဂတော–အရညတည်းဟူသော စစ်မြေအရပ်သို့ ဝင်ထသော၊ ဧသောဝ–ထိုအရညဝါသီရဟန်းသည်လျှင်၊ ပံသုကူလဉ္စ–ပံ့သုကူကိုလည်း၊ ဓာရယံ ဓာရေတုံ ယုတ္တရူပေါ–ဆောင်ခြင်းငှာ လျှောက်ပတ်သည်၊ ဟုတွာ–၍၊ နစိရဿေဝ–မမြင့်မီလျှင်၊ သဝါဟနံ–အနုသယ တည်းဟူသော အားနှင့်တကွသော၊ မာရံ–ကိလေသာမာရ်ကို၊ ဇေတုံ–ငှာ၊ သမတ္ထော–စွမ်းနိုင်သည်။ ယသ္မာ–ကြောင့်၊ ဘဝိဿတိ–လတ္တံ့၊ တသ္မာ–တို့ကြောင့်၊ အရညဝါသမှိ–၌၊ ရတိံ–ကို၊ ပဏ္ဍိတော–သည်၊ ကယိရာထ–ပြုရာ၏။ **(ဝိနယာသမူဟ (ပ) စာ – ၅၅၆–၅၅၇)**

❧ ❧ ❧

"၉" ရုက္ခမူလိကဓုတင်ဝိနိစ္ဆယ

ဆန္ဒ–ဣဋ္ဌက အစရှိသော ငါးပါးအပြားအားဖြင့် မိုးအပ်သော အရိပ်ကို၊ ပဋိက္ခိပါမိ–၏။ ရုက္ခမူလိကင်္ဂ– သစ်ပင်၏အရင်းတည်းဟူသော အနီး၌နေသော အကျင့်ရှိသော ပုဂ္ဂိုလ်၏အကျင့်တည်းဟူသော အင်္ဂါကို၊ သမာဒိယာမိ–၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂီသည်ကား၊ ဘေးရန်မရှိသည်ဖြစ်၍ ချမ်းသာစွာနေခြင်းငှာ သီမန္တရိကရုက္ခဟူသော မင်းနှစ်ပါးတို့၏မြေခြား၌ဖြစ်သော သစ်ပင်ကိုလည်းကောင်း၊ စေတိယရုက္ခတည်းဟူသော လူတို့သည်မပြတ် ပူဇော်သောစေတီကဲ့သို့သော တောစိုးသစ်ပင်ကိုလည်းကောင်း၊ နိယျာသရုက္ခ သစ်စေးအစရှိသော သစ်ပင်ကိုလည်းကောင်း၊ ဖလရုက္ခ–အသီးရှိသော သရက် ပိန္နဲ အစရှိသော သစ်ပင်ကိုလည်းကောင်း။ ဝဂ္ဂုလိရုက္ခ–လင်းနို့ဆွဲသော သစ်ပင်ကိုလည်းကောင်း၊ သုသိရရုက္ခ–မြွေအစရှိသည် အောင်းကောင်းသော အခေါင်းရှိသော သစ်ပင်ကို လည်းကောင်း၊ ဝိဟာရမဇ္ဈေ ဋ္ဌိတရုက္ခ–အများတကာ သွားရာဖြစ်သော ကျောင်း၏အလယ်၌တည်သော သစ်ပင်ကိုလည်းကောင်း၊ ဤသို့သော သစ်ပင်ကိုကြဉ်၍ ကျောင်း၏ပစ္စန္တဟူသော အစွန်အပ၌တည်သော သစ်ပင်ကိုယူ၍ နေအပ်၏။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ရုက္ခမူလိကသည်လည်း ဥက္ကဋ္ဌ မဇ္ဈိမ မုဒုဟူ၍ (၃)ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား အကြိုက်နှစ်သက်သော သစ်ပင်ကိုပြုပြီးသော် သုတ်သင်စိမ့်သောငှာမအပ်။ ကျသောသစ်ရွက်ခြောက်တို့ကို ခြေဖြင့်ယက်၍သာ နေအပ်၏။ စုလ္လဋီကာကား သစ်ရွက်ခြောက်ကျသည်တို့ကိုလည်းလက်ဖြင့် ပယ်အပ်၏။

မဇ္ဈိမပုဂ္ဂိုလ်ကား ထိုသစ်ပင်သို့လာရောက်သောသူတို့ကိုသာ သုတ်သင်စေခြင်းငှာ အပ်၏။ မုဒုကပုဂ္ဂိုလ်ကား အရာမ်စောင့်သော သာမဏေတို့ကိုခေါ်၍ သုတ်သင်စေ၍ သဲကြဲစေ၍၊ တံတိုင်းအရာမ်ကိုပြုစေ၍ တံခါးကိုရှိစေ၍နေခြင်းငှာ အပ်၏။ ထို (၃)ယောက်သော ရုက္ခမူလိကကိုကား များစွာသောလူတို့သည် ပူဇော်သက္ကာရ ပြုလာသောအခါ၌ ထိုသစ်ပင်၌ မနေမူ၍တစ်ပါးသော ဖုံးလွှမ်းရာအရပ်သို့သွား၍ မိမိ၏ ရုက္ခမူလိက၏အဖြစ်ကို လျှို့ဝှက်ဖုံးလွှမ်းခြင်းငှာ နေအပ်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား သုံးယောက်သောပုဂ္ဂိုလ်တို့အားလည်း ဣဋ္ဌကဆန္န ဖလက ကိလဉ္ဇ၊ တိဏ၊ ပဏ္ဏဆန္နတည်းဟူသော အုတ်ကြွပ်၊ ပျဉ်၊ ဖျာ၊ သက်ငယ်၊ သစ်ရွက်တို့ဖြင့်မိုးအပ်သော အရိပ်၌နေလိုသောဆန္ဒဖြင့် နေခြင်းကိုပြုသောခဏ၌ ဓုတင်ပျက်၏။ ။ အင်္ဂုတ္တရဘာဏက ဆရာတို့၏အလိုအားဖြင့်ကား ''ထိုသို့သော ဆန္န၌နေခြင်းသည်ကား ''တရားနာခြင်း၊ အစရှိသည်တို့၌လည်းဖြစ်၏။ ထို့ကြောင့် ဆန္နဟူ၍သိလျက် ထိုသို့ အရုဏ်တက်သောခဏမျှ၌ ဓုတင်ပျက်၏။

ဓမ္မသဝနအစရှိသည်တို့၌ မပျက်ကောင်းသည်ကိုကား အထက်အဋ္ဌကထာသိကနှင့်တကွ အဋ္ဌကထာဋီကာလာ၏။ ထိုအဆုံးအဖြတ်ကို ဤဓုတင်သို့လည်း ဆောင်အပ်၏။ စုလ္လဋီကာ၌ကား ဆန္နေ ဝါသံ ကပ္ပိတလက္ခဏေတိ ဣဒံ စတ္တာရော ဝဿိကေ မာသေ ဌပေတွာ အဝသေသေသု အဋ္ဌမာသေသု ဝုတ္တံ ဆန္နေ ဝေ သေနာသနေ ဝါသံ ဥပဂန္တဗ္ဗတော။ ဝုတ္တံ ဟိ အဋ္ဌမာသော ခေါ မယာ ဒေဝဒတ္တ ရုက္ခမူလသေနာသနံ အနုညာတန္တိ။ ဥပရိ အဋ္ဌကထာသိကဂေပိ ဧသေဝ နယောဟူ၍ ဤသို့လာ၏။

ဤ၌အဓိပ္ပာယ်ကား ဝိနည်းပါဠိအဋ္ဌကထာတို့၌ အမိုးရှိသော သေနာသနဠ်သာ။ ဝါသို့ကပ်အံ့သောငှာ အဖြစ်ကိုလည်းကောင်း၊ ရှစ်လမျှသော ရုက္ခမူလသေနာသနကို ခွင့်ပြုတော်မူသောကြောင့်လည်းကောင်း၊ မိုးလေးလကိုကြည့်၍ ရှစ်လ၌သာ ပျက်ကောင်း၏။ ဤအတူ အဗ္ဘောကာသိကသည်လည်း မိုးလေးလ၌ ဆန္ဒသို့ကပ်ကောင်းသောကြောင့် ကြွင်းသောရှစ်လတို့သာ ပျက်ကောင်း၏။ ဟူလိုသော်။ ကောင်းစွာကြံအပ်၏။ ဤကား ဘေဒတည်း။

အာနိသံသကား ''ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ'' ဟူ၍ ဆုံးမတော်မူအပ်သော နိဿယအားလျော်စွာ ကျင့်သောအဖြစ်ရှိခြင်း၊ အဖိုးနည်းခြင်း၊ ရလွယ်ခြင်း၊ အပြစ်မရှိဟူ၍ ချီးမွမ်းတော်မူအပ်သော ပစ္စည်း၏အဖြစ်။ မပြတ်ကြွေသော သစ်ရွက်တို့ကိုမြင်သရွေ့ဖြင့် အနိစ္စသညာကိုရခြင်း အစရှိသော အကျိုးရှိ၏။

''ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယောတိစ ဘာသိတော။
နိဝါသော ပဝိဝိတ္တဿ၊ ရုက္ခမူလသမောကုတော။''
''အာဝါသမစ္ဆေရဟရေ၊ ဒေဝတာ ပရိပါလိတေ။
ပဝိဝိတ္တေ ဝသန္တောဟိ၊ ရုက္ခမူလမှိ သုဗ္ဗတော။''
''အဘိရတ္တာနိ နီလာနိ၊ ပဏ္ဍူနိ ပတိတာနိစ။
ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနူဒတိ။''
''တသ္မာဟိ ဗုဒ္ဓဒါယဇ္ဇံ၊ ဘာဝနာဘိရတာလယံ။
ဝိဝိတ္တံ နာတိမညေယျ၊ ရုက္ခမူလံ ဝိစက္ခဏောတိ။''

ဗုဒ္ဓသေဋ္ဌေန-သည်၊ ဝဏ္ဏိတော-အပ္ပာနိ စေဝ သုလဘာနိ စ-အစရှိသောအပြားအားဖြင့် ချီးမွမ်းတော်မူ အပ်ထသော၊ နိဿယောတိစ-၍လည်း၊ ဘာသိတော- ထသော၊ ရုက္ခမူလသမော-သော၊ ပဝိဝိတ္တဿ-ဆိတ်ငြိမ်ခြင်းကို အလိုရှိသောယောဂီ၏၊ နိဝါသော-သည်၊ ကုတော အတ္ထိ-နည်း၊ ဟိ တံဝစနံ သစ္စံ-မှန်၏၊ အာဝါသမစ္ဆေရဟရေ-ထသော၊ ဒေဝတာပရိပါလိတေ-ထသော၊ ပဝိဝိတ္တေ-ထသော၊ ရုက္ခမူလမှိ-၌၊ ဝသန္တော-ထသော၊ သုဗ္ဗတော-ကောင်းသောအကျင့်ရှိသောယောဂီသည်၊ အဘိရတ္တာနိ-နုသော အခါ၌ စက်စက်နီကုန်သော၊ နီလာနိ-ရင့်၍ညိုကုန်ထသော၊ ပဏ္ဍူနိ-မှည့်၍ရော်ကုန်ထသော၊ ပတိတာနိ-အညာမှကြွေ၍ ကျကုန်ပြီးထသော၊ တရုပဏ္ဏာနိ-တို့ကို၊ ပဿန္တော-မြင်သည်ရှိသော်၊ ယသ္မာ-ကြောင့်၊ နိစ္စသညံ-ကို၊ ပနူဒတိ-ပယ်နိုင်၏။ တသ္မာ ဟိ တတော ဧဝ-သာလျှင်၊ ဗုဒ္ဓဒါယဇ္ဇံ-ပွင့်တော်မူခြင်း နိဗ္ဗာန်ကိုယူတော်မူခြင်းတို့၌ မှီဝဲအပ်သောပစ္စည်းဖြစ်သော ဘုရားရှင်၏အမွေတော်ဖြစ်ထသော၊ ဘာဝနာဘိရတာလယံ-ဘာဝနာ ၌ အလွန်မွေ့လျော်သော သူတို့၏နေရာဖြစ်ထသော၊ ဝိဝိတ္တံ-ထသော၊ ရုက္ခမူလံ-ကို၊ ဝိစက္ခဏော-သည်၊ နာတိမညေယျ-မထီမဲ့မြင်မပြုရာ။ **(ဝိနယသမူဟ (ပ) စာ-၅၅၉၊ ၅၆၀)**

"၁၀" အဗ္ဘောကာသိကဓုတင်္ဂဝိနိစ္ဆယ

ဆန္နဥ္စ–အမိုးကိုလည်းကောင်း၊ ရုက္ခမူလဥ္စ–သစ်ပင်ရိပ်ကိုလည်းကောင်း၊ ပဋိက္ခိပါမိ–ပယ်ပါ၏။ အဗ္ဘောကာသိကင်္ဂ–လွင်ပြင်သောကောင်းကင်ရိပ်၌နေသော အလေ့ရှိသောပုဂ္ဂိုလ်၏ အကျင့်တည်းဟူသောအကြောင်းအင်္ဂါကို၊ သမာဒိယာမိ–၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော အဗ္ဘောကာသိကထေရ်အားကား တရားနာအံ့သောငှာ တရားသဘင်သို့လည်းကောင်း၊ ဥပုသ်ပြုအံ့သောငှာ ဥပုသ်အိမ်သို့လည်းကောင်းဝင်ခြင်းငှာ ရအပ်၏။ အကယ်၍ဝင်ပြီးမှ မိုးရွာအံ့၊ မိုးစဲရုံနေ၍ မိုးစဲလျှင် ထွက်အပ်၏။ ဆွမ်းစားတင်းကုပ်၊ မီးတင်းကုပ်သို့ဝင်၍ ဝတ်ကိုပြုအံ့သောငှာလည်းကောင်း၊ ဆွမ်းစားတင်းကုပ်၌ ထေရ်တို့ကိုဆွမ်းဖြင့် နိမန္တနအံ့သောငှာလည်းကောင်း၊ သူ့ကိုပါဠိသင်အံ့သောငှာလည်းကောင်း၊ သူ့ပါဠိကိုသင်သဖြင့် အမိုးသို့ဝင်အပ်၏။ အပ၌ မကောင်းသဖြင့် ထားသင့်သော ညောင်စောင်းအင်းပျဉ်တို့ကို အရိပ်သို့သွင်းခြင်းငှာလည်းကောင်းအပ်၏။

အကယ်၍လည်း ခရီးသွားသည်ဖြစ်၍ သတင်းကြီးတို့၏သက်န်းအစရှိသော ပရိက္ခရာတို့ကိုကိုင်အပ်သည်ဖြစ်အံ့၊ မိုးရွာလေသည်ရှိသော် ခရီးလည်၌တည်သော ပြောင်ပြောင်စင်သော အရိပ်သို့ဝင်အပ်၏။ အကယ်၍ တစ်စုံတစ်ခုကို မယူသည်ဖြစ်အံ့ လျင်စွာမသွားအပ်။ ပကတိဖြင့်သာသွား၍ ဝင်ပြီးသော် မိုးစဲရုံနေ၍ စဲလျှင် ထွက်အပ်၏။ မဂ္ဂမဇ္ဈေ ဋ္ဌိတံသာလဋ္ဌိ သီဟဥ္စဒီပေ ဝိယ မဂ္ဂါ အနောက္ကမ္မဥ္စဇုကမေဝ ပဝိသိတဗ္ဗံ သာလ်–ဟု မဟာဋီကာ ဤသို့ဆိုသောကြောင့် ခရီးမှခွာ၍ လက်ဝဲလက်ရာတည်သော စရပ်သာလာသို့ မဝင်အပ်ဟုပြ၏။ "ရုက္ခမူလိကဿပိ ဧသေဝ နယော–ရုက္ခမူလိကအားလည်း တရားနာသည်မှစ၍ ခရီးမှတည်သော စရပ်သို့ ဝင်သည်တိုင်အောင် ဤနည်းအတူလည်းကောင်း ဟူလိုသတည်း။ ဤကား ဝိဓာနတည်း။

"ပဘေဒအားဖြင့်ကား ဤပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ဟူ၍ (၃) ပါးအပြားရှိ၏။ ထို (၃) ပါးတို့တွင် **ဥက္ကဋ္ဌအားကား** သစ်ပင်ကိုလည်းကောင်း၊ တောင်ကိုလည်းကောင်း၊ ကျောင်းကိုလည်းကောင်း မှီ၍နေခြင်းငှာမအပ်။ လွင်၌သာလျှင် စီဝရကုဋိကိုပြု၍ နေအပ်၏။ **မဇ္ဈိမအားကား** ထိုသုံးပါးတို့ကိုမှီ၍ အတွင်းသို့မဝင်မူ၍ နေခြင်းငှာ အပ်၏။ **မုဒုကား** ကမ်းပါးပြတ် ချောက်နံပါးသည်လည်းကောင်း၊ တောင်ဝှမ်းသည်လည်းကောင်း၊ သစ်ခက်ဖြင့်တင်သော သာခါမဏ္ဍပ်သည်လည်းကောင်း၊ အင်းပျဉ်ပုဆိုးသည်လည်းကောင်း၊ လယ်စောင့်တို့သည် စွန့်အပ်သော ထို၌တည်သော တဲဆိုးသည်လည်းကောင်း အပ်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား "ဤသုံးယောက်သောပုဂ္ဂိုလ်တို့အား နေခြင်းငှာ အလိုရှိသည်ဖြစ်၍ တောင်ဝှမ်းစသည်မှ တစ်ပါးသောအမိုးသစ်ပင်သို့ ဝင်သောခဏ၌ ဓုတင်သည်ပျက်၏။ သိလျက် ထိုအမိုးရှိရာ၌ အရုဏ် တက်စေလိုသော ခဏ၌ဟူ၍။ အင်္ဂုတ္တိုရ်ဆရာတို့ဆိုကုန်၏။ ဤကား ဘေဒတည်း။

အာနိသံသကား "အာဝါသပလိဗောဓကို ဖြတ်၍ရခြင်း၊ ထိနမိဒ္ဓကိုပယ်ရခြင်း၊ သိမ်းဆည်းခြင်းမရှိသည်ဖြစ်၍ သမင်၏သွားခြင်းကဲ့သို့ နေရာ၌ မတပ်သောသွားခြင်းရှိ၏။ ဘုရားချီးမွမ်းတော်မူခြင်း၊ စာတုဒ္ဒိသတာ အစရှိသောကျေးဇူးနှင့် ပြည့်စုံခြင်းရှိ၏။

"အနဂါရိယဘာဝဿ၊ အနုရူပေ အဒုလ္လဘေ။
တာရာမဏိဝိတာနမှိ၊ စန္ဒဒီပပ္ပဘာသိတေ။"
"အဗ္ဘောကာသေ ဝသံ ဘိက္ခု၊ မိဂဘူတေန စေတသာ။

ထိနမိဒ္ဓံ ဝိနောဒေတွာ၊ ဘာဝနာရာမတံ သိတော။''

''ပဝိဝေကရသသာဒံ၊ နစိရဿေဝ ဝိန္ဒတိ။

ယသ္မာ တသ္မာ ဟိ သပ္ပညော၊ အပ္ပောကာသေ ရတော သိယာတိ။

''အနဂါရိယဘာဝဿ– အိမ်ရာမထောင်သော ရဟန်း၏အဖြစ်အား၊ အနုရူပေ–ထသော၊ အဒုလ္လဘေ–ရလွယ်ထသော၊ တာရာမဏိဝိတာနမှိ– ကြယ်တည်းဟူသော ပတ္တမြားဖြင့်ပြီးသော ဗိတာန်ရှိသော၊ စန္ဒဒီပပ္ပဘာသိတေ–လတည်းဟူသော ဆီမီးဖြင့်ထွန်းလင်းထသော၊ အပ္ပောကာသေ–၌၊ မိဂဘူတေန အပရိဂ္ဂဟဘာဝေန မိဂဿဝိယဘူတေန–ငါ့နေရာဟုသိမ်းဆည်းခြင်းမရှိသဖြင့် သမင်ကဲ့သို့ဖြစ်ထသော၊ စေတသာ–မတပ်သောနှလုံးဖြင့်၊ ထိနမဒ္ဓံ–ကို၊ ဝိနောဒေတွာ–၍၊ ဝသံ ဝသန္တော–ထသော၊ ဘာဝနာရာမတံ–ဘာဝနာ၌ မွေ့လျော်သည်၏အဖြစ်ကို၊ သိတောနိဿိတော–မှီထသော၊ ဘိက္ခု–သည်၊ ယသ္မာ–ကြောင့်၊ ပဝိဝေကရသသာဒံ–ပဝိဝေကရသတည်းဟူသော သက်သာရာရျာနိမက်ဖိုလ်ကို၊ နစိရဿေဝ–လျှင်၊ ဝိန္ဒတိ လဗ္ဘတိ–ရ၏။ တသ္မာဟိ–တတော ဧဝ–လျှင်၊ သပ္ပညော–သည်၊ အပ္ပောကာသေ–၌၊ ရတော–သည်။ သိယာ–၏။ **(ဝိနယသမူဟ (ပ) စာ – ၅၆၁၊ ၅၆၂)**

❧ ❧ ❧

"၁၁" သောသာနိကဓုတင်ဝိနိစ္ဆယ

န သုသာနံ သုသာနတော အညံ–သုသာန်လက္ခဏာမရှိသော တစ်ပါးသောနေရာမရှိသော အရပ်ကို၊ ပဋိက္ခိပါမိ–၏။ ။ န သုသာနန္တိ အသုသာနံ အညတ္တော နကာရော။ သုသာနလက္ခဏရဟိတံ ဝသန ဋ္ဌာနန္တိ အဓိပ္ပါယော။ မဟာဋီကာ၊ ။ သောသာနိကင် သုသာန်လက္ခဏာရှိသော အရပ်၌နေသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အင်္ဂါကို သမာဒိယာမိ–၏။ ဤကား သမာဒါနတည်း။

ဆောက်တည်ပြီးသော ယောဂီသည်ကား၊ အကြင်အရပ်ကို ရွာတည်ထောင်ကုန်သောသူတို့သည် ဤအရပ်သည်လျှင် သုသာန်တည်းဟု အမှတ်ရှိကုန်၏။ ဖုတ်မှုကား မဖုတ်သေး။ ထို၌မနေအပ်သေး။ ။ နဟိမတကသရီရေ၊ အဈာပိတေ တံ သုသာနံ နာမ ဟောတိ။ ။ အဘယ်ကြောင့်နည်းဟူမူကား သေသော သူ၏အကောင်ကို မဖုတ်သေးသော ထိုအရပ်၌ သုသာန်မည်သည် မဖြစ်ကောင်းသောကြောင့်တည်း။ ထို့ကြောင့် ဖုတ်ပြီးသောကာလမှစ၍သော်ကား ''အကယ်၍ ''၁၂'' တစ်ဆယ့်နှစ်နှစ်တိုင်အောင်စွန့်ပြီး သော်လည်း သုသာန်မည်သည်ဖြစ်၏။

ဤ၌လည်း ဣဒံ သုသာနန္တိ သမ္မတမေဝ၊ အသမ္မတံ န ဝဋ္ဋတိ–ဟူ၍ ဂဏ္ဌိ၌လာရကား ဖုတ်ငြား သော်လည်း မသမုတ်အပ်သော် မအပ်ဟူ၏။

ထိုသို့သော သုသာန်၌ရှိနေသော ရဟန်းသည်ကား စင်္ကြံခင်းမဏ္ဍပ်တို့ကိုပြု၍ ညောင်စောင်း အင်းပျဉ်တို့ကိုခင်း၍ သောက်ရေသုံးဆောင်ရေတို့ကိုထား၍ တရားပေစာကိုသင်၍ မနေအပ်၊ ဂရုကံ ဟိ ဣဒံ ဓုတင်္ဂံ၊ ဤဓုတင်ကား အလွန်လျှင်ဝန်လေးစွာ၏။ ထို့ကြောင့် သူကောင်အစရှိသည်မှ ပစ်လတ္တံ့သော ထိုစွန့်ခြင်းအစရှိသော ဘေးကိုဖျောက်ထားခြင်းငှာ ကျောင်း၌ သံဃာထေရ်ကိုလည်းကောင်း။ ရွာ၌ အကြီးအမှူး တို့ကိုလည်းကောင်း၊ ကြားအပ်၏။

ဓမ္မပဒ၌ကား၊ သုသာန်စောင့်ကိုကြားအပ်၏။ မမေ့လျော့သောနလုံးဖြင့်နေအပ်၏။ စင်္ကြံသွားသည်ရှိသော်လည်း မျက်စိဖြင့် သူကောင်ပုတ်ရာကိုကြည့်၍ သွားအပ်၏။ သုသာန်ကိုသွားသည်ရှိသော်လည်း ခရီးမှဖဲ၍ ခရီးမဟုတ်သဖြင့် သွားအပ်၏။ မထင်ရှားစေအပ်။ နေ့ကလျှင် ထိုထိုသောအရပ်၌တည်သော သစ်ပင်သစ်ငုတ်တို့ကို မှတ်ရာ၏။ ဤသို့မှတ်မှလျှင် ညဥ့်အခါသည် ကြောက်ဖွယ်သည် မဖြစ်လတ္တံ့သတည်း။

ဘီလူးပြိတ္တာတို့သည် ညဥ့်အခါ၌ဟစ်ကြွေး၍ လှည့်သွားသည်ကိုမြင်သော်လည်း တစ်စုံတစ်ခုသော အုတ်ခဲလှင်ကန်ဖြင့် မပစ်ခတ်အပ်။ တစ်နေ့မှလည်း သုသာန်သို့မသွားခြင်းငှာ မအပ်။ နေ့တိုင်းသွားအပ်၏။ အင်္ဂုတ္တရဘာဏက ဆရာတို့သော်ကား မဇ္ဈိမယာမ်ကိုသုသာန်၌နေ၍ ပစ္ဆိမယာမ်၌ ကျောင်းသို့ပြန်ခြင်းငှာ အပ်၏ဟူကုန်၏။

ဓမ္မပဒ၌ကား ညဥ့်အခါ၌ အများတကာအိပ်မှ သုသာန်သို့လာရ၏။ အများတကာမနိုးခင် ကျောင်းသို့ ပြန်အပ်၏။ နေ့လယ်ကိုမပြန်အပ်၊ အပျင်းသည်လည်း မဖြစ်စေအပ်၊ အားထုတ်အပ်သော လုံ့လရှိသည်လည်းကောင်း၊ မစဥ်းလဲမလှည့်ပတ်သည်ဖြစ်၍ ကလျာဏဇ္ဈာသယရှိသည်ဖြစ်ရာ၏ဟု လာ၏။ ထိုမှတစ်ပါးသော အမနုဿတို့သည်လည်း ချစ်အပ်သော နှမ်းလှော်မုန့်ပဲထမင်း၊ ငါးအမဲ၊ နို့ရည်ဆီတင်လဲ အစရှိသော ဖုတ်လှော်ကင်သော သင်းသောခဲဖွယ်စားဖွယ်တို့ကို မမှီဝဲအပ်။ ဒါယကာတို့၏အိမ်သို့လည်း မဝင်အပ်။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ဤယောဂီပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ မဇ္ဈိမ၊ မုဒု၊ ဟူ၍ (၃)ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား အကြင်သုသာန်၌မပြတ်သော ဖုတ်ခြင်း၊ မပြတ်သောနံ့ခြင်း၊ မပြတ်သော ငိုကြွေးသံရှိ၏။ ထိုအရပ်၌ သာနေအပ်၏။ မဇ္ဈိမအားကားသုံးပါးတွင် တစ်ပါးပါးရှိသော်လည်း အပ်၏။ မုဒုအားကား ဆိုအပ်သောနည်းဖြင့် သုသာန်၏လက္ခဏာသို့ရောက်လျှင် အပ်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ဤသုံးယောက်သော ပုဂ္ဂိုလ်တို့အားလည်း သုသာန်လက္ခဏာမရှိသောအရပ်၌ နေသော်လျှင် ပျက်၏ဟူသောကြောင့် မနိုးမဝေးသော သွားလွယ်လာလွယ်သော သုသာန်သို့လာသော သူတို့အား မထင်ရှားသော ကျောင်း၌လည်းကောင်းနေခြင်းသည်လျှင် သုသာန်၌နေသည်မည်၏ဟု သိရာ၏။ ဤကား ဘေဒတည်း။

အာနိသံသအားဖြင့်ကား မရဏသတိကိုကောင်းစွာရသဖြင့် အပမာဒဝိဟာရရှိသောအဖြစ် အသုဘနိမိတ်ကိုရှုခြင်း၊ ကာမရာဂကို ပယ်ရခြင်းအပြား ကိုယ်၏တရားကိုမြင်သဖြင့် သံဝေဂများသောအဖြစ်။ အာရောဂျမဒအစရှိသည်ကိုပယ်ရခြင်း။ ကြောက်လန့်ဖွယ်သောအာရုံ၌ သည်းခံနိုင်ခြင်း၊ နတ်တို့၏အလေးပြုအပ်သောအဖြစ်။ အပ္ပိစ္ဆတာအစရှိသည် အားလျော်သောအဖြစ် အစရှိသည်တို့ကို ရကုန်၏။

''သောသာနိကဉ္စ မရဏာနုဿတိပ္ပဘဝါ၊ နိဒ္ဒါဂတံပိ န ဖုသန္တိ ပမာဒဒေါသာ။
သမ္ပဿတော စ ကုဏပါနိ ဗဟူနိ တဿ၊ ကာမနုဘာဝဝသဂံပိ န ဟောတိ စိတ္တံ''
''သံဝေဂမေတိ ဝိပုလံ န မဒံ ဥပေတိ၊ သမ္မာ အထော ဃဋတိ နိဗ္ဗုတိမေသမာနော။
သောသာနိကင် မိတိနေကဂုဏာဝဟတ္တာ၊ နိဗ္ဗာနနိန္နဟဒယေန နိသေဝိသဗ္ဗန္တိ''

သောသာနိကံ- သုသာန်၌၊ မရဏာနုဿတိပ္ပဘဝါ မရဏာနုဿတိယာ အာနုဘာဝေန-ဖြင့်၊ နိဒ္ဒါဂတမ္ပိ- သုတ္တံ သုပိနန္တေနပိ အိပ်စဥ်၌ဖြစ်သော အိပ်မက်ဖြင့်လည်း၊ ပမာဒဒေါသာ-မေ့လျော့ခြင်းတည်းဟူသော ဒေါသတို့ကို၊ န ဖုသန္တိ-မတွေ့ကုန်။ ဗဟူနိ-ကုန်သော၊ ကုဏပါနိ-တို့ကို။ သမ္ပဿတောစ-

မြင် သောအားဖြင့်လည်း။ တဿ–၏၊ စိတ္တံ–သည်၊ ကာမာနုဘာဝဝေသင်္ဂပိ–ကာမရာဂသို့၊ အစဉ်လိုက်ခြင်း သည်လည်း၊ န ဟောတိ–မဖြစ်။ ။ ဝိပုလံ–ထသော၊ သံဝေဂံ–သို့၊ ဇေတိ ဂစ္ဆတိ–၏။ မဒံ–ယစ်ခြင်းသို့၊ န ဥပေတိ–မရောက်၊ အထော–ထိုမှတစ်ပါးလည်း၊ နိဗ္ဗုတိံ–ကို၊ သေမာနော–လျက်၊ သမ္မာ–စွာ၊ ဃဋ္ဋတိ– ဝါယမတိ–၏။ ဣတိ–သို့၊ အနေကဂုဏာဝဟတ္တာ–များစွာသောကျေးဇူးတို့ကို ရွက်ဆောင်တတ်သောကြောင့်၊ နိဗ္ဗာနနိန္နဟဒယေန နိဗ္ဗာန်သို့ချိုင့်ဝှမ်းသောနှလုံးရှိသောယောဂီသည်၊ သေသာသနိကင်္ဂ–ကို။ နိသေဝိတဗ္ဗံ– ၏။ **(ဝိနယသမူဟ (ပ) စာ ၅၆၅၊ ၅၆၅)**

"၁၂" ယထာသန္တတိကဓုတင်္ဂဝိနိစ္ဆယ

သေနာသနလောလုပ္ပံ– ရဟန်းတစ်ပါးကိုထစေခြင်း၊ တိုးဝှေ့၍အိပ်ခြင်းအစရှိသော သေနာသန လောလုပ္ပကို၊ ပဋိက္ခိပါမိ–၏။ ယထာသန္တတိကင်္ဂ–ကို သမာဒိယာမိ–၏။ ဤကား သမာဒါနတည်း။

ထိုယထာသန္တတိကယောဂီသည်ကား၊ အကြင်ကျောင်းကို ဤကျောင်းသည် အရှင်ဘုရားအား ရောက်၏ဟူ၍ ဝါစဉ်အားဖြင့် ကျောင်းဝေသောရဟန်းသည် ညွှန်အပ်ပြအပ်၏။ ထိုသို့ပြသော ကျောင်း ကိုသာလျှင် နှစ်သက်အပ်၏။ တစ်ပါးသော သီတင်းငယ်တို့ကိုမထစေအပ်။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ဤပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ မဇ္ဈိမ၊ မုဒု၊ ဟူ၍ (၃)ပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား မိမိအားရောက်သော ကျောင်းကိုဝေး၏လောနီး၏လော။ အမနုဿဒီဃ ဇာတိက အစရှိသောဘေးတို့ဖြင့် နှောင့်ယှက်အပ်၏လောဟူ၍လည်းကောင်း။ ပူ၏လော ချမ်း၏လောဟူ၍ လည်းကောင်း။ မေးခြင်းငှာမအပ်။ ။ မဇ္ဈိမအားကား ''မေးခြင်းငှာအပ်၏။ သွား၍သော်ကား မကြည့်အပ်၊ မုဒုအားသော်ကား သွား၍ကြည့်ဦး၍ ဝိဝေကအစရှိသည်ကိုမရသာ၍ မကြိုက်သော စိတ်သပ္ပာယနှင့်လျော်သော သူမနေသော တစ်ပါးသောကျောင်းကိုယူခြင်းငှာ ရအပ်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ဤသုံးယောက်သော ပုဂ္ဂိုလ်တို့အားလည်း သူ့ကိုထစေခြင်းတည်းဟူသော လောလုပ္ပသည် ဖြစ်သောခဏ၌ ဓုတင်ပျက်၏။ ဤကား ဥက္ကဋ္ဌအားမေးခြင်း မဇ္ဈိမအားသွား၍ကြည့်ခြင်း၊ မုဒုအားထစေခြင်း။ တစ်နည်းကား သူမနေသော တစ်ပါးသောကျောင်းကို ယူခြင်းသည်သာ လောလုပ္ပ မည်၏။ ထိုတွင် ထစေ၍ယူခြင်းတည်းဟူသော လောလုပ္ပသာလျှင် ဓုတင်ကိုပျက်စေ၏။ ထို့ကြောင့် ''မုဒု ကဿ ရောစေ အသတိ ယထာဂါဟိတံ ပဟာယ အရညဿ သေနာသနဿ ဂဟဏံ လောလုပ္ပံ မဇ္ဈိမဿ ဂန္တွာ ဩလောကနာ ဥက္ကဋ္ဌဿ ပုစ္ဆနာ သဗ္ဗေသမ္ပိ ဥဋ္ဌာပေတွာ ဂဟဏေ ဝတ္တဘ္ဗမေဝ နတ္ထိ'' ဟူ၍ မဟာဋီကာဆရာတို့ ဆိုတော်မူသတည်း။ ဤကား ဘေဒတည်း။

ဤဓုတင်ကိုကား ရှေး၌ သံဃိကကျောင်းကို သံဃိကပရိဘောဂဖြင့် သီတင်းကြီးစဉ်ပရိဘုတ်၏။ သီတင်းကြီးလာလျှင် ရသောကျောင်းကိုရည်၍ ထားသတည်း။ ယခုအခါ၌ ထိုသို့ သံဃိကပရိဘောဂအားဖြင့် သုံးဆောင်သောကျောင်းသည်မရှိရကား ယထာလာဘအားဖြင့် ဆောက်တည်ရာ၏။

အာနိသံသကား ''ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ'' ဟူသော အဆုံးအမတော်ကို ကျင့်ခြင်း။ သဗြဟ္မစာရီနံ ဟိတေသိတာ–သီတင်းသုံးဖော်တို့၏ အကျိုးကိုလိုခြင်း။ ဟီနပဏီတဟူသော ဝိတက်ကိုစွန့်ရခြင်း၊ ဤသူနှင့်

သင့်၏၊ ဤသူနှင့် မသင့်ဟူသည်ကိုပယ်ရခြင်း။ အတြိစ္ဆတာ၏တံခါးကိုပိတ်ခြင်း။ အပ္ပိစ္ဆတာအစရှိသည်တို့အား အစဉ်အားလျော်စွာ ဖြစ်ခြင်းတို့တည်း။

''ယံ လဒ္ဓံ တေန သန္တုဋ္ဌော၊ ယထာသန္ထတိကော ယတိ။
နိဗ္ဗိကပ္ပော သုခံ သေတိ၊ တိဏသန္ထာရကေသုပိ။''
''န သော ရဇ္ဇတိ သေဋ္ဌမှိ၊ ဟီနံ လဒ္ဓါ န ကုပ္ပတိ၊
သဗြဟ္မစာရိနဝကေ၊ ဟိတေန အနုကမ္ပတိ။''
''တသ္မာ အရိယသတာ စိဏ္ဏံ၊ မုနိပုင်္ဂဝဏ္ဏိတံ၊
အနုယုဉ္ဇေထ မေဓာဝီ၊ ယထာသန္ထတရာမတံ္တ။''

ယထာသန္ထတိကော-သော၊ ယတိ-သည်၊ ယသ္မာ-ကြောင့်၊ ယံ သေနာသနံ-ကို၊ လဒ္ဓံ-၏။ တေန- ဖြင့်၊ သန္တုဋ္ဌော-သည်၊ ဟောတိ-၏၊ တိဏသန္ထရကေသုပိ-မြက်ဖြင့်ဖြစ်သောအခင်းတို့၌လည်း၊ နိဗ္ဗိကပ္ပော-မအောက်မေ့သည်ဖြစ်၍၊ သုခံ-စွာ၊ သေတိ-၏၊ သော-သည်၊ သေဋ္ဌမှိသေနာသနမှိ-၌၊ န ရဇ္ဇတိ-မတပ်၊ ဟီနံလဒ္ဓါ-အယုတ်ကိုရသော်လည်း၊ နကုပ္ပတိ-အမျက်မထွက်၊ သဗြဟ္မစာရိနဝကေ- သီတင်းသုံးဖော် အငယ်တို့ကို၊ ဟိတေန- ဟိတစိတ္တေန-ဖြင့်၊ အနုကမ္ပတိ-၏။ တသ္မာ-ကြောင့်၊ အရိယ သတာစိဏ္ဏံ -အရိယာသူတော်ကောင်းတို့၏အကျင့်ဖြစ်ထသော၊ မုနိပုင်္ဂဝဏ္ဏိတံ-နွားတကာတို့၏အကြီး ဖြစ်ထသော နွားလား ဥသဘကဲ့သို့ ရဟန်းတကာတို့၏ အကြီးဖြစ်တော်မူသော မြတ်စွာဘုရားသည် ချီးမွမ်းအပ် သော၊ ယထာသန္ထတရာမတံ-ယထာဥဒ္ဒိဋ္ဌေ သေနာသနေ ရတိ-ပြအပ်တိုင်းသောကျောင်း၌ မွေ့လျော်သော အဖြစ်ကို၊ မေဓာဝီ-သည်၊ အနုယုဉ္ဇေထ-ရာ၏။ **(ဝိနယသမူဟ (ပ) စာ - ၅၆၆၊ ၅၆၇)**

❧ ❧ ❧

"၁၃" နေသဇ္ဇိကဓုတင်္ဂဝိနိစ္ဆယ

သေယျံ-အိပ်ရာအုံး၌ ဦးခေါင်းချ၍ အိပ်ခြင်းတည်းဟူသော ဣရိယာပုထ်ကို၊ ပဋိက္ခိပါမိ-၏။ ။ ဤသို့ ဣရိယာပုထ်ကိုပယ်သဖြင့် ဣရိယာပုထ်၏တည်ရာဖြစ်သော အိပ်ရာကိုပယ်၏။ ထို့ကြောင့် ဋီကာ၌ ''သေယျန္တိ ဣရိယာပထလက္ခဏံ သေယျံ တပ္ပဋိက္ခေပေနေဝ ဟိ တဒတ္ထာ မဉ္စာဘိသီတိဝေမာဒိကာ သေယျာ ပဋိက္ခိတ္တော ဝ ဟောတိ-ဟူ၍ပြတော်မူ၏။ ။ နေသဇ္ဇိကင်္ဂ-ထိုင်ခြင်းလျှင် သီလရှိသော ဣရိယာပုထ်ဖြင့် နေသောအလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းဖြစ်သော အင်္ဂါကို၊ သမာဒိယာမိ-၏။ ဤကား သမာဒါနတည်း။

ထိုနေသဇ္ဇိကင်္ဂယောဂီသည်ကား ညဉ့်သုံးယံတို့တွင် တစ်ပါးပါးသောယံ၌ထ၍ စင်္ကြံသွားအပ်၏။ ထိုစကားသည် ဆိုသင့်စွ။ အိပ်မွေ့လျက် ညဉ့်သုံးယံပတ်လုံးသွားသည်ရှိသော်လည်း အနာလည်းဖြစ်ခဲ့ရာ၏။ ညဉ့်သုံးယံပတ်လုံး ထိုင်နေခြင်းငှာလည်း သည်းမခံနိုင်။ ညဉ့်သုံးယံပတ်လုံးလည်း မရပ်နိုင်။ ဣရိယာပုထ်လေးပါး တွင် အိပ်ခြင်းလျောင်းခြင်း ဣရိယာပုထ်သည်လျှင် မအပ်သတည်း။ ကြွင်းသရွေ့သည် အပ်သည်သာဖြစ်၏။

စုလ္လဋီကာ၌ကား ''အိပ်မွေ့ခြင်းကိုဖျောက်၍ ကမ္မဋ္ဌာန်းကိုနှလုံးပြုစိမ့်သောငှာ ဤရှုတင်ကိုခွင့်ပြုတော်မူသတည်း။ ထို့ကြောင့် မဇ္ဈိမယာမ်ကိုထိုင်လျက် အိပ်၍ထိုမှတစ်ပါးသောယာမ်တို့၌ ထခြင်းထိုင်ခြင်း စင်္ကြံ သွားခြင်းတို့ဖြင့် မနသိကာရကိုပြုအပ်၏ဟူသော အနက်ကိုရည်၍။ ။ ကော် ယာမံ ဥဋ္ဌာယ စင်္ကမိတဗ္ဗံ'' ဟုမိန့်တော်မူ၏။ ဤစကားသင့်မြတ်၏၊ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ''ဤယောဂီသည်လည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌအားကား'' နောက်မှီတံကဲသည်လည်းကောင်း၊ ပုဆိုးဖြင့်ပတ်ခြင်းသည်လည်းကောင်း၊ အာယောဂပတ်သည်လည်းကောင်း မအပ်၊ မဇ္ဈိမပုဂ္ဂိုလ်သည်ကား ဤ ၃ ပါးတွင် တစ်ပါးပါးသည်အပ်၏။ မုဒုအားကား နောက်မှီတံကဲလည်းကောင်း၊ ပုဆိုးပတ်ခြင်းသည်လည်းကောင်း၊ အာယောဂပတ်သည်လည်းကောင်း၊ အုံးသည်လည်းကောင်း၊ ပဉ္စင်္ဂသည်လည်းကောင်း၊ သတ္တင်္ဂသည်လည်းကောင်း အပ်၏။

ထိုပဉ္စင်္ဂသည်ကား အပေါင်လေးခုဖြင့်ဖွဲ့သော အထက်အတန်ငယ်ရှည်သော ဖတိုင်အင်းပျဉ်ငယ်၌လည်းကောင်း၊ လေးထောင့်ပျဉ်၌လည်းကောင်း၊ နောက်မှီတံကဲကိုတပ်၍ပြုသော အင်းပျဉ်ငယ်သည်ကား ပဉ္စင်္ဂမည်၏။ ထိုပဉ္စင်္ဂတွင် လက်ဝဲလက်ယာဖြစ်သော နံပါးနှစ်ဖက်တို့၌ အမှီလက်ရုံးတပ်ပြင်၍ပြုသော အင်းပျဉ်နေရာသည်ကား သတ္တင်္ဂမည်၏။ ထိုသို့သော သတ္တင်္ဂသည်ကား မိဋ္ဌာဘယထေရ်အားပြုကုန်၏။ ထေရ်လည်း အနာဂါမ်ဖြစ်ဦး၍ နိဗ္ဗာန်ပြုလေသတတ်။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ဤ ''၃''ယောက်သော ပုဂ္ဂိုလ်အား အိပ်လိုသောစိတ်ဖြင့် လျောင်းခြင်းဟူသော ဣရိယာပုထ်ကို ပြုသောခဏ၌ ရှုတင်သည်ပျက်၏။ ဤကား ဘေဒတည်း။

''အာနိသံသကား''

သေယျသုခံ ပဿသုခံ မိဒ္ဓသုခံ အနုယုတ္တော ဝိဟရတီတိဟူ၍ ဟောတော်မူအပ်သော စိတ်၏ထိနမိဒ္ဓကို ပယ်ရခြင်း၊ ခပ်သိမ်းသော ကမ္မဋ္ဌာန်းကိုရှုသောသူအား သပ္ပာယရခြင်း၊ ကြည်ညိုဖွယ်သော ဣရိယာပုထ်ရှိ၏။ ဝီရိယာရမ္ဘအား အစဉ်လျှောက်ခြင်း၊ ကောင်းစွာကျင့်သော ပဋိပတ္တိတို့၏ပွားခြင်းတို့ကိုရ၏။

''အာဘုဇိတွာန ပလ္လင်္ကံ၊ ပဏိဓာယ ဥဇုံ တနုံ။

နိသီဒန္တော ဝိကမ္ပေတိ၊ မာရဿ ဟဒယံ ယတိ။''

''သေယျသုခံ မိဒ္ဓသုခံ၊ ဟိတွာ အာရဒ္ဓဝီရိယော။

နိသဇ္ဇာဘိရတော ဘိက္ခု၊ သောဘယန္တော တပေါဝနံ''

''နိရာမိသံ ပီတိသုခံ၊ ယသ္မာ သမဓိဂစ္ဆတိ၊

တသ္မာ သမနုယုဉ္ဇေယျ၊ ဓီရော နေသဇ္ဇိကံ ဝတန္တိ''

ပလ္လင်္ကံ-ကို၊ အာဘုဇိတွာန-၍၊ ဓနုံ ဥပရိမကာယံ-အထက်အဖို့ဖြစ်သောကိုယ်ကို၊ ဥဇုံ-စွာ၊ ပဏိဓာယ-၍၊ နိသီဒန္တော-ထသော၊ ယတိ-သည်၊ မာရဿ-မာရ်နတ်သား၏၊ ဟဒယံ-ကို၊ ဝိကမ္ပေတိ၊ စာလေတိ-အာဏာကိုလွှန်သည်ဖြစ်၍ တုန်လှုပ်စေ၏။ သေယျသုခံ-အိပ်ခြင်းသုခကိုလည်းကောင်း၊ မိဒ္ဓသုခံ ငိုက်ခြင်း

သုခကိုလည်းကောင်း၊ ဟိတွာ–၍၊ အာရဒ္ဓဝီရိယော–ဝိပဿနာ၌ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍၊ နိသဇ္ဇာဘိရတော–ထိုင်ခြင်း၌ အလွန်မွေ့လျော်သော၊ ဘိက္ခု–သည်၊ တပေါဝနံ–ခြိုးခြံသော အကျင့်ကိုကျင့်ရာဖြစ်သော တောကို၊ သောဘယန္တော–တင့်တယ်စေလျက်၊ နိရာမိသံ– ငါးပါးသော ကာမဂုဏ်တည်းဟူသော အာမိသကင်းထသော၊ ပီတိသုခံ–ကို၊ ယသ္မာ–အကြင့်ကြောင့်၊ သမဓိဂစ္ဆတိ– ၏။ တသ္မာ–ကြောင့်၊ ဓီရော–သည်၊ နေသဇ္ဇိကံ–သော၊ ဝတံ ဓုတင်–ဓုတင်ဝတ်ကို၊ သမနုယုဉ္ဇေယျ–ကောင်းစွာယှဉ်ရာ၏။

(ဝိနယသမူဟ (ပ) စာ – ၅၆၈၊ ၅၆၉)

ဤတွင် ဓုတင် ''၁၃''ပါးပြီး၏။

ဓုတင်ဂုဏ်ကျေးဇူး "၂၈" ပါး

ကတမေ အဋ္ဌဝီသတိ ဤမေ မဟာရာဇ ဓုတင်

၁။ သုဒ္ဓါဇီဝံ	၂။ သုခဖလံ	၃။ အနဝဇ္ဇံ	၄။ န ပရဒုက္ခာပနံ
၅။ အဘယံ	၆။ အသမ္ပီဠနံ	၇။ ဧကန္တဝဍ္ဎိကံ	၈။ အပရိဟာနီယံ
၉။ အမာယံ	၁၀။ အာရက္ခာ	၁၁။ ပတ္ထိတဒဒံ	၁၂။ သဗ္ဗသတ္တဒမနံ
၁၃။ သံဝရဟိတံ	၁၄။ ပတိရူပံ	၁၅။ အနိဿိတံ	၁၆။ ဝိပ္ပမုတ္တံ
၁၇။ ရာဂက္ခယံ	၁၈။ ဒေါသက္ခယံ	၁၉။ မောဟက္ခယံ	၂၀။ မာနပဟာနံ
၂၁။ ကုဝိတက္ကစ္ဆေဒနံ	၂၂။ ကင်္ခါဝိတရဏံ	၂၃။ ကောသဇ္ဇဝိဒ္ဓံသနံ	၂၄။ အရတိပ္ပဟာနံ
၂၅။ ခမနံ	၂၆။ အတုလံ	၂၇။ အပမာဏံ	၂၈။ သဗ္ဗဒုက္ခက္ခယဂမနံ

ဣမေ ခေါ မဟာရာဇ ဓုတင်္ဂဂုဏာ။

ဓုတင်ဆောင်ပုဂ္ဂိုလ်၏ဂုဏ် "၁၈"ပါး

ကတမေဟိ အဋ္ဌာရသဟိ ...

၁။ အာစာရော တေသံ သုဝိသုဒ္ဓေါ ဟောတိ	၂။ ပဋိပဒါ သုပူရိတာ ဟောတိ
၃။ ကာယိကဝါစသိကံ သုရက္ခိတံ ဟောတိ	၄။ မနောသမာစာရော သုဝိသုဒ္ဓေါ ဟောတိ
၅။ ဝီရိယံ သုပဂ္ဂဟိတံ ဟောတိ	၆။ ဘယံ ဝူပသမ္မတိ
၇။ အတ္တာနုဒိဋ္ဌိဗျပဂတော ဟောတိ	၈။ အာဃာတော ဥပဂတော ဟောတိ
၉။ မေတ္တာ ဥပဋ္ဌိတာ ဟောတိ	၁၀။ အာဟာရော ပရိညာတော ဟောတိ
၁၁။ သဗ္ဗသတ္တာနံ ဂရုကတော ဟောတိ	၁၂။ ဘောဇနေ မတ္တညူ ဟောတိ
၁၃။ ဇာဂရိယမနုယုတ္တော ဟောတိ	၁၄။ အနိကေတော ဟောတိ
၁၅။ ယတ္ထ ဖာသု တတ္ထ ဝိဟာရီ ဟောတိ	၁၆။ ပါပဇေဂုစ္ဆီ ဟောတိ
၁၇။ ဝိဝေကာရာမော ဟောတိ	၁၈။ သတတံ အပ္ပမတ္တော ဟောတိ

ယေတေ မဟာရာဇ ဓုတင်္ဂဂုဏာ သမ္မာ ဥပသေဝန္တိ။

ဓုတင်ကျေးဇူးဆောင်ထိုက်သူ "၁၀" ဦး

ဓုတင်္ဂဓာရဟာ ကတမေဒသ ....

၁။ သဒ္ဓေါ ဟောတိ	၂။ ဟိရိမာ	၃။ ဓိတိမာ
၄။ အကုဟော ဟောတိ	၅။ အလောဘော	၆။ သိက္ခာကာမော
၇။ ဒဠှသမာဒါနော	၈။ အနုဇ္ဈာနဗဟုလော	၉။ မေတ္တာဝိဟာရီ
၁၀။ အတ္တဝတီ		

ဣမေ ဓေါ မဟာရာဇ ဒသ ပုဂ္ဂလာ ဓုတင်္ဂဓရဟာ။ ။

ဓုတင်ဆောင်ခဲ့သော အရိယာတို့၏ တပည့်သည်

"၃၀" သောမြတ်သောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏။

၁။ ကောင်းစွာပြေပြစ်နူးညံ့သိမ်မွေ့သော မေတ္တာစိတ်ရှိသည်

၂။ ဖျက်ဆီးအပ်သော ဖျောက်အပ်နှိပ်အပ်သော မာနရှိသည်။

၃။ မတုန်မလှုပ် အမြဲထိုးထွင်း၍ ယုံကြည်ခြင်းသဒ္ဓါတရားရှိသည်။

၄။ ရွှင်မြူးသော စိတ်ကိုပြည့်စုံစွာဆုံးမခြင်းရှိ၍ ငြိမ်သက်ချမ်းမြေ့သောသမာပတ်ကိုရခြင်းရှိသည်။

၅။ မြတ်သောသီလအားဖြင့် မြတ်သည်ဖြစ်၍ အတုမရှိကောင်းသော အနံ့ဖြင့် ထုံမွှမ်းခြင်းရှိသည်။

၆။ နတ်လူတို့ ချစ်မြတ်နိုးတတ်သည်။

၇။ နှစ်သက်အပ်သောသူ၍ ကုန်ပြီးသောအာသဝေါရှိသော မြတ်သောပုဂ္ဂိုလ်တို့သည် တောင့်တအပ်သည်။

၈။ နတ်လူတို့ အရိုအသေ ရှိခိုးအပ်သည်။

၉။ ဘုရားအစရှိသော ပညာရှိတို့ ဟုတ်မှန်သောကောင်းချီးဖြင့် အထူးချီးမွမ်းအပ်သည်။

၁၀။ ရောနှောခြင်း၌ စွမ်းနိုင်သော ဤလူ့ပြည်နတ်ပြည်၌လည်း လူအပေါင်းနှင့် မလိမ်းကျံ မရောနှောသည်။

၁၁။ အနည်းငယ်သော အပြစ်၌လည်း ဘေးကိုရှုလေ့ရှိသည်။

၁၂။ ပြန့်ပြောသောမြတ်သော သမ္ပတ္တိကိုပြုကုန်သော သူတို့အား မဂ်ဖိုလ်တည်းဟူသော မြတ်သောအကျိုးကို ပြီးစေတတ်သည်။

၁၃။ အလိုရှိ၍ တောင့်တသော် ပြန့်ပြောသော မြတ်သောပစ္စည်းကို ရသောအဖို့ရှိသည်။

၁၄။ မြဲသောကျောင်းအိပ်ရာ နေရာမရှိသည်။

၁၅။ ဈာန်၌ယှဉ်သော မြတ်သောနေလေ့ရှိသည်။

၁၆။ ထွေးယှက်သော ကိလေသာတည်းဟူသော ကွန်ရက်ကိုဖျက်ဆီးသည်။

၁၇။ မြတ်သောတရားကို ကောက်ကျစ်၍ ဖုံးလွှမ်းခြင်းရှိသည်။
၁၈။ လားလတ္တံ့သော ဂတိကို မြင်ခြင်းရှိသည်။
၁၉။ အပွနာသို့ရောက်သော တရားရှိသည်။
၂၀။ နှိမ့်ချသော နေခြင်းရှိသည်။
၂၁။ အပြစ်မရှိသော အသုံးအဆောင်ရှိသည်။
၂၂။ ဂတိတရားမှ လွတ်သည်။
၂၃။ ယုံမှားသက်ာမှကူးမြောက်သည်။
၂၄။ ဝိမုတ္တစျာန်ကို အလိုရှိသည်။
၂၅။ မြင်အပ်သော တရားရှိသည်။
၂၆။ မတုန်မလှုပ်မြဲသည်ဖြစ်၍ ဘေးကိုတားမြစ်စေသောသူတို့၏ မှီခိုရာသို့ရောက်သည်။
၂၇။ ကောင်းစွာဖြတ်အပ်သော အနုသယရှိသည်။
၂၈။ အစိုးရသော အာသဝေါကုန်ခြင်းသို့ရောက်သည်။
၂၉။ ငြိမ်သက်ချမ်းမြေ့သော သမာပတ်၌ များစွာနေလေ့ရှိသည်။
၃၀။ အလုံးစုံရဟန်းကျေးဇူးတည်းဟူသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၏။

သောသာနိကစုတင်အဖြေ

သုသာန် အင်္ဂါ (၂)ရပ်ရှိသည်အနက်၊ မီးမဖုတ်ဘဲ မြေသာမြှုပ်၍သမုတ်ခဲ့သော် သုသာန်အရာ၌ တည် မတည်ဟူသောပြဿနာ၌ မီးဖုတ်သည်ဖြစ်စေ မြေမြှုပ်သည်ဖြစ်စေ ၎င်းကိစ္စ(၂)ခု တစ်ခုခုရှိလျှင် သုသာန် အရာတည်၏။ သဘောကား မီးဖုတ်၍ အလောင်းကောင်အကြွင်းအကျန်မရှိဘဲ သုသာန်တည်သေး၏။ မြေမြှုပ်၍ အလောင်းကောင်ပကတိ တည်ရှိနေတာဟာသာ၍ သုသာန်တည်၏။ သံသယမရှိပါနဲ့ဟု (မဟာမြိုင် ဆရာတော်) မိန့်တော်မူ၏။

အရညကင် ဓုတင်၌ မှတ်ဖွယ်

''တောပျက် မပျက် ဟူရာ၌ ရွာအင်္ဂါရပ်ပြည့်စုံမပြည့်စုံခြင်းလျှင် ပဓာနဖြစ်၏။''

ယက္ခပရိဂ္ဂဟိတ အမနုဿဂါမ ယက္ခနဂရသည် ဘီလူးတို့သည် လူယောင်ဖန်ဆင်း၍ အိမ်ဈေး သဘင်စသည်ကျင်းပပြုခြင်းထင်သော်သာလျှင် ရွာမည်၏။ မထင်သည်ရှိသော် ရွာမမည်ဟုမှတ်အပ်၏။ ရွာမည်သော်သာလျှင် တောကျောင်းအန္တရာယ်ဖြစ်၏။ ရွာမမည်သော် တောကျောင်း၏ အန္တရာယ်ကို မပြုတတ်ဟုမှတ်အပ်၏။ ထိုဖြင့် သာရတ္ထဒီပနီဋီကာ၌ ...

''ယက္ခပရိဂ္ဂဟာဘူတောတိ သဥပဒ္ဒဝဝသေန ဝုတ္တံ။ ယက္ခနဂရာဒိဝိ သင်္ဂဏှာတိ၊ ယက္ခနဂရမ္ပိ အာပဏာဒီသု ဒိဿမာနေသု ဂါမသင်္ချံ ဂစ္ဆတိ၊ အဒိဿမာနေသု န ဂစ္ဆတိ၊ တသ္မာ ယက္ခနဂရမ္ပိ ပဝိ သန္တေန အာပဏာဒီသု ဒိဿမာနေသု သဗ္ဗံ ဂါမပ္ပဝေသနဝတ္တံ ကာတဗ္ဗံ အဒိဿမာနေသု န ကာတဗ္ဗန္တိ ဝဒန္တိ။ ဟုဖွင့်၏။

ထိုပြဆိုခဲ့ပြီးသော ဂါမတို့တွင် သတ္တဂါမမှတစ်ပါးသော နိယမဂါမတို့သည် တစ်ညဉ့်မျှပင် ရွာတည်ရှိငြားသော်လည်း တောကျောင်းအင်္ဂါလက္ခဏာ ပျက်၏ဟုမှတ်အပ်၏။ ။ ခြေကုန်သည် လှည်းကုန်သည်စသော အနိယမသတ္တဂါမသည် "အတိရေကစာတုမာသနိဝိဋ္ဌော" ဟု ဘုရားဟောတော်မူသောကြောင့် မိုးလေးလထက် အလွန်နေသော်သာလျှင် တောကျောင်းအင်္ဂါလက္ခဏာပျက်၏ဟုမှတ်။

အိမ်သစ်ဆောက်လုပ်ပြီးသော "ကေကုဋ္ဋိကစသော ရွာသည် အကြင်မျှလောက်သော ကာလပတ်လုံး လူတို့သည်ဝင်၍ နေထိုင်ခြင်းကို မပြုသေး၊ ထိုမျှလောက်သောကာလပတ်လုံး ရွာဟူသောအရေအတွက်သို့မရောက်၊ ထိုလူတို့မနေထိုင်သော ရွာသစ်သည် အိမ်ရှိသော်လည်း တောကျောင်းအင်္ဂါလက္ခဏာမပျက်ဟု မှတ်အပ်၏။ (၃)

ထိုမှတစ်ပါးလည်း တောကျောင်း၏အတွင်း၌ အိမ်ထောင်စုံဝင်၍နေက တောကျောင်းပျက်သည်ဟု အချို့ပြောဆိုနေကြပါသည်။ ၎င်းအချက်၏ အဖြေ။

"သာသင်္ကံ နာမ အာရာမေ အာရာမူပစာရေ စောရာနံ နိဝိဋ္ဌောကာသော ဒိဿတိ၊ ဘုတ္တောကာသော ဒိဿတိ၊ ဌိတောကာသော ဒိဿတိ၊ နိသိန္နောကာသော ဒိဿတိ၊ နိပန္နောကာသော ဒိဿတိ၊ ဟူသော ပါရာဇိကဏ်ပါဠိတော် နိဿဂ္ဂိယသိက္ခာပုဒ်၌ သူခိုးတို့သည် တောကျောင်း၏ အာရာမ်တွင်း ဥပစာရတို့၌ ဝင်၍နေထိုင်သည်ကိုဟောတော်မူသည်၊ ၎င်းခိုးသူတို့ နေထိုင်ခြင်းကြောင့် တောကျောင်းပျက်သည်ဟူ၍ ပါဠိတော်၌ဟောတော်မူခြင်း မရှိသောကြောင့်လည်းကောင်း၊ ဓုတင်နှင့်စပ်၍ဖွင့်ပြသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၎င်းဋီကာစသည်တို့၌လည်း ဖွင့်ပြခြင်းမရှိသောဖြင့် လည်းကောင်း၊ ဆွမ်း စသည်လှူဒါန်းခြင်းစသောအကြောင်းအားဖြင့် တောကျောင်းသို့လာ၍ အိမ်ထောင်စုံ ဒကာဒကာမတို့ နေ့ညဉ့်ပတ်လုံး ခေတ္တနေထိုင်ကြခြင်းသည် တောကျောင်းမပျက်ဟူ၍သာ မှတ်ယူသင့်ပေ၏။

(ညောင်ရမ်းဝိနိစ္ဆယ စာ –၄၅၇၊ ၄၆၀၊ ၄၆၂)

ယောမူ ဂဏ္ဍိပဒတ္ထ ဝိနိစ္ဆယ မှ ကာဓါ
နိဒါန ဝဏ္ဏနာ

သမ္ဘိန္ဒနနှင့် အဇ္ဈောတ္ထရဏအထူးကား။ အကြင်မျှလောက်သော အရပ်၌လေးယောက်သော ရဟန်းတို့သည်ရပ်၍ သံဃကံကို မပြုလောက်။ ထိုမျှလောက်သော အရပ်ကို အတွင်းပြု၍ သမုတ်သည်ကား သမ္ဘိန္ဒနမည်၏။ ။ ထို့ထက်လွန်သော အရပ်ကို အတွင်းပြုလုပ်သည်ကား အဇ္ဈောတ္ထရဏမည်၏။ ဤကား အထူး။ ။ **(ဌ၊ စာ–၁၀၇)**

ဝနနိမိတ္တေ–၌ – အဓိပ္ပာယ်ကား။ ။ လေးပင်မျှရှိသောတောဖြစ်အံ့၊ သုံးပင်သာရရုက္ခ၊ တစ်ပင် အသာရရုက္ခယူ။ ။ ငါးပင်မျှရှိသော တောဖြစ်အံ့။ သုံးပင်သာရရုက္ခ၊ နှစ်ပင်အသာရရုက္ခယူ။ သာရ ရုက္ခအဓိကကိုသာ အလိုရှိအပ်၏။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း သည်ကဲ့သို့ပင် ဆို၏။ ။ ဝိနယာလင်္ကာရ၌ကား စတုပဉ္စရုက္ခမတ္တမ္ပိတိ သာရရုက္ခေ သန္ဓာယ ဝုတ္တံဟု ဆိုပြီး၍ ဝဇိရဗုဒ္ဓိတို့ကဲ့သို့သော အယူကို ဝဇိရ ဗုဒ္ဓိယံ ပန– ဟု ဂရဟာဖြင့် တက်၍ဆို၏။ ထိုသို့ဆိုသော်လည်း ဝဇိရဗုဒ္ဓိ ဤဋီကာတို့သို့သာလိုက်၍ မှတ် အပ်၏။ အဘယ်ကြောင့်နည်းဟူမူကား ဤအဋ္ဌကထာ၌ပင်လျှင် အန္တောသာရေဟိ ဝါ အန္တောသာရမိဿ ကေဟိ ဝါ ရုက္ခေဟိ စတုပဉ္စရုက္ခမတ္တမ္ပိ ဝနံ နိမိတ္တုပဂံဟု လာသောကြောင့်တည်း။

ပါသာဏနိမိတ္တေ၌ ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏ – ဟူသည်တစ်ပိုမှာ ၄ သားရှိသောကြောင့် ၃၂+ ကို ၄ နှင့်မြှောက်က ၁၂၈ သားဖြစ်၍ ၁ ပိသာနှင့် ၂၈သားဆိုလျှင် အယုတ်ဆုံး၊ ပေဗ္ဗိမပရိစ္ဆေဒလောက် ပါသည်။

အယမ္ပိ ဇာတဿရောယေဝ၌ ပိသဒ္ဒါဖြင့် ဆိုအပ်ပြီးသော ထုံးသည်သာလျှင် ဇာတဿရမည်သည် မဟုတ် မြစ်စသည်ကိုဖျက်၍ ရေသည်ပြုအပ်သော ထုံးသည်လည်းဆိုအပ်ပြီးသော လက္ခဏာရှိမူဇာတဿရ မည်သည်လျှင်တည်းဟု ရှေးကိုပေါင်း။

တံ ဌာနံ ဂါမခေတ္တံ၌ အဓိပ္ပာယ်ကား –

''ထိုခြောက်သောဇာတဿရ၌ ရေတွင်းတူးသော်လည်းကောင်း၊ ဘူး၊ ဖရုံ စသည်ကို စိုက်ပျိုးသော် လည်းကောင်း ထိုအရပ်သည်သာလျှင် ဂါမခေတ်ဖြစ်၏။ မစိုက်ပျိုးသော ကြွင်းသောအရပ်သည် ကပ္ပိယ မြေလျှင်တည်း။ ဤနည်းအတူလေးထောင့်ကန် တစ်ဖက်ဆည်ကိုပြုသော်လည်း အလုံးစုံကို မလွှမ်းမိမူ လွှမ်းမိရာအရပ်သည်လျှင် ဂါမခေတ်ဖြစ်၏။

အချို့ဆရာတို့သည် သစေ ပန သုက္ခေ ဇာတဿရေ ဝါပိ ဝါ ခဏန္တိ တံ ဌာနံ ဂါမခေတ္တံ ဟောတိ ဟူသော ဤပါဠ်ကိုထောက်၍ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရတို့၌ ရေအယဉ်၏အဟုန်ကြောင့် ကျွန်းထွန်းသော်လည်း အကြင်မျှလောက်သော ကာလပတ်လုံး လူတို့သည် ရေတွင်းရေကန် ဘူး၊ ဖရုံ၊

ကောက်ပဲတို့ကို မစိုက်ပျိုးသေး။ ထိုမျှလောက်သောကာလပတ်လုံး ဥဒကုက္ခေပသိမ်အဖြစ်ဖြင့်သာလျှင် သံဃကံကိုပြုအပ်၏။ ဂါမသိမ်သတ္တဗ္ဘန္တရသိမ်အဖြစ်ဖြင့် မပြုအပ်။ ဗဒ္ဓသိမ်ကိုလည်းမဖွဲ့အပ်ဟု ဆိုကုန်၏။

ထိုဆရာတို့၏ အယူကို ဆင်ခြင်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား ဤ သစေပနစသော ပါဠိသည် ထိုသို့သောရေအယဉ်၏အဟုန်ကြောင့် ကျွန်းထွန်းသည်ကို ရည်၍ဆိုသောပါဠိ မဟုတ်။ ပကတိမိုးကာလ၌ မိုးခေါင်ခြင်းကြောင့်လည်းကောင်း၊ ဆောင်းကာလနွေကာလတို့၌ ရေနေအံ့သော အခွင့်ရှိလျက် ရေမရှိ ခြောက်သည်ကို ရည်၍ဆိုသော အရာဖြစ်သောကြောင့်လည်းကောင်း။ နဒီပါရသိမ်အဆုံးအဖြတ်၌ အလယ်၌ရှိသောကျွန်းကို ဗဒ္ဓသိမ်ဖွဲ့၍ အပ်ကြောင်းကို လာသောကြောင့်လည်းကောင်း။

အတိဝုဋ္ဌိကာလေ သြဃေန သြတ္ထဋ္ဌောကာသော န ဂဟေတဗ္ဗောဟူ၍လည်းကောင်း အန္တောနဒီယံ ဇာတသရေ ဇာတပိဋ္ဌိပါသာဏဒီပကေသုပိ အယမေဝ ဝိနိစ္ဆယော ဝေဒိတဗ္ဗော-ဟူ၍ ဋီကာလာသော ကြောင့်လည်းကောင်း ဆိုသည်။ အကယ်၍ အဌကထာဋီကာတို့၌ ရေးကရေမလွှမ်းဖူးသောကျွန်း၊ လွှမ်းဖူးသော်လည်း ဆိုအပ်ပြီးသောနည်းဖြင့် ဘူး၊ ဖရုံစသည်စိုက်ပျိုး၍ ဂါမခေတ်ဖြစ်သော ကျွန်းကို ရည်၍ ဆုံးဖြတ်သည်ဟူငြားအံ့။ ဤသို့သော အဆုံးအဖြတ်လည်း အဌကထာဋီကာတို့၌ မလာ။ ထိုစကားသည် သင့်စွ။ ထူးသော်လာရာ၏။ ထို့ကြောင့် ပို့လေပြီးသော မြစ်သမုဒ္ဒရာဇာတဿရတို့သည် ရေမသွားမနေ သည်ရှိသော် ရေတွင်းရေကန်စသည်ကို ပြုလုပ်မူလည်းဖြစ်စေ၊ မပြုသည်မူလည်းဖြစ်စေ၊ ဂါမသိမ်အရ ညသိမ်၏လက္ခဏာသို့သာ ရောက်၏။ ဥဒကုက္ခေပသိမ်၏ လက္ခဏာသို့ မရောက်ဟု ထင်ပေသည်။ မဟာ ဝိသယဂရုဋ္ဌာနဖြစ်၍ ဆိုလိုက်သည်။ အတ္တုက္ကံသန ပရဝမ္ဘနအလို့ငှာ ဆိုသည်ဟု မမှတ်ကုန်ရာ။ သင့်မူ ယူကုန်ရာ၏။ မသင့်မူ စွန့်ကုန်ရာ၏။ ဤထက်အလွန် ယုတ္တိသာဓကဉာဏကိုဆောင်၍ ကြံကုန်ရာ၏။ မဆောင်နိုင်သော ပညာရှိတို့သည် ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ တော် ဝိနယလက္ခဏံဟူရကား မစွန့်ကုန်ရာ။ ဂရုကအရာဖြစ်ပေသည်ဟု ယုံကြည်စွာမှတ်ကုန်ရာ၏။

ဥပစာရတ္ထာယ ဌပေတဗ္ဗာ - အဓိပ္ပာယ်ကား

''ဤသတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ်ကို ရဟန်းတို့၏ တည်ရာအရပ်မှ စ၍ ရအပ်၏။ ရဟန်းတို့ သည်လည်း အချင်းခပ်သိမ်းမကူး ရံခါနည်း၏။ ရံခါများ၏၊ အကြင်အခါ၌ များ၏။ ထိုအခါ၌ သီမသင်္ကာရ ဖြစ်၏။ ထို့ကြောင့် နှစ်ခုပါသော သတ္တဗ္ဘန္တရ ဥဒကုက္ခေပတို့၏ အကြား၌ တစ်ခုသော သတ္တဗ္ဘန္တရ ဥဒကုက္ခေပကို ထားအပ်၏ဟူလို။ **(ဋီကာ) ဝိနယာလင်္ကာရ၌ကား** ထို့ကြောင့် ဤသတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ်တို့၏ အပိုင်းအခြား၏ သိနိုင်ခဲသည်၏အဖြစ်ကြောင့် သီမသမ္ဘေဒသင်္ကာရဒေါသကို စောင့်ခြင်းငှာ ထားအပ်သည်ဟု မိန့်၏။''

တသွာ အညမည် ဒေသေတဗ္ဗံ (ကင်္ခါ၊ ဌ၊ စာ-၉၂) - အဓိပ္ပာယ်ကား -

'' ဒေသကပုဂ္ဂိုလ်အား ဒေသနာပစ္စယကြောင့် ပဋိဂ္ဂါဟကပုဂ္ဂိုလ်အား ပဋိဂ္ဂဟဏပစ္စယကြောင့် သင့်ရကား ထိုဒုက္ကဋ်သည် နာနာဝတ္ထုကဖြစ်၏။ ထို့ကြောင့် အချင်းချင်းကြားအပ်၏ဟူလို။ ဤကိုရည်၍ ယခုကာလ၌ ရှေးဦးကြားသောသူသည် တစ်ဖန်ကြားပြန်သတည်း။''

မဟာပဝါရဏာယ စသည်၌ အဓိပ္ပာယ်ကား (ကင်္ခါ-ဌ၊ စာ-၉၄) -

''သီတင်းကျွတ်လပြည့်နေ့၌ ပုရိမဝါသို့ကပ်သောရဟန်းတို့သည် ပစ္ဆိမဝါသို့ကပ်သောရဟန်း၊ ဝါသို့မကပ်သောရဟန်း၊ ဝါပြတ်သောရဟန်းတို့နှင့် မျှသော်လည်းကောင်း၊ လွန်သော်လည်းကောင်း၊ သံဃ ပဝါရဏာလောက်မူကား သံဃဉတ်ကိုထား၍ ပုရိမဝါကျွတ်သောရဟန်းတို့သည် ပဝါရဏာပြုအပ်ကုန်

၏။ ။ ပစ္ဆိမဝါသို့ကပ်သောရဟန်း၊ ဝါသို့မကပ်သောရဟန်း ဝါပြတ်သောရဟန်းတို့သည် ပုရိမဝါသို့ကပ်သော ရဟန်းတို့အထံ၌ ပါရိသုဒ္ဓိဥပုသ်ကို ပြုအပ်ကုန်၏။ သံဃပဝါရဏာ မလောက်မူကား ဂဏဉတ်ကို ထား၍ ရှေးအတူပြုအပ်ကုန်၏။ နှစ်ယောက်သာဖြစ်မူကား တစ်ယောက်သည် တစ်ယောက်ထံ၌ အထံ၌ ပဝါရဏာ တစ်ယောက်သည် ပါရိသုဒ္ဓိဥပုသ်ကို ပြုအပ်၏။ တန်ဆောင်မုန်းလပြည့်နေ့၌လည်း ဤအတူ ပဝါရဏာ ပြုသောသူတို့သာ လိုက်အပ်၏။ ။ အကယ်၍ ပဝါရဏာပြုအံ့သော သူတို့ထက် ဥပုသ်ပြုအံ့သောသူလွန်မူကား ပါတိမောက်ပြပြီးမှလျှင် နည်းသောရဟန်းတို့သည် ပဝါရဏာပြုအပ်ကုန်၏။ ဤကိုရည်၍ မဟုတ်လော။ ခုဒ္ဒသိက္ခာဆရာသည်။

''ပဝါရိတေဝ သံဃမှိ၊ ပါရိသုဒ္ဓိ ဥပေါသထံ။

ကရေယျ ဆိန္နဝဿော ဝါ၊ အဝုတ္ထော ဝါ နုပဂတော။

''စာတုမာသိနိယာစာပိ၊ ကတေ သံဃေနုပေါသထေ။

ဝုတ္ထဝဿာ ပဝါရေယျုံ၊ သစေ အပ္ပတရာ သိယုံ **(စာ-၂၀၈၊ ၂၀၉)**-ဟုမိန့်အပ်ပါပြီ။

တသ္မိံ ပဝတ္တမာနေ ဥပေါသထ အကတ္ဝာ စသည်၌ အဝိပ္ပာယ်ကား -

''ဥပုသ်နေကြိမ်သည်ရှိသော် ဥပုသ်ကိုမပြုမူ၍ ထိုဥပုသ်နေ့၌ တစ်ပါးသောရဟန်းသည် မရှိသော ကျောင်းသို့လည်းကောင်း၊ ကျောင်းမဟုတ်သော အမှုသစ်လုပ်စရာ ဇရပ်၊ တန်ဆောင်းစသည်တို့လည်း ကောင်း၊ လဒ္ဓိနာနာသံဝါသက ရဟန်းတို့ဖြင့် ရဟန်းရှိသောကျောင်းသို့လည်းကောင်း၊ ကျောင်းမဟုတ် သော ဇရပ်တန်ဆောင်းစသည်တို့လည်းကောင်း၊ နေအံ့သောငှာ မိမိလျှင် လေးယောက်မြောက်သော သံဃာ ကိုလည်းကောင်း၊ အန္တရာယ်(၁၀)ပါးကိုလည်းကောင်း ကြဉ်၍သွားသောရဟန်းအား ဒုက္ကဋ်သင့်၏ဟူလို။

အင်္ဂ ကတ္ဝာ မနသိ ကရိတ္ဝာ၌ အဝိပ္ပာယ်ကား - (ကခါ-၄၊ စာ-၉၉)

''ဤအင်္ဂ ကတွာ၌ အတ္ထိသဒ္ဒါသည် ဥစ္စာဟောတည်း။ အဌကထာဟူသောပုဒ်ကဲ့သို့ တ္တကို၄ပြန်၍ အင်္ဂကတွာဟု ရှိလေသည်ဟူ၏။ ။ အဝိပ္ပာယ်ကား၊ လောက၌ ဥစ္စာရှိသောသူသည် မိမိဥစ္စာကို မပျောက်ရအောင် တံတင်းစသည်တို့၌ထည့်၍ စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို ပါတိမောက်ဖြင့် ဥစ္စာ ရှိသည်ကိုပြု၍ ဝါ ထိုပါတိမောက်ကို မိမိဥစ္စာပြု၍ စိတ်တည်းဟူသော တံတင်း၌ထား၍ သောတဒွါရိက ဇဝနဝီထိ၏ အစွမ်းဖြင့် စိတ်၏လွင်သို့လွတ်ခြင်းကိုမပေးမူ၍ အလုံးစုံသောစိတ်ဖြင့် ဆင်ခြင်ကုန်အံ့ဟူလို။

သော တံ အာပတ္တိံ ဒေသေတု ဝါ ပကာသေတု ဝါ၌ **- (ကခါ-၄၊ စာ-၁၀၀)**

''ဤ၌ ဒေသနာကြားအပ်၏ဟူသည်ကား ပါရာဇိကသို့ ရောက်ပြီးသောရဟန်းသည် ရဟန်း၏ အဖြစ်ကိုစွန့်ခြင်း၊ သံဃာဒိသေသ်သင့်သော ရဟန်းသည် ပရိဝါသ် မာနတ်နေခြင်း၊ အဗ္ဘာန်သွင်းခြင်း၊ လဟုက အာပတ်သင့်သောရဟန်းသည် ဒေသနာကံပြုခြင်းကိုယူ။ ။ ပကာသေတုဟူသည်ကား ''ဂရု က လဟုက အာပတ်သို့ရောက်သောရဟန်းသည် ဂိုဏ်းပုဂ္ဂိုလ်သံဃာတို့တွင် တစ်ပါးပါး၏အထံ၌ ငါ့အား တစ်ခုသော အာပတ်သင့်၏။ ထိုအာပတ်ကို သင့်အားကြား၏ဟူ၍လည်းကောင်း၊ ငါ၏တစ်ခုသော အာပတ် သို့ရောက်သောအဖြစ်ကို သင်သိလောဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ထင်စွာပြုခြင်းကိုယူ။ ။

ပါရာဇိက ကဏ္ဍ

အာ ၃ ဩပက် နပုံစွက်၊ ငါးချက်ပဏ္ဍုက်လာ – ၁၂၅

''ပဏ္ဍုက် ''၅''ပါးတို့တွင် အကြင်ပဏ္ဍုက်အား သူတစ်ပါးသို့ အင်္ဂါဇာတ်ကိုခံတွင်းဖြင့် စုတ်၍ မိမိခံတွင်း၌သွင်းသည်ရှိသော် မိမိ၏သုက်လွတ်သဖြင့် ပူပန်ခြင်းငြိမ်း၏။ ထိုပဏ္ဍုက်သည်ကား အာသိတ္တပဏ္ဍုက်မည်၏။ အကြင်ပဏ္ဍုက်အား သူတစ်ပါးတို့ အဇ္ဈာစာရကို မြင်သည်ရှိသော် ငြူစူသည်၏အစွမ်းဖြင့် မှိဝဲလိုသော ကာမရာဂဖြစ်သည်ရှိသော် သုက်လွတ်သဖြင့် ပူပန်ခြင်းသည်ငြိမ်း၏။ ထိုပဏ္ဍုက်သည် ဥသူယ ပဏ္ဍုက်မည်၏။ အကြင်ပဏ္ဍုက်ကား လှံ့လဖြင့် ဗီဇတို့ကိုထုတ်အပ်ကုန်၏။ ထိုပဏ္ဍုက်သည် ဩပက္ကမိကပဏ္ဍုက်မည်၏။ အကြင်ပဏ္ဍုက်သည် ပဋိသန္ဓေကပင် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ မရှိသည်ဖြစ်၏။ ထိုပဏ္ဍုက်သည် နပုံသက ပဏ္ဍုက်မည်၏။ ။ အကြင်ပဏ္ဍုက်ကား အကုသလဝိပါကအာနုဘော်ကြောင့် လဆုတ်ပက္ခ၌ ပဏ္ဍုက်ဖြစ်၏။ လဆန်းပက္ခ၌ကား ပူပန်ခြင်းငြိမ်း၏။ ဤပဏ္ဍုက်သည် ပက္ခပဏ္ဍုက် မည်၏။

(ကခ်ါ အဘိနဝဋီကာ ဓာ – ၁၆၈)

ထို ''၅''ပါးတို့တွင် အာသိတ္တပဏ္ဍုက် ဥသူယပဏ္ဍုက် ပက္ခပဏ္ဍုက် ဤ ''၃'' ယောက်တို့သည် ပုရိသိန္ဒြေပုရိသလိင်နှင့် ယှဉ်ကုန်၏။ အဟိတ်ပဋိသန္ဓေနေကုန်၏။ ထိုသုံးယောက်သောပဏ္ဍုက်တို့သည် ကိလေသာထိုးကျင်ခြင်းအားကြီးသောကြောင့်သာလျှင် နပုံသကပဏ္ဍုက်နှင့်တူသောကြောင့် ပဏ္ဍုက်ဟုဆိုအပ်ကုန်၏။ ။ **ဝိမတိ။**

သာရတ္ထဒီပနီ၌ကား ၊ အကြင်ပဏ္ဍုက်သည် ကာဠပက္ခ၌ မိန်းမပဏ္ဍုက်ဖြစ်၏။ ဇုဏှပက္ခ၌ ယောကျ်ားဖြစ်၏။ ဤပဏ္ဍုက်သည် ပက္ခပဏ္ဍုက်မည်၏ဟု ကေစိဆရာတို့ဆိုကုန်၏ဟု မနှစ်သက်ယောင် စကားဆို၍ အဋ္ဌကထာ၌ကား ကာလပက္ခ၌ ပဏ္ဍုက်ဖြစ်၏။ ဇုဏှပက္ခ၌ကား ထိုပဏ္ဍုက်အား ပူပန်ခြင်း ငြိမ်း၏ဟူ၍ အပဏ္ဍကပက္ခ၌ ပူပန်ခြင်းငြိမ်းခြင်းကိုသာလျှင် ဆိုအပ်သည်၏အဖြစ်ကြောင့် ပဏ္ဍကပက္ခ၌ ပြောသော ပူပန်ခြင်းရှိသောအဖြစ်သို့ ရောက်သောသူကိုလျှင် ပက္ခပဏ္ဍုက်ဟုဆိုအပ်၏ဆိုပြီး၍ ဆင်ခြင်၍ သင့်အပ်သည်ကို ယူအပ်၏ဟုလာ၏။ ကြပ်ကြပ်ဆုံးဖြတ်တော်မမူ။

ထိုသို့မဆုံးဖြတ်သော်လည်း ဆင်ခြင်အပ်၏ဟူသောကြောင့် ဆင်ခြင်သည်ရှိသော် ''မနုဿပဏ္ဍကဿ ဒွေ မဂ္ဂေ မေထုနံ ဓမ္မံ ပဋိသေဝန္တဿ အာပတ္တိ ပါရာဇိကဿ ဝစ္စမဂ္ဂေ မုခေ '' ဤသို့စသည်ဖြင့် ပဒဘာဇနီ**(ဓာ–၃၅)**၌ လာခြင်းကြောင့်လည်းကောင်း။ ။ ''မနုဿပဏ္ဍကာဒီနံ ဒွေ ဒွေ ကတွာ ဆ ဟုအဋ္ဌကထာ **(ဓာ–၂၂၆)**၌ လာသောကြောင့်လည်းကောင်း၊ ဝိမတိဝိနောဒနီ၌ဆုံးဖြတ်သော အဆုံးအဖြတ်ကို လျှင် ယုံကြည်စွာမှတ် အပ်၏။

သဗ္ဗောပိ ကိရိယာဘေဒေါ - ၌

''ပိသဒ္ဒါကား အဋ္ဌာနပယုတ်တည်း။ ။ဤပိသဒ္ဒါဖြင့် ကေဒ္ဒေသ ကေကမ္မ သမသိက္ခတာ စသော ကိရိယာအထူးကိုသာလျှင် သံဝါသဟု ဤအရာ၌ လိုအပ်သည်မဟုတ်။ ဤရဟန်းဝါစသည်ကို ရေတွက်ခြင်းစသည်ကိုလည်း လိုအပ်၏ဟုပေါင်း။ ။

န ဒဝါ ဝါ ရဝါ ဝါ ဘဏန္တဿ - ၌ (ကင်္ခါ ၈ - ၁၀၇)

''ဒဝါ ရဝါ – အထူးကား အကြင်သူသည် တစ်ပါးကိုဆိုသော်လည်း အဆောတလျင် ဗုဒ္ဓံ ပစ္စက္ခာမိ– ဟုဆို၏။ ဤသူသည် ဒဝါ ဘဏတိမည်၏။ ။ အကြင်သူသည် တစ်ပါးကိုဆိုသော်လည်း ချွတ်ယွင်း၍ ဗုဒ္ဓံ ပစ္စက္ခာမိဟုဆိုမိ၏။ ဤသူသည် ရဝါ ဘဏတိမည်၏။ ။ ရှေးကား ပညာရှိသောသူသော်လည်း အဆောတလျင်ဆို၍ ဗုဒ္ဓံ ပစ္စက္ခာမိဆိုသည်။ နောက်ကား ပညာနုန့်၍မလိမ်သောကြောင့် တစ်ပါးကိုဆိုအံ့ ဟုစိတ်ရှိလျက် ဗုဒ္ဓံ ပစ္စက္ခာမိဟု အဆိုချွတ်လေသည်။ ဤကားအထူး။ ။

သစေ တေ တယာ ပကတိယာ လောကေ မနုဿာနံ ဝစနံ သုတွာ အာဝဇ္ဇနသမယေ ဇာနန္တိ (ကင်္ခါဋ္ဌ၊ စာ–၁၀၈) စသော ပါဠိတို့၏ အဓိပ္ပာယ်ကား။ ၁၃၀။ ''လောက၌ လူတို့သည် ဗုဒ္ဓံဟု ရွတ်သည်ရှိသော်၊ ဗု ဟူသော သဒ္ဒါရုံကိုအာရုံပြု၍ သောတဒွါရ တစ်ဝီထိ။ ထို့နောက် ထိုဗုဟူသော သဒ္ဒါရုံကိုလည်းကောင်း အာရုံပြု၍ တဒနုဝတ္တကမနောဒွါရ တစ်ဝီထိ။ ထို့နောင်ဒ္ဓံဟူသော သဒ္ဒါရုံကိုအာရုံပြု၍ သောတဒွါရ တစ်ဝီထိ၊ ထို့နောင် ထိုဒ္ဓံဟူသော သဒ္ဒါရုံကိုလည်းကောင်း အာရုံပြု၍ တဒနုဝတ္တကမနောဒွါရ တစ်ဝီထိ၊ ထိုနောင် **ဗုဒ္ဓံဟူသော အက္ခရာနှစ်ခုအပေါင်းဟု ဆိုအပ်သော နာမပညတ်ကို အာရုံပြု၍ မနောဒွါရ တစ်ဝီထိ ထို့နောင်** ဗုဒ္ဓံဟူသော အက္ခရာနှစ်ခုသော အပေါင်းသည် ဟောအပ်သော ဘုရား ဒြပ်ကိုအာရုံပြု၍ မနောဒွါရ တစ်ဝီထိကျ၍ ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ဟု သိသကဲ့သို့ ထို့အတူ ဤသိက္ခာချသော ရဟန်း၏ ဗုဒ္ဓံပစ္စက္ခာမိစသော စကား၏အခြားမဲ့၌ ဤရဟန်းသည် သာသနာတော်၌ မမွေ့လျော်ဟူ၍ လည်းကောင်း၊ လူ၏အဖြစ်ကို တောင့်တ၏ဟူ၍လည်းကောင်း၊ ရဟန်းအဖြစ်မှ လျှော့လို၏ ဟူ၍လည်းကောင်း၊ သာသနာတော်၌ ဆင်းရဲငြိုငြင်လျက် အသက်မွေးခြင်းသို့ရောက်၏ ဟူ၍လည်းကောင်း တစ်စုံတစ်ခုသော အခြင်းအရာဖြင့် သိက္ခာချသောအဖြစ်ကို သိကုန်သည်ရှိသော်သာလျှင် သိက္ခာကျ၏။ သဒ္ဒါ၏ အနက်ကိုသိကုန် ငြားသော်လည်း ဆိုအပ်ပြီးသောအခြင်းအရာဖြင့် သိက္ခာချသောအဖြစ်ကို မသိကုန် သည်ရှိသော် မကျဟူလို။

တိရစ္ဆာနဂတာယပိ - ၌ (ကင်္ခါ ၄ စာ - ၁၀၉)

တိရိစ္ဆာန်ဟူငြားသော်လည်း ပါရာဇိကလောက်သော တိရိစ္ဆာန်ကိုသာလျှင် ဤအရာ၌ တိရစ္ဆာန်ဟု ယူ။ အလုံးစုံသော တိရစ္ဆာန်ကိုမယူလင့်။ ။ ပါရာဇိက လောက်သော တိရစ္ဆာန်ကား။ ။ အပဒါနံ အဟိမစ္ဆာ၊ ဒွိပဒါနဉ္စ ကုက္ကုဋီ။ စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထုပါရာဇိကဿိမာ–ဟူသော ဂါထာကိုမှီ၍ သိလင့်။ (ဋ္ဌ၊ စာ–၂၂၄)

တတ္ထ ယဿ ။ ပ ။ အယံ လောကဝဇ္ဇာ (ဋ္ဌ၊ စာ–၁၉၃) ၌ အဓိပ္ပာယ်ကား

''သစိတ္တက အစိတ္တကဟုဆိုအပ်သော သုရာပါနစသော အစိတ္တကအာပတ်အား သေဟူ၍ဝတ္ထု ကိုသိသောစိတ်ဖြင့် သစိတ္တကပက္ခ၌စိတ်သည် အကုသိုလ်စိတ်သာလျှင် ဖြစ်ကုန်၏။ ထိုအာပတ်သည် လောကဝဇ္ဇအာပတ်မည်၏။ ။ သစိတ္တကပက္ခေဟူသော ဤစကားကို သစိတ္တက အစိတ္တကဟုဆို အပ်သော အာပတ်တို့တွင် အစိတ္တကအာပတ်ကိုရည်၍သာ ဆိုအပ်၏။

ထိုစကားသင့်စွ။ သစိတ္တကအာပတ်အား အစိတ္တကဟု လျင်ပါးဖွယ်မရှိကား သစိတ္တကပက္ခေ ဟူသော ဤဝိသေသနကိုဆိုခြင်းသည် အကျိုးမရှိသည်ဖြစ်ရာ၏။ သစိတ္တကပက္ခေဟု သာမညဆိုသော်လည်း ဝတ္ထုဝိဇာနနဖြစ်သော သစိတ္တကကိုသာယူ။ ပဏ္ဏတ္တိဝိဇာနနဖြစ်သော သစိတ္တကကိုမယူလင့်။

အဘယ်ကြောင့်နည်းဟူမူကား အကယ်၍ ပဏ္ဏတ္တိဝိဇာနနကို ယူချေသည်ရှိသော် အလုံးစုံသော ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့သည်လည်း လောကဝဇ္ဇသိက္ခာပုဒ်မည်ခဲ့ရာ၏။ ထိုစကားသည်သင့်စွ။ မြတ်စွာဘုရား၏မအပ်ဟူ၍ မြစ်တော်မူသော အာဏာတော်ကို သိလျက်နင်းနယ်၍ လွန်ကျူးသော ပုဂ္ဂိုလ်အား ကုသိုလ်စိတ်မည်သည်မဖြစ်၊ မရှိမသေသည်၏အစွမ်းဖြင့် ပဋိဃစိတ်သည်သာလျှင်ဖြစ်၏။

ထို့ကြောင့် ပဏ္ဏတ္တိဝိဇာနနဖြစ်သော သစိတ္တကပက္ခကို မယူလင့်ဟူလိုသည်။ ။ ဤကား ဋီကာ၌လာသော အမြွက်ဖြစ်သော အဆုံးအဖြတ်တည်း။ ။ သာရတ္ထဒီပနီဋီကာ၌ကား "အပိစေတ္ထ စသည်တက်၍ တစ်နည်းလည်း ယုတ္တိသာဓက ဉာပကဆောင်၍ ကျယ်စွာဆုံးဖြတ်တော်မူ၏။ အလိုရှိမူ ထိုဋီကာ၌ ယူအပ်ကုန်၏။ ။ အကြင်အာပတ်အား ဝတ္ထုဝိဇာနနဖြစ်သော သစိတ္တကပက္ခ၌ စိတ်သည် ကုသိုလ်ဟူ၍လည်းကောင်း အကုသိုလ်ဟူ၍လည်းကောင်း အဗျာကတဟူ၍လည်းကောင်း အမြဲမရှိ။ ထိုအာပတ်သည် ပဏ္ဏတ္တိဝဇ္ဇမည်၏။

မနောဒွါရေ အာပတ္တိ နာမ နတ္ထီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။ ဥပနိက္ခိတ္တသာဒိယနာဒီသု အာပတ္တိသမ္ဘဝတောတိ ဒဋ္ဌဗ္ဗံ။ **(ကင်္ခါ အဘိနဝဋီကာ စာ ၁၈၉)** ။ ။ ဤဋီကာကဲ့သို့သောအယူကို သာရတ္ထဒီပနီ၌ ဝဒန္တိဟုမိန့်၏။ ငါတို့ဆရာတော်ကား ဤဋီကာ၌ပင် အထက်ရူပိယပဋိဂ္ဂဟဏသိက္ခာပုဒ်အဖွင့်၌ သစေ ပန ကာယဝါစာဟိ အပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေတိ၊ ကာယဝါစာဟိ ကတ္တဗ္ဗဿ ပဋိက္ခေပဿ အကရဏတော အကိရိယ သမုဋ္ဌာနံ ကာယဝစီဒွါရေ အာပတ္တိ အာပဇ္ဇတိ၊ မနောဒွါရေ ပန အာပတ္တိ နာမ နတ္ထိဟု ဆိုလတ္တံ့သောကြောင့် "မနောဒွါရေ အာပတ္တိ နာမ နတ္ထီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ– စသော ဤဋီကာပါဌ်ကို စိတ္တသာဒိယနကို သာရည်၍ဆိုလေသည်။ မုချမနောဒွါရ၌ အာပတ်ဖြစ်ကောင်းသောကြောင့် ဆိုသည်မဟုတ်ဟုယူရာ၏။ ဤသို့ယူမှ ပုဗ္ဗာပရလည်းညီမည်။ ပါဠိအဋ္ဌကထာဋီကာတို့နှင့်လည်း ညီမည်ဟုမိန့်တော်မူ၏။

အာပတ္တိ အာပဇ္ဇမာနော ဟိ အကုသလစိတ္တော ဝါ စသည်၌ (ကင်္ခါ ၄ စာ –၁၁၂)

"အကုသိုလ်စိတ်ရှိ၍ ရောက်သောအာပတ်ဟူသည်ကား၊ ပါရာဇိကလေးပါး၊ သုက္ကဝိဿဋ္ဌိ ကာယသံသဂ္ဂ။ ဒုဋ္ဌုလ္လ။ အတ္တကာမ။ ဒုဋ္ဌဒေါသ။ သံဃဘေဒ၊ ပဟာရဒါနအာပတ်စသည်ကိုယူ။ ။ ကုသိုလ်စိတ်ရှိ၍ သင့်သောအာပတ်ဟူသည်ကား။ ပဒသောဓမ္မအာပတ်၊ ဓမ္မဒေသနာအာပတ်။ ဤသို့စသော အာပတ်ကိုယူ။ ။ကုသိုလ်စိတ်ရှိ၍သင့်သော အာပတ်ဟူသော်လည်း အကုသိုလ်အဗျာကတတို့ကဲ့သို့ ကုသိုလ်ကိုပင် အာပတ်ဟုမယူလင့်။

အဘယ်ကြောင့်နည်းဟူမူကား အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ–ဟုဟောတော်မူသောကြောင့်တည်း။ ထိုသို့လျက် သမန္တပါသာဒိကအဋ္ဌကထာ **စာ –၂၃၅**၌။ ယံ ကုသလစိတ္တေန အာပဇ္ဇတိ၊ တံ ကုသလံ–ဟု အဘယ်ကြောင့် မိန့်အပ်သနည်းဟူငြားအံ့၊ ထို၌လည်း ပရိယာယ်အားဖြင့်သာ ဆိုသည်။ မုချရသောကြောင့် ဆိုသည်မဟုတ်။ ။ ထိုစကားသည်သင့်စွ။ ကုသိုလ်စိတ်ရှိသဖြင့် သင့်သည်ရှိသော် သဝိညတ္တိက အဝိညတ္တိကဖြစ်သော သိက္ခာပုဒ်ကိုလွန်ကျူးသော အခြင်းအရာဖြင့်ဖြစ်သော ရူပက္ခန္ဓာဟုဆိုအပ်သော အဗျာကတအာပတ်ကိုသာလျှင် ရောက်သည်။ အကျယ်ကိုကား သာရတ္ထဋီကာ ဝဇိရဗုဒ္ဓိဋီကာ သာရတ္ထဒီပနီတို့မှာယူ။

ဝိမတိ ဆရာကား။ ဤသာရတ္ထအယူကိုပယ်၍ အာပတ်၏ပညတ်အဖြစ်ကို ယုတ္တိသာခကေ ဉာပက ဆောင်၍ အကျယ်ဆုံးဖြတ်၏။ အလိုရှိမူ ထိုကျမ်းမှာယူ။ သတိမရှိ၍ သဟသေယျအာပတ်စသည်သို့ရောက် သည်ရှိသော် အဗျာကတစိတ်ဖြင့် ရောက်သည်ကိုယူ။ ။ ရဟန္တာတို့ကား ခပ်သိမ်းသောပဏ္ဏတ္တိဝဇ္ဇ အာပတ်သို့ရောက်သည်ရှိသော် အဗျာကတစိတ်ဖြင့်သာလျှင် ရောက်ကုန်၏။ ။ ဒုဋ္ဌဒေါသစသော အာပတ်သို့ရောက်သည်ရှိသော် ဒုက္ခဝေဒနာနှင့်ပြည့်စုံ၍ ရောက်သည်မည်၏။ မေထုနဓမ္မစသည်သို့ရောက် သောသူသည် သုခမဇ္ဈတ္တဝေဒနာနှင့် ပြည့်စုံသည်ဖြစ်၍ ရောက်သည်မည်၏။ ။

ဤအင်္ဂါတေ ဥဒ္ဒိတံ ပိဋကံ ဝါ ဓမ္မခိလံ ဝါ နဋ္ဌကာယပသာဒံ သုက္ခပိဋကံ ဝါ မတာဓမ္မံ ဝါတို့ကို သေဝကဖြစ်သောရဟန်း၏အင်္ဂါဇာတ်၌ ပေါက်သည်ကိုသာယူ။ သေဝိတဗ္ဗဖြစ်သော မိန်းမနိမိတ် စသည်၌ ပေါက်သောဟုမယူလင့်။ ဤသို့ မယူလိုကြောင်းကိုကား သာရတ္ထဒီပနီ၌။ '' ဥပဟတကာယပသာဒံတိ အဝတွာ နဋ္ဌကာယပသာဒံတိဝစနံ ။ ပ ။ ဥပါဒိန္နကေယေဝ စ ပါရာဇိကအာပတ္တိ။ တေနာဟ အာပတ္တိ ဒုက္ကဋဿာတိ။ န စ ဝေံ ကရောန္တဿ အနာပတ္တိ သက္ကာ ဝတ္တုံတိ ဒုက္ကဋံ ဝုတ္တံ ဣတ္ထိနိမိတ္တဿ ပန နဋ္ဌေပိ ဥပါဒိန္နကဘာဝေ ပါရာဇိကာပတ္တိယေဝစ စသည်ကို မိန့်သောကြောင့်တည်း။ ဤ**(ကင်္ခါဋီကာ စာ ၁၉၁)** ၌ကား နဋ္ဌကာယပသာဒံ သုက္ခပိဋကံ ဝါ မတစမ္မံ ဝါတိ အဝတ္တွာ။ မတေ အက္ခာယိတေ ယေဘုယျေန အက္ခာယိတေ စ ပါရာဇိကာပတ္တိဝစနတော ပန နဋ္ဌကာယသာဒေပိ ဣတ္ထိနိမိတ္တေ ပဝေသေန္တဿ ပါရာဇိကာ ပတ္တိယေဝ ဟု သေဝိတဗ္ဗနိမိတ်ကို ယူတော်မူ၏။

ထိုသို့ယူသော် အဋ္ဌကထာနှင့်လည်း မညီ။ တတ္ထ အန္တမသော အင်္ဂါတေ စသောရှေးဝါကျ နှင့်လည်းမညီ။ ဤရှေးဝါကျ၌လည်း အင်္ဂါတေ ဥဒ္ဒိတံ စသည်ကိုလည်း ဣတ္ထိနိမိတ်ကိုယူရာ၏။ ထိုသို့ယူ သော် တတ္ထဟူသောပါဌ်သည် မရှိသင့်ပြီ။ ထို့ကြောင့် ဋီကာသာရတ္ထ ဆရာအဆုံးဖြတ်သာလျှင် သင့်မြတ် သည်ဟုထင်ပေ၏။ ဆင်ခြင်။ ။

ဒုတိယပါရာဇိက

ဂါမူပစာရော နာမ စသည်၌ အဓိပ္ပာယ်ကား (ဋ္ဌ၊ စာ–၂၅၉)

''ပရိက္ခိတ္တဖြစ်သောရွာ၏ ပရိက္ခေပလျှင် ဂါမပရိက္ခေဒဖြစ်ပြီးရ ရကား ဂါမပရိက္ခေဒကိုမပြုမူ၍ ဥပစာကိုသာပြအံ့သောငှာ ဂါမူပစာရော နာမ စသည်ကိုမိန့်သည်။ ။ အပရိက္ခိတ္တဖြစ်သော ရွာ၏ ပရိက္ခေဒကို မပြသေး၍ ဥပစာ၏ပရိက္ခေဒကိုပြတော်မူလို၍သာ အပရိက္ခိတ္တဿ ဂါမဿ ဃရူပစာရေ ဌိတဿ မဇ္ဈိမဿ စသည်ကို ဟောတော်မူပြန်သည်။ ဂါမပရိက္ခေဒကိုပြအံ့သောငှာ ဟောတော်မမူ။ ထိုအပရိက္ခိတ္တ ရွာ၏ဥပစာကိုကား ပရိက္ခိတ္တရွာ၏ ဥပစာကိုမှီ၍သင့်ပြီ။ အထူးဟောတော်မမူပြီဟူလိုသည်။

အရံရှိသောရွာ၏ အကြင်ဥပစာကိုမိန့်အပ်၏။ ထိုဥပစာသည် တစ်စုံတစ်ခုသော ဝိနည်းပိဋကတ်၌ ယှဉ်ခြင်းသို့မရောက်။ စင်စစ်ကားအရံမရှိသော ရွာ၏အရံထိုက်ရာအရပ်မှ တစ်ပါးသောခဲတစ်ကျသည် ဂါမူပစာရမည်၏ဟု သိစိမ့်သောငှာသာ မိန့်အပ်၏။ ဤသို့ မိန့်သည်ရှိသော် အရံရှိသောရွာ၏သော်လည်း တစ်ခုသောခဲတစ်ကျသည် ကပ္ပိယမြေဖြစ်သောဥပစာဟု မိန့်အပ်သည်ဟုသိအပ်၏။

အရုံမရှိသောရွာ၏ အရုံထိုက်ရာအရပ်မှ တစ်ခုသောခဲတစ်ကျသည် ဆိုဖွယ်မရှိ ကပ္ပိယမြေသော လျှင် ဋီကာဆရာမိန့်၏။ ဤသို့မိန့်သဖြင့် ဝိကာလဂါမပ္ပဝေသနအာပတ်သည် မသင့်ကောင်းဟူသော အနက်သည်ကျ၏။ သာရတ္ထဆရာကား ဤဋီကာကဲ့သို့သောအယူကို ကေစိဝဒ္ဓိဟုမိန့်၍ "ပဒဘာဇနီယေ ပရိက္ခိတ္တဿ ဂါမဿ ပရိက္ခေပံ အတိက္ကမန္တဿ အာပတ္တိ ပါစိတ္တိယဿ။ အပရိက္ခိတ္တဿ ဂါမဿ ဥပစာရံ ဩက္ကမန္တဿ အာပတ္တိ ပါစိတ္တိယဿ" **(ပါစိတ်ပါဠိ ဓာ-၂၁၆)** ဟုဟောတော်မူသောကြောင့် "အရုံမရှိသောရွာ၏ ယခုပစာရမှ နှစ်ခုမြောက်သော ခဲကျရာဟုဆိုအပ်သော ဥပစာသို့သက်ခြင်းကြောင့် အာပတ်သင့်ခြင်းကို သိအပ်၏ဟု မိန့်တော်မူ၏။

ပါစိတ်အဋ္ဌကထာ၌ ယွာယံစသော ပါဌ်ကိုလည်းဆောင်၍ အရုံရှိသော ရွာ၏အရုံကိုလွန်သော ရဟန်းအားလည်းကောင်း။ အရုံမရှိသော ရွာ၏ဥပစာသို့သက်သော ရဟန်းအားလည်းကောင်း အာပတ်သင့်၏ဟု အမြဲမှတ်အပ်၏ဟုမိန့်အပ်၏။ ဤအယူနှစ်ပါးတွင် နောက်သာသင့်မြတ်၏၊ အဘယ့်ကြောင့် နည်းဟူမူကား သုတ္တအာစရိယဝါဒတည်းဟူသော ပါဠိအဋ္ဌကထာနှင့်ညီသောကြောင့်တည်း။ ရှေ့ဆရာ၏ အယူကား အတ္တနောမတိသာ ဖြစ်သောကြောင့်တည်း။ ခဲစွဆင်ခြင်။

အာဒိယေယျာတိ အာရုမ် အဘိယုဉ္ဇတိ (ကင်္ခါ ဓာ-၁၁၆)

"တရားစီစစ်၏ဟူသော်လည်း သူတစ်ပါးအရုံကို ငါ၏အရုံဟု မုသားဆို၍ တရားစီစစ်သည်ကို ယူ။ မုသားဆိုခြင်းသည် ပါစိတ်ဝတ္ထုဖြစ်လျက် အဒိန္နဒါန်၏ပုဗ္ဗပယောဂဖြစ်သောကြောင့် ဒုက္ကဋ်သာ သင့်သတည်း။ ဋီကာ။ ။ ဤဋီကာ ဓာ -၁၉၇ ၌ သမ္ပဇာနမုသာဝါဒေပိ အဒိန္နဒါနဿ ပုဗ္ဗပယောဂတ္တာ ဒုက္ကဋံ ဟူသော ပါဌ်ကိုထောက်၍ အဒိန္နဒါန်၏ ရှေးအဖို့၌ဖြစ်ကုန်သော ခပ်သိမ်းသောပါစိတ်ဝတ္ထုတို့သည် ဒုက္ကဋ် သာဟူကုန်ငြားအံ့။ ထိုစကားကိုမယူအပ်။ အဘယ့်ကြောင့်နည်းဟူမူကား အဒိန္နဒါန်၏ပုဗ္ဗပယောဂ၌ ပါစိတ် အရာ၌ ဒုက္ကဋ်မဖြစ်သင့်သောကြောင့်တည်း။

အဘယ့်ကြောင့် မဖြစ်သင့်သနည်းဟူမူကား သမန္တပါသာဒိက အဋ္ဌကထာ ဓာ-၂၇၀၌ "ဝိဟာရေ ဘူမိကမ္မံ ကာတုံ အတ္ထီတိ မုသာပိ ဘဏတိ၊ ယံ ယံ ဝစနံ မုသာ တတ္ထ တတ္ထ ပါစိတ္တိယံဟူ၍လည်းကောင်း။ န ဟိ အဒိန္နဒါနဿ ပုဗ္ဗပယောဂေ ပါစိတ္တိယဋ္ဌာနေ ဒုက္ကဋံ နာမ အတ္ထိဟူ၍လည်းကောင်း။ အကပ္ပိယာပထဝီ ခဏန္တာနံ ဒုက္ကဋေန သဒ္ဓိံ ပါစိတ္တိယာနိဟူ၍လည်းကောင်း။ လာသောကြောင့်တည်း။

ထိုသို့လျက် ဋီကာဆရာသည် အဘယ့်ကြောင့် ပုဗ္ဗပယောဂတ္တာဟု မိန့်လေသနည်း။ ဟူငြားအံ့။ သဟပယောဂကိုပင် အဒိန္နာဒါန်၏ ရှေးအဖို့ဖြစ်၍ဆိုလေသည်။ မုချပုဗ္ဗပယောဂဖြစ်သောကြောင့် ဆိုသည် မဟုတ်ဟုယူ။ ဤသို့ယူမှ အဋ္ဌကထာ ဋီကာကြီးနှင့် ညီမည်။ ဆင်ခြင် ။

ဓုရံ နိက္ခိပတိ ။ အဓိပ္ပာယ် ။ နှစ်ဦးစလုံး ဝန်ချမှသာလျှင် ပါရာဇိကသို့ရောက်၏။ တစ်ယောက် ယောက်မချမူ မရောက်။ အကယ်၍ တရားစီစစ်သော ရဟန်းသော်လည်း ငါ၏အာဏာကိုသိစေ၍ နောက် မှပေးအံ့ဟု စိတ်ရှိမူလည်းကောင်း။ အရှင်သော်လည်း အသင်းအပင်းကိုရှာမူ ကာလကိုလည်းကောင်း ငံ့မူ မရောက်ဟူလို။ ။

အာဏတ္တိကော နာမ ဓသည်၌အဓိပ္ပာယ် ။ ။ ဤသူ၏ ဘဏ္ဍာကို သင်ခိုးချေဟုစေအံ့၊ စေတတ်သော ရဟန်းအား စေသောခဏ၌ပင်လျှင် ပါရာဇိကသို့ရောက်၏၊ ။ စေအပ်သော ရဟန်းအား

ကား ဘဏ္ဍာကိုအရာမှ ရွေ့စေသောခဏော်လျှင် ပါရာဇိကသို့ရောက်၏။ ။ အာဏတ္တိကနှင့် အတ္တသာဓကေအထူးကား။ ထိုခဏ၌ ခိုးချေဟုစေသောပယောဂကို အာဏတ္တိကဟုယူ အကြင်အခါ၌ တတ်နိုင်၏။ ထိုအချိန်၌ ခိုးလေဟုစေခြင်းကို အတ္တသာဓကေယူ အတ္တသာဓကေ၌ကား ကာလအမှတ်မရှိ ဟူလို။ ဤကား အထူး။ ။

ကူဋမာနကူဋကဟာပဏာဒီဟိဟူသောပုဒ် (၄-၃၃၀) – ''ကူဋမာနသည်၊ ဟဒယဘေဒ သိခါဘေဒရဇ္ဇုဘေဒအားဖြင့် ''၃'' ပါးအပြားရှိ၏။ ထို ''၃''ပါးတို့တွင် ဟဒယဘေဒဟူသည်ကား ဆီကျည်စသည်ကို အပေါက်ပြုခြင်းတည်း။ ဆီထောပတ်စသည်ကို မိမိယူသောကာလ၌ အောက်အပေါက်ဖြင့် ယိုစေ၍ ဖြည်းဖြည်းပြည့်စေလောဟုဆို၍ ယူ၏။ သူတစ်ပါးကို ပေးသောကာလ၌ ထိုအပေါက်ကိုပိတ်၍ အဆောတလျင် ပြည့်စေ၍ပေး၏။

သိခါဘေဒဟူသည်ကား နှမ်းဆံစသည်ကိုချင်သောကာလ၌ မိမိယူသည်ရှိသော် တဖြည်းဖြည်း အဦးကိုနှိမ့်၍ ယူခြင်း။ သူတစ်ပါးကိုပေးသည်ရှိသော် အဆောတလျင်ပြည့်စေ၍ အဦးဖြတ်၍ ပေးခြင်းတည်း။ ။ ရဇ္ဇုဘေဒဟူသည်ကား လယ်ယာစသည်ကို မိမိယူသည်ရှိသော် ကျယ်သောမြေအရပ်ကို အကျဉ်းပြု၍ ကြိုးတောင်တာတို့ဖြင့် နိုင်းယှဉ်ခြင်း။ သူ့ကိုပေးသော် ကျဉ်းသောမြေကို အကျယ်ပြု၍တောင်တာခြင်းတည်း။ ဤသည်လျှင် ကူဋမာနမည်၏။

ကူဋကဟာပဏဟူသည်ကား ကြေးဖြူကြေးနီစသည်တို့ဖြင့်ပြုသော အသပြာတည်း။ အာဒိသဒ္ဒါဖြင့် တုလာကူဋ ကံသကူဋ ဝဉ္စနာ စသည်ကိုယူ။ ဤအာဒိသဒ္ဒါအကျိုး၌ တုလာကူဋသည် ရူပကူဋ အင်္ဂကူဋ ဂဟဏကူဋ ပဋိစ္ဆန္နကူဋဟုလေးပါးရှိ၏။ ထိုတွင် ရူပကူဋဟူသည်ကား အလေးစဉ်းချိန်တို့ကို အကြီးအငယ်သဏ္ဌာန်တူလုပ်၍ ယူသော ကာလ၌ အကြီးဖြင့်ယူခြင်း၊ ပေးသောကာလ၌ အငယ်ဖြင့်ပေးခြင်းတည်း။ အင်္ဂကူဋဟူသည်ကား ယူသောကာလ၌ စဉ်းချိန်တို့ကို နောက်အဖို့၌ နှိပ်ခြင်း ပေးသောကာလ၌ ရှေ့အဖို့၌ နှိပ်ခြင်းတည်း။ ဂဟဏကူဋဟူသည်ကား ယူသောကာလ၌ ကြိုးရင်း၌ ကိုင်ခြင်း၊ ပေးသောကာလ၌ ကြိုးဖျား၌ကိုင်၍ ပေးခြင်းတည်း။

ပဋိစ္ဆန္နကူဋဟူသည်ကား စဉ်းချိန်တို့ကို အခေါင်းပြု၍အတွင်း၌ သံမှုတ်စသည်တို့ကိုထည့်၍ယူသောကာလ၌ထိုသံမှုန့်ကို နောက်အဖို့၌ပြုခြင်း ပေးသောကာလ၌ ရှေ့အဖို့၌ပြုခြင်းတည်း။ ကံသကူဋဟူသည်ကား ရွှေခွက်တစ်ခုကို ထိုရွှေခွက်နှင့် အဆင်းသဏ္ဌာန်တူသော ကြေးခွက်နှစ်ခုသုံးခုလုပ်၍ တစ်ပါးသော အရပ်သို့သွား၍ ရောင်းသောကာလ၌ ရွှေခွက်ကိုအသွေးခံ၍ ခွက်အားလုံးကိုရောင်းခြင်းတည်း။ ။ ဝဉ္စနာဟူသည်ကား ထိုသို့သော ပရိယာယ်မာယာတို့ဖြင့် လှည့်ပတ်ခြင်းတည်း။ သမင်ရောင်းသော မုဆိုး ဝတ္ထုကဲ့သို့တည်း။

ပေါရာဏကဿ ကဟာပဏဿ (ကခါ၄ ၈ - ၁၂၀)

''ပေါရာဏ ကဟာပဏဟူသည်ကား ''ရှေးကျမ်းနှင့် လျော်စွာဖြစ်စေအပ်သော နီလကဟာပဏနှင့်တူသော အသပြာကိုယူ။ ထိုနီလကဟာပဏကိုကား ရွှေငါးပဲ ငွေငါးပဲ ကြေးနီဆယ်ပဲ ဤသုံးပါး ရော၍ခဲစေခြင်းငှာ တစ်ပါးမျှသောကြေးကို ထည့်၍ပြုအပ်၏။ ။ ထိုနီလကဟာပဏ တစ်မတ်သည် ရွှေစင်စပါး ''၂၀'' ထိုက်သည်လည်းဟူ၏။ မည်းညစ်ခြင်းကင်းသော ဦးသစ်သော ရွှေစဉ် ''၅''ပဲထိုက်သည်လည်းဟူ၏။

အဒိန္နာဒါန သမုဋ္ဌာန်၌ အဝိပ္ပာယ် (ကခ်ါင္မ၊ စာ-၁၂၀)

''သစိတ္တကဖြစ်သော သုံးပါးသော သမုဋ္ဌာန်ကြောင့်ဖြစ်သည်ကို အဒိန္နာဒါနသမုဋ္ဌာန်ဟူသည် တည်း။ ။ အဘယ်သို့ဖြစ်သနည်းဟူမူကား ''မိမိကိုယ်တိုင်ယူသော် ကာယစိတ္တကြောင့် သူတစ်ပါးကို စေ၍ယူစေသော် ဝါစာစိတ္တကြောင့် လေးသောဝန်ကို သင်သည်ကကိုင်၊ ငါသည်က ကိုင်အံ့ဟုနှစ်ပါးစုံသော ကာလ၌ ကာယဝါစာစိတ္တကြောင့် ဖြစ်၏ဟူလို။ ။

တတိယ ပါရာဇိက

အာဏာပကော မုစ္စတိ **(ကခ်ါင္မ၊ စာ-၁၂၁)** ဟူသော်လည်း ဝတ္ထုနှင့်လျော်စွာ ပါစိတ်ထုလ္လစ္စဉ်း ပါရာဇိက အာပတ်သာ လွတ်သည်ဟုယူ။ ။ အချင်းခပ်သိမ်း အာပတ်မှလွတ်၏ဟု မယူလင့်။ ထိုကြောင့်ရကား ဣမံ မာရေဟီတိ စသည်ကို မိန့်သည်။ ။

ဣမိနာဝ နယေန သဗ္ဗတ္ထဝိနိစ္ဆယော ဝေဒိတဗ္ဗော **(ကခ်ါင္မ စာ-၁၂၁)**ဟူသော ပါဠ်၌၏အဓိပ္ပာယ်ကား ''ရွာ၌နေစဉ် သတ်ဟုစေသည်ကို တော၌နေသည်ကို သတ်သော်လည်းကောင်း၊ ထို့အတူ တော၌နေစဉ် သတ်ဟူသည်ကို၊ ရွာ၌အိမ်၌ဟူသည်ကို အိမ်အပ၌သတ်ခြင်းစသည်တို့ကား ဩကာသဝိသင်္ကေတမည်၏။ ။ သန်လျက်ဖြင့် ခုတ်ဟူသည်ကို လှံဖြင့်ထိုးခြင်း သန်လျက်သွားဖြင့် ခုတ်ဟူသည်ကို အဦးဖြင့်ထိုးခြင်း စသည်ကား အာဝုဓ ဝိသင်္ကေတမည်၏။ ။ ရပ်၍ နေစဉ်ဟူသည်ကို ထိုင်စဉ်သတ်ခြင်း၊ လျောင်း၍နေစဉ် ဟူသည်ကို သွားစဉ်သတ်ခြင်းစသည်ကား ဣရိယာပထဝိသင်္ကေတမည်၏။

ပါဏာသညိတာ၌ အဓိပ္ပာယ်

''ဤပါဏာသညိတာ ဟူသောပါဠ်ဖြင့် လူဟုအမှတ်မရှိသော်လည်း သတ္တဝါဟုအမှတ်ရှိ၍ လူဇာတ် ကိုသတ်မိသော် ပါရာဇိကသို့ရောက်၏ဟုပြ၏။ ဤအနက်ကိုကား ဋီကစတုက္က စသည်တို့ဖြင့် သိအပ်၏။

ပါရာဇိက နိဂမန ဝဏ္ဏနာ

အဘဗ္ဗပုဂ္ဂိုလ်တို့တွင် ပဏ္ဍုက် ဥဘတောဗျည်း တိရစ္ဆာန်၊ ဤ "၃"ယောက်တို့သည် အဟိတ်ပဋိသန္ဓေတည်းဟူသော ဝတ္ထုပျက်ခြင်းကြောင့် ရဟန်းရှင်အဖြစ်ကို မရကုန်။ ပါရာဇိကသို့ရောက်သောသူနှင့်တူသောကြောင့် ပါရာဇိကမည်ကုန်၏။ ။ ထေယျသံဝါသက တိတ္ထိယပက္ကန္တကစသော ရှစ်ယောက်သောသူတို့သည် မိမိတို့၏အမှုအရာတည်းဟူသော ကိရိယာပျက်ခြင်းကြောင့် ရဟန်းရှင်အဖြစ်ကို မရကုန်။ ပါရာဇိက အာပတ်သို့ရောက်သော သူနှင့်တူသောကြောင့် ပါရာဇိကမည်ကုန်၏။ ။ လမ္ဗီပါရာဇိက မုဒုပိဋ္ဌိကပါရာဇိကတို့ကား ထိုမျှတည်းဖြင့် ပါရာဇိကသို့ မရောက်ကုန် အကြင်အခါ၌ မွေ့လျော်ခြင်းတည်းဟူသော ကာမရာဂသည်ဖြစ်၏။ ထိုအခါ၌ မိမိ၏အင်္ဂါဇာတ်ကို ဝစ္စမဂ် မုခမဂ်သို့သွင်းအံ့၊ ထိုအခါ၌ ပါရာဇိကသို့ရောက်ကုန်၏ဟူလို။ ။ **(ဋ္ဌ၊ စာ – ၁၀၃)**

သံဃာဒိသေသ ဝဏ္ဏနာ

ဌာနတော ပန စုတံ အဝသ္သမေဝ ။ လ ။ (ကင်္ခါ ဋ္ဌ စာ – ၁၂၈)၌ အဓိပ္ပာယ်ကား – "အဋ္ဌကထာ (စာ–၁၀၇) ၌ကား အရာမှ ရွေ့သောသုက်သည် မချွတ်လျှင် ကျင်ငယ်ကြောင်းသို့သက်၏။ အကြား၌ မြစ်အံ့သောငှာ မတတ်နိုင်သည်ကိုရည်၍ ဩတိဏ္ဏမတ္တေဟုဆိုသည်။ ကျင်ငယ်ကြောင်းသို့ ရောက်မှ သာလျှင် အာပတ် သင့်ကောင်းသောကြောင့် ဆိုသည်မဟုတ်ဟူလို။ (၁) သုက္ကဝိဿဋ္ဌိ။ **(ဝိနီတဝတ္ထု နံပါတ် – ၁၆၃)**

အနာဏတ္တိကဟူသောကြောင့် မာတုဂါမကို ဆုပ်လောဆုပ်လော၊ နိုပ်လောနိုပ်လောဟုဆိုသော်လည်း ကိုယ်ဖြင့်လှုံ့လမပြုမူ၍ စိတ်ဖြင့်သာလျှင် သာယာသောရဟန်းအား အာပတ်မသင့်ဟု အချို့သော ဆရာတို့ ဆိုကုန်၏။ ထိုစကားကိုကား အဋ္ဌကထာဋီကာတို့၌ အထူးမဆိုသောကြောင့် ဆင်ခြင်အပ်၏။ (၂) ကာယသံသဂ္ဂ။ **(ဝိနီတဝတ္ထု နံပါတ် – ၁၆၄)**

သစေ ပန ။ လ ။ ပဉ္စအာပတ္တိယော – "ဤကား ငါးချောင်းလုံးကို ရဟန်းလက်ဖြင့် ကိုင်မိသည်ကို ရည်၍။ အကယ်၍ အလယ်၌ရှိသော လက်တို့ကိုမထိအံ့။ ထိုလက်တို့ဖြင့် ထုလ္လစ္စဉ်းအာပတ်သင့်၏။

ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လသံလက္ခဏာ သမတ္တံဟူသော ဤ အဋ္ဌကထာပါဠ် **(ကင်္ခါ ဋ္ဌ စာ –၁၂၉)**ဖြင့် မိန်းမကြီးပင်ဖြစ်သော်လည်း ရှန့်ရင်းမရှန့်ရင်းသည်ကို မသိမလိမ်မာသည်ရှိသော် ဤအရာ၌ မာတုဂါမဟုမယူအပ်ဟု ပြတော်မူ၏။ (၃) ဒုဋ္ဌုလ္လဝါစာ။ **(ဝိနီတဝတ္ထု နံပါတ် – ၁၆၅)**

မေထုန ပဋိသံယုတ္တေနေဝ ဝစနေန ယော ဘာသေယျ – **(ကင်္ခါ ဋ္ဌ စာ – ၁၃၁)** ဤမေထုနယာစနသည် ဒုဋ္ဌုလ္လောဘာသနသိက္ခာပုဒ်၌လည်းလာ၏။ ထိုသို့လာသော်လည်း ထိုသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒရာဂအစွမ်း ဖြင့် မိန့်အပ်၏။ ဤသိက္ခာပုဒ်ကား မေထုနဿာဒရာဂအစွမ်းဖြင့် မိန့်အပ်၏။ ဤကားအထူး။ ။

(၄) အတ္တကာမသိက္ခာပဒ

ပဏ္ဏကေ ပဏ္ဏကသညီနော၀ိ ထုလ္လစ္စယံ၊ တသ္မိံယေ၀ က္လတ္ထိသညီနော ဒုက္ကဋံ၊ အဋ္ဌကထာ **စာ ၁၃၁**။ ဥဘတောဗျဉ္ဇနကော ပန ပဏ္ဍကဂတိကတ္တာ ၀ိသုံ န ဝုတ္တော၊ **(ကခ်ါ အဘိနဝဋီကာ စာ - ၂၃၃)**။ ဤအလိုသော် ဥဘတောဗျည်းသည် ထုလ္လစ္စဉ်း ၀တ္ထုဟူ၏။ ငါတို့အလိုကား က္လတ္ထိပက္ခ၌ သံဃာဒိသေသ၀တ္ထု ပုရိသပက္ခ၌ ဒုက္ကဋ်၀တ္ထုကဲ့သို့ ထင်၏။ ဋီကာစသည်တို့၌ မဆို။ ။ ဆင်ခြင်။ ။ ဘီလူးမနတ်သမီး ပြိတ္တာမတို့သည်လည်း ထုလ္လစ္စဉ်း၀တ္ထုဟု ပါဠိ အဋ္ဌကထာတို့၌ မလာ။ ထိုသို့မလာငြား သော်လည်း ကာယသံသဂ္ဂသိက္ခာပုဒ်တို့၌ ဘီလူးမစသည်တို့ကို တုလ္လစ္စယ၀တ္ထု၌ အဋ္ဌကထာဆရာ သဂြိုဟ်ရကား သင့်မြတ်လှပေ၏။ ယော တေ ၀ိဟာရေ ၀သတိ၊ တဿ အဂ္ဂဒါနံ မေထုနဓမ္မံ ဒေဟီတိ ပရိယာယ၀စနေနာ၀ိ ဒုက္ကဋံ၊ အတ္တကာမပါရိစရိယာယ ၀ဏ္ဏံ ဘာသယျ။ ယာ မာဒိသံ သီလ၀န္တန္တိ ဝုတ္တတ္တာတိ ဧကေ။ ပဥ္စသု အင်္ဂေသု သဗ္ဗာ၀ိ သံဃာဒိသေသော၀ါတိ အပရေ။ ၎င်းဋီကာ ဤဧကေစိအပရေ ဆရာနှစ်ပါးအယူတွင် အပရေဆရာအယူသာလျှင် အဂ်ါ၌မလာသောကြောင့် လည်းကောင်း၊ ဂရုကဖြစ်သော ကြောင့်လည်းကောင်း သင့်မြတ်သည်။

(၅) သဥ္စရိတ္တသိက္ခာပဒ

မုဟုတ္တိကာတိ ဂဏိကာ - မုဟုတ္တိကာ ဘ၀ိဿသီတိ အဿာမိကံ သန္ဓာယ ဝုတ္တံ။ ဇာရီ ဘ၀ိဿသီတိ သသာမိကံ သန္ဓာယ။ **သာရတ္ထဒီပနီ။ (၃၂၇)**

မာတုယာပိ ပုရိသမတိ(စာ-၁၃၂) - ၀ိသဒ္ဒါဖြင့် အမိအားသော်လည်း အာပတ်သင့်သေး၏ရှင့်၊ တစ်ပါးသောမိန်းမ၌သော်ကား ဆိုဖွယ်မရှိဟုပြ၏။

ဟောဟိ ကိရ ဘရိယာ ခေဏ္ဍိကာ'' တိ ။ လ ။ သံဃာဒိသေသံ အာပဇ္ဇတိ **(ကခ်ါ၌ စာ ၁၃၁)၌** အဓိပ္ပာယ်ကား - အလျှင်းမစွန့်သောမိန်းမကိုထား၍ ''မာတုရက္ခိတာ၊ ပိတုရက္ခိတာ၊ မာတာပိတုရက္ခိတာ၊ ဘာတုရက္ခိတာ၊ ဘဂိနိရက္ခိတာ၊ ဉာတိရက္ခိတာ၊ ဂေါတ္တရက္ခိတာ၊ ဓမ္မရက္ခိတာ၊ သာရက္ခာ၊ သပရိဒဏ္ဍာ၊ ဤတစ်ကျိပ်သော မိန်းမတို့တွင် အမိစောင့်သောမိန်းမအထံသို့ တစ်စုံတစ်ယောက်သောသူသည် ရဟန်းကိုစေအံ့။ အရှင်ဘုရား ဤအမည်ရှိသော အမိစောင့်သောမိန်းမကို ဥစ္စာဖြင့်ဝယ်၍ မယားပြုပါအံ့ဟုစေအံ့။ ထိုရဟန်းသည် ထိုစကားကိုကောင်းပြီဟု၀န်ခံ၍ ထိုမိန်းမအထံသို့သွား၍ ခေဏ္ဍိကာ၊ ဆန္ဒ၀ါသိနီ၊ ဘောဂ၀ါသိနီ။ ပဋ၀ါသိနီ၊ ဩဒပတ္တကိနီ၊ ဩဘဋစုမ္ဗဋာ၊ ဒါသီစ ဘရိယာစ၊ ကမ္မကာရီစ ဘရိယာစ၊ ဓဇာဟဋာ၊ မုဟုတ္တိကာဟု ပါဠိတော် **(စာ-၂၀၂)** လာသော တစ်ကျိပ်တို့တွင် ....

ဟောဟိ ကိရ ဘရိယာ ခေဏ္ဍိကာ-ဟုဆိုလိုလျက် ဆန္ဒ၀ါသိနီစသောပုဒ်တို့တွင် တစ်ပုဒ်ပုဒ်ကိုလည်းကောင်း၊ ပါဠိတော်၌မလာသော ပုတ္တမာတာ ဃရဏီ ဘတ္တရန္ဓိကာ-စသော သံဝါသကိုပြုတတ်သော စကားတို့တွင် တစ်ပါးပါးကိုမိန့်သော်လည်း ခေတ်သို့လာရောက်၏ **(၄၊ စာ-၁၄၃)**။ ။ ထိုမိန်းမသည် ထိုစကားကို၀န်ခံသည်ဖြစ်စေ၊ ၀န်မခံသည်ဖြစ်စေ၊ တစ်ဖန်ဆောင်၍ ထိုယောကျ်ားအားကြားပြန်အံ့။ ဤအင်္ဂါ ''၃''ပါးညီလျှင် သံဃာဒိသေသ်သင့်၏။ ဤသို့ဆိုအပ်ပြီးသော နှစ်ကျိပ်သောမိန်းမတို့တွင် သာရက္ခာ သပရိဒဏ္ဍာ နှစ်ယောက် ခေဏ္ဍိကာစသော တစ်ကျိပ်။ ဤတစ်ကျိပ်နှစ်ယောက်သော မိန်းမတို့သည်

ပုရိသန္တရသို့သွားသည်ရှိသော် ကာမေသုမိစ္ဆာစာရ ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား ''ထိုမိန်းမတို့သည် လင်၏ဥစ္စာဖြစ်သော အတွေ့ကိုခိုး၍ ယောကျ်ားတစ်ပါးတို့အား မွေ့လျော်ခြင်းကို ဖြစ်စေသောကြောင့်တည်း။

မာတုရက္ခိတာစသော ''၈''ယောက်သော မိန်းမတို့အား မဖြစ်။ အဘယ်ကြောင့်နည်းဟူမူကား၊ အမိစသောသူတို့သည် ထိုမိန်းမတို့၏ဖဿကို အစိုးမရသောကြောင့်တည်း။ ယောကျ်ားတို့အားကား ထို နှစ်ကျိပ်သော မိန်းမတို့သို့သွားလာသော် မိစ္ဆာစာရဖြစ်သည်သာလျှင်တည်း။ အဘယ့်ကြောင့်နည်းဟူမူ ကား သူတစ်ပါးတို့သည် စောင့်ရှောက်အပ်သောအတွေ့၊ အစိုးရသောအတွေ့ကို ခိုး၍ခံစားသောကြောင့် တည်း။ စကားလွတ်တည်း။ ဤကား အမြွက်သာ၊ အကျယ်လိုမူ ပါရာဇိကဏ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ သာရတ္ထစသော ကျမ်းတို့မှယူ။ ။ (၅)

တဒုဘယံ ပန ။ လ ။ သစိတ္တကာနိ ဟောန္တိ – (ကခ်ါဋ္ဌ စာ ၁၃၃)''ဤအရာ၌ ဤအဋ္ဌ ကထာနှင့် သမန္တပါသာဒိက အဋ္ဌကထာသည် ဆန့်ကျင်သကဲ့သို့ရှိ၏။ အဘယ်သို့ ရှိသနည်းဟူမူကား၊ ဤအဋ္ဌကထာ၌ သစိတ္တက၏ အရကို ပဏ္ဏတ္တိဝိဇာနန အလံဝစနီယဘာဝကိုယူ၍ ''တဒုဘယံ ပန ဇာနိတွာစသည်ကို မိန့်တော်မူ၏။ သမန္တပါသာဒိကအဋ္ဌကထာ၌ကား သစိတ္တက၏အရကို ပဏ္ဏတ္တိဝိဇာန နကိုယူ ''ပဏ္ဏတ္တိံ ပန ဇာနိတွာ ဧတေဟေဝ တီဟိ နယေဟိ သဥ္စရိတ္တံ သမာပဇ္ဇတော ကာယစိတ္တတော ဝါစာစိတ္တတော ကာယဝါစာစိတ္တတောစ သမုဋ္ဌာတိ၊ ဣမာနိ တီဏိ ပဏ္ဏတ္တိဇာနနစိတ္တေန သစိတ္တက သမုဋ္ဌာနာနိ–ဟု မိန့်တော်မူ၏။ မဆန့်ကျင်သဖြင့်သာလျှင် ယူအပ်၏။ **(ဋ္ဌ၊ စာ–၁၄၇)**

အဘယ်သို့ယူသော် မဆန့်ကျင်မည်နည်းဟူမူကား၊ ။ ဤအဋ္ဌကထာ၌ အောက်အစိတ္တက အရာ၌ ပညတ်ကိုမသိသော ရဟန္တာအား ကာယဝါစာကြောင့်ဖြစ်၏ဟုပြရာ၌ ပညတ်ကိုသိသော်လည်း အလျှင်းစွန့်လေပြီးသည်ကို မသိသောရဟန္တာအားလည်း ကာယဝါစာကြောင့်ဖြစ်၏ဟု ယူအပ်သကဲ့သို့ နိဒဿနနည်းအားဖြင့် ပဏ္ဏတ္တိံ ပန ဇာနိတွာစသည်ကို မိန့်လေသည်။ ပညတ်ကိုသိသော်လည်း အလျှင်း စွန့်လေပြီးသည်ကိုမသိသော ရဟန္တာအား သစိတ္တကသမုဋ္ဌာန်ကြောင့် ဖြစ်ကောင်းသောကြောင့် မိန့်တော် မမူဟုယူ။ ဤသို့ယူမှ မဆန့်ကျင်မည်။ မဆန့်ကျင်သဖြင့် ယူခြင်းသာပင်မြတ်သည်။ (၅)

(၆) ကုဋိကာရသိက္ခာပဒ

မိဂလုဒ္ဒကာဒယော ပန ။ လ – (ကခ်ါဋ္ဌ စာ ၁၃၄)''အဓိပ္ပာယ်ကား သားမုဆိုးစသောသူတို့ကို အမှတ်မဲ့ လက်အမှုကို ပေးလောဟုမတောင်းအပ်။ ကျောင်း၌ တစ်စုံတစ်ခုသော မြေတူးခြင်းစသောအမှုသည် ရှိ၏။ ထိုအမှုအားလက်အမှုကိုပေးလောဟု အမှတ်ပြု၍ကားတောင်းအပ်၏။ အမှတ်မပြုဘဲ တောင်းသည်ရှိသော် ထိုသူတို့သည် ရဟန်းကိုလွှတ်လိုက်၍ သားတို့ကိုသတ်၍ ပေးကုန်ရာသောကြောင့်တည်းဟူလို။ (၆)

ယာ ပန ဒီဃတော ။ ပ ။ အယံ ကုဋိသဉ် န ဂစ္ဆတိ – (ကခ်ါဋ္ဌ စာ ၁၃၄) အဓိပ္ပာယ်ကား ''အလျား''အတောင်၊''၆၀''ရှိသော်လည်း၊ အနံလေးတောင်မပြည့်သည်ရှိသော် ကုဋီရာကို မကြားစေမူ၍ သော်လည်း ပြုအပ်၏ဟူလို။ ဤ ယာ ပန ဒီဃတော သဋ္ဌိဟတ္ထာပိစသောပါဠ်၏ သာရတ္ထဖြင့် ပါဠိတော်၌ လာသော မြတ်စွာဘုရားအထွာတော်ဖြင့် အလျား၊ ''၁၂''ထွာ။ အနံ ''၇'' ထွာရှိသော ပမာဏနှင့်ယှဉ်သော ကုဋီမှစ၍ အနံလေးတောင်ထက် ပမာဏလွန်သော ကုဋီကိုသော်လည်း ကုဋီရာကိုမကြားမူ၍ ပြုသည်ရှိသော်

အဒေသိတဝတ္တုကကြောင့်ဖြစ်သော သံဃာဒိသေသ်မှ မလွတ်ဟုပြ၏။

ထို့ကြောင့် အထက်အာပတ္တိဘေဒကိုပြရာ၌ သစေ အဒေသိတဝတ္တုကာ ဝေ ဝါ ပမာဏာတိက္ကန္တာ ဝေ ဝါ ဟောတိ၊ ကောေ သံဃာဒိသေသောဟု **(ကင်္ခါ၅ စာ –၁၃၅)**မိန့်လတ္တံ့ သမန္တပါသာဒိကအဋ္ဌကထာ **စာ–၁၅၄** ၌လည်း ''ပမာဏာတော ဦနတရမ္ပိ စတုဟတ္ထံ ပဉ္စဟတ္ထမ္ပိ ကရောန္တေန ဒေသိတဝတ္ထုကာဝ ကာရေတဗ္ဗာဟု ဝေသဒ္ဒါဖြင့် ကန့်၍ မိန့်အပ်ပြီ။ ပဒဘာဇနီ၌လည်း ''ဘိက္ခု ကုဋိံ ကရောတိ အဒေသိတဝတ္ထုကံ ပမာဏိကံ အနာရမ္ဘံ အပရိက္ကမနံ၊ အာပတ္တိ သံဃာဒိသေသဿ ဟုမိန့်အပ်ပြီ။ (၆)

ယော ဘိက္ခု ဘိက္ခုံ သမ်ပေ ဌတွာ ။ လ ။ ၌

သမီပေ ဌတွာ ဒွါဒသဟတ္ထဗ္ဘန္တရေ သမီပေ ဌတွာတိ ဝဒန္တိ။ ဋီကာ (စာ–၃၄၈)။ ။ ဂဏ္ဌိသုံးပါး၌လည်း ဤကဲ့သို့ပင်ဆိုသည်ဟူ ၏။ ။ ပရတော ပန ''ဒူတံ ဝါ ပဏ္ဏံ ဝါ သာသနံ ဝါ ပေသေတွာ စောဒေန္တဿ သီသံ န ဧတီ''တိ ပရမ္မုခါစောဒနာယ ဝေ အနာပတ္တိယာ ဝုတ္တတ္တာ ''သမီပေ ဌတွာ''တိ ဣဒံ သမ္မုခဘာဝမတ္တ ဒဿနတ္ထံ ဝုတ္တန္တိ အမှာကံ ခန္တိ။ ။ သာရတ္ထဒီပနီ **(စာ–၃၄၈)**။ ။ အထက်၌ ပရမ္မုခါ စောဒေန္တဿ ပန သီသံ န ဧတိဟူ၍လည်းကောင်း၊ အင်္ဂါကိုပြရာ၌လည်း စာဝနာဓိပ္ပာယေန သမ္မုခါ စောဒနာဟု မိန့်လတ္တံ့သောကြောင့်လည်းကောင်း၊ သမ္မုခါ စောဒနာ၏အဖြစ်ကိုလည်း ''၁၂''တောင်သာဟူ၍ အမြဲမှတ်အပ်သောကြောင့်လည်းကောင်း၊ ဝိနယဝိနိစ္ဆယအရာသို့ ရောက်သော် ဂရုကအရာ၌သာလျှင် တည်အပ်၏ဟူ၍ဆိုခြင်းကြောင့်လည်းကောင်း နောက်သာသင့်မြတ် သကဲ့သို့ထင်၏။ ဆင်ခြင် ။ (၈)

ဇာတိလေသာဒယော ဟိ ပုဂ္ဂလာနံယေဝ လေသာ ဝုတ္တာ ။(ဌ၊ စာ - ၁၈၄)

ဇာတိလေသာဒယော၌ – အာဒိသဒ္ဒါဖြင့် နာမဂေါတ္တစသော ကိုးပါးကိုယူ။ ထိုလေသတို့ကို အကျဉ်းအားဖြင့် လေသာ ဇာတိနာမဂေါတ္တ၊ လိင်္ဂါပတ္တိဝသာပိ စ။ ပတ္တစီဝရုပဇ္ဈာယာ၊ စရိယာဝါသဝသာ ဒသ–**(ကင်္ခါ အဘိနဝဋီကာ စာ – ၂၄၇)** ဟူသော ဂါထာကို မှီ၍မှတ်လင့်။

အာပတ္တိလေသော နာမ လဟုကံ အာပတ္တိ အဇ္ဈာပန္နော ဒိဋ္ဌော ဟောတိ။ တဉ္စေ ပါရာဇိကေန စမ္မေန စောဒေတိ အဿမဏောသိ အသကျပုတ္တိယောသိ။ အာပတ္တိ ဝါစာယ ဝါစာယ သံဃာဒိသေသဿ **(ပါ စာ – ၂၅၉)**ဟု အာပတ္တိလေသကိုလည်း ပုဂ္ဂိုလ်၌သာတင်၍ ဟောအပ်သည်၏အဖြစ်ကြောင့် ဇာတိလေသာ ယော ဟိ ပုဂ္ဂလာနံယေဝ လေသာ ဝုတ္တာဟု–မိန့်အပ်၏။ (၉)

တံ ဘေဒကရဝတ္ထုဝသေန အဋ္ဌာရသဝိဓံ ။ ၌ ။

အဋ္ဌာရသ သရုပ်ကိုကား။ ။ ဓမ္မဝိနယဘာသိတာ၊ စိဏ္ဏပညတ္တိကာဒုကာ၊ အာပတ္တိ လဟုဒုဋ္ဌုလ္လာ၊ သာဝသေသဒုကာနိစ။ **(ကင်္ခါ အဘိနဝဋီကာ စာ – ၂၅၁)** ဟူသော ဂါထာကိုမှီ၍ အကျဉ်းမှတ်လင့်။ (၁၀)

အမုယောနေမပတ္တံ ဂန္ထာပိ ယွာယံ ။ လ ။ ၃ ။

ဂန္ထာပိ၌ ပိသဒ္ဒါကား အဋ္ဌာနပယုတ်တည်း။ ထိုပိသဒ္ဒါဖြင့် တစ်ကျောင်းတည်း၌ကား ဆိုဖွယ်မရှိဟု ပြ၏။ ဤကား သမန္တပါသာဒိက အဋ္ဌကထာ၌ "ကေသို ဝိဟာရေ ဝတ္တဗ္ဗမေဝ နတ္ထိ-ဟူ၍လည်းကောင်း။ ဒူတံ ဝါ ပဏ္ဏံ ဝါ ပေသေတွာ ဝဒတောပိ အာပတ္တိမောက္ခော နတ္ထိ။ သယမေဝ ဂန္ထာ ။ ပ ။ ဝတ္တဗ္ဗော ဟူ၍ လည်းကောင်း။ လာသည်ကိုထောက်၍ ကြံအပ်သောငါတို့အလို။ ။ ဋီကာဆရာကား ပိသဒ္ဒေါစေတ္တ ဂရုကော အာဝုသော သံဃဘေဒေါ မာ သံဃဘေဒါယ ပရက္ကမီတိ ဒီပေတိ**(ကခါဋီကာ စာ - ၂၅၁)**ဟု မိန့်၏။ ဤအလိုတော် ပိသဒ္ဒါကို ယွာယံ အနန္တရေ မာယသ္မာတိအာဒိဝစနက္ကမော ဝုတ္တော၊ ဝေမယာ ဝစနီယော-ကိုလည်း၊ ဝစနီယော-သည်။ အသဘာဝေယျ-၏ဟု ယှဉ်လိုသကဲ့သို့ ရှိ၏။ **(ကခါ-၄၊ စာ-၁၄၁)** ဆင်ခြင်။ (၁၀)

အသမနုဘာသိယမာနဿစ ။ လ ။ (ကခါဋ္ဌ စာ - ၁၄၂)

ဤ အနာပတ္တိဝါရ၌ အသမနုဘာသိယမာနဿ-ဟူသည်ကား သမနုဘာသနကံကို မပြုသော ရဟန်းအား ထိုသင်းခွဲကြောင်းဖြစ်သော ဝတ္ထုကိုမစွန့်သော်လည်း သံဃာဒိသေသဖြင့် အာပတ်မသင့်ဟူ သတည်း။ ဤ၌ ဉတ္တိဒုက္ကဋ် ထုလ္လစ္စည်းတို့ဖြင့်လည်း အနာပတ္တိဟုပြလိုသကဲ့သို့ ရှိ၏။ အဋ္ဌကထာဋီကာတို့၌ ပြတော်မမူကြကုန်။ ။ ပဋိနိဿဇ္ဇန္တဿဟူသည်ကား သမနုဘာသနကံကို ပြုသောရဟန်းအားလည်း ဥတ်၏ရှေ့ ဥတ်ပြုသောခဏ ပဌမ ဒုတိယကမ္မဝါစာ၌လည်းကောင်း၊ တတိယကမ္မဝါစာ၌ လည်းကောင်း။ ယဿ နက္ခမတိ၊ သော ဘာသေယျဟူသောပါဠိ၌ ယျအက္ခရာသို့ မရောက်မီ စွန့်သည်ရှိသော် သံဃာဒိသေသ် အာပတ်မသင့်ဟူ၏။ ။ အာဒိကမ္မိကဟူသည်ကား သင်းကွဲစေခြင်းငှာ လုံ့လပြုသည်၌သာ အာဒိကမ္မိက ဟုယူ။ ။ သမနုဘာသနကံကို ပြုသည်၌ အာဒိကမ္မိကဟု မယူလင့်။ ထိုအာဒိကမ္မိကအားလည်း သံဃာဒိသေသ်အာပတ်ဖြင့် အာပတ်မသင့်ဟူလို။ ထိုအာဒိကမ္မိက အနာပတ္တိသည် အသမနုဘာသိယ မာနဿ-ဟူသောပါဠိဖြင့် ပြီးကောင်းပြီး၏ရှင့်။ ထိုသို့ပြီးကောင်းပြီးသော်လည်း အသမနုဘာသိယဟူသည် ကား အသမနုဘာသနကံကို မပြုသောသူကိုသာလျှင် ဆိုအပ်၏။ အာဒိကမ္မိကကို မဆိုအပ်။ ဤသူ သည် အာဒိကမ္မိကသာလျှင်ဖြစ်၏။ ထို့ကြောင့် အာဒိကမ္မိကဿဟုမိန့်သည်ဟူလိုသည်။ ။ **(၄၊ စာ-၁၉၅)** (၁၀)

၁၃။ ကုလဒူသက သိက္ခာပဒ

ပဗ္ဗာဇနီယကမ္မတော ပနေသ စသောပါဠိ၏ သာမျတ္တဖြင့် ပဗ္ဗာဇနီယကံကိုပြုအပ်ပြီးသော ရဟန်းသာ လျှင် အကြင်ကျောင်း၌နေ၍ အကြင်ရွာ၌ ကုလဒူသကအမှုကို ပြုအပ်၏။ ထိုကျောင်း၌နေ၍ ထိုရွာ၌ လည်းကောင်း၊ အနီးဖြစ်သော ရွာ၌လည်းကောင်း၊ ဆွမ်းခံမသွားအပ်။ အနီးဖြစ်သော ကျောင်း၌နေ၍ ထိုရွာ၌ဆွမ်းခံမသွားအပ်။ အနီးဖြစ်သော ကျောင်း၌နေ၍ အနီးဖြစ်သော ရွာ၌သာသွားအပ်၏။ ပဗ္ဗာဇနီယကံကို

ငြိမ်းစေအပ်ပြီးသော ရဟန်းသည်ကား အကြင်အမျိုး၌ ကုလဒူသကအမှုကို ပြုအပ်၏။ ထိုအမျိုးတို့မှ ပစ္စည်းလေးပါးတို့ကို မခံအပ်။ ကိလေသာကုန်ပြီးသော ရဟန္တာသည်လည်း မခံအပ်ဟုပြ ၏။ **(၄၊ စာ–၂၀၈)**

နိဂမန ဝဏ္ဏနာ

ဝိဟာရံ ဂန္တွာ ယံ သဗ္ဗပဌမံ ဘိက္ခုန္တိ ဝိဟာရတော နိက္ခန္တံ ဝါ အာဂန္တုကံ ဝါ ပဌမံ ယံ အညံ ဘိက္ခုံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစေန္တဿ ဒုက္ကဋံ သိယာ၊ တံ သန္ဓာယ ဝုတ္တံ။ န တု ရတ္တိစ္ဆေဒံ သန္ဓာယ။ ဣတရထာ ဟိ ''ဝိဟာရသီမာပရိယာပန္နာနံ သဗ္ဗေသံ အာရောစေတွာ''တိ ဝဒေယျ။ **(ကင်္ခါဋီကာ စာ–၂၆၃)**။ ။ ဤအလိုသော် ကျောင်းသို့ရောက်သော်လည်း မြင်ကြားသောရဟန်းတို့အား မကြားသော်သာလျှင် ဝတ္တဘေဒ ဒုက္ကဋ်ဖြစ်၏။ မမြင်မကြားသောရဟန်းတို့အား မကြားသော် ဝတ္တဘေဒဒုက္ကဋ် မဖြစ်လိုသကဲ့သို့ ရှိ၏။

ထို့ကြောင့် မာနတ် အထက်အဆုံးအဖြတ်၌လည်း သစေ ပန ကိဉ္စိ န ပဿတိ၊ ဝိဟာရံ ဂန္တွာ ယံ ပဌမံ ပဿတိ။ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံဟု ဋီကာဆရာမိန့်လတ္တံ့။ ဤ သစေ ပန ကိဉ္စိ စသော ပါဠ်တို့သည် ဤဋီကာ၌သာ လာသည်မဟုတ်။ ဝိနယသင်္ဂဟ ဂုဠှတ္ထဒီပနီတို့၌လည်း လာ၏။ ဝိနယာ လင်္ကာရ၌လည်း၊ ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ ဥပစာရသီမဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ။ ဒိဋ္ဌ ရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ၊ အဒိဋ္ဌအသုတာနံပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ၊ ဣဒံ ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ လက္ခဏန္တိ ဝုတ္တံဟုမိန့်၏။ **(လင်္ကာ ဒု၊ စာ–၂၂၅)**

ဤပါဠ်တို့တွင် တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစေန္တဿ ဒုက္ကဋံ သိသာ စသော ဋီကာပါဠ်သည်။ အညတတ္ထာ ပန ဝတ္တဘေဒေါ နတ္ထိစသော ပါဠ်တို့နှင့်ဆန့်သကဲ့သို့ရှိ၏။ အဘယ့်ကြောင့် နည်းဟူမူကား ဤဝတ်ဆောက်တည်သောရဟန်းသည် ရှေးဦးစွာမြင်အပ်သော ရဟန်းမှတစ်ပါး ကျောင်း၌ ရဟန်းရှိ၏ဟူသော သညာနှင့်မကင်းကောင်းသောကြောင့်တည်း။ ဆင်ခြင်။

အဂ္ဃသမောဓာနနှင့် မိဿကသမောဓာန အထူးကား ''နာနာဝတ္ထုကသော်လည်းဖြစ်စေ၊ ဧကဝတ္ထုက သော်လည်းဖြစ်စေ အစိရပဋိစ္ဆန္နအာပတ်ကို စိရပဋိစ္ဆန္န၌ ပေါင်း၍ပေးသော်ကား အဂ္ဃသမောဓာနတည်း။ ဝိနယာလင်္ကာရ **(ဒု၊ စာ–၂၁၆)** ။ ။ ဝဇိရဗုဒ္ဓိ၌ကား အဂ္ဃသမောဓာနော နာမ သဘာဂဝတ္ထုကာယော သမ္ဗဟုလာ အာပတ္တိယော အာပန္နဿ ဗဟုရတ္တိံ ပဋိစ္ဆာဒိတာပတ္တိယံ နိက္ခိပိတွာ ဒါတဗ္ဗော။ ဣတရော နာနာဝတ္ထုကာနံ ဝသေနာတိ အယမေတေသံ ဝိသေသောဟုမိန့်၏ဟု ဝိနယာလင်္ကာရ၌ **(စာ–၂၁၇)**ပြ၏။

ဂုဠှတ္ထဒီပနီ၌ကား အယံ ပရိဝါသော အာပတ္တီနံ ဝတ္ထုနဉ္စ သမောဓာနပဋိစ္ဆန္နာနံ မိဿကကရဏေန သမောဓာနလက္ခဏော။ သော ပန ဇေဿာယ ယထာပဋိစ္ဆန္နာယ ဒါတဗ္ဗော။ အယံ ပန ဝတ္ထုနဉ္စ အာပတ္တီနဉ္စ မိဿေတွာ သမောဓာနေတွာ ဒါတဗ္ဗော အယမေတေသံ ဝိသေသောဟု ပဋိစ္ဆန္နပရိဝါသ်နှင့်

မိဿကာသမောဓာန အထူးကို ပြတော်မူ၏။ ထိုသို့ပြခြင်းကို အဋ္ဌကထာဆရာတို့သည်ပင်လျှင် ပဋိစ္ဆန္နပရိဝါသ်၌လည်း နာနာဝတ္ထုကာသမောဓာနပဋိစ္ဆန္နတို့ကို ဆုံးဖြတ်ကုန်ရကား ကြံကုန်ရာ၏။

ဒုတိယ အနိယတသိက္ခာပုဒ်

အန္ဓောဒ္ဓါဒသဟတ္ထေ သြကာသေဟူသော ဤပါဠိဖြင့် သောတ၏ ဆိတ်ကွယ်ရာဖြစ်သောအဖြစ်ကို မိန့်အပ်၏။ ဤပါဠိဖြင့် သောတ၏ဆိတ်ကွယ်ရာ အရပ်ကို ''၁၂'' တောင်ဖြင့် ပိုင်းခြားအပ်၏ဟု ပြအပ်၏။ ဤသို့ စသည်ဖြင့် သာရတ္ထဒီပနီ၌ သောတ၏ရဟောကိုသာလျှင် ဤသိက္ခာပုဒ်၌ အလိုရှိအပ်၏။ စက္ခု၏ရဟောကို မလိုအပ်။ ပါဠိတော်၌ စက္ခု၏ရဟောကို အတ္ထုဒ္ဓါရအားဖြင့် ဟောတော်မမူဟု ဆုံးဖြတ်၏။ **(သာ၊ စာ–၃၈၂)**

အချို့သောဆရာတို့သည် နှစ်ပါးစုံသော ရဟာန်းတို့ကို ဤ၌ အလိုရှိအပ်၏ဟုဆိုကုန်၏။ ထိုစကားကို မယူအပ်ဟုမိန့်လျက် ယုတ္တိဆောင်၍ ဆုံးဖြတ်၏။ ထိုသို့ဆုံးဖြတ်ငြားသော်လည်း ဆရာသည်ပင် ကာယသံသဂ္ဂဝသေန အနန္ဓော ဝတ္တော ဒုဋ္ဌုလ္လဝါစာဝသေန အဗဓိရော–ဟုအောက် **(သာရတ္ထဋီကာ စာ – ၃၈၂)**၌ မိန့်ပြီးသောကြောင့် လည်းကောင်း၊ သံဃာဒိသေသေနဝါတိ ကာယသံသဂ္ဂဒုဋ္ဌုလ္လောဘာသန သဓိတေန သံဃာဒိသေသေနဝါဟု **(ကခ်ါဋီကာ စာ – ၂၇၁)**ဆရာမိန့်သောကြောင့်လည်းကောင်း။

အဋ္ဌကထာ **(စာ–၂၁၅)** ၌ ပထမသိက္ခာပုဒ်၌ကဲ့သို့ ''ရဟောတိ သောတဿ ရဟော၊ ကိဉ္စာပိ ပါဠိယံ စက္ခုဿ ရဟော အာဂတောစသည့်ဖြင့် မမိန့်သောကြောင့်လည်းကောင်း။ အနန္ဓော အဗဓိရောဟု အင်္ဂါနှစ်ပါးညီမှ အာပတ်မသင့်ရာသည်ကို မိန့်သောကြောင့်လည်းကောင်း၊ အထက်၌ ဗဓိရော ပန စက္ခုမာပိ အန္ဓော ဝါ အဗဓိရောပိ န ကရောတိဟု အင်္ဂါတစ်ပါးချို့သော်လည်း အာပတ်သင့်ရာသည်ကို ပြသောကြောင့်လည်းကောင်း။

ပဒဘာဇနီ **(စာ–၂၈၈)** ၌သာ စေ ဝေ ဝဒေယျ အယျော မယာ ဒိဋ္ဌော နိသိန္နော မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇန္တောစသည်ဖြင့် ဟောတော်မူသောကြောင့်လည်းကောင်း၊ အန္ဓောဒ္ဓါဒသဟတ္ထေ သြကာသေဟူသော ဤပါဠိဖြင့် သဝနူပစာရကိုသာ မပြအပ်၊ ဒဿနူပစာရကိုလည်း ပြအပ်၏။ ဥဘယရဟောကိုလည်း အလိုရှိအပ်သကဲ့သို့ ထင်၏။

ထို့ကြောင့် ပထမသိက္ခာပုဒ်၌ ဒဿနူပစာရကို ''၁၂''တောင်ဖြင့် ဆုံးဖြတ်တော်မူ၏။ အထက် ဥယျောဇနသိက္ခာပုဒ်၌လည်း ''တွေ စ ဒဿနူပစာရဿ အဗ္ဘောကာသေ ဋ္ဌတွာ ဒွါဒသဟတ္ထပမာဏံ၊ တထာ သဝနူပစာရဿဟု အဋ္ဌကထာ၌ **(စာ–၁၂၂)** ပင် မိန့်လတ္တံ့။

နိဿဂ္ဂိယ ဝဏ္ဏနာ

ကထိန်မခင်းသောရဟန်းတို့သည်ကား "ဤ" "၅"ပါးသော အာနိသင်တို့တွင် အသမာဒါနစာရ အာနိသင်ကိုထား၍ လေးပါးတို့ကို စီဝရကာလ၌ရအပ်၏ဟု ဋီကာဆရာမိန့်၏။ ဤ၌စီဝရကာလဟု သာမန်မိန့်ငြားသော်လည်း ကထိန်မခင်းသော်လည်း သဘောအားဖြင့် စီဝရကာလမည်သော ကတ္တိကမာသကိုသာ ယူ၊ ထိုကာလ၌ သာမဏေတို့အားသော်လည်း သမဘာဂကို ပေးအပ်ရကားသင့်ပေစွ။

(၁)

အဋ္ဌမာ ဘိက္ခဝေ မာတိကာ ကထိနဿုဗ္ဘာရာယ (မဟာဝါပါဠိ စာ – ၃၅၃)။ လ။ အဝိပ္ပာယ်ကား – "ရှစ်ပါးကုန်သော မာတိကာတို့တွင်" ကထိန်ခင်းသောရဟန်းသည် ချုပ်ပြီးသော ကထိနာနိသံသ သင်္ကန်းကိုယူ၍ ဤကျောင်းသို့ တစ်ဖန်မလာပြီဟု ကျောင်းမှထွက်၍သွားအံ့၊ ထိုရဟန်းအား ဥပစာရသိမ်ကို လွန်ကာမျှဖြင့် ကထိန်နုတ်ခြင်းသည် ဖြစ်၏။ ဤကထိန်နုတ်ခြင်းသည် ပက္ကမနန္တိကမည်၏။ ကထိန်ခင်းသော ရဟန်းသည်၊ မချုပ်သေးသော ကထိန်အာနိသင်ဖြစ်သော သင်္ကန်းကိုယူ၍ တစ်ပါးသော ကျောင်းသို့သွား၏။ ထိုရဟန်းအား ဤကျောင်း၌သာလျှင် ဤသင်္ကန်းကိုချုပ်တော့အံ့၊ တစ်ဖန် ထိုကထိန်ခင်းသော ကျောင်းသို့ မပြန်ပြီဟု ဝန်ချ၍ ထိုသင်္ကန်းကိုချုပ်အံ့၊ ထိုရဟန်းအား ထိုသင်္ကန်းပြီးလျှင် ကထိန်နုတ်ခြင်း ဖြစ်၏။ ဤ ကထိန်နုတ်ခြင်းသည် နိဋ္ဌာနန္တိက မည်၏။

ကထိန်ခင်းသောရဟန်းသည် အာနိသင်ဖြစ်သော မချုပ်ထားသော သင်္ကန်းကိုယူ၍ သွားအံ့၊ ဥပစာရသိမ်၌ ထိုရဟန်းအား ဤသို့သော အကြံသည်ဖြစ်၏။ ဤသင်္ကန်းကိုလည်းမချုပ်ပြီ ကထိန်ခင်းသော ကျောင်းသို့လည်းမပြန်ပြီဟု ဝန်ချအံ့၊ ထိုရဟန်းအား ဝန်ချသဖြင့်လျှင် ကထိန်နုတ်ခြင်းဖြစ်၏။ ဤကထိန် နုတ်ခြင်းသည် သန္နိဋ္ဌာနန္တိကမည်၏။ ။

ကထိန်ခင်းသော ရဟန်းသည် အာနိသင်ဖြစ်သော မချုပ်သေးသော သင်္ကန်းကိုယူ၍ သွားအံ့၊ ဥပစာရသိမ်၌ ထိုရဟန်းအား ဤအရပ်၌လျှင် ဤသင်္ကန်းကို ချုပ်တော့အံ့၊ ကထိန်ခင်းသောကျောင်းသို့ တစ်ဖန်မပြန်ပြီဟု အကြံဖြစ်၏။ ထိုရဟန်းအား ထိုသင်္ကန်းကို ခိုးသူခိုးခဲ့သော်လည်းကောင်း၊ မီးလောင်ခဲ့ သော်လည်းကောင်း ကထိန်နုတ်ခြင်းဖြစ်၏။ ဤကထိန်နုတ်ခြင်းသည် နာသနန္တိကမည်၏။

ကထိန်ခင်းသော ရဟန်းသည် အာနိသင်ဖြစ်သော မချုပ်သေးသောသင်္ကန်းကိုယူ၍ ဤကျောင်း သို့ပြန်အံ့ဟု ကြံ၍သွား၏။ ထိုရဟန်းအား ဥပစာရသိမ်ပ၌ ဤအရပ်၌လျှင် ဤသင်္ကန်းကိုချုပ်အံ့ဟု ကြံ၍ ချုပ်၏။ ထိုသင်္ကန်းပြီးပြီးသည်ရှိသော် ကျောင်း၌ ရဟန်းတို့သည် ကထိန်နုတ်လေပြီဟု ကြားအံ့၊ ထိုရဟန်း အား ထိုကြားကာမျှဖြင့် ကထိန်နုတ်ခြင်းဖြစ်၏။ ဤကထိန်နုတ်ခြင်းသည် သဝနန္တိက မည်၏။

ကထိန်ခင်းသောရဟန်းသည် အရပ်တစ်ပါးသို့ ရနိုးသောသင်္ကန်းရှိ၍ သွား၏၊ ဥပစာရသိမ်သို့ သွားသော်ရဟန်းသည် ဤအရပ်၌သာလျှင် ပစ္စာသာသင်္ကန်းကို ငံ့၍နေတော့အံ့၊ ထိုကျောင်းသို့မပြန်ပြီဟု နေအံ့၊ ထိုဒါယကာတို့သည် မတတ်နိုင်ပြီဟုဆိုလျှင် ရနိုးခြင်းပြတ်၏။ ထိုရနိုးခြင်းပြတ်သဖြင့် ထိုရဟန်း အား ကထိန်နုတ်ခြင်းဖြစ်၏။ ဤကထိန်နုတ်ခြင်းသည် အာသာဝစ္ဆေဒိကမည်၏။

ကထိန်ခင်းသော ရဟန်းသည် အာနိသင်ဖြစ်သော မချုပ်သေးသော သင်္ကန်းကိုယူ၍ ဤကျောင်း သို့ တစ်ဖန်ပြန်အံ့ဟုသွားအံ့၊ ထိုရဟန်းသည် ဥပစာသိမ်ပ၌ ထိုသင်္ကန်းကိုချုပ်၍ ကျောင်းသို့ပြန်သည်

ရှိသော်ခရီးအကြား၌ ကထိန်ကာလကို လွန်စေအံ့၊ ထိုရဟန်းအား ကထိန်နုတ်ခြင်းဖြစ်၏။ ဤကထိန်နုတ်ခြင်းသည် သီမာတိက္ကမန္တိက မည်၏။

ကထိန်ခင်းသော ရဟန်းသည် အာနိသင်ဖြစ်သောသင်္ကန်းကိုယူ၍ ဤကျောင်းသို့ ပြန်အံ့ဟုသွားအံ့၊ ထိုရဟန်းသည် ဥပစာရသိမ်ပ၌ ထိုသင်္ကန်းကိုချုပ်၍ တစ်ဖန်ကျောင်းသို့ ပြန်၍ကျောင်း၌ ရဟန်းတို့နှင့်အတူတကွ ကထိန်နုတ်အံ့၊ ဤနုတ်ခြင်းသည် သဟုဗ္ဘာရမည်၏။ ဟူလို။

ဒီယတော မုဋ္ဌိပဉ္စကံ၊ တိရိယံ မုဋ္ဌိတ္တိကံ၊ (ကခ်ါ-၁၅၄)

မုဋ္ဌိပဉ္စကစသည်ကို (ကင်္ခါဋီကာ စာ – ၂၈၁)၌ ။ ပဉ္စ ပရိမာဏံ အဿာတိ ပဉ္စကံ၊ မုဋ္ဌီသ မုဋ္ဌိဟတ္ထဿ သမ္ဗန္ဓံ ပဉ္စကံ မုဋ္ဌိပဉ္စကံ သေနယော မုဋ္ဌိတ္တိကန္တိ ဧတ္ထာပိဟု မိန့်၏။ ဤအလိုသော်ငါးတောင်လုံးကိုပင် ဆုပ်၍ တောင်အပ်၏ဟူလိုသည်။ ။ ဝိနယာလင်္ကာရ **(ပ စာ–၉၀)**၌ကား ''မုဋ္ဌိပဉ္စကန္တိ မုဋ္ဌိယာ ဥပလက္ခိတံ ပဉ္စကံ မုဋ္ဌိ ပဉ္စကံ စတုဟတ္ထေ မိနိတွာ ပဉ္စမံ ဟတ္ထမုဋ္ဌိ ကတွာ မိနိတဗ္ဗန္တိ အဓိပ္ပါယော''ဟုမိန့်၍ ဤဋီကာကဲ့သို့သောအယူ ကို ကေစိဟု မိန့်၏။

ဤတွင် နောက်သာ ဂရုဖြစ်၍ သင့်သကဲ့သို့ ရှိ၏။ ဆင်ခြင်၍ ယူအပ်၏။ ဤမုဋ္ဌိပဉ္စက မုဋ္ဌိတ္တိက တို့ကိုလည်း ပရိဘုဉ္ဇကရဟန်း၏ ပမာဏဖြင့်သာ ပြုအပ်၏။ မဇ္ဈိမပုရိသပမာဏဖြင့် မပြုအပ်၊ ထိုစကားသည် သင့်စွ၊ အကြင်အရာ၌ မဇ္ဈိမပမာဏ သုဂတပမာဏကို ယူအပ်၏။ ထိုအရာ၌ အထူးပါဠိအဋ္ဌကထာတို့၌မိန့်၏ဟု ဂုဠတ္ထဒီပနီ၌မိန့်၏။

အနိဿဇ္ဇိတွာ ပရိဘုဉ္ဇန္တဿ ဒုက္ကဋံ။ (ကခ်ါ၄ စာ - ၁၅၇)

''ဤဒုက္ကဋ်ကိုကား ကိုယ်မှလွတ်စေ၍ သုံးဆောင်မှသာလျှင် သုံးဆောင်တိုင်း သုံးဆောင်တိုင်း သင့်၏ ဟုယူ။ မကောင်းသော ဝတ်ရုံခြင်းပြုကာမျှဖြင့် သင့်၏ဟုမယူလင့် (၁)။

အာဇီဝဝိပတ္တိပစ္စယာ ပန ဠပေတွာ ဒုဋ္ဌာသိတံ ဆ အာပတ္တိကွန္ဓာ။ ပ ။ (ကခ်ါ-စာ-၁၅၇)

''အာဇီဝတည်းဟူသောအကြောင်းကြောင့် ပညတ်အပ်ကုန်သော အာပတ် ''၆''ပါးဟူသည်ကား အာဇီဝဟူသောအကြောင်းကြောင့် မကောင်းသော အလိုရမ္မက်ရှိသည်ဖြစ်၍ မကောင်းသောအလိုရမ္မက်ဖြင့် နှိပ်စက်သည်ဖြစ်၍ မိမိကိုယ်၌ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကိုပြောဟောအံ့ ပါရာဇိက အာပတ်သို့ ရောက်၏။

အာဇီဝတည်းဟူသောအကြောင်းကြောင့် အောင်တမန်သွားခြင်းသို့ ရောက်အံ့၊ သံဃာဒိသေသ် အာပတ်သို့ရောက်၏။ ။ အာဇီဝတည်းဟူသော အကြောင်းကြောင့် အကြင်ရဟန်းသည် ဒါယကာ၏ ကျောင်း၌နေ၏။ ထိုရဟန်းသည် ရဟန္တာတည်း ဤသို့စသည်ဖြင့် ပြောဟောအံ့။ ထိုအနက်ကို သိသည်ရှိသော် ထုလ္လစ္စဉ်းအာပတ်သို့ရောက်၏။

အာဇီဝတည်းဟူသော အကြောင်းကြောင့် ရဟန်းသည် မနာမဖျားဘဲ မိမိအလို့ငှာ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ တင်လဲ၊ ငါး၊ အမဲ၊ နို့ရည်၊ နို့ဓမ်း၊ ဤကိုးပါးနှင့်ရောသောမွန်မြတ်သော ဘောဇဉ်ကို တောင်း၍စားအံ့၊ ပါစိတ်အာပတ်သို့ရောက်၏။ ။ အာဇီဝတည်းဟူသော အကြောင်းကြောင့် ဘိက္ခုနီသည် မနာမဖျားဘဲ မိမိအလို့ငှာဆိုအပ်ပြီးသော မွန်မြတ်သော ဘောဇဉ်ကိုတောင်း၍ စားငြားအံ့၊ ပါဋိဒေသနီ အာပတ်သို့ရောက်၏။

အာဇီဝတည်းဟူသောအကြောင်းကြောင့် ရဟန်းသည် မနာမဖျားဘဲ မိမိအလို့ငှာ ဟင်းကိုလည်း ကောင်း၊ အမဲကိုလည်းကောင်း တောင်း၍စားအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ဤခြောက်ပါးတို့တည်း။ ။

ဒိဋ္ဌိဝိပတ္တိတည်းဟူသောအကြောင်းကြောင့် ပညတ်အပ်သော အာပတ်နှစ်ပါးဟူသည်ကား ယုတ်မာ စွာသော အယူကိုစွန့်စေခြင်းငှာ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသည်ရှိသော် မစွန့်သောရဟန်းအား ဉတ်အဆုံး၌ ဒုက္ကဋ်။ ကမ္မဝါစာအဆုံး၌ ပါစိတ်အာပတ်သင့်၏။ ဤအာပတ်နှစ်ပါးတည်း။ ။

ဂဏာနုပဂတာ – နေ့အရေအတွက်လောက်သည်လည်းဖြစ်စေ၍ အဓိပ္ပာယ်ကား တစ်စုံတစ်ယောက် သောသူသည် ဤသင်္ကန်းကို ဤအမည်ရှိသော ရဟန်းအားလှူ၏ဟု တစ်ပါးသောသူ၏လက်၌ ပါးလိုက် ၏။ ထိုသူသည် အကြင်မျှလောက်သော ကာလပတ်လုံး မကြားလာ၊ တစ်ပါးသောသူ ကြားလာသော်လည်း နေ့အရေအတွက်သို့မရောက်သေး။ ထိုပါးလိုက်သောသူသည် သင်၏သင်္ကန်းကို ငါဆောင်ခဲ့၏ဟု ကြား လာမှသာလျှင် နေ့အရေအတွက်သို့ ရောက်၏ဟူလိုသည်။

သာရတ္ထဒီပနီ **(စာ–၃၉၃)** ၌ကား ''စီဝရဿ အတ္တနော သန္တကတာ ဇာတိပ္ပမာဏယုတ္တတာ–ဟု ပထမအင်္ဂါကို နှစ်ပါးယူ၍ ဂဏာနုပဂတာဟူသော အင်္ဂါကိုချန်၍ ငါးပါးလည်းကောင်း မိန့်၏။ မဟာသမုဒ္ဒရာ ကို ယုန်သူငယ် ထောက်နိုင်ခဲသကဲ့သို့ ဤကားသင့်၏။ ဤကားမသင့်ဟုမဆုံးဖြတ်နိုင်၊ ဆင်ခြင်ကြံစည်ကုန်ရာ ၏။ ဆရာသမားတို့ကို မေးမြန်းကုန်ရာ၏။ (၁)

ဂါမ နိဂမန နိဝေသနး လ ။ (ကင်္ခါ ၄ စာ - ၁၅၈)

''ဂါမနိဂမဟု အချို့စာရှိ၏။ နိဂမဟူသောပါဌ်သည် မရှိသင့်ပြီ။ အဘယ့်ကြောင့်နည်းဟူမူကား ''နိဂမ နဂရတို့ကို ဂါမသဒ္ဒါဖြင့် သင်္ဂြိုဟ်အပ်သောကြောင့်တည်း။ ထို့ကြောင့် ဝိနယာလင်္ကာရ**(စာ–၁၀၇)**၌ ဂါမဂ္ဂဟဏေန စ နိဂမနဂရာနိပိ ဂဟိတာနေဝ ဟောန္တိဟု မိန့်အပ်ပြီ။ ဤမျှသာလည်းမဟုတ်သေး။ ပန္နရသဟူသော သင်္ချာနှင့် သင်္ချေယျမတန်သောကြောင့်လည်းကောင်း၊ ပဒဘာဇနီ၌လည်း နိဂမကို အထူး ဟောတော် မမူသောကြောင့်လည်းကောင်းတည်း။ (၂)

အနတ္တတေ ကထိနေ ဝဿာနဿ စသည်၌ အဓိပ္ပာယ် (ကင်္ခါ စာ - ၁၅၉)

ကထိန်မခင်းသည်ရှိသော် မိုးလေးလ၏ အဆုံးဖြစ်သော သီတင်းကျွတ်လပြည့် အထွက်တစ်ရက်နေ့မှသည် တန်ဆောင်မုန်းလပြည့်တိုင်အောင်သော တစ်လ။ ခင်းသည်ရှိသော် ထိုလနှင့်တကွ ဆောင်းလေးလ။ ဤတစ်လငါးလ၌ဖြစ်သောသင်္ကန်းသည် ကာလသင်္ကန်းမည်၏။ ထိုမှအပြင်ဖြစ်သော တစ်ဆယ့်တစ်လ ခုနှစ်လ၌ဖြစ်သော သင်္ကန်းသည် အကာလစီဝရမည်၏ဟူလို။

ဤစီဝရကာလ၌ ဖြစ်သောသင်္ကန်းကိုကား၊ ထိုကာလကို မလွန်စေအပ်၊ တန်ဆောင်မုန်းလပြည့် တပေါင်းလပြည့်နေ့၌သာလျှင် အဓိဋ္ဌာန်တင်အပ်၏။ လပြည့်အထွက်တစ်ရက်နေ့သို့ ရောက်သည်ရှိသော် နိဿဂ္ဂိဖြစ်၏။

အချို့သောသူတို့သည် ''အနုဇာနာမိ ဘိက္ခဝေ ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတုန္တိ ဝစနတော ဥဒ္ဓတေပိ ကထိနေ ဒသာဟဗ္ဘန္တရေ ဓာရေန္တဿ အတ္ထတကထိနာနံ အနုဒ္ဓတေပိ ကထိနေ ပဉ္စမာသဗ္ဘန္တရေ တတော ပရမ္ပိ ဒသာဟဗ္ဘန္တရေ အနတ္ထတကထိနာနမ္ပိ ဒသာဟဗ္ဘန္တရေ အတိရေကစီဝရံ အနာပတ္တိဟု အတိရေကစီဝရအဆုံးအဖြတ်ကိုပြသော ဝိနယာလင်္ကာရပါဠိ **(၃၈၈၊ ၃၈၉)**၌ အတ္ထတကထိနာနံ အနုဒ္ဓတေပိ ကထိနေ ပဉ္စမာသဗ္ဘန္တရေ တတော ပရမ္ပိ ဒသာဟဗ္ဘန္တရေ ဟူသောပါဌ်ကိုလည်းကောင်း။

အစ္စေကစီဝရသိက္ခာပုဒ် အနာပတ္တိဝါရ၌ အနစ္စေကစီဝရေ အနစ္စေကစီဝရသညီ စီဝရကာလံ အတိက္ကာမေတိ၊ အနာပတ္တိ-ဟုလာသည်ကိုလည်းကောင်း ထောက်၍ ကာလမတိုင်မီကဖြစ်သော အနစ္စေကစီဝရသော်လည်း ကာလကိုလွန်သော်လည်း နိဿဂ္ဂိမဖြစ်သေး၏ ရှင့်။ ကာလ၌ဖြစ်သော သင်္ကန်းသည်ကား အသို့လျှင် ကာလကိုလွန်ကာမျှဖြင့် နိဿဂ္ဂိဖြစ်အံ့နည်း။ ကာလမှလွန်၍လည်း ဆယ်ရက်စောင့်သေး၏ဟု ဆိုကြအံ့ ထိုစကားကိုမယူအပ်။

အဘယ်ကြောင့်နည်းဟူမူကား ''ထိုအနာပတ္တိကိုကား လဆန်း ''၆''ရက်နေ့၌ဖြစ်သော အနစ္စေကစီဝရသည် စီဝရကာလမတိုင်မီကပင် ဆယ်ရက်လွန်၍ နိဿဂ္ဂိအာပတ်သင့်ပြီးရကား သင်္ကန်းကာလကို လွန်သော်လည်း တစ်ဖန်အာပတ်မသင့်ကောင်းသည်ကိုရည်၍ အနာပတ္တိဟုမိန့်လေသည်ဟု သာရတ္ထဒီပနီ **(စာ-၄၄၅)**၌ မိန့်သောကြောင့်လည်းကောင်း။

တသ္မိံ ဟိ အနတ္ထတေပိ ကထိနေ ဥပ္ပန္နံ စီဝရံ အနဓိဋ္ဌိတံ အဝိကပ္ပိတံ ဌပေတုံ ဝဋ္ဋတိ-ဟူသာ ဤဋီကာ **(စာ-၂၉၃)**၌ မိန့်သောကြောင့်လည်းကောင်း၊ မိုးရေခံသင်္ကန်းအဆုံးဖြတ်၌ ယသ္မာ မူလစီဝရံ ကရောန္တေန ဟေမန္တဿ ပစ္ဆိမုပေါသထဒိဝသေယေဝ ကာတဗ္ဗံ၊ တသ္မာ ဂိမှာနတော ကျေနတိံသဒိဝသေ ပရိဟာရံ လဘတိ စသည်ဖြင့်လာသော သာရတ္ထဒီပနီပါဌ် **(စာ-၄၃၇)**၏ နေယျတ္ထကြောင့်လည်းကောင်း။

ပဌမကထိနသိက္ခာပုဒ်၌ **(သာရတ္ထဒီပနီ-၃၈၉)** ကထိနမာသေ ဥပ္ပန္နဥ္စ စီဝရံ အတိရေကစီဝရဋ္ဌာနေ ဋ္ဌိတတ္တာ အဝသာနဒိဝသေ အနဓိဋ္ဌိတံ ကထိနမာသာတိက္ကမေ နိဿဂ္ဂိယံ ဟောတီတိဟူ၍လည်းကောင်း၊ အနဓိဋ္ဌိတအဝိကပ္ပိတမေဝ ဟိ တံတံကာလာတိက္ကမေ နိဿဂ္ဂိယံ ဟောတီတိဟူ၍လည်းကောင်း၊ ဤသာရတ္ထဋီကာ **(စာ-၃၈၉)**၌ လာသောကြောင့် လည်းကောင်း။

ဤသိက္ခာပုဒ်၌ ''အနတ္ထတေ ကထိနေ စီဝရမာသေ ဘိက္ခုနော ဥပ္ပန္နစီဝရံ အနဓိဋ္ဌိတံ အဝိကပ္ပိတံ၊ တသ္မိံ မာသေ ဌပေတုံ ဝဋ္ဋတီတိအာဟ ''ကေ ပစ္ဆိမကတ္တိကမာသံ ဌပေတွာ''တိ-ဟုလာသော သာရတ္ထ ဒီပနီပါဌ် **(စာ-၃၉၆)**။ ။ ဒသာဟံ မာသမေကံ ဝါ၊ ပဉ္စ ဝါ ကထိနတ္ထတေ။ ပါရိပူရတ္ထမူနဿ၊

ပစ္စာသာ သတိ မာသကံ၊ နုပ္ပါဒယတိ နိဿဂ္ဂိ၊ နာဓိဋ္ဌိတဝိကပ္ပိတံ–**(ဂါထာ–၂၂၉)**ဟုလာသော ခုဒ္ဒသိက္ခာပါဠိ **(၁၆၈)**တို့၏ နေယျတ္ထကြောင့်လည်းကောင်းဟု ဆိုသည်။

ထို့ကြောင့် စီဝရကာလ၌ဖြစ်သောသင်္ကန်းကို ကာလကိုမလွန်စေအပ်၊ လွန်လျှင် နိဿဂ္ဂိဖြစ်၏ဟု ထင်ပေသည်။ အမှာကံ ခန္တိ–ဟုတ်မူ ယူကုန်ရာ၏။ မဟုတ်မူ စွန့်ကုန်ရာ၏။ စွန့်လိုငြားသော်လည်း ဤထက် အလွန်မတုန်လှုပ်သော သာဓကဉာပကကို ဆောင်နိုင်သော်သာလျှင် စွန့်ကုန်ရာ၏။ မဆောင်နိုင်သော် ပညာရှိတို့သည် ဂရုဖြစ်သည်ဟု ယုံကြည်စွာမှတ်ကုန်ရာ၏။ (၃)

မာတိကံ အာရောပေတ္ဗာ (ကင်္ခါ စာ - ၁၆၁)ဟူသည်ကား

''တစ်ခုသောကျောင်း၌ ရဟန်းများ၏၊ တစ်ခုသောကျောင်း၌ ရဟန်းနည်း၏–ဟူ၍လည်းကောင်း၊ ပုဆိုးတစ်ထည်သာ၊ အမြဲဝတ်တည်ရာ အရပ်လည်းအများရှိ၏။ အဘယ်အရပ်၌ ပေးရာအံ့နည်းဟုမေး၍ ထိုဒါယကာဆိုတိုင်း ပေးအပ်၏ဟူလို။ ။

ယဒိ ပနဿ မူလစီဝရံ သဏှံ ဟောတိ။ လ ။ အဓိဋ္ဌာယ်ကား (ကင်္ခါ စာ - ၁၆၃)

''ရှေးဦးရအပ်သော သင်္ကန်းသည် သိမ်မွေ့၍ ပစ္စာသာသင်္ကန်းသည် ရုန့်ရင်း၍ စပ်ခြင်းငှာမတတ် ကောင်းငြားအံ့၊ မူလသင်္ကန်းသည် တစ်လမပြည့်သေးသည် ဖြစ်ငြားအံ့၊ အလိုမရှိလျှင် မပြုအပ်၊ အသစ် သောပစ္စာသာသင်္ကန်းသည် ရှိသော်သာလျှင် ကာလအတွင်း၌ ပြုအပ်၏။ မရှိသည်ရှိသော် မူလသင်္ကန်း သည် ဆယ်ရက်မပြည့်သေးအံ့၊ ဆယ်ရက်ကို မလွန်စေအပ်၊ ဆယ်ရက်လွန်ပြီးသည်ဖြစ်အံ့၊ ထိုပစ္စာသာ သင်္ကန်းကို ရသောနေ့၌သာ အဓိဋ္ဌာန်တင်အပ်၏။ ထိုနေ့မှလွန်၍ တစ်ရက်မျှ မစောင့်ပြီဟူလို **(မြ၊ စာ– ၂၃၉၊ ၂၄၀)** (၃)။

ဤ–ရဇိတ္ဗာ ကပ္ပံ ကတ္ဗာ–ဟူသောပါဠိတို့ဖြင့် ''၉''ထည်သော သင်္ကန်းတို့တွင် ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်၊ မိုးရေခံ၊ အမာလွှမ်းတည်းဟူသော နိဝါသန ပါရုပနုပဂဖြစ်သော ''၅''ထည်သာလျှင် နိဿဂ္ဂိယ ဝတ္ထုဟုပြ၏။

အညဿ ဝါ သန္တကံ နိသီဒနပစ္စတ္ထရဏံ ဝါ ဓောဝါပေန္တဿ ၎င်းပါဠ်၌ အတ္တနောဝါ–၏ လည်းကောင်း၊ အညဿဝါ–၏လည်းကောင်း။ သန္တကံ–သော၊ နိသီဒနပစ္စတ္ထရဏံ–ကိုလည်းကောင်း။ ဓောဝါ ပေန္တဿ ဖွတ်စေသောရဟန်းအားလည်းကောင်း။ ။ ဤသို့ အပြည့်အစုံထည့်၍ သမ္ဗန်။
စာကိုယ်၌ကား ''အညဿဝါ သန္တကံ နိသီဒနပစ္စတ္ထရဏံ ဝါဟုသာ ရှိ၏။ **(ကခ်ါ၊ စာ–၁၆၄)**

အဘယ်ကြောင့်နည်းဟူမူကား ။ ''ပါဠိတော်၌'' ပုရာဏစီဝရံ နာမ သကိံ နိဝတ္ထံပိ သကိံ ပါရု တံပိ–ဟု နိဝါသနပါရုပနုပဂသင်္ကန်းသာလာသောကြောင့်၎င်း အဋ္ဌကထာ၌ ''ပုရာဏစီဝရန္တိ' ရဇိတ္ဗာ ကပ္ပံ ကတ္ဗာ– စသည်ဖြင့် အောက်၌ပြတော်မူသောကြောင့် လည်းကောင်း **(စာ–၂၄၁)**

နိသီဒနပစ္စတ္ထရဏန္တိ အညဿ ဝါ အတ္တနော ဝါ သန္တကံ နိသီဒနဥ္စေဝ ပစ္စတ္ထရဏဥ္စ၊ နိဝါသနပါရုပနုပဂသေဿဝ ဣမေ ''ပုရာဏစီဝရ''န္တိ အဓိပ္ပေတတ္တာ အတ္တနော သန္တကမ္ပိ နိသီဒနပစ္စတ္ထရဏံ ဓောဝါပေန္တဿ ဒုက္ကဋမေဝ ဟောတိ၊ န နိဿဂ္ဂိယံ–ဟု ဋီကာ**(စာ–၃၀၃)**၌မိန့်သောကြောင့်လည်းကောင်းတည်း။ (၄)

✽ ✽ ✽

တိကပါစိတ္တိယံ – တိကပါစိတ်ဟူသည်ကား ''အညာတိကာယ အညာတိကသညီ၊ ဝေမတိက၊ ဉာတိကသညီ၊ ဤသုံးပါးကြောင့် သင့်သောအာပတ်ကိုယူ။ သဥ္စရိတ္တသမုဋ္ဌာန်ရှိ၏ဟူသည်ကား ပညတ်ကိုလည်းကောင်း၊ အညာတိကအဖြစ်ကိုလည်းကောင်း၊ မသိသောရဟန်းအား ကိုယ်ဖြင့်ခံသည်ရှိသော် ကာယကြောင့်ဖြစ်၏။ သည်တွင်လောဟုဆိုသည်ရှိသော် ဝါစာကြောင့်ဖြစ်၏။ နှစ်ပါးစုံသော ကိုယ်နှုတ်ဖြင့်ခံသည်ရှိသော် ကာယဝါစာကြောင့် ဖြစ်၏။ ပညတ် အညာတိကအဖြစ်ကိုသိလျက် ဆိုအပ်ပြီးသောနည်းဖြင့် ခံသည်ရှိသော် ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့် ဖြစ်၏ဟူလို မခံအပ်သည်ကိုခံခြင်း၊ ဖလှယ်အပ်သည်ကို မဖလှယ်ခြင်းကြောင့်ဖြစ်ရကား ကိရိယာ ကိရိယကြောင့်ဟုမိန့်သည်။ **(တိ၊ စာ–၃၂၄)** (၁)

✽ ✽ ✽

ဤအနာဏတ္တိကကိုကား – ''သူတစ်ပါးအလို့ငှာ တောင်းစေသည်ကိုသာယူ၊ မိမိအလို့ငှာ တောင်းစေသော်ကား ယထာဝတ္ထုကပင်တည်း။ ထို့ကြောင့် အောက် ''ဝိညာပေယျာတိ ယာစေယျ ဝါ ယာစာပေယျဝါဟူသော ကင်္ခါအဌကထာပါဠိ **(စာ–၁၆၆)**၌ ယာစာပေယျဟူသောပုဒ်ကို ယာစာပနဥ္စေတ္ထ အတ္တနော အတ္ထာယေဝါတိ ဒဋ္ဌဗ္ဗံစသည်ဖြင့် ဋီကာ **(စာ–၃၀၅)**ဆရာမိန့်အပ်ပြီ။(၆)

✽ ✽ ✽

အဘိဟဋ္ဌုံ။ ပါရာဇိကဏ်နိဿယသစ်ဆရာတော်က အဘိဟဋ္ဌုံဟုရှိသည်ကို နှစ်သက်၏။ အဘိဟဋ္ဌော၊ နိဟဋ္ဌောစသည်တို့ကဲ့သို့ တကိုဋ္ဌပြု၊ တုံပစ္စည်းက တွာပစ္စည်းအနက်ကို ဟော၏။

ရှုပသဒ္ဒိဆရာက ဟရဓာတ်နှင့်ဟံသဓာတ်ရိုးမှား၍ တကိုဋ္ဌပြုစီရင်သည်ဟုဆို၏။ ။ မောဂ္ဂလာန် –၅–၁၆၅ သုတ်၌ တွာပစ္စည်းကိုတုံပြု၍ ၅–၁၄၃ သုတ်ဖြင့် ဋ္ဌပြု၍ အဘိဟဋ္ဌုံဟုစီရင်၏။ ဆဋ္ဌမူမှာ အဘိဟဋ္ဌုံ–ဟုရှိ၏။ အထောက်အထားဖြင့် နိဿယဆရာတော်၏ဝါဒကား ပိုမိုယုတ္တိရှိသည်ဟုထင်၏။ စိစစ်ကြကုန်။

ဘိက္ခုနိယာ ပန ပဥ္စသု နဋ္ဌေသု **(ကင်္ခါဋ္ဌ စာ–၁၆၇)**၌ သက်န်း ''၅''ထည်ဟူသည်ကား သင်ပိုင်၊ ကိုယ်ဝတ်၊ ဒုကုဋ်၊ ရေသနုပ်၊ ရင်လွှမ်း။ (၇)

မဟဂ္ဃံ စေတာပေတုကာမံ၊ လ၊ ဝဒန္တဿ(ကင်္ခါဋ္ဌ စာ–၁၆၈)၌၊ အဓိပ္ပာယ်ကား – ''အကျပ်'' ''၂၀''စသော အဖိုးများထိုက်သော သက်န်းကိုဝယ်လိုသော ဒါယကာကို ငါ့အားအကျပ် ''၁၀''ထိုက်သော သက်န်းကိုသာ ဝယ်လောဟုဆိုသော ရဟန်းအားလည်းကောင်း၊ ထိုအဖိုးဖြင့်သော်လည်း ဤသက်န်းကို

မဝယ်လင့်၊ ဤသင်္ကန်းကို ဝယ်ဟုဆိုသော်လည်းကောင်း။ အာပတ်မသင့်၊ အဖိုးကိုပွားစေမှုသာ အာပတ်သင့်၏ ဟူလို။ (၈)

ဒေဟိ မေ၊ အာဟရ မေတိ အာဒိနာ နယေန ပန ဝတ္တုံ န ဝဋ္ဋတိ**(ကင်္ခါ ဌ ၈၁–၁၇၀)**။ ။ အဓိပ္ပာယ်ကား၊ ဒေဟိ မေ၊ အာဟရ မေ၊ ပရိဝတ္တေဟိ မေ၊ စေတာပေဟိ မေဟူသော ဤစကားကို လည်းကောင်း၊ ထိုစကားတို့၏အနက်ကိုလည်းကောင်း မဆိုအပ်ဟူလိုသည်။ ဆိုသည်ရှိသော် မပြုအပ်ဟု ပယ်သည်ကို ပြုခြင်းကြောင့် ဒုက္ကဋ်သို့ ရောက်၏။ စောဒနာခြင်းကားဖြစ်သည်သာတည်းဟု သာရတ္ထဒီပနီ **(၈၁–၄၀၈)**၌မိန့်၏။ (၁၀)

ဣဓ ဒသဝိ ကပ္ပိယကာရကာ ဒဿိတာ ဟောန္တိ။ **(ကင်္ခါ ဌ ၈၁–၁၇၁)**၌ ဒသကပ္ပိယကာရကသရုပ်ကို ဤ၌ ဉာဏ်နုသောသူတို့ သိနိုင်ခဲ့သောကြောင့် ထင်စွာပြလိုက်အံ့။ ဤကပ္ပိယကာရကသည် အကျဉ်းအားဖြင့် နိဒ္ဒိဋ္ဌ အနိဒ္ဒိဋ္ဌဟုနှစ်ပါးပြား၏။ ထိုနှစ်ပါးတို့တွင် နိဒ္ဒိဋ္ဌသည် ဘိက္ခုနိဒ္ဒိဋ္ဌ၊ ဒူတနိဒ္ဒိဋ္ဌဟု နှစ်ပါးအပြားရှိ၏။ ။ အနိဒ္ဒိဋ္ဌသည်လည်း သမ္မုခဝေဝဋ္ဋိကကပ္ပိယကာရက၊ ပရမ္မုခကပ္ပိယကာရကဟု နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ''ဘိက္ခုနိဒ္ဒိဋ္ဌသည် သမ္မုခ အသမ္မုခ နှစ်ပါးအပြားရှိ၏။ ထို့အတူ ဒူတနိဒ္ဒိဋ္ဌ သည်လည်း သမ္မုခ၊ အသမ္မုခ နှစ်ပါးပြား၏။ ။ အဘယ်သို့ဖြစ်သနည်းဟူမူကား ''ဤသာသနာတော်၌ တစ်စုံတစ်ယောက်သောသူသည် ရဟန်း၏သင်္ကန်းအလို့ငှာ တမန်ဖြင့် မအပ်သော ရွှေငွေစသော သင်္ကန်းဖိုးကို စေလိုက်အံ့၊ တမန်သည်လည်း ထိုရဟန်းသို့ကပ်လေ၍ အရှင်ဘုရား ဤသင်္ကန်းဖိုးကို ဤ အမည်ရှိသောဒါယကာသည် အရှင်ဘုရားတို့၏ သင်္ကန်းအလို့ငှာလှူအပ်၏။ ထိုသင်္ကန်းဖိုးကို ခံတော်မူ လော့ဟုဆိုငြားအံ့။

ရဟန်းလည်း ဤသင်္ကန်းဖိုးသည် မအပ်ဟုပယ်သည်ရှိသော် အရှင်ဘုရားအား အမှုကြီးငယ်ကို ပြုတတ်သော ဒါယကာသည်ရှိသလောဟု မေးအပ်သည်ရှိသော် ကောင်းမှုကိုအလိုရှိသော သူတို့သည် ထားအပ်သော ကပ္ပိယကာရကသည်လည်းကောင်း၊ ရဟန်းတို့၏ အတူတကွမြင်ဘူးစားဘူးသော ကပ္ပိယ ကာရကသော်လည်းကောင်း ရှိသည်ဖြစ်အံ့။ ထိုသူတို့တွင် တစ်ယောက်သည် ထိုခဏ၌ရဟန်း၏အထံ၌ နေငြားအံ့။ ရဟန်းလည်း ဤသူသည် ကပ္ပိယကာရကဟု ညွှန်းငြားအံ့ တမန်လည်း ထိုသူ၏လက်၌ သင်္ကန်းဖိုးကိုပေး၍ မထေရ်အား သင်္ကန်းကို ဝယ်၍ပေးလောဟုဆို၍ သွား၏။ ထိုကပ္ပိယကာရကသည် သမ္မုခနိဒ္ဒိဋ္ဌ မည်၏။

ရဟန်းအထံ၌ မနေသည်ဖြစ်ငြားအံ့၊ ရဟန်းလည်း ဤအမည်ရှိသောရွာ၌ ဤအမည်ရှိသော ခရီး၌ ဤအမည်ရှိသော ဒါယကာသည် ရဟန်းတို့၏ အမှုကြီးငယ်ကိုပြုသောသူတည်းဟု ညွှန်ငြားအံ့။ တမန်သည်သွား၍ ထိုသူ၏လက်၌ မအပ်သောသင်္ကန်းဘိုးကိုပေး၍ မထေရ်အား သင်္ကန်းကိုဝယ်ပေးလောဟု ဆို၍ တစ်ဖန် ရဟန်းအထံသို့လာ၍ ကြားပြန်လာ၏။ ဤကား ရဟန်းသည်ညွှန်းအပ်သော အသမ္မုခကပ္ပိယ ကာရက တစ်ယောက်။

တမန်သည် မိမိကိုယ်တိုင်မကြားလာဘဲ အရှင်ဘုရားညွှန်းသော ကပ္ပိယကာရကအား အပ်ပါပြီ၊ အလိုရှိသောအခါ၌ သင်္ကန်းကိုခံတော်မူလောဟု သူတစ်ပါးကိုစေ၍ကြားလာစေ၏။ ဤသူလည်း ရဟန်းသည်

မျက်ကွယ်ညွှန်းအပ်သော ကပ္ပိယကာရကတစ်ယောက်။

တမန်သည် မိမိလည်းပြန်၍ မကြား သူတစ်ပါးကိုလည်း မကြားလာစေ သွားသော ကာလကပင် လျှင် အကျွန်ုပ် ထိုသူ၏လက်၌ သက်န်းဖိုးကိုအပ်အံ့၊ အလိုရှိသောကာလ၌ ခံတော်မူလောဟု ဆို၍သွား၏။ ဤလည်း ရဟန်းမျက်ကွယ်ညွှန်းအပ်သော ကပ္ပိယကာရကတစ်ယောက်။

ဤသို့ သမ္မုခတစ်ယောက် အသမ္မုခသုံးယောက်အားဖြင့် ဘိက္ခုနိဒ္ဒေသသည် ''၄'' ယောက်တည်း။ ဤလေးယောက်သော ကပ္ပိယကာရတို့၌ကား ဤသိက္ခာပုဒ်၌လာသောနည်းဖြင့် တောင်းခြင်းရပ်ခြင်းကို ပြုအပ်၏။

ဒူတနိဒ္ဒေသ၌လည်း ဆိုအပ်ပြီးသောနည်းဖြင့် တမန်မေးသည်ရှိသော် ကပ္ပိယကာရကမရှိသောကြောင့် လည်းကောင်း၊ မစီရင်လို၍လည်းကောင်း၊ ငါတို့အား ကပ္ပိယကာရက မရှိဟုဆိုအံ့။ ထိုခဏ၌ တစ်စုံ တစ်ယောက်သော သူသည်လာအံ့။ တမန်သည် ထိုသူလက်၌ သက်န်းဖိုးကိုပေး၍ ဤအရှင်အား သက်န်းဝယ်၍ ပေးလေလောဟု သွား၏။ ဤကား တမန်ညွှန်းအပ်သော သမ္မုခကပ္ပိယကာရက တစ်ယောက်တည်း။

ထိုသို့ကားမဟုတ် တမန်သည် ရွာသို့ဝင်၍ မိမိနှစ်သက်သော လူ၏လက်၌ မအပ်သောသက်န်း ဖိုးကိုပေး၍ တစ်ဖန်လာ၍ ရဟန်းအားကြားအံ့၊ ဤအသမ္မုခနိဒ္ဒေသတစ်ယောက်။ ဆိုအပ်ပြီးသောနည်းဖြင့် သူတစ်ပါးကိုသာ ကြားစေ၏။ ဤလည်း တစ်ယောက်။ မိမိလည်း မကြား၊ သူတစ်ပါးကိုလည်းမကြားစေ၊ သွားသောကာလကပင် ဤသူလက်၌အပ်ခဲ့အံ့၊ အရှင်ဘုရား သက်န်းကို အလိုရှိသောကာလ၌ ခံတော်မူ လောဟုဆို၍သွား၏။ ဤလည်း တစ်ယောက်။

ဤသို့ ဒူတနိဒ္ဒေသည်လည်း သမ္မုခတစ်ယောက် အသမ္မုခ'၃'ယောက်အားဖြင့် လေးယောက်ဖြစ် သတည်း။ ဤ'၄'ယောက်သော ကပ္ပိယကာရကတို့၌ကား အဖိုးကိုမသာယာသဖြင့် အကြိမ်အထောင်သော် လည်း တောင်းခြင်းရပ်ခြင်းကိုပြုအပ်၏။ မပေးသည်ရှိသော် တစ်ပါးသောကပ္ပိယကာရကကိုသော်လည်း ထား၍ ဆောင်စေအပ်၏။ သက်န်းဖိုးရှင်တို့အားလည်း အလိုရှိလျှင်ကြားအပ်၏။ မရှိသော်မကြားအပ်။

တမန်သည် မေးအပ်သည်ရှိသော် ဆိုအပ်ပြီးသောနည်းဖြင့် ရဟန်းတို့အား ကပ္ပိယကာရကမရှိ ဟုဆိုသည်ရှိသော် ထိုခဏ၌ ရဟန်း၏အနီး၌ နေသောသူသည် အချင်း ဆောင်ခဲ့လော့ ငါမထေရ်အား သက်န်းဝယ်၍လှူတော့အံ့ဟုဆို၏။ တမန်လည်း ထိုသူ့လက်၌ သက်န်းဖိုးကိုပေး၍ ရဟန်းအားမကြားဘဲ သွား၏။ ဤကပ္ပိယကာရကသည် သမ္မုခဝေဝဋိက ကပ္ပိယကာရကမည်၏။

''ထိုမှတစ်ပါး ရဟန်း၏အလုပ်အကျွေးဖြစ်သောသူ၏လည်းကောင်း၊ တစ်ပါးသောသူ၏လည်း ကောင်း၊ လက်၌ မအပ်သော သက်န်းဖိုးကိုပေး၍ မထေရ်အား သက်န်းဝယ်၍ လှူပါဟုဆိုလျက် ဤအရပ်မှ ဖဲခဲ့၏။ ရဟန်းအားမကြားလာ၊ ဤကပ္ပိယကာရကသည် ပရမ္မုခကပ္ပိယကာရကမည်၏။

ဤသို့ အနိဒ္ဒေသည် ''၂''ပါးပြား၏။ ထိုသူတို့၌ကား အညာတက အပ္ပဝါရိတတို့ကဲ့သို့ ကျင့် အပ်၏။ တစ်စုံတစ်ခုကိုမျှ မကြားအပ်၊ ထိုသူတို့ အလိုလိုလှူမှသာလျှင် သက်န်းကိုယူအပ်၏။ ဤသို့ ကပ္ပိယကာရကသည် ဘိက္ခုနိဒ္ဒေ ''၄''ယောက်၊ ဒူတနိဒ္ဒေ ''၄'' ယောက်၊ အနိဒ္ဒေ ''၂''ယောက်အားဖြင့် ''၁၀''ပါးအပြားရှိ၏ဟူလိုသည်။ (၁၀) **(ဌ၊ ဇာ-၂၉၅၊ ၂၉၆)**

စတုက္ကပါစိတ္တိယံ၌ စတုက္ကပါစိတ်ဟူသည်ကား မိမိပြု၍မပြီးသေးသော အခင်းကိုမိမိပြီးအောင်ပြုအံ့၊ နိဿဂ္ဂိပါစိတ်သင့်၏။ ဤလည်းတစ်ပါး။ မိမိပြု၍မပြီးသည်ကို သူတစ်ပါးကိုပြီးအောင် ပြုစေအံ့ နိဿဂ္ဂိပါစိတ်သင့်၏။ ဤလည်းတစ်ပါး။ သူတစ်ပါးပြု၍ မပြီးသည်ကို မိမိပြီးအောင်ပြုအံ့၊ နိဿဂ္ဂိပါစိတ်သင့်၏။ ဤလည်းတစ်ပါး။ သူတစ်ပါးပြု၍ မပြီးသေးသည်ကို သူတစ်ပါးပြီးအောင် ပြုစေအံ့။ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ဤလည်း တစ်ပါး။ ဤလေးပါးတည်း။ (၁) **(ပါဠိတော်၊ စာ–၃၂၉)**

ကေသာပိ ကာဠကလောမဿ အတိရေကဘာဂေ နိဿဂ္ဂိယံ ဟောတိ **(ကင်္ခါ၊ စာ–၁ရ၃)** ၌ အဓိပ္ပာယ်ကား "ကာဠကလောမ တို့၏ ဒွေဘာဂသည် ဥက္ကဋ္ဌပရိစ္ဆေဒဖြစ်ရကား ချိန်၍ထားသောသိုးမွေးတို့၌ ယုတ်သောအပိုင်းအခြားဖြင့် လေ၏အဟုန်ဖြင့်ကျသော တစ်ခုသောသိုးမွေး၏သော်လည်း လွန်သည်ရှိသော် နိဿဂ္ဂိသင့်၏ဟူလိုသည်။ ဤသို့ ချိန်ပြီးမှသာလျှင် ကျသောသိုးမွေးကိုယူ။ ချိန်ဆဲ၌ကား တစ်ခုသောသိုးမွေးဖြင့် လွန်ခြင်း၊ ယုတ်ခြင်းကိုသိနိုင်ခဲ့၏။ ထို့ကြောင့် ဧဠကာလောမတို့၏ ဒွေဘာဂကိုကား ဦနကအားဖြင့်သာလျှင် အလိုရှိအပ်၏။ ဩဒါတဂေါစရိယတို့၏ကား ဧကဘာဂကို အဓိကအားဖြင့် အလိုရှိအပ်၏ဟူလို။ ။ (၃)

သင်္ကိပိ နိသီဒန္တော ဝါ ဟောတိ နိပန္နော ဝါ ဟူသောပါဠိ **(ကင်္ခါ၌ စာ–၁ရ၃)**ဖြင့် နိသီဒိုင်အခင်းသည် ရုံခြင်း ဝတ်ခြင်း ကိစ္စကိုမပြီးစေနိုင်ဟု ပြတော်မူ၏။ ထိုသို့ပြသဖြင့် နိသီဒိုင်သည် စတုတ္ထ စီဝရမဟုတ်ဟု ပြ၏။ ထိုသို့ပြသဖြင့် ဓုတင်္ဂတိစီဝရိတ်ဆောင်သော ရဟန်းတို့အားလည်း နိသီဒိုင်သည်အပ်၏ဟုပြ၏။ ထို့ကြောင့် သမန္တပါသာဒိက အဋ္ဌကထာ **(စာ–၂၆၆)**၌ သန္ထတေ စတုတ္ထစီဝရသညိတာယ သဗ္ဗသန္ထတာနိ ဥဇ္ဈိတ္ဗာဟု မိန့်အပ်ပြီ။

သာရတ္ထဒီပနီ **(စာ–၄၁၄)**၌လည်း အာရညကင်္ဂဒီနိ တီဏိ ပါဠိယံ ပဓာနင်္ဂဝသေန ဝုတ္တာနိ၊ သေသာနိပိ တေ သမာဒယိသုယေဝါတိ ဝေဒိတဗ္ဗံဟုမိန့်အပ်ပြီ။ ဤဋီကာ **(စာ–၃၁၉)**၌လည်း တွေ့ စ နိသီဒနဂ္ဂဟဏံ သန္ထတေ စီဝရသညာနိဝါရဏတ္ထံ ယတော တေ ဘိက္ခူ ကမ္ဗလစီဝရသညာယ သန္ထတံ ဆဍ္ဍေတွာ ဓုတင်္ဂါနိ သမာဒိယိသု–ဟု မိန့်အပ်ပြီ။

တောင်ဖီလာအရှင်ကား "ဓုတင်္ဂဝိနိစ္ဆယ၌ သုံးထည်သောသင်္ကန်းအောက်ငယ်သော ပမာဏရှိသော နိသီဒိုင်သည်အပ်၏။ ဝိနည်း၌ခွင့်ပြုတော်မူသော ပမာဏရှိသော နိသီဒိုင်စသည်ကား မအပ်ဟုဆုံးဖြတ်၏။ ထိုသို့ဆုံးဖြတ်ခြင်းသည် ဆိုအပ်ပြီးသော အဋ္ဌကထာဋီကာတို့နှင့် ဆန့်သကဲ့သို့ရှိ၏။ အရာမဟုတ်သောကြောင့်လည်းကောင်း၊ ကျယ်အံ့စိုးသောကြောင့်လည်းကောင်း မဆိုပြီ (၅)

၂၀၅။ ဤအနာပတ္တိဝါရ၌ ဟရဏပစ္စာဟရဏဟူသည်ကား 'ရရာအရပ်မှသည် သုံးယူဇနာတိုင်အောင်ဆောင်ခြင်း၊ ထိုသုံးယူဇနာမှတစ်ဖန် ရရာအရပ်သို့ ဆောင်သည်ကိုယူ။ ထိုသို့ဆောင်သော ရဟန်းအား အာပတ်မသင့်ဟူလို။ ။ ဝါသာဓိပ္ပာယေန ဂန္တွာ တတော ပရံ ဟရဏေ **(ကင်္ခါ၌ စာ – ၁ရ၄)** ဟူသည်ကား နေလို၍ သွားသောရဟန်းသည် ထိုအရပ်၌ စာပေမသင်ရ၍သော်လည်းကောင်း၊ ပစ္စည်းလေးပါးကိုမရ၍သော်လည်းကောင်း၊ ထိုအရပ်မှ တစ်ပါးသောအရပ်သို့ ဆောင်ပြန်သည်ကိုယူ။

ထိုသို့ဆောင်သောရဟန်းအား ထိုအရပ်၌လည်း မပြည့်စုံအံ့၊ ပြန်ခဲ့အံ့ တစ်ဖန် တစ်ပါးသောအရပ်သို့ ဆောင်အပ်၏။ ဤသို့ အစရှိသည်ဖြင့် ယူဇနာအထောင်သော်လည်းအပ်၏ဟူလို။ အစ္ဆိန္နံ ဝါ နိဿဋ္ဌံ ဝါ ဟူသည်ကား "ခိုးသူတို့သည် လုယက်အပ်သော သိုးမွေးကိုလည်းကောင်း၊ ဝိနည်းကံပြုသောသိုးမွေးကို လည်းကောင်း၊ တစ်ဖန်ရပြန်လျှင် သုံးယူဇနာထက်လွန်၍ဆောင်သော်လည်း အာပတ်မသင့်ဟူလို။

ထို့ကြောင့် 'ပဌမပဗ္ဗဇိလာဘောတိ အတ္တနော အတ္တာယ ဌေကလောမာနံ ပဌမပုပ္ပတ္တိ။ တေန အစ္စိန္တနိသဋ္ဌပဗ္ဗဇိလဒ္ဓါနံ ပဗ္ဗဇ္ဇေပေါဟု ဋီကာ **(စာ–၃၂၁)**ဆရာ မိန့်လတ္တံ့။ သာရတ္ထဒီပနီ **(စာ–၄၁၆)**လည်း ''ပါဠိယံ အဋ္ဌကထာယဥ္စ ဝိသေသာဘာဝတော အစ္စိန္နံ ပဗ္ဗဇိလဘိတွာ ဟရန္တဿ ပုန တိယောဇနာတိက္ကမေပိ အနာပတ္တိ ဝုတ္တာတိ အမှာကံ ခန္တိ–မိန့်၏။ အကြွင်းကား သိလွယ်၏။ (၆)

✥ ✥ ✥

၂၀၆။ ကာယဝိစာဟိ အပ္ပဋိက္ခိပိတွာစသော ပါဠိ**(ကင်္ခါ စာ – ၁၇၅)**တို့ဖြင့် ကိုယ်နှုတ်ဖြင့် ပယ်မှသာ ပယ်သည် မမည်။ စိတ်ဖြင့်မသာယာသော်လည်း ပယ်သည်မည်၏ဟူလို။

၂၀၇။ ဤ၌ သက်နီးစသည်ကို စွန့်ရာ၌ကဲ့သို့ ဣမာဟံ သံဃဿ ဣမာဟံ အာယသ္မတ္တာနံ၊ ဣမာဟံ အာယသ္မတော သံဃာဂိဏ်းပုဂ္ဂိုလ်တို့ကို မသုံးသပ်လေသည်ကား။ ရွှေငွေမည်သည်ကား မအပ် သောဝတ္ထုဖြစ်၍ စွန့်အပ်သည်သာလျှင်တည်း။ ထို့ကြောင့် မသုံးသပ်အပ်လေသတည်း။ သံဃဿဟု စာရှိတတ်၏။ ပါဠိတော်တို့၌လည်း အချို့သောစာတို့၌ သံဃဿဟုရှိ၏။

၂၀၇။ အန္တမသော တတော နိဗ္ဗတ္တရုက္ခစ္ဆာယာပိ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ **(ကင်္ခါ၌ စာ–၁၇၆)** ပိ–သဒ္ဒါဖြင့် စွန့်အပ်သော ရွှေငွေဖြင့်ဝယ်၍ စိုက်သောသစ်ပင်ရိပ်သော်လည်း မအပ်သေး၏ရှင့်။ ထိုသစ်ပင်မှ ဖြစ်သော သစ်သီး၊ ထိုနိဿဂ္ဂိယဝတ္ထုဖြင့် ဝယ်အပ်သော ဆီ၊ ထောပတ်စသည်တို့ကား ဆိုဖွယ်မရှိ။ မအပ်သည်သာလျှင် တည်းဟုပြ၏။ ဤသစ်ပင်ရိပ်ကိုကား မွန်းတည့်အခါ ပြင်သို့မထွက်သော အရိပ်ကိုသာယူ။ ပြင်သို့ထွက် သောအရိပ်သည်ကား အာဂန္တုကဖြစ်သောကြောင့်အပ်၏။ ။

၂၀၇။ ပဥ္စင်္ဂသမန္နာဂတော ဘိက္ခု ရူပိယဆဍ္ဍကော သမ္မန္နိတဗ္ဗော **(ကင်္ခါ၊ စာ–၁၇၆)**၌ ပဥ္စင်္ဂသမန္နာဂတဟူသည်ကား ဆန္ဒာဂတိသို့မလိုက်ခြင်း၊ ဒေါသာဂတိသို့မလိုက်ခြင်း၊ မောဟာဂတိသို့ မလိုက်ခြင်း၊ ဘယာဂတိသို့မလိုက်ခြင်း၊ စွန့်အပ်၊ မစွန့်အပ်သည်ကိုသိခြင်း၊ ဤ''၅''ပါးနှင့်ပြည့်စုံသော ရဟန်းတည်း။(၈)

✥ ✥ ✥

၂၀၇။ ကတာဒိဝသေန အနေကဝိဓံ**(ကင်္ခါ စာ–၁၇၆)**၌ အာဒိဝန်ကိုကား အကတ,ကတာကတ ဤ ''၂''ပါးကိုယူ၊ ထိုတွင် ကတဟူသည်ကား ဦးခေါင်းတန်ဆာ လက်တန်ဆာစသည်တည်း။ အကတ ဟူသည်ကား ထိုသို့ မပြုအပ်သော ပကတိသော ရွှေငွေစသည်တည်း။ ကတာကတဟူသည်ကား နှစ်ပါးစုံ ရောသော ဘဏ္ဍာတည်း။ (၉)

၂၀၈။ ပရဿ ကပ္ပိယဘဏ္ဍံ ဂဏှန္တော**(ကင်္ခါ စာ–၁၇၇)**စသည်၌ ပရဿဟုသာမညအားဖြင့် မိန့်သော်လည်း ''အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟိ သဟဓမ္မိကေဟိ ပရိဝတ္တေတုံ–ဟုခွင့်ပြုတော်မူရကား ပရိဝတ္တနအရာဖြစ်သောကြောင့် ပကရဏအားဖြင့် သီတင်းသုံးဖော်ငါးယောက်မှကြွင်းသော လူစသည်ကိုယူ။ ထို့ကြောင့် **(ကင်္ခါ အဘိနဝဋီကာ စာ–၃၂၄)**၌ ပရဿတိ ဌပေတွာ ပဥ္စ သဟဓမ္မိကေ အညဿဟုမိန့်အပ်ပြီ၊ အဋ္ဌကထာ၌လည်း 'တသ္မာ ဌပေတွာ ပဥ္စ သဟဓမ္မိကေစသည်ဖြင့် မိန့်လတ္တံ့. **(ကင်္ခါ၊ စာ–၁၇၇)**။ ။ (၁၀)

၂၀၈။ ကပ္ပိယဘဏ္ဍံ ဒတွာ မာတုသန္တကမ္ပိ(**ကခ၊ ဝ-၁၇၇**)၌ ပိသဒ္ဒါဖြင့် အမိ၏ဥစ္စာကိုသော်လည်း ယူသော ရဟန်းအား နိဿဂ္ဂိသင့်သေး၏ရှင့်၊ တစ်ပါးသော သူတို့၏ဥစ္စာကိုယူသော ရဟန်းအားကား ဆိုဖွယ်မရှိ ဟုပြ၏။

၂၀၈။ ဣမံ ဘုဥ္စိတွာ ဝါ ဂဟေတွာ ဝါ ... စသည်၌ အဓိပ္ပာယ်ကား ။ ။ ဤထမင်းကိုစား၍ ဤဆိုးရေခေါက်စသည်ကို ဆောင်လောဟူ၍လည်းကောင်း။ ဤဝတ္ထုကိုယူ၍ အမည်ရှိသော အမှုကိုပြု လောဟူ၍လည်းကောင်း၊ ဆိုခြင်းသည် ပုဗ္ဗကာလအပရကာလကြိယာနှစ်ပါးနှင့် စပ်ကြရကား ဤဝတ္ထု ဖြင့် ဤဝတ္ထုကိုပေးဟု ဖလယ်သည်နှင့်တူသောကြောင့် နိဿဂ္ဂိအာပတ်သင့်၏ဟူလို။

ဤထမင်းကိုစား၊ ဤထမင်းကိုစားရပြီ၊ ဤထမင်းကိုစားရလတ္တံ့။ ဤဝတ္ထုကိုဆောင်လော့၊ ဤ အမှုကိုပြုလော့ဟုဆိုသောရဟန်းအား ပုဗ္ဗာပရကြိယာမစပ်ကုန်ရကား ကယဝိက္ကယသို့မရောက်ဟု မှတ် အပ်၏။ ရဇနာဒိ အာဟရာပေတွာနှင့် သန္တိ ဝတ္ထု နိဿဇ္ဇိတဗ္ဗံဟု။ ဓမကရဏာဒိပရိက္ခာရံ ဘူမိသောဓ နာဒိဥ္စ နဝကမ္မံ ကာရာပေတွာ ဝါနှင့် အသန္တေ ပါစိတ္တိယံ ဒေသေတဗ္ဗမေဝ-ဟု ယထာက္ကမဟပ်။ (**ကခ၊ ဝ-၁၇၇**) ထိုဓမကရဏ ဘူမိသောဓနတို့ကိုပြုစေခြင်း၌ သူတစ်ပါးဘဏ္ဍာသည် မိမိလက်သို့ ရောက်သော မည်သည် တစ်စုံ တစ်ခုမျှမရှိရကား နိဿဂ္ဂိဝတ္ထုသည်သုံးဆောင်၍ ပျောက်ခဲ့ပျက်ခဲ့လျှင် ပါစိတ်အာပတ်ကိုသာ ကြားအပ်သကဲ့သို့ ကြားအပ်၏ဟူလို။ ။ (၁၀)

၂၀၉။ ဒွေ မာဂဓနာဠိယော ဂဟေတွာ၌ မဂရောဇ်ကွမ်းစားတို့ကို ဆရာတို့အထူးထူးမိန့်ကုန်၏။ မဂဓနာဠိ နာမ အနုတေရသပလာ ဟောတီတိ အန္ဓကဋ္ဌကထာယံ ဝုတ္တံ။ သီဟဠဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိဠနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ၊ တာယ မဂဓနာဠိယာ ဒိယဍ္ဎနာဠိ ဧကာ သီဟဠနာဠိ ဟောတီတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ သမန္တပါသာဒိကအဋ္ဌကထာ။

မဂဓနာဠိ နာမ ဆပသတာ နာဠီတိ ကေစိ။ အဋ္ဌပသတာတိ အပရေ၊ တတ္ထ ပုရိမာနံ မတေန တိပသတာယ နာဠိယာ ဒွေ နာဠိယော ဧကာ မဂဓနာဠိ ဟောတိ။ ပစ္ဆိမာနံ စတုပသတာယ နာဠိယာ ဒွေ နာဠိယော ဧကာ မဂဓနာဠိ။ အာစရိယဓမ္မပါလတ္ထေရေန ပန ပကတိယာ စတုမုဋ္ဌိကံ ကုဍဝံ၊ စတုကုဍဝံ နာဠိကံ။ တာယ နာဠိယာ သောဠသနာဠိယော ဒေါဏံ။ တံ ပန မဂဓနာဠိယာ ဒွါဒသ နာဠိယော ဟောန္တီ တိ ဝုတ္တံ၊ တသ္မာ တေန နယေန မဂဓနာဠိ နာမ ပဥ္စ ကုဍဝါနိ ဧကော ဥ မုဋ္ဌိ ဧကာယ မုဋ္ဌိယာ တတိယဥ္စ ဘာဂံ ဂဏှာတီတိ ဝေဒိတဗ္ဗံ။ (**သာရတ္ထဒီပနီ၊ ဝ-၄၂၇**)

ဒမိဠနာဠီတိ ပုရာဏနာဠိ သန္ဓာယ ဝုတ္တံ၊ သာ စ စတုမုဋ္ဌိကေဟိ ကုဍဝေဟိ အဋ္ဌ ကုဍဝါ။ တာယ နာဠိယာ ဒွေ နာဠိယော မဂဓနာဠိ ဂဏှာတိ။ (**ဝိမတိ၊ ဝ-၃၄၈**)

ဤတွင် အဋ္ဌကထာ၌လာသော အန္ဓကအဋ္ဌကထာအလိုအားဖြင့် တဆဲ့နှစ်လက်ဘက်ခွဲဝင်သည်ကား မဂရောဇ်ကွမ်းစားမည်၏။ ဋီကာ၌လာသော ကေစိအလိုအားဖြင့် သုံးလက်ဘက်ဝင်သော ကွမ်းစားငယ် ဖြင့် နှစ်ကွမ်းစားဝင်သည်ကား မဂရောဇ်ကွမ်းစားမည်၏။ အပရေ၏အလိုအားဖြင့် လေးလက်ဘက်ဝင် ကွမ်းစားငယ်ဖြင့် နှစ်ကွမ်းစားဝင်သည်ကား မဂရောဇ်ကွမ်းစားမည်၏။ ရှင်ဓမ္မပါလ၏ အလိုဖြင့်ကား "ငါးလက် ဘက်နှင့် တစ်ဆုပ်သည်လည်းကောင်း၊ တစ်ဆုပ်တွင်သုံးခု တစ်စုသည်လည်းကောင်း ဝင်သည်ကား မဂရောဇ်

ကွမ်းစားမည်၏။ ။ ဝိမတိ၌လာသော နည်းဖြင့်ကား လေးဆုပ်သည် တကုဋ္ဋမ္ပ၊ ထိုတကုဋ္ဋမ္ပဖြင့် ရှစ်ကုဋ္ဋမ္ပ ဝင်သည်ကား ဒမိဠနာဠိဟုဆိုအပ်သော ကွမ်းစားဟောင်းတည်း။ ထို ကွမ်းစားဟောင်းဖြင့် နှစ်ကွမ်းစားဝင်သည် ကား မဂဓရာဇ်ကွမ်းစားမည်၏။

ဤ၌ကား မဂဓရာဇ်ကွမ်းစားကို ''၁၆''ကုဋ္ဋမ္ပဝင်သည်ဟု ဆုံးဖြတ်၏။ ဤဆရာတို့ အထူးထူး မိန့်ရကား ဤကားသင့်၏၊ ဤကားမသင့်ဟု အလွန်လျှင် ဆုံးဖြတ်နိုင်ခဲ၏။ ကြံစည်ကုန်ရာ၏။ ဆရာ သမားတို့ကို လျှောက်ကုန်ရာ၏။

၂၁၀။ တေသမ္ပိ ဝုတ္တနယေနေဝ ဘေဒေါ ဝေဒိတဗ္ဗော–ဟူသော **(ကင်္ခါ စာ–၁၃၈)** ပါဠိအဓိပ္ပာယ် ကား မဂဓရာဇ် ကွမ်းစားဖြင့် နှစ်ကွမ်းစားချက်ထမင်းကိုလည်းကောင်း၊ ထိုထမင်း၏လေးဖို့တစ်ဖို့သော ပဲနောက်ဟင်း ထိုပဲနောက်ဟင်းနှင့်မျှသော ငါးအမဲကိုလည်းကောင်း ထည့်အပ်၏။ ထိုသို့ထည့်အပ်သော ထမင်းဟင်း၊ ငါးအမဲသည် သပိတ်၏အောက်အနားရေးနှင့် အမျှတည်ငြားအံ့။ ချည်လျှော်မျှင်ဖြင့် ဖြတ်သည် ရှိသော် ချည်လျှော်မျှင်၏အောက်အစွန်းကို ထိ၍တည်အံ့၊ ဤသပိတ်သည် မဇ္ဈိမသပိတ်မည်၏။

ထိုအနားရေးကိုလွန်၍ စုံ့စုံ့တက်၍တည်ငြားအံ့၊ ဤသပိတ်သည် မဇ္ဈိမောမကသပိတ်မည်၏။ ထိုအနာရေးသို့မရောက်ဘဲ အတွင်း၌သာ တည်ငြားအံ့၊ ဤသပိတ်သည် မဇ္ဈိမုက္ကဋ္ဌသပိတ်မည်၏။

ပတ္ထဟုဆိုအပ်သော ကွမ်းစားငယ်ဖြင့် တကွမ်းစားချက်သောထမင်း ထိုထမင်း၏ လေးဖို့တစ်ဖို့ သော ပဲနောက်ဟင်းနှင့်မျှသော ငါးအမဲကိုထည့်သည်ရှိသော် သပိတ်၏အောက်အနားရေးကိုထိ၍ တည် ငြားအံ့၊ ချည်လျှော်မျှင်နှင့်ဖြတ်သည်ရှိသော် ချည်လျှော်မျှင်၏ အောက်အစွန်းကိုထိလျက် တည်ငြားအံ့။ ဤသပိတ်သည် ဩမကသပိတ်မည်၏။ ထိုအနားရေးကိုလွန်၍ စုံ့စုံ့တက်၍တည်ငြားအံ့။ ဤသပိတ်သည် ဩမကောမက သပိတ်မည်၏။ ထိုအနားရေးသို့မရောက်ဘဲ အတွင်း၌သာလျှင်တည်ငြားအံ့ ဤသပိတ် သည် ဩမကုက္ကဋ္ဌသပိတ်မည်၏ဟူလို။

၂၁၀။ သမဏသာရုပ္ပေန ပက္ကံ–၌ သမဏသာရုပ္ပပက္ကဟူသည်ကား၊ ''သံသပိတ်သည်' ''၅''ကြိမ် ဖုတ်မှသာလျှင် သမဏသာရုပ္ပပက္ကမည်၏။ မြေသပိတ်သည် နှစ်ကြိမ်ဖုတ်မှသာလျှင် သမဏသာရုပ္ပပက္က မည်၏ဟူလို။

ပဉ္စဟိ ဒွီဟီတိ က္လဒံ တ္တောဝတော ကာဠဝဏ္ဏတာ သမ္ဗန္ဓတီတိ ဒဿနတ္ထံ ဝုတ္တံ၊ ယဒိ ပန ဧကေနပိ ပါကေန ကာဠဝဏ္ဏော ဟောတိ၊ အဓိဋ္ဌာနုပဂေါယေဝါတိ ဝဒန္တိ၊ **(သာရတ္ထ စာ–၄၂၈)**။ ထိုသို့ မိန့်ခြင်းသည် 'သစေ ဧကောပိ ပါကော ဦနော ဟောတိ၊ ကာကဏိကမတ္တံပိ ဝါ မူလံ အဒိန္နံ၊ န အဓိဋ္ဌာနုပဂေါ။ အဋ္ဌ ကထာပါဠိ၌။ **(စာ၊ ၂၈၃)**

ပါကဿ ဟိ ဦနတ္တာ ပတ္တသင်္ခံ န ဂစ္ဆတိ။ ၎င်းပါဠိ၊ ဤပါဠိတို့နှင့်ဆန့်ကျင်၏၊ ဤဋီကာတို့၌လည်း၊ ဤကဲ့သို့ပင်ရှိ၏။ (၁)

၂၁၁။ တဿ သော အပတ္တောဟုမိန့်သောကြောင့် ထိုသပိတ်သည် အဓိဋ္ဌာန်ကိုစွန့်ကုန်၏။ ထို စကားသည်သင့်စွ။ သပိတ်မဟုတ်သောကြောင့်လျှင် ပါဠိတော်၌ ပဉ္စဝန္ဓနံ ပတ္တံ စေတာပေတီဟုဟောတော် မမူသည်ဟု ဂဏ္ဌိသုံးပါး၌မိန့်သည်ဟူ၏။ ကေစိဆရာတို့ကား အပတ္တောဟူသော ဤစကားကို တစ်ပါး သော သပိတ်ကိုတောင်းခြင်းငှာ အပ်၏ဟုပြခြင်းငှာ မိန့်အပ်၏။ ထိုသပိတ်သည်ကား အဓိဋ္ဌာန်ကိုမစွန့် ဟု ဆိုကုန်၏။ သာရတ္ထ၊ ထို့တွင်နောက်စကား တံ ယုတ္တံ ဝိယ ဒိဿတီဟုမိန့်၏။ **(သာ၊ စာ–၄၂၉)** ဆင်ခြင်။

၂၁၁။ သုခုမံ ဝါ ဆိဒ္ဒံ ကတ္တာ စသောပါဠိတို့၏အဓိပ္ပာယ်ကား သလွဲပြားစသည်တို့ဖြင့် ဖုံးလွှမ်းခြင်းကိစ္စမရှိပြီ။ ချည်ဖြင့်သာလျှင်ဖွဲ့၍ အဓိဋ္ဌာန်တင်အပ်၏ဟူလိုသည်။ ဋီကာ။ ငါတို့အလိုကား "အဓိဋ္ဌာနကိစ္စံ နတ္ထိ ဟု ပြလိုသကဲ့သို့ထင်၏။ ။ ဤဋီကာ စသည်တို့၌မဆို။

။ပ။ ပတ္တံ ဂဟေတွာ သန္နိပတိတဗ္ဗံ၊ ဝါကျ၌ ပကတိယာဝ ဟူသောပါဠိဖြင့် သဘောအားဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်သောသပိတ်ကိုသာလျှင် စည်းဝေးအပ်၏။ မြတ်သောသပိတ်ကိုယူအံ့၊ ယုတ်သောသပိတ်ကို အဓိဋ္ဌာန်မတင်အပ်ဟုပြ၏။ အဓိပ္ပါတံ ပတ္တံ ဂဟေတွာဟူသော ပါဠိဖြင့်ကားသပိတ်ရှိသော ရဟန်းသည်သာလျှင် စည်းဝေးအပ်၏။ မရှိသောရဟန်းသည် မစည်းဝေးအပ်ဟုပြ၏။ ထိုကြောင့် ပဒဘာဇနီ၌ 'န လာမကော ပတ္တော အဓိဋ္ဌာတဗ္ဗော၊ မဟဂ္ဃံ ပတ္တံ ဂဟေဿာမီတိဟူ၍လည်းကောင်း။ အပတ္တကဿ န ဂဟေတဗ္ဗောဟူ၍လည်းကောင်း မိန့်အပ်ပြီ။

၂၁၂။ ဇေကံ နိဿဂ္ဂိယပါစိတ္တိယသတ်၌ သတသရုပ်ကား '''အဗန္ဓနေနဖြင့် အဗန္ဓနေန ဧကဗန္ဓန၊ ဒုဗန္ဓန၊ တိဗန္ဓန၊ စတုဗန္ဓန၊ အဗန္ဓနောကာသ ဧကဒွိတိစတုဗန္ဓနောကာသကိုတောင်းရာ၌ ဆယ်ချက်။ ဤအတူ ဧကဗန္ဓနေန၌လည်း ဆယ်ချက်၊ ဒွိဗန္ဓန၌လည်းဆယ်ချက်။ တိဗန္ဓန၌လည်းဆယ်ချက်၊ စတုဗန္ဓန၌လည်း ဆယ်ချက်စသည်ဖြင့် ဆယ်လီဖြစ်ရကား ပါစိတ် "၁၀၀" တစ်ရာဖြစ်သည်။ (၂)

၂၁၃။ ဤသိက္ခာပုဒ်၌ ပက္ကာဝါ အပက္ကာဝါ အဝတ္ထုကပက္ကာဝါ ဟုစာကိုယ်တို့၌ ရှိသည်များ၏ ထိုတွင် ပက္ကာဝါဟူသော ပါဌ်သည်မရှိသင့်၊ ပါဌ်လွန်တည်း။ အဘယ်ကြောင့် ပါဌ်လွန်မရှိသင့်ဟူသော စကားကိုဆိုသနည်းဟူမူကား။ ထိုပါဌ်သည် သမန္တပါသာဒိကအဋ္ဌကထာ **(စာ–၂၉၄)**၌ မရှိသောကြောင့်လည်းကောင်း။

အဝတ္ထုကပက္ကာဝါဖြင့် ပြီးကောင်းသောကြောင့်လည်းကောင်း ဆိုသည်။ အကယ်၍ ထိုပါဌ်ရှိ ချေသော် အဝတ္ထုကပက္ကာဝါဟူသောပါဌ်ဖြင့် ဝတ္ထုကပက္ကဖြစ်သော ဥစ္စုဝိကတိကို ယူပြီးဖြစ်သောကြောင့်။ ပက္ကာဝါ၏အရကို သဝတ္ထုကပက္ကဖြစ်သော ဥစ္စုဝိကတိကိုယူရာ၏။ ထိုသဝတ္ထုကပက္က ဥစ္စုဝိကတိကိုလည်း အဋ္ဌကထာဋီကာတို့၌ သတ္တာဟကာလိကဟုမလာ။

ထို့ကြောင့် အဋ္ဌကထာကြီး**(ကခ်ါ၌ စာ–၁၈၁)**၌ "သဗ္ဗာပိ အဝတ္ထုကာ ဥစ္စုဝိကတိ 'ဖာဏိတ'န္တိ ဝေဒိတဗ္ဗံဟုမိန့်အပ်ပြီ။ သာရတ္ထဒီပနီ **(စာ–၄၃၂)**၌လည်း "ဥစ္စုရသောပိ နိက္ကသဋ္ဌော သတ္တာဟကာလိကောတိ ဝေဒိတဗ္ဗောဟု မိန့်အပ်ပြီ။ ဋီကာ **(စာ–၃၂၉)**၌လည်း "အဝတ္ထုကပက္ကာဝါတိ ကမိနာ သဝတ္ထုကပက္ကာန ဝဋ္ဋတီတိ ဒဿေတိဟုမိန့်အပ်ပြီ။

၂၁၃။ တသ္မာ ဌပေတွာ မနုဿမံသံ။ လ။ ဝဋ္ဋတိ၌၊ အနုဇာနာမိ ဘိက္ခဝေ ပဉ္စဝသာနိ အစ္ဆဝသံ စသည်ဖြင့် ဒုက္ကဋ်ဝတ္ထုဖြစ်သောမအပ်သော သားတို့၏အဆီကိုသာလျှင် ခွင့်ပြုတော်မူ၏။ ထုလ္လစ္စယဝတ္ထုဖြစ်သော လူဆီကို ခွင့်ပြုတော်မမူဟုပြခြင်းငှာ ဌပေတွာ မနုဿဝသံ–ဟုမိန့်သည်။ **(ကခ်ါ–၁၈၁)**

၂၁၃။ အဗ္ဘုဉ္ဇနာဒီနံ အတ္ထာယ၌ အာဒိဝန်ကား "မုဒ္ဓနိတေလ အရုမက္ခန ယရဂူပနစသည်ကိုယူ။ အဓိပ္ပာယ်ကား ဤထောပတ်စသည်လည်း ယခုအခါ၌ ငါ့အားမျိုအံ့သောငှာလည်းကောင်း မဖြစ်လတ္တံ့။ ဤထောပတ်သည်လည်းကောင်း ဆီသည်လည်းကောင်း ဦးခေါင်းသုတ်အလို့ငှာ ဖြစ်လတ္တံ့။ ဤပျားရည်သည်ကား အမာလိမ်းကျံခြင်းငှာ ဖြစ်လတ္တံ့။ ဤတင်လဲသည်ကား ကျောင်းလိမ်းကျံခြင်းငှာ ဖြစ်လတ္တံ့ဟု စိတ်ဆောက်တည်၏ဟူလို။

သစေ ယာဝ ၊ ပ ၊ ဗာဟိရပရိဘောဂေန ဝဋ္ဋတိ–၌ နိဿဂ္ဂိယဝတ္ထုမဟုတ်ရကား ဦးခေါင်းသုတ်ခြင်း နယ်ဆီသုတ်ခြင်း အမာစသည်ကို လိမ်းကျံခြင်းဖြစ်သော အပသုံးဆောင်ခြင်းသည် အပ်၏ဟူလို။

၂၁၄။ ဖာဏိတဂတိကမေဝ–ဟူသော်လည်း "သတ္တာဟကာလိကသာယူ။ ကြံတင်လဲကဲ့ သို့ နိဿဂ္ဂိယဝတ္ထုဟုမယူလင့်။ ထိုသစ်မည်စည်တင်လဲသည် ဒုက္ကဋ်ဝတ္ထုဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ **(တ–၂၉၄)**၌ "သီတုဒကေန ကတံ မဓုကပုပ္ဖဖာဏိတံ ပုရေဘတ္တံ သာမိသံ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသမေဝ၊ သတ္တာဟာတိက္ကမေ ဝတ္ထုဂဏနာယ ဒုက္ကဋံ–ဟု မိန့်အပ်ပြီ။ (၃)

၂၁၄။ ကတ္တိကမာသသသဟူသော်လည်း သီတင်းကျွတ်လဆုတ်ပက္ခ အထွက်တစ်ရက်မှသည် တန်ဆောင်မုန်းလပြည့်တိုင်ရုံကိုသာယူ။ တန်ဆောင်မုန်းလတစ်လလုံးကို မယူလင့်။

၂၁၆။ အစ္စိန္နာပေယျာတိ တွေ့ ပန၊ စသည်တို့၏အဓိပ္ပာယ်ကား "ငါပေးသော အလုံးစုံသောသင်္ကန်းကိုယူချေဟုစေသည်ရှိသော် ဒုက္ကဋ်သင့်၏။ ထိုစေသောသူသည် ထိုသင်္ကန်းတို့ကိုယူသည်ရှိသော် တစ်ခွန်းသောစကားဖြင့် သင်္ကန်းအရေအတွက်အတိုင်း များစွာကုန်သော အာပတ်တို့သည် သင့်ကုန်၏ဟူလို။

ငါပေးသောသင်္ကန်းကို ယူချေဟုစေသော်ကား စေအပ်သောရဟန်းသည် များစွာသောသင်္ကန်းတို့ကိုယူသော်လည်း ပါစိတ်တစ်ချက်သာသင့်၏။ ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ၌ **(တ–၃၀၁)** "စီဝရံ ဂဏှာ"တိ အာဏာပေတိ ဧကံ ဒုက္ကဋံ၊ အာဏတ္တော ဗဟူနိ ဂဏှာတိ၊ ဧကံ ပါစိတ္တိယံဟုမိန့်အပ်ပြီ။

ဤအဋ္ဌကထာပါဌ်ကို ဋီကာ၌ "ယံ ပန သမန္တပါသာဒိကာယံ စီဝရံ ဂဏှာတိ အာဏာပေတိ၊ ဧကံ ဒုက္ကဋံ။ အာဏတ္တော ဗဟူနိ ဂဏှာတိ၊ ဧကံ ပါစိတ္တိယန္တိ ဝုတ္တံ၊ တံ ဧကံ ဝါစာဗဒ္ဓံ သန္ဓာယ စသည်ဖြင့် အဋ္ဌကထာအလိုတော်ဟုမိန့်၏။

သာရတ္ထ **(တ–၄၄၁)**၌ကား "အာဏတ္တော ဗဟူနိ ဂဏှာတိ ဧကံ ပါစိတ္တိယန္တိ "စီဝရံ ဂဏှာ"တိ အာဏတ္တိယာ ဧကစီဝရဝိသယတ္တာ ဧကမေဝ ပါစိတ္တိယံဟု မိန့်၏။ ဤတွင် နောက်သာသင့်မြတ်သကဲ့သို့ ရှိ၏။ အဋ္ဌကထာကြီးကို ရှေ့နောက်ညှိ၍ဆင်ခြင်။

သကသညိတာဟူသော ဤပါဠိဖြင့် "ထိုပေးသောရဟန်း၏ ဥစ္စာဟုသိလျက် လုယက်သော်ကား အင်္ဂါမဟုတ်ဟုပြ၏။ ထိုသို့ လုယက်သောရဟန်းအား ဘဏ္ဍာကို အဖိုးဖြတ်၍ဆုံးဖြတ်အပ်၏။ ။ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ **(တ–၃၀၂)**၌ "စဇိတွာ ဒိန္နံ အစ္စိန္ဒိတွာ ဂဏှန္တော ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော–ဟု မိန့်အပ်ပြီ။ ဤပါဠိ၌ ဂဏှန္တော–ဟူသောပုဒ်၌ ကရိုဏ်းကိုသာ သာရတ္ထ **(တ–၄၄၁)**၌။

ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗောတိ သကသညာယ ဝိနာ ဂဏှန္တော ဘဏ္ဍံ အဂ္ဃါပေတွာ အာပတ္တိယာ ကာရေတဗ္ဗောဟု သကသညာထည့်၏။ ထိုကရိုဏ်းပါဌ်သည် သကသညာယာတိ "သက"န္တိ သညာယ ဣမိနာ ပါရာဇိကာဘာဝံ ဒဿေတိ၊ စဇိတွာ ဒိန္နမ္ပိ ဟိ သကသညာယ ဂဏှတော နတ္ထိ ပါရာဇိကံဟုအောက်၌ မိန့်သော ဋီကာ**(တ–၃၃၆)**နှင့် သကသညာယ ဂဟိတတ္တာ ပနဿ ပါရာဇိကံ နတ္ထိ။ သမန္တပါသာဒိက အဋ္ဌကထာ **(တ–၃၀၁)** ဤပါဌ်တို့နှင့်ဆန့်ကျင်သကဲ့သို့ ရှိ၏။ ဆင်ခြင်။ (၅)

၂၁၇။ ဤအနာဏတ္တိကကိုကား "သုတ္တဝိညာပနဉ်သာယူ။ သင်္ကန်းအလို့ငှာသော်လည်း သူတစ်ပါးကိုတောင်းစေသည်ရှိသော် နိဿဂ္ဂိမသင့်ဟူလို။ ထို့ကြောင့် မာတိကာ၌ "သာမံ သုတ္တံ ဝိညာပေတွာ"ဟု မိန့်ပြီ။

ပဒဘာဇနီ၌လည်း သာမန္တိ သယံ ဝိညာပေတွာဟုမိန့်ပြီ။ အဋ္ဌကထာ အညာတကဝိညတ္တိသိက္ခာပုဒ် **(ကခါ၊ ဓာ–၁၆၆)** ၌ ဝိညာပေယျာတိ ယာစေယျ ဝါ ယာစာပေယျ ဝါဟု သုဒ္ဓဟေတုကတ္တားကို ပြသကဲ့သို့၊ ဝိညာပေတွာတိ ယာစိတွာ ဝါ ယာစာပေတွာဝါဟု မပြမူ၍ ''စီဝရတ္ထာယ ယာစိတွာဟု သုဒ္ဓကတ္တားပုဒ်ကိုသာ ပြ၏။ ငါတို့အလို ဋီကာစသည်တို့၌ မမိန့်သောကြောင့်ကားဆင်ခြင်။ (၆)

၂၁၈။ အာယတဥ္စအစရှိသော ''ဂ''ပါးတို့တွင် ရှေ့သုံးပါးဖြင့် သုတ္တဝမုနနှင့်တကွ ယက်ခြင်း အခြင်းအရာကိုပြ၏။ နောက်လေးပါးကား ယက်ခြင်း အခြင်းအရာကိုသာ ပြ၏။ (၇)

၂၁၉။ ဣဒံ ဝုတ္တံ ဟောတိ။ ပ ။ ပဋ္ဋိဂ္ဂဟေတဗ္ဗန္တိ **(ကခါ ဓာ–၁၈၆)**။ အဓိပ္ပာယ်ကား သီတင်းကျွတ်လဆန်း ''၅''ရက်နေ့မှစ၍ လပြည့်တိုင်အောင်သော ''၁၀'' ရက်တို့တွင် တစ်ရက်ရက်၌ အဓွန့်ရှည်သောခရီးသို့ သွားလိမ့်သောသူ အစရှိသည်လည်း ဝါဆိုသင်္ကန်းဟုကြား၍ အဆောတလျင် လှူအပ်သော သင်္ကန်းသည် အစ္စေကစီဝရမည်၏။ ထိုသင်္ကန်းကို ဤသင်္ကန်းသည် ရှောင်တခင်လှူအပ်သော သင်္ကန်းဟုသိသောရဟန်း သည် အလုံးစုံကိုခံ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားအပ်၏ဟူလို။(၈)

ကာမဥ္စေသ စသော ဤပါဠိသည် ပမာဒလေခဟု ဋီကာ၌မိန့်၏။ ထိုပါဠိ၏ ပမာဒလေခအဖြစ်ကို လည်း ဒသာဟနာဂတံဟူသော ပါဠိတော်ဇုဏှပက္ခပဉ္စမိတော ပဋ္ဌာယဟူသော အဋ္ဌကထာပါဠိတို့ကြောင့် သိရသည်ဟူ၏။ ။ သာရတ္ထ၌လည်း မိန့်၏။ ပါတိမောက္ခယောဇနာတို့၌ကား ဤဋီကာတို့ကိုပယ်၍ အသင့်ပင်ဖြစ်သည်ဟု ဆုံးဖြတ်၏။ ဤတွင် ရှေ့သာသင့်သည်။ အကျယ်ကိုလိုမူ ထိုကျမ်းတို့မှယူ။ (၈)

၂၂၀။ အာစရိယဓနေနာ ဂါမသဿ၌ အာစရိယာဓနေဟူသည်ကား လေးတောင်ထွာရှိ၏။ ထိုလေး သည် တင်သောကာလ၌ လေးတောင်သာရှိသည်ဟူ၏။ (၉)

၂၂၁။ တတော စေ ဥတ္တရိ ဝိပ္ပဝသေယျာတိ ဆာရတ္တတော ။ ပ ။ အတ္ထော၌ ဤ ''သတ္တမံ အရုဏံ ဥဋ္ဌာပေယျဟု ပဋိသေဓမရှိဘဲ အဋ္ဌကထာပါဠိရှိကုန်သည်များ၏။ ''အချို့သော အဋ္ဌကထာပါဠိ၌ ကားရှိ၏။ ရှိမှသာလျှင်သင့်မြတ်သည်၊ အဘယ့်ကြောင့်နည်းဟူမူကား။

တွောဝတာ ပုရိမိကာယ ဥပကန္ဓာ အက္ခဏ္ဍံ ကတွာ။ ပ။ တသ္မိံ ဂါမေ စီဝရံ ဌပေတွာ သကလကတ္တိ ကမာသံ တသ္မိံယေဝ သေနာသနေ တေန စီဝရေန ဝိနာ ဝတ္ထုံ အနုဇာနိတွာ ဣဒါနိ ဝိဟာရတော– စသော ဋီကာအနုသန္ဓေပါဠိ။ ။ ယော ဘိက္ခု ဝိဟာရေ ဝသန္တော တတော အညတ္ထ ဂမနကိစ္စေ သတိ အန္တရဃရေ စီဝရံ နိက္ခိပတိ၊ တေန ဘိက္ခုနာ တေန စီဝရေန ဆာရတ္တပရမံ ဝိပ္ပဝသိတဗ္ဗံ၊ ဆ ရတ္တိယော တမှာ ဝိဟာရာ အညတ္ထ ဝသိတဗ္ဗာတိ ဝုတ္တံ ဟောတိဟူသော ဋီကာပါဠိ **(ဓာ–၃၄၃)**။

ပါဠိယံ ဝိပ္ပဝသန္တိတိ ဣဒံ ယသ္မိံ ဝိဟာရေ ဝသန္တာ အန္တရဃရေ စီဝရံ နိက္ခိပိံသု။ တတော အညတ္ထ ဝသန္တေ သန္ဓာယ ဝုတ္တံ။ တသ္မိံဥ ဝိဟာရေ အန္တရဃရေ စီဝရံ နိက္ခိပိတွာ ဝသိတုံ အနုညာတတ္တာ တတ္ထ ဝါသော ဝိပ္ပဝါသော နာမ န ဟောတိ။ **(သာ၊ ဓာ–၄၄၅)**

ပါဠိယံ ''သိယာစ တဿ ဘိက္ခုနော။ ပ။ ဝိပ္ပဝသိတဗ္ဗ''န္တိ က္ကမိနာ အန္တရဃရေ စီဝရံ နိက္ခိပိတွာ တသ္မိံ ဝိဟာရေ ဝသန္တဿ အညတ္ထ ဂမနကိစ္စေ သတိ ဝိဟာရတော ဗဟိ ဆာရတ္တံ ဝိပ္ပဝါသော အနုညာတော။ ဝသနဋ္ဌာနတော ဟိ အညတ္ထ ဆာရတ္တံ ဝိပ္ပဝါသော ဝုတ္တော။ န တသ္မိံ ဝိဟာရေ ဝသန္တဿ။ သာရတ္ထ။ **(ဓာ–၄၄၇)**

ဂါမသီမံ သြဂ္ဂမိတွာတိ ဧတ္ထ သစေ ဂေါစရဂါမတော ပုရတ္ထိမာယ ဒိသာယ သေနာသနံ၊ အယဥ္စ ပစ္ဆိမဒိသံ ဂတော ဟောတိ စသော သမန္တပါသာဒိက အဋ္ဌကထာပါဠိ **(စာ–၃၀၉)**။ ယံ ဂါမံ ဂေါစရံ ကတွာ၊ ဘိက္ခု အာရညကေ ဝသေ။ တသ္မိံ ဂါမေ ထပေတုံ တံ၊ မာသမေကံတု ဝဋ္ဋတိ။ အညတ္ထေဝ ဝသန္တဿ၊ ဆာရတ္တပရမံ မတံ၊ အယမဿ အဓိပ္ပါယော။ ပဋိစ္ဆန္နော ပကာသိတော–ဟူသော **(ကခ်ါ အဘိနဝဋီကာ စာ–၃၄၃)**။ ဤပါဠိတို့ကြောင့်ဆိုသည်။

ထို့ကြောင့် ပါဠိတော်၌ သိယာစ တဿ ဘိက္ခုနော။ ပ ။ ဝိပ္ပဝသိတဗ္ဗံဟု ခွင့်ပြုတော်မူသည်ကား ရွာအတွင်း၌ သင်္ကန်းကိုထားခြင်းသည် ဆိုအပ်ပြီးသော လက္ခဏာနှင့်ပြည့်စုံသော ကျောင်း၌နေသော ရဟန်းသည် အရပ်တစ်ပါးသို့ အကြောင်းရှိ၍သွားသည်ရှိသော် ထိုအရပ်တစ်ပါး၌ ခြောက်ညဥ့်နေအပ်သည်ကို ခွင့်ပြုတော်မူ၏။ ထိုကျောင်း၌နေသည်ကို ခွင့်ပြုတော်မူသည်မဟုတ်။ ။ ထိုသပ္ပဋိဘယကျောင်း၌သော်ကား သီတင်းကျွတ်လဆုတ်ပက္ခမှသည် တန်ဆောင်မုန်းလပြည့်တိုင်အောင် ကင်း၍နေသော်လည်း ဝိပ္ပဝါသမဖြစ်ဟူလိုသည်။ ထို့ကြောင့် ပါဠိတော်၌ ကတ္တိကပုဏ္ဏမံဟူသော ကြိယာဝိသေသနကို နိက္ခိပေယျ ဟူသောပုဒ်၌သာလျှင် စပ်အပ်သတည်း။ (၉)

၂၁၁။ ဤသစေ ပန စသော ပါဠိတို့၏အဓိပ္ပာယ်ကား အကြင်ဝတ္ထုကို သံဃာအားလှူအပ်၏။ ထိုဝတ္ထုကို မယူအပ်၊ သံဃာအားသာလျှင် ပေးအပ်၏။ မပေးသည်ရှိသော်ဘဏ္ဍာကို အဖိုးဖြတ်၍ ဆုံးဖြတ်အပ်၏ဟူလို ။ (၁၀)

သံဃစေတိယပုဂ္ဂလေသု ယဿ ကဿစိ ပရိဏတံ အညသံဃာဒီနံ ပရိဏာမေန္တဿ စ ဒုက္ကဋံ။ **(ကခ်ါ၊ စာ–၁၈၉)**၌ အဓိပ္ပာယ်ကား၊ သံဃာသို့ညွတ်လေပြီးသောလာဘ်ကို တစ်ပါးသောသံဃာအား လည်းကောင်း၊ စေတီအား လည်းကောင်း။ ပုဂ္ဂိုလ်အားလည်းကောင်း ညွတ်စေအံ့၊ ဒုက္ကဋ်။ စေတီတစ်ဆူသို့ ညွတ်လေပြီးသည်ကို တစ်ပါးသောစေတီအားလည်းကောင်း၊ သံဃာအားလည်းကောင်း၊ ပုဂ္ဂိုလ်အား လည်းကောင်း ညွတ်စေအံ့၊ ဒုက္ကဋ်။ ပုဂ္ဂိုလ်တစ်ဦးသို့ ညွတ်လေပြီးသည်ကို ပုဂ္ဂိုလ်တစ်ဦးအားလည်းကောင်း၊ သံဃာအားလည်းကောင်း၊ စေတီ အားလည်းကောင်း၊ ညွတ်စေအံ့၊ ဒုက္ကဋ်ဟူလို။ (၁၉)

ပါစိတ္တိယကဏ္ဍ ၁။ မုသာဝါဒဝဂ္ဂ

၂၂၃။ အဇာနိတွာ ပဋိဇာနနဟူသည်ကား တိတ္ထိတို့နှင့်အတူတကွ ဝါဒဆိုသည်ရှိသော် မိမိအယူ၌ စိုးစဉ်းသောအပြစ်ကိုမှတ်မိ၍ ဤအယူသည် ငါအယူမဟုတ်ဟုပယ်ပြီး၍ တစ်ဖန်ဆိုပြန်သည်ရှိသော် အပြစ်မရှိသောအဖြစ်ကိုမှတ်မိ၍ ဤအယူသည် ငါ၏အယူလျှင်တည်းဟု ဝန်ခံခြင်းတည်းဟူလို။

အာဒိသဒ္ဒါဖြင့်ကား ''ပဋိဇာနိတွာ အဝဇာနန၊ အညေနာည ပဋိစရဏ၊ သမ္ပဇာန မုသာဘဏန၊ သံကေ်တံကတွာဝိသံဝါဒကရဏ–တို့ကိုယူ။ ''ထိုအာဒိဝန်တို့တွင် ပဋိဇာနိတွာ အဝဇာနနဟူသည်ကား တိတ္ထိနှင့် အတူတကွဆိုသည်ရှိသော် မိမိအယူ၌အပြစ်မရှိသည်ကိုမှတ်မိ၍ ဤအယူကား ငါ၏အယူတည်း ဟုဝန်ခံပြီး၍ တစ်ဖန်အပြစ်ကိုမြင်၍ ဤအယူကား ငါ၏အယူမဟုတ်ဟု ပယ်ပြန်ခြင်းတည်း။

အဥ္စေနဥပဋ္ဌိစရဏာဟူသည်ကား ရုပ်သည်မြင်အပ်သောကြောင့် အနိစ္စဟုဆိုအံ့၊ ထိုသို့တပြီးကား နိဗ္ဗာန်သည်လည်း မြင်အပ်သောကြောင့် အနိစ္စမည်ခဲ့ရာ၏ဟု သူတစ်ပါးဆိုသော် ဖြစ်တတ်သောသဘော ကြောင့် အနိစ္စဟုတစ်ပါးသောအကြောင်းဖြင့် တစ်ပါးသောအကြောင်းကို ဖုံးလွှမ်းခြင်းတည်း။

သမ္ဗဇာနမုသာဘဏနဟူသည်ကား သိလျက်ချွတ်ယွင်းသောစကားကို ဆိုခြင်းတည်း။ သင်္ကေတံ ကတွာ ဝိသံဝါဒကရဏဟူသည်ကား ညဥ့်၌ဆိုကြအံ့ဟူသည်ကို နံနက်ကလာခြင်းစသော ကာလဝိသင်္ကေတ ဝတ္ထုဝိသင်္ကေတတည်း။ (၁)

၂၂၄။ ပေသုညကရဏဝစနေ ပါစိတ္တိယန္တိ အတ္ထော။ ဤအလိုကား ပိယသုညကရဏရှိလိုလျက် နိရုတ္တိနည်းအားဖြင့် ပိယသဒ္ဒါ၌ယကျေ၍ ဣကိုပြေ၍ ကရဏသဒ္ဒါကျေ၍ ပေသုညဟုပြီးသည်။

အဓိပ္ပာယ်ကား ဆယ်ပါးကုန်သော အက္ကောသဝတ္ထုတို့ဖြင့် ရဟန်းတစ်ယောက်ကို ဆဲရေးသော ရဟန်းတစ်ယောက်၏ စကားကိုကြား၍ ဤသို့ငါဆောင်သည်ရှိသော် ငါသည် ထိုရဟန်းသည် ချစ်အပ်သော သူဖြစ်လတ္တံ့ဟု မိမိကိုချစ်စေလိုသောကြောင့်လည်းကောင်း ဤသို့ဆောင်သည်ရှိသော် ဤသူသည် ဤ သူနှင့်ကွဲပြားလတ္တံ့ဟူ၍ သူ''၂''ယောက်ကို ကွဲစေလိုသောကြောင့်လည်းကောင်း၊ ဆောင်အပ်သောစကား သည် ပေသုညမည်၏ဟူလို။

ဝုတ္တနယေနဟူသည်ကား တေဟိယေဝ ဒသဟိ အက္ကောသဝတ္ထူဟိ သန္တိ ဣမေကေစ္စေ စဏ္ဍာ လာစသော ဒုတိယသိက္ခာပုဒ်၌ ဆိုအပ်ပြီးသည်ကိုယူ။ အနည္စာပဒေသေနဟူ၍ ပါဠိအချို့ရှိ၏။ မသင့်။(၃)

၂၂၅။ (ရာဇောဝါဒ) သုတ်ဟု သင်္ဂါယနာမတင်သော ကျမ်းများ၌မရှိ။ နောက်သီဟိုဠ်ဆရာများ ထည့်သွင်းထားဟန်တူသည်ဟု အဘယာရာမဆရာတော်ကြီး မိန့်ဖူးသည်။

ပဒ အနုပဒ အန္ဝက္ခရ၊ အနုဗျဥ္ဇနတို့၏အထူးကား တစ်ဂါထာ၌ပဌမပါဒသည် ပဒမည်၏။ ဒုတိယပါဒ သည် အနုပဒမည်၏။ တစ်လုံးတစ်လုံးသော အက္ခရာသည် အန္ဝက္ခရမည်၏။ ပုရိမဝါကျနှင့်တူသော ပစ္ဆိမဝါကျ သည် အနုဗျဥ္ဇနမည်၏။ ဤကားအထူး။ (ဝါ) တစ်လုံးတစ်လုံးသော အက္ခရာသည် အန္ဝက္ခရာမည်၏။ ဝိဘတ် အဆုံးမရှိသောအက္ခရာအပေါင်းသည် အနုဗျဥ္ဇနမည်၏။ ဝိဘတ်အဆုံးရှိသောအက္ခရာ ထိုအက္ခရာ အပေါင်းသည် ပဒမည်၏။ ပဒရှေ့ပုဒ်နှင့်သုတိတူသော နောက်ပဒသည် အနုဗျဥ္ဇနမည်၏။ ဤလည်းအထူး။

ပါစိတ္တိယန္တိ။ ပ ။ ပဒါဒိဂဏနာယ ပါစိတ္တိယံ၌ အဓိပ္ပာယ်ကား မနောပုဗ္ဗင်္ဂမာ ဓမ္မာ-စသော ဂါထာဗန္ဓတို့၌ မနောပုဗ္ဗင်္ဂမာဟုသာမဏေနှင့် တပြိုင်နက်ဆုံးစေသည်ကား ပဒအားဖြင့် သင့်သည်မည်၏။ ထိုသို့ သင့်သောရဟန်းအား ပဒအရေအတွက်အတိုင်း ပါစိတ်အာပတ်သင့်၏။

မထေရ်သည် မနောပုဗ္ဗင်္ဂမာဓမ္မာဟုရွတ်ပြီးသည်ရှိသော် ထိုပုဒ်ကိုမမီနိုင်၍ သာမဏေသည် မနောသေဋ္ဌာ မနောမယာဟု ရွတ်သောကာလ၌ မထေရ်နှင့်ပြိုင်၍ဆုံးစေသည်ကား အနုပဒအားဖြင့် သင့်သည် မည်၏။ ထိုသို့သင့်သော ရဟန်းအားလည်း အနုပဒအရေအတွက်အတိုင်း အာပတ်သင့်၏။

ရူပံ အနိစ္စံ-ဟူသော ပုဒ်ကိုသင်သောကာလ၌ အက္ခရာမျှကို သာမဏေနှင့်တစ်ပြိုင်နက်ရွတ်သည်ကား အန္ဝက္ခရအားဖြင့် ရွတ်သည်မည်၏။ ထိုသို့ရွတ်သောရဟန်းလည်း အန္ဝက္ခရအရေအတွက်အတိုင်း ပါစိတ် အာပတ်သင့်၏။ ။

ရူပံ အနိစ္စံ ဝေဒနာ အနိစ္စာ-ဟူသောသုတ်ကို သင်သောကာလ၌ မထေရ်သည် ရူပံ အနိစ္စံ-ဟု ရွတ်သည်ရှိသော် သာမဏေသည် အရွတ်လျင်သောကြောင့်လည်းကောင်း၊ ပညာလျင်သောကြောင့်လည်း ကောင်း၊ ဝေဒနာ အနိစ္စာဟူသော အနိစ္စပုဒ်နှင့် မထေရ်၏ ရူပံ အနိစ္စံဟူသောပုဒ်၌ အနိစ္စပုဒ်သည် ပြိုင်မိ

သည်ကား အနုဗျဥ္ဇနမည်၏။ ထိုသို့ရွတ်သော ရဟန်းအားလည်း အနုဗျဥ္ဇနအရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်၏။ ဟူလို။ **(ဋ၊ စာ–၈)**

ယေဘုယျေန ပဂုဏာ ဂန္ထေ–ဟူသည်ကား လေးဖို့တစ်ဖို့နှုတ်မလာသော ဂါထာစုဏ္ဏိယတို့တည်း။ ထိုပဂုဏာ ဂန္ထကို ရွတ်သောသာမဏေအား နှုတ်မပါရာ၌ ဤသို့ဆိုလော့ဟု သင်သောရဟန်းအားလည်းကောင်း။ ပရိသတ် အလယ်၌ရွံ့ရှား၍ ရွတ်သောလူသာမဏေအဆိုချွတ်ရာ၌ ဤသို့ဆိုလော့ဟု သင်သောရဟန်းအားလည်းကောင်း တစ်ပြိုင်နက်ဆိုမိသော်လည်း အာပတ်မသင့်ဟူလို။ (၄)

၂၂၆။ ဘိက္ခုံ ဌပေတွာ ။ ပ ။ တိရစ္ဆာနဂတေနာပိဟူရကား မာတုဂါမသည်လည်း ဤသိက္ခာပုဒ်၌ အနုပသမ္ပန္နအရေအတွက်သို့ရောက်၏။ ထို့ကြောင့်ရကား မာတုဂါမနှင့် သုံးညဥ့်ပတ်လုံး သဟသေယျလောက်သော ကျောင်းနှင့်အိပ်ပြီး၍ လေးရက်မြောက်သောနေ့၌ အိပ်သည်ရှိသော် ဤသိက္ခာပုဒ်ဖြင့်လည်းကောင်း အထက်သိက္ခာပုဒ်ဖြင့်လည်းကောင်း ပါစိတ်နှစ်ချက်သင့်၏။

ဂဏ္ဌိ၌ကား အထက်သိက္ခာပုဒ်ဖြင့် မာတုဂါမကိုယူပြီးရကား ဤအောက်သိက္ခာပုဒ်ဖြင့် ဘိက္ခုံ ဌပေတွာ ။ ပ ။ အနုပသမ္ပန္နေနဟု သာမညအားဖြင့်မိန့်သော်လည်း ပုရိသကိုယူခြင်းသည်သာလျှင် လျှောက်ပတ်၏ဟူ၏။ သာရတ္ထ **(စာ–၁၀)**။ ထိုတွင် တဒေဝ ယုတ္တတရံဟု နောက်သာလျှင် သင့်မြတ်၏ဟုဆုံးဖြတ်၏။ ထိုသို့မိန့်သော်လည်း ရှေ့စကားသာလျှင် သင့်မြတ်သကဲ့သို့ရှိ၏။

ဤသိက္ခာပုဒ်၌ ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်ယောက်ျားတို့သော်လည်း အာပတ်အင်္ဂါဖြစ်သေး၏ ရှင့်၊ ထိုထက်ဂရုကဖြစ်သော အထက်သိက္ခာပုဒ်၌ ဒုက္ကဋဝတ္ထုဖြစ်သော ဘီလူးမပြိတ္တာမစသည်တို့သည် အသို့ မူ၍ အင်္ဂါမဖြစ်ကောင်းအံ့နည်း၊ ဖြစ်ကောင်းသည်သာလျှင်တည်း။ ထို့ကြောင့် အထက်သန္ထိမိသိက္ခာပုဒ်၌ သန္ထိမိဖြစ်သော ယာဝကာလိကတို့ကို ထိုညဥ့်အခါ၌ သုံးဆောင်သည်ရှိသော် ပါစိတ်နှစ်ချက်သင့်ကောင်း သကဲ့သို့၊ ထို့အတူ ဤ၌လည်း ''လူမိန်းမသည် ''၄'' ရက်မြောက်၌ ပါစိတ် ''၂''ချက်သင့်ခြင်းကို ပြုတတ်၏။ တိရစ္ဆာန်မိန်းမ ဘီလူးမစသည်တို့သည်ကား အထက်သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ ဤသိက္ခာပုဒ်ဖြင့် ပါစိတ်တည်းဟူသော အာပတ် ''၂'' ချက်သင့်ခြင်းကိုပြုတတ်၏ဟု ထင်ပေသည်။ ခဲ့စွ။ ဆင်ခြင်။

သဗ္ဗစ္ဆန္နပရိစ္ဆန္နေစသည်၌ ။ အထက်သိက္ခာပုဒ်၌ ဥပမုစ္ဆန္န ဥပမုပရိစ္ဆန္နဖြစ်သော ကျောင်းကို ဒုက္ကဋဝတ္ထုဟုမိန့်ရကား ဤသိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဖြစ်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ သာဝေသေသပညတ်လည်း ဖြစ်သင့်သောကြောင့် သဗ္ဗစ္ဆန္န၊ ယေဘုယျေနပရိစ္ဆန္န၊ သဗ္ဗစ္ဆန္န ဥပမုပရိစ္ဆန္န၊ ယေဘုယျနစ္ဆန္န ဥပမုပရိစ္ဆန္န၊ သဗ္ဗပရိစ္ဆန္န ယေဘုယျေနဆန္န၊ သဗ္ဗပရိစ္ဆန္န ဥပမုစ္ဆန္န၊ ယေဘုယျနပရိစ္ဆန္န ဥပမုစ္ဆန္နဖြစ်သော ခြောက်ဆောင်သောကျောင်းသည်လည်း ပါစိတ်ဝတ္ထုသာလျှင်ဟူ၏။ **(စာ–၁၅)**

၂၂၆။ တတ္ထ ဆဒနံ ။ ပ ။ ကေ့ပစာရော ဟောတိ။ **(ကခါ၌ စာ–၁၉၃)**၌ ထွက်ဝင်သွားသော တံခါးတစ်ခုရှိသည် ပင်လျှင် ဥပစာရမည်၏။ ဤ၌လည်း တံခါးတစ်ခုရှိသည်ကို ရည်၍မိန့်သည်။

တိကပါစိတ်ဟူသည်ကား ။ အနုပသမ္ပန္န၌ ဥပသမ္ပန္နသညီ၊ ဝေမတိက၊ အနုပသမ္ပန္နသညီအားဖြင့် ''၃'' ပါးကိုယူ။

ဥပမုစ္ဆန္န ပရိစ္ဆန္နာဒီသုဌ် အာဒိသဒ္ဒါဖြင့် သဗ္ဗစ္ဆန္န စူဠကပရိစ္ဆန္န၊ ယေဘုယျနစ္ဆန္န စူဠကပရိစ္ဆန္န၊ သဗ္ဗပရိစ္ဆန္န စူဠကစ္ဆန္န၊ ယေဘုယျေနပရိစ္ဆန္န စူဠကစ္ဆန္န၊ ဤလေးချက်ကိုယူ။ (၅)

၂၂၇။ မနုဿိတ္ထိယာ လူမိန်းမဟု သာမညမိန့်သော်လည်း အသက်ရှိသော လူမိန်းမကိုသာ ယူအပ်သည်ဟူ၏။ (၆)

သဒ္ဒိ ဋီတာယပိဋ္ဌ သမ္ဘာဝနာအနက်ရှိသော ပိသဒ္ဒါဖြင့် လူယောကျ်ားကို မယူမူ၍တည်သော ဘီလူး ယောကျ်ားစသည်တို့နှင့် အတူတည်သော လူမိန်းမအားသော်လည်း မအပ်သေး၏ရှင့်။ လူမိန်းမချည်းသက် သက်သော်ကား ဆိုဖွယ်မရှိဟုပြ၏။

ဒုတိယအနိယတ၌ ဆိုအပ်ပြီးသော လက္ခဏာရှိသော လူယောကျ်ားဟူသော်လည်း အန္ဓကိုမလို အပ်။ အဘယ့်ကြောင့်နည်းဟူမူကား အန္ဓဗဓိရသည် ဤသိက္ခာပုဒ်၌ အာပတ်အင်္ဂါမဖြစ်ကောင်းသော ကြောင့်တည်း။ ဋီကာစသည်တို့၌ မမိန့်ကုန်။

ဆဟိ ဝါစာဟိ ။ ပ ။ ဒေသယတော။ ဤ၌ကား ရှေးဟောနှင့်သည်မှတစ်ပါး အသစ်ရောက်လာ သောမာတုဂါမအား တဖန်ခြောက်ပုဒ် ဟောပြန်အံ့သောနည်းဖြင့် မာတုဂါမအရာအား ဟောသော်လည်း အာပတ်မသင့်ဟူလို။ ။ တစ်ပြိုင်နက်ရောက်သော်လည်း သင့်အား ခြောက်ပုဒ်၊ သင့်အား ခြောက်ပုဒ်သာ ဟောအံ့ဟုဆို၍ဟောသော်လည်း အာပတ်မသင့်ဟူလို။ **(ကခ်ါ–၁၉၄)** (၇)

၂၂၉။ သံဃော ။ ပ ။ အာရောစေန္တဿ ပါစိတ္တိယံ–၌ အဓိပ္ပာယ်ကား ''မပြတ်အာပတ်သင့် သောရဟန်း ဤသို့ကြားသည်ရှိသော် နောင်တစ်ချိန်စောင့်လတ္တံ့ဟု ဤမျှသော အာပတ်ကိုလည်းကောင်း၊ ဤမျှသောအမျိုးအားဖြင့်လည်းကောင်း ကြားအပ်၏။ ပိုင်းခြား၍လည်းကောင်း၊ မပိုင်းခြားဘဲလည်းကောင်း၊ ကတိကဝတ်ကိုပြု၏။ ထိုကတိကဝတ်ကို ပြုရာကိုထား၍ ကတိဝတ်မပြုရာ၌ ဤရဟန်းသည် သုက်ကို လွှတ်စေ၍ သံဃာဒိသေသ်အာပတ်သင့်သည်ဟု ဝတ္ထုနှင့်တကွ စေ့ဆော်၍ပြောသော ရဟန်းအား အာပတ် သင့်၏ဟူလို။ **(ကခ်ါ၊ စာ–၁၉၅)**

အဒုဋ္ဌုလ္လံ ဝါ အဇ္ဈာစာရံ–၌။ ဝိကာလဘောဇနစသောအထက် ''၅'' ပုဒ်။ သုက္ကဝိဿဋ္ဌိ၊ ကာယသံ သဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယတို့ကို အဒုဋ္ဌုလ္လအဇ္ဈာစာရဟုယူ။ **(ဋ္ဌ၊ စာ–၂၀)**

၂၃၀။ တစ်ဆုပ်ထက်လွန်သော ကျောက်သည်ပါသာဏ။ တစ်ဆုပ်မှစ၍ အယုတ်သည် သက္ခရ တည်း။ ကျောက်စစ်သဲစုတို့သည်စု၍ ကျောက်ဖြစ်သည်ကား မရုမ္ဗမည်၏။ **(ဋ္ဌ၊ စာ–၂၁)** မရုမ္ဗာတိ ကဋ္ဌသက္ခရာ၊ **(လက်ာ၊ စာ–၁၆၃)**။

ဒန္တာ ပန ။ ပ ။ အဇာတပထဝီ နာမ။ ။ ဤအလိုသော်အကြင်မြေ၌ သုံးစုစုသည်ရှိသော် မြေမှုန့်မြေစိုင်တို့သည် နှစ်စုအောက်ယုတ်အံ့၊ ကျောက်စသည်တို့သည်ကား တစ်စုထက်လွန်သည်ဖြစ်အံ့၊ အဇာတပထဝီမည်၏ဟူလို။ ။ အဝုတ္တသမုစ္စည်းဖြစ်သော ဝါသဒ္ဒါဖြင့်ကား ''၄'' လအောက်ယုတ်သော မိုးစွတ်သော မြေမှုန့်စုမြေစိုင်စုသည်လည်း အဇာတပထဝီမည်၏ဟုပြ၏။ **(ကခ်ါ–၁၉၆)**

ဝိနယာလင်္ကာရ **(စာ၊ ၁၆၃၊ ၁၆၄)** သာရတ္ထ **(စာ–၁၅)**တို့၌ကား ပဒဘာဇနီ၌ ယေဘုယျပါသာဏ ထက် ယေဘုယျသက္ခရစသော မြေတို့သာလျှင် အဇာတပထဝီဟုလာရကား ထက်ဝက်မြေမှုန့် ထက်ဝက် မြေစိုင်ရှိသောမြေသည် ပါစိတ္တိယဝတ္ထုဟုမိန့်၏။ ဤသိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဖြစ်သောကြောင့် သာဝသေသအားဖြင့် ''ဇာတာ နာမ ပထဝီ သုဒ္ဓပံသုကာ သုဒ္ဓမတ္တိကာ အပ္ပပါသာဏာ အပ္ပသက္ခရာ အပ္ပကဋ္ဌလာ အပ္ပမရုမ္ဗာ အပ္ပဝါလိကာ ယေဘုယျေနပံသုကာ ယေဘုယျေနမတ္တိကာဟု ဟောတော်မူသည် ဟူလို။ (၁၀)

⁂

၂။ ဘူတဂါမဝဂ္ဂ

၂၃၁။ ဘဝန္တိဟူသော ဤပါဠိဖြင့် ပွားသောအဖြစ်ရှိကုန်သော ညီုသောအရွက်ရှိကုန်သော ပွားဆဲ ဖြစ်ကုန်သော သစ်ပင်ငယ်စသည်တို့ကို ပြ၏။ အဟုဝုံ-ဟူသော ပါဠိဖြင့်ကား ပွားပြီး၍ တည်ကုန်သော ကြီးသောသစ်ပင်စသည်ကိုပြ၏။

သာသပဗီဇကသေဝါလမ္ပိ၌ သာသပမည်သောမှော်ကား မုန်ညင်းသီးအတိုင်းအရှည်ရှိသည်ဟူ၏။ ဗီဇကမည်သောမှော်ကား အထက်၌ငယ်သော အရွက် အောက်၌လည်း ငယ်သော အမြစ်ရှိသောမှော်သေး ဟူ၏။

၂၃၂။ တထာ ဘူတဂါမဗီဇဂါမေ။ ဋီကာ **(စာ-၃၅၈)**၌ ဘူတဂါမဗီဇဂါမေတိ ဧတ္တ ဘူတဂါမတော ဝိယောဇိတံ ဝိရူဟနသမတ္တမေဝ မူလဗီဇာဒိကံ ဗီဇဂါမော နာမာတိ ဝေဒိတဗ္ဗံဟု တပ္ပုရိသ်သမာသ်ကိုပြ၏။

အသဥ္စိစ္စ။ ပ ။ ဝိကောပေန္တဿ၌ အသဥ္စိစ္စဝိကောပနဟူသည်ကား သစ်စသည်တို့ကို လိမ့် သောကာလ၌ မြက်သစ်ပင်တို့သည်ပျက်သော်လည်း ဤလုံ့လဖြင့်ပြတ်စေအံ့ဟု စေတနာမရှိသောကြောင့် လည်းကောင်း အာပတ်မသင့်ဟူလို။ ။ အသတိယာ ဝိကောပန-ဟူသည်ကား "တစ်ပါးသောသူနှင့် စကားပြောဟောသောကာလစသည်တို့၌ သစ်ပင်မြက်ပင်တို့ကို ဖြတ်မိသော်လည်း အာပတ်မသင့်ဟူလို။ ဘူတဂါမ်ဗီဇဂါမ်ဟုမသိ၍ ဖြတ်မိသော်လည်း အာပတ်မသင့်ဟူလို။

ကပ္ပိယံ ကရောန္တေန ပန ။ လ ။ ရဟန်းသည် ကပ္ပိယံ ကရောဟိ-ဟုဆိုလျှင် လူသာမဏေသည် ကပ္ပိယံ ဟုဆို၍သာလျှင် မီးဖြင့်တို့အပ်၏။ နခပရိဇိတ သတ္တပရိဇိတတို့၌လည်း ဤနည်းတူမှတ်။ ဤသို့ ပြုကာ မျှဖြင့် ထိုမျိုးစေ့တို့သည် အဝိရူဟနသဘာဝသို့ မရောက်သော်လည်း "သမဏ ကပ္ပိယဝေါဟာရ ဖြစ်၍ အလိုအတိုင်း ထိုးခြင်း ခွဲခြင်း ဖြတ်ခြင်းကိုပြုခြင်းငှာ အပ်လေသည်။ (၁)

၂၃၄။ **ဥမ္မတ္တကာဒီနန္တ** - ဤအနာပတ္တိဝါရ**(ကင်္ခါ စာ-၂၀၀)**၌ အာဒိဝန်အရဖြတ်သော အာဒိကမ္မိကဿ အနာပတ္တိကိုကား ဤသိက္ခာပုဒ်ဖြင့်သာလျှင် အာပတ်မသင့်ဟုယူ၊ ဥဇ္ဈာပနက ခီယနက သည် မုသာဝါဒလက္ခဏာ ရှိသောကြောင့် မုသာဝါဒသိက္ခာပုဒ်ဖြင့်ကား အာပတ်သင့်သည်သာလျှင်တည်း။ (၃)

၂၃၅။ **မဥ္စာဒီသု** ။ ပ ။ မဥ္စော ပီဌေပိ ဘိသော နယော **(ကင်္ခါ စာ-၂၀၁)**၌ အဓိပ္ပာယ်ကား "မသာရက ဗုန္ဒိကာဗဒ္ဓ ကုဠီရပါဒက အာဟစ္စပါဒကဟုဆိုအပ်သော လေးပါးသော ညောင်စောင်းတို့တွင် **တစ်ပါးပါး** အသွင်ဖြင့်ပြုအပ်သော ညောင်စောင်းသည် မဥ္စမည်၏ဟူလိုသည်။ ။ ထို "၄" ပါးတို့တွင် **မသာရက** ဟူသည်ကား အခြေကိုထွင်း၍အခြေ၌ အပေါင်တပ်၍ပြုအပ်သော ညောင်စောင်းတည်း။

ဗုန္ဒိကာဗဒ္ဓ - ဟူသည်ကား ညောင်စောင်းခြေတို့ကို အပေါင်ဖြင့်ကိုက်စေ၍ ပြုအပ်သော ညောင် စောင်းတည်း။ အင်းပျဉ်၌လည်း ဤနည်းအတူသိလင့်၊ သို့သော် ညောင်စောင်းနှင့်အင်းပျဉ်အသို့ထူးသနည်း ဟူမူကား "၄"တောင် အတိုင်းအရှည်ရှိသော အလျားရှိသည်ကား ညောင်စောင်း။ ထို့အောက် တိုသော အလျားရှိသည်ကာ အင်းပျဉ်မည်၏။ ဤကားအထူး။

ပမာဏပရိစ္ဆေဒေါပိ စေတ္ထ နတ္ထိ - ၌ ပမာဏအပိုင်းအခြားမရှိသည်ဟူသည်ကား ညောင်စောင်း ၌ခင်းသော ဘုံလျှို၊ အင်းပျဉ်၌ခင်းသော ဘုံလျှို၊ စကြံသွားသော ဘုံလျှိုစသောအားဖြင့် ပြုလိုသောသူတို့ ၏ ဆန္ဒအတိုင်းပြုအပ်၏ဟူလို။

နိဗဒ္ဓဝါသရက္ခမူလေ – ၌ နိဗဒ္ဓဝါသဟူသည်ကား အသိုက်ပြု၍ အမြဲနေသည်ကိုသာယူ။ ဂေါစရပသုတဖြစ်သောအရပ်ကို မယူလင့်။

၂၃၆။ ထိုဆွမ်းစားဇရပ်မှ နေ့သန့်စရာအရပ်သည် လေဍ္ဍုပါတာတိက္ကမဖြစ်ရကား "ရှေးဦးခြေကို ချီသည်ရှိသော် ဒုက္ကဋ်သင့်၏။ နှစ်ခုမြောက်သော ခြေကို ချီသည်ရှိသော် ပါစိတ်သင့်၏။ ဟူလို။

ယထာ ဝါ ဥပစိကာဟိစသည်တို့၏ အဓိပ္ပာယ်ကား ... ကျောက်ဖျာလေးခုတို့၏ အထက်၌ ညောင်စောင်းခြေတို့ကိုထား၍ ထိုညောင်စောင်း၌ ကြွင်းသောညောင်စောင်းအင်းပျဉ်တို့ကိုတင်၍ အထက်ဘုံလျှိုစသည်တို့ကိုအစုပြု၍ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကိုသိုမှီး၍ ဂမိကဝတ်ကိုဖြည့်၍ သွားအပ်၏ဟူလို။

၂၃၇။ ခင်းခြင်းကြောင့် ဖြစ်သည်ကား ကိရိယ၊ သိုမှီးခြင်း၊ ပန်ခြင်းကိုမပြုသည်ကား၊ အကိရိယ၊ ဤနှစ်ပါးရော၍ဖြစ်ရကား ကိရိယာကိရိယဟူသည်တည်း။ (၄)

၂၃၇။ **သီဟာစမ္မာဒီနဥ္စ** ။ ပ ။ နတ္ထိ**(ကခ်ီ စာ–၂၀၃)**၌ အဓိပ္ပာယ်ကား "န ဘိက္ခဝေ စမ္မာနိ ဓာရေတဗ္ဗာနိ သီဟာစမ္မံ–စသည်ဖြင့် ခန္ဓက၌ပယ်တော်မူသည်ကား ခြသေ့်ရေစသည်တို့ကို တစ်ကျောင်းမှ တစ်ကျောင်းသို့ ဆောင်၍ မိမိဥစ္စာအဖြစ်ဖြင့် ညောင်စောင်းအင်းပျဉ်တို့၌ခင်း၍ သုံးဆောင်သည်ကိုသာလျှင် ပယ်တော်မူ၏။ ကျောင်းအသုံးအဆောင်ပြု၍ မြေ၌ခင်း၍ သုံးဆောင်ခြင်းကိုကား ပယ်တော်မမူဟူလို။

ဥပစာရံ အတိက္ကမန္တဿ၌ ဥပစာရဟူသည်ကား "အဆုံးစွန်သောကျောင်းမှ အားလျစ်လျှူရှိသော ယောက်ျား၏ခဲနှစ်ကျကိုယူ။

ဤအနာဏတ္တိကကိုကား "ရဟန်းကိုစေသည်ကိုသာယူ ထိုစကားသည်သင့်စွ။ ရဟန်းကိုစေသော်သာလျှင် စေအပ်သောရဟန်း၏ ပလိဗောဓဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည်လည်း အကြင်ရွှေ့လောက်စေတတ်သောရဟန်းသည် ထိုနေရာ၌ မနေသေး၊ သင်သွားလေတော့ဟူ၍လည်း မဆိုသေး၊ ထိုရွှေ့လောက်သော ကာလပတ်လုံး စေအပ်သောရဟန်း၏ ကြောင့်ကြသည်ဖြစ်၏။ နေသော်လည်းကောင်း၊ သွားလေတော့ဟု ဆိုသော်လည်းကောင်း စေတတ်သောရဟန်း၏ ကြောင့်ကြသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ရဟန်းကို စေသည်သာ အနာဏတ္တိကဟုယူ။

လူသာမဏေကို စေသည်ရှိသော်ကား သာဏတ္တိကလည်း ဖြစ်ကောင်း၏။ ပဌမသေနာသန သိက္ခာပုဒ်၌လည်း အနာဏတ္တိကကို ဤနည်းအတူယူအပ်၏။ သော တက္ကော ။

အဗ္ဘောကာသေ ဌပေတွာ ဂစ္ဆန္တဿ ဒုက္ကဋမေဝ**(ကခ်ီ စာ–၂၀၂)**၌ ဝေသဒ္ဒါဖြင့် ပါစိတ်ကိုကန့်။ ဤ၌ ညောင်စောင်း အင်းပျဉ်ကို လွင်တီးခေါင်၌ထား၍သွားသော ရဟန်းအား အာပတ်ကို အထူးမမိန့်သော်လည်း ခဲတကျကို လွန်သော်ရှေးသိက္ခာပုဒ်ဖြင့် ပါစိတ်။ အရံကိုလွန်သော် ဤသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်ဟုယူ။

ထို့ကြောင့် "သာရတ္ထဒီပနီ **(စာ–၃၀)**၌ ကိဥ္စာပိ မဥ္စံဝါ ပီဌံ ဝါ အဗ္ဘောကာသေ နိက္ခိပိတွာ ဂစ္ဆန္တဿ ဣဓ ဝိသုံ အာပတ္တိ န ဝုတ္တာ၊ တထာပိ အကာလေ အဗ္ဘောကာသေ မဥ္စပီဌာနိ ပညပေတွာ ဂစ္ဆန္တဿ လေဍ္ဍုပါတာတိက္ကမေ ပုရိမသိက္ခာပဒေန ပါစိတ္တိယံ၊ ပရိက္ခေပါတိက္ကမေ ဣမိနာ ဒုက္ကဋန္တိ ဝေဒိတဗ္ဗံဟု မိန့်အပ်ပြီ။ ဘိသိကိုကြည် "၉"ပါးသောအိပ်ရာကိုကား လွင်တီးခေါင်၌ထား၍ သွားသောရဟန်းအား သိက္ခာပုဒ် "၂"ပါးဖြင့် ဒုက္ကဋ် သင့်သည်ဟူ၏။ (၅)

၂၃၈။ **သံဃော ပန ဘဏ္ဍာဂါရိကဿ ဝါ** ။ ပ ။ သလ္လက္ခေတွာ**(ကခ်ီ စာ–၂၀၄)**၌ ဘဏ္ဍာဂါရိကဿ ဗဟုပကာရတံ ဓမ္မကထိကာဒီနံ ဂုဏဝိသိဋ္ဌတဥ္စ သလ္လက္ခေန္တော။သာရတ္ထ**(စာ–၃၀၊ ကခ်ီအဘိနဝဋီကာ စာ–၃၆၈)** ၌ကား န ကေဝလံ ဣဒမေဝါတိ အာဟ "ဂုဏဝိသိဋ္ဌတဥ္စာ"တိအာဒိ၊ တေန ဗဟုပကာရတ္တေပိ

ဂုဏာဝိသိဋ္ဌတ္တာဘာဝေ ဂုဏာဝိသိဋ္ဌတ္တေပိ ဗဟူပကာရတ္တာဘာဝေ ဒါတုံ န ဝဋ္ဋတီတိ ဒဿေတိဟုမိန့် ၍ ရှေးကဲ့သို့သောအယူကို ကေစိဟုမိန့်၏။

၂၃၈ ၊ ၂၃၉ ၊ **မဉ္စပီဌာနံ ဝါ** ။ ပ ။ ဥပစာရော ဣ အဓိပ္ပာယ်ကား ထိုရဟန်း၏ ဝင်ရာအရပ်၏ ဥပစာကား ခြေဆေးကျောက်ဖျာမှသည် ညောင်စောင်းအင်းပျဉ်တိုင်အောင် ထွက်ရာအရပ်၏ ဥပစာကား ညောင်စောင်းအင်းပျဉ်မှသည် ကျင်ငယ်စွန့်ရာ အရပ်တိုင်အောင်သော တစ်ထောင့်ထွာသော ခရီးလျှင်တည်းဟူလို။(၆)

၂၄၀။ သယံ ဥမ္မတ္တကသဒ္ဒါသည် သယံဟူသောပုဒ်ကို ငဲ့ခြင်းရှိသော်လည်း အခြားမရှိရကား အာဒိနှင့် သမာသ်ဖြစ်သည်။ ယထာရူပေ အဒိန္နာဒါနေ နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ၊ ပုဒ်ကိုကဲ့သို့ သယံသဒ္ဒါကို မိန့်သည်ကား နှင်ထုတ်တတ်သောရဟန်းဟု သိစေခြင်းငှာ မိန့်သည်။ မိမိရှူး၍နှင်ထုတ်သော် အာပတ် မသင့်ဟူလို။ နော တက္ကော။ (၇)

ဥပရိ အစ္စန္တတလာယဟူသော ဆရာစကားသည် ပဒဘာဇနီနှင့်မဆန့်ခဲ့ပြီလော ပုဒ်ရှိရကား ပဒဘာဇနေစသည်ကို တက်ပြန်သည်။ အဓိပ္ပာယ်ကား ''ပဒဘာဇနီ၌ကား ဤ၌အလိုရှိအပ်သာ ကုဋိကိုပြအံ့သောငှာသာလျှင် ဝေဟာသကုဋိ နာမ မဇ္ဈိမဿ ပုရိမဿ အသီသဃဋ္ဋာဟု အဓိပ္ပာယတ္ထအားဖြင့် ဟောတော်မူသည်။ ဝေဟာသကုဋိလက္ခဏာကို ပြအံ့သောငှာ ဟောတော်မမူဟူလို။

၂၄၁။ မဥ္စံ ပီဌံ သဟသာ။ **(ကင်္ခါ အဘိနဝဋီကာ စာ-၃၆၉)**၌ကား သဟသာတိ အဘိဘဝိတွာ အဇ္ဈောတ္ထရိတွာဟုမိန့်၏။ ဤအလိုတော် သဟသာဟူသောပုဒ်သည် အဘိဘဝနအဇ္ဈောတ္ထရဏ အနက်ကို ဟောပြီးရကား အဘိနိသီဒန၊ အဘိနိပ္ပဇ္ဇနဉ္စ အဘိသဒ္ဒါသည် အနက်မရှိသကဲ့သို့ရှိ၏။ ထိုသို့ဖြစ်သော် အောက်အဘိနိသီဒေယျာတိ အဘိဘဝိတွာ အဇ္ဈောတ္ထရိတွာ နိသီဒေယျ-ဟူသော အဋ္ဌကထာပါဋ္ဌိနှင့် မတန်သကဲ့သို့ရှိ၏။ ပါတိမောက္ခလေခန၌ကား မာတိကာ၌ ဤသဟသာဟူသောပုဒ်ကို ပါဌ်လွန် မသင့်ဟု မိန့်၏။ ဤ၌လည်း မရှိခြင်းသည်သာလျှင် သင့်မြတ်ဟုထင်ပေသည်။ စာကိုယ်တို့၌ကား ရှိကုန်သည်များ၏။ ဆင်ခြင်။

အဝေဟာသကုဋိဟူသည်ကား မြေ၌သာ ဆောက်အပ်သောသစ်ရွက်မိုးသော ဇရပ်စသည်ကိုယူ၊ ထိုကုဋိ၌ သူတစ်ပါးကိုနှိပ်စက်ခြင်းငှာ မတတ်နိုင်သောကြောင့် အာပတ်မသင့်ဟူလို။ (၈)

၂၄၁။ မဟလ္လကန္တိ သဿာမိကံဟူရကား သံဃာဓိကကုဋိဖြစ်သော် အာပတ်မသင့်ဟု သာရတ္ထ၌ မိန့်၏။ ဝိဟာရန္တိ ဥလ္လိတ္တာဝလိတ္တံဟု မိန့်သော်လည်း ''လဒ္ဓါတပတ္တော ရာဇကုမာရောဟူသောပုဒ်တို့ကဲ့သို့ ဥပလက္ခဏာနည်းအားဖြင့် ဥလ္လိတ္တအဝလိတ္တကိုလည်းယူ။ ဝါ၊ ဥလ္လိတ္တောစ အဝလိတ္တောစ ဥလ္လိတ္တာဝလိတ္တောစ ဥလ္လိတ္တာဝလိတ္တံဟု ကေသေသသရူပသော်လည်းကြံ၊ ထို့ကြောင့် ပဒဘာဇနီ၌ ''ဝိဟာရော နာမ ဥလ္လိတ္တော ဝါ ဟောတိ အဝလိတ္တော ဝါ ဥလ္လိတ္တာဝလိတ္တော ဝါဟု မိန့်အပ်ပြီ။

၂၄၂။ တမ္ပိ ဟရိတသန္တမေဝ ဂစ္ဆတိ၌ အဓိပ္ပာယ်ကား ''ကောက်ပဲပင်ရှိမှသာလျှင် ဟရိတမည်သည်မဟုတ် မျိုးစေ့ကျကာမျှဖြစ်သော်လည်း ဟရိတမည်သည်သာလျှင်တည်းဟူလို။

တသ္မာ တသ္မိံ ဌတွာ ။ ပ ။ ဌာတုံ န လဘတိ။ ဤကား ဥပစာကိုပြသည် အဓိပ္ပာယ်ကား။ ။ ကောက်ပင်ပဲပင်မရှိသော်လည်း စုလစ်မွမ်းချွန် မတင်သောကျောင်းဖြစ်အံ့။ ခေါင်လျှောက်၏နံပါး တင်သောကျောင်းဖြစ်မူကား စုလစ်မွမ်းချွန်ထုပိကာတို့၏ နံပါး၌ရပ်သောယောက်ျားသည် အမိုးစွန်းဖြင့် တံစက်မြိတ်စွန်းဖြင့် အောက်သို့ကြည့်သည်ရှိသော် မြေ၌ရပ်၍စီရင်သော ရဟန်းကိုမြင်၏။ မြေ၌ရပ်၍စီရင်သော ရဟန်းသည်

လည်း အမိုးစွန်းဖြင့် တံစက်မြိတ်စွန်းဖြင့်မော်၍ကြည့်သော် ထိုခေါင်လျောက် စုလစ်မွမ်းချွန်နံပါး၌ရပ်သော ယောက်ျားကို မြင်၏။ ထိုမြင်ရာအရပ်၌ ရပ်အပ်၏။ ထိုအရပ်၏အတွင်း၌ကား ကောက်ပဲပင်မရှိသော်လည်း ရပ်ခြင်းငှာမရအပ်။ ထို့ကြောင့် ပြုသည်ရှိသော် ထိုရဟန်းကိုပိခဲ့ရာ၏ဟူလို။

၂၄၃။ **မဂ္ဂေန ဆာဒိယမာနေ** ။ ပ ။ ပါစိတ္တိယံ **(ကင်္ခါ စာ–၂၀၈)**၌ ။ မဂ္ဂေနနှင့် ဣဒ္ဓက သိလာ သုဓာကိုဟပ်။ ပရိယာယေနနှင့် တိဏပဏ္ဏကိုဟပ်။ အုပ်ကြွပ်ကျောက်အင်္ဂတေတို့ဖြင့် မိုးသော်လည်း ကောင်း။ မြက်သစ်ရွက်တို့ဖြင့် မိုးသော်လည်းကောင်း၊ တစ်ကြိမ်နှစ်ကြိမ်ကိုစီရင်၍ သုံးကြိမ်မြောက်၌ ဤသို့မိုးလောဟု စီရင်ခဲ့၍ ဖဲအပ်၏။ မဖဲသည်ရှိသော် တိတ်တိတ်နေအပ်၏။ မနေဘဲစီရင်သည်ရှိသော် လေးကြိမ်မြောက် မိုးသောကာလ၌ အုပ်ကြွပ် ကျောက်ချပ် အင်္ဂတေခဲ သစ်ရွက် မြက်ဆုတ် မြက်ပျစ် အရေအတွက်အတိုင်းပါစိတ် သင့်၏ဟူလို။

ဤ၌ တစ်ကြိမ်မိုး၍ပြီးပြီးမှ တစ်ခါ ထပ်၍ထပ်၍ အပေါ်၌မိုးပြန်သည်ကို နှစ်ကြိမ်သုံးကြိမ် မိုးသည် ဟုယူ။ တစ်ဖြောင့်တည်း အထက်သို့တက်၍မိုးရာ၌ တစ်စဉ်နှစ်စဉ်စီကာမျှကိုလည်းကောင်း လည့်၍ မိုးရာ၌ တပတ်နှစ်ပတ်လည်ကာမျှကိုလည်းကောင်း ''ဒွတ္တိမဂ္ဂဒွတ္တိပရိယာယဟုမယူလင့် ထိုသို့သော်အယူ ကိုသာရဋ္ဌ၌ ကေစိဟုမိန့်၏။ ဤသို့ မိုးသည်ရှိသော် မိုးမစွတ်သည်ဖြစ်၍ ကျောင်းခိုင်ခံ့လတ္တံ့ဟု နှလုံးသွင်း၍ ရှေးသူဟောင်း တို့သည် မိုးကုန်သတည်းဟူ၏။

သေတဝဏ္ဏာဒိကရဏော မြေဖြူစသည်ကိုကြဲခြင်း ''အဆင်းပြည့်စုံခြင်းငှာ မြေဖြူအနှစ်ငွေ့နီ စသည်တို့ဖြင့် လက်နှင့်ကျံသည်ကိုယူ၊ ထိုသို့ကျံခြင်းသည် ဆဒနကမ္မမမည်ကောင်းရကား ပါစိတ်မသင့် ဟူလို။ ဝါ ။ ထိုသို့ကျံခြင်းသည် လေပနကိစ္စမမည်ကောင်းရကား ဋီကာဆရာတို့သည် မိန့်အပ်သော ဒုက္ကဋ်အာပတ်ဖြင့် အာပတ်မသင့်ဟူလို။ (၉)။

တိဏပဏ္ဏသာခါဒိ၌ အာဒိဝန်ကိုကား အကြင်အကြင်သို့သော အခေါက်အမြစ်အစေ့စသည်ကို ချသည်ရှိသော် ထိုရေ၌ရှိသော ပိုးတို့သည်သေကုန်၏။ ထိုသို့သော ဝတ္ထုကိုယူ။

၂၄၄။ တဥ္စ ဥဒကံ တာဒိသမေဝ ပိုးသေလောက်သောအဖြစ်တည်းဟူသော ကုန်ခြင်း နောက်ခြင်း စသည်သို့ရောက်သည်လည်း ဖြစ်စေဟူလို။

ဤ၌ အင်္ဂါကိုပြရာ၌ ဝိနာ ဝဓကစေတနာယဟူသော ပါဠ်ဖြင့် ဆီမီး၌ပိုးဖလံတို့သည် ကျ၍ သေလတ္တံ့ ဟုသိငြားသော်လည်း ကုသိုလ်စိတ်ဖြင့်သာလျှင် ညှိသကဲ့သို့ ထိုအတူပိုးတို့သည် သေလတ္တံ့ဟုရှေ့ အဖို့၌သိငြား သော်လည်း ဤရေကိုသွန်အံ့ဟု သွန်သောရဟန်းအား သတ်လိုသော စိတ်မရှိသောအဖြစ်ကို ပြရ၏။ ထိုသို့ပြရသဖြင့် ဤသိက္ခာပုဒ်၏ ပဏ္ဏတ္တိဝဇ္ဇအဖြစ်သည် ပြီး၏။

ဒိကရဏော အဗျာကတစိတ္တေန ဟောတိ **(ကင်္ခါ အဘိနဝဋီကာ စာ–၃၇၂)**ဟု သာမန်မိန့်လျက် အဘယ့်ကြောင့် ရဟန္တာကိုသာ ယူသနည်း ဟူငြားအံ့။ အဗျာကတာစိတ္တေနဟူသော သဒ္ဒန္တရိက်ကြောင့်ယူသည်။ ကြွင်းအရိယာ တို့ကိုကား ''အာသနံ့ ခေါဝိဿာမီတိ ။ ပ ။ ကုသလစိတ္တေန ဟောတိဟူသော ရှေးပါဠ်၌သွင်း။ (၁၀)

ဩဝါဒ ဝဂ္ဂ

အဌက်သရုပ်ကား ပါတိမောက္ခသံဝရစသော သီလလေးပါးနှင့်လည်း ပြည့်စုံစေ။ ၂/ဗဟုသုတ အကြားအမြင်နှင့်လည်း ပြည့်စုံစေ။ ၃/အဌကထာနှင့်တကွသော ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းလည်း နှုတ်၌ ပါစေ။ ၄/သန့်ရှင်းသော ပုဒ်ဗျည်းရှိသောစကားကိုရွတ်နိုင်ခြင်း အသံသာယာခြင်းနှင့်လည်း ပြည့်စုံစေ။ ၅/များသောအားဖြင့် ဘိက္ခုနီတို့သည် ချစ်အပ်သည်လည်းဖြစ်စေ။ ၆/ဘိက္ခုနီတို့ကို ဝဋ်ဆင်းရဲဖြင့် ခြိမ်းခြောက်၍ ဆုံးမခြင်းငှာ စွမ်းနိုင်သည်လည်းဖြစ်စေ။ ၇/မြတ်စွာဘုရားကိုရည်၍ ရဟန်းပြုသော ဘိက္ခုနီသိက္ခမာန် သာမဏေမတို့၌ ရှေးလူဖြစ်သောကာလ၌ ဂရုဓမ္မဟုဆိုအပ်သော ကာယသံသဂ္ဂမေထုနဓမ္မသို့ မရောက်ဘူး သော ရဟန်းလည်းဖြစ်စေ။ ၈/ရဟန်းပြုပြီး၍ ဝါ ''၂၀'' ပြည့်ပြီးသည်လည်းဖြစ်စေ။ ဤရှစ်ပါးတည်း။ အဆုံးအဖြတ်အကျယ်ကို သမန္တပါသာဒိက အဌကထာဋီကာတို့မှယူ။ (၁)

၂၅၀။ ဘိက္ခုနံ့ အတ္ထာယဟု သာမန်မိန့်သော်လည်း ဘိက္ခုနီသည် ညွှတ်အပ်သောရဟန်း၏ အလို့ ငှာစီရင်သည်ကိုသာယူ။ တစ်ပါးသောသူ၏အလို့ငှာ စီရင်အပ်သော ဘောဇဉ်တို့သည်ကား ယထာဝတ္ထု ကလျှင်တည်း။

ပဥ္စ ဘောဇနာနိ ဌပေတွာ အဝသေသေဥ္စ အဝသေသေတိ ဘိက္ခုနိပရိပါစိတေပိ ယာဂုခဇ္ဇက ဖလာဒိကေ သဗ္ဗတ္ထ။ နိမိတ္တောဘာသပရိကထာဝိညတ္တိဝသေန ပန အဝသေသေပိ ဒုက္ကဋမေဝ န မုစ္စတိ။ **(ကင်္ခါဋီကာ စာ–၃၇၈)**။ ။ ပဥ္စ ဘောဇနာနိ ထပေတွာ သဗ္ဗတ္ထ အနာပတ္တီတိ ဣဒံ ပန ဣမိနာ သိက္ခာပဒေန အနာပတ္တိဒဿနတ္ထံ ဝုတ္တံ၊ ပညတ္တိယာ ဥပ္ပန္နံ့ ပရိဘုဥ္ဇန္တဿ ဟိ အညတ္ထ ဝုတ္တနယေန ဒုက္ကဋံ။ သာရတ္ထ **(စာ–၅၂)**။

❧ ❧ ❧

ဘောဇန ဝဂ္ဂ

၂၅၁။ **ဣမေသံဝါ** ။ ပ ။ ပညတ္တံဘောဇနံ။ **(ကင်္ခါ၌ စာ–၂၁၅)**အဓိပ္ပာယ်ကား ပရိဗ္ဗာဇကကို သာ ဟူ၍လည်းကောင်း၊ ပဏ္ဍာရင်္ဂကိုသာဟူ၍လည်းကောင်း၊ အာဇီဝကကိုသာဟူ၍လည်းကောင်း၊ နိဂဏ္ဌကိုသာ ဟူ၍ လည်းကောင်း၊ ပဗ္ဗဇိတကိုသာဟူ၍လည်းကောင်း၊ ပရိဗ္ဗာဇကစသည်တို့တွင်လည်း ဤမျှသောပရိဗ္ဗဇက ဤမျှသော ပဏ္ဍာရင် ဤမျှသောအာဇီဝက ဤမျှသောနိဂဏ္ဌ ဤမျှသောပဗ္ဗဇိတကိုသာယူ၍ လည်းကောင်း ဤမျှလောက်သော ဘောဇဉ်ဟူ၍လည်းကောင်း၊ ဤသို့ ပုဂ္ဂိုလ် ဘောဇဉ်ကို မရည်မပိုင်းခြားမူ၍ ဇရပ်သစ်ပင် ရင်း လွင်တီးခေါင်စသည်တို့တွင် အမှတ်မဲ့သောအရပ်၌ ကောင်းမှု လိုကုန်သောသူတို့သည် ထားအပ်သော ဘောဇဉ်ငါးပါးသည် အာဝသထေ ပညတ္တော ပိဏ္ဍော အာဝသထပိဏ္ဍော–ဟူသော မဇ္ဈေလောပ သတ္တမီတပ္ပုရိသ်သမာသ်ကြောင့် အာဝသထပိဏ္ဍမည်၏။

ကောဒိဝသမေဝ ဘုဥ္ဇိတဗ္ဗောဒ္ဓ တစ်နေ့သာလျှင် အပ်၏ဟူသော်လည်း တစ်နေ့၌တစ်ထပ်သာလျှင် စားအပ်၏ဟုယူ။ အထပ်ထပ်စားအပ်၏ဟုမယူလင့်။ ထို့ကြောင့် အနာပတ္တိဝါရ၌ ယော စ သကိံ ဝါ ဘုဥ္ဇ တိဟု မိန့်လတ္တံ့။ (၁)

၂၅၁။ **ဂဏဘောဇနေတိ ဂဏဿ** ။ ပ ။ ပဋိဂ္ဂဟဏမေဝဟောတ္တ ပမာဏံ၌ အဓိပ္ပာယ်ကား တစ်စုံတစ်ယောက်သော မလိမ်မာသောဒကာသည် လေးယောက်သော ရဟန်းတို့အားလည်းကောင်း၊ ထိုထက်အလွန်အများဖြစ်သော ရဟန်းတို့အားလည်းကောင်း၊ တစ်ပေါင်းတည်း နေသည်ကိုလည်းကောင်း၊ အသီးသီးနေသည်ကိုလည်းကောင်း၊ ကပ်လေ၍ ထမင်းမုန့်လုံးမုယောမုန့် ငါးအမဲဟု ဆိုအပ်ကုန်သော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါး၏ အမည်ကိုယူ၍ ဩဒနေနနိမန္တေမိဟူ၍ လည်းကောင်း။

ထိုအနက်ကိုဟောသော ဘတ္တေနနိမန္တေဟူသော ပရိယာယ်သဒ္ဒါဖြင့်လည်းကောင်း မာဂဓဘာသာ မှတစ်ပါးသော တစ်စုံတစ်ခုသော ဘာသာဖြင့်လည်းကောင်းဖိတ်၏။ ထိုရဟန်းတို့သည် အသီးသီးသွား သည်မှုလည်းဖြစ်စေ၊ တစ်ပြိုင်နက်သွားသည်မှုလည်းဖြစ်စေ၊ အသီးအသီးစားသည်မှုလည်းဖြစ်စေ၊ တစ် ပေါင်းတည်းစားသည်မှုလည်းဖြစ်စေ၊ ခံသောကာလ၌ တစ်ပြိုင်နက် ခံကုန်အံ့။ ဂဏဘောဇဉ်ဖြစ်၏။ ဖိတ် ခြင်း၊ သွားခြင်း၊ စားခြင်းသည် အကြောင်းမဟုတ်၊ ခံခြင်းသည်သာလျှင် အကြောင်းဟူလို။

၂၅၂။ **ယေ စ ဒွေ တယော ကေတော ဂဏှန္တိ** ။ လ ။ ၌ ဋီကာဆရာသည် ပဏီတဘောဇန သူပေါဒနဝိညတ္တိ ဟိ ပန အာပတ္တိယေဝါတိ ဝဒန္တိ ဥပပရိက္ခိတဗ္ဗံဟုမိန့်၏။ ကြပ်ကြပ်ဆုံးဖြတ်တော်မမူ။ ထိုသို့ မဆုံးဖြတ်သော်လည်း ဝိညတ်ပြု၍ရသော ဂဏဘောဇဉ်ကိုရည်မှုကား ထိုဆရာတို့စကားသည် အတိ ယုတ္တဖြစ်ပေသည်သာတည်း။ ။ (၂)

၂၅၃။ **ပရမ္ပရဘောဇနေတိ** ။ လ ။ **(ကင်္ခါ၄ စာ–၂၁၇)**အဓိပ္ပာယ်ကား ရဟန်းသို့ကပ်၍ အရှင်ဘုရားတို့အား ထမင်းဖြင့်ဖိတ်၏။ ထမင်းကိုခံကုန်လောဟု တစ်စုံတစ်ခုသောသဒ္ဒါဖြင့်လည်းကောင်း၊ ဘာသာတစ်ပါးဖြင့် လည်းကောင်း ဖိတ်အံ့။ ဤသို့ ငါးပါးသောဘောဇဉ်တို့ဖြင့် ဖိတ်ကုန်သော သူတို့တွင် အကြင်အကြင် ဒါယကာသည် ရှေးဦးဖိတ်၏။ ထိုရှေးဦးစွာဖိတ်သော ဒါယကာ၏ ဘောဇဉ်မှ ကျိတကျူအားဖြင့်လည်းကောင်း (ကျိတကျူဟူသည် အစဉ်မဟုတ်ဟူလို) ရှေးဦးဖိတ်အပ်သောရဟန်းသောဆွမ်းကို သူတစ်ပါးအား အထက်၌ ဆိုလတ္တံ့သောနည်းဖြင့် ဝိကပ္ပနာမပြုမူ၍ နောက်နောက်၌ ဖိတ်သောဒါယကာ၏ ဆွမ်းကိုဘုဉ်းပေးခြင်းသည် ပရမ္ပရဘောဇဉ်မည်၏ဟူလို။

နိမန္တိယမာနော ဝါ ''ဘိက္ခံ ဂဟေဿာမီ''တိ ဝဒတိ၏**(ကင်္ခါ၄ စာ–၂၁၈)**အဓိပ္ပာယ်ကား ထမင်းခံပါဟု အကပ္ပိယ ဝေါဟာရဖြင့် ဖိတ်အပ်သောရဟန်းသည် ဒါယကာ ထမင်းကို ငါတို့အလိုမရှိ၊ ဆွမ်းကိုသာလျှင် ခံကုန်အံ့ ဟုဆို၏။ ဒါယကာလည်း အရှင်ဘုရားဆွမ်းကိုသာလျှင် လှူပါအံ့၊ ခံတော်မူကုန် ပါလောဟု ကပ္ပိယဝေါဟာရဖြင့် တစ်ဖန် ဖိတ်ပြန်သည်ရှိသော် ကျိတကျူအားဖြင့် ဘုန်းပေးသော်လည်း ပရမ္ပရဘောဇနမဖြစ်ရကား အာပတ်မသင့်ဟူလို။ (၃)

၂၅၄။ အာသန် ပညာယတိဟူသောပါဠိဖြင့် ဘောဇဉ် ''၅'' ပါးကို ဘုဉ်းပေး၍ မပြီးမိမြစ်မိ သော ရဟန်းကိုကား ပဝါရိတောဟုမိန့်အပ်၏။ ထိုသို့လျက် ဘုတ္တာဝီဟုအတိတ်ကာလဖြင့် ဟောတော် မူသည်ကား ထိုဆွမ်းစားဆဲသောရဟန်းသည် တစ်စုံတစ်ခုသော ဘောဇဉ်ကိုမျိုမိလေ၏။ ထိုမျိုလေသော ဘောဇဉ်ကိုသာ ရည်၍မိန့်သည်။ ထိုဘုတ္တာဝီသဒ္ဒါဖြင့် အသီးတစ်စုံတစ်ခုသော အကျိုးပြီးခြင်းကိုမမြင်၊ ထိုသို့ မမြင်သော်လည်း ''ဒိရတ္တတိရတ္တံ ဆပ္ပဉ္စဝါစာဟိ ဒွတ္တိပတ္တပူရာ–စသောပုဒ်တို့၌ ဒိရတ္တသဒ္ဒါ ပဉ္စသဒ္ဒါတို့ကို အနက်အထူးမရှိသော်လည်း ဝါစာသိလိဋ္ဌအလို့ငှာ ဟောတော်မူလေသကဲ့သို့ ပဝါရိတောဟူသောပုဒ်၏ အခြံအရံအလို့ငှာလည်းကောင်း၊ သဒ္ဒါပြေပြစ်စေခြင်းငှာလည်းကောင်း ဟောတော်မူသည်ဟူလို။ **(ကင်္ခါ၊ စာ–၂၁၉)**

၂၅၆။ **မစ္ဆမံသကုမ္ဘီ ဝါ နာဂ ဝါ ပက္ခိတ္တ ဟောတိ၊ ပဝိရေထ ဓနေတိ (ကစ်ါ၄ စာ–၂၂၀)**၌ ကုမ္ဘံ ဂဏှထာတိ ဝုတ္တတ္တာဟု ဟိတ်ခတ်။ အဓိပ္ပာယ်ကား ကုမ္ဘံ ဂဏှထဟု အလုံးစုံနှင့် ဆက်ဆံသော အမည်ဖြင့် ဆိုရကား ဤယာဂု၌လည်း ပဝိရဏာလောက်သော ငါးအမဲတုံးသည်ပါသောကြောင့် ထိုကိုမြစ်မိသော် ပဝါရိတ် သင့်သည်။

ထိုသို့မဟုတ်မူ၍ ယာဂုကိုခံကုန်လောဟုဆိုသည်ကို ပယ်သည်ရှိသော် ပဝါရိတ်သင့်၏ဟူသော အနက်ကိုယူသည်ရှိသော် နောက်၌ ဓကော သမံသကံ ရသံ အဘိဟရိတွာ ရသံ ဂဏှထာတိ ဝဒတိ၊ တံ သုတွာ ပဋိက္ခိပတော ပဝါရဏာ နတ္ထိဟူသောပါဠိ **(၄၊ စာ–၉၃)** ကသ္မာ အပဝါရဏာရဟာသ နာမေန ဝုတ္တတ္တာ **(စာ–၉၄)** ဟူသော ဟိတ်ပါဠိတို့နှင့် ငြင်းဆန့်ကျင်ရာ၏။ ထို့ကြောင့် ပါဠိ၌လည်း ကုမ္ဘံ ဂဏှထဟု ဖိတ်သည်ကိုသာရည်၍ န ပဝါရေတိမိန့်အပ်၏ဟုယူ။ အမှာကံ ခန္တီ။

၂၅၇။ **ယော ပန အကပ္ပိယမံသံ** ॥ ပ ॥ န ပဝါရေတိ ၌ အဓိပ္ပာယ်ကား အပ်မအပ်သော ဘောဇဉ် ကိုစားဆဲသော ရဟန်းသည် မအပ်သောသား ''၁၀''ပါးတို့၏ အသားစသည်ကိုလည်းကောင်း၊ ပုပ္ဖဒါန ဖလဒါနစသော ကုလဒူသကအမှုဆေးကုခြင်း ဥတ္တရိမနုဿဓမ္မကိုကြားခြင်း ရွှေငွေခံခြင်းစသည်တို့ ကြောင့်ဖြစ်သော မအပ်သောဘောဇဉ်ကိုလည်းကောင်း၊ ပယ်သော်လည်း ပဝါရိတ်မသင့်၊ အဘယ်ကြောင့် နည်းဟူမူကား ထိုသား ''၁၀'' ပါးစသည်တို့သည် ပဋိက္ခိပိတဗ္ဗဝတ္ထုဖြစ်သောကြောင့်တည်း၊ စားရာ၌ ကား အပ်သည်မူလည်းဖြစ်စေ၊ မအပ်သည်မူလည်းဖြစ်စေ၊ ထိုဝတ္ထုသည် ဘောဇဉ်၏အဖြစ်ကို မစွန့်သော ကြောင့်တည်း ဟူလို။ **(ကစ်ါ–စာ–၂၂၁)**

၂၅၈။ **ဓကော သမံသကံ** ॥ ပ ॥ ပဝါရဏာ ဟောတိ ॥ **(ကစ်ါ၄ စာ–၂၂၂)**၌ အဓိပ္ပာယ်ကား မံသရသံဟူသော ပါဠိ၌ စင်စစ်သဖြင့် မံသဿ ရသံ မံသရသံဟူသော ဆဋ္ဌီတပ္ပုရိသ်ကိုပြု၍ အသား၏ အရေဟူသော အနက်ကိုသာ သိအပ်သည်မဟုတ်။ စင်စစ်အားဖြင့်ကား မံသဉ္စ ရသဉ္စ မံသရသံဟူသော ဒွန္ဒသမာသ်ကိုပြု၍ အသားဟူသောအနက် အရည်ဟူသောအနက်ကိုလည်း သိအပ်၏။ ထို့ကြောင့် ထိုသို့ မံသရသံ ဂဏှထဟု ဖိတ်သည်ကိုပယ်သော ရဟန်းအား ပဝါရိတ်လောက်သော ဝတ္ထုမည်ခဲ့ရကား ပဝါရိတ်သင့်၏ဟူလို။

အထက် ကုမ္ဘံ ဂဏှထာတိ ဝုတ္တေပိ ပဝါရိတော ဟောတိယေဝ၌လည်း ကုမ္ဘံဟု သာမညအားဖြင့် ဝတ္ထုကိုသုံးသပ်ရကား ယသ္မာ ယေန ပုစ္ဆတိ၊ တဿ အတ္ထိတာယ ဟူသောသမန္တပါသာဒိကအဋ္ဌကထာနှင့် အညီ၊ ပဝါရိတ်လောက်သော ဝတ္ထုဖြင့်ပင်မေးသည်မည်သောကြောင့် ပဝါရိတ်ဖြစ်သတည်း။ နော တက္ကော။

ရွှေဥမင်ဆရာကား ကရမ္ဘကကိုဆုံးဖြတ်ရာ၌ ကုမ္ဘံ ဂဏှထာတိ ဝါ ဝုတ္တေ ပန ပဝါရိတော ဟောတိ ဟူသော ပါဠိ၏ အဓိပ္ပာယ်ကိုဆိုရာ၌ သည်ကိုခံပါဟူ၍ သားပြွမ်းကို အမြင်ပင်လှူသောကြောင့် ပဝါရိတ် သင့်သည် ဟုမိန့်၏။ ထိုသို့မိန့်ခြင်းသည် မမြင်ရအောင်ဖုံးအုပ်၍ လှူသည်ရှိသော် ပဝါရိတ်မသင့်ဟူသော စကားသည်ကျ၏။ ထိုစကားကို သစေ သာသပမတ္တံပိ ခဏ္ဍံ အတ္ထိ၊ ပဋိက္ခေပတော ပဝါရဏာ ဟောတိ ဟူသောပါဠိကြောင့်လည်းကောင်း၊ ဤသိက္ခာပုဒ်သည် အစိတ္တကသိက္ခာပုဒ်ဖြစ်သောကြောင့်လည်းကောင်း၊ ဆင်ခြင်အပ်၏။

ဂမနာဒီသု ပန ॥ ပ ॥ ဘုဥ္ဇိတဗ္ဗံ **(ကစ်ါ၄ စာ–၂၂၂)**၌ အဓိပ္ပာယ်ကား သွားခြင်း ဣရိယာပုထ်ဖြင့် မြစ်မိအံ့၊ ထို သွားခြင်းဣရိယာပုထ်၏ မပျက်စေဘဲသာလျှင် ဘုဉ်းပေးအပ်၏။ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျှောင်းခြင်း

တ္တရိယာပုထ်ကိုပြုသည်ရှိသော် အတိရိတ်ဝိနည်းကံပြု၍ ဘုဉ်းပေးအပ်၏ဟူလို။ ကြွင်းသော တ္တရိယာပုထ်၌လည်း ဤနည်းတူသိ။ ။

အနတိရိတ္တသည် ပုဂ္ဂလာနတိရိတ္တ ဂိလာနာနတိရိတ္တအားဖြင့် နှစ်ပါးအပြားရှိ၏ဟုပြလိုသော အဋ္ဌကထာဆရာသည် တံ ပန စသည်ကိုမိန့်။

တံ ပန ။ ပ ။ **ဇော်** အကပ္ပိယံ နာမ ။ ရှေးနည်းအလိုကား ကပ္ပိယံ ကတံ ကပ္ပိယံ–ဟု ကတတဒ္ဓိတ်ပြုပြီးမှ န ကပ္ပိယံ အကပ္ပိယံ ဥဘောတပ္ပုရိသ်ပြု အဂ္ဂိပရိဇိတ၊ သတ္ထပရိဇိတ၊ နခပရိဇိတ၊ အဗီဇ၊ နိဗ္ဗတ္တဗီဇတည်းဟူသော ငါးပါးကုန်သော သမဏကပ္ပိယတို့ဖြင့် ကပ္ပိခြင်းကိုမပြုသော သစ်သီးသစ်ဖု သစ်မြစ်စသော ခါဒနီယဝတ္ထုရစေ။

နောက်နည်း အလိုကား န ကပ္ပိယံ အကပ္ပိယံ–ဟု ဥဘောတပ္ပုရိသ်လည်းကောင်းပြု၍ မအပ်သော သား ''၁၀''ပါးတို့၏ အသား၊ ရည်၍ပြုသောအသား၊ ကုလဒူသက အနေသနစသည်တို့ကြောင့်ဖြစ်သော ဘောဇဉ်ငါးပါးရစေ။

အထက် အကပ္ပိယကတကိုကား ။ အကပ္ပိယံ ကတံ အကပ္ပိယကတံ–ဟုသာ ဒုတိယာတပ္ပုရိသ် ပြု၍ ကပ္ပိခြင်း ''၅'' ပါးကို မပြုသော သစ်သီးစသော အကပ္ပိယဝတ္ထုကိုလည်းကောင်း၊ သားဆယ်ပါးတို့၏ အသား၊ ရည်၍သတ်သောအသား၊ ကုလဒူသကစသည်တို့ကြောင့်ဖြစ်သော ဘောဇဉ်ဟုဆိုအပ်သော အကပ္ပိယဝတ္ထုကိုလည်းကောင်း။

အလမေတံ သဗ္ဗံဟု အတိရိတ်ဝိနည်းကံ ပြုသော်လည်းပြုသည်မမည်ဟုအဓိပ္ပာယ်ဆို၊ အချို့သောဆရာတို့ကား သပိတ်၌ရှိသော ဧရာတ်မှည့် ပိတ်ချင်းသီးမှည့်စသည်ကိုလည်းကောင်း၊ ချင်သီး ကြက်သွန်စသော မြစ်ဖုမြစ်ရင်းကိုလည်းကောင်း၊ ငါးပါးကုန်သော ကပ္ပိခြင်းတို့ဖြင့် ကပ္ပိသည်ကို မပြုသည်ကား အကပ္ပိယကတမည်၏ဟု အဓိပ္ပာယ်ဆိုကုန်၍ န ကပ္ပိယကတံ အကပ္ပိယကတံဟု မိဿကတပ္ပုရိသ်ကိုလည်း ပြုကုန်၏။

ထိုသို့ပြုခဲ့သော် ကပ္ပိယကတ၌လည်း ကပ္ပိယံ ကတံ ကပ္ပိယကတံပြု၍ ငါးပါးကုန်သော သမဏကပ္ပိယတို့ဖြင့် ကပ္ပိခြင်းကိုပြုကာမျှဖြင့် အတိရိတ်ဝိနည်းကံပြုဆဲသော်လည်း ဘုဉ်းပေးကောင်း၏ဟူသော အနက်သည်ကျ၏။ ထိုသို့သော အဆုံးအဖြတ်သည် ဤပါဠိအဋ္ဌကထာဋီကာတို့၌မလာ၊ ထို့ကြောင့် ထိုဆရာတို့ ဝါဒမျှသာ မယုံကြည်အပ်ကုန်။

၂၅၉။ **အဘုတ္တာဝိနာ ကတန္တိ** ။ ပ ။ အဘုတ္တေန ကတံ**(ကခါ၄ စာ–၂၂၃)**၌ အဓိပ္ပာယ်ကား ဆွမ်းစားစဉ်မြစ်မိ၍ ပဝါရိတ်သင့်သော ရဟန်းသည် နေရာမှထပြီး၍ တစ်ဖန်ဘုဉ်းပေးလိုသော် အောက်၌ ဆိုအပ်ပြီးသောနည်းမှ ပြန်သောအားဖြင့် ကပ္ပိယဝတ္ထုဖြစ်သော ဆွမ်းခဲဖွယ်စားဖွယ်ကိုဆောင်ခဲ၍ ''အတိရိတ္တံ ကရောထ ဘန္တေ ဟူ၍ သပိတ်စသည်ကို စောင်း၍သော်လည်းကောင်း ချီ၍သော်လည်းကောင်း၊ ရွတ်သည်ရှိသော် ဝိနည်းမိုရ်သည် ဘောဇဉ် ''၅''ပါးတို့တွင် ပဝါရိတ်လောက်သော တစ်ပါးပါးသော ဘောဇဉ်ကို မစားဦးဘဲ အယုတ်သဖြင့် အခြားမဲ့၌နေသော ရဟန်းတစ်ယောက်၏ သပိတ်မှထမင်းတစ်လုံးကိုသော်လည်း မစားဦးဘဲ ''အလမေတံ သဗ္ဗံဟုရွတ်၍ အတိရိတ်ဝိနည်းကံပြုသော်လည်း ပြုသည်မမည်ဟူလို။

အလမေတံ သဗ္ဗန္တိ အဝုတ္တန္တိ ။ ပ ။ ဟောတိ။ အဓိပ္ပာယ်ကား အောက်၌ဆိုသောနည်းဖြင့် ပဝါရိတ်သင့်သော ရဟန်းဝိနည်းကံပြုစေခြင်းငှာလာလတ်သော် ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် အလမေတံ သဗ္ဗံဟု ဝစီဘေဒကိုပြုသော်သာလျှင် ဝိနည်းကံပြုသည်မည်၏။ ဝစီဘေဒကို မပြုသည်ရှိသော် ပြုသည်မမည်ဟူလို။

ဤအဘုတ္တာဝိနာစသော သုံးပုဒ်တို့၌ ရွှေဥမင်ဆရာတော်ကား ဝိနယဓရပုဂ္ဂိုလ်မယူမူ၍ ပဝါရိတ်သင့် သော ဝိနယကမ္မကာရာပကရဟန်းဟူ၍ မှာခြင်းသည် သတိတော်ချွတ်လေသည် မသင့်ဖြစ်နေသည်။

အဝိစေတ္တ ။ ပ ။ ကာတုံ န ဝဋ္ဋတိ၌ အဓိပ္ပာယ်ကား အကယ်၍ အလမေတံ သဗ္ဗံဟု ဝိနည်းမိုရ် ပုဂ္ဂိုလ်သည် အတိရိတ်ဝိနည်းကံကိုပြုပြီးသော် ထိုရှေးဦးပြုပြီးသောခွက်၌ ဆွမ်းဘုဉ်းပေးစဉ် တစ်ပါးသော အာမိသကို လောင်းလာပြန်အံ့။ ထို့နောက် လောင်းသောအာမိသကို ရှေးဦးဝိနည်းကံပြုသော ရဟန်းသည် ယံ အကတံ တံ ကာတဗ္ဗံဟုမိန့်ရကား ရှေးဝိနည်းကံပြုပြီးသော ဘောဇဉ်နှင့်ရောသောကြောင့် တဘန် မပြုရပြီ ဟူလို။ ယေန အကတံ၊ တေန ကာတဗ္ဗံ-ဟူရကား အတိရိက်ဝိနည်းကံ မပြုသေးသော တစ်ပါး သောရဟန်းကား ပြုအပ်၏။

အညသ္မိံ ပန ဘာဇနေ ။ ပ ။ သုဒ္ဓံ ကတ္တာ ဘုဉ္ဇိတဗ္ဗံ။ ဤကား ပဝါရိတ်သင့်သော ရဟန်းကို ရည်၍မိန့်သည်။ ပဝါရိတ်မသင့်သော ရဟန်းတို့အားကား အတိရိတ်ဝိနည်းကံမပြုသော ဘောဇဉ်နှင့်ရော သော် ယထာသုခဘုဉ်းပေး အပ်ကောင်းပါ၏။

၂၆၀။ **ယာမကာလိကာဒီနိ** ။ ပ ။ ဒုက္ကဋံ-၌ နိရာမိသာနိဟူသော ပါဠ်၏သာမျတ္တဖြင့် ယာမ ကာလိကစသော သုံးပါးကုန်သောကာလိကတို့သည် အကယ်၍ အာမိသနှင့်ရောကုန်သည်ဖြစ်အံ့၊ အာဟာရ အလို့ငှာလည်းကောင်း၊ အာဟာရအလို့ငှာမဟုတ်သော ဆေးအလို့ငှာလည်းကောင်း၊ အကပ်ခံ၍မျိုသော ရဟန်းအား မျိုတိုင်းမျိုတိုင်း ပါစိတ်သာလျှင်သင့်၏ဟူပြရ၏။ အကပ်ခံခြင်း၌ကား ဒုက္ကဋ်သာတည်း။

ပဝါရိတ်သင့်လျက် ဘုဉ်းပေးခြင်းသည် ကိရိယ၊ အတိရိတ်ဝိနည်းကံကို မပြုစေသည်ကား အကိရိယ တည်း။ (၅)

၂၆၁။ သတိ ပစ္စယေ ပရိဘုဥ္ဇန္တဿ၌ သတိပစ္စယေဟူသည်ကား ယာမကာလိကကိုမှတ်သိပ် ဆာလောင်ခြင်းတည်းဟူသော အကြောင်းရှိသော် ထိုမှတ်သိပ်ဆာလောင်ခြင်းကို ဖျောက်ခြင်းငှာ သုံးဆောင် အပ်၏။ သတ္တာဟကာလိက ယာဝဇီဝိကကိုကား ထိုထိုသို့သောဆေးဖြင့် ငြိမ်းစေအပ်သော အနာရှိသော် ထိုထိုသို့သော အနာကိုငြိမ်းစေခြင်းငှာ သုံးဆောင်အပ်ပါ၏။ အာပတ်မသင့်ဟူလို။ (၇)

၂၆၂။ **ပဋိဂ္ဂဟေတွာ** ။ ပ ။ ပုနဒိဝသေ ဘုဥ္ဇန္တဿ ပါစိတ္တိယံ၌ အဓိပ္ပာယ်ကား အကပ်ခံခြင်း မစွန့်မူ၍ မိမိလည်းကောင်း၊ သူတစ်ပါးလည်းကောင်း၊ ဘောဇဉ်ကိုထုတ်၍ ကောင်းစွာမဆေးအပ်သော ထိုသပိတ်၌လည်း အကပ်ခံခြင်း၊ မိုးသောက်သောနေ့၌ ဘုဉ်းပေးသောရဟန်းအား သပိတ်၌ငြိသောအစေး သည်မစွန့်သော အကပ်ခံခြင်းရှိသောကြောင့် ပါစိတ်သင့်၏ဟူလို။

အကပ်ခံခြင်းကိုစွန့်သော သပိတ်၌ကား မိုးသောက်သောနေ့၌ သုံးဆောင်သောရဟန်းအား ပါစိတ် မသင့်ဟူ၏။ ဋီကာ၊ ထို့ကြောင့် ဤဘောဇဉ်ကို ငါမသုံးဆောင်ပြီဟု ငဲ့ကွက်ခြင်းမရှိစွန့်သော်လည်းကောင်း၊ သာမဏေတို့အားပေးသော်လည်းကောင်း၊ ထိုဘောဇဉ်ကို ထိုသာမဏေတို့ကို တောင်း၍သော်လည်းကောင်း၊ ထိုသာမဏေတို့နှင့် အကျွမ်းဝင်သဖြင့် အကပ်ခံပြန်၍သော်လည်းကောင်း ဒုတိယဒိဝသဟု ဆိုအပ်သော အကပ်ခံ၍ မိုးသောက်သောနေ့၌ ဘုဉ်းပေးသောရဟန်းအား အာပတ်မသင့်ဟုသိရ၏။ အကျယ်ကိုအလို ရှိမူကား အထက် သယံ ပဋိဂ္ဂဟေတွာ အပရိစ္စတ္တမေဝ ဟိ စသော အဋ္ဌကထာ၏အဖွင့်ဖြစ်သော ဤဋီကာ သာရတ္ထတို့မှာယူ။

သေသေသုပန ဒုက္ကဋေန သဒ္ဓိံ ။ ။ သေသေသူတိ မနုဿမံသတော အဝသေသေသု ဟတ္ထိ အဿသုနခအဟိသီဟဗျဂ္ဃဒီပိအစ္ဆတရစ္ဆမံသေသုစေဝ အပ္ပဋိဝေက္ခိတေ ဥဒ္ဒိဿကတမံသေစ။ **(ကင်္ခါဋီကာ**

တ–၃၈၉)။ ကုလဒူသက အနေသနစသည်တို့ကြောင့် ဖြစ်သောဘောဇဉ်၌လည်း ဒုက္ကဋ်နှင့်တကွသော ပါစိတ်သည် ဖြစ်ကောင်း၏၊ အဋ္ဌကထာ၊ ဋီကာစသည်တို့၌ မမိန့်ကုန်။

ယာမကာလိကံ သတိ ပစ္စယေ ။ ပ ။ ပါစိတ္တိယံ ဝဇ္ဇတိ **(ကခါဋ္ဌ တ–၂၂၆)**၌ အဓိပ္ပာယ်ကား ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံမပြုအပ်သော သိုမီး၍ထားသော ကပ္ပိယဘောဇဉ်ကို ဘုဉ်းပေးသည်ရှိသော် အနတိရိတ္တကြောင့် ပါစိတ်တစ်ချက်။ သန္နိဓိပစ္စယကြောင့် ပါစိတ်တစ်ချက်ဟု ဝတ္ထုတစ်ပါးတည်း၌ ပါစိတ် ၂ ချက်သင့်၏။

မအပ်သောအသားတို့တွင် လူသား၌ ထုလ္လစ္စဉ်းနှင့်တကွ အနတိရိတ္တကြောင့် ပါစိတ်တစ်ချက်၊ သန္နိဓိပစ္စယကြောင့် ပါစိတ်တစ်ချက်ဟု ဝတ္ထုတစ်ပါးတည်း၌ အာပတ် ''၃'' ချက်သင့်၏။

ကြွင်းသောအသားတို့၌ကား ဒုက္ကဋ်နှင့်တကွ ဆိုအပ်ပြီးသောနည်းဖြင့် ပါစိတ် ''၂''ချက်သင့်၏။ ယာမကာလိကကို အကြောင်းရှိသော် အာမိသနှင့်မျိုသောရဟန်းအား သန္နိဓိပစ္စယ အနတိရိတ္တပစ္စယကြောင့် ပါစိတ် ''၂''ချက်သင့်၏။ အာဟာရအလို့ငှာ အာမိသနှင့်တကွမျိုသော်ကား ဒုက္ကဋ်နှင့်တကွ ပါစိတ်''၂'' ချက်။ နိရာမိသနှင့်မျိုသည်ရှိသော်ကားနှစ်ပါးစုံ၌ အနတိရိတ္တ၌ဖြစ်သော ပါစိတ်သည်ယုတ်၏ဟူလို။

သစေ ဝိကာလေ ။ ပ ။ အနာပတ္တိ၌ အဓိပ္ပာယ်ကား ပဝါရိတ်သင့်သော ရဟန်းသည် အောက်၌ ဆိုအပ်ပြီးသောနည်းဖြင့် ကပ္ပိယဘောဇဉ် အကပ္ပိယမံသယာမကာလိကတို့ကို အတိရိတ်ဝိနည်းကံမပြုမူ၍ ဘုဉ်းပေးသော်လည်း နေလွဲပြီးရကား အနတိရိတ္တကြောင့်ဖြစ်သော ပါစိတ်မသင့်ဟူလို။

သမန္တပါသာဒိကအဋ္ဌကထာ၌ကား ''ဤသစေဝိကာလေစသော ပါဋ္ဌ်နှင့်အရတူသော အနတိရိတ္တ ပစ္စယာ ပန ဝိကာလေစသော ပါဋ္ဌ်ကိုပါစိတ်၏အဆုံး၌ ထား၏။ ထိုကိုနိဿယ၌ ယာမကာလိက၌ကား ဝိကာလ၌ ဘုဉ်းပေးကာမျှ၌လည်း အာပတ်မသင့်၊ အကြောင်းရှိက ဘုဉ်းပေးအပ်၏။ သန္နိဓိဖြစ်သော်ကား ပါစိတ်သင့်၏။

ယာမကာလိကသည် ပဝါရိတ်အင်္ဂါမဟုတ်သောကြောင့် အတိရိတ်မပြုသော်လည်း အာပတ်မသင့် ဟု ယာမကာလိကကိုသာ မှာခြင်းသည် သတိချွတ်လေသည်။ ဆင်ခြင်။

၂၆၃။ **သစေ ပန သမ္ဘိန္နရသံ ဝါ** ။ ပ ။ ကပ္ပတိတိ ဝုတ္တံ ။ **(ကခါဋ္ဌ တ–၂၂၆)**အဓိပ္ပာယ်ကား ထိုနေ့အကပ်ခံခြင်း ရှိသော သတ္တာဟကာလိကနှင့်ရောသော ထိုနေ့၌လည်းကောင်း၊ ရှေး၌လည်းကောင်း၊ အကပ်ခံခြင်းရှိသော ယာဝဇီဝိကသည် ခုနစ်ရက်ပတ်လုံးအပ်၏။ နှစ်ရက်အကပ်ခံခြင်းရှိသော သတ္တာ ဟကာလိကနှင့်ရောသော ယာဝဇီဝိကသည်ခြောက်ရက်။ သုံးရက်အကပ်ခံခြင်းရှိသော သတ္တာဟကာလိက နှင့်ရောသော ယာဝဇီဝိကသည် ငါးရက်။

လေးရက်အကပ်ခံခြင်းရှိသော သတ္တာဟကာလိကနှင့်ရောသော ယာဝဇီဝိကသည်လေးရက်။ ငါးရက် အကပ်ခံခြင်းရှိသော သတ္တာဟကာလိကနှင့်ရောသော ယာဝဇီဝိကသည် ၃ရက်။ ခြောက်ရပ်အကပ်ခံခြင်း ရှိသော သတ္တာဟကာလိကနှင့်ရောသော ယာဝဇီဝိကသည် ၂ ရက်။ ခုနစ်ရက် အကပ်ခံခြင်းရှိသော သတ္တာဟကာလိကနှင့်ရောသော ယာဝဇီဝိကသည် ထိုနေ့သာလျှင်အပ်၏။

ထို့ကြောင့်။ သတ္တာဟကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ တဒဟုပဋိဂ္ဂဟိတံ သတ္တာဟံ ကပ္ပတိ ဟု မဟောမူ၍ သတ္တာဟကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ ပဋိဂ္ဂဟိတံ သတ္တာဟံ ကပ္ပတိ၊ သတ္တာဟာ တိက္ကန္တေ န ကပ္ပတိ–ဟု ဘေသဇ္ဇက္ခန္ဓက၌ ဟောတော်မူသည် ။ ဟူလို။ (၈)

၂၆၄။ **ယော အဂိလာနော** ။ ပ ။ ကာရေတဗ္ဗော **(ကခါဋ္ဌ တ–၂၂၈)** ဤသပ္ပိအာဒီနိ၌

အာဒိဝန်ကား နဝနီတ တေလမဓုဖာဏိတ ဤ "၄" ပါးကိုသာယူ။ ။ အဓိပ္ပာယ်ကား မနာသောရဟန်းသည် နာ၏ဟူသော အမှတ်ရှိသဖြင့် ထောပတ်၊ ဆီ၊ ဆီဦး၊ ပျား၊ တင်လဲ၊ ဤ "၅"ပါးကို ဆေးအလို့ငှာတောင်း၍ ဘုဉ်းပေး သည်ရှိသော် အထက်အစေလကဝဂ်၌ သတ္တမသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏ဟူလို။

ဘေသဇ္ဇတ္တာယဟူသော ပါဠိ၏သာမညတ္တဖြင့်ကား ဆေးအလို့ငှာမဟုတ်မူ၍ မိမိသုံးဆောင်လို၍ ဤထော ပတ်စသောဆေး "၅"ပါးကိုတောင်း၍ ဘုဉ်းပေးသောရဟန်းအားကား သူပေါဒနဝိညတ္တိ ဒုက္ကဋ်သင့်၏ဟုပြရ၏။

ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ၌ သုဒ္ဓါနိ သပ္ပိအာဒီနိ ဝိညာပေတွာ ဘုဥ္ဇတော ပါစိတ္တိယံ နာပဇ္ဇတိ၊ သေခိယေသု သူပေါဒနဝိညတ္တိဒုက္ကဋံ အာပဇ္ဇတိ**(ပါစိတ်၄ ဓာ–၁၀၆)**ဟုမိန့်အပ်ပြီ။ ရွှေဥမင်ဆရာ တော်ဘုရားကား သူပေါဒနဝိညတ္တိယံ ဥဘယေသမ္ပိ သေက္ခပဏ္ဏတ္တိဒုက္ကဋမေဝဟူသော ပါဠ်၌ သပ္ပိ၊ နဝနီတ တေလ၊ မဓု၊ ဖာဏိတ၊ မစ္ဆ မသံ ခီရ၊ ဒဓိ ဤကိုးပါးမှကြွင်းသည်ကို တောင်းသည်ကား သူပေါဒနဝိညတ်မည် သတည်းဟု မှာသည်ကား သတိတော် ချွတ်လေသတည်း။

၂၆၅။ **သစေ ပန သပ္ပိနာ ဘတ္တံ ဒေဟိ** ။ ပ ။ ယထာဝတ္ထုကမေဝ ။ အဓိပ္ပာယ်ကား ထောပတ်နှင့် ထမင်းကိုပေးလောဟု တောင်းသည်ရှိသော် ထောပတ်မရှိခဲ့၍ ဆီဦးနို့ရည်နို့ခမ်းတို့ကို ထောပတ်လုပ်၍ ဘုဉ်းပေးလောဟုပေးသော်လည်းကောင်း ဆန်စသော အပ်သောဝတ္ထုကို ဤဝတ္ထုဖြင့် ထောပတ်ဝယ်၍ ဘုန်းပေးသော်လည်းကောင်း ထောပတ်ရသည်မည်ရကား ဝိညတ္တိယာ ဒုက္ကဋံ၊ ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊ အဇ္ဈောဟာရေ ပါစိတ္တိယံ ။ ဟူလို။

တသ္မာ အနာပတ္တိ ။ **(ကင်္ခါ၄ ဓာ–၂၂၈)** ။ အနာပတ္တီတိ ဝိသင်္ကေတတ္တာ သဗ္ဗာဟိယေဝ အာပတ္တီဟိ အနာပတ္တိ၊ "ကိဥ္စာပိ အနာပတ္တိ၊ အတ္တနော ပန ပယောဂေန နိပ္ဖတ္တတ္တာ န ဘုဥ္ဇိတဗ္ဗ"န္တိ ဝဒန္တိ။ **ကင်္ခါဋီကာ ဓာ–၃၉၂**။ (၉)

၂၆၆။ **ကာယေနဝါ** ။ ပ ။ ပဋိဂ္ဂဟိတမေဝ ဟောတိ **(ကင်္ခါ၄ ဓာ–၂၂၉)**၌ အဓိပ္ပာယ်ကား အကပ်ခံခြင်းသည် အင်္ဂါ "၅" ပါးပြည့်စုံမှ မြောက်သတည်း။ ငါးပါးဟူသော်ကား နတ်လူတိရစ္ဆာန်သည် လည်းကောင်း၊ ရဟန်း မိန်းမသော်လည်း ရဟန်းယောကျ်ားအား ရဟန်းယောကျ်ားသော်လည်း ရဟန်း မိန်းမအား ကိုယ်အင်္ဂါဟု ဆိုအပ်သော လက်ခြေနှုတ်သီးစသည်ဖြင့်သော်လည်းကောင်း၊ ကိုယ်နှင့်စပ်သော သပိတ်ခွက် ဟင်းချိုစသည် ဖြင့်လည်းကောင်း၊ လွှတ်လိုက်သောအားဖြင့်လည်းကောင်း ပေးသည်လည်းဖြစ်စေ။ ။ ရှေးရှုဆောင် သည်လည်းဖြစ်စေ။ ။ နှစ်တောင့်ထွာဟုဆိုအပ်သော ဟတ္ထပါသ်တွင်းလည်းဖြစ်စေ၊ ။ အား လျစ်လျူရှိသော ယောကျ်ားသည် ချီနိုင်သောဝတ္ထုလည်းဖြစ်စေ။ ။ ထိုသို့ပေးသည်ကို ရဟန်းသည် ကိုယ်အင်္ဂါဖြင့်သော်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ရွှေကောင်းသော တည်ခြင်းငှာ မထိုက်သော မန်ကျည်း ရွက် ရှိရှားရွက်စသော သိမ်မွေ့သော သစ်ရွက်ကိုထား၍ ထိုသစ်ပင်၌ မတည်သော ပေါက်ရွက်ကြာရွက် စသော သစ်ရွက်ဖြင့်သော်လည်းကောင်း၊ အယုတ်သဖြင့် ညှောင်စောင်းဖြင့်သော်လည်းကောင်း ခံသည်လည်း ဖြစ်စေ ဤအင်္ဂါ "၅" ပါးစုံမှသာလျှင် အကပ်ခံခြင်းမြောက်သည် ဆရာတို့။

သစ်ရွက်စသည်ကို အပ်ဖြင့် တို့ကာမျှသည် ကာယပဋိဗဒ္ဓဖြစ်ခဲ့ရကား တပ္ပဋိဗဒ္ဓေနဝါဟူသော ဆရာစကားနှင့်မဆန့်ကျင်ပြီလောဟု စုဒ်ရှိရကား ပဋိဗဒ္ဓပ္ပဋိဗဒ္ဓံ နာမ ဣဓ နတ္ထိဟု မိန့်သည်။

၂၆၇။ **သစေ ပန** ။ ပ ။ ပရိစ္ဆိန္နံတဗ္ဗံ **(၄ ဓာ–၂၃၀)** ဤ၌ကား ရှေး၌ကဲ့သို့ အကပ်ခံသောသူ၌ ပြင်စွန်းကို မယူမူ၍ ပေးသောသူ ခံသောသူနှစ်ပါးစုံ၌ ပေးခြင်း ခံခြင်းငှာ ဆန့်သောလက်ကိုထား၍ အတွင်းစွန်း ကို ယူသည်လျှင် အထူးတည်း။

တံ အနုပသမ္ပန္နသ ဒတွာ စသော ဤစကားကိုကား ရှေး၌ နှလုံးသွင်းသည်နှင့် လျော်စွာသာ လျှင် မိန့်အပ်၏။ အကြင့်ကြောင့်ကား သာမဏေအားပေးအံ့ဟု နှလုံးသွင်းကာမျှဖြင့် ထိုဆွမ်းသည် ထို သာမဏေ၏ ဥစ္စာမည်သည် မဖြစ်။ ထို့ကြောင့် ပေးခြင်းစသည်ကို မပြုမူ၍ အကပ်ခံ၍ ဘုဉ်းပေးသော်လည်း အပ်သည်သာလျှင်တည်းဟူ၏။

အသုခေဋသိယ်ာဏိကာဒီသု ။ ပ ။ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဤကားရှေး၌ အကပ်မခံသေးသော ဆေးသစ်သီးသစ်ခက်ကိုရည်၍ မိန့်သည်။ ရှေး၌ အကပ်ခံပြီးဖြစ်မူကား တစ်ဖန်အကပ်ခံခြင်းကိစ္စမရှိပြီ၊ ရှေးခံသော အကပ်သည်သာလျှင် အကပ်ခံခြင်းမည်၏။ ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ **(စာ-၁၁၈)** ၌ မာတာပိတူနံ အတ္ထာယ တေလာဒီနိ ဂဟေတွာ ။ ပ ။ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ သစေ ပန မူလေပိ ပဋိဂ္ဂဟိတံ ဟောတိ။ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိဟုမိန့်၏။

ယော ပန တတ္ထဇာတကဖလိနိသာခါယ ဝါ ။ ပ ။ န ဝဋ္ဋတိ **(ကခါ၌ စာ-၂၃၀)** သမန္တပါ သာဒိကအဋ္ဌကထာ **(စာ-၁၁၇)** ၌ကား ဖလရုက္ခံ ပန အပဿယိတုံ ဝါ တတ္ထ ကဏ္ဍကေ ဝါ ဗန္ဓိတုံ ဝဋ္ဋတိ၊ ဒုရူပစိဏ္ဏံ န ဟောတီတိ မဟာပစ္စရိယံ ဝုတ္တံဟုမိန့်၏။ ဤအဋ္ဌကထာနှင့်ဆန့်ကျင်၏။ ကြံကုန်ရာ၏။ ဆရာသမားတို့ကို မေးမြန်းလျှောက်ကုန်ရာ၏။ ဋီကာစသည်တို့၌ မမိန့်ကုန်။

၂၆၉။ ရူမာဒိ အဗ္ဗောဟာရိကာဘာဝေါ်၌ အာဒိဝန်ကား သွားတုံးခြင်း ကျောက်ပျဉ်ကျောက်သား ဆုံကျည်ပွေ့ကုန်ခြင်း ပွန်းခြင်းစသော အာပတ်အင်္ဂါမလောက်သော ဝတ္ထုကိုယူ။ ။ အဓိပ္ပာယ်ကား သပိတ်ဖုတ်သောကာလစသည်တို့၌ အခိုးသည် နားနှာခေါင်းပေါက်မှ ဝင်သော်လည်းကောင်း ခဲဖွယ်စား ဘွယ်ကိုဘုဉ်းပေးသောရဟန်းအား သွားတုန်းခြင်း ဆေးမြစ်စသည်ကို ထောင်းသော်ကြိတ်သော် ဆုံကျည်ပွေ့ တိုခြင်း ကျောက်ပျဉ်ကျောက်သားပွန်းသော်လည်းကောင်း အာပတ်အင်္ဂါမလောက်ဟူလို။

ထိုကို သာရတ္ထ **(စာ-၇၂)** ၌ ဥဒုက္ခလမုသလာနိ ခိယန္တီတိတ္တေ ဥဒုက္ခလမုသလာနံ ခယေန ပိသိတကောဋ္ဋိတဘေသဇ္ဇေသု သစေ အာဂန္တုကဝဏ္ဏော ပညာယတိ၊ နဝဋ္ဋတိဟုမိန့်၏။ ထိုစကားသည် သတ္ထကေန ဥစ္ဆုအာဒီသု ဖာလိတေသု မလံ ပညာယတိ၊ တော် နဝသမုဋ္ဌိတံ နာမ၊ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗံဟူသော အဋ္ဌကထာပါဠ်၌ **(နှာ-၁၁၃)**နှင့်ညီလေစွ။ (၁၀)

၅။ အစေလကဝဂ္ဂ

၂၇၁။ **ဥဘိန္နမ္ပိ ကလိသာသနာရောပနေ ဒုက္ကဋမေဝ** ။ **(ကခါ၌ စာ-၂၃၃)**၌ အမျက်နိုင်ငံသို့ တင်၏ဟူသည်ကား ဤသို့သော မနှစ်လိုဖွယ်သောစကားဖြင့် နိုပ်စက်သည်ဖြစ်၍ ဖဲကြားအံ့လည်းမသိ၊ အမျက်၏အစွမ်းဖြင့် ထိုင်ခြင်းရပ်ခြင်း စသည်တို့၌ အပြစ်ကိုပြ၍ အချင်းတို့ ဤရဟန်း၏ရပ်ခြင်း၊ ထိုင်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်းကို ရှုပါကုန်လော။ သစ်ငုတ်ကဲ့သို့ရပ်၏။ ခွေးကဲ့သို့ထိုင်၏။ မျောက်ကဲ့သို့ ထိုမှဤမှ ကြည့်၏။

ဤသို့ မနှစ်လိုဖွယ်သော စကားကို ဆို၏ဟူလို ။ ။ ကလိသာသနာရောပနေဟူရကား အမျက်နိုင်ငံသို့ မတင်မူ၍ ထိုရဟန်း၏ အမူအရာမကောင်း၍ စင်ကြယ်သော စိတ်ဖြင့်မူကား အာပတ်မသင့်ဟုသိရ၏။ ထို့ကြောင့် **(ကခါဋီကာ စာ-၃၉၈)**၌ သုဒ္ဓစိတ္တေန ပနေဝံ ဘဏနေ ဒေါသော နတ္ထိဟု မိန့်အပ်ပြီ။ (၂)

အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျာတိ ။ ပ ။ အန္တော သယနဿ–ကျယ်သော အိပ်ရာတိုက်၌ တံခါးပေါင်၏ အတွင်းနှစ်တောင့်ထွာကို လွန်၍နေလျှင် အိပ်ရာနှင့်နီး၏ဟူလို။ ပါစိတ်နိဿယ၌ အိပ်ရာတိုက်ကား အိမ်၏အလယ်တွင် ငါးတောင်အခန်းဖွဲ့ရကား တံခါးပေါင်မှ နှစ်တောင့်ထွာကိုလွန်၍နေမှုကား အိပ်ရာနှင့်မဝေးပြီဟု မှာတော်မူသည်ကား ''ခုဒ္ဒကံ နာမ သယနိဃရံ ဝိတ္ထာရတော ပဉ္စဟတ္ထပမာဏံ ဟောတိဟူသော ဋီကာ။ သာရတ္ထပါ၌ **(စာ–ရ၆)**ကို ယောင်မှားလေသည်။ (၃)

၂၇၃။ ဆွမ်းဖိတ်သောဒါယကာအိမ်မှ တစ်ပါးသော ဒါယကာအိမ်သို့ဝင်၍ ထင်ရှားသောရဟန်းကိုမပန်ခြင်းကြောင့်ဖြစ်ရကား ကိရိယာကိရိယဟူပါသည်။ (၆)

တတော စေ ဥတ္တရိ သာဒိယေယျာတိတ္တွေ ။ ပ ။ ဝိညာပေတဗ္ဗာနိတိ **(ကင်္ခါ၌ စာ–၂၃၅)**၌ အဓိပ္ပာယ်ကား လခွဲ တစ်လ နှစ်လ စသည်ဖြင့် ဤမျှသောကာလတို့ပတ်လုံး တောင်းအပ်ကုန်၏ဟု ညဉ့်ဖြင့်ပိုင်းခြား၍ ဖိတ် သည်ကား ရတ္တိပရိစ္ဆေဒဖြင့် ဖိတ်သည်မည်၏။ ထောပတ်ဖြင့်ဖိတ်၏။ ဆီဦး၊ ဆီပျား တင်လဲဖြင့် ဖိတ်၏ဟု နာမအားဖြင့်လည်းကောင်း၊ **ပတ္တဖြင့်ဖိတ်၏။ နာဠိအာဠ္ဟကဒေါဏဖြင့် ဖိတ်၏ဟု ပမာဏအားဖြင့် လည်းကောင်း ဖိတ်သည်ကား** ဘေသဇ္ဇပရိစ္ဆေဒဖြင့် ဖိတ်သည်မည်၏။

အထ တတော ။ ပ ။ ပါစိတ္တိယံ၌ တစ်လသာဖိတ်သည်ကို တစ်လထက်လွန်၍တောင်းခြင်း၊ ပတ္တ စသည်ဖြင့် ဖိတ်သည်ကို နာဠိ အာဠ္ဟက ဒေါဏစသည်ဖြင့် တောင်းခြင်းသည် တတုတ္တရိဝိညာပနမည်၏။ မိဿကဘတ္တဖြင့်သော်လည်း ချမ်းသာလျက်ထောပတ်စသည်ကို တောင်းခြင်းသည် နဘေသဇ္ဇကရဏီယေန ဘေသဇ္ဇဝိညာပနမည်၏။ ။ ထောပတ်ဖြင့် ဖိတ်သည်ကို ဆီဦးစသည်ကိုတောင်းခြင်း၊ ဆီဦး စသည်ဖြင့် ဖိတ်သည်ကို ဆီ ပျား တင်လဲကိုတောင်းခြင်းသည်ကား အညဘေသဇ္ဇကရဏီယေန အညံဘေသဇ္ဇံ ဝိညာပနမည်၏။

၂၇၄။ ဤအနာဏတ္တိကကိုကား သူတစ်ပါးတို့အလို့ငှာ တောင်းစေသည်ကိုသာယူ၊ မိမိအလို့ငှာ တောင်းစေသော်ကား သာဏတ္တိကလည်း ဖြစ်ကောင်း၏။ ထို့ကြောင့်ရကား သမုဋ္ဌာနာဒီနိ သဉ္စရိတ္တသဒိသာနိဟု မိန့်လတ္တံ့။ အမှာကံ ရုစိ။ ဋီကာစသည်တို့၌ မမိန့်ကုန်ရကား ကြံကုန်ရာ၏။

ယေဟိ ဘေသဇ္ဇေဟိ ပဝါရိတော **(ကင်္ခါ၌ စာ–၂၃၆)**စသည်တို့၏အဓိပ္ပာယ်ကား ထောပတ်စသည်ဖြင့် ဖိတ်သော ဒါယကာကို သင်သည် ထောပတ်ဖြင့်ဖိတ်၏။ ငါတို့အားကား ဆီဦးဖြင့် အလိုရှိ၏။ ဆီဖြင့် အလိုရှိ၏။ ဤသို့အစရှိသည်ဖြင့် အလိုရှိတိုင်းကို ကြား၍တောင်းသော်လည်းကောင်း၊ ပတ္တစသည်ဖြင့် ဖိတ်သည်ကို ပတ္တဖြင့်ဖိတ်၏။ ငါတို့အားနာဠိ အာဠ္ဟက ဒေါဏဖြင့် အလိုရှိအပ်၏ဟူ၍လည်းကောင်း။

အကြင် ညဉ့်တို့ပတ်လုံး သင်သည် ဖိတ်၏။ ထိုညဉ့်တို့သည် လွန်ကုန်ပြီ၊ ငါတို့အားကား ဆေးအလိုရှိ၏ဟူ၍လည်းကောင်း။ အကြောင်းနှင့်လျော်စွာ ဟုတ်မှန်တိုင်းကိုကြား၍ တောင်းသောရဟန်းအားလည်း အာပတ်မသင့်ဟူလို။

ထိုသို့ကြား၍ တောင်းခြင်းသည်လည်း ဂိလာနအားသာ အပ်သည်ဟူ၏။ သာရတ္ထ။ ။ နဘေသဇ္ဇကရဏီယေန ဘေသဇ္ဇံ ဝိညာပေတိနှင့် တန်လေစွ။ (၇)

ဂမနေ ဝုတ္တနယေနေဝ**(ကင်္ခါ၌ စာ–၂၃၆)**ဟူသည်ကား ဒွါဒသပုရိသော ဟတ္ထိ၊ တိပုရိသော အဿော၊ စတုပုရိသော ရထော၊ စတ္တာရော ပုရိသာ အာဝုဓဟတ္ထာ ပတ္တီဟု ဟောတော်မူအပ်သော စစ်အင်္ဂါ ''၄''ပါးတို့တွင် တစ်ပါးပါးကို ရှုခြင်းငှာ သွားသောရဟန်းအား ဖဝါးလှမ်းတိုင်းလှမ်းတိုင်း ဒုက္ကဋ်။

ဒသသနူပစာရဋ္ဌရပ်၍ ကြည့် သော်လည်း ဒုက္ကဋ်၊ ထိုဉပစာတို့စွန့်၍ အဖန်တလဲလဲပြောင်းကြည့်သော်လည်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်သာဟူလို။ (၈)

ပဋိသေနာယ ရုဒ္ဓါ သေနာယဉ် ရဟန်းနေလင့်သော ထိုစစ်သည်ကို သူတစ်ပါးစစ်သည်တို့ မထွက် ရအောင်ရံခဲ့သော် သုံးညဥ့်ထက်လွန်နေသော်လည်း အာပတ်မသင့်ဟူလို။ (၉)

သုရာပါန ဝဂ္ဂ

၂၇၆။ ပိဋ္ဌာဒီဟိ၌ အာဒိဝန်ကား ပူဝ၊ ဩဒန၊ ကိဏ္ဏ၊ သမ္ဘာရသံယုတ္တ ဤ "၄"ပါးကိုယူ။ ။ ထိုငါးပါးတို့တွင် မုန့်ညက်ကိုအိုး၌ထည့်၍ ထိုမုန့်ညက်နှင့်တန်ရုံရေထည့်၍ နယ်၍ပြုအပ်သောမဇ္ဇသည် ပိဋ္ဌသုရာမည်၏။ ။ မုန့်လုံးကိုလည်းကောင်း၊ ထမင်းကိုလည်းကောင်း၊ အိုး၌ထည့်၍ ထိုမုန့်ထမင်းနှင့် တန်ရုံသောရေထည့်၍ နယ်၍ပြုအပ်သောမဇ္ဇသည် ပူဝသုရာဩဒနသုရာမည်၏။ ။ တဆေးခတ်၍ ပြုအပ်သောမဇ္ဇသည်ကား ကိဏ္ဏပက္ခိတ္တမည်၏။ ။ သဖန်းခါးသီး၊ မုန်ညှင်းသီးစသော အထူးထူးသော အဆောက်အဦးတို့ဖြင့် ယှဉ်၍ပြုအပ်သောမဇ္ဇသည်ကား သမ္ဘာရသံယုတ္တမည်၏။

ပုပ္ဖာဒိ၌ အာဒိသဒ္ဒါဖြင့် ဖလာသဝ၊ မဓွာသဝ၊ ဂုဠာသဝ၊ သမ္ဘာရသံယုတ္တ ဤ "၄"ပါးကိုယူ။ ။ ထိုငါးပါးတို့တွင် သစ်မည်စည်ပွင့် ထန်းပွင့် အုန်းပွင့်စသည်တို့၏ အရည်ဖြင့်ပြုအပ်သော ကြာမြင့်စွာထုံ အပ်သောအာသဝသည် ပုပ္ဖါသဝမည်၏။ ။ ပိန္နဲသီးစသည်တို့ဖြင့်ပြုအပ်သော အာသဝသည်ဖလာသဝမည် ၏။ မုဒရက်သီး၏အရည်ဖြင့်ပြုအပ်သော အာသဝသည် မဓွာသဝမည်၏။ ။ သမန္တပါသာဒိကအဋ္ဌကထာ၌ ကား မုဒရက်သီးတို့ကိုနယ်၍ ထိုအရည်ဖြင့်ပြုသည်ကား ဖလာသဝမည်၏။

မုဒရက်သီးတို့၏ အလိုလိုဖြစ်သော အရည်ဖြင့်ပြုအပ်သည်ကား မဓွာသဝမည်၏။ ယင်ပျားရည် ဖြင့် ပြုအပ်ကုန်သည်လည်းဟူကုန်၏ဟုမိန့်၏။ ကြံရည်ဖြင့် ပြုအပ်သော အာသဝသည်ကား ဂုဠာသဝ မည်၏။ သျှိသျှား၊ သဖန်းခါးစသော အထူးသောအဆောက်အဦတို့ဖြင့်ပြုအပ်သော ကြာမြင့်စွာထုံအပ်သော အာသဝသည် သမ္ဘာရသံယုတ္တမည်၏။ ။ ဧတ္တ စ သုရာယ မေရယဿစ သမာနေပိ သမ္ဘာရသံယောဂေ မဒ္ဒိတွာ ကတာ သုရာ။ စိရပရိဝါသိတမတ္တေန မေရယန္တိ ဝေဓိမေသံ နာနာကရဏံ ဒဋ္ဌဗ္ဗံ။ **(ကင်္ခါဋီကာ စာ–၄ဝ၂)**။

လောဏသောဝီရကံ ဝါ သုတ္တံ ဝါ ပိဝတော **(ကင်္ခါ၌ စာ–၂၃၈)**၌ လောဏသောဝီရကဆေး သုတ္တမည်သောဆေးကိုကား သိန္ဓော၊ ပျား၊ တင်လဲ၊ ထောပတ်၊ ငါး၊ အမဲ၊ သစ်သီး၊ သစ်မြစ်စသော အထူးထူးသော အဆောက်အဦးတို့ဖြင့် ပြုသည်ဟူ၏။ အကျယ်ကိုကား သမန္တပါသာဒိကအဋ္ဌကထာ၊ သာရတ္ထ ဒီပနီဋီကာ တို့မှယူ။ (၁)

၂၇၇။ ကာယပ္ပဋိဗဒ္ဓါဒီသု၌ အာဒိဝန်ကား ကာယပ္ပဋိဗဒ္ဓေနကာယေ၊ ကာယပဋိဗဒ္ဓေန ကာယ ပဋိဗဒ္ဓေ၊ ကာယပဋိဗဒ္ဓေန နိဿဂ္ဂိယေ၊ နိဿဂ္ဂိယေန ကာယေ၊ နိဿဂ္ဂိယေန ကာယပ္ပဋိဗဒ္ဓေ၊ နိဿဂ္ဂိ ယေန နိဿဂ္ဂိယေ၊ ဤ "၆"ပါးကိုယူ။ ဤခြောက်ပါး၌ ဟသာဓိပ္ပာယဖြင့် ထိုးသည်ရှိသော် ရဟန်း ယောက်ျား ရဟန်းမိန်းမ လူယောက်ျား လူမိန်းမဖြစ်စေ အလုံးစုံ၌ ဒုက္ကဋ်သာဟူလို။

ကာယသံသဂ္ဂါဓိပ္ပာယဖြစ်မူကား ဣတ္ထိယာ ကာယေန ကာယပဋိဗဒ္ဓေန ကာယ၌ကား ထုလ္လစ္စဉ်း၊ ကြွင်းသောလေးပါး၌ ဒုက္ကဋ်၊ ပုရိသ၌ကား ခြောက်ပါးလုံး၌ ဒုက္ကဋ်သာတည်း။ ။ ဋီကာဆရာကား ''ကာယပ္ပဋိဗဒ္ဓါဒိသု သဗ္ဗတ္ထာတိ ကာယေန ကာယပ္ပဋိဗဒ္ဓေ၊ ကာယပ္ပဋိဗဒ္ဓေန ကာယေ၊ ကာယပ္ပဋိဗဒ္ဓေန ကာယပ္ပဋိဗဒ္ဓေ၊ နိဿဂ္ဂိယေန ကာယေ၊ နိဿဂ္ဂိယေန ကာယပ္ပဋိဗဒ္ဓေ၊ နိဿဂ္ဂိယေန နိဿဂ္ဂိယေတိ သဗ္ဗတ္ထ**(ကခ်ါဋီကာ စာ-၄၀၃)**ဟု ဝိသေသနဝိသေသျသွား၏။ ဆင်ခြင်။ (၂)

၂၇၉။ ဤအင်္ဂါပြရာ၌ ဒဿနဝိသယေဟူသောပုဒ်ကို သဝန္နုပစာရ၌ လှံ့လပြုသော်လည်း အာပတ် အင်္ဂါဖြစ်ကောင်းရကား ဥပလက္ခဏာနည်းအားဖြင့် မိန့်လေသည်ဟုကြံ၊ (ဝါ) ဝိရူပေကသေသနည်းသော်လည်း ကြံ။ (၅)

ဝတ်ရုံခြင်းကြောင့်ကားကိရိယ ကပ္ပဗိန္ဒုမထိုးခြင်းကြောင့်ကား အကိရိယဖြစ်ရကား ကိရိယာကိရိယ ဟူပါသည်။ (၈)

၂၈၀။ **စီဝရာနံ** ။ ပ ။ အယမေကာ သမ္ဗုခါဝိကပ္ပနာ ။ **(ကခ်ါ၌ စာ-၂၄၂၊၂၄၃)**၌ သက်န်းလည်း တစ်ထည်သာ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ရှိအံ့၊ ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိဟုပြု၊ သက်န်းလည်း အများ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ရှိအံ့၊ ဣမာနိ စီဝရာနိဟုပြု၊ သက်န်းလည်းတစ်ထည်သာ နှစ်တောင့်ထွာဟုဆိုအပ်သော ဟတ္ထပါသ်တွင်း၌ မရှိအံ့၊ ဧတံ စီဝရံ ဝိကပ္ပေမိဟုပြု။ သက်န်းလည်းအများ နှစ်တောင့်ထွာသော ဟတ္ထပါသ် ပြင်၌ ရှိအံ့ ဧတာနိ စီဝရာနိပြုဟူလို။

၂၈၀-၂။ ပရိဘောဂါဒယောပိ ဝဋ္ဋန္တီ၌ ဝုတ္တာပေက္ခဖြစ်သော ပိသဒ္ဒါဖြင့် နိဓေတုံ ဝဋ္ဋတီဟုပေါင်း။ ဤပရိဘောဂါဒယောပိ ဝဋ္ဋန္တီဟူသောပါဌ်ဖြင့် ပစ္စုဒ္ဓိုရ်ပြုပြီးသောသက်န်းကို အဓိဋ္ဌာန်မတင်မူ၍ သုံးဆောင် သော်လည်း အပ်၏ဟုပြ၏။

အချို့သောဆရာတို့ကား ပရိဘောဂါဒယောပိ ဝဋ္ဋန္တီဟုအဋ္ဌကထာ၌ မိန့်ငြားသော်လည်း အဓိဋ္ဌာန် တင်၍ သုံးဆောင်အပ်၏။ မတင်ဘဲမသုံးဆောင်အပ်ဟု ဆိုကုန်၏။ ထိုစကားကိုမယုံကြည်အပ်၊ အဘယ့် ကြောင့်နည်းဟူမူကား ဤအဋ္ဌကထာ**(ကခ်ါ၌ စာ-၂၄၄)**၌ အထက်အနာပတ္တိဝါရ၌ ပစ္စုဒ္ဓါရဏာသညီသ ပန ဝိဿာသေန ပရိဘုဥ္ဇန္တဿ ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိဟူသော မူလာပတ္တိအန္တရာပတ္တိတည်းဟူသော ခပ်သိမ်းစုံသော အာပတ်တို့ဖြင့် အာပတ်မသင့်သည်ကို ပြရာပြကြောင်းဖြစ်သော ပါဌ်ကြောင့်လည်းကောင်း။

အောက်နိဿဂ္ဂိယအဖွင့် တတိယဝဂ် ပထမသိက္ခာပုဒ် **(ကခ်ါဋီကာ စာ-၃၂၆)**၌ ဣတရေ ပန သတ္တ အဓိဋ္ဌဟိတ္ဝာ ဝါ ဝိကပ္ပေတွာ ဝါ ပရိဘုဥ္ဇိတဗ္ဗာဟူသော ပါဌ်ကြောင့်လည်းကောင်း၊ အနဓိဋ္ဌိတနိဿဋ္ဌံ ကပ္ပေတွာ ပရိဘုဥ္ဇယေ။ ဟတ္ထဒီဃံ တတောပနု-ဝိတ္ထာရဥ္စ ဝိကပ္ပိယံ။ ဟူသော ခုဒ္ဒသိက္ခာပါဌ် **(ဂါထာ-၅၂)**။ ပစ္စုဒ္ဓရဏေ ပစ္စုဒ္ဓရဏာသညီ အနာပတ္တိဟူသော ပဒဘာဇနီပါဠိတော်ပါဌ်ကို ထောက်၍ဆိုသတည်း။ ဟုတ်မူယူကုန်ရာ၏၊ မဟုတ်မူ စွန့်ကုန်ရာ၏ စွန့်လိုငြားသော်လည်း ဤထက်အလွန်သာခက ဉပကကိုဆောင် နိုင်သော ပညာရှိတို့သည်သာ စွန့်ကုန်ရာ၏။ မဆောင်နိုင်သော ပညာရှိတို့သည် မစွန့်ကုန်ရာ။ (၉)

၂၈၃။ ဓမ္မကထံ ကတွာ ဒဿာမီတိ **(ကခ်ါ၌ စာ-၂၄၄)**၌ ဓမ္မကထံ ကတွာဟူသည်ကား ရဟန်းတို့မည်သည်ကား မသိထားသော ပရိက္ခရာရှိသည်ဖြစ်၍ ဖဲခြင်းငှာမအပ်ဟု ဆုံးမလို၍ သိထားသော ရဟန်းအားလည်း အာပတ် မသင့်ဟူလို။ (၁၀)

သပ္ပါဏက ဝဂ္ဂ

၂၈၄။ တိရစ္ဆာနဂတော ပါဏောဟုမိန့်ငြားသော်လည်း န ဘိက္ခဝေ တိရစ္ဆာနဂတော ပါဏော ပဗ္ဗာဇေတဗ္ဗော စသည်တို့၌ကဲ့သို့ နတ်ဘီလူး ပြိတ္တာစသော လူနှင့်တူသော သတ္တဝါကို မယူလင့်။ ထိုနတ်ဘီလူး စသည်တို့သည် ထုလ္လစ္စဉ်းဝတ္ထုဖြစ်သောကြောင့်တည်း။

သာပတ္တိကသာ ဘိက္ခဝေ နိရယံဝါ ဝဒါမိ တိရစ္ဆာနယောနိယံဝါ စသည်တို့၌ကဲ့သို့ ဖီလာသွား တတ်သော တိရစ္ဆာန်ဘုံ၌ဖြစ်တတ်သော သတ္တဝါကိုသာယူ။ ထိုသို့လျက် မူလသိက္ခာဋီကာ၌ 'သက္ကံ ဒေဝ ရာဇာနမ္ပိ မာရေန္တဿ ပါစိတ္တိယန္တိဝစနတော။ ဟူ၍လည်းကောင်း၊ ထွေ စ တိရစ္ဆာနဂတံနာမ ဌပေတွာ မနုဿေ သဗ္ဗေသတ္တာ ဝေဒိတဗ္ဗာဟူ၍လည်းကောင်း၊ မိန့်လေသနည်းဟူငြားအံ့၊ ထိုစကားကိုကား။ မနုဿ ဇာတိကဿ ဒုက္ကဋ္ဋပ္ပတ္တိယံ ထုလ္လစ္စယံ၊ တထာ ယက္ခာဒီနံ မရဏေစသော အဋ္ဌကထာပါဠိတို့နှင့် ဆန့်ကျင်သော ကြောင့် မယူအပ် ယက္ခာဒီနံ၌ အာဒိဝန်ကိုကား ပြိတ္တာလူနှင့်တူသော တိရစ္ဆာန်တို့ကိုယူ။ (၁)

၂၈၅။ ယေန ကေနစိ ဥပါယေန **(ကခ်ါ၌ စာ–၂၄၆)**ဟူသည်ကား ကိုယ်တိုင်သိသည်မူလည်း ဖြစ်စေ၊ သူတစ်ပါး ပြော၍ သိသည်မူလည်းဖြစ်စေ၊ ထိုအာပတ်သင့်သော ရဟန်းပြော၍သိသည်မူလည်းဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းဖြင့်သိလျက် ဖုံးလွှမ်းသောရဟန်းအား ပါစိတ်သင့်၏ဟူလို။

သစေပိ ။ ပ ။ ကောဋိ ဆိန္နာ ဟောတိ။ ဤအလုံးစုံကိုကား မာ ကဿစိ အာရောစေတိ–ဟု ဖုံးလွှမ်းစေခြင်းငှာ ကြားသည်ကိုယူ။ အဓိပ္ပာယ်ကား အာပတ်သင့်သောရဟန်းသည် တစ်စုံတစ်ယောက် သောသူအား မကြားလင့်ဟု ဂရုကအာပတ်ကိုကြား၏။ ထိုဒုတိယရဟန်းလည်း မကြားပြီဟု ဝန်ချပြီးမှ တတိယရဟန်းအား ဖုံးလွှမ်းစေခြင်းငှာ ဤမည်သောရဟန်းသည် ဂရုကအာပတ်သင့်၏။ တစ်စုံတစ်ယောက် အားမကြားလင့်ဟု ကြားပြန်၏။ တတိယရဟန်းလည်း ကောင်းပြီဟုဝန်ခံ၍ တစ်ဖန် ဒုတိယရဟန်းအား ကြားပြန်အံ့။ တတိယရဟန်းတွင်သာ ပဋိစ္ဆာဒနပစ္စယကြောင့် သင့်သောအာပတ်သည်ပြတ်လေ၏။

ဒုတိယရဟန်းအား တစ်ဖန်ဝန်ခံခြင်းကြောင့် အာပတ်မသင့်ပြီ။ အဘယ့်ကြောင့်နည်းဟူမူကား ရှေးဦးကပင်လျှင် ပဋိစ္ဆာဒနပစ္စယအာပတ်သင့်ပြီး ဖြစ်သောကြောင့်တည်းဟူလို။

ပါစိတ်နိဿယ၌ကား တတိယပုဂ္ဂိုလ်ကား အာပတ်မှလွတ်၏။ ဒုတိယပုဂ္ဂိုလ်ကား မလွတ်။ ဝန် ချသော ခဏ၌သင့်၏ဟုမှာတော်မူ၏။ ထိုသို့မှာခြင်းသည် ဤဋီကာ သာရတ္ထဒီပနီ **(စာ–၈၄)**တို့၌။

ကောဋိ ဆိန္နာ ဟောတီတိ ယသ္မာ ပဋိစ္ဆာဒနပစ္စယာ အာပတ္တိ အာပဇ္ဇိတဗ္ဗာဝ ဒုတိယေန တတိ ယဿ အာရောစိတံ၊ တသ္မာ တပ္ပစ္စယာ ပုန တေန အာပဇ္ဇိတဗ္ဗာပတ္တိယာ အဘာဝတော အာပတ္တိယာ ကောဋိ ဆိန္နာ နာမ ဟောတိဟူသော ပါဌ်၏ အဓိပ္ပာယ်ကို အသင့်နှလုံးမသွင်း၍ မှာလေသည်။ ထိုပါဌ်တို့ သည် တတိယရဟန်းအား အာပတ်မသင့်သည်ကိုပြသော ပါဌ်မဟုတ်ကုန်။ ဒုတိယရဟန်းသည် တစ်ဖန် ဝန်ခံပြန်သော်လည်း အာပတ်မသင့်ပြီ။ တတိယ ရဟန်းတွင်သာ ပြတ်လေ၏ဟုပြသော ပါဌ်တို့တည်း။ ထို့ကြောင့်၊ မယူအပ်။

၂၈၆။ အာဒိပဒေ ပါစိတ္တိယံ **(ကခ်ါ၌ စာ–၂၄၆)**၌ အာဒိပဒေဟူသည်ကား ဒုဋ္ဌုလ္လာပတ္တိသညီ ပဋိစ္ဆာဒေတိ ပါစိတ္တိယံ ဟူသောပုဒ်ကိုယူ။ ဤရေသု ဒွီသု ပဒေသုဟူသည်ကား ဒုဋ္ဌုလ္လာယ အာပတ္တိယာ

ဝေမတိကော ပဋိစ္ဆာဒေတိ၊ အာပတ္တိ ဒုက္ကဋဿ။ ဒုဋ္ဌုလ္လာယ အာပတ္တိယာ အဒုဋ္ဌုလ္လာပတ္တိသညီ ပဋိစ္ဆာဒေတိ၊ အာပတ္တိဒုက္ကဋဿ။ ဤနှစ်ပုဒ်ကိုယူ။ (၄)

သစေပန ။ ပ ။ သူပသမ္ပန္နော။ ၌ အဓိပ္ပာယ်ကား ထိုအသက်နှစ်ဆယ်မပြည့်ဘဲ ပဉ္စင်းခံအပ်သောသူသည် ဆယ်ဝါလွန်လျှင် ဥပဇ္ဈာယ်ပြု၍ သူတစ်ပါးကို ပဉ္စင်းခံအံ့။ ထိုသူကိုလွှတ်၍ ပဉ္စဝဂ်ဒသဝဂ်ဟုဆိုအပ်သောဂိုဏ်းသည် ပြည့်သည်ရှိသော် ကောင်းသောခံခြင်းလျှင်ဖြစ်၏။ ထိုသူကိုလွှတ်၍ ဂိုဏ်းပြည့်သာလျှင် ပမာဏဟူလို။ (၅)

၂၈၈။ **ထေယျသတ္ထဘာဝေါ** ။ ပ ။ ဂမနန္တိ(**ကခါ၌ စာ-၂၄၈**)၌ အဓိပ္ပာယ်ကား ခိုးသူကုန်သည်ဟုသိလျက် နှစ်ယောက်ညီညွတ်၍ ကာလကိုမချွတ်ယွင်းစေမူ၍ သွားကာမျှဖြင့် ပါစိတ်မသင့်။ ရွာတစ်ပါး၏ ဥပစာသို့ နှစ်ကြိမ်မြောက်သော ခြေချခြင်း၊ ရွာမရှိသော ခရီးဖြစ်မူ ယူဇနာခွဲကို ဒုတိယခြေလွန်ခြင်း၌သာလျှင် ပါစိတ်သင့်၏ဟူလို။ ထို့ကြောင့် အောက်၌ သံဝိဓာနေ စ ဂမနေ စ ဩဝါဒဝဂ္ဂေ ဝုတ္တနယေန အာပတ္တိဝိနိစ္ဆယော ဝေဒိတဗ္ဗော (**ကခါ၌ စာ-၂၄၈**)ဟု-မိန့်ပြီ။ (၇)

မာတုဂါမေန သဒ္ဓိံ ။ ဤ၌ ကေတောဥပသမ္ပန္နဘိက္ခုနီ သိက္ခမာန် သာမဏေရီတို့ကို သင်္ဂြိုဟ်အပ်၏။ ထိုသို့ သင်္ဂြိုဟ်သော်လည်း ကေတောဥပသမ္ပန္နဘိက္ခုနီ သိက္ခမာန် သာမဏေရီနှင့် ညီညွတ်၍ သွားသည်ရှိသော် သမယ၌ အာပတ်မသင့်။ မာတုဂါမသက်သက်၌ကား အာပတ်သင့်၏။ ဤကား အထူး။ (၇)

ကမ္မကိလေသဝိပါကဉပဝါဒပညတ္တိဝီတိက္ကမနဝသေန ပဉ္စဝိဓ(**ကခါ၌ စာ-၂၄၈**)၌ ပဥ္စာနန္တရိယကံသည် ကမ္မန္တရာယ် မည်၏။ ထို့အတူ ဘိက္ခုနီဒူသကကံသည်လည်း ကမ္မန္တရာယ်မည်၏။ ထိုဘိက္ခုနီဒူသကကံသည်ကား မဂ်ဖိုလ်၏အန္တရာယ်သာလျှင် ဖြစ်၏။ နတ်ရွာ၏ အန္တရာယ်ကားမဖြစ်။

အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိသည်ကား ကိလေသန္တရာယ်မည်၏။ ပဋ္ဋာက် ဥဘတောဗျည်း၊ ဖဆ္ဒ၊ ဖဆ္ဒမိရ၊ ဖဆ္ဒမ္ဗတ္တက၊ တိရစ္ဆာန်တို့၏ အဟိတ်ပဋိသန္ဓေသည် ဝိပါကန္တရာယ်မည်၏။ ။ အရိယူပဝါဒကံသည် ဥပဝါဒန္တရာယ်မည်၏။

ထိုကံသည်လည်း အကြင်မျှလောက် အရိယာတို့ကို မကန်တော့ ထိုမျှလောက် နတ်ရွာမဂ်ဖိုလ်တို့၏ အန္တရာယ်ကိုပြုတတ်၏။ ကန်တော့ပြီးကား မပြုတတ်။ သိလျက် သိက္ခာပုဒ်ကိုလွန်ကျူးသည်ကား ပညတ္တိဝီတိက္ကမန္တရာယ် မည်၏။ ထိုကံသည်လည်း အကြင်မျှလောက် ရဟန်းအဖြစ်ကိုစွန့်ခြင်း၊ ဝုဋ္ဌာနကံပြုခြင်း၊ ဒေသနာကံပြုခြင်းကိုမပြု၊ ထိုမျှလောက်သာလျှင် အန္တရာယ်ကိုပြုတတ်၏။ ပြုပြီးနောက်ကား မပြုတတ်။ (၈)

၂၈၉။ အာမိသသမ္ဘောဂကိုပြု၏ဟူသည်ကား ဥက္ခိတ္တကရဟန်း၏တစ်စုံတစ်ခုသော အာမိသကိုခံခြင်း၊ ထိုဥက္ခိတ္တကရဟန်းအား တစ်စုံတစ်ခုသော အာမိသကို ပေးခြင်းတည်း။ ။ ဓမ္မသမ္ဘောဂကိုပြု၏ဟူသည်ကား ထိုဥက္ခိတ္တကရဟန်းအား ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ ထိုဥက္ခိတ္တကရဟန်းအထံ၌ ပါဠိသင်ခြင်းအဋ္ဌကထာ သင်ခြင်းတည်း။ (၉)

၈။ သဟာဓမ္မိက ဝဂ္ဂ

၂၉၁။ ခုဒ္ဒကဟူသည်ကား သံဃာဒိသေသ်စသည်ကိုယူ။ အနုခုဒ္ဒကဟူသည်ကား ထုလ္လစ္စဥ်းစသည်ကိုယူ။ ပါရာဇိက လေးပါးကိုထား၍ အလုံးစုံသော အာပတ်တို့သည် ပရိယာယ်အားဖြင့် ခုဒ္ဒက အနုခုဒ္ဒကမည်ကုန်၏။

မိလိန္ဒပဉ္ဟာ၌ကား ဒုက္ကဋံ မဟာရာဇ ခုဒ္ဒကံ၊ ဒုဗ္ဘာသိတံ အနုခုဒ္ဒကံဟုမိန့်လေသည်ကား ထိုမင်း၏ ဝါဒကို ပြတ်စေခြင်းငှာ အဆုံးဖြစ်သောအစုကို ယူ၍မိန့်သည်။

ယာဝဒေဝါတိ အတီသယဝဝတ္ထာနံ ။ ပ ။ ဝုတ္တံ ဟောတိ**(ကခါ၌ စာ–၂၅၂)**၊ ရှေးနည်း၌ ယာဝသဒ္ဒါကား ပရိစ္ဆေဒနအနက်ကို နောက်နည်း၌ အတိသယအနက်ကို ဟော၏။ အဓိပ္ပာယ်ကား အကြင်ရဟန်းတို့သည် ထိုသိက္ခာ ပုဒ်တို့ကိုသင်ကုန်၏။ သင်စေကုန်၏။ သရဇ္ဈာယ်ကုန်၏။ ထိုရဟန်းတို့အား အကြင်မျှလောက်အပ်၏လော၊ မအပ်လောဟု ကုက္ကုစ္စ ဝိဟေသာ ဝိစိကိစ္ဆာတို့သည် ဖြစ်ကုန်သည်သာလျှင်တည်း။ ထိုမျှလောက် ထိုရဟန်းတို့အား ကုက္ကုစ္စ ဝိဟေသာ ဝိစိကိစ္ဆာဖြစ်ခြင်းငှာ ထိုသိက္ခာပုဒ်တို့သည် ဖြစ်ကုန်၏။ အကျိုးမရှိဟူလို။ နောက်နည်းအလိုကား ဤသိက္ခာပုဒ်ကိုသင်၏။ ထိုရဟန်းတို့အား ကုက္ကုစ္စ ဝိဟေသာ ဝိစိကိစ္ဆာဖြစ်ခြင်းငှာ အလွန်ဖြစ်ကုန်၏ဟူလို။ (၂)

၂၉၄။ **သစေ ပန** ။ ပ ။ ဒုက္ကဋမေဝ၊ ၌ အဓိပ္ပာယ်ကား ပုတ်ခတ်လို၍ ပုတ်ခတ်မှုကား ရှေးသိက္ခာပုဒ်ဖြင့် ပါစိတ်သင့်၏။ ချီးလိုသည်ဖြစ်၍ သက်သက်ချီးခြင်းကိုသာပြုအံ့။ ဤသိက္ခာပုဒ်ဖြင့် ပါစိတ်သင့်၏။ ဤ၌ချီးခြင်းကိုချွတ်၍ ပုတ်ခတ်ခြင်းကိုပေးမိလေရကား ဥဂ္ဂရဏသည် ဝိရဇ္ဈနဖြစ်၍ ဒုက္ကဋ်သာ ဖြစ်လေသည်ဟူလို (၃)

ဥပသုတိ၏အရကို ပမာဏအားဖြင့် မမိန့်သော်လည်း အောက်ဥယျောဇနသိက္ခာပုဒ်၌ သဝနူပစာရကို "၁၂"တောင်ဖြင့် ပိုင်းခြားရကား "၁၂"တောင်သောအရပ်ကို ဥပသုတိဟုယူ။ (၈)

၂၉၅။ တုရိတဂမနေ**(ကခါ၌ စာ–၂၅၅)**ဖြင့် ရှေးမှသွားသောသူတို့၏ စကားကို နားထောင်ခြင်းငှာ အဆောတလျင် လိုက်သည်ကိုယူ။ ဩဟိယမာနဖြင့် နောက်မှသွားသော ရဟန်းတို့စကားကိုနာခြင်းငှာ နှေးနှေးသွားသည်ကိုယူ၊ ထိုသို့လျင်စွာသွားခြင်း နှေးနှေးသွားခြင်း၌လည်း ဖဝါးလှမ်းတိုင်းလှမ်းတိုင်း ဒုက္ကဋ်သင့်၏ဟူလို။

သွား၍ နားထောင်ခြင်းကြောင့်ဖြစ်သည်ကား ကိရိယတည်း မိမိ၏အနီး၌ တိုင်ပင်လာသည်ကို ချောင်းဟန့်ခြင်းကို မပြုခြင်းကြောင့်လည်းကောင်း၊ ဤ၌ ငါရှိ၏ဟုမဆိုခြင်းကြောင့်လည်းကောင်း ဖြစ်သည်ကား အကိရိယတည်း။ (၈)

၂၉၇။ အစ္ဆိန္နစီဝရာဒီနံ**(ကခါ၌ စာ–၂၅၆)**၌ အာဒိသဒ္ဒါဖြင့် ဇိဏ္ဏစီဝရ၊ နဋ္ဌစီဝရ၊ ဂိလာန၊ ဗဟုသုတ၊ သံဃဘာရ နိတ္ထရကစသောရဟန်းကိုယူ**(ကခါဋီကာ စာ–၄၁၉)**။ စီဝရာဒီနိ၌ အာဒိသဒ္ဒါဖြင့် ဘေသဇ္ဇသေနာသန စသည်ကိုယူ။ (၉)

၃၀၁။ **ထာဝရေန ပန ထာဝရံ** ။ ပ ။ ပရိဝတ္တေတုံ ဝဋ္ဋတိ။**(ကခါ၌ စာ–၂၆၁)** ၌ ထာဝရဟူသည်ကား၊ အာရာမ အာရာမဝတ္ထု၊ ဝိဟာရ ဝိဟာရဝတ္ထု ဤ"၂"ပါးကိုယူ။ အထာဝရဟူသည်ကား နောက်ဆုံးစုကိုယူ။ ဤ၌ ထာဝရနှင့်ထာဝရကို အထာဝရနှင့်အထာဝရကို ဖလှယ်ခြင်းကိုကား ဥပလက္ခဏာနည်းအားဖြင့် မိန့်သည်။ အထာဝရနှင့်သော်လည်း ထာဝရကိုဖလှယ်ခြင်းငှာ အပ်၏။

ထိုကြောင့် **ကခ်ီဋီကာ စာ–၄၂၄၌** န ကေဝလံ မဠ္ဌေန မဠ္ဌောယေဝ၊ အာရာမ အာရာမဝတ္ထု၊ ဝိဟာရ ဝိဟာရဝတ္ထု ပီဠာဘိသိဗ်ဗ္ဗောဟနာနိပိ ပရိဝဇ္ဇေတွာ ဝဋ္ဋန္တိ၊ သေသေဝနယော ပီဠာဘိသိဗ်ဗ္ဗောဟနေ သုပိဟုမိန့်ပြီ။

၃၀၂။ ဤ ဘိဂ်ါရဟူသောပါဌ်သည် အထက်၌ **(ကခ်ီဋ စာ–၂၆၅)** ယထာ စ မတ္တိကာဘဏ္ဍေ ဝေ လောဟဘဏ္ဍေပိ ကုဏ္ဍိကာဘာဇနီယကောဋ္ဌာသမေဝ ဘဇတိဟု မိန့်လတ္တံ့သောကြောင့် လွန်သကဲ့သို့ ထင်၏။ ဋီကာ၌လည်း၊ အထက်အယပတ္တ စသည်ကိုဆုံးဖြတ်ရာ၌ ယထာ စ တောနိ ဝေ ကုဏ္ဍိကာပိ ဘာဇနီယာ။ ဝဏ္ဏတိ ဟိ ''ယထာ စ မတ္တိကာဘဏ္ဍေ (ပ) ဘာဇနီယကောဋ္ဌာသမေဝ ဘဇတီ''တိဟုမိန့်၏။ ကြံကုန်ရာ၏။

၃၀၃။ **ယာ ကာစိ အနုဗာဟုပ္ပမာဏာ** ။ ။ အနုဗာဟုပ္ပမာဏာတိ ကပ္ပရတော ပဋ္ဌာယ ယာဝ အံသကူဋပ္ပမာဏာ၊ ဝိဒတ္ထိစတုရင်္ဂုလပ္ပမာဏာတိ ဝုတ္တံ ဟောတိ။ **(ကခ်ီဋီကာ စာ–၄၂၆)**။

၃၀၄။ အဋ္ဌင်္ဂုလပမာဏောပိ ရိတ္တကပေါတ္ထကော ဂရုဘဏ္ဍမေဝ။ အဋ္ဌင်္ဂုလပမာဏောပီတိ ဝိတ္ထာရတော အဋ္ဌင်္ဂုလပမာဏော။ **(ကခ်ီဋီကာ စာ–၄၂၆)**။ အဋ္ဌင်္ဂုလပ္ပမာဏောတိ ဒီဃတော အဋ္ဌင်္ဂုလပမာဏော။ ဝိနယာလင်္ကာရ။

ဤတွင် ဆဒနတိဏ အရာ၌လာရကား ရှေ့သာလျှင် သင့်မြတ်သကဲ့သို့ရှိ၏။ ကြံကုန်ရာ၏။ ဤ၌ ပိသဒ္ဒါကို ရိတ္တပေါတ္ထကောပိ– အဋ္ဌာနပယုတ်ကြံ၍ လိခိတပေါတ္ထကကိုကား ဆိုဘွယ်မရှိ။ ဂရုဘဏ္ဍာသာ တည်းဟုမိန့်ကုန်၏။ ထိုစကားကိုကား ''လိခိတပေါတ္ထကော ပန ဂရုဘဏ္ဍံ န ဟောတိဟူသော ဋီကာပါဌ်ကို ထောက်၍ ဆင်ခြင်အပ်၏။

၃၀၅။ **တာလဝဏ္ဋံ ဗီဇနီ** ။ ၌ ။ တာလဿ ဝဏ္ဋံ တာလဝဏ္ဋံဟု ဆဋ္ဌီတပ္ပုရိသ် ပြုငြားသော်လည်း သမာသ်တဒ္ဓိတ်တို့သည် ဝါကျအခိုက်၌ ဝိသေသနအနက်ကိုဟောသော်လည်း ပုဒ်ပြီးလတ်သော် သာမညအနက်ကိုဟောလေရကား သုဂတစီဝရံပုဒ်တို့ကဲ့သို့ ယပ်ဝန်းသာမန်ကိုဟောသည်။ ။ အချို့ကား ဤ သမာသ်ဝါကျကိုမျှော်၍ ထန်းရွက်ယပ်ဝန်းဟုသမ္ဗန်ကုန်၏။ ။ ခုဒ္ဒကံ ဝါ မဟန္တံ ဝါ ဒါရုဝေဠုပဏ္ဏစမ္မာဒီသု ယေန ကေနစိ ကတံ ဂရုဘဏ္ဍမေဝ။ **ကခ်ီဋ စာ–၂၆၄**ဟူသော ပါဌ်ကိုထောက်၍ ဆင်ခြင်အပ်၏။ (၁၁)

❧ ❧ ❧

၉။ ရတနဝဂ္ဂ

၃၀၆။ မုတ္တာဒိဒသဝိဓံ**(ကခ်ီဋ စာ–၂၆၆)**၌ အာဒိဝန်ကား မဏိ၊ ဝေဠုရိယ၊ သင်္ခ၊ သိလာ၊ ပဝါဠ၊ ရဇတ၊ ဇာတရူပ၊ လောဟိတင်္က၊ မသာရဂလ္လဟုဆိုအပ်သော ''၉'' ပါးသော ရတနာကိုယူ။

အဇ္ဈာရာမဖြင့် အလုံးစုံသော သံဃအရံကိုယူ။ အဇ္ဈာဝသထဖြင့် ရွာတွင်းကျောင်းကိုယူ။ ။ သံဃအရံ၌ကျောင်းကိုကား အဇ္ဈာရာမသဒ္ဒါဖြင့် ယူပြီးသောကြောင့်တည်း။ ဋီကာ ။

အဝသေသေ မုတ္တာဒိရတနေစသည်၌ အဓိပ္ပာယ်ကား မိမိ၏လည်းကောင်း၊ သံဃာဂိုဏ်းပုဂ္ဂိုလ် စေတီအမှုသစ်၏ ရွှေငွေကြွင်းသော ပုလဲ ပတ္တမြား ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ

ပတ္တမြားနီ၊ ပတ္တမြားပြောက် ဤ ''၈''ပါးသော ရတနာကို မိမိသိမ်းသော်လည်းကောင်း၊ သူ့ကို သိမ်းစေသော်လည်းကောင်း၊ ဒုက္ကဋ်သာဟူလို။

အဇ္ဈာရာမ အဇ္ဈာဝသထေသုပိ ။ ပ ။သညာဏံ ကတွာ နိက္ခိပိတဗ္ဗံ။ **(ကင်္ခါ၌ စာ-၂၆၇)** အဓိပ္ပာယ်ကား၊ ဥစ္စာထုပ်ကိုဖြေ၍ ဤမျှကားရွှေ ဤမျှကားငွေဟူ၍လည်းကောင်း ဤသို့သဘောရှိသော ရွှေငွေဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့် အဆင်းအားဖြင့်လည်းကောင်း၊ ဤမည်သော တံဆိပ်ခတ်၏ဟူ၍ နိမိတ်အားဖြင့်လည်းကောင်း အမှတ်ပြု၍ထားအပ်၏ဟူလို (၂)

၃၁၀။ **တသ္မိံ ဂါမေ တံ ကမ္မံ** ။ ပ ။ ပုန အာပုစ္ဆနကိစ္စံ နတ္ထိ။ **(ကင်္ခါ၌ စာ-၂၆၈)** ဤကား ဤရွာ၌မပြည့်စုံမူ ဤရွာသို့သွားအံ့ဟု ဥသာဟကိုမငြိမ်းစေဘဲသွားသည်ကို ရည်၍မိန့်သည်။ ဥသာဟငြိမ်းစေပြီးသော်ကား ပန်အပ်သည်သာလျှင်တည်း၊ ထို့ကြောင့်ရကား သစေ ပန ဥသာဟံ ပဋိပ္ပဿမ္ဘေတွာ စသည်တက်ပြန်သည်။ (၃)

၃၁၂။ **ဗိမ္ဗောဟနစ္ဆေတ္တ သီသပ္ပမာဏမေဝ ဝဋ္ဋတိ** ။ **(ကင်္ခါ၌ စာ-၂၇၀)**၌ ။ သီသပ္ပမာဏ ဟူသည်ကား အကြင်အုံး၌ လဲနှင့်တကွသော အုံးကိုထားခြင်းငှာ တတ်ကောင်း၏။ ထိုအုံးသည် သီသပ္ပမာဏ မည်၏။ ထိုအုံး၏အပိတ်ကို လေးထောင့်မူလည်းဖြစ်စေ၊ အဝန်းမူလည်းဖြစ်စေ၊ အစွန်းခြင်းထပ်၍ နှစ်ခေါက်ပြုသည်ရှိသော် တိကဏ္ဍဖြစ်၏။

ထိုသုံးခုသောအစွန်းတို့တွင် အနားနှစ်စွန်းတို့၏အကြားကို နှိုင်းယှဉ်သည်ရှိသော် လေးထပ်အလွန်ရှိသောတထွာ ဖြစ်၏။ အလယ်ထုတ်ချင်းအားဖြင့်ကား တောင်ဆုပ်ရှိ၏။ ဤသို့အစွန်းကို အစွန်းချင်းထပ်၍ ထားသည်ကိုရည်၍ တီသု ကောဏေသု ဒွိန္နံ ကောဏာနံ အန္တရံ ဝိဒတ္ထိစတုရင်္ဂုလံ ဟောတိ၊ မဇ္ဈေ မုဋ္ဌိရတနံဟု မိန့်သည်ဟူ၏။ **(ကင်္ခါ-၂၇၀)** (၆)

ပါဠိဒေသနီ

၃၁၄။ ဉာတိကာယညိနော ပန။ ပ ။ ဒဒမာနာယ။ **(ကင်္ခါ၌ စာ-၂၇၂)**၌ အဓိပ္ပာယ်ကား အဆွေမတော်သော ရဟန်းမိန်းမသည် မိမိလက်ဖြင့်မပေးမူ၍ ထိုရဟန်းနှင့်အဆွေတော်သော ရဟန်းမိန်းမကို ပေးစေသော်လည်းကောင်း။ ခြေ၌ချ၍ ခဲဖွယ်စားဖွယ်ကို အရှင်ဘုရားအား လှူ၏ဟုပေးသည်ရှိသော် နမကောင်း၏ဟုဝန်ခံ၍ ထိုဘိက္ခုနီကိုသော်လည်းကောင်း အမှတ်မရှိ တစ်စုံတစ်ယောက်သောသူကိုသော်လည်းကောင်း ကပ်စေ၍ သုံးဆောင်ဘုဉ်းပေးသော်လည်း အာပတ်မသင့်ဟူလို။ (၁)

၃၁၅။ အနုညာတပ္ပကာရတော **(ကင်္ခါ၌ စာ-၂၇၃)**၌ အနုညာတပ္ပကာရဟူသည်ကား မိမိ၏ ဘောဇဉ်ကိုပေးစေခြင်း၊ အကြင်ဘောဇဉ်ကို မလှူသေး၊ ထိုဘောဇဉ်ကို လှူစေခြင်း၊ အကြင်ရဟန်း၌ မလှူသေး၊ ထိုရဟန်း၌ လှူစေခြင်းတို့ကိုယူ။ (၂)

ယဿ စ ယရတော ။ ပ ။ ဋ္ဌပိတံ ဒေဿ္တိ။ **(ကင်္ခါ၌ စာ-၂၇၄)** ၌ ရဟန်းကိုမမြင်မီ ရှေးအဖို့က ထားလင့်သည်ကိုယူ။ ရဟန်းကိုမြင်မှအိမ်မှထုတ်သောဆွမ်းကား ယထာဝတ္တုကလျှင်တည်း ။ (၃)

၃၁၆။ ပုဗ္ဗေ အပ္ပဋိသံဝိဒိတန္တိ ။ ပ ။ ပဋိသံဝိဒိတံ နာမ။ ၌ အဝိပ္ပာယ်ကား မိန်းမမူလည်းဖြစ်စေ၊ ယောကျ်ားမူလည်းဖြစ်စေ၊ လူမူလည်းဖြစ်စေ၊ ရဟန်းမူလည်းဖြစ်စေ၊ အရံတွင်း အရံ၏ ဥပစာသို့ဝင်၍ အရှင်ဘုရား ဤအမည်ရှိသော အမျိုးသည် ခဲဖွယ်စားဖွယ်တို့ကို ဆောင်လတ္တံ့ဟုကြားအပ်၏။ ထိုကြားတိုင်းကိုသာလည်း ဆောင်ခဲ့သည်ဖြစ်စေ၊ ထိုခဲဖွယ်စားဖွယ်၏ အခြံအရံပြု၍ အယုတ်သဖြင့် ယာဂုဆောင်ခဲ့လတ္တံ့ဟု ကြားအပ်၏။ ထိုယာဂုအခြံအရံပြု၍ များစွာသော မုန့်ငါးအမဲဆွမ်းခဲဖွယ်တို့ကို ဆောင်ခဲ့သည်ဖြစ်စေ၊ အကြင်အမျိုးသည်ကြား၍ ဆောင်အပ်၏။ ထိုအမျိုးနှင့်အတူ တစ်ပါးသောအမျိုးတို့သည် ဆောင်ခဲ့သည်ဖြစ်စေ၊ ဤအလုံးစုံသည် ပဋိသံဝိဒိတမည်၏ဟူလို။

၃၁၇။ တစ်ယောက်သော ရဟန်း၏အလို့ငှာ ကြားသည်ကိုပြု၍ ဆောင်ခဲ့အံ့၊ ထိုဆောင်ခဲ့သော ခဲဖွယ်စားဖွယ်မှအကြွင်းသည် တစ်ပါးသောရဟန်းတို့အားလည်း အပ်၏။ ဤအတူ နှစ်ယောက်သုံးယောက်သော ရဟန်းတို့အား ကြွင်း၍များကုန်သော ခဲဖွယ်တို့ကိုဆောင်ခဲ့သည်ဖြစ်အံ့၊ တစ်ပါးသောရဟန်းတို့အား ကြွင်း၍များကုန်သော ခဲဖွယ်တို့ကိုဆောင်ခဲ့သည်ဖြစ်အံ့၊ တစ်ပါးသော ရဟန်းတို့အားလည်း ပေးလှူလိုကုန်အံ့၊ ဤအလုံးစုံသည် ပဋိသံဝိဒိတသေသမည်၏ဟူလို။ ။ ဂိလာနဝသေသ–၌လည်း ဤနည်းကို မှီး၍သိလင့်။

ပဋိသံဝိဒိတံ ကတ္ဗာ အာဟဋံ ဝါ ဂိလာနာဝသေသကံဝါဟု ပါဠ်၌အချို့ရှိ၏။မသင့်၊ ပဋိသံဝိဒိတသည် နော ပနဖြင့် ပြီးကောင်းပြီးသောကြောင့်တည်း။ **(ကင်္ခါ–၂၇၅)**

အပ္ပဋိသံဝိဒိတဖြစ်သော ယာဝကာလိကကိုခံသည်ကား ကိရိယ၊ ထိုအပ္ပဋိသံဝဒိတဖြစ်သော ယာဝကာလိကကို တစ်ဖန် အရံအပသို့ဆောင်၍ ကြားစေခြင်းကိုလည်းကောင်း၊ ရဟန်းမူလည်း အပသို့သွား၍ ခံခြင်းကိုလည်းကောင်း မပြုသည်ကား အကိရိယ ဤနှစ်ပါးစုံရော၍ဖြစ်ရကား ကိရိယာကိရိယ။ (၄)

သေခိယ

၃၁၈။ **အဋ္ဌဂုံလမတ္တန္တိ ပကတင်္ဂုလေန အဋ္ဌဂုံလမတ္တံ၊ (ကင်္ခါဋီကာ စာ–၄၃၆)။** ။ ပကတင်္ဂုလမတ္တဟု မိန့်သော်လည်း ထိုဝတ်သောသူ၏ အဋ္ဌဂုံလကိုယူ။ ။ အချို့သောဋီကာ၌ကား သုဂတင်္ဂုလမတ္တံဟုရှိ၏။ ပါဠ်ပျက်။ (၁)

၃၂၀။ အနုပါလကနိဂ္ဂဏ္ဌာ၌ အနုပါလက တက္ကတွန်းတို့ကား တစ်ထည်သောပုဆိုးဖြူကို အထက်လက်ကတီးကြားသို့သွင်း၍ ဆောင်ကုန်၏။ အောက်၌ အချည်းစည်းအဝတ်မဝတ်ကုန်။ (၂)

၃၂၁။ ကေသဉ္စိ ပန ဌာနေ ဌတ္ဗာဟူသော ဤစကားသည် နိဒဿနမျှသာတည်း၊ သွားလျက်လည်း ဆင်မြင်းအစရှိသော ဘေးရန်ကိုကြည့်ခြင်းငှာ အပ်၏။ ထို့ကြောင့်ရကား ဋီကာ **(စာ–၄၃၈)**၌ ယထာ စ ကေကသဉ္စိ ဌာနေ ဌတ္ဗာ ဝေ ဂစ္ဆန္တောပိ ပရိဿယာဘာဝံ ဩလောကေတုံ လဗ္ဘတိယေဝ မိန့်အပ်ပြီ။ (၇–၈)

၃၂၄။ အနုမိဋ္ဌာနုပဂေ ॥ ပ ॥ ထူပီကတာနိပိ ဝဋ္ဋန္တိ၊ **(ကခါဋ္ဌ စာ–၂၈၁)**၌ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့သည် အမိဋ္ဌာန်လောက်သောသပိတ်၊ မလောက်သောသပိတ်၌ စုန့်စုန့်တက် သော်လည်း အပ်ကုန် ၏ဟူလို။

ယံ ပန ဒွိသု ပတ္တေသု ॥ ပ ॥ ဟေဋ္ဌာ ဩရောဟတိ၊ ၌ အဓိပ္ပာယ်ကား မုန့်ကြဲတုံးသစ်သီးစသည် တို့သည် အခဲအတုံးဖြစ်၍ စုန့်စုန့်တက်အောင်ပြုသော်လည်းလှုပ်သည်ရှိသော် အောက်သို့ကျအံ့။ ထိုသို့ မုန့်ကြဲတုံးသစ်သီးစသည်သည် ထူပီကတာ မမည်ဟူလို။ (၃၀–၃၂ ထူပိ၊ သမတိတ္တိက သိက္ခာပဒ)

ဇတ္တ ပန ယဿ မုခေ ပက္ခိပိတ္ဗာ ဝိပ္ပဋိသာရေ ဥပ္ပန္နေ ပုန ဥဂ္ဂိရိတုကာမဿာပိ။ သစေ သဟ သာ ပဝိသတိ။ အယံ အသဥ္စိစ္စ ပရိဘုဥ္ဇတိနာမ။ ယော ပန ဝိညတ္တမ္ပိ အဝိညတ္တမ္ပိ ကေသဉ္စိ ဌာနေ ဌိတံ သဟသာ အနုပဓာရေတွာ ဂဟေတွာ ပရိဘုဥ္ဇတိ၊ အယံ အဿတိယာ ဘုဥ္ဇတိ နာမ။ ဋီကာ **(စာ–၄၄၁)**။ (၃၇) သူပေါဒနဝိညတ္တိသိက္ခာပဒ။

''နာတိမဟန္တ''န္တိစ အတိမဟန္တဿေဝ ပဋိက္ခိတ္တတ္တာ ခုဒ္ဒကေ အာပတ္တိ န ဒိဿတိ။ မယူရဏ္ဍံ အတိမဟန္တံ၊ ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ၊ တေသံ ဝေမဇ္ဈပ္ပမာဏောတိ ဣမိနာ ပန သာရုပ္ပဝသေန ခုဒ္ဒကံပိ ပဋိက္ခိပိတ္ဗာ၊ ပရိစ္ဆေဒေါ န ဒဿိတောတိ ဝေဒိတဗ္ဗံ။ သာရတ္ထဒီပနီ **(စာ–၁၀၇)** (၃၉) ကဗဠသိက္ခာပဒ။

သဗ္ဗဟတ္ထန္တိ သကလံ ဟတ္ထံ။ ဤ၌ ဟတ္ထသဒ္ဒါသည် ဟတ္ထမုဒ္ဒါစသည်တို့၌ကဲ့သို့ အစိတ်ဖြစ်သော လက်ချောင်းတို့ကို ဟော၏။ ထို့ကြောင့်ရကား လက်ငါးချောင်းတို့တွင် တစ်ချောင်းကိုသော်လည်းကောင်း၊ တစ်ချောင်း၏ တစ်စိတ်ကိုသော်လည်းကောင်း ခံတွင်းသို့မသွင်းအပ်ဟု သိအပ်၏။ (၄၁–၄၂)

အဓိကရဏ သမထ ဝဏ္ဏနာ

၃၃၃။ သမ္မုခါဝိနယေနေဝ သမ္မာနံ ယဿ္မိံ ဝိဟာရေ ဥပ္ပန္နံ–**(ကခါဋ္ဌ စာ–၂၈၉)**စသော ပါဠ်တို့၏ အဓိပ္ပာယ်ကား အကြင်ကျောင်း၌ ဤရဟန်းသည် ငါ၏သပိတ်ကိုယူအပ်၏။ သင်္ကန်းကိုယူအပ်၏၊ ဤသို့ စသောနည်းဖြင့် သပိတ်သင်္ကန်းစသည်၏ အကျိုးငှာ ဝိဝါဒါဓိကရဏ်းဖြစ်သည်ရှိသော် ထိုကျောင်း၌ အာဝါ သိက ဖြစ်ကုန်သော ရဟန်းတို့သည် စည်းဝေး၍၊ ငါ့ရှင်တို့ ဤသို့ငြင်းခုံခြင်းသည်မသင့်ဟု ငြင်းခုံခြင်း၌ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ရဟန်းနှစ်ယောက်တို့ကိုသိစေ၍ ပါဠိမှတ်ဖြစ်သော အဆုံးအဖြတ်ဖြင့် ငြိမ်းစေ သော်လည်း ထိုကျောင်း၌ ငြိမ်းသည်မည်၏။

အကယ်၍ ထိုအဓိကရဏ်းကို နေဝါသိကရဟန်းတို့သည် ငြိမ်းစေခြင်းငှာ မတတ်နိုင်သည် ဖြစ် အံ့၊ ထိုသို့မတတ်နိုင်သည်ရှိသော် တစ်ပါးသော အာဂန္တုကဖြစ်သော ဝိနည်းမိုရ်သည် ဤကျောင်း၌ ဥပုသ် ပဝါရဏာကို အဘယ့်ကြောင့်ထားကုန်သနည်းဟု မေးကုန်သည်ရှိသော် အာဝါသိကရဟန်းတို့သည် ထိုအကြောင်းကိုပြန်သည်ရှိသော် အဓိကရဏ်းကို ခန္ဓကမှလည်းကောင်း၊ ပရိဝါမှလည်းကောင်း ဆိုအပ်ပြီးသော နည်းဖြင့် ဆုံးဖြတ်၍ငြိမ်း၏။ ဤသို့ ငြိမ်းစေသော်လည်း ထိုကျောင်း၌ ငြိမ်းသည်မည်၏။

အညတ္တ ဝူပသမေတုံ ဂစ္ဆန္တာနံ အန္တရာမဂ္ဂေ ဝါ သမ္မတိ **(ကင်္ခါ ၆ စာ–၂၈၉)**ဟူသည်ကား ''ငါတို့သည် ထိုဝိနည်းမိုရ်၏ အဆုံးအဖြတ်၌ မတည်ကုန်အံ့၊ ဤသူသာလျှင် ဝိနည်းမိုရ်ပုဂ္ဂိုလ်လော၊ ဤအမည်ရှိသော ရွာ၌ဤအမည်ရှိသော ရဟန်းသည် ဝိနည်း၌လိမ္မာ၏။ ထိုရဟန်း၏အဆုံးအဖြတ်၌ တည်ကုန်အံ့ဟု သွားကုန်သော ရဟန်းတို့အား ခရီးအကြား၌ အချင်းချင်းသိစေ၍သော်လည်း ငြိမ်း၏။ သဘာဂရဟန်းတို့သည် သော်လည်း ဆုံးဖြတ်၍ ငြိမ်း၏။ ထိုသို့မဟုတ်မူ၍ ခရီးရင်ဆိုင်လာလတ်သော တစ်ယောက်သော ဝိနည်းမိုရ် ပုဂ္ဂိုလ်သည် ငါရှင်တို့ အဘယ်သို့ သွားကုန်အံ့နည်းဟုမေးသည်ရှိသော် ဤအမည်ရှိသော ရွာသို့ ဤအမည် ရှိသောအကြောင်းကြောင့် သွားအံ့ဟုကြားသည်ရှိသော် ထိုသို့သွား၍ အဘယ်ပြုတော့အံ့နည်း ထိုအရပ်၌သာ လျှင် ဟုတ်မှန်သောသဘောဖြင့် ထိုအဓိကရဏ်းကိုဆုံးဖြတ်၍ ငြိမ်း၏။ ဤသို့ငြိမ်းသော်လည်း ခရီးအကြား၌ ငြိမ်းသည်မည်၏။

ယတ္တ ဂန္ဒာ သံဃဿ နိယျာတေန္တိ၊ တံ တတ္တ သံဃေန ဝါ ဝိနိစ္ဆိတံ သမ္မတိဟူသည်ကား ထိုအရပ်သို့ သွား၍မသင့်၊ ငါဆုံးဖြတ်အံ့ဟုဆိုသော်လည်း ထိုဝိနည်းမိုရ်ပုဂ္ဂိုလ်၏စကား မနာမူ၍ အကြင်အရပ် သို့သွား၍ သဘာဂရဟန်းသံဃာအား ဆောင်နှင်း၏၊ ထိုအရပ်၌ သဘာဂရဟန်းတို့သည် ငါရှင်တို့ သံဃာ အစည်းအဝေးဟူသည်ကား ပြုနိုင်ခဲ၏ဟု သဘာဂရဟန်းတို့သည်ဆုံးဖြတ်သော်လည်း ထိုကျောင်း၌ငြိမ်းသည် မည်၏။ ။ ထိုသို့မဟုတ်မူ၍ သံဃာကိုစည်းဝေး၍ သံဃာ၏အလယ်၌ ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် ဆုံးဖြတ်သော် လည်း ငြိမ်း၏။ ထိုသို့ငြိမ်းသော်လည်း သံဃာသည် ထိုကျောင်း၌ဆုံးဖြတ်၍ ငြိမ်းသည်မည်၏။

သီလဝါ ဟောတိစသော အင်္ဂါ ''၁၀''ပါးနှင့် ပြည့်စုံကုန်သော နှစ်ယောက်သုံးယောက်သော ရဟန်းတို့ကို ဥတ္တိဒုတိယကံဖြင့်သော်လည်း သမုတ်၍လည်းကောင်း၊ ပန်၍သော်လည်းကောင်း၊ ထိုရဟန်းတို့ သည် ဆုံးဖြတ်၍သော်လည်းကောင်း ငြိမ်း၏ဟူလို။

ပါရာဇိကသာမန္တဟူသည်ကား ဒုက္ကဋ်ထုလ္လစ္စဥ်းတည်း၊ ထိုတွင် ပထမပါရာဇိက၏ အနီးဖြစ်သော အာပတ်ကားဒုက္ကဋ်။ ကြွင်းသော ပါရာဇိက ၃ ပါး၏ အနီးဖြစ်သောအာပတ်ကား ထုလ္လစ္စဥ်းတည်း။

နိဋ္ဌိတာ။

ကြက်သွန်

ပလဏ္ဍုကကြက်သွန်ကား ဖျော့တော့သောအဆင်းရှိ၏။ ဘဉ္ဇနက ကြက်သွန်ကား နီသောအဆင်း ရှိ၏။ ဟရိတကကြက်သွန်ကား စိမ်းသောအဆင်းရှိ၏။

အမြှောင့်ကား ''ပလဏ္ဍုက ကြက်သွန်ကား တစ်ခုသော အမြှောင့်ရှိ၏။ ဘဉ္ဇနက ကြက်သွန်ကား နှစ်ခုသုံးခုကုန်သော အမြှောင်တို့သည်ရှိကုန်၏။ ဟရိတကကြက်သွန်ကား သုံးခုကုန်သော အမြှောင့်တို့သည် ရှိကုန်၏။

စာပလသုဏကြက်သွန်ကား အမြှောင့်မရှိ ဥကာမျှသာတည်း၊ ဤပလဏ္ဍုကစသော ကြက်သွန် တို့သည် မိမိတို့ချည်းသက်သက်သော်လည်း အပ်ကုန်၏။ မာဂဓိကကြက်သွန်ကား သက်သက်မအပ်။ ပဲနောက်ဟင်းစသည်တို့၌ ခတ်မှုကား အယုတ်သဖြင့် ယာဂုထမင်း၌ ခတ်သော်လည်းအပ်၏။

လေးမြှောင့်၊ ငါးမြှောင့်စသောပြည့်စုံသော အမြှောင့်ရှိသော ကြက်သွန်ကိုသာ မာဂဓိကကြက်သွန် ဟုယူ။ **(ကင်္ခါဋီကာ စာ-၄၆၇)**

သီလဝိနိစ္ဆယ မှ
နိစ္စသီလ အနိစ္စသီလ အထူး

''ဂဟဋ္ဌသီလံနာမ ဥပသကဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စ သိက္ခာပဒါနိ၊ သတိ ဝါ ဥဿာဟေ ဒသ၊ ဥပေါသထင်္ဂဝသေန အဋ္ဌ က္ကဒံ ဂဟဋ္ဌသီလံ နာမ။ **(လယ်တီဒီပနီပေါင်းချုပ် တ စာ-၃၁၉)**

နိစ္စသည်။ ငါးပါးတစ်ရပ် ဆယ်ပါးတစ်ရပ် ဤသို့ နှစ်ရပ်ထွက်သောကြောင့် ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်သည်လည်း ငါးပါးနိစ္စနှင့်ထိုက်တန်သော ဂဟဋ္ဌလူတစ်မျိုး၊ ဆယ်ပါးနိစ္စနှင့် ထိုက်တန်သော ဂဟဋ္ဌလူတစ်မျိုး ဟူ၍ လူနှစ်မျိုးကိုလည်း သိအပ်၏။ ငါးပါးနိစ္စနှင့် ထိုက်တန်သူ လူတစ်မျိုးဆိုသည်ကား အဝတ်ဖြူ အဝတ်ကြောင်အစရှိသော ပကတိလူဝတ်ကိုဝတ်သော လူမျိုးတည်း။ ဆယ်ပါးနိစ္စနှင့် ထိုက်တန်သူ လူတစ်မျိုးဆိုသည်ကား ပကတိလူဝတ်မျိုးကိုပယ်စွန့်၍ ညောင်ခေါက်အစရှိသော ဖန်ရေဆိုးသောအဝတ်ကိုဝတ်သော ပဗ္ဗဇိတ အသွင်တစ်စိတ်၌တည်သော လူမျိုးတည်း။

ဥပေါသထင်္ဂဝသေနပုဒ်ဖြင့် နိစ္စသီလဝသေနပုဒ်ကို နစ်စေသောကြောင့် ရှစ်ပါးမူးကား အနိစ္စဟု သိအပ်၏။ ငါးပါး ဆယ်ပါးတို့ကား နိစ္စ၊ ရှစ်ပါးကား အနိစ္စ၊ ဤသို့ နိစ္စ အနိစ္စနှစ်မျိုးဖြစ်၏။ ဂဟဋ္ဌဖြစ်သူ လူနှစ်မျိုးတို့တွင် ပကတိလူဝတ်နှင့်နေကြသော လူသာမညတို့၌ ငါးပါးသီလသည် နိစ္စ ဖြစ်၏။ ရှစ်ပါးသီလသည် အနိစ္စဖြစ်၏။ ဖန်ရေဆိုးသောအဝတ်ကို ဝတ်သောလူဝိသေသတို့၌မူကား ဆယ်ပါးသီလသည်နိစ္စ ဖြစ်၏။ ရှစ်ပါးသည် နိစ္စဆယ်ပါး၌ အတွင်းဝင်လေ၏။

အဝတ်ဖြူကို ဝတ်သောသူတို့သည် သဘာဝနိစ္စငါးပါးမျှကိုသာ ရထိုက်ကုန်၏။ သဘာဝနိစ္စ ၁၀ပါးကိုမူကား မရထိုက်၊ ပုဂ္ဂလဇ္ဈာသယဆယ်ပါးကိုသာ ရထိုက်၏။ ညောင်ခေါက်ဆိုးသည် မြင့်မြတ်သောအရာဖြစ်၍ ပဗ္ဗဇိတအဖို့၌တည်သော ပုဂ္ဂိုလ်သူမြတ်တို့နှင့်သာ ထိုက်တန်၏။ ထိုညောင်ခေါက်ဆိုး အဝတ်နီမျိုးကို ဝတ်သောသူတို့သည်သာလျှင် သာမဏေတို့နှင့်အလားတူ သဘာဝနိစ္စဆယ်ပါးကို ရထိုက်ကုန်၏။ ထိုအဝတ်မျိုးကိုဝတ်မိလျှင် ဆယ်ပါးသီလခံယူဆောက်တည်မှုကိစ္စ အလိုလိုပြီးစီးလေ၏။ တမင်ခံယူဆောက်တည်ဘွယ် ကိစ္စမရှိပြီ။ သို့သော်လည်း ခံယူဆောက်တည်မှုသည် အလေးဂရုအထူးပြုမိခြင်းအကျိုး သိက္ခာပုဒ်အစဉ်တို့၌ ကျေလည်ခြင်းအကျိုးရှိပါ၏။ ယခုကာလသာမဏေများ သီလခံယူကြသကဲ့သို့တည်း။

လူအသွင်၌ တည်ကြကုန်သော သူတို့အားမူကား ဆယ်ပါးသီလကို ခံယူပြီးသောအခါ၌ ရွှေငွေ ရတနာ အနာမာသဝတ္ထုတို့ကို မိမိကိုယ်တိုင်ခံယူခြင်း၊ သူတစ်ပါးကိုခံယူစေခြင်း၊ ကိုယ်နှုတ်ဖြင့် ဆောင်ယူဖိတ်ကြားသည်ကို စိတ်ဖြင့်သာယာသိမ်းပိုက်ခြင်းဟူသော ခံမှုသုံးမျိုးတို့မှလွတ်ကင်းအောင် ရှောင်ကြဉ်ခြင်းငှာ စွမ်းနိုင်သည်ကို ဥဿာဟေ-ဆိုသည်ဟုမှတ်။ ရွှေအဖို့က မိမိပိုင်ဥစ္စာအဖြစ်ဖြင့် ရှိနေသောရွှေငွေကို မိမိဥစ္စာဖြစ်မှုလွတ်အောင် အာလယပြတ်ကင်းနိုင်သည်ကို ဥဿာဟေ-ဆိုလိုရင်းမဟုတ်၊ သိက္ခာပုဒ်မူရင်းမှာပင် ဇာတရူပရဇတပဋိဂ္ဂဟဏာဟု ခံမှုသုံးမျိုးကိုသာ ပယ်ရင်းဖြစ်သတည်း။

ရွှေငွေနှင့်စပ်၍ ဝိနည်းတော်၌ပယ်တော်မူသော အမူငါးပါးရှိ၏။ ဥဂ္ဂဟတစ်ပါး၊ ဥဂ္ဂဟာပနတစ်ပါး၊ ဥပနိက္ခိတ္တသာဒိယနတစ်ပါး၊ ဒုဗ္ဗိစာရဏာတစ်ပါး၊ အာမာသနတစ်ပါးအားဖြင့် ငါးပါးရှိ၏။ ထိုငါးပါးတို့တွင် –

၁။ အရှင်မရှိသော ရွှေငွေရတနာကိုတွေ့မြင်၍ ကိုယ်တိုင်ကိုင်ယူခြင်းသည်လည်းကောင်း၊ လက်ရောက်ကပ်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည်လည်းကောင်း၊ ဥဂ္ဂဟမည်၏။

၂။ အရှင်မရှိသော ရွှေငွေရတနာကိုတွေ့မြင်၍ မိမိဖို့ရာသူတစ်ပါးကို အယူခိုင်းခြင်းသည်လည်းကောင်း၊ မိမိဖို့ရာသူတစ်ပါးကို အလှူခိုင်းခြင်းသည်လည်းကောင်း၊ မိမိဖို့ရာသူတစ်ပါးကို အလှူခံခိုင်းခြင်းသည်လည်းကောင်း ဥဂ္ဂဟာပနမည်၏။

၃။ ဒါယကာသည် ရွှေငွေရတနာကိုဆောင်ယူခဲ့၍ ရဟန်း၏ရှေ့၌ ချထားပြီးလျှင် ဤရွှေငွေကို အလိုရှိရာသုံးတော်မူပါဟူ၍လည်းကောင်း၊ သင်္ကန်းဖိုးပါ၊ ရထားခပါ၊ သင်္ဘောခပါဟုဆို၍လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း၊ ဒါယကာသည် မိမိအိမ်၌သော်လည်းကောင်း၊ တစ်ပါးသောနေရာဌာန၌သော်လည်းကောင်း၊ ရှိ၍နေသော ရွှေငွေကို ကိုယ်တော်အလိုရှိလျှင် ထိုရွှေငွေကိုယူပါ သုံးပါဟူ၍လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲစိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း ဥပနိက္ခိတ္တသာဒိယနမည်၏။

၄။ ကပ္ပိယနည်းလမ်းနှင့်ရှိနေသော ရွှေငွေကို ဤရွှေငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော၊ ဘယ်မျှလောက်ပေးလိုက်လော၊ သေတ္တာထဲမှာထားလိုက်လော၊ ထုတ်လိုက်လော၊ ယူလိုက်လော၊ ပေးလိုက်လော အစရှိသည်ဖြင့် စီရင်ခြင်းသည် ဒုဗ္ဗိစာရဏာမည်၏။

၅။ သူတစ်ပါးဥစ္စာဖြစ်သော ရွှေငွေရတနာကိုပင်သာယာသော စိတ်နှင့်တကွ ကိုယ်အင်္ဂါဖြင့် ထိပါး သုံးသပ်ခြင်းသည် အာမာသနမည်၏။ ရဟန်းသာမဏေတို့မှာ ရွှေငွေရတနာနှင့်စပ်၍ ဤငါးပါးသော အမူတို့ကို လွတ်ကင်းစေအပ်ကုန်၏။

လူဖြစ်စဉ်အခါကရှိနေသော ရွှေငွေရတနာ၊ ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှရရှိ၍နေသော ရွှေငွေရတနာတို့မူကား ထိုငါးပါးသောအချက်မှ လွတ်ကင်းစေ၍ ကပ္ပိယဒါယကာနှင့် နေရာကျပြုပြီးလျှင် အသက်ထက်ဆုံးစိတ်ဖြင့်သာယာ၍ ထိုရွှေငွေမှဖြစ်သော ကပ္ပိယဘဏ္ဍာကိုသုံးဆောင်၍ နေငြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပြီ။

နိုင်ငံတွင်းပုစ္ဆာအဖြေ မှ
(စာ–၁၂၃ မှ ၁၇၆)

ပရိဘောဂ (၄)ပါး

လောက၌ လူတို့မှာ ပစ္စည်းဝတ္ထုတို့ကို သုံးဆောင်ခြင်းသည် လေးမျိုးရှိ၏။

လေးမျိုးကား

၁။ ခိုး၍တိုက်၍ လိမ်လည်စဉ်းလဲ၍ရသော ပစ္စည်းကို သုံးဆောင်ခြင်းတစ်ပါး။

၂။ သူတစ်ပါးပစ္စည်းကို နောင်ဆပ်ပေးပါမည်ဟုအကြွေးယူ၍ သုံးဆောင်ခြင်းတစ်ပါး။

၃။ မိဘတို့၏ ပစ္စည်းဝတ္ထုကို သားသမီးတို့က အမွေခံကိစ္စနှင့်ရယူ၍ သုံးဆောင်ခြင်းတစ်ပါး။

၄။ မိမိကိုယ်တိုင် လုပ်ကိုင်ရှာကြံ၍ ရရှိသောကိုယ်ပိုင်ပစ္စည်းကို သုံးဆောင်ခြင်းတစ်ပါး။ ဟူ၍လေးမျိုးရှိ၏။

ထို့အတူ သာသနာတော်၌လည်း ရဟန်းတော်များမှာ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ခြင်းသည် လေးပါးရှိ၏။

၁။ ထေယျပရိဘောဂတစ်ပါး ၂။ ဣဏပရိဘောဂတစ်ပါး
၃။ ဒါယဇ္ဇပရိဘောဂတစ်ပါး ၄။ သာမိပရိဘောဂတစ်ပါး

ထိုလေးပါးတို့တွင် ထေယျပရိဘောဂကို ရှေးဦးစွာပြဆိုရာ၏။

၁။ ထေယျဆိုသည်ကား သူတစ်ပါးပစ္စည်းကို လိမ်လည်စဉ်းလဲ၍ ယူခြင်းသည် ရဟန်းသိက္ခာလုံးလုံးမရှိပါဘဲလျက် ငါရဟန်းဟုဝန်ခံ၍ ရဟန်းအနေနှင့် ခံယူသုံးဆောင်ခြင်းသည် အလွန်နက်နဲသော စဉ်းလဲမှုကြီးနှင့် ရယူသုံးဆောင်ခြင်းဖြစ်၍ ထေယျပရိဘောဂမည်၏။

စတုတ္ထပါရာဇိကနိဒါန်းတွင်လာသော ပါပဘိက္ခုမဟာစောရကြီး ငါးဦးတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်မှုသည်လည်း ဤထေယျပရိဘောဂတွင် ပါဝင်၏။ ပါပဘိက္ခုဆိုသည်ကား သိက္ခာပုဒ်လုံးလုံးမရှိသော ဒုဿီလရဟန်းကို ဆိုလိုရင်းတည်း။ ထိုတွင် -

ပထမမဟာစောရဆိုသည်ကား - ရဟန်းစစ်မဟုတ်၊ ရဟန်းတုရဟန်းယောင်ဖြစ်လျက် အခြံအရံအကျော်အစော လာဘ်လာဘကိုတောင့်တ၍ ရဟန်းအစစ်အနေနှင့် သာသနာပြုဆရာ၊ ဓမ္မကထိဆရာပြုလုပ်၍ မြို့ရွာလှည့်လည်သောသူပေတည်း။ ရဟန်းအစစ်ဖြစ်ခဲ့ပေမူကား၊ ထိုသို့ပင် တောင်းတ၍ လှည့်လည်ရရှိသုံးဆောင်သော်လည်း နက်နဲသောစဉ်းလဲမှုကြီး မပါသောကြောင့် မဟာစောရဟူ၍လည်း မဆိုရ၊ ထေယျပရိဘောဂလည်းမဖြစ်။

ဒုတိယမဟာစောရဆိုသည်ကား - တရားတော်ကိုခိုးယူသော ဓမ္မထေနကမဟာစောရကြီးပေတည်း၊ ဘုရားဟောသော တရားကို သင်ကြား၍ တက်သိသောအခါ သူတစ်ပါးတို့ကို ဘုရားဟောဟု မသိစေဘဲ မိမိကိုယ်တိုင်သိပြုလုပ်၍ ပြောဟောသော သူပေတည်း၊ ဤဓမ္မထေနကပုဂ္ဂိုလ်သည်မူကား ရဟန်းစင်စစ်ပင်ဖြစ်သော်လည်း မဟာစောရထေယျပရိဘောဂတို့မှ လွတ်ခွင့်မရှိ၊ အဝီစိသို့ကျရောက်တတ်သည်ဟူ၍ ပသူရဝတ္ထုတွင်ဟောတော်မူ၏။

တတိယမဟာစောရဆိုသည်ကား - တစ်ပါးသောရဟန်းစစ်ဖြစ်သောပုဂ္ဂိုလ်ကို ရဟန်းဘောင်မှ ပျက်စီးစေလို၍ ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ၊ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း၊ အရင်းမူလမရှိဘဲလျက် ငါမြင်သည်၊ ငါကြားသည်၊ ငါယုံမှားသင်္ကာရှိသည်ဟု မဟုတ်တရုတ်လုပ်ကြံ၍ ပါရာဇိကမှုကြီးနှင့်စွပ်စွဲ ဖျက်ဆီးသော မုသားဒမြကြီးပေတည်း၊ သူတစ်ပါးတို့၏ ရဟန်းသီလကို တိုက်ခိုက်သောဝါဒ ဖျက်ဆီးသော ဒမြကြီးကို ဆိုလိုသည်။

စတုတ္ထမဟာစောရဆိုသည်ကား - မစွန့်ထိုက်မဝေဖန်ထိုက်သော သံဃိကဂရုဘဏ်ပစ္စည်းဝတ္ထုများကို မိမိကိုယ်ပိုင်အနေနှင့် လူတို့အား ပေးစွန့်ချီးမြှောက်ထောက်ပင့်၍ သံဃိကကို ခိုးယူဖျက်ဆီးသော သူခိုးဒမြကြီးပေတည်း။ ဤတတိယ စတုတ္ထနှစ်ဦးတို့ကို ဒုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌ အပါယ်ငရဲသို့ မလွဲမသွေ ကေန်မုချကျရောက်လိမ့်မည်ဟူ၍ ဟောတော်မူချက်ရှိ၏။

ဒွေမေ ဘိက္ခဝေ ပုဂ္ဂလာ ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေ ဒွေ၊ ယော စ သုဒ္ဓံ ဖြပ္ပစာရိ အမူလကေန အန္တိမဝတ္ထုနာ အနုဒ္ဓံသေတိ၊ ယော စ သဒ္ဓါဒေယျံ ဝိနိပါတေတိ၊ ဣမေခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

ဤသုတ္တန်ပါဠိတော်ရှိပြန်သောကြောင့် ထိုတတိယစတုတ္ထအမှုကြီးများကို ကံမြောက်အောင်ပြုပြီးသောသူသည် ရဟန်းစစ်ပင်ဖြစ်သော်လည်း မဟာစောရထေယျပရိဘောဂမှ လွတ်ခွင့်မရှိရာချေ။

၎င်းပါဠိတော်တွင် သဒ္ဓါဒေယျဆိုသည်ကား သက်သက်ကုသိုလ်ကိုလို၍ ကုသိုလ်ဖြစ်ချင်လှ၍ လှူဒါန်းအပ်သော ပစ္စည်းလေးပါးကိုဆိုသည်၊ ဝိနိပါတေတိဆိုသည်ကား ပါဠိအဋ္ဌကထာများ၌ လာသော စွန့်ထိုက်ပေးထိုက်သော အကြောင်းအခွင့်တို့မှလွတ်၍ သဒ္ဓါဒေယျပစ္စည်းဝတ္ထုကို မလျော်ရာ၌ သုံးခြင်းတည်းဟူသော အယုတ္တပရိဘောဂဖြစ်အောင် စွန့်မှုသုံးစွဲမှု၊ ပေးကမ်းမှုကိုဆိုသည်။

စတုတ္ထမှာ ဝိနည်းပါဠိတော်၌ ဂရုဘဏ်သံဃိကဝတ္ထုများကို ဝိသေသထုတ်ဖော်လျက် ဟောတော်မူ၏။ သုတ္တန်ပါဠိတော်၌ သဒ္ဓါဒေယျဟု သာမညလာ၏။ သံဃိက၊ ပုဂ္ဂလိက၊ ဂရုဘဏ်၊ လဟုဘဏ်များနှင့်ဆက်ဆံ၏။ ဝိနည်းပါဠိတော်၌ ဂရုဘဏ်သံဃိကဟု ဝိသေသထုတ်ဖော်သည်မှာ မဟာစောရဟု ဝိသေသနဆိုထိုက်သူကို ယူလိုသည်။ ။ သုတ္တန်၌ သာမညလာသည်မှာ စောရ၊ မဟာစောရဟု အကုန်လုံးသိမ်းကျုံး၍ ယူလိုသည်။ ဂရုဘဏ်သံဃိက သဒ္ဓါဒေယျဝတ္ထုကို အယုတ္တပရိဘောဂပြုလျှင် မဟာစောရဖြစ်၏။ ဂရုဘဏ်သံဃိကဝတ္ထုမှ တစ်ပါးသော သဒ္ဓါဒေယျဟူသမျှကို အယုတ္တပရိဘောဂပြုလျှင် လောက၌ အစိုးရဥပဒေများတွင် သူတစ်ပါးတို့က အတိုးအပွားဖြစ်စေရန် အပ်နှံသောပစ္စည်းစုကို အလွဲသုံးစားမှု၊ မတော်မတရားသုံးစားမှုများကဲ့သို့ မသင့်မလျော်၊ မတော်မတရားသုံးစွဲမှုအတွက် စောရသာမညဖြစ်၏ဟု ခွဲခြမ်းရန်ရှိ၏။

သုတ္တန်၌ ထိုပုဂ္ဂိုလ်များသည် အပါယ်ငရဲသို့ မလွဲမသွေ ကျေန်မှုချကျရောက်လိမ့်မည်ဟု ဟောတော်မူသည်မှာ ဂရုဘဏ်သံဃိကသဒ္ဓါဒေယျဝတ္ထုများကိုရည်ရွယ်၍ ဟောတော်မူသည်ဟု ယူရန်လည်းရှိ၏။ စွပ်စွဲမှု၌ အန္တိမဝတ္ထုဖြင့် စွပ်စွဲသည်ဟူ၍ ဝိသေသထုတ်ဖော်သကဲ့သို့ ဤ၌လည်း၊ ယော စ သံဃိကံ သဒ္ဓါဒေယျံ ဂရုဘဏ္ဍံ ပရိက္ခာရံ ဝိနိပါတေတိဟု ဝိသေသထုတ်ဖော်ချက်မပါသောကြောင့် ကျန်ရှိသောသဒ္ဓါဒေယျဝတ္ထုများမှာလည်း မပေါ့သာချေ။ ထို့ကြောင့် သဒ္ဓါဒေယျပစ္စည်းမျိုးဖြစ်ခဲ့လျှင် မိမိ၏ပုဂ္ဂလိကရရှိသော အပ်ချည်မျှင်မျှပင်ဖြစ်သော်လည်း အယုတ္တပရိဘောဂမဖြစ်စေရန် သတိပြုထိုက်လှချေ၏။

ပဥ္စမ မဟာစောရဆိုသည်ကား – ဈာန်မဂ်ဖိုလ်တရားတို့ကို မရဘဲလျက် ငါရသည်ဟု လှည့်စားမှုဖြင့် ပြောကြားသောရဟန်းပေတည်း၊ လောကသုံးပါး၌ အကြီးဆုံးသော အဂ္ဂမဟာစောရကြီးဟု ဟော်တော်မူ၏။ အကြီးဆုံးသော ထေယျပရိဘောဂကြီးတည်း၊ သိက္ခာပုဒ်နိဒါန်းပါဠိတော်ကြီး ထင်ရှားရှိလေပြီ။ ဤပဥ္စမအဂ္ဂမဟာစောရကြီး၏ အခြံအရံဖြစ်သော စောရမှု၊ ထေယျမှုတို့သည်လည်း ရှိကုန်၏။ ကုဟန ဝတ္ထုသုံးပါးတို့ပေတည်း၊ ကုဟနဝတ္ထုဆိုသည်ကား မဟုတ်မမှန်ဘဲ စဉ်းလဲလိမ်လည်မှုဖြင့် လူအများတို့၏ အံ့သြဖွယ်ကို ပြုလုပ်ခြင်းတည်း။

လိုရင်းအချုပ်ကား တဏှာသည် – ၁။ မဟိစ္ဆာတဏှာ၊

၂။ ပါပိစ္ဆာတဏှာ။ ထို (၂)ပါးတို့တွင်

၁။ မိမိ၌အမှန်ရှိသော သဒ္ဓါဂုဏ်၊ သီလဂုဏ်၊ သုတဂုဏ်၊ စာဂဂုဏ်၊ ပညာဂုဏ်၊ ဟိရီဩတ္တပ္ပဂုဏ်၊ ဆန္ဒဂုဏ်၊ ဝီရိယဂုဏ် စသည်ကို သူတစ်ပါးတို့သိစေလိုခြင်း၊ လူအများတို့အားပြလိုခြင်း၊ ပြောလိုခြင်းသည်

မဟိစ္ဆာတဏှာမည်၏။ ဤမဟိစ္ဆာတဏှာမှုကား လိမ်လည်စဉ်းလဲမှုမဟုတ်ပေ။

၂။ မိမိ၌မရှိသော သဒ္ဓါဂုဏ်စသည်ကို မိမိ၌ရှိသည်ဟု သူတစ်ပါးကို မှတ်ယူစေလိုခြင်း၊ ပြောလိုခြင်းသည် ပါပိစ္ဆာတဏှာမည်၏။ ဤပါပိစ္ဆာတဏှာသည်ကား လိမ်လည်စဉ်းလဲခြင်းဟူသော ထေယျမျိုးပင်ဖြစ်၏။

ထိုထေယျမျိုးကို ပြု၍ ရရှိသော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည်လည်း ထေယျပရိဘောဂဖြစ်၏။ ပစ္စဝေက္ခဏာဆင်ခြင်သော်လည်း ထေယျပရိဘောဂမှမလွတ်၊ ဤထေယျပရိဘောဂ၏ အပြစ်ကို အဂ္ဂိက္ခန္ဓောပမသုတ် စတုတ္ထပါရာဇိကတို့မှာ ကြောက်မက်ဖွယ်ရာ ဟောတော်မူ၏။ ဝတ္ထုတို့မှာ စတုတ္ထပါရာဇိက၌လည်းကောင်း၊ ပေတဝတ္ထုတို့၌လည်းကောင်း၊ လက္ခဏာသံယုတ်၌လည်းကောင်း၊ ကြောက်မက်ဖွယ်ရာ များစွာ လာရှိကုန်၏။

အကျဉ်းပြဆိုချက်တည်း။

ဣဏပရိဘောဂ

၂။ ဣဏပရိဘောဂ၌ ဣဏဆိုသည်ကား ကြွေးတင်မှု၊ မြီတင်မှု၊ ဝန်တင်မှုအပြစ်ကြီးငယ် အဖတ်တင်မှုကိုဆိုသည်။ လောက၌ ရက်လပိုင်းခြား၍ ပဋိညာဉ်စာချုပ်နှင့် ကြွေးမြီယူကြရာ၌ ရက်လစေ့ရောက်သည့်အခါ ကျေလည်စွာဆပ်ပေးနိုင်သောသူလည်း ရှိသည်၊ မဆပ်ပေးနိုင်၍ အတိုးထက်အတိုး၊ အစီးအပိုးခံရသောသူလည်း ရှိသည်။ ထိုတွင် ရဟန်းတော်တို့မှာ တရားသဖြင့်ရရှိသော ပစ္စည်းလေးပါးတို့ကို အရဏ်ဝတ်ဖြင့်ပိုင်းခြား၍ သူနေ့နှင့်သူကျေလည်စွာ၊ ပစ္စဝေက္ခဏာဆင်ခြင်မှုရှိနေသော ရဟန်းသည် ရက်လစေ့ရောက်သည့်အခါ ကျေလည်စွာဆပ်ပေးနိုင်သော သူနှင့်တူ၏။

သူနေ့နှင့်သူ ကျေလည်စွာ ပစ္စဝေက္ခဏာဆင်ခြင်မှုမရှိသောရဟန်းသည် မဆပ်မပေးနိုင်၍ အတိုးထက်အတိုး အစီးအပိုးခံနေရသော သူနှင့်တူ၏။ ဤနောက်ရဟန်း၏ သုံးဆောင်မှုကို ဣဏပရိဘောဂဟုဆိုသည်၊ အတ္တဒိဋ္ဌိရှိနေကြသော ပုထုဇဉ်ရဟန်းတို့မှာ ပစ္စည်းလေးပါးကို အလှူခံမှုသည် ကြွေးမြီယူမှုနှင့်တူသည်၊ အကျဉ်းချုပ်အဓိပ္ပာယ်တည်း။

ရဟန်းတော်တို့မှာ ပစ္စည်းလေးပါးမှဖြစ်သော ကြွေးမြီတင်မှုနှစ်ပါးရှိ၏။

၁။ လှူဒါန်းသူဒါယကာ၌ အကျိုးယုတ်လျော့ခြင်းတစ်ပါး၊

၂။ အလှူခံ၍သုံးဆောင်သူမှာ သမ္မောဟ၊ ဂေဓ၊ မဒ၊ ပမာဒဟူသော ကိလေသာအညစ်အပြစ်လေးချက် တိုးတက်ပွားများခြင်းတစ်ပါး။

ထိုနှစ်ပါးတို့တွင် လှူဒါန်းသူဒါယကာ၌ ဒါနအကျိုးယုတ်လျော့ခြင်းဆိုသည်ကား ပစ္စဝေက္ခဏာ မဆင်ခြင်လျှင် ထိုရဟန်းမှာ စတုပါရိသုဒ္ဓိသီလလေးပါးတွင် ပစ္စယသန္နိဿိတသီလမရှိ၊ ထိုသီလမရှိသည့်အတွက်ကြောင့် ဒက္ခိဏာဝိသုဒ္ဓိအင်္ဂါတွင် အလှူခံပုဂ္ဂိုလ်သီလရှိစေရမည်ဟူသော ပဓာနအင်္ဂါယုတ်လျော့၏၊ ထိုအင်္ဂါယုတ်လျော့သည့်အတွက် လှူဒါန်းသူဒါယကာ၌ ဒါနအကျိုးယုတ်လျော့၏။

ဥပမာ – ထိုသီလမရှိခဲ့ပါလျှင် တစ်ထောင်တန်အကျိုးပေးမည့် ဒါနသည် အလှူခံပုဂ္ဂိုလ်က ထိုသီလမရှိသည့်အတွက် ငါးရာတန်မျှပေးနိုင်တော့သည်။ ငါးရာတန်မျှယုတ်လျော့လေ၏။ ဒါယကာဘက်၌ ထိုမျှလောက် အကျိုးပေးယုတ်လျော့ခြင်းသည် အလှူခံပုဂ္ဂိုလ်အတွက်ဖြစ်ချေ၍ ထိုအမှုသည် အလှူခံပုဂ္ဂိုလ်အပေါ်၌ ပညာရှိတို့ကဲ့ရဲ့ဖွယ်သော အပြစ်တာဝန်ကြီးတခု အဖတ်တင်လေ၏။ ကြွေးကြီးမြီကြီး ဖိစီးလေ၏။

ဥပမာ – ထိုရဟန်းသည် ထိုကြွေးမြီလွတ်ခဲ့ပါလျှင် တာဝတိံသာဘုံမှာ ဖြစ်ဖို့ရှိလေရာ ထိုကြွေးမြီကြီးဖိစီးသည့်အတွက် စတုမဟာရာဇ်ဘုံမှာ ဖြစ်ရလေ၏။ အထက်စတုမဟာရာဇ်ဘုံမှာ ဖြစ်ဖို့ရှိလေရာ ဤမြေပြင်မှာ ဘီလူးကြီး၊ သရဲကြီး၊ သဘက်ကြီးဖြစ်လေ၏။ စသည်ဖြင့် အလှူခံရဟန်းအတွက်ကြောင့် နှစ်ဘက်အကျိုး ယုတ်လျော့၍သွားပုံကို သိရာ၏။ ဤစကားရပ်၌ ထိုရဟန်းမှာ သီလမရှိဆိုသည်ကား ထိုဒါယကာ၏ အလှူကိုမခံမီကပင် ထိုသီလမရှိသည်ကို ဆိုလိုသတည်း၊ ဤကား –

ဣဏပရိဘောဂေါ ဣဏပရိဘောဂေါ၊ ပဋိဂ္ဂဟကတော ဒက္ခိဏာဝိသုဒ္ဓိယာ အဘာ ဝတော ဣဏံ ဂဟေတွာ ပရိဘောဂေါ ဝိယာတိ အတ္ထော။

ဟူသော မဟာဋီကာနှင့်အညီ လှူဒါန်းသူဒါယကာ၌ ဒါနအကျိုးယုတ်လျော့ခြင်းသည် အလှူခံရဟန်းမှာ ကြွေးမြီတင်မှုကြီးတစ်ပါးဖြစ်ကြောင်းကို ပြဆိုချက်တည်း။

သီလဝတော အပစ္စဝေက္ခိတွာ ပရိဘောဂေါ

ဣဏပရိဘောဂေါ နာမဟု ၁ဋ္ဌကထာဆရာဆိုသောကြောင့် ဣဏပရိဘောဂသည် သီလဝန္တပုဂ္ဂိုလ်မှာရ၏။ ဒက္ခိဏာဝိသုဒ္ဓိအရာ၌ သီလဝန္တရဟန်းသည် အလှူခံပုဂ္ဂိုလ်အတွက် အကျိုးကြီးသောဘက်မှာ လာရှိ၏။ ဒုဿီလရဟန်းသည်သာ အလှူခံပုဂ္ဂိုလ်အတွက် အကျိုးယုတ်လျော့သောဘက်မှာ လာရှိ၏။ ပစ္စဝေက္ခဏာမဆင်ခြင်၍ ပစ္စယသန္နိဿိတသီလမရှိရုံမျှနှင့်လည်း သီလဝန္တမဟုတ်၊ ဒုဿီလဖြစ်ပြီဟုမဆိုရာ။ ထိုဋီကာအလို ဒုဿီလဆိုရာ ကျနေဘိ၏။ ပါဠိအဋ္ဌကထာများနှင့်မညီဟု ဆိုရန်ရှိ၏။

အဖြေကား – ပါရာဇိကလေးပါးလုံခြုံ၍ ရဟန်းစစ်မှန်ပေလျှင် ဒုဿီလမဆိုရ သီလဝန္တဆိုရပေပြီ။ သို့သော် ထိုသီလဝန္တသည် အဆင့်ဆင့်ရှိပြန်၏။ ပါရာဇိကလေးပါးတွင် လုံခြုံ၍အထက်သိက္ခာပုဒ်တွေအားလုံးမလုံခြုံသောသီလဝန္တ ပါရာဇိကလေးပါးနှင့် သံဃာဒိသေသ်တစ်ဆယ့်သုံးပါးတွင်လုံခြုံ၍ အထက်သိက္ခာပုဒ်တွေအားလုံး မလုံခြုံသော သီလဝန္တစသည်ဖြင့် အဆင့်ဆင့်များပြားလျက် ရှိပြန်ရာ၏။

စတုပါရိသုဒ္ဓိ သီလလေးပါးတွင်လည်း ...

၁။ ပထမသီလတွင်မျှ လုံခြုံသော သီလဝန္တ ၂။ နှစ်ပါးသော လုံခြုံသော သီလဝန္တ

၃။ သုံးပါးသော လုံခြုံသော သီလဝန္တ ၄။ လေးပါးလုံခြုံသော သီလဝန္တဟူ၍

အဆင့်ဆင့်ရှိရချေသည်။ သီလဝန္တအဆင့်ဆင့်ရှိကြသည့်အတွက် အလှူဒါယကာ၌ အကျိုးပေးအဆင့်ဆင့် ရှိရာ၏။ ထို့ကြောင့် ဋီကာဆရာသည်လည်း သီလတစ်ပါးလျော့ခဲ့လျှင် ယုတ်လျော့သည့် သီလအတွက် ဒါယကာမှာ အကျိုးပေးယုတ်လျော့ရန်ရှိသည်ဖြစ်၍ ထိုစကားကို ဆိုပေသည်ဟုဖြေ၏။

ပထမကြွေးမြီ အချက်ပြီး၏။

ဒုတိယကြွေးမြီအချက်၌ -

သမ္မောဟ၊ ဂေဓ၊ မဒ၊ ပမာဒ၊ ဟူသော အညစ်အကြေးလေးပါးတွင် ...

၁။ သမ္မောဟဆိုသည်ကား မသိမှုတွေဝေမှုတည်း၊ ထိုတွေဝေမှုသည် အကြမ်းအားဖြင့် ပုတီးစိပ်လေးပုဒ်မှာလာသော ပစ္စည်းလေးပါး၏ အကျိုးအပြစ်ကိုမျှ မသိမှုတည်း၊ အလတ်အားဖြင့် ပဋိကူလမနသိကာရ၊ သမ္ပဇဉ်မနသိကာရ အချက်ကိုမသိမှုတည်း။

၂။ ဂေဓဆိုသည်ကား - မသိသည့်အတွက်ကြောင့် ပစ္စည်းလေးပါး၌ ခင်မက်မှုတည်း။

၃။ မဒဆိုသည်ကား - ပစ္စည်းလေးပါးပြည့်စုံသည့်အတွက်နှင့် တက်ကြွယစ်မူးမှုတည်း။

၄။ ပမာဒဆိုသည်ကား - ယစ်မူးမှုအတွက်ကြောင့် ကုသိုလ်ဘက်နှင့် ဝေးကွာ၍အကုသိုလ်ဘက်မှာ အချိန်ကာလများစွာ ကုန်ဆုံးမှုတည်း။

ဤသို့လျှင် ရဟန်းတော်တို့မှာ ပစ္စည်းလေးပါးနှင့်စပ်လျဉ်း၍ ပစ္စဝေက္ခဏာဆင်ခြင်မှုကင်းသဖြင့် ကိလေသာအညစ်အကြေးလေးပါး နေ့စဉ် တိုးပွားမှုသည်လည်း ကြွေးမြီတင်မှုကြီး တစ်ပါးပေတည်း၊ ဤကားအကျဉ်းပြချက်တည်း။

ဤအရာ၌ ပုတီးစိတ်လေးပုဒ်၏ အဓိပ္ပာယ်ကို အကျဉ်းပြဆိုပေအံ့။

သင်္ကန်းပစ္စည်း၌ ယာဝဒေဝ သီတဿ ပဋိဃာတာယ၌ ...

ယာဝဒေဝါတိ ပယောဇနာဝဓိပရိစ္ဆေဒနိယမဝစနံ၊ တ္တကမေဝ ဟိ ယောဂိနော စီဝရပဋိသေဝနေ ပယောဇနံ၊ ယဒိဒံ သီတဿ ပဋိဃာတာယာတိအာဒိ န တ္တတော ဘိယျော၊ (ဝိသုဒ္ဓိမဂ်)

ဆိုလိုရင်းကား - ယာဝသဒ္ဒါသည် အကျိုးတို့၏ အဆုံးစွန်စည်းကမ်းကို ပိုင်းခြားသောသဒ္ဒါတည်း၊ ဝေသဒ္ဒါသည် ထိုအပိုင်းအခြားကို မလွန်ကျူးစေရ၊ ခိုင်မြဲစေသော သဒ္ဒါတည်းဟု ဆိုလိုသည်။ တ္တကမေဝဟိစသည်ဖြင့် ထိုအနက်ကိုပင် ထင်ရှားစေသည်၊ ထိုတွင် န တ္တတော ဘိယျောဟူသော ပါဠ်ဖြင့် ပိဏ္ဍပါတပုတီးစိပ်မှာကဲ့သို့ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယဟူသော ဝေအနက် ဝေတ္တလေးချက်ကို ပြဆိုသည်။ ငြီကာ၌ပြသော ဝေတ္တလေးချက်သည်လည်း အသံမျှသာကွဲ၏၊ အနက်မှာ ဤလေးချက်အတိုင်းပင် ကျ၏။

ဆိုလိုရင်းအဓိပ္ပာယ်ကား - ဆောင်းရာသီ၌ လူတစ်ယောက်သည် သင်္ကန်းကြီးနှစ်ထည်ကို ယူခဲ့၍ ရဟန်းတော်အား အလိုရှိရာ တစ်ထည်ထည်ကိုဖြစ်စေ၊ နှစ်ထည်လုံးကိုဖြစ်စေ၊ အလှူခံတော်မူပါဟုဆို၏။ နှစ်ထည်တွင်လည်း တစ်ထည်ကားပိုးချည်သင်္ကန်းတည်း၊ တစ်ထည်ကား ဝါချည်သင်္ကန်းတည်း၊ ထိုအခါ ရဟန်းတော်မှာ ယာဝဒေဝ သီတဿ ပဋိဃာတာယနှင့်ညီစွာခံယူခဲ့သော် ဝါချည်သင်္ကန်းကြီးကို သာခံယူရာ၏။ ပိုးချည်သင်္ကန်းကိုမခံလိုဟု ပယ်လိုက်ရာ၏။ သို့မှ ယာဝဒေဝနှင့်လည်းညီမည်၊ ယောနိသောလမ်းလည်း ဖြောင့်မည်၊ ညီပုံဖြောင့်ပုံကား ရဟန်းတော်၌ ထိုသင်္ကန်းအတွက် လိုအပ်သောအကျိုးမှာ -

၁။ ဟိရီဩတ္တပ္ပကို စောင့်ရှောက်ရန်တစ်ချက်၊

၂။ ဆောင်းရာသီဖြစ်၍ အေးချမ်းမှုကို ကာကွယ်ရန်တစ်ချက်၊

ဤနှစ်ချက်သာ လိုရင်းဖြစ်၏။ ဤနှစ်ချက်လုံလောက်လျှင် ဆောင်းရာသီ၌ သင်္ကန်းအတွက် ကိစ္စကုန်၏။ ကိစ္စကုန်ရုံမျှတွင် စည်းကမ်းပိုင်းပိုင်း ခြားခြားခိုင်မြဲစွာထားရမည်၊ စည်းကမ်းကို ကျူးလွန်၍

တဏှာအတွက်နှင့် မရောင်းတတ်ရ၊ ယာဝသဒ္ဒါနှင့် ဝေသဒ္ဒါကိုကြည့်၊ ထိုလိုရင်းနှစ်ချက်တွင်လည်း အေးချမ်းခြင်းကိုကာကွယ်မှုမှာ ဝါချည်းသက်န်းသည် သာ၍စွမ်းနိုင်၏။ ဟိရီဩတ္တပ္ပကို စောင့်ရှောက်မှုမှာလည်း စွမ်းနိုင်သည်သာဖြစ်၏။ ထိုလိုရင်း အကျိုးနှစ်ချက်မှာ ပိုးချည်သက်န်းက ဝါချည်သက်န်းလောက် မစွမ်းနိုင်။

ဝေသဒ္ဒါဖြင့် ပယ်လှန်ရသော အပြစ်စုနှင့် မျှော်ရှုပြန်သော် ဒဝတဏှာ၊ မဒမာန၊ မဏ္ဍနတဏှာ၊ ဝိဘူသနတဏှာစုသည် ဝါချည်သက်န်းမှာ နည်းပါး၏။ ပိုးချည်သက်န်းမှာ အလွန်အားကြီး၏။ အထက်က ပြဆိုခဲ့သော သမ္မောဟ၊ ဂေဓ၊ မဒ၊ ပမာဒ၊ ဟူသော ကိလေသာ အညစ်အကြေး လေးချက် တိုးတက်ပွားများရန်မှာလည်း ဝါချည်သက်န်းမှာနည်းပါး၍ ပိုးချည်သက်န်းမှာ အလွန်အားကြီး၏။ ပျောက်မည်ပျက်မည် အတွက်ကြောင့်ကြဗျာပါဒ ပိုမိုမှုသည်လည်း ဝါချည်သက်န်းမှာ နည်းပါး၏။ ပိုးချည်သက်န်းမှာ များပြား၏။ ရဟန်းတော်တို့ အထူးနှစ်သက်အပ်သော ဂုဏ်တော်သုံးပါးနှင့်လည်း ဝါချည်သက်န်းက ညီညွတ်၏။ ပိုးချည်သက်န်းက မညီညွတ်။

ဂုဏ်တော်သုံးပါးဆိုသည်ကား ။ အပ္ပဂ္ဃာနိ စ ဟောန္တိ သုလဘာနိ စ အနဝဇ္ဇာနိ စ–ဟု ဟောတော်မူအပ်သော ဂုဏ်သုံးပါးပေတည်း။

၁။ အဖိုးမထိုက်ခြင်းဂုဏ်တစ်ပါး၊

၂။ ဘယ်အခါမဆို ဘယ်အရပ်မှာမဆိုရလွယ်ခြင်း ဂုဏ်တစ်ပါး၊

၃။ ပြဆိုခဲ့ပြီးသော အပြစ်မျိုးတို့မှကင်းလွတ်ခြင်း ဂုဏ်တစ်ပါးဟူလိုသည်။ ဤသို့ စသည်ဖြင့် ပိုချည်သက်န်းဘက်မှာ အလွန်ပြစ်များ၏။ ထို့ကြောင့် ပိုးချည်သက်န်းကို ပယ်လှန်၍ ဝါချည်သက်န်းကိုခံယူမှ ယာဝဒေဝနှင့်လည်းညီမည်၊ ယောနိသောလမ်းလည်းဖြောင့်မည်ဟု ဆိုပေသတည်း။

ဥဏှာသ ပဋိဃာတာယမှာ နွေလအချိန် နေပူကိုကာကွယ်ရန်ကိစ္စ ခွံသမကာသ(ပ)။ ပဋိဃာတာယမှာ မိုးလေးလအခါ၌ ခြင်၊ မှတ်စသည်ကို ကာကွယ်ရန်ကိစ္စတို့နှင့် ဟိရီဩတ္တပ္ပကို စောင့်ရှောက်ရန်ကိစ္စဘက်တွဲ၍ ယောနိသောအနက်သွား၊ ယာဝဒေဝအနက်သွားကို ဖြောက်မတ်စွာဆိုလေ၊ နောက် ပုတီးစိပ်သုံးမျိုးတို့မှာလည်း ဤနည်းကို မှီး၍ဖြစ်ကြံလေ။ အထက်စကား၌ ...

ဒဝ ဆိုသည်ကား – ထိုသက်န်းကို ဝတ်ရုံ၍ စိတ်နောက်ကိုယ်ပါ အပျော်ပါးလိုက်စားမှုတည်း။

မဒ ဆိုသည်ကား – ထိုသက်န်းကို ဝတ်ရုံ၍ စိတ်၏တက်ကြွယစ်မူးမှု။

မဏ္ဍန ဆိုသည်ကား – အသွေးအရောင်ပြောင်မှု၊ ရွှန်းမှုကို သာယာ၍ဝတ်ရုံခြင်းတည်း။

ဝိဘူသနဆိုသည်ကား – လုံးရပ်သဏ္ဍာန်တင့်တယ်ရန် သာယာ၍ ဝတ်ရုံမှု။

ဤကား ပုတီးစိပ်ပါဠိတွင်လာသော အပြစ်လေးပါးတည်း။

လောက၌ လူအများတို့သည် အဝတ်ကိုဝတ်ကြရုံကြရာ၌ ပစ္စဝေက္ခဏာဆင်ခြင်မှုဟူ၍ မရှိကြကုန်ပြီ။ ဝတ်မြဲရုံမြဲ၊ အများနည်းအတိုင်းသာဝတ်ကြ၊ ရုံကြ၏၊ သမ္မောဟအမှုကြီးပေတည်း။ ရဟန်းတို့မှာ ပစ္စဝေဏာမဆင်ခြင်မှု၍ ဝတ်မြဲရုံမြဲ အများနည်းအနေနှင့်ဝတ်ရုံမှုကြီးသည် သမ္မောဟအမှုကြီးပေတည်း။ သမ္မောဟရှိနေလျှင် ဂေဓ၊ မဒ၊ ပမာဒတို့လည်း ပါရှိကြကုန်တော့သည်။ ဤသတ္တဝါတို့မှာ အဝတ်အရုံကို စွဲ၍ဖြစ်သော အဝိဇ္ဇာနုသယ၊ တဏှာနုသယ၊ မာနာနုသယတို့သည် တစ်နေ့တခြား တိုးပွား၍သာနေကုန်၏။

ဤသာသနာ၌ ရဟန်းပြုကြရသည်မှာ အနုသယဟောင်းတို့ကို ပယ်သက်ရန်ပြုကြရ၏။ ပစ္စဝေက္ခဏာဆင်ခြင်မှုသည် အသစ်တိုးပွားသည့် အနုသယတို့ကို မတိုးပွားရအောင် ပယ်ရှားမှုကြီးပေတည်း၊ အသစ်တိုးပွားမှုကို ပစ္စဝေက္ခဏာဆင်ခြင်မှုဖြင့် သုတ်သင်ပယ်ရှင်း၍ အနုသယဟောင်းတို့ကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်ဖြတ်ရသတည်း။ ဝိပဿနာကိုမလုပ်နိုင်သေး၍ အနုသယဟောင်းတို့ကို မပယ်နိုင်သေးလျှင် ရှိစေဦး၊ ရဟန်းပြုလုပ်ရာမှ အနုသယသစ်တွေနေ့စဉ် မတိုးပွားစေအပ်ဟူလိုသည်။

သီလဝန္တဆိုရသော ရဟန်းတော်တို့မှာ ပစ္စဝေက္ခဏာမဆင်ခြင်လျှင် ဣဏပရိဘောဂဖြစ်သည့်အတွက် အပါယ်သို့ကျရောက်ကြောင်းကို ဓမ္မပဒပါဠိတော် **(ဒု-၂၁၉)** ၌ ဟောတော်မူ၏။

အယသာဝ မလံ သမုဋ္ဌာယ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။

ဧဝံ အတိဓောနစာရိနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

ဧဝံတထာ-ထို့အတူ၊ အတိဓောနစာရိနံ-ပစ္စည်းလေးပါး၌ သမ္ဘောဟ၊ ဂေဓစသော အညစ်အကြေးတို့ကို ခါတွက်ဆေးလျှော်ကြောင်းဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ပညာကို ကျူးလွန်၍ကျင့်သောရဟန်းကို၊ သာနိကမ္မာနိ-ထိုမိမိသန္တာန်၌ နေ့စဉ်ဖြစ်ပွားသော ဣဏပရိဘောဂအမှုတို့သည်၊ ဒုဂ္ဂတိံ-အပါယ်လေးပါးသို့၊ နယန္တိ-ပို့ချကြကုန်၏။

ဤဂါထာတွင် အတိဓောနစာရိနံပုဒ်၌ ကိလေသမလာနိ ဓုနန္တိ ဓောနာတိ ဓောနံဟူ၍ လည်းကောင်း။ ဓောဝန္တိ ဓောနာတိ ဓောနံဟူ၍လည်းကောင်း ဝိဂြိုဟ်ပြု၍ ပစ္စဝေက္ခဏာဉာဏ်ပညာကို ဓောနဟူ၍ဆိုသည်၊ ပစ္စဝေက္ခဏာဆင်ခြင်မှုနှင့် ကင်းလွတ်၍ သုံးဆောင်သည်ကို အတိဓောနစာရိဟုဆိုသည်၊ ဝတ္ထုမှာ ဇေတဝန်ကျောင်းတော်တွင်း၌ တိဿအမည်ရှိသော ရဟန်းတော်သည် ရုတ်တရက်ရောဂါနှင့် သေဆုံးလေရာ သင်္ကန်း၌သာယာသောတဏှာကြောင့် ထိုသင်္ကန်းမှာပင် သန်းတိရစ္ဆာန်ဖြစ်၍ အပါယ်သို့ ကျသောဝတ္ထုကို အဋ္ဌကထာ၌ ထိုဂါထာ၏ နိဒါန်းတွင်ပြဆိုသည်။ **(ဓမ္မပဒအဋ္ဌကထာ-ဒု-စာ-၂၁၈)**

ရှေး၌ သမ္ဘောဟ၊ ဂေဓ၊ မဒ၊ ပမာဒဟူသော ကိလေသာအညစ် အပြစ်လေးပါး နေ့စဉ် ပွားမှုစကားကိုလည်း ဤဂါထာ၌လာသော သံချေး၊ ဉပမာကိုမျှော်၍ ဆိုသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဋီကာများမှာလည်း ထိုအပြစ်လေးပါးလာရှိ၏။ ရဟန်းတော်တို့မှာ ဣဏပရိဘောဂအတွက် အပါယ်သို့ကျရောက်ကြောင်းကို ကေကနိပါတ်ဇာတ်အဋ္ဌကထာ၌လည်း အသေအချာ လာသည်။

လိတ္တံ ပရမေန တေဇသာတိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော အပစ္စဝေက္ခိတွာ ပရိဘောဂံ ဘိက္ခုံ အာရဗ္ဘ ကထေသိ၊ တသ္မိံ ကိရ ကာလေ ဘိက္ခူ စီဝရာဒီနိ လဘိတွာ ယေဘုယျေန အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇန္တိ၊ တေ စတ္တာရော ပစ္စယေ အပစ္စဝေက္ခိတွာ ဘုဉ္ဇမာနာ ယေဘုယျေန နိရယတိရစ္ဆာနယောနိတောန မုစ္စန္တိ။

အစရှိသည်ဖြင့် ကေကနိပါတ် လိတ္တဇာတ်အဋ္ဌကထာ၌လာ၏။

ဤပါဠိ၌ ယေဘုယျေနဆိုသည်ကား ထိုလက်ထက်တော်အခါမှာပင် ပစ္စဝေက္ခဏာမဆင်ခြင်သော ရဟန်းတို့သည် ပျံလွန်တော်မူကြသည့်အခါ တကျိပ်မှာ ၆ ပါး၊ ၇ ပါး အောက်မနည်းဘဲ ငရဲတိရစ္ဆာန်ဘဝသို့ ကျရောက်ကြလေကုန်၏။ တစ်ရာမှာ ၆၀၊ ၇၀ အောက်မနည်းဘဲ တစ်ထောင်မှာ ၆၀၀၊ ၇၀၀၊ အောက်မနည်းဘဲ ငရဲတိရစ္ဆာန်ဘဝသို့ ကျရောက်ကြလေကုန်၏ ဟူလိုသည်၊ လက်ထက်တော်မှာပင် ထိုမျှလောက်ရှိနေသေး၏။ ယခုအခါ ငါတို့လက်ထက်မှာ ဘုန်းကြီးပုံတွေ ဘယ်လိုနေကြမည်မသိဟု သံဝေဂရဖို့ကောင်းလှ၏။

န မုစ္စန္တိ–ဆိုသည်ကား ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေဟူသည်နှင့် အတူပေတည်း။ ရေနက်ထဲ၌ ခဲထုပ်ကိုချလိုက်ဘိသကဲ့သို့ ဟူလိုသည်။

ဘိက္ခဝေ စတ္တာရော ပစ္စယေ ဧဝံ ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ အပစ္စဝေက္ခိတွာ ပရိဘောဂေါ နာမ ဟလာဟလဝိသပရိဘောဂသဒိသော (ငှင်း အဋ္ဌကထာ)

သဒ္ဓါဒေယျလှူဒါန်းအပ်သော ပစ္စည်းလေးပါးများသည် ထေယျပရိဘောဂမှာ ရဲရဲငြိသောသံတွေ ခဲနှင့်တူ၏။ ဣဏပရိဘောဂမှာ လတ်တလောသေစေတတ်သော အဆိပ်ဆေးနှင့်တူ၏။ ဤမျှသာကွဲကြ၏။ မိမိတို့သန္တာန်၌ အတ္တဒိဋ္ဌိဟူသော အနာဆိုးကြီး ရောဂါဆိုးကြီး ရှိနေကြသည့်အတွက်ပေတည်း။ သက်နီးမည်သည် အရဟတ္တဓဇ ရဟန္တာတို့၏တံခွန်ပေတည်း။ သင်္ကန်းဝတ်ရုံမှုသည် ငါကားရဟန္တာတို့၏ အနွယ်ပေတည်းဟု ဝန်ခံချက်ကြီးပေတည်း၊ ထိုဝန်ခံချက်ကြီးကို ယုံကြည်အားကိုး၍ လှူဒါန်းကြသည့်အတွက် ထိုမျှလောက် နက်နဲလျက်ရှိလေသတည်း။

ငှင်း ကေကနိပါတ် ဝိသာသဘောဇနဇာတ်၌လည်း ...

တသ္မိံ ကိရ သမယေ ယေဘုယျေန ဘိက္ခူ မာတရာ နော ဒိန္နံ၊ ပိတရာ နော ဒိန္နံ၊ ဘာတရာ ဘဂိနိယာ စူဠမာတရာ စူဠပိတရာ မာတုလေန မာတုလာနိယာ ဒိန္နံ၊ အမှာကံ ဂိဟိကာလေပိ ဘိက္ခုကာလေပိ ဧတေ ဒါတုံ ယုတ္တရူပါ ဝါ တိ ဉာတီဟိ ဒိန္နေ စတ္တာရော ပစ္စယေ ဝိဿဋ္ဌာ ဟုတွာ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇန္တိ။ သတ္ထာ တံ ကာရဏံ ဉတွာ မယာ ဓမ္မဒေသနံ ကာတုံ ဝဋ္ဋတီတိ ဘိက္ခူ သန္နိပါတေတွာ ဘိက္ခဝေ ဘိက္ခူ နာမ ဉာတီဟိပိ အညာတီဟိပိ ဒိန္နကေ စတ္တာရော ပစ္စယေ ပစ္စဝေက္ခိတွာဝ ပရိဘောဂေါ ကာတဗ္ဗော၊ အပစ္စဝေက္ခိတွာ ပရိဘောဂံ ကတွာ ကာလကိရိယမာနော ဘိက္ခု ယက္ခပေတအတ္တဘာဝတော န မုစ္စတိ၊ အပစ္စဝေက္ခိတွာ ပရိဘောဂေါ နာမေသ ဝိသပရိဘောဂသဒိသော စသည်ဖြင့်လာ၏။

အစ၌ ယေဘုယျေနပုဒ်ကို အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇန္တိ၊ ယက္ခပေတအတ္တဘာဝတော နမုစ္စတိ၊ တစ်ကျိပ်မှာ ၆ ပါး၊ ၇ ပါး၊ ဘီလူးသရဲ သဘက်၊ ပြိတ္တာဖြစ်လေ၏ဟု အဓိပ္ပာယ်ဆိုလေ။ ။ လက်ထက်တော်မှာပင် ထိုမျှလောက်ရှိချေသေး၏။ ယခုကာလ ငါတို့လက်ထက်မှာ ဘုန်းကြီးပျံတွေ ဘယ်လိုနေကြမည်မသိဟု သံဝေဂယူကြလေ။ ။ လက်ထက်တော်ဆိုရာမှာလည်း ပစ္စဝေက္ခဏာကို ဘုရားမဟောမီဆိုလိုသည်။

ဤအဋ္ဌကထာ၌ ဘီလူးနှင့်ပြိတ္တာဖြစ်ကြောင်း လာသည်။ ရှေးဇာတ်အဋ္ဌကထာ၌ ငရဲနှင့်တိရစ္ဆာန်ဖြစ်ကြောင်းလာသည်။ နှစ်ချက်စပ်မိလျှင် လေးမျိုးရ၏။ ဘုန်းကြီးသေ၍ ဘီလူးဖြစ်သောဝတ္ထုတို့မှာ ပေမဝတာ၊ သာတာဂိရိ၊ အာဠာဝက၊ သူစိလောမ၊ ခရလောမတို့ဝတ္ထု၊ ပြိတ္တာဖြစ်ကြသော ဝတ္ထုမှာ ပေတဝတ္ထုရှိလေပြီ။ အကျယ်ကိုအလိုရှိလျှင် ထိုနိပါတ် ထိုဇာတ်တို့မှာယူကြလေ။

သီလဝန္တရဟန်းတို့ အပါယ်ကျရန်အကြောင်းစကား

၁။ ဤပစ္စည်းလေးပါး၌ တွယ်ငြိသော ဣဏပရိဘောဂမှုကြီးတစ်ပါး။
၂။ ဝိနည်းတရားစီရင်ရာ၌ ဆန္ဒာဂတိလိုက်စားမှုကြီးတစ်ပါး၊
၃။ မာန်မာနကြီးတစ်ပါး

၄။ ဣဿာ မစ္ဆရိယကြီးမှုတစ်ပါး၊
၅။ အမဲသားငါး အစားကောင်း၊ အသောက်ကောင်း ကြိုက်မှုကြီးတစ်ပါး။

ဤကား ဘုန်းကြီးသေလျှင် ဘီလူး၊ သဘက်ဖြစ်ကြောင်းစုတည်း။ ဘယ်လိုပင် ဝိနည်းသိက္ခာ သီလကောင်းသော်လည်း ဘယ်လိုပင် စာပေကျွန်းဂန်တတ်သော်လည်း ထိုအမှုစု တစ်ခုခုအားကြီးလျက် ရှိနေခဲ့လျှင် ဝိနည်းသိက္ခာ သီလကောင်းမှုလည်း မကယ်နိုင်၊ စာပေကျမ်းဂန်တတ်မှုလည်း မကယ်နိုင်၊ ဘီလူးသားရဲသဘက်နှင့် ထို၏သက်ရာငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ။ မလွဲနိုင်ပြီ။

ဤအရာ၌ အချို့သူတို့သည် ဝိနည်းသိက္ခာပုဒ်လုံခြုံလျှင် အပါယ်သို့မကျနိုင်ဟု ထင်နေကြကုန်၏။ အချို့သူတို့သည် ကမ္မပထမြောက်လောက်သော ဒုစ္စရိုက်မှုကင်းလွတ်၍ အပါယ်သို့မကျနိုင်ဟု ထင်နေကြကုန်၏။ ဝိနည်းသိက္ခာလုံခြုံသော်လည်း အပါယ်သို့ကျနိုင်သည်သာ အမှန်ဖြစ်၏။ အဘယ်သို့ ကျနိုင်သနည်းဟူမူ ဤသတ္တဝါတို့မှာ အနမတဂ္ဂသံသရာမှ ကမ္မပထမြောက်ပြီး ဒုစရိုက်ကံကြီးပေါင်း အသောင်းအသိန်းမက ဖြစ်လေရာရာ အစဉ်ပါရှိ၍နေကြ၏။ လူတို့မှာ ယစ်မျိုးစွဲလမ်းမှုများသည် ထိုကဲ့သို့သော ကံဟောင်းမျိုး၏ ဥပနိဿယကြီးဖြစ်၍ ထိုကံဟောင်းက ဇနကကိစ္စ၊ ယစ်မျိုးစွဲမြဲမှုက ဥပနိဿယကိစ္စဘက် တွဲကြပြီးလျှင် ထိုသူကို အပါယ်ငရဲသို့ မချွတ်မလွဲ အမြဲချနိုင်သကဲ့သို့ ရဟန်းတို့မှာလည်း ကံဟောင်းက ဇနကကိစ္စ ဣဏပရိဘောဂမှုစသည်တို့က ဥပနိဿယကိစ္စဘက်တွဲကြပြီးလျှင် ထိုရဟန်းကို အပါယ်ငရဲသို့ မချွတ်မလွဲ အမြဲချနိုင်ကြကုန်၏။

မှတ်ချက်။ ။ ယစ်မျိုးသောက်မှုသည် ကမ္မပထမှုမျိုးမဟုတ်ဆိုသော်လည်း သေခါနီးတိုင်အောင် စွဲမြဲသောသူမှာ ထိုယစ်မျိုးမှုအတွက် အပါယ်ငရဲသို့ မလွဲနိုင်ရာပြီ။

သတ္တဝါတို့မှာ အကုသိုလ်ကံဟောင်းသာရှိနေကြသည်မဟုတ်၊ ကုသိုလ်ကံဟောင်းများလည်း ရှိကြသည်ပင် မဟုတ်လောဟူမူ၊ အတ္တဒိဋ္ဌိရှိနေကြသောသူတို့မှာ ကုသိုလ်၏အင်အားထက် အကုသိုလ်၏အင်အားက အထောင်အသောင်းမက ကြီးကျယ်လျက်ရှိနေကြ၏။ ထို့ကြောင့် ဝိနည်းသိက္ခာပုဒ်လုံခြုံသော်လည်း ဣဏပရိဘောဂမှု အားကြီးစွာရှိနေကြသော ရဟန်းတို့မှာ ထိုအမှုအတွက် ယေဘုယျအားဖြင့် အပါယ်သို့ ကျရောက်ကြကုန်၏။ နောက် ကမ္မပထဒုစရိုက်ဆရာတို့ အထင်သည်လည်း ဤအဖြေမှာ ပါဝင်လေပြီ။

မြတ်စွာဘုရားသည်လည်း ဣဏပရိဘောဂအတွက် ယေဘုယျအပါယ်ကျအပြစ်ကြီးကို မြင်တော်မူသည်ဖြစ်၍ ဓမ္မဒါယဒသုတ်၌ –

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ ကိန္တိ မေ သာဝကာ ဓမ္မာဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ ဟူ၍ ဟောတော်မူသည်။

ဤ၌ အာမိသအမွေကို ခံယူဆိုသည်ကား။ ဣဏပရိဘောဂအနေနှင့် ခံယူသုံးဆောင်မှုကိုဆိုသတည်း။ ထိုအာမိသအမွေကိုခံယူမှုမှ ကင်းလွတ်ကြစေရန် ပုတီးစိပ်လေးပုဒ်နှင့် ပစ္စယသန္နိဿိတသီလ အစီရင်ကို စီရင်ဟောကြားထားတော်မူခဲ့ပေသတည်း။

အနုကမ္ပာဆိုသည်ကား ။ ဤအရာ၌ မြတ်စွာဘုရားတို့၏ ကြောင့်ကြတော်ကြီးဆိုလိုသည်။ ဤအရာ၌ ဣဏပရိဘောဂမှု လွတ်ကင်း၍ ပစ္စယသန္နိဿိတသီလဖြစ်စေခြင်းငှါ ပစ္စဝေက္ခဏာဆင်ခြင်ရာ၌

အချို့ဆရာတို့သည်။ ပဋိသန္ဓေ ယောနိသော အစရှိသော ပုတီးစိပ်ပါဠိကို အခေါက်များစွာ ရွတ်ဆို၍ ပုတီးစိပ်လျှင်ပင် ပုတီးစိပ်ကိစ္စပြီးစီးသည်ဟု ပြောဆိုကြကုန်၏။ အချို့ဆရာတို့သည် အနက်ပါဆင်ခြင်နိုင်မှ ကိစ္စပြီးစီးသည်ဟု ပြောဆိုကြကုန်၏။

အမှန်မှာမူကား – ပဋိသန္ဓေ ယောနိသောဟူသည်နှင့်အညီ ပစ္စယသန္နိဿိတသီလဆိုသည်ကား ပဋိသန္ဓေနညာဏ်ကိုဆိုသည်၊ ရှေ့၌ပြဆိုခဲ့ပြီးသည့်အတိုင်း ယောနိသောအနက်သွားလမ်း၊ ယာဝဒေဝအနက်သွားလမ်းတို့ကို ဖြောင့်တန်းစွာ မြော်မြင်နိုင်သော ပစ္စဝေက္ခဏာဉာဏ်ပေတည်း၊ ထိုဉာဏ်ပညာဖြင့် ဆင်ခြင်၍ စင်ကြယ်မှုတည်ရှိနေသည်ကိုလည်း ပစ္စယသန္နိဿိတသီလဆိုရာ၏။ ထို့ကြောင့် အဋ္ဌကထာတို့၌

ပစ္စယသန္နိဿိတသီလံ ပညာယ သမ္ပာဒေတဗ္ဗံ၊ ပညာသာဓနံ ဟိ တံ၊ ပညာဝတော ပစ္စယေသု အာဒီနဝါနိသံသဒဿနသမတ္ထဘာဝတောဟူ၍ မိန့်ဆိုကြပေ၏။ ထို့ကြောင့် ပုတီးစိပ်ပါဠိမျှကို အခေါက်များစွာ ရွတ်ဆို၍ ပုတီးစိပ်ရုံမျှနှင့်ကိစ္စမပြီးလေ၊ ဆင်ခြင်မှုဉာဏ်ပညာမပါဘဲကျက်အံ၍ ကျေလည်စွာရသဖြင့် အနက်မျှကိုရွတ်ဆို၍ ပုတီးစိပ်သော်လည်း ကိစ္စမပြီးလေ၊ ဣဏပရိဘောဂမှ မလွတ်ဟူလိုသည်။

ယောနိသောအနက်လမ်း ဖြောင့်တန်းစွာ မြော်မြင်နိုင်ပါ၏။ မြော်မြင်ဆင်ခြင်ပါ၏၊ ပစ္စည်းလေးပါး၌ ဂေဓ၊ မဒ၊ ပမာဒ တို့သည်မှာမူကား မလွတ်ကင်းကုန်၊ ပစ္စည်းလေးပါး၌ အကောင်းထက်အကောင်း ခံယူမှု၊ ခင်တွယ်မှု၊ သိမ်းဆည်းမှုတို့သည်ကား ရှိနေပြန်၏။ ထိုရဟန်းမှာ ပစ္စယသန္နိဿိတသီလတည်ပါမည်လောဟု မေးရန်ရှိ၏။

သမ္မောဟလွတ်ကင်းသည့်အတွက် တစိတ်တဒေသမျှ တည်ရှိပါ၏။ ဂေဓ၊ မဒ၊ ပမာဒ ရှိနေသည့်အတွက် ဣဏပရိဘောဂမှမလွတ်ဟု ဖြေလေ။

အချို့သောပုဂ္ဂိုလ်တို့သည် နဂိုစရိုက်စင်ကြယ်သည့်အတွက် ပစ္စည်းလေးပါး၌ ဂေဓ၊ မဒ၊ ပမာဒ တို့မှ လွတ်ကင်းပါ၏။ ဆင်ခြင်မှုကားမရှိ၊ ထိုသူမှာ ထိုသီလတည်ရှိပါမည်လောဟူမူ၊ မြောက်ကျွန်းသူများ၏ ငါးပါးသီလသည် စေတနာသီလ၊ ဝိရတီသီလ၊ သံဝရသီလကားမဟုတ်၊ ပကတိသီလဟူ၍ ဆိုရသကဲ့သို့ ပဋိသန္ဓေနသီလကားမဟုတ် ပကတိသီလဆိုရ၏။ သမ္မောဟအတွက် ဣဏပရိဘောဂစွန်းမလွတ်ချေ။ သို့သော် သီလအရာမျှဖြစ်၍ သမ္မောဟကိုသုတ်သင်မှုသည်လည်း အရေးကြီးလှသော ဂေဓ၊ မဒ ပမာဒတို့ကို သုတ်သင်နိုင်ရန်အတွက်ပေတည်း။ ထို့ကြောင့် သမ္မောဟအတွက် ဝန်မလေးလှပေ။

အချို့သော သူတို့သည်ကား စာပေကျမ်းဂန်မှုနှင့်သော်လည်းကောင်း၊ ဘာဝနာမှုနှင့်သော်လည်းကောင်း၊ နေ့နေ့ညည အချိန်ကုန်ကြသောရဟန်းတို့မှာ ပစ္စဝေက္ခဏာအထူးဆင်ခြင်ဘွယ်မရှိ၊ ထိုကုသိုလ်နှင့်ပင် ဣဏပရိဘောဂမှ လွတ်ကင်းစင်ကြယ်မည်လေတော့သည်ဟု အယူရှိကြကုန်၏။ ထိုသူတို့မှာ အလွန်အရေးကြီးလှသော ဂေဓ၊ မဒ၊ လွတ်ကင်းကြလောဟု ဆင်ခြင်ရန်ရှိချေ၏။ ပမာဒမှုမရှိကြသည့်အတွက် အပြစ်မှုကား ပေါ့ရာ၏။

ပြီး၏။

ဒါယဇ္ဇပရိဘောဂ

၃။ ဒါယဇ္ဇပရိဘောဂ၌ အမွေခွဲမှုနှင့်ရရှိ၍ သုံးဆောင်မှုကို ဒါယဇ္ဇပရိဘောဂဆိုသည်၊ မြတ်စွာဘုရား၏ အမွေတော်ကို ခံယူသုံးဆောင်ခြင်းဟူလိုသည်။ မြတ်စွာဘုရား၏ အမွေတော်သည် အာမိသ အမွေ၊ ဓမ္မအမွေဟူ၍ အမွေနှစ်ပါးရှိ၏။ ထိုတွင် –

၁။ ပစ္စည်းလေးပါးကို အာမိသ အမွေဆိုသည်၊

၂။ ဗောဓိပက္ခိယတရား (၃၇)ပါးကို ဓမ္မအမွေဆိုသည်၊

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး သေက္ခအရိယာပုဂ္ဂိုလ် (၇)ယောက်တို့သည် မြတ်စွာဘုရား၏သားတော် အစစ်ဖြစ်ကြကုန်၍ အမွေခံပုဂ္ဂိုလ်တို့ပေတည်း၊ သားတော်အစစ်ဖြစ်ပုံကား၊ ဒိဋ္ဌိဝိစိကိစ္ဆာရှိနေကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရဟန်းတော်ပင်ဖြစ်ကြကုန်သော်လည်း သားတော်အစစ်မဟုတ်ကြကုန်၊ အကြောင်း မူကား ထိုသူတို့သည် ထိုတရားနှစ်ပါးရှိနေကြသည့်အတွက် ယခုနေ့မှာ ဘုရားတပည့်၊ နက်ဖြန်မှာ ဘုရား ရန်သူဖြစ်နိုင်သောအဖို့၌ တည်နေလျက် ရှိကြကုန်သောကြောင့်တည်း။ ထိုဒိဋ္ဌိဝိစိကိစ္ဆာကို အမြစ်ပါပယ်ရှင်းကြ ကုန်ပြီးသော ထိုအရိယာပုဂ္ဂိုလ်တို့သည်မူကား ထိုပယ်ရှင်းသောခဏမှစ၍ နိဗ္ဗာန်ဝင်ကြသည့် ဘဝတိုင်အောင် ဘုရား၏သားတော်အဖြစ် အစဉ်မြဲကြလေတော့သည်။ ထို့ကြောင့် ထိုအရိယာပုဂ္ဂိုလ်တို့သည်သာလျှင် ပရမတ္ထ သားတော်အစစ် ဖြစ်ကြပေကုန်သည်။ သားတော်အစစ်ဖြစ်ကြကုန်သည်နှင့်တစ်ပြိုင်နက် ဣဏပရိဘောဂ နယ်ကိုလည်း လွန်မြောက်ကြကုန်၏။ မြတ်စွာဘုရား၏ အမွေခံသားတော်အဖြစ်သို့ ရောက်ကြကုန်၏။

ဣဏပရိဘောဂကို လွန်မြောက်ပုံကား

ထိုအရိယာပုဂ္ဂိုလ်တို့မှာ သီလသိက္ခာ ပျက်ကွက်လျော့ပါးသောပုဂ္ဂိုလ်၊ သီလသိက္ခာပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ အထူးမရှိကြကုန်ပြီ၊ သီလေသု ပရိပူရကာရီပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ သီလသိက္ခာတည်နိုင်ပြည့်စုံ သည်ချည်းဖြစ်ကြကုန်၏။ သို့အတွက် လှူဒါန်းသူဒါယကာတို့၌ အလှူခံပုဂ္ဂိုလ်အတွက်နှင့် အကျိုးပျက် ကွက်ယုတ်လျော့ခြင်းမရှိလေပြီ၊ သောတာပန်ရဟန်းကိုလှူလျှင် သောတာပန်အလိုက်ရထိုက်သော အကျိုးကို ရနိုင်ကြကုန်တော့သည်။ သကဒါဂါမ်ရဟန်းကို လှူလျှင် သကဒါဂါမ်အလိုက် အနာဂါမ်ရဟန်းကိုလှူလျှင် အနာဂါမ်အလိုက်ရထိုက်သောအကျိုးကို ရနိုင်ကြကုန်တော့သည်။ ထို့ကြောင့် အလှူဒါယကာတို့၌ အကျိုးပေး ပျက်ကွက် ယုတ်လျော့မှုအတွက်နှင့် အလှူခံပုဂ္ဂိုလ်မှာ ကြွေးမြီအတင်အရှက်မရှိပြီ။ သက်နှင်းဟူသော အရဟတ္တဓဇကိုဝတ်ဆင်သော ပဋိညာဉ်မှုကြီးလည်း ပြေကုန်လေတော့သည်။

အနတ္တသမ္မာဒိဋ္ဌိဉာဏ်ကြီး အလင်းပေါက်သည့်အတွက် အတ္တဒိဋ္ဌိနှင့်ယှဉ်သော အလွန်နက်နဲသော သမ္မောဟ၊ ဂေဓ၊ မဒ၊ ပမာဒ၊ အညစ် အမိုက် အပြစ်ကြွေးမြီတို့သည် မရှိကြကုန်ပြီ။ အတ္တဒိဋ္ဌိနှင့်မယှဉ် သော၊ သမ္မောဟ၊ ဂေဓ၊ မဒ၊ ပမာဒ၊ အညစ်အပြစ်ကျန်ရှိကြရမှာလည်း ဗောဓိပက္ခိယဓမ္မအမွေကြီး နိုင်မြဲပြီးဖြစ်ကြ၍ သုဂတိဘဝ၏ အန္တရာယ် ဗောဓိပက္ခိယဓမ္မ၏အန္တရာယ်ကို မပြုနိုင်ကြကုန်ပြီ။

(ဤကား ဣဏပရိဘောဂနယ်ကို လွန်ကြပုံတည်း)

မြတ်စွာဘုရား၏ အမွေခံအစစ်အဖြစ်သို့ရောက်ပုံမှာ သားတော်အစစ်အဖြစ်သို့ရောက်ပုံအတိုင်းပင်တည်း။

ဤပရိဘောဂအရာတွင် ပစ္စည်းလေးပါးဟူသော အာမိသအမွေတော်ကို ခံယူသုံးဆောင်မှုကို ဒါယဇ္ဇပရိဘောဂဖြစ်၍ အပြစ်မရှိသော သုံးဆောင်ခြင်းဟုဆို၏။ ဓမ္မဒါယာဒသုတ်၌မူကား တပည့်သားရဟန်းတော်အဆက်ဆက်တို့သည် အာမိသအမွေတော်ကိုခံယူကြမည်ကို အကြောင့်ကြကြီး ကြောင့်ကြတော်မူကြောင်း ဟောတော်မူသည်နှင့် မဆန့်ကျင်ပါလောဟုဆိုရန်ရှိ၏။

ဓမ္မဒါယာဒသုတ်၌ အကြောင့်ကြပြီး ကြောင့်ကြတော်မူသည်မှာ ဣဏပရိဘောဂနယ်သားများအတွက်ဟုယူလျှင် မဆန့်ကျင်ဟုဖြေလေ၊ အကြောင်းမူကား အတ္တဒိဋ္ဌိရှင် ပုထုဇဉ်ရဟန်းများမှာ ဣဏပရိဘောဂဖြစ်ခဲ့သော် အတ္တဟိတ၊ ပရဟိတနှစ်ပါး ပိုင်းပိုင်းလဲ၍သွား၏။

အနတ္တသမ္မာဒိဋ္ဌိရှင်အရိယာပုဂ္ဂိုလ်တို့မှာ ထိုအကျိုးနှစ်ပါး ပျက်ကွက်လမ်းမရှိကြကုန်ပြီ။ သို့သော် ထိုဒါယဇ္ဇပုဂ္ဂိုလ်တို့မှာ ပစ္စည်းလေးပါးကိုသုံးဆောင်ကြရာ၌ ပစ္စဝေက္ခဏာဆင်ခြင်မှု မရှိကြပြီလား၊ မရှိဟုဆိုခဲ့သော် ထိုပစ္စယသန္နိဿိတသီလတည်နိုင်မည်လားဟုမေးရန်ရှိ၏။

သခါယ သေဝေ ဝရပညသာဝကော၊ ဟူသောပုဒ်အတွက် မဟာဋီကာ၌ကား ဝရပညသာဝကောတိ ဥတ္တမပညာယ ဘဂဝတော သာဝကော သေက္ခော ဝါ ပုထုဇ္ဇနော ဝါဟုဆင်ခြင်သော ပုဂ္ဂိုလ်စုမှာ သေက္ခအရိယာများလည်း လာပေ၏။ သို့သော် ထိုပစ္စဝေက္ခဏာဆင်ခြင်မှုဟူသော ဉာဏ်အစိတ်သည် အနိစ္စထင်မြင်မှု၊ ဒုက္ခထင်မြင်မှု၊ အနတ္တထင်မြင်မှုဟူသော သမ္မာဒိဋ္ဌိနယ်ကြီးအတွင်း၌ ပါဝင်လေပြီးဖြစ်၍ ထိုပုဂ္ဂိုလ်တို့မှာ ပစ္စဝေက္ခဏာ အထူးဆင်ခြင်သည်ဖြစ်စေ၊ မဆင်ခြင်သည်ဖြစ်စေ၊ ထိုသီလ အမြဲတည်လေတော့သည်ဟုဖြေ။

(အဋ္ဌကထာ) ပစ္စဝေက္ခဏာကျေလည်စွာဆင်ခြင်၍ ပစ္စယသန္နိဿိတသီလနှင့်ပြည့်စုံသော ပုထုဇဉ်ရဟန်းကို သေက္ခပုဂ္ဂိုလ်၌ထည့်သွင်းမြဲ ကျမ်းဂန်ထုံးစံရှိသည်ဖြစ်၍ ထိုပုဂ္ဂိုလ်၏သုံးဆောင်မှုကိုလည်း ဒါယဇ္ဇပရိဘောဂတွင် ထည့်သွင်းရမည်ဟူ၍ အဋ္ဌကထာတို့၌ဆိုပေသည်။

အမြွက်ပြီး၏။

သာမိပရိဘောဂ

၄။ **သာမိပရိဘောဂဆိုသည်ကား** – စိုးစိုးပိုင်ပိုင် သုံးဆောင်ရခြင်းတည်း။ ရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးသုံးဆောင်မှုကို ဆိုသည်၊ မြတ်စွာဘုရား၏ အမွေခံသားတော်ကြီးဖြစ်ကြကုန်၍ သူတို့၏သုံးဆောင်မှုသည် ဒါယဇ္ဇပရိဘောဂပင်ဖြစ်၏။ သို့သော် တဏှာမရှိသည့်အတွက် တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်ကြကုန်ပြီးဖြစ်၍ ပစ္စည်းလေးပါးကိုသုံးဆောင်ရာ၌ မိမိတို့၏စိတ်ကို မိမိတို့ စိုးပိုင်မှုအထူးရှိကြသည့်အတွက် သာမိပရိဘောဂဟုဆိုရပြန်သည်။

တဏှာရှိနေကြသော သေက္ခပုထုဇဉ်တို့မှာ ပစ္စည်းလေးပါးကိုသုံးဆောင်ကြရာ၌ မိမိတို့စိတ်ကို မိမိတို့က အစိုးမရကြကုန်၊ တဏှာကသာ အစိုးရ၏။ တဏှာ၏အစာ၊ တဏှာ၏အာရုံ၊ တဏှာ၏အကြိုက်နှင့်တွေ့ကြုံကြလျှင် မိမိတို့ဉာဏ်က ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ် ဟုသိ၏။ ပြော၏၊ ဟော၏၊ စိတ်ကမူကား မရွံ့လေ၊ မစက်စုပ်လေ၊ ထိုအာရုံတို့သာဆွဲ၏။ စိတ်ရောကိုယ်ပါ မြိန်ရှက်စွာခံစား၏။ မိမိတို့ဉာဏ်က ကြောက်ဖွယ်၊ ထိတ်ဖွယ်၊ လန့်ဖွယ်ဟု သိ၏။ ပြော၏၊ ဟော၏၊ စိတ်ကမူကား၊ မကြောက်လေ၊ မလန့်လေ၊ မထိတ်လေ၊ ထိုအာရုံသို့သာဆွဲ၏၊ စိတ်ရောကိုယ်ပါ ခင်မင်စွာခံစား၏။

ရဟန်းကိစ္စမကုန်ကြသေးသော ရဟန်းတို့မှာ ပံသုကူလသင်္ကန်း၊ ပိဏ္ဍိယာလောပဆွမ်း၊ ရုက္ခမူလကျောင်း၊ ပူတိမုတ္တဆေးများသည် အကောင်းဆုံးအမြတ်ဆုံးပေဟု သိကြ၏။ ပြောတတ်ဟောတတ်ကြ၏၊ စိတ်ကမူကားမကြိုက်၊ အတိရေကလာဘ်ဖက်၌သာ နစ်မြုပ်၍နေကြ၏။ ဤကား မိမိတို့စိတ်ကို မိမိတို့က အစိုးမရ တဏှာကသာအစိုးရပုံ၊ တဏှာကျွန်ဖြစ်နေကြပုံတည်း။

ရဟန္တာပုဂ္ဂိုလ်တို့မှာမူကား ထိုကဲ့သို့ မဟုတ်ကြကုန်ပြီ၊ မိမိတို့ဉာဏ်က ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ်ဟုရှုလိုက်လျှင် စိတ်ကလည်းရွံ့၍ စက်ဆုပ်၍လိုက်တော့သည်။

(အကျယ်ကိုမူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့မှာ ရှုလေ)

ရှေးပညာရှိတို့သည်လည်း သောက်ရေ၊ သုံးဆောင်ရေတို့၌ပင် ပစ္စဝေက္ခဏာဆင်ခြင်စမှတ်ပြုကြကုန်သည်။

ပိဏ္ဍံ ဝိဟာရံ သယနာသနဉ္စ ၊ အာပဉ္စ သံဃာဋိရဇူပဝါဟနံ။

သုတွာန ဓမ္မံ သုဂတေန ဒေသိတံ၊ သင်္ခါယ သေဝေ ဝရပညသာဝကော။ (ဝိသုဒ္ဓိမဂ်)

ဤသို့လာသောကြောင့် ပိဏ္ဍိယာလောပဆွမ်း၊ ပံသုကူလသင်္ကန်းတို့မှာလည်း မပေါ့သာချေ။ သံဃရက္ခိတ သာမဏေရဝတ္ထု၌လည်း

ဥပဗ္ဗျာယော မံ ဘုဥ္စမာနံ၊ သာလိကူရံ သုနိဗ္ဗုတံ။

မာဟောဝ တွံ သာမဏေရ၊ ဇိဝှံ ဗျာပေတိ အသညတောဟုရ၍ လာ၏။

အသညတောတိ အပစ္စဝေက္ခဏံ သန္တာယာဟ။ (မဟာဋီကာ) ကောင်းကောင်းကြီးအေးလေပြီးသော ဆွမ်းဖြစ်ပါလျက် လျှာကိုဆွမ်းပူမလောင်စေနှင့်ဆိုသည်ကား၊ အလွန်ပူလောင်သော အဆိပ်ဆေးဥပမာ အတိုင်းဆိုပေသည်၊ အသညတောဟူသည်နှင့်အညီ ပစ္စဝေက္ခဏာမဆင်ခြင်က ပိဏ္ဍိယာလောပဆွမ်းဟူ၍ လျှာကိုမလောင်နိုင်ဘူးဟုမဆိုသာချေ။ မဆိုသာရုံမျှမက ပဏ္ဍိယာလောပဆွမ်းအတွက် ပျက်စီးဘူးသောပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းဝတ္ထုနှင့်တကွ တဏှာ့တကာတဏှာတွင် ဤရသတဏှာသည် အကြီးကျယ်ဆုံးဖြစ်ကြောင်းကို ကေကနိပါတ် ဝါတမိဂဇာတ်၌ လာပေ၏။

န ကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝါ သန္ထဝေဟိ ဝါ၊

ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေတိ ရသေဟိ သဥ္စယော။

အဘယ်ကြောင့်ရသာရုံ၊ ရသတဏှာတို့သည် အယုတ်အမာဆုံး ဖြစ်ကြကုန်သနည်းဟူမူကား၊ မိမိအသက်ကိုလည်း ဆုံးရှုံး စေတတ်ကုန်၏။ သူတစ်ပါးတို့၏အသက်တို့ကိုလည်း များစွာဆုံးရှုံးစေတတ်ကုန်၏။ တစ်ဦးတစ်ယောက်သောသတ္တဝါ၏ ရသတဏှာအတွက်ကြောင့် မိမိအသက်လည်း ဆုံးရှုံးတတ်၏။ အထောင်အသောင်းမကသော သတ္တဝါတို့၏ အသက်တို့သည်လည်း ဆုံးရှုံးရကုန်၏။ ထို့ကြောင့် အယုတ်မာဆုံးဖြစ်ကြကုန်၏။ ထိုတွင် သမင်ပျံဝတ္ထုသည် မိမိအသက်ကိုထိခိုက်ရာ၌ သက်သေဖြစ်၏။ တရားစောင့်သောမင်းနှင့် တွေ့သောကြောင့် အသက်ချမ်းသာရာရ၏။

အာဝါသတဏှာ ဉာတိမိတ္တ သန္ထဝတဏှာတို့ထက် အဆအရာအထောင်မက လွန်ကဲ၍ ယုတ်မာကြောင်းကား -

အိပ်နေဆဲကိုချန်လုပ်၍ တစ်နာရီမျှ အပြတ်မခံနိုင်ဘဲ အမြဲသုံးဆောင်ရခြင်းကြောင့်လည်းကောင်း၊ အစာအာဟာရမှတစ်ပါး အသက်ကိုစောင့်ရှောက်နိုင်သော ဝတ္ထုဟူ၍ တစုံတစ်ခုမျှမရှိသော အသက်မွေးမှုကြီးဖြစ်နေသောကြောင့်လည်းကောင်းတည်း။ ။ ပေါရိသာဒမင်းသည် ရသတဏှာအတွက်နှင့် တိုင်းပြည်နိုင်ငံ ဘုံဗိမာန်တို့ကိုလည်းကောင်း၊ မောင်းမမိဿံ အစရှိသည်တို့ကိုလည်းကောင်းစွန့်ပစ်၍ ရသတဏှာ၏ ကျေးကျွန်လုပ်၍နေရ၏။ ဤသို့စသည်ဖြင့် ရသတဏှာ၏ လွန်ကဲမှုနှင့်စပ်သော ဇာတ်နိပါတ်တို့ကိုရှုလေ။

ရေသတ္တဝါအနန္တ၊ ကုန်းသတ္တဝါအနန္တတို့မှာ အသက်လွတ်အစာအဟာရကို စားကြသူအလွန်နည်းပါး၏။ နိုင်ရာနိုင်ရာဖမ်းယူ၍ စားကြသူအလွန်များ၏။ ဤရသတဏှာ၏ စက်ကြီးပင်တည်း၊ အဘယ်မျှလောက်နည်းပါးသည် အဘယ်မျှလောက်များပြားသည်ဟူမူ၊ ဤအရာ၌ မဟာဝဂ္ဂသံယုတ်တွင်လာသော နခသိခသုတ်ဒေသနာကို ထုတ်ဖော်ပြဆိုရာ၏။

မြတ်စွာဘုရားသည် လက်သည်းတော်အဖျား၌ မြေမှုန့်ကိုတင်ထား၍ ရဟန်းတို့ကိုမေးတော်မူ၏။ ရဟန်းတို့ငါ၏လက်သည်းဖျားမှာ တင်ထားသော မြေမှုန့်စုနှင့် မဟာပထဝီအပြင်မှာရှိသော မြေမှုန့်စုသည် အဘယ်ကများသနည်းဟု မေးတော်မူ၏။ ရဟန်းတို့က လက်သည်းတော်ဖျား၌တင်ထားသော မြေမှုန့်စုက အလွန်နည်းပါးလှပါသောကြောင့် မဟာပထဝီမြေပြင်မှာရှိသော မြေမှုန့်စုက အလွန်များလှပါကြောင်း လျှောက်ကြကုန်၏။ ထိုအခါ ဤသို့ ဟောတော်မူ၏။

ဝေမေဝခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ပါဏာတိပါတာ ပဋိဝိရတာ၊ အထ ခေါ ဧတေဝ ဗဟုတရာ သတ္တာ၊ ယေ ပါဏာတိပါတာ အပ္ပဋိဝိရတာ။

အဓိပ္ပာယ်ကား – ဤသတ္တလောကကြီး၌ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်သူသည် လက်သည်းတော်ဖျားမှာတင်ထားသောမြေမှုန့်စုကဲ့သို့ အလွန်နည်းပါး၏။ သူ့အသက်ကိုသတ်မှုမှ မရှောင်ကြဉ်သူ သည် မဟာပထဝီမြေပြင်မှာရှိနေသော မြေမှုန်ကဲ့သို့များပြား၏ဟု ဟောတော်မူ၏။ အဒိန္နဒါနစသည်တို့မှာလည်း ဤနည်းတူဟောတော်မူ၏။

ထို့ကြောင့် ဤအသက်မွေးမှုကြီး ရသတဏှာမွေးမှုကြီး (၂)ပါးသည် အလွန်ကြီးကျယ်သော ဒုစရိုက်နယ်ကြီးနှစ်ပါးဖြစ်ကြောင်း အလွန်ယုတ်မာသော တဏှာကြီးဖြစ်ကြောင်း ထင်ရှား၏။

သေကြသည့်အခါ၌လည်း သုဂတိဘဝ၌ဖြစ်သော သတ္တဝါသည် လက်သည်းတော်ဖျား၌တင်ထားသော မြေမှုန်စုကဲ့သို့ အလွန်နည်းပါး၏။ အပါယ်၌ဖြစ်ရသော သတ္တဝါသည် မဟာပထဝီမြေပြင်ကြီးမှာရှိနေသော မြေမှုန့်စုကဲ့သို့ အလွန်များပြား၏ဟု သုတ်ဒေသနာများစွာလာ၏။

ဤဒေသနာတော်များကိုထောက်၍ အပါယ်သို့ကျရောက်လေသော သတ္တဝါဟူသမျှသည် သုဂတိဘဝသို့ ပြန်ရောက်ဖို့အလွန်ခဲယဉ်းကြောင်း ဘဝတစ်သောင်းနှင့်လည်း ပြန်နိုင်ခွင့်မရှိ ဘဝတစ်သိန်းနှင့်လည်း ပြန်နိုင်ခွင့်မရှိ များစွာသောကျောက်တုံး၊ ကျောက်ခဲတို့ကို သမုဒ္ဒရာရေအပြင်မှာပစ်ချလိုက်ရာ အောက်သို့သာနစ်မြုပ်၍ သွားကြကုန်သကဲ့သို့ ထိုသတ္တဝါတို့သည် တစ်ဘဝထက်တစ်ဘဝ နစ်မြုပ်၍သာသွားကြကြောင်းကို သိနိုင်ရာသတည်း။ ။ (မဟာဝဂ္ဂသံယုတ် ကာဏကစ္ဆပေါပမသုတ်ကို ထောက်ရှုလေ)။

ရသတဏှာသည် ခပ်သိမ်းသောတဏှာတို့ထက် လွန်ကဲကြောင်းကိုဖွင့်ပြသော ဝါတမိဂဇာတ်ကို ထင်ရှားစေရန် ဖော်ပြချက်တည်း။

❧ ❧ ❧

ထေယျပရိဘောဂ၌ သံတွေခဲဥပမာ လာပုံကား

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော၊

ယဉ္စေ ဘုဉ္စေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။

ထိုရဟန်းတုမှာ ရွာသူတို့ကလှူဒါန်းကြသော ဆွမ်းပစ္စည်းလေးပါးကိုဆောင်ရသည်ထက် ရဲရဲညီးသောသံတွေခဲကို သုံးစားရခြင်းသည် ကောင်းမြတ်သေး၏ဟူရာ၌ ကောင်းမြတ်ပုံကား –

ထိုရဟန်းတုသည် သံတွေခဲကို သုံးစားခဲ့သော် သုံးစားမှုအတွက် ထိုခဏ၌ သေသော်လည်းသေရာ၏။ သေလုပါးနီးဒုက္ခကြီးသော်လည်း တွေ့ကြုံရာ၏။ သံတွေခဲကို သုံးစားမှုအတွက်နှင့် အပါယ်သို့ကျရောက်မှုမရှိပေ၊ ရဟန်းကောင်းထင်မှတ်၍ ရွာသူတို့က လှူဒါန်းကြသော ပစ္စည်းလေးပါးကို သုံးစားမှုသည်ကား အပါယ်သို့ ကျရောက်ပြီးလျှင် ကြီးစွာသောအပါယ်ဒုက္ခကို ခံရလေ၏။ ခံရပုံကား၊ ထိုရဟန်းတုမှာ ယခုဘဝတွင် ရဟန်းသံဃာတို့နှင့်ပေါင်းဖော်ရာတို့၌ ရဟန်းကောင်းပြုလုပ်စဉ်းလဲခြင်းသည်လည်းကောင်း၊ လူတို့နှင့်ဆက်ဆံရာတို့၌ ရဟန်းကောင်းပြုလုပ်စဉ်းလဲခြင်းသည်လည်းကောင်း၊ ဤစဉ်းလဲမှုကြီးသည် သံဃဘေဒကဖြစ်သော မုသာဝါဒကံကိုချန်လုပ်၍ လောကသုံးပါးတွင် အတုမရှိနက်နဲသော မုသာဝါဒ ကံကြီးပေတည်း၊ နောက်ဘဝ၌

အလွန်ကြီးကျယ်သော အပါယ်ဒုက္ခသို့ပစ်ချနိုင်သော ကံကြီးပေတည်း။ လ ။ ကဿပဘုရား၏ လက်ထက်တော်က ကျရောက်ကြကုန်သော ပါပရဟန်းမျိုးတို့သည် ယခုတိုင်ပင် ဂိဇ္ဈကုဋ်တောင်မှာ ရှိနေကြကုန်၏။

ကူဋာပရိဘောဂ၌ အဆိပ်ဆေးဥပမာ

အဆိပ်ကို မျိုမိသောသူမှာ ထိုအဆိပ်သည် ဝမ်းတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အသည်း၊ အဆုတ်၊ အူမ၊ အူသိမ်တို့ကိုလောင်လေ၏။ အသွေးအသား၊ ဩဇာတို့ကို ကုန်းခန်းစေ၏။ အပေါက်အပေါက်အပြတ်အပြတ်တွေဖြစ်၍ ကုန်စေ၏။ ထိုသူမှာ မလွန်မိကတင်ကူး၍ အန်ဆေးကိုသော်လည်းကောင်း၊ အဆိပ်ပြေဆေးကိုသော်လည်းကောင်း၊ သောက်မျိုခဲ့လျှင် ချမ်းသာခွင့်ရသေး၏။ လွန်ခဲ့လျှင် ချမ်းသာခွင့်မရပြီ၊ သေဆုံးရလေတော့သည်။ ထို့အတူ ဤသာသနာတော်၌ ရဟန်းတော်တို့မှာလည်း ပစ္စည်းလေးပါးကိုရရှိ၍ သမ္ဘောဟ၊ ဂေဓ၊ မဒ၊ ပမာဒပက္ခသို့ရောက်ခဲ့လျှင် အဆိပ်ကိုမျိုမိကြကုန်ပြီ။ ထိုပက္ခသို့ရောက်ခဲ့လျှင် အလုံးစုံသော လောကာမိသ၊ လောကပသာဒတို့ကိုလည်း အကျိုးပေးသမျှ သာယာကြကုန်တော့သည်။

ဤသာသနာတော်၌ အသွေး၊ အသား၊ ဩဇာ၊ အနှစ်သာရဆိုသည်ကား အရိယာဝံသတရားလေးပါးနှင့်တကွ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါးအစရှိသော ဗောဓိပက္ခိယတရား '၃၇'ပါးတို့ပေတည်း။ ထိုတရားတော်တို့သည် ရဟန်းတော်တို့မှာ ယခုဘဝ၌ပင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ဈာန်သမာပတ်တို့သို့ ပေါက်ရောက်ကြီးပွားနိုင်ကြရန် ကျေးဇူးပြုနိုင်ဆောင်ရွက်နိုင်သော အသွေးအသားဩဇာ အနှစ်သာရပေတည်း။

သမ္ဘောဟ၊ ဂေဓ၊ မဒ၊ ပမာဒပက္ခ၌တည်နေကြကုန်သော ရဟန်းတော်တို့မှာကား ပစ္စည်းလေးပါးနှင့်တကွ လောကာမိသ၊ လောကပသာဒတို့၌သာ အလေးဂရုအရေးပြုကြကုန်တော့သည်။ သတိပဋ္ဌာန်စသော ထိုတရားတို့ကိုအားထုတ်လိုသောသဒ္ဓါဆန္ဒ အားထုတ်နိုင်သောသတိဝီရိယပင် မရှိကြကုန်ပြီ။

ဂေဓ၊ မဒ၊ ပမာဒ အဆိပ်ကင်းတို့သည် နေ့စဉ်တိုးပွားလျက် ရှိနေကြသဖြင့် ထိုသူတို့၏ စိတ်သန္တာန်သည် ထိုသဒ္ဓါဆန္ဒတို့ခန်းခြောက်ပြီးလျှင် နိဒ္ဒါရာမတာအစရှိသော အပေါက်ခြောက်ပါးခေါ်သော ကိလေသာတရားတို့၏ ပွားစီးချက်နှင့် အပေါက်ပေါက်အပြတ်ပြတ် ရတတ်စရာမရှိနေကြ၏။ မသေမီအရွယ် မလွန်မီ သတိပဋ္ဌာန်ဟူသော အဆိပ်အန်ဆေးအဆိပ်ပြေဆေးများကို ပွားများသောက်မျိုမိကြလျှင် အပါယ်ဘေးမှ ချမ်းသာခွင့်ရှိသေး၏။ မသောက်မျိုဘဲထိုအနေနှင့်ပင် သေလွန်ကြလျှင် ဝိတမိဂဇာတ်အဌကထာလာရှိသည့်အတိုင်း အပါယ်ကျမှလွတ်နိုင်ကြရန် အတန်ကြီးခဲယဉ်းလှချေ၏။

အရိယာဝံသ တရားလေးပါးကား

ဆွမ်းပစ္စည်း၊ သင်္ကန်းပစ္စည်း၊ ကျောင်းပစ္စည်းတို့၌ ရောင့်ရဲခြင်းသုံးပါး၊ သမထ၊ ဝိပဿနာ၊ ဘာဝနာမှုတို့၌ ပျော်ပိုက်ခြင်း တစ်ပါး၊ ဤတစ်ပါးပေတည်း။ ထိုလေးပါတို့တွင် သင်္ကန်း၌ရောင့်ရဲခြင်း၊ ဆွမ်း၌ရောင့်ရဲခြင်းဆိုသည်ကား ...

သော သန္တုဋ္ဌော ဟောတိ ကာယပါရိဟာရိယေန စီဝရေန ကုစ္ဆိပါရိဟာရိယေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ၊ ပ၊ သမာဒါယေဝ ပက္ကမတိ၊ သေယျထာပိ နာမ ပက္ခီ သကုဏော ယေန ယေနေဝ ဍေတိ၊ သပတ္တဘာရောဝ ဍေတိ၊

ကျောင်း၌ရောင့်ရဲဆိုခြင်းကား

သော ဝိဝိတ္တံ သေနာသနံ ဘဇတိ အရညံ ရုက္ခမူလံ ပဗ္ဗတံ ကန္ဒရံ ဂိရိဂုဟံ သုသာနံ ဝနပတ္ထံ အဗ္ဘောကာသံ ပလာလပုဉ္ဇံ၊

ဘာဝနာ၌ ပျော်ပိုက်ခြင်းဆိုသည်ကား

သမထဘာဝနာ အလုပ်နှင့်ဖြစ်စေ၊ ဝိပဿနာဘာဝနာအလုပ်နှင့်ဖြစ်စေ လွတ်ကင်း၍ မနေနိုင်သည်ကိုဆိုသည်။

သံချေးဥပမာ – ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြရာမှာ သုံးဆောင်၍ပြီးလျှင် နေ့မလွန်ခင် ပစ္စဝေက္ခဏာဆင်ခြင်၍ နေ့စဉ်ဆေးကြောရမည်။ မဆင်ခြင်မိဘဲ နေ့မကူးစေရ၊ မဆင်ခြင်မိဘဲ မိမိစိတ်ကို ပစ်၍မထားရ၊ ပစ်ထားခဲ့လျှင် မဆေးမကြောဘဲ နေ့ဆက်ရက်ဆက်သုံးဆောင်၍နေသော သံလင်ပန်းနှင့်အတူ မိမိစိတ်သည်လည်း ပစ်ရတော့မည်၊ အပါယ်လေးပါးသို့သွားရတော့မည်ဟူလို၊ ဇာတ်အဋ္ဌကထာတွင်လာရှိသည့်အတိုင်း ဘီလူးသဘက်သရဲတွေဖြစ်ကြသည်ကိုမူကား တွေ့ကြုံကြားသိဖူးလှလေပြီ။ [က္ကဏ ပရိဘောဂ၌ အဆိပ်လောင်ပုံပြီး၏။]

သတိပေးဂါထာ – အတ္တာနံ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ပရိယတ္တိဓမ္မတို့၌ မိမိတို့တတ်သိလိမ္မာရှိကြစေရန်သင်မှု၊ ကြားမှု၊ သူတစ်ပါးတို့ကို တတ်သိလိမ်မာရှိကြစေရန် ချမှု၊ ပို့မှုတို့နှင့်နေကြရသဖြင့် ထိုအရိယာဝံသတရား သတိပဋ္ဌာန်တရားတို့ကို ပထမအရွယ်မှာအားမထုတ်နိုင်ရှိနေကြသော် ဒုတိယအရွယ်မှာ တောတောင်ထွက်၍ အားထုတ်ကြကုန်ရာ၏။ ဒုတိယအရွယ်မှာ အားမထုတ်နိုင်ရှိနေကြသော် တတိယအရွယ်မှာ တောတောင်ထွက်၍ အားထုတ်ကြကုန်ရာ၏။ မိမိတို့ကိုယ်ကို ချစ်ကြလို့ရှိလျှင် လောကာမိသ၊ လောကပသာဒအသိုက်အအုံကြီးထဲမှာ သေသည့်တိုင်အောင် အနစ်ခံ၍ မနေကြကုန်ရာဟူလိုသည်။ ပရိယတ္တိဓမ္မ အလုပ်ပင်မရှိသော က္ကဏပရိဘောဂသမားတို့မှာ သံဝေဂယူကြဖို့သာ ရှိတော့သည်။

ဤဂါထာတွင် ရှေးဝါကျ၌ ရက္ခေယျဟူ၍ နောက်ဝါကျ၌ ပဋိဇဂ္ဂေယျဟူ၍ ဟောတော်မူသည့်အလိုကား ရှေးအရွယ်တို့၌ ပရိယတ္တိဓမ္မအတွက်နှင့် က္ကဏပရိဘောဂကြီးအတွင်းမှာ နေရခိုက်အခါ၌ မိမိတို့ကိုယ်ကို ထိုပရိဘောဂမှကင်းလွတ်အောင် ကောင်းကောင်းစောင့်ရှောက်ကြရမည်။ စောင့်ရှောက်ပါသော်လည်း ထိုတောကြီးအတွင်းမှာနေရသည့်အတွက်ကြောင့် လုံးလုံးစင်ကြယ်နိုင်ရန် ခဲယဉ်းလျက်ရှိ၏။ ထို့ကြောင့် လုံးလုံးစင်ကြယ်ပြီးမှသေရလေအောင် နောက်အရွယ်မှာ ထိုတောကြီးအတွင်းမှ ထွက်ကြလေကုန်ပြီးလျှင် ထိုအရိယာဝံသတရား၊ သတိပဋ္ဌာန်တရားတို့ကိုအားထုတ်၍ မိမိတို့ကိုယ်ကို ခရုသင်းပွတ်သစ်အသွင်ကဲ့သို့ ကောင်းကောင်းစင်ကြယ်အောင် သုတ်သင်ဆေးကြောရမည်ဟု ဆိုလိုသည်။

အသက် (၅၅) နှစ်ထက် နောက်မကျစေကုန်မူ၍ တောတောင်သို့ထွက်ပြီးလျှင် အရိယာဝံသတရား၊ သတိပဋ္ဌာန်တရားတို့ကိုအားထုတ်၍ မိမိတို့စိတ်၊ မိမိကိုယ်ကို ဖြူဖြူဆွဆွ ခဝါချပြီးမှ သေကြရသော် အသေ

လှုကြမည်ဟု မှချမှတ်ယူကြကုန်ရာသည်။ ခဝါမချခဲ့သော် အသေမလှပုံကား၊ ထုတ်ပြခဲ့ပြီးသော်ဇာတ်တို့၌ ငရဲ၊ တိရစ္ဆာန်၊ ဘီလူး၊ ပြိတ္တာဖြစ်ရကြောင်း တိုက်ရိုက်လာရှိလေပြီ။

မှတ်ချက်။ ။ ကျောင်းပစ္စည်း၌ သာယာမှုကြွေးမြီတင်းလင်းနှင့်သေခဲ့သော် သီလရှိခဲ့ပါလျှင် ထိုကျောင်းမှာ ကျောင်းသဘက်ကြီး၊ ကျောင်းသရဲကြီး၊ ကျောင်းတစ္ဆေကြီးသော်လည်း ဖြစ်နေတတ်၏။ သီလမရှိခဲ့ပါလျှင် ကျောင်းမိုကျောင်းကပ် အရပ်ရပ်သော ကျောင်းပိုးကျောင်းမွှားဖြစ်၍ မဆုံးနိုင်ရှိနေတတ်၏။ ကမ္ဘာဦးအခါ၌ မဟာပနာဒမင်းအား သိကြားမင်းသည် ရတနာနန်းပြာသာဒ်ကြီး ဖန်ဆင်း၍ပေး၏။ ထိုပြာသာဒ်ကြီးသည် ယခု ဂင်္ဂါမြစ်တွင်းမှာ တုံးလုံးလဲလျက်ရှိ၏။ ထိုပြာသာဒ်မှာနေကြကုန်သော သူတို့သည် ထိုပြာသာဒ်ကို သာယာသောတဏှာကြောင့် ၎င်းပြာသာဒ်အတွင်းမှာ ရေပိုးရေမွှားအမျိုးမျိုးဖြစ်ကြ၍ ငါတို့ဘုရားလက်ထက်တိုင် ရှိနေကြသည်ဟု အဋ္ဌကထာများတွင်လာသည်ကို ထောက်မြော်လေ။

ပြိတ္တာဖြစ်ပုံမှာ

ဝိနည်းသိက္ခာလုံခြုံလျက် သူတစ်ပါးတို့၌ ဣဿာတရား၊ မစ္ဆရိယတရား အလွန်အားကြီးသော ဣဏာပရိဘောဂသမားတို့၏ လမ်းပေတည်း။

ဣဿာဆိုသည်ကား မိမိထက်သာသည်ကို မနာလိုခြင်းတည်း၊ သာသောသူနှင့်စပ်၍ ကောင်းစကားကို မပြောချင်၊ မကြားချင်၊ အကောင်းပြောသူကို မတွေ့ချင်၊ မမြင်ချင်၊ မကောင်းစကားကိုသာ ပြောချင်၏။ ကြားချင်၏။ မကောင်းပြောသူကိုသာ တွေ့ချင်မြင်ချင်၏။ ဣဿာခေါ်သော ပြိတ္တာလမ်းကြီး တစ်လမ်းပေတည်း။

မစ္ဆရိယ ၅ ပါးရှိ၏

၁။ **အာဝါသမစ္ဆရိယဆိုသည်ကား** – ကျောင်းကန်တိုက်တာနေရာထိုင်ခင်းတို့နှင့် စပ်လျဉ်း၍ သဝန်တိုခြင်းတည်း၊ မိမိသည်သာ အစိုးတရ ပြုလုပ်လို၏။ သူတစ်ပါးတို့ အစိုးတရပြုလုပ်မည်ကို အလိုမရှိ။

၂။ **ကုလမစ္ဆရိယဆိုသည်ကား** – မိမိနှင့် ရင်းရင်းနှီးနှီး ဆက်ဆံ၍နေကြသော ရပ်သူရွာသား ဒကာ၊ ဒကာမများနှင့်စပ်လျဉ်း၍ သဝန်တိုခြင်းတည်း၊ ထိုသူများတို့သည် သူတစ်ပါး၏ဘက်သို့ပါ၍ သွားမည်ကိုပူပန်ခြင်းတည်း၊ မပါရလေအောင် ကန့်ကွက်ဖျက်ဆီးခြင်းတည်း။

၃။ **လာဘမစ္ဆရိယဆိုသည်ကား** – ရရှိပြီးသော ပစ္စည်းပရိက္ခရာ၊ ရရန်ရှိသော ပစ္စည်းပရိက္ခရာတို့နှင့်စပ်လျဉ်း၍ သဝန်တိုခြင်းတည်း၊ သူတစ်ပါးဘက်သို့ပါ၍သွားမည်ကို သဝန်တိုခြင်းတည်း၊ မပါရလေအောင် ကန့်ကွက်ဖျက်ဆီးခြင်းတည်း။

၄။ **ဝဏ္ဏမစ္ဆရိယဆိုသည်ကား** – မိမိ၌ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူတစ်ပါးက ချီးမွမ်းဖွယ်ရာ ထင်မှတ်၍နေကြသော လောကဂုဏ်၊ ဓမ္မဂုဏ် တစိတ်တဒေသသည်ရှိ၏။ ထိုဂုဏ်များသည် မိမိ၌သာရှိလို၏။ သူတစ်ပါးတို့၌ ပြန့်ပွားအောင်မပြုလို၊ ပြန့်ပွားသည်ကို အလိုမရှိ၊ သူတစ်ပါးတို့၌ ထိုဂုဏ်မျိုး ပေါ်ပါလျှင်၊ မဟုတ်တယုတ်လုပ်ကြဲဖျက်ဆီး၏။

၅။ **ဓမ္မမစ္ဆရိယဆိုသည်ကား** – တရားကျမ်းဂန် အတတ်ပညာမျိုးနှင့် စပ်လျဉ်း၍ သဝန်တိုခြင်း၊ မိမိမှာ နည်းနိဿယကောင်းမွန်လှသော အတတ်ပညာတရားကျမ်းစာသည်ရှိ၏။ ထိုအတတ်ပညာကျမ်းစာသည်၊ မိမိ၌သာရှိလို၏။ သူတစ်ပါးတို့၌ မရှိစေလို၊ ဤသည်လည်း ပြိတ္တာဖြစ်ရန် လမ်းကြီးစုပေတည်း။

ဤ၅ပါးသောတရား မစ္ဆရိယတရားတို့သည် ဣဏပရိဘောဂနယ်၌ တံခွန်စိုက်ကြီးတို့ပေတည်း။

ထိုတံခွန်ကြီးတွေကိုမြင်သဖြင့် ထိုသူသည် ဣဏပရိဘောဂသမားပေဟု သိနိုင်ရာ၏။ ပြိတ္တာဖြစ်ရန်လမ်းကြီးတို့ပေတည်း။ ။ ဤသို့လျှင် မိမိတို့စိတ် မိမိတို့ကိုယ်ကို အရှယ်ရောက်လျက် အချိန်ရောက်လျက် ခဝါမချမူ၍ ဣဏပရိဘောဂတင်းလင်းနှင့် သေလွန်ကြကုန်သည်ရှိသော် အသေမလှကြသဖြင့် နောက်ဘဝတို့၌ ဘီလူးဇာတ်ထွက်၍ မဆုံးနိုင်၊ ပြိတ္တာဇာတ်ထွက်၍ မဆုံးနိုင်၊ ငရဲဇာတ်၊ တိရစ္ဆာန်ဇာတ်ထွက်၍ မဆုံးနိုင်ရှိကြမည်ကို မြင်တော်မူ၍ တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတောဟူ၍ ဟောတော်မူသတည်း။

ကဿပဘုရားလက်ထက်က ထိုကဲ့သို့ ဇာတ်ထွက်ကြကုန်သောသူတို့သည် ငါတို့ဘုရားလက်ထက်မှာမှ အသီးအသီးဇာတ်လုံးပေါ်ကြလေကုန်၏။ ယခုငါတို့ ဘုရားလက်ထက်မှာ ထိုကဲ့သို့ ဇာတ်ထွက်ကြကုန်သော သူတို့သည်လည်း နောင်ဘုရားရှင် မေတ္တေယျဘုရားလက်ထက်တော်မှာမှ အသီးအသီး ဇာတ်လုံးပေါ်ကြကုန်လတ္တံ့။

အဝိပ္ပာယ်ပြဆိုချက်ပြီး၏။

ဇေယျာပူရ ဇာမရီ ရှင်စန္ဒာဝရ ပုစ္ဆာအဖြေပြီး၏။

ဝါငယ်သော ရဟန္တာပုဂ္ဂိုလ်က အာသဝေါတရား ကုန်ခန်းသော်လည်း ဝါငယ်သည့်အတွက်ကြောင့် အာသဝေါတရားမကုန်သေးသော ဝါကြီးသော ပုထုဇဉ်ရဟန်းကို ရှိသေမြတ်နိုး ရှိခိုးဦးချကန်တော့ရမည်ဟူသော အယူဝါဒသည်သာ သင့်မြတ်သည်။

အနုဇာနာမိ ဘိက္ခဝေ ယထာဝုဍ္ဎံ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမီစိကမ္မံ အဂ္ဂါသနံ အဂ္ဂေါဒကံ အဂ္ဂပိဏ္ဍံ၊ န စ ဘိက္ခဝေ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ၊ ယော ပဋိဗာဟေယျ အာပတ္တိ ဒုက္ကဋဿာတိ။

ဒသယိမေ ဘိက္ခဝေ အဝန္ဒိယာ၊ ပုရေ ဥပသမ္ပန္နေန ပစ္ဆာ ဥပသမ္ပန္နော အဝန္ဒိယော ။ လ ။ ဣမေ ခေါ ဘိက္ခဝေ ဒသ အဝန္ဒိယာ။

(စူဠဝါပါဠိတော် သေနာသနခန္ဓက၊ စာ–၃၁၁/၃၁၂)

ဒွိသန္ဓက ။ ဣမံ တုယှံ ဒေမိ၊ ဒဒါမိ၊ ဒဇ္ဇာမိ၊ ဩဏောဇေမိ၊ ပရိစ္စဇာမိ၊ ဝိဿဇ္ဇာမိ၊ နိဿဇ္ဇာမီတိဝါ၊ ဣတ္ထန္နာမဿ ဒေမိ ။ ပ ။ နိဿဇ္ဇာမီတိဝါ ဝဒတိ၊ သမ္မုခါ ဝါ ပရမ္မုခါ ဝါ ဝုတ္တေ ဒိန္နံယေဝ ဟောတီတိ

ဒါနလက္ခဏာသ စ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ၊ ''သုဒိန္နံ သုဂ္ဂဟိတဉ္စာ''တိ ဂဟဏလက္ခဏာသ စ ဝုတ္တတ္တာ ''မမ သန္တကံ တဝ စ မမ စ ဟောတူ''တိ ဝေမာဒိ ဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ အာစရိယာတိ လိခိတံ။

(ဝဇိရဗုဒ္ဓိဋီကာစီဝရခန္ဓကအဖွင့်၊ စာ-၄၉၉၊ ၅၀၀)

ဤဋီကာပါဌ်ဖြင့် ပိုင်ရှင်ရဟန်းသည် ''မမ သန္တကံ တဝ စ မမ စ ဟောတု''ဟု နှုတ်မြွက်၍ပေးခဲ့လျှင် သမာနပရိက္ခာရ ဒွိသန္တကမြောက်ကြောင်းကို ပြဆို၏။ ပစ္စည်းသရုပ်ကိုဖော်ထုတ်၍ ခွဲခြားချက်ပြခဲ့လျှင် အထူးပင်ထင်ရှားပေရာ၏။

ဟောတုဟူ၍ပင် ဆိုငြားသော်လည်း သုဒိန္နမြောက်သည်သာဖြစ်၏။ မြောက်နိုင်ကြောင်းကို။

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ ''က္လာဒံ အယျဿ ဟောတူ''တိ ဇဝံ သမ္မုခါ ဝါ ''အသုကသ္မိံ နာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ၊ တံ တုယှံ ဟောတူ''တိ ဇဝ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဝါ ဟတ္ထမုဒ္ဒါယ ဝါ တုယှန္တိ ဝတွာ ပရိစ္စတ္တံ၊ ယော ကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေယျ။ အယံ သာဒိယေယျာတိ ဝုစ္စတိဟူသော-**စာ-၁၇၅)**

ကင်္ခါဝိတရဏီ အဋ္ဌကထာဖြင့်လည်းကောင်း

က္လာဒံ အယျဿ ဟောတူတိ ဇဝံ သမ္မုခါ ဝါ အသုသ္မိံ နာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ အတ္ထိ၊ တံ တုယှံ ဟောတူတိ ဇဝံ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဝါ ဟတ္ထမုဒ္ဒါယ ဝါ တုယှန္တိ ဝတွာ ပရိစ္စတ္တဿ ကာယဝါစာဟိ အပဋိက္ခိပိတွာ စိတ္တေန သာဒိယနံ ဥပနိက္ခိတ္တသာဒိယနံ နာမဟူသော ''တေရသကဏ္ဍဋီကာ **(စာ-၄၁၇)** ဖြင့်လည်းကောင်း ယုံကြည်အပ်၏။

ဤအဋ္ဌကထာ ဋီကာတို့၌ အယျဿဟူသော သမ္ပဒါန်ပုဒ်နှင့် တကွဆိုသောကြောင့် ''ဟောတု'' ဟု ပဉ္စမီဝိဘတ်နှင့်ဆိုငြားသော်လည်း အပေးအယူမြောက်ကြောင်းကိုလည်း တိုက်ရိုက်တညီတညွတ်တည်း ဆိုအပ်သောကြောင့် ဝဇိရဗုဒ္ဓိလာ ပထမအာစရိယဝါဒအရ ဒွိသန္တကပြုပုံ အဆုံးအဖြတ်ကို ယုံမှတ်ထိုက်လေပြီ။ ။ ဤကား ပထမအာစရိယဝါဒ၌ စိစစ်ချက်ပေတည်း။

အနုဂဏ္ဌိပဒေ ပန အတီဝ ပပဉ္စံ ကတွာ ပုန ''က္လာဒမေတ္ထ အာစရိယာနံ သန္နိဋ္ဌာနံ၊ သစေ သမ္ဗဟုလာ ဒွေ ဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ၊ တေ သဗ္ဗေ အတ္တနော သန္တကံ ဝတ္တမာနံ ဥပ္ပဇ္ဇနကေန သဒ္ဓိံ ပေသလဿ ဧကဿ ပရိစ္စဇန္တိ၊ သော ပုန တေသမေဝ ပရိစ္စဇတိ၊ ဇွေ့ာဝတာ တေ သမာနပရိက္ခာရိကာ ဟောန္တီတိ၊ က္လာဒံ သမာနပရိက္ခာရလက္ခဏံ၊ ပါဠိအာဒီသု ဝုတ္တလက္ခဏေယေဝ ပတာနတော အစလပတ္တံ ဟောတိ၊ တထာပိ ပေါရာဏဝိဓိ အဇ္ဈောတ္တရိတွာ ဝတ္တနတော ပဋိသေဓေတဗ္ဗော၊ အာစရိယာနံ မတာနု သာရေန ကာတဗ္ဗံ ကာတုကာမေနာတိ အပရေတိဝုတ္တံ။ **(ဝဇိရဗုဒ္ဓိဋီကာ၊ စာ-၅၀၀)**

ဤအပရေဝါဒ၌ ဒွိသန္တကပြုလိုရင်း ပုဂ္ဂိုလ်မှတစ်ပါး တစ်ဦးဦးသောရဟန်းအား ''မမ သန္တကံ ဝတ္တမာနံ ဥပ္ပဇ္ဇနကဉ္စ တုယှံ ဒမ္မိ'' စသော သုဒိန္နဖြစ်မြောက်နိုင်လောက်သော ဝစီဘေဒဖြင့် အာလယပြတ်ပေးလျှင် ယူသူပုဂ္ဂိုလ်ကလည်း ''မယှံ ဂဏှာမိ၊ အဟံ ဂဏှာမိ'' ဟု သုဂ္ဂဟိတ ဖြစ်နိုင်လောက်သော ဝစီဘေဒဖြင့်ယူပြီးမှ တစ်ဖန် ဒွိသန္တကပြုလိုသူရဟန်းနှစ်ပါးတို့အား တုန့်ပြန်ပေးလှူလျှင် ဒွိသန္တက သမာနပရိက္ခာရဖြစ်၏ဟု ပြဆိုပေ၏။

ဖြစ်ဆဲဖြစ်လတ့် ပစ္စည်းအရပ်ရပ်ကိုသာ မှတ်ချက်နှင့်တကွ ဆိုသောကြောင့် ဝေဖန်ချက် အထူး ထင်ရှားပေ၏။ ဤအပရေဝါဒ၌လည်း ပရိယာယ်မျှ တာဝကာလိကအနေအားဖြင့်ပေးခြင်းကို မယူသင့်၊ ပိုင်ရှင်အစစ်ဖြစ်ပါစေဟူသော မနောပဏိဓိဖြင့် နိရာလယကိုသာ နိဿံသယမှတ်ယူအပ်၏။

ပြီး၏။

ပုဂ္ဂလိကဝိဟာရ ပုစ္ဆာအဖြေ
(နိုင်ငံတွင်း ပုစ္ဆာအဖြေပေါင်းချုပ် ဒုတ ၂၀၂ မှ ၂၀၆)

စူဠဝါပါဠိတော် အဋ္ဌကထာတို့၌ ပုဂ္ဂလိကခံနည်းဟူ၍ တိုက်ရိုက်မပါမရှိသည်ကား မှန်ပေ၏။ သို့ရာတွင် ပုဂ္ဂလိကခံယူခြင်းကိုလည်း ခွင့်ပြုတော်မူလိုရိပ်ထင်ပါ၏။ ထင်ပုံကား မဟာဝါပါဠိတော် ဝဿူပနာယိက ခန္ဓက၌ –

ဣဓ ပန ဘိက္ခဝေ ဥပါသကေန သင်္ဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ၊ စသည်ဖြင့်လာ၏။ ဘိက္ခုံ ဥဒ္ဒိဿ ဝေ ဘိက္ခုံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ၊ စသည်ဖြင့်လာ၏။

ဘိက္ခုပါစိတ် နိဿဋ္ဌမုနသိက္ခာပုဒ်ပါဠိတော်၌ –

ပုဂ္ဂလိကေ သံဃိကသညီ အာပတ္တိဒုက္ကဋဿ ။ လ ။ အတ္တနော ပုဂ္ဂလိကေ အနာပတ္တိဟုမိန့်အပ်၏။

ဤပါဠိတော်နှစ်ရပ်တွင် ရှေးပါဠိတော်ဖြင့် ဒါယကာများ ပုဂ္ဂလိကကျောင်းဆောက်လုပ်မှုအရေးဖြင့် ဝါပန်၍သွားရန်ခွင့်ပေးတော်မူချက်အရ ပုဂ္ဂလိကကျောင်းခံယူမှုကိုလည်း ခွင့်ပြုရိပ်ထင်ပေ၏။ ပါစိတ် ပါဠိတော်၌မူကား ပုဂ္ဂလိကကျောင်းသာမန်ကိုပင် ပြဆိုချက်ထင်ပေ၏။

ဤပါဠိတော်တို့၏အရိပ်အမြွက်ကို ထောက်ခံချက်ပြုလုပ်၍ ဝိနယာလင်္ကာရဋီကာ၌ –

ပေါရာဏကဝိဟာရာပိ မူလေ ပုဂ္ဂလိကဝသေန ဒိန္နာ သဒ္ဓိဝိဟာရိကာဒီနံ ပုဂ္ဂလိကဝသေနေဝ ဒီယမာနာပိ တသ္မိံ ဇီဝန္တေယေဝ ဝိဿာသဝသေန ဂယှမာနာပိ ပုဂ္ဂလိကာ ဟောန္တိယေဝ၊ တသ္မာ သဗ္ဗသော ပုဂ္ဂလိကဝိဟာရဿ အဘာဝဝါဒေါ ဝိစာရေတဗ္ဗောဝဟူ၍လည်းကောင်း **(လင်္ကာ–ဒု–စာ၊ ၅၅–၅၆)**

ကဿ ဒါတဗ္ဗောတိ သံဃဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ ဒါတဗ္ဗော၊ ကထံ ဒါတဗ္ဗောတိ ယဒိ သံဃဿ ဒေတိ ''ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မီတိ၊ ယဒိ ဂဏဿ ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မီတိ၊ ယဒိ ပုဂ္ဂလဿ ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မီ''တိဒါတဗ္ဗော ဟူ၍ လည်းကောင်း မိန့်အပ်၏။ **(လင်္ကာ–ဒု–စာ–၅၂)**

ဤဋီကာပါဌ်ဖြင့် ဒါယကာတို့လှူဒါန်းအပ်သော ပုဂ္ဂလိကကျောင်းကို ခံကောင်း၏ဟူသော အချက် ထင်ရှား၏။

အဝိဿဇ္ဇိယ၊ အဝေဘင်္ဂိယ၊ ထာဝရဂရုဘဏ်ဟူသော အမည်ထူးတို့သည် စူဠဝါအဋ္ဌကထာဋီကာ၊ ကင်္ခါအဋ္ဌကထာဋီကာတို့၌ ''သံဃဿ ဒိန္နကာလတော ပဋ္ဌာယ''ဟူ၍လည်းကောင်း၊ သဃဿဒိန္နောဟူ၍

လည်းကောင်း၊ ဝိသေသနပုဒ်တို့နှင့်လာရှိပေရကား သံဃာအားလှူသဖြင့် သံဃိကအဖြစ်သို့ရောက်မှ ပေါ်ပေါက်ရရှိသော အမည်ထူးတို့သာဖြစ်၏။ ထို့ကြောင့် သံဃိကမဟုတ်သော ထာဝရဘဏ္ဍာမျိုးကို ဂရုဘဏ်ဟူ၍ မဆိုသာပေ။

သေနာသနတ္ထာယ နိယာတိတကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ'' ဟူသော ဂရုဘဏ်ပါရာဇိကဏ်အဋ္ဌကထာ၌လည်း ယခင်အဋ္ဌကထာငြိကာတို့ပြအပ်သော ဝိသေသနပုဒ်တို့နှင့် မဆန့်ကျင်အောင် သံဃိကကျောင်း၊ သံဃိကအိပ်ရာနေရာတို့ကိုသာယူလေ။

ပုဂ္ဂလိကအနေအားဖြင့် ကျောင်းကိုခံယူခြင်းငှာအပ်ခဲ့ပါလျှင် ၎င်းပုဂ္ဂလိက ကျောင်း၌ သေနာသနဝတ်များကိုမပြုအံ့၊ အာပတ်သင့်ခြင်းမှ လွတ်ကင်းပါမည်လောဟူသော လျှောက်ချက်၌ –

ဣဒမ္ပိ သံဃိကဝိဟာရေ ဝေဒေသေ နိဗဒ္ဓဂမနတ္ထာယ ကတံဋ္ဌာနံ ဟောတိ၊ ပုဂ္ဂလိကဋ္ဌာနံ ဝါ ဟူသော စူဠဝါအဋ္ဌကထာကို ထောက်၍လည်းကောင်း။

''အဓောတေန စ ပါဒေန၊ နက္ကမေ သယနာသနံ၊
အလ္လပါဒေန ဝါ ဘိက္ခု၊ တထေဝ သဥပါဟနော ။ လ ။''
''လောမေသု ပန လောမာနံ၊ ဂဏနာယေဝ ဒုက္ကဋံ၊

တလေန ဟတ္ထပါဒါနံ၊ ဝဋ္ဋတျက္ကမိတုံ ပန–ဟူသော ဝိနိစ္ဆယအဋ္ဌကထာပါဠိ၌ ''အတ္တနော သန္တကေ နေဝ ကေနစိ ပတ္တရိတ္တာန နိပ္ပဇ္ဇိတဗ္ဗံဟူသော အာပတ်ကင်းလွတ်ချက်ကို ထောက်သဖြင့်လည်းကောင်း။

ယော ပန ဘိက္ခု သံဃိကံ မဉ္စံဝါ ပီဌံ ဝါ ။ လ ။ ပါစိတ္တိယံ ဟူသော သိက္ခာပုဒ်အနာပါတ္တိဝါရတွင် ''ပုဂ္ဂလိကေ ပုဂ္ဂလိကသညီ အညဿ ပုဂ္ဂလိကေ အာပတ္တိ ဒုက္ကဋဿ၊ အတ္တနော ပုဂ္ဂလိကေ အနာပတ္တိ၊ ဟုလာသော ကင်းလွတ်ချက်ပါဠိတော်များကို ထောက်သဖြင့်လည်းကောင်း။ ။ ဒုပ္ပရိဘောဂ ဖြစ်မှုကြောင့် သင့်သောအာပတ်တို့မှလွတ်ကင်းကြောင်း ထင်ရှားပေ၏။

သေနာသနဝတ်တွင် အကျိုးဝင်သော တံမြက်လှည်းခြင်းအစရှိသော ကျင့်ဝတ်များကိုမူကား – သမာစာရံ ပုစ္ဆိဿန္တိ ဝုတ္တေ ဝတ္တခန္ဓကေ ကော ဒုက္ကဋာပတ္တိယေဝ၊ သာ သဗ္ဗဝတ္တေသု အနာဒရိယေန ဟောတိဟူသော ပရိဝါအဋ္ဌကထာ၌ သဗ္ဗဝတ္တေသု ဟု သာမညဆိုသည်ကို အလေးဂရုမပြုသဖြင့် သံဃိက၊ ဂဏိက၊ ပုဂ္ဂလိက ကျောင်းအားလုံးတို့၌လည်းမှု ပြစ်မှုလွတ်ကင်းရိပ်မထင်ပေ၊ ဖြည့်ကျင့်အားထုတ်မှသာ ကင်းလွတ်ရာဖြစ်လိမ့်မည်ဟု ယုံကြည်သဖြင့် ဖြည့်ကျင့်အပ်ကြောင်းကို ကောင်းကောင်းကြီးပြောဆိုပေသည်၊ ထို့ကြောင့်၊ ဝတ္တံ အပရိပူရေန္တော ။ လ ။ ဟူသော ဝိနိစ္ဆယကျမ်းလာအတိုင်း သံဃိက၊ ဂဏိက၊ ပုဂ္ဂိကကျောင်းတို့၌ အာဘိသမာစာရိကကျင့်ဝတ်တို့ကို မချွတ်ယွင်းအောင် ဖြည့်တင်းသင့်လှပါပေသည်။

ဝိဿာသဂ္ဂါဟ ပုစ္ဆာအဖြေ
(ဓာ-၂၀၆၊ ၂၀၇၊ ၂၀၈)

ယခုကာလကျောင်းစသော ဂရုဘဏ်များကို ဝိဿာသဂ္ဂါဟယူကြပါသည်။ ပါဠိတော်ရင်း၌ ရောဇမည်သော မလ္လာမင်း၏ ညီတော်အာနန္ဒာတို့ဝတ္ထုတွင် လဟုဘဏ်သာလာရှိသည်ကိုတစ်ကြောင်း၊ သက်န်းအဓိဋ္ဌာန်ကျ၊ မကျကိုပြဆိုရာ လဟုဘဏ်သင်္ကန်းသာလာရှိသည်တစ်ကြောင်း၊ ၎င်းအကြောင်းများကြောင့်

ကျောင်းစသော ဂရုဘဏ်ပစ္စည်းများကို ဝိဿာသဂ္ဂါဟယူ၍ ရ၊မရကို သိလိုပါသည်ဟူသော လျှောက်ချက်၌အဖြေကား ဘဏ္ဍာခွဲခြမ်းချက်မပြုဘဲ သာမညအားဖြင့် ဝိဿာသဂ္ဂါဟအင်္ဂါငါးပါးတို့ကို ဟောတော်မူရာ ပါဠိတော်တွင်ဖြစ်လာသော အကြောင်းရင်းမှာ လဟုဘဏ်မျိုးနှင့်သာ ဖြစ်သောကြောင့် လဟုဘဏ်မှာသာ ဤအင်္ဂါရွေးချယ်ထိုက်သည်၊ ကျောင်းစသော ထာဝရဘဏ္ဍာတို့၌ ဤအင်္ဂါမထိုက်သက်ပြီဟုမဆိုသာပေ။

စီဝရက္ခန္ဓကအဋ္ဌကထာ**(ဓာ–၄၁၅)**၌လည်း သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိဟု ပရိက္ခာရသဒ္ဒါနှင့် သာမညပင်ဖွင့်ဆိုပေသည်။ ၎င်းအဋ္ဌကထာလာ ပရိက္ခာရ၏အနက် သရုပ်တွင် လဟုဘဏ်ကို သာ ယူသင့်သည်ဟူက ၎င်းပါဠိတော်လာ အင်္ဂါချုပ်တွင် ပစ္စည်းဝတ္ထု သရုပ်မပါသဖြင့် မပယ်သာအောင် ရှိပေသည်။ ထို့ကြောင့် မဟုတ်လော၊ ဝိနယာလင်္ကာရဋီကာ **(ဓာ–၆၅)** ၌ ပုဂ္ဂလိကဝိဟာရေ ပန သော ဝိဟာရဿာမိကော အတ္တနော ဇီဝမာနကာလေယေဝ သံဃဿ ဝါ၊ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ ဒေတိ၊ တေ ဣဿရာ ဟောန္တိ၊ ယော ဝါ ပန တဿ ဇီဝမာနဿေဝ ဝိဿာသဂ္ဂါဟဝသေန ဂဏှာတိ သော ဝ ဣဿရော ဟောတီတိ၊ ဒဋ္ဌဗ္ဗော၊ ကထံ ဝိညာယတီတိ စေ၊ သံဃိကေ ဝိဟာရဿ ဂရုဘဏ္ဍတ္တာ အဝိဿဇ္ဇိယံ အဝေဘင်္ဂိကံ ဟောတိ၊ န ကဿစိ ဒါတဗ္ဗံ၊ ဂဏဿန္တက ပုဂ္ဂလိကေသု ပန တေသံ သာမိကတ္တာ ဒါနဝိဿာသဂ္ဂါဟာ ရုဟန္တိ၊ တသ္မာ သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတီတိ စ၊ ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ဧကသ္မိံ ကာလကတေ ဣတရော သာမိ၊ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယောတိစ အဋ္ဌကထာယံ ဝုတ္တတ္တာ ဝိညာယတိဟု ဖွင့်ဆိုအပ်ပြီ။ ဤဋီကာပါဌ်ဖြင့် အတ္တနော ပရိက္ခာရံဟူသော အဋ္ဌကထာလာ ပရိက္ခာရဟူသော သဒ္ဒါသည် ဂရုဘဏ် လဟုဘဏ်အားလုံးပင် သက်ဝင်၏။ ဂရုဘဏ်ကိုလည်း မိမိပိုင်ပုဂ္ဂလိက ဖြစ်ပါမူ ပေးပိုင်၏/ ယူပိုင်၏ဟူသော အာဘောဂဖြင့် ဖွင့်ပြချက်ပေတည်း။

ထို့ကြောင့် ဂရုဘဏ်ပစ္စည်းများကို ဝိဿာသဂ္ဂါဟဖြင့်ယူခဲ့သော် ပါဠိတော်လာ အင်္ဂါနှင့်စစ်ဆေး၍ အင်္ဂါညီညွတ်ချက်ရှိ၍ ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာပြည့်စုံပေမူကား ဝိဿာသဂ္ဂါဟမြောက်၏။ ဟူ၍ မှတ်ယူထိုက်ပေသည်။

ဝိဿာသဂ္ဂါဟ အင်္ဂါငါးပါးတွင် ''ဂဟိတေ အတ္တမန အင်္ဂါမြောက်သည်၊ မမြောက်သည်ကို သေခါနီးအခါ စကားပြန်မရ အခက်အခဲကြုံတည်းသော အခါကြီးသို့ရောက်နေသဖြင့် အတ္တမန၊ ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဟုတွေးတောယုံမှားဖွယ်ရာကြီးဖြစ်ရကား ဝိနယဂရုကပုဂ္ဂိုလ်တို့ အလွန်သတိထားသင့်သော အရေးကြီးပေတည်း။

အာပတ္တိဝိနိစ္ဆယ မှ
(စာ-၂၁၁ မှ ၂၁၆)

ယံ ပန ပဏ္ဏတ္တိဝဇ္ဇံ၊ တံ ယသ္မာ သဉ္စိစ္စ ကမ္မံ အာပတ္တိ ဝီတိက္ကမာမီတိ ဝီတိက္ကမန္တဿေဝ အကုသလံ ဟောတိ၊ အသဉ္စိစ္စ ပန ကိဉ္စိ အဇာနန္တဿ သဟသေယျာဒိဝသေန အာပဇ္ဇတော အဗျာကတံ ဟောတိ၊ တသ္မာ တတ္ထ သဉ္စိစ္စာသဉ္စိစ္စဝသေန ကမ္မံ ဝိကပ္ပဘာဝံ သန္ဓာယ ဣဒံ ဝုတ္တံ၊ ''အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလန္တိ။

ပညတ်တော်ရှိသည်ကိုမသိမူ၍ ဘုရားကိုကြည်ညိုသောစိတ်ဖြင့် စေတီပြင်မှာမြက်သစ်ပင်ကို တူးဖြတ်ခုတ်ထွင်ရာ၌ ပုထုဇဉ်သေက္ခဖြစ်ခဲ့အံ့၊ ကုသိုလ်စိတ်သည်အင်္ဂါ၊ ကုသိုလ်စေတနာသည် အာပတ်ဖြစ်၏။ ရဟန္တာဖြစ်ခဲ့အံ့၊ ကြိယာစိတ်သည် အင်္ဂါ၊ ကြိယာစေတနာသည် အာပတ်ဖြစ်၏။

ပုထုဇဉ်သေက္ခဖြစ်၍ မြက်သစ်ပင်တို့ကို ဒေါသနှင့်တူးဖြတ်ခုတ်ထစ်ခဲ့အံ့၊ အကုသိုလ်စိတ်သည် အင်္ဂါ၊ အကုသိုလ်စေတနာသည် အာပတ်ဖြစ်စေ၊ ဤအကုသိုလ်စိတ်၊ အကုသိုလ်စေတနာသည်လည်း သိယာ အကုသလံ၌ ဝင်၏။

ဝိနည်းဝေါဟာရ အလိုအားဖြင့် ထိုကုသိုလ်ကြိယာစုသည် အကုသိုလ်မည်၏ဟုဆိုခဲ့သော် ဝိနည်း အဘိဓမ္မာဆန့်ကျင်ရာ၏ဟု ဆိုငြားအံ့၊ ထိုကုသိုလ်ကြိယာစုသည် အဘိဓမ္မာအလို ကုသိုလ်သဘော ကြိယာ သဘောကို စွန့်သည်ကားမဟုတ်။

ပညတ်တော်ကို လွန်ကျူးမှုဖြစ်ခဲ့၍ ဝိနည်းတော်အလိုကဲ့ရဲ့ဖွယ်သော အမှုဖြစ်ခဲ့၏။ သဘောကို မစွန့်သည့်အတွက်ကြောင့် အဘိဓမ္မာအလို ကုသိုလ်ကြိယာပင်အမှန်ဖြစ်၏။ ပညတ်တော်ကို လွန်ကျူးမှု ဖြစ်သည့်အတွက်ကြောင့် ဝိနည်းတော်အလို အကုသိုလ်ဟုဆိုရ၏။ တစ်ပါးကိုတစ်ပါးပစ်ပယ်ခြင်း၊ မရှိ သောကြောင့် မဆန့်ကျင်လေ။

ဥပမာ – မစင်တွင်းမှာကျနေသော စန္ဒကူးကို၊ တစ်ယောက်သောသူက စန္ဒကူး၏သဘောကို မျှော်၍ စန္ဒကူးသည်ကောင်းလေစွဟု ဆိုပေရာ၏။ တစ်ယောက်သောသူက မစင်မှာနစ်၍နေသည်ကိုမျှော်၍ စန္ဒကူးသည် မကောင်းလေစွဟုဆိုပေရာ၏။ နှစ်ယောက်အဆိုသည် ကိုယ့်လမ်းနှင့်ကိုယ် အမှန်ချည်းဖြစ် ကြ၏။ ဆန့်ကျင်သည်မဆိုရ၊ ဤဥပမာကဲ့သို့တည်း။

သီလဝိသောဓနီ - မှ
(စာ–၄၀)

လဇ္ဇီတစ်ရာကို အလဇ္ဇီတစ်ယောက်တည်း တစ်ခဏချင်း အလဇ္ဇီဖြစ်အောင် စွမ်းနိုင်ရာသည်ဟူသော ကြောင့်လည်းကောင်း၊ လဇ္ဇီပုဂ္ဂိုလ်သာ သာသနာကို စောင့်လတ္တံ့ဟူသောကြောင့်လည်းကောင်း၊ အလဇ္ဇီ ပုဂ္ဂိုလ် အထောင်အသောင်းပင်ရှိသော်လည်း သာသနာမထွန်း။ ။ လဇ္ဇီပုဂ္ဂိုလ်သည် ယုတ်စွအဆုံး ငါး ယောက်မျှပင်ရှိသော်လည်း သာသနာတော် တည်ထွန်းသည်ဟူသောကြောင့် ပညတ်တော်အတိုင်းတည်

အောင် ပညတ်တော်ကို မယိုမပိုရအောင် ကျင့်ဆောင်ရာသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် –

က္ကမ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ၊ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသုဟု ဟောတော်မူလေ၏။ သီဟိုဠ်ကျွန်း၌ ဆင်သမန္တယ်ဖြင့် ခိုးသူတို့ချည်ထားသော ရဟန်းသည် တောမီးလောင်၍လာသည်ရှိသော် ပညတ်တော်မူအပ်သော ဘူတဂါမ သိက္ခာပုဒ်သည် မပျက်စေလင့်ဟု နွယ်ကိုမဖြတ်မူ၍ ဝိပဿနာကိုသာ အားထုတ်၍ နေလေသော် ရဟန္တာအဖြစ်သို့ရောက်လေ၏။ တောမီးအန္တရာယ်ဖြင့် ပရိနိဗ္ဗာန်ပြုလေသော ရဟန်းကဲ့သို့ အသက်ကိုသော်လည်းမငဲ့မူ၍ သိက္ခာပုဒ်မပျက်စီး မတိမ်းယိမ်းစိမ့်သောငှာ အားထုတ်ရာ၏။

အသက်ကိုမငဲ့၊ ဒါယကာတို့ မျက်နှာကိုမငဲ့၊ လာဘ်လာဘကိုမငဲ့၊ သီတင်းသုံးဖော်တို့၏ မျက်နှာကိုမငဲ့၊ ဘုရားရှေ့မျက်နှာတော်ကိုသာငဲ့၍၊ ဝိနည်းတော်မျက်နှာကိုသာငဲ့၍၊ သုတ္တန်မျက်နှာတော်ကိုသာငဲ့၍ ကျင့်ဆောင်ရာသည်။

(ပါတိမောက္ခသံဝရသီလမှ)

ယခုအခါ ဧည့်သည်ရဟန်းရောက်လျှင် အာဂန္တုကဆွမ်း ရွာတွင်းမှာ ဖိတ်ကြသည်ကား အညာတက ဝိညတ္တိသိက္ခာပုဒ်ကို မသိ၍သာ ဖိတ်ကြသည်။ ဖိတ်သူလည်းမအပ်၊ စားသူလည်းမအပ်။

အလဇ္ဇီလည်းအမြဲမရှိ လဇ္ဇီလည်းအမြဲမရှိ မကျင့်နိုက်အလဇ္ဇီ ကျင့်နိုက်လဇ္ဇီဖြစ်၍ အလဇ္ဇီဖြစ်သူလည်း ရှေးသူမြတ်တို့နည်း လဇ္ဇီဖြစ်အောင်၊ လဇ္ဇီဖြစ်သူလည်း အလဇ္ဇီမဖြစ်ရအောင် အားထုတ်ကြပါ။ ငယ်က မစင်ကိုစားသည်၊ ကြီးလျှင် မစင်ကိုမစားရာ၊ ငယ်က မိမွေးတိုင်းတည်သည် ကြီးလျှင် မိမွေးတိုင်း မတည်ရာ၊ ရှက်ချိန်ရောက်လျှင် ရှက်အပ်သည်။ ကြောက်ချိန်ရောက်လျှင် ကြောက်အပ်သည်။

သီလကို အပျက်မခံလင့် လောကဝတ်ကို အပျက်ခံ၊ ဘုရားရှင်လည်း အသက်ကိုစွန့်ရာ၏။ သီလကို မစွန့်ရာဟု ဟောတော်မူချေသည်။ ။ ရဟန်းအဖြစ်ကို ရခဲသည်ဟူရာ၌ အသက်မငဲ့မူ၍ သီလကို ချစ်သော ရဟန်း၏အဖြစ်ကိုသာ ရခဲသည်။ ရဟန်းဖြစ်ဆန်းကာကို ရခဲသည်မဟုတ်။

အရှင်သာရိပုတ္တရာကား အဆွေအမျိုးစပ်တော်သူ အလိုရှိလျှင်တောင်းပါဟု ဖိတ်မန်သူတို့၌ပြော၍ ရသော ပစ္စည်းကိုမှလည်း သုံးတော်မမူ။ ဝိညတ်ကြောင့်ရသော ပစ္စည်းဟူသမျှကို အပ်သောအရာ မအပ်သောအရာ၌ပင် စက်ဆုပ်တော်မူသည်။ (ဓမ္မာသောကမင်း၏သားတော် ကောဏ္ဍထေရ်နှင့်လည်းနည်းတူပင်။)

ရဟန်းဖြစ်သောသူသည် ဒါယကာတို့ မိမိအားကြည်ညိုစေခြင်းအကျိုးငှာ သစ်သီးပေးခြင်းစသည်ကို မပြုရာ၊ ပြု၍ရသော ပစ္စည်းအားဖြင့်လည်း အသက်မမွေးရာ၊ ပေးခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သင့်၏။ အသက်မွေးခြင်းကြောင့်ကား အာဇီဝပါရိသုဒ္ဓိသီလ ပျက်၏။

သူတစ်ပါးတို့ ချီးမွမ်းခြင်းကိုတောင်းတ၍ သမာဓိရသကဲ့သို့ ဣရိယာပုထ်ကိုဖြစ်စေခြင်း အာရမ္မဏူပနိဇ္ဈာန်လက္ခဏူပနိဇ္ဈာန်ရသကဲ့သို့ ဣရိယာပုထ်ကိုဖြစ်စေခြင်း ပရိသတ်အလယ်၌ ပုတီးကိုင်၍ နှုတ်သီး တလှုပ်လှုပ်ပြုခြင်း စသည်များသည် မထင်ရှားသောသူအား ထင်ရှားသောအရာ၌ ရှုစေမည်ရကား အာပါထကဖြာယီမည်၏။ ထို့ကြောင့် ထိုအခြင်းရာဖြင့်ရသော ပစ္စည်းဖြင့် အသက်မွေးသောရဟန်းသည် မိစ္ဆာဇီဝဟူသတည်း။

သဒ္ဓါ၍ ရဟန်းပြုသောပုဂ္ဂိုလ်တို့သည် ပစ္စည်းကိုလိုချင်လျက် မလိုချင်ယောင်မူ၍သကဲ့သို့ ဟန်စကား မပလွှားကြပါလေနှင့်၊ ရဟန်းတို့အား ပစ္စည်း၏ခေါင်းပါးခြင်း လာဘ်လာဘ၏ ခေါင်းပါးခြင်း ကိလေ

သာ၊ တဏှာ၊ မာနစသည်တို့၏ ခေါင်းပါးခြင်းအကျိုးငှာသာ ပိဋကတ်သုံးပုံကို ဘုရားဟောတော်မူသည်။ ပစ္စည်းများခြင်းစသည်တို့ဖြစ်ခြင်းငှာ ပိဋကတ်သုံးပုံကို ဘုရားမဟောချေ။ ပစ္စည်းများသောရဟန်းသည် တဏှာမာန စသည်များ၏။ တဏှာမာနစသည်များသော ရဟန်းသည် ဘာဝနာချို့၏၊ ပရိယတ္တိချို့၏၊ ပဋိပတ္တိချို့၏။ ပဋိဝေဓကို မမြင် မခေါ်ပြီ၊ ဤသို့လျှင် ပျက်စီးခြင်း သဘောရှိ၏။

ဤသို့သော သဘောကိုထောက်၍ ပစ္စည်း၌မက်မောခြင်းကိုလည်း ပယ်ရာသည်၊ မက်မောလျက် မမက်မောယောင်ဆောင်ခြင်းကိုလည်း မဖြစ်စေရာ၊ သီလမစင်ဘဲ စင်ယောင်မူခြင်းကြောင့် ရသောပစ္စည်းကို မှီဝဲသုံးဆောင်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလပျက်ချေသည်။ ။ ကုသိုလ်လို၍ကား ရဟန်းပြုရင်းဖြစ်၏။ ရဟန်းတို့ကျင့်အပ်သော သမဏဓမ္မကိုမကျင့်ချေလျှင် ရဟန်းအဖြစ်ဖြင့် အကုသိုလ်ကို ဆည်းပူးမည်ဟုရဟန်းပြုရာရောက်၏။ ထို့ကြောင့် ရခဲလှစွာသောရဟန်းအဖြစ်ကို ရပါခိုက် အချည်းနှီးမဖြစ်စေရအောင် ဆောင်သောသတိဖြင့် ဝိနည်းပညတ်၌ ဂရုကတပြုရာသည် သေးဖွဲသိမ်မွေ့သောအမှုဟု မထိမဲ့မြင်မပြုရာ။ လောဘ၏နည်းခြင်း၊ ဒေါသ၏နည်းခြင်း၊ အမျက်မာန၏နည်းခြင်း၊ ရာဂ၏နည်းခြင်း၊ ပစ္စည်း၏ လာဘ်လာဘ၏ နည်းခြင်းကိုသာ ဖြစ်စေရာသည်။

ပစ္စည်းလာဘ်လာဘများခြင်း သလ္လေခပဋိပတ်မရှိသော ရဟန်းသည် အလုံးစုံသောအကုသိုလ်တရားတို့၏ဖြစ်ကြောင်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ဒါယကာတို့ သံသရာအကျိုးငှာ လှူသည့်ဝတ္ထုကို ရသောရဟန်းသည်၊ ငါ၌ အဆိပ်ထန်သော မြွေပွေးမြွေဟောက်ငင်ချေပြီဟု နှလုံးပိုက်၍ ကိုယ်နှင့်ထိုက်ရုံကိုသာ ယူ၍ လွန်သောဝတ္ထုပစ္စည်းကို ပယ်နိုင်အောင်ပယ်ပါလေ။

သဒ္ဓါ၍ ရဟန်းပြုသောသူသည် ငါ့အား ဒါယကာတို့ အံ့ဩခြင်းသည်ဖြစ်ပစေဟုနှလုံးပိုက်၍ အံ့ဩခြင်းကို ဖြစ်စေတတ်သော ကုက္ကုစ္စကိုစောင့်ရှောက်သောအခြင်းအရာ ဟန်ပန်အမူအရာကိုမဖြစ်စေအပ်၊ မျက်မှောင့်တွန့်ခြင်းစသော ကိရိယာကို မဖြစ်စေအပ် မပြုအပ်၊ အံ့ဩခြင်းကိုဖြစ်စေတတ်သော မိမိ၏ကျမ်းဂန်အထူးသင်ဘူးသည်၏ အဖြစ်ကိုလည်းကောင်း၊ ဝိနယာနုရူပနှင့်ပြည့်စုံသည်၏ အဖြစ်ကိုလည်းကောင်း၊ မိမိ၏ဓုတင်ကျေးဇူးနှင့် ပြည့်စုံသည်၏အဖြစ်ကိုလည်းကောင်း၊ မိမိ၏ ပဋိဝေဓကို ရေးရှုသည်၏ အဖြစ်ကိုလည်းကောင်း၊ သိစေခြင်းငှာ မဖြစ်စေအပ်၊ မပြုအပ်၊ ဖြစ်စေခြင်း၊ ပြုပြင်ခြင်းကြောင့်ရသောပစ္စည်းဖြင့် အသက်မွေးသောရဟန်းသည် အာဇီဝပါရိသုဒ္ဓိသီလပျက်၏။

တစ်နည်း ''ကတမံ ကုရိယာပထသခ်ါတံ ကုဟနဝတ္ထု''စသည်ဖြင့် မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူအပ်၏။

ရဟန်းဖြစ်သောသူသည် မြင်မြင်သမျှတို့ကို ကြည်ညိုလေအောင် ပြုပြင်သောအမူကို မပြုအပ်။ ဝိနည်းကိုရှိသေခြင်း သုတ်အဘိဓမ္မာကိုရှိသေခြင်းငှာ ပြကတေ့သောစိတ်ဖြင့်သာ မပြုမပြင်ကိုယ်ကိုဖြစ်စေရာသည်၊ သတိရှိကြစေ၊ ကိုယ်ကိုသူတော်ကောင်းတို့၏ ဓလေ့အလာအဟန်အပန်ယူ၍ ရသောပစ္စည်းဖြင့် အသက်မွေးသောရဟန်းသည် အာဇီဝပါရိသုဒ္ဓိသီလပျက်၏။

ပညာရှိတို့ကား ပရိသတ်ခြွေရံ ဆိတ်သည်၊ ပစ္စည်းခေါင်းပါးသည်၊ လာဘ်နည်းသည်ကိုသာ ချီးမွမ်းသည်။ သူမိုက်တို့ကားများသည်ကို ချီးမွမ်းသည်။

ရွှေဥမင်ဆရာတော်ကို ပရိသတ်ခြွေရံနည်းသည် ကြောက်တော်မမူလော၊ သာလွန်မင်းတရား၏ဆရာမိန့်တော်မူသည်ကို ကြောက်၍ပင် ပရိသတ်အနည်းနှင့်နေပါသည်။ ရွှေဥမင်ဆရာတော်ဘုရားစကားပြန်သည်ကို သာလွန်မင်း ဆရာတော်က ဩဘ်ငါကား မကြောက်တတ်သူဖြစ်ခဲ့ပြီဟု နှလုံးပိုက်တော်မူသည်။ ထို့နောက်

တောင်ဖီလာသို့ သက်တော် (၆၀) ပြည့်သည်နှင့် ဝင်တော်မူလေသည်။

မန်လည်ဆရာတော်လျှောက်ရာတွင် ကြက်သွန်ခင်းဆရာတော်က ပုတတ်တွင်းဝင်ဖြောင့်၊ မီးကောက်ကျည်စွပ်ဖြောင့်၊ မည်သည့်တရားကို အထူးအားဖြင့် အားထုတ်သည်မရှိ ကာယဝိဝေကကိုရလျှင် များစွာသော ကုသိုလ်ဓမ္မပွားကြောင်းဟု နှလုံးပိုက်၍ ဖြည့်ကျင့်မြဲတရားကို ဖြည့်ကျင့်၍ ပစ္စဝေက္ခဏာ လေးပုဒ်ကိုဆင်ခြင်၍ တောနေအားထုတ်သည်ဟု မိန့်တော်မူ၏။

မျက်မမြင်သောသူသည် မျက်မြင်သူနှင့်ကင်း၍ လိုရာအရပ်သို့ မရောက်နိုင်ချေ။ ထောပတ်ပျားဆီသည်လည်း တည်ရာအိုးနှင့်ကင်း၍ မဖြစ်နိုင်ချေပြု၏။ အချို့သော ကျမ်းဂန်သည်လည်း သူတစ်ပါးတို့၏ယုံမှားကိုမဖျောက်နိုင်ချေ။ ။ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ဆရာမြတ်တို့ကျင့်ထုံးကျင့်စဉ်နှင့်ကင်း၍ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းသောအကျင့်ကို ဟုတ်မှန်တိုင်းမကျင့်နိုင်ချေ။

အာဇီဝပါရိသုဒ္ဓိသီလ စင်ခြင်းငှာအလိုရှိသော သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုသောပုဂ္ဂိုလ်သည် မင်းပင်ဖြစ်သော်လည်း ရှေးဦးစွာနှုတ်ခွန်းဆက်ခြင်း နှစ်သက်ဖွယ်သော စကားကိုဆိုခြင်းစသော အာဒိလပနစသည်ကို မပြုရာ။

လူမွေးခြင်း၌ဆင်ခြင်

အမရပူရမြို့တည်နန်းတည် မင်းတရားလက်ထက် ရဟန်းတို့ လူတပည့်မွေးအပ်၊ မမွေးအပ်ကြောင်းကို မေးတော်မူသည်တွင် ပဏ္ဏာပလာသ၊ အာရာမိက၊ ဝေယျာဝစ္စကရ၊ ဘိက္ခုနိဿိတကကို ခွင့်ပြုတော်မူသောကြောင့် မွေးအပ်၏ဟု အချို့သောဆရာတို့ အယူရှိသည်။

ပဏ္ဏာပလာသဟူသည် သက်န်းသပိတ်စုံပြီးသော သာမဏေလောင်းကိုသာဆိုသည်။ ။ အာရာမိကဟူသည် ကျောင်းအားလှူအပ်သော ကျောင်းကျွန်အာရာမ်စောင့်ကိုသာဆိုသည်။ ။ ဝေယျာဝစ္စကရဟူသည် ရဟန်းတို့အား အမှုကြီးငယ်ကိုဆောင်သော လူကိုသာဆိုသည်။ ။ ဘိက္ခုနိဿိတကဟူသည် ရဟန်းတို့ ခနုပ်ခပေါက်ကိုမှီ၍နေသူကိုသာ ဆိုသည်။ ယခုမွေးကြသည်မှာ ယင်းသို့မဟုတ် လူဒိသာပါမောက္ခကဲ့သို့ ပညာသင်ပေးပါဟု အပ်လျှင် ပညာသင်ခြင်းငှာ ခံသည်ဖြစ်၍ အစေအပါးခံရာရောက်သည်၊ လူတို့အစေအပါးကို ပယ်တော်မူချက်နှင့်မြစ်သည် မအပ်ချေဟု အချို့သောဆရာတို့ အယူရှိသည်။ ပရိတ္တံ ကရောထ–ဆိုလျှင် အရံအတားကို ပြုပါစေရာရောက်သည် မရွတ်အပ်။ ပရိတ္တံ ဘဏထ–ဆိုမူကား အရံအတားဖြစ်သောတရားကို ဟောပါဟူသောကြောင့် ရွတ်အပ်၏ဟူသော ဝိနည်းတော်ရှိလေပြီ။

ပညာသင်ပါဟူသည် အစေတိုက်ရိုက်ပင်ဖြစ်၍ မအပ်ချေဟု အချို့ဆရာတို့ အယူရှိသည်။ ရှာသားသူငယ်တို့ကို ထိန်းရခြင်းကို ပယ်တော်မူချက်နှင့် ဖြစ်သည်။ ပညာသင်သားထိန်းအပ်သည်ကို အပ်ချေတုံအံ့လော့ ''ဤသူငယ်သည် အရှင်ဘုရားတို့အား အပ်သည်ကိုပြုတတ်သော ကပ္ပိယကာရကတည်း''ဟု ဆိုမူကား အပ်ကောင်း၏ဟု အချို့ဆရာတော်တို့အယူရှိသည်။ ။ သီလက္ခန်ပါဠိတော်မှာ နွားမွေးခြင်း

စသည်ကို ပယ်တော်မူချက်တိုက်ရိုက်ရှိချေသည်။ မမွေးအပ်ချေဟု အချို့ဆရာတို့ အယူရှိသည်ကိုလျှောက်လျှင် ...

ဘုရားရှင်လက်ထက် တပည့်သားသံဃာတော်တို့ ယခုကဲ့သို့ လူမွေးသည်၊ မမွေးသည်ကို ကျမ်းလာသည့်အတိုင်း စာသွင်းစေဟူပြန်သောကြောင့်၊

ဘုရားရှင်လက်ထက် ယခုကဲ့သို့ ရဟန်းတို့လူမမွေး။ လူတို့ဆွမ်းလှူ၏၊ ဘုရားရှင်ကိုယ်တော်ပင် သပိတ်လွယ်၍ ကြွတော်မူကြောင်း။ တပည့်သံဃာတို့လည်း သပိတ်လွယ်၍ကြွကြောင်း။ အရှင်အာနန္ဒာမှာ သကၤန်းသပိတ်စုံရှိသော ရှင်ပြုစိမ့်သော တစ်ဆယ့်ငါးနှစ်မပြည့်သေးသော သူငယ်ရှိကြောင်းများကို စာသွင်းလျှင် ရဟန်းတို့လူတပည့် မမွေးစေလင့်၊ မဟာဒဏ်ဝန်က နိုင်အောင် အမိန့်တော် ထုတ်ရချေသည်၊ သည်များကိုထောက်၍ သူတော်ကောင်းတရားပွားများခြင်းသည်သာ အသင့်နှလုံးပိုက်၍ လူမွေးခြင်း၌ဆင်ခြင်။

၉၅

ပဥ္စင်းခံမှု

ဖွားသည်မှ တစ်ဆယ့်ကိုးနှစ် ပဋိသန္ဓေဆယ်လ လလွန်နှစ်လ ပေါင်း ၂၀ နှစ်ရှိပြီဟု ပဥ္စင်းမခံပါလေနှင့်၊ ဖွားသည်မှ ၁၉ နှစ်နှင့် ဆယ်လ လလွန်နှစ်လနှင့်သော် ဖွားသည်မှအသက် ၂၀ ပဋိသန္ဓေနှင့်သော် ယုံမှားကင်းလောက်ပြီဟုသာ ခံပါလေ။ တစ်နည်းကား ... ဖွားသည်မှ ၁၉ နှင့် ၂လ ပဋိသန္ဓေ ၁၀ လ နှင့် အနှစ်နှစ်ဆယ် လလွန် ၂ လနှင့်သော် ယုံမှားကင်းလောက်ပြီဟုသာ ခံပါလေ။

မှတ်ချက် ။ ... ။ လလွန်ကိုယူလျှင် ပဋိသန္ဓေကိုလွှတ်၊ ပဋိသန္ဓေကိုယူလျှင် လလွန်ကိုလွှတ်ပါလေ၊ သို့မှသာ အဌကထာနှင့်ရှေ့နောက်ညီမည်။ ။

စာရိတ္တသိက္ခာပုဒ်တို့၏ သဘောသည် အပ်သည်ကိုကြဉ်သည်၊ ဝါရိတ္တသိက္ခာပုဒ်တို့၏ သဘောသည် မအပ်သည်ကိုသာကြဉ်သည်၊ အပ်သည်ကို မကြဉ်၊ ကောသနိက်စားခြင်းသည် အပ်သည်ကိုပင်ကြဉ်သော သိက္ခာပုဒ်ဖြစ်၏။

တုယူဖွယ်ဆရာတော်များ

နံမော်ရှင်ဓမ္မပါလဆရာတော်ဘုရားသည် မိုးမရွာလျှင် မည်သည်တွင်မှ ထီးဆောင်တော်မမူ။ အသုံးအဆောင် အလုအပ အယဉ်အကျေးသုံးဆောင်တော်မမူ။ နေရာခင်းလည်း စမ္မခဏ်ပြင်မရှိ။ ညဉ့်အခါလည်း ပါတိမောက် ၂ စောင် အဂ္ဂိခန္ဓောပမသုတ် ခုဒ္ဒသိက္ခာကိုမပြန်ဘဲ အိပ်သည့်အခါမရှိ။ နံနက်အခါလည်း ဘာဝနာမှု ချွတ်သည်မရှိ။

ငါတို့ဆရာ ဆရာရှင်ဝရဓမ္မသည် ရရသမ္ပျပစ္စည်းကို အတ္တသန္တကပြုတော်မမူ။ ကိုယ်သုံးဆောင်လောက်ရုံယူ၍ ကြွင်းသမျှကို သံဃသန္တကသာ မှတ်တော်မူသည်။ တောင်လေးလုံးဆရာတော်လည်း ရရသမ္ပျပစ္စည်းကို အတ္တသန္တကပြုသည်မရှိ စွန့်ဖို့ချည်းသာ ပြုတော်မူသည်။ ။ မင်းရွာဆရာတော်ဘုရားလည်း သပိတ်တစ်လုံး သင်္ကန်းသုံးထည်မှတစ်ပါး စွန့်အပ်သောဝတ္ထုချည်းဟူ၏။ ။ ဆုံတားဆရာ

တော်ဘုရားသည် ပစ္စည်း၌ ဤကားငါ့ဖို့ ဤကားသူ့ဖို့ဟု ဝေဖန်ခြင်းမရှိ။ ရရသမျှသည် သူ့ဖို့ချည်းဟူ၏။

ခရီးဦးကြိုရာ၌

ငါတို့ဆရာ မင်္ဂလာဘုံကျောင်းဆရာတော်လည်း တပည့်သာမဏေတို့ ခရီးဦးကြိုဆိုလာသည်ကိုမျှ လည်း ဥပဇ္ဈာယ်အင်္ဂါငါးပါးတွင် "အဘိဝိနယေ ဝိနေတုံ အဘိဓမ္မေ ဝိနေတုံ။ အင်္ဂါခဲရင်းလှသည်ဟု မသာယာချေ။ ။ ငါတို့ဆရာ ဆင်တဲဆရာတော်ဘုရားလည်း တပည့်ရဟန်းသူငါတို့ ခြေဆုပ်လက်နယ် ဝတ်ပြု ဝင်သည်တို့ကို အစဉ်ပင်သည်းခံတော်မူကြပါဟု တောင်းပန်တော်မူသည်။

နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာ

နိဿရည်းဆရာ ဥပဇ္ဈာယ်ဆရာတို့သည် အင်္ဂါငါးပါးနှင့်ပြည့်စုံမှ နိဿရည်းမြောက်သည်၊ ဥပဇ္ဈာယ် မြောက်သည်၊ အင်္ဂါငါးပါးနှင့် မပြည့်စုံလျှင် ဝါတစ်ရာပင်ရသော်လည်း မမြောက်ချေ၊ အင်္ဂါငါးပါးတွင် "အဘိဓမ္မေ ဝိနေတုံ အဘိဝိနယေ ဝိနေတုံ" အင်္ဂါခဲလှသည်။ ဝိနယကို ဝိနယချင်း မရောမယှက်ရအောင် ဓမ္မကိုဓမ္မချင်း မရောမယှက်ရအောင် ဝိနယနှင့်ဓမ္မမရောယှက်ရအောင် ပြသနိုင်သူမှ နိဿရည်းဆရာ မြောက်သည်၊ ဥပဇ္ဈာယ်ဆရာမြောက်သည်၊ မြောက်သူမှုပရိသတ်မွေးရသည်။ ။ နိဿရည်းဆရာဥပဇ္ဈာယ် ဆရာနှင့်ကင်း၍ ဝါမဆိုကောင်း၊ ဝိနည်းတတ်ရဟန်း ပစ္ဆိမဝါကပ်မှီလာအံ့ဟု ပုရိမဝါကပ်မိသော ရဟန်း သည် ဝိနည်းတက်ရဟန်းက ဝါမကပ်ပါလျှင်ဆိုမိပြီးသော ပုရိမဝါကိုဖျက်၍ ဝိနည်းတတ်ရဟန်းရှိရာမှာ ပစ္ဆိမဝါကပ်ရမည်။ ဝါကပ်ပြီးပြီဟုမနေလင့်။ ဘုရားပညတ်တော် ရှိချေသည်။

ဝါတစ်ရာပင် ပြည့်သော်လည်း ဝိနည်းသိက္ခာပုဒ်၌ မသိမလိမ္မာလျှင် သိလိမ္မာသည့်ဆရာနှင့်ကင်း၍ တစ်ညဉ့်တစ်အရုဏ်မျှ မနေကောင်းချေ။

ကွမ်းစားခြင်း၌ သတိပြု

မန်လည်ဆရာတော်ဘုရားကြီးသည် မုခရဂ်သိက္ခာပုဒ်ကို ရှိသေသောအားဖြင့် အချင်းခပ်သိမ်း ကွမ်းမစားဟု မုန်တော်ဆရာတော်ဘုရား မိန့်ဖူးသည်။ ။ မုခရဂ်ဟူသည်ကား နှုတ်ခမ်းကိုနီစေတတ် သောဝတ္ထုဖြင့် နှုတ်ခမ်းကိုဆိုးသည်ကိုဆိုသည်။ ရဟန်းဖြစ်သူ နှုတ်ခမ်းကိုမဆိုးအပ်ဟု ပယ်တော်မူချက် ဝိနည်းရှိချေသည်။ သတိရှိကြစေ။ ။ ကိုယ်တော်အရှင်ကား မည်သို့ပါလျှောက်သည်ကို ငါကားနေမလွဲမိ စား၏၊ စားသော်လည်း နှုတ်ခမ်းကိုမနီရအောင် ပဝါကိုရေဆွတ်၍ တိုက်၍စားသည်ဟု မုန်တော်ဆရာ တော်မိန့်သည်။

ရှင်္ဂလ္လိပဗ္ဗကျမ်း

ဆရာဥပဇ္ဈာယ်တို့ထံ ဝတ်ပြုစာသင်ဝင်သည့် ကာလစသည်တို့၌လည်း လက်ယာပခုံးကိုဖော်၍ လက်ဝဲပခုံး၌ လက်လိပ်ဆင်စွယ်တင်ဝတ်သည်ကို ပြုကြရသည်။ ယင်းနည်းသည် ရှင်္ဂလ္လိပဗ္ဗကျမ်း၌ လာသော ကျမ်းတတ်ဆရာမြတ်တို့နည်းဖြစ်၍ သင့်လှပေသည်။ ယခုအခါ ဒုကုဋ်တင်၍ ဝတ်ပြုသောနည်းလည်း ကျမ်းတတ်ဆရာမြတ်တို့ နည်းဖြစ်၍သင့်လှသည်။ သုံးကြကုန်။

တောနေရဟန်းတို့အား ကျောင်းနှင့်များလျှင် သမင်ကိုမြှားလွှင့်တင်သော လေးနှင့်ပြသကဲ့သို့ ရှိတော့မည်ဟု သီဟိုဠ်ရောက်ဘုန်းတော်ကြီးဘုရား မင်းကေရာဇ်ကိုမိန့်တော်မူသည်။

ရဟန်းဆိုက နိရောဓသမာပတ်ဝင်သော ရဟန္တာပုဂ္ဂိုလ်ကဲ့သို့သာ မတုန်မလှုပ် ကိုယ်က္ကန္ဒြေ၊ နှုတ်က္ကန္ဒြေ အနေအထားသင့်အောင် ဖြစ်စေရာသည်။ ယောကျ်ားမိန်းမတို့အား မိန်းမနှင့်ပြောချေ ယောကျ်ားနှင့်ပြောချေ၊ ကိုယ်ဂုဏ်ပေါ့အောင် မဖြစ်စေရ။

မန်လည်ဆရာတော်ဘုရားကြီးရှေ့ မဲထီးဆရာတော်က ပြည်ပန်းရွှေဟင်းကို တပည့်တော်မကြိုက် ဆိုမိသည်တွင် နှုတ်က္ကန္ဒြေမရှိသောရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း သံသရာအကျိုးနည်း "ငါ ဤအာဟာရကိုမကြိုက်"ဟု ဆိုမိခြင်းကြောင့် ထိုအာဟာရမျိုးကို ဒကာတို့မလှူလျှင် အလုပ်အကျွေးတပည့်တို့မှ မစားရသည်ကား ပစ္စုပ္ပန်အကျိုးနည်း။ ငါ၏အာဟာရမျိုးကို ကြိုက်သည်ဟုဆိုမိခြင်းကြောင့် ရသောအာဟာရကို သုံးဆောင်စားသောက်ကြသည်ကား သံသရာအကျိုးနည်းဟု မန်လည်ဆရာတော် ကျွန်ုပ်ကိုဆုံးမသည်ဟု မဲထီးဆရာတော်ပြောဖူးသည်။

နေလွဲပြီးဆေးကို သုံးဆောင်လိုမူ ကာလနှစ်ပါးတွင် တစ်ပါးပါး၌ ဆင်ခြင်ပါလေ။ ။ဆေးဆိုက ရောဂါဟူသောအကြောင်းကြောင့်သာ သုံးဆောင်မြဲဖြစ်သည်။ ယင်းသို့လျက် အနာရောဂါမရှိဘဲ နေလွဲပြီး ကွမ်းစားကြသောရဟန်းတို့သည် စားလို၍စားသည်ဖြစ်ရကား ဝိကာလဘောဇန ဒုက္ကဋ်အာပတ်မလွတ်ဟုသိရာ၏။ ။ ခံတွင်း၏ သန့်ရှင်းခြင်းငှာ စားသည်ဟုဆိုလျှင်၊ သန္ဓေပါအနာကို ကုစားခြင်းငှာ တတ်ကောင်းသော ဆေးမရှိ။

ပစ္စဝေက္ခဏာ

ထိုနေ့အရုဏ်မတက်မီ တစ်ခေါက်မျှ မဆင်ခြင်မိသော် ဣဏပရိဘောဂဖြစ်၏။ သူ့မြီကြောင့် အစေခံကျွန်အရာနှင့် နေရသောသူသည် မြီကြောင့် မိမိလိုရာသို့ မသွားမလာရသကဲ့သို့ "သီလရှိသော ရဟန်း၏လည်း တရားသဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်မိခြင်းကြောင့်၊ သီလဖြူစင်သည်ကိုစွဲ၍ ရလတ့်သော သဂ္ဂမောက္ခအကျိုးကိုမရနိုင်၊ ထို့ကြောင့် တရားသဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရာသည်။

ကူလဒူသက၊ အနေသနအကြောင်းတို့ကြောင့် ရသောပစ္စည်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ကာယဝိက္ကယကြောင့် ရသောပစ္စည်း၊ ဝိညတ်မှု၊ အဂ္ဂိရတ်မှုစသည်တို့ကြောင့် ရသောပစ္စည်း၊ ဘုရားစက်ဆုပ်တော်မူအပ်သော အကြောင်းတို့ကြောင့် ရသောပစ္စည်းဟူသမျှသည် ပစ္စဝေက္ခဏာမထိုက်ဖြစ်၍ ဣဏပရိဘောဂ မဆိုသာပြီ၊ ပြုတိုင်းပြုတိုင်း စားတိုင်းစားတိုင်း အပြစ်သာရောက်တော့သည်။

ဗျတ္တဂုဏ် ပဋိဗလဂုဏ်

ဗျတ္တဂုဏ်ကား ပရိသတ်အလုပ်အကျွေးကိုခံရသော ဗဟုသုတနှင့်ပြည့်စုံသော ဂုဏ်တည်း။ ထိုစကားမှန်၏။ ပရိသတ်အလုပ်အကျွေးကိုခံရသောရဟန်းသည် ယုတ်စွအဆုံး အချင်းချင်းရောယှက်ခြင်း ကင်းသော ဝိနည်းပိဋကတ်၌ သူ့ကိုဆုံးမခြင်းငှာ ဉဘတောဝိဘင်းကျမ်းကို လေ့လာသည်၊ နှုတ်တက်သည်ကို ပြုရမည်။ ။ မတတ်နိုင်သော နိဿရည်းဆရာသည် သုံးယောက်သောဝိဘင်းဆောင်ရဟန်းတို့နှင့် အတူနေ၍ တစ်ယောက်မေ့လျှင် တစ်ယောက်မေးခြင်းငှာ ခန့်သည်ကိုပြု၍နေရမည်။

ကမ္မာကမ္မ ဝိနိစ္ဆယကိုသင်ရမည်။ ။ မဟာဝါ စူဠဝါ၌လာသော ဝတ်ကြီးဝတ်ငယ်ကို သင်ရမည်။ မစွမ်းနိုင်လျှင် သုတ်၌ ဒီဃနိကာယ်ဝယ် သုတ်မဟာဝါကိုသင်ရမည်။ မဇ္ဈိမနိကာယ်ဝယ် မူလပဏ္ဏာသကို သင်ရမည်။ ။ သံယုတ္တနိကာယ်ဝယ် မဟာဝဂ်မှအောက်ဖြစ်သော သဂါထာဝဂ် နိဒါနဝဂ် ခန္ဓဝဂ်ကိုသင် ရမည်၊ ထိုသုံးဝဂ်ကိုမသင်လျှင် မဟာဝဂ်ကိုသော်လည်းသင်ရမည်။ ။ အင်္ဂုတ္တရနိကာယ်ဝယ် ထက်ဝက် ပိုင်း၍ အောက်ပိုင်းကိုသော်လည်းကောင်း၊ အထက်ပိုင်းကိုသော်လည်းကောင်း သင်ရမည်။ မတတ်နိုင် သော် တိကနိပါတ်မှစ၍ သင်ရမည်။ ဇာတ် (၂၁) ကျမ်းကို အဋ္ဌကထာနှင့်တကွ သင်ရမည်။ ထို့အောက် ယုတ်မှုမအပ်။

ဓမ္မပဒကို ဝတ္ထုနှင့်တကွ သင်ရမည်၊ ဉဒါန်း ဣတိဝုတ် သုတ္တနိပါတ် ဝိမာနဝတ္ထု ပေတ ဝတ္ထု ထေရဂါထာ ထေရီဂါထာ နိဒ္ဒေသ ပဋိသမ္ဘိဒါ အပါဒါန်ဗုဒ္ဓဝင် စရိယာပိဋကတ်ကိုလည်း ဝတ္ထုနှင့်တကွသင်ရ မည်။ ။ အဘိဓမ္မာ၌ကား တချို့ကို သင်အပ်ဟုမဆို၍ အလုံးစုံ (၇)ကျမ်းလုံးကိုပင် သင်ရမည်။ သို့မှပရိသတ် အလုပ်အကျွေးကို ခံရသော ဗဟုသုတဖြစ်သော ဗျတ္တဂုဏ်နှင့်ပြည့်စုံသည်။ **(ပါစိတ်–အဋ္ဌကထာ၊ စာ–၁၅)**

ထိုဗျတ္တဂုဏ်နှင့် ပြည့်စုံမှ သူ့ကို ဉပဇ္ဈာယ်ပြု၍ ပဉ္စင်းခံရသည်၊ ဉပဇ္ဈာယ်ပြု၍ သာမဏေပြုရသည်၊ နိဿရည်းပေးရသည်၊ ဉပဇ္ဈာယ်အနေနှင့်နေ၍ သာမဏေအလုပ်အကျွေးကို ခံရသည်၊ အလွယ်မမှတ်ကြ နှင့်။

မဟာသုမထေရ် ဝိနည်းငါးကျမ်းပါဠိ အဋ္ဌကထာကို ဆရာထံမှာ (၉)ခေါက်သင်ဖူးသည်။ မဟာ ပဒုမထေရ်သည် ကိုယ်တိုင်လည်း (၉)ခေါက်သင်ဖူးသည်။ သူသင်ရာလည်း ကိုးခေါက်နာဖူးသည်။ ။ တစ်ရံခါ မဟာသုမထေရ် ဆရာနှင့်ခွဲ၍ ကျောင်းသီးစာချနေသည်ကို ကိုးခေါက်သင်ဖူးကာမျှနှင့် ကျောင်း သီးနေသည်၊ ရဲပေစွဟု မဟာပဒုမထေရ်ကဲ့ရဲ့သော ဟူ၏။ သည်များကိုထောက်၍ ယခုအခါ သာသနာတော် ယုတ်လျော့သည်၏အပြစ်ကို သိရာသည်။

အာပတ်အလျှင်းမသင့်သောပုဂ္ဂိုလ်သည် စင်ကြယ်သောသီလရှိသော ပုဂ္ဂိုလ်မည်၏။ အာပတ်သင့် သော်လည်း သင့်သည့်အာပတ်ကို ကံအလျောက်ပြုသောပုဂ္ဂိုလ်သည်လည်း စင်ကြယ်သောသီလရှိသော ပုဂ္ဂိုလ်မည်၏။

အာပတ်ဟူသည် ပညတ်တော်ဖြစ်၍ ဒေသနာကံ၊ ဝုဋ္ဌာနကံ၊ အာဝိကရဏတို့လည်း ပညတ်တော် ဖြစ်သည်၊ ပညတ်တော်ဖြစ်၍ ပညတ်တော်ချင်း ချေ၍ ကြေလေသည်ဟု အကျဉ်းသိ။ ။ ထိုအာပတ်ကို ဒေသနာကံ ဝုဋ္ဌာနကံ မပြုရသေးသော်လည်း အာဝိကရဏပြုသည်ရှိသော် ''အာဝိကတာ ဟိဿ ဖာသု ဟောတိ၊ ဟူသောကြောင့် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်မဖြစ်။

သံဝေဂဉာဏ်သက်ဝင်ရန်

ဇီဝိတဟုဆိုအပ်သော ငါ့အသက်ကို ဇရာသည် နှီးသည်၏အဖြစ်သို့ဆောင်ချေသည်။ ချည်တိုင်သို့ရောက်မှ သတ်အံ့ဟု ယူဆောင်၍သွားသောနွားသည် တစ်ဖဝါးထက်တစ်ဖဝါး သေရအံ့သောကာလ နီးသကဲ့သို့ ငါသည်လည်း သေရအံ့သောကာလ နီးချေပြီ။ နွားခြေရာခွက်၌တင်သောရေဝယ် မြူးထူးသော ငါးခုံးမကဲ့သို့ မမိုက်လင့် ကိုယ့်ကိုဆုံးမရာသည်။

သလ္လဟုကဝုတ္တိဖြစ်ခြင်းငှာ

ရှေးဆရာမြတ်တို့သည် သလ္လဟုကဝုတ္တိဖြစ်ခြင်း၊ သလ္လေခပဋိပတ္တိဖြစ်ခြင်းငှာ ရရသမျှသော သင်္ကန်းတွင် ကောင်းနိုးရာရာသင်္ကန်းကို သူ့အားလှူ၍ ညံ့နိုးအံ့ထင်သည့် သင်္ကန်းကိုပိန္နဲဖျက်၍ သုံးဆောင်တော်မူကုန်သည်။ ။ ကောင်းနိုးရာဆွမ်းကို သူ့အားလှူ၍ ညံ့နိုးအံ့ထင်သည့် ဆွမ်းကို ပတ္တပိုဏ်ပြု၍ သုံးဆောင်တော်မူကုန်သည်။ ။ကောင်းနိုးရာဟင်းကို သူ့အားလှူ၍ ညံ့နိုးအံ့ထင်သည့်ဟင်းတွင် ရေနွေးစွက်၍ သုံးဆောင်တော်မူကုန်သည်။ ။ ကောင်းနိုးရာကျောင်းကို သူ့အားလှူ၍ ညံ့နိုးအံ့ထင်သည့် ကျောင်းတွင် ယုတ်ညံ့သောနေရာ၌သာ နေတော်မူကုန်သည်။

ကောင်းနိုးရာထောပတ်စသည်ဖြင့် စီရင်သောဆေးကို သူ့အားလှူ၍ ယုတ်ညံ့သောနွားကျင်ငယ်ပုတ်ဖြင့် စိမ်အပ်သော ဆီးဖြူ၊ သျှိသျှား၊ ဖန်ခါးစသောဆေးကိုသာ သုံးဆောင်တော်မူကုန်သည်။

ငါတို့ဆရာ ရွှေကျောင်းဆရာတော်ဘုရားလည်း ရရသမျှသော ဆွမ်းကိုစု၍ ပေါင်း၍ ခလောက်၍ အောက်ထက် အနှံ့ရောက်စေပြီးမှ ဝေစုရဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ဟင်း၌လည်း ထို့အတူပြု၍ ဝေစုရ တစ်ခွက် ဟင်းတွင် ရေနွေးစွက်၍ ဘုဉ်းပေးတော်မူသည်။

တဲပူမဟာထေရ် တောမဟာထေရ်တို့ကား ပါးစပ်၌ သတ္တဝါတို့၏သချိုင်းမဖြစ်စေလင့်ဟု အသားဟူသမျှကိုပယ်သည်။ ။ ရှေးမဟာထေရ်တို့ကား အသားဟူသမျှသည် အာဟာရ၌ ပဋိကူလသညာမှတ်တော်မူ၍ အသားဟူသမျှကိုမစား ပယ်တော်မူသည်။

သတိပြုရန် ။ အမဲငါးမစားကြဉ်သောရဟန်းတို့သည် ငတ်ရုံသာ အကျိုးမရှိ၊ ဘုရားသခင်ကိုယ်တော်ပင် သုံးဆောင်တော်မူသေးသည်ဟု အမြွက်ဆောင်ကုန်၏။ ။ ကာယဝိညတ်ဖြင့်ရသော ပစ္စည်းကို သုံးဆောင်စိမ့်သောငှာ ဘုရားခွင့်ပြုတော်မူလျက် အဘယ့်ကြောင့် အရှင်သာရိပုတ္တရာ၊ အရှင်ကောဏ္ဍမထေရ်တို့သည် ကာယဝိညတ်ကြောင့် ရသောပစ္စည်းကို ကြဉ်လေသနည်း။ ကိုယ်မကျင့်နိုင်လျှင်မနေ သူကျင့်သည်ကိုပင် မစွေရရှိသည်ကား ပုထုဇဉ်တို့ဓမ္မတာဟုသာ နှလုံးပိုက်ရတော့သည်။

တည်တော်ရှင် မဟာတိဿလည်း ရေနွေးပူပူကို ဆားလှော်ခတ်ရုံမျှသော ဟင်းဖြင့်သာ နိစ္စဘတ်ဆွမ်းစားခြင်းကိစ္စကို ပြုသည်။ ဤအကျင့်များသည် ကမ္မဋ္ဌာန်း(၄၀)တွင် ပဋိကူလသညာ တစ်ပါးဝင်လည်း ဖြစ်ပေသည်။

ဒုက္ကဋ်

နေလွဲအခါ၌ ဗိပါသပစ္စယမရှိဘဲ ယာမကာလိကသောက်ခြင်း ထန်းရည်ကြည်ကို ကုသိနာရုံ ဘုန်းတော်ကြီးဘုရား ယာမကာလိကယူသည်၊ မြောင်ငယ်သူဌေးဆရာ ယာဝကာလိကယူသည်၊ ပလိုင်းရှင် သုဇာတဆရာတော်ဘုရား သုရာမျိုးစေ့ယူသည်၊ ။ ဂေလညပစ္စယမရှိဘဲ သတ္တာဟကာလိက ယာဝဇီဝိကဝတ္ထုကို မျိုခြင်း၊ နေ့လွဲသောအခါ အနာမရှိဘဲ ကွမ်း၊ လက်ဖက်စားခြင်း၊ အကျိုးမရှိသော (၃၂)ပါးသော တိရစ္ဆာနကထာကို ပြောဟောခြင်းစသော အလုံးစုံသောအရာသည် ဒုက္ကဋ်အာပတ်သင့်သည်သာတည်း။ အသပ္ပါယဌာနေသု ဒုက္ကဋံ–ဟူသောကြောင့် ရဟန်းနှင့်မလျော်သောအမှုဟူသမျှကို ပြုခြင်းသည် ဒုက္ကဋ်သာတည်း။

အလဇ္ဇီရဟန်းတို့အား ပစ္စည်းထောက်ပင့်ချီးမြှင့်ကုန်သော ဒါယကာတို့သည်လည်း အလဇ္ဇီပဂ္ဂလ အလဇ္ဇီနုဂ္ဂဟဖြစ်ခဲ့လျှင် အပြစ်ကြီးလေစွ၊ သာသနာဖျက်လည်း ဖြစ်လေစွ၊ သတိရှိကြစေ။ ဒကာဆရာနှစ်ဦးအကျိုးနည်း။ (၅၃)

ရဟန်းဟူက ပေါ့ပေါ့တန်တန်မနေရာ ။ ဤသို့ပြဆိုခဲ့ပြီးသော သီလအကျင့်နှင့်ပြည့်စုံခြင်းတည်းဟူသော အာစာရ၊ သတိပဋ္ဌာန်ဟုဆိုအပ်သော ဂေါစရအရာများနှင့်ညီအောင် ကျင့်ရာသည်၊ ကျင့်မှလည်း သမဏမည်ချေသည်။ ။ တပေါ– ရဟန်းကျင့်ဝတ်နှင့်လည်း ပြည့်စုံမှ။ သုတိ–ကျင့်အပ်သော သမဏဓမ္မကိုလည်းသိမှ၊ ယောနိ–ရဟန်းမျိုးလည်း မှန်မှ၊ ဤအင်္ဂါ (၃)ပါးနှင့်စုံညီမှ ရဟန်းဟူချေသည်။ မစုံသော် မဟူချေ။

ဝိနယဂရု ဒီပနီမှ

ပါဠိအဋ္ဌကထာဋီကာ သုံးရပ်တို့ကို အဓိပ္ပာယ်သွားနှင့်တကွ နားလည်အောင် လေ့လာသင်ကြားမှတ်သားခြင်းကိုပြု၍ ပညတ်တော်မူအပ်သော မိစ္ဆာဇီဝအကြောင်း မကောင်းသောရာဇရာဇဟာမတ္တစသော လူမျိုးနှင့် သဟသောကီ၊ သဟနန္ဒီ၊ ဂိဟီသံသဂ္ဂမိစ္ဆာဇီဝအမှုတို့မှလွတ်ကင်းအောင် အထူးသဖြင့် သတိပြုအပ်ကြကုန်ရာသည်။

၃- ကထိနသိက္ခာပုဒ်

ကပ္ပဗိန္ဒုထိုးရာ တစ်ထောင့်တည်း၌ တစ်ပေါက်မျှသာထိုးမိအောင်၊ ဗိန္ဒုမထိုးသေးသော သာမဏေတို့သင်္ကန်းသင်းပိုင် ရေသနုပ်စသည်များကို အခိုက်အတန့်ရေချိုးရုံမျှ မဝတ်မိအောင်၊ လက်သန်းလက်သည်းမျှ ပမာဏအပေါက်ရှိသော သင်္ကန်းကို တဖန်ဖာချုပ်၍ အဓိဋ္ဌာန်တင်မိအောင်၊ သင်္ကန်းဟူသမျှကို ပရိက္ခာရစောဠချည်းမတင်ဘဲ သုံးထည်ကိုအမည်ဖြင့်တင်ခြင်း ကြွင်းသော ဝတ်ရုံလောက်သော သင်္ကန်းကို ဝိကပ္ပနာပြု၍ကြွင်းသော အလျား (တစ်ထောင့်ထွာ) အနံ (တစ်ထွာခွဲ) ပမာဏရှိသော ပဝါဖျင်ပုဆိုးစသည်တို့ကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ဝိနယဂရုကဆရာကြီး ဆရာမြတ်တို့သုံးဆောင်နည်းအတိုင်း သုံးဆောင်မိကြအောင် ကြိုးပမ်းပါ။

ရာဇဘောဂသိက္ခာပုဒ်

ဒါယကာတို့ ဆွမ်းတော်စရိတ်ကိုယူလာခဲ့၍ မိမိထံရောက်သည့်အခါ အရှင်ဘုရားအား ဆွမ်းတော်လှူဒါန်းလိုပါသည်၊ ကပ္ပိယကာရက ညွှန်းတော်မူပါဟူ၍လည်းကောင်း၊ မည်သို့အထူးမဆိုမူ၍ ကပ္ပိယကာရကညွှန်းတော်မူပါဘုရားဟူ၍လည်းကောင်း၊ တောင်းသည်ရှိသော်ဤသူပင်တည်းဟု မိမိကညွှန်းပြလိုက်၍ ထိုညွှန်ပြသော ကပ္ပိယကာရကထံအပ်နှံပြီးနောက် မိမိထံလာရောက်၍ဖြစ်စေ၊ တမန်စေလွှတ်၍ဖြစ်စေ မည်သည့်ကပ္ပိယကာရကထံ ဆွမ်းဆန်အပ်နှံထားခဲ့ပါသည် အရှင်ဘုရားအလိုရှိရာ ပစ္စည်းဝတ္ထုကို တောင်းတော်မူရစ်ပါ ဤသို့လျှောက်ထားသည်ရှိသော် သဗ္ဗကပ္ပိယဖြစ်၏။ အလုံးစုံတောင်းခြင်းငှာအပ်၏။

ယင်းသို့ တောင်းသောအခါ၌လည်း တပြားဘိုး နှစ်ပြားဘိုးကပ္ပိချေဟု အနာမာသဝတ္ထုနှင့်စပ်၍ အရိပ်အမြွက်မျှမထွက်စေဘဲ ဆန်တစ်ခွဲဘိုး၊ တစ်တင်းဘိုး၊ စသည်ဖြင့် ကပ္ပိယဝတ္ထုနှင့်သာစပ်၍ စေခိုင်းသော်သာအပ်သည်။ ဤကား သဗ္ဗကပ္ပိယဖြစ်အောင် ကျင့်သုံးနည်းတည်း။

အကတဝိညတ်အရာ၌

အတ္တနော အတ္တာယာတိ ဣမိနာ ပရဿ ဉာတကပဝါရိတေ တဿေဝတ္ထာယ

ဝိညာပေတွာ နေ ဒိန္နာ ဝါ တဿ ဝိဿာသေန ဝါ ပရိဘုဥ္ဇိတုံ ဝဋ္ဋတီတိ ဒဿေတိ။ ဝိနိစ္ဆယဋီကာပါဠိ၌နှင့်အညီ တစုံတစ်ယောက်သော ရဟန်း၏အလို့ငှာ ထိုရဟန်း၏ သညာတိပဝါရိတထံ တောင်းအပ်သည်ကိုသာ လာရကား၊ အညာတက အပဝါရိတ ဒါယကာတို့၏ အလှူဒါနပြုသောအခါ ၎င်းဒကာ၏ ဆရာဖြစ်သူ ပုဂ္ဂိုလ်တို့က မိမိအလိုရှိရာအကူမဝင်သော ရဟန်းတို့ကို ပင့်ဖိတ်အောင် ဝါယမစိုက်ထုတ်ပြုလုပ်ကြခြင်းသည် ယင်းအကတဝိညတ် မိစ္ဆာဇီဝအဖြစ်မှ မလွတ်နိုင်ကြကုန်။

ယင်းသို့သော အခြင်းအရာများကိုနှလုံးထား၍ မိမိနှင့်စပ်သော ဒါယကာတို့ အလှူပေးသောအခါ မိမိထံ အလုံးစုံမဖိတ်ကြားလာဘဲ တစ်ပါးသောရဟန်းတို့အား အမှတ်မဲ့မညွှန်ကြားမိအောင်။ ။ တစ်ပါးသောရဟန်းနှင့် စပ်လျဉ်းသော ဒါယကာတိုင်း အလှူပေးလို၍ ပင့်ဖိတ်လာသည့်အခါ ၎င်းဒါယကာကို ဆရာဖြစ်သူပုဂ္ဂိုလ်များက ညွှန်ကြားလိုက်လေသလားဟု ဆင်ခြင်အောက်မေ့၍ ယင်းသို့သော ပစ္စည်းများကို အမှတ်မဲ့အလှူမခံမိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

မုသာဝါဒ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ – ဆိုချင်မက်မော အဆောတလျင် ရှောင်တခင်အလိုင်ကြီးပြောသဖြင့် အပြောလွန်၍ မုသာဝါဒ ဖြစ်မှန်းမသိဖြစ်တတ်သည်ကိုလည်း အထူးသတိပြုအပ်ကုန်ရာသည်။

ဘုတ္တာဝိမဝင်္ဂ ပထမသိက္ခာပုဒ်

လူသာမဏေတို့ ဖုတ်၍ထောင်း၍ ဆောင်ယူခဲ့သော ငရုတ်သီးထောင်းအစရှိသည်ကိုလည်း လူသာမဏေတို့ဖုတ်ခြင်းမျှသာဖြစ်၍ သမဏကပ္ပိယမဟုတ်သေးသောကြောင့်လည်းကောင်း၊ ဝတ္ထုအတွင်း၌ မီးမဖုတ်မိသော အချို့ငရုတ်စေ့စသည်တို့နှင့် ရောနှောမိခြင်းမကင်းနိုင်ရာသည်ဖြစ်၍ တစ်ဖန်ထပ်၍ ကပ္ပိသဖြင့် ကျင့်သုံးပါ။

ကပ္ပိယန္တိ ဝတွာဝါတိ ပုဗ္ဗကာလကြိယာဝသေန ဝုတ္တေပိ ဝစနက္ခဏေဝ အဂ္ဂိသတ္ထာဒိနာ ဝိဇ္ဇ ဂါမေ ဝဋ္ဋံ ကာတဗ္ဗန္တိ ဝစနတော ပန ပုဗ္ဗေ ကာတုံ န ဝဋ္ဋတိ။ ဝိမတိဋီကာပါဠ် **(စာ-၁၂)** နှင့်အညီ၊ ကပ္ပိယံ ဘန္တေ ဟူသောစကားကို မဆိုသေးခင် ရှေးဦးတင်၍ မကပ္ပိစေဘဲ ၎င်းစကားနှင့် တစ်ပြိုင်နက်ကျစေသဖြင့် ကပ္ပိစေမိအောင်၊ ယင်းသို့ ကပ္ပိသောအခါ၌လည်း ဆိုပြီးသောအတိုင်းနေရာကျ ဒဠှီကမ္မဖြစ်၍ ကုက္ကုစ္စကင်းစေခြင်းငှာ တစ်ကြိမ်နှစ်ကြိမ်စသည်ဖြင့်ထပ်၍ ကပ္ပိပါ။

ဝိကာလဘောဇနေသိက္ခာပုဒ်

အရာ၌ ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏအဇ္ဈောဟာရေသု ဒုက္ကဋံ၊ ၎င်းအဋ္ဌကထာပါဠ်နှင့်အညီ အကြောင်းမဲ့နေလွဲကွမ်းစား ဆေးဝါး ဆီးဖြူ ဖန်ခါး စားသောက်ကြသော ပုဂ္ဂိုလ်တို့အား အကပ်ခံဆဲအခါ ဆေးရည်ကွမ်းဖတ်မျိုတိုင်းမျိုတိုင်းအခါတို့၌ ဒုက္ကဋ်အာပတ်များစွာသင့်တတ်ရကား အထူးရှောင်ကြဉ်အပ်ကုန်ရာသည်။

သန္နိဓိကာရသိက္ခာပုဒ်

သတ္တာဟကာလိကယာဝဇီဝိကာနံ ပန အာဟာရတ္ထာယ ပဋိဂ္ဂဟဏေ

အဇ္ဈောဟာရေစ ဒုက္ကဋံ။ ၎င်းအဋ္ဌကထာပါဠ် **(စာ-၂၂၆)** နှင့်အညီ ရှေးနေ့အကပ်ခံအပ်သော ပုရေပဋိဂ္ဂဟိတ ယာဝဇီဝကဖြစ်သော ကွမ်းဆေးအစရှိသည်တို့ကို ပုနဒိဝသ၌ အနာဟူသောအကြောင်းမရှိဘဲ ကာလအကာလမဆို ထိုထိုဆေးကွမ်းတို့ကို အကပ်ခံတိုင်းသုံးဆောင်တိုင်း ကွမ်းရည်ကွမ်းသွေးဝင်တိုင်း ဒုက္ကဋ်အာပတ် များစွာသင့်ခြင်း၊ တစ်ဖန် ဆွမ်းအစရှိသည်ကို သုံးဆောင်သည့်အခါ ယင်းဆေးဖတ်ကွမ်းဖတ်နှင့် ရောမိသည်ဖြစ်၍ မုခသန္နိဓိ ပါစိတ်အာပတ်သင့်တတ်သည်များကို နှလုံးထား၍ ကုက္ကုစ္စသံသယအထူးကင်းလွတ်ရအောင် ကျင့်ဆောင်အားထုတ်အပ်ကုန်ရာသည်။

အဒိန္နာဟာရသိက္ခာပုဒ်

ဆွမ်းစားဆဲအခါတွင် မြူကျသည် မကျသည်ကိုလည်းကောင်း၊ အာခံတွင်းက တံတွေးရည်လူးသော ဆွမ်းလုံးဟင်းဖတ်တို့၏ ဆွမ်းခွက်ထဲသို့ ပြန်၍ကျသည် မကျသည်ကိုလည်းကောင်း၊ အထူးသဖြင့် သတိ

ထားမိအောင် အကပ်မခံဘဲ ဒန်ပူစားသည့်အခါ ဒန်ပူရေဝင်ရာ၌ သစေ ပန ဒန္တရသော ပဝိသတိ၊ ဒုက္ကဋ် အာပဇ္ဇတိ ဝိနည်းဋီကာနှင့်အညီ ဒုက္ကဋ်အာပတ်သင့်တတ်သောကြောင့် ဒန်ပူစားဆဲ ဒန်ပူရည်မဝင်ရအောင် သောက်ရေခွက်၌ မြူမှုန်ကျခဲ့သော် ရေကိုအကပ်ခံ၍သော်လည်းကောင်း၊ မြူမှုန်ကိုသွန်၍သော်လည်းကောင်း၊ သုံးဆောင်မိအောင်၊ မြူမှုန်ကပ်သော မဆေးသောလက်ဖြင့် တစ်စုံတစ်ခုသော ဝတ္ထုကိုလက်ဖြင့်ကိုင်၍ မစား မသောက်မိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

ဇောတိသိက္ခာပုဒ်

သူတစ်ပါးအလိုအလျောက် မွေးထားအပ်သော မီးကို လှုံရာ၌လည်း မီးကိုမှုတ်ခြင်း မီးကိုရွှေ့ပြောင်းခြင်း စသော အမှုအရာတို့ကို မပြုမိအောင် အထူးနှလုံးထားအပ်ကုန်ရာသည်။

သပ္ပါဏကသိက္ခာပုဒ်

ယော ပါဏကာ ပရိဘောဂေန မရန္တိ တေဟိ သပ္ပါဏကံ အဋ္ဌကထာပါဠိ၌ **(စာ–၂၄၅)**နှင့်အညီ သုံးဆောင်သောအခါ သေတတ်သေလောက်သော ပိုးရှိသောရေကို သုံးဆောင်ခြင်း၌ ပယောဂတိုင်း ဒုက္ကဋ်၊ သုံးဆောင်သောအခါ ပါစိတ်အာပတ်သင့်တတ်သည်များကို နှလုံးထား၍ သောက်ရေအိုး သုံးရေအိုး ဝစ္စကုဋိ ရေအိုး စသည်တို့၌ ရေစစ်အမြဲထားသဖြင့် သုံးဆောင်တိုင်း သုံးဆောင်တိုင်း ရေကိုစစ်၍ သုံးဆောင်မိအောင် အထူးနှလုံးထားကုန်ရာသည်။

❧ ❧ ❧

ပရိမဏ္ဍလသိက္ခာပုဒ်

အာရာမေပိ အန္တရဃရေပိ သဗ္ဗတ္ထ သိက္ခာ ကာတဗ္ဗာ၊ အဋ္ဌကထာ **(စာ–၂၇၆)**လာတိုင်း ရွာတွင်း ကျောင်းတွင်း၊ တောအရပ်မဆို ထိုထိုသွားလာနေထိုင်ရာတို့၌ သင်းပိုင်ကိုယ်ဝတ်တို့ကို အဝန်းညီစွာ အခါမပြတ် ဝတ်ရုံမိအောင် နှလုံးထားအပ်ကုန်ရာသည်။

ဩက္ခိတ္တစက္ခုသိက္ခာပုဒ်

ဝါသူပဂတေနာပိ သုသံဝုတေန ဩက္ခိတ္တစက္ခုနာဝ နိသီဒိတဗ္ဗံ ဝိမတိဋီကာပါဠိ၌ **(စာ–၆၂)**နှင့်အညီ မြို့တွင်း ရွာအတွင်း၌ ဆောက်ထားအပ်သော ဇရပ်တန်ဆောင်း စသည်တို့၌ ညဥ့်အိပ်ညဥ့်နေတည်းခိုနေသော အခါ၌လည်း ထမ်းပိုးတစ်ပြန်လေးထောင်ခန့်ထက် မသာလွန်စေရ။

❧ ❧ ❧

ကျမ်းဂန်လာအရ

ပရိမဏ္ဍလ ပါရုပန ဝတ်ရုံနည်းကား

(က) ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ၊ ဥဘော ကဏ္ဏေ သမံ ကတွာ၊
(ပါစိတ်ပါဠိတော်၊ စာ–၂၄၀)

(ခ) ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပနဝတ္တံ ပူရေန္တေန ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ၊
(ပါစိတျာဒိအဋ္ဌကထာ၊ စာ–၁၆၂)

(ဂ) ဥဘော ကောဏေ သမံ ကတွာ သာဒရံ ပရိမဏ္ဍလံ ကတွာ ပါရုပိတဗ္ဗံ၊ အကရောန္တဿ ဒုက္ကဋံ။
(ဝိနယဝိနိစ္ဆယ ပါဌ်)

ဥဘော ကဏ္ဏေ သမံ ကတွာ–အရကို ပါစိတျာဒိယောဇနာပါဌ်ပထမတွဲ နံပါတ် ၉၆ ၌ ဥဘော ကဏ္ဏေတိ ပုရတောစ ပစ္ဆတောစ နိဂ္ဂတေ ဒွေ ကဏ္ဏေဟူ၍လည်းကောင်း။

ဝိနယ ဝိနိစ္ဆယ ဋီကာပါဌ် ဒုတိယတွဲနံပါတ် ၉ ၌ ဥဘော ကောဏေ သမံ ကတွာတိ ပါရုပနဿ ဂေါ်ဒေ ကတဿ ပိဋ္ဌိပဿေ ဥဒရပဿေ စ ဩလမ္ဗမာနေ ဥဘော ကဏ္ဏေ ဟတ္ထိပိဋ္ဌေ ဂဏ္ဍာဝိယ သမံ ကတွာဟူ၍လည်းကောင်း တိကျပြတ်သားစွာ ဖွင့်ဆိုပြထားလေသည်။

ထို့ပြင် ကင်္ခါယောဇနာ မဟာဋီကာပါဌ် စတုတ္ထတွဲ နံပါတ် (၃၅၂) ၌လည်း ထိုနည်းတူစွာ ဖွင့်ဆိုပြထားလေသည်။

သင်္ကန်း၏ အစွန်းနှစ်ဖက်ကို ညီညွတ်စွာပြုလုပ်၍ လက်လိပ်ပြီးလျှင် သင်္ကန်းရုံသကဲ့သို့ လက်ဝဲ တစ်ဖက် ပခုံးထက်မှစ၍ လက်ကောက်ဝတ်အထိ တစ်ဖက်ရုံသောနည်းသည်ကား၊ ၎င်းသင်္ကန်း၏ အစွန်း နှစ်ဖက်သည် လက်ကောက်ဝတ်၌စုရုံးလျက် တည်ရှိနေတော့သည်။ ထိုဝတ်ရုံနည်းအရသည် အထက်ပါ ကျမ်းဂန်လာ ပရိမဏ္ဍလဝတ်ရုံနည်းနှင့် မညီသောကြောင့်။

ပရိမဏ္ဍလလက္ခဏာတော အညထာ ပါရုတံ၊ သဗ္ဗမေတံ ဂိဟိပါရုတံ နာမ ဟူသော (စူဠဝါ အဋ္ဌကထာ **(စာ–୨၅)**ဖွင့်ဆိုချက်အရဖြင့် ဂိဟိပါရုတခေါ် လူတို့ဝတ်ရုံသကဲ့သို့သော ဝတ်ရုံနည်းမည်တော့သည်။

ဂိဟိပါရုတဖြစ်လျှင် န ဘိက္ခဝေ ဂိဟိပါရုတံ ပါရုပိတဗ္ဗံ၊ ယော ပါရုပေယျ၊ အာပတ္တိ ဒုက္ကဋဿဟူသော စူဠဝါပါဠိတော် **(စာ–၂၇၈)** အရ ဒုက္ကဋ်အာပတ်မှ လွတ်ခွင့်မရှိတော့ချေ။

ထို့ကြောင့် လဇ္ဇီ ပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူကြကုန်သော ရဟန်းတော်အရှင်မြတ်များတို့သည် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်အရပ်ရပ်တို့ကို ကြည့်ရှုနှီးနှော၍ ကျမ်းဂန်လာ အဆိုကိုသာလျှင် အစဉ်လိုက်အပ်၏။

ဝိနယာလင်္ကာရဋီကာပါဌ် ဒုတိယတွဲနံပါတ် (၈၂) ၌အောက်ပါအတိုင်း ညွှန်ကြားပြသဆိုဆုံးမထား လေသည်။

တသ္မာ လဇ္ဇီပေသလဗဟုသုတသိက္ခာကာမဘူတေန ဘိက္ခုနာ အနေကပါဠိအဋ္ဌကထာဒယော ပကရဏေ ဩလောကေတွာ သံသန္ဒိတွာ ပကရဏမေဝါနုဂန္တဗ္ဗံ၊ န အညေသံ ကြိယံ သဒ္ဒဟိတဗ္ဗံ၊ န စ အနုဂန္တဗ္ဗံ။

မှ ဘီလူးကျွန်း ဦးတေဇော (ဂု)

ရူပပါန ဝိနိစ္ဆယ

ဘိက္ခူ ရူမဝဋ္ဋံ ပဋိဂ္ဂဟေတွာ ရူမံ ပိဝတိ၊ မုခဥ္စ ကဏ္ဍာစ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ။

(ဒန္တပေါဏ အဋ္ဌကထာ) **(စာ–၁၁၈)**

ပဋိဂ္ဂဟေတွာတိ တဒဟုပဋိဂ္ဂဟေတွာ ။ လ ။ ရူမံ ပိဝိတုံ န ဝဋ္ဋတိ။

(တေရသကဏ်ဋီကာ) **(စာ–၇၅)**

၎င်းအဋ္ဌကထာ ဋီကာနှစ်ရပ်တို့တွင် အဋ္ဌကထာ၌ ပဋိဂ္ဂဟေတွာဟု သာမန်ရှိလျက်၊ ဋီကာက ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာဟု ဝိသေသဆိုရာ၌ ....အကြောင်းကိုဆင်ခြင်သော် ၎င်းအခိုးတံဆေးငွေ့မှဖြစ်သော ဆေးချေးအစေးအညှော်သည် ယာဝဇီဝိကဟုတ်၏။ ဟုတ်သော်လည်း ယနေ့အကပ်ခံသော ဆေးတံမဟုတ်၊ ရှေးနေ့ကအကပ်ခံသော ဆေးတံဖြစ်၍ ၎င်းဆေးတံဖြင့်သောက်ရှု၍ ခံတွင်းလည်ချောင်း၌ ဆေးဒန်းမြင်းသီလာဖြင့် လိမ်းကျံသကဲ့သို့ ဆေးချေးအစေးအညှော်တို့ ကပ်ငြိရကား၊ ၎င်းကပ်ငြိနေသော ဆေးချေးအစေးအညှော်နှင့် ယာဝကာလိကကို သုံးဆောင်လျှင် ၎င်းဆေးချေးနှင့် ယာဝကာလိကရောနှောခြင်းကြောင့် သန္နိဓိဖြစ်၍ သန္နိဓိသိက္ခာပုဒ်ဖြင့် အာပတ်သင့်ရကား အဋ္ဌကထာ၌ ...

"ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ အာပတ္တိ အာပဇ္ဇတိ ...ဟုဆိုသောကြောင့် ၎င်းဆေးတံသည် ရှေးနေ့က အကပ်ခံသော ဆေးတံမဟုတ်၊ ထိုနေ့မှ အကပ်ခံသောဆေးတံဟု သိသင့်သောကြောင့် ဝိသေသဖွင့်တော်မူသည်။ ဤသို့ ရှေးနေ့က အကပ်ခံသော ဆေးချေးအစေးအညှော်တို့ ယာဝကာလိကရောနှော၍ဝင်လျှင် အာပတ်သင့်သည်ဟု အခိုးတံသောက်ရာသန္နိဓိကိုရည်၍ ပြောဆိုခြင်းတည်း။

(ပခုက္ကူ)

နေလွဲကွမ်းစားမှု

''နေလွဲသောအခါ ကွမ်းစားရာတွင် ကွမ်း၊ ကွမ်းသီး၊ ထုံး၊ဆေးတို့ကား ယာဝဇီဝိက ပစ္စည်းချည်း ပင်တည်း၊ သို့သော် သတိ ပစ္စယေ ပရိဘုဉ္ဇတ္တဿ အနာပတ္တိ'' ဟု ဘုရားဟောတော်မူသောကြောင့် သတိပစ္စယမရှိဘဲ သုံးဆောင်လျှင် မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ **(ပခုက္ကူ)**

ဉပသမ္ပဒ ဝိနိစ္ဆယ မှု

ရဟန်းခံရာဝယ် ဉပဇ္ဈာယ်သိမ်တွင်း၌ မပါမရှိဘဲလျက် ရဟန်းခံမှု ကံမြောက်သင့် မမြောက်သင့် ကို စိစစ်ဆွေးနွေးသင့်၏။ အသင့်ယုတ္တိကား ဉပဇ္ဈာယ်မရှိစေကာမူ ဉပဇ္ဈာယ်၏အမည်ကိုကြား၍ ကမ္မဝါ စာ၌ထင်ရှားရှိသောအမှတ်ဖြင့် အယံ ဣတ္ထန္နာမောဟု ရဟန်းလောင်းတည်းဟူသော ဝတ္ထုကိုလည်းကောင်း၊ ဣတ္ထန္နာမဿ အာယသ္မတော ဟုဉပဇ္ဈာယ်တည်းဟူသော ဝတ္ထုကိုလည်းကောင်း ကမ္မဝါစာရွတ်ဖတ်မှု ကံမြောက်သည်သာဟုမှတ်။

အဋ္ဌကထာ၌ ဉပဇ္ဈံ ဂါဟာပေတွာဟူ၍သာ မိန့်တော်မူသည်။ ဉပဇ္ဈံ အတိက္ကမိတွာ ဟုမဆိုခဲ့ပေ၊ ပါဠိတော်၌လည်း န ဘိက္ခဝေ အနုပဇ္ဈာယကော ဉပသမ္ပါဒေတဗ္ဗော၊ ယော ဉပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟု ဒုက္ကဋ်အာပတ်ကိုသာ ဟောတော်မူသည်။

သော စ ပုဂ္ဂလော အနုပသမ္ပန္နော နာသေတဗ္ဗောဟူ၍ ပဥ္စင်းမဖြစ်ကြောင်းကို ဟောတော်မမူသည်ကို သတိပြုပါ၊ (ပခုက္ကူ)

ပါရိသုဒ္ဓိ ဉပုသ်

''ဝိဟာရသီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ တီသု ဒွီသုဝါ ပါရိသုဒ္ဓိဉပေါသထံ ကရောန္တေသု ကမ္မံ ဝဂ္ဂမေဝ သမဂ္ဂမေဝ ဘိန္နသီမဋ္ဌတ္တာတိ ဒဋ္ဌဗ္ဗံ။ **(ဝိမတိဋီကာ၊ စာ-၁၇၀)** (မဟာဝဂ္ဂဝဏ္ဏနာ ဉပေါသထက္ခန္ဓက ၁၂၃)

ဝိနယာလင်္ကာရ ပ-၃၂၁ ၌လည်း နည်းတူ

ဝိဟာရသီမန္တို ဗဒ္ဓသီမံ။ **(ဝိမတိဋီကာ စာ-၁၆၇)**

ဝိဟာရသီမန္တိ ဗဒ္ဓသီမံ သန္ဓာယ ဝဒတိ။ (တေရသကဏ်ဋီကာ) ဒု ၊ ဉပေါသထက္ခန္ဓက၊ **(စာ-၂၇၅)**

ရဟန်းလောင်းဆုံးမခန်း

(၁) သန္တိ တေ ဝေရူပါ အာဗာဓာ ပါဠိမြွက်ကျမ်းအလာမှာ အခါတစ်ပါး၌ ရောဂါတိုးပွား တစ်ဦးသောယောကျ်ားသည် ဘုရားရှင်သာသနာတော်တွင်း ရဟန်းပြုလေရာ ဆရာဇီဝက ကောင်းမွန်စွာကုသ သဖြင့် ရောဂါမှကင်းစင်လျှင် ရဟန်းအသွင်ကိုဖျက် လူထွက်သည်ကို အကြောင်းပြု၍ ...

"န ဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ချစ်သားတို့ နူနာစသား အနာငါးပါးတို့သည် ထင်ရှားနှိပ်စပ်အပ်သောသူကို ရဟန်းခံမပေးအပ်၊ အကြင်ရဟန်းသည် ရဟန်းခံပေးအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ဗုဒ္ဓမြွက်စွာ အာဏာတော်စက် မိန့်မြွက်တော်မူချက်ကြောင့် နာဂအမည်ရှိသော ပဉ္စင်းလောင်း သင်ပဉ္စင်းလောင်း၏ကိုယ်မှာ နူနာရှိသလား၊ အသားထွင့်မြင်းဖုနာရှိသလား၊ မကွဲမအက်ပြောက်ကျားသော အနူကွက်ရှိသလား၊ ခယရက်ချောင်းဆိုး သွေးပါ နာရှိသလား၊ သူရူးနာရှိသလားဟု သံဃာအလယ်ကျလျှင် မေးခွင့်ရသော ရဟန်းတော်များက မေးကြ လိမ့်မည်၊ ဤသို့မေးခဲ့လျှင် သင်၏သဏ္ဍာန်မှာထင်ရှားရှိက ရှိပါသည်ဘုရားဟု လျှောက်ထားရလိမ့်မည်၊ မရှိခဲ့လျှင် မရှိပါဘုရားဟုလျှောက်ထားရလိမ့်မည်၊ လျှောက်ထားပါလေ။

(၂) မနုဿောသိဟူသော ပါဠိအလိုမှာ အခါတစ်ပါး၌ နဂါးတစ်ကောင်သည် လူ့ဘောင်ကို တောင့်တလျက် လူ့အသွင်ဖန်ဆင်း၍ ဘုရားရှင်သာသာသနာတော်တွင် ရဟန်းပြုလေရာ၊ ထိနမိဒ္ဒနှိပ် စက်လှသဖြင့် လျှောကျသတိ၊ အိပ်ပျော်မိသည်တွင် ပကတိနဂါးအသွင် အထင်အရှားဖြစ်ပေါ်ငြား၍ မြတ် ဖျားဖိနှော်စိတ္တေယော်သည် ... နဂါးလုလင် သင့်မှာမူကား ရှစ်ပါးသီလ ဥပေါသထဖြင့် မနုဿလူ့အသွင်ကို စင်စစ်ရလတ္တံ့ဟု သာသနာတော်မှ ပယ်လေလျှင် ဘဝင်အသည်းနှလုံးကွဲမျှ ဆင်းရဲသောနဂါးတစ်ကောင်ကို အကြောင်းပြု၍ ...

"တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"

ချစ်သားတို့ လူသွင်ဟုတ်ဟတ် ဖန်ဆင်းတတ်သည့် မြွေနတ်နဂါးစသော တိရစ္ဆာန်များကို ပဉ္စင်း မခံပေးအပ်ဟု ဗုဒ္ဓမြွက်စွာအာဏာတော်စက် မိန့်မြွက်တော်မူချက်ကြောင့် သင်ပဉ္စင်းလောင်းသည် လူသား စင်စစ်ဟုတ်၏လောဟု မေးကြလိမ့်မည်။ ဤသို့မေးခဲ့သော်ဟုတ်လျှင် ဟုတ်ပါ၏ဘုရားဟု လျှောက်ထားရ လိမ့်မည်။ မဟုတ်လျှင် ။ လ ။ လေ ။

(၃) ပုရိသောသိ ဟူသော ပါဠိအလိုမှာ အခါတစ်ပါး၌ ယောကျ်ားမစစ် ပဏ္ဍုက်ဖြစ်ကုန် သောပုဂ္ဂိုလ်တို့သည် အဟုတ်အဟတ် သာသနာ့ဘောင်ဝင်လတ်ပြီး စိတ်ဓာတ်မနိုင် ယိမ်းယိုင်လှုပ်ရှား ကျင့်ဖောက်ပြားမှု အကြောင်းပြု၍ -

"ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော၊ န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"

ချစ်သားတို့ ယောကျ်ားမစစ် ပဏ္ဍုပ်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြွက်စွာ ။ပ။ ကြောင့် သင်ပဉ္စင်းလောင်းသည် ယောကျ်ားစင်စစ်ဟုတ်၏လောဟုမေးကြလိမ့်မည်။ ပ ။ လေ ။

(၄) ဘုဇိသေယာသိဟူသော ပါဠိအလိုမှာ ရာဇဂြိုဟ်ပြည်သား ကျွန်ယောက်ျားကို သနားသမှု ရဟန်းပြုပေးမိသည်တွင် သူ့အရှင်တို့ ပြစ်တင်စကား ဆိုသည်များကြောင့်။

''န ဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ''

ချစ်သားတို့ အန္တောဇာတစသော ကျွန်လေးမျိုးကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြတ်စွာ ။ ပ ။ လေ ။

(၅) အနဏာဏောသိဟူသော ပါဠိအလိုမှာ အခါတပါး၌ ရာဇဂြိုဟ်ပြည်တွင် ကြွေးမြီတင်ငြား ထိုယောက်ျားကို သနားသမှုရဟန်းပြုပေးသည်တွင် ကြွေးမြီရှင်တို့ ပြစ်တင်စကားဆိုသည်များကြောင့်။

''န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ''

ချစ်သားတို့ သူ၏ကြွေးကို ငွေးချေးသုံးယူမြီတင်သော သူကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြတ်စွာ ။ ပ ။ လေ ။

(၆) နသိ ရာဇဘဋော ...ဟူသော ပါဠိအလိုမှာ အခါတစ်ပါး၌ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းထံ ဝန်းရံခစား ရဲမက်သားတို့သည် မတရားအဓမ္မ အကုသလကံမှ ကြောက်ရွံ့စက်ဆုတ်ကြသောကြောင့် သာသနာတော်တွင် ရဟန်းပြုကြလေလျှင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းသည် မင်းခယောက်ျား ရဲမက်သားတို့ကို သနားသမှု ရဟန်းပြုပေးက အယုတ္တမင်းတို့သည် ပြင်းစွာအမျက်ဒေါသထွက်ကာ အပသန္နစေတနာဖြစ်ခဲ့ရာ၏ဟု မြတ်စွာဘုရားထံ လျှောက်ထားတောင်းပန်သဖြင့်။

''န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ''

ချစ်သားတို့ မင်းခစားယောက်ျားကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြတ်စွာ ။ ပ ။ လေ ။

(၇) အနုညာတောသိ မာတာပိတူဟိ ....ဟူသော ပါဠိအလိုမှာ သားတော်နန္ဒ မြေးတော်ရာဟုလာကို မိဘမသိ ရှင်ရဟန်းပြုပေးမိ၍ မချိလှိုက်ခုန် ဆတ်ဆတ်တုန်မျှ ပူဟုန်ပြင်းလတ် ဒေါမနဿဖြင့် မင်းမြတ်သုဒ္ဓေါ ခမည်းတော်သည် မြတ်စွာဘုရား သူ၏သားကို နှစ်ပါးမိဘ ခွင့်မရက ရဟန်းသာမဏေ မပြုပါလေနှင့်ဟု လျှောက်ထားတောင်းပန်သဖြင့်။

''န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ''

ချစ်သားတို့ နှစ်ပါးမိဘခွင့်မရသောသားကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြတ်စွာ ။ ပ ။ လေ ။

(၈) ပရိပုဏ္ဏဝီသတိဝဿောသိဟူသော ပါဠိနက်ကျယ် အဓိပ္ပာယ်မှာ အရွယ်မခြား သူငယ်တော်အများတို့သည် ဘုရားရှင်သာသနာတွင် ရဟန်းပြုကြသောအခါ ဆာလောင်နှိပ်စက် ရေသိပ်ချက်ကြောင့် စိတ်ပျက်လွန်စွာ ငိုယိုကာဖြင့် အဆာမခံ ချိန်မတန်ဘဲ စားရန်ထမင်း တစာစာတောင်းခြင်းကို ဘုရားမြတ်စွာ ကြားသည့်တာကြောင့် –

''န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ ယထာ ဓမ္မော ကာရေတဗ္ဗော''

ချစ်သားတို့ သန္တေမှတွက်၊ အသက်နှစ်ဆယ် မပြည့်ကြွယ်သော ပုဂ္ဂိုလ်ကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြွက်စွာ ။ ပ ။ လေ ။

(၉) ပရိပုဏ္ဏံ တေ ပတ္တစီဝရံ မိန့်ရံအရှိ မဟာဝါပါဠိမှာ သပိတ်သင်္ကန်း၊ ညှိုးနွမ်းရှားပါး ပုဂ္ဂိုလ်များကို စဥ်းစားမရှိ ရဟန်းခံပေးမိ၍ တိတ္ထိတို့နည်း သင်္ကန်းမဆီးဘဲ လက်ချည်းသာလျှင် ဆွမ်းခံဝင်သဖြင့် အမြင်မတော် အကြောင်းပေါ်၍ ....

"န ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ"

ချစ်သားတို့ ကိုယ်ပိုင်သပိတ်လုံး သုံးထည်သောသင်္ကန်းမရှိပါသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံမပေးအပ်ဟု ဗုဒ္ဓမြွက်စွာ ။ ပ ။ လေ ။

(၁၀) ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ အညေန နာမေန အနုသာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။

ပဉ္စင်းလောင်း၏ မိမိအမည်ကိုကြဥ်၍ တစ်ပါးသောအမည်ဖြင့် ဖတ်ရွတ်နာကြားစေခဲ့သော် ကံပျက်၍ ပဉ္စင်းမဖြစ်ဟု ဝိမတိဋီကာမိန့်မှာအပ်သောကြောင့် သင်ပဉ္စင်းလောင်းသည် အဘယ်အမည်ရှိသနည်းဟု မေးကြလိမ့်မည် ။ ပ ။ လေ ။

ပဉ္စင်းလောင်း၏ မိမိအမည်ဖြင့်သာ ကမ္မဝါစာဖတ်ရွတ်ကြားသိစေရမည်ဟု ဝိမတိဋီကာမိန့်မှာ အပ်သောကြောင့် ...

(၁၀) ငါ့ရှင် ပဉ္စင်းလောင်းနားစေ့စေ့ထောင် ကမ္မဝါစာရွတ်ဖတ်ရာ၌ သမ္မတ္တိဂုဏ်ပြည့်စုံစေရန် ဝတ္တုခေါ်သော ရဟန်းလောင်းနှင့် ဥပဇ္ဈာယ်တို့သည် မုချပါရှိမြဲဖြစ်သည်၊ ထို့ကြောင့် ငါ့ရှင်ရဲ့အမည်သည် ဘယ်သူဖြစ်ပါသလဲ မေးကြလိမ့်မည်။ မေးတဲ့အခါ တပည့်တော်သည် ( ) အမည်ရှိပါသည်ဘုရား၊ တပည့်တော်၏ ဆရာဥပဇ္ဈာယ်ဆရာ အရှင် (တိဿ) အမည်ရှိပါသည်ဘုရားဟု လျှောက်ထားပါလေ။

(ဤကားတစ်နည်း၊)

အကျဉ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပုပ္ဖကိစ္စ (၇) ပါး

၁။ ဥပဇ္ဈာယ်ယူစေခြင်း၊ မပြင်းမထန် သံမှန်ဆို

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ ပဥ္စင်းလောင်းကို ဥပသမ္ပဒကံ မစီမံမဆောင်မီ ရှေးဦးစွာ ဥပဇ္ဈာယ် ယူစေရမည်ဟူ၍ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူအပ်သောကြောင့် သင်ပဥ္စင်းလောင်းသည် (တို့သည်) ဥပသမ္ပဒကံ မစီမံ မဆောင်ရွက်မီ ရှေးဦးစွာ ဥပဇ္ဈာယ်ဆရာကိုယူဦးလော့။ (ယူကြကုန်ဦးလော့)။

ဥပဇ္ဈာယော မေ (နော) ဘန္တေ ဟောဟိ၊ ဒု–တ

ဘန္တေ–အရှင်မြတ်ဘုရား၊ အာယသ္မာ–သက်တော်ရှည်သော၊ တွံ–အရှင်မြတ်ဘုရားသည်၊ မေ– ဘုရားတပည့်တော်၏၊ (နော–ဘုရားတပည့်တော်တို့၏၊ ဥပဇ္ဈာယော–ဥပဇ္ဈာယ်ဆရာတော်သည်၊ ဟောဟိ– ဖြစ်တော်မူပါဘုရား။

ကမ္မဝါစာ ဖတ်ရွတ်ရာ၌ အမည်သညာ ခေါ်ဝေါ်လွယ်ခြင်း၊ ဖတ်ရွတ်လွယ်စေခြင်းအကျိုးငှာ ပဥ္စင်း လောင်းတို့၏ အမည်ဟောင်းကိုပြောင်း၍ အကြီးဆုံးဖြစ်သော ပဥ္စင်းလောင်းကို ပထမနာဂ၊ အလတ်ကို ဒုတိယနာဂ၊ အငယ်ကို တတိယနာဂဟူ၍ မှည့်ပါ၏။ ပဥ္စင်းလောင်းတို့ကလည်း မိမိတို့၏အမည်ကို အသီးအသီး ပထမနာဂ၊ ဒုတိယနာဂ၊ တတိယနာဂဟူ၍ အစဉ်အတိုင်း မှတ်ကြကုန်လော့။

ကမ္မဝါစာဖတ်ရွတ်၍ လွယ်စေခြင်း အကျိုးငှာလည်းကောင်း၊ ဂရုဂါရဝဖြစ်စေခြင်း အကျိုးငှာ လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာတော်ဘုရားကို တိဿဟူ၍ မှည့်ပါ၏။ ဥပဇ္ဈာယ်ဆရာတော်ဘုရားကလည်း မိမိအမည်ကို တိဿဟူ၍မှတ်တော်မူပါ။ သံဃာတော်အရှင်မြတ်တို့ကလည်း ဥပဇ္ဈာယ်ဆရာတော်ဘုရား ၏အမည်ကို တိဿ၊ ပဥ္စင်းလောင်းတို့၏ အမည်ကို နာဂ၊ နာဂ၊ နာဂဟူ၍ မှတ်တော်မူကြပါကုန်ဘုရား။

၂။ သပိတ်သင်္ကန်းပြောကြားခြင်း–မပြင်းမထန်

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ၊ ပဥ္စင်းလောင်းကို ဥပဇ္ဈာယ်ယူစေပြီးခဲ့လျှင် အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော ကိုယ်ပိုင်သပိတ်သင်္ကန်းကို ပြောကြားရမည်ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူအပ် သောကြောင့် ဥပဇ္ဈာယ်ယူပြီးရာ ယခုအခါ၌ သင်ပဥ္စင်းလောင်းအား (တို့အား) သင်၏ (သင်တို့၏)ကိုယ်ပိုင် သပိတ်သင်္ကန်းများကို ပြောကြားပေအံ့။

အယံ တေ ပတ္တော (ဣမေ ဝေါ ပတ္တာ) သင်ပဥ္စင်းလောင်း၏ရှေးမှာရှိသော သပိတ်ကို သင်၏ကိုယ်ပိုင် သပိတ်ဟူ၍မှတ်။

သင်တို့၏ ရှေ့မှာရှိသော အသီးသီးသော သပိတ်များကို သင်တို့၏ အသီးအသီးသော ကိုယ်ပိုင် သပိတ်များဟုမှတ်ကြ။ အာမ ဘန္တေ။

(ဤမှ နောက်၌ ဗဟုဝုစ်သာပြတော့အံ့။)

ဣမာ သံဃာဋိယော၊ သင်တို့၏ရှေ့မှာရှိသော အသီးသီးသော သင်္ကန်းကြီးများကို သင်တို့၏အသီး သီးသော ကိုယ်ပိုင်ဒုကုဋ်သင်္ကန်းကြီးများဟု မှတ်ကြ။ အာမ ဘန္တေ။

ဣမေ ဥတ္တရာသင်္ဂါ၊ သင်တို့၏ကိုယ်၌ရုံ၍ထားသော အသီးအသီးသောသင်္ကန်းများကို သင်တို့၏ ကိုယ်ပိုင် ကိုယ်ရုံသင်္ကန်းများဟုမှတ်ကြ။ အာမ ဘန္တေ။

ဣမေ အန္တရဝါသကာ၊ သင်တို့၏ခါး၌ဝတ်ထားသော အသီးအသီးသော သင်းပိုင်များကို သင်တို့ ၏ကိုယ်ပိုင်သင်းပိုင်များဟု မှတ်ကြ။ အာမ ဘန္တေ။

ဤသပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်ဟာ ရဟန်းတော်များမှာ မုချပြည့်စုံရမည့် သပိတ်သင်္ကန်း များဖြစ်သည်၊ ရဟန်းလောင်းမှာ ဤမျှပြည့်စုံလျှင် သပိတ်သင်္ကန်းပြည့်စုံပြီဟု ဆိုရမည်။

၃။ ဟတ္ထပါသ်မှ အပထုတ်၍ အနုသာသနဥတ်ထားခြင်း

ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။ ။ ပဥ္စင်းလောင်းကို သင့်တင့်ရာအရပ်တခု၌ သွန် သင်ဆုံးမပြီး၍ နောက်မှသံဃာအလယ်၌ ရဟန်းအဖြစ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော သဘောတရား တို့ကိုမေးစစ်ရမည်ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူအပ်သောကြောင့် သင်ပဥ္စင်းလောင်းတို့ကို ဤသံဃာအလယ် ၌ သွန်သင်ဆုံးမ နည်းလမ်းပြခြင်းငှာ မသင့်တင့်မလျောက်ပတ်၊ ထို့ကြောင့် သင်ပဥ္စင်းလောင်းတို့သည် လက်အုပ်ချီကာ မျက်နှာရှေ့ထား နောက်ဆုတ်၍ သွားကြကုန်ဦးလော့၊ ဤသံဃာ့ဘောင်မှ နှစ်တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာအရပ်တို့၌ ခေတ္တရပ်တည်၍ နေကြကုန်ဦးလော့၊ ငါသည် သင်တို့ကို ဆုံးမဖို့ရန် သမ္မုတိဥတ် ပြီးဆုံးပါက ဆတ်ဆတ်မသွေ လိုက်လာခဲ့ပေအံ့။

၄။ ဆုံးမခြင်း ဗဟုဝုစ် (ဧကဝုစ်လည်းအပြစ်မရှိ)

နာဂအမည်ရှိသော ပဥ္စင်းလောင်းတို့ သင်တို့သည် အာရုံတစ်ပါး စိတ်မသွားဘဲ မှတ်သားနား ထောင်ချေလော၊ (ထောင်နားစိုက်ကြကုန်လော)၊ ဤအခါကာလသည် သင်တို့၏အမှန်ကိုသာ လျှောက် ထားရမည့်အခါတည်း၊ အဟုတ်ကိုသာ လျှောက်ထားရမည့်အခါပေတည်း၊ အကြင်အပြစ်နှင့်ဂုဏ် အလုံး စုံသော သဘောတရားသည် သင်တို့၏သန္တာန်၌ ထင်ရှားရှိသည်ဖြစ်အံ့၊ ထိုအပြစ်နှင့်ဂုဏ် အလုံးစုံကို သံဃာအလယ်၌ သမ္မုတိရသောမထေရ်မြတ်က မေးစီစစ်သည်ရှိသော် ထင်ရှားရှိသည် ဟုတ်မှန်သည်ကို ရှိပါ၏ဘုရား၊ ဟုတ်မှန်ပါ၏ဘုရားဟု လျှောက်ထားကြလေ။ ထင်ရှားမရှိသည် မဟုတ်မှန်သည်ကို မရှိပါ ဘုရား မဟုတ်မှန်ပါဘုရားဟု လျှောက်ထားကြလေ။

စစ်ဆေးမေးမြန်းခြင်းဟူသော အကြောင်းကြောင့် ကြောက်ရွံ့၍ မနေကြကုန်လင့်၊ နှလုံးမသာ မျက်နှာမလှ မရှိကြကုန်လင့်၊ ဤဆိုလတ္တံ့သောနည်းဖြင့် သင်တို့ကိုမေးကြလိမ့်မည်။ ဘယ်ကဲ့သို့ မေးမလဲဆိုရင်

သင်တို့ရဲ့ကိုယ်မှာ နူနာရှိသလား၊ ထွင့်မြင်းနာရှိသလား ယားနာကြီး ဝဲနာကြီးရှိသလား၊ ခယရုက်ချောင်းဆိုး သွေးပါနာရှိသလား၊ သူရူးနာရှိသလားလို့ မေးကြလိမ့်မည်။

ဤသို့မေးခဲ့လျှင် ရှိရင် ရှိပါတယ်ဘုရား၊ မရှိရင် မရှိပါဘုရားဟု လျှောက်ထားရလိမ့်မည်၊ လျှောက်ထားပါလေ။

၁။ ပြီးတော့ သင်တို့သည် လူသားအစစ်ဟုတ်ရဲ့လား ?

၂။ ယောကျ်ားအစစ်ကော ဟုတ်ကြရဲ့လား ?

၃။ ကျွန်အဖြစ်မှလည်း လွတ်ကြရဲ့လား? လို့ မေးကြလိမ့်မည်။ ဤသို့မေးခဲ့လျှင် ဟုတ်မှန်သည့်အတိုင်း ဖြေရလိမ့်မည်။

၄။ ပြီးတော့ သင်တို့သည် ကြွေးမြီမတင် သန့်ရှင်းစင်ရဲ့လား? လို့ မေးကြလိမ့်မည်။ ဤသို့မေးခဲ့လျှင် အကယ်၍ကြွေးမြီရှိစေကာမူ ကြွေးရှင်များ၌ ကျေနပ်ပြီးဖြစ်ခဲ့လျှင် (ကင်းစင်သော သဘောရှိတဲ့အတွက်) ကြွေးမြီကင်းပါသည်ဘုရားဟုပင် လျှောက်ထားပါလေ။

၅။ ပြီးတော့ သင်တို့သည် မင်းခစားယောကျ်ား မင်းအမှုထမ်းအဖြစ်မှ လွတ်ကြရဲ့လားလို့ မေးကြလိမ့်မည်။ ဤသို့မေးခဲ့လျှင် အကယ်၍ မင်းခစားယောကျ်ားဖြစ်စေကာမူ ခွင့်ယူထားတဲ့အတွက် လွတ်လပ်နေသောကြောင့် မင်းခစားယောကျ်ားအဖြစ်မှလွတ်ပါသည်ဟုဘုရားဟု လျှောက်ထားကြရမည်။

၆။ အမိအဘတို့က သင်တို့ကို ရဟန်းပြုရန် ခွင့်ပြုရဲ့လား?

၇။ ပဋိသန္ဓေမှစ၍ အသက်နှစ်ဆယ်ပြည့်ရဲ့လား?

၈။ သင်တို့မှာ သပိတ်သင်္ကန်းပြည့်စုံပြီလား? လို့လဲ မေးကြလိမ့်မည်။ ဤသို့မေးခဲ့လျှင် ဟုတ်မှန်သည့်အတိုင်း ဖြေရလိမ့်မည်။

၉။ သင်ပဥ္စင်းလောင်းတို့သည် အဘယ်အမည်ရှိကြသနည်းလို့ မေးကြလိမ့်မည်။ ဤသို့ မေးခဲ့လျှင် နာဂအမည်ရှိပါသည်ဘုရားဟု အသီးအသီး ဖြေရလိမ့်မည်။

၁၀။ သင်တို့ရဲ့ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသလဲလို့ မေးကြလိမ့်မည်။ ဤသို့မေးခဲ့လျှင် အရှင်တိဿအမည်ရှိပါသည်ဘုရားဟု ဖြေရလိမ့်မည်။

နာဂအမည်ရှိသော ပဥ္စင်းလောင်းတို့ ပဥ္စင်းလောင်းနှင့်အတူတကွ သံဃာ့အလယ်သို့ မလာအပ်ဟူ၍လည်းကောင်း၊ ဆုံးမတတ်သော ရဟန်းသည် ရှေးဦးစွာလာ၍ သံဃာကို သိစေအပ်၏ဟူ၍လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူအပ်သောကြောင့် သင်တို့သည် ဤနေရာမှာပင် ခေတ္တခဏနေခဲ့ကြဦး၊ သင်တို့ကို အဗ္ဘာနဥတ် မိန့်တော်မြတ်ဖြင့် ဆင့်ခေါ်အပ်မှသာ လက်အုပ်ချီကာ လာခဲ့ကြရမည်။

✤ ✤ ✤

၅။ အဗ္ဘာနဥတ်

၆။ ပဥ္စင်းလောင်းကို တောင်းပန်စေခြင်း

အရှင်ဘုရားတို့ တပည့်တော်တို့သည် သံဃာတော်မြတ်အပေါင်းကို ရဟန်းပဥ္စင်းအဖြစ်ကိုတောင်းပါကုန်၏။ အရှင်ဘုရားတို့ သံဃာတော်မြတ်အပေါင်းသည် ဘုရားတပည့်တော်တို့ကို အစဥ်သနားခြင်းကို

အကြောင်းပြု၍ သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှ ထုတ်ဆယ်ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်အောင်ထားတော်မူကြပါဘုရား။ ဒ၊ မည်းညစ်သော အကုသိုလ်အဖို့မှထစေ၍ ပြုအပ်သော ဖြူစင်သောကုသိုလ်အဖို့၌ တည်အောင်ထားတော်မူကြပါဘုရား။ တ၊ ရှင်သာမဏေအဖြစ်မှ ထုတ်နုတ်၍ ရဟန်းပဉ္စင်းအဖြစ်၌ တည်အောင်ထားတော်မူကြပါဘုရား။ ဝ၊ သိက္ခာတစ်ဆယ်သာမဏေဘဝမှ နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်ထမ်း ရဟန်းပဉ္စင်းအဖြစ်၌ တည်အောင်ထားတော်မူကြပါဘုရား။

ဥပသမ္ပဒကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ မပြင်းမထန် (အမည်မှည့်ရမည်)

၂။ ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။
အယံ တေ ပတ္တော အာမ ဘန္တေ ။ လ ။

၃။ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။ အသံမှန်။
အနုဇာနာမိ ဘိက္ခဝေ ကေမန္တံ အနုသာသိတွာ ပစ္ဆာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုန္တိ။
တစ်နည်း နာဂ ပဌမံ ကေမန္တံ အနုသာသိတွာ ပစ္ဆာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတဗ္ဗန္တိ ဘဂဝတော ဝုတ္တတ္တာ တံ သံဃမဇ္ဈေ အနုသာသိတုံ ယသ္မာ န ဝဋ္ဋတိ တသ္မာ တွံ ဂစ္ဆ ဂန္တွာ အမုမှိ ဩကာသေ တိဋ္ဌာဟိ။

"အနုသာသနဉတ်" ဖျူခနဝုဒ္ဓိ ညီစေ

သုဏာတု မေ ဘန္တေ သံဃော၊ နာဂါ အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (နာဂံ) အနုသာသေယျံ။

ဆုံးမခြင်း

၄။ သုဏာသိ (နာဂ) (ဥပသမ္ပဒါပေက္ခ) အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ၊ အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယိ၊ မာ ခေါ မင်္ကု အဟောသိ။ ဧဝံ တံ ပုစ္ဆိဿန္တိ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ၊ ၁။ ကုဋ္ဌံ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ ၂။ မနုဿောသိ၊ ၃။ ပုရိသောသိ၊ ၄။ ဘုဇိဿောသိ၊ ၅။ အဏဏောသိ၊ ၆။ နသိ ရာဇဘဋော၊ ၇။ အနုညာတောသိ မာတာပိတူဟိ၊ ၈။ပရိပုဏ္ဏဝီသတိဝဿောသိ၊ ၉။ ပရိပုဏ္ဏံ တေ

ပတ္တစီဝရံ၊ ၁၀။ ကိန္နာမောသိ၊ ၁၁။ ကော နာမော တေ ဥပဇ္ဈာယော၊ (က္လုတိဝေ တံ လဒ္ဓသမ္မုတိကာ ပုစ္ဆိဿန္တိ၊ ဝေံ ပုစ္ဆန္တေသု ဝေမေဝ ဝတ္တဗ္ဗံ။ ။ နာဂ နာဂေန ကေတော န အာဂန္တုဗ္ဗန္တိ စ၊ အနုသာသကေန ပဌမတရံ အာဂန္ဒွာ သံဃော ဉာပေတဗ္ဗောတိ စ ဘဂဝတော ဝုတ္တတ္တာ တွံ က္လုမေဝ တိဋ္ဌာဟိ။) (ကမ္မဝါဒ္ဒမပါ)

အဏ္ဏာနုညာတ် တစ်နည်း ပြဿာရထာညာတ်ထားရှိခေါ်ခြင်း

၅။ သုဏာတု မေ ဘန္တေ သံဃော (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ (နာဂေါ) အာဂစ္ဆေယျ၊ (အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော)။

ပဉ္စင်းအဖြစ်ကိုတောင်းပန်စေခြင်း

၆။ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
ဒု – တ

ပုစ္ဆန သမ္မုတိညာတ်

၇။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (နာဂံ) အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

မေးစစ်ခြင်း

၈။ သုဏာသိ(နာဂ) အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ၊ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ၊ အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ (နတ္ထိ ဘန္တေ) ။ လ ။ မနုဿောသိ (အာမဘန္တေ) ။ လ ။ ကော နာမော တေ ဥပဇ္ဈာယော၊ (ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ (တိဿတ္ထေရောနာမ)။ (ပုစ္ဆကိစ္စ (၈)ပါး ပြီး၏။)

သုဒ္ဓ ဥပသမ္ပဒါ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ (နာဂေါ) သံဃံ ဥပသမ္ပဒံ ယာစတိ၊

အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (နာဂံ) ဥပသမ္ပာဒေယျ၊ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (နာဂေါ) အာယသ္မတော (တိဿဿ) ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ (နာဂေါ) သံဃံ ဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ သံဃော (နာဂံ) ဥပသမ္ပာဒေတိ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန ယဿာယသ္မတော ခမတိ (နာဂဿ) ဥပသမ္ပဒါ အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။ ဥပသမ္ပန္နော သံဃေန (နာဂေါ) အာယသ္မတာ (တိဿေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဝေဝမေတံ ဓာရယာမိ။ ။

ပြီး၏။

သမာသန္နံ အနုသာသန

၁။ ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ ၂။ ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ဣလမေ ဝေါ ပတ္တာ၊ (အာမ ဘန္တေ)၊ ဣလမာ သံဃာဋိယော (အာမ ဘန္တေ)၊ ဣလမေ ဥတ္တရာသင်္ဂါ (အာမ ဘန္တေ)၊ ဣလမေ အန္တရဝါသကာ (အာမ ဘန္တေ) ၃။ ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။

အနုသာသနဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ (သုမန ပဒုမာ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (သုမန ပဒုမေ) အနုသာသေယျံ။

ဆုံးမခြင်း

၄။ သုဏာထ ဥပသမ္ပဒါပေက္ခာ အယံ တုမှာကံ သစ္စကာလော၊ ပ ၊ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယထ၊ မာ ခေါ မင်္ကု အဟောထ၊ ဧဝံ တုမှေ ပုစ္ဆိဿန္တိ၊ သန္တိ တုမှာကံ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ ။ ပ ။ မနုဿာ အတ္ထ ။ ပ ။ နတ္ထ ရာဇဘဋ္ဌာ၊ အနုညာတာ အတ္ထ မာတာပိတူဟိ။ ပရိပုဏ္ဏဝီသတိဝဿာ အတ္ထ၊ ပရိပုဏ္ဏံ ဝေါ ပတ္တစီဝရံ၊ ကိံနာမာ အတ္ထ၊ ကောနာမော တုမှာကံ ဥပဇ္ဈာယောတိ။

အဋ္ဌာနဉတ် တစ်နည်း ဩသာရဏာဉတ်

၅။ သုဏာတု မေ ဘန္တေ သံဃော၊ (သုမန ပဒုမာ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ အနုသိဋ္ဌာ တေ မယာ)၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ (သုမန ပဒုမာ)၊ အာဂစ္ဆေယျုံ၊ (အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော)

ပဉ္စင်းအဖြစ်ကို တောင်းပန်စေခြင်း

၆။ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊ ဒု – တ။

ပုစ္ဆနသမ္မုတိဉတ်

၇။ သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ (သုမန ပဒုမာ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (သုမန ပဒုမေ) အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

မေးစစ်ခြင်း

၈။ သုဏာထ ဥပသမ္ပဒါပေက္ခာ၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ။ ပ ။ သန္တိ တုမှာကံ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ ။ ပ ။ (နတ္ထိ ဘန္တေ)၊ မနုဿာ အတ္ထ၊ (အာမ ဘန္တေ) ။ ပ ။ ကိံ နာမာ အတ္ထ (မယံ ဘန္တေ သုမန ပဒုမာနာမ)၊ ကော နာမော တုမှာကံ ဥပဇ္ဈာယော။ (ဥပဇ္ဈာယော အမှာကံ ဘန္တေ အာယသ္မာ (သီလာစာရော နာမ)။

ပုစ္ဆာကိစ္စရှစ်ပါးပြီး၏။

ဧကုပဇ္ဈာယ ဧကာစရိယ သဟာသဒွန္န ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ (သုမန ပဒုမာ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ (သုမန ပဒုမာ) သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (သုမနပဒုမေ) ဥပသမ္ပာဒေယျ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော ။ ပ ။ (သီလာစာရေန) ဥပဇ္ဈာယေန၊ သံဃော (သုမန ပဒုမေ) ဥပသမ္ပာဒေတိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ (သုမနပဒုမာနံ) ဥပသမ္ပဒါ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဒုတိယမ္ပိ တေမတ္ထံ ဝဒါမိ ။ တ ။

ဥပသမ္ပန္နာ သံဃေန (သုမန ပဒုမာ) အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။ (သမာသဒွန္ဒ ကမ္မဝါစာပြီး၏)။

ဝါကျ ဒွန္ဒ အနုသာသန

ပဥ္စမံ ဥပဇ္ဈံ ။ ပ ။ တိဌထ ။ (သမာသ်ဒွန်နှင့် တူပြီ)

အနုသာသနဉတ်

သုဏာတု မေ ဘန္တေ သံဃော (သုမနော စ ပဒုမော စ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (သုမနံ စ ပဒုမံ စ) အနုသာသေယျံ။ ။

"**ဆုံးမခြင်း**" သမာသ်ဒွန်နှင့်တူပြီ။

အဗ္ဘာနဉတ်

သုဏာတု မေ ဘန္တေ သံဃော (သုမနော စ ပဒုမော စ) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ အနုသိဋ္ဌာ သော စ သော စ တေ မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သုမနော စ ပဒုမော စ အာဂစ္ဆေယျုံ။

"**ပဥ္စင်းအဖြစ်ကိုတောင်းပန်စေခြင်း**" တူပြီ။

ပုစ္ဆန သမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ သုမနော အယံ စ ပဒုမော အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (သုမနံ စ ပဒုမံ စ) အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

"**မေးစစ်ခြင်း**" သမာသ်ဒွန်နှင့်တူပြီ။

ဂရုပဋ္ဌာယ ကောစရိယ ဝိကျုဒ္ဒနှ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော အယံ စ (သုမနော) အယံ စ (ပဒုမော) အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏိမေသံ ပတ္တစီဝရံ၊ (သုမနောစ) (ပဒုမောစ) သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (သုမနံစ) (ပဒုမံစ) ဥပသမ္ပာဒေယျ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော ။ ပ ။ (သီလာစာရေန) ဥပဇ္ဈာယေန၊ သံဃော (သုမနံစ) (ပဒုမံစ) ဥပသမ္ပာဒေတိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ(သုမနဿစ) (ပဒုမဿစ) ဥပသမ္ပဒါ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။ ပ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

ဥပသမ္ပန္နာ သံဃေန(သုမနောစ မဒုမောစ) အာယသ္မတာ(သီလာစာရေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ပြီးၿပီ။

ဂရုပဋ္ဌာယ နာနာစရိယ ဝိကျုဒ္ဒနှ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (သုမနော) (ပဒုမော) ကိုယ့်ရဟန်းဘွဲ့ ကိုယ်ဖတ်ရှုံသာ ထူး၏။ သုဒ္ဓကမ္မဝါစာနှင့် အတူတူပင်။ အာယသ္မတော (သီလာစာရဿ) ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ (သုမနော-ပဒုမော) သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဒိ သံဃဿ၊ ပတ္တကလ္လံ။ သံဃော (သုမနံ) (ပဒုမံ) ဥပသမ္ပာဒေယျ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ။ ပ ။ (သီလာစာရေန) ဥပဇ္ဈာယေန၊ သံဃော (သုမနံ ပဒုမံ)၊ ဥပသမ္ပာဒေတိ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ (သုမနဿ) (ပဒုမဿ) ဥပသမ္ပဒါ အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ ။

ဥပသမ္ပန္နော သံဃေန (သုမနော) (ပဒုမော) အာယသ္မတာ (သီလာစာရေန) ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

ပြီးၿပီ။

ဩဝါဒ

တာဝဒေဝ ဆာယာ မေတဗ္ဗော၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။

နိဿယ အကရဏီယ ပြောကြားခန်း

စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ။ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။

၁။ ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော၊ သံဃဘတ္တံ၊ ဥဒ္ဒေသဘတ္တံ၊ နိမန္တနဘတ္တံ၊ သလာကဘတ္တံ၊ ပက္ခိကံ၊ ဥပေါသထိကံ၊ ပါဋိပဒိကံ။ (၇) (အာမ ဘန္တေ)

၂။ ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယျံ၊ ကမ္ဗလံ၊ သာဏံ၊ ဘင်္ဂံ (၆) (အာမ ဘန္တေ)

၃။ ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ဝိဟာရော အဍ္ဍယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ (၅)၊ (အာမ ဘန္တေ)

၄။ ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ။ (၅) (အာမ ဘန္တေ)

အကရဏီယ

၁။ ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနော ဓမ္မော န ပဋိသေဝိတဗ္ဗော၊ အန္တမသော တိရစ္ဆာနဂတာယပိ၊ ယော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ၊ အဿမဏော ဟောတိ၊ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုရိသော သီသစ္ဆိန္နော၊ အဘဗ္ဗော သရီရဗန္ဓနေန ဇီဝိတုံ၊ ဧဝမေဝ ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝိတွာ အဿမဏော ဟောတိ၊ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ ။ (အာမ ဘန္တေ)။

၂။ ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ န အာဒါတဗ္ဗံ၊ အန္တမသော တိဏသလာကံ ဥပါဒါယ၊ ယော ဘိက္ခု ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊ အဿမဏော ဟောတိ၊ အသကျပုတ္တိယော။ သေယျထာပိ နာမ ပဏ္ဍုပလာသော ဗန္ဓနာ ပမုတ္တော အဘဗ္ဗော ဟရိတတ္တာယ၊ ဧဝမေဝ ဘိက္ခု ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိတွာ အဿမဏော ဟောတိ၊ အသကျပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)။

၃။ ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စ ပါဏော ဇီဝိတာ န ဝေါရောပေတဗ္ဗော။ အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ။ ယော ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ၊ အန္တမသော ဂဗ္ဘပါတနံ ဥပါဒါယ၊ အဿမဏော ဟောတိ၊ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုထုသိလာ ဒွေဓာ

ဘိန္နာ အပ္ပဋိသန္ဓိကာ ဟောတိ။ ဧဝမေဝ ဘိက္ခု သဥ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတွာ အဿမဏော ဟောတိ၊ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)။

၄။ ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော န ဥလ္လပိတဗ္ဗော၊ အန္တမသော သုညာဂါရေ အဘိရမာမီတိ။ ယော ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ ဈာနံ ဝါ ဝိမောက္ခံ ဝါ သမာဓိံ ဝါ သမာပတ္တိံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ၊ အဿမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ တာလော မတ္ထကစ္ဆိန္နော အဘဗ္ဗော ပုန ဝိရုဠ္ဟိယာ၊ ဧဝမေဝ ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပိတွာ အဿမဏော ဟောတိ အသကျပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)။

ဥပသမ္ပဒကမ္မဝါစာ နိဋ္ဌိတာ

❧ ❧ ❧

ဆရာခွင့်လွှတ်စကားမိန့်ကြားပုံ

ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ဩဝါဒဆရာတို့၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ်ပဋိပတ်တရားတို့ကို ပွားများအားထုတ်၍ နေထိုင်လေ။

ရဟန်းသစ်ခွင့်လွှတ်စကားလျှောက်ကြားပုံ

ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ဩဝါဒဆရာဖြစ်တော်မူကြသော အရှင်မြတ်များသည် သဒ္ဓိဝိဟာရိကတပည့်၊ အန္တေဝါသိကတပည့်ဖြစ်သော ဘုရားတပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကိုမပြုကြမူ၍ ချမ်းသာစွာနေတော်မူကြပါဘုရား။

❧ ❧ ❧

ဒေသနာကြားပုံ (ပါဠိမြန်မာ)

၁။ ငယ် = အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိ ကရောမိ။
(ဤကား ထင်စွာပြုခြင်းမည်၏။ ဒေသနာကြားမမည်သေး)။

အရှင်ဘုရား တပည့်တော်သည် လွန်ကျူးမိသောအာပတ်အလုံးစုံတို့ကို ထင်စွာပြုပါမည် အရှင်ဘုရား။

၂။ ကြီး = သာဓု ... သာဓု ... သာဓု၊
ကောင်း၏။ (၃)

၃။ ငယ် = အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

(ဤကား ဒေသနာကြား ကုစားခြင်းမည်၏။ တုမှာကံ မူလေ၊ တုမှမူလေ ဗဟုဝုစ်)

အရှင်ဘုရား တပည့်တော်သည် များစွာအသီးသီးသော ဝတ္ထုရှိကုန်သော အလုံးစုံသော အကြင် အာပတ်တို့ကို ရောက်မိပါပြီ။ ထိုအာပတ်တို့ကို အရှင်ဘုရားတို့၏အထံ၌ ထင်စွာပြောကြားပါ၏။

၄။ ကြီး = ပဿသိ အာဝုသော တာ အာပတ္တိယော။

ငါရှင် ထိုအာပတ်တို့ကို နောက်လေးလေးစားစားရှုပါ။

ငယ် = အာမ ဘန္တေ ပဿာမိ။

မှန်ပါ၊ ရှုပါမည် အရှင်ဘုရား။

၅။ ကြီး = အာယတိံ အာဝုသော သံဝရေယျာသိ။

ငါရှင်နောင်အခါ မကျူးလွန်မိအောင် ကောင်းစွာစောင့်ထိန်းပါ။

ငယ် = သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကောင်းပါပြီ၊ ကောင်းစွာစောင့်ထိန်းပါမည် အရှင်ဘုရား။

သံဃ ဥပုသ်ပြု အစီအစဉ်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။

သုဏာတု မေ ဘန္တေ သံဃော အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿ၊ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ ပါတိမောက္ခံ ဥဒ္ဒိသေယျ

ကိံ သံဃဿ ပုဗ္ဗကိစ္စံဟူသော နိဒါန်းပါဠိ ယဒိ သံဃဿ ပတ္တကလ္လံဟူသော ဉတ်ပါဠိတို့နှင့်အညီ ယခုအခါ၌ ပုဗ္ဗကိစ္စတို့ကို စစ်ဆေးပြောကြား၍ ပတ္တကလ္လအင်္ဂါတို့ကိုလည်း စစ်ဆေးပြောကြားပါမည် အရှင်ဘုရား။

သမ္မဇ္ဇနီပဒီပေါစ ။ ပ ။ ဝုစ္စတိဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ် သည်နှင့်အညီ၊ ၁။ ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီအရှင်ဘုရား။ ၂။ ယခုအခါနေ တည်းဟူသော အရောင်အလင်းကိုရသည်ဖြစ်၍ ဆီးမီးညှိထွန်းဖွယ်ကိစ္စမရှိပါပြီ အရှင်ဘုရား။ ၃။ သောက် ရေသုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပါပြီအရှင်ဘုရား။ ၄။ နေရာခင်းခြင်း ကိစ္စပြီးပါပြီအရှင်ဘုရား။ ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့ကကြိုတင်၍ ပြုအပ် ပြုသင့် ပြုထိုက်ပြုကောင်း သည်၏အဖြစ်ကြောင့် ပုဗ္ဗကရဏတို့ဟူ၍ ဆိုအပ်ပါကုန်၏။

ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ ။ ပ ။ ပုဗ္ဗကိစ္စန္တိဝုစ္စတိဟူ၍ အဋ္ဌကထာဆရာ ။ ပ ။ အညီ ဥပုသ်ပြုရာ သိမ်အတွင်းဝယ် သံဃာအစည်းအဝေးသို့ မလာမရောက်နိုင်သော ဥပုသ်ပြုပြီးသောရဟန်း၊ ဂိလာနရဟန်း၊ ကိစ္စပသုတရဟန်းတော်များရှိခဲ့ပါလျှင် ထိုဥပုသ်ပြုပြီးသော ရဟန်း၊ ဂိလာနရဟန်း၊ ကိစ္စပသုတရဟန်း တော်တို့သည် ပေးအပ်သောဆန္ဒ။ ဂိလာနရဟန်း၊ ကိစ္စပသုတရဟန်းတော်တို့သည် ပေးအပ်သော

ပါရိသုဒ္ဓိကိုဆောင်ယူ၍ သံဃာတော်အား လျှောက်ကြားအပ်ပါသည်။ ယခုမူကား ဤဉပုသ်ပြုရာ သိမ်အတွင်း ဝယ် သံဃာအစည်းအဝေးသို့ မလာမရောက်နိုင်သော တခြားတစ်ပါးသော ရဟန်းတော်များ မရှိခြင်းကြောင့် ဆန္ဒကိုဆောင်၍ သံဃာတော်အား လျှောက်ကြားဖွယ်ကိစ္စမရှိပါဘုရား။

မှတ်ချက် – အကယ်၍ ဆန္ဒပေးသောရဟန်းရှိခဲ့လျှင် ယခုတွင်လည်း ဤဉပုသ်ပြုရာ ॥ ပ ॥ ဝေးသို့ မလာမရောက်နိုင်သော (ဂိလာနရဟန်း) ကိစ္စပသုတရဟန်းက) ပေးအပ်သောဆန္ဒကို သံဃာတော် အား လျှောက်ထားခြင်းကိစ္စပြီးပါပြီ အရှင်ဘုရားဟူ၍ဆို၊ ॥

၂။ ပါရိသုဒ္ဓိကိုလည်း ဆောင်၍ ॥ ပ ॥ ဘုရား ॥

၃။ ဥတုသည် ဟေမန္တဥတု၊ ဂိမှာနဥတု၊ ဝဿာနဥတုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ယခုရောက်ဆဲဖြစ်သောဥတုသည် (ဂိမှာန) ဥတုဖြစ်ပါသည်အရှင်ဘုရား။

၄။ ဤ(ဂိမှာန) ဥတု၌ ပထမပက္ခ ဒုတိယပက္ခစသောအားဖြင့် ရှစ်ပက္ခအတိုင်းအရှည်ရှိပါသည်။ ထို ရှစ်ပက္ခတို့တွင် (၁)ပက္ခလွန်သည်ဖြစ်၍ (၂)ပက္ခမြောက်ရောက်ဆဲ (၆)ပက္ခကြွင်းပါသေးသည် အရှင်ဘုရား။

မှတ်ချက် – ဝါထပ်မည့်နှစ်ဖြစ်မူ ဤဂိမှာနဥတု၌ ဝါထပ်လ၏ရှိသောကြောင့် ပထမပက္ခဒုတိယ ပက္ခစသောအားဖြင့် ဆယ်ပက္ခအတိုင်းအရှည် ရှိပါသည်။ ထိုဆယ်ပက္ခတို့တွင် (၁) ပက္ခလွန် (၂) ပက္ခ မြောက်ရောက်ဆဲ၊ (၈) ပက္ခကြွင်းပါသေးသည် အရှင်ဘုရားဟုဆို။ (ပဌမပက္ခ၌ လွန်သောပက္ခမရှိ၊ (၁) ပက္ခမြောက်ရောက်ဆဲဟူ၍လည်းကောင်း၊ နောက်ဆုံးပက္ခ၌ ရှစ်ပက္ခမြောက်ရောက်ဆဲ၊ ဆယ်ပက္ခမြောက် ရောက်ဆဲ၊ ကြွင်းပက္ခမရှိပါဘုရားဟူ၍လည်းကောင်း ဆိုလေ။)

၄။ ဤဉပုသ်အိမ်သိမ်အပြင် နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း၌ ဉပုသ်ပြုရန် စည်းဝေးတည်နေ ကြကုန်သော ရဟန်းတော်တို့၏ အရေအတွက်ကား ( ) နှစ်ကျိပ်တစ်ပါး အတိုင်းအရှည်ရှိပါသည် အရှင်ဘုရား။

၅။ ယခုအခါ သာသနာတော်အတွင်း၌ ဘိက္ခုနီတို့မရှိသည်ဖြစ်၍ ဘိက္ခုနီတို့က ဘုရားတပည့် တော်တို့သည် အရှင်ဘုရားတို့၏အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့ဟု တောင်းပန်လျှောက်ထားသော ဩဝါဒကို သံဃာတော်အား လျှောက်ကြားဖွယ်ကိစ္စ မရှိပါဘုရား။

ဤ (၅) ပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်မှနောက် ပါတိမောက်မပြမီ ရှေး အဖို့၌ပြုအပ် ပြုသင့် ပြုထိုက် ပြုကောင်းသည်၏ အပြစ်ကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ မိန့်ဆိုအပ်ကုန်၏။

ဉပေါသထော ယာဝတိကာ စ ॥ ပ ॥ ပတ္တကလ္လန္တိ ဝုစ္စတီဟူ၍ အဋ္ဌကထာဆရာ ॥ ပ ॥ **အညီ** ဉပုသ်သည် သာမညလက္ခဏာအားဖြင့် တစ်ပါးသာ ဝိသေသလက္ခဏာအားဖြင့်သော်ကား **စာတုဒ္ဒသီဉပုသ်၊** ပန္နရသီဉပုသ်၊ သာမဂ္ဂီဉပုသ်ဟူ၍ နေ့၏အစွမ်းအားဖြင့် (၃)ပါး။ ॥ သံဃာဉပုသ်၊ ဂဏဉပုသ်၊ ပုဂ္ဂလဉပုသ်ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် (၃)ပါး။ ॥ သုတ္တုဒ္ဒေသဉပုသ်၊ ပါရိသုဒ္ဓိဉပုသ်၊ အဓိဋ္ဌာန်ဉပုသ်ဟူ၍ ပြုအပ်သောအခြင်းအရာ ကာတဗ္ဗာကာရက၏ အစွမ်းအားဖြင့် (၃)ပါး ဤသို့အားဖြင့် ကိုးပါး အပြားရှိပါသည်။

(၁) ထို (၉)ပါးတို့တွင် ယခုပြုလတ္တံ့သော ဉပုသ်သည် နေ့၏အစွမ်းအားဖြင့် (ပန္နရသီ) ဉပုသ် ဖြစ်ပါသည်။ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃာ့ဉပုသ်ဖြစ်ပါသည်။ ॥ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဉပုသ် ဖြစ်ပါသည်။

(၂) အကြင်မျှလောက် အယုတ်ဆုံးလေးပါး၊ ၄ ပါးထက်အလွန်ရှိကုန်သော ရဟန်းတော်တို့သည် အချင်းချင်းနှစ်တောင့်ထွာ ဟတ္ထပါသ်ကိုမစွန့်မူ၍ တစ်သိမ်တည်း၌တည်သဖြင့် သုတ္တုဒ္ဒေသ သံဃာဥပုသ်ကံအား လျောက်ပတ်ကုန်၏။ ထိုမျှလောက်သော ရဟန်းတော်တို့သည် အချင်းချင်းနှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်သိမ်တည်း၌ စည်းဝေးတည်နေကြပါကုန်ပြီ။

(၃) ဤဥပုသ်အိမ်သိမ်အပြင်၌ နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း၌ စည်းဝေးတည်နေကြကုန်သော ရဟန်းတော်တို့သည် အချင်းချင်း ဒေသနာပြောကြားသောအားဖြင့် သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းဝေးစင်ကြယ်တော်မူကြပေကုန်ပြီ။

(၄) လူဘိက္ခုနီအစရှိသော (နှစ်ကျိပ်တစ်ယောက်)သောဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို ဤဥပုသ်အိမ်သိမ်အပြင် စင်ကြယ်ကုန်သော ရဟန်းတော်တို့၏ နှစ်တောင့်ထွာဟတ္ထပါသ်မှ အပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီ။ ။ ဤ(၄)ပါးသောအင်္ဂါနှင့်ပြည့်စုံသော ဥပုသ်ကံကို လျောက်ပတ်သော အခါရှိသောကြောင့် ပတ္တကလ္လဟူ၍ မိန့်ဆိုအပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ။ ပ ။ အာရာဓနံ ကရောမ။ သံဃာအားလုံး သာဓုခေါ်ရမည်။

မှတ်ချက် ။ ဥပေါသထဥတ်ကို ပုဗ္ဗကိစ္စမစစ်ဆေးမီဖြစ်စေ၊ စစ်ဆေးပြီးမှဖြစ်စေ ထားကြသည်။ သံဃာသဘောကျရာပြုပါလေ။

ပါတိမောက်ရွတ်ဆိုခြင်း

ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ ။ ပ ။ သိက္ခိတဗ္ဗန္တိ အနိယတုဒ္ဒေသော စတုတ္ထော။ (သံဃာအားလုံးသာဓုခေါ်)။

ဥတ်ကို နောက်မှထား၍ ပြုရန်ကား။ ပထမဝန်ခံပုံဥတ်ထား၍ သမ္မဇ္ဇနီ ပဒီပေါစ ကစ၍ ပြုရသည်။ ၎င်းနောက် ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ။ ပ ။ အာရာဓနံ ကရောမတိုင်အောင်ပြီးလျှင် ဥပေါသထဥတ်ထားပြီး ကဲ့သံဃသမှစ၍ အစဉ်အတိုင်းပြုလေ။

၎င်းနောက် ဥဒ္ဒေသအဆုံး၌ နိဒါနုဒ္ဒေသော ပဌမောစသည်မဆိုဘဲ သိက္ခိတဗ္ဗန္တိပြီးမှ အနိယတုဒ္ဒေသော စတုတ္ထောဟုပြုသောနည်းက တစ်နည်း။ နိဒါနုဒ္ဒေသော ပဌမော၊ ပါရာဇိကုဒ္ဒေသော ဒုတိယော၊ သံဃာဒိသေသုဒ္ဒေသော တတိယော အထိဆိုပြီး အနိယတုဒ္ဒေသော စတုတ္ထောဟု မဆိုရသေးဘဲ သိက္ခိတဗ္ဗန္တိပြီးမှ အနိယတုဒ္ဒေသော စတုတ္ထောဟုဆိုသောနည်းတစ်နည်း နှစ်နည်းတွင် သံဃာနှစ်သက်ရာပြုလေ။

၁၃၂၈ ခု နယုန်လတွင် မုဒုံနယ်၊ ကျောက်တစ်လုံးရွာအနီး စိတ္တသုခတောရနေစဉ် စရေးသည်။
၁၃၃၀ ခုပြည့်နှစ် ဝါဆိုလဆန်း (၁၃) ရက်တွင် မြို့ဟောင်းတောရ၊ အစဉ်ရွာ၊ ရေးမြို့၌ ဤစာအုပ်ရေး၍ ပြီးသည်။

ကျေးဇူးတင်လွှာ

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ အနန္တဂုဏ်ကျေးဇူးတော်ကို ပူဇော်ပါ၏။

ကျေးဇူးတော်ရှင် ရွှေဥမင်တောရဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်မှန်း ပူဇော်သောအားဖြင့် ဝေဠုဝန်တောရဆရာတော်ကြီးမှ ရေးသားတော်မူအပ်သော ဝိနည်းမှတ်စု ကျမ်းစာအုပ် ထုတ်ဝေရန်အတွက် -

- ထုတ်ဝေလှူဒါန်းခွင့်ပေးတော်မူသော ဝေဠုဝန်တောရဆရာတော်ကြီး။
- ဝိနည်းမှတ်စု (လက်ရေးမူ)ကျမ်းစာအား ဖတ်ရှုပြီး အားပေးတော်မူခဲ့သော မဟာဗောဓိ ဆရာတော်ကြီး၊
- လိုအပ်သင့်ရာများကို ဖြည့်ဆည်းပေးတော်မူသော မော်ဘီဓမ္မဒူတဆရာတော်၊
- မူလလက်ရေးမူမှ စာမူကောင်းအဖြစ် စတင်ဆောင်ရွက်တော်မူခဲ့သော ကျောက်ဒိုင် တောရ ဆရာတော်၊
- ဤကျမ်းစာအား မအားလပ်သော သာသနာ့တာဝန်များကြားမှ ဖတ်ရှုပြင်ဆင်၍ အမှာစာ ရေးသားပေးပါသော အရှင်ဝေပုလ္လလင်္ကာရ ဆရာတော်နှင့် တပည့်သံဃာတော်များ၊

အစရှိသည့် ဆရာတော်သံဃာတော်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ရိုသေစွာ ကန်တော့ အပ်ပါသည်။

- ဤကျမ်းစာအုပ်ကို အချိန်မီထုတ်ဝေလှူဒါန်းနိုင်ရန် အစစအရာရာ ဆောင်ရွက်ပေး ခဲ့သော ဦးမြင့်ထွန်း(ဆုပြည့်စုံထွန်းစာပေ)နှင့် အဖွဲ့သားများ၊
- ရေးမြို့နယ်အစင်ရွာမှ ဆရာဦးမောင်တင်နှင့် ဓမ္မမိတ်ဆွေများ၊
- ဓာတ်ပုံများကူညီပေးသော ကိုတင်ဝင်း (မြောက်ဥက္ကလာပ)

အစရှိသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤကျမ်းစာအုပ် ထုတ်ဝေလှူဒါန်းရာ၌ လိုအပ်ချက်များ၊ အမှားအယွင်းများ ရှိပါက မေတ္တာရှေ့ထား ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

မြသီတာ သက်န်းထိုင် မိသားစု

ကျေးဇူးတော်ရှင် ဝေဠုဝန်တောရဆရာတော်ကြီး
အရှင်ဝဏ္ဏိတ၏ ဝိနည်းမှတ်စုစာအုပ်
E-book CD အား လှူဒါန်းလိုပါသည်။

ဆက်သွယ်ရန်
မြသီတာ သင်္ကန်းတိုက်
☎ ၆၅၁၁၃၂၊ ၀၉ - ၅၁၂၈၅၃၂

ရှင် ရဟန်းတို့ ထူးခြားမှု

ဥပဇ္ဈာယ်သည် ဆံရိတ်ခြင်း၊ သင်္ကန်းဝတ်ခြင်းကို မပြုမူ၍ သရဏဂုံကိုပေးအံ့။ ရှင်အဖြစ်သည် မရောက်၊ ကမ္မဝါစာရွတ်၍ ပဉ္စင်းခံအံ့၊ ပဉ္စင်းအဖြစ်သည် ရောက်ပါ၏။ သာမဏေသည် အသွင်ကိုမစွန့်ဘဲ ဆံသည် ကာလအားဖြင့် နှစ်လ ပမာဏအားဖြင့် လက်နှစ်သစ်ထက် လွန်သော်လည်း သာမဏေအဖြစ်၌ တည်ပါသေး၏။ (ဝိနယသာရ - စာ ၂၇၀) (- ဗိ - ၏ ဧကေ အပရေဝါဒတို့ကို ဖိုးဟန်တွေ၏) စာ-၉

အဠသမောစာန်၊ ဝိဿကသမောစာန် အထူး

[အဠသမောစာနော နာမ သဘာဂဝတ္ထုကကာယော သမ္ဗဟုလာ အာပတ္တိယော အာပန္နဿ ဗဟုရတ္တိ ပဋိစ္ဆာဒိတာပတ္တိယံ နိက္ခိပိတွာ ဒါတဗ္ဗော။ ဣတရော နာနာဝတ္ထုကာနံ ဝသေနာတိ အယမေတေသံ ဝိသေသော။ (ဗီ၊ စာ-၅၁၃) (ပက္ခိပိတွာ-မူကွဲ) စာ-၂၉၀

သံဃိကဖြင့် စေတီလုပ်နိုင်သည်၊ စေတီယဖြင့် သံဃိက မလုပ်ရ

သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန အပလောကေတွာပိ သံဃိကကိစ္စံ ကာတုံ န ဝဋ္ဋတိ၊ တာဝကာလိကံ ပန ဂဟေတွာ ပါကတိကံ ကာတုံ ဝဋ္ဋတိ။ (၄၊ စာ-၂၅၄) စာ-၃၈၇

သိက္ခာပုဒ်ပညတ်တော်မူသော ဘုရားရှင်များ

[သတ္ထာပတ္တိကွန္ဓာ ကကုသန္ဓဥ္စ သမ္မာသမ္ဗုဒ္ဓံ ကောဏာဂမနဥ္စ ကဿပဥ္စ သမ္မာသမ္ဗုဒ္ဓံ ဌပေတွာ အန္တရာ ကေနစိ အပညတ္တေ သိက္ခာပဒေ ပညတ္တံ နာမ] (၄၊ စာ-၂၆၁) ကကုသန္ဓကောဏာဂမန ကဿပါ ဝေဟိ သတ္တ အာပတ္တိက္ခန္ဓေ ပညပေသုံ၊ ဝိပဿီအာဒယော ပန ဩဝါဒပါတိမောက္ခံ ဥဒ္ဒိသိံသု၊ န သိက္ခာပဒံ ပညပေသုံ။ (ဗီ၊ စာ-၅၈၁) စာ-၃၉၂

ဘတ္တာဒေယျ-ဂီဝါ

ပဋိဒေယျ နဒေယျ ဝိလ္လော၊ ဂီဝါ နော ဒေယျ စောဒိတော၊

စရနိကွေပတော တေသံ၊ ဟောတိ ဘတ္တုဒ္ဒကာရိယော။ [ခုဒ္ဒသိက္ခာ ဂါထာ - ၃၆၆] ဤအလိုအရ ဘတ္တာဒေယျနှင့် ဂီဝါကား ပရိယာယ်မျှသာ ဖြစ်၍ တွေ၏။ [သူတစ်ပါးဥစ္စာကို စိတ်ကောင်းစေတနာကောင်းဖြင့် ရှေ့၍ သိမ်းထားရာစသည်၌ ထိုဥစ္စာပျောက်သွားလျှင် သိမ်းထားသူမှာ ဂီဝါထိုက်သည်ဟုဆို၏။ ထိုဂီဝါမျိုး၌ကား အစားမပေးသော်လည်း ပါရာဇိကမဖြစ် သင့် [ဘာသာ၊ ၃ စာ-၅၈၆]

ဘတ္တာဒေယျံ နာမ ယံ ပရဿ နဋ္ဌံ တဿ မူလံ ဝါ တဒေဝ ဝါ ဘတ္တုံ ဒါတဗ္ဗန္တိ အတ္ထော။ (၄၊ စာ-၂၇၈) တောင်ခွင်ဆရာတော်ကြီးကား - ဂီဝါမှာ အစားထိုက်၍ အစားတောင်းမှ ပေးရသည်။ ဘတ္တာဒေယျမှာ အစားထိုက်၍ အစားတောင်းသည်ဖြစ်စေ မတောင်းသည်ဖြစ်စေ အစားပေးရသည် ဟူ၏။ ယတ္ထ ယတ္ထ ကာယဝစီပယောဂေါ ဝိတ္တဥ္စ ဘတ္တုဝိနာသနဥ္စ အတ္ထိ၊ န ပန အဝဟာရော၊ တတ္ထ တတ္ထ ဘတ္တာဒေယျန္တိ ဝုတ္တံ။ ယတ္ထ ယတ္ထ ပန ကာယဝစီပယောဂေါ ဘတ္တုဝိနာသနဥ္စ အတ္ထိ၊ န ပန ဝိနာသန ဝိတ္တဥ္စ အဝဟာရောစ တတ္ထ တတ္ထ ဂီဝါတိ ဝုတ္တန္တိ အယမေတေသံ ဝိသေသော။ (ဩောင်ရမ်း၊ စာ-၁၇၆) စာ-၃၉၀

ဥစ္စာရိမနုဿစမ္မဥ္စ သတိပြုဖွယ်

(၁) ရှာန ဥဒါဟု ဝိမောက္ခာဒိသု အညတရ၊ (၂) အဘိနိဝေသ (အာရုံ)၊ (၃) အဓိဂတကာလ၊ (၄) အဓိဂတောကာသ၊ (၅) အဓိဂတမဂ္ဂေန ပဟီနကိလေသာ၊ (၆) အဓိဂတဓမ္မ [မဂ်ဖိုလ်တွင် မည်သည့် မဂ်ဖိုလ်] ဤ-၆-မျိုးတို့ကား အားလုံးရသူတိုင်းအား ထင်ရှားသောဟူ၏။ [၄၊ စာ-၈၁၊၈၂] စာ-၄၂၂

အလဇ္ဇီပဋိပတ္တိ အနုလောမပဋိပတ္တိ အရာဟုတ် မဟုတ်

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊ ပေ၊ အန္တရဓာပေတိတိ ဧတ္ထ ကေဝလံ ပဂ္ဂဏှိတုကာမတာယ ဇဝံ ကာတုံ န ဝဋ္ဋတိ။ မေဝဿ ပန သာသနဿ သောတုနဥ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ (သာ ၃၊ စာ-၄၂၁) ဟုဖွင့်၏။

ဤသို့လာသော စကားရပ်ကိုထောက်၍ လူ၊ ဒါယကာတို့ မင်္ဂလာ၊ အမင်္ဂလာမှုများနှင့်စပ်၍ ဆွမ်းစဉ်ဆွမ်းစား၊ ပရိတ်ရွတ်၊ အသုဘရှုပြုရာ တို့၌ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့နှင့်အတူတကွ တစ်ခုသော အိမ်မဏ္ဍပ်၊ ဇရပ် သံဃာစဉ်တို့၌ ဆွမ်းစဉ်ဆွမ်းစားပရိတ်ရွတ်ပြခြင်း၊ ရွာတွင်းသို့ ဝင်ခြင်း၊ အသုဘရှု သွားခြင်း၊ နေထိုင်ခြင်းများသည် အလဇ္ဇီတို့နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ သံဝါသ အလဇ္ဇီပဋိပတ္တိကို ပြုသောအရာ မဟုတ်သောကြောင့် ပြုအပ်ပြုကောင်း၏။

အလဇ္ဇီရဟန်းတို့နှင့်တစ်ပေါင်းတည်း ရွာတွင်းသို့ဝင်ခြင်း၊ တစ်ခုတည်းသော သံဃာစဉ်၌နေထိုင်ခြင်းမျှ သည် အကယ်၍မအပ်ငြားအံ့။ ယင်းသို့ တစ်ပေါင်းတည်းဝင်ခြင်း၊ နေထိုင်ခြင်းမျှမရှိကြရလျှင် ကုဋိကာရသိက္ခာပုဒ်အဋ္ဌကထာ၌ ဆွမ်းစားဇရပ်တောအရပ်စသည်တို့၌ ဆွမ်းစားခြင်းကိစ္စကိုပြသော ရဟန်းတို့သည် အလဇ္ဇီ ဖြစ်သော ရဟန်းသာမဏေတို့ကို လက်အမှုကိုမပြုစေအပ်၊ မခိုင်းအပ်သည်ကိုပြသော စကားသည် အကျိုးမရှိဖြစ်ရာ၏။ (တ-၂၂) စာ-၅၀၀

သီလဝန္တရဟန်းတို့ အပါယ်ကျရန်အကြောင်းစကား

၁။ ဤပစ္စည်းလေးပါး၌ တွယ်ငြိသော ဣဿာပရိဘောဂမှုကြီးတစ်ပါး၊ ၂။ ဝိနည်းတရားစီရင်ရာ၌ ဆန္ဒာဂတိလိုက်စားမှုကြီးတစ်ပါး၊

၃။ မာန်မာနကြီးတစ်ပါး၊ ၄။ ဣဿာ မစ္ဆရိယကြီးမှုတစ်ပါး၊ ၅။ အမဲသားငါး အစားကောင်း၊ အသောက်ကောင်း၊ ကြိုက်မှုကြီးတစ်ပါး။

ဤကား ဘုန်းကြီးသေလျှင် ဘီလူး၊ သဘက်ဖြစ်ကြောင်းစုတည်း။ ဘယ်လိုပင် ဝိနည်းသိက္ခာ သီလကောင်းသော်လည်း ဘယ်လိုပင် တာပေကျမ်းဂန်တတ်သော်လည်း ထိုအမှုစု တစ်ခုခုအားကြီးလျက် ရှိနေခဲ့လျှင် ဝိနည်းသိက္ခာ သီလကောင်းမှုလည်း မကယ်နိုင်၊ တာပေကျမ်းဂန်တတ်မှုလည်း မကယ်နိုင်၊ ဘီလူးသားရဲသဘက်နှင့် ထို၏သက်ရာငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ မလွဲနိုင်ပြီ။ စာ-၆၁၀